http://www.dhammadownload.com

ဆဋ္ဌသံဂါယနာတင် ပိဋကတ်တော်

ခုဒ္ဒကနိကာယ်ဝင် သုတ္တန်ပိဋကတ်

# ထေရာပဒါန် ပါဠိတော်

# မြန်မာပြန်

( ပဌမတွဲ )

သာသနာ - ၂၅၅၄   ကောဇာ - ၁၃၇၂   ၂၀၁၀

ထေရာပဒါန်ပါဠိတော်မြန်မာပြန် ( ပဌမတွဲ )

http://www.dhammadownload.com

ဆဋ္ဌသံဂါယနာတင် ပိဋကတ်တော်

ခုဒ္ဒကနိကာယ်ဝင် သုတ္တန်ပိဋကတ်

# ထေရာပဒါန် ပါဠိတော်

# မြန်မာပြန်

( ပဌမတွဲ )

သာသနာ - ၂၅၅၄ ကောဇာ - ၁၃၇၂ ၂၀၁၀

http://www.dhammadownload.com

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ
သာသနာရေးဝန်ကြီးဌာန၊ သာသနာရေးဦးစီးဌာန
ကမ္ဘာအေးဘာသာပုံနှိပ်တိုက်၌ ရိုက်နှိပ်သည်။

http://www.dhammadownload.com

## ဆဋ္ဌသံဂါယနာတင် ပိဋကတ်တော်

### ခုဒ္ဒကနိကာယ်ဝင် သုတ္တန်ပိဋကတ်တော်

# ထေရာပဒါန်ပါဠိတော်

# မြန်မာပြန်

## ပဌမတွဲ

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ
သာသနာရေးဝန်ကြီးဌာန၊ သာသနာရေးဦးစီးဌာန
ကမ္ဘာအေးစာပုံနှိပ်တိုက်၌ရိုက်နှိပ်သည်။

သာသနာ-၂၅၅၄ ကောဇာ-၁၃၇၂ ၂၀၁၀

http://www.dhammadownload.com

ရန်ကုန်မြို့၊ ကမ္ဘာအေး၊ သာသနာရေးဝန်ကြီးဌာန
သာသနာရေးဦးစီးဌာန၊ ကမ္ဘာအေးစာပုံနှိပ်တိုက်တွင်
ညွှန်ကြားရေးမှူး ဦးဝင်းနိုင်
မှတ်ပုံတင်အမှတ် (၀၃၈၄၃/၀၂၄၀၅)က
ပုံနှိပ်ထုတ်ဝေသည်။

http://www.dhammadownload.com



# ပိဋကတ် မြန်မာပြန်ကျမ်းများ အတွက်

# လမ်းညွှန်မာတိကာ

| | နိကာယ် | ပိဋက | ကျမ်း | စာအုပ် | သုတ် |
|---|---|---|---|---|---|
| က | ဒီဃ (အရှည်) | သုတ္တန် | (၃) | (၃) | (၃၄) |
| ခ | မဇ္ဈိမ (အလယ်) | ( ။ ) | (၃) | (၃) | (၁၅၂) |
| ဂ | သံယုတ္တ (ယှဉ်တွဲ) | ( ။ ) | (၅) | (၃) | (၇၇၆၂) |
| ဃ | အင်္ဂုတ္တရ (ပိုမို) | ( ။ ) | (၁၁) | (၃) | (၉၅၅၇) |
| င | ခုဒ္ဒက (အတို) | (ဝိနည်း) င–၁ | (၅) | (၅) | |
| | | (အဘိဓမ္မာ) င–၂ | (၇) –၃ | (၁၂) –၇ (လျော့) | |
| | | (သုတ္တန်) င–၃ | (၁၈) –၄ | (၁၁) –၄ (လျော့) | |
| | (၅) ရပ် | (၃) ပုံ | (၅၂) –၇ | (၄၀) –၁၁ (လျော့) | |

အပြည့်ရှိရန် = (၅၂) ကျမ်း – (၄၀) အုပ်

ယခုရှိပြီး = (၄၅) ကျမ်း – (၂၉) အုပ်

http://www.dhammadownload.com



## က–ဒီဃနိကာယ်

၁.က. ၁/၃ - ၁ သီလက္ခန္ဓဝဂ္ဂ (သီလက္ခန္ဓဝဂ်) သုတ်သီလက္ခန် ၁၃ ၃၄ သုတ်

၂.က. ၂/၃ - ၂ မဟာဝဂ္ဂ (မဟာဝဂ်) သုတ်မဟာဝါ ၁၀

၃.က. ၃/၃ - ၃ ပါထိကဝဂ္ဂ (ပါထိကဝဂ်) သုတ်ပါထေယျ ၁၁

- သီလနှင့်တန်ဆာဆင်
- မဟာသတိပဋ္ဌာနသုတ် (သံသရာလွတ်ကြောင်းအခြေခံ)

## ခ–မဇ္ဈိမနိကာယ်

၄. ခ. ၁/၃ - ၁ မူလပဏ္ဏာသ [ရှေ့ဦးအစသုတ် ၅၀ ပါကျမ်း] ၁၅၂ သုတ်

၅. ခ. ၂/၃ - ၂ မဇ္ဈိမ ။ [အလယ်သုတ် ၅၀ ။ ]

၆. ခ. ၃/၃ - ၃ ဥပရိ ။ [နောက်ဆုံးသုတ် ၅၂ ။ ]

- "သမာဓိဘာဝနာ" ကျင့်နိုင်ရန်လမ်းညွှန်
- သမ္မာဒိဋ္ဌိသုတ်၊ ရထဝိနီတသုတ် [ဝိသုဒ္ဓိ 7 ပါး]

## ဂ–သံယုတ္တနိကာယ်

၇. ဂ. ၁/၃ - ၁ သဂါထာဝဂ္ဂကျမ်းနှင့် နိဒါနဝဂ္ဂကျမ်း (ပ) ၇၇၆၂ သုတ်

၈. ဂ. ၂/၃ - ၂ ခန္ဓဝဂ္ဂကျမ်းနှင့် သဠာယတနဝဂ္ဂကျမ်း (ဒု)

၉. ဂ. ၃/၃ - ၃ မဟာဝဂ္ဂကျမ်း (တ)

## ဃ–အင်္ဂုတ္တရနိကာယ်

၁၀.ဃ.၁/၃ - ၁ ဧကက နိပါတ်မှ စတုက္က နိပါတ်ထိ (၄) ကျမ်း ၉၅၅၇ သုတ်

၁၁.ဃ.၂/၃ - ၂ ပဉ္စက ။ သတ္တက ။ (၃) ကျမ်း

၁၂.ဃ.၃/၃ - ၃ အဋ္ဌက ။ ဧကာဒသက ။ (၄) ကျမ်း

- ဗဟုသုတ ပဒေသာပင်၊ ယဉ်ကျေးမှု၏ ရေသောက်မြစ်
- အောင်မြင်နည်း၊ သတ္တိပြည့်နည်း၊ ကြွယ်ဝနည်း၊
ပညာရှိနည်း၊ ဂုဏ်ကျော်နည်း၊ လောကစံနိုင်နည်း။

http://www.dhammadownload.com



## ၄–ခုဒ္ဒကနိကာယ်

[ကျမ်းအရေအတွက်အများဆုံးနှင့်
တရားသဘောအစုံဆုံးနိကာယ်]

### (၄–၁) ခုဒ္ဒကနိကာယ် **ဝိနည်း** ပိဋက

( ၅ ကျမ်း - ၅ အုပ် )

| | | | | |
|---|---|---|---|---|
| ၁၃.၄–၁. ၁/၅ | - | ၁ | ပါရာဇိက | (ပါရာဇိကဏ်) |
| ၁၄.၄–၁. ၂/၅ | - | ၂ | ပါစိတ္တိယ | (ပါစိတ်) |
| ၁၅.၄–၁. ၃/၅ | - | ၃ | မဟာဝဂ္ဂ | (ဝိနည်းမဟာဝါ) |
| ၁၆.၄–၁. ၄/၅ | - | ၄ | စူဠဝဂ္ဂ | (စူဠဝါ) |
| ၁၇.၄–၁. ၅/၅ | - | ၅ | ပါရိဝါရ | (ပရိဝါ) |

### (၄–၂) ခုဒ္ဒကနိကာယ် **အဘိဓမ္မ** ပိဋက

( ၇ ကျမ်းမှ ၄ ကျမ်း - ၅ အုပ် )

| | | | | |
|---|---|---|---|---|
| ၁၈.၄–၂. ၁/၅ | - | ၁ | ဓမ္မသင်္ဂဏီ | (၁) အုပ် |
| ၁၉.၄–၂. ၂/၅ | - | ၂ | ဝိဘင်း | (၁) |
| – | | ၃ | ဓါတုကထာ | x |
| ၂၀.၄–၂. ၃/၅ | - | ၄ | ပုဂ္ဂလပညတ် | (၁) |
| ၂၁.၄–၂. ၄/၅ | - | ၅ | ကထာဝတ္ထု (ပ) | (၁) |
| ၂၂.၄–၂. ၅/၅ | - | | ကထာဝတ္ထု (ဒု) | (၁) |
| – | | ၆ | ယမိုက် | x |
| – | | ၇ | ပဋ္ဌာန်း | x |
| | | | | (၅) အုပ် |

http://www.dhammadownload.com



## (၆–၃) ခုဒ္ဒကနိကာယ် သုတ္တန္တ ပိဋက

( ၁၈ ကျမ်းမှ ၁၄ ကျမ်း - ၇ အုပ် )


| | | | |
|---|---|---|---|
| ၂၃. ၆–၃. ၁/၇ - | ၁ ခုဒ္ဒကပါဌ<br>၂ ဓမ္မပဒ<br>၃ ဥဒါန=ဥဒါန်း<br>၄ ဣတိဝုတ္တက=ဣတိဝုတ်<br>၅ သုတ္တနိပါတ=သုတ္တနိပါတ် | ၅ကျမ်း | |
| ၂၄. ၆–၃. ၂/၇ - | ၆ အပဒါန် (ပ)တွဲ (ထေရာပဒါန်) | | ၁ |
| ၂၅. ၆–၃. ၃/၇ - | အပဒါန် (ဒု)တွဲ (ကျန်ထေရာပဒါန်+ ထေရီအပဒါန်)<br>၇. ဗုဒ္ဓဝံသ<br>၈ စရိယာပိဋက | | ၁ |
| ၂၆. ၆–၃. ၄/၇ - | ၉ ပဋိသမ္ဘိဒါမဂ် | | ၁ |
| ၂၇. ၆–၃ ၅/၇ - | ၁၀ မိလိန္ဒပဉှာ | | ၁ |
| ၂၈. ၆–၃. ၆/၇ - | ၁၁ ဝိမာနဝတ္ထု<br>၁၂ ပေတဝတ္ထု | | ၁ |
| ၂၉. ၆–၃. ၇/၇ - | ၁၃ ထေရဂါထာ<br>၁၄ ထေရီဂါထာ | | ၁ |
| | ၁၄ ကျမ်း | | ၇ အုပ် |


**ပိုင်းခြားပုံစနစ်**

| | | | |
|---|---|---|---|
| ①ဝိမုတ္တိရသ | (၁) | ④ပိဋက | (၃) |
| ②ဓမ္မဝိနယ | (၂) | ⑤နိကာယ် | (၅) |
| ③ဝစန | (၃) | ⑥ဓမ္မက္ခန္ဓာ | (၈၄၀၀၀) |

http://www.dhammadownload.com

ထေရာပဒါန်ပါဠိတော် မြန်မာပြန်

# ကျမ်းဦးမှတ်ဖွယ်

## အပဒါန်ပါဠိတော်အကြောင်း

သုတ္တန္တပိဋက ခုဒ္ဒကနိကာယ် အဝင်အပါဖြစ်သော အပဒါန်ပါဠိတော်ကြီး၌ ထေရာပဒါန် ထေရီပဒါန်ဟူ၍ အပိုင်းနှစ်ပိုင်းရှိလေသည်၊ ထိုနှစ်ပိုင်းတို့တွင် ဂေါတမမြတ်စွာဘုရား, လေးဆယ့်တပါးသော ပစ္စေကဗုဒ္ဓါများနှင့် အသျှင်သာရိပုတြာအစ အသျှင်ရဋ္ဌပါလအဆုံး ငါးရာ့ငါးဆယ့်ကိုးပါးသော ရဟန္တာမထေရ်များ၏ အကြောင်းအဋ္ဌုပ္ပတ္တိများကို ပြဆိုရာအပိုင်းကို ထေရာပဒါန်ဟုခေါ်ဆိုလေသည်၊ သုမေဓာထေရီအစ ပေသလာထေရီအဆုံး လေးဆယ်သော ရဟန္တာထေရီတို့၏ အကြောင်းအဋ္ဌုပ္ပတ္တိများကို ပြဆိုရာအပိုင်းကို ထေရီပဒါန်ဟု ခေါ်ဆိုလေသည်။

[အပဒါန်ဟူသည်မှာ အပဒါနဟူသော မာဂဓဘာသာမှ မြန်မာဘာသာသို့ ပါဠာနုသာရီ သတ်ပုံနည်းဖြင့် ပြန်ဆိုထားခြင်းပင် ဖြစ်ပေ၏၊ ယင်းအပဒါနသဒ္ဒါသည် အကြောင်းအဋ္ဌုပ္ပတ္တိဟူသော အနက်, ယူခြင်း, ဖဲသွားခြင်း, ဆဲရေးရေရွတ်ခြင်း, အစဉ်, ပိုင်းဖြတ်ခြင်း စသော အနက်တို့၌ ဖြစ်ရာ ဤ၌ အကြောင်းအဋ္ဌုပ္ပတ္တိဟောဖြစ်ကြောင်း အပဒါန်အဋ္ဌကထာ ဗုဒ္ဓဝင်·၁၁၃·အပဒါနအဖွင့်၌ ပြဆိုထား၏၊ ဤအပဒါနဟူသော အသုံးကို ဒီဃနိကာယ်စသော နိကာယ်ကြီးတို့၌လည်း အသုံးပြုခဲ့သည်ကို တွေ့ရသည်၊ ဒီဃနိကာယ် မဟာဝဂ္ဂပါဠိတော်၌ မဟာပဒါန (မဟာ+အပဒါန) သုတ်ဟုရှိရာ ၎င်းသုတ်၌ ဝိပဿီစသော ဘုရားခုနစ်ဆူတို့၏ အကြောင်းအဋ္ဌုပ္ပတ္တိကို ဟောထားပေသည်၊ ၎င်းသုတ်၏ အဋ္ဌကထာ (ဒီ-ဋ္ဌ-၂-၇၀၊၇၁) ၌ လည်း "ဝိပဿိဿ ဘဂဝတော အပဒါနာနုသာရေန ဉာမသိုဥ္ဌ သုတ္တေ ဝိပဿိဿ ဘဂဝတော အပဒါနဝဏ္ဏနံ"ဟု သုံးနှုန်းထားသည်ကို တွေ့ရသည်၊ ထို့အတူပင် မူလပဏ္ဏာသပါဠိတော်အဋ္ဌကထာ ဋီကာတို့၌လည်း တွေ့နိုင်ပေသည်၊ ၎င်းပုဒ်ကို မူလပဏ္ဏာသ ဋ္ဌ-၁-၃၇၁၊၌ "အတ္တနော စရိယာ"ဟု ဖွင့်၍ ယင်းဋီကာ (မ-ဋီ-၂-၅၀)၌ကား "ကောင်းသောအားဖြင့်ဖြစ်စေ, မကောင်းသောအားဖြင့်ဖြစ်စေ, ဖြစ်သော ပယောဂ"ဟု အဓိပ္ပါယ်ဆို၏၊ အဘိဓာန်ဋီကာ၌လည်း ထိုနည်းအတိုင်းပင် "ဤသို့ ရှေးကငါကျင့်ဘူးပြီ"ဟု ဆိုအပ်သော ကောင်း မကောင်းသော အယူကို အပဒါနခေါ်ကြောင်း တွေ့ရပေ၏၊ (ဓာန်-ဋီ-၉၄၄၊ ဂါထာဖွင့်) ထို့ကြောင့် အပဒါနဟူသည် ပုဂ္ဂိုလ်တဦးတယောက်၏ အကောင်းအဆိုး အဖြစ်အပျက်ကိုပင် ဆိုလို၍ ၎င်းအကြောင်းအရာများကို ပြဆိုထားသော ကျမ်းကိုလည်း ဥပစာနည်းအားဖြင့် အပဒါန(အပဒါန်ကျမ်း)ဟုပင် ဆိုအပ်သည်ဟု မှတ်သားသင့်ပေသည်၊ သက္ကတကျမ်းများ၌ကား အဝဒါနဟုသုံး၍ အသောကာဝဒါနကျမ်း, ဒိဗျာဝဒါနကျမ်း, အဝဒါနသတကကျမ်းဟူသော ကျမ်းများ ထင်ရှားရှိနေလေသည်]။

ယင်း ခုဒ္ဒကနိကာယ်၌ပင် ထေရဂါထာ, ထေရီဂါထာဟူသော ပါဠိတော်ကြီးနှစ်ကျမ်းလည်း တခမ်းတနား သီးခြားတည်ရှိနေကြပေသေးသည်၊ ထိုပါဠိတော်ကြီး နှစ်ကျမ်းတို့တွင် သုဘူတိမထေရ်စသော ရဟန္တာမထေရ်မြတ်ကြီး တရာ့ရှစ်ဆယ့်ငါးပါးတို့က မိမိတို့ ရရှိခံစားအပ်သော မဂ်ချမ်းသာ, ဖိုလ်ချမ်းသာကို ဆင်ခြင်၍ ဝမ်းသာရွှင်မြူး ဥဒါန်းရင့်ကျူးသောအားဖြင့်ဖြစ်စေ,

http://www.dhammadownload.com



သူတပါးမေးမြန်းလျှောက်ထားသည်ကို ပြန်လည်ဖြေကြားသောအားဖြင့်ဖြစ်စေ, ပရိနိဗ္ဗာန်စံလွန်တော်မူခါနီးတွင် သာသနာတော်မြတ်ကြီး၏ ဝဋ္ဋသုံးပါးမှ ထုတ်ဆောင်ကယ်တင်နိုင်သည်၏အဖြစ်ကို ထင်ရှားစေသောအားဖြင့်ဖြစ်စေ ဤသို့စသော အကြောင်းအားဖြင့် ကိုယ်တိုင်ဟောကြားတော်မူကြသော ဂါထာများကို ထေရဂါထာ ဟု ခေါ်ဆိုသည်၊ အညတရထေရီ စသော ရဟန္တာထေရီခုနစ်ဆယ့်သုံးပါးတို့ ကိုယ်တိုင် ဟောကြားတော်မူကြသော ဂါထာများကိုမူ ထေရီဂါထာ ဟု ခေါ်ဆိုလေသည်။

အပဒါန်ပါဠိတော်နှင့် ထေရဂါထာ, ထေရီဂါထာပါဠိတော်ကြီးများမှာ ဘုရားရှင်လက်ထက်တော်က ထူးချွန်သော ပုဂ္ဂိုလ်များ၏ အဋ္ဌုပ္ပတ္တိတို့ကို ဖော်ပြသောပါဠိတော်ကြီးများဖြစ်ကြသဖြင့် အချင်းချင်း ဆက်စပ်လျက် ရှိနေကြပေသည်၊ ထို့ကြောင့် ထေရဂါထာ ထေရီဂါထာပါဠိတော်တို့၏ အဖွင့်အဋ္ဌကထာကို ပြုစီရင်တော်မူသော အာစရိယဓမ္မပါလမထေရ်မြတ်သည် ဆိုင်ရာရဟန္တာမထေရ်ကျော်, ထေရီကျော်တို့၏ အဋ္ဌုပ္ပတ္တိကို ဖွင့်ပြရာ၌ များသောအားဖြင့် အပဒါန်ပါဠိတော်ဂါထာများကို ထုတ်ဆောင်ကိုးကား၍ ရေးသားဖွင့်ဆိုတော်မူခဲ့လေသည်။

ထိုအပဒါန်နှင့် ထေရဂါထာ, ထေရီဂါထာပါဠိတော်များသည် ပါဠိဘာသာဖြင့်သာ တည်ရှိနေကြသဖြင့် ပါဠိဘာသာ မကျွမ်းကျင်သူတို့အဖို့ ထူးချွန်၍ ကြည်ညိုဖွယ်ရာ အတုယူဖွယ်ရာဖြစ်သည့်ပုဂ္ဂိုလ်ထူး ပုဂ္ဂိုလ်မြတ်တို့၏ အကြောင်းအဋ္ဌုပ္ပတ္တိများကို သိရှိနားလည်နိုင်ရန် ခဲခက်လျက်ရှိရာ ယခုအခါ ဆဋ္ဌသံဂါယနာကို အကြောင်းပြု၍ ပါဠိတော်မြန်မာပြန်များ ဖြစ်ထွန်းပေါ်ပေါက်လာပြီဖြစ်သဖြင့် ထိုပုဂ္ဂိုလ်ထူး ပုဂ္ဂိုလ်မြတ်ဖြစ်ကြသည့် ထေရ ထေရီတို့၏ အကြောင်းအဋ္ဌုပ္ပတ္တိအပြည့်အစုံကို မြန်မာစာ ဖတ်တတ်သူတိုင်းပင် ဖတ်ရှုသိရှိကြည်ညိုနိုင်ကြပြီ ဖြစ်ပေသည်။

ဤအပဒါန်ပါဠိတော် မြန်မာပြန်တွင်ပါရှိကြသော ပုဂ္ဂိုလ်ထူးပုဂ္ဂိုလ်မြတ်တို့၏ ပါရမီဖြည့်ကျင့်ရပုံ ဂုဏ်ထူးတေဒဂ်ရရှိပုံ စသည်တို့မှာ ကြည်ညိုဖွယ်ရာ အတုယူလိုက်နာဖွယ်ရာ အဖြာဖြာတို့နှင့် ပြည့်စုံ ကုံလုံလျက်ရှိပေရာ ပါရမီဖြည့်ကျင့်ရပုံ တမျိုးတည်းဖြင့်ပင် သဒ္ဒါပသန္န ဖြစ်ထိုက်လှပေသည်။

## ဗောဓိဆုသုံးမျိုး

ဤအပဒါန်ပါဠိတော်တွင် ဗုဒ္ဓါပဒါန, ပစ္စေကဗုဒ္ဓါပဒါန, ထေရာပဒါန, ထေရီပဒါနဟူ၍ အပိုင်းလေးပိုင်းရှိရာ ဗုဒ္ဓါပဒါနလာ သမ္မာသမ္ဗုဒ္ဓအတွက် သမ္မာသမ္ဗောဓိဆု, ပစ္စေကဗုဒ္ဓါပဒါနလာ ပစ္စေကဗုဒ္ဓါများအတွက် ပစ္စေကဗောဓိဆု, ထေရာပဒါနနှင့် ထေရီပဒါနများ၌လာသော သာဝကသာဝိကာများအတွက် သာဝကဗောဓိဆု ဟူ၍ ဆုပန်စဉ်ကပင် သုံးမျိုးသုံးစားခြားနားခဲ့ပေသည်။

[ဤနေရာ၌ ဗောဓိဟူသည်မှာ ဗောဓိပင်, အရိယမဂ်, နိဗ္ဗာန်နှင့် သဗ္ဗညုတဉာဏ်တော်ဟူသော အနက်လေးမျိုးရနိုင်ကြောင်း စရိယာပိဋကဋ္ဌကထာ, နိဒါနကထာ ၁ဂ-၌ ဖွင့်ဆိုထား၏၊ ပါရာဇိကကဏ်အဋ္ဌကထာ စသော အဋ္ဌကထာကြီးတို့၌လည်း ထိုအတူ ဖွင့်ဆိုထားပေ၏၊ (ဝိ-ဋ္ဌ-၁-၁၀၉၊) "ရုက္ခော ဗောဓိ 'ဗုဇ္ဈတိ ဧတ္ထာ' တိကတွာ၊ မဂ္ဂေါ ဗောဓိ 'ဗုဇ္ဈတိ ဧတေနာ' တိကတွာ၊ သဗ္ဗညုတညာဏံ ဗောဓိ သမ္မာ သာမဉ္စ သဗ္ဗဓမ္မာနံ ဗုဇ္ဈနတော၊ နိဗ္ဗာနံ ဗောဓိ ဗုဇ္ဈိတဗ္ဗတော" ဟူ၍ ဗောဓိ၏ ဝိဂ္ဂြိုဟ်ပြုစကားရပ်များကို သံယုတ်ဋီကာ ဒုတိယအုပ် စတုတ္ထဝဂ် ပုဗ္ဗေသမ္ဗောဓသုတ်အဖွင့် ၁၄၇-၌ ဋီကာဆရာ အာစရိယဓမ္မပါလက မိန့်ဆိုထားပေသည်၊ ထို့ပြင် ဤနေရာနှင့်တိုက်ရိုက် မသက်ဆိုင်သော်လည်း အဋ္ဌသာလိနီ၊ဋ္ဌ၊

http://www.dhammadownload.com



စိတ္တုပ္ပါဒကဏ္ဍ ၂၆၂။ အင်္ဂုတ္တရ၊ဋ္ဌ၊ကေကနိပါတ အပရအစ္ဆရာသံဃာတဝဂ် ၃၇၉-စသည်တို့၏ ဗောဇ္ဈင်ပုဒ်အဖွင့်တို့၌ "။ပ။ အရိယသာဝကော ဗုဇ္ဈတီတိကတွာ ဗောဓီတိ ဝုစ္စတိ"ဟု အရိယာတပည့်သားကိုလည်း ဗောဓိဟု ခေါ်နိုင်ကြောင်း ပြဆိုထားသည်၊ တဖန် "ဗုဇ္ဈနကသတ္တဿ အင်္ဂဘူတာ သတ္တ ဓမ္မာ ယာယ ဝါ ဓမ္မသာမဂ္ဂိယာ သော ဗုဇ္ဈတိ၊ သမ္မောဟနိဒ္ဒါတော ဝါ ဝုဋ္ဌာတိ၊ စတုသစ္စဓမ္မံ ဝါ သစ္ဆိကရောတိ၊ တဿာ ဗောဓိယာ အင်္ဂဘူတာတိပိ ဗောဇ္ဈင်္ဂါ"စသော ကေင်္ဂုတ္တရ၊ဋ္ဌ၊ကလျာဏမိတ္တတာဒိဝဂ် ၆၃-စသည်အရ ဗောဓိဟူသော စကားသည် သမ္မာသမ္ဗောဓိ, ပစ္စေကဗောဓိ, သာဝကဗောဓိ တည်းဟူသော ဗောဓိသုံးမျိုးလုံးနှင့်ဆိုင်ကြောင်း သိသာသည်၊ သတိစသော တရားတို့၏ အညီအညွတ်ဖြစ်မှု, မောဟတည်းဟူသော အိပ်ပျော်ခြင်းမှ နိုးကြားမှု, သစ္စာလေးပါးကို မျက်မှောက်ပြုမှုတို့နှင့်ကင်း၍ သမ္မာသမ္ဗုဒ္ဓဘုရားအဖြစ်သို့ ရောက်မှု, ပစ္စေကဗုဒ္ဓါအဖြစ်သို့ ရောက်မှု, အရိယာသာဝကအဖြစ်သို့ ရောက်မှုဟူ၍ မည်သည့်နည်းနှင့်မျှ မရှိစကောင်းပေ၊ ထို့ကြောင့် သုတ်ပါထေယျပါဠိတော် သမ္ပသာဒနီယသုတ် ဂ၃-စသည်တို့၌ "သတ္တသမ္ဗောဇ္ဈင်္ဂေ ယထာဘူတံ ဘာဝေတွာ အနုတ္တရံ သမ္မာသမ္ဗောဓိံ အဘိသမ္ဗုဇ္ဈိံ သု"ဟူ၍ ဟောတော်မူသည်ကို တွေ့ရပေသည်။ ပဋိသမ္ဘိဒါမဂ်၊ဋ္ဌ၊ မဟာဝဂ်၊ဉာဏကထာ၊သုတမယနိဒ္ဒေသဝဏ္ဏနာ ၉၄-၌လည်း "။ပ။ ဗောဇ္ဈင်္ဂါနံ ဗုဇ္ဈနဋ္ဌေန ဗောဓီတိ လဒ္ဓနာမဿ ပုဂ္ဂလဿ ။ပ။ "ဟု ဖွင့်ပြထားလေသည်]။

## သမ္မာသမ္ဗောဓိဆု

ထိုဗောဓိဆုသုံးမျိုးတို့တွင် သမ္မာသမ္ဗောဓိဆုကို ပန်ဆင်သော သဗ္ဗညုမြတ်စွာဘုရားအလောင်းတော်သည်—

(က) ပညာဓိက=ပညာလွန်ကဲသည့် သဗ္ဗညုမြတ်စွာဘုရားအလောင်း၊

(ခ) သဒ္ဓါဓိက=သဒ္ဓါလွန်ကဲသည့် သဗ္ဗညုမြတ်စွာဘုရားအလောင်း၊

(ဂ) ဝီရိယာဓိက=ဝီရိယလွန်ကဲသည့် သဗ္ဗညုမြတ်စွာဘုရားအလောင်းဟူ၍ ဘုရားအလောင်းတော် သုံးမျိုးသုံးစား ကွဲပြားလာလေသည်။

ထိုသုံးမျိုးတို့အနက် နိယတဗျာဒိတ်ပန်းကို ဆင်မြန်းရပြီးသည့်နောက် (က) ပညာဓိက ဘုရားအလောင်းတော်သည် လေးအသင်္ချေနှင့် ကမ္ဘာတသိန်း၊ (ခ) သဒ္ဓါဓိက ဘုရားအလောင်းတော်သည် ရှစ်အသင်္ချေနှင့်ကမ္ဘာတသိန်း၊ (ဂ) ဝီရိယာဓိက ဘုရားအလောင်းတော်သည် တဆဲ့ခြောက်အသင်္ချေနှင့် ကမ္ဘာတသိန်း၊ ဤသို့ အသီးသီး ပါရမီဖြည့်ပြီးမှသာလျှင် သဗ္ဗညုဘုရားအဖြစ်သို့ ရောက်ရလေသည်။

အဘယ်ကြောင့် ဤသို့ သုံးမျိုးသုံးစား ပါရမီဖြည့်ကျင့်ရာ၌ ကာလအထူးအပြား ဖြစ်ပေါ်လာရပါသနည်းဟု ဆိုသော် (က) ပညာဓိက ဘုရားအလောင်းတော်တို့သည် သဒ္ဓါနုန့်၍ ပညာထက်၏၊ (ခ) သဒ္ဓါဓိက ဘုရားအလောင်းတော်တို့သည် ပညာအလတ်စားဖြစ်၏၊ (ဂ) ဝီရိယာဓိက ဘုရားအလောင်းတော်တို့သည် သဒ္ဓါပညာနုန့်၏[၁]၊ ဤသို့ ပညာ၏ အထက် အလတ် အနုန့်ကို

---

၁။ ဤအရာအတွက် သုတ္တနိပါတ်၊ဋ္ဌ၊ ပ-၄၃ ၌ သဒ္ဓါပါသည်၊ စရိယာပိဋကဋ္ဌကထာ-၃၂၀ ၌ ကား "ဝီရိယာဓိကာနံ ပညာ မန္ဒာ"ဟုသာ ပါလေသည်၊ သဒ္ဓါ မပါပေ။

http://www.dhammadownload.com



စွဲ၍ သမ္မာသမ္ဗောဓိဆုသည် လေးအသင်္ချေနှင့်ကမ္ဘာတသိန်း, ရှစ်အသင်္ချေနှင့်ကမ္ဘာတသိန်း, တဆဲ့ခြောက်အသင်္ချေနှင့်ကမ္ဘာတသိန်းဟူ၍ ပါရမီဖြည့်ကျင့်ရကာလ အတိုအရှည် ကွဲပြားရပုံကို ရှေးအဋ္ဌကထာကြီးတို့၌ ဆိုထားကြောင်းဖြင့် စရိယာပိဋကအဋ္ဌကထာ-၃၂၀-စသည်တို့၌ ညွှန်ပြတော်မူကြလေသည်။

အပရေဆရာတို့ကမူ ဝီရိယ ထက် လတ် နုန့်၏ အစွမ်းအားဖြင့် ဘုရားအလောင်းတော်တို့၏ ကာလအထူးအပြား ဖြစ်ရပုံကို ပြဆိုကုန်၏၊ သို့သော် ဝဒန္တိဝါဒတွင်မူ သာမန်အားဖြင့် ဝိမုတ္တိဉာဏ်၏ ရင့်ကျက်ကြောင်း ပါရမီတရားတို့၏ အဆင့်အတန်းအားလျော်စွာ ကာလထူးပြားဖြစ်လာနိုင်ကြောင်း စရိယာပိဋက အဋ္ဌကထာစသည်တို့၌ အဆိုရှိပေသည်။

ထို့အတူပင် ဆုတောင်းသည့်အခိုက်အတန့်၌ (၁) ဥဂ္ဃဋိတညူ (၂) ဝိပဉ္စိတညူ (၃) နေယျဟူ၍ သုံးမျိုးခွဲနိုင်သေးသည်၊ ထိုသုံးမျိုးတို့တွင် (၁)ဥဂ္ဃဋိတညူသည် နိယတဗျာဒိတ် ခတ်နှိပ်ပေးသနားတော်မူသော ဘုရားရှင်၏ ရှေ့တော်မှာပင် လေးပါဒရှိသော ဂါထာကို နာယူစဉ် တတိယပါဒ မဆုံးမီ အဘိညာဉ်ခြောက်ပါး ပဋိသမ္ဘိဒါလေးပါးတို့နှင့်တကွ အရဟတ္တဖိုလ်သို့ ရောက်ရန်စွမ်းနိုင်သော ဥပနိဿယရှိလေသည်၊ (၂) ဝိပဉ္စိတညူသည် လေးပါဒရှိသောဂါထာကို နာကြား၍ မဆုံးမီ ဂါထာ၏ စတုတ္ထပါဒအရောက်၌ အဘိညာဉ်ခြောက်ပါး, ပဋိသမ္ဘိဒါလေးပါးတို့နှင့်တကွ အရဟတ္တဖိုလ်သို့ရောက်ရန် စွမ်းနိုင်သော ဥပနိဿယ ရှိလေသည်၊ (၃) နေယျသည် လေးပါဒရှိ ဂါထာကို နာကြား၍ ဂါထာ၏ အဆုံး၌ အဘိညာဉ်ခြောက်ပါး, ပဋိသမ္ဘိဒါလေးပါးတို့နှင့်တကွ အရဟတ္တဖိုလ်သို့ရောက်ရန် စွမ်းနိုင်သော ဥပနိဿယရှိလေသည်၊ ဤသို့လျှင် ဘုရားအလောင်းတော်တို့သည် နိယတဗျာဒိတ်တော်ကို ခံယူစဉ်အခါကပင်လျှင် သာဝကအဖြစ်ဖြင့် ကျွတ်တမ်းဝင်လိုက ဝင်နိုင်သော ဥပနိဿယရှိလင့်ကစား သတ္တဝါများကို သနားခြင်း ကြီးမားတော်မူလှသဖြင့် ကမ္ဘာအသင်္ချေများစွာ သံသရာကာလပတ်လုံး ကိုယ်၏ ဆင်းရဲခြင်းကို ခံယူလျက် ပါရမီတော်များကို ဖြည့်ကျင့်ကာ ဘုရားအဖြစ်ကို ရယူတော်မူခဲ့လေသည်၊ (စရိယာပိဋက-ဋ္ဌ-ပကိဏ္ဏကကထာ-၃၂၀)။

ထိုသို့ ရယူခဲ့ရာ၌ လျင်မြန်စွာ ဖြစ်ပွင့်နိုင်သော ဖြတ်လမ်းသဘောမျိုး လုံးဝမရှိ၊ အမြန်ဆုံး အထက်ဆုံးဖြစ်သည့် လေးအသင်္ချေနှင့်ကမ္ဘာတသိန်း ပါရမီဖြည့်ရသော ပညာဓိကဘုရားဖြစ်တော်မူမည့်အလောင်းတော်သည် နိယတဗျာဒိတ်ခံယူတော်မူပြီးနောက် နေ့စဉ်နေ့တိုင်း ဝေဿန္တရာမင်း၏ အလှူကြီးမျိုးကို ပေးနေလင့်ကစား ထိုအားလျော်သောသီလ စသည့် ပါရမီတို့ကို လွန်လွန်ကဲကဲ ဖြည့်ကျင့်လင့်ကစား လေးအသင်္ချေနှင့်ကမ္ဘာတသိန်း အချိန်မစေ့သေးသမျှ ဘုရားဖြစ်လာနိုင်ရိုးမရှိချေ၊ အဘယ့်ကြောင့်ဆိုသော် ဗောဓိဉာဏ်၏ ပြန့်ပြောရင့်ကျက်မှု မရှိသေးသောကြောင့်ပင်၊ သုံးလေးငါးလလွန်မှ ပွင့်သီးခြင်းသို့ရောက်မည့် ကောက်စပါးမျိုးကို ထိုလပိုင်းသို့ မရောက်မီ ပွင့်သီးရန် ရေအကြိမ်ပေါင်း ထောင်ကိုးရာလောင်းလင့်ကစား ကောက်စပါး၏ ပြန့်ပြောရင့်ကျက်ခြင်းသို့ မရောက်လာသေးသမျှ မပွင့်သီးနိုင်သကဲ့သို့ပင်တည်း၊ (သုတ္တနိပါတ-ဋ္ဌ-ခဂ္ဂဝိသာဏသုတ်အဖွင့်-၄၃)။

ဤပြဆိုခဲ့ပြီးသော ဘုရားအလောင်းတော်သုံးမျိုးတို့သည် ဗျာဒိတ်ခံယူပြီးနောက် (၁)ဥဿာဟဟူသော လုံ့လထုတ်ခြင်း၊ (၂) ဥမ္မင်္ဂဟူသော ပညာပွါးများစေခြင်း၊ (၃) အဝတ္ထာနဟူသော အဓိဋ္ဌာန်ဆောက်တည်ခြင်း၊ (၄) ဟိတစရိယ ဟူသော မေတ္တာဘာဝနာပွါးခြင်းဖြစ်သည့် ဗုဒ္ဓဘူမိ

http://www.dhammadownload.com



လေးပါးနှင့်ညီညွတ်စေလျက် ပါရမီဆယ်ပါး အပြားသုံးဆယ်တို့ကို ဖြည့်ကျင့်တော်မူကြရပေသည်။ (သုတ္တနိပါတ-ဋ-၄၅)။

## ပစ္စေကဗောဓိဆု

ပစ္စေကဗောဓိဟု ဆိုအပ်သော အသီးအခြားသစ္စာတရားတို့ကို ကိုယ်တိုင် ထိုးထွင်း၍သိသည့် ဉာဏ်ကိုရရှိသော ပစ္စေကဗုဒ္ဓါ၏အဖြစ်ကို ဆုတောင်းရာ၌ နှစ်သင်္ချေနှင့်ကမ္ဘာတသိန်း အနည်းဆုံး ပါရမီဖြည့်မှ ပါရမီပြည့်၍ ပစ္စေကဗုဒ္ဓါအဖြစ်ဖြင့် ပွင့်တော်မူရသည်၊ အကယ်၍ သမ္ဗုဒ္ဓဘုရားလောင်းတို့ကဲ့သို့ ပညာဓိက, သဒ္ဓါဓိက, ဝီရိယာဓိက သုံးမျိုးပြားလျှင်လည်း ပညာဓိကပစ္စေကဗုဒ္ဓါအလောင်းသည် နှစ်သင်္ချေနှင့်ကမ္ဘာတသိန်းအောက် လျော့နည်း၍ ပါရမီဖြည့်ကျင့်ခြင်းဖြင့် ဖြစ်ပွင့်နိုင်ခွင့်မရှိချေ၊ သဒ္ဓါဓိက, ဝီရိယာဓိက ပစ္စေကဗုဒ္ဓါအလောင်းတို့ကသာလျှင် ပညာဓိက ပစ္စေကဗုဒ္ဓါအလောင်းထက် နှစ်ကမ္ဘာ သုံးကမ္ဘာပို၍ ပါရမီဖြည့်ကျင့်ခြင်းဖြင့် ဖြစ်ပွင့်ရလေသည်။ (ထေရဂါထာ-ဋ-နိဒါနကထာဖွင့်-၁၁)။

## ဘုရားနှင့် ပစ္စေကဗုဒ္ဓါတို့ခြားနားပုံများ

သမ္မာသမ္ဗုဒ္ဓဘုရားအလောင်းတော်တို့ ဗျာဒိတ်ရကြောင်း ရှစ်ပါးရှိလေသည်၊ ၎င်းတို့ကား (၁) မနုဿတ္တ=လူသားစင်စစ်ဖြစ်ခြင်း၊ (၂) လိင်္ဂသမ္ပတ္တိ=ယောကျ်ားစင်စစ်ဖြစ်ခြင်း၊ (၃) ဟေတု=အရဟတ္တဖိုလ်ရနိုင်သော ဥပနိဿယနှင့်ပြည့်စုံခြင်း၊ (၄) သတ္ထာရဒဿန=ဘုရားကို ဖူးတွေ့ရခြင်း၊ (၅) ပဗ္ဗဇ္ဇာ=(ကမ္မဝါဒီ ကိရိယဝါဒီ ရသေ့ပရိဗိုဇ်အပါအဝင်) ရှင်ရဟန်းဖြစ်ခြင်း၊ (၆) ဂုဏသမ္ပတ္တိ=ချွန်စသော ဂုဏ်ကျေးဇူးကို ရရှိနေခြင်း၊ (၇) အဓိကာရ=အသက်စသည်ကို စွန့်၍ ဆုတောင်းခြင်း၊ (၈) ဆန္ဒတာ=ဘုရားဖြစ်ရန် အားကြီးသော ဆန္ဒရှိခြင်းတို့ပေတည်း။

ပစ္စေကဗုဒ္ဓါတို့၏ ဗျာဒိတ်ရကြောင်းကား ဤရှစ်ပါးအနက် (၁) (၂) (၇) (၈) အချက်တို့မှာ သမ္မာသမ္ဗုဒ္ဓဘုရားရှင်တို့နှင့် အတူတူပင်ဖြစ်၍ (၄) သတ္ထာရဒဿနဟူသော အချက်မှာ သမ္မာသမ္ဗုဒ္ဓမြတ်စွာဘုရားကိုဖြစ်စေ, ပစ္စေကဗုဒ္ဓါကိုဖြစ်စေ, မြတ်စွာဘုရားတပည့်သား သာဝက တပါးပါးကိုဖြစ်စေ ဖူးတွေ့၍ ဆုတောင်းရလျှင် ပြည့်စုံနိုင်ပေသည်၊ (အပဒါန-ဋ၊၁၅၈။ သုတ္တနိပါတ-ဋ-၁၊၄၆)။

ဤသို့ ဆုတောင်းလျက် နိယတဗျာဒိတ်ကို ခံယူရရှိပြီးနောက် ဆိုခဲ့သည့်အချိန်ကာလအတိုင်း ပါရမီတို့ကို ဖြည့်ကျင့်ပြီးကာ နောက်ဆုံးဘဝသို့ ရောက်သော အချိန်၌ မြတ်စွာဘုရားတို့သည် အမျိုးလေးပါးတို့အနက် ခတ္တိယနှင့် ဗြာဟ္မဏအမျိုးတို့မှာသာ ဖြစ်ကုန်၏၊ ပစ္စေကဗုဒ္ဓါတို့သည် ခတ္တိယ ဗြာဟ္မဏနှင့် ဂဟပတိအမျိုးတို့တွင် တမျိုးမျိုး၌ ဖြစ်ကုန်၏၊ အဂ္ဂသာဝကတို့သည်ကား မြတ်စွာဘုရားတို့ကဲ့သို့ပင် ခတ္တိယနှင့် ဗြာဟ္မဏအမျိုးနှစ်ပါးတို့၌သာ ဖြစ်ကြလေသည်။

အလုံးစုံသော မြတ်စွာဘုရားတို့သည် ဝိဝဋ္ဋကပ်၌သာ ပွင့်တော်မူကြကုန်၏၊ သံဝဋ္ဋကပ်၌ ပွင့်တော်မမူကြကုန်၊ ပစ္စေကဗုဒ္ဓါတို့သည်လည်း ထို့အတူ ဝိဝဋ္ဋကပ်၌သာ ပွင့်တော်မူကြကုန်၏၊ သို့သော် ထိုပစ္စေကဗုဒ္ဓါတို့သည် ဘုရားပွင့်တော်မူချိန် (ဘုရားသာသနာ ထွန်းလင်းနေချိန်) တို့၌ကား ပွင့်တော်မမူကြချေ၊ (အပဒါန-ဋ-၁၊၁၅၉)။

ပစ္စေကဗုဒ္ဓါတို့တွင် နောက်ဆုံးဖြစ်သော မာတင်္ဂပစ္စေကဗုဒ္ဓါသည် ဂေါတမမြတ်စွာဘုရားလောင်း ဖွားမြင်သည့်အထိ သက်တော်ထင်ရှား ရှိနေသေးကြောင်း, ဘုရားလောင်းကို ပူဇော်ရန်

http://www.dhammadownload.com



သွားသော နတ်များ၏ ပြောသံကိုကြားမှ မိမိ၏ အသက် အပိုင်းအခြား ကုန်လေပြီဟုသိ၍ ပရိနိဗ္ဗာန်ပြုကြောင်း အပဒါန်အဋ္ဌကထာပစ္စေကဗုဒ္ဓအပဒါန်အဖွင့် ၂၂၂-၌ ပြဆိုထားပေသည်။

ပစ္စေကဗုဒ္ဓါတို့သည် ဘုရားမပွင့်သော သုညကမ္ဘာတို့တွင်လည်း မဖြစ်ပေါ်တော်မူကြပေ၊ ဘုရားပွင့်ရာ ဝိဝဋ္ဋကပ်အခါ၌ ဖြစ်ပေါ်တော်မူလျှင်လည်း များသောအားဖြင့် ဘုရားတဆူနှင့် တဆူအကြား၌သာ ဖြစ်ပေါ်တော်မူသည်ဟု အဆိုရှိပေသည်၊ မြတ်စွာဘုရားတို့သည် သစ္စာလေးပါး တရားအပေါင်းကို မိမိကိုယ်တိုင်လည်း သိတော်မူကုန်၏၊ သူတပါးတို့ကိုလည်း သိစေတော်မူကုန်၏၊ ပစ္စေကဗုဒ္ဓါတို့ကား မိမိတို့ကိုယ်တိုင်သာ သိတော်မူကုန်၏၊ သူတပါးတို့ကို သိစေတော်မမူနိုင်ကုန်၊ အတ္ထရသကိုသာ ထိုးထွင်းနိုင်ကုန်၏၊ ဓမ္မရသကို မထိုးထွင်းနိုင်ကုန်၊ လောကုတ္တရာတရားကို ပညတ်သို့တင်၍ ဟောကြားခြင်းငှါ မစွမ်းနိုင်ကြကုန်၊ မိမိ၏ အိပ်မက်ကို ပြန်လည်မပြောကြားနိုင်သော သူအ ကဲ့သို့ရင်း, မြို့ကြီး ပြကြီးတွင် စားသောက်ခဲ့ရသော စား‌သောက်ဖွယ်ရာ ဟင်းအရသာကို ပြန်လည်မပြောကြားနိုင်သော တောမူဆိုးကဲ့သို့ရင်း ဖြစ်သည်ဟု အဋ္ဌကထာဆရာတို့ ဥပမာပြုကုန်၏။

ပစ္စေကဗုဒ္ဓါတို့သည် တန်ခိုး, သမာပတ်, ပဋိသမ္ဘိဒါတို့နှင့် ပြည့်စုံတော်မူကြကုန်၏၊ ဂုဏ်ထူးဝိသေသနှင့်ပြည့်စုံရာ၌ မြတ်စွာဘုရားတို့၏အောက် သာဝကတို့၏အထက် ဖြစ်ကုန်၏၊ တပါးသူတို့ကို ရဟန်းပြုစေ၍ အာဘိသမာစာရိကဝတ် (အလွန်ကောင်းစွာကျင့်အပ်သောဝတ်)ကို ကျင့်စေနိုင်ကုန်၏၊ မင်းသားနှင့် အမတ်သားတို့ ပစ္စေကဗုဒ္ဓါတို့ထံ၌ ရဟန်းပြုကြောင်း ပစ္စေကဗုဒ္ဓါတို့က "သင်းပိုင်ကို ဤသို့ဝတ်, ကိုယ်ရုံကို ဤသို့ရုံ" စသော အာဘိသမာစာရိကဝတ်ကို ပြောကြားကြောင်း သုတ္တနိပါတ်အဋ္ဌကထာ ခဂ္ဂဝိသာဏသုတ်အဖွင့် ဂ၂-သစေ လဘေထ ဂါထာအဖွင့်၌ ဝတ္ထုကြောင်း ပြဆိုထားပေသည်၊ မြတ်စွာဘုရားတို့ကဲ့သို့ ခုဒ္ဒါနုခုဒ္ဒကသိက္ခာပုဒ်, ခန္ဓကသိက္ခာပုဒ်တို့ကိုကား ကျင့်စေတော်မမူနိုင်ကုန်၊ ထို့ကြောင့် ရဟန်းပြုစေနိုင်၏ ဆိုသော်လည်း ဥပသမ္ပဒရဟန်းမျိုးမဟုတ် ရသေ့ပရိဗိုဇ် ပဗ္ဗဇ္ဇမျိုးသာဖြစ်ကြောင်း မှတ်သားသင့်ပေသည်။

ထို့ပြင် ဂန္ဓမာဒနတောင် မဉ္ဇူသကနတ်ပန်းပင်ရင်း၌ စုဝေး၍ ပစ္စေကဗုဒ္ဓါတို့ ဥပုသ်ပြုတော်မူကြကြောင်းကိုလည်း သုတ္တနိပါတ်အဋ္ဌကထာ ခဂ္ဂဝိသာဏသုတ်အဖွင့်၌လာလေသည်၊ ခဂ္ဂဝိသာဏသုတ်၌ ပစ္စေကဗုဒ္ဓါလေးဆဲ့တပါးတို့၏ အကြောင်းများကို ဖော်ပြထားပေရာ ထိုသုတ်ကို ပစ္စေကဗုဒ္ဓါများ၏ အဋ္ဌုပ္ပတ္တိသုတ်တော် ဟူ၍ပင် ခေါ်ဆိုနိုင်လေသည်။

ထိုမှတပါးလည်း ပစ္စေကဗုဒ္ဓါတို့သည် ဘုရားတို့ကဲ့သို့ တပါးတည်း ပြိုင်ဖက်မရှိဘဲ ပွင့်တော်မူကြသည့် ထုံးတမ်းစဉ်လာမရှိ၊ တခါတရံ တပါးတည်း ပွင့်သည့်အခါပွင့်၍ တခါတရံ ပစ္စေကဗုဒ္ဓါပေါင်းရာထောင်ပြိုင်၍ ပွင့်သည့်အခါ ပွင့်ပုံများကို တွေ့ရပေသည်။

ပဒုမဒေဝီ၏ သားငါးရာတို့သည် တပြိုင်နက် ပစ္စေကဗုဒ္ဓါအဖြစ် ပွင့်တော်မူကြကြောင်းကိုရင်း, အလောင်းတော် ဆဒ္ဒန်ဆင်မင်းဖြစ်စဉ်အခါ ပစ္စေကဗုဒ္ဓါငါးရာ ကြွဆုံတော်မူကြကြောင်းကိုရင်း, အချင်ဘဒ္ဒဇိထေရ်အလောင်း ပါရမီဖြည့်ဆဲကာလ၌ ပစ္စေကဗုဒ္ဓါငါးရာတပြိုင်နက် ကြွဆုံကြကြောင်းကိုရင်း, မဟာကပ္ပိနမင်းဝတ္ထု၌ ပစ္စေကဗုဒ္ဓါတထောင် တပြိုင်နက် ကြွဆုံကြကြောင်းကိုရင်း ထိုထိုကျမ်းစာတို့၌ အထင်အရှားတွေ့နိုင်ကြပေသည်။

http://www.dhammadownload.com



## သာဝကဗောဓိဆု

(မြတ်စွာဘုရား၏ အထံ၌ဖြစ်စေ, သာဝကတပါးပါး၏ အထံ၌ဖြစ်စေ သစ္စာလေးပါးကမ္မဋ္ဌာန်းတရားကို ကြားနာရပြီးမှ အရဟတ္တမဂ်ကို ရရှိကုန်သော သာဝကဗောဓိဆုကို ပန်ဆင်သည့်) ဘုရားရှင်၏ တပည့်သား သာဝကတို့အဖြစ်၌လည်း (၁) အဂ္ဂသာဝက=တပည့်အများတွင် အမြတ်ဆုံးဖြစ်သောသာဝက၊ (၂) မဟာသာဝက=တပည့်သာဝကကြီး၊ (၃) ပကတိသာဝက=ရိုးရိုးတပည့်သာဝက ဟူ၍ သုံးမျိုးရှိပေသည်။

ထို သုံးမျိုးတို့တွင် (၁) အဂ္ဂသာဝကသည် တသင်္ချေနှင့်ကမ္ဘာတသိန်း ပါရမီဖြည့်ရ၏၊ ယခု ဂေါတမရှင်တော်ဘုရားလက်ထက်၌ အသျှင်သာရိပုတြာနှင့် အသျှင်မဟာမောဂ္ဂလ္လာန်တို့ပေတည်း၊ (၂) မဟာသာဝကသည် ကမ္ဘာတသိန်း ပါရမီဖြည့်ရ၏၊ ယခု ဂေါတမဘုရားလက်ထက်၌ အသျှင်မဟာကဿပစသော အသီတိ မဟာသာဝက ၈၀-တို့ပေတည်း၊ ထို့ပြင် (ခဂ္ဂဝိသာဏသုတ် အဋ္ဌကထာအရ) ဘုရားရှင်၏ မယ်တော်, ခမည်းတော်, အလုပ်အကျွေး, သားတော်တို့သည်လည်း ကမ္ဘာတသိန်းထက်မနည်း ပါရမီဖြည့်ရကြောင်းကို အထူး မှတ်သားသင့်ပေသည်။

ပကတိသာဝကတို့ကား ကာလအပိုင်းအခြား မရှိချေ၊ ဝဋ္ဋမှလွတ်ရာ(မဂ်ဖိုလ်)ကို တောင့်တ၍ အမှတ်မထား တပါးပါးသော ဘဝကာလများက စ၍ ဖြည့်ကျင့် ဆည်းပူးခဲ့သော ပါရမီအဆောက်အဦနှင့်ပြည့်စုံလျှင် ပကတိသာဝကဉာဏ်ကို ရနိုင်လေသည်။

အမှတ်မထား တပါးပါးသော ဘဝ ကာလဟူသည် ကမ္ဘာ အရာအထောင် ဖြစ်နိုင်ကြောင်း ာတိပ္ပါသင့်၏၊ အတ္တသန္ဓက, သပရိဝါရိယစသောထေရ်တို့သည် ကမ္ဘာတသိန်းထက်၌ ပွင့်တော်မူသည့် ပဒုမုတ္တရဘုရားလက်ထက်မှ စ၍ငင်း, အနုလေပဒါယကထေရ်သည် တသင်္ချေနှင့် ကမ္ဘာတသိန်းထက်၌ ပွင့်တော်မူသည့် အနောမဒဿီဘုရားလက်ထက်မှ စ၍ငင်း, ကေပသာဒနိယထေရ်သည် တရာ့တဆယ့်ရှစ်(၁၁၈)ကမ္ဘာထက်၌ ပွင့်တော်မူသည့် အတ္ထဒဿီ ဘုရားလက်ထက်မှ စ၍ငင်း, သူစိဒါယကထေရ်သည် ကမ္ဘာသုံးသောင်းထက်၌ ပွင့်တော်မူသည့် သုမေဓာဘုရားလက်ထက်မှ စ၍ငင်း ပါရမီများ ဖြည့်ခဲ့ကြကြောင်း ဆိုင်ရာ ထေရာပဒါန်၌ ပါလေသည်။

ဤကဲ့သို့ အဂ္ဂသာဝက, မဟာသာဝက, ပကတိသာဝကတို့၏ ဆုတောင်း ဆုယူ ပြုပုံများ, ပါရမီဖြည့်ကျင့်ပုံများအပြင် ထူးခြားဆန်းကြယ်သော အဖြစ်တော်များ, (ပညာကြီးမားသော အသျှင်သာရိပုတြာမထေရ် စသည်တို့၏ အဖြစ်မျိုး) သံဝေဂရဖွယ် အဖြစ်တော်များ, (ဉာဏ်လေးသူကို ပြောင်လှောင်ခဲ့မိသဖြင့် ပစ္ဆိမဘဝတွင် ဉာဏ်နုန့်နှေး ထိုင်းမှိုင်းရသော အသျှင်စူဠပန္ထကအဖြစ်မျိုး) သက်တော် နုနုနယ်နယ်ဖြင့် ရဟန္တာဖြစ်တော်မူသော အဖြစ်တော်များ (မိလိန္ဒပဥှာတွင် ၇-နှစ်အောက် ရဟန္တာမဖြစ်ဟု ဆိုသော်လည်း ၄-နှစ်သားအရွယ် ရဟန္တာဖြစ်သော ကောဋိဝိယထေရ်, ငါးနှစ်သားအရွယ် ရဟန္တာဖြစ်သော ပဥ္စသီလသမာဒါနိယထေရ်နှင့် ပဒုမထေရ်တို့၏ အဖြစ်မျိုး) စသော မှတ်သားဖွယ်ရာတို့ကို ဤအပဒါန်ပါဠိတော် မြန်မာပြန်(ပဌမအုပ်)တွင် ဖတ်ရှု တွေ့မြင်ရမည် ဖြစ်ပေသည်။

ထို့ပြင် ယခုဂေါတမမြတ်စွာဘုရားလက်ထက်တော်တွင် လက်ဝဲရံ, လကျာ်ရံ အရှင်မြတ်များနှင့် တကွ တေဒဂ်ရ ထေရ, ထေရီများကို သိလွယ် မှတ်လွယ်ကြစေရန်နှင့် သဒ္ဓါစေတနာပွါးများနိုင်ကြစေရန် အကျဉ်းချုပ်ဖော်ပြလိုက်ပါဦးမည်။

http://www.dhammadownload.com



## လကျ်ာခုံ ရဟန္တာမထေရ်(၄၀)

၁။ အသျှင်သာရိပုတြာ (အဂ္ဂသာဝက)
၂။ အသျှင်အညာသိကောဏ္ဍည
၃။ အသျှင်ဝပ္ပ
၄။ အသျှင်ဘဒ္ဒိယ
၅။ အသျှင်မဟာနာမ်
၆။ အသျှင်အဿဇိ
၇။ အသျှင်နာလက
၈။ အသျှင်ယသ
၉။ အသျှင်ဝိမလ
၁၀။ အသျှင်သုဗာဟု
၁၁။ အသျှင်ပုဏ္ဏဇိ
၁၂။ အသျှင်ဂဝမ္ပတိ
၁၃။ အသျှင်ဥရုဝေလကဿပ
၁၄။ အသျှင်နဒီကဿပ
၁၅။ အသျှင်ဂယာကဿပ
၁၆။ အသျှင်မဟာကဿပ
၁၇။ အသျှင်မဟာကစ္စည်း
၁၈။ အသျှင်မဟာကောဋ္ဌိက
၁၉။ အသျှင်မဟာကပ္ပိန
၂၀။ အသျှင်မဟာစုန္ဒ
၂၁။ အသျှင်အနုရုဒ္ဓါ
၂၂။ အသျှင်ကင်္ခါရေဝတ
၂၃။ အသျှင်အာနန္ဒာ
၂၄။ အသျှင်နန္ဒက
၂၅။ အသျှင်ဘဂု
၂၆။ အသျှင်နန္ဒိယ
၂၇။ အသျှင်ကိမိလ
၂၈။ အသျှင်ဘဒ္ဒိယ
၂၉။ အသျှင်ရာဟုလာ
၃၀။ အသျှင်သီဝလိ
၃၁။ အသျှင်ဥပါလိ
၃၂။ အသျှင်ဒဗ္ဗ
၃၃။ အသျှင်ဥပသေန
၃၄။ အသျှင်ခဒိရဝနိယရေဝတ
၃၅။ အသျှင်မဟာပုဏ္ဏ
၃၆။ အသျှင်စူဠပုဏ္ဏ
၃၇။ အသျှင်သောဏကောဠိကဏ္ဏ
၃၈။ အသျှင်သောဏကောဠိဝိသ
၃၉။ အသျှင်ရာဓ
၄၀။ အသျှင်သုဘူတိ

http://www.dhammadownload.com



## ထက်ဝဲရံ ရဟန္တာ မထေရ်(၄၀)

၁။ အသျှင်မဟာမောဂ္ဂလ္လာန် (အဂ္ဂသာဝက)
၂။ အသျှင်အင်္ဂုလိမာလ
၃။ အသျှင်ဝက္ကလိ
၄။ အသျှင်ကာဠုဒါယီ
၅။ အသျှင်မဟာဥဒါယီ
၆။ အသျှင်ပိလိန္ဒဝစ္ဆ
၇။ အသျှင်သောဘိတ
၈။ အသျှင်ကုမာရကဿပ
၉။ အသျှင်ရဋ္ဌပါလ
၁၀။ အသျှင်ဝင်္ဂီသ
၁၁။ အသျှင်သဘိယ
၁၂။ အသျှင်သေလ
၁၃။ အသျှင်ဥပဝါန
၁၄။ အသျှင်မေဃိယ
၁၅။ အသျှင်သာဂတ
၁၆။ အသျှင်နာဂိတ
၁၇။ အသျှင်လကုဏ္ဋကဘဒ္ဒိယ
၁၈။ အသျှင်ပိဏ္ဍောလဘာရဒွါဇ
၁၉။ အသျှင်မဟာပန္ထက
၂၀။ အသျှင်စူဠပန္ထက
၂၁။ အသျှင်ဗာကုလ
၂၂။ အသျှင်ကောဏ္ဍဓာန
၂၃။ အသျှင်ဒါရုစီရိယ
၂၄။ အသျှင်ယသောဇ
၂၅။ အသျှင်အဇိတ
၂၆။ အသျှင်တိဿမေတ္တေယျ
၂၇။ အသျှင်ပုဏ္ဏက
၂၈။ အသျှင်မေတ္တဂူ
၂၉။ အသျှင်ဓောတက
၃၀။ အသျှင်ဥပသီဝ
၃၁။ အသျှင်နန္ဒ
၃၂။ အသျှင်ဟေမက
၃၃။ အသျှင်တောဒေယျ
၃၄။ အသျှင်ကပ္ပ
၃၅။ အသျှင်ဇတုကဏ္ဏိ
၃၆။ အသျှင်ဘဒြာဝုဓ
၃၇။ အသျှင်ဥဒယ
၃၈။ အသျှင်ပေါသာလ
၃၉။ အသျှင်ပိင်္ဂိယ
၄၀။ အသျှင်မောဃရာဇ

http://www.dhammadownload.com



## ဧတဒဂ်ဘွဲ့ရ ရဟန္တာမထေရ်ကြီးများ (၄၁)

| | |
|---|---|
| ၁။ အသျှင်ကောဏ္ဍည | ဝါရင့်ခြင်း=ရတ္တညူအရာ။ |
| ၂။ အသျှင်သာရိပုတြာ | ဉာဏ်ပညာကြီးခြင်း။ |
| ၃။ အသျှင်မဟာမောဂ္ဂလ္လာန် | တန်ခိုးဣဒ္ဓိပါဒ်ကြီးခြင်း။ |
| ၄။ အသျှင်မဟာကဿပ | ဓုတင်ဆောင်ခြင်း။ |
| ၅။ အသျှင်အနုရုဒ္ဓါ | ဒိဗ္ဗစက္ခုအဘိညာဉ်ရခြင်း။ |
| ၆။ အသျှင်ဘဒ္ဒိယ | အမျိုးမြတ်ခြင်း။ |
| ၇။ အသျှင်လကုဏ္ဍကဘဒ္ဒိယ | အသံသာယာခြင်း။ |
| ၈။ အသျှင်ပိဏ္ဍောလဘာရဒွါဇ | ရဲတင်းသော စကားကို ဆိုခြင်း။ |
| ၉။ အသျှင်ပုဏ္ဏ | ဓမ္မကထိကအရာ တရားဟောကြားခြင်း။ |
| ၁၀။ အသျှင်ကစ္စာန | အကျဉ်းကို အကျယ်ဟောခြင်း။ |
| ၁၁။ အသျှင်စူဠပန္ထက | မနောမယအဘိညာဉ်ဖန်ဆင်းခြင်း။ |
| ၁၂။ အသျှင်မဟာပန္ထက | အရူပဈာန်မှထ၍ ရဟန္တာဖြစ်ခြင်း။ |
| ၁၃။ အသျှင်သုဘူတိ | အပြစ်မရှိသောနေခြင်းနှင့် အလှူခံထိုက်ခြင်း။ |
| ၁၄။ အသျှင်ခဒိရဝနိယရေဝတ | တောရဆောက်တည်ခြင်း။ |
| ၁၅။ အသျှင်ကင်္ခါရေဝတ | ဈာန်ဝင်စားခြင်း။ |
| ၁၆။ အသျှင်သောဏကောဠိဝိသ | လုံ့လဝီရိယကြီးခြင်း။ |
| ၁၇။ အသျှင်သောဏကုဋိကဏ္ဏ | အဟောအပြောကောင်းခြင်း။ |
| ၁၈။ အသျှင်သီဝလိ | လာဘ်ပေါများခြင်း။ |
| ၁၉။ အသျှင်ဝက္ကလိ | သဒ္ဓါတရား လွန်ကဲခြင်း။ |
| ၂၀။ အသျှင်ရာဟုလာ | သိက္ခာသုံးပါး ကျင့်ဆောင်ခြင်း။ |
| ၂၁။ အသျှင်ရဋ္ဌပါလ | သဒ္ဓါ၍ ရဟန်းပြုခြင်း။ |
| ၂၂။ အသျှင်ကောဏ္ဍဓာန | စာရေးတံမဲ ပဌမ ယူခြင်း |
| ၂၃။ အသျှင်ဝင်္ဂီသ | ဖွဲ့ဆိုသီကုံးမှု၌ ဉာဏ်ပဋိဘာန်ရှိခြင်း။ |
| ၂၄။ အသျှင်ဥပသေန | ကြည်ညိုဖွယ်ရာဖြစ်ခြင်း။ |
| ၂၅။ အသျှင်ဒဗ္ဗ | သံဃာတော်များအတွက် နေရာချထားခြင်း။ |
| ၂၆။ အသျှင်ပိလိန္ဒဝစ္ဆ | နတ်တို့ချစ်မြတ်နိုးခြင်း။ |
| ၂၇။ အသျှင်ဗါဟိယဒါရုစီရိယ | လျင်မြန်စွာထိုးထွင်းသိခြင်း။ |
| ၂၈။ အသျှင်ကုမာရကဿပ | ဆန်းကြယ်စွာတရားဟောခြင်း။ |
| ၂၉။ အသျှင်မဟာကောဋ္ဌိက | ပဋိသမ္ဘိဒါ ၄-ပါး ရခြင်း။ |
| ၃၀။ အသျှင်အာနန္ဒာ | အကြားအမြင်များခြင်း၊ သတိကောင်းခြင်း၊ ဉာဏ်ကောင်းခြင်း၊ လုံ့လကြီးခြင်း၊ အလုပ်အကျွေးအပြုအစု ဤငါးချက်။ |
| ၃၁။ အသျှင်ဥရုဝေလကဿပ | အခြံအရံများခြင်း။ |
| ၃၂။ အသျှင်ကာဠုဒါယီ | ဆွေတော်မျိုးတော်တို့ကို ကြည်ညိုစေခြင်း။ |
| ၃၃။ အသျှင်ဗာကုလ | ကျန်းမာရေးနှင့် ပြည့်စုံခြင်း။ |
| ၃၄။ အသျှင်သောဘိတ | ပုဗ္ဗေနိဝါသအဘိညာဉ်။ |
| ၃၅။ အသျှင်ဥပါလိ | ဝိနည်းဆောင်ခြင်း။ |

http://www.dhammadownload.com



| | |
|---|---|
| ၃၆။ အသျှင်နန္ဒက | ဘိက္ခုနီတို့အား ဆုံးမခြင်း။ |
| ၃၇။ အသျှင်နန္ဒ | ဣန္ဒြေစောင့်ခြင်း။ |
| ၃၈။ အသျှင်မဟာကပ္ပိန | ရဟန်းများအား ဆုံးမခြင်း။ |
| ၃၉။ အသျှင်သာဂတ | တေဇောဓာတ်သမာပတ်၌ ဝင်စားခြင်း။ |
| ၄၀။ အသျှင်ရာဓ | ဒေသကဘုရားရှင်အား ဒေသနာဉာဏ် ဒုံဆင့်ဆင့် ပွင့်စေခြင်း။ |
| ၄၁။ အသျှင်မောဃရာဇ | ခေါင်းပါးသော သင်္ကန်းကို ဆောင်ခြင်း။ |

## တေဒဂ်ဘွဲ့ရ ရဟန္တာထေရီများ

| | |
|---|---|
| ၁။ အသျှင်မ မဟာပဇာပတိဂေါတမီ | ဝါရင့်ခြင်း ရတ္တညူအရာ။ |
| ၂။ အသျှင်မ ခေမာ | ဉာဏ်ပညာကြီးခြင်း။ |
| ၃။ အသျှင်မ ဥပ္ပလဝဏ္ဏာ | တန်ခိုးဣဒ္ဓိပါဒ် ကြီးခြင်း။ |
| ၄။ အသျှင်မ ပဋာစာရီ | ဝိနည်းဆောင်ခြင်း။ |
| ၅။ အသျှင်မ ဓမ္မဒိန္နာ | ဓမ္မကထိကအရာ။ |
| ၆။ အသျှင်မ နန္ဒာ | ဈာန်ဝင်စားခြင်း။ |
| ၇။ အသျှင်မ သောဏာ | လုံ့လဝီရိယကြီးခြင်း။ |
| ၈။ အသျှင်မ သကုလာ | ဒိဗ္ဗစက္ခုအဘိညာဉ်ရခြင်း။ |
| ၉။ အသျှင်မ ဘဒ္ဒါကုဏ္ဍလကေသာ | လျင်မြန်စွာ ထိုးထွင်းသိခြင်း။ |
| ၁၀။ အသျှင်မ ဘဒ္ဒါကာပိလာနီ | ပုဗ္ဗေနိဝါသအဘိညာဉ်။ |
| ၁၁။ အသျှင်မ ဘဒ္ဒါကစ္စာနာ | အားကြီးသောအဘိညာဉ်။ |
| ၁၂။ အသျှင်မ ကိသာဂေါတမီ | ခေါင်းပါးသောသင်္ကန်းကိုဆောင်ခြင်း။ |
| ၁၃။ အသျှင်မ သိင်္ဂါလကမာတာ | သဒ္ဓါတရားလွန်ကဲခြင်း။ |

## အပဒါန်ပါဠိတော် မြန်မာပြန် ဖတ်ရှုခြင်း၏ ကောင်းမှုအကျိုးထူးများ

ဘုရား ပစ္စေကဗုဒ္ဓါ အသျှင်သာရိပုတြာစသော ပုဂ္ဂိုလ်ထူး ပုဂ္ဂိုလ်မွန်တို့သည် မည်သည့် အချိန်ကာလက မည်သို့သောကောင်းမှုကိုပြု၍ မည်သို့ ဆက်လက်ကျင့်ဆောင်လာခဲ့ကြသဖြင့် မည်သို့သော အဆင့်အတန်း အထွတ်အထိပ်သို့ ရောက်ရှိလာကြသည် စသော ဘဝဖြစ်စဉ် ဖြစ်ရပ် ကျင့်စဉ် ကျင့်ထုံးများကို ဤအပဒါန်ပါဠိတော် မြန်မာပြန် ကျမ်းစာအုပ်တွင် ကောင်းစွာထင်ထင် စုံလင်စွာ တွေ့မြင်နိုင်သည် ဖြစ်ရာ ယင်းသို့တွေ့မြင်ရခြင်းဖြင့် "သတ္တရိ သပ္ပတိဿော ဟောတိ သဂါရဝေါ" စသည်ဖြင့် ဝိသုဒ္ဓိမဂ် အဋ္ဌကထာ ပဌမတွဲ (၂၀၆)၌ ပြဆိုအပ်သော ရတနာသုံးပါး၌ အတိုင်းမသိ ကိုင်းရှိုင်းရှိသေခြင်း, သဒ္ဓါတရား ကြီးထွားခြင်း, သတိအားကောင်းခြင်း, ပညာဉာဏ်ပြန့်ပြောခြင်း, ကောင်းမှုတိုးပွါးခြင်း, ပီတိပါမောဇ္ဇ အားကြီးခြင်း, အကြောက်အလန့် ကင်းစင်ခြင်း, ဆင်းရဲခံနိုင်ရည်ရှိခြင်း, ရတနာသုံးပါး အာရုံဖြင့် တမုဟုတ်မျှ ကင်းကွာမှုမရှိခြင်း, ရတနာသုံးပါး အာရုံဖြင့် ထုံထားသည့် ကိုယ်ခန္ဓာရှိသဖြင့် စေတီတော်မြတ် ကိန်းဝပ်ရာ ဂန္ဓကုဋိ တိုက်တော်ကဲ့သို့ အပူဇော်ခံထိုက်ခြင်း, လွန်ကျူးအပ်သော ဝတ္ထုအာရုံမျိုးနှင့် တွေ့ဆုံကြုံကြိုက်လာချိန်တွင် ဘုရားစသော ပုဂ္ဂိုလ်တို့ မိမိရှေ့မှောက် ရောက်ရှိနေသည့်အလား ကျူးလွန်ရန် ရှက်ကြောက်သည့်စိတ်ဓာတ်မပြတ် ဖြစ်ပေါ်လာခြင်း, ထိုပုဂ္ဂိုလ်ထူးများ ရရှိအပ်သော ဂုဏ်ထူးဝိသေသကို ၎င်းတို့ကဲ့သို့ ရရှိလိုသောဆန္ဒ ပြင်းပြစွာ ဖြစ်ပေါ်

http://www.dhammadownload.com



ခြင်းစသော မြောက်မြားစွာသော အကျိုးများကို လက်ငင်း ရရှိခံစားရမည့် အပြင် ထိုပုဂ္ဂိုလ်ထူး အာဇာနည်တို့သို့ အတုလိုက် ကျင့်ကြံခြင်းဖြင့် ယင်းပုဂ္ဂိုလ်တို့ကဲ့သို့ ထူးချွန်သော ဂုဏ်ထူးဝိသေသ များကို ရရှိပြီးလျှင် သံသရာဤမှာဘက်ကမ်းမှ နိဗ္ဗာန်တည်းဟူသော ထိုမှာဘက်ကမ်းသို့ တက် လှမ်းကူးခပ်နိုင်မှု ဖြစ်နိုင်ပေရကား အထက်တန်းကျကျ မျက်နှာပန်းလှလှဖြင့် နိဗ္ဗာန်ကူးလိုသူ အမျိုးကောင်းသားသမီး သူတော်စင်တို့သည် ဤအပဒါန်ပါဠိတော် မြန်မာပြန်ကျမ်းကြီးကို အဖန် ဖန် အထပ်ထပ် သုံးသပ်လေ့လာကြရန် အထူးသင့်လျော်လှပေသတည်း။

## ထေရာပဒါန်ပါဠိတော် မြန်မာပြန်

### ပဋိဝိဇသာဓက ဆရာတော်များ။

၁။ ဆရာတော် ဦးနန္ဒိယ အဂ္ဂမဟာပဏ္ဍိတ ဟသ်ာတမြို့။
၂။ ဆရာတော် ဦးဉာဏုတ္တရ အဂ္ဂမဟာပဏ္ဍိတ သာသနဒ္ဓဂိပ်သာ ပဲခူးမြို့။
၃။ ဆရာတော် ဦးဥတ္တမဗုဒ္ဓိ အဂ္ဂမဟာပဏ္ဍိတ မုံရွေး ဇေတဝန်ဆရာတော် မုံရွာမြို့။
၄။ ဆရာတော် ဦးပါလိတ မင်းကျောင်းဆရာတော် မြစ်သားမြို့။
၅။ ဆရာတော် အရှင်စန္ဒဇောတိ သိရီသောမာရုံကျောင်း ကံကြီး မလှိုင်မြို့။
၆။ ဆရာတော် ဦးမေ့ဓာလင်္ကာ မြတောင်ချောင်ဆရာတော် စစ်ကိုင်းတောင်ရိုး။
၇။ ဆရာတော် ဦးဣန္ဒာစာရ သာသနောဒယကျောင်း သရက်တောတိုက် ရန်ကုန်မြို့။
၈။ ဆရာတော် ဦးဝိသုတ ခေမာသိဝံတိုက် နတ်တလင်းမြို့ သာယာဝတီခရိုင်။
၉။ ဆရာတော် အရှင်တိလောကသာရ ရွှေစာရံကျောင်း ပေါင်းတလည်မြို့ ပြည်ခရိုင်။

## ထေရာပဒါန်ပါဠိတော် မြန်မာပြန်

### ဩသာနသောဓေယျပတ္တပါဠ္ဌကအဖွဲ့ဝင် ဆရာတော်များ။

၁။ ဆရာတော် ဦးနန္ဒိယ အဂ္ဂမဟာပဏ္ဍိတ ငါးဖယ်တူ ဟသ်ာတမြို့။
၂။ ဆရာတော် ဦးဇောတိက ဇမ္ဗူမိတ်ဆွေကျောင်း အရှေ့ပိန္နဲကုန်းတိုက် ရန်ကုန်မြို့။
၃။ ဆရာတော် ဦးဝိသုတ ခေမာသိဝံ ကျောင်းတိုက် နတ်တလင်းမြို့။
၄။ ဆရာတော် အရှင်တိလောကသာရ ရွှေစာရံကျောင်း ပေါင်းတလည်မြို့ ပြည်ခရိုင်။

http://www.dhammadownload.com

# ထေရာပဒါန်ပါဠိတော် မြန်မာပြန်

## မာတိကာ


| ဦးရေ | အကြောင်းအရာ | မျက်နှာအမှတ် |
|---|---|---|
| | **၁-ဗုဒ္ဓဝဂ်** | |
| ၁-ဗုဒ္ဓအပဒါန် | .... .... .... .... | ၁ |
| ၂-ပစ္စေကဗုဒ္ဓအပဒါန် | .... .... .... .... | ၉ |
| ၃-၁-သာရိပုတ္တထေရအပဒါန် | .... .... .... .... | ၁၅ |
| ၃-၂-မဟာမောဂ္ဂလ္လာနထေရအပဒါန် | .... .... .... .... | ၃၆ |
| ၃-၃-မဟာကဿပထေရအပဒါန် | .... .... ... .... | ၃၈ |
| ၃-၄-အနုရုဒ္ဓထေရအပဒါန် | .... .... .... .... | ၃၉ |
| ၃-၅-ပုဏ္ဏမန္တာဏိပုတ္တထေရအပဒါန် | .... .... .... .... | ၄၁ |
| ၃-၆-ဥပါလိထေရအပဒါန် | .... .... .... .... | ၄၁ |
| ၃-၇-အညာသိကောဏ္ဍညထေရအပဒါန် | .... .... .... .... | ၅၄ |
| ၃-၈-ပိဏ္ဍောလဘာရဒွါဇထေရအပဒါန် | .... .... .... .... | ၅၆ |
| ၃-၉-ခဒိရဝနိယရေဝတထေရအပဒါန် | .... .... .... .... | ၅၇ |
| ၃-၁၀-အာနန္ဒထေရအပဒါန် | .... .... .... .... | ၅၉ |
| | **၂-သီဟာသနိယဝဂ်** | |
| ၁-သီဟာသနဒါယကထေရအပဒါန် | .... .... .... .... | ၆၁ |
| ၂-ဧကတ္ထမ္ဘိယထေရအပဒါန် | .... .... .... .... | ၆၂ |
| ၃-နန္ဒထေရအပဒါန် | .... .... .... .... | ၆၃ |
| ၄-စူဠပန္ထကထေရအပဒါန် | .... .... .... .... | ၆၄ |
| ၅-ပိလိန္ဒဝစ္ဆထေရအပဒါန် | .... .... .... .... | ၆၆ |
| ၆-ရာဟုလထေရအပဒါန် | .... .... .... .... | ၆၇ |
| ၇-ဥပသေနဝင်္ဂန္တပုတ္တထေရအပဒါန် | .... .... .... .... | ၆၉ |
| ၈-ရဋ္ဌပါလထေရအပဒါန် | .... .... .... .... | ၇၀ |
| ၉-သောပါကထေရအပဒါန် | .... .... .... .... | ၇၁ |
| ၁၀-သုမင်္ဂလထေရအပဒါန် | .... .... .... .... | ၇၂ |

http://www.dhammadownload.com




| ဦးရေ | အကြောင်းအရာ | မျက်နှာအမှတ် |
|---|---|---|
| | **၃-သုဘူတိဝဂ်** | |
| ၁ | သုဘူတိတ္ထေရအပဒါန် .... .... .... .... | ၇၅ |
| ၂ | ဥပဝါနတ္ထေရအပဒါန် .... .... .... .... | ၇၉ |
| ၃ | တိသရဏဂမနိယတ္ထေရအပဒါန် .... .... .... .... | ၈၄ |
| ၄ | ပဉ္စသီလသမာဒါနိယတ္ထေရအပဒါန် .... .... .... .... | ၈၆ |
| ၅ | အန္နသံသာဝကတ္ထေရအပဒါန် .... .... .... .... | ၈၈ |
| ၆ | ဓူပဒါယကတ္ထေရအပဒါန် .... .... .... .... | ၈၉ |
| ၇ | ပုလိနပူဇကတ္ထေရအပဒါန် .... .... .... .... | ၈၉ |
| ၈ | ဥတ္တိယတ္ထေရအပဒါန် .... .... .... .... | ၉၀ |
| ၉ | ဧကဉ္ဇလိကတ္ထေရအပဒါန် .... .... .... ... | ၉၁ |
| ၁၀ | ခေါမဒါယကတ္ထေရအပဒါန် .... .... .... .... | ၉၁ |
| | **၄-ကုဏ္ဍဓာနဝဂ်** | |
| ၁ | ကုဏ္ဍဓာနတ္ထေရအပဒါန် .... .... .... .... | ၉၃ |
| ၂ | သာဂတတ္ထေရအပဒါန် .... .... .... .... | ၉၄ |
| ၃ | မဟာကစ္စာနတ္ထေရအပဒါန် .... .... .... .... | ၉၅ |
| ၄ | ကာဠုဒါယိတ္ထေရအပဒါန် .... .... .... .... | ၉၇ |
| ၅ | မောဃရာဇတ္ထေရအပဒါန် .... .... .... .... | ၉၈ |
| ၆ | အဓိမုတ္တတ္ထေရအပဒါန် .... .... .... .... | ၁၀၀ |
| ၇ | လသုဏဒါယကတ္ထေရအပဒါန် .... .... .... .... | ၁၀၁ |
| ၈ | အာယာဂဒါယကတ္ထေရအပဒါန် .... .... .... .... | ၁၀၁ |
| ၉ | ဓမ္မစက္ကိကတ္ထေရအပဒါန် .... .... .... .... | ၁၀၂ |
| ၁၀ | ကပ္ပရုက္ခိယတ္ထေရအပဒါန် .... .... .... .... | ၁၀၃ |
| | **၅-ဥပါလိဝဂ်** | |
| ၁ | ဘာဂိနေယျုပါလိတ္ထေရအပဒါန် .... .... .... .... | ၁၀၄ |
| ၂ | သောဏကောဠိဝိသတ္ထေရအပဒါန် .... .... .... .... | ၁၀၆ |
| ၃ | ကာဠိဂေါဓာပုတ္တဘဒ္ဒိယတ္ထေရအပဒါန် .... .... .... .... | ၁၀၈ |
| ၄ | သန္နိဋ္ဌာပကတ္ထေရအပဒါန် .... .... .... .... | ၁၁၀ |
| ၅ | ပဉ္စဟတ္ထိယတ္ထေရအပဒါန် .... .... .... .... | ၁၁၁ |
| ၆ | ပဒုမစ္ဆဒနိယတ္ထေရအပဒါန် .... .... .... .... | ၁၁၁ |
| ၇ | သယနဒါယကတ္ထေရအပဒါန် .... .... .... .... | ၁၁၂ |
| ၈ | စင်္ကမနဒါယကတ္ထေရအပဒါန် .... .... .... .... | ၁၁၃ |
| ၉ | သုဘဒ္ဒတ္ထေရအပဒါန် .... .... .... .... | ၁၁၃ |
| ၁၀ | စုန္ဒတ္ထေရအပဒါန် .... .... .... .... | ၁၁၆ |

http://www.dhammadownload.com



ဦးရေ | အကြောင်းအရာ | မျက်နှာအမှတ်

## ၆-ဗီဇနီဝဂ်


| | |
|---|---|
| ၁-ဝိရူပနဒါယကတ္ထေရအပဒါန် .... .... .... .... | ၁၁၈ |
| ၂-သတရံသိတ္ထေရအပဒါန် .... .... .... .... | ၁၁၈ |
| ၃-သယနဒါယကတ္ထေရအပဒါန် .... .... .... .... | ၁၁၉ |
| ၄-ဂန္ဓောဒကိယတ္ထေရအပဒါန် .... .... .... .... | ၁၂၀ |
| ၅-ဩပဝယ္ဟတ္ထေရအပဒါန် .... .... .... .... | ၁၂၁ |
| ၆-သပရိဝါရာသနတ္ထေရအပဒါန် .... .... .... .... | ၁၂၂ |
| ၇-ပဉ္စဒီပကတ္ထေရအပဒါန် .... .... .... .... | ၁၂၃ |
| ၈-ဓဇဒါယကတ္ထေရအပဒါန် .... .... .... .... | ၁၂၃ |
| ၉-ပဒုမတ္ထေရအပဒါန် .... .... .... .... | ၁၂၄ |
| ၁၀-အသနဗောဓိယတ္ထေရအပဒါန် .... .... .... .... | ၁၂၅ |


## ၇-သကစိန္တနိယဝဂ်


| | |
|---|---|
| ၁-သကစိန္တနိယတ္ထေရအပဒါန် .... .... .... .... | ၁၂၇ |
| ၂-အဝေါပုပ္ဖိယတ္ထေရအပဒါန် .... .... .... .... | ၁၂၇ |
| ၃-ပစ္စာဂမနိယတ္ထေရအပဒါန် .... .... .... .... | ၁၂၈ |
| ၄-ပရပ္ပသာဒကတ္ထေရအပဒါန် .... .... .... .... | ၁၂၉ |
| ၅-ဘိသဒါယကတ္ထေရအပဒါန် .... .... .... .... | ၁၃၀ |
| ၆-သုစိန္တိတတ္ထေရအပဒါန် .... .... .... .... | ၁၃၁ |
| ၇-ဝတ္ထဒါယကတ္ထေရအပဒါန် .... .... .... .... | ၁၃၁ |
| ၈-အမ္ဗဒါယကတ္ထေရအပဒါန် .... .... .... .... | ၁၃၂ |
| ၉-သုမနတ္ထေရအပဒါန် .... .... .... .... | ၁၃၃ |
| ၁၀-ပုပ္ဖစင်္ကောဋိယတ္ထေရအပဒါန် .... .... .... .... | ၁၃၄ |


## ၈-နာဂသမာလဝဂ်


| | |
|---|---|
| ၁-နာဂသမာလတ္ထေရအပဒါန် .... .... .... .... | ၁၃၅ |
| ၂-ပဒသညကတ္ထေရအပဒါန် .... .... .... .... | ၁၃၅ |
| ၃-ဗုဒ္ဓသညကတ္ထေရအပဒါန် .... .... .... .... | ၁၃၆ |
| ၄-ဘိသာလုဝဒါယကတ္ထေရအပဒါန် .... .... .... .... | ၁၃၆ |
| ၅-ဧကသညကတ္ထေရအပဒါန် .... .... .... .... | ၁၃၇ |
| ၆-တိဏသန္ထရဒါယကတ္ထေရအပဒါန် .... .... .... .... | ၁၃၀ |
| ၇-သူစိဒါယကတ္ထေရအပဒါန် .... .... .... .... | ၁၃၇ |
| ၈-ပါဋလိပုပ္ဖိယတ္ထေရအပဒါန် .... .... .... .... | ၁၃၈ |
| ၉-ဌိတဉ္စလိယတ္ထေရအပဒါန် .... .... .... .... | ၁၄၉ |
| ၁၀-တိပဒုမိယတ္ထေရအပဒါန် .... .... .... .... | ၁၄၀ |

http://www.dhammadownload.com



# ထေရာပဒါန်ပါဠိတော် မြန်မာပြန်


| ဦးရေ | အကြောင်းအရာ | မျက်နှာအမှတ် |
|---|---|---|
| | **ဧ-တိမိရဝဂ်** | |
| | ၁-တိမိရပုပ္ဖိယတ္ထေရအပဒါန် .... .... .... .... | ၁၄၃ |
| | ၂-ဂတသညကတ္ထေရအပဒါန် .... .... .... .... | ၁၄၄ |
| | ၃-နိပန္နဉ္စလိကတ္ထေရအပဒါန် .... .... .... .... | ၁၄၄ |
| | ၄-အဓောပုပ္ဖိယတ္ထေရအပဒါန် .... .... .... .... | ၁၄၅ |
| | ၅-ရံသိသညကတ္ထေရအပဒါန် .... .... .... .... | ၁၄၆ |
| | ၆-ဒုတိယရံသိသညကတ္ထေရအပဒါန် .... .... .... .... | ၁၄၆ |
| | ၇-ဖလဒါယကတ္ထေရအပဒါန် .... .... .... .... | ၁၄၇ |
| | ဂ-သဒ္ဒသညကတ္ထေရအပဒါန် .... .... .... .... | ၁၄၇ |
| | ဧ-ဗောဓိသိဉ္စကတ္ထေရအပဒါန် .... .... .... .... | ၁၄ဂ |
| | ၁၀-ပဒုမပုပ္ဖိယတ္ထေရအပဒါန် .... .... .... .... | ၁၄ဂ |
| | **၁၀-သုဓာဝဂ်** | |
| | ၁-သုဓာပိဏ္ဍိယတ္ထေရအပဒါန် .... .... .... .... | ၁၅၀ |
| | ၂-သုစိန္တိကတ္ထေရအပဒါန် .... .... .... .... | ၁၅၀ |
| | ၃-အဍ္ဎစေဠကတ္ထေရအပဒါန် .... .... .... .... | ၁၅၁ |
| | ၄-သူစိဒါယကတ္ထေရအပဒါန် .... .... .... .... | ၁၅၂ |
| | ၅-ဂန္ဓမာလိယတ္ထေရအပဒါန် .... .... .... .... | ၁၅၂ |
| | ၆-တိပုပ္ဖိယတ္ထေရအပဒါန် .... .... .... .... | ၁၅၃ |
| | ၇-မဓုပိဏ္ဍိကတ္ထေရအပဒါန် .... .... .... .... | ၁၅၃ |
| | ဂ-သေနာသနဒါယကတ္ထေရအပဒါန် .... .... .... .... | ၁၅၄ |
| | ဧ-ဝေယျာဝစ္စကတ္ထေရအပဒါန် .... .... .... .... | ၁၅၅ |
| | ၁၀-ဗုဒ္ဓုပဋ္ဌာကတ္ထေရအပဒါန် .... .... .... .... | ၁၅၆ |
| | **၁၁-ဘိက္ခဒါယိဝဂ်** | |
| | ၁-ဘိက္ခဒါယကတ္ထေရအပဒါန် .... .... .... .... | ၁၅၇ |
| | ၂-ဉာဏသညိကတ္ထေရအပဒါန် .... .... .... .... | ၁၅၇ |
| | ၃-ဥပ္ပလဟတ္ထိယတ္ထေရအပဒါန် .... .... .... .... | ၁၅ဂ |
| | ၄-ပဒပူဇကတ္ထေရအပဒါန် .... .... .... .... | ၁၅ဧ |
| | ၅-မုဋ္ဌိပုပ္ဖိယတ္ထေရအပဒါန် .... .... .... .... | ၁၅ဧ |
| | ၆-ဥဒကပူဇကတ္ထေရအပဒါန် .... .... .... .... | ၁၆၀ |
| | ၇-နဠမာလိယတ္ထေရအပဒါန် .... .... .... .... | ၁၆၁ |
| | ဂ-အာသနုပဋ္ဌာဟကတ္ထေရအပဒါန် .... .... .... .... | ၁၆၂ |
| | ဧ-ဗိဠာလိဒါယကတ္ထေရအပဒါန် .... .... .... .... | ၁၆၂ |
| | ၁၀-ရေဏုပူဇကတ္ထေရအပဒါန် .... .... .... .... | ၁၆၃ |

http://www.dhammadownload.com



## မာတိကာ


| ဦးရေ | အကြောင်းအရာ | မျက်နှာအမှတ် |
|---|---|---|
| | **၁၂-မဟာပရိဝါရဝဂ်** | |
| ၁ | မဟာပရိဝါရကတ္ထေရအပဒါန် | ၁၆၄ |
| ၂ | သုမင်္ဂလတ္ထေရအပဒါန် | ၁၆၅ |
| ၃ | သရဏဂမနိယတ္ထေရအပဒါန် | ၁၆၆ |
| ၄ | ဧကာသနိယတ္ထေရအပဒါန် | ၁၆၇ |
| ၅ | သုဝဏ္ဏပုပ္ဖိယတ္ထေရအပဒါန် | ၁၆၈ |
| ၆ | စိတကပူဇကတ္ထေရအပဒါန် | ၁၆၈ |
| ၇ | ဗုဒ္ဓသညကတ္ထေရအပဒါန် | ၁၆၉ |
| ၈ | မဂ္ဂသညကတ္ထေရအပဒါန် | ၁၇၀ |
| ၉ | ပစ္စုပဋ္ဌာနသညကတ္ထေရအပဒါန် | ၁၇၁ |
| ၁၀ | ဇာတိပူဇကတ္ထေရအပဒါန် | ၁၇၂ |
| | **၁၃-သေရေယျဝဂ်** | |
| ၁ | သေရေယျကတ္ထေရအပဒါန် | ၁၇၄ |
| ၂ | ပုပ္ဖထူပိယတ္ထေရအပဒါန် | ၁၇၄ |
| ၃ | ပါယာသဒါယကတ္ထေရအပဒါန် | ၁၇၆ |
| ၄ | ဂန္ဓောဒကိယတ္ထေရအပဒါန် | ၁၇၇ |
| ၅ | သမ္မုခါထဝိကတ္ထေရအပဒါန် | ၁၇၇ |
| ၆ | ကုသုမာသနိယတ္ထေရအပဒါန် | ၁၈၀ |
| ၇ | ဖလဒါယကတ္ထေရအပဒါန် | ၁၈၀ |
| ၈ | ဉာဏသညိကတ္ထေရအပဒါန် | ၁၈၁ |
| ၉ | ဂဏ္ဌိပုပ္ဖိယတ္ထေရအပဒါန် | ၁၈၂ |
| ၁၀ | ပဒုမပူဇကတ္ထေရအပဒါန် | ၁၈၃ |
| | **၁၄-သောဘိတဝဂ်** | |
| ၁ | သောဘိတတ္ထေရအပဒါန် | ၁၈၄ |
| ၂ | သုဒဿနတ္ထေရအပဒါန် | ၁၈၅ |
| ၃ | စန္ဒနပူဇကတ္ထေရအပဒါန် | ၁၈၅ |
| ၄ | ပုပ္ဖစ္ဆဒနိယတ္ထေရအပဒါန် | ၁၈၆ |
| ၅ | ရဟောသညကတ္ထေရအပဒါန် | ၁၈၇ |
| ၆ | စမ္ပကပုပ္ဖိယတ္ထေရအပဒါန် | ၁၈၈ |
| ၇ | အတ္ထသန္ဒဿကတ္ထေရအပဒါန် | ၁၈၈ |
| ၈ | ဧကပသာဒနိယတ္ထေရအပဒါန် | ၁၈၉ |
| ၉ | သာလပုပ္ဖဒါယကတ္ထေရအပဒါန် | ၁၉၀ |
| ၁၀ | ပိယာလဖလဒါယကတ္ထေရအပဒါန် | ၁၉၀ |

http://www.dhammadownload.com



## ထေရာပဒါန်ပါဠိတော် မြန်မာပြန်

ဦးရေ　　　　အကြောင်းအရာ　　　　မျက်နှာအမှတ်

### ၁၅-ဆတ္တဝဂ်


၁-အတိဆတ္တိယတ္ထေရအပဒါန် .... .... .... .... ၁၉၂
၂-ထမ္ဘာရောပကတ္ထေရအပဒါန် .... .... .... .... ၁၉၂
၃-ဝေဒိကာရကတ္ထေရအပဒါန် .... .... .... .... ၁၉၃
၄-သပရိဝါရိယတ္ထေရအပဒါန် .... .... .... .... ၁၉၃
၅-ဥမာပုပ္ဖိယတ္ထေရအပဒါန် .... .... .... .... ၁၉၄
၆-အနုလေပဒါယကတ္ထေရအပဒါန် .... .... .... .... ၁၉၄
၇-မဂ္ဂဒါယကတ္ထေရအပဒါန် .... .... .... .... ၁၉၅
၈-ဖလကဒါယကတ္ထေရအပဒါန် .... .... .... .... ၁၉၆
၉-ဝဋံသကိယတ္ထေရအပဒါန် .... .... .... .... ၁၉၆
၁၀-ပလ္လင်္ကဒါယကတ္ထေရအပဒါန် .... .... .... .... ၁၉၇


### ၁၆-ဗန္ဓုဇီဝကဝဂ်


၁-ဗန္ဓုဇီဝကတ္ထေရအပဒါန် .... .... .... .... ၁၉၈
၂-တမ္ဗပုပ္ဖိယတ္ထေရအပဒါန် .... .... .... .... ၁၉၈
၃-ဝီထိသမ္မဇ္ဇကတ္ထေရအပဒါန် .... .... .... .... ၁၉၉
၄-ကက္ကာရုပုပ္ဖပူဇကတ္ထေရအပဒါန် .... .... .... .... ၂၀၀
၅-မန္ဒာရဝပုပ္ဖပူဇကတ္ထေရအပဒါန် .... .... .... ... ၂၀၀
၆-ကဒမ္ဗပုပ္ဖိယတ္ထေရအပဒါန် .... .... .... .... ၂၀၁
၇-တိဏသူလကတ္ထေရအပဒါန် .... .... .... .... ၂၀၁
၈-နာဂပုပ္ဖိယတ္ထေရအပဒါန် .... .... .... .... ၂၀၂
၉-ပုန္နာဂပုပ္ဖိယတ္ထေရအပဒါန် .... .... .... .... ၂၀၂
၁၀-ကုမုဒဒါယကတ္ထေရအပဒါန် .... .... .... .... ၂၀၃


### ၁၇-သုပါရိစရိယဝဂ်


၁-သုပါရိစရိယတ္ထေရအပဒါန် .... .... .... .... ၂၀၄
၂-ကဏဝေရပုပ္ဖိယတ္ထေရအပဒါန် .... .... .... .... ၂၀၄
၃-ခဇ္ဇကဒါယကတ္ထေရအပဒါန် .... .... .... ... ၂၀၅
၄-ဒေသပူဇကတ္ထေရအပဒါန် .... .... .... .... ၂၀၅
၅-ကဏိကာရဆတ္တိယတ္ထေရအပဒါန် .... .... .... .... ၂၀၆
၆-သပ္ပိဒါယကတ္ထေရအပဒါန် .... .... .... .... ၂၀၇
၇-ယူထိကပုပ္ဖိယတ္ထေရအပဒါန် .... .... .... .... ၂၀၇
၈-ဒုဿဒါယကတ္ထေရအပဒါန် .... .... .... .... ၂၀၈
၉-သမာဒပကတ္ထေရအပဒါန် .... .... .... .... ၂၀၈
၁၀-ပဉ္စင်္ဂုလိယတ္ထေရအပဒါန် .... .... .... .... ၂၀၉

http://www.dhammadownload.com




| ဦးရေ | အကြောင်းအရာ | မျက်နှာအမှတ် |
|---|---|---|
| | **၁၈-ကုမုဒဝဂ်** | |
| ၁-ကုမုဒမာလိယတ္ထေရအပဒါန် | .... .... .... .... | ၂၁၁ |
| ၂-နိဿေဏိဒါယကတ္ထေရအပဒါန် | .... .... .... .... | ၂၁၁ |
| ၃-ရတ္တိပုပ္ဖိယတ္ထေရအပဒါန် | .... .... .... .... | ၂၁၂ |
| ၄-ဥဒပါနဒါယကတ္ထေရအပဒါန် | .... .... .... .... | ၂၁၂ |
| ၅-သီဟာသနဒါယကတ္ထေရအပဒါန် | .... .... .... .... | ၂၁၃ |
| ၆-မဂ္ဂဒတ္တိကတ္ထေရအပဒါန် | .... .... .... .... | ၂၁၃ |
| ၇-ဧကဒီပိယတ္ထေရအပဒါန် | .... .... .... .... | ၂၁၄ |
| ၈-မဏိပူဇကတ္ထေရအပဒါန် | .... .... .... .... | ၂၁၄ |
| ၉-တိကိစ္ဆကတ္ထေရအပဒါန် | .... .... .... .... | ၂၁၅ |
| ၁၀-သံဃုပဋ္ဌာကတ္ထေရအပဒါန် | .... .... .... .... | ၂၁၆ |
| | **၁၉-ကုဋဇပုပ္ဖိယဝဂ်** | |
| ၁-ကုဋဇပုပ္ဖိယတ္ထေရအပဒါန် | .... .... .... .... | ၂၁၇ |
| ၂-ဗန္ဓုဇီဝကတ္ထေရအပဒါန် | .... .... .... .... | ၂၁၇ |
| ၃-ကောဋုမ္ဗရိယတ္ထေရအပဒါန် | .... .... .... .... | ၂၁၈ |
| ၄-ပဥ္စဟတ္ထိယတ္ထေရအပဒါန် | .... .... .... .... | ၂၁၈ |
| ၅-ဣသိမုဂ္ဂဒါယကတ္ထေရအပဒါန် | .... .... .... .... | ၂၁၉ |
| ၆-ဗောဓိဥပဋ္ဌာကတ္ထေရအပဒါန် | .... .... .... .... | ၂၂၀ |
| ၇-ဧကစိန္တိကတ္ထေရအပဒါန် | .... .... .... .... | ၂၂၀ |
| ၈-တိကဏ္ဏိပုပ္ဖိယတ္ထေရအပဒါန် | .... .... .... .... | ၂၂၁ |
| ၉-ဧကစာရိယတ္ထေရအပဒါန် | .... .... .... .... | ၂၂၂ |
| ၁၀-တိဝဏ္ဋိပုပ္ဖိယတ္ထေရအပဒါန် | .... .... .... .... | ၂၂၃ |
| | **၂၀-တမာလပုပ္ဖိယဝဂ်** | |
| ၁-တမာလပုပ္ဖိယတ္ထေရအပဒါန် | .... .... .... .... | ၂၂၄ |
| ၂-တိဏသန္ထာရကတ္ထေရအပဒါန် | .... .... .... .... | ၂၂၄ |
| ၃-ခဏ္ဍဖုလ္လိယတ္ထေရအပဒါန် | .... .... .... .... | ၂၂၅ |
| ၄-အသောကပူဇကတ္ထေရအပဒါန် | .... .... .... .... | ၂၂၅ |
| ၅-အင်္ကောလကတ္ထေရအပဒါန် | .... .... .... .... | ၂၂၆ |
| ၆-ကိသလယပူဇကတ္ထေရအပဒါန် | .... .... .... .... | ၂၂၇ |
| ၇-တိန္ဒုကဒါယကတ္ထေရအပဒါန် | .... .... .... .... | ၂၂၇ |
| ၈-မုဋ္ဌိပူဇကတ္ထေရအပဒါန် | .... .... .... .... | ၂၂၈ |
| ၉-ကိံကဏိကပုပ္ဖိယတ္ထေရအပဒါန် | .... .... .... .... | ၂၂၉ |
| ၁၀-ယူထိကပုပ္ဖိယတ္ထေရအပဒါန် | .... .... .... .... | ၂၂၉ |

http://www.dhammadownload.com



| ဦးရေ | အကြောင်းအရာ | မျက်နှာအမှတ် |
|---|---|---|

## ၂၁-ကဏိကာရပုပ္ဖိယဝဂ်


| | |
|---|---|
| ၁-ကဏိကာရပုပ္ဖိယတ္ထေရအပဒါန် .... .... .... .... | ၂၃၁ |
| ၂-မိနေလပုပ္ဖိယတ္ထေရအပဒါန် .... .... .... .... | ၂၃၁ |
| ၃-ကိင်္ကဏိပုပ္ဖိယတ္ထေရအပဒါန် .... .... .... .... | ၂၃၂ |
| ၄-တရဏိယတ္ထေရအပဒါန် .... .... .... .... | ၂၃၂ |
| ၅-နိဂ္ဂုဏ္ဍိပုပ္ဖိယတ္ထေရအပဒါန် .... .... .... .... | ၂၃၃ |
| ၆-ဥဒကဒါယကတ္ထေရအပဒါန် .... .... .... .... | ၂၃၃ |
| ၇-သလလမာလိယတ္ထေရအပဒါန် .... .... .... .... | ၂၃၄ |
| ၈-ကောရဏ္ဍပုပ္ဖိယတ္ထေရအပဒါန် .... .... .... .... | ၂၃၅ |
| ၉-အာဓာရဒါယကတ္ထေရအပဒါန် .... .... .... .... | ၂၃၅ |
| ၁၀-ပါပနိဝါရိယတ္ထေရအပဒါန် .... .... .... .... | ၂၃၆ |


## ၂၂-ဟတ္ထိဝဂ်


| | |
|---|---|
| ၁-ဟတ္ထိဒါယကတ္ထေရအပဒါန် .... .... .... .... | ၂၃၇ |
| ၂-ပါနဓိဒါယကတ္ထေရအပဒါန် .... .... .... .... | ၂၃၇ |
| ၃-သစ္စသညကတ္ထေရအပဒါန် .... .... .... .... | ၂၃၈ |
| ၄-ကေသညကတ္ထေရအပဒါန် .... .... .... .... | ၂၃၈ |
| ၅-ရံသိသညကတ္ထေရအပဒါန် .... .... .... .... | ၂၃၉ |
| ၆-သန္ဓိတတ္ထေရအပဒါန် .... .... .... .... | ၂၃၉ |
| ၇-တာလဝဏ္ဋဒါယကတ္ထေရအပဒါန် .... .... .... .... | ၂၄၀ |
| ၈-အက္ကန္တသညကတ္ထေရအပဒါန် .... .... .... .... | ၂၄၁ |
| ၉-သပ္ပိဒါယကတ္ထေရအပဒါန် .... ... .... .... | ၂၄၁ |
| ၁၀-ပါပနိဝါရိယတ္ထေရအပဒါန် .... .... .... .... | ၂၄၂ |


## ၂၃-အာလမ္ဗဏဒါယကဝဂ်


| | |
|---|---|
| ၁-အာလမ္ဗဏဒါယကတ္ထေရအပဒါန် .... .... .... .... | ၂၄၃ |
| ၂-အဇိနဒါယကတ္ထေရအပဒါန် .... .... .... .... | ၂၄၃ |
| ၃-ဒွေရတနိယတ္ထေရအပဒါန် .... .... .... .... | ၂၄၄ |
| ၄-အာရက္ခဒါယကတ္ထေရအပဒါန် .... .... .... .... | ၂၄၅ |
| ၅-အဗျာဓိကတ္ထေရအပဒါန် .... .... .... .... | ၂၄၅ |
| ၆-အင်္ကောလပုပ္ဖိယတ္ထေရအပဒါန် .... .... .... .... | ၂၄၆ |
| ၇-သောဝဏ္ဏဝဋံသကိယတ္ထေရအပဒါန် .... .... .... .... | ၂၄၆ |
| ၈-မိဉ္ဇဝဋံသကိယတ္ထေရအပဒါန် .... .... .. . .... | ၂၄၇ |
| ၉-သုကတာဝေဠိယတ္ထေရအပဒါန် .... .... .... .... | ၂၄၇ |
| ၁၀-ကေဝန္ဒနိယတ္ထေရအပဒါန် .... .... .... .... | ၂၄၈ |

http://www.dhammadownload.com



ဦးရေ | အကြောင်းအရာ | မျက်နှာအမှတ်

## ၂၄-ဥဒကာသနဝဂ်

၁-ဥဒကာသနဒါယကတ္ထေရအပဒါန် .... .... .... .... ၂၄၉
၂-ဘာဇနပါလကတ္ထေရအပဒါန် .... .... .... .... ၂၄၉
၃-သာလပုပ္ဖိယတ္ထေရအပဒါန် .... .... .... .... ၂၅၀
၄-ကိလဉ္ဇဒါယကတ္ထေရအပဒါန် .... .... .... .... ၂၅၀
၅-ဝေဒိကာရကတ္ထေရအပဒါန် .... .... .... .... ၂၅၁
၆-ဝဏ္ဏကာရတ္ထေရအပဒါန် .... .... .... .... ၂၅၁
၇-ပိယာလပုပ္ဖိယတ္ထေရအပဒါန် .... .... .... .... ၂၅၂
၈-အမ္ဗယာဂဒါယကတ္ထေရအပဒါန် .... .... .... .... ၂၅၂
၉-ဇဂတိကာရကတ္ထေရအပဒါန် .... .... .... .... ၂၅၂
၁၀-ဝါသိဒါယကတ္ထေရအပဒါန် .... .... .... .... ၂၅၃

## ၂၅-တုဝရဒါယကဝဂ်

၁-တုဝရဒါယကတ္ထေရအပဒါန် .... .... .... .... ၂၅၄
၂-နာဂကေသရိယတ္ထေရအပဒါန် .... .... .... .... ၂၅၄
၃-နဠိနကေသရိယတ္ထေရအပဒါန် .... .... .... .... ၂၅၅
၄-ဝိရဝပုပ္ဖိယတ္ထေရအပဒါန် .... .... .... .... ၂၅၅
၅-ကုဋိဓူပကတ္ထေရအပဒါန် .... .... .... .... ၂၅၆
၆-ပတ္တဒါယကတ္ထေရအပဒါန် .... .... .... .... ၂၅၆
၇-ဓာတုပူဇကတ္ထေရအပဒါန် .... .... .... .... ၂၅၆
၈-သတ္တလိပုပ္ဖပူဇကတ္ထေရအပဒါန် .... .... .... .... ၂၅၇
၉-ဗိမ္ဗိဇာလိယတ္ထေရအပဒါန် .... .... .... .... ၂၅၇
၁၀-ဥဒ္ဒါလကဒါယကတ္ထေရအပဒါန် .... .... .... .... ၂၅၈

## ၂၆-ထောမကဝဂ်

၁-ထောမကတ္ထေရအပဒါန် .... .... .... .... ၂၅၉
၂-ဧကာသနဒါယကတ္ထေရအပဒါန် .... .... .... .... ၂၅၉
၃-စိတကပူဇကတ္ထေရအပဒါန် .... .... .... .... ၂၆၀
၄-တိစမ္ပကပုပ္ဖိယတ္ထေရအပဒါန် .... .... .... .... ၂၆၀
၅-သတ္တပါဋလိယတ္ထေရအပဒါန် .... .... .... .... ၂၆၁
၆-ဥပါဟနဒါယကတ္ထေရအပဒါန် .... .... .... .... ၂၆၁
၇-မဉ္ဇရိပူဇကတ္ထေရအပဒါန် .... .... .... .... ၂၆၁
၈-ပဏ္ဏဒါယကတ္ထေရအပဒါန် .... .... .... .... ၂၆၂
၉-ကုဋိဒါယကတ္ထေရအပဒါန် .... .... .... .... ၂၆၃
၁၀-အဂ္ဂပုပ္ဖိယတ္ထေရအပဒါန် .... .... .... .... ၂၆၃

http://www.dhammadownload.com



ဦးရေ အကြောင်းအရာ မျက်နှာအမှတ်

## ၂၇-ပဒုမုက္ခိပဝဂ်


၁-အာကာသုက္ခိပိယတ္ထေရအပဒါန် .... .... .... .... ၂၆၄
၂-တေလမက္ခိယတ္ထေရအပဒါန် .... .... .... .... ၂၆၄
၃-အဍ္ဎစန္ဒိယတ္ထေရအပဒါန် .... .... .... .... ၂၆၅
၄-ပဒီပဒါယကတ္ထေရအပဒါန် .... .... .... .... ၂၆၅
၅-ဗိဠာလိဒါယကတ္ထေရအပဒါန် .... .... .... .... ၂၆၆
၆-မစ္ဆဒါယကတ္ထေရအပဒါန် .... .... .... .... ၂၆၆
၇-ဇဝဟံသကတ္ထေရအပဒါန် .... .... .... .... ၂၆၇
၈-သဠလပုပ္ဖိယတ္ထေရအပဒါန် .... .... .... .... ၂၆၇
၉-ဥပါဂတာသယတ္ထေရအပဒါန် .... .... .... .... ၂၆၈
၁၀-တရဏိယတ္ထေရအပဒါန် .... .... .... .... ၂၆၈


## ၂၈-သုဝဏ္ဏဗိမ္ဗောဟနဝဂ်


၁-သုဝဏ္ဏဗိမ္ဗောဟနိယတ္ထေရအပဒါန် .... .... .... .... ၂၇၀
၂-တိလမုဋ္ဌိဒါယကတ္ထေရအပဒါန် .... .... .... .... ၂၇၀
၃-စင်္ကောဋကိယတ္ထေရအပဒါန် .... .... .... .... ၂၇၁
၄-အဗ္ဘဉ္ဇနဒါယကတ္ထေရအပဒါန် .... .... .... .... ၂၇၁
၅-ဧကဉ္ဇလိကတ္ထေရအပဒါန် .... .... .... .... ၂၇၂
၆-ပေါတ္ထကဒါယကတ္ထေရအပဒါန် .... .... .... .... ၂၇၂
၇-စိတကပူဇကတ္ထေရအပဒါန် .... .... .... .... ၂၇၃
၈-အာလုဝဒါယကတ္ထေရအပဒါန် .... .... .... .... ၂၇၃
၉-ဧကပုဏ္ဍရိကတ္ထေရအပဒါန် .... .... .... .... ၂၇၄
၁၀-တရဏိယတ္ထေရအပဒါန် .... .... .... .... ၂၇၄


## ၂၉-ပဏ္ဏဒါယကဝဂ်


၁-ပဏ္ဏဒါယကတ္ထေရအပဒါန် .... .... .... .... ၂၇၆
၂-ဖလဒါယကတ္ထေရအပဒါန် .... .... .... .... ၂၇၆
၃-ပစ္စုဂ္ဂမနိယတ္ထေရအပဒါန် .... .... .... .... ၂၇၇
၄-ဧကပုပ္ဖိယတ္ထေရအပဒါန် .... .... .... .... ၂၇၇
၅-မဃဝပုပ္ဖိယတ္ထေရအပဒါန် .... .... .... .... ၂၇၈
၆-ဥပဋ္ဌာကဒါယကတ္ထေရအပဒါန် .... .... .... .... ၂၇၈
၇-အပဒါနိယတ္ထေရအပဒါန် .... .... .... .... ၂၇၉
၈-သတ္တာဟပဗ္ဗဇိတတ္ထေရအပဒါန် .... .... .... .... ၂၈၀
၉-ဗုဒ္ဓုပဋ္ဌာယိကတ္ထေရအပဒါန် .... .... .... .... ၂၈၀
၁၀-ပုဗ္ဗင်္ဂမိယတ္ထေရအပဒါန် .... .... .... .... ၂၈၁

http://www.dhammadownload.com




| ဦးရေ | အကြောင်းအရာ | မျက်နှာအမှတ် |
|---|---|---|
| | **၃၀-စိတကပူဇကဝဂ်** | |
| | ၁-စိတကပူဇကတ္ထေရအပဒါန် .... .... .... .... | ၂၈၂ |
| | ၂-ပုပ္ဖဓာရကတ္ထေရအပဒါန် .... .... .... .... | ၂၈၂ |
| | ၃-ဆတ္တဒါယကတ္ထေရအပဒါန် ... .... .... .... | ၂၈၃ |
| | ၄-သဒ္ဒသညကတ္ထေရအပဒါန် .... .... .... .... | ၂၈၃ |
| | ၅-ဂေါသီသနိက္ခေပကတ္ထေရအပဒါန် .... .... .... .... | ၂၈၄ |
| | ၆-ပါဒပူဇကတ္ထေရအပဒါန် .... .... .... .... | ၂၈၅ |
| | ၇-ဒေသကိတ္တကတ္ထေရအပဒါန် .... .... .... .... | ၂၈၅ |
| | ၈-သရဏဂမနိယတ္ထေရအပဒါန် .... .... .... .... | ၂၈၆ |
| | ၉-အမ္ဗပိဏ္ဍိယတ္ထေရအပဒါန် .... .... .... .... | ၂၈၇ |
| | ၁၀-အနုသံသာဝကတ္ထေရအပဒါန် .... .... .... .... | ၂၈၇ |
| | **၃၁-ပဒုမကေသရဝဂ်** | |
| | ၁-ပဒုမကေသရိယတ္ထေရအပဒါန် .... .... .... .... | ၂၈၈ |
| | ၂-သဗ္ဗဂန္ဓိယတ္ထေရအပဒါန် .... .... .... .... | ၂၈၈ |
| | ၃-ပရမန္နဒါယကတ္ထေရအပဒါန် .... .... .... .... | ၂၈၉ |
| | ၄-ဓမ္မသညကတ္ထေရအပဒါန် .... .... .... .... | ၂၈၉ |
| | ၅-ဖလဒါယကတ္ထေရအပဒါန် .... .... .... .... | ၂၉၀ |
| | ၆-သမ္ပသာဒကတ္ထေရအပဒါန် .... .... .... .... | ၂၉၀ |
| | ၇-အာရာမဒါယကတ္ထေရအပဒါန် .... .... .... .... | ၂၉၁ |
| | ၈-အနုလေပဒါယကတ္ထေရအပဒါန် .... .... .... .... | ၂၉၂ |
| | ၉-ဗုဒ္ဓသညကတ္ထေရအပဒါန် .... .... .... .... | ၂၉၂ |
| | ၁၀-ပဗ္ဘာရဒါယကတ္ထေရအပဒါန် .... .... .... .... | ၂၉၃ |
| | **၃၂-အာရက္ခဒါယကဝဂ်** | |
| | ၁-အာရက္ခဒါယကတ္ထေရအပဒါန် .... .... .... .... | ၂၉၄ |
| | ၂-ဘောဇနဒါယကတ္ထေရအပဒါန် .... .... .... .... | ၂၉၄ |
| | ၃-ဂတသညကတ္ထေရအပဒါန် .... .... .... .... | ၂၉၅ |
| | ၄-သတ္တပဒုမိယတ္ထေရအပဒါန် .... .... .... .... | ၂၉၅ |
| | ၅-ပုပ္ဖါသနဒါယကတ္ထေရအပဒါန် .... .... .... .... | ၂၉၆ |
| | ၆-အာသနသန္ထဝိကတ္ထေရအပဒါန် .... .... .... .... | ၂၉၇ |
| | ၇-သဒ္ဒသညကတ္ထေရအပဒါန် .... .... .... .... | ၂၉၇ |
| | ၈-တိရံသိယတ္ထေရအပဒါန် .... .... .... .... | ၂၉၈ |
| | ၉-ကန္ဒလိပုပ္ဖိယတ္ထေရအပဒါန် .... .... .... .... | ၂၉၉ |
| | ၁၀-ကုမုဒမာလိယတ္ထေရအပဒါန် .... .... .... .... | ၃၀၀ |

http://www.dhammadownload.com




| ဦးရေ | အကြောင်းအရာ | မျက်နှာအမှတ် |
|---|---|---|
| | **၃၃-ဥမာပုပ္ဖိယဝဂ်** | |
| ၁-ဥမာပုပ္ဖိယတ္ထေရအပဒါန် | .... .... .... .... | ၃၀၁ |
| ၂-ပုလိနပူဇကတ္ထေရအပဒါန် | .... .... .... .... | ၃၀၁ |
| ၃-ဟာသဇနကတ္ထေရအပဒါန် | .... .... .... .... | ၃၀၂ |
| ၄-ယညသာမိကတ္ထေရအပဒါန် | .... .... .... .... | ၃၀၂ |
| ၅-နိမိတ္တသညကတ္ထေရအပဒါန် | .... .... .... .... | ၃၀၃ |
| ၆-အန္နသံသာဝကတ္ထေရအပဒါန် | .... .... .... .... | ၃၀၄ |
| ၇-နိဂ္ဂုဏ္ဍိပုပ္ဖိယတ္ထေရအပဒါန် | .... .... .... .... | ၃၀၅ |
| ၈-သုမနာဝေဠိယတ္ထေရအပဒါန် | .... .... .... .... | ၃၀၇ |
| ၉-ပုပ္ဖစ္ဆတ္တိယတ္ထေရအပဒါန် | .... .... .... .... | ၃၀၈ |
| ၁၀-သပရိဝါရဆတ္တဒါယကတ္ထေရအပဒါန် | .... .... .... .... | ၃၀၈ |
| | **၃၄-ဂန္ဓောဒကဝဂ်** | |
| ၁-ဂန္ဓဓူပိယတ္ထေရအပဒါန် | .... .... .... .... | ၃၁၁ |
| ၂-ဥဒကပူဇကတ္ထေရအပဒါန် | .... .... .... .... | ၃၁၁ |
| ၃-ပုန္နာဂပုပ္ဖိယတ္ထေရအပဒါန် | .... .... .... .... | ၃၁၂ |
| ၄-ဧကဒုဿဒါယကတ္ထေရအပဒါန် | .... .... .... .... | ၃၁၃ |
| ၅-ဖုသိတကမ္ပိယတ္ထေရအပဒါန် | .... .... .... .... | ၃၁၄ |
| ၆-ပဘင်္ကရတ္ထေရအပဒါန် | .... .... .... .... | ၃၁၆ |
| ၇-တိဏကုဋိဒါယကတ္ထေရအပဒါန် | .... .... .... .... | ၃၁၇ |
| ၈-ဥတ္တရေယျဒါယကတ္ထေရအပဒါန် | .... .... .... .... | ၃၁၉ |
| ၉-ဓမ္မသဝနိယတ္ထေရအပဒါန် | .... .... .... .... | ၃၂၀ |
| ၁၀-ဥက္ခိတ္တပဒုမိယတ္ထေရအပဒါန် | .... .... .... .... | ၃၂၂ |
| | **၃၅-ဧကပဒုမိယဝဂ်** | |
| ၁-ဧကပဒုမိယတ္ထေရအပဒါန် | .... .... .... .... | ၃၂၄ |
| ၂-တီဏုပ္ပလမာလိယတ္ထေရအပဒါန် | .... .... .... .... | ၃၂၅ |
| ၃ ဓဇဒါယကတ္ထေရအပဒါန် | .... .... .... .... | ၃၂၅ |
| ၄-တိကိင်္ကဏိပူဇကတ္ထေရအပဒါန် | .... .... .... .... | ၃၂၆ |
| ၅-နဠာဂါရိကတ္ထေရအပဒါန် | .... .... .... .... | ၃၂၇ |
| ၆-စမ္ပကပုပ္ဖိယတ္ထေရအပဒါန် | .... .... .... .... | ၃၂၇ |
| ၇-ပဒုမပူဇကတ္ထေရအပဒါန် | .... .... .... .... | ၃၂၈ |
| ၈-တိဏမုဋ္ဌိဒါယကတ္ထေရအပဒါန် | .... .... .... .... | ၃၂၈ |
| ၉-တိန္ဒုကဖလဒါယကတ္ထေရအပဒါန် | .... .... .... .... | ၃၂၉ |
| ၁၀-ဧကဉ္ဇလိယတ္ထေရအပဒါန် | .... .... .... .... | ၃၃၀ |

http://www.dhammadownload.com



## မာတိကာ


| ဦးရေ | အကြောင်းအရာ | မျက်နှာအမှတ် |
|---|---|---|
| | **၃၆-သဒ္ဓသညကဝဂ်** | |
| ၁ | သဒ္ဓသညကတ္ထေရအပဒါန် | ၃၃၁ |
| ၂ | ယဝကလာပိယတ္ထေရအပဒါန် | ၃၃၁ |
| ၃ | ကိံသုကပူဇကတ္ထေရအပဒါန် | ၃၃၂ |
| ၄ | သကောသကကောရဏ္ဍဒါယကတ္ထေရအပဒါန် | ၃၃၂ |
| ၅ | ဒဏ္ဍဒါယကတ္ထေရအပဒါန် | ၃၃၃ |
| ၆ | အမ္ဗယာဂုဒါယကတ္ထေရအပဒါန် | ၃၃၃ |
| ၇ | သုပုဋကပူဇကတ္ထေရအပဒါန် | ၃၃၄ |
| ၈ | မဉ္စဒါယကတ္ထေရအပဒါန် | ၃၃၄ |
| ၉ | သရဏာဂမနိယတ္ထေရအပဒါန် | ၃၃၅ |
| ၁၀ | ပိဏ္ဍပါတိကတ္ထေရအပဒါန် | ၃၃၅ |
| | **၃၇-မန္ဒာရဝပုပ္ဖိယဝဂ်** | |
| ၁ | မန္ဒာရဝပုပ္ဖိယတ္ထေရအပဒါန် | ၃၃၆ |
| ၂ | ကက္ကာရုပုပ္ဖိယတ္ထေရအပဒါန် | ၃၃၆ |
| ၃ | ဘိသမုဠာလဒါယကတ္ထေရအပဒါန် | ၃၃၇ |
| ၄ | ကေသရပုပ္ဖိယတ္ထေရအပဒါန် | ၃၃၇ |
| ၅ | အင်္ကောလပုပ္ဖိယတ္ထေရအပဒါန် | ၃၃၈ |
| ၆ | ကဒမ္ဗပုပ္ဖိယတ္ထေရအပဒါန် | ၃၃၈ |
| ၇ | ဥဒ္ဒါလကပုပ္ဖိယတ္ထေရအပဒါန် | ၃၃၉ |
| ၈ | ဧကစမ္ပကပုပ္ဖိယတ္ထေရအပဒါန် | ၃၃၉ |
| ၉ | တိမိရပုပ္ဖိယတ္ထေရအပဒါန် | ၃၃၉ |
| ၁၀ | သဠလပုပ္ဖိယတ္ထေရအပဒါန် | ၃၄၀ |
| | **၃၈-ဗောဓိဝန္ဒနဝဂ်** | |
| ၁ | ဗောဓိဝန္ဒကတ္ထေရအပဒါန် | ၃၄၁ |
| ၂ | ပါဋလိပုပ္ဖိယတ္ထေရအပဒါန် | ၃၄၁ |
| ၃ | တီဏုပ္ပလမာလိယတ္ထေရအပဒါန် | ၃၄၂ |
| ၄ | ပဋ္ဋိပုပ္ဖိယတ္ထေရအပဒါန် | ၃၄၃ |
| ၅ | သတ္တပဏ္ဏိယတ္ထေရအပဒါန် | ၃၄၃ |
| ၆ | ဂန္ဓမုဋ္ဌိယတ္ထေရအပဒါန် | ၃၄၄ |
| ၇ | စိတကပူဇကတ္ထေရအပဒါန် | ၃၄၅ |
| ၈ | သုမနတာလဝဏ္ဋိယတ္ထေရအပဒါန် | ၃၄၅ |
| ၉ | သုမနဒါမိယတ္ထေရအပဒါန် | ၃၄၆ |
| ၁၀ | ကာသုမာရိဖလဒါယကတ္ထေရအပဒါန် | ၃၄၆ |

http://www.dhammadownload.com



# ထေရာပဒါန်ပါဠိတော် မြန်မာပြန်

| ဦးရေ | အကြောင်းအရာ | မျက်နှာအမှတ် |
|---|---|---|

## ၃၉-အဝဋ္ဋဖလဝဂ်


| | |
|---|---|
| ၁-အဝဋ္ဋဖလဒါယကတ္ထေရအပဒါန် | ၃၄၈ |
| ၂-လဗုဇဒါယကတ္ထေရအပဒါန် | ၃၄၈ |
| ၃-ဥဒုမ္ဗရဖလဒါယကတ္ထေရအပဒါန် | ၃၄၉ |
| ၄-ပိလက္ခုဖလဒါယကတ္ထေရအပဒါန် | ၃၅၀ |
| ၅-ဖာရုသဖလဒါယကတ္ထေရအပဒါန် | ၃၅၀ |
| ၆-ဝလ္လိဖလဒါယကတ္ထေရအပဒါန် | ၃၅၁ |
| ၇-ကဒလိဖလဒါယကတ္ထေရအပဒါန် | ၃၅၂ |
| ၈-ပနသဖလဒါယကတ္ထေရအပဒါန် | ၃၅၂ |
| ၉-သောဏကောဋိဝီသတ္ထေရအပဒါန် | ၃၅၃ |
| ၁၀-ပုဗ္ဗကမ္မပိလောတိကဗုဒ္ဓအပဒါန် | ၃၅၅ |


## ၄၀-ပိလိန္ဒဝစ္ဆဝဂ်


| | |
|---|---|
| ၁-ပိလိန္ဒဝစ္ဆတ္ထေရအပဒါန် | ၃၅၉ |
| ၂-သေလတ္ထေရအပဒါန် | ၃၈၀ |
| ၃-သဗ္ဗကိတ္တိကတ္ထေရအပဒါန် | ၃၈၈ |
| ၄-မဓုဒါယကတ္ထေရအပဒါန် | ၃၉၁ |
| ၅-ပဒုမကူဋာဂါရိယတ္ထေရအပဒါန် | ၃၉၃ |
| ၆-ဗာကုလတ္ထေရအပဒါန် | ၃၉၆ |
| ၇-ဂိရိမာနန္ဒတ္ထေရအပဒါန် | ၃၉၈ |
| ၈-သလလမဏ္ဍပိယတ္ထေရအပဒါန် | ၄၀၁ |
| ၉-သဗ္ဗဒါယကတ္ထေရအပဒါန် | ၄၀၂ |
| ၁၀-အဇိတတ္ထေရအပဒါန် | ၄၀၄ |


## ၄၁-မေတ္တေယျဝဂ်


| | |
|---|---|
| ၁-တိဿမေတ္တေယျတ္ထေရအပဒါန် | ၄၀၈ |
| ၂-ပုဏ္ဏကတ္ထေရအပဒါန် | ၄၁၀ |
| ၃-မေတ္တဂုတ္ထေရအပဒါန် | ၄၁၁ |
| ၄-ဓောတကတ္ထေရအပဒါန် | ၄၁၃ |
| ၅-ဥပသီဝတ္ထေရအပဒါန် | ၄၁၆ |
| ၆-နန္ဒကတ္ထေရအပဒါန် | ၄၂၁ |
| ၇-ဟေမကတ္ထေရအပဒါန် | ၄၂၃ |
| ၈-တောဒေယျတ္ထေရအပဒါန် | ၄၂၆ |
| ၉-ဇတုကဏ္ဏိတ္ထေရအပဒါန် | ၄၃၀ |
| ၁၀-ဥဒေနတ္ထေရအပဒါန် | ၄၃၅ |

http://www.dhammadownload.com



| ဦးရေ | အကြောင်းအရာ | မျက်နှာအမှတ် |
|---|---|---|
| | **၄၂-ဘဒ္ဒါလိဝဂ်** | |
| | ၁-ဘဒ္ဒါလိတ္ထေရအပဒါန် .... .... .... .... | ၄၄၀ |
| | ၂-ဧကဆတ္တိယတ္ထေရအပဒါန် .... .... .... .... | ၄၄၂ |
| | ၃-တိဏသူလကဆာဒနိယတ္ထေရအပဒါန် .... .... .... .... | ၄၄၆ |
| | ၄-မဓုမံသဒါယကတ္ထေရအပဒါန် .... .... .... .... | ၄၄၇ |
| | ၅-နာဂပလ္လဝတ္ထေရအပဒါန် .... .... .... .... | ၄၄၉ |
| | ၆-ဧကဒီပိယတ္ထေရအပဒါန် .... .... .... .... | ၄၅၀ |
| | ၇-ဥစ္ဆင်္ဂပုပ္ဖိယတ္ထေရအပဒါန် .... .... .... .... | ၄၅၁ |
| | ၈-ယာဂုဒါယကတ္ထေရအပဒါန် .... .... .... .... | ၄၅၂ |
| | ၉-ပတ္ထောဒနဒါယကတ္ထေရအပဒါန် .... .... .... .... | ၄၅၃ |
| | ၁၀-မဉ္စဒါယကတ္ထေရအပဒါန် .... .... .... .... | ၄၅၅ |

## ထေရာပဒါန်ပါဠိတော် မြန်မာပြန် ပဥ္စမအုပ်

## မာတိကာ ပြီး၏။

http://www.dhammadownload.com

http://www.dhammadownload.com

# ကြို၍ သိမှတ်ရန် သင်္ကေတ လက္ခဏာများ

“ ” ဤကဲ့သို့ ကော်မာပြလျှင် ကော်မာအတွင်းရှိ စာပိုဒ်များမှာ ပုဂ္ဂိုလ်တဦးဦး၏ ဆိုလိုသော အခြင်းအရာ ‘အာကာရ’ ဟု သိမှတ်ရန်။

‘ ဤကဲ့သို့ ကော်မာပြလျှင် ရှေ့က ကပ်လျက်ရှိသောပုဒ်နှင့် အဓိပ္ပါယ်သဘောတူ ဟု သိမှတ်ရန်။

“ ‘ ’ ” ဤကဲ့သို့ ကော်မာနှစ်ထပ်ပြလျှင် ပုဂ္ဂိုလ်တဦးဦး၏ ဆိုလိုသောစကား အတွင်း၌ အခြားပြောဆိုပုံ စကားတရပ်ရှိနေသည် ဟု သိမှတ်ရန်။

( ) ဤကဲ့သို့ ဘရက်ကက် လက်သည်းကွင်းပြလျှင် ၎င်းအတွင်းရှိ ပုဒ်သည် မူရင်း ပါဠိတော်တွင် တိုက်ရိုက်မလာ၊ မြန်မာအသုံးအနှုန်းအရ ပြည့်စုံစေရန် ဖြည့်စွက်သောပုဒ် ဟု သိမှတ်ရန်။

— ဒက် ခေါ် မျဉ်းတိုကိုပြလျှင် စကားဝါကျ မဆုံးသေး ဟု သိမှတ်ရန်။

[ ] ဤကဲ့သို့ ကွင်းချိပ်ကိုပြလျှင် ၎င်းအတွင်းရှိ စာများမှာ ရှေးနည်းတူ ဆက်လက်ပြု လုပ်ရန် (ဖော်ထုတ်ရွတ်ဆိုရန်) မှာထားသော စကားများဖြစ်သည် ဟု သိမှတ်ရန်။

• ဤကဲ့သို့ ချရားပွင့်ကိုပြလျှင် ၎င်းချရားပွင့် ရှေ့၌ ကပ်လျက်ရှိသောပုဒ်၏ အဓိပ္ပါယ်ကို သိလွယ်စေရန် စာမျက်နှာအောက်ခြေတွင် မျဉ်းသားလျက် သီးခြား ဖော်ပြထားသည် ဟု သိမှတ်ရန်။ အချို့နေရာ၌ ချရားပွင့်အစား ဂဏန်းဖြင့် ပြထားသည်—အဓိပ္ပါယ်အတူပင် ဖြစ်၏။

http://www.dhammadownload.com

http://www.dhammadownload.com

### ခုဒ္ဒကနိကာယ်

# ထေရာပဒါန်ပါဠိတော်

# မြန်မာပြန်

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

## ၁-ဗုဒ္ဓဝဂ်

### ၁-ဗုဒ္ဓအပဒါန်

၁။ ဇေတဝန်ကျောင်း၌ (သီတင်းသုံး)နေတော်မူသော မြတ်စွာဘုရားကို အရှင်အာနန္ဒာသည် ဦးခေါင်းညွတ်ကာ မေးလျှောက်၏—ကြီးသောလုံ့လရှိတော်မူသော မြတ်စွာဘုရား အကြင်သဗ္ဗညုဘုရားတို့သည် ပွင့်တော်မူကုန်၏၊ ထိုသဗ္ဗညုဘုရားရှင်တို့သည် အဘယ်သို့ သဘောရှိသော အကြောင်းတို့ကြောင့် ပွင့်တော်မူကုန်သနည်း (ဟု မေးလျှောက်၏)။

၂။ ထိုသို့ မေးလျှောက်သောအခါ မြတ်သော သီလက္ခန္ဓ စသည့် ကျေးဇူးကို ရှာမှီးလေ့ရှိသော သဗ္ဗညုဘုရားမြတ်သည် အရှင်ကောင်း ဖြစ်တော်မူသော ရှင်အာနန္ဒာကို သာယာစွာသောအသံဖြင့် မိန့်တော်မူ၏—(အာနန္ဒာ) ရှေးဘုရားတို့၌ ဆုပန်ပြီးကုန်သော ရှေးဘုရားသာသနာတို့၌ နိဗ္ဗာန်ကို မရသေးကုန်သော—

၃။ ပညာရှိဘုရားအလောင်းတို့သည် ထိုသဗ္ဗညုတဉာဏ်ကို အဦးပြုသည်သာလျှင် ဖြစ်သော အားကြီးသော အလိုဆန္ဒဖြင့်၎င်း ပညာ၏အစွမ်းဖြင့်၎င်း အလွန်ထက်မြက်သော ပညာရှိကုန်သည်ဖြစ်၍ သဗ္ဗညုဘုရားအဖြစ်သို့ အစဉ်ရောက်တော်မူကြကုန်၏။

၄။ ငါသည်လည်း ရှေးဘုရားတို့၌ စိတ်ဖြင့်သာလျှင် ဆောက်တည်သည်ဖြစ်၍ ဘုရားအဖြစ်ကို တောင့်တခဲ့၏၊ (ထိုသို့ ဆုတောင်းခဲ့သော) တရားမင်းဘုရားရှင်တို့ကား မရေတွက်နိုင်ကုန်။

http://www.dhammadownload.com



၅။ စင်ကြယ်သော စိတ်နှလုံးရှိကုန်သော သင်တို့သည် ဘုရားရှင်တို့၏ ဘုရားဖြစ်ရန် အကြောင်းအရာတို့ကို နာကြကုန်လော့၊ ပါရမီသုံးဆယ်နှင့် ပြည့်စုံကုန်သော တရားမင်းဘုရားရှင်တို့ကား မရေတွက်နိုင်ကုန်။

၆။ ဘုရားမြတ်တို့၏ အရဟတ္တမဂ်ဉာဏ် သဗ္ဗညုတဉာဏ်တော်ကို လက်ဆယ်ချောင်းတို့ဖြင့် ညွတ်လျက် သံဃာတော်နှင့်တကွဖြစ်ကုန်သောဘုရားရှင်တို့ကို ဦးခေါင်းဖြင့် ငါသည် ရှိခိုးခဲ့ပြီ။

၇။ အကြင်မျှလောက်သော (စကြဝဠာ တသောင်း ဟူသော) ဗုဒ္ဓခေတ်တို့၌ ကောင်းကင်၌ တည်ကုန်သော မြေ၌လည်းတည်ကုန်သော မရေတွက်နိုင်ကုန်သော ရတနာတို့သည် ရှိကုန်၏၊ ထိုအလုံးစုံသော ရတနာတို့ကို ငါသညာ စိတ်ဖြင့် (အဓိဋ္ဌာန်၍) ဆောင်ယူခဲ့ပြီ။

၈။ (ဆောင်ယူပြီး၍)ထိုငွေအတိ ခင်းသောမြေအပြင်၌ များစွာသော ဘုံအဆင့်ရှိသော ရတနာဖြင့်ပြီးသော အစောက်မြင့်သော ကောင်းကင်သို့ စွင့်စွင့်တက်သော—

၉။ ကောင်းစွာ ပြုပြင်အပ်သော ဆန်းကြယ်သော တိုင်ရှိသော ကောင်းစွာ ဝေဖန်အပ်သော မြတ်သူဘို့အားသာ ထိုက်သော ရွှေဖြင့်ပြီးသောထုပ်လျှောက်ရှိသော (စိုက်ထူအပ်သော) အောင်လံတံခွန် ထီးတို့ဖြင့် တန်ဆာဆင်အပ်သော ပြာသာဒ်ကို ငါသည် ဖန်ဆင်းခဲ့ပြီ။

၁၀။ ပဌမဘုံအဆင့်သည် ကြောင်မျက်ရွဲဖြင့် ပြီး၏၊ အညစ်အကြေးကင်းသော တိမ်တိုက်နှင့် တူ၍ တင့်တယ်၏၊ မြတ်သော ရွှေဖြင့် ပြီးသော မြေပြင်၌ ရေ၌ပေါက်သော ပဒုမာကြာတို့ဖြင့် ပြွမ်း၏။

၁၁။ အချို့သော ဘုံအဆင့်သည် သန္တာအစုဖြင့် ပြီး၏၊ အချို့သော ဘုံအဆင့်သည် သန္တာအဆင်းရှိ၏၊ အချို့သော ဘုံအဆင့်သည် နီသော အဆင်းရှိသည်ဖြစ်၍ တင့်တယ်၏၊ ပိုးပရံ အဆင်းနှင့်တူသော အရောင်ရှိသည်ဖြစ်၍ အရပ်မျက်နှာတို့၌ တောက်ပ၏။

၁၂။ ကောင်းစွာ ဝေဖန်အပ်ကုန်သော မုတ်ဦး ပြာသာဒ်တို့သည်၎င်း မုတ်ထွတ်တို့သည်၎င်း ခြသေ့်ခုံ လေသာပြတင်းတို့သည်၎င်း လေးမျက်နှာရှိ ပွတ်တိုင်တို့သည်၎င်း ပြူတင်းကွန်ရက်တို့သည်၎င်း (တွဲရရွဲဆွဲအပ်ကုန်သော)နံ့သာပန်းဆိုင်းတို့သည်၎င်း နှလုံးမွေ့လျော်ဖွယ်ရှိကုန်၏။

၁၃။ မြတ်သောအထွတ် စုလစ် မွန်ချွန်နှင့် ပြည့်စုံသော ပြာသာဒ်ဆောင်တို့သည် (အချို့ကား) ညို(အချို့ကား )ရွှေ(အချို့ကား) နီ(အချို့ကား)ဖြူ(အချို့ကား)အမည်းသက်သက် ဖြစ်ကုန်၍ ရတနာခုနစ်ပါးတို့ဖြင့် တင့်တယ်ကုန်၏။

၁၄။ ပဒုမာကြာတို့ကို အထက်သို့ မျက်နှာမူ၍ ထုလုပ်ထားကုန်၏၊ သားရဲရုပ် ငှက်ရုပ်တို့ဖြင့် တင့်တယ်ကုန်၏၊ နက္ခတ်ကြယ်တာရာတို့ဖြင့် ပြွမ်းကုန်၏၊ လ‌နေတို့ဖြင့် တန်ဆာဆင်အပ်ကုန်၏။

၁၅။ ရွှေကွန်ရက်ဖြင့် ဖုံးလွှမ်းအပ်ကုန်၏၊ ရွှေချူဆည်းလည်းတို့ဖြင့် တပ်အပ်ကုန်သည်ဖြစ်၍ လေဟုန်ဖြင့် ကျူးရင့်ကုန်၏၊ ရွှေပန်းဆိုင်းတို့သည် နှလုံးမွေ့လျော်ဖွယ် ရှိကုန်၏။

http://www.dhammadownload.com



၁၆။ အထူးထူးသော ဆိုးရည်တို့ဖြင့် ဆိုးအပ်သော မောင်းသော အဆင်းရှိသောတံခွန် နီသောအဆင်းရှိသောတံခွန် ရွှေသောအဆင်းရှိသောတံခွန် ဇမ္ဗူရာစ်ရွှေအဆင်းရှိသောတံခွန် (ဤတံခွန်တို့ဖြင့်) စိုက်ထူအပ်သော တံခွန်အစဉ်ရှိကုန်၏။

၁၇။ (ထိုပြာသာဒ်၌) မရှိသော အသုံးအဆောင်မည်သည် မရှိ၊ အထူးထူးသော ခင်းနှီး တို့ဖြင့် ဆန်းကြယ်သော အရာမက များပြားကုန်သော ဖလ်ဖြင့် ပြီးသောညောင်စောင်း ငွေဖြင့်ပြီးသောညောင်စောင်း မြဖြင့်ပြီးသောညောင်စောင်း ပတ္တမြားနီဖြင့်ပြီးသောညောင် စောင်း ထို့ပြင် ပတ္တမြားပြောက်ဖြင့်ပြီးသောညောင်စောင်းတို့ကို သိမ်မွေ့သော ကာသိ တိုင်းဖြစ် ပုဆိုးတို့ဖြင့် ခင်းထားအပ်ကုန်၏။

၁၈။ ခြုံထည်တို့သည် သက္ကလတ်ခြုံထည် ဘဲ့ဖြူခြုံထည် စိန့်တိုင်း၌ဖြစ်သော ခြုံထည် ပဏ္ဍုကမ္ဗလာတိုင်း၌ ဖြစ်သောခြုံထည် ဖြော့တော့သော အဆင်းရှိသောခြုံထည်တို့ ဖြစ်ကုန်၏၊ ဆန်း ကြယ်သော အခင်း အရုံ အလုံးစုံကို ငါသည် စိတ်ဖြင့် (အဓိဋ္ဌာန်၍) ခင်းထားခဲ့ပြီ။

၁၉။ ထိုထိုဘုံအဆင့်တို့၌သာလျှင် ရတနာအထွတ်တို့ဖြင့် တန်ဆာဆင်အပ်၏၊ ဝေရောစန ပတ္တမြားဖြင့် ပြုအပ်သော ဆီမီးတို့သည် (အလင်းရောင်ကို) ဆောင်ကုန်လျက် ကောင်းစွာ တည်ကုန်၏။

၂၀။ ကဋ္ဌုနရွှေဖြင့် ပြီးသည်လည်းဖြစ်ကုန်သော ဇမ္ဗူရာဇ်ရွှေဖြင့် ပြီးသည်လည်း ဖြစ်ကုန် သော စန္ဒကူးနှစ်ဖြင့် ပြီးသည်လည်းဖြစ်ကုန်သော ငွေဖြင့် ပြီးသည်လည်း ဖြစ်ကုန်သော တံခါးတိုင် တုရိုဏ်တိုင်တို့သည် တင့်တယ်ကုန်၏။

၂၁။ ကောင်းစွာ ဝေဖန်အပ်ကုန်သော များစွာသော နံရံအစပ်တို့သည် တံခါးရွက် တံခါး ကျည်တို့ဖြင့် ဆန်းကြယ်တင့်တယ်ကုန်၏၊ နံပါးနှစ်ဖက်တို့၌ ပဒုမာကြာ ဥပ္ပလကြာနှင့် ယှဉ် ကုန်သော များစွာသော ရေပြည့်အိုးတို့သည် (ထိုတံခါးကို) တင့်တယ်စေကုန်၏။

၂၂-၂၃။ လူသုံးပါးတို့ကို နိဗ္ဗာန်သို့ ပို့ဆောင်တတ်ကုန်သော သံဃာတော်နှင့်တကွဖြစ်ကုန် သော ဟပည့်သားသာဝကတို့နှင့် တကွလည်းဖြစ်ကုန်သော ပွင့်တော်မူပြီးသော ခပ်သိမ်း သော ဘုရားတို့ကိုလည်း ပကတိအသွင်သဏ္ဌာန်ဖြင့် (စိတ်၌) ဖန်ဆင်း၍ တပည့်သား အပေါင်းနှင့်တကွ အရိယာအပေါင်းဖြစ်ကုန်သော ခပ်သိမ်းသော ဘုရားရှင်တို့သည် ထို ဆန်းကြယ်တင့်တယ်သော တံခါးဖြင့် ဝင်ကုန်၍ အလုံးစုံ ရွှေဖြင့်ပြီးသော အင်းပျဉ်၌ ထိုင်တော် မူကုန်၏။

၂၄။ လောက၌ အတုမရှိကုန်သော ယခုအခါ၌ ထင်ရှားပွင့်တော်မူကုန်သော အကြင် ဘုရားရှင်တို့သည်လည်းကောင်း ရှေးအခါ ပွင့်တော်မူပြီးကုန်သော အကြင်ဘုရားရှင်တို့သည် လည်းကောင်း ရှိကုန်၏၊ ထိုအလုံးစုံသော ဘုရားရှင်တို့သည် ငါ၏ ပြာသာဒ်သို့ ကောင်းစွာ တက်ရောက်သီတင်းသုံးတော်မူကြကုန်၏။

၂၅။ ရှေးအခါ၌၎င်း ယခုအခါ၌၎င်း သစ္စာလေးပါးကို ကိုယ်တိုင် သိတော်မူကုန်သော သူတပါးတို့ မအောင်နိုင်ကုန်သော အရာမက များစွာကုန်သော ခပ်သိမ်းသော ပစ္စေက ဗုဒ္ဓါတို့သည် ငါ၏ပြာသာဒ်သို့ ကောင်းစွာ တက်ရောက်သီတင်းသုံးတော်မူကြကုန်၏။

http://www.dhammadownload.com



၂၆။ နတ်၌ ဖြစ်ကုန်သော များစွာကုန်သော အကြင်ပဒေသာပင်တို့သည်၎င်း လူ၌ ဖြစ်ကုန်သော များစွာကုန်သော အကြင်ပဒေသာပင်တို့သည်၎င်း ရှိကုန်၏၊ ငါသည် (ထိုပဒေသာပင်တို့မှ (ပုဆိုးအားလုံးကို) ကောင်းစွာယူဆောင်၍ တိစီဝရိက်သင်္ကန်းပြုလုပ်လှူဒါန်းခဲ့၏။

၂၇။ ငါသည် ချိုမြိန်ကောင်းမြတ်သော ခဲဖွယ် စားဖွယ် လျက်ဖွယ် ထမင်း အဖျော်ကို ပတ္တမြားကျောက်ဖြင့် ပြီးသော တင့်တယ်သော သပိတ်၌ ပြည့်စေ၍ လှူဒါန်းခဲ့၏။

၂၈-၂၉။ ဒိဗ္ဗစက္ခုအဘိညာဉ်ဖြင့် ပြည့်စုံကုန်သည်ဖြစ်၍[၁] (ကိလေသာတို့မှ ကင်းသောကြောင့်) ပြေပြစ်တင့်တယ်တော်မူကုန်သော တိစီဝရိက်သင်္ကန်းတို့နှင့် ပြည့်စုံကုန်သော ဘုရား ပစ္စေကဗုဒ္ဓ သာဝကတို့ကို ချိုသောသကာတို့ဖြင့်၎င်း ဆီတို့ဖြင့်၎င်း ပျားတင်လဲတို့ဖြင့်၎င်း မွန်မြတ်သော ဃနာနို့ဆွမ်းဖြင့်၎င်း ငါသည် ရောင့်ရဲစေအပ်ကုန်၏၊ ထိုအလုံးစုံသော အရိယာအပေါင်းတို့သည် ဂူ၌ ကိန်းသော ခြင်္သေ့မင်းကဲ့သို့ ရတနာတိုက်ခန်းသို့ ဝင်ကြကုန်၍။

၃၀။ မြတ်သောသူတို့အားသာ ထိုက်သောနေရာ၌ ခြင်္သေ့မင်း၏ အိပ်ခြင်းကဲ့သို့သော မြတ်သော အိပ်ခြင်းကို ပြုကြကုန်ပြီ၊ ထိုဘုရား ပစ္စေကဗုဒ္ဓ သာဝကတို့သည် သတိသမ္ပဇဉ်နှင့် ပြည့်စုံကြကုန်လျက် အိပ်ရာမှ ထကြပြီးလျှင် နေရာပလ္လင်ထက်၌ ထက်ဝယ်ဖွဲ့ခွေ ထိုင်နေကြကုန်၏။

၃၁။ အလုံးစုံသော ဘုရားရှင်တို့၏ အာရုံဖြစ်သော ကသိုဏ်းစသောအာရုံကို (အာရုံပြုလျက်) ချွန်တည်းဟူသော မွေ့လျော်ခြင်းဖြင့် ကောင်းစွာ မွေ့လျော်ဝင်စားကြကုန်၏၊ အချို့သော ပစ္စေကဗုဒ္ဓါတို့သည် တရားဟောကုန်၏၊ အချို့သော ပစ္စေကဗုဒ္ဓါတို့သည် တန်ခိုးဖြင့် ကစားမြူးကုန်၏။

၃၂။ ပွါးအပ်ပြီးသော အဘိညာဉ် ဝသီဘော်ရှိကုန်သော အချို့သော ပစ္စေကဗုဒ္ဓါတို့သည် အဘိညာဉ်တို့ကို ဝင်စားကုန်၏၊ အချို့သော ပစ္စေကဗုဒ္ဓါတို့သည် အထောင်မက များသော တန်ခိုး ဖန်ဆင်းခြင်းတို့ကို ဖန်ဆင်းကုန်၏။

၃၃။ ဘုရားရှင်တို့သည်လည်း ဘုရားရှင်တို့ကို သဗ္ဗညုတဉာဏ်၏အရာဖြစ်သော ပုစ္ဆာပြဿနာကို မေးကုန်၏၊ နက်နဲသိမ်မွေ့သော အရာကို ဉာဏ်ဖြင့် ခွဲခြားသိကုန်၏၊

၃၄။ တပည့်သာဝကတို့သည် ဘုရားရှင်တို့ကို မေးလျှောက်ကုန်၏၊ ဘုရားရှင်တို့သည် တပည့်သာဝကတို့ကို (ပြဿနာ) မေးတော်မူကုန်၏၊ ထိုဘုရားရှင်နှင့် တပည့်သာဝကတို့သည် အချင်းချင်း ပြဿနာ မေးကုန်၍ အချင်းချင်း ဖြေဆိုကုန်၏။

၃၅။ ထိုဘုရား ပစ္စေကဗုဒ္ဓါ တပည့်သာဝက အလုပ်အကျွေး ဟူသမျှတို့သည် ဤသို့ မိမိတို့၏ မွေ့လျော်ခြင်းဖြင့် ငါ၏ ပြာသာဒ်၌ မွေ့လျော်ကုန်၏။

---

၁။ ပါဠိတော်၌ 'ဒိဗ္ဗဝတ္ထာသာ အဟုတွာ' ဟု ရှိသော်လည်း 'စီဝရသံယုတာ' ဟူသော ပုဒ် ဝိဒ်သောသနမဖြစ်နိုင်သောကြောင့် 'ဒိဗ္ဗစက္ခုသမာဟုတ္တာ' ဟု အဋ္ဌကထာရှိသည့်အတိုင်း ပြန်ဆိုထားသည်။

http://www.dhammadownload.com



၃၆။ ရွှေပန်းဆိုင်း အစဉ်ရှိကုန်သော ရတနာခုနစ်ပါးဖြင့်ပြီးသော ထီးတို့သည် တည်စေကုန်သတည်း၊ ပုလဲကွန်ရက်ဖြင့် ခြံရံအပ်ကုန်သော ခပ်သိမ်းသော ထီးတို့သည် ဦးထိပ်ထက်၌ ဆောင်းမိုးစေကုန်သတည်း။

၃၇။ ရွှေကြယ်တို့ဖြင့် ဆန်းကြယ်ကုန်သော ပုဆိုးဗိတာန်တို့သည် ဖြစ်စေကုန်သတည်း၊ ဆန်းကြယ်ကုန်သော ပန်းအပွင့်တို့ဖြင့် ဖြန့်စီအပ်ကုန်သော ခပ်သိမ်းသော ဗိတာန်တို့သည် အထက်၌ ဆောင်းမိုးစေကုန်သကည်း။

၃၈-၃၉-၄၀။ ပန်းဆိုင်းတို့ဖြင့် ပြွမ်းကုန်သော နံ့သာဆိုင်းတို့ဖြင့် တင့်တယ်ကုန်သော ပုဆိုး ပန်းဆိုင်းတို့ဖြင့် ပြွမ်းကုန်သော ရတနာပန်းဆိုင်းတို့ဖြင့် တန်ဆာဆင်အပ်ကုန်သော ပန်းတို့ဖြင့် ပြွမ်းကုန်သော ဆန်းကြယ်ကုန်သော ကောင်းသောရနံ့တို့ဖြင့် ကြိုင်လှိုင်ကုန်သော လက်ငါးချောင်းရာ နံ့သာတို့ဖြင့် လိမ်းကျံကုန်သော ရွှေပုဆိုးဖြင့် မိုးအပ်ကုန်သော ပဒုမာကြာ ဥပ္ပလကြာဖြင့် ပြည့်ကုန်သော ရေကန်တို့သည် အရပ်၄လေးမျက်နှာတို့မှ တည်စေကုန်သတည်း၊ ရွှေဖြင့်ပြီးသော အရုပ်တို့သည် ထင်စေကုန်သတည်း၊ ပဒုမာကြာဝတ်ဆံဝတ်မှုံတို့ဖြင့် ပြွမ်းတက်ကုန်သော ရေကန်တို့သည် တင့်တယ်စေကုန်သတည်း၊ (ဤသို့ ကြံစည်ကာမျှ၌ ထိုကြံစည်သမျှတို့သည် ပြီးကုန်၏)။

၄၁။ ငါ၏ ပြာသာဒ်ထက်ဝန်းကျင်မှ ခပ်သိမ်းသော သစ်ပင်တို့သည် ပွင့်စေကုန်သတည်း၊ ပန်းတို့သည် အလိုလို အခိုင်မှ ကြွေကျလျက် ငါ၏ ပြာသာဒ်ထက်သို့သွား၍ ကြဲဖြန့်စေကုန်သတည်း။

၄၂။ ငါ၏ ထိုပြာသာဒ်ထက်၌ ဥဒေါင်းတို့သည် ကစေကုန်သတည်း၊ နတ်ဟင်္သာတို့သည် တွန်ကျူးစေကုန်သတည်း၊ ကရဝိက်ငှက်တို့သည် ကျူးရင့်စေကုန်သတည်း၊ ပြာသာဒ်၏ ထက်ဝန်းကျင်မှ ငှက်အပေါင်းတို့သည် တွန်မြည်စေကုန်သတည်း။

၄၃။ ငါ၏ ပြာသာဒ် ထက်ဝန်းကျင်မှ ခပ်သိမ်းသော စည်တို့သည် မြည်ဟည်းစေကုန်သတည်း၊ ခပ်သိမ်းသော စောင်းတို့သည် အသံမြည်စေကုန်သတည်း၊ ခပ်သိမ်းသော ထိုသားငှက်တူရိယာ သာယာသော အသံအပေါင်းတို့သည် ဖြစ်စေကုန်သတည်း။

၄၄-၄၅။ အကြွင်းမျှလောက်(စကြဝဠာတသောင်းဖြစ်သော)ဗုဒ္ဓခေတ်၌ရင်း ထိုစကြဝဠာမှ ပြင်ပဖြစ်သော စကြဝဠာတို့၌ရင်း များစွာကုန်သော အရောင်နှင့် ပြည့်စုံကုန်သော ထက်ဝန်းကျင်ရတနာခုနစ်ပါးတို့ဖြင့် စီခြယ်အပ်ကုန်သော ရွှေပလ္လင်တို့သည် တည်စေကုန်သတည်း၊ ဆီမီးတိုင်တို့သည် တောက်ပစေကုန်သတည်း၊ ထိုဆီမီးတိုင်တို့သည် စကြဝဠာတသောင်း အဆက်ဆက်တိုင်အောင် တရောင်တည်းကဲ့သို့ ထွန်းလင်းစေကုန်သတည်း။

၄၆။ ငါ၏ ပြာသာဒ် ထက်ဝန်းကျင်မှ ကချေသည်မတို့သည်ရင်း သီချင်းသည်မတို့သည်ရင်း နတ်သမီးအပေါင်းတို့သည်ရင်း ကပြ(သီဆို)စေကုန်သတည်း၊ အထူးထူးသော ပွဲသဘင်တို့သည် ထင်စေကုန်သတည်း၊ (ဤသို့ ကြံစည်ဆဲ ခဏ၌ ထိုကြံစည်တိုင်း ဖြစ်ပေါ် လာကုန်၏)။

၄၇။ ငါသည် သစ်ပင်ဖျားဌ်ရင်း တောင်ထိပ်၌ရင်း မြင့်မိုရ်တောင်ထိပ်၌ရင်း အလုံးစုံ ဆန်းကြယ်သော အဆင်းငါးပါးရှိသော တံခွန်အလံကို စိုက်ထူ၏။

http://www.dhammadownload.com



၄၈။ လူတို့သည်၎င်း နဂါး ဂန္ဓဗ္ဗနတ်တို့သည်၎င်း ခပ်သိမ်းသော နတ်တို့သည်၎င်း ချဉ်းကပ်ကြစေကုန်ဟု ကြံစည်သော ခဏ၌ ထိုလူနတ် နဂါးတို့သည် ရှိခိုးဂုန် လက်အုပ်ချီကုန်လျက် ငါ၏ ပြာသာဒ်ကို ခြံရံကြကုန်၏။

၄၉။ ကိုယ်ဖြင့်၎င်း နှုတ်ဖြင့်၎င်း စိတ်ဖြင့်၎င်း ပြုသင့် ပြုထိုက်သော အလုံးစုံသော ကုသိုလ်ကံသည် ရှိ၏၊ ထိုကံအားလုံးကို ငါသည် ပြုအပ်ပြီ၊ တာဝတိံသာနတ်ပြည်၌ ဖြစ်ခြင်းငှါ ထိုက်သော ကောင်းစွာ ပြုသင့်သော ကုသိုလ်ကံကို ပြုအပ်ပြီ။

၅၀။ သညာရှိသော သတ္တဝါတို့သည်၎င်း သညာမရှိသော သတ္တဝါတို့သည်၎င်း ရှိကြကုန်၏၊ ထိုအလုံးစုံသော သတ္တဝါတို့သည် ပြုအပ်သော် ငါ၏ကောင်းမှုကံ အကျိုးကို အဘို့ရကြပါစေကုန်သတည်း။

၅၁။ အကြင်သတ္တဝါတို့သည် ငါပြုအပ်သော ကုသိုလ်ကို ကောင်းစွာ သိအပ်၏၊ ထိုသတ္တဝါတို့အား ငါသည် ကောင်းမှုအကျိုးကို ပေးဝေအပ်ပြီ၊ အကြင်သတ္တဝါတို့ကား ထိုငါပြုအပ်သော ကုသိုလ်ပြုခြင်း အမျှဝေခြင်း၌ မသိကုန်၊ ထိုသတ္တဝါတို့အား နတ်တို့သည် သွား၍ ပြောကြားကုန်ပြီ။

၅၂။ အလုံးစုံသော လောက၌ အကြင်သတ္တဝါတို့သည် အာဟာရလျှင် အကြောင်း ရှိကုန်သည်ဖြစ်၍ အသက်ရှင်ကြကုန်၏၊ ထိုသတ္တဝါအားလုံးတို့သည် နှစ်သက်ဖွယ်ဖြစ်သော အလုံးစုံသော ဘောဇဉ်ကို ငါ့ စိတ်တန်ခိုးကြောင့် ရကြပါစေကုန်သတည်း။

၅၃။ ငါသည် စိတ်ဖြင့် အလှူကို ပေးလှူအပ်ပြီ၊ စိတ်ဖြင့် ကြည်ညိုခြင်းကို ဖြစ်စေပြီ၊ ငါသည် ခပ်သိမ်းသော ဘုရားရှင်တို့ကို၎င်း ပစ္စေကဗုဒ္ဓါတို့ကို၎င်း ဘုရားရှင်၏တပည့်သားတို့ကို၎င်း ပူဇော်အပ်ကုန်ပြီ။

၅၄။ ငါသည် ကောင်းစွာ ပြုအပ်သော ထိုကံကြောင့်၎င်း စိတ်စေတနာ တောင့်တမှုတို့ကြောင့်၎င်း လူ၌ဖြစ်သော ကိုယ်ကို စွန့်၍ တာဝတိံသာနတ်ပြည်သို့ ရောက်ရပြီ။

၅၅။ ငါသည် နှစ်ပါးကုန်သော နတ်ဘဝ လူ့ဘဝတို့ကို အပြားအားဖြင့် သိ၏၊ နတ်လူမှ တပါးသော ဂတိကို ငါမသိရ၊ ဤအကျိုးသည် စိတ်ဖြင့် တောင့်တခြင်း၏ အကျိုးပင်တည်း။

၅၆။ ငါသည် နတ်တို့ထက်(အဆင်းစသည်တို့ဖြင့်) လွန်ကဲသူ ဖြစ်ခဲ့ရပြီ၊ရုပ်အင်္ဂါလက္ခဏာနှင့် ပြည့်စုံသော လူမင်းဖြစ်ခဲ့ရပြီ၊ ငါသည် ပညာအားဖြင့် အတုမရှိသူ ဖြစ်ခဲ့ရပြီ။

၅၇။ အထူးထူး အပြားပြား မြတ်သော ဘောဇဉ်သည်၎င်း များစွာသော ရတနာသည်၎င်း အထူးထူးသော အဝတ်တို့သည်၎င်း ကောင်းကင်မှ လျင်မြန်စွာ ငါ့ထံသို့ ကပ်ရောက်လာကုန်၏။

၅၈။ မြေ၌လည်းကောင်း တောင်၌လည်းကောင်း ကောင်းကင်၌လည်းကောင်း ရေ၌လည်းကောင်း တော၌လည်းကောင်း အကြင် အကြင် အရပ်သို့ လက်ကို ဆန့်တန်း၏၊ ထိုထို အရပ်မှ နတ်သုဓ္ဓါတို့သည် ငါ့ထံသို့ ကပ်ရောက်လာကုန်၏။

http://www.dhammadownload.com



၅၉။ မြေ၌လည်းကောင်း တောင်၌လည်းကောင်း ကောင်းကင်၌လည်းကောင်း ရေ၌လည်းကောင်း တော၌လည်းကောင်း အကြင်အကြင် အရပ်သို့ လက်ကို ဆန့်တန်း၏၊ ထိုထို အရပ်မှ ခပ်သိမ်းသော ရတနာတို့သည် ငါ့ထံသို့ ကပ်ရောက်လာကုန်၏။

၆ဝ။ မြေ၌လည်းကောင်း တောင်၌လည်းကောင်း ကောင်းကင်၌လည်းကောင်း ရေ၌လည်းကောင်း တော၌လည်းကောင်း အကြင်အကြင် အရပ်သို့ လက်ကို ဆန့်တန်း၏၊ ထိုထို အရပ်မှ ခပ်သိမ်းသော နံ့သာမျိုးတို့သည် ငါ့ထံသို့ ကပ်ရောက်လာကုန်၏။

၆၁။ မြေ၌လည်းကောင်း တောင်၌လည်းကောင်း ကောင်းကင်၌လည်းကောင်း ရေ၌လည်းကောင်း တော၌လည်းကောင်း အကြင်အကြင် အရပ်သို့ လက်ကို ဆန့်တန်း၏၊ ထိုထို အရပ်မှ ခပ်သိမ်းသော ယာဉ်တို့သည် ငါ့ထံသို့ ကပ်ရောက်လာကုန်၏။

၆၂။ မြေ၌လည်းကောင်း တောင်၌လည်းကောင်း ကောင်းကင်၌လည်းကောင်း ရေ၌လည်းကောင်း တော၌လည်းကောင်း အကြင်အကြင် အရပ်သို့ လက်ကို ဆန့်တန်း၏၊ ထိုထို အရပ်မှ ခပ်သိမ်းသော ပန်းတို့သည် ငါ့ထံသို့ ကပ်ရောက်လာကုန်၏။

၆၃။ မြေ၌လည်းကောင်း တောင်၌လည်းကောင်း ကောင်းကင်၌လည်းကောင်း ရေ၌လည်းကောင်း တော၌လည်းကောင်း အကြင်အကြင် အရပ်သို့ လက်ကို ဆန့်တန်း၏၊ ထိုထို အရပ်မှ အဆင်တန်ဆာတို့သည် ငါ့ထံသို့ ကပ်ရောက်လာကုန်၏။

၆၄။ မြေ၌လည်းကောင်း တောင်၌လည်းကောင်း ကောင်းကင်၌လည်းကောင်း ရေ၌လည်းကောင်း တော၌လည်းကောင်း အကြင်အကြင် အရပ်သို့ လက်ကို ဆန့်တန်း၏၊ ထိုထို အရပ်မှ ခပ်သိမ်းကုန်သော သတို့သမီးတို့သည် ငါ့ထံသို့ ကပ်ရောက်လာကုန်၏။

၆၅။ မြေ၌လည်းကောင်း တောင်၌လည်းကောင်း ကောင်းကင်၌လည်းကောင်း ရေ၌လည်းကောင်း တော၌လည်းကောင်း အကြင်အကြင် အရပ်သို့ လက်ကို ဆန့်တန်း၏၊ ထိုထို အရပ်မှ ပျားသကာတို့သည် ငါ့ထံသို့ ကပ်ရောက်လာကုန်၏။

၆၆။ မြေ၌လည်းကောင်း တောင်၌လည်းကောင်း ကောင်းကင်၌လည်းကောင်း ရေ၌လည်းကောင်း တော၌လည်းကောင်း အကြင်အကြင် အရပ်သို့ လက်ကို ဆန့်တန်း၏၊ ထိုထို အရပ်မှ ခပ်သိမ်းသော ခဲဖွယ်တို့သည် ငါ့ထံသို့ ကပ်ရောက်လာကုန်၏။

၆၇။ ဥစ္စာမဲ့သော သူတို့အားရင်း ခရီးရှည်သွားသော သူတို့အားရင်း သူတောင်းစားတို့အားရင်း အရပ်တပါးသို့ သွားသော သူတို့အားရင်း ငါသည် မြတ်သော သမ္ဗောဓိဉာဏ်သို့ ရောက်ခြင်းငှါ မြတ်သော အလှူကို ပေးလှူခဲ့ပြီ။

၆၈။ ငါသည် ကျောက်တောင်ကို ပဲ့တင်ထပ်စေလျက် ကြီးစွာသော မြင့်မိုရ်တောင်ကို ထစ်ချုန်းစေလျက် နတ်နှင့်တကွသော လူကို ရွှင်ပျစေပြီးလျှင် လောကသုံးပါး၌ ဘုရားဖြစ်၏။

၆၉။ လောက၌ ဆယ်ပါးသော အဘို့ရှိသော အရပ်မျက်နှာတို့သည် ရှိကုန်၏၊ ထိုအရပ်မျက်နှာတို့သို့ သွားသောသူအား အဆုံးသည် မရှိ၊ ထိုထိုအရပ်မျက်နှာအဘို့၌ ဗုဒ္ဓခေတ်တို့သည် မရေတွက်နိုင်ကုန်။

http://www.dhammadownload.com



၇၀။ ငါ၏ စကြာရတနာ ပတ္တမြားရတနာအရောင်တို့သည် အစုံအစုံဖြစ်၍ ရောင်ခြည်တို့ကိုလွှတ်ကုန်လျက် ထင်ရှားပျံ့နှံ့ကုန်၏၊ ဤ(တသောင်းသောလောကဓာတ်) အတွင်း၌ ရောင်ခြည်ကွန်ရက်သည်ရှင်း ပြန့်ပြောသောအလင်းရောင်သည်ရှင်း ဖြစ်ပေါ်လာခဲ့၏။

၇၁။ ဤမျှလောက် တသောင်းသော လောကဓာတ်၌ ခပ်သိမ်းသောသူတို့သည် ငါ့ကို မြင်စေကုန်သတည်း၊ ဖြဟ္မာ့ပြည်တိုင်အောင် ခပ်သိမ်းသောသူတို့သည် ငါ့သို့ အစဉ် လိုက်စေကုန်သတည်း။

၇၂။ သန့်ရှင်းချိုသာသောအသံဖြင့် တရားတည်းဟူသော အမြိုက်စည်ကြီးကို ငါတီးခတ်ခဲ့ပြီ၊ ဤတသောင်းသော လောကဓာတ်အတွင်း၌ ခပ်သိမ်းသော သူတို့သည် ချိုမြိန်စွာသော အသံကို ကြားကြစေကုန်သတည်း။

၇၃။ ငါသည် တရားတည်းဟူသောမိုးကို ရွာသွန်းသည်ရှိသော် ခပ်သိမ်းသောသူတို့သည် ကိလေသာကင်းကြပါစေကုန်သတည်း၊ ဤလူ့အပေါင်း၌ အကြင်သတ္တဝါတို့ကား ဂုဏ်အားဖြင့် ငယ်ကုန်၏၊ ထိုသတ္တဝါတို့သည် သောတာပန်တို့ ဖြစ်ကြပါစေကုန်သတည်း။

၇၄။ ငါသည် ပေးလှူအပ်သောအလှူဝတ္ထုကို ပေးလှူ၍ သီလကို အကြွင်းမဲ့ ဖြည့်ကျင့်ပြီးလျှင် နေက္ခမ္မပါရမီကို ဖြည့်ကျင့်ခဲ့သောကြောင့် မြတ်သော သမ္ဗောဓိဉာဏ်သို့ ရောက်တော်မူရပြီ။

၇၅။ ငါသည် ပညာရှိတို့ကို အဖန်ဖန်မေးမြန်း၍ မြတ်သောဝီရိယပါရမီကို ပြုပြီးလျှင် ခန္တီပါရမီကို ဖြည့်ကျင့်ခဲ့သောကြောင့် မြတ်သောသမ္ဗောဓိဉာဏ်သို့ ရောက်တော် မူရပြီ။

၇၆။ ငါသည် အဓိဋ္ဌာန်ပါရမီကို မြဲမြံစွာ ဆောက်တည်ခြင်းကို ပြု၍ သစ္စာပါရမီကို ဖြည့်ခဲ့ပြီးလျှင် မေတ္တာပါရမီကို ဖြည့်ကျင့်ခဲ့သောကြောင့် မြတ်သော သမ္ဗောဓိဉာဏ်တော်သို့ ရောက်တော်မူခဲ့၏။

၇၇။ လာဘ်ရခြင်း လာဘ်မရခြင်း၌လည်းကောင်း ချမ်းသာခြင်း ဆင်းရဲခြင်း၌လည်းကောင်း မြတ်နိုးခြင်း မမြတ်နိုးခြင်း၌လည်းကောင်း အလုံးစုံတို့၌ အတူအမျှဖြစ်၍ မြတ်သော သမ္ဗောဓိဉာဏ်သို့ ရောက်တော်မူရပြီ။

၇၈။ ပျင်းရိခြင်းကို ဘေးအားဖြင့်ရှု၍ အားထုတ်ခြင်းကိုလည်း ဘေးမရှိသောအားဖြင့် ရှုပြီးလျှင် ထက်သန်သော ဝီရိယရှိသူတို့ ဖြစ်ကြကုန်လော့၊ ဤသည်ကား ဘုရားရှင်တို့၏ အဆုံးအမတော်ပေတည်း။

၇၉။ ငြင်းခုံခြင်းကို ဘေးအားဖြင့် ရှု၍ မငြင်းခုံခြင်းကိုလည်း ဘေးမရှိသောအားဖြင့် ရှုပြီးလျှင် ညီညွတ်သူ ပြေပြစ်သူတို့ ဖြစ်ကြကုန်လော့၊ ဤသည်ကား ဘုရားရှင်တို့၏ အဆုံးအမတော်ပေတည်း။

၈၀။ မေ့လျော့ခြင်းကို ဘေးအားဖြင့် ရှု၍ မမေ့လျော့ခြင်းကိုလည်း ဘေးမရှိသောအားဖြင့် ရှုပြီးလျှင် အင်္ဂါရှစ်ပါးရှိသော မဂ်ကို ပွါးများကြကုန်လော့၊ ဤသည်ကား ဘုရားရှင်တို့၏ အဆုံးအမတော်ပေတည်း။

http://www.dhammadownload.com



၈၁။ များစွာသော ဘုရားရှင်တို့သည်၎င်း ခပ်သိမ်းသော ရဟန္တာတို့သည်၎င်း အညီအညွတ် စုဝေးကြကုန်၏၊ ထိုဘုရားရှင်တို့ကို၎င်း ထိုရဟန္တာတို့ကို၎င်း ရှိခိုးဦးညွတ်ကြကုန်လော့။

၈၂။ ဘုရားရှင်တို့ကို ဤသို့ ဤသို့ဟု မကြံစည်နိုင်ကုန်၊ ဘုရားရှင်တို့၏ တရားတော်တို့ကို ဤသို့ ဤသို့ဟု မကြံစည်နိုင်ကုန်၊ မကြံစည်နိုင်သော ဘုရားရှင်နှင့် ဘုရားရှင်၏တရားတော်တို့၌ ကြည်ညိုကုန်သော သူတို့အား မကြံစည်နိုင်သော အကျိုးသည်ဖြစ်၏။

ဤသို့လျှင် မြတ်စွာဘုရားသည် ကိုယ်တော်၏ ဗုဒ္ဓစရိယ ဖြစ်စဉ်ကို ခြီးမွမ်းတော်မူလျက် ဗုဒ္ဓအပဒါန်မည်သော တရားတော်ကို ဟောတော်မူ၏။

ဗုဒ္ဓအပဒါန် ပြီး၏။

---

## ၂-ပစ္စေကဗုဒ္ဓအပဒါန်

**ထို့နောက် ပစ္စေကဗုဒ္ဓါတို့၏ အပဒါန်ကို နာကြကုန်လော့—**

၈၃။ ဇေတဝန်ကျောင်း၌(သီတင်းသုံး)နေတော်မူသော မြတ်စွာဘုရားအား အရှင်အာနန္ဒာသည် ဦးခေါင်းညွတ်ကာ မေးလျှောက်၏—ကြီးသောလုံ့လရှိသော အရှင်ဘုရား ပစ္စေကဗုဒ္ဓါတို့ မည်သည် ဖြစ်ပေါ်တော်မူကုန်၏၊ ထိုပစ္စေကဗုဒ္ဓါတို့သည် အဘယ်သို့ သဘောရှိသော အကြောင်းတို့ကြောင့် ဖြစ်ပေါ်ကြပါကုန်သနည်း။

၈၄။ ထိုသို့မေးလျှောက်သောအခါ မြတ်သောသီလက္ခန္ဓစသည့် ကျေးဇူးကို ရှာမှီးလေ့ရှိသော သဗ္ဗညုဘုရားမြတ်သည် အရှင်ကောင်းဖြစ်သော အာနန္ဒာကို သာယာစွာသော အသံဖြင့် မိန့်တော်မူ၏—(အာနန္ဒာ) ရှေးဘုရားတို့၌ ဆုပန်ပြီးကုန်သော ရှေးဘုရားသာသနာတို့၌ နိဗ္ဗာန်ကို မရသေးကုန်သော—

၈၅။ ပညာရှိပစ္စေကဗုဒ္ဓါအလောင်းတို့သည် ထိုသံဝေဂဉာဏ်ကို အဦးပြုသဖြင့်သာလျှင် သဗ္ဗညုဘုရားတို့မှ ကင်းကုန်လျက်လည်း အလွန်ထက်သောပညာရှိကုန်၍ အနည်းငယ်သော အာရုံဖြင့်လည်း ပစ္စေကဗောဓိဉာဏ်သို့ အစဉ်ရောက်ကြကုန်၏။

၈၆။ ခပ်သိမ်းသော လောက၌ ငါဘုရားကို ထား၍ ပစ္စေကဗုဒ္ဓါတို့နှင့် တူသောသူသည်ပင် မရှိ၊ မြတ်သောမုနိဖြစ်ကုန်သော ထိုပစ္စေကဗုဒ္ဓါတို့၏ ဂုဏ်ကျေးဇူးအမြွက်မျှကို ငါသည် ကောင်းစွာဟောပေအံ့။

၈၇။ အလိုလိုသာလျှင် သစ္စာလေးပါးကို သိကုန်သော ပစ္စေကဗုဒ္ဓါတို့၏ ပျားငယ်ရည်ကဲ့သို့ ချိုမြိန်ကောင်းမြတ်သော စကားတို့ကို အတုမရှိသော ဆေးသဖွယ်ဖြစ်သော နိဗ္ဗာန်ကို တောင့်တကြကုန်သော ခပ်သိမ်းသော သင်တို့သည် အလွန်ကြည်လင်သော စိတ်ရှိကုန်လျက် နာကြကုန်လော့။

၈၈။ **အပေါင်းအစုဖြစ်ကုန်သော ပစ္စေကဗုဒ္ဓါတို့၏ အကြင်ပစ္စေကဗုဒ္ဓါ ဖြစ်ကြောင်း အပဒါန်တို့ကို အဆင့်ဆင့် ဟောကြားအပ်ကုန်၏၊ အကြင်အပြစ်ကိုလည်းကောင်း အကြင် တပ်ခြင်းကင်းခြင်း၏ အကြောင်းကိုလည်းကောင်း ဟောကြားအပ်ကုန်၏၊ အကြင်အခြင်း**

http://www.dhammadownload.com



အရာအားဖြင့်လည်း (ပစ္စေကဗုဒ္ဓါတို့သည်) ပစ္စေကဗောဓိဉာဏ်သို့ အစဉ်ရောက်ကုန်၏၊ (ထိုအလုံးစုံသော အပဒါန်ကို သင်တို့ နာကြကုန်လော့)။

၇၉။ တပ်မက်ဖွယ်သော အာရုံတို့၌ တပ်ခြင်း ကင်းသော အမှတ်ရှိကုန်လျက် တပ်မက်သော လောက၌ တပ်ခြင်းကင်းသော စိတ်ရှိကုန်သည်ဖြစ်၍ သံသရာချဲ့တတ်သော 'ပပဉ္စ' တရားတို့ကို ပယ်ကုန်ပြီးလျှင် တုန်လှုပ်ကုန်သော ခြောက်ဆယ့်နှစ်ပါးသော ဒိဋ္ဌိတို့ကို အောင်ကုန်လျက် ထိုသို့သော အကြောင်းဖြင့်သာလျှင် (ပစ္စေကဗုဒ္ဓါတို့သည်)ပစ္စေကဗောဓိဉာဏ်သို့ အစဉ်ရောက်ကြကုန်၏၊ (ထိုအလုံးစုံသော အပဒါန်တို့ကို နာကြကုန်လော့)။

၈၀။ (ထိုအရှင်သည်)သတ္တဝါအားလုံးတို့၌ ဒဏ်မထားမူ၍ ထိုသတ္တဝါတို့တွင် တယောက်ယောက်ကိုမျှလည်း မညှဉ်းဆဲပဲ မေတ္တာစိတ်ဖြင့် အစီးအပွါးကို အစဉ်စောင့်ရှောက်သည်ဖြစ်၍ ကြံ့ချိုပမာ တယောက်တည်း ကျင့်ရာ၏။

၈၁။ (ထိုအရှင်သည်)သတ္တဝါအားလုံးတို့၌ ဒဏ်မထားမူ၍ ထိုသတ္တဝါတို့တွင် တယောက်ယောက်ကိုမျှလည်း မညှဉ်းဆဲပဲ ပစ္စေကဗောဓိဉာဏ်ကို ရ၏၊ ထိုပစ္စေကဗုဒ္ဓါအရှင်သည် သားသမီးကိုသော်လည်း အလိုမရှိပေ၊ အပေါင်းအဖော်ကိုမူကား အဘယ်မှာ အလိုရှိပါတော့မည်နည်း၊ (ထိုအတူ သူတော်ကောင်းသည်)ကြံ့ချိုပမာ တယောက်တည်း ကျင့်ရာ၏။

၈၂။ ရောနှောစပ်ယှဉ်မှု 'သံသဂ္ဂ' ဖြစ်နေသူအား ချစ်ခင်မှု 'သ္နေဟ' ဖြစ်ရသည့်အပြင် ချစ်ခင်မှု'သ္နေဟ'သို့ အစဉ်လိုက်သော ဤဆင်းရဲ အမျိုးမျိုးဖြစ်ရ၏၊ ထို့ကြောင့် ချစ်ခင်မှု 'သ္နေဟ'ကြောင့်ဖြစ်သော အပြစ်ကို ဉာဏ်ဖြင့် ရှုဆင်ခြင်လျက် ကြံ့ချိုပမာ တယောက်တည်း ကျင့်ရာ၏။

၈၃။ အဆွေခင်ပွန်းတို့ကိုရင်း ချစ်ကျွမ်းဝင်သူတို့ကိုရင်း အစဉ်သနားသည်ဖြစ်၍ (ထိုသူတို့၌)နှစ်သက်နှောင်ဖွဲ့ သောစိတ်ရှိသူသည် အကျိုးစီးပွါး အားလုံးကို ဆုတ်ယုတ်စေ၏၊ထို့ကြောင့် ပေါင်းသင်း ဆက်ဆံမှု၌ ဤအကျိုးဆုတ်ယုတ်မှုဟူသောဘေးကို (ဉာဏ်ဖြင့်) ရှုဆင်ခြင်လျက် ကြံ့ချိုပမာ တယောက်တည်း ကျင့်ရာ၏။

၈၄။ ကျယ်ပြန့်သော ဝါးရုံကြီးသည် ငြိယှက်ရှုပ်ထွေးကာ တည်သကဲ့သို့ သားသမီးတို့၌ရင်း မယားတို့၌ရင်း ငဲ့ကွက်မှု ချစ်ခြင်း 'တဏှာ'သည် ထိုသားသမီးစသည်တို့၌ ငြိကပ်တွယ်တာ၏၊ ထို့ကြောင့် ဝါးရုံ၏ အလယ်၌ ပေါက်သစ်စဖြစ်သော ဝါးမျှစ်ဖူးသည် မငြိမတွယ် တည်သကဲ့သို့ ထို့အတူ မငြိကပ် မတွယ်တာပဲ ကြံ့ချိုပမာ တယောက်တည်း ကျင့်ရာ၏။

၈၅။ သားသမင်သည် တောအရပ်၌ အနှောင်အဖွဲ့မရှိပဲ သွားလိုရာရာ အရပ်သို့ ကျက်စားရန် သွားနိုင်သကဲ့သို့ ပညာရှိသော ယောကျ်ားသည် (သူတပါးနှင့် မစပ်ပဲ)မိမိ အလို ဆန္ဒအတိုင်း ဖြစ်ခြင်းကို ကြည့်ရှု ဆင်ခြင်လျက် ကြံ့ချိုပမာ တယောက်တည်း ကျင့်ရာ၏။

၈၆။ အပေါင်းအဖော်တို့၏ အလယ်၌ တည်သူအား ထိုင်နေရာ၌သော်ရင်း ရပ်တည်ရာ၌သော်ရင်း သွားရာ၌သော်ရင်း လှည့်လည်ရာ၌သော်ရင်း (သူတပါးတို့) အတောင်းခံရ၏၊ (ထို့ကြောင့်) သူတပါးတို့ မမက်မောအပ်သော မိမိ အလို ဆန္ဒအတိုင်း ဖြစ်ခြင်းကို ကြည့်ရှုဆင်ခြင်လျက် ကြံ့ချိုပမာ တယောက်တည်း ကျင့်ရာ၏။

http://www.dhammadownload.com



၉၇။ အပေါင်းအဖော်အလယ်၌ တည်သူအား ကစားမြူးထူးခြင်းနှင့် (ကာမဂုဏ်၌) မွေ့လျော်ခြင်းသည် ဖြစ်၏၊ သားသမီးတို့၌လည်း ကျယ်ပြန့်များပြားသော ချစ်ခြင်းသည် ဖြစ်၏၊ ထို့ကြောင့် ချစ်သူတို့နှင့် ကွေကွင်းခြင်းကို စက်ဆုပ်သည်ဖြစ်၍ - ကြံ့ချိုပမာ တယောက်တည်း ကျင့်ရာ၏။

၉၈။ ဆိုးကောင်း ယုတ်မြတ် ရတတ်သမျှသော ပစ္စည်းဖြင့် နှစ်သိမ့်ရောင့်ရဲကာ အရပ်လေးမျက်နှာတို့၌ မေတ္တာဘာဝနာဖြင့် ပျံ့နှံ့စေလျက် ချမ်းသာစွာ နေရသူ သတ္တဝါတို့၌ ထိပါးမှု မရှိသူဖြစ်သည့်အပြင် အတွင်းအပဘေးရန်တို့ကို သည်းခံနိုင်သူ ထိတ်လန့်ကြောက်ရွံ့ခြင်း မရှိသူဖြစ်၍ ကြံ့ချိုပမာ တယောက်တည်း ကျင့်ရာ၏။

၉၉။ အချို့သော ရဟန်းတို့ကိုရင်း အချို့သော အိမ်နေသူ လူတို့ကိုရင်း ချီးမြှောက်ရန် ခဲယဉ်းလှကုန်၏၊ ဤသို့ သိသောကြောင့် သူတပါး သားသမီးတို့၌ ကြောင့်ကြမဲ့ဖြစ်၍ ကြံ့ချိုပမာ တယောက်တည်း ကျင့်ရာ၏။

၁၀၀။ လုံ့လ ဝီရိယရှိသူသည် လူ၏ အသွင်အပြင်တို့ကို ပယ်ချ၍ အရွက်ကြွေကျပြီးသော ပင်လယ်ကသစ်ပင်ကဲ့သို့ လူ၌ ဖြစ်သော အနှောင်အဖွဲ့တို့ကို ဖြတ်တောက်လျက် ကြံ့ချိုပမာ တယောက်တည်း ကျင့်ရာ၏။

၁၀၁။ ရင့်ကျက်သည့် ပညာရှိသော ကောင်းစွာနေလေ့ရှိသော ဝီရိယမလျော့သော အတူတကွ ကျင့်ဘက် မိတ်ဆွေကောင်းကို ရခဲ့မူ ထိုမိတ်ဆွေကောင်းနှင့် ဝမ်းမြောက် ဝမ်းသာ သတိရှိသည်ဖြစ်၍ အတွင်း အပ ဘေးရန်အားလုံးတို့ကို လွှမ်းမိုးလျက် ကျင့်ရာ၏။

၁၀၂။ ရင့်ကျက်သည့်ပညာရှိသော ကောင်းစွာ နေလေ့ရှိသော ဝီရိယမလျော့သော အတူတကွ ကျင့်ဘက် မိတ်ဆွေကောင်းကို မရခဲ့မူ မင်းသည် မိမိ အောင်နိုင်ပြီးသော တိုင်းနိုင်ငံကို ပယ်စွန့်ကာ တယောက်တည်း ကျင့်သကဲ့သို့ရင်း တော၌ မာတင်္ဂမည်သော ဆင်ပြောင်ကြီးသည် တကောင်တည်း လှည့်လည်သကဲ့သို့ရင်း တယောက်တည်း ကျင့်ရာ၏။

၁၀၃။ အပေါင်းအဖော်တို့နှင့် ပြည့်စုံခြင်းကို အမှန်ပင် ငါတို့ ချီးမွမ်းပါကုန်၏၊ သီလ စသည်တို့ဖြင့် မိမိထက် မြတ်သော အပေါင်းအဖော်တို့ကိုရင်း မိမိနှင့်တူသော အပေါင်းအဖော်တို့ကိုရင်း မှီဝဲ ပေါင်းသင်းထိုက်ကုန်၏၊ ဤသို့သော အပေါင်း အဖော်တို့ကို မရခဲ့သော် အပြစ်ကင်းသော ဘောဇဉ်ကို သုံးဆောင် မှီဝဲလျက် ကြံ့ချိုပမာ တယောက်တည်း ကျင့်ရာ၏။

၁၀၄။ ရွှေပန်းထိမ်သည်သားသည် ကောင်းစွာ ပြုလုပ်ပြီးကုန်သော လက်၌ နှစ်ဆင့်ဝတ်ထားသော ရွှေရောင် တလက်လက် ထွက်သော ရွှေလက်ကောက်တို့ အချင်းချင်း ထိခိုက်ကြသည်တို့ကို မြင်ရ၍ ကြံ့ချိုပမာ တယောက်တည်း ကျင့်ရာ၏။

၁၀၅။ အဖော်နှင့်တကွ ဤသို့ စကားပြောရခြင်းသည်ရင်း အလွန်ကပ်ငြိ, စွဲလမ်းခြင်းသည်ရင်း ငါ့အား ဖြစ်ခဲ့ရာ၏၊ နောင်အခါ ဖြစ်မည့် ဤသို့သော ဘေးကို ရှုဆင်ခြင်လျက် ကြံ့ချိုပမာ တယောက်တည်း ကျင့်ရာ၏။

http://www.dhammadownload.com



၁၀၆။ ဆန်းကြယ်ကုန် သာယာဖွယ် ဖြစ်ကုန်သော စိတ်ပျော်မွေ့ဖွယ်ဖြစ်ကုန်သော ကာမဂုဏ်တို့သည် ဖောက်ပြန်သော သဘောအားဖြင့် စိတ်ကို မွေ့နှောက် ချောက်ချားတတ်ကုန်၏ဟု ကာမဂုဏ်တို့၌ အပြစ်ကို ရှုမြင်ပြီး၍ ကြံ့ချိုပမာ တယောက်တည်း ကျင့်ရာ၏။

၁၀၇။ ဤကာမဂုဏ်သည် ဘေးရန်လည်း မည်၏၊ အိုင်းအမာလည်း မည်၏၊ ကပ်၍ နှိပ်စက်တတ်သော ဥပဒ္ဒဝေါလည်း မည်၏၊ အနာရောဂါလည်း မည်၏၊ ငြောင့်တံသင်းလည်း မည်၏၊ ဘေးလည်း မည်၏ဟု ကာမဂုဏ်တို့၌ ဤသို့သော ဘေးကို ရှုမြင်ပြီး၍ ကြံ့ချိုပမာ တယောက်တည်း ကျင့်ရာ၏။

၁၀၈။ အအေးကိုရင်း အပူကိုရင်း ဆာလောင်ခြင်းကိုရင်း မွတ်သိပ်ခြင်းကိုရင်း လေနေပူတို့ကိုရင်း ခြင် မှက် မြွေ ကင်း သန်းတို့ကိုရင်း ဤအလုံးစုံတို့ကို လွှမ်းမိုး နှိမ်နင်း၍ ကြံ့ချိုပမာ တယောက်တည်း ကျင့်ရာ၏။

၁၀၉။ ကောင်းသော လုံးရပ် သဏ္ဌာန် ကြန်အင် လက္ခဏာရှိသော ပဒုမာကြာအဆင်းရှိ၍ မြင့်မြတ်သော ဆင်ပြောင်ကြီးသည် ဆင်အပေါင်းတို့ကို ရှောင်ဖယ် စွန့်ခွါလျက် တော၌ မွေ့လျော်သမျှ နေသကဲ့သို့ ကြံ့ချိုပမာ တယောက်ထည်း ကျင့်ရာ၏။

၁၁၀။ အပေါင်းအဖော်၌ မွေ့လျော်သူအား (ဝင်စားဆဲ၌) ကိလေသာမှ လွတ်မြောက်မှု လောကီသမာပတ်ကို ရနိုင်ရာ၏ဟူသော အကြောင်းမျိုးသည် အကြောင်းမှန်မဟုတ်ရိုး၊ ဤသို့လျှင် နေမင်း၏ အဆွေဖြစ်တော်မူသော ပစ္စေကဗုဒ္ဓါ၏ စကားတော်ကို (ဉာဏ်ဖြင့်) ဆင်ခြင်၍ (အပေါင်းအဖော်၌) မွေ့လျော်မှုကို ပယ်ဖျောက်လျက် ကြံ့ချိုပမာ တယောက်တည်း ကျင့်ရာ၏။

၁၁၁။ (ငါသည်) မိစ္ဆာအယူဟူသော ငြောင့်တံသင်းတို့ကို လွန်၍ ဖြစ်ပြီးလျှင် သောတာပတ္တိမဂ်သို့ ရောက်ပြီးသူ အထက်မဂ်သုံးပါးကို ရပြီးသူဖြစ်၍ သူတပါးတို့ သိစေအပ်သည်မဟုတ်ပဲ ဖြစ်ပေါ်လာသော ပစ္စေကဗောဓိဉာဏ်ရှိသူဖြစ်၏၊ (ထို့ကြောင့် ဗောဓိဉာဏ်ကို အလိုရှိသူသည်) ကြံ့ချိုပမာ တယောက်တည်း ကျင့်ရာ၏။

၁၁၂။ အာဟာရ၌ လော်လည်ခြင်းကင်းသူ အံ့ဩဖွယ်ပြုခြင်းမှ ကင်းသူ မွတ်သိပ်ခြင်းမှ ကင်းသူ သူ့ကျေးဇူးကို ချေဖျက်ခြင်းမှ ကင်းသူ တွေဝေမှု ဖန်ရည်ကို ထုတ်နုတ်အပ်ပြီးသူ လောကအားလုံး၌ တွယ်တာမှု တဏှာကင်းသူဖြစ်၍ ကြံ့ချိုပမာ တယောက်တည်း ကျင့်ရာ၏။

၁၁၃။ အကျိုးမဲ့ကို ပြတတ်သော ကာယဒုစရိုက်စသည့် မညီမညွတ်ရာ၌ သက်ဝင်တတ်သော ကာမ၌ လိုက်စားသော ကုသိုလ်ကောင်းမှုတို့၌ မေ့လျော့တတ်သော ယုတ်ညံ့သော အပေါင်းအဖော်ကို ရှောင်ရာ၏၊ မိမိအလိုအားဖြင့် မမှီဝဲရာ၊ ကြံ့ချိုပမာ တယောက်တည်း ကျင့်ရာ၏။

၁၁၄။ အကြားအမြင်များ၍ တရားကို ဆောင်သူ မြင့်မြတ်ပြန့်ပြော၍ ပဋိဘာန်ဉာဏ်အမြင်ရှိသူ မိတ်ဆွေကို မှီဝဲဆည်းကပ်ရာ၏၊ အကျိုးစီးပွါးတို့ကို သိ၍ ယုံမှားခြင်းကို ပယ်ဖျောက်ပြီးလျှင် ကြံ့ချိုပမာ တယောက်တည်း ကျင့်ရာ၏။

http://www.dhammadownload.com



၁၁၅။ လောက၌ မြူးထူးခြင်းကိုရင်း မွေ့လျော်ခြင်းကိုရင်း ကာမချမ်းသာကိုရင်း တင့်တယ်လျောက်ပတ်၏ဟု မယူမူ၍ ငဲ့ကွက်ခြင်း မရှိပဲ အတင့်အတယ် ပြုခြင်းမှ ရှောင်ကြဉ်ကာ အမှန်စကားကို ပြောဆိုလျက် ကြံ့ချိုပမာ တယောက်တည်း ကျင့်ရာ၏။

၁၁၆။ သားသမီးကိုရင်း မယားကိုရင်း အဖကိုရင်း အမိကိုရင်း ဥစ္စာတို့ကိုရင်း ကောက်ပဲသီးနှံတို့ကိုရင်း မိတ်ဆွေအပေါင်းအဖော်တို့ကိုရင်း မမိ မိမိတို့၏ အပိုင်းအခြား အလိုက် တည်ကုန်သော ကာမဂုဏ်တို့ကိုရင်း စွန့်ပယ်လျက် ကြံ့ချိုပမာ တယောက်တည်း ကျင့်ရာ၏။

၁၁၇။ ဤကာမဂုဏ်သည် သတ္တဝါတို့ ငြိတွယ်ရာဖြစ်၏၊ ဤကာမဂုဏ်၌ ချမ်းသာခြင်းသည် နည်းပါး၏၊ ဤကာမဂုဏ်၌ သာယာဖွယ် မရှိ၊ ဆင်းရဲများ၏၊ ဤကာမဂုဏ်၌ ငါးမျှား ချိတ်နှင့်တူ၏ဟု သိ၍ ပညာရှိသောသူသည် ကြံ့ချိုပမာ တယောက်တည်း ကျင့်ရာ၏။

၁၁၈။ ရေ၌ ကျက်စားသော ငါးသည် ပိုက်ကွန်ကို ဖြတ်တောက်၍ မကပ်မငြိ သွားသကဲ့သို့ (သံယောဇဉ်)အနှောင်အဖွဲ့တို့ကို အကြွင်းမဲ့ ဖြတ်တောက်ပြီးလျှင် မီးသည် လောင်ကျွမ်းပြီးရာ အရပ်သို့ ပြန်လှည့်မလာသကဲ့သို့(ကာမဂုဏ်တောသို့ ပြန်မလှည့်မူ၍)ကြံ့ချိုပမာ တယောက်တည်း ကျင့်ရာ၏။

၁၁၉။ အောက်သို့ မျက်လွှာချသည်ဖြစ်၍ ခြေထောက်မလျှပ်ပေါ်ပဲ စောင့်ရှောက်သော ဣန္ဒြေ စောင့်စည်းသောစိတ်ရှိသဖြင့် ကိလေသာမိုးလည်း မစိုစွတ်၊ ကိလေသာမီးလည်း မလောင်မြိုက်မူ၍ ကြံ့ချိုပမာ တယောက်တည်း ကျင့်ရာ၏။

၁၂၀။ လူ့အသွင်အပြင်တို့ကို ပယ်ဘွန့်၍ အိမ်မှ ထွက်ပြီးလျှင် ကောင်းစွာ ဖုံးလွှမ်းထားသော အရွက်ရှိသော-ပင်လယ်ကသစ်ပင်ကဲ့သို့ ဖန်ရည်ဆိုး အဝတ်သင်္ကန်းတို့ကို ဝတ်ရုံဖုံးလွှမ်းလျက် ကြံ့ချိုပမာ တယောက်တည်း ကျင့်ရာ၏။

၁၂၁၊ ရသာရုံ၌လည်း တပ်မက်မောခြင်းကို မပြု၊ လျှပ်ပေါ်သော တဏှာလည်း မရှိ၊ သူတပါးတို့ မွေးမြူမှုကိုလည်း မခံယူပဲ အိမ်စဉ်အတိုင်း ဆွမ်းခံလှည့်လည်လျက် အမျိုးတိုင်းအမျိုးတိုင်း၌ ကပ်ငြိနှောင်ဖွဲ့သော စိတ်မရှိမူ၍ ကြံ့ချိုပမာ တယောက်တည်း ကျင့်ရာ၏။

၁၂၂။ စိတ်၏ အပိတ်အပင် နီဝရဏငါးပါးတို့ကို ပယ်၍ အလုံးစုံသော ညစ်ညူးကြောင်းတို့ကို နုတ်ပယ်လျက် မိစ္ဆာဒိဋ္ဌိကို မမှီပဲ ချစ်ခြင်းတဏှာ ဟူသော 'သိနေဟ' နှင့် အပျက်ဒေါသကို ဖြတ်တောက်ပြီးလျှင် ကြံ့ချိုပမာ တယောက်တည်း ကျင့်ရာ၏။

၁၂၃။ ချမ်းသာ 'သုခ' ကိုရင်း ဆင်းရဲ 'ဒုက္ခ' ကိုရင်း ဝမ်းမြောက်ခြင်း 'သောမနဿ' ကိုရင်း နှလုံးမသာခြင်း 'ဒေါမနဿ' ကိုရင်း ရှေးအဘို့ (ဥပစာရ)၌ပင်လျှင် စွန့်ပစ်ပယ်ရှားကျော်ခိုင်းထားလျက် အထူးသဖြင့် စင်ကြယ်၍ ငြိမ်သက်တည်ကြည်သော (စတုတ္ထဈာန်) ဥပေက္ခာကို ရပြီးလျှင် ကြံ့ချိုပမာ တယောက်တည်း ကျင့်ရာ၏။

၁၂၄။ နိဗ္ဗာန်ဟူသော မြတ်သောအကျိုးသို့ ရောက်ခြင်းငှါ ထက်သန်သော လုံ့လ မဆုတ်နစ်သော စိတ် မပျင်းရိသောဖြစ်ခြင်း မြဲမြံသော ဝီရိယရှိသည်ဖြစ်၍ ကိုယ်အား ဉာဏ်အားနှင့် ပြည့်စုံလျက် ကြံ့ချိုပမာ တယောက်တည်း ကျင့်ရာ၏။

http://www.dhammadownload.com



၁၂၅။ တယောက်တည်း ကိန်းအောင်းခြင်းကိုရင်း ဈာန်ကိုရင်း မကင်းဆိတ်စေမူ၍ ဓမ္မာ ငါးပါးတရားတို့၌ အစဉ်တစိုက် လိုက်သော ဝိပဿနာအကျင့်ကို အမြဲကျင့်သည်ဖြစ်၍ ဘဝတို့၌ အပြစ်ကို ဆင်ခြင်သုံးသပ်လျက် ကြံ့ချိုပမာ တယောက်တည်း ကျင့်ရာ၏။

၁၂၆။ တဏှာကုန်ရာ နိဗ္ဗာန်ကို တောင့်တလျက် မမေ့မလျော့ မထိုင်း မအပဲ အကြား အမြင် 'သုတ' အောက်မေ့မှု 'သတိ'ရှိသည်ဖြစ်၍ ပိုင်းခြားသိအပ်ပြီးသော တရားရှိသူ အရိယာ မဂ်ဖြင့် မြဲခြင်းသို့ ရောက်ပြီးသူ သမ္မပ္ပဓာန် လုံ့လရှိသူဖြစ်လျက် ကြံ့ချိုပမာ တယောက်တည်း ကျင့်ရာ၏။

၁၂၇။ ခြင်္သေ့သည် အသံတို့ကြောင့် မထိတ်လန့်သကဲ့သို့ အနိစ္စစသည်တို့ကြောင့် မထိတ်လန့်ပဲ လေသည် ပိုက်ကွန်၌ မကပ်ငြိသကဲ့သို့ ခန္ဓာစသည်တို့၌ မကပ်ငြိပဲ ပဒုမာ ကြာသည် ရေဖြင့် မလိမ်းကျံသကဲ့သို့ ကိလေသာဖြင့် မလိမ်းကျံပဲ ကြံ့ချိုပမာ တယောက် တည်း ကျင့်ရာ၏။

၁၂၈။ အစွယ်ဟူသော အားရှိသော ခြင်္သေ့ မင်းသည် သားကောင်တို့ကို နှိပ်စက်လွှမ်းမိုး ၍ လှည့်လည်သွားလာသကဲ့သို့ ဝေးသော ကျောင်းအိပ်ရာ နေရာတို့ကို မှီဝဲလျက် ကြံ့ချို ပမာ တယောက်တည်း ကျင့်ရာ၏။

၁၂၉။ တရံတခါ ဆန့်ကျင်ဘက်တို့မှ လွတ်မြောက်သော ချစ်ခြင်း'မေတ္တာ'ကိုရင်း လျစ် လျူရှုမှု 'ဥပေက္ခာ'ကိုရင်း သနားမှု 'ကရုဏာ'ကိုရင်း ဝမ်းမြောက်မှု 'မုဒိတာ'ကိုရင်း မှီဝဲလျက် အလုံးစုံသော လောကနှင့် မဆန့်ကျင်မူ၍ ကြံ့ချိုပမာ တယောက်တည်း ကျင့်ရာ၏။

၁၃၀။ တပ်စွန်းမှု 'ရာဂ'ကိုရင်း အမျက်ထွက်မှု 'ဒေါသ'ကိုရင်း တွေဝေမှု 'မောဟ'ကိုရင်း ပယ်စွန့်လျက် သံယောဇဉ် အနှောင်အဖွဲ့တို့ကို ဖြတ်တောက်ကာ အသက်ကုန်ဆုံးခြင်း၌ တိတ်လန့်မှု မရှိသည်ဖြစ်၍ ကြံ့ချိုပမာ တယောက်ဘည်း ကျင့်ရာ၏။

၁၃၁။ ယခုအခါ အဆွေခင်ပွန်းတို့သည် ကိုယ်ကျိုး ကိုယ်စီးပွါးဟူသော အကြောင်း ကြောင့် ာလျှင် ဆည်းကပ်ကြကုန်၏၊ မှီဝဲကြကုန်၏၊ ကိုယ်ကျိုးကိုယ်စီးပွါး ဟူသောအကြောင်း မရှိကုန်ပဲ ဆည်းကပ်မှီဝဲသူ အဆွေခင်ပွန်းတို့ကို ရခဲကုန်၏၊ မစင်ကြယ်သော လူတို့သည် ကိုယ်ကျိုး ကိုယ်စီးပွါးကိုသာ မြင်စွမ်းနိုင်သည့် ပညာရှိကုန်၏၊ (ထိုသို့သဘောရှိသော သူတို့မှ ငြီးငွေ့သည်ဖြစ်၍) ကြံ့ချိုပမာ တယောက်တည်း ကျင့်ရာ၏။

၁၃၂-၁၃၃။ အထူးသဖြင့် စင်ကြယ်သည့် (စတုပါရိသုဒ္ဓိ)သီလရှိကုန်သော စင်ကြယ်သော မဂ် ဖိုလ် ပညာရှိကုန်သော တည်ကြည်သော 'သမာဓိ'ရှိကုန်သော နိုးကြားခြင်း၌ မပြတ်ယှဉ် ကုန်သော(တရားကို)ရှုလေ့ရှိကုန်သော တရားအထူးကို မြင်လေ့ရှိကုန်သော မဂ္ဂင် ဗောဇ္ဈင် တို့နှင့် ယှဉ်သော တရားတို့ကို သိကုန်သော အကြင်ပစ္စေကဗုဒ္ဓါတို့သည် (အနတ္တာနုပဿနာ- အစွမ်းဖြင့်)သုညတဝိမောက္ခကိုရင်း (ဒုက္ခာနုပဿနာအစွမ်းဖြင့်) အပ္ပဏိဟိတဝိမောက္ခကိုရင်း ထို့အတူ(အနိစ္စာနုပဿနာအစွမ်းဖြင့်)အနိမိတ္တဝိမောက္ခကိုရင်း မှီဝဲသောအားဖြင့် ပွါးများ၍ မြတ်စွာဘုရားသာသနာတော်၌ တပည့်သာဝကအဖြစ်သို့ မရောက်ကြကုန်၊ ထိုပစ္စေကဗုဒ္ဓါ ဘုရားလောင်းတို့သည် အလိုလိုသိသော ပစ္စေကဗုဒ္ဓါတို့ ဖြစ်ကုန်၏။

http://www.dhammadownload.com



၁၃၄-၁၃၅။ များသော တရားရှိကုန်သော များစွာသော တရားတည်းဟူသော ကိုယ်ရှိကုန်သော စိတ်ကို အစိုးရကုန်သော ခပ်သိမ်းသော ဆင်းရဲအယဉ်ကို ကူးမြောက်ပြီးကုန်သော တက်ကြွသော စိတ်ရှိကုန်သော မြတ်သော နိဗ္ဗာန်ကို မြင်လေ့ရှိကုန်သော ခြင်္သေ့မင်းနှင့် တူကုန်သော ကြံ့ချိုနှင့် တူကုန်သော ငြိမ်သက်သော ဣန္ဒြေရှိကုန်သော ငြိမ်သက်သော စိတ်ရှိကုန်သော တည်ကြည်သော သမာဓိရှိကုန်သော ပစ္စန္တရစ်၌ဖြစ်သော သတ္တဝါတို့၌ သနားကရုဏာစသည်ဖြင့် ကျက်စားသော အာရုံရှိကုန်သော သူတပါး အကျိုးစီးပွါးကို ပြတတ်ကုန်သော ဤလောက၌ ပညာရောင်ဖြင့် တောက်ပကုန်သော ဤပစ္စေကဗုဒ္ဓါတို့သည် အမြဲအကျိုးစီးပွါးကို ဆောင်ကုန်၏။

၁၃၆။ (နိဝရဏ)တရားအားလုံးတို့ကို ပယ်ပြီးဖြစ်ကုန်သော လူတို့ကို အစိုးရကုန်သော လူတို့မှီခိုရာ ကိုင်းကျွန်းသဖွယ် ဖြပ်ကုန်သော တခဲနက်သော ရွှေနှင့်တူသော အရောင်ရှိကုန်သော စင်စစ် လူတို့၏ မြတ်သောအလှူကို ခံထိုက်ကုန်သော ဤပစ္စေကဗုဒ္ဓါတို့သည် အမြဲဝင်စားအပ်သော သမာပတ်ရှိကုန်၏။

၁၃၇။ ပစ္စေကဗုဒ္ဓါတို့၏ ကောင်းစွာဟောအပ်သော တရားတို့ကို နာကြကုန်လျက် နတ်နှင့်တကွသော လောက၌ (ဟောတော်မူတိုင်း) လိုက်နာကျင့်ကြံကြကုန်၏၊ အကြင်လူမိုက်တို့သည် (ဟောတော်မူတိုင်း) မလိုက်နာကြကုန်၊ ထိုလူမိုက်တို့သည် ဝဋ်ဆင်းရဲတို့၌ အဖန်တလဲလဲ ကျင်လည်ကြရကုန်၏။

၁၃၈။ ယိုစီးသော ပျားယယ်ရည်ကဲ့သို့ ပစ္စေကဗုဒ္ဓါတို့၏ ကောင်းစွာဟောတော်မူအပ်သော တရားတို့ကို ကြားနာရကုန်၍ အကြင်သူတို့သည် ကြားနာရသည့်အတိုင်း အကျင့်နှင့် ယှဉ်ကုန်၏၊ ပညာရှိကုန်သော ထိုသူတို့သည် သစ္စာလေးပါးတရားကို သိမြင်ရကုန်၏။

၁၃၉။ ပစ္စေကဗုဒ္ဓါဘုရားတို့သည် ဟောတော်မူအပ်ကုန်သော မြတ်သော ထိုတရားတို့ကို တောထွက်တော်မူ၍ သာကီဝင်မင်းတို့ထက် မြတ်သော လူတို့ထက်မြတ်သော ဘုရားရှင်သည် လောကုတ္တရာ တရားကိုးပါးကို သိစေခြင်းငှါ ပြတော်မူ၏။

၁၄၀။ လူအပေါင်းကို သနားတော်မူသဖြင့် ထိုပစ္စေကဗုဒ္ဓါရှင်တို့ ဤသို့ ဟောတော်မူအပ်သော တရားတိကို (သံသရာ၌)ထိတ်လန့်ခြင်း ကပ်ငြိခြင်း ကင်းခြင်းငှါလည်းကောင်း ပညာပွါးစေခြင်းငှါလည်းကောင်း အလိုလို သိသော ဘုရားမြတ်သည် ထင်ရှား ပြတော်မူအပ်ကုန်၏။

ပစ္စေကဗုဒ္ဓအပဒါန် ပြီး၏။

---

## ၃-၁-သာရိပုတ္တတ္ထေရ အပဒါန်

ပစ္စေကဗုဒ္ဓအပဒါန်၏ အခြားမဲ့၌ ထေရအပဒါန်ကို နာကြကုန်လော့—

၁၄၁။ ဟိမဝန္တာတောင်၏ အနီး၌ လမ္ဗကမည်သောတောင်သည် ရှိ၏၊ (ထိုတောင်၌) ငါသည် သစ်မိးကျောင်းကို ကောင်းစွာ ပြုအပ်၏၊ သစ်ရွက်မိုးကျောင်းကို ကောင်းစွာ ဖန်ဆင်းအပ်၏။

http://www.dhammadownload.com



၁၄၂။ ငါ၏ သခ်မ်းကျောင်းအနီး၌ အလွန်မစောက်သော ကမ်းပါးရှိသည်ဖြစ်၍ ကောင်းသော ဆိပ်ကမ်းရှိသော မြစ်ငယ်သည် နှလုံးမွေ့လျော် ပျော်ရွှင်ဖွယ်ကောင်း၏၊ (ပုလဲအသွင်) ဖြူစင်သော သဲပြင်လည်း ရှိ၏။

၁၄၃။ ထိုသခ်မ်းကျောင်းအနီး၌ ကျောက်စရစ်ကင်း၍ အလွန် မနက်ရှိုင်းသော စက်ဆုပ်ဖွယ် ရနံ့ကင်းသောကြောင့် ချိုမြိန်သော ရေရှိသော မြစ်ငယ်သည် ငါ၏သခ်မ်းကျောင်းကို တင့်တယ်စေလျက် စီးဆင်း၏။

၁၄၄။ ဤမြစ်ငယ်၌ မိကျောင်းမကန်းတို့သည်လည်းကောင်း ကြမ်းကမ်းသော ငါးတို့သည်လည်းကောင်း လိပ်တို့သည်လည်းကောင်း ငါ၏ သခ်မ်းကျောင်းကို တင့်တယ်စေကုန်လျက် ထိုသခ်မ်းကျောင်းအနီး၌ဖြစ်သော မြစ်၌ ကျက်စားကုန်၏။

၁၄၅။ ငဖယ် ငတန် ငပတ်တို့သည်ရင်း ငရံ့ ကြေင်း ငခူတို့သည်ရင်း ထိုမှ ဤမှ ခုန်ပျံ မြူးထူးကြကုန်လျက် ငါ၏သခ်မ်းကျောင်းကို တင့်တယ်စေကုန်၏။

၁၄၆။ မြစ်၏ ကမ်းနှစ်ဖက်တို့၌ အပွင့်အသီးရှိကုန်သော သစ်ပင်တို့သည် ကမ်းနှစ်ဖက်တို့မှ တွဲရရွဲကျကုန်လျက် ငါ၏ သခ်မ်းကျောင်းကို တင့်တယ်စေကုန်၏။

၁၄၇။ သရက်ပင် အင်ကြင်းပင် ပြည့်စင်ပင်တို့သည်ရင်း သခွတ်ပင် ရေအုန္နဲပန်းပင်တို့သည်ရင်း အမြဲမပြတ် ပွင့်ကြကုန်သောကြောင့် နတ်ပန်းရနံ့ကဲ့သို့သော ရနံ့တို့သည် ငါ၏ သခ်မ်းကျောင်း၌ ထက်ဝန်းကျင် သင်းပျံ့ ကြိုင်လှိုင်ကုန်၏။

၁၄၈။ စကားပင် ထင်းရှူးပင် ကျည်းပင်တို့သည်ရင်း ကံ့ကော်ပင် ပုံးညက်ပင် ဆတ်သွားပင်တို့သည်ရင်း အမြဲမပြတ် ပွင့်ကြကုန်သည်ဖြစ်၍ နတ်ပန်းရနံ့ကဲ့သို့သော ရနံ့တို့သည် ငါ၏ သခ်မ်းကျောင်း၌ ထက်ဝန်းကျင် သင်းပျံ့ ကြိုင်လှိုင်ကုန်၏။

၁၄၉။ ငါ၏ သခ်မ်းကျောင်း၌ စစ်ကြီးပင် သော်ကပင် ဘဂိနီမာလာပင်တို့သည် အမြဲမပြတ် ပွင့်၍ နေကြကုန်၏၊ မှန်ကူပင် မျက်နှာပန်းပင်တို့သည်လည်း အမြဲမပြတ် ပွင့်၍ နေကြကုန်၏။

၁၅၀။ ဆတ်သွားဖူးပင် ခတ္တာပင်တို့သည်ရင်း ဆူးပန်းပင် စပယ်ကြက်ရိုးပင်တို့သည်ရင်း နတ်ပန်းရနံ့ကဲ့သို့သော ရနံ့ကြိုင်လှိုင်ကုန်လျက် ငါ၏ သခ်မ်းကျောင်းကို တင့်တယ်စေကုန်၏။

၁၅၁။ မဟာလေ့ကားကြီး မဟာလေကားကလေးပင်တို့သည်ရင်း များစွာသော ပိတောက်ပင် ဖောက်ကြံ့ပင်တို့သည်ရင်း နတ်ပန်းရနံ့ကဲ့သို့သော ရနံ့ကို သင်းပျံ့ကြိုင်လှိုင်စေလျက် ငါ၏ သခ်မ်းကျောင်းကို တင့်တယ်စေကုန်၏။

၁၅၂။ ပုန်းညက်ပင်တို့သည်ရင်း တောင်ပုန်းညက်ပင်တို့သည်ရင်း ပင်လယ်ကသစ်ပင်တို့သည်ရင်း အမြဲမပြတ် ပွင့်ကုန်သည်ဖြစ်၍ နတ်ပန်းရနံ့ကဲ့သို့သော ရနံ့ကို သင်းပျံ့ကြိုင်လှိုင်စေလျက် ငါ၏သခ်မ်းကျောင်းကို တင့်တယ်စေကုန်၏။

၁၅၃။ ငုရွှေပင်တို့သည်ရင်း လက်ထုပ်ပင်တို့သည်ရင်း များစွာသော ထိန်ပင်တို့သည်ရင်း ချယားပင်တို့သည်ရင်း နတ်ပန်းရနံ့ကဲ့သို့သော ရနံ့ကို သင်းပျံ့ကြိုင်လှိုင်စေလျက် ငါ၏ သခ်မ်းကျောင်းကို တင့်တယ်စေကုန်၏။

http://www.dhammadownload.com



၁၅၄။ ပဲဘတ်ပင် ပဲနောက်ပင်တို့သည်၎င်း ငှက်ပျောပင် ရှောက်ပင်တို့သည်၎င်း ထိုသစ်ပင်တို့သည် ကောင်းစွာ ကြီးပွါးကြရကုန်သည်ဖြစ်၍ အသီးတို့ကို ဆောင်ကုန်၏။

၁၅၅။ ထိုအခါ ငါ၏သင်္ခမ်းကျောင်းအနီးဖြစ်သော တဖက်ဆည်ကန်၌ အချိုသောပဒုမာကြာတို့သည် ပွင့်ကြကုန်၏၊ အချိုကား ပွင့်ပြီးကုန်သည်ဖြစ်၍ ကြာရွက်မျှသာ ရှိကုန်၏။

၁၅၆။ ထိုအခါ တဖက်ဆည်ကန်၌ အချိုသော ပဒုမာကြာတို့သည် ဝတ်မှုံတည်းဟူသော ကိုယ်ဝန်ကို ယူကုန်၏၊ ကြာစွယ်တို့ ထွက်ပေါ်ကုန်၏၊ အရွက်တို့ဖြင့် ပြွမ်းသော ကြာပင်ရုံတို့သည် တင့်တယ်ကုန်၏။

၁၅၇။ ထိုအခါ တဖက်ဆည်ကန်၌ လံဗူးချုံတို့သည်၎င်း သရက်နံ့ရှိသော ပန်းပင်တို့သည်၎င်း မြစ်ကိုင်းပန်းပင်တို့သည်၎င်း ခေါင်ရမ်းပန်းပင်တို့သည်၎င်း အမြဲမပြတ် ပွင့်ကြကုန်သည် ဖြစ်၍ နတ်ပန်း ရနံ့ကဲ့သို့သော ရနံ့တို့သည် သင်းပျံ့ ကြိုင်လှိုင်ကုန်၏။

၁၅၈။ ထိုအခါ တဖက်ဆည်ကန်၌ ဖေယ် တေန် ပေတ်တို့သည်၎င်း ရေ့ ကြေင်း နေ့သန်း ခွေ့တို့သည်၎င်း နေကုန်၏။

၁၅၉။ ထိုအခါ တဖက်ဆည်ကန်၌ မိကျောင်း ကြမ်းတမ်းသောငါး ညံသတ္တဝါတို့သည်၎င်း ရေစောင့်ဘီလူးတို့သည်၎င်း ဩဂုဟာမည်သောမြွေ စပါးကြီးမြွေတို့သည်၎င်း နေကုန်၏။

၁၆၀။ ခို ငှက် ဝမ်းဘဲ စက္ကဝက်ငှက်တို့သည်၎င်း တင်ကြီး ဥဩ ကျေး သာလိကာတို့သည်၎င်း ထိုတဖက်ဆည်ကန်ကို အမှီပြု၍ အသက်မွေးကုန်၏။

၁၆၁။ ဘုတ်ငှက် ပုဇွန်(ငှက်) တို့သည်၎င်း တော၌ သက်န်းဖွပ်ငှက် ဘုံမတီးငှက် ငှက်ကုလားတို့သည်၎င်း ထိုတဖက်ဆည်ကန်ကို အမှီပြု၍ အသက်မွေးကုန်၏။

၁၆၂။ ဟင်္သာ ကြိုးကြာ ဥဒေါင်းတို့သည်၎င်း ဥဩ တောကြက်(ခရုစုတ်)ငှက် ဇီဝဇိုးငှက်တို့သည်၎င်း ထိုတဖက်ဆည်ကန်ကို အမှီပြု၍ အသက်မွေးကုန်၏။

၁၆၃။ ခင်ဘုတ်ငှက် တောင်ပတီးငှက် ဝံလိုငှက်တို့သည်၎င်း သိန်းစွန်ငှက်တို့သည်၎င်း များစွာသော ငှက်နက်ကြီးတို့သည်၎င်း ထိုတဖက်ဆည်ကန်ကို အမှီပြု၍ အသက်မွေးကုန်၏။

၁၆၄။ ချေ ဝက် စာမရီ သားကောင် ကြံ့တို့သည်၎င်း များစွာသော ဖိုင်တို့သည်၎င်း သုကပေါတမည်သော သားတို့သည်၎င်း ထိုတဖက်ဆည်ကန်ကို အမှီပြု၍ အသက်မွေးကုန်၏။

၁၆၅။ ခြင်္သေ့ ကျား သစ် ဝံပုလွေ အောင်းတို့သည်၎င်း အရပ်သုံးပါးမှ ယိုစီးကျသော မုန်ရှိသော ဆင်တို့သည်၎င်း ထိုတဖက်ဆည်ကန်ကို အမှီပြု၍ အသက်မွေးကုန်၏။

၁၆၆။ ကိန္နရာ မျောက်တို့သည်၎င်း ထိုမှတပါး တောအလုပ်သမား ငါးမှုဆိုးတံငါ သားမှုဆိုးဘို့သည်၎င်း ထိုတဖက်ဆည်ကန်ကို အမှီပြု၍ အသက်မွေးကုန်၏။

၁၆၇။ တည်ပင် လွန်ပင်တို့သည်၎င်း သစ်မည်စည်ပင် ဇာရက်ဖြူပင်တို့သည်၎င်း ငါ၏ သင်္ခမ်းကျောင်းမှ မနီးမဝေးသောအရပ်၌ အမြဲ အသီးတို့ကို ဆောင်ကုန်၏။

http://www.dhammadownload.com



၁၆၈။ ကြို့ပင် ထင်းရှူးပင် တမာပင်တို့သည် ကောင်းသော အသီး သီးကုန်လျက် ငါ၏ သင်္ခမ်းကျောင်းမှ မနီးမဝေးသောအရပ်၌ အမြဲ အသီးတို့ကို ဆောင်ကုန်၏။

၁၆၉။ သဖန်းခါးပင် သျှိသျှားပင် သရက်ပင် သပြေပင် သင်္ဘောဆိမ့်ပင်တို့သည်ရှင်း အိမ်ဆီး ပင် ချေးပင် (သစ်စေးပင်) အုပ်ရှစ်ပင်တို့သည်ရှင်း ထိုသစ်ပင်တို့သည် အသီးတို့ကိုဆောင်ကုန်၏။

၁၇၀။ မြောက်ပင် သင်းတောက်ပင် ပိန်းပင် သထွေးပင် ကန်ဇွန်းကြီးပင်တို့သည်ရှင်း သုတကမည်သော သစ်ပင်တို့သည်ရှင်း ငါ၏ သင်္ခမ်းကျောင်း၌ များပြားကုန်၏။

၁၇၁။ သင်္ခမ်းကျောင်း၏ အနီး၌ ကောင်းစွာ ဖန်ဆင်းအပ်ကုန်သော ကြည်လင်သောရေ အေးမြသောရေရှိကုန်သော ကောင်းသော ရေဆိပ်ရှိသော နှလုံးမွေ့လျော်ဖွယ်ရှိကုန်သော တဖက်ဆည်ကန်တို့သည် ရှိကုန်၏။

၁၇၂။ ပဒုမာကြာ ဥပ္ပလကြာတို့ဖြင့် ဖုံးလွှမ်းအပ်ကုန်သော ပုဏ္ဍရိက်ကြာတို့နှင့် ကောင်း စွာ ယှဉ်ကုန်သော မြောက်လေ့ကူးတို့ဖြင့် ဖုံးလွှမ်းအပ်ကုန်သော ရေကန်တို့သည် ဖြစ်ကုန်၏၊ နတ်ပန်းရနံ့ကဲ့သို့သော ရနံ့သည် သင်းပျံ့ ကြိုင်လှိုင်ကုန်၏။

၁၇၃။ ငါသည် သုရုစိရသေ့ဖြစ်စဉ်အခါ ဤသို့ အလုံးစုံသော အင်္ဂါနှင့်ပြည့်စုံသော အပွင့် အသီးရှိသော တောဝယ် ကောင်းစွာ ပြုအပ်သော မွေ့လျော်ဖွယ်ကောင်းသော သင်္ခမ်း ကျောင်း၌ နေခဲ့၏။

၁၇၄။ ငါသည် သီလရှိသော အကျင့်နှင့်ပြည့်စုံသော ဈာန်ဝင်စားလေ့ရှိသော အခါခပ် သိမ်း ဈာန်ဖြင့်မွေ့လျော်သော အဘိညာဉ်ငါးပါးတည်းဟူသော အားသို့ရောက်သော သုရုစိ ရသေ့ဖြစ်ခဲ့ပြီ။

၁၇၅။ နှစ်သောင်းလေးထောင်သော တပည့်တို့သည် ငါ့အား လုပ်ကျွေးကုန်၏၊ အလုံးစုံ သော ထိုပုဏ္ဏားပျို တပည့်တို့သည်လည်း ဗြာဟ္မဏမျိုးဖြင့်ကြကုန်၏၊ ဇာတ်နှင့် ပြည့်စုံကြ ကုန်၏၊ များသော အခြံအရံ ရှိကြကုန်၏။

၁၇၆။ အဘိဓာန်ကျမ်း အလင်္ကာကျမ်းနှင့်တကွသော သာမုဒြိကလက္ခဏာကျမ်း၌ရှင်း ဣတိဟာသရာဇဝင်ကျမ်း၌ရှင်း အပြီးသို့ ရောက်ကုန်၏၊ ပုဒ်၌ လိမ္မာကုန်၏၊ ဗျာကရုဏ်းကျမ်း ကို တတ်ကုန်၏၊ မိမိ ဥစ္စာဖြစ်သော ဗေဒင်သုံးပုံ၌ အပြီးသို့ ရောက်ကုန်၏။

၁၇၇။ ကောင်းစွာ သင်အပ်ပြီးသော အတတ်ရှိကုန်သော ငါ့တပည့်တို့သည် ဥက္ကာကျ ခြင်း စသော ဥပ္ပါတကျမ်းတို့၌ရှင်း ကောင်းကျိုး ဆိုးကျိုးစသော နိမိတ်ကျမ်းတို့၌ရှင်း လက္ခဏာကျမ်းတို့၌ရှင်း မြေနှင့်ပတ်သက်သော အတတ်ပညာ ကမ္ဘာလောကနှင့်ပတ်သက် သော အတတ်ပညာ ကောင်းကင်နှင့် ပတ်သက်သော အတတ်ပညာ၌ရှင်း လိမ္မာကုန်၏။

၁၇၈။ ထိုငါ၏တပည့်တို့သည် အလိုနည်းကြကုန်၏၊ ရင့်ကျက်သော ပညာရှိကုန်၏၊ နည်း သော အစာရှိကုန်၏၊ လျှပ်ပေါ်လော်လည်ခြင်း မရှိကုန်၊ လာဘ်ရမှု မရမှုဖြင့် ရောင့်ရဲကုန် လျက် အခါခပ်သိမ်း ငါ့ကို ခြံရံကုန်၏။

http://www.dhammadownload.com



၁၇၉။ ဈာန်ဝင်စားလေ့ရှိကုန်၏၊ ဈာန်၌ မွေ့လျော်ကုန်၏၊ ပညာရှိကုန်၏၊ ငြိမ်သက်သော စိတ်ရှိကုန်၏၊ တည်ကြည်ကုန်၏၊ ကြောင့်ကြမဲ့သည်၏ အဖြစ်ကို တောင့်တကုန်လျက် အခါခပ်သိမ်း ငါ့ကို ခြံရံကုန်၏။

၁၈၀။ အဘိညာဉ်ငါးပါး၏ အထွတ် အထိပ်သို့ ရောက်ကုန်သော ဖခင်၏ဥစ္စာဖြစ်သော (ကသိုဏ်းစသော) အာရုံ၌ မွေ့လျော်ကုန်သော ကောင်းကင်၌ သွားလေ့ရှိကုန်သော ပညာရှိကုန်သော ငါ၏တပည့်တို့သည် အခါခပ်သိမ်း ငါ့ကို ခြံရံကုန်၏။

၁၈၁။ ထိုပညာရှိ ငါ၏တပည့်တို့သည် ဒွါရခြောက်ပါးတို့၌ စောင့်စည်းကုန်၏၊ တပ်မက်မှု'တဏှာ' ကင်းကုန်၏၊ စောင့်ရှောက်အပ်သော ဣန္ဒြေရှိကုန်၏၊ လူတို့နှင့်ရောယှက်ခြင်းလည်း မရှိကုန်၊ (သူတပါးတို့ နှိပ်စက်ခြင်းငှါ) ချဉ်းကပ်နိုင်ခဲကုန်၏။

၁၈၂။ ထိုငါ၏ တပည့်တို့သည် ထက်ဝယ်ဖွဲ့ခွေ နေခြင်းဖြင့်၎င်း ရပ်ခြင်း သွားခြင်းဖြင့်၎င်း ညဉ့်ကို ကုန်လွန်စေကုန်၏၊ (သူတပါးတို့ နှိပ်စက်ခြင်းငှါ)ချဉ်းကပ်နိုင်ခဲကုန်၏။

၁၈၃။ ထိုငါ၏ တပည့်တို့သည် တပ်နှစ်သက်ဖွယ် အာရုံ၌ မတပ်နှစ်သက်ကြကုန်၊ အမျက်ထွက်ဖွယ် အာရုံ၌ အမျက်မထွက်ကြကုန်၊ တွေဝေဖွယ် အာရုံ၌ မတွေဝေကြကုန်၊ (သူတပါးတို့ နှိပ်စက်ခြင်းငှါ) ချဉ်းကပ်နိုင်ခဲကုန်၏။

၁၈၄။ ထိုငါ၏တပည့်တို့သည် တန်ခိုးကို စူးစမ်းလိုကုန်သည်ဖြစ်၍ အခါခပ်သိမ်း တန်ခိုး ဖန်ဆင်းခြင်းကို ဖြစ်စေကုန်၏၊ထိုငါ၏တပည့်တို့သည် မြေကိုပြင်းစွာတုန်လှုပ်စေကုန်၏၊ချုတ်ချယ်ရမ်းကား ထိပါးလိုသဖြင့် ချဉ်းကပ်နိုင်ခဲကုန်၏၊ (သူတပါးတို့ နှိပ်စက်ခြင်းငှါ) ချဉ်းကပ်နိုင်ခဲကုန်၏။

၁၈၅။ ထိုငါ၏တပည့်တို့သည် ကစားလိုကုန်သော် ဈာန်ကစားခြင်းကိုသာ ကစားကြကုန်၏၊ ဇမ္ဗူသပြေပင်မှ အသီးကို ဆောင်ကုန်၏၊ငါ၏ တပည့်တို့သည်(သူတပါးတို့ နှိပ်စက်ခြင်းငှါ) ချဉ်းကပ်နိုင်ခဲကုန်၏။

၁၈၆။ (သူတပါးတို့ နှိပ်စက်ခြင်းငှါ ) ချဉ်းကပ်နိုင်ခဲသော ငါ၏ တပည့်တို့သည် အာဟာရရှာမှီးရန် အချို့ အနောက်ကျွန်းသို့ သွားကုန်၏၊ အချို့ကား အရှေ့ကျွန်းသို့ အချို့ကား မြောက်ကျွန်းသို့ သွားကုန်၏။

၁၈၇။ ထိုငါ၏တပည့်တို့သည် ရှေ့မှ ရသေ့ပရိက္ခရာကို သွားစေ၍ နောက်မှ မိမိတို့ လိုက်ကြကုန်၏၊ နှစ်သောင်းလေးထောင်သော ရသေ့တို့ဖြင့် ကောင်းကင်သည် ဖုံးလွှမ်းအပ်သည် ဖြစ်၏။

၁၈၈။ အချို့သော ရသေ့တို့သည် မီးဖြင့် ချက်၍ စားကုန်၏၊ အချို့တို့ကား မီးဖြင့် ချက်၍ မစားကုန်၊ အချို့တို့ကား သွားဖြင့် ကိုက်၍ စားကုန်၏၊အချို့တို့ကား ဆုံငယ်တို့ဖြင့် ထောင်း၍ စားကုန်၏၊ အချို့တို့ကား ကျောက်ဖြင့် ထု၍ စားကုန်၏၊အချို့တို့ကား အလိုလိုကြွေကျသော သစ်သီးကို စားကုန်၏။

၁၈၉။ (သူတပါးတို့ နှိပ်စက်ခြင်းငှါ) ချဉ်းကပ်နိုင်ခဲကုန်သော ငါ၏တပည့်တို့သည် အချို့ စင်ကြယ်ခြင်း၌ မွေ့လျော်ကုန်သည်ဖြစ်၍ အချို့ နေ့ရော ညဉ့်ပါ ရေသို့ သက်ဆင်းကုန်၏၊ အချို့တို့ကား ရေသွန်းလောင်းခြင်းကို ပြုကုန်၏၊

http://www.dhammadownload.com



၁၉၀။ (သူတပါးတို့ နှိပ်စက်ခြင်းငှါ) ချဉ်းကပ်ဝံ့ခဲကုန်သော ငါ၏တပည့်တို့သည် ပေါက်သော လက်ကတီးမွေး မခြသည်း လက်သည်း မှတ်ဆိတ် ကြင်စွယ်မွေး ရှိကုန်၏၊ သွားချေးကပ်သော သွားရှိကုန်၏၊ မြူကပ်သော ဦးခေါင်းရှိကုန်၏၊ သီလရန့်ဖြင့် ကြိုင်လှိုင်ကုန်၏။

၁၉၁။ ထက်သော အကျင့်ရှိကုန်သော ရသေ့တို့သည် နံနက်အခါ၌သာ စည်းဝေးကြကုန်၍ လာဘ်ရသည် မရသည်ကို ပြောကြားပြီးသောအခါ ကောင်းကင်၌ သွားကြကုန်၏။

၁၉၂။ ကောင်းကင်ခရီးဖြင့် သွားကြကုန်သော ထိုရသေ့တို့၏ လျှော်တေသက်န်းကြောင့် ဖြစ်သော ကြီးစွာသော အသံသည် ဖြစ်ပေါ်၏၊ ထိုရသေ့တို့ဆောင်သော သစ်နက်ရေအသံဖြင့် နတ်တို့သည် ဝမ်းမြောက်ကြရကုန်၏။

၁၉၃။ ကောင်းကင်၌ သွားကုန်သော ရသေ့တို့သည် ထိုထိုအရပ်သို့ ဖဲသွားကြကုန်၏၊ ထိုရသေ့တို့သည် မိမိတန်ခိုးအစွမ်းဖြင့် ထောက်ပံ့ကုန်၍ အလိုရှိရာအရပ်သို့ သွားကြကုန်၏။

၁၉၄။ ထိုရသေ့တို့သည် မြေကြီးကို တုန်လှုပ်စေနိုင်ကုန်၏၊ အလုံးစုံသော ရသေ့တို့သည် ကောင်းကင်၌ ကျက်စားနိုင်ကုန်၏၊ ထက်သောတန်ခိုးရှိကုန်၏၊ (သူတပါးတို့) နှိပ်စက်နိုင်ခဲကုန်၏၊ သမုဒ္ဒရာကဲ့သို့ (သူတပါးတို့) ချောက်ချားနိုင်ခဲကုန်၏။

၁၉၅။ အချို့သော ရသေ့တို့သည် ရပ်ခြင်း သွားခြင်း (ဣရိယာပုထ်ဖြင့်) မျှတကုန်၏၊ အချို့သော ရသေ့တို့သည် နိသဇ်ဇုတင်ဆောက်တည်ကုန်၏၊အချို့သောရသေ့တို့သည် အလိုလိုကြွေကျသော သစ်သီးကိုသာ စားကုန်၏၊ ငါ၏တပည့်တို့သည် (သူတပါးတို့.နှိပ်စက်ခြင်းငှါ) ချဉ်းကပ်နိုင်ခဲကုန်၏။

၁၉၆။ ထိုငါ၏တပည့်တို့သည် မေတ္တာဈာန်ဖြင့် နေလေ့ရှိကုန်၏၊အလုံးစုံသော သတ္တဝါတို့၏ အစီးအပွါးကို ရှာမှီးလေ့ရှိကုန်၏၊ အလုံးစုံသော ထိုငါ၏ တပည့်တို့သည် မိမိကိုယ်ကို မမြှောက်ပင့်ကုန်၊ ထိုငါ၏တပည့်တို့သည် တစုံတယောက်သောသူအား မရှုတ်ချကုန်။

၁၉၇။ ခြင်္သေ့မင်းကဲ့သို့ ထိတ်လန့်ခြင်း ကင်းကုန်သော ဆင်မင်းကဲ့သို့ အားကြီးကုန်သော ကျားကဲ့သို့ ချဉ်းကပ်ဝံ့ခဲကုန်သော ငါ့တပည့်တို့သည် ငါ၏အနီးသို့ ရောက်လာကုန်၏။

၁၉၈။ ဝိဇ္ဇာဓိုရ်တို့သည်၎င်း နတ်တို့သည်၎င်း နဂါး ဂန္ဓဗ္ဗနတ် ရက္ခိုုသ်တို့သည်၎င်း ကုမ္ဘဏ်အသုရာ ဂဠုန်တို့သည်၎င်း ထိုရေအိုင်ကို အမှီပြု၍ အသက်မွေးကုန်၏။

၁၉၉။ ရသေ့ပရိက္ခရာဝန်ဖြင့် ပြည့်ကုန်သော သစ်နက်ရေကို ခြုံရုံကုန်သော ကောင်းကင်ဖြင့် သွားကုန်သော ခပ်သိမ်းသော ထိုရသေ့တို့သည် ထိုရေအိုင်ကို အမှီပြု၍ အသက်မွေးကုန်၏။

၂၀၀။ အခါခပ်သိမ်း သင့်လျော်သော အကျင့်ရှိကုန်သော ထိုရသေ့တို့သည် အချင်းချင်း ရိုသေတုပ်ဝပ်ကုန်၏၊ နှစ်သောင်းလေးထောင်သော ရသေ့တို့၏ ချေဆတ်သော အသံသည် မရှိ။

http://www.dhammadownload.com



၂၀၁။ အလုံးစုံသော ရသေ့တို့သည် တယောက်သွားသော ခြေရာ၌ တယောက်ခြေရာချနင်းကုန်လျက် တိုးတိုးပြောသောအသံ စောင့်စည်းသောဣန္ဒြေရှိကုန်လျက် ငါ့ကို ချဉ်းကပ်၍ ဦးခေါင်းဖြင့် ရှိခိုးကုန်၏။

၂၀၂။ ဈာန်ဝင်စားလေ့ရှိသော ဈာန်ဖြင့် မွေ့လျော်သော ငါသည် ငြိမ်သက်သောအကျင့်ကိုမှီသောတပည့်တို့ ခြံရံအပ်သည်ဖြစ်၍ ထိုသင်္ခမ်းကျောင်း၌ နေ၏။

၂၀၃။ သင်္ခမ်းကျောင်းသည် ရသေ့တို့၏ သီလတည်းဟူသောရနံ့ ပန်းရနံ့ဟူသော နှမ်ပါးသော ရနံ့တို့ဖြင့်ရင်း အသီး သီးသောသစ်ပင်တို့၏အသီးဖြင့်ရင်း မွှေးကြိုင် သင်းထုံနေ၏။

၂၀၄။ (ထိုအခါ ငါသည်)ညဉ့်နေ့ကို မသိ၊ ငါ့အား မမွေ့လျော်ခြင်းသည် မရှိ၊ ငါသည် မိမိတပည့်တို့ကို ဆုံးမလျက် လွန်စွာပျော်ရွှင်ခြင်းကို ရ၏။

၂၀၅။ ပွင့်ကုန်သော ပန်းတို့၏ရင်း မှည့်ကုန်သော အသီးတို့၏ရင်း နှစ်သက်ဖွယ် နတ်၌ဖြစ်သော ရနံ့တို့သည် ငါ၏သင်္ခမ်းကျောင်းကို တင့်တယ်စေလျက် ကြိုင်လှိုင်စေကုန်၏။

၂၀၆။ (ထိုအခါ)ကိလေသာကို ပူပန်စေတတ်သောလုံ့လ ရင့်ကျက်သော ပညာရှိသော ငါသည် ဈာန်သမာပတ်မှထ၍ တံချူ တူးရွင်း ခြင်းတောင်းပရိက္ခရာကိုယူ၍ တောသို့ နေ့အခါ ဝင်၏။

၂၀၇။ ထိုအခါ ဥပါတ်ကျမ်း အိပ်မက်ကျမ်း လက္ခဏာကျမ်းတို့၌ သင်အပ်ပြီးသော အတတ်ရှိသော ငါသည် မန္တာန်မန္တရားပုဒ်ကို ဖြစ်စေလျက် နှုတ်တက် အာဂုံဆောင်၏။

၂၀၈။ ဘုန်းတော်ခြောက်ပါးနှင့် ပြည့်စုံတော်မူ၍ လူတို့ထက် ကြီးတော်မူသော လူတို့ထက် မြတ်တော်မူသော ဆိတ်ငြိမ်ခြင်းကို အလိုရှိတော်မူသော သစ္စာလေးပါးကို သိတော်မူသော အနောမဒဿီမြတ်စွာဘုရားသည် ဟိမဝန္တာတောသို့ ချဉ်းကပ်တော်မူပြီ။

၂၀၉။ ယောကျ်ားမြတ်ဖြစ်တော်မူသော မဟာကရုဏာရှင်ဖြစ်တော်မူသော ဘုရားမြတ်သည် ဟိမဝန္တာတောသို့ သက်ဝင်လျက် ထက်ဝယ်ဖွဲ့ခွေ ထိုင်နေတော်မူ၏။

၂၁၀။ တောက်ပသော ငုရွှေပန်းကဲ့သို့ရင်း အလျှံပြောင်ပြောင် တောက်သောမီးကဲ့သို့ရင်း စိတ်နှလုံးမွေ့လျော်ဖွယ်ရှိသော ကိုယ်တော်ရောင်နှင့်တကွဖြစ်သော ထိုအနောမဒဿီမြတ်စွာဘုရားကို ငါဖူးမြင်ရလေပြီ။

၂၁၁။ တောက်ပသောဆီမီးတိုင်ကဲ့သို့ရင်း ကောင်းကင်၌ ပြက်သော လျှပ်စစ်ကဲ့သို့ရင်း ကောင်းစွာ ပွင့်သော အင်ကြင်းပင်မင်းကဲ့သို့ရင်း (အဘိညာဉ်ခြောက်ပါးဖြင့်)ပွင့်သော အနောမဒဿီမြတ်စွာဘုရားကို ဖူးမြင်ရလေပြီ။

၂၁၂။ ဆင်ပြောင်ကဲ့သို့ ကြီးသော လုံ့လရှိတော်မူသော ဤအနောမဒဿီမြတ်စွာဘုရားသည် ဆင်းရဲ၏အဆုံးကို ပြုတော်မူတတ်၏၊ ဤဘုရားရှင် ဖူးမြင်ရခြင်းကို အကြောင်းပြု၍ (သတ္တဝါတို့သည်)ခပ်သိမ်းသော ဆင်းရဲမှ လွတ်ကြရကုန်၏။

၂၁၃။ ငါသည် ယခု စက္ခုငါးပါးနှင့် ပြည့်စုံသော ဘုရားကို ဖူးမြင်ရ၏၊ နတ်ထက်နတ်ဖြစ်တော်မူသော မြတ်စွာဘုရားကို ဖူးမြင်ရသောကြောင့် ဘုရားဟုတ်လေသလော၊ ဘုရားမဟုတ်လေသလောဟု လက္ခဏာကို ရှုစမ်းဆင်ခြင်ပြီ။

http://www.dhammadownload.com



၂၁၄။ အကန့်တထောင်ရှိသော စက်လက္ခဏာတို့သည် မြတ်သော ခြေတော်၌ ထင်ကုန်၏၊ ထိုမြတ်စွာဘုရား၏ လက္ခဏာတို့ကို တွေ့မြင်ရ၍ မြတ်စွာဘုရား၌ (ဘုရားဟုတ်၏ဟု) ဆုံးဖြတ်ခြင်းသို့ ရောက်ခဲ့ပြီ။

၂၁၅။ ထိုအခါ ငါသည် တံမြက်စည်းကိုယူ၍ တံမြက်လှည်းပြီးနောက် ပန်းတို့ကို ကောင်းစွာ ဆောင်ယူခဲ့၍ ဘုရားမြတ်ကို ပူဇော်ပြီ။

၂၁၆။ ငါသည် ဩဃလေးပါးကို ကူးမြောက်တော်မူပြီးသော အာသဝေါကင်းတော်မူပြီးသော ထိုမြတ်စွာဘုရားကို ပူဇော်ပြီး၍ သစ်နက်ရေကို လက်ဝဲတဖက် ပခုံးထက်၌ တင်လျက် မြတ်စွာဘုရားကို ဦးညွတ်ရှိခိုးပြီ။

၂၁၇။ အကြင်ဉာဏ်ဖြင့် မြတ်စွာဘုရားသည် အာသဝကင်းလျက် နေတော်မူ၏၊ ထိုဉာဏ် တော်ကို ငါပြောကြားပေတော့အံ့၊ ပြောဆိုသော ငါ၏စကားကို နာယူကြကုန်လော့—

၂၁၈။ အလိုလို ပွင့်တော်မူသော မနှိုင်းယှဉ်နိုင်အောင် တိုးပွါးခြင်း ရှိတော်မူသော အရှင် ဘုရား အရှင်ဘုရားသည် ဤလူ့အပေါင်းကို ထုတ်ဆောင်ကယ်တင်တော်မူ၏၊ အရှင်ဘုရား အား ဖူးမြင်ရခြင်းကို အကြောင်းပြု၍ ထိုသတ္တဝါတို့သည် ယုံမှားခြင်း တည်းဟူသော အယဉ် ကို လွန်မြောက်နိုင်ကြကုန်၏။

၂၁၉။ အရှင်ဘုရားသည် သတ္တဝါတို့၏ ဆရာလည်း ဖြစ်တော်မူ၏၊ မှန်ကင်းသဖွယ်လည်း ဖြစ်တော်မူ၏၊ တံခွန်သဖွယ်လည်း ဖြစ်တော်မူ၏၊ ယဇ်တိုင်သဖွယ်လည်း ဖြစ်တော်မူ၏၊ အခြေနှစ်ချောင်းရှိသော သူတို့ထက် မြတ်တော်မူသော အရှင်ဘုရားသည် သတ္တဝါတို့၏ လည်းလျောင်းရာလည်း ဖြစ်တော်မူ၏၊ တည်ရာလည်း ဖြစ်တော်မူ၏၊ ကိုင်းကျွန်းသဖွယ်လည်း ဖြစ်တော်မူ၏။

၂၂၀။ သမုဒ္ဒရာရေကို ပြည်တောင်းဖြင့် ခြင်တွယ်ခြင်းငှါ တတ်ကောင်းရာသေး၏၊ အရှင် ဘုရား၏ သဗ္ဗညုတဉာဏ်တော်ကို နှိုင်းယှဉ်ခြင်းငှါ မတတ်ကောင်းသည်သာတည်း။

၂၂၁။ မြေကြီးကို ချိန်ခွင်၌ တင်ထား၍ ချိန်စက်ခြင်းငှါ တတ်ကောင်းရာသေး၏၊ အရှင် ဘုရား၏ သဗ္ဗညုတဉာဏ်တော်ကို ချိန်စက်ခြင်းငှါ မတတ်ကောင်းသည်သာတည်း။

၂၂၂။ ကောင်းကင်ကို ကြိုးဖြင့်သော်လည်းကောင်း လက်သစ် တောင်တာဖြင့်သော် လည်းကောင်း တိုင်းတာနှိုင်းယှဉ်ခြင်းငှါ တတ်ကောင်းရာသေး၏၊ အရှင်ဘုရား၏ သဗ္ဗညုတ ဉာဏ်တော်ကို တိုင်းတာနှိုင်းယှဉ်ခြင်းငှါ မတတ်ကောင်းသည်သာတည်း။

၂၂၃။ မဟာသမုဒ္ဒရာရေအားလုံးကိုရင်း ပထဝီမြေပြင်တခုလုံးကိုရင်း ကောင်းကင်ပြင် တခုလုံးကိုရင်း ထိုအလုံးစုံတို့သည် ဘုရားဉာဏ်တော်ကို ထောက်ဆ၍ နှိုင်းယှဉ်စရာ ဥပမာ အားဖြင့် မသင့်ကုန်။

၂၂၄။ နတ်နှင့်တကွသော လောကဝယ် အကြင်သတ္တဝါတို့အား စိတ်ဖြစ်နေ၏၊ မျက်စိ အမြင်ရှိတော်မူသော မြတ်စွာဘုရား ထိုစိတ်ဖြစ်နေသူ သတ္တဝါအားလုံးတို့သည် အရှင်ဘုရား ၏ ဉာဏ်တော်ကွန်ရက်အတွင်းသို့ ဝင်ကုန်၏။

http://www.dhammadownload.com



၂၂၅။ ခပ်သိမ်းသော တရားကို သိတော်မူသော အရှင်ဘုရား အကြင်ဉာဏ်တော်ဖြင့် အလုံးစုံသော မြတ်သော ဗောဓိသို့ ရောက်တော်မူ၏၊ အရှင်ဘုရားသည် ထိုဉာဏ်တော်ဖြင့်ပင် တပါးသော တိတ္ထိတို့ကို နှိမ်နင်းတော်မူ၏။

၂၂၆။ ဤဂါထာတို့ဖြင့် ချီးမွမ်းပြီးနောက် သုရုစိမည်သော ထိုရသေ့သည် မြေ၌ သစ်နက် ရေကို ဖြန့်ခင်း၍ ထိုင်နေ၏။

၂၂၇။ မြင့်မိုရ်တောင်မင်းကို(ယူဇနာ)ရှစ်သောင်းလေးထောင်တိုင်တိုင် သမုဒ္ဒရာ၌ သက်ဝင်၍ ထိုမျှလောက် ရေပေါ်၌ ပေါ်နေ၏ဟု ဆိုအပ်၏။

၂၂၈-၂၂၉။ အမြင့်အားဖြင့်ရင်း အလျားအားဖြင့်ရင်း အနံအားဖြင့်ရင်း ထိုမျှလောက် ရှစ်သောင်းလေးထောင် နှင်နှင်ရှိသော စကြဝဠာ ကုဋေတသိန်း၌ရှိသော မြင့်မိုရ်တောင် အားလုံးကို သိမ်မွေ့ သေးငယ်ဖွဲ့ ထုခွဲသဖြင့် အမှုန့်ပြုလျက်(ဉာဏ်တော်တခု မြူမှုန့်တခုဟူသော) အမှတ်၌ ထားအပ်သည်ရှိသော် မြူ၏ ကုန်ခြင်းသို့ ရောက်ရာ၏၊ အရှင်ဘုရား၏ သဗ္ဗညုတ ဉာဏ်တော်ကို နှိုင်းယှဉ်ခြင်းငှါ မတတ်ကောင်းသည်သာတည်း။

၂၃၀-၂၃၁။ အကြင်သူသည် ပိုက်ကွန်စိတ်ဖြင့် ရေကို ဖုံးအုပ်ရာ၏၊ ရေ၌ ဖြစ်သော အလုံးစုံသော သတ္တဝါတို့သည် ပိုက်ကွန်တွင်းသို့ ရောက်ကုန်သကဲ့သို့ ထို့အတူသာလျှင် ကြီးသော လုံ့လရှိတော်မူသော မြတ်စွာဘုရား မိစ္ဆာဒိဋ္ဌိတည်းဟူသော တောအုပ်သို့ သက်ဝင်ကုန်သော များသော သုံးသပ်ခြင်းဖြင့် တွေဝေကုန်သော ခပ်သိမ်းကုန်သော တိတ္ထိမြောက်မြားစွာတို့ ရှိကြကုန်၏။

၂၃၂။ မပိတ်မပင် မြင်ရသော အရှင်ဘုရား၏ စင်ကြယ်သော ဉာဏ်တော်ဖြင့် အဖုံးအအုပ် ခံရသော ထိုတိတ္ထိအားလုံးတို့သည် ဉာဏ်တော်တည်းဟူသော ပိုက်ကွန်တွင်း၌ တင်ကုန်၏၊ ထိုတိတ္ထိတို့သည် ဉာဏ်တော်တည်းဟူသော ပိုက်ကွန်ကို မလွန်နိုင်ကုန်။

၂၃၃။ ထိုအခါ များသော အခြံအရံရှိသော မာရ်ငါးပါးကို အောင်တော်မူသော အနောမဒဿီမြတ်စွာဘုရားသည် သမာဓိမှ ထတော်မူ၍ အရပ်မျက်နှာကို ကြည့်ရှုတော်မူ၏။

၂၃၄-၂၃၅။ အနောမဒဿီမြတ်စွာဘုရား၏ နိသဘမည်သော သာဝကသည် တည်ကြည်သော စိတ်ရှိကုန်သော တာဒိဂုဏ်နှင့် ပြည့်စုံကုန်သော ကုန်ပြီးသော အာသဝရှိကုန်သော စင်ကြယ်ကုန်သော အဘိညာဉ်ခြောက်ပါး ရှိကုန်သော ဈာန်ဝင်စားလေ့ရှိကုန်သော တသိန်းသော ရဟန်းအပေါင်းတို့ ခြံရံလျက် လာစေလိုသော မြတ်စွာဘုရား၏ စိတ်တော်ကို သိ၍ အနောမဒဿီမြတ်စွာဘုရားထံသို့ ချဉ်းကပ်လေ၏။

၂၃၆။ ကောင်းကင်၌ တည်ကုန်သော ထိုတသိန်းသော ရဟန်းတို့သည် ထိုအနောမဒဿီ မြတ်စွာဘုရားထံတော်၌ လက်ျာရစ် လှည့်လည်ကုန်၏၊ ထိုရဟန်းတို့သည် လက်အုပ်ချီကာ ရှိခိုးကြကုန်လျက် မြတ်စွာဘုရားထံတော်သို့ သက်ဆင်းကြကုန်၏။

၂၃၇။ လူတို့ထက်ကြီးတော်မူသော လူတို့ထက် မြတ်တော်မူသော မာရ်ငါးပါးကို အောင်တော်မူသော အနောမဒဿီမြတ်စွာဘုရားသည် ရဟန်းသံဃာအလယ်၌ ထိုင်တော်မူလျက် ပြုံးတော်မူ၏။

http://www.dhammadownload.com



၂၃၇။ အနောမဒဿီ ဘုရားရှင်၏ အလုပ်အကျွေးဖြစ်သော ဝရုဏမည်သော ရဟန်းသည် သက်န်းကို ပခုံးတဖက်၌ တင်၍ မြတ်စွာဘုရားအား မေးလျှောက်၏—

၂၃၉။ ဘုန်းတန်ခိုးကြီးတော်မူသော မြတ်စွာဘုရား ထိုမြတ်စွာဘုရားတို့သည် အကြောင်းမရှိပဲ ပြုံးတော်မူခြင်းကို မပြုကုန်၊ မြတ်စွာဘုရား ပြုံးတော်မူခြင်း၏ အကြောင်းကား အဘယ်ပါနည်းဟု လျှောက်၏။

၂၄၀။ လူတို့ထက် ကြီးတော်မူသော လူတို့ထက် မြတ်တော်မူသော အနောမဒဿီမြတ်စွာဘုရားသည် ရဟန်းတို့၏ အလယ်၌ ထိုင်တော်မူ၍ ဤဂါထာကို မိန့်တော်မူ၏—

၂၄၁။ အကြင် သူရစိရသေ့သည် ငါဘုရားကို ပန်းဖြင့် ပူဇော်၏၊ ငါဘုရား၏ ဉာဏ်တော်ကိုလည်း လျှောက်ပတ်စွာ ချီးမွမ်း၏၊ ထိုရသေ့ကို ငါသည် ဗျာဒိတ်စကားကြားပေအံ့၊ ဟောတော်မူသော ငါဘုရား (စကားကို) နာယူကြကုန်လော့—

၂၄၂။ မြတ်စွာဘုရား၏စကားတော်ကို သိ၍ အလုံးစုံသော နတ်ပြဟ္မာတို့သည် အညီအညွတ် လာကြကုန်၏၊ ထိုနတ်ပြဟ္မာတို့သည် သူတော်ကောင်းတရားကို နာလို၍ မြတ်စွာဘုရားထံသို့ ချဉ်းကပ်ကြကုန်၏။

၂၄၃။ ဆယ်ခုသော လောကဓာတ်တို့၌ တန်ခိုးကြီးကုန်သော နတ်ပြဟ္မာအပေါင်းတို့သည် ရှိကုန်၏၊ ထိုနတ်ပြဟ္မာအပေါင်းတို့သည် သူတော်ကောင်းတရားကို နာလိုကုန်၍ မြတ်စွာဘုရားထံသို့ ချဉ်းကပ်ကြကုန်၏။

၂၄၄။ အင်္ဂါလေးပါးရှိသော ဆင် မြင်း ရထား ခြေသည် စစ်သည်တို့သည် ဤရသေ့ကို အမြဲခြံရံကုန်လတ္တံ့၊ ဤအကျိုးသည် ငါဘုရားကို ပူဇော်ရခြင်း၏ အကျိုးပေတည်း။

၂၄၅။ တူရိယာခြောက်သောင်းတို့သည်၎င်း ကောင်းစွာ တန်ဆာဆင်အပ်ကုန်သော စည်ကြီးတို့သည်၎င်း ဤရသေ့ကို အခါခပ်သိမ်း တီးမှုတ် ဆည်းကပ်ကုန်လတ္တံ့၊ ဤအကျိုးသည် ငါဘုရားကို ပူဇော်ရခြင်း၏ အကျိုးပေတည်း။

၂၄၆-၂၄၇။ ကောင်းစွာ တန်ဆာဆင်အပ်ကုန်သော ဆန်းကြယ်သော အဝတ်တန်ဆာရှိကုန်သော ပုလဲ နားဒောင်းဝတ်ကုန်သော ကော့ဖြူးသော မျက်တောင်ရှိကုန်သော ပြုံးရယ်လျက် ဆိုတတ်ကုန်သော ကောင်းသော အမှတ်ရှိကုန်သော သေးသွယ်သော ခါးရှိကုန်သော တသောင်းခြောက်ထောင်ကုန်သော မိန်းမတို့သည် ဤရသေ့ကို အမြဲခြံရံကုန်လတ္တံ့၊ ဤအကျိုးသည် ငါဘုရားကို ပူဇော်ရခြင်း၏ အကျိုးပေတည်း။

၂၄၈။ ကမ္ဘာတသိန်းတို့ ပတ်လုံး နတ်ပြည်၌ မွေ့လျော်ရလတ္တံ့၊ အကြိမ်တထောင် တိုင်းနိုင်ငံ၌ စကြာမင်းဖြစ်လတ္တံ့။

၂၄၉။ အကြိမ်တထောင် သိကြားမင်းဖြစ်၍ နတ်မင်းစည်းစိမ်ကို ခံစားရလတ္တံ့၊ အရေအတွက်အားဖြင့် မရေတွက်နိုင်အောင် များစွာသော ပဒေသရာဇ်မင်းအဖြစ်ကို ပြုလတ္တံ့။

၂၅၀။ အဆုံးဘဝသို့ ရောက်လတ်သော် လူအဖြစ်သို့ လာရလတ္တံ့၊ သာရိမည်သောပုဏ္ဏေးမသည် ဝမ်းဖြင့် ဆောင်လတ္တံ့။

http://www.dhammadownload.com



၂၅၁။ အမိ၏အမည်အနွယ်အားဖြင့် ဤရသေ့သည် ထင်ရှားလတ္တံ့၊ သာရိပုတြာဟူသော အမည်ဖြင့် ထက်သော ပညာရှိဖြစ်လတ္တံ့။

၂၅၂။ ကုဋေရှစ်ဆယ်သော ဥစ္စာကို စွန့်၍ ကြောင့်ကြမဲ့ ရဟန်းပြုလတ္တံ့၊ ငြိမ်းအေးသော နိဗ္ဗာန်ကို ရှာမှီးလျက် ဤမြေပြင်ကို လှည့်လည်လတ္တံ့။

၂၅၃။ ငါ အနောမဒဿီဘုရားပွင့်ရာ ဤဝရကမ္ဘာမှ မရေတွက်နိုင်သော တသင်္ချေနှင့် ကမ္ဘာတသိန်းထက် ဘဒ္ဒကမ္ဘာ၌ (တတိယ)ဩက္ကာကမင်းမျိုး၌ ဖြစ်သော အနွယ်အားဖြင့် ဂေါတမမည်သော မြတ်စွာဘုရားသည် လောက၌ ပွင့်လတ္တံ့။

၂၅၄။ ထိုဂေါတမမြတ်စွာဘုရား၏ တရားတော်တို့၌ အမွေခံသားဖြစ်၍ တရားသည် ဖန်ဆင်းအပ်သည်ဖြစ်ရကား ရင်ခွင်တော်နှစ် သားတော်စစ်ဖြစ်သော အမည်အားဖြင့် သာရိပုတြာမည်သော အဂ္ဂသာဝကဖြစ်လတ္တံ့။

၂၅၅။ ဘာဂီရထိမည်သော ဤမြစ်သည် ဟိမဝန္တာမှ အမွန်အစဖြစ်၍ များစွာသော ရေကို ပြည့်စေလျက် မဟာသမုဒ္ဒရာသို့ စီးဝင်၏။

၂၅၆။ ထို့အတူ ဤသာရိပုတြာသည် မိမိအမျိုးဥစ္စာဖြစ်သော ဗေဒင်သုံးပုံတို့၌ ရဲရင့်၍ ပညာ၏ အဆုံးသို့ ရောက်လျက် သတ္တဝါတို့ကို နှစ်သိမ့်စေလတ္တံ့။

၂၅၇။ ဟိမဝန္တာတောင်ကို အစပြု၍ များသော ရေရှိသော သမုဒ္ဒရာကိုလည်း(အပိုင်းအခြားပြု၍)ဤအတွင်း၌ အကြင်သဲကို ဂဏန်းသင်္ချာအားဖြင့် မရေတွက်နိုင်။

၂၅၈။ ထိုသဲကိုသော်လည်း ဂဏန်းသင်္ချာအားဖြင့် အကြွင်းမဲ့ ရေတွက်ခြင်းငှါ တတ်ကောင်းရာသေး၏၊ သာရိပုတြာ၏ ပညာအဆုံးအပိုင်းအခြားသည် (ရေတွက်၍) မဖြစ်ကောင်းသည်သာတည်း။

၂၅၉။ ဉာဏ်ဖြင့် အမှတ်အသားထားအပ်သည်ရှိသော် ဂင်္ဂါမြစ်၌ သဲသည် ကုန်ရာ၏၊ သာရိပုတြာ၏ ပညာအဆုံးအပိုင်းအခြားသည် ရေတွက်၍ မဖြစ်ကောင်းသည်သာတည်း။

၂၆၀။ မဟာသမုဒ္ဒရာ၌ လှိုင်းတံပိုးတို့သည် အရေအတွက် ဂဏန်းအားဖြင့် မရေတွက်နိုင်သကဲ့သို့ ထို့အတူ သာရိပုတြာ၏ ပညာအဆုံးအပိုင်းအခြားသည် ရေတွက်၍ မဖြစ်ကောင်းသည်သာတည်း။

၂၆၁။ သာကီဝင်မင်းတို့ထက်မြတ်သော ဂေါတမမြတ်စွာဘုရားကို နှစ်သိမ့်စေ၍ ပညာ၏ အဆုံးသို့ ရောက်လျက် အဂ္ဂသာဝကဖြစ်လတ္တံ့။

၂၆၂။ တရားတည်းဟူသော မိုးကို ရွာသွန်းစေနိုင်သော ထိုသာရိပုတြာသည် တာဒိဂုဏ်နှင့် ပြည့်စုံတော်မူသော သာကီဝင်မင်းသား ဂေါတမမြတ်စွာဘုရားသည် လည်စေအပ်သော တရားတည်းဟူသော စက်ကို အတုလိုက် လည်စေလတ္တံ့။

၂၆၃။ သာကီဝင်မင်းတို့ထက်မြတ်သော ဂေါတမမြတ်စွာဘုရားသည် ဤအလုံးစုံကို ထူးသော ဉာဏ်ဖြင့်သိ၍ ရဟန်းသံဃာ(အလယ်၌)ထိုင်နေတော်မူလျက် အဂ္ဂသာဝကအရာ၌ ထားလတ္တံ့ဟု ဟောကြားတော်မူ၏။

http://www.dhammadownload.com



၂၆၄။ အနောမဒဿီမြတ်စွာဘုရားအား ကောင်းစွာ ပြုအပ်သော ငါ၏ကုသိုလ်ကံသည် အံ့ဖွယ် ရှိပေစွ၊ ငါသည် အကြင် မြတ်စွာဘုရား၌ ကုသိုလ်ကံကို ပြုကျင့်သောကြောင့် ခပ်သိမ်းသော သာဝကပါရမီဉာဏ်၏အဆုံးသို့ ရောက်ခဲ့၏။

၂၆၅။ မရေတွက်နိုင်သော ကပ်ကမ္ဘာ၌ ပြုခဲ့သော ကောင်းမှုကံသည် ဤအဆုံးဘဝ၌ ငါ့အား အကျိုးကို ပြ၏၊ လေးမှ ကောင်းစွာ လွှတ်သော မြား၏ အဟုန်ကဲ့သို့ ငါသည် ကိလေသာတို့ကို(မဂ်ဉာဏ်ဖြင့်)လောင်ကျွမ်းစေ အပ်ပေပြီ။

၂၆၆။ အကြောင်းတရားလေးပါးတို့ မပြုပြင်အပ်သော တုန်လှုပ်ခြင်းမရှိသော ချမ်းသာခြင်း၏ အကြောင်းဖြစ်သော နိဗ္ဗာန်ကို ရှာမှီးသော ထိုငါသည် ခပ်သိမ်းသော အယူဝါဒ တီထွင်သူတို့၏ အယူဝါဒအားလုံးတို့ကို စူးစမ်းရှာဖွေလျက် သံသရာ၌ ကျင်လည်ခဲ့ရ၏။

၂၆၇-၂၆၈။ အနာနှိပ်စက်သော ယောကျ်ားသည် အနာမှ လွတ်ခြင်းငှါ ဆေးကို ရှာမှီးသကဲ့သို့ရင်း တောအားလုံးသို့ သက်ဝင်၍ ဆေးမြစ်ကို စူးစမ်းဆည်းပူးသကဲ့သို့ရင်း အကြောင်းတရားလေးပါးတို့ မပြုပြင်ရသော သေခြင်းမရှိသော ချမ်းသာခြင်း၏ အကြောင်းဖြစ်သော နိဗ္ဗာန်ကို ရှာမှီးသော ငါသည် အဆက်မပြတ် ဘဝငါးရာပတ်လုံး ရသေ့ရဟန်းအဖြစ်ကို ပြုကျင့်ခဲ့၏။

၂၆၉။ ရသေ့ ပရိက္ခရာဝန်ဖြင့် ပြည့်သော ငါသည် မြတ်သော သစ်နက်ရေကို ဝတ်ရုံခဲ့ရ၏၊ ငါသည်(လောကီ)အဘိညာဉ်ငါးပါး အဆုံးသို့ ရောက်၍ ဗြဟ္မာ့ပြည်သို့ ရောက်ခဲ့ရ၏။

၂၇၀။ မြတ်စွာဘုရား သာသနာတော်ကို ထား၍ သာသနာမှအပဖြစ်သော တိတ္ထိသာသနာ၌(မဂ်ဉာဏ်ဖြင့်)စင်ကြယ်ခြင်း မရှိ၊ ပညာရှိသော ခပ်သိမ်းသော သတ္တဝါတို့သည် မြတ်စွာဘုရား သာသနာတော်၌သာလျှင်(မဂ်ဉာဏ်ဖြင့်)စင်ကြယ်နိုင်ကုန်၏။

၂၇၁။ ဤသို့ မဂ်ဉာဏ်ဖြင့် စင်ကြယ်ခြင်းသည် မိမိကိုယ်တိုင် ပြုအပ်သော လုံ့လဖြင့် ပြီး၏၊ ဤသို့စင်ကြယ်ခြင်းသည် ဤသို့ ဤသို့ဟု ပြောဆိုကာမျှဖြင့် ပြီးသည် မဟုတ်၊ အကြောင်းတရားလေးပါးတို့ မပြုပြင်အပ်သော နိဗ္ဗာန်ကို ရှာမှီးသော ငါသည် မှားသော မိစ္ဆာအယူ ဆိပ်ကမ်း၌ လှည့်လည်ခဲ့ရ၏။

၂၇၂-၂၇၃။ အနှစ်ကို အလိုရှိသော ယောကျ်ားသည် ငှက်ပျောပင်ကို ဖြတ်၍ ခွဲရာ၏၊ ထို ငှက်ပျောတုံးသည် အနှစ်မှ ကင်းဆိတ်သောကြောင့် ထို ငှက်ပျောတုံး၌ အနှစ်ကို မရသကဲ့သို့ ထို့အတူသာလျှင် လောက၌ အထူးထူးသော အယူရှိသော များစွာသော တိတ္ထိတို့သည် ငှက်ပျောတုံးသည် အနှစ်မှ ကင်းသကဲ့သို့ နိဗ္ဗာန်မှ ကင်းဆိတ်ကုန်၏။

၂၇၄။ ငါသည် နောက်ဆုံးဖြစ်သောဘဝ ရောက်သောကာလ၌ ငါသည် ပုဏ္ဏားမျိုး၌ ဖြစ်၏၊ များစွာသော စည်းစိမ် ဥစ္စာကို ဖြတ်တောက် စွန့်လွှတ်၍ ရဟန်းဘောင်၌ ရဟန်းပြု၏။

ပဌမဘာဏဝါရ ပြီး၏။

**၂၇၅။ ဗေဒင်ကို သရဇ္ဈာယ်တတ်သော ဗေဒင်ကို ဆောင်သော ဗေဒင်သုံးပုံတို့၏ တဖက်ကမ်းသို့ ရောက်သော သိဋ္ဌည်းမည်သော ပုဏ္ဏားပရိဗိုဇ်သည် ရှိ၏၊ အကျွန်ုပ်သည် ထိုပုဏ္ဏားပရိဗိုဇ်ခြေရင်း၌ နေ၏။**

http://www.dhammadownload.com



၂၇၆။ ကြီးသောလုံ့လရှိတော်မူသော အရှင်ဘုရား ထိုအခါ အရှင်ဘုရား၏ တပည့်ဖြစ်သော (ငြိမ်ဝက်ခြင်းငှါ) ချဉ်းကပ်နိုင်ခဲသော ထက်သောတန်ခိုးရှိသော အဿဇိမည်သော ရဟန္တာသည် ဆွမ်းခံလှည့်လည်၏။

၂၇၇။ အကျွန်ုပ်သည် ပညာရှိသော မဂ်ဉာဏ်ကြောင့် တည်ကြည်သော ငြိမ်သက်သော စိတ်ရှိသော ရဟန္တာမြတ်ဖြစ်သော ကောင်းစွာ ပွင့်သော ပဒုမာကြာနှင့် တူသော ထိုအဿဇိမထေရ်ရဟန်းကို မြင်ရပြီ။

၂၇၈။ အလွန်ယဉ်ကျေး၍ စင်ကြယ်သော စိတ်ရှိသော ဥသဘနှင့်တူသော မြတ်သော ရဲရင့်သော အဿဇိမထေရ်ကို တွေ့မြင်ရ၍ ဤသူကား ရဟန္တာဖြစ်ပေလိမ့်မည်ဟု အကျွန်ုပ်အား ကြည်ညိုသောစိတ် ဖြစ်ပေါ်လာ၏။

၂၇၉။ ဤသူကား အလွန်သပ္ပါယ်သည့် ကောင်းစွာ ဣန္ဒြေကို စောင့်စည်းသည်ဖြစ်၍ ကြည်ညိုဖွယ်ကို ဆောင်လျက် လှည့်လည်သွားလာနေ၏၊ မြတ်သော အဆုံးအမကြောင့် ယဉ်ကျေး၏၊ မသေရာ တရားကို သိမြင်သူ ဖြစ်လတ္တံ့။

၂၈၀။ ကြည်လင်နှစ်သက်သော စိတ်ရှိသော ရဟန်းအား မြင့်မြတ်သော တရား၏ အနက်သဘောကို ငါမေးရပါမူကား ကောင်းလေစွ၊ ငါမေးခဲ့သော် ထိုရဟန်းသည် ဖြေဆိုလတ္တံ့၊ ထိုဖြေဆိုသောအခါ ငါသည် ပြန်လှန်မေးမြန်းအံ့။

၂၈၁။ အကျွန်ုပ်သည် မသေရာနိဗ္ဗာန်ကို မေးမြန်းရန် အခွင့်ကို ဆိုင်းငံ့လျက် ဆွမ်းခံသွားသောရဟန်း၏ နောက်မှ လိုက်၏။

၂၈၂။ ငါသည် ခရီးလမ်း အကြား တခုသောနေရာသို့ ရောက်သော ရဟန်းကို ချဉ်းကပ်၍ ကြီးသော လုံ့လရှိသော အရှင်ဘုရား အရှင်ဘုရားသည် အဘယ်အနွယ် ဖြစ်ပါသနည်း၊ အရှင်ဘုရား အရှင်ဘုရားသည် အဘယ်သူ၏ တပည့်ဖြစ်ပါသနည်းဟု မေး၏။

၂၈၃။ အကျွန်ုပ်သည် မေးအပ်သည်ရှိသော် ငါ့ရှင်ပရိဗိုဇ် လောက၌ မြတ်စွာဘုရားသည် ကောင်းစွာဖြစ်တော်မူ၏၊ ငါသည် ထိုမြတ်စွာဘုရား၏ တပည့်ဖြစ်၏ဟု ထိုအဿဇိမထေရ်က ခြင်္သေ့မင်းကဲ့သို့ ရဲတင်းစွာ ဖြေကြား၏။

၂၈၄။ ကြီးသောလုံ့လရှိတော်မူသော အဖသို့ အစဉ်လိုက်သော သားဖြစ်သော များသော အခြံအရံရှိသော အရှင်ဘုရား အရှင့်ဆရာ မြတ်စွာဘုရား၏ အဆုံးအမဖြစ်သော တရားသည် အဘယ်သို့ သဘောရှိပါသနည်း၊ အရှင်ရဟန်း တောင်းပန်ပါ၏၊ အကျွန်ုပ်အား တရားတော်ကို ဟောတော်မူပါလော့။

၂၈၅။ အကျွန်ုပ်မေးလျှောက်အပ်သည်ရှိသော် ထိုအဿဇိမထေရ်သည် တဏှာတည်းဟူသော ငြောင့်ကို ပယ်နုတ်တတ်သော ခပ်သိမ်းသော ဆင်းရဲကို ပယ်ဖျောက်တတ်သော နက်နဲသိမ်မွေ့သော ယေ ဓမ္မာ ဟေတုပ္ပဘဝါ အစရှိသော ဂါထာပဒကို (ဟောတော်မူ၏)။

၂၈၆။ အကြင် (ဒုက္ခသစ္စာ) တရားတို့သည် အကြောင်းဖြစ်သော (သမုဒယသစ္စာ)သာလျှင် အမှန်အစရှိကုန်၏၊ ထို(ဒုက္ခသစ္စာ)တရားတို့၏ အကြောင်းဖြစ်သော(သမုဒယသစ္စာ)ကို ငါတို့ဆရာ မြတ်စွာဘုရားသည် ဟောတော်မူ၏၊ ထို (ဒုက္ခသမုဒယ)သစ္စာတို့၏ အကြင်

http://www.dhammadownload.com



ချုပ်ရာ ဖြစ်သော နိဗ္ဗာန်သည် ရှိ၏၊ ထိုနိဗ္ဗာန်ကိုလည်း ဟောတော်မူ၏၊ ရဟန်းမြတ်ဖြစ်သော မြတ်စွာဘုရားသည် ဤသို့ဟောလေ့ရှိ၏။

၂၈၇။ ပြဿနာကို ဖြေဆိုအပ်သည်ရှိသော် ထိုအကျွန်ုပ်သည် သောတာပတ္တိဖိုလ်သို့ ရောက်၏၊ အကျွန်ုပ်သည် မြတ်စွာဘုရား အဆုံးအမတော်ကို ကြားနာရသောကြောင့် ကိလေသာမြူကင်းသူ အညစ်အကြေးကင်းသူ ဖြစ်ခဲ့ပြီ။

၂၈၈။ အဿဇိမထေရ်၏ စကားကို နာရသောကြောင့် မြတ်သော နိဗ္ဗာန်တရားကို မြင်ရ၍ သူတော်ကောင်း တရားသို့ သက်ဝင်ပြီး ဖြစ်သော အကျွန်ုပ်သည် ဤဂါထာကို ရွတ်ဆို၏။

၂၈၉။ ထိုသောတာပတ္တိဖိုလ်မျှလောက်ကိုပင် သိသေးစေကာမူ ဤတရားသည်ပင် (ငါတို့ ရှာအပ်သော) တရားတည်း၊ အရှင်ဘုရားတို့သည် ဖိုးရိမ်ခြင်း ကင်းသော နိဗ္ဗာန်ကို သိမြင်တော်မူကြရလေပြီ၊ အကျွန်ုပ်တို့ကား ထိုတရားကို မမြင်ရပဲ ကမ္ဘာသောင်းပေါင်းများစွာကို ကျော်လွန်ခဲ့ရပြီ။

၂၉၀။ အကျွန်ုပ်သည် တရားကို ရှာမှီးလျက် မိစ္ဆာအယူတည်းဟူသော ဆိပ်၌ ကူးမှားခဲ့ဘူး၏၊ အကျွန်ုပ်သည် ထိုအလိုရှိအပ်သော အကျိုးသို့ အစဉ်ရောက်ပြီ၊ အကျွန်ုပ်အား (ယခု)မမေ့လျော့ရန် အခါတန်ပြီ။

၂၉၁။ အဿဇိမထေရ် နှစ်သိမ့်စေအပ်သော အကျွန်ုပ်သည် တုန်လှုပ်ခြင်းကင်းသော နိဗ္ဗာန်သို့ရောက်၍ အဆွေခင်ပွန်းဖြစ်သော ကောလိတကို ရှာမှီးလျက် သခ်မ်းကျောင်းသို့ သွား၏။

၂၉၂။ ကောင်းစွာ သင်အပ်ပြီးဖြစ်၍ ဣရိယာပုထ်နှင့် ပြည့်စုံသော အကျွန်ုပ်၏ အဆွေခင်ပွန်းဖြစ်သော ကောလိတသည် အဝေးမှ သာလျှင် အကျွန်ုပ်ကို မြင်၍ ဤစကားကို ပြောဆို၏။

၂၉၃။ (အဆွေ) သင်သည် ကြည်လင်သောမျက်နှာ ကြည်လင်သောမျက်လုံး ရှိ၏၊ ရဟန်းဟု သိမှတ်ကြောင်း တရားထူးရသောသူကဲ့သို့ ထင်ရ၏၊ အသို့နည်း-မသေရာ အမြိုက် နိဗ္ဗာန်တရားကို ရခဲ့လေသလော။

၂၉၄။ အဆွေပုဏ္ဏား သင်သည် ချွန်းတောင်းစသည်တို့ဖြင့် ဆုံးမအပ်ပြီးသည်ဖြစ်၍ ငြိမ်သက်သော ဆင်ကဲ့သို့ တင့်တယ်သော သဘောရှိသည်ဖြစ်လျက် လာဘိ၏၊ ယဉ်ကျေးသိမ်မွေ့အောင် ဆုံးမသွန်သင်ပြီးဖြစ်၍ ယဉ်ကျေးသိမ်မွေ့ပြီးသော ဆင်ကဲ့သို့ ယဉ်ကျေးသိမ်မွေ့ဘိ၏။

၂၉၅။ (အဆွေ)ငါသည် သောကတည်းဟူသော ငြောင့်ကို နုတ်တတ်သော အမြိုက် နိဗ္ဗာန်ကို ရအပ်ပြီ၊ သင်သည်လည်း ထိုနိဗ္ဗာန်ကို ရလေပြီ၊ ငါတို့သည် မြတ်စွာဘုရား ထံသို့ သွားကြကုန်စို့။

၂၉၆။ ကောင်းစွာ သင်အပ်ပြီးသော ငါ၏ အဆွေခင်ပွန်းဖြစ်သော ထိုကောလိတသည် ကောင်းပြီဟု ဝန်ခံပြီးလျှင် လက်ချင်းချင်း ဆွဲကိုင်၍ အရှင်ဘုရားထံသို့ ချဉ်းကပ်လျက်—

http://www.dhammadownload.com



၂၉၇။ သာကီဝင်မင်းသားဖြစ်တော်မူသော အရှင်ဘုရား အရှင်ဘုရားထံတော်၌ အကျွန်ုပ်တို့ နှမ်ယောက်တို့သည်လည်း ရဟန်းပြုကြပါကုန်အံ့၊ အရှင်ဘုရား၏ အဆုံးအမကို အကြောင်းပြု၍ အာသဝကင်းလျက် နေကြပါကုန်အံ့။

၂၉၈။ ကောလိတသည် တန်ခိုးအရာ၌ အမြတ်ဆုံး ဖြစ်၏၊ အကျွန်ုပ်သည် ပညာဖြင့် တဖက်ကမ်းသို့ ရောက်၏၊ အကျွန်ုပ်တို့နှစ်ဦးသည် တပေါင်းတည်းဖြစ်၍သာလျှင် သာသနာတော်ကို တင့်တယ်စေပါကုန်အံ့။

၂၉၉။ တပည့်တော်သည် အပြီးသို့ မရောက်သေးသော အလိုရှိသည်ဖြစ်၍ မှားသော (မိစ္ဆာအယူတည်းဟူသော) ဆိပ်၌ လှည့်လည်ခဲ့ရပါပြီ၊ အရှင်ဘုရားအား ဖူးမြင်ရခြင်းကို အကြောင်းပြု၍ တပည့်တော်၏ အလို အကြံအစည်သည် ပြည့်စုံပါပြီ။

၃၀၀။ သစ်ပင်တို့သည် မြေ၌တည်၍ ပွင့်ချိန်တန်သောအခါ၌ ပွင့်ကုန်၏၊ နတ်၌ဖြစ်သော ရနံ့တို့သည် ကြိုင်လှိုင်ကုန်၏၊ ခပ်သိမ်းသော သတ္တဝါတို့အား နှစ်သက်စေကုန်၏။

၃၀၁။ ကြီးသော လုံ့လရှိတော်မူသော သာကီဝင်မင်းသား ဖြစ်တော်မူသော များသော အခြံအရံရှိတော်မူသော အရှင်ဘုရား ထိုအတူသာလျှင် တပည့်တော်သည် အရှင်ဘုရား၏ သာသနာတော်၌ တည်၍ (အရဟတ္တဖိုလ်တည်းဟူသောပန်း) ပွင့်လန်းခြင်းငှါ အခါကို ရှာမှီးပါအံ့။

၃၀၂။ ဘဝတို့၌ ကျင်လည်ရခြင်းမှ လွတ်မြောက်စေတတ်သော အရဟတ္တဖိုလ်တည်းဟူသောပန်းကို ရှာသော တပည့်တော်သည် အရဟတ္တဖိုလ်(တည်းဟူသော)ပန်းကို ရသဖြင့် ခပ်သိမ်းသော သတ္တဝါတို့အား နှစ်သက်စေပါအံ့။

၃၀၃။ ပညာမျက်စိရှိတော်မူသော မြတ်စွာဘုရား (ဧကြဝဠာ ကုဋေတသိန်းဟူသော) ဗုဒ္ဓခေတ်၌ ရှိသမျှသော သတ္တဝါတို့တွင် မြတ်စွာဘုရားကို ထား၍ အရှင်ဘုရား၏ သားတော်ဖြစ်သော အကျွန်ုပ်နှင့် ပညာအားဖြင့် တူသောသူသည် မရှိပါ။

၃၀၄။ အရှင်ဘုရား၏ တပည့်သာဝကတို့သည် ကောင်းစွာ ဆုံးမအပ်ပြီးသူတို့ ဖြစ်ကုန်၏၊ ပရိသတ်တို့သည်လည်း ကောင်းစွာ သင်ကြားအပ်ပြီးသူတို့ ဖြစ်ကုန်၏၊ မြတ်သော အဆုံးအမ၌ ယဉ်ကျေးတော်မူကုန်သည်ဖြစ်၍ အရှင်ဘုရားကို အခါခပ်သိမ်း ခြံရံပါကုန်၏။

၃၀၅။ စျာန်ဝင်စားလေ့ရှိကုန်သော စျာန်၌မွေ့လျော်ကုန်သော မြဲမြံခိုင်ခံ့သော ပညာရှိကုန်သော ငြိမ်သက်သောစိတ် တည်ကြည်သော သမာဓိရှိကုန်သော မဂ်ဉာဏ်နှ့်ပြည့်စုံသော တပည့်သား ရဟန်းတို့သည် အရှင်ဘုရားကို အခါခပ်သိမ်း ခြံရံပါကုန်၏။

၃၀၆။ အလိုနည်းကုန်သော ရင့်ကျက်သော ပညာရှိကုန်သော မြဲမြံ မိုခံ့သော ပညာရှိကုန်သော နည်းသော အစာအာဟာရရှိကုန်သော လျှပ်ပေါ်လော်လည်ခြင်းကင်းကုန်သော လာဘ်ရမှု လာဘ်မရမှုဖြင့် ရောင့်ရဲကုန်သော တပည့်သားတို့သည် အရှင်ဘုရားကို အခါခပ်သိမ်း ခြံရံပါကုန်၏။

http://www.dhammadownload.com



၁၀၇။ အရညကင်ခုတင် ဆောက်တည်ကုန်သော ခုတင်၌ မွေ့လျော်ကုန်သော ဈာန်ဝင်စား လေ့ရှိကုန်သော ခေါင်းပါးသော သက်န်းရှိကုန်သော ဆိတ်ငြိမ်ရာ၌ မွေ့လျော်ကုန်သော မြဲမြံခိုင်ခံ့သော ပညာရှိကုန်သော တပည့်သားတို့သည် အရှင်ဘုရားကို အခါခါပ်သိမ်း ခြံရံပါကုန်၏။

၁၀၈။ ကျင့်ဆဲ မဂ္ဂဋ္ဌာန်ပုဂ္ဂိုလ်တို့သည်၎င်း အရဟတ္တဖိုလ်၌ တည်သော ရဟန္တာပုဂ္ဂိုလ်တို့သည်၎င်း အောက်ဖိုလ်နှင့် ပြည့်စုံသောသေက္ခပုဂ္ဂိုလ်တို့သည်၎င်း မြတ်သော နိဗ္ဗာန်အကျိုးကို တောင့်တကုန်လျက် အရှင်ဘုရားကို အခါ ခပ်သိမ်း ခြံရံပါကုန်၏။

၁၀၉။ အညစ်အကြေးကင်းကုန်သော သောတာပန်တို့သည်၎င်း သကဒါဂါမ်တို့သည်၎င်း အနာဂါမ်တို့သည်၎င်း ရဟန္တာပုဂ္ဂိုလ်တို့သည်၎င်း အရှင်ဘုရားကို အခါခါပ်သိမ်း ခြံရံပါကုန်၏။

၁၁၀။ သတိပဋ္ဌာန်၌ လိမ္မာကုန်သော ဗောဇ္ဈင်ကို ပွါးများခြင်း၌ မွေ့လျော်ကုန်သော အလုံးစုံ များစွာသော ထိုတပည့်သားတို့သည် အရှင်ဘုရားကို အခါခါပ်သိမ်း ခြံရံပါကုန်၏။

၁၁၁။ ဣဒ္ဓိပါဒ်၌ လိမ္မာကုန်သော သမာဓိဈာန်ကို ပွါးများခြင်း၌ မွေ့လျော်ကုန်သော သမ္မပ္ပဓာန်နှင့် ယှဉ်ကုန်သောတပည့်သားတို့သည် အရှင်ဘုရားကို အခါခါပ်သိမ်း ခြံရံပါကုန်၏။

၁၁၂။ ဝိဇ္ဇာသုံးပါးနှင့်ပြည့်စုံသော တပည့်သားတို့သည်၎င်း အဘိညာဉ် ခြောက်ပါးနှင့် ပြည့်စုံကုန်သော တပည့်သားတို့သည်၎င်း တန်ခိုးအထွတ်အထိပ်သို့ ရောက်ကုန်သော တပည့်သားတို့သည်၎င်း ပညာ၏အထွတ်အထိပ်သို့ ရောက်ကုန်သော တပည့်သားတို့သည်၎င်း အရှင်ဘုရားကို အခါခါပ်သိမ်း ခြံရံပါကုန်၏။

၁၁၃။ ကြီးသော လုံ့လရှိတော်မူသော အရှင်ဘုရား ကောင်းစွာ သင်အပ်ပြီးဖြစ်ကုန်သော (နှိပ်စက်ခြင်း၄ါ) ချဉ်းကပ်နိုင်ခဲကုန်သော ထက်သော တန်ခိုးရှိကုန်သော ဤသို့သဘော ရှိကုန်သော အရှင်ဘုရား၏ ထိုတပည့်သားတို့သည် အရှင်ဘုရားကို အခါခါပ်သိမ်း ခြံရံပါကုန်၏။

၁၁၄။ ကိုယ်နှုတ်နှလုံး စောင့်သုံးကုန်သော ငြိုးခြံကုန်သော အကျင့်ရှိကုန်သော ထိုတပည့်အပေါင်းတို့ဖြင့် ခြံရံအပ်သော အရှင်ဘုရားသည် ကြောက်ရွံ့ခြင်းကင်းသော ခြင်္သေ့မင်းကဲ့သို့၎င်း ကြယ်များသနင်း လမင်းကဲ့သို့၎င်း တင့်တယ်တော်မူပါပေ၏။

၁၁၅။ ဥပမာအားဖြင့် သစ်ပင်တို့သည် မြေ၌တည်၍ ပေါက်ရောက်ကုန်၏၊ ပြန့်ပြောသည့် အဖြစ်သို့လည်း ရောက်ကုန်၏၊ အသီးအပွင့်ကိုလည်း သီးပွင့်ကုန်၏။

၁၁၆။ သာကီဝင်မင်းသားဖြစ်သော များသော အခြံအရံရှိသော မြတ်စွာဘုရား အရှင်ဘုရားသည် မြေကြီးနှင့် တူတော်မူပါပေ၏၊ သတ္တဝါတို့သည် အရှင်ဘုရား၏ သာသနာတော်၌ တည်၍ အမြိုက်နိဗ္ဗာန်တည်းဟူသော အသီးကို ရကြပါကုန်၏။

၁၁၇။ သိန္ဓုမြစ် သရဿတီမြစ်တို့သည်၎င်း စန္ဒဘာဂါမြစ် ဂင်္ဂါမြစ် ယမုနာမြစ်တို့သည်၎င်း သရဘူမြစ်တို့သည်၎င်း မဟီမြစ်သည်၎င်း။

၁၁၈။ စီးဆင်းကုန်သော ထိုမြစ်ရေတို့ကို သမုဒ္ဒရာသည် ခံယူ၏၊ (သိန္ဓုစသော) ရှေးအမည်ဟောင်းကို စွန့်၍ သမုဒ္ဒရာဟူသော အမည်သည်သာလျှင် ထင်ရှား၏။

http://www.dhammadownload.com



၃၁၉။ ထိုအတူပင် ဤအမျိုးလေးပါးတို့သည် အရှင်ဘုရားထံပါး၌ ရဟန်းပြုကုန်သော်ရွေးအမည်ကို စွန့်လျက် ဘုရားသားတော်ဟူ၍ ထင်ရှားကုန်၏။

၃၂၀-၃၂၁။ ကောင်းကင်၌ လှည့်လည်သွားသော အညစ်အကြေးကင်းသော လမင်းသည် လောက၌ အလုံးစုံသော ကြယ်အပေါင်းတို့ကို အရောင်ဖြင့် လွှမ်းမိုးလျက် တင့်တယ်ဘိသကဲ့သို့ ထို့အတူ ကြီးသောလုံ့လရှိတော်မူသော မြတ်စွာဘုရား နတ်လူတို့ဖြင့် ခြံရံအပ်သော အရှင်ဘုရားသည် နတ်လူအားလုံးတို့ကို လွှမ်းမိုး၍ အခါခပ်သိမ်း တောက်ပတော်မူပါပေ၏။

၃၂၂။ နက်စွာသော သမုဒ္ဒရာ၌ ထကြွသော လှိုင်းတံပိုးတို့သည် ကမ်းကို မလွန်နိုင်ကြကုန်၊ အလုံးစုံသော လှိုင်းတံပိုးတို့သည် ကမ်းကိုသာ ထိခိုက်ကုန်လျက် ကြေမွ ပျက်ကွဲကုန်လျက် ဖရိဖရဲ ကြဲပြန့်ကြရကုန်သကဲ့သို့—

၃၂၃။ ထို့အတူသာလျှင် လောက၌ အထူးထူးသော အယူရှိကုန်သော များစွာသော တိတ္ထိတို့သည် ရှိကုန်၏၊ ထိုတိတ္ထိတို့သည် ဝါဒတရားကို ပြိုင်ဆိုင် ပြောဆိုလိုကုန်သော်လည်း ထိုရှင်တော်ဘုရားကို မလွန်ဆန်နိုင်ကုန်။

၃၂၄။ ပညာမျက်စိ ရှိတော်မူသော အရှင်ဘုရား ထိုတိတ္ထိတို့သည် ဆန့်ကျင်ဘက်အယူ (ဝါဒ)တို့ဖြင့် အရှင်ဘုရားထံသို့ အကယ်၍ ရောက်ကြစေကုန်မူ၊ အရှင်ဘုရားသို့ ချဉ်းကပ်မိကုန်သော် မှုန့်မှုန့်ညက်ညက် ကျေပျက်ကုန်သည်သာ ဖြစ်ကုန်၏။

၃၂၅။ ရေ၌ပေါက်သော များစွာသော ကုမုဒြာကြာ မျောက်လျှော့ကူးတို့သည် ရေဖြင့်၎င်း ညွန်စေးညွန်ကျွဲဖြင့်၎င်း လိမ်းကျံကုန်သကဲ့သို့—

၃၂၆။ ထိုအတူ များစွာသောသတ္တဝါတို့သည် ရာဂ ဒေါသဖြင့် နှိပ်စက်အပ်ကုန်လျက် ညွန်၌ ကုမုဒြာကြာကဲ့သို့ လောက၌ ပေါက်ရောက် ဖြစ်ပွါးကြရကုန်၏။

၃၂၇-၃၂၈။ ရေ၌ဖြစ်သောပဒုမာကြာသည် ရေ၏အလယ်၌ ပေါက်ရောက်၏၊ ဝတ်ဆံရှိသော ထိုပဒုမာကြာသည် ရေဖြင့် မလိမ်းကျံ စင်ကြယ်သကဲ့သို့ ထို့အတူ ကြီးသောလုံ့လရှိတော်မူသော မြတ်သော မုနိဖြစ်တော်မူသော မြတ်စွာဘုရား အရှင်ဘုရားသည် လောက၌ ဖြစ်တော်မူလျက်ပင် ပဒုမာကြာသည် ရေဖြင့် မလိမ်းကျံသကဲ့သို့ လောကဖြင့် လိမ်းကျံတော်မမူ။

၃၂၉-၃၃၀။ မွေလျော်ဖွယ်ရှိသော တန်ဆောင်မုန်းလ၌ များစွာကုန်သော ရေ၌ ဖြစ်ကုန်သောကြာတို့သည် ပွင့်ကုန်၏၊ ထိုတန်ဆောင်မုန်းလကို လွန်၍ မဖြူးကုန်၊ ထိုအခါကာလသည် ကြာပွင့်ရာ အခါသမယဖြစ်သကဲ့သို့ ထို့အတူသာလျှင် ကြီးသောလုံ့လရှိတော်မူသော မြတ်စွာဘုရား အရှင်ဘုရားသည် (သစ္စာလေးဆင့်ဖြင့်) ပွင့်တော်မူ၏၊ အရှင်ဘုရား၏ အရဟတ္တဖိုလ်ဖြင့် ပွင့်တော်မူကြပါကုန်ပြီ၊ ဥပမာသော်ကား ရေ၌ဖြစ်သော ပဒုမာကြာသည် ပွင့်ရာအချိန်အခါကို လွန်၍မဖြစ်သကဲ့သို့ ထို့အတူ တပည့်သားသာဝကတို့သည် အရှင်ဘုရား၏ အဆုံးအမသာသနာကို မလွန်ကြပါကုန်။

၃၃၁-၃၃၂။ ပင်လုံးကျွတ်ပွင့်သော အင်ကြင်းပင်မင်းသည် နတ်၌ဖြစ်သော ပန်းရနံ့ကို လှိုင်စေ၏၊ ထိုအင်ကြင်းပင်မင်းသို့ အခြားသော အင်ကြင်းပင်တို့ဖြင့် ခြံရံသော အင်ကြင်းပင်တို့ဖြင့် ခြံရံလျက် တင့်တယ်သကဲ့သို့ ထို့အတူ ကြီးသောလုံ့လရှိတော်မူသော မြတ်စွာဘုရား

http://www.dhammadownload.com



အရှင်ဘုရားသည် သဗ္ဗညုတဉာဏ်တော်ဖြင့် ပွင့်ခြင်းသို့ ရောက်တော်မူ၏၊ ရဟန်းအပေါင်း ခြံရံလျက် အင်ကြင်းပင်မင်းကဲ့သို့လည်း တင့်တယ်တော်မူပါပေသည်။

၃၃၃-၃၃၄။ ဟိမဝန္တာတောင်မင်းသည် ခပ်သိမ်းကုန်သော သတ္တဝါတို့၏ ဆေးဖြစ်ထွန်းရာ နဂါးအသူရာနှင့် နတ်တို့၏နေရာဖြစ်သကဲ့သို့ ထိုအတူ ကြီးသောလုံ့လရှိတော်မူသော မြတ်စွာဘုရား အရှင်ဘုရားသည် သတ္တဝါတို့၏ ဆေးဖြစ်ထွန်းရာ နတ်တို့၏တည်ရာ ဟိမဝန္တာတောင်မင်းနှင့် တူတော်မူပါပေ၏၊ ဝိဇ္ဇာသုံးပါးရှိကုန်သော တပည့်သား အဘိညာဉ်ခြောက်ပါး ရှိကုန်သော တပည့်သားတို့လည်း တန်ခိုး၏အထွတ်အထိပ်သို့ ရောက်ကြပါကုန်၏။

၃၃၅။ ကြီးသော လုံ့လရှိတော်မူသော မြတ်စွာဘုရား သနားခြင်း 'ကရုဏာ' ရှိသော အရှင်ဘုရားသည် ဆုံးမအပ်ပြီးဖြစ်ကုန်သော ထိုတပည့်သားတော်တို့သည် တရားတည်းဟူသော မွေ့လျော်ခြင်းဖြင့် မွေ့လျော်ကုန်သည်ဖြစ်၍ အရှင်ဘုရား၏ သာသနာတော်၌ နေကြပါကုန်၏။

၃၃၆။ ဥပမာသော်ကား သားတို့သနင်းခြင်္သေ့မင်းသည် နေရာဂူမှ ထွက်၍ အရပ်လေးမျက်နှာတို့ကို စောင်းငဲ့လှည့်လည် ရှေ့နောက်ကြည့်ရှုပြီးလျှင် သုံးကြိမ်မြည်ဟောက်၏။

၃၃၇။ ခြင်္သေ့မင်း၏ မြည်ဟောက်သော အသံကြောင့် ခပ်သိမ်းသော သားကောင်တို့သည် ထိတ်လန့်ကုန်၏၊ မြတ်သောဇာတ်ရှိသော ဤခြင်္သေ့မင်းသည် အခါခပ်သိမ်း သားကောင်တို့ကို ထိတ်လန့်စေ၏။

၃၃၈။ ထိုအတူ ကြီးသောလုံ့လရှိတော်မူသော မြတ်စွာဘုရား အရှင်ဘုရား၏ ကြုံးဝါးတော်မူသော အသံတော်ကြောင့် ဤမြေကြီးသည် ပြင်းထန်စွာတုန်လှုပ်၏၊ ကျွတ်ထိုက်သော သတ္တဝါတို့သည်သာလျှင် ထိုးထွင်းသိကုန်၏၊ မာရ်မင်း၏ အသင်းအပင်းဖြစ်ကုန်သော သတ္တဝါတို့သည် ထိတ်လန့်ကုန်၏။

၃၃၉။ မုနိတကာတို့ထက် မြတ်တော်မူသော မြတ်စွာဘုရား အရှင်ဘုရား၏ ကြုံးဝါးတော်မူသောအသံတော်ကြောင့် ခပ်သိမ်းကုန်သော တိတ္ထိတို့သည် ထိတ်လန့်ကုန်၏၊ ကျီးတို့သည် သိန်းငှက်တို့ကြောင့် လှည့်လည်ထွက်ပြေးကုန်သကဲ့သို့၎င်း သားကောင်တို့သည် သားတို့သနင်းခြင်္သေ့မင်းကြောင့် တိမ်းရှောင်ထွက်ပြေးကုန်သကဲ့သို့၎င်း ထိတ်လန့်ကုန်၏။

၃၄၀။လောက၌ ဂိုဏ်းရှိကုန်သော အလုံးစုံသော သူတို့ကို ဆရာတို့ဟူ၍ ဆိုအပ်ကုန်၏၊ ထိုဂိုဏ်းဆရာတို့သည် ဆရာအဆက်ဆက် ဆောင်ယူခဲ့သော တရားကို ပရိသတ်၌ ဟောကြားကြကုန်၏။

၃၄၁။ ကြီးသောလုံ့လရှိတော်မူသော မြတ်စွာဘုရား အရှင်ဘုရားသည် သတ္တဝါတို့အား (ထိုဂိုဏ်းဆရာတို့ကဲ့သို့) တရားကိုဟောတော်မူသည် မဟုတ်ပါ(အဘယ်သို့ ဟောတော်မူသနည်းဟူမူ) ကိုယ်တိုင် သစ္စာလေးပါးတို့ကို သိ၍သာလျှင်(ဗောဓိပက္ခိယ) တရားအားလုံးကို သိ၍ ဟောတော်မူ၏။

http://www.dhammadownload.com



၃၄၂။ သတ္တဝါတို့၏ အလိုစရိုက်(အာသယ)ကိန်းအောင်းနေသော ကိလေသာ(အနုသယ)ကိုသိ၍၎င်း ဣန္ဒြေတို့၏အားရှိမရှိကို သိ၍၎င်း ကျွတ်ထိုက် မကျွတ်ထိုက်သောပုဂ္ဂိုလ်တို့ကို သိတော်မူ၍၎င်း ကြီးစွာသောမိုးသည် ထစ်ကြိုးဘိသကဲ့သို့ အရှင်ဘုရားသည်(မေဃဒေသနာ ဟူသော ကြုံးဝါးခြင်းဖြင့်)ကြုံးဝါးတော်မူ၏။

၃၄၃။ ပရိသတ်တို့သည် အထူးထူးသော အယူ(ဝါဒ)တို့ကို စူးစမ်းဆင်ခြင် ကြကုန်လျက် ယုံမှားမှု ဖြတ်တောက်ရန်အလို့ငှါ အရှင်ဘုရားကို ခြံရံ၍ စကြဝဠာဆုံးသည့်တိုင်အောင် ထိုင်နေကြကုန်၏။

၃၄၄။ ဥပမာ၌ လိမ္မာတော်မူသော အရှင်ဘုရားသည် ခပ်သိမ်းသော ပရိသတ်တို့၏ စိတ်ကို သိတော်မူ၍ တခုသော ပြဿနာကို ဖြေတော်မူသည် ဖြစ်၍သာလျှင် သတ္တဝါတို့၏ အထူးထူးသော ယုံမှားမှုကို ဖြတ်တော်မူ၏။

၃၄၅။ မြေအပြင်သည် ဥပတိဿနှင့်တူသော ပညာရှိတို့ဖြင့် ပြည့်ရာ၏၊ အလုံးစုံသော ထိုပညာရှိတို့ပင်လျှင် လက်အုပ်ချီကုန်လျက် ရှင်တော်ဘုရားကို ချီးမွမ်းကုန်ရာ၏။

၃၄၆။ ဥပတိဿနှင့် တူမျှသော ထိုပညာရှိတို့သည် အထူးထူးသော ဂုဏ်တော်တို့ဖြင့် တကမ္ဘာပတ်လုံး ချီးမွမ်းကုန်သော်လည်း ဂုဏ်ပမာဏကို ရေတွက်ပြောဆိုခြင်းငှါ မစွမ်းနိုင်ကုန်ရာ၊ (အဘယ်ကြောင့် ဆိုသော်) ဘုရားရှင်တို့သည် မနှိုင်းယှဉ်နိုင်သော ဂုဏ်တော်နှင့် ပြည့်စုံတော် မူသောကြောင့်တည်း။

၃၄၇။ အကျွန်ုပ်သည် မြတ်စွာဘုရားကို မိမိအစွမ်းရှိသလောက် ချီးမွမ်းအပ်ပါ၏၊ ပညာရှိတို့သည် ကမ္ဘာကုဋေတို့ကာလပတ်လုံး ချီးမွမ်းကုန်သော်လည်း ဤမျှလောက်သာလျှင် ချီးမွမ်းနိုင်ကုန်ရာ၏၊ (ဤထက်လွန်၍ မချီးမွမ်းနိုင်ကုန်ရာ)။

၃၄၈။ ကောင်းစွာ သင်ကြားအပ်ပြီးသော တစုံတယောက်သော နတ်သည်၎င်း လူသည်၎င်း ဂုဏ်ပမာဏကို ရေတွက်ခြင်းငှါ အကယ်၍ ကြံစည်ငြားအံ့၊ ထိုသူသည် ပင်ပန်းခြင်းကိုသာလျှင် ရရာ၏။

၃၄၉။ သာကီဝင်မင်းသားဖြစ်တော်မူသော များသော အခြံအရံရှိတော်မူသော မြတ်စွာဘုရား တပည့်တော်သည် ရှင်တော်ဘုရား၏ သာသနာတော်၌ တည်၍ ပညာအထွတ်အထိပ်သို့ ရောက်လျက် အာသဝမရှိပဲ နေရပါ၏။

၃၅၀။ ယခုအခါ မြတ်စွာဘုရားသာသနာတော်၌ တိတ္ထိတို့ကို ကောင်းစွာ နှိမ်နင်းနိုင်၏၊ မြတ်စွာဘုရားအဆုံးအမတော်ကို လိုက်နာ စောင့်ရှောက်နိုင်၏၊ ယခုအခါ သာကီဝင်မင်းသား မြတ်စွာဘုရား၏ သာသနာတော်၌ တရားစစ်သူကြီး ဖြစ်ရပါ၏။

၃၅၁။ မရေမတွက်နိုင်သောတသင်္ချေနှင့်ကမ္ဘာတသိန်းထက်ကပြုခဲ့သောကောင်းမှုကံသည် ယခုဤဘဝ၌ အကျွန်ုပ်အား အကျိုးကို ညွှန်ပြ၏၊ ကောင်းစွာ ပစ်အပ်သော မြားအဟုန်ကဲ့သို့ အကျွန်ုပ်သည် ကိလေသာတို့ကို လောင်ကျွမ်းစေပါ၏။

၃၅၂-၃၅၃။ တစုံတယောက်သောသူသည် ဦးခေါင်းထက်၌ ဝန်ကို ရွက်ထားရာ၏၊ ဝန်အားဖြင့် ဆင်းရဲခြင်းသို့ ရောက်ရာ၏၊ထိုပုဂ္ဂိုလ်အား ဝန်ထုပ်ဝန်ပိုးတို့ဖြင့် အလွန်ဝန်လေး

http://www.dhammadownload.com



သကဲ့သို့ ထို့အတူ သုံးပါးသော မီးတို့ဖြင့် လောင်ကျွမ်းလျက် မြင့်မိုရ်တောင်ကို ထိပ်ထက်၌ရွက်တင်ထားရသကဲ့သို့ ဘဝတည်းဟူသော ဝန်ထုပ်ဖြင့် ပြည့်လျက် ဘဝများစွာတို့၌ အကျွန်ုပ် ကျင်လည်ခဲ့ရ၏။

၃၅၄။ အကျွန်ုပ်သည် ခန္ဓာဝန်ကို ချအပ်ပြီးပြီ၊ အကျွန်ုပ်သည် ဘဝတို့ကို ဖျက်ဆီးအပ်ပါပြီ၊ မြတ်စွာဘုရား၏ သာသနာတော်၌ အလုံးစုံသော ပြုဖွယ်ဟူသမျှကို ပြုပြီးပါပြီ။

၃၅၅။ စကြဝဠာကုဋေတသိန်းဟူသော ဗုဒ္ဓခေတ်၌ ရှိသမျှသော သတ္တဝါအပေါင်းတို့တွင် မြတ်စွာဘုရားကို ထား၍ အကျွန်ုပ်သည် ပညာအားဖြင့် အမြတ်ဆုံးဖြစ်၏၊ အကျွန်ုပ်နှင့်တူသောသူသည် မရှိ။

၃၅၆။ တည်ကြည်မှု 'သမာဓိ'၌ အလွန်လိမ္မာ၏၊ တန်ခိုးအရာ၌ အထွတ်အထိပ်သို့ရောက်၏၊ ယခုအကျွန်ုပ်အလိုရှိခဲ့ပါမူ အထောင်မျှလောက် ဖန်ဆင်းနိုင်ပါ၏။

၃၅၇။ အစဉ်အတိုင်း ဝင်စားအပ်သော သမာပတ်ကိုးပါး၌ လေ့လာတော်မူပြီးသော မြတ်စွာဘုရားသည် အကျွန်ုပ်အား အဆုံးအမကို မိန့်ဆိုတော်မူ၏၊ နိရောဓသမာပတ်သည် အကျွန်ုပ်၏ အိပ်ရာနေရာတည်း။

၃၅၈။ အကျွန်ုပ်၏ ဒိဗ္ဗစက္ခုအဘိညာဉ်သည် စင်ကြယ်၏၊ အကျွန်ုပ်သည် တည်ကြည်မှု 'သမာဓိ'၌ လိမ္မာ၏၊ ကောင်းစွာအားထုတ်ခြင်း သမ္မပ္ပဓာန်လုံ့လနှင့် ယှဉ်၏၊ ဗောဇ္ဈင် (ခုနစ်ပါး)ကို ပွါးများမှု၌ မွေ့လျော်၏။

၃၅၉။ တပည့်သာဝကတို့ ရရောက်အပ်သော ပြုဖွယ်ကိစ္စဟူသမျှကို အကျွန်ုပ်သည် ပြုပြီးပြီ၊ မြတ်စွာဘုရားကို ထား၍ အကျွန်ုပ်နှင့် တူသောသူမရှိ။

၃၆၀။ (ငါသည်) သမာပတ်ကိုးပါးတို့၌ လိမ္မာ၏၊ ဈာန်လောကုတ္တရာ ဝိမောက္ခကို လျင်စွာ ရသူဖြစ်ပါ၏၊ ဗောဇ္ဈင်(ခုနစ်ပါး) ပွါးများခြင်း၌ မွေ့လျော်၏၊ သာဝကတို့ ရသင့် ရထိုက်သော ဂုဏ်တို့၏ အထွတ်အထိပ်သို့ ရောက်သူဖြစ်ပါ၏။

၃၆၁။ ယောကျ်ားမြတ် ဖြစ်တော်မူသော အရှင်ဘုရား ရအပ်သော သာဝကဂုဏ်(တဆယ့်ခြောက်ပါး)နှင့် ပြည့်စုံသော်လည်း သီတင်းသုံးဖော်တို့၌ အခါခပ်သိမ်း ကြည်ညိုလေးစား အကျိုးစီးပွါးနှင့် ယှဉ်သောစိတ်ကိုပြုပါ၏။

၃၆၂။ အဆိပ်နုတ်ထားပြီးသော မြွေကဲ့သို့ရင်း ဦးချိုကျိုးသော နွားလားကဲ့သို့ရင်း ထောင်လွှားခြင်း'မာန'ကို ချထား၍သာလျှင် အလွန်ရိုသေလေးစားသဖြင့် ရဟန်းအပေါင်းသို့ ဆည်းကပ် ဝင်ရောက်ပါ၏။

၃၆၃။ အကျွန်ုပ်၏ပညာသည် အကယ်၍ အစိုင်အခဲဖြစ်ခဲ့ပါလျှင် မြေကြီးသည် မဆန့်ရာ၊ ဤအကျိုးသည် အနောမဒဿီ မြတ်စွာဘုရား၏ ဉာဏ်တော်ကို ချီးမွမ်းရခြင်း၏ အကျိုး ပေတည်း။

၃၆၄။ တာဒိဂုဏ်နှင့် ပြည့်စုံတော်မူသော မြတ်စွာဘုရားသည် ဟောတော်မူသော ဓမ္မစကြာတရားတော်ကို အကျွန်ုပ်သည် ကောင်းစွာ အတုလိုက်၍ ဟောနိုင်ပါ၏၊ ဤအကျိုးသည် ဉာဏ်တော်ကို ချီးမွမ်းရခြင်း၏ အကျိုးပေတည်း။

http://www.dhammadownload.com



၃၆၅။ ယုတ်မာသော အလိုရှိသော ပျင်းရိသော လုံ့လဝီရိယ လျော့နည်းသော အကြား အမြင်နည်းသော အဆုံးအမသြဝါဒ၌ ရှိသေခြင်း ကင်းသောသူသည် တစုံတခုသော အရပ်၌ ငါနှင့်အတူ ပေါင်းဖော်ရခြင်းသည် တရံတခါမျှ မဖြစ်ပါစေလင့်။

၃၆၆။ အကြင်ပုဂ္ဂိုလ်သည် များသောအကြားအမြင်ရှိသူလည်း ဖြစ်၏၊ လျင်မြန်သော ပညာရှိသူလည်း ဖြစ်၏၊ သီလတို့၌ ကောင်းစွာ ဆောက်တည်သူလည်း ဖြစ်၏၊ စိတ်ကို ကောင်းစွာ ထားခြင်းနှင့် ယှဉ်သူလည်း ဖြစ်၏၊ ထိုသို့သော ပုဂ္ဂိုလ်သည် အကျွန်ုပ်၏ ဦးထိပ် ထက်၌သော်လည်း တည်ပါစေသတည်း။

၃၆၇။ အရှင်ကောင်းတို့ အရှင်တို့အား ထိုအကြောင်းကို ဆိုပေအံ့၊ ဤပရိသတ်၌ အညီအညွတ်လာရောက်ကုန်သော အရှင်ကောင်းအပေါင်းတို့သည် အလိုနည်းကြကုန်လော့၊ ရောင့်ရဲလွယ်ကြကုန်လော့၊ အခါခပ်သိမ်း ဈာန်ဝင်စားကြကုန်လော့၊ ဈာန်၌ မွေ့လျော်ကြ ကုန်လော့။

၃၆၈။ အကျွန်ုပ်သည် အကြင် အဿဇိမထေရ်ကို မြင်ရ၍ (ကိလေသာ)မှ အညစ် အကြေး ကင်းသည်ဖြစ်၏၊ ပညာရှိသော အဿဇိမည်သော ထိုမြတ်စွာဘုရား၏ တပည့် သားတော်သည် အကျွန်ုပ်၏ ဆရာပါတည်း။

၃၆၉။ အကျွန်ုပ်သည် ထိုအဿဇိမထေရ်၏ အစွမ်းကြောင့် ယခု တရားစစ်သူကြီး ဖြစ်ရ ပါ၏၊ အလုံးစုံသော သာဝကပါရမီဉာဏ်အရာ၌ အထွတ်အထိပ်သို့ ရောက်လျက် (ကိလေ သာ)ကင်းသည် ဖြစ်၍ နေရ၏။

၃၇၀။ အကျွန်ုပ်၏ ဆရာဖြစ်သော အဿဇိမည်သော မြတ်စွာဘုရား၏ တပည့်သားတော် သည် အကြင်အရပ်၌နေ၏၊ ထိုအဿဇိ နေရာအရပ်ကို အကျွန်ုပ်သည် ဦးခေါင်းရင်း ပြုပါ၏။

၃၇၁။ အကျွန်ုပ်၏ ရှေးကပြုခဲ့ဘူးသော ကံကို အောက်မေ့တော်မူ၍ ဂေါတမ မြတ်စွာ ဘုရားသည် ရဟန်းသံဃာ(အလယ်၌)နေတော်မူလျက် အကျွန်ုပ်ကို မြတ်သော အဂ္ဂသာဝက အရာ၌ ထားတော်မူ၏။

၃၇၂။ အကျွန်ုပ်သည် ကိလေသာတို့ကို လောင်ကျွမ်းစေအပ်ကုန်ပြီ၊ အလုံးစုံသော ဘဝ တို့ကို ကောင်းစွာ နုတ်အပ်ကုန်ပြီ၊ ဆင်ပြောင်သည် အနှောင်အဖွဲ့ကို ဖြတ်တောက်၍ နေဘိ သကဲ့သို့ သံယောဇဉ်အနှောင်အဖွဲ့ကို ဖြတ်တောက်လျက် အာသဝကင်းသည်ဖြစ်၍ နေရ၏။

၃၇၃။ မြတ်စွာဘုရား၏ အထံတော်သို့ အကျွန်ုပ် လာရခြင်းကား စင်စစ် ကောင်းသော လာရခြင်းပေတည်း၊ ဝိဇ္ဇာသုံးပါးတို့သို့ အစဉ်ရောက်အပ်ကုန်ပြီ၊ မြတ်စွာဘုရား အဆုံးအမ တော်ကို ပြုကျင့်ရပြီ။

၃၇၄။ လေးပါးသော ပဋိသမ္ဘိဒါတို့ကိုရှင်း ရှစ်ပါးသော ဤဝိမောက္ခတို့ကိုရှင်း ခြောက်ပါး သော အဘိညာဉ်တို့ကိုရှင်း မျက်မှောက်ပြုအပ်ပါကုန်ပြီ၊ မြတ်စွာဘုရား၏ အဆုံးအမတော်ကို လိုက်နာကျင့်သုံးပြီးပါပြီ။

ဤသို့လျှင် အသျှင်သာရိပုတြာမထေရ်သည် ဤဂါထာတို့ကို မိန့်ဆိုတော်မူ၏။

**ရှေးဦးစွာသော သာရိပုတ္တတ္ထေရအပဒါန် ပြီး၏။**

http://www.dhammadownload.com



## ၃-၂-မဟာမောဂ္ဂလ္လာနတ္ထေရအပဒါန်

၃၇၅။ ဘုန်းတော်ခြောက်ပါးနှင့် ပြည့်စုံတော်မူသော လောကထက် မြတ်သော အနောမဒဿီ မြတ်စွာဘုရားသည် ဟိမဝန္တာတောသို့ နတ်အပေါင်း ခြံရံအပ်သည်ဖြစ်၍ နေတော်မူ၏။

၃၇၆။ ထိုအခါ ငါသည် အမည်အားဖြင့် ဝရုဏအမည်သော နဂါးမင်း ဖြစ်ခဲ့၏၊ အလိုရှိအပ်သော အဆင်းသဏ္ဌာန်ကို ဖန်ဆင်းလေ့ရှိသည်ဖြစ်၍ အထူးထူး တန်ခိုးဖန်ဆင်းကာ သမုဒ္ဒရာ၌ နေ၏။

၃၇၇။ ငါသည် အခြံအရံဖြစ်သော နဂါးအပေါင်းကို ခေါ်၍ တူရိယာတို့ကို ဖြစ်စေ၏၊ ထိုအခါ နတ်နဂါးမတို့သည် မြတ်စွာဘုရားကို ခြံရံကုန်လျက် တီးမှုတ်ကြကုန်၏။

၃၇၈။ (လူနှင့်နဂါးတို့က) လူတူရိယာ နဂါးတူရိယာတို့ကို တီးမှုတ်ကြကုန်သည်ရှိသော် နတ်တို့ကလည်း နတ်တူရိယာတို့ကို တီးမှုတ်ကြကုန်၏၊ နှစ်မျိုးသော နတ်လူတို့၏ တူရိယာသံကို ကြားရသောကြောင့် အနောမဒဿီ မြတ်စွာဘုရားသော်မှ (သမာပတ်မှ) ထတော်မူရ၏၊ (အသိအမှတ် ပြုတော်မူရ၏)။

၃၇၉။ ငါသည် အနောမဒဿီ မြတ်စွာဘုရားကို ပင့်ဖိတ်၍ မိမိနေရာ နဂါးပြည်သို့ ကပ်ရောက်ပြီးနောက် (ကပ်ပြီး၍)နေရာကို ခင်းထား၍ ဆွမ်းစားချိန် အခါကို ကြားလျှောက်၏။

၃၈၀။ အနောမဒဿီ မြတ်စွာဘုရားသည် ရဟန္တာတထောင် ခြံရံအပ်သည် ဖြစ်၍ အလုံးစုံသော အရပ်မျက်နှာတို့ကို ထွန်းလင်းစေလျက် ငါ၏ ဗိမာန်သို့ ကြွရောက်တော်မူလာ၏။

၃၈၁။ ထိုအခါ ငါသည် ရဟန်းသံဃာနှင့် တကွ (ဗိမာန်သို့)ကြွတော်မူလာသော လူ့လကြီးမြတ် နတ်ထက်နတ် ဖြစ်လာသည့် အနောမဒဿီ မြတ်စွာဘုရားကို ထမင်းအဖျော်ဖြင့် ရောင့်ရဲတော်မူစေ၏။

၃၈၂။ လူ့လကြီးမြတ်တော်မူသော အလိုလို သိတော်မူသော အမြတ်ဆုံး ပုဂ္ဂိုလ်ဖြစ်သည့် အနောမဒဿီ မြတ်စွာဘုရားသည် ရဟန်းသံဃာ(အလယ်)၌ ထိုင်တော်မူကာ အနုမောဒနာ ပြုပြီးနောက် ဤဂါထာကို မိန့်တော်မူ၏—

၃၈၃။ ထိုနဂါးမင်းသည် လူတို့၏ ရှေ့ဆောင်ဖြစ်သော ဘုရားကိုရင်း သံဃာတော်ကိုရင်း ပူဇော်ကြောင်း ဖြစ်သော စိတ်ကြည်လင်မှုကြောင့် နတ်ပြည်သို့ လားရလတ္တံ့။

၃၈၄။ ခုနစ်ဆယ့် ခုနစ်ကြိမ် နတ်စည်းစိမ်ကို ခံစားရလတ္တံ့၊ အကြိမ်ရှစ်ရာ မြေအပြင်၌ ကေရာဇ်မင်းဖြစ်၍ မြေပြင်အလုံးကို စိုးအုပ်ရလတ္တံ့။

၃၈၅။ ငါးဆယ့်ငါးကြိမ်တိုင်အောင် စကြဝတေးမင်း ဖြစ်ရလတ္တံ့၊ ထိုစကြဝတေးမင်း အဖြစ်၌ပင် ထိုမင်းအား မရေတွက်နိုင်ကုန်သော စည်းစိမ်ဥစ္စာတို့သည် ဖြစ်ကုန်လတ္တံ့။

၃၈၆။ (ငါဘုရားပွင့်ရာ) ဤဝရကမ္ဘာမှ မရေတွက်နိုင်သော တသင်္ချေနှင့် ကမ္ဘာတသိန်း ထက်၌ ဩက္ကာကမင်းမျိုး၌ ဖြစ်၍ အနွယ်တော်အားဖြင့် ဂေါတမမည်သော မြတ်စွာဘုရားသည် လောက၌ ဖြစ်ပေါ်လတ္တံ့။

http://www.dhammadownload.com



၃၈၇။ ထိုနဂါးမင်းသည် ငရဲမှ စုတေ၍ လူ့ဘဝသို့ ရောက်ပြီးလျှင် ကောလိတဟူသော အမည်ဖြင့် ပုဏ္ဏားမျိုးဖြစ်လတ္တံ့။

၃၈၈။ အဆုံးစွန်သော ဘဝ၌ ထိုကောလိတသည် ရဟန်းပြု၍ အကြောင်းရင်းကုသိုလ်ကံသည် တိုက်တွန်းအပ်သောကြောင့် ဂေါတမမြတ်စွာဘုရား၏ ဒုတိယအဂ္ဂသာဝက (လက်ဝဲရံ) ဖြစ်လတ္တံ့။

၃၈၉။ အားထုတ်အပ်သော ဝီရိယရှိသည် နိဗ္ဗာန်သို့ စေလွှတ်အပ်သော စိတ်ရှိသည်ဖြစ်၍ တန်ခိုး၏အထွတ်အထိပ်သို့ ရောက်လျက် အလုံးစုံသော အာသဝတရားတို့ကို ပိုင်းခြားသိပြီးလျှင် အာသဝကင်းကွာ ရဟန္တာဖြစ်၍ ပရိနိဗ္ဗာန်ပြုလတ္တံ့၊ (ဤဂါထာတို့ကို မိန့်တော်မူ၏)။

၃၉၀။ ယုတ်မာသော အဆွေခင်ပွန်းတို့ကို အမှီပြု၍ ကာမဂုဏ်အလိုသို့ လိုက်မှားလျက် အမိကိုရင်း အဖကိုရင်း ပြစ်မှားသောစိတ်ရှိသည်ဖြစ်၍ သတ်ခဲ့ဘူးလေ၏။

၃၉၁။ အကြင်အကြင်ငရဲဘဝသို့ ကပ်ရောက်ရ၏၊ လူဖြစ်သောအခါ၌လည်း ငါသည် မကောင်းမှုကံနှင့် ပြည့်စုံခြင်းကြောင့် ဦးခေါင်းကွဲလျက် သေလွန်ရပြန်၏။

၃၉၂။ ငါ့အား ဤသေရခြင်းသည် နောက်ဆုံးသေရခြင်းပင်တည်း၊ ဤဘဝသည် အဆုံးစွန်သော ဘဝပေတည်း၊ဤအဆုံးဘဝ သေရမည့်အခါ၌လည်း ငါ့အား ဤသို့ဦးခေါင်းကွဲလျက် သေရခြင်းမျိုးသည်ပင် ဖြစ်လတ္တံ့။

၃၉၃။ ဝိဝေကသုံးပါးကို အားထုတ်လျက် ဈာန်သမာဓိကို ပွါးများမှု၌ မွေ့လျော်သည် ဖြစ်၍ အလုံးစုံသော အာသဝတရားတို့ကို ပိုင်းခြားသိပြီးလျှင် အာသဝမရှိပဲ နေရ၏။

၃၉၄။ တန်ခိုး အထွတ်အထိပ်သို့ ရောက်သော ငါသည် အလွန်နက်သော (နှစ်သိန်းလေးသောင်း) အထုရှိသည်ဖြစ်၍ ဖျက်ဆီးနိုင်ခဲသော မြေကြီးကိုလည်း လက်ဝဲခြေမဖြင့် လှုပ်ချောက်ချားနိုင်၏။

၃၉၅။ ငါသည် ငါတကားဟု ထောင်လွှားသောမာနကို မမြင်၊ငါ့အား မာန်သည် မရှိ၊ ရှင်သာမဏေတို့ကို အစပြု၍ ရိုသေလေးစားသောစိတ်ကို ပြု၏။

၃၉၆။ ငါသည် ဤဘဒ္ဒကမ္ဘာမှ မရေတွက်နိုင်သော တသင်္ချေနှင့် ကမ္ဘာတသိန်းထက်ဖြစ်သော ဝရကမ္ဘာ၌ (လက်ဝဲရံ ဖြစ်ရလို၏ဟု)ဆုတောင်းမှုကို ပြုခဲ့ဘူးသော ဒုတိယအဂ္ဂသာဝက ရာထူးသို့ အစဉ်ရောက်ရပေပြီ၊ အာသဝတရားတို့၏ ကုန်ခြင်းသို့လည်း ရောက်ပြီ။

၃၉၇။ လေးပါးသော ပဋိသမ္ဘိဒါတို့ကိုရင်း ရှစ်ပါးသော ဤဝိမောက္ခတို့ကိုရင်း ခြောက်ပါးသော အဘိညာဉ်တို့ကိုရင်း မျက်မှောက်ပြုအပ်ပါကုန်ပြီ၊ မြတ်စွာဘုရား၏ အဆုံးအမတော်ကို လိုက်နာကျင့်သုံးပြီးပါပြီ။

ဤသို့လျှင် အသျှင်မဟာမောဂ္ဂလ္လာန်မထေရ်သည် ဤဂါထာတို့ကို မိန့်ဆိုတော်မူ၏။

**နှစ်ခုမြောက် မဟာမောဂ္ဂလ္လာနတ္ထေရအပဒါန် ပြီး၏။**

http://www.dhammadownload.com



## ၃-၃-မဟာကဿပတ္ထေရအပဒါန်

၃၉၈။ တာဒိဂုဏ်နှင့် ပြည့်စုံတော်မူသော လောက၌ အကြီးအမှူးဖြစ်တော်မူသော ပဒုမုတ္တရမြတ်စွာဘုရား၏ လက်ထက်တော်၌ မြတ်စွာဘုရား ပရိနိဗ္ဗာန်ဝင်စံလေသော် မြတ်စွာဘုရားအား ပူဇော်မှုကို ပြုကြကုန်၏။

၃၉၉။ တက်ကြွသော စိတ်ရှိကုန်သော လူအပေါင်းတို့သည် အတိုင်းထက် အလွန် ဝမ်းမြောက်ကြကုန်လျက် ပူဇော်မှုကို ပြုကြကုန်၏၊ ထိုလူအပေါင်းသည် သံဝေဂဖြစ်သည် ရှိသော် ငါ့အား နှစ်သက်ခြင်း'ပီတိ'သည် ဖြစ်ပေါ်လာ၏။

၄၀၀။ အဆွေခင်ပွန်းတို့ကို စုဝေးစေ၍ ဤစကားကို ပြောဆို၏၊ လုံ့လကြီးမြတ်တော်မူသော မြတ်စွာဘုရားသည် ပရိနိဗ္ဗာန်ပြုတော်မူ၏၊ ယခုပူဇော်မှုကို ပြုကြကုန်အံ့။

၄၀၁-၄၀၂-၄၀၃။ ထိုအဆွေခင်ပွန်းတို့သည် ကောင်းပြီဟု ဝန်ခံကုန်၍ ငါ့အား လွန်စွာ ဝမ်းမြောက်ခြင်းကို ဖြစ်စေ၏၊ လူတို့ကိုးကွယ်ရာဖြစ်သော မြတ်စွာဘုရား၌ ကောင်းမှုအစုကို ပြုကုန်အံ့(ဟု တိုင်ပင်ကြ၍) အတောင်တရာအစောက်မြင့်၍ အတောင်တရာ့ငါးဆယ်ကျယ်ဝန်းသော ကောင်းကင်သို့ စွင့်စွင့်တက်သည့် ဗိမာန်သဖွယ်ဖြစ်သော ရတနာစေတီအိမ်ကို ပြုလုပ်၍ ထိုစေတီအိမ်၌ ထန်းပင်အစဉ်တို့ဖြင့် ဆန်းကြယ်သော ပြာသာဒ်ဦးပြည်းကို ဆောက်လုပ်ပြီးလျှင် မိမိစိတ်ကို ကြည်လင်စေလျက် မြတ်သော စေတီကို ပူဇော်၏။

၄၀၄။ တောက်ပသော မီးပုံကြီးကဲ့သို့ရင်း ပင်လုံးကျွတ်ပွင့်သော ပင်လယ်ကသစ်ပင်ကဲ့သို့ရင်း ကောင်းကင်၌သက်တင်ရေးကဲ့သို့ရင်း အရပ်လေးမျက်နှာတို့၌ ထွန်လင်းတောက်ပ၏။

၄၀၅။ ငါသည် ထိုစေတီတော်၌ စိတ်ကိုကြည်ညိုစေ၍ များစွာသော ကုသိုလ်ကောင်းမှုကို ပြုလျက် ရှေးကပြုခဲ့ဘူးသော ကံကို အောက်မေ့လျက် သေရသောကြောင့် တာဝတိံသာ နတ်ပြည်သို့ ရောက်ရ၏။

၄၀၆။ ထိုနတ်ပြည်၌လည်း နတ်မြင်းတထောင်ကဆောင်သော နတ်ယာဉ်ကို စီးနင်းပိုင်စိုးရ၏၊ငါ၏ ဗိမာန်သည်လည်း (အစောက်အားဖြင့်)မြင့်၍ ဘုံခုနစ်ဆင့်ရှိလျက် အထက်သို့ စွင့်စွင့်တက်၏။

၄၀၇။ ထိုဗိမာန်၌ အလုံးစုံသော ရွှေဖြင့်ပြီးသော အထွတ်တပ်သည့် ပြာသာဒ်ဆောင်ပေါင်း တထောင်ရှိကုန်၏၊မိမိ၏ကောင်းမှုတန်ခိုးဖြင့် အရပ်မျက်နှာအားလုံးတို့သည် အလျှံတဝင်းဝင်း ထွန်းလင်းတောက်ပကုန်၏။

၄၀၈။ ထိုဗိမာန်၌ ပတ္တမြားနီဖြင့်ပြီးသော အခြားအခြားသော နန်းဦးပြာသာဒ်ဆောင်တို့သည်လည်း ရှိကုန်သေး၏၊ထိုပြာသာဒ်ဆောင်တို့ကလည်း ထက်ဝန်းကျင် အရပ်လေးမျက်နှာတို့ကို အရောင်အဝါဖြင့် ထွန်းလင်းတောက်ပစေကုန်၏။

၄၀၉။ ကောင်းမှုကံကြောင့် ဖြစ်ပေါ်လာကုန်သော ကောင်းစွာဖန်ဆင်းအပ်သည် ဖြစ်၍ ပတ္တမြားဖြင့်ပြီးသော အထွတ်တပ်သော အဆောင်ကလည်း ထက်ဝန်းကျင် အရပ်ဆယ်မျက်နှာတို့ကို ထွန်းလင်းတောက်ပစေကုန်၏။

http://www.dhammadownload.com



၄၁၀။ တလျှပ်လျှပ်တောက်ပကုန်သော ထိုဗိမာန်တို့၏ အလင်းရောင်သည် ကျယ်ပြန့်သည်ဖြစ်၍ နတ်အားလုံးတို့ကို (အသက်အဆင်းစသည်ဖြင့်) လွှမ်းမိုး၍သွား၏၊ ဤသို့ ဖြစ်ပေါ်ရခြင်းသည် ကောင်းမှုကံ၏ အကျိုးပေတည်း။

၄၁၁။ ငါသည် ကမ္ဘာခြောက်သောင်းထက်၌ လေးကျွန်းလုံးကို အစိုးရ၍ ရန်သူကိုအောင်ပြီးသူ ဥဗ္ဗိဒ္ဓမည်သော စကြာမင်းဖြစ်၍ မြေပြင်အလုံးကို စိုးအုပ်ရလေ၏။

၄၁၂။ ငါသည် ဘဒ္ဒကမ္ဘာ၌လည်း အကြိမ်သုံးဆယ် အလားတူ စကြာမင်း ဖြစ်ရပြန်၏၊ ဗိုလ်ပါအင်အားများသော စကြာမင်းဖြစ်၍ မိမိ၏ မင်းကျင့်ဆယ်တန် ပရိက်ကိစ္စ၌ အားထုတ်အပ်ပြီးသူ ဖြစ်၏။

၄၁၃။ ထိုစကြာမင်းအဖြစ်၌လည်း ရတနာခုနစ်ပါးနှင့် ပြည့်စုံ၍ လေးကျွန်းလုံးကို အစိုးရသူ ဖြစ်၏၊ ငါ၏ဗိမာန်သည် လျှပ်စစ်နွယ်ကဲ့သို့ အထက်သို့ အလျှံတက်၏။

၄၁၄-၄၁၅။ အလျားအားဖြင့် နှစ်ဆယ့်လေးယူဇနာရှိ၍ အနံအားဖြင့် တဆယ့်နှစ်ယူဇနာ ကျယ်ပြန့်၏၊ မြဲမြံခိုင်ခံ့သည့် တံတိုင်း တုရိုဏ်တိုင်ရှိသော ရမ္မဏမည်သော မြို့တော်သည်ကား အလျားငါးယူဇနာ အနံယူဇနာခွဲရှိ၏၊ လူအပေါင်းတို့ဖြင့် ပြွမ်းလျက် တာဝတိံသာနတ်ပြည် သဖွယ် ဖြစ်၏။

၄၁၆။ အပ်ကျည်ဘူး၌ ထည့်ထားသော အပ်တို့သည် အချင်းချင်းရောယှက် ထိခိုက်ကြကုန်သကဲ့သို့ ဝင်ရောက်နေထိုင်ရောင်းဝယ်သော ဈေးသူဈေးသားတို့သည် အချင်းချင်းရောယှက် ထိစပ်ကြကုန်၏၊ တန်ဆာဆင်အပ်သော မြို့တော်ဖြစ်၍ လူမျိုးစုံတို့ဖြင့် ရောပြွမ်းခြင်းရှိ၏။

၄၁၇။ ဤအခြင်းအရာဖြင့်လည်း ဆင်မြင်းရထားဘို့ဖြင့်ရောပြွမ်းသော ငါ၏ မြို့တော်သည် လူတို့ဖြင့် အခါခပ်သိမ်း ရောပြွမ်း၍ မြတ်သော ရမ္မဏမြို့တော် ဖြစ်ခဲ့၏။

၄၁၈။ ထိုရမ္မဏမြို့တော်၌ပင် သုံးဆောင်ခံစားနေထိုင်ပြီး၍ တဖန်နတ်အဖြစ်သို့ ရောက်ပြန်၏၊ ငါ့အား အဆုံးဘဝ၌ မျိုးရိုး၏ ပြည့်စုံခြင်းသည် ဖြစ်၏။

၄၁၉။ ပြာဟ္မဏမျိုး၌ဖြစ်၍ များစွာသော ရတနာဘို့ စုဝေးရာဖြစ်၏၊ ကုဋေရှစ်ဆယ်သော ရွှေငွေဘို့ကို စွန့်လွှတ်၍ ရဟန်းပြု၏။

၄၂၀။ လေးပါးသော ပဋိသမ္ဘိဒါတို့ကိုလည်း ရှစ်ပါးသော ဤဝိမောက္ခတို့ကိုလည်း ခြောက်ပါးသော အဘိညာဉ်တို့ကိုလည်း မျက်မှောက်ပြုအပ်ပါကုန်ပြီ၊ မြတ်စွာဘုရား၏ အဆုံးအမတော်ကို လိုက်နာကျင့်သုံးပြီးပါပြီ။

ဤသို့လျှင် အသျှင်မဟာကဿပမထေရ်သည် ဤဂါထာတို့ကို မိန့်ဆိုတော်မူ၏။

**သုံးခုမြောက် မဟာကဿပတ္ထေရအပဒါန် ပြီး၏။**

---

## ၃-၄-အနုရုဒ္ဓတ္ထေရအပဒါန်

၄၂၁။ ဘုန်းတော်ကြီးတော်မူသော လောကထက်မြတ်သော ဆိတ်ငြိမ်ရာသို့ ကပ်လျက်နေတော်မူသော လူတို့၏ ရှေ့သွားဖြစ်သည့် သုမေဓာမြတ်စွာဘုရားကို ငါသည် ဖူးမြင်ရ၏။

http://www.dhammadownload.com



၄၂၂။ ငါသည် လူတို့၏ရှေ့သွားဖြစ်သော သုမေဓာမြတ်စွာဘုရားသို့ ချဉ်းကပ်၍ လက်အုပ်ချီပြီးလျှင် မြတ်စွာဘုရားကို တောင်းပန်၏။

၄၂၃။ သနားစောင့်ရှောက်၍ လုံ့လကြီးမြတ်တော်မူသော လူတို့ဥက္ကဋ္ဌ လောကထက်မြတ်တော်မူသော မြတ်စွာဘုရား သစ်ပင်ရင်း၌ စျာန်ဝင်စားတော်မူသော အရှင်ဘုရားအား ဆီမီးကို ကပ်လှူပါအံ့၊ (ဤသို့ တောင်းပန်၏)။

၄၂၄-၄၂၅။ အလိုလိုပွင့်ပေါ်တော်မူသည်ဖြစ်၍ ဟောပြောသောသူတို့ထက် မြတ်သော ထိုသုမေဓာမြတ်စွာဘုရားသည် လက်ခံတော်မူ၏၊ထိုအခါ ငါသည် သစ်ပင်တို့၌ ဖောက်ထွင်း၍ (ဆီညှစ်)ယန္တယားကို တပ်ဆင်ပြီးလျှင်(ဆီကို ညှစ်ယူပြီးလျှင်)လောက၏ အဆွေဖြစ်တော်မူသော သုမေဓာမြတ်စွာဘုရားအား ဆီမီးတထောင်ကို လှူဒါန်း၏၊ ငါ၏ ဆီမီးတို့သည် ခုနစ်ရက်ပတ်လုံး တောက်ပပြီးလတ်သော် ငြိမ်းကုန်၏။

၄၂၆။ ငါသည် ထိုစိတ်ကြည်လင်ခြင်းဖြင့်၎င်း ကုသိုလ်စေတနာဆုတောင်းခြင်းတို့ဖြင့်၎င်း လူ၌ဖြစ်သော ခန္ဓာကိုယ်ကို စွန့်ပြီးသော် (နတ်)ဗိမာန်သို့ ကပ်ရောက်ရ၏။

၄၂၇။ နတ်အဖြစ်သို့ရောက်သော ငါ့အား (ကောင်းမှုကံက) ဖန်ဆင်းအပ်သော နတ်ဗိမာန်သည် ဖြစ်ပေါ်လာ၏၊ ထက်ဝန်းကျင်မှလည်း တောက်ပ၏၊ ဤသို့ဖြစ်ရခြင်းသည် ဆီမီးလှူရခြင်း၏ အကျိုးပေတည်း။

၄၂၈။ ထိုအခါ ငါသည် ထက်ဝန်းကျင်ယူဇနာတရာတိုင်တိုင် ထွန်းလင်းစေနိုင်၏၊နတ်အားလုံးတို့ကို (အသက်အဆင်းစသည်တို့ဖြင့်) လွှမ်းမိုး၍ သွား၏၊ ဤသို့ဖြစ်ရခြင်းသည် ဆီမီးလှူရခြင်း၏ အကျိုးပေတည်း။

၄၂၉။ (အာယု)ကပ် သုံးဆယ်တို့ပတ်လုံး သိကြားမင်းဖြစ်လျက် နတ်စည်းစိမ်ကို ခံစားရ၏၊ တစုံတယောက်သော နတ်တို့သည် ငါ့ကို မထေမဲ့မြင်မပြုဝံ့ကုန်၊ ဤသို့ဖြစ်ရခြင်းသည် ဆီမီးလှူရခြင်း၏ အကျိုးပေတည်း။

၄၃၀။ ငါသည် နှစ်ဆယ့်ရှစ်ကြိမ်တိုင်အောင်လည်း စကြဝတေးမင်းဖြစ်ရ၏၊ ထိုအခါ နေ့၌၎င်း ညဉ့်၌၎င်း ထက်ဝန်းကျင် တယူဇနာတိုင်တိုင် မြင်စွမ်းနိုင်၏။

၄၃၁။ မြတ်စွာဘုရား၏သာသနာတော်၌ တသောင်းသော စကြဝဠာကို ဉာဏ်မျက်စိဖြင့် မြင်စွမ်းနိုင်၏၊ ဒိဗ္ဗစက္ခု(တေဒင်္ဂရာထူးကို)ရ၏၊ ဤသို့ဖြစ်ရခြင်းသည် ဆီမီးလှူရခြင်း၏ အကျိုးပေတည်း။

၄၃၂။ ဤဘဒ္ဒကမ္ဘာမှကမ္ဘာသုံးသောင်းထက်၌ သုမေဓာမည်သောမြတ်စွာဘုရားပွင့်တော်မူ၏၊ ငါသည် ထိုမြတ်စွာဘုရားအား အထူးကြည်ညိုသောစိတ်ဖြင့် ဆီမီးကို လှူဒါန်းခဲ့ဘူး၏။

၄၃၃။ လေးပါးသော ပဋိသမ္ဘိဒါတို့ကို၎င်း ရှစ်ပါးသော ဤဝိမောက္ခတို့ကို၎င်း ခြောက်ပါးသော အဘိညာဉ်တို့ကို၎င်း မျက်မှောက်ပြုအပ်ပါကုန်ပြီ၊ မြတ်စွာဘုရား၏ အဆုံးမတော်ကို လိုက်နာကျင့်သုံးပြီးပါပြီ။

ဤသို့လျှင် အသျှင်အနုရုဒ္ဓါမထေရ်သည် ဤဂါထာတို့ကို မိန့်ဆိုတော်မူ၏။

**လေးခုမြောက် အနုရုဒ္ဓတ္ထေရအပဒါန် ပြီး၏။**

http://www.dhammadownload.com



## ၃-၅-ပုဏ္ဏမန္တာဏိပုတ္တတ္ထေရအပဒါန်

၄၃၄။ ဗေဒင်ကို လေ့လာပို့ချသော ဗေဒင်ကိုဆောင်သော ဗေဒင်သုံးပုံတို့၌ တဖက်ကမ်း ခတ်သော ငါ(သုနန္ဒာရသေ့)သည် တပည့်များစွာခြံရံလျက် ပဒုမုတ္တရမြတ်စွာဘုရားသို့ ချဉ်းကပ်၏။

၄၃၅။ လောကသုံးပါးကို သိတော်မူသော ပူဇော်အပ်သော ဝတ္ထုတို့ကို ခံယူတော်မူတတ်သော ပဒုမုတ္တရမြတ်စွာဘုရားသည် ငါ၏ (ပန်းမဏ္ဍပ် လျှုဒါန်းရသော) ကောင်းမှုကို အကျဉ်းအားဖြင့် မြွက်ကြားတော်မူ၏။

၄၃၆။ ထိုတရားတော်ကို ကြားနာပြီး၍ ပဒုမုတ္တရ မြတ်စွာဘုရားအား ရှိခိုးပြီးလျှင် လက်အုပ်ချီလျက် တောင်မျက်နှာသို့ ရှေးရှုဖဲခွါခဲ့၏။

၄၃၇။ အကျဉ်းအားဖြင့် ကြားနာပြီးလျှင် တပည့်တို့အား အကျယ်အားဖြင့် ဟောကြား၏၊ ငါဟောကြားသည်ကို ကြားနာရ၍ တပည့်အားလုံးတို့သည် ဝမ်းမြောက်ကြလျက် မိမိ အယူဝါဒကို ပယ်ဖျောက်ကြပြီးလျှင် မြတ်စွာဘုရား၌ စိတ်ကို ကြည်ညိုစေကုန်၏။

၄၃၈။ ငါသည် အကျဉ်းအားဖြင့်လည်း ဟောကြား၏၊ အကျယ်အားဖြင့်လည်း ဟောကြား၏၊ အဘိဓမ္မာနည်း၌ လိမ္မာသော ငါသည် ကထာဝတ္ထုကျမ်း၌ လိမ္မာခြင်းငှါ ခပ်သိမ်းသော ရဟန်းရှင်လူတို့အား ထင်ရှားသိစေ၍ အာသဝကင်းကွာ ရဟန္တာဖြစ်၍ နေရ၏။

၄၃၉။ ဤဘဒ္ဒကမ္ဘာမှ ကမ္ဘာငါးရာထက်၌ ကောင်းစွာ ထင်ရှား ရတနာခုနစ်ပါးနှင့် ပြည့်စုံသော လေးကျွန်းလုံးကို အစိုးရသော စကြဝတေးမင်း လေးဦးတို့သည် ဖြစ်ကုန်၏။

၄၄၀။ လေးပါးသော ပဋိသမ္ဘိဒါတို့ကိုငှင်း ရှစ်ပါးသော ဝိမောက္ခတို့ကိုငှင်း ခြောက်ပါးသော အဘိညာဉ်တို့ကိုငှင်း မျက်မှောက်ပြုအပ်ပါကုန်ပြီ၊ မြတ်စွာဘုရား၏ အဆုံးအမတော်ကို လိုက်နာကျင့်သုံးပြီးပါပြီ။

ဤသို့လျှင် မန္တာဏိပုဏ္ဏေးမ၏သားဖြစ်သော အသျှင်ပုဏ္ဏမထေရ်သည် ဤဂါထာတို့ကို မိန့်ဆိုတော်မူ၏။

**ငါးခုမြောက် ပုဏ္ဏမန္တာဏိပုတ္တတ္ထေရအပဒါန် ပြီး၏။**

---

## ၃-၆-ဥပါလိတ္ထေရအပဒါန်

၄၄၁။ ဟံသာဝတီမြို့၌ သုဇာတမည်သော ပုဏ္ဏားသည် ကုဋေရှစ်ဆယ် ကြွယ်ဝ များပြားသော ဥစ္စာစပါး ရှိ၏။

၄၄၂။ ဗေဒင်ကို လေ့လာပို့ချလျက် ဗေဒင်ကို ဆောင်ပြီးလျှင် ဗေဒင်သုံးပုံတို့၌လည်း တဖက်ကမ်း ခတ်၏၊ လက္ခဏာကျမ်း ဣတိဟာသကျမ်း မိမိဥစ္စာဖြစ်သော ဗြာဟ္မဏလမ်းစဉ်တို့၌လည်း အထွတ်အထိပ်သို့ ရောက်၏။

http://www.dhammadownload.com



၄၄၃။ ထိုအခါ ပရိဗိုဇ်တို့သည်ရင်း ဦးစွန်းတခုသာရှိသော တက္ကတွန်းတို့သည်ရင်း ဂေါတမအနွယ်၌ဖြစ်သော ဗုဒ္ဓသာဝကတို့သည်ရင်း ရသေ့တု ရသေ့ယောင်တို့သည်ရင်း ရသေ့စစ်တို့သည်ရင်း မြေအပြင်၌ လှည့်လည်သွားလာကြကုန်၏။

၄၄၄။ ထိုအယူအမျိုးမျိုးရှိသူတို့သည်လည်း ငါ့ကို ခြံရံကုန်၏၊ သုဇာတပုဏ္ဏားသည် အလွန်ကျော်ကြား၏ဟု(နှလုံးပိုက်လျက်)လူများက ငါ့ကို ပူဇော်၏၊ ငါသည်မူကား မည်သူ့ကိုမျှ မပူဇော်ပေ။

၄၄၅။ ထိုအခါ၌ ငါသည် ပူဇော်ထိုက်သူကို မမြင်ပဲ ခက်ထန်သော မာန်ရှိသူ ဖြစ်၏၊ မြတ်စွာဘုရား မပွင့်သေးသမျှ ကာလပတ်လုံး ဘုရားဟူသော စကားကိုလည်း မြွက်ဆိုရခြင်း မရှိပေ။

၄၄၆။ နေ့ညဉ့်များစွာ ကုန်လွန်သောအခါ စက္ခုငါးပါးရှိတော်မူသော ပဒုမုတ္တရမြတ်စွာဘုရားသည် အလုံးစုံသော အမိုက်ကို ပယ်ဖျောက်တော်မူလျက် လောက၌ ပွင့်တော်မူ၏။

၄၄၇။ ထိုအခါ၌ သာသနာတော်ပြန့်နှံ့၍ လူသိများကာ ပြန့်ပြောစွာဖြစ်လတ်သော် ပဒုမုတ္တရမြတ်စွာဘုရားသည် ဟံသာဝတီမြို့တော်သို့ ကြွလာတော်မူ၏။

၄၄၈။ စက္ခုငါးပါးရှိတော်မူသော ထိုပဒုမုတ္တရမြတ်စွာဘုရားသည် ခမည်းတော် အာနန္ဒာမင်းကြီး၏ အကျိုးငှါ တရားတော်ကို ဟောကြားတော်မူ၏၊ ထိုအခါ၌ တရားနာပရိသတ်တို့သည် ထက်ဝန်းကျင် တယူဇနာတိုင်တိုင် ရှိ၏။

၄၄၉။ ထိုအခါ၌ လူတို့က သမုတ်အပ်သော သုနန္ဒမည်သော ရသေ့သည် မြတ်စွာဘုရား၏ ပရိသတ်ရှိသမျှ အရပ်တို့၌ ပန်းတို့ဖြင့် ဖုံးလွှမ်း လျှုဒါန်းပေ၏။

၄၅၀။ ထိုအခါ မြတ်သော ပန်းမဏ္ဍပ်၌ သစ္စာလေးပါးတရားတော်ကို ဟောပြတော်မူသည်ရှိသော် ကုဋေတသိန်းသော ဝေနေယျတို့အား သစ္စာလေးပါးတရားတော်ကို သိမြင်ခြင်းသည် ဖြစ်၏။

၄၅၁။ မာရ်ငါးပါးကို အောင်တော်မူသော ပဒုမုတ္တရမြတ်စွာဘုရားသည် ခုနစ်ရက်သော နေ့ညဉ့်တို့ပတ်လုံး တရားတည်းဟူသော မိုးတို့ကို ရွာသွန်းစေပြီးလျှင် ရှစ်ရက်မြောက် ရောက်လတ်သော် သုနန္ဒရသေ့ကို ဗျာဒိတ်စကား မိန့်ကြားတော်မူ၏—

၄၅၂။ ဤရသေ့သည် နတ်ဘဝ လူ့ဘဝ ကျင်လည်ရသော် ဘဝများစွာတို့၌ ခပ်သိမ်းသောသူတို့ထက် မြတ်သည်ဖြစ်၍ ကျင်လည်ရလတ္တံ့။

၄၅၃။ ကမ္ဘာတသိန်းထက်၌ ဩက္ကာကမင်းမျိုး၌ဖြစ်သော အနွယ်အားဖြင့် ဂေါတမ မည်သော မြတ်စွာဘုရားသည် လောက၌ ပွင့်တော်မူလတ္တံ့။

၄၅၄။ ထိုဂေါတမမြတ်စွာဘုရား၏ တရားတော်တို့၌ တရားအမွေခံ ရင်သွေးဖြစ်၍ တရားတော်က ဖန်ဆင်းအပ်သော မန္တာဏိပုဏ္ဏေးမ၏သား ပုဏ္ဏဟု အမည်ရသော ဘုရားတပည့်သာဝက ဖြစ်လတ္တံ့။

၄၅၅။ ပဒုမုတ္တရမြတ်စွာဘုရားသည် လူအပေါင်းကို ရွှင်စေပြီးလျှင် ကိုယ်တော်၏ ဉာဏ်စွမ်းကို ဖော်ပြလျက် သုနန္ဒရသေ့ကို ဤဆိုပြီးသည့်အတိုင်း ဗျာဒိတ်စကား မိန့်ကြားတော်မူ၏။

http://www.dhammadownload.com



၄၅၆။ လူတို့သည် သုနန္ဒရသေ့ကို လက်အုပ်ချီမိုး ရှိခိုးကုန်၏၊ ထိုရသေ့သည် မိမိ လားရာ 'ဂတိ' ကို သုတ်သင်၏။

၄၅၇။ ထိုအခါ၌ ပဒုမုတ္တရမြတ်စွာဘုရား၏ စကားတော်ကို ကြားရသောကြောင့် ငါသည်လည်း ဂေါတမဘုရားရှင်ကို ဖူးမြင်ရကြောင်းဖြစ်သော ကုသိုလ်ကောင်းမှုကို ပြုတော့အံ့ဟု ငါ့အား အကြံဖြစ်၏။

၄၅၈။ ဤသို့ ကြံစည်ပြီးလျှင် ငါသည် အတုမဲ့ဖြစ်သော ကောင်းမှုတည်ရာ ရတနာသုံးပါး၌ အဘယ်ကုသိုလ်မှုကို ပြုကျင့်ရပါအံ့နည်းဟု မိမိပြုရမည့် အမှုကိုလည်း ကြံစည်ပြန်၏။

၄၅၉။ သာသနာတော်၌ ဤပါဠိကိုကမည်သော ရဟန်းသည်ကား ရှုတ်ဖတ် ပို့ချသူအားလုံးတို့၏အလယ်တွင် ဝိနည်းအရာ၌ အမြတ်ဆုံးထားအပ်သူ ဖြစ်၏၊ ငါသည် ထိုကဲ့သို့သောရာထူးကိုပင် တောင့်တရတော့အံ့။

၄၆၀။ ငါ့အား သမုဒ္ဒရာကြီးသဖွယ်ဖြစ်သော ရန်သူမျိုးငါးပါး မလှုပ်ချောက်ချားနိုင်သော ဤမနိုင်းယှဉ်အပ်သော စည်းစိမ် ဥစ္စာသည် ရှိ၏၊ ငါသည် ထိုစည်းစိမ် ဥစ္စာဖြင့် မြတ်စွာဘုရား၏ ကျောင်းတိုက် အရံကို ပြုလုပ် ဖန်ဆင်းရတော့အံ့။

၄၆၁။ ဤသို့ ကြံပြီး၍ ဟံသာဝတီမြို့တော်၏ အရှေ့ အရပ်၌ သောဘနမည်သောအရံကို အသပြာငွေတသိန်းဖြင့် ဝယ်ယူ၍ သံဃာအရံကို ဖန်ဆင်းခဲ့ပြီ။

၄၆၂။ အထွတ်တပ်သော ကျောင်းဆောင်တို့ကိုရှင်း ပြာသာဒ်ရှည် မဏ္ဍပ်ပြာသာဒ်ဦးပြည်းတို့ကိုရှင်း လိုဏ်ဂူစကြံ့ တို့ကိုရှင်း ကောင်းစွာ ဆောက်လုပ်၍ သံဃာအရံကို ဖန်ဆင်း၏။

၄၆၃။ ငါသည် ဇရုံးအိမ် မီးတင်းကုပ် ထို့အပြင် ရေအိုးစင် ရေချိုးအိမ်တို့ကို ဖန်ဆင်း၍ ရဟန်းသံဃာအား ပေးလှူခဲ့၏။

၄၆၄။ ငါသည် ညောင်စောင်း အင်းပျဉ် အသုံးအဆောင် အိုးခွက်တို့ကိုရှင်း အရံစောင့်ကိုရှင်း ဆေးပစ္စည်းတို့ကိုရှင်း ဤအလုံးစုံကို ပေးလှူခဲ့၏။

၄၆၅။ တာဒိဂုဏ်နှင့် ပြည့်စုံကုန်သော ငြိမ်သက်သော စိတ်ရှိသည့် ရဟန်းတော်တို့အား တစုံတယောက်သောသူမျှ မညှဉ်းဆဲပါစေလင့် ဟု (နှလုံးပိုက်၍) ငါသည် အစောင့်အရှောက်ထားလျက် မြဲမြံခိုင်ခံ့သော တံတိုင်းကို ဆောက်လုပ်၏။

၄၆၆။ သံဃာအရံ၌ နေရာကျောင်းကို အသပြာငွေတသိန်းဖြင့် ဖန်ဆင်း ဆောက်လုပ်၏၊ စည်ပင်ပြန့်ပြောသော ထိုကျောင်းတိုက်အရံကြီးကို ဖန်ဆင်းပြီး၍ မြတ်စွာဘုရားအား ဆက်ကပ်လှူဒါန်း၏။

၄၆၇။ မြတ်စွာဘုရား အကျွန်ုပ်သည် အရံကို ပြီးစေအပ်ပါပြီ၊ အရှင်ဘုရားသည် လက်ခံတော်မူပါ၊ ကြီးသော လုံ့လရှိတော်မူသော မြတ်စွာဘုရား ထိုအရံကို အရှင်ဘုရားအား ဆောက်နှင်းလှူဒါန်းပါအံ့၊စက္ခုငါးပါးနှင့်ပြည့်စုံတော်မူသော မြတ်စွာဘုရား လက်ခံတော်မူပါ။

၄၆၈။ လောကကို သိတော်မူသော ဧည့်သည်တို့အလို့ငှါ အဝေးမှ ဆောင်အပ်သောပစ္စည်းလေးပါးတို့ကို အလှူခံတော်မူထိုက်သည်ဖြစ်၍ လူတို့၏ အကြီးအမှူးဖြစ်တော်မူသော ပဒုမုတ္တရမြတ်စွာဘုရားသည် ငါ၏ စိတ်အကြံကို သိ၍ လက်ခံတော်မူ၏။

http://www.dhammadownload.com



၄၆၉။ သီလက္ခန္ဓစသည်ကျေးဇူးကို ဆည်းပူး ရှာမှီးပြီးသော မြတ်စွာဘုရား၏ လက်ခံတော်မူခြင်းကို သိ၍ ဘောဇဉ်ကို ပြုပြင် စီရင်ပြီးလျှင် ငါသည် ဆွမ်းစားချိန်ကို လျှောက်ကြား၏။

၄၇၀။ ဆွမ်းစားချိန်ကို လျှောက်ကြားအပ်ပြီးသော် ပဒုမုတ္တရမြတ်စွာဘုရားသည် ရဟန္တာ တထောင်တို့နှင့်အတူ ငါ၏ အရပ်သို့ ကြွတော်မူ၏။

၄၇၁။ ထိုင်နေတော်မူပြီးဖြစ်သော မြတ်စွာဘုရားကို အခါကို သိ၍ စားဖွယ် သောက်ဖွယ်ဖြင့် ရောင့်ရဲစေ၏၊ ဆွမ်းစားပြီးသော မြတ်စွာဘုရားကို အခါကို သိ၍ ဤစကားကို လျှောက်ထား၏—

၄၇၂။ သောဘနအရံကို ငွေတသိန်းဖြင့် ဝယ်ယူပါ၏၊ ထိုငွေတသိန်းမျှလောက်ဖြင့်သာလျှင် ဆောက်လုပ်ထားပါ၏၊ မြတ်စွာဘုရား အရှင်ဘုရားသည် လက်ခံတော်မူပါ။

၄၇၃။ တပည့်တော်သည် ဤသံဃာအရံ လှူဒါန်းရခြင်းကြောင့်ရင်း ကုသိုလ်စေတနာ ဆုတောင်းခြင်းတို့ကြောင့်ရင်း ဘဝသံသရာ၌ ဖြစ်ရသေးသည်ရှိသော် တပည့်တော် တောင့်တအပ်သော အကျိုးကို ရပါလို၏။

၄၇၄။ ကောင်းစွာ စီရင်ဖန်ဆင်းအပ်သော အရံကို လက်ခံတော်မူပြီးလျှင် မြတ်စွာဘုရားသည် ရဟန်းသံဃာ (အလယ်၌) ထိုင်တော်မူ၍ ဤဆိုမည့် စကားကို မြွက်ကြားတော်မူ၏—

၄၇၅။ အကြင်သူသည် ကောင်းစွာ စီရင်အပ်သော သံဃာအရံကို ဘုရားအား လှူဒါန်း၏၊ ထိုသူ၏ အကြောင်းကို ငါဘုရားသည် ကြားစေအံ့၊ ငါပြောကြားသော (စကားကို) နာယူကြကုန်လော့—

၄၇၆။ အင်္ဂါလေးပါးရှိသော ဆင် မြင်း ရထား ခြေလျင်တော် စစ်သည်တို့သည် ဤသူကို အမြဲခြံရံကုန်လတ္တံ့၊ ဤသို့ ဖြစ်ရခြင်းသည် သံဃာအရံလှူရခြင်း၏ အကျိုးပေတည်း။

၄၇၇။ ခြောက်သောင်းသော တူရိယာတို့သည်ရင်း ကောင်းစွာ တန်ဆာဆင်အပ်သော စည်တို့သည်ရင်း ဤသူကို အမြဲခြံရံကုန်လတ္တံ့၊ ဤသို့ ဖြစ်ရခြင်းသည် သံဃာအရံ လှူရခြင်း၏ အကျိုးပေတည်း။

၄၇၈-၄၇၉။ ကောင်းစွာ တန်ဆာဆင်အပ်ကုန်သော ဆန်းကြယ်သော အဝတ်တန်ဆာရှိကုန်သော ပုလဲသွယ် ပတ္တမြားနားဒောင်း ဝတ်ဆင်ကုန်သော ကော့ဖြူးသော မျက်တောင်ရှိကုန်သော (ကျယ်ပြန့်သော မျက်လုံးရှိကုန်သော) ပြုံးရွှင်စွာ ဆိုတတ်ကုန်သော ကောင်းသော အမှတ်ရှိကုန်သော သေးသွယ်သော ခါးရှိကုန်သော ရှုစ်သောင်းခြောက်ထောင်သော မိန်းမတို့သည် ဤသူကို အမြဲခြံရံကုန်လတ္တံ့၊ ဤအကျိုးသည် သံဃာအရံ လှူရခြင်း၏ အကျိုးပေတည်း။

၄၈၀။ ကမ္ဘာသုံးသောင်းတို့ပတ်လုံး နတ်ပြည်၌ မွေ့လျော်ရလတ္တံ့၊ အကြိမ်တထောင် သိကြားမင်းဖြစ်၍ နတ်စည်းစိမ်ကို ခံစားရလတ္တံ့။

၄၈၁။ သိကြားနတ်မင်းတို့ ရသင့်ရထိုက်သော စည်းစိမ်အားလုံးကို ရလတ္တံ့၊ မယုတ်လျော့သော စည်းစိမ်ရှိလျက် နတ်စည်းစိမ်ကို ခံစားရလတ္တံ့။

http://www.dhammadownload.com



၄၇၂။ တိုင်းနိုင်ငံ၌ အကြိမ်တထောင် စကြာမင်း ဖြစ်ရလတ္တံ့၊ မြေပြင်အားလုံး၌ စည်းစိမ်ဥစ္စာ ပြန့်ပြောစွာသော ဧကရာဇ်မင်း အဖြစ်သည်ကား အရေ အတွက်အားဖြင့် မရေတွက်နိုင်အောင် ဖြစ်ရလတ္တံ့။

၄၇၃။ ကမ္ဘာတသိန်းထက်၌ ဩက္ကာကမင်းမျိုး၌ ဖြစ်သော အနွယ်အားဖြင့် ဂေါတမ မည်သော မြတ်စွာဘုရားသည် လောက၌ ပွင့်တော်မူလတ္တံ့။

၄၇၄။ ထိုဂေါတမ မြတ်စွာဘုရား၏ တရားတော်တို့၌ တရားအမွေခံ ရင်သွေးဖြစ်၍ တရားတော်က ဖန်ဆင်းအပ်သော ဥပါလိဟူသော အမည်ဖြင့် မြတ်စွာဘုရား၏ တပည့်သာဝက ဖြစ်လတ္တံ့။

၄၇၅။ ဝိနည်းအရာ၌ အထွတ်အထိပ်သို့ ရောက်၍ အရာဟုတ်သည် မဟုတ်သည်၌ လိမ္မာသော ဘုရားသာသနာတော်ကို ဆောင်ရွက်သည့် အာသဝကင်းကွာ ရဟန္တာဖြစ်လျက် နေရလတ္တံ့။

၄၇၆။ သာကီဝင်မင်းတို့၏ ရွှေသွား ဂေါတမမြတ်စွာဘုရားသည် ထိုအလုံးစုံသော အကြောင်းကို သိတော်မူ၍ ရဟန်းသံဃာအလယ်၌ ထိုင်နေတော်မူလျက် အမြတ်ဆုံး တော၌ ထားလတ္တံ့။

၄၇၇။ မရေတွက်နိုင်သော နှစ်တို့ကို အငဲထား၍ အရှင်ဘုရား၏ သာသနာတော်ကို တောင့်တပါ၏၊ သံယောဇဉ်အားလုံး ကုန်ဆုံးခြင်းဟု ဆိုအပ်သော အကျိုးကို တပည့်တော် အစဉ် ရအပ်ပါပြီ။

၄၇၈-၄၇၉- ၄၈၀။ မင်းဒဏ်ဖြင့် နှိပ်စက်အပ်သည်ဖြစ်၍ တံကျင်လျှိုခံရသော ယောကျ်ားသည် တံကျင်၌ သာယာမှုကို မရပဲ လွတ်မြောက်ခြင်းကိုသာ အလိုရှိသကဲ့သို့ ထို့အတူ ကြီးသော လုံ့လရှိတော်မူသော မြတ်စွာဘုရား ဘဝဒဏ်ဖြင့် နှိပ်စက်အပ်သော အကျွန်ုပ်သည် ကံတည်းဟူသော ဝေဒနာဖြင့် နှိပ်စက်အပ်သည်ဖြစ်၍ ဘဝများစွာ သံသရာ၌ သာယာမှုကို မရခဲ့ပါ၊ မီးးသုံးပါးတို့ဖြင့် အလောင်မြိုက် ခံရသည်ဖြစ်၍ မင်းဒဏ်သင့်သောသူကဲ့သို့ လွတ်မြောက်ရာကိုသာ ရှာမှီးပါ၏။

၄၈၁။ အဆိပ်ကို စားသော ယောကျ်ားသည် အဆိပ်ဖြင့်ပြင်းစွာ နှိပ်စက်ခံရ၍ အသက်ကို စောင့်ရှောက်ရန် အဆိပ်ပျောက်ခြင်း၏ အကြောင်းဖြစ်သော ဆေးကို ရှာမှီးရာ၏။

၄၈၂။ ရှာမှီးလတ်သော် အဆိပ်ကို ပယ်ဖျောက်တတ်သော ဆေးကို မြင်ရာ၏၊ အဆိပ်မှ လွတ်မြောက်ဘိုရာအလို့ငှါ ထိုဆေးကို သောက်ရသောကြောင့် ချမ်းသာမှုဖြစ်ရသကဲ့သို့—

၄၈၃။ ထို့အတူသာလျှင် ကြီးသော လုံ့လရှိတော်မူသော မြတ်စွာဘုရား အကျွန်ုပ်သည် အဆိပ်နှိပ်စက်ခံရသောသူကဲ့သို့ အဝိဇ္ဇာတည်းဟူသော အဆိပ်ဖြင့် ပြင်းစွာနှိပ်စက်ခံရ၍ သူတော်ကောင်းတရားတည်းဟူသော အဆိပ်ပျောက်ဆေးကို ရှာမှီးခဲ့ပါ၏။

၄၈၄။ တရားတည်းဟူသော အဆိပ်ဖျောက်ဆေးကို ရှာမှီးလတ်သော် ပြောင့်အားလုံးကို နုတ်ပယ်တတ်သည်ဖြစ်၍ ဆေးအားလုံးတို့ထက် မြတ်သော သာကီဝင်မင်းသား ဘုရားအဆုံးအမတော်တည်းဟူသော ထိုအဆိပ်ဖျောက်ဆေးကို တွေ့မြင်ရပါ၏။

http://www.dhammadownload.com



၄၉၅။ တရားတည်းဟူသော ဆေးကို သောက်သောကြောင့် အဆိပ်အားလုံးကို နုတ်ပယ်ရပါပြီ၊ တပည့်တော်သည် မအိုရာ မသေရာ ချမ်းမြေ့စွာသော နိဗ္ဗာန်ကို တွေ့မြင်ရပါပြီ။

၄၉၆။ ဘုတ်ဘီလူး(တစ္ဆေ) ဖမ်းစားသောသတ္တဝါသည် ဘုတ်ဘီလူး ဖမ်းခြင်းဖြင့် နှိပ်စက်ခံရ၍ ဘုတ်ဘီလူးဖမ်းစားခြင်းမှ လွတ်မြောက်ခြင်းငှါ ဘုတ်ဘီလူးချွတ်သော ဆေးသမားကို ရှာမှီးရာ၏။

၄၉၇။ ရှာမှီးလေသော် ဘုတ်ဘီလူးချွတ်ခြင်းအတတ်တို့၌ လိမ္မာသော ဆေးသမားကို တွေ့မြင်ရာ၏၊ ထိုဆေးဆရာသည် ထိုဘုတ်ဘီလူးဖမ်းစားသောသူ၏ ပူးကပ်သော ဘုတ်ဘီလူး (တစ္ဆေ)ကို ပယ်ဖျောက်ရာ၏၊ ဘုတ်ဘီလူးဝင်ခြင်း၏ အကြောင်းရင်းနှင့် တကွဖြစ်သော အစွဲအလမ်းကိုလည်း ဖျောက်ရာသကဲ့သို့။

၄၉၈။ ထိုအတူသာလျှင် ကြီးသော လုံ့လရှိတော်မူသော မြတ်စွာဘုရား အကျွန်ုပ်သည် ကိလေသာအမိုက်ဖြင့် နှိပ်စက်ခံရ၍ ကိလေသာအမိုက်မှ လွတ်မြောက်ခြင်းငှါ ဉာဏ်အလင်းကို ရှာမှီးပါ၏။

၄၉၉။ ထိုသို့ရှာမှီးလေသော် ကိလေသာအမိုက်ကို သုတ်သင်တတ်သော မြတ်စွာဘုရားကို ဖူးမြင်ရပါ၏၊ ဘုတ်ဘီလူးချွတ်သော ဆေးဆရာသည် ဖမ်းစားသော ဘုတ်ဘီလူးကို ဖျောက်သကဲ့သို့ ထိုမြတ်စွာဘုရားသည် အကျွန်ုပ်ကိလေသာအမိုက်ကို ဖျောက်တော်မူပါ၏။

၅၀၀။ အကျွန်ုပ်သည် သံသရာအယဉ်ကို ကောင်းစွာဖြတ်ပြီးပါပြီ၊ တဏှာအယဉ်ကို တားမြစ်ပြီးပါပြီ၊ ဘုတ်ဘီလူးချွတ်သော ဆေးဆရာသည် ဘုတ်ဘီလူးဝင်ခြင်းအကြောင်းမှ ခွါနုတ်သကဲ့သို့ ဘဝအားလုံးကို ခွါနုတ်ပြီးပါပြီ။

၅၀၁။ ဂဠုန်သည် မိမိအစာဖြစ်သော နဂါးကို မြင်၍ ကောင်းကင်မှ သက်ဆင်းပြီးလျှင် ထက်ဝန်းကျင်မှ ယူဇနာတရာတိုင်အောင် သမုဒ္ဒရာကို ချောက်ချားစေ၏။

၅၀၂။ ထိုဂဠုန်ငှက်သည် နဂါးကို ဖမ်းယူ၍ ဦးခေါင်းစောက်ထိုးပြုခါ ညှဉ်းဆဲလျက် အလိုရှိရာ အရပ်သို့ ယူဆောင်ဖဲ့ခွါသွား၏။

၅၀၃။ ကြီးသောလုံ့လရှိတော်မူသော မြတ်စွာဘုရား ထိုအတူသာလျှင် အကျွန်ုပ်သည် အားရှိသော ဂဠုန်ကဲ့သို့ နိဗ္ဗာန်ကို ရှာမှီးလတ်သော် ကိလေသာအပြစ်တို့ကို ဆေးကြော သုတ်သင်ခဲ့ပါပြီ။

၅၀၄။ အကျွန်ုပ်သည် အတုမရှိသော ပူပန်ခပ်သိမ်းငြိမ်းအေးရာ နိဗ္ဗာန်တရားတော်မြတ်ကို သိမြင်ရပါ၏၊ ဂဠုန်သည် နဂါးကို ယူဆောင်၍ နေသကဲ့သို့ အကျွန်ုပ်သည် ထိုတရားတော်မြတ်ကို ယူ၍ နေပါ၏။

၅၀၅။ အာသာဝတီမည်သောနွယ်သည် စိတ္တလတာဥယျာဉ်၌ ပေါက်ရောက်၏၊ ထိုအာသာဝတီနွယ်သည် အနှစ်တထောင်ကြာမြင့်မှ တကြိမ်သာ အသီးသီး၏။

၅၀၆။ ထိုမျှလောက် အနှစ်တထောင်ကြာမြင့်မှ အသီး သီးသော ထိုအာသာဝတီနွယ်နီသီးကို နတ်တို့သည် ချဉ်းကပ်ကြကုန်၏၊ နွယ်တို့တွင် အမြတ်ဆုံးဖြစ်သော ထိုအာသာဝတီနွယ်နီသီးကို နတ်တို့သည် ဤမျှလောက်ပင် ချစ်မြတ်နိုးကြ၏။

http://www.dhammadownload.com



၅၀၇။ မြတ်စွာဘုရား အကျွန်ုပ်သည် ကမ္ဘာတသိန်းကိုအစထား၍ အရှင်ဘုရားကို လုပ်ကျွေးဆည်းကပ်ခဲ့ပါ၏၊ နတ်တို့သည် အာသာဝတီနွယ်နီသီးကို ဆည်းကပ်သကဲ့သို့ အကျွန်ုပ်သည် အရှင်ဘုရားကို ညဉ့်နံနက် ရှိခိုးပါ၏။

၅၀၈။ လုပ်ကျွေးခြင်းသည် အကျိုး မမြဲပါ၊ ရှိခိုးခြင်းသည်လည်း အချည်းနှီး မဖြစ်ပါ၊ တသိန်းကမ္ဘာအဝေးမှ လာရသည်ဖြစ်ပါလျက် ဤဗုဒ္ဓုပ္ပါဒခဏသည် အကျွန်ုပ်ကို မလွဲချော်စေပါဘုရား။

၅၀၉။ အကျွန်ုပ်သည် ဘဝတို့ကို စူးစမ်းဆင်ခြင်လတ်သော် နောင်ဘဝ၌ ဖြစ်ရမည့် ပဋိသန္ဓေကို မမြင်ရပါ၊ ခန္ဓာကိလေသာဟူသော ဥပဓိမရှိပါ၊ (ကိလေသာမှ) လွတ်မြောက်ပါ၏၊ ငြိမ်းအေးသော စိတ်ရှိသည်ဖြစ်၍ ကျင့်ရပါ၏။

၅၁၀။ ပဒုမာကြာမည်သည် နေရောင်ဖြင့် ပွင့်သကဲ့သို့ ထို့အတူ ကြီးမြတ်သော လုံ့လရှိတော်မူသော မြတ်စွာဘုရား အကျွန်ုပ်သည် မြတ်စွာဘုရားတည်းဟူသော ရောင်ခြည်ဖြင့် ပွင့်ခြင်းသို့ ရောက်ပါ၏။

၅၁၁။ ဗျိုင်းအောက်မျိုး၌ အခါခပ်သိမ်း အဖိုမရှိ၊ ထိုဗျိုင်းအောက်တို့သည် မိုးတို့ ထစ်ကြိုးကုန်သည်ရှိသော် အခါခပ်သိမ်း ကိုယ်ဝန်ကို ယူကုန်၏။

၅၁၂။ မိုးမရွာသေးသရွေ့ ကာလပတ်လုံး ကြာမြင့်စွာလည်း ကိုယ်ဝန်ကို ဆောင်ကုန်၏၊ မိုးရွာသောအခါ၌ကား ကိုယ်ဝန်မှ လွတ်မြောက်ကုန်၏။

၅၁၃။ တရားတည်းဟူသော မိုးဖြင့် ထစ်ကြိုးသော ပဒုမုတ္တရမြတ်စွာဘုရား၏ တရားတည်းဟူသော မိုးသံဖြင့် အကျွန်ုပ်သည် တရားတည်းဟူသော ကိုယ်ဝန်ကို ဆောင်ယူပါ၏။

၅၁၄။ အကျွန်ုပ်သည် ကမ္ဘာတသိန်းကို အစထား၍ ကောင်းမှုတည်းဟူသော ကိုယ်ဝန်ကို ဆောင်ပါ၏၊ တရားတည်းဟူသော မိုးမရွာသေးသရွေ့ ကာလပတ်လုံး ကိုယ်ဝန်မှ မလွတ်မြောက်ရသေးပါ။

၅၁၅။ သာကီဝင်မင်းသား မြတ်စွာဘုရား အရှင်ဘုရားသည် မွေ့လျော်ဖွယ်သော ကပိလဝတ်ပြည်၌ တရားတည်းဟူသော မိုးဖြင့် ထစ်ကြိုး ကြွေးကြော်တော်မူစေ၏၊ ထိုအခါ အကျွန်ုပ်သည် ကိုယ်ဝန်မှ လွတ်မြောက်ပါ၏။

၅၁၆။ သုညတမဂ်ကိုရင်း အနိမိတ္တမဂ်ကိုရင်း ထိုမှတပါး အပ္ပဏိဟိတမဂ်ကိုရင်း လေးပါးသော ဖိုလ်တို့ကိုရင်း တရားအားလုံးတို့ကို အကျွန်ုပ်သည် ဖြစ်စေသောအားဖြင့် မွေးဖွားပါ၏။

ဒုတိယဘာဏဝါရ ပြီး၏။

၅၁၇။ မရေတွက်နိုင်သော ကမ္ဘာတသိန်းကို အစထား၍ အရှင်ဘုရား၏ သာသနာတော်ကို တောင့်တပါ၏၊ အကျွန်ုပ်သည် ငြိမ်းအေးရာ နိဗ္ဗာန်ဟူသော အတုမဲ့အကျိုးကို အစဉ်ရအပ်ပါပြီ။

၅၁၈။ ပါဠိကမည်သော ရဟန်းကဲ့သို့ရင်း ဝိနည်းအရာ၌ အထွတ်အထိပ်သို့ ရောက်သည်ဖြစ်၍ ငါနှင့်တူမျှသော သူသည် မရှိ၊ ငါသည် သာသနာတော်ကို ဆောင်ရွက်၏။

http://www.dhammadownload.com



၅၁၉။ ဥဘတောဝိဘင်း၌ရှင်း မဟာဝဂ္ဂခန္ဓကစူဠဝဂ္ဂခန္ဓက၌ရှင်း တိကသံဃာဒိသိသ်စသည်၌ရှင်း ပရိဝါ၌ရှင်း ဝိနည်းငါးကျမ်း၌ ငါ့အား ယုံမှားခြင်း မရှိ၊ အက္ခရာပုဒ်ဗျည်းတို့၌လည်း ယုံမှားခြင်း မရှိ။

၅၂၀။ (ပါပိစ္ဆရဟန်းကို) နှိပ်ခြင်း၌ရှင်း အာပတ်ကို ကုစားခြင်း၌ရှင်း အရာဟုတ်သည် မဟုတ်သည်၌ရှင်း လိမ္မာ၏၊ (ကျင့်ငြိမ်းသော ရဟန်းကို)သွင်းခြင်း၌ရှင်း အာပတ်မှ ထစေခြင်း၌ရှင်း အလုံးစုံသော အရာတို့၌ အထွတ်အထိပ်သို့ ရောက်၏။

၅၂၁။ ဝိနည်း၌ရှင်း ခန္ဓက၌ရှင်း ငါသည် မာတိကာပုဒ်ကို ချထားလျက် ဝိနည်းခန္ဓကနှစ်ပါးစုံ၌ ဖြေရှင်းကာ နည်းကို ဆောင်၍ ကိစ္စအားဖြင့် သွင်းနိုင်၏။

၅၂၂။ ဝေါဟာရ၌ အလွန်လိမ္မာ၏၊ အကျိုးရှိမရှိ၌လည်း (တိုးပွါးခြင်း ဆုတ်ယုတ်ခြင်း၌လည်း) လိမ္မာ၏၊ ငါသည် မသိအပ်သော အရာမရှိ၊ မြတ်စွာဘုရား၏ သာသနာတော်၌ ငါတယောက်တည်းသာ ဝိနည်းအရာ အမြတ်ဆုံး ဖြစ်၏။

၅၂၃။ ယခုအခါ ငါသည် သာကီဝင်မင်းသား မြတ်စွာဘုရား၏ သာသနာတော်၌ ဝိနည်း အဆုံးအဖြတ်၌ လိမ္မာ၏၊ အလုံးစုံသော ယုံမှားမှုကို ပယ်ဖျောက်၏၊ အလုံးစုံသော ယုံမှား သံသယကို ဖြတ်တောက်၏။

၅၂၄။ ငါသည် ရှေ့ပုဒ် နောက်ပုဒ်၌ရှင်း တလုံး တလုံးသော အက္ခရာ၌ရှင်း ပုဒ်ဝါကျ၌ရှင်း နိဒါန်း နိဂုံး၌ရှင်း အလုံးစုံသော အရာတို့၌ လိမ္မာ၏။

၅၂၅။ ဥပမာသော်ကား အားရှိသော မင်းသည် ရန်သူတို့ကို နှိမ်နင်း၍ စစ်မြေကို အောင်မြင်သည်ရှိသော် ထိုအောင်ရာအရပ်၌ မြို့ကို ဖန်ဆင်းရာ၏။

၅၂၆။ တံတိုင်းကိုရှင်း ကျုံးကိုရှင်း တံခါးတိုင်ကိုရှင်း တံခါးမုတ်ကိုရှင်း ထူးထွေများပြားသော ပြအိုးတို့ကိုရှင်း မြို့၌ ဆောက်လုပ်စေ၏။

၅၂၇။ ထိုမင်းသည် ထိုမြို့၌ ခရီးလမ်းမကိုရှင်း ခရီးလမ်းဆုံကိုရှင်း ကောင်းစွာ ဝေခွဲချထားအပ်သော အိမ်ဈေးကိုရှင်း အကျိုး (အပြစ်)ရှိ မရှိကို ဆုံးဖြတ်ရန် တရားလွှတ်တော်သဘင်ကိုရှင်း ပြုလုပ်စေ၏။

၅၂၈။ ထိုမင်းသည် ရန်သူတို့ကို တားမြစ်ခြင်းငှါရှင်း အပြစ်ရှိမရှိ သိခြင်းငှါရှင်း ဗိုလ်ပါအပေါင်းကို စောင့်ရှောက်စိမ့်သောငှါရှင်း အမတ်စစ်သူကြီးကို ခန့်ထား၏။

၅၂၉။ ဥစ္စာဘဏ္ဍာကို စောင့်ရှောက်ရန် သိုမှီးခြင်း၌ လိမ္မာသောသူကို ငါ၏ဥစ္စာဘဏ္ဍာသည် မပျက်စီးစေလင့်ဟု (နှလုံးပိုက်လျက်) ထိုမင်းသည် ဘဏ္ဍာစိုးကို ခန့်ထား၏။

၅၃၀။ အကြင်အမတ်သည် မင်းကြီးအား မြတ်နိုးသောသဘောရှိ၏၊ အကြင်မင်းကြီး၏ ကြီးပွါးပြန့်ပြောခြင်းကိုလည်း အလိုရှိ၏၊ ထိုကဲ့သို့သောအမတ်အား အဆွေခင်ပွန်းအဖြစ် ကျင့်သုံးရန်အလို့ငှါ တရားသူကြီးရာထူးကို ပေး၏။

၅၃၁။ ဥပ္ပါတကျမ်း နိမိတ်ကျမ်း လက္ခဏာကျမ်းတို့၌ လိမ္မာ၍ မန္တာန်ကို သရဇ္ဈာယ်တတ်သည့်ပြင် ဗေဒင်ကိုလည်း ဆောင်တတ်သော ပညာရှိကို ထိုမင်းသည် ပုရောဟိတ်ရာထူး၌ ထား၏။

http://www.dhammadownload.com



၅၃၂။ ထိုအင်္ဂါတို့နှင့် ပြည့်စုံသူကို မင်းဟူ၍ ဆိုအပ်၏၊ စက္ကဝါက်ငှက်သည် ဆင်းရဲသော မိမိဆွေမျိုးကို စောင့်ရှောက်သကဲ့သို့ ထိုစပ်သူကြီးစသည်တို့သည် မင်းကို အခါခပ်သိမ်း စောင့်ရှောက်ကုန်၏။

၅၃၃။ ထိုအတူသာလျှင် ကြီးသောလုံ့လရှိတော်မူသော မြတ်စွာဘုရား ရှင်တော်ဘုရားကို အပရန်ကို သတ်ပြီးသော မင်းကဲ့သို့ နတ်နှင့်တကွသော လူအပေါင်း၏ တရားအားလျော်စွာ ဖြစ်ပေါ်လာသော မင်းဟု ဆိုအပ်၏။

၅၃၄။ မြတ်စွာဘုရားသည် တိတ္ထိဘိုကိုရင်း စစ်သည်နှင့်တကွသော မာရ်ကိုရင်း နှိမ်နင်းပြီး၍ မောဟတည်းဟူသော အမိုက်မှောင်ကို ပယ်ဖျောက်လျက် တရားတည်းဟူသော မြို့ကို ဖန်ဆင်းတော်မူ၏။

၅၃၅။ ထိုတရားတည်းဟူသော မြို့တော်၌ သီလသည် တံတိုင်းသဖွယ်ဖြစ်၏၊ ရှင်တော်ဘုရား၏ဉာဏ်တော်သည် တံခါးမုတ်သဖွယ်ဖြစ်၏၊ ကြီးသောလုံ့လရှိတော်မူသောမြတ်စွာဘုရား ရှင်တော်မြတ်ဘုရား၏ သဒ္ဓါသည် တံခါးတိုင်သဖွယ်ဖြစ်၍ စောင့်စည်းခြင်း 'သံဝရ' သည် တံခါးမှူးသဖွယ်ဖြစ်ပါ၏။

၅၃၆။ မြတ်စွာဘုရား သတိပဋ္ဌာန်သည် ပြအိုးသဖွယ်ဖြစ်ပါ၏၊ ရှင်တော်ဘုရား၏ပညာသည် ခရီးလမ်းဆုံသဖွယ်ဖြစ်၍ ဣဒ္ဓိပါဒ်သည်ကား ခရီးလမ်းမသဖွယ်ဖြစ်ပါ၏၊ ဗောဓိပက္ခိယ တရားတည်းဟူသော လမ်းမတော်ကြီး၌ ကောင်းစွာဖန်ဆင်းတော်မူအပ်သော တရားမြို့တော်ကြီးပေတည်း။

၅၃၇။ သုတ္တန်သည်ရင်း အဘိဓမ္မာသည်ရင်း ဝိနည်းသည်ရင်း အင်္ဂါကိုးပါးရှိသော မြတ်စွာဘုရား၏စကားတော် အားလုံးသည်ရင်း ဤအလုံးစုံသည် ရှင်တော်ဘုရား၏ တရားသဘင်ဖြစ်၏။

၅၃၈။ သုညတဝိဟာရသည်ရင်း အနိမိတ္တဝိဟာရသည်ရင်း အပ္ပဏိဟိတဝိဟာရသည်ရင်း မတုန်လှုပ်သော သာမညဖိုလ်ဟူသော အာနေဉ္ဇဝိဟာရသည်ရင်း ဒုက္ခငြိမ်းရာနိဗ္ဗာန်သည်ရင်း ဤအလုံးစုံသည် ရှင်တော်ဘုရား၏ တရားဗွေနန်းတော်ကြီးဖြစ်ပါ၏။

၅၃၉။ ပညာစွမ်းဖြင့် အမြတ်ဆုံးဟု ထားအပ်သည်ဖြစ်၍ ဉာဏ်ပဋိဘာန် ထင်ခြင်း၌ လိမ္မာသော အမည်အားဖြင့် သာရိပုတြာဟု ထင်ရှားသော မထေရ်သည်ကား ရှင်တော်ဘုရား၏ တရားစစ်သူကြီး ဖြစ်ပါ၏။

၅၄၀။ မနိုင်းပါးနှင့် ပြည့်စုံသောမြတ်စွာဘုရား စုတိပဋိသန္ဓေအရာ၌ လိမ္မာ၍ တန်ခိုး၏ အထွတ်အထိပ်ရောက်ပြီးလျှင် အမည်အားဖြင့် ကောလိတဟု ထင်ရှားသော ရှင်မောဂ္ဂလ္လာန် မထေရ်သည်ကား ရှင်တော်ဘုရား၏ ပုရောဟိတ်ပညာရှိဖြစ်ပါ၏။

၅၄၁။ မနိုင်းပါးနှင့် ပြည့်စုံတော်မူသော မြတ်စွာဘုရား ရှေးရှေးအရိယာတို့၏ အနွယ်ကို ဆောင်လျက် ထက်သောတန်ခိုးရှိသည်ဖြစ်၍ ချဉ်းကပ်ဝံ့ခဲသော ဓုတင်ကို ချီးမွမ်းခြင်းဟူသော ဂုဏ်အားဖြင့် အမြတ်ဆုံးဖြစ်သော အရှင်မဟာကဿပမထေရ်သည်ကား ရှင်တော်ဘုရား၏ တရားသူကြီး ဖြစ်ပါ၏။

http://www.dhammadownload.com



၅၄၂။ မုနိငါးပါးနှင့် ပြည့်စုံတော်မူသော မြတ်စွာဘုရား အကြားအမြင်များ၍ တရားကို ဆောင်ကာ သာသနာတော်၌ အလုံးစုံသော ပရိယတ်ကို ရွတ်ဆိုတတ်သော အမည်အားဖြင့် အာနန္ဒာဟု ထင်ရှားသော မထေရ်သည်ကား ရှင်တော်ဘုရား၏ တရားဘဏ္ဍာစိုးဖြစ်ပါ၏။

၅၄၃။ မြတ်စွာဘုရားသည် (သာရိပုတြာစသည်တို့မှတပါး) ထိုအလုံးစုံသော ရဟန်းတို့ကို ကျော်လွန်၍ အကျွန်ုပ်ကိုသာလျှင် နှိုင်းယှဉ်မှုပြုတော်မူ၏၊ ဝိနည်းအရာ၌ ပညာရှိတို့သည် ပေါကြားအပ်သော ဆုံးဖြတ်စီစစ်ခွင့်ကိုလည်း အကျွန်ုပ်အား ပေးတော်မူပါ၏။

၅၄၄။ တစုံတယောက်သော မြတ်စွာဘုရား၏ တပည့်သားသည် ဝိနည်းအရာ၌ ပြဿနာကို မေးမြန်းအံ့၊ ထိုပြဿနာ၌ ငါ့အား ကြံစည်တွေးတောရခြင်းမရှိပဲ ထိုအနက်သဘောကို ငါဖြေဆိုနိုင်၏။

၅၄၅။ အကြင်မျှလောက်သော ဗုဒ္ဓခေတ်၌ မြတ်စွာဘုရားကို ချန်ထား၍ ဝိနည်းအရာ၌ ငါနှင့်တူသောသူ မရှိပေ၊ သာလွန်သောသူသည်ကား အဘယ်မှာ ရှိပါအံ့နည်း။

၅၄၆။ ဥဘတောဝိဘင်း၌၎င်း မဟာဝဂ္ဂ စူဠဝဂ္ဂ ခန္ဓဝဂ္ဂ၌၎င်း ဥပါလိနှင့်တူသောသူသည် မရှိဟု ဂေါတမမြတ်စွာဘုရားသည် ရဟန်းသံဃာအလယ်၌ ထိုင်နေတော်မူ၍ ဤသို့မိန့်တော်မူ၏။

၅၄၇-၅၄၈။ မြတ်စွာဘုရား ပေါကြားအပ်သော အင်္ဂါကိုးပါးရှိသော ဘုရားအဆုံးအမတော် ရှိသမျှအလုံးစုံသည် ဝိနည်း၌ အကျုံးဝင်၏၊ သာကီဝင်မင်းတို့၏ ရွှေသွားဖြစ်တော်မူသော ဂေါတမမြတ်စွာဘုရားသည် ဝိနည်း၏အကြောင်းရင်းကို ရှုလေ့ရှိသော ငါ၏ ရှေးကောင်းမှုကို အောက်မေ့တော်မူလျက် ရဟန်းသံဃာ (အလယ်၌) ထိုင်နေတော်မူ၍ မြတ်သော (ဝိနည်း)တေဒဂ်အရာ၌ ငါ့ကို ထားတော်မူ၏။

၅၄၉။ ကမ္ဘာတသိန်းကို အစထား၍ (တေဒဂ်) ရာထူးကို တောင့်တခဲ့၏၊ ငါသည် ထိုအကျိုးသို့ အစဉ်ရောက်ပြီ၊ ဝိနည်းအရာ၌ အထွတ်အထိပ်သို့ ရောက်၏။

၅၅၀။ ငါသည် ရှေးအခါ၌ သာကီဝင်မင်းတို့ကို နှစ်သက်စေတတ်သော ဆတ္တာသည် ဖြစ်ခဲ့ဘူး၏၊ ထိုဆတ္တာသည်အဖြစ်ကို စွန့်ပယ်၍ မြတ်စွာဘုရား၏ သားတော်ဖြစ်လာ၏။

၅၅၁။ ဤဘဒ္ဒကမ္ဘာမှ အထက်နှစ်ခုမြောက်သောကမ္ဘာ၌ အဆုံးမရှိသော တန်ခိုးနှင့်ပြည့်စုံသော အဥ္စသမင်းဖြစ်၍ မနှိုင်းယှဉ်နိုင်သော အခြံအရံရှိ၏၊မြေကို စောင့်၍ များသောဥစ္စာလည်း ရှိ၏။

၅၅၂။ ငါသည် ထိုအဥ္စသမင်း၏သားတော် စန္ဒနမည်သော မင်းဖြစ်၍ ဇာတိမာန်ဖြင့်၎င်း အခြံအရံဥစ္စာမာန်ဖြင့်၎င်း ခက်ထန်၏။

၅၅၃။ အလုံးစုံတန်ဆာတို့ဖြင့် တန်ဆာဆင်အပ်ကုန်သော အရပ်သုံးပါးမှ ယိုစီးကျသည့် အမုန်ရှိကုန်သော တသိန်းသော ဆင်ပြောင်ကြီးတို့သည် ငါ့အား အမြဲခြံရံကုန်၏။

၅၅၄။ ထိုအခါ ငါသည် ဥယျာဉ်သို့ သွားလို၍ မိမိဗိုလ်ပါအပေါင်းခြံရံလျက် သိရိကဆင်ကို တက်စီးပြီးလျှင် ထိုမြို့မှ ထွက်၏။

http://www.dhammadownload.com



၅၅၅။ အကျင့်'စရဏ'နှင့် ပြည့်စုံ၍ လုံခြုံသောတံခါး စောင့်စည်းသောဣန္ဒြေ ရှိတော်မူသော ဒေဝလမည်သော ပစ္စေကဗုဒ္ဓါသည် ငါ၏ရှေ့မှ ကြွတော်မူလာ၏။

၅၅၆။ ထိုအခါ ငါသည် သိရိကဆင်ကို စေလွှတ်၍ ရှင်ပစ္စေကဗုဒ္ဓါကို တိုက်ဝှေ့စေ၏၊ထို အတင်းအကြပ် စေလွှတ်သောကြောင့် သိရိကဆင်သည် (ငါ့အပေါ်၌) ပြင်းစွာအမျက် ထွက်၍ ခြေကို မမြှောက်တော့ပေ။

၅၅၇။ ငါသည် အမျက်ထွက်သော သိရိကဆင်ကို မြင်သောကြောင့် ပစ္စေကဗုဒ္ဓါ၌ အမျက် ကို ပြု၏(အမျက်ထွက်၏)၊ ဒေဝလပစ္စေကဗုဒ္ဓါကို ညှဉ်းဆဲပြီးလျှင် ဥယျာဉ်တော်သို့ သွား၏။

၅၅၈။ ထိုဥယျာဉ်တော်၌ သာယာကြည်နူးမှုကို မရဦးခေါင်းသည် တောက်လောင်သကဲ့ သို့ရှိ၏ ငါးမျှားချိတ်ကို မျိုသော ငါးကဲ့သို့ရှိ၏ ပူပန်ခြင်းဖြင့် လောင်မြိုက်ခဲ့၏။

၅၅၉။ သမုဒ္ဒရာအဆုံးအပိုင်းအခြားရှိသော မြေပြင်သည် ငါ့အား ရဲရဲတောက် ပူလောင် သကဲ့သို့ ဖြစ်၏၊ ဖခင်ထံချဉ်းကပ်၍ ဤဆိုမည့်အတိုင်း လျှောက်ထား၏--

၅၆၀။ (အရှင်မင်းကြီး)အမျက်ထွက်သော မြွေဟောက်ကို ထိပါးသကဲ့သို့ရှိ၏ တောက် လောင်သော မီးအစုကို ထိပါးသကဲ့သို့ရှိ၏ အစွယ်ရှိသော အမုန်ရစ်သော ဆင်ပြောင်ကို ထိပါးသကဲ့သို့ရှိ၏ ကြွလာတော်မူသော အရှင်ပစ္စေကဗုဒ္ဓါကို ပြစ်မှားမိခဲ့၏။

၅၆၁။ ပြင်းထန်ထက်မြက်သည့် အကျင့်ရှိသော မာရ်ငါးပါးကို အောင်ပြီးသော ပစ္စေက ဗုဒ္ဓါကို အကျွန်ုပ်သည် ပြစ်မှားမိခဲ့၏၊အကျွန်ုပ်တို့အားလုံး မပျက်စီးကုန်မီ ထိုရှင်ပစ္စေကဗုဒ္ဓါကို ကန်တော့ပါကုန်အံ့ဟု (ဤစကားကို လျှောက်ထား၏)။

၅၆၂။ ယဉ်ကျေးသော ကိုယ်စိတ်ရှိသော တည်ကြည်သော သမာဓိရှိသော ထိုပစ္စေက ဗုဒ္ဓါကို အကယ်၍ မကန်တော့ကုန်ခဲ့သော် ခုနစ်ရက်အတွင်း၌ အကျွန်ုပ်၏ တိုင်းနိုင်ငံသည် ပျက်စီးရတော့အံ့။

၅၆၃။ သုမေခလမင်း ကောသိယမင်း သိဂ္ဂဝမင်း သတ္တကမင်း ဤမင်းလေးပါးတို့သည် ရသေ့ရဟန်းတို့ကို ညှဉ်းဆဲကြကုန်၍ တိုင်းသူပြည်သားနှင့်တကွ ထိုမင်းတို့သည် ဆင်းရဲခြင်းသို့ ရောက်ကုန်၏၊(ပျက်စီးခြင်းသို့ ရောက်ကုန်၏)။

၅၆၄။ ကိုယ်နှုတ်နှလုံးကို စောင့်သုံးကုန်သော အကျင့်မြတ်ကို ကျင့်လေ့ရှိကုန်သော ရသေ့ တို့ အမျက်ထွက်သောအခါ၌ သမုဒ္ဒရာ တော တောင်နှင့်တကွဖြစ်သော နတ်နှင့်တကွသော လူအပေါင်းတို့သည် ပျက်စီးကုန်၏။

၅၆၅။ ယူဇနာသုံးထောင်အတွင်း၌ မင်းချင်းတို့ကို စည်းဝေးစေ၏၊ စည်းဝေးပြီး၍ အပြစ် ကို ကြားအံ့သောငှါ ပစ္စေကဗုဒ္ဓါအရှင်မြတ်သို့ ချဉ်းကပ်ကုန်၏။

၅၆၆။ စိုသောအဝတ် စိုသောဦးခေါင်း ရှိကုန်သော ပရိသတ်အလုံးစုံတို့သည် လက်အုပ် ချီကုန်လျက် အရှင်ပစ္စေကဗုဒ္ဓါ၏ ခြေတော်စုံတို့ကို ဦးတိုက်ကုန်လျက် ဤစကားကို လျှောက် ထားကုန်၏။

http://www.dhammadownload.com



၅၆၇။ ကြီးသော လုံ့လရှိတော်မူသော အရှင်မြတ်ဘုရား အရှင်ဘုရားသည် သည်းခံတော်မူပါ၊ လူအပေါင်းသည် အရှင်ဘုရားကို ရှေးရှုတောင်းပန်ပါ၏၊ ပူပန်ခြင်းကို ပယ်ဖျောက်တော်မူပါဘုရား၊ တပည့်တော်တို့၏တိုင်းပြည်ကို မပျက်စီးစေပါလင့်ဘုရားဟု (ဤစကားကို လျှောက်ကုန်၏)။

၅၆၈။ အသုရာနှင့်တကွ ရက္ခိုသ်နှင့်တကွ နတ်နှင့်တကွသော ခပ်သိမ်းသော လူတို့သည် သံတူဖြင့် ငါ၏ဦးခေါင်းကို အခါခပ်သိမ်း ရိုက်ခွဲကုန်ရာ၏။

၅၆၉။ ရေ၌ မီးသည် မတည်သကဲ့သို့ရင်း ကျောက်ဆောင်၌ မျိုးစေ့သည် မပေါက်ရောက်နိုင်သကဲ့သို့ရင်း ဆေး၌ ပိုးသည် မတည်သကဲ့သို့ရင်း ပစ္စေကဗုဒ္ဓါဘုရား၌ အမျက်ထွက်ခြင်း မဖြစ်။

၅၇၀။ မြေကြီးသည် မတုန်လှုပ်နိုင်သကဲ့သို့ရင်း သမုဒ္ဒရာသည် မနှိုင်းယှဉ်နိုင်သကဲ့သို့ရင်း ကောင်းကင်သည် အဆုံးမရှိသကဲ့သို့ရင်း ဤအတူ ပစ္စေကဗုဒ္ဓါအရှင်တို့သည် မချောက်ချားနိုင်ကုန်။

၅၇၁။ ကြီးသော လုံ့လရှိကုန်သော ရဟန်းတို့သည် အခါခပ်သိမ်း သည်းခံတတ်ကုန်၏၊ သည်းခံအပ်သော သဘောလည်း ရှိကုန်၏ သည်းခံတတ်သောသူတို့အားရင်း သည်းခံအပ်သော သဘောရှိသောသူတို့အားရင်း ထိုဆန္ဒာဂတိသို့ လားခြင်း လိုက်ခြင်းသည် မရှိ။

၅၇၂။ ဒေဝလပစ္စေကဗုဒ္ဓါအရှင်မြတ်သည် ဤစကားကို မိန့်တော်မူပြီး၍ ပူပန်ခြင်းကို ပယ်ဖျောက်လျက် လူအပေါင်း၏ မျက်မှောက်၌ ကောင်းကင်သို့ ပျံတက်တော်မူ၏။

၅၇၃။ ကြီးသော လုံ့လရှိတော်မူသော အရှင်ဘုရား အကျွန်ုပ်သည် ထိုမကောင်းမှုကြောင့် ယုတ်ညံ့သော ဆေတ္တာသည်အမျိုးသို့ ရောက်ရ၏၊ ထိုယုတ်ညံ့သော ဆေတ္တာသည်အဖြစ်ကို လွန်မြောက်၍ ဘေးမဲ့ပြည် (နိဗ္ဗာန်သို့) ဝင်ရပါပြီ။

၅၇၄။ ကြီးသော လုံ့လရှိတော်မူသော အရှင်ဘုရား ထိုအခါ၌လည်း လောင်မြိုက်လျက်တည်သော အကျွန်ုပ်ကို ပစ္စေကဗုဒ္ဓါအရှင်မြတ်သည် ပူလောင်မှုကို ပယ်ဖျောက်တော်မူ၏၊ အရှင်ပစ္စေကဗုဒ္ဓါကိုလည်း ကန်တော့ခဲ့ပါ၏။

၅၇၅။ ကြီးသော လုံ့လရှိတော်မူသော အရှင်ဘုရား ယခုအခါ၌လည်း သုံးပါးသော မီးတို့ဖြင့် လောင်မြိုက်နေသော အကျွန်ုပ်ကို အရှင်ဘုရားသည် မီးသုံးပါးငြိမ်းအေးစေ၍ ချမ်းမြေ့သည့်အဖြစ်သို့ ရောက်စေတော်မူ၏။

၅၇၆။ အကြင်သူတို့အား ကြားနာမှတ်သားခြင်းသည် ရှိ၏၊ ထိုသူတို့သည် ဟောကြားသော ငါ၏စကားကို နာကြကုန်လော့၊ ငါသည် နိဗ္ဗာန်ကို သိမြင်သည့်အတိုင်း သင်တို့အား နိဗ္ဗာန်အကျိုးကို ဟောကြားပေအံ့။

၅၇၇။ ငြိမ်သက်သော စိတ်ရှိသော တည်ကြည်သော အလိုလိုပွင့်တော်မူသော အရှင်ပစ္စေကဗုဒ္ဓါကို ပြစ်မှားမိ၍ ထိုကံကြောင့် ယခုငါသည် ယုတ်ညံ့သော ဆေတ္တာသည်မျိုး၌ ဖြစ်ရ၏။

http://www.dhammadownload.com



၅၇၈။ သင်တို့သည် ဘုရားပွင့်ရာကာလ 'ဗုဒ္ဓုပ္ပါဒခဏ'ကို မလွဲချော်ကြစေကုန်လင့်၊ မှန်၏၊ ဘုရားပွင့်ရာကာလကို ကုန်လွန်စေသော သူတို့သည် စိုးရိမ်ပူပန်ရကုန်၏၊ သင်တို့သည် မိမိအကျိုးစီးပွါး၌ လုံ့လပြုကြကုန်လော့၊ သင်တို့သည် ဘုရားပွင့်ရာကာလ 'ဗုဒ္ဓုပ္ပါဒခဏ'ကို ပြီးပြည့်စေအပ်၏၊ (ရောက်အပ်၏)။

၅၇၉။ (သာသနာတော်သည်) အချို့သောသူတို့အား ပျို့အန်ဆေးဖြစ်၍ အချို့သော သူတို့အား ဝမ်းလျှောဆေးဖြစ်၏၊ အချို့သောသူတို့အား လတ်တလော သေစေတတ်သော အဆိပ်ဖြစ်၍ အချို့သောသူတို့အား နတ်ဆေးဖြစ်၏။

၅၈၀။ သာသနာတော်သည် မဂ္ဂဋ္ဌာန်လေးယောက်တို့အား ကိလေသာကို အန်ဆေးဖြစ်၍ ဖလဋ္ဌာန်လေးယောက်တို့အား ဝမ်းလျှောဆေးဖြစ်၏၊ အကျိုးကို လိုလားကုန်သော ကောင်းမှုကို ရှာမှီးကုန်သော သူတို့အား နိဗ္ဗာန်ဆေးသဖွယ်ဖြစ်၏။

၅၈၁။ သာသနာတော်နှင့် ဆန့်ကျင်သော သူတို့အား လတ်တလော သေစေတတ်သော အဆိပ်ကဲ့သို့ ဟောကြားတော်မူ၏၊ မျက်စောင်းရိုက်ကာမျှဖြင့် လျင်စွာ သေစေတတ်သော အဆိပ်ရှိသော မြွေဆိုးသည် ထိုလူကို လောင်စေသကဲ့သို့ ထို့အတူ ထိုသာသနာတော်နှင့် ဆန့်ကျင်သောသူကို လောင်စေ၏။

၅၈၂။ တကြိမ်သောက်အပ်သော အဆိပ်သည် အသက်ကို တကြိမ်သာ ဖြတ်တတ်၏၊ ထိုသူသည် သာသနာတော်နှင့် ဆန့်ကျင်ဘက်ပြုသောကြောင့် ကမ္ဘာကုဋေပေါင်းလုံးလည်း လောင်မြိုက်ရ၏။

၅၈၃။ ထိုမြတ်စွာဘုရားသည် သည်းခံခြင်းဖြင့်ငှင်း မညှဉ်းဆဲခြင်းဖြင့်ငှင်း မေတ္တာစိတ်ရှိခြင်းဖြင့်ငှင်း နတ်နှင့်တကွသော လောကကို ကယ်တင်တော်မူ၏၊ ထို့ကြောင့် ထိုဘုရားရှင်တို့ကို ဆန့်ကျင်ဘက် မပြုအပ်ကုန်။

၅၈၄။ လာဘ်ရမှု မရမှု၌ မကပ်ငြိကုန်၊ မြတ်နိုးမှု မမြတ်နိုးမှု၌ မကပ်ငြိကုန်၊ ဘုရားရှင်တို့သည် မြေကြီးအထုနှင့် တူကုန်၏၊ ထို့ကြောင့် ထိုဘုရားရှင်တို့ကို ဆန့်ကျင်ဘက် မပြုအပ်ကုန်။

၅၈၅။ မြတ်စွာဘုရားသည် သတ်ပုတ်ညှဉ်းဆဲတတ်သော ဒေဝဒတ်၌ငှင်း အင်္ဂုလိမာလ ခိုးသူ၌ငှင်း ရာဟုလာသားတော်၌ငှင်း နာဠာဂီရိဆင်၌ငှင်း ခပ်သိမ်းသော သတ္တဝါတို့အား တူမျှသော စိတ်ထားရှိတော်မူ၏။

၅၈၆။ ထိုဆန့်ကျင်သော သူတို့အား အမျက်ထားခြင်း မရှိ၊ ဤမဆန့်ကျင်သော သူတို့အား တပ်နှစ်သက်မှု မရှိ၊ သတ်ညှဉ်းဆဲတတ်သောသူအားငှင်း ရင်သွေးသားမြတ်အားငှင်း ဤသတ္တဝါအလုံးစုံတို့အား မြတ်စွာဘုရားသည် တူမျှသော စိတ်ထားရှိတော်မူ၏။

၅၈၇။ မစင်လိမ်းကျံသော အရိယာတို့၏ တံခွန်အောင်လံသဖွယ် ဖြစ်သော သင်္ကန်းကို လမ်းခရီး၌ စွန့်ထားအပ်သည်ကို မြင်လတ်သော် ဦးခေါင်း၌ လက်အုပ်ချီလျက် ရှိခိုးအပ်၏။

၅၈၈။ ပွင့်ပြီး ပွင့်ဆဲ ပွင့်လတ္တံ့ ဖြစ်ကုန်သော အကြင်မြတ်စွာဘုရားတို့သည် ဤအရဟတ္တဓိုလ်တံခွန်သင်္ကန်းဖြင့် စင်ကြယ်ကုန်၏၊ ထိုသင်္ကန်းဖြင့် စင်ကြယ်ရသောကြောင့် ထိုမြတ်စွာဘုရားတို့ကို ရှိခိုးအပ်ကုန်၏။

http://www.dhammadownload.com



၅၇၉။ ဘုရားသဖွယ်ဖြစ်သော မှန်မြတ်သည့် ဝိနည်းတရားတော်ကို စိတ်ဖြင့် ဆောင်ထား၏၊ ငါသည် ဝိနည်းတရားတော်ကို အခါခပ်သိမ်း ရှိခိုးလျက် နေအံ့။

၅၈၀။ ဝိနည်းတရားတော်သည် ငါ၏ တည်နေရာတည်း၊ ဝိနည်းတရားတော်သည် ငါ၏ ရပ်ရာ သွားရာတည်း၊ ငါသည် ဝိနည်းတရားတော်၌ နေခြင်းကို ပြု၏၊ ဝိနည်းတရားတော်သည် ငါ၏ ကျက်စားရာပင်တည်း။

၅၈၁။ ကြီးသောလုံ့လရှိတော်မူသော မြတ်စွာဘုရား ဝိနည်းအရာ၌ အထွတ်အထိပ်သို့ ရောက်သည်ဖြစ်၍ အဓိကရုဏ်းငြိမ်းအေးကြောင်း သမထ၌လည်း ကျွမ်းကျင်လိမ္မာသော အကျွန်ုပ်ဥပါလိသည် ရှင်တော်မြတ်ဘုရား၏ ခြေတော်အစုံတို့ကို ရှိခိုးပါ၏။

၅၈၂။ အကျွန်ုပ်ဥပါလိသည် မြတ်စွာဘုရားကို ရှိခိုးလျက် တရားတော်၏ ကောင်းသော တရားအဖြစ်ကိုလည်း သိ၍(ရှိခိုးလျက်) တရွာမှ တရွာသို့ တပြည်မှ တပြည်သို့ လှည့်လည်ပါအံ့။

၅၈၃။ အကျွန်ုပ်သည် ကိလေသာတို့ကို ရှို့မြိုက်စေအပ်ကုန်ပြီ၊ ခပ်သိမ်းသော ဘဝတို့ကို နုတ်ပယ်အပ်ကုန်ပြီ၊ ခပ်သိမ်းသောအာသဝတရားတို့သည် ကုန်ခန်းကုန်ပြီ၊ ယခုအခါ ဘဝသစ်၌ တဖန်ဖြစ်ခြင်းသည် မရှိတော့ပြီ။

၅၈၄။ မြတ်စွာဘုရားထံတော်သို့ အကျွန်ုပ်၏ လာခြင်းသည် စင်စစ် ကောင်းသော လာခြင်းဖြစ်၏၊ သုံးပါးသော ဝိဇ္ဇာတို့သို့ အစဉ်ရောက်ပါကုန်ပြီ၊ မြတ်စွာဘုရား၏ အဆုံးအမတော်ကို ပြုကျင့်လိုက်နာအပ်ပါပြီ။

၅၈၅။ မလေးပါးသော ပဋိသမ္ဘိဒါတို့ကိုရင်း ရှစ်ပါးသော ဤဝိမောက္ခတို့ကိုရင်း ခြောက်ပါးသော အဘိညာဉ်တို့ကိုရင်း မျက်မှောက်ပြုအပ်ပါကုန်ပြီ၊ မြတ်စွာဘုရား၏ အဆုံးအမတော်ကို လိုက်နာကျင့်သုံးပြီးပါပြီ။

ဤသို့လျှင် အသျှင်ဥပါလိမထေရ်သည် ဤဂါထာတို့ကို မိန့်ဆိုတော်မူ၏။

**ခြောက်ခုမြောက် ဥပါလိတ္ထေရအပဒါန် ပြီး၏။**

---

## ၁-၇-အညာသိကောဏ္ဍညတ္ထေရအပဒါန်

၅၈၆။ လောကထက် မြတ်တော်မူသော နိဗ္ဗာန်သို့ ပို့ဆောင်တတ်သည်ဖြစ်၍ ဘုရားမြတ်တို့၏ တည်ရာဘုံ (သဗ္ဗညုတဉာဏ်) သို့ ရောက်တော်မူသော ပဒုမုတ္တရမြတ်စွာဘုရားကို ငါသည် ရှေးဦးစွာ ဖူးမြင်ရ၏။

၅၈၇။ ဗောဓိပင်အနီး၌ အကြင်မျှလောက်သော နတ်အားလုံးတို့သည် အညီအညွတ် လာ၍ မြတ်စွာဘုရားကို ခြံရံပြီးလျှင် လက်အုပ်ချီလျက် ရှိခိုးကြကုန်၏။

၅၈၈။ ထိုနတ်အားလုံးတို့သည် နှစ်သက်သောစိတ်ရှိကုန်လျက် အမိုက်မှောင်ကို ပယ်ဖျောက်တော်မူသော ဤမြတ်စွာဘုရားသည် (သဗ္ဗညုတဉာဏ်သို့) အစဉ်ရောက်ပြီဟု ဆိုကုန်လျက် ကောင်းကင်၌ လှည့်လည်သွားလာကြကုန်၏။

http://www.dhammadownload.com



၅၉၉။ မြတ်စွာဘုရား၏ သာသနာတော်၌ ကိလေသာတို့ကို ရှို့မြိုက်လောင်ကျွမ်းစေကုန် အံ့ဟု ရှင်လန်းဝမ်းမြောက်ခြင်းဖြစ်ကုန်သော ထိုနတ်တို့အား သည်းထန်စွာ ကြွေးကြော်ခြင်း သည် ဖြစ်လေသတည်း။

၆၀၀။ ငါသည် နတ်တို့ပြောဆိုအပ်သော မြတ်သောစကားကို ကြားသိရသောကြောင့် ရှင်လန်းဝမ်းမြောက်သည်ဖြစ်၍ ရှင်ပျသော စိတ်ဖြင့် ဆွမ်းဦးကို ကပ်လှူ၏။

၆၀၁။ လောက၌ အတုမဲ့ဖြစ်သော မြတ်စွာဘုရားသည် ငါ၏အကြံအစည်ကို သိသော ကြောင့် နတ်အပေါင်းတို့၏အလယ်၌ ထိုင်နေတော်မူပြီးလျှင် ဤဆိုမည့် ဂါထာတို့ကို မိန့် တော်မူ၏—

၆၀၂။ ငါသည် ခုနစ်ရက်ပတ်လုံး တောထွက် တရားအားထုတ်၍ အရဟတ္တမဂ်ဉာဏ်ကို ရ၏၊ ခန္ဓာကို မျှတစေတတ်သော ဤဆွမ်းသည် အကျင့်မြတ်ကို ကျင့်လေ့ရှိသော ငါ့အား ရှေးဦးစွာသော ဆွမ်းပင်တည်း။

၆၀၃။ တုသိတာနတ်ပြည်မှ ဤလူ့ပြည်သို့လာ၍ ငါ့အား ဆွမ်းလှူသော နတ်သားကို ငါသည် ဗျာဒိတ်စကားပြောကြားအံ့၊ ဟောကြားမည့် ငါ၏စကားကို နာကြကုန်လော့—

၆၀၄။ ကမ္ဘာသုံးသောင်းတို့ပတ်လုံး နတ်မင်းအဖြစ်ကို ပြုရလတ္တံ့၊ နတ်အားလုံးတို့ကို လွှမ်းမိုး၍ နတ်ပြည်ကို အုပ်စိုးနေရလတ္တံ့။

၆၀၅။ နတ်ပြည်မှ စုတေ၍ လူ့အဖြစ်သို့ ရောက်လတ္တံ့၊ ထိုလူ့ပြည်၌ အကြိမ်တထောင် တိုင်တိုင် စကြဝတေးမင်းဖြစ်၍ မင်းပြုရလတ္တံ့။

၆၀၆။ ကမ္ဘာတသိန်းထက်၌ ဩက္ကာကမင်းမျိုး၌ ဖြစ်သော အနွယ်အားဖြင့် ဂေါတမမည် သော မြတ်စွာဘုရားသည် လောက၌ ပွင့်လတ္တံ့။

၆၀၇။ ထိုကောဏ္ဍညလောင်းသည် နတ်ပြည်မှ စုတေ၍ လူ့အဖြစ်သို့ ရောက်လတ္တံ့၊ အိမ်ရာ တည်ထောင်သောလူ့ဘောင်မှ ထွက်၍ ရသေ့ရဟန်းပြုပြီးလျှင် ခြောက်နှစ်တို့ပတ်လုံး(ဘုရား အလောင်းနှင့်အတူ)နေရလတ္တံ့။

၆၀၈။ ထို့နောက် ခုနစ်နှစ်မြောက်သော ကာလ၌ ဂေါတမမြတ်စွာဘုရားသည် ဓမ္မစကြာ တရားတော်ကို ဟောလတ္တံ့၊ ကောဏ္ဍညဟူသောအမည်ဖြင့် ရှေးဦးစွာ သစ္စာလေးပါးတရား ကို မျက်မှောက် ပြုရလတ္တံ့။

၆၀၉။ ငါသည် တောထွက်သော ဘုရားလောင်းနှင့်အတူ တောထွက်၍ အတုလိုက် ရဟန်း ပြု၏၊ ကိလေသာတို့ကို ရှို့မြိုက်လောင်ကျွမ်းစေခြင်းငှါ အိမ်၏အစီးအပွါးမဖြစ်သော သာသနာတော်၌ ရဟန်းပြု၏။

၆၁၀။ နတ်နှင့်တကွသော လောက၌ ခပ်သိမ်းသော တရားတို့ကို သိတော်မူသော မြတ်စွာ ဘုရားသည် ငါ့ထံသို့ ချဉ်းကပ်လာပြီးလျှင် ဣသိပတနမည်သော မိဂဒါဝုန်၌ တရားတည်းဟူ သော အမြိုက်စည်ကြီးကို တီးခတ်တော်မူ၏။

http://www.dhammadownload.com



၆၁၁။ ထိုငါသည် အတုမဲ့ဖြစ်သော ငြိမ်းအေးရာ အမြိုက်နိဗ္ဗာန်သို့ ယခုရောက်၏၊ ခပ်သိမ်းသော အာသဝတရားတို့ကို ပိုင်းခြားသိလျက် အာသဝကင်းကွာ ရဟန္တာဖြစ်၍ နေရ၏။

၆၁၂။ လေးပါးသော ပဋိသမ္ဘိဒါတို့ကိုလည်းကောင်း ရှစ်ပါးသော ဤဝိမောက္ခတို့ကိုလည်းကောင်း ခြောက်ပါးသော အဘိညာဉ်တို့ကိုလည်းကောင်း မျက်မှောက်ပြုအပ်ပါကုန်ပြီ၊ မြတ်စွာဘုရား၏ အဆုံးအမတော်ကို လိုက်နာ ကျင့်သုံးပြီးပါပြီ။

ဤသို့လျှင် အသျှင်အညာသိကောဏ္ဍညမထေရ်သည် ဤဂါထာတို့ကို မိန့်ဆိုတော်မူ၏။

ခုနစ်ခုမြောက် အညာသိကောဏ္ဍညတ္ထေရအပဒါန် ပြီး၏။

---

## ၈-ဂ-ပိဏ္ဍောလဘာရဒွါဇတ္ထေရအပဒါန်

၆၁၃။ အလိုလိုဖြစ်တော်မူ၍ အမြတ်ဆုံးပုဂ္ဂိုလ်ဖြစ်တော်မူသော ပဒုမုတ္တရမြတ်စွာဘုရားသည် ထိုအခါ ဟိမဝန္တာတောင်၏အရှေ့မျက်နှာ စိတ္တကူဋတောင်၌ နေ၏။

၆၁၄။ ငါသည် ထိုစိတ္တကူဋတောင်၌ မကြောက်မရွံ့သော သဘောရှိသည်ဖြစ်၍ အရပ်လေးမျက်နှာသို့ သွားခြင်းငှါ စွမ်းနိုင်သော ခြင်္သေ့မင်း ဖြစ်ခဲ့၏၊ ထိုခြင်္သေ့မင်း၏ ဟိန်းဟောက်သံကို ကြားရသောကြောင့် များစွာသော သတ္တဝါတို့သည် အထူးကြောက်ရွံ့ကုန်၏။

၆၁၅။ (ခြင်္သေ့မင်းဖြစ်သော ငါသည်) ကောင်းစွာပွင့်သော ပဒုမာကြာကို ကိုက်ချီ၍ မြတ်စွာဘုရားထံတော်သို့ ချဉ်းကပ်ပြီးလျှင် နိရောဓသမာပတ်မှ ထတော်မူသော မြတ်စွာဘုရားအား ရှေးရှုကပ်လှူ၏။

၆၁၆။ ငါသည် ယောကျ်ားမြတ်ဖြစ်တော်မူသော မြတ်စွာဘုရားကို အရပ်လေးမျက်နှာတို့၌ ရှိခိုးပြီးလျှင် မိမိစိတ်ကို ကြည်လင်စေ၏၊ မကြောက်ရွံ့သော ခြင်္သေ့သံကို မြည်ဟောက်၏။

၆၁၇။ လောကကို သိတော်မူသော ဥဩသည်အလို့ငှါ အဝေးမှ ဆောင်ခဲ့သော ဝတ္ထုတို့ကို ခံတော်မူထိုက်သော ပဒုမုတ္တရမြတ်စွာဘုရားသည် မိမိနေရာ၌ ထိုင်နေတော်မူလျက် ဤဆိုမည့် ဂါထာတို့ကို ဟောတော်မူ၏—

၆၁၈။ မြတ်စွာဘုရား၏ အသံတော်ကို သိ၍ ခပ်သိမ်းသောနတ်အားလုံးတို့သည် အညီအညွတ် လာကြကုန်၏၊ သစ္စာလေးပါးတရားကို ဟောတတ်သော သူတို့ထက် မြတ်သော မြတ်စွာဘုရားသည် ကြွရောက်တော် မူလာသည်ဖြစ်၍ ငါတို့သည် ထိုတရားတော်ကို နာကုန်အံ့ဟု ကောင်းစွာလာကြကုန်၏။

၆၁၉။ လူတို့၏ ရွေသွားဖြစ်သော အရှည်ကို မြင်တော်မူသော မြတ်စွာဘုရားသည် ရွှင်လန်းဝမ်းမြောက်ခြင်း ဖြစ်ကုန်သော ထိုနတ်တို့၏ မျက်မှောက်၌ ငါ့အား မြတ်သော ထရားသံကို ထင်စွာပြတော်မူ၏။

http://www.dhammadownload.com



၆၂၀။ ပဒုမာကြာကို လှူ၍ ခြင်္သေ့အသံကို ဟောက်သော ခြင်္သေ့မင်းကို ငါသည် (ဗျာဒိတ်စကား)ဟောကြားပေအံ့၊ ငါဟောကြားမည့် စကားကို နာကြကုန်လော့—

၆၂၁။ ဤခြင်္သေ့မင်းသည် (ငါပဒုမုတ္တရဘုရားပွင့်ရာ)ကပ်မှ ရှစ်ကမ္ဘာမြောက်၌ ရတနာ ခုနစ်ပါးနှင့် ပြည့်စုံသော လေးကျွန်းလုံး၌ အစိုးရသော စကြဝတေးမင်း ဖြစ်လတ္တံ့။

၆၂၂။ များသော မိုလ်ပါရှိသော ပဒုမစကြဝတေးမင်းဖြစ်၍ မြေအပြင်၌ ခြောက်ဆယ့် လေးကြိမ်တိုင်အောင် မင်းအဖြစ်ကို ပြုရလတ္တံ့။

၆၂၃။ ကမ္ဘာတသိန်းထက်၌ ဩက္ကာကမင်းမျိုး၌ဖြစ်သော အနွယ်အားဖြင့် ဂေါတမမည် သော မြတ်စွာဘုရားသည် လောက၌ ပွင့်တော်မူလတ္တံ့။

၆၂၄။ မြတ်စွာဘုရားသည် အဆုံးအမ စကားတော်ကို ဖော်ပြအပ်သည်ရှိသော် ပုဏ္ဏား မျိုး၌ ဖြစ်လတ္တံ့၊ ထိုအခါ ပုဏ္ဏားမျိုးမှ တောထွက်၍ ရဟန်းပြုလတ္တံ့။

၆၂၅။ ထိုသူသည် အားထုတ်ခြင်းဖြင့် နိဗ္ဗာန်သို့ စေလွှတ်သော စိတ်ရှိသည်ဖြစ်၍ ကိလေ သာမီး ငြိမ်းအေးလျက် ဥပဓိလေးပါးမှ ကင်းကာ ခပ်သိမ်းသော အာသဝတရားတို့ကို ပိုင်း ခြားသိပြီးလျှင် အာသဝကင်းကွာ ရဟန္တာဖြစ်၍ နိဗ္ဗာန်ယူသိမ်း ငြိမ်းအေးရလတ္တံ့။

၆၂၆။ ခြင်္သေ့ သစ် ကျား သားရဲတို့ဖြင့် ပြွမ်း၍ လူသူကင်းရှင်းသော တောကျောင်း၌ ခပ်သိမ်းသော အာသဝတရားတို့ကို ပိုင်းခြားသိပြီးလျှင် အာသဝကင်းကွာ ရဟန္တာဖြစ်၍ နိဗ္ဗာန်ယူသိမ်း ငြိမ်းအေးရလတ္တံ့။

၆၂၇။ လေးပါးသော ပဋိသမ္ဘိဒါတို့ကိုလည်း ရှစ်ပါးသော ဤဝိမောက္ခတို့ကိုလည်း ခြောက် ပါးသော အဘိညာဉ်တို့ကိုလည်း မျက်မှောက်ပြုအပ်ပါကုန်ပြီ၊ မြတ်စွာဘုရား၏ အဆုံးအမ တော်ကို လိုက်နာ ကျင့်သုံးပြီးပါပြီ။

ဤသို့လျှင် အသျှင်ပိဏ္ဍောလဘာရဒွါဇမထေရ်သည် ဤဂါထာတို့ကို မိန့်ဆိုတော်မူ၏။

**ရှစ်ခုမြောက် ပိဏ္ဍောလဘာရဒွါဇတ္ထေရအပဒါန် ပြီး၏။**

---

## ၃-၉-ခဒိရဝနိယရေဝတတ္ထေရအပဒါန်

၆၂၈။ ဘာဂီရထီ မည်သော မြစ်သည် ဟိမဝန္တာတောင်မှ အမွန်စ၍ ဖြစ်၏၊ (ထိုမြင်၏) သွားလာခက်ခဲသော ဆိပ်၌ ငါသည် ကူးဘို့သူကြီးဖြစ်၍ ဤမှာဘက်မှ (ထိုဘက်သို့ ထိုဘက်မှ ဤဘက်သို့) ကူးတို့ ပို့ခဲ့ရ၏။

၆၂၉။ (သတ္တဝါဘို့ကို) နိဗ္ဗာန်သို့ ပို့ဆောင်တော်မူတတ်သော အခြေနှစ်ချောင်းရှိသူ လူ အပေါင်းဘို့ထက် မြတ်သော ပဒုမုတ္တရမြတ်စွာဘုရားသည် ဝသီငါးပါးကို လေ့လာပြီးသော ရဟန္တာတသိန်းဘို့နှင့်တကွ ဂင်္ဂါမြစ်ကမ်းနားသို့ ကြွတော်မူလာ၏။

၆၃၀။ များစွာသော လှေတို့ကို စုပေါင်း၍ လှေထက်၌ လက်သမားတို့သည် ကောင်းစွာ စီရင်အပ်သော အမိုးကို ပြုလုပ်ပြီးလျှင် မြတ်စွာဘုရားကို မြတ်နိုးပူဇော်ခဲ့ရ၏။

http://www.dhammadownload.com



၆၃၁။ မြတ်စွာဘုရားသည် ကြွတော်မူ၍ ထိုလှေကိုသာလျှင် တက်စီးတော်မူ၏၊ မြတ်စွာဘုရားသည် ရေလယ်၌ တည်လျက် ဤဆိုမည့် ဂါထာတို့ကို မိန့်တော်မူ၏—

၆၃၂။ ထိုကူးတို့သူကြီးသည် ငါဘုရားကိုရင်း အာသဝကင်းသော သံဃာတော်ကိုရင်း ကူးတို့ပို့၏၊ ထိုကူးတို့ပို့ရသော စိတ်၏ ကြည်လင်ခြင်းကြောင့် နတ်ပြည်၌ မွေ့လျော်ရလတ္တံ့။

၆၃၃။ သင့်အား ကောင်းစွာ ပြုအပ်သည်ဖြစ်၍ လှေသဏ္ဌာန် သဖွယ်ဖြစ်သော ဘုံဗိမာန်သည် ဖြစ်ပေါ်လတ္တံ့၊ ကောင်းကင်၌ ပန်းအမိုး မဏ္ဍပ်သည်လည်း အခါခပ်သိမ်း ဆောင်းမိုး၍ ထားလတ္တံ့။

၆၃၄။ ငါးဆယ့်ရှစ် ကမ္ဘာထက်၌ ကျွန်းကြီးလေးကျွန်း အပိုင်းအခြားရှိသည်ဖြစ်၍ ရန်သူကို အောင်ပြီးသော တာရက မည်သော စကြဝတေးမင်း ဖြစ်လတ္တံ့။

၆၃၅။ ငါးဆယ့်ခုနစ်ကမ္ဘာထက်၌ တက်သစ်သောနေကဲ့သို့ များသောဗိုလ်ပါရှိသော စမ္ဗကမည်သော မင်းဖြစ်၍ တောက်ပလတ္တံ့။

၆၃၆။ ကမ္ဘာတသိန်းထက်၌ ဩက္ကာကမင်းမျိုး၌ဖြစ်သော အနွယ်အားဖြင့် ဂေါတမမည်သော မြတ်စွာဘုရားသည် လောက၌ ပွင့်လတ္တံ့။

၆၃၇။ ထိုသူသည် တာဝတိံသာနတ်ပြည်မှ စုတေ၍ လူ့အဖြစ်သို့ ရောက်လတ္တံ့၊ အမည်အားဖြင့် ရေဝတ မည်သော ပုဏ္ဏားမျိုးသည် ဖြစ်လတ္တံ့။

၆၃၈။ အကြောင်းရင်းဖြစ်သော ကုသိုလ်သည် တိုက်တွန်းအပ်သောကြောင့် လူ့ဘောင်မှထွက်၍ ဂေါတမမြတ်စွာဘုရား သာသနာတော်၌ ရဟန်းပြုလတ္တံ့။

၆၃၉။ ထိုသူသည် ရဟန်းပြုပြီးနောက်၌ ကမ္မဋ္ဌာန်းအားထုတ်ကာ ဝိပဿနာရှုသည်ဖြစ်၍ အလုံးစုံသော အာသဝတရားတို့ကို ပိုင်းခြားသိပြီးလျှင် အာသဝကင်းကွာ ရဟန္တာဖြစ်၍ နေရလတ္တံ့။

၆၄၀။ ငါ၏ ယောဂကုန်ရာ နိဗ္ဗာန်သို့ ဆောင်တတ်သော လုံ့လသည် ဝန်ဆောင်နွားလား သဖွယ်ဖြစ်၏၊ မြတ်စွာဘုရား သာသနာတော်၌ အဆုံးစွန်ဖြစ်သော ကိုယ်ကို ဆောင်၏။

၆၄၁။ ကမ္ဘာတသိန်းထက်က ပြုခဲ့သော ကုသိုလ်ကံသည် ဤအဆုံးဘဝ၌ ငါ့အား ကောင်းကျိုးကို ပြပေ၏၊လေးမှ လွှတ်သော မြှားအဟုန်ကဲ့သို့ ကိလေသာတို့ကို ရှို့မြိုက်လောင်ကျွမ်းစေ၏။

၆၄၂။ ထို့နောက် တော၌ မွေ့လျော်သော အကျွန်ုပ်ကို မြင်တော်မူ၍ လောက၏ အဆုံး နိဗ္ဗာန်သို့ရောက်တော်မူသော ကြီးမြတ်သော ပညာရှိတော်မူသော မြတ်စွာဘုရားသည် တောနေ ရဟန်းတို့ထက် အမြတ်ဆုံး ပုဂ္ဂိုလ်ဟူ၍ ပညတ်တော်မူ၏။

၆၄၃။ လေးပါးသော ပဋိသမ္ဘိဒါတို့ကိုရင်း ရှစ်ပါးသော ဤဝိမောက္ခတို့ကိုရင်း ခြောက်ပါးသော အဘိညာဉ်တို့ကိုရင်း မျက်မှောက်ပြုအပ်ပါကုန်ပြီ၊ မြတ်စွာဘုရား၏ အဆုံးအမတော်ကို လိုက်နာကျင့်သုံးပြီးပါပြီ။

ဤသို့လျှင် ရှားတော်၌နေသော အသျှင်ရေဝတမထေရ်သည် ဤဂါထာတို့ကို မိန့်ဆိုတော်မူ၏။

**ကိုးခုမြောက် ခဒိရဝနိယရေဝတတ္ထေရအပဒါန် ပြီး၏။**

http://www.dhammadownload.com



## ၃-၁၀-အာနန္ဒတ္ထေရအပဒါန်

၆၄၄။ ပဒုမုတ္တရမြတ်စွာဘုရားသည် ကျောင်းတိုက်အရံ တံခါးမှ ထွက်တော်မူ၍ အမြိုက်မိုးကို ရွာသွန်းစေလျက် လူအပေါင်းကို ငြိမ်းအေးစေ၏။

၆၄၅။ အဘိညာဉ်ခြောက်ပါးနှင့် ပြည့်စုံ၍ ကြီးသောတန်ခိုးဣဒ္ဓိပါဒ်ရှိကုန်သော အရဟတ္တမဂ်ဉာဏ်ရှိကုန်သော ထိုရဟန္တာတသိန်းတို့သည် အရိပ်ကဲ့သို့ အစဉ်လိုက်ကုန်လျက် မြတ်စွာဘုရားကို ခြံရံကုန်၏။

၆၄၆။ (ထိုအခါ ငါသည်) အလွန် မြင့်မြတ်သော ထီးဖြူကို ဆောင်းလျက် ဆင်ကျောက်ကုန်း၌ စီးလေ၏၊ အလွန် သပ္ပါယ်သော အဆင်းရှိသော မြတ်စွာဘုရားကို ဖူးမြင်ရ၍ ငါ့အား နှစ်သက်ခြင်း ဖြစ်လေ၏။

၆၄၇။ ငါသည် ဆင်ကျောက်ကုန်းမှ သက်ဆင်း၍ မြတ်စွာဘုရား(ယံသို့)ချဉ်းကပ်ပြီးလျှင် ရတနာဖြင့် ပြီးသော ငါ၏ထီးဖြူကို ဘုရားမြတ်အား ဆောင်းလှူ ပူဇော်၏။

၆၄၈။ ပဒုမုတ္တရမြတ်စွာဘုရားသည် ငါ၏ အကြံအစည်ကို သိတော်မူ၍(ထိုဟောမြတ်ိုင်းသော)တရားတော်ကို ရပ်တန့်တော်မူလျက် ဤဆိုမည့် ဂါထာတို့ကို မိန့်တော်မူ၏—

၆၄၉။ အကြင်မင်းသားသည် ရွှေတို့ဖြင့် တန်ဆာဆင်အပ်သော ထီးဖြူကို ဆောင်းလှူ ပူဇော်၏၊ ထိုမင်းသားကို ငါသည်(ဗျာဒိတ်) စကား မြွက်ကြားပေအံ့၊ ငါမြွက်ကြားမည့် စကားကို နာကြကုန်လော့—

၆၅၀။ ဤမင်းသားသည် ဤဘဝမှ(ဘဝတပါး)ပြောင်းသွားခဲ့သော် တုသိတာနတ်ပြည်၌ စိုးအုပ်နေရလတ္တံ့၊ နတ်သမီးတို့ဖြင့် ခြံရံအပ်သည်ဖြစ်၍ နတ်စည်းစိမ်ကို ခံစားရလတ္တံ့။

၆၅၁။ သုံးဆယ့်လေးကြိမ်တိုင်အောင် နတ်စည်းစိမ်ကို ခံစားရလတ္တံ့၊(နတ်မင်းအဖြစ်ကို ပြုလတ္တံ့၊)အကြိမ်ရှစ်ရာတိုင်တိုင် ဗိုလ်ပါတို့ကို အပိုးရသော ကေရာဇ်မင်းဖြစ်၍ မြေအပြင်ကို စိုးအုပ်ရလတ္တံ့။

၆၅၂။ ငါးဆယ့်ရှစ်ကြိမ် စကြဝတေးမင်း ဖြစ်လတ္တံ့၊ ပဒေသရာဇ်မင်း အဖြစ်ကိုကား မရေမတွက်နိုင်အောင် မြေအပြင်၌ ပြုရလတ္တံ့။

၆၅၃။ ကမ္ဘာတသိန်းထက်၌ ဩက္ကာကမင်းမျိုး၌ ဖြစ်သော အနွယ်အားဖြင့် ဂေါတမမည်သော မြတ်စွာဘုရားသည် လောက၌ ပွင့်လတ္တံ့။

၆၅၄။ သာကီဝင်မင်းမျိုးတို့၏ မှန်ကင်းသဖွယ်ဖြစ်သော ဂေါတမမြတ်စွာဘုရား၏ ဆွေမျိုးဖြစ်ရလတ္တံ့၊အမည်အားဖြင့် အာနန္ဒာဟု ထင်ရှားလျက် မြတ်စွာဘုရား အလုပ်အကျွေးလည်း ဖြစ်ရလတ္တံ့။

၆၅၅။ အပြင်းအထန်အားထုတ်လျက် ရင့်ကျက်သော ပညာဉာဏ်ရှိသူ များသော အကြားအမြင်တို့၌ လိမ္မာခြင်းရှိသူ ဖြစ်ရလတ္တံ့၊ မာန်ကို နှိမ်ချလျက် မခက်ထန်သူ အလုံးစုံသော ပိဋကတ်ကို ရွတ်ဖတ်စွမ်းနိုင်သူသည်လည်း ဖြစ်ရလတ္တံ့။

http://www.dhammadownload.com



၅၆။ ထိုအာနန္ဒာမထေရ်သည် အားထုတ်ခြင်းဖြင့် နိဗ္ဗာန်သို့ စေလွှတ်သော စိတ်ရှိသည်ဖြစ်၍ ကိလေသာမီးငြိမ်းအေးလျက် ဥပဓိလေးပါးမှ ကင်းကာ ခပ်သိမ်းသော အာသဝတရားတို့ကို ပိုင်းခြားသိပြီးလျှင် အာသဝကင်းကွာ ရဟန္တာဖြစ်၍ နိဗ္ဗာန်ယူသိမ်းငြိမ်းရလတ္တံ့။

၅၇။ တောင်ထိပ်၌ ပျော်မွေ့ကုန်သော အနှစ်ခြောက်ဆယ်၌ အားအင်ဆုတ်ယုတ်ကုန်သော သုံးပါးကုန်သော အရပ်တို့မှ အမုန်ယိုကျကုန်သော (မာတင်မျိုးဖြစ်ကုန်သော) လှည်းသန်သဖွယ်အစွယ်ရှိကုန်သော မင်းစီးယာဉ်ဖြစ်ကုန်သော တောနေ ဆင်ပြောင်ကြီးတို့သည် ရှိကုန်သကဲ့သို့—

၅၈။ (ထို့အတူ) အသိန်းမက များစွာကုန်သော ပညာရှိကုန်သော ကြီးသော တန်ခိုးဣဒ္ဓိပါဒ် ကြီးမြတ်ခြင်းရှိသူ ရဟန္တာတည်းဟူသော ဆင်တို့သည် ဘုရားတည်းဟူသော ဆင်မင်းနီးနီးကပ်ကပ် ထားခြင်း၌ အလားတူ မဖြစ်သင့်ကုန်။

၅၉။ ညဉ့်ဦးယံ၌ (သုံးကြိမ်) ရှိခိုးအံ့၊ ညဉ့်လယ်ယံ၌ ရှိခိုးအံ့၊ မိုးသောက်ယံ၌လည်း (သုံးကြိမ်) ရှိခိုးအံ့ဟု ကြည်လင် ဝမ်းမြောက်သော စိတ်ရှိလျက် ဘုရားမြတ်ကို လုပ်ကျွေး၏။

၆၀။ အပြင်းအထန်အားထုတ်လျက် ရင့်ကျက်သော ပညာဉာဏ်ရှိသူ အမြော်အမြင်ဆင်ခြင်ဉာဏ်ရှိသူ ထင်သော သတိရှိသူဖြစ်လျက် သောတာပတ္တိဖိုလ်သို့ ရောက်၏၊ သေခအရာတို့၌ လိမ္မာ၏။

၆၁။ ဤဘဒ္ဒကမ္ဘာမှ ကမ္ဘာတသိန်းထက်၌ ဖြစ်ရကြောင်း ဆုတောင်း တောင့်တခဲ့သောအလုပ်အကျွေးအဖြစ်သို့ ငါရောက်ခဲ့ပြီ၊ (ထိုအလုပ်အကျွေး အဖြစ်သည်) သူတော်ကောင်းတရားကြောင့် မတုန်မလှုပ် မြဲမြံစွာ တည်၏။

၆၂။ မြတ်စွာဘုရားထံတော်သို့ အကျွန်ုပ်လာခြင်းကား ကောင်းသော လာခြင်းပင်တည်း၊ သုံးပါးသော ဝိဇ္ဇာတို့သို့ အစဉ်ရောက်ပါပြီ၊ မြတ်စွာဘုရား၏ အဆုံးအမတော်ကိုလိုက်နာကျင့်သုံးအပ်ပါပြီ။

၆၃။ လေးပါးသော ပဋိသမ္ဘိဒါတို့ကိုရှင်း ရှစ်ပါးသော ဤဝိမောက္ခတို့ကိုရှင်း ခြောက်ပါးသော အဘိညာဉ်တို့ကိုရှင်း မျက်မှောက်ပြုအပ်ပါကုန်ပြီ၊ မြတ်စွာဘုရား၏ အဆုံးအမတော်ကိုလိုက်နာကျင့်သုံးပြီးပါပြီ။

ဤသို့လျှင် အသျှင်အာနန္ဒာမထေရ်သည် ဤဂါထာတို့ကို မိန့်ဆိုတော်မူ၏။

ဆယ်ခုမြောက် အာနန္ဒတ္ထေရအပဒါန် ပြီး၏။

အပဒါန်ကျမ်း၌ ရှေးဦးစွာသော ဗုဒ္ဓဝဂ် ပြီး၏။

http://www.dhammadownload.com

# ၂-သီဟာသနိယဝဂ်

## ၁-သီဟာသနဒါယကတ္ထေရအပဒါန်

၁။ မြတ်စွာဘုရားစကားတော်ဟူသော သာသနာသည် အရပ်ဆယ်မျက်နှာ ပြန့်နှံ့၍ သာသနာတော်ကို လူသိများသည်ရှိသော် အခြေနှစ်ချောင်းရှိသူ လူတို့ထက် မြတ်တော်မူသော သိဒ္ဓတ္ထမြတ်စွာဘုရား ပရိနိဗ္ဗာန်စံတော်မူသောအခါ၌—

၂။ ငါသည် ကြည်လင်ဝမ်းမြောက်သော စိတ်ရှိသည် ဖြစ်၍ ခြင်္သေ့ခံသော နေရာပလ္လင်ကို ပြုလုပ်ခဲ့၏၊ ငါသည် ခြင်္သေ့ခံသော နေရာပလ္လင်ကို ပြုပြီးလျှင် ခြေနင်းအင်းပျဉ်ကိုလည်း ပြုလုပ်ခဲ့၏။

၃။ ငါသည် ခြင်္သေ့ခံသော နေရာပလ္လင်ကို မိုးစွတ်လတ်သော် ထိုပလ္လင်ထက်၌ အမိုးကျောင်းဆောင်ကို လှူဒါန်းဆောက်လုပ်ခဲ့ပြန်၏၊ငါသည် ထိုလှူဒါန်းရသော စိတ်ကြည်လင်မှုကြောင့် တုသိတာနတ်ပြည်သို့ ကပ်ရောက်ရ၏။

၄။ ထိုတုသိတာနတ်ပြည်၌ ဖြစ်သောအခါ အလျားနှစ်ဆယ့်လေးယူဇနာ အနံတဆယ့်လေးယူဇနာရှိသော ငါ၏ဘုံဗိမာန်ကို ရှေးကောင်းမှုကံက ကောင်းစွာ ဖန်ဆင်းအပ်၏။

၅။ တသိန်းသော နတ်သမီးတို့သည် ငါ့ကို အခါခပ်သိမ်း ခြံရံကုန်၏၊ ကောင်းစွာ ဖန်ဆင်းအပ်သော ရွှေဖြင့်ပြီးသော ပလ္လင်သည်လည်း ဘုံဗိမာန်၌ ဖြစ်ပေါ်၏။

၆။ ဆင်ယာဉ် မြင်းယာဉ် နတ်ယာဉ်သည် ရှေးရှုတည်လာ၏၊ ပြာသာဒ်နှင့် ထမ်းစင်တို့သည်လည်း အလိုရှိတိုင်း ဖြစ်ပေါ်လာကုန်၏။

၇။ ပတ္တမြားဖြင့်ပြီးသော ပလ္လင်တို့သည်လည်းကောင်း စန္ဒကူးနှစ်ဖြင့်ပြီးသော အခြားများစွာသော ပလ္လင်တို့သည်လည်းကောင်း ခပ်သိမ်းသော ပလ္လင်တို့သည် ငါ့အား ဖြစ်ပေါ်ကြကုန်၏၊ ဤသို့ ဖြစ်ရခြင်းသည် ခြင်္သေ့ခံသော နေရာပလ္လင်ကို လှူရခြင်း၏ အကျိုးပေတည်း။

၈။ ငါသည် ရွှေဖြင့်ပြီးသောခြေနင်း ငွေဖြင့်ပြီးသော ခြေနင်း ဖလ်ကြောင်မျက်ရွဲဖြင့်ပြီးသော ခြေနင်းတို့ကို စီးရ၏၊ ဤသို့စီးရခြင်းသည် ခြေနင်းအင်းပျဉ်ကို လှူရခြင်း၏ အကျိုးပေတည်း။

၉။ ဤဘဒ္ဒကမ္ဘာမှ ကိုးဆယ့်လေးကမ္ဘာထက်၌ အကြင်ကောင်းမှုကံကို ပြုဘူး၏၊ငါသည် ထိုအခါမှစ၍ အပါယ်လေးပါးသို့ လားရသည်ကို မသိစဘူးပေ၊ ဤသို့ဖြစ်ရခြင်းသည် ကောင်းမှုကံ၏ အကျိုးပေတည်း။

၁၀။ ဤဘဒ္ဒကမ္ဘာမှ ခုနစ်ဆယ့်သုံးကမ္ဘာထက်၌ ဣန္ဒမည်သော စကြာမင်းသုံးကြိမ်ဖြစ်ခဲ့ဘူး၏၊ ဤဘဒ္ဒကမ္ဘာမှ ခုနစ်ဆယ့်နှစ်ကမ္ဘာထက်၌ သုမနမည်သော စကြာဝတေးမင်း သုံးကြိမ်ဖြစ်ခဲ့ဘူး၏။

http://www.dhammadownload.com



၁၁။ ဤဘဒ္ဒကမ္ဘာမှ ခုနစ်ဆယ်မျှသော ကမ္ဘာ၌ လေးကျွန်းလုံးကို အစိုးရသည်ဖြစ်၍ ရတနာခုနစ်ပါးနှင့် ပြည့်စုံသော ဝရုဏမည်သော စကြဝတေးမင်း သုံးကြိမ်ဖြစ်ခဲ့ဘူး၏။

၁၂။ လေးပါးသော ပဋိသမ္ဘိဒါတို့ကိုရင်း ရှစ်ပါးသော ဤဝိမောက္ခတို့ကိုရင်း ခြောက်ပါးသော အဘိညာဉ်တို့ကိုရင်း မျက်မှောက်ပြုအပ်ပါကုန်ပြီ၊ မြတ်စွာဘုရား၏ အဆုံးအမတော်ကို လိုက်နာကျင့်သုံးပြီးပါပြီ။

ဤသို့လျှင် ခြင်္သေ့ခံသော နေရာပလ္လင်လှူသော မထေရ်သည် ဤဂါထာတို့ကို မိန့်ဆိုတော်မူ၏။

ရှေးဦးစွာသော သီဟာသနဒါယကတ္ထေရအပဒါန် ပြီး၏။

---

## ၂-ဧကတ္ထမ္ဘိယတ္ထေရအပဒါန်

၁၃။ သိဒ္ဓတ္ထမြတ်စွာဘုရား၏ သာသနာတော်၌ များစွာသော ကုသိုလ်ရေး အသင်းအဖွဲ့သားအပေါင်းသည် ရှိ၏၊ထိုကုသိုလ်ရေး အသင်းသားတို့သည် မြတ်စွာဘုရားကို ကိုးကွယ်ဆည်းကပ်ကြကုန်၏၊ မြတ်စွာဘုရား၏ ဂုဏ်ကျေးဇူးကိုလည်း ယုံကြည်ကြကုန်၏။

၁၄။ ကုသိုလ်ရေး အသင်းသားအားလုံးတို့သည် စုရုံးတိုင်ပင်ကြပြီးလျှင် မြတ်စွာဘုရား၏ တန်ဆောင်းဝန်းကို ဆောက်လုပ်ကြကုန်၏၊ တိုင်တလုံးမရ၍ တောကြီး၌ ရှာဖွေကြကုန်၏။

၁၅။ ထိုအခါ ငါသည် ယင်းကုသိုလ်ရေးအသင်းသားတို့ကို တော၌ တွေ့မြင်ရသောကြောင့် အသင်းသားအပေါင်းသို့ ချဉ်းကပ်ပြီးလျှင် လက်အုပ်ချီလျက် ကုသိုလ်ရေးအသင်းသားများကို မေးမြန်း၏။

၁၆။ သီလရှိသူ ဥပါသကာများဖြစ်သော ထိုကုသိုလ်ရေးအသင်းသားတို့သည် ငါမေးမြန်းသည် ရှိသော် အကျွန်ုပ်တို့သည် တန်ဆောင်းဝန်းကို ဆောက်လုပ်လိုကုန်၏၊(သို့သော်လည်း) တိုင်တလုံးကို မရနိုင်ပဲရှိသည်ဟု ပြောကြားကြကုန်၏။

၁၇။ ငါ့အား တိုင်တလုံးလှူခွင့်ကို ပေးကြကုန်လော့၊ ငါသည် မြတ်စွာဘုရားအား လှူဒါန်းအံ့၊ ငါသည် တိုင်တလုံးကို ယူဆောင်ခဲ့အံ့၊ ထိုအရှင်အသင်းသားတို့သည် ဤအရေး၌ ကြောင့်ကြမဲ့ဖြစ်ကြပါကုန်လော့။

၁၈။ ထိုကုသိုလ်ရေး အသင်းသားတို့သည် ကြည်လင်နှစ်သက်သော စိတ်ရှိကုန်၍ ငါ့အား တိုင်တလုံးလှူခွင့် ပေးကြကုန်၏၊ ထိုအရပ်မှ ပြန်လည် ဆုတ်နစ်ကုန်၍ မိမိနေအိမ်သို့ ပြန်သွားကြကုန်၏။

၁၉။ ကုသိုလ်ရေး အသင်းသားများ ပြန်သွား၍ မကြာမီပင် ငါသည် တိုင်တလုံးကို ယူဆောင်ပြီးသောအခါ ရွှင်ပျသည်ဖြစ်၍ ရွှင်လန်းသောစိတ်ဖြင့် ရှေးဦးစွာ (တိုင်ကို) စိုက်ထူ၏။

http://www.dhammadownload.com



၂၀။ ငါသည် ထိုလှူဒါန်းရသော စိတ်ကြည်လင်မှုကြောင့် ဗိမာန်၌ ဖြစ်ရ၏၊ ငါ၏ ဗိမာန်သည် အစောက်အားဖြင့် မြင့်၏၊ ဘုံခုနစ်ဆင့်ရှိ၍ အထက်သို့ စွင့်စွင့်တက်၏။

၂၁။ စည်ကြီးတို့ကို ခပ်တီးအပ်ကုန်သော် ငါသည် အခါခပ်သိမ်း ကွန့်မြူးစမွယ်ရ၏၊ ငါးဆယ့်ငါးကမ္ဘာထက်၌ ယသောဓရ စကြာမင်းဖြစ်ဘူး၏။

၂၂။ ထိုယသောဓရစကြာမင်းဖြစ်သော အခါ၌လည်း ငါ၏ ဗိမာန်သည် ဘုံခုနစ်ဆင့် ရှိ၍ အထက်သို့ စွင့်စွင့်တက်၏၊ အထွတ်တင်သော အဆောင်မြတ်နှင့် ပြည့်စုံသည်ဖြစ်၍ မွေလျော်ဖွယ် တပင်တိုင်နန်းလည်း ဖြစ်၏။

၂၃။ နှစ်ဆယ့်တကမ္ဘာထက်၌ ဥဒေနမည်သောမင်းဖြစ်၏၊ ထိုမင်းအဖြစ်၌လည်း ငါ၏ ဗိမာန်သည် ဘုံခုနစ်ဆင့်ရှိ၍ အထက်သို့ စွင့်စွင့်တက်၏။

၂၄။ ကပ်ရောက်ရတိုင်းသော နတ်အဖြစ် လူအဖြစ်ဟူသမျှ၌ အလုံးစုံသော ချမ်းသာကို ခံစားရ၏၊ ဤသို့ ဖြစ်ရခြင်းသည် တိုင်တလုံး လှူဒါန်းရခြင်း၏ အကျိုးပေတည်း။

၂၅။ ငါသည် ဤဘဒ္ဒကမ္ဘာမှ ကိုးဆယ့်လေးကမ္ဘာထက်ဝယ် တိုင်တလုံး လှူဒါန်းရသောအခါမှ စ၍ အပါယ်လေးပါး လားရသည်ကို မသိဘူးပေ၊ ဤသို့ ဖြစ်ရခြင်းသည် တိုင်တလုံး လှူဒါန်းရခြင်း၏ အကျိုးပေတည်း။

၂၆။ လေးပါးသော ပဋိသမ္ဘိဒါတို့ကိုင်ငြား ရှစ်ပါးသော ဤဝိမောက္ခတို့ကိုင်ငြား ခြောက်ပါးသော အဘိညာဉ်တို့ကိုင်ငြား မျက်မှောက်ပြုအပ်ပါကုန်ပြီ၊ မြတ်စွာဘုရား၏ အဆုံးအမတော်ကို လိုက်နာကျင့်သုံးပြီးပါပြီ။

ဤသို့လျှင် အသျှင်ကေတ္ထမ္ဘိကမထေရ်သည် ဤဂါထာတို့ကို မိန့်ဆိုတော်မူ၏။

နှစ်ခုမြောက် ကေတ္ထမ္ဘိကတ္ထေရအပဒါန် ပြီး၏။

---

## ၃-နန္ဒတ္ထေရအပဒါန်

၂၇။ လောကထက်မြတ်သည်ဖြစ်၍ တာဒိဂုဏ်နှင့် ပြည့်စုံတော်မူသော အလိုလို ဖြစ်လျက် သီလက္ခန္ဓစသော ဂုဏ်ကျေးဇူးတို့ကို ရှာမှီးပြီးသော ပဒုမုတ္တရမြတ်စွာဘုရား အား ငါသည် ခေါမတိုင်းဖြစ် အဝတ်အထည်ကို လှူဒါန်းခဲ့ဘူး၏။

၂၈။ ပဒုမုတ္တရအမည်ရှိသော မြတ်စွာဘုရားသည် ငါ့အား ထိုပုဆိုးအလှူကို ဗျာဒိတ် စကား မိန့်ကြားတော်မူ၏၊ ဤပုဆိုးအလှူကြောင့် ရွှေအဆင်းရှိသည် ဖြစ်လတ္တံ့။

၂၉။ သင်သည် လူ နတ်စည်းစိမ် နှစ်မျိုးလုံးတို့ကို ခံစားပြီးလျှင် ကုသိုလ်အကြောင်း ရင်းတို့သည် တိုက်တွန်းအပ်သောကြောင့် ဂေါတမမြတ်စွာဘုရား၏ ညီတော်ဖြစ်လတ္တံ့။

၃၀။ ရာဂဖြင့် တပ်နှစ်သက်သည်ဖြစ်၍ ချမ်းသာစွာ နေလေ့ရှိသော ကာမဂုဏ်တို့၌ တပ်နှစ်သက်မှုနှင့် ယှဉ်ပြီးဖြစ်သောသင်သည် ထိုအခါ ဂေါတမမြတ်စွာဘုရားက တိုက်တွန်း နှိုးဆော်အပ်သည် ဖြစ်သောကြောင့် ရဟန်းပြုလတ္တံ့။

http://www.dhammadownload.com



၃၁။ သင်သည် ထိုဂေါတမမြတ်စွာဘုရား သာသနာတော်၌ ရဟန်းပြုပြီးလျှင် ကုသိုလ်အကြောင်းရင်းသည် တိုက်တွန်းနှိုးဆော်အပ်သောကြောင့် ခပ်သိမ်းသောအာသဝ တရားတို့ကို ပိုင်းခြားသိပြီး၍ အာသဝကင်းကွာ ကိလေသာမရှိပဲ ငြိမ်းအေးလတ္တံ့ ။

၃၂-၃၃။ ခုနစ်ထောင်သော ကမ္ဘာထက်၌ စေဋ္ဌအမည်ရှိသော လေးကြိမ်သော စကြာမင်းတို့သည်လည်းကောင်း ခြောက်သောင်းသော ကမ္ဘာသက်၌ ဥပစေဋ္ဌအမည် ရှိသော လေးကြိမ်သော စကြာမင်းတို့သည်လည်းကောင်း ငါးထောင်သော ကမ္ဘာထက်၌ လေးကျွန် လုံးကို အစိုးရသည်ဖြစ်၍ ရတနာခုနစ်ပါးနှင့် ပြည့်စုံသော စေဋ္ဌအမည်ရှိသော လေးကြိမ်သော စကြာမင်းတို့သည်လည်းကောင်း ဖြစ်ဘူးကုန်ပြီ။

၃၄။ လေးပါးသော ပဋိသမ္ဘိဒါတို့ကိုရင်း ရှစ်ပါးသော ဝိမောက္ခတို့ကိုရင်း ခြောက်ပါးသော အဘိညာဉ်တို့ကိုရင်း မျက်မှောက်ပြုအပ်ပါကုန်ပြီ၊ မြတ်စွာဘုရား၏ အဆုံးအမ တော်ကို လိုက်နာကျင့်သုံးပြီးပါပြီ။

ဤသို့လျှင် အသျှင်နန္ဒမထေရ်သည် ဤဂါထာတို့ကို မိန့်ဆိုတော်မူ၏။

သုံးခုမြောက် နန္ဒတ္ထေရအပဒါန် ပြီး၏။

---

## ၄-စူဠပန္ထကတ္ထေရအပဒါန်

၃၅။ အဝေးမှ ဆောင်ယူပူဇော်အပ်သော အလှူဝတ္ထုတို့ကို ခံတော်မူထိုက်သော ထိုပဒုမုတ္တရမြတ်စွာဘုရားသည် ထိုအခါ၌ ရဟန်းအပေါင်းမှ ရှောင်လွှဲဖဲခွါတော်မူလျက် ဟိမဝန္တာတောင်၌ နေတော်မူ၏။

၃၆။ ထိုအခါ (ရသေ့ဖြစ်သော)ငါသည်လည်း ဟိမဝန္တာတောင် သခ်မ်းကျောင်း၌ နေ၏၊ ကြွလာတော်မူ၍ မကြာသေးမီဖြစ်သော ကြီးသောလုံ့လရှိတော်မူသော မြတ်စွာ ဘုရားသို့ ငါသည် ချဉ်းကပ်၏။

၃၇။ ငါသည် ကြာမျိုးစုံဖြင့် ဖုံးလွှမ်းအပ်သော ပန်းထီးကို ယူ၍ လူတို့ထက် မြတ်သော မြတ်စွာဘုရားသို့ ချဉ်းကပ်၏၊ ရှုပါဝစရစျာန်ကို ဝင်စားတော်မူသော မြတ်စွာ ဘုရား၏ ထိုင်နေမှုအန္တရာယ်ကို ပြု၏။

၃၈။ ငါသည် ကြာမျိုးစုံဖြင့် ဖုံးလွှမ်းအပ်သော ပန်းထီးကို လက်နှစ်ဖက်တို့ဖြင့် မြှောက်ချီလျက် မြတ်စွာဘုရားအား ပေးလှူ၏၊ ဘုန်းတော်ကြီးတော်မူသော ပဒုမုတ္တရ မြတ်စွာဘုရားသည် အလှူခံတော်မူ၏။

၃၉။ ခပ်သိမ်းသောနတ်တို့သည် ဝမ်းမြောက်ကြကုန်လျက် ဟိမဝန္တာတောသို့ ကပ် ရောက်ကြကုန်၏၊ စက္ခုငါးပါးနှင့် ပြည့်စုံတော်မူသော မြတ်စွာဘုရားသည် တရားအနု မောဒနာ ပြုလတ္တံ့ဟု (နှလုံးပိုက်လျက) ကောင်းချီးပေးသော အခြင်းအရာကို ဖြစ်စေ ကုန်၏။

http://www.dhammadownload.com



၄၀။ ထိုနတ်တို့သည် ဤစကားကို ပြောဆိုပြီးလျှင် မြတ်စွာဘုရားသို့ ချဉ်းကပ်ကုန်၏၊ ငါသည် ကောင်းကင်၌ မြတ်သော ပဒုမာကြာထီးကို ဆောင်းမိုးလျက်နေစဉ်—

၄၁။ ရသေ့သည် ပွင့်ချပ်တရာ ပဒုမာကြာထီးကို ယူ၍ ငါဘုရားအား ပေးလှူ၏၊ ငါသည် ထိုရသေ့ကို ဗျာဒိတ်စကား ဟောကြားပေအံ့၊ ငါဟောကြားမည့် ဗျာဒိတ်စကားကို နာကြကုန်လော့—

၄၂။ နှစ်ဆယ့်ငါးကြိမ်သော အာယုကပ်တိုင်တိုင် နတ်မင်းအဖြစ်ကို ပြုရလတ္တံ့၊ (ခံစားလတ္တံ့၊) သုံးဆယ့်လေးကြိမ်တိုင်အောင်လည်း စကြဝတေးမင်း ဖြစ်ရလတ္တံ့။

၄၃။ ကျင်လည်ရတိုင်းသော နတ်အဖြစ် လူအဖြစ်ဟူသမျှတို့၌ ပဒုမာကြာပန်းသည် ဟင်းလင်းအပြင် လွင်တီးခေါင်၌ တည်လျက် ထိုသူကို ဆောင်းမိုးထားလတ္တံ့။

၄၄။ ကမ္ဘာတသိန်းထက်၌ ဩက္ကာကမင်းမျိုးဖြစ်သော အမည်အားဖြင့် ဂေါတမ မည်သော မြတ်စွာဘုရားသည် လောက၌ ပွင့်လတ္တံ့။

၄၅။ မြတ်စွာဘုရားစကားဘော်ဟူသော သာသနာတော်သည် ထင်ရှားလတ်သော် လူအဖြစ်ကို ရလတ္တံ့၊ ထိုသူသည် စိတ်ကြောင့်ဖြစ်သောကိုယ်ကို ဖန်ဆင်းမှု၌ အမြတ်ဆုံး ဖြစ်လတ္တံ့။

၄၆။ နှစ်ယောက်လုံးသည်လည်း ပန္ထကအမည်ရှိသော ညီနောင်နှစ်ဦး ဖြစ်ကြလတ္တံ့၊ မြတ်သောအရဟတ္တဖိုလ်အကျိုးကို ခံစားကုန်လျက် သာသနာတော်ကို တောက်ပစေကုန်လတ္တံ့ (ဟု ဟောကြားတော်မူ၏)။

၄၇။ ငါသည် တဆယ့်ရှစ်နှစ်သာ ရှိသေးလျက် အိမ်၏ စီးပွါးမဲ့ဖြစ်သော သာသနာတော်၌ ရဟန်းပြု၏၊ ငါသည် သာကီဝင်မင်းသား မြတ်စွာဘုရား၏ သာသနာတော်၌ တရားထူးကို မရနိုင်ပေ။

၄၈။ ရှေးကဿပမြတ်စွာဘုရား သာသနာတော်၌ ဉာဏ်လေးသောသူကို ပြောင်လှောင်ရွှတ်ချခဲ့ဘူးသောကြောင့် ငါ၏ ပင်ကိုဉာဏ်သည် နုန့်နှေးထိုင်းမှိုင်း၏၊ မိမိအိမ်သို့ ယခုပင် သွားလော့ဟု ငါ့ကို နောင်တော် (မဟာပန်)ကလည်း နှင်ထုတ်၏။

၄၉။ ထိုငါသည် နှင်ထုတ်အပ်သည်ဖြစ်လျက် သံဃအရံ၏ တံခါးမုခ်ဖြစ်သော ထို အရပ်၌ ရဟန်းအဖြစ်ကို ငဲ့ကွက်ကာ နှလုံးမသာယာပဲ ရပ်တည်ခဲ့၏။

၅၀။ မြတ်စွာဘုရားသည် ထိုအရပ်သို့ကြွရောက်လာပြီး ငါ၏ ဦးခေါင်းကို သုံးသပ်တော်မူ၍ လက်မောင်းကို ဆွဲကိုင်လျက် ငါ့ကို သံဃအရံသို့ သွင်းတော်မူ၏။

၅၁-၅၂။ မြတ်စွာဘုရားသည် ငါ့အား အစဉ်သနားတော်မူသည်ဖြစ်၍ (ရဇော ဟရဏံ-ရဇော ဟရဏံ)ဟု ဤသို့ ရွတ်ဆိုနှလုံးသွင်းလော့ဟု (မိန့်တော်မူ၍) ဖြူစင်သော ခြေသုတ်ပုဆိုးကို ပေးတော်မူ၏၊ ငါသည် သင့်တင့်သောအရပ်၌ တည်လျက် လက်တို့ဖြင့် ထိုပုဆိုးကိုကိုင်၍ (နောင်တော်သင်အပ်သော) ပဒုမံ ယထာ ကောကနဒံ သုဂန္ဓံ-စသော ဂါထာကို အောက်မေ့မိ၏၊ ထိုသို့အောက်မေ့ရာ၌ ငါ၏စိတ်သည် ကိလေသာမှ လွတ်၍ အရဟတ္တဖိုလ်သို့ ရောက်၏။

http://www.dhammadownload.com



၅၃။ အလုံးစုံစျာန်စိတ်ဖြင့် ပြီးစေအပ်ကုန်သော ကိုယ်ကို ဖန်ဆင်းခြင်းတို့၌ အထွတ်အထိပ်သို့ ရောက်၍၊ ခပ်သိမ်းသော အာသဝတို့ကို ပိုင်းခြားသိလျက် အာသဝကင်းကွာ ကိလေသာမရှိပဲ နေရ၏။

၅၄။ လေးပါးသော ပဋိသမ္ဘိဒါတို့ကိုရင်း ရှစ်ပါးသော ဤဝိမောက္ခတို့ကိုရင်း ခြောက်ပါးသော အဘိညာဉ်တို့ကိုရင်း မျက်မှောက်ပြုအပ်ပါကုန်ပြီ၊ မြတ်စွာဘုရား၏ အဆုံးအမတော်ကို လိုက်နာကျင့်သုံးပြီးပါပြီ။

ဤသို့လျှင် အသျှင်စူဠုပန်မထေရ်သည် ဤဂါထာတို့ကို မိန့်ဆိုတော်မူ၏။

လေးခုမြောက် စူဠပန္ထကတ္ထေရအပဒါန် ပြီး၏။

---

## ၅-ပိလိန္ဒဝစ္ဆတ္ထေရအပဒါန်

၅၅။ အမြတ်ဆုံးပုဂ္ဂိုလ်ဖြစ်သော သုမေဓာမြတ်စွာဘုရားသည် ပရိနိဗ္ဗာန် ဝင်စံသည်ရှိသော် ငါသည် ကြည်လင်ဝမ်းမြောက်သော စိတ်ရှိသည်ဖြစ်၍ စေတီတော်အား ပူဇော်ခြင်းကို ပြုခဲ့၏။

၅၆။ ပရိနိဗ္ဗာန်ဝင်စံရာ ထိုအရပ်၌ အဘိညာဉ်ခြောက်ပါးနှင့် ပြည့်စုံလျက် ကြီးသော တန်ခိုးရှိကုန်သော ရဟန္တာပုဂ္ဂိုလ်ဟူသမျှတို့ကို ငါသည် ပူဇော်ရာဌာနသို့ ပင့်ဆောင်၍ သံဃာတော်အား ဆွမ်းလှူခြင်း (သံဃဘတ်)ကို ပြုခဲ့၏။

၅၇။ ထိုအခါ၌ သုမေဓာမြတ်စွာဘုရား၏ အလုပ်အကျွေးသည် ရှိခဲ့၏၊ အမည်အားဖြင့် သုမေဓာဟု ထင်ရှားသော ထိုမထေရ်သည် ထိုဆွမ်းအလှူပွဲ၌ ဆွမ်းအနုမောဒနာ ပြုတော်မူ၏။

၅၈။ ငါသည် ထိုဆွမ်းလှူရသော စိတ်ကြည်လင်မှုကြောင့် နတ်ဗိမာန်၌ ဖြစ်ရ၏၊ ရှစ်သောင်းခြောက်ထောင်ကုန်သော နတ်သမီးတို့သည် ငါ့အား ဖျော်ဖြေ မွေ့လျော်စေကုန်၏။

၅၉။ ထိုနတ်သမီးတို့သည် ကာမစည်းစိမ်တို့ဖြင့် အခါခပ်သိမ်း ငါ့အလိုအတိုင်း ဖြစ်စေကုန်၏၊ ငါသည် အခြားတပါးသော နတ်တို့ကိုလည်း (အသက် အဆင်းစသော စံချိန်အားဖြင့်) လွှမ်းမိုးရ၏၊ ဤသို့ဖြစ်ရခြင်းသည် ဆည်းပူးခဲ့သော ကောင်းမှုကံ၏ အကျိုးပေတည်း။

၆၀။ နှစ်ဆယ့်ငါးကမ္ဘာထက်၌ ဝရုဏမည်သော မင်းဖြစ်ခဲ့၏၊ ထိုအခါ ငါသည် စကြဝတေးမင်းဖြစ်၍ အထူးသဖြင့် စင်ကြယ်သော ဘောဇဉ်ရှိသူ ဖြစ်ခဲ့၏။

၆၁။ ထိုတိုင်းသူပြည်သားတို့သည် မျိုးစေ့ကို မစိုက်ပျိုးရကုန်၊ ထွန်တုံးတို့ကိုလည်း (ထွန်ယက်အံ့သောငှါ လယ်ယာသို့) မဆောင်ရကုန်၊ မထွန်မယက် အလိုလို ကျက်သော သလေးကို လူတို့သုံးဆောင်ရကုန်၏။

http://www.dhammadownload.com



၆၂။ ထိုတိုင်းပြည်၌ မင်းအဖြစ်ကို ပြုပြီး၍ ငါသည် နတ်ပြည်သို့ တဖန်ရောက်ရ ပြန်၏၊ ထိုဘဝ၌လည်း ငါ့အား အလားတူ စည်းစိမ်ဥစ္စာ ပြည့်စုံလုံလောက်ခြင်းသည် ဖြစ်၏။

၆၃။ မိတ်ဆွေဟုတ်သူ မဟုတ်သူ လူအားလုံးတို့သည် ငါ့ကို မညှဉ်းဆဲကုန်၊ အလုံးစုံ သောသူတို့သည်လည်း ငါ့အား ချစ်မြတ်နိုးအပ်၏၊ ဤသို့ဖြစ်ရခြင်းသည် ကောင်းမှုကံ၏ အကျိုးပေတည်း။

၆၄။ ကမ္ဘာသုံးသောင်းထက်၌ အမွှေးနံ့သော လျှုဒါန်းခဲ့သည့် အချိန်ကစ၍ ငါသည် အပါယ်လေးပါး လားရသည်ကို မသိစဘူးပေ၊ ဤသို့ဖြစ်ရခြင်းသည် နံ့သာလိမ်းကျံ လျှုဒါန်းရခြင်း၏ အကျိုးပေတည်း။

၆၅။ ငါသည် ဤဘဒ္ဒကမ္ဘာ၌ လူတို့ကို အစိုးရသည်ဖြစ်၍ တန်ခိုးအာနုဘော်ကြီးမား များမြတ်သည့် အင်အားရှိသော စကြဝတေးမင်းသည် တကြိမ် ဖြစ်ခဲ့ဘူး၏။

၆၆။ ထိုငါသည် လူများအပေါင်းကို ငါးပါးသီလတို့၌ တည်စေ၍ နတ်ပြည်သို့သာ လားရောက်စေခဲ့သောကြောင့် နတ်တို့ချစ်မြတ်နိုးအပ်သူ ဖြစ်၏။

၆၇။ လေးပါးသော ပဋိသမ္ဘိဒါတို့ကိုရင်း ရှစ်ပါးသော ဤဝိမောက္ခတို့ကိုရင်း ခြောက် ပါးသော အဘိညာဉ်တို့ကိုရင်း မျက်မှောက်ပြုအပ်ပါကုန်ပြီ၊ မြတ်စွာဘုရား၏ အဆုံး အမတော်ကို လိုက်နာကျင့်သုံးပြီးပါပြီ။

ဤသို့လျှင် အသျှင်ပိလိန္ဒဝစ္ဆမထေရ်သည် ဤဂါထာတို့ကို မိန့်ဆိုတော်မူ၏။

ငါးခုမြောက် ပိလိန္ဒဝစ္ဆတ္ထေရအပဒါန် ပြီး၏။

---

## ၆-ရာဟုလတ္ထေရအပဒါန်

၆၈။ လောကထက် မြတ်သည်ဖြစ်၍ တာဒိဂုဏ်နှင့် ပြည့်စုံတော်မူသော ပဒုမုတ္တရ မြတ်စွာဘုရား၏ ဘုံခုနစ်ဆင့်ရှိသော ကျောင်းပြာသာဒ်၌ ငါသည် ကြေးမုံကို ခင်းလျှု ပူဇော်ခဲ့၏။

၆၉။ အခြေနှစ်ချောင်းရှိသူတို့ကို အစိုးရသည်ဖြစ်၍ လူတို့ထက် ထူးကဲတော်မူသော မြတ်စွာဘုရားသည် ရဟန္တာတသိန်းတို့ဖြင့် ထက်ဝန်းကျင်မှ ရောပြွမ်းလျက် ဂန္ဓကုဋိသို့ ချဉ်းကပ်တော်မူ၏။

၇၀။ လူတို့ထက် မြင့်မြတ်၍ နတ်ထက်နတ်ဖြစ်တော်မူသော မြတ်စွာဘုရားသည် ဂန္ဓကုဋိကို ထွန်းလင်းတော်မူစေကာ ရဟန်းသံဃာ (အလယ်)၌ တည်လျက် ဤဆိုမည့် ဂါထာတို့ကို မိန့်တော်မူ၏—

၇၁။ အကြင်ဥပါသကာယောကျ်ားသည် ဤပြာသာဒ်ကျောင်းကို ထွန်းလင်းစေအပ် ၏၊ ကြေးမုံကိုလည်း ကောင်းစွာ ခင်းကျင်းအပ်၏၊ ထိုဥပါသကာယောကျ်ားကို ငါဘုရား သည် ဗျာဒိတ်စကား ဟောကြားပေအံ့၊ ဟောကြားမည့်စကားကို နာကြကုန်လော့—

http://www.dhammadownload.com



၇၂။ ရွှေငွေဖြင့် ပြီးသည်လည်း ဖြစ်ကုန်သော ကြောင်မျက်ရွဲဖြင့် ပြီးသည်လည်း ဖြစ်ကုန်သော နှစ်သက်ဖွယ်ရာဖြစ်ကုန်သော ပြာသာဒ်အလုံးစုံတို့သည် ကောင်းကင်၌ ဖြစ်ကုန်လတ္တံ့။

၇၃။ ခြောက်ဆယ့်လေးကြိမ် သိကြားမင်း (ဖြစ်၍) နတ်မင်း၏အဖြစ်ကို ပြုရလတ္တံ့၊ အကြိမ်တထောင် ဘဝမခြားပဲ စကြဝတေးမင်း ဖြစ်ရလတ္တံ့။

၇၄။ နှစ်ဆယ့်တကမ္ဘာထက်၌ ကျွန်းကြီးလေးကျွန်းအပိုင်းအခြားရှိသည်ဖြစ်၍ ရန်သူကို အောင်ပြီးသော ဝိမလမည်သော စကြဝတေးမင်း ဖြစ်ရလတ္တံ့။

၇၅။ အုတ်တို့ဖြင့် ကောင်းစွာဖန်ဆင်းအပ်သော ရေဏုဝတီမည်သော မင်းနေပြည်သည် အလျားသုံးယူဇနာရှိ၍ လေးထောင့်နှင့် ယှဉ်၏။

၇၆။ မြတ်သောစုလစ်မွန်ချွန်နှင့်ပြည့်စုံ၍ ရတနာခုနစ်ပါးတို့ဖြင့် တန်ဆာဆင်အပ်သော သုဒဿနမည်သောပြာသာဒ်ကို ဝိသကြုံနတ်သားသည် ဖန်ဆင်းအပ်၏။

၇၇။ ထိုရေဏုဝတီပြည်ကြီးသည် အသံဆယ်မျိုးတို့ဖြင့် မဆိတ်သုဉ်းပဲ ပညာသည်တို့ဖြင့်လည်း ရောပြွမ်းသည်ဖြစ်၍ နတ်တို့၏နေရာ တာဝတိံသာနတ်ပြည်ကဲ့သို့ဖြစ်လတ္တံ့။

၇၈။ နေလုလင်သည် ထွန်းလင်းတက်ကြွလာသည်ရှိသော် ထက်ဝန်းကျင်မှ တောက်ပသကဲ့သို့ အလျှံထွက်သော ထိုသုဒဿနပြာသာဒ်၏ အရောင်သည် ထက်ဝန်းကျင် ရှစ်ယူဇနာတိုင်အောင် ထိုရေဏုဝတီပြည်ကို အမြဲထွန်းလင်းစေလတ္တံ့။

၇၉။ ကမ္ဘာတသိန်းထက်၌ ဩက္ကာကမင်းမျိုး၌ဖြစ်သော အမည်အားဖြင့် ဂေါတမ မည်သော မြတ်စွာဘုရားသည် လောက၌ ပွင့်လတ္တံ့။

၈၀။ ထိုသူသည် တုသိတာနတ်ပြည်မှစုတေခဲ့၍ ဖြူစင်သော ကုသိုလ်အကြောင်းရင်းသည် တိုက်တွန်းအပ်သောကြောင့် ဂေါတမမြတ်စွာဘုရား၏ ရင်သွေးအစစ် သားတော်ချစ် ဖြစ်လတ္တံ့။

၈၁။ ထိုသူသည် အိမ်၌ အကယ်၍နေငြားအံ့၊ စကြဝတေးမင်းဖြစ်ရာ၏၊ ထိုသို့ သဘောရှိသောသူသည် အိမ်၌ မွေ့လျော်ခြင်းကိုရရန် အကြောင်းအခွင့်မရှိပေ။

၈၂။ ကောင်းသောအကျင့်ရှိသော ထိုသားတော်သည် လူ့ဘောင်မှထွက်၍ ရဟန်းပြုလတ္တံ့၊ အမည်အားဖြင့် ရာဟုလာဟူသော အမည်ရှိသော ရဟန္တာဖြစ်လတ္တံ့။

၈၃။ မြတ်စွာဘုရား ယစ်မသည် အဥကို စောင့်သကဲ့သို့ငှင်း စာမရီမည်သော သားကောင်သည် အမြီးကို စောင့်ရှောက်သကဲ့သို့ငှင်း ရင့်ကျက်သောပညာရှိသော သီလနှင့်ပြည့်စုံသော တပည့်တော်သည်လည်း ဤအတူပင် (သီလကို) စောင့်ရှောက်ပါသည်ဘုရား။

၈၄။ ငါသည် ထိုမြတ်စွာဘုရား၏တရားတော်ကိုသိ၍ သာသနာတော်၌ မွေ့လျော်လျက်နေ၏၊ အလုံးစုံသော အာသဝတရားတို့ကို ပိုင်းခြားသိ၍ အာသဝကင်းကွာ ကိလေသာမရှိပဲ နေရ၏။

http://www.dhammadownload.com



၄၅။ လေးပါးသော ပဋိသမ္ဘိဒါတို့ကိုရင်း ရှစ်ပါးသော ဤဝိမောက္ခတို့ကိုရင်း ခြောက်ပါးသော အဘိညာဉ်တို့ကိုရင်း မျက်မှောက်ပြုအပ်ပါကုန်ပြီ၊ မြတ်စွာဘုရား၏ အဆုံးအမတော်ကို လိုက်နာကျင့်သုံးပြီးပါပြီ။

ဤသို့လျှင် ရာဟုလာမထေရ်သည် ဤဂါထာတို့ကို မိန့်ဆိုတော်မူ၏။

ခြောက်ခုမြောက် ရာဟုလတ္ထေရအပဒါန် ပြီး၏။

## ၇-ဥပသေနဝင်္ဂန္တပုတ္တတ္ထေရအပဒါန်

၈၆။ လူတို့ထက်မြတ်၍ ဘုန်းတော်ကြီးသော ပဒုမုတ္တရမြတ်စွာဘုရားသို့ တောင်ဝှမ်း၌နေတော်မူစဉ် တပည့်တော် ချဉ်းကပ်ခဲ့ပါ၏။

၈၇။ ထိုအခါ ငါသည် မဟာလေ့ခါးပန်းကိုမြင်၍ အညာတို့ကို ဖြတ်တောက်ပြီးလျှင် ထီး၌ တန်ဆာဆင်လျက် မြတ်စွာဘုရားအား ရွှေးချူတင်ထား(လှူဒါန်း)ခဲ့ပါ၏။

၈၈။ မွန်မြတ်သောအစာ မွန်မြတ်သောဘောဇဉ်ဖြစ်သော ဆွမ်းကိုလည်း ပေးလှူခဲ့၏၊ ထိုတောင်ဝှမ်း၌ မြတ်စွာဘုရားနှင့် ကိုးယောက်မြောက်သော ရဟန်းရှစ်ပါးတို့ကို ဆွမ်းလုပ်ကျွေးခဲ့၏။

၈၉-၉၀။ ကြီးသောလုံ့လရှိသော အလိုလိုဖြစ်တော်မူသော မြတ်သော ပုဂ္ဂိုလ်ဖြစ်သော မြတ်စွာဘုရားသည် အနုမောဒနာပြုတော်မူ၏၊ ဤထီးအလှူဖြင့်ရင်း မြတ်သော ဆွမ်းအလှူဖြင့်ရင်း ထိုလှူဒါန်းသော ကြည်လင်မှုကြောင့် စည်းစိမ်ကို ခံစားရလတ္တံ့၊ သုံးဆယ့်ခြောက်ကြိမ် သိကြားမင်းဖြစ်၍ နတ်မင်းအဖြစ်ကို ပြုရလတ္တံ့။

၉၁။ နှစ်ဆယ့်တကြိမ် စကြဝတေးမင်းဖြစ်လတ္တံ့၊ ပြန့်ပြောသော ပဒေသရာဇ်မင်း၏ အဖြစ်သည်ဟား ဂဏန်းအားဖြင့် မရေတွက်နိုင်။

၉၂။ ကမ္ဘာတသိန်းထက်၌ ဩက္ကာကမင်းမျိုး၌ဖြစ်သော အနွယ်အားဖြင့် ဂေါတမအမည်ရှိတော်မူသော မြတ်စွာဘုရားသည် လောက၌ ပွင့်တော်မူလတ္တံ့။

၉၃။ သာသနာတော် ထွန်းလင်းသည်ရှိသော် လူအဖြစ်သို့ရောက်လတ္တံ့၊ ထိုမြတ်စွာဘုရား၏တရားဘော်တို့၌ တရားအမွေခံ ရင်သွေးဖြစ်၍ တရားတော်က ဖန်ဆင်းအပ်သူဖြစ်လတ္တံ့။

၉၄။ ဥပသေနဟူသောအမည်ဖြင့် မြတ်စွာဘုရား၏ တပည့်သာဝကဖြစ်လတ္တံ့၊ ထက်ဝန်းကျင် ကြည်ညိုဖွယ်ရှိသည်၏အဖြစ်ကြောင့် အမြတ်ဆုံးရာထူး (ဧတဒဂ်အရာ)၌ ထားတော်မူလတ္တံ့။

၉၅။ ငါ့အား အဆုံးဘဝဖြစ်၏၊ အလုံးစုံသောဘဝတို့ကို အကြွင်းမဲ့ နုတ်ပယ်အပ်ကုန်ပြီ၊ စစ်သည်နှင့်တကွသော မာရ်ကို အောင်၍ အဆုံးဖြစ်သော (ခန္ဓာ)ကိုယ်ကို ဆောင်၏။

http://www.dhammadownload.com



၉၆။ လေးပါးသော ပဋိသမ္ဘိဒါတို့ကိုရင်း ရှစ်ပါးသော ဤဝိမောက္ခတို့ကိုရင်း ခြောက်ပါးသော အဘိညာဉ်တို့ကိုရင်း မျက်မှောက်ပြုအပ်ပါကုန်ပြီ၊ မြတ်စွာဘုရား၏ အဆုံးအမတော်ကို လိုက်နာကျင့်သုံးပြီးပါပြီ။

ဤသို့လျှင် ဝဂ် န္တပုဏ္ဏားအ၏သားဖြစ်သော အသျှင်ဥပသေန မထေရ်သည် ဤဂါထာတို့ကို မိန့်ဆိုတော်မူ၏။

ခုနစ်ခုမြောက် ဥပသေနဝင်္ဂန္တပုတ္တတ္ထေရအပဒါန် ပြီး၏။

တတိယဘာဏဝါရ ပြီး၏။

---

## ၈-ရဋ္ဌပါလတ္ထေရအပဒါန်

၉၇-၉၈။ လောကထက်ကြီးမြတ်၍ တာဒိဂုဏ်နှင့် ပြည့်စုံတော်မူသော ပဒုမုတ္တရ မြတ်စွာဘုရားအား ငါသည် လှည်းသန်သဖွယ် အစွယ်ရှိသော မင်းစီးယာဉ်ဖြစ်သော ထီးဖြူဖြင့် တင့်တယ်သော ကကြိုးတန်ဆာ ဆင်ထိန်းနှင့်တကွသော ဆင်ပြောင်ကြီးကို ပေးလှူအပ်၏၊ ထိုအလုံးစုံကို·တန်ဘိုးဖြတ်စေ၍ သံဃာအရံကို ဆောက်လုပ်စေခဲ့၏။

၉၉။ ငါသည် ငါးသောင်းလေးထောင်ကုန်သော ပြာသာဒ်ဆောင်တို့ကို ဆောက်လုပ်စေခဲ့၏၊ ရေယဉ်ကြီးသဖွယ် ကြီးကျယ်သောလှူဒါန်းခြင်းကို ပြုလုပ်၍ ပဒုမုတ္တရ မြတ်စွာဘုရားအား ဆောက်နှင်း လှူဒါန်းခဲ့၏။

၁၀၀။ ကြီးသောလုံ့လရှိတော်မူသော အလိုလိုသိတော်မူသော မြတ်သောပုဂ္ဂိုလ်ဖြစ်တော်မူသော မြတ်စွာဘုရားသည် ကျောင်းအနုမောဒနာပြုတော်မူ၏၊ လူအားလုံးတို့ကို ရွှင်ပျစေလျက် အမြိုက်နိဗ္ဗာန်ကို ဟောကြားတော်မူ၏။

၁၀၁။ ပဒုမုတ္တရမြတ်စွာဘုရားသည် ထိုအလှူအကျိုးကို ငါ့အား ဗျာဒိတ်စကား မိန့်ကြားတော်မူ၏၊ ရဟန်းသံဃာ(အလယ်)၌ ထိုင်တော်မူလျက် ဤဆိုမည့်ဂါထာတို့ကို ဟောတော်မူ၏—

၁၀၂။ ဤသူသည် ငါးသောင်းလေးထောင်သော ပြာသာဒ်ဆောင်တို့ကို ဆောက်လုပ်စေခဲ့၏၊ (ထိုအလှူ၏)အကျိုးကို ဟောပေအံ့၊ ဟောကြားမည့် ဗျာဒိတ်စကားကို နာကြကုန်လော့—

၁၀၃။ တသောင်းရှစ်ထောင်ကုန်သော စုလစ်မွန်ချွန်တပ်သော အဆောင်တို့သည် ဖြစ်ကုန်လတ္တံ့၊ မြတ်သောဗိမာန်၌ဖြစ်ကုန်သော ထိုအသုံးအဆောင်တို့သည်လည်း အလုံးစုံရွှေဖြင့် ပြီးကုန်လတ္တံ့။

၁၀၄။ နတ်တို့ကို အစိုးရသည်ဖြစ်၍ အကြိမ်ငါးဆယ် သိကြားမင်းအဖြစ်ကို ပြုရလတ္တံ့၊ ငါးဆယ့်ရှစ်ကြိမ်တိုင်အောင်လည်း စကြဝတေးမင်းဖြစ်လတ္တံ့။

၁၀၅။ ကမ္ဘာတသိန်းထက်၌ ဩက္ကာကမင်းမျိုး၌ဖြစ်သော အမည်အားဖြင့် ဂေါတမ မည်သော မြတ်စွာဘုရားသည် လောက၌ ပွင့်လတ္တံ့။

http://www.dhammadownload.com



၁၀၆။ ထိုအခါ နတ်ပြည်မှစုတေ၍ မြို့စင်သောကုသိုလ်အကြောင်းရင်းသည် တိုက်တွန်းအပ်သောကြောင့် များသောစည်းစိမ်ဥစ္စာရှိသော ကြွယ်ဝသောအမျိုး၌ ဖြစ်ရလတ္တံ့။

၁၀၇။ ထိုသူသည် နောက်၌ ရဟန်းပြု၍ မြို့စင်သောကုသိုလ်အကြောင်းရင်းသည် တိုက်တွန်းအပ်သောကြောင့် ရဋ္ဌပါလဟူသောအမည်ဖြင့် မြတ်စွာဘုရား၏ တပည့်သာဝက ဖြစ်လတ္တံ့။

၁၀၈။ ထိုသူသည် ကမ္မဋ္ဌာန်းစီးဖြန်းခြင်း လုံ့လဖြင့် နိဗ္ဗာန်သို့စေလွှတ်သောစိတ်ရှိသည် ဖြစ်၍ ကိလေသာငြိမ်းအေးလျက် ကင်းသောဥပဓိရှိသူဖြစ်လျက် ခပ်သိမ်းသောအာသဝ တရားတို့ကို ပိုင်းခြားသိပြီးလျှင် အာသဝကင်း၍ ကိလေသာမရှိပဲ ငြိမ်းအေးလတ္တံ့။

၁၀၉။ (ခုနစ်ရက်ပတ်လုံး မြေပြင်အိပ်ရာမှ)ထ၍ လူ့ဘောင်မှ ထွက်မြောက်လျက် စည်းစိမ်ဥစ္စာပြည့်စုံ[ခြင်း]တို့ကို စွန့်အပ်ကုန်၏၊ ငါ့အား တံထွေးခေါက်ကဲ့သို့ စည်းစိမ်ဥစ္စာ၌ တွယ်တာစုံမက်ခြင်းသည် မရှိ။

၁၁၀။ ယောဂ၏ကုန်ရာ နိဗ္ဗာန်သို့ဆောင်တတ်သော ငါ၏လုံ့လသည် ဝန်ဆောင်နွားလားသဖွယ်ဖြစ်၏၊ ငါသည် မြတ်စွာဘုရား သာသနာတော်၌ အဆုံးစွန်သောကိုယ်ကို ဆောင်၏။

၁၁၁။ လေးပါးသောပဋိသမ္ဘိဒါတို့ကိုလည်း ရှစ်ပါးသော ဝိမောက္ခတို့ကိုလည်း ခြောက်ပါးသော အဘိညာဉ်တို့ကိုလည်း မျက်မှောက်ပြုအပ်ပါကုန်ပြီ၊ မြတ်စွာဘုရား၏ အဆုံးအမတော်ကို လိုက်နာကျင့်သုံးပြီးပါပြီ။

ဤသို့လျှင် အသျှင်ရဋ္ဌပါလမထေရ်သည် ဤဂါထာတို့ကို မိန့်ဆိုတော်မူ၏။

ရှစ်ခုမြောက် ရဋ္ဌပါလတ္ထေရအပဒါန် ပြီး၏။

## ၉-သောပါကတ္ထေရအပဒါန်

၁၁၂။ တောကြီး(အတွင်းဖြစ်သော) မြတ်သောတောင်၌ တောင်ဝှမ်းလိုဏ်ဂူကို သုတ်သင်ရှင်းလင်းနေစဉ် သိဒ္ဓတ္ထမည်သော မြတ်စွာဘုရားသည် ငါ၏အထံသို့ ကြွလာတော်မူ၏။

၁၁၃။ ကြွရောက်တော်မူသော မြတ်စွာဘုရားကိုမြင်၍ လောကထက်ကြီးမြတ်သော တာဒိဂုဏ်နှင့် ပြည့်စုံတော်မူသော မြတ်စွာဘုရားအား သစ်ရွက်အခင်း ဖြန့်ခင်းပြီးလျှင် ငါသည် ပန်းနေရာကို ပေးလှူခဲ့၏။

၁၁၄။ ပန်းနေရာ၌ ထိုင်တော်မူလျက် သိဒ္ဓတ္ထမည်သော မြတ်စွာဘုရားသည် ငါ၏ သွားလာရာဂတိကို သိတော်မူ၍ မမြဲသည်၏အဖြစ် အနိစ္စသညာကို ထုတ်ဖော်မြွက်ဆိုတော်မူ၏။

http://www.dhammadownload.com



၁၁၅။ ပြုပြင်စီရင်အပ်သော 'သင်္ခါရ'တရားတို့သည် မမြဲကုန်စွတကား၊ ဖြစ်ခြင်း ပျက်ခြင်းသဘောရှိကုန်၏၊ ဖြစ်ကုန်ပြီး၍ ချုပ်ပျက်ကုန်၏၊ ထိုပြုပြင်စီရင်အပ်သော 'သင်္ခါရ'တရားတို့၏ ငြိမ်းရာဖြစ်သောနိဗ္ဗာန်သည် ချမ်းသာ၏။

၁၁၆။ ဤတရားတော်ကို ဟောတော်မူပြီးလျှင် လောကထက်ကြီး၍ လူတို့ထက် မြတ်တော်မူသော လှံ့လကြီးသူ သဗ္ဗညုမြတ်စွာဘုရားသည် ကောင်းကင်၌ ဟင်္သာမင်း ပျံတက်သကဲ့သို့ ကောင်းကင်၌ ပျံကြွတော်မူ၏။

၁၁၇။ ငါသည် မိမိအယူကို စွန့်၍ အမြဲမရှိဟူသော အမှတ်သညာကို ပွါးများ၏၊ ငါသည် တရက်မျှပွါးများပြီး၍ ထိုအရပ်၌ပင် သေလွန်ရ၏။

၁၁၈။ နှစ်ပါးသောစည်းစိမ်ကို ခံစားပြီး၍ ဖြူစင်သောကုသိုလ်အကြောင်းရင်းသည် တိုက်တွန်းအပ်သောကြောင့် အဆုံးဘဝသို့ ရောက်လတ်သော် ဒွန်းစဏ္ဍားမျိုးသို့ ရောက်ရလေ၏။

၁၁၉။ လူ့ဘောင်မှထွက်၍ လူ၏စီးပွါးမဲ့ဖြစ်သော ရဟန်းဘောင်၌ ရဟန်းပြု၏၊ ငါသည် ဖွားသည်မှ ခုနစ်နှစ်သာရှိသေးသည်ဖြစ်လျက် အရဟတ္တဖိုလ်သို့ ရောက်ရ၏။

၁၂၀။ အားထုတ်မှု'ဝီရိယ'ရှိသည်ဖြစ်၍ နိဗ္ဗာန်သို့စေလွှတ်ထားသည့် စိတ်ရှိသော သီလတို့၌ ကောင်းစွာဆောက်တည်အပ်သော ငါသည် မြတ်စွာဘုရားကို နှစ်သိမ့်စေ၍ ရဟန်းအဖြစ်ကို ရ၏။

၁၂၁။ ဤဘဒ္ဒကမ္ဘာမှ ကိုးဆယ့်လေးကမ္ဘာထက်ဝယ် အပါယ်လေးပါး လားရသည်ကို မသိစဘူးပေ၊ ဤသို့ဖြစ်ရခြင်းသည် ပန်းလှူရခြင်း၏ အကျိုးပေတည်း။

၁၂၂။ ဤဘဒ္ဒကမ္ဘာမှ ကိုးဆယ့်လေးကမ္ဘာထက်ဝယ် အကြင်အနိစ္စသညာကို ပွါးများခဲ့၏၊ထိုအနိစ္စသညာကို ပွါးများသောငါ့အား အာသဝတရားတို့၏ကုန်ရာ (အရဟတ္တဖိုလ်) သို့ ရောက်ရ၏။

၁၂၃။ လေးပါးသော ပဋိသမ္ဘိဒါတို့ကိုရင်း ရှစ်ပါးသောဝိမောက္ခတို့ကိုရင်း ခြောက်ပါးသော အဘိညာဉ်တို့ကိုရင်း မျက်မှောက်ပြုအပ်ပါကုန်ပြီ၊ မြတ်စွာဘုရား၏ အဆုံးအမတော်ကို လိုက်နာကျင့်သုံးပြီးပါပြီ။

ဤသို့လျှင် အသျှင်သောပါကမထေရ်သည် ဤဂါထာတို့ကို မိန့်ဆိုတော်မူ၏။

ကိုးခုမြောက် သောပါကတ္ထေရအပဒါန် ပြီး၏။

---

## ၁၀-သုမင်္ဂလတ္ထေရအပဒါန်

၁၂၄။ ယင်ကြီးအလှူကြီးကို ပူဇော်လိုသောငါသည် ယဇ်စာဘောဇဉ်ကို စီရင်ပြီးလျှင် စင်ကြယ်သောရဟန်းတို့ကို မြှော်ငံ့လျက် ကျယ်ဝန်းသော တန်ဆောင်းဝန်း၌ ရပ်တည်၏။

http://www.dhammadownload.com



၁၂၅-၆-၇။ ထိုအခါ များသောအခြံအရံရှိသည်ဖြစ်၍ တလောကလုံးကို နိဗ္ဗာန်သို့ ပို့ဆောင်ကာ အလိုလိုသာဖြစ်သည့် အမြတ်ဆုံးပုဂ္ဂိုလ်ဖြစ်တော်မူသော ဘုန်းတော်ကြီးသည်ဖြစ်၍ ရောင်ခြည်တော်ခြောက်ပါးရှိသော တပည့်တို့ဖြင့်ခြံရံလျက် တောက်ပသော နေမင်းကြီးကဲ့သို့ ခရီးလမ်းမ၌(ရွှေတောင်မားမား ရွှေရွှေတွားသို့) ကြွသွားတော်မူသော ပိယဒဿီမြတ်စွာဘုရားကို ဖူးမြင်ရပေ၏၊ ဖူးမြင်ရသော် လက်အုပ်ချီပြီးလျှင် မိမိစိတ်ကို ကြည်လင်စေ၏၊ မြတ်စွာဘုရားသည် ကြွလာတော်မူပါဟု စိတ်ဖြင့်သာလျှင် ပင့်ဘိတ်၏။

၁၂၈။ လောက၌ အတုမဲ့ဖြစ်တော်မူသော ဘုရားသည် ငါ၏စိတ်အကြံအစည်ကို သိတော်မူ၍ ရဟန္တာတထောင်တို့နှင့်တကွ ငါ၏အိမ်တံခါးသို့ ချဉ်းကပ်တော်မူလာ၏။

၁၂၉။ ယောကျ်ားမြတ်အာဇာနည်ဖြစ်တော်မူသော မြတ်စွာဘုရား အရှင်ဘုရားအား ရှိခိုးပါ၏၊ ယောကျ်ားမြတ်ဖြစ်တော်မူသော မြတ်စွာဘုရား အရှင်ဘုရားအား ရှိခိုးပါ၏၊ ပြာသာဒ်ထက်သို့တက်တော်မူ၍ မြတ်သောနေရာ၌ ထိုင်တော်မူပါလော့၊ (ဤသို့ စိတ်ဖြင့်သာလျှင် ပင့်ဖိတ်၏)။

၁၃၀။ ကိုယ်တော်တိုင် ယဉ်ကျေးတော်မူသည်ဖြစ်၍ ယဉ်ကျေးသော ရဟန္တာ ပရိသတ်တို့ဖြင့် ခြံရံအပ်သော ကိုယ်တော်တိုင် ကူးမြောက်တော် မူပြီးသည်ဖြစ်၍ ကူးမြောက်ပြီးသောသူတို့ထက် မြတ်တော်မူသော ဘုရားသည် ပြာသာဒ်ထက်သို့ တက်တော်မူ၍ မြတ်သောနေရာ၌ ထိုင်နေတော်မူ၏။

၁၃၁။ မိမိအိမ်၌ ရှေးရှုတည်ရှိသော အစာအာဟာရကို ငါသည် ကြည်ညိုလှသည်ဖြစ်၍ မိမိလက်တို့ဖြင့် မြတ်စွာဘုရားအား ပေးလှူခဲ့၏။

၁၃၂။ ငါသည် ကြည်လင်ဝမ်းမြောက်သောစိတ် ရှိသည်ဖြစ်သော နှစ်သက်ခြင်းရှိသည်ဖြစ်၍ လက်အုပ်ချီလျက် ဘုရားမြတ်ကို ရှိခိုး၏၊ မြတ်စွာဘုရား၏ မြင့်မြတ်သည်၏ အဖြစ်သည် အံ့ဖွယ်ရှိစွတကား။

၁၃၃။ အိမ်သို့ ချဉ်းကပ်၍ ဆွမ်းစားကုန်သော ရှစ်ယောက်သော အရိယာပုဂ္ဂိုလ်တို့တွင် ရဟန္တာပုဂ္ဂိုလ်တို့က များပြားကုန်၏၊ ဤအာနုဘော်သည် အရှင်ဘုရား၏ အာနုဘော်သာလျှင်ဖြစ်ပါ၏၊ အကျွန်ုပ်သည် အရှင်ဘုရားကို ကိုးကွယ်ရာဟူ၍ ဆည်းကပ်ပါ၏။

၁၃၄။ လောကထက်ကြီး၍ လူတို့ထက်မြတ်တော်မူသော ပိယဒဿီမြတ်စွာဘုရားသည် ရဟန်းသံဃာ(အလယ်)၌ ထိုင်တော်မူလျက် ဤဆိုမည့်ဂါထာတို့ကို မိန့်တော်မူ၏--

၁၃၅။ အကြင်သူသည် ဖြောင့်မတ်သည်ဖြစ်၍ တည်ကြည်သော သံဃာကိုလည်းကောင်း သစ္စာလေးပါးကိုသိသော မြတ်စွာဘုရားကိုလည်းကောင်း ဆွမ်းလုပ်ကျွေး၏၊ (ထိုသူကို ဗျာဒိတ်စကား ဟောကြားပေအံ့၊)ဟောကြားမည့် ငါ၏ဗျာဒိတ်စကားကို နာကြကုန်လော့—

၁၃၆။ ထိုသူသည် နှစ်ဆယ့်ခုနစ်ကြိမ် နတ်မင်းအဖြစ်ကို ပြုရလတ္တံ့၊ ထိုသူသည် မိမိကုသိုလ်ကောင်းမှုကို အားထုတ်ပြီးသည်ဖြစ်၍ နတ်ပြည်၌ မွေ့လျော်ရလတ္တံ့။

http://www.dhammadownload.com



၁၃၇။ ထိုသူသည် တဆယ့်ရှစ်ကြိမ် စကြဝတေးမင်းဖြစ်ရ၏ ၃၄ ၊ အကြိမ်ငါးရာ တိုင်တိုင် ကေရာဇ်မင်းဖြစ်၍ မြေအပြင်ကို စိုးအုပ်ရလတ္တံ့ ။

၁၃၈။ ကျွားတို့၏မှီခိုရာဖြစ်၍ အသံကျစ်ကျစ်မြည်တတ်သော တောသို့သက်ဝင်၍ ကမ္မဋ္ဌာန်းကို အားထုတ်ပြီးလျှင် ငါသည် ကိလေသာတို့ကို ရှို့မြှိုက်လောင်ကျွမ်းစေ အပ်ကုန်ပြီ။

၁၃၉။ တထောင့်ရှစ်ရာသော ဝရကပ်ဝယ် ဆွမ်းလှူခဲ့သည့် ဘဝမှစ၍ ငါသည် အပါယ်လေးပါး လားရသည်ကို မသိစဘူးပေ၊ ဤသို့ဖြစ်ရခြင်းသည် ဆွမ်းလှူရခြင်း၏ အကျိုးပေတည်း။

၁၄၀။ လေးပါးသော ပဋိသမ္ဘိဒါတို့ကိုရင်း ရှစ်ပါးသော ဤဝိမောက္ခတို့ကိုရင်း ခြောက်ပါးသော အဘိညာဉ်တို့ကိုရင်း မျက်မှောက်ပြုအပ်ပါကုန်ပြီ၊ မြတ်စွာဘုရား၏ အဆုံးအမ တော်ကို လိုက်နာကျင့်သုံးပြီးပါပြီ။

ဤသို့လျှင် အသျှင်သုမင်္ဂလမထေရ်သည် ဤဂါထာတို့ကို မိန့်ဆိုတော်မူ၏။

ဆယ်ခုမြောက် သုမင်္ဂလတ္ထေရအပဒါန် ပြီး၏။

နှစ်ခုမြောက် သီဟာသနိယဝဂ် ပြီး၏။

http://www.dhammadownload.com

# ၃-သုဘူတိဝဂ်

## ၁-သုဘူတိတ္ထေရအပဒါန်

၁။ ဟိမဝန္တာတောင်အနီး ဖြစ်သော အရပ်၌ နိသဘမည်သော တောင်ရှိ၏၊ (ထိုတောင်၌) ငါသည် သခ်မ်းကျောင်းကို ကောင်းစွာပြုအပ်၏၊ သစ်ရွက်မိုးကျောင်းကို ကောင်းစွာဖန်ဆင်းအပ်၏။

၂။ အမည်အားဖြင့် ကောသိယဟု ထင်ရှားသော လွန်ကဲသောအကျင့်ရှိသော ရသေ့ဖြစ်သော ငါသည် ထိုအခါ၌ နိသဘမည်သောတောင်၌ အဖော်မမှီး တယောက်တည်း ဖြစ်၍နေ၏။

၃။ ထိုအခါ ငါသည် အသီး အမြစ် အရွက်ကို (ဆွတ်ချွေတူးဆွ ဆူးယူ၍) မစား၊ ငါသည် ထိုအခါ၌ အလိုလိုဖြစ်သော ကောင်းစွာကြွေကျသော သစ်သီးကိုသာလျှင် မှီ၍ အသက်မွေး၏။

၄။ ငါသည် အစာမမျှ အသက်ကိုပင် စွန့်ရသော်လည်း အာဇီဝပါရိသုဒ္ဓိသီလကို မဖျက်ဆီး၊ မိမိစိတ်ကို နှစ်သက်အားရစေ၏၊ မရှာမှီးအပ်သည်ကို ကြဉ်ရှောင်၏။

၅။ အကြင်အခါ ရာဂနှင့်စပ်ယှဉ်သောစိတ်သည် ငါ့အား ဖြစ်၏၊ ထိုအခါ ကိုယ်တိုင်သာလျှင်(ဉာဏ်ဖြင့်) ဆင်ခြင်၏၊ ငါသည် ဘည်ကြည်သောစိတ် ရှိသည်ဖြစ်၍ ထိုရာဂနှင့်စပ်ယှဉ်သောစိတ်ကို ဆုံးမ၏။

၆။ တပ်နှစ်သက်ဖွယ် ဖြစ်သော အာရုံ၌ တပ်နှစ်သက် ငြားအံ့၊ အမျက်ထွက်ဖွယ်ဖြစ်သောအာရုံ၌ အမျက်ထွက်ငြားအံ့၊ တွေဝေဖွယ်ဖြစ်သောအာရုံ၌ တွေဝေငြားအံ့၊ သင်သည်· တောမှ ထွက်သွားလော့။

၇။ ဤတောအရပ်သည် စင်ကြယ်ကုန်သော အညစ်အကြေး ကင်းကုန်သော ရသေ့ရဟန်းတို့၏ နေရာဖြစ်၏၊စင်ကြယ်သူကို မဖျက်ဆီးစေလင့်၊ သင်သည် တောမှ ထွက်သွားလော့။

၈။ သင်သည် အကြင်အခါ၌ အိမ်ရာတည်ထောင်သူ လူဖြစ်၍ သားသမီးကို ရလတ္တံ့၊ ထိုအခါ၌ သင်သည် နှစ်ပါးသောအကျိုးတို့ကို မလွဲချော်စေလင့်၊ သင်သည် တောမှ ထွက်သွားလော့။

၉။ ယုတ်ညံ့သော မီးစဖြစ်သော ထင်းကလားတုံးသည် တစုံတခုသောအရာ၌ ကိစ္စကို မပြီးစေနိုင်သကဲ့သို့ ရွာ၌ရင်း တော၌ရင်း ကိစ္စကို မပြီးစေနိုင်၊ ထိုစကား မှန်၏၊ ထိုထင်းကလားတုံးကို ထင်းဟူ၍ မသမုတ်အပ်။

၁၀။ သင်သည် ထင်းကုလားတုံးနှင့် အလားတူ၏၊ လူလည်း မမည်၊ ကိုယ်နှုတ်စောင့်စည်းသော ရဟန်းလည်းမဟုတ်၊ သင်သည် နှစ်ပါးစုံမှ လွတ်သည်ဖြစ်၍ ယခုပင် တောမှ ထွက်သွားလော့။

http://www.dhammadownload.com



၁၁။ သင်၏ ဤကောင်းမှုကံကို အဘယ်သူသည် သိနိုင်အံ့နည်း၊ ပျင်းရိခြင်းများ သော်လည်း ငါ၏ သဒ္ဓါတရားသည် ဝန်ကို ရွက်ဆောင်၏ ဟူသော အကြံအစည်သည် သင့်အား ဖြစ်အံ့သည်သာတည်း။

၁၂။ မြို့ကြီးသူသည် မစင်ကို စက်ဆုပ်သကဲ့သို့ ထိုအတူ ပညာရှိတို့သည် သင့်ကို စက်ဆုပ်ကုန်လတ္တံ့၊ ရသေ့တို့သည် သင့်ကို ဆဲ့ငင်၍ အခါခပ်သိမ်း အပြစ်တင်ကုန်လတ္တံ့။

၁၃။ ပညာရှိတို့သည် အဆုံးအမကို ကျော်နင်းကျူးလွန်သောသင့်ကို စွပ်စွဲပြောဆိုကုန် လတ္တံ့၊ သင်သည် ရသေ့ကောင်းတို့နှင့် ပေါင်းဖော်ခြင်းကို မရသည်ရှိသော် အသို့လျှင် အသက်မွေးနိုင်အံ့နည်း။

၁၄။ ဆင်ပြောင်ကြီးသည် အရပ်သုံးပါးမှ ယိုစီးကျသော အမုန်ရှိသော ကြီးသော ကိုယ်အင်္ဂါရှိသော တောင်ထိပ်၌ မွေ့လျော်သော အနှစ်ခြောက်ဆယ်၌ အားဆုတ်ယုတ် သောဆင်ကို ဆင်အုပ်မှကပ်၍ နှင်ထုတ်၏။

၁၅-၁၆။ ဆင်အုပ်မှ လွတ်ထွက်သောဆင်သည် သဘာဝဖွယ် ချမ်းသာကို မရ၊ ဆင်းရဲ ခြင်းသို့ရောက်၍ နှလုံးမသာယာဖြစ်ရ၏၊ ကြံမိုင်လျက် တုန်လှုပ်ရသကဲ့သို့ ထိုအတူ သာလျှင် ရသေ့တို့သည် ပညာမဲ့သောသင့်ကိုလည်း နှင်ထုတ်ကုန်လတ္တံ့၊ သင်သည် ထို ရသေ့တို့က နှင်ထုတ်အပ်သည်ဖြစ်၍ သဘာဝဖွယ် ချမ်းသာကို မရလတ္တံ့။

၁၇။ နေ့အခါ၌ရင်း ညဉ့်အခါ၌ရင်း သောကဘည်းဟူသော ငြောင့်စူး ဝင်အပ်သည် ဖြစ်၍ ပူပန်ခြင်းဖြင့် လောင်မြိုက်ရလတ္တံ့၊ ဥပမာအားဖြင့် ဆင်အုပ်မှ နှင်ထုတ်ခံရသော ဆင်ကဲ့သို့တည်း။

၁၈။ ကောက်ကျစ် စဉ်းလဲသောရွှေသည် တစုံတခုသော ပြုဖွယ်၌ မထွန်းပ မပြီးနိုင် သကဲ့သို့ ထိုအတူ သီလမှယုတ်သော သင်သည် တစုံတခုပြုဖွယ်ကိစ္စ၌ မတောက်ပလတ္တံ့။

၁၉။ သင်သည် အိမ်၌ နေသော်လည်း အသို့လျှင် အသက်မွေးနိုင်အံ့နည်း၊ သိုမှီး ထားအပ်သော မိဖက် ဖဖက်မှလာသော ဥစ္စာသည် သင့်အား မရှိချေ။

၂၀။ ကိုယ်တိုင် လယ်လုပ် ကုန်သွယ် ရောင်းဝယ်မှုကိုပြု၍ ကိုယ်၌ ချွေးကို ယိုစီးစေ လျက်သာလျှင် အိမ်၌ ဤသို့ အသက်မွေးမှုကို မနှစ်သက်အပ်။

၂၁။ ငါသည် ထိုတော၌ ညစ်ညူးပူပန်ခြင်းသို့ရောက်သောစိတ်ကို ဤသို့ တားမြစ်၏၊ အထူးထူးသော တရားစကားကို နှလုံးသွင်းလျက် မကောင်းမှုမှ စိတ်ကို တားမြစ်၏။

၂၂။ ငါသည် မမေ့မလျော့ပဲ ဤသို့နေစဉ် ငါ့အား အနှစ်သုံးသောင်းတို့သည် တောအတွင်း၌ လွန်ကုန်၏။

၂၃။ မြတ်သောအကျိုးကို ရှာမှီးလျက် မမေ့မလျော့ခြင်း၌ မွေ့လျော်သော ငါ့ကို မြင်၍ ပဒုမုတ္တရမြတ်စွာဘုရားသည် ငါ၏အထံသို့ ကြွလာတော်မူ၏။

၂၄။ ရွှေတည်သီးမှည့်အဆင်းနှင့်တူသော အဆင်းရှိတော်မူသော မနှိုင်းယှဉ်နိုင်သည် ဖြစ်၍ နှိုင်းယှဉ်စရာ ဥပမာမရှိသော အဆင်းသဏ္ဌာန်အားဖြင့် အတုမရှိသော မြတ်စွာ ဘုရားသည် ထိုအခါ ကောင်းကင်၌ စကြံ့ကြွတော်မူ၏။

http://www.dhammadownload.com



၂၅။ ကောင်းစွာပွင့်သော အင်ကြင်းပင်မင်းကဲ့သို့ရင်း တခဲနက်သော တိမ်တိုက်ကြား၌ လျှပ်စစ်ကဲ့သို့ရင်း ဇဝနဉာဏ်တော်ဖြင့် အတုမရှိသော မြတ်စွာဘုရားသည် ထိုအခါ ကောင်းကင်၌ စင်္ကြံကြွတော်မူ၏။

၂၆။ မကြောက်မရွံ့သော ခြင်္သေ့မင်းကဲ့သို့ရင်း ယဉ်ကျေးသော ဆင်မင်းကဲ့သို့ရင်း တင့်တယ်စမွယ်သော ကျားမင်းကဲ့သို့ရင်း (မြတ်စွာဘုရားသည်) ထိုအခါ ကောင်းကင်၌ စင်္ကြံကြွတော်မူ၏။

၂၇။ သိင်္ဂီနိက်ရွှေစင်အဆင်းနှင့်တူသော ကိုယ်အဆင်းရှိတော်မူသော ရှားမီးကျီးနှင့် တူတော်မူသော ဇောတိရသမနောမြနှင့်တူသော မြတ်စွာဘုရားသည် ထိုအခါ ကောင်းကင်၌ စင်္ကြံကြွတော်မူ၏။

၂၈။ စင်ကြယ်သော ကေလာသငွေတောင်နှင့်တူသော လပြည့်နေ့၌ လကဲ့သို့သော မွန်းတည့်အခါ နေကဲ့သို့သော မြတ်စွာဘုရားသည် ထိုအခါ ကောင်းကင်၌ စင်္ကြံကြွတော်မူ၏။

၂၉။ ကောင်းကင်၌ စင်္ကြံကြွတော်မူသော ထိုမြတ်စွာဘုရားကို ဖူးမြင်ရသော ကြောင့် ထိုအခါ ငါသည် ဤပုဂ္ဂိုလ်သည် နတ်လေလော၊ သို့မဟုတ် လူလေလောဟု ဤသို့ ကြံစည်မိ၏။

၃၀။ မြေအပြင်၌ ဤသို့သဘောရှိသောပုဂ္ဂိုလ်ကို ငါသည် ကြားလည်း မကြားစဘူး၊ မြင်လည်း မမြင်စဘူး၊ စင်စစ် ဗေဒင်မန္တရားပုဒ်သည် ရှိ၏၊ ဤသူသည် မြတ်စွာဘုရား ဖြစ်လတ္တံ့။

၃၁။ ငါသည် ဤသို့ကြံပြီး၍ မိမိစိတ်ကို ကြည်လင်စေ၏၊ ထိုအခါ ငါသည် အထူးထူးသောပန်းကိုလည်းကောင်း အထူးထူးသောနံ့သာကိုလည်းကောင်း တပေါင်းတည်း စုရုံး၏၊ (စုရုံးပြီးလျှင်)--

၃၂။ ကောင်းစွာ ဆန်းကြယ် နှလုံးမွေ့လျော်ဖွယ်ဖြစ်သော ပန်းနေရာကို ခင်း၍ ဆုံးမဘတ်သူ လူတို့ထက်မြတ်သော မြတ်စွာဘုရားအား ဤစကားကို လျှောက်၏—

၃၃။ ကြီးသောလုံ့လရှိတော်မူသော မြတ်စွာဘုရား အရှင်ဘုရားအား လျှောက်ပတ်သော ဤပန်းနေရာကို အကျွန်ုပ်ခင်းထားပါ၏၊ ကျွန်ုပ်၏စိတ်ကို ရွှင်လန်းစေလျက် ပန်းနေရာ၌ ထိုင်နေတော်မူပါလော့။

၃၄။ ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည် ကြောက်ရွံ့ခြင်းကင်းသော ခြင်္သေ့မင်းကဲ့သို့ ထိုမြတ်သောပန်းနေရာ၌ ခုနစ်ရက်သော နေ့ညဉ့်တို့ပတ်လုံး ထိုင်နေတော်မူ၏။

၃၅။ ငါသည် ခုနစ်ရက်သောနေ့ညဉ့်တို့ပတ်လုံး ရှိခိုးလျက်တည်နေ၏၊ နိရောဓသမာပတ်မှ ထတော်မူ၍ လောက၌ အတုမဲ့ဖြစ်တော်မူသော မြတ်စွာဘုရားသည် ငါ၏ ကောင်းမှုကံကို မြွက်ကြားတော်မူလျက် ဤစကားကို မိန့်တော်မူ၏—

၃၆။ ဘာဝနာတို့တွင် အတုမရှိသော ဗုဒ္ဓါနုဿတိ ဘာဝနာကို ပွါးများလော့၊ ဤဗုဒ္ဓါနုဿတိကို ပွါးများ၍ နှလုံး၏အလိုပြည့်ရလတ္တံ့။

http://www.dhammadownload.com



၃၇။ ကမ္ဘာသုံးသောင်းတို့ပတ်လုံး နတ်ပြည်၌ မွေ့လျော်ရလတ္တံ့၊ အကြိမ်ရှစ်ဆယ် နတ်တို့ကို အစိုးရသည်ဖြစ်၍ သိကြားမင်းအဖြစ်ကို ပြုရလတ္တံ့၊ တိုင်းနိုင်ငံ၌ အကြိမ် တထောင်တိုင်တိုင် စကြဝတေးမင်း ဖြစ်ရလတ္တံ့။

၃၈။ ပြန့်ပြောသော ပဒေသရာဇ်မင်းအဖြစ်သည် အရေအတွက်အားဖြင့် မရေတွက် နိုင်၊ ထိုအလုံးစုံသောစည်းစိမ်ကို ခံစားရလတ္တံ့၊ ဤသို့ဖြစ်ရခြင်းသည် ဗုဒ္ဓါနုဿတိကို ပွါးများရခြင်း၏ အကျိုးပေတည်း။

၃၉။ ဘဝကြီးငယ်၌ ကျင်လည်ရသည်ရှိသော် များမြတ်သော စည်းစိမ်ဥစ္စာကို ရလတ္တံ့၊ သင့်အား စည်းစိမ်ဥစ္စာ၌ ယုတ်လျော့သည်၏အဖြစ်သည် မရှိ၊ ဤသို့ ဖြစ်ရ ခြင်းသည် ဗုဒ္ဓါနုဿတိကို ပွါးများရခြင်း၏ အကျိုးပေတည်း။

၄၀။ ကမ္ဘာတသိန်းထက်၌ ဩက္ကာကမင်းမျိုး၌ဖြစ်သော အနွယ်အားဖြင့် ဂေါတမ မည်သော မြတ်စွာဘုရားသည် လောက၌ ပွင့်လတ္တံ့။

၄၁။ ကုဋေရှစ်ဆယ်သော ဥစ္စာကိုလည်းကောင်း များစွာသော ကျေးကျွန်လုပ်သား တို့ကိုလည်းကောင်း စွန့်၍ ဂေါတမမြတ်စွာဘုရား သာသနာတော်၌ ရဟန်းပြုရလတ္တံ့။

၄၂။ သာကီဝင်မင်းတို့၏ ရွှေသွားဖြစ်သော ဂေါတမမြတ်စွာဘုရားကို အားရနှစ်သိမ့် စေ၍ သုဘူတိဟူသောအမည်ဖြင့် မြတ်စွာဘုရား၏ တပည့်သာဝကဖြစ်လတ္တံ့။

၄၃။ (ဂေါတမမြတ်စွာဘုရားသည်) ရဟန်းသံဃာ(အလယ်၌)ထိုင်တော်မူ၍ သင့်ကို ဒက္ခိဏေယျဂုဏ်၌လည်းကောင်း ကိလေသာကင်း၍ နေခြင်း 'အရဏဝိဟာရ' ၌လည်း ကောင်း နှစ်ပါးသောအရာတို့၌ ဧတဒဂ်အရာထားလတ္တံ့။

၄၄။ တက်ကြွရဲရင့်တော်မူသော ပဒုမုတ္တရမြတ်စွာဘုရားသည် ဤစကားကို မိန့် တော်မူပြီး၍ ကောင်းကင်၌ ဟသ်ာမင်းပျံတက်သကဲ့သို့ ကောင်းကင်သို့ ပျံတက်ကြွသွား တော်မူ၏။

၄၅။ မြတ်စွာဘုရားသည် ဆုံးမအပ်သည်ရှိသော် မြတ်စွာဘုရားကို ရှိခိုးပြီးလျှင် ဝမ်းမြောက်ဝမ်းသာ မြတ်သောဗုဒ္ဓါနုဿတိကို အခါခပ်သိမ်း ပွါးများ၏။

၄၆။ ကောင်းစွာ ပြုအပ်သော ထိုကုသိုလ်ကံကြောင့်၎င်း ကုသိုလ် စေတနာ ဆုတောင်းခြင်းတို့ကြောင့်၎င်း လူ၌ဖြစ်သော ကိုယ်ကို စွန့်၍ ငါသည် တာဝတိံသာ နတ်ပြည်သို့ ရောက်ရ၏။

၄၇။ ငါသည် နတ်တို့ကို အစိုးရသည်ဖြစ်၍ အကြိမ်ရှစ်ဆယ် သိကြားမင်းအဖြစ်ကို ပြုခဲ့ပြီ၊ (တိုင်းနိုင်ငံ၌)စကြဝတေးမင်းသည်လည်း အကြိမ်တထောင်ဖြစ်ရ၏။

၄၈။ ပြန့်ပြောသော ပဒေသရာဇ်မင်းအဖြစ်သည် ဂဏန်းအားဖြင့် မရေတွက်နိုင်၊ မွန်မြတ်သောစည်းစိမ်ကို ခံစားရ၏၊ ဤသို့ဖြစ်ရခြင်းသည် ဗုဒ္ဓါနုဿတိကို ပွါးများရ ခြင်း၏ အကျိုးပေတည်း။

http://www.dhammadownload.com



၄၉။ ငါသည် ဘဝကြီးငယ်၌ ကျင်လည်ရသည်ရှိသော် မြတ်သော စည်းစိမ်ချမ်းသာကို ရ၏၊ ငါ့အား စည်းစိမ်ဥစ္စာ၌ ယုတ်လျော့သည်၏အဖြစ်သည် မရှိ၊ ဤသို့ဖြစ်ရခြင်းသည် ဗုဒ္ဓါနုဿတိကို ပွါးများရခြင်း၏ အကျိုးပေတည်း။

၅၀။ ဤဘဒ္ဒကမ္ဘာမှ ကမ္ဘာသိန်းထက်ဝယ် ဗုဒ္ဓါနုဿတိပွါးများမှုကို ပြုခဲ့ရသော အခါမှစ၍ အပါယ်လေးပါး လားရသည်ကို မသိစဘူးပေ၊ ဤသို့ဖြစ်ရခြင်းသည် ဗုဒ္ဓါနုဿတိကို ပွါးများရခြင်း၏ အကျိုးပေတည်း။

၅၁။ လေးပါးသော ပဋိသမ္ဘိဒါတို့ကိုင်း ရှစ်ပါးသော ဤဝိမောက္ခတို့ကိုင်း ခြောက်ပါးသော အဘိညာဉ်တို့ကိုင်း မျက်မှောက်ပြုအပ်ပါကုန်ပြီ၊ မြတ်စွာဘုရား၏ အဆုံးအမတော်ကို လိုက်နာကျင့်သုံးပြီးပါပြီ။

ဤသို့လျှင် အသျှင်သုဘူတိမထေရ်သည် ဤဂါထာတို့ကို မိန့်ဆိုတော်မူ၏။

ရှေးဦးစွာသော သုဘူတိတ္ထေရအပဒါန် ပြီး၏။

---

## ၂-ဥပဝါနတ္ထေရအပဒါန်

၅၂။ တရားအားလုံးတို့၏ တဖက်ကမ်းသို့ ကူးခပ်တော်မူသော ပဒုမုတ္တရမြတ်စွာဘုရားသည် မီးပုံကြီးကဲ့သို့ တောက်ပလျက် သတ္တဝါတို့ကို အဝိဇ္ဇာတည်းဟူသော အိပ်ပျော်ခြင်းမှ နိုးစေတော်မူ၍ ပရိနိဗ္ဗာန် ဝင်စံတော်မူ၏။

၅၃။ များစွာသောလူတို့သည် အညီအညွတ်လာကုန်၍ မြတ်စွာဘုရားကို ပူဇော်ကြပြီးလျှင် ကောင်းစွာပြုအပ်သော လောင်ဘိုက်ထင်းပုံကို ပြု၍ အလောင်းတော်ကို ပင့်ဆောင်ချီတင်ကုန်၏။

၅၄။ အလောင်းတော် သင်္ဂြိုဟ်ခြင်းကိစ္စကို ပြု၍ ထိုသင်္ဂြိုဟ်ရာအရပ်၌ ဓာတ်တော်ကို တပေါင်းတည်း ပင့်ဆောင်ကုန်၏၊ နတ်လူတို့နှင့်တကွသော ထိုခပ်သိမ်းသောသူတို့သည် ဘုရားပုထိုးတော်ကို ပြုလုပ်တည်ထားကြကုန်၏။

၅၅။ ပဌမပစ္စယံ (ပဌမအဆင့်)သည် ရွှေဖြင့်ပြီး၍ ဒုတိယပစ္စယံ (ဒုတိယအဆင့်)သည် ပတ္တမြားဖြင့် ပြီး၏၊ တတိယပစ္စယံ (တတိယအဆင့်)သည် ငွေဖြင့် ပြီး၍ စတုတ္ထပစ္စယံ (စတုတ္ထအဆင့်)သည်ကား ဖလ်ဖြင့် ပြီး၏။

၅၆။ ထိုအတူ ပဥ္စမပစ္စယံအဆင့်သည် ပတ္တမြားနီဖြင့် ပြီး၏၊ ဆဋ္ဌပစ္စယံအဆင့်သည် ပတ္တမြားပြောက်၏ အထက်၌ အလုံးစုံရတနာခုနစ်ပါးဖြင့် ပြီး၏။

၅၇။ ပန်းတင်ခုံ ဖရုံတုံး ဘိနပ်တော်သည် ပတ္တမြားဖြင့် ပြီး၏၊ လေးမျက်နှာ ပွတ်ရုံသည် ရတနာခုနစ်ပါးဖြင့် ပြီး၏၊ ပုထိုးတော်ကြီးသည် အလုံးစုံ ရွှေဖြင့်ပြီးသည်ဖြစ်၍ အထက်တယူဇနာတိုင်တိုင် မြင့်၏။

http://www.dhammadownload.com



၅၈။ ထိုအခါ၌ နတ်တို့သည် ထိုစေတီတော်သို့ အညီအညွတ် စုရုံး၍ ငါတို့သည်လည်း တာဒိဂုဏ်နှင့် ပြည့်စုံတော်မူသော လူနတ်တို့၏ ကိုးကွယ်ရာဖြစ်သော မြတ်စွာဘုရား၏ ပုထိုးတော်ကို ပြုကြကုန်အံ့ဟု တပေါင်းတည်း'တိုင်ပင်ကြကုန်၏။

၅၉။ ဓာတ်တော်သည် အသီးအခြား ကွဲပြားခြင်း မရှိ၊ သရီရဓာတ်တော်သည် တစုတခဲတည်းသာဖြစ်၏၊ ဤမြတ်စွာဘုရားစေတီတော်၌ ငါတို့သည် သင်တိုင်းစွပ်စေတီကို ပြုကြကုန်အံ့(ဟု တိုင်ပင်ကြကုန်၏)။

၆၀။ (တိုင်ပင်ကြပြီးသော်) နတ်တို့သည် ရတနာခုနစ်ပါးတို့ဖြင့် ဤမှတပါး အခြားသော ယူဇနာကို ပွါးစေကုန်၏၊ ထိုစေတီတော်သည် နှစ်ယူဇနာ အစောက်မြင့်သည်ဖြစ်၍ အမိုက်မှောင်ကို ပယ်ဖျောက်၏။

၆၁။ ထိုနတ်တို့ တည်ပြီးသောအခါ နဂါးတို့သည် ထိုစေတီတော်တည်ရာအရပ်သို့ အညီအညွတ်လာကုန်၍ တပေါင်းတည်း တိုင်ပင်ကြကုန်၏၊ထိုနတ်တို့သည် ဘုရားပုထိုးကို ပြုကြကုန်၏။

၆၂။ ငါတို့သည် ကုသိုလ်ကောင်းမှု၌ မေ့လျော့ခြင်းတို့သည် မဖြစ်ကြစေကုန်လင့်၊ နတ်နှင့်တကွသော လူတို့သည်ကား မမေ့လျော့ကြကုန်၊ ငါတို့လည်း တာဒိဂုဏ်နှင့် ပြည့်စုံတော်မူသော လူနတ်တို့၏ ကိုးကွယ်ရာဖြစ်သော မြတ်စွာဘုရား၏ စေတီတော်ကို ပြုကြကုန်အံ့(ဟု တိုင်ပင်ကြကုန်၏)။

၆၃။ (တိုင်ပင်ကြပြီးသော်) ဣန္ဒနီလာဟု ဆိုအပ်သော မြတ်သောပတ္တမြားကိုရင်း ထိုမှတပါး ဇောတိရသပတ္တမြားကိုရင်း တပေါင်းတည်း စုရုံးကုန်၍ ဘုရားပုထိုးကို (တယူဇနာပွါးကာ) ဖုံးလွှမ်းကုန်၏။

၆၄။ အလုံးစုံသည် ပတ္တမြားဖြင့်ပြီး၏၊ ဘုရားစေတီတော်သည် ထိုမျှသောက် သုံးယူဇနာတိုင်တိုင် မြင့်၏၊ ထိုအခါ အရောင်အလင်းကို ပြုခြင်းသည် ဖြစ်၏။

၆၅။ ထိုနဂါးတို့ တည်ပြီးသောအခါ၌ ဂဠုန်တို့သည်လည်း အညီအညွတ်လာကုန်၍ တပေါင်းတည်း တိုင်ပင်ကြကုန်၏၊ ထို လူ နတ် နဂါးတို့သည် ဘုရားပုထိုးကို ပြုကြကုန်၏။

၆၆။ ငါတို့သည် မေ့လျော့ခြင်းတို့ကို မဖြစ်ကြစေကုန်လင့်၊ နတ်နှင့် တကွသော လူ နဂါးတို့သည်ကား မမေ့ လျော့ကြကုန်၊ ငါတို့သည်လည်း တာဒိဂုဏ်နှင့် ပြည့်စုံတော်မူသော လူနတ်တို့၏ ကိုးကွယ်ရာဖြစ်သော မြတ်စွာဘုရား၏ စေတီတော်ကို ပြုကြကုန်အံ့။

၆၇။ ထိုဂဠုန်တို့သည်လည်း အလုံးစုံသော ပတ္တမြားဖြင့်ပြီးသော သင်တိုင်းစွပ် ပုထိုးတော်ကို ပြုကြကုန်၏၊ ထိုဂဠုန်တို့သည်လည်း သုံးယူဇနာ ရှည်လျားသော ဘုရားစေတီတော်ကို တယူဇနာတိုင်တိုင် ပွါးစေကုန်၏။

၆၈။ လေးယူဇနာအစောက်မြင့်သော ဘုရားပုထိုးတော်သည် တင့်တယ်တောက်ပ၏၊ တက်သစ်သော နေမင်းကဲ့သို့ အရပ်ခပ်သိမ်းတို့ကို ထွန်းလင်းစေ၏။

http://www.dhammadownload.com



၆၉။ ထိုဂဠုန်တို့ တည်ပြီးသောအခါ၌ ကုမ္ဘဏ်နတ်တို့သည်လည်း အညီအညွတ် လာကြကုန်၍ တပေါင်းတည်း တိုင်ပင်ကြကုန်၏၊ လူ နတ် နဂါး ဂဠုန်တို့သည်ကား မြတ်စွာဘုရား၏ အသီးအသီးသော ပုထိုးတော်မြတ်ကို ပြုကြကုန်၏။

၇၀။ ငါတို့သည် မေ့လျော့ခြင်းတို့သည် မဖြစ်ကြစေကုန်လင့်၊ နတ်နှင့်တကွသော လူ နဂါး ဂဠုန်တို့သည် မမေ့လျော့ကြကုန်၊ ငါတို့သည်လည်း တာဒိဂုဏ်နှင့် ပြည့်စုံတော်မူသော လူ နတ်တို့၏ ကိုးကွယ်ရာဖြစ်သော မြတ်စွာဘုရား၏ ပုထိုးတော်ကို ပြုကြကုန်အံ့၊ လေးယူဇနာရှည်လျားသော ဘုရားစေတီတော်ကို ရတနာတို့ဖြင့် ဖုံးလွှမ်းကုန်အံ့ (ဟု တိုင်ပင်ကြကုန်၏)။

၇၁။ (တိုင်ပင်ကြပြီးသော်) ထိုကုမ္ဘဏ်နတ်တို့သည်လည်း လေးယူဇနာရှည်လျားသော ဘုရားစေတီတော်ကို တယူဇနာ ပွါးစေကုန်၏၊ ထိုအခါ ပုထိုးတော်သည် ငါးယူဇနာအစောက်မြင့်သည်ဖြစ်၍ ထွန်းလင်းတောက်ပ၏။

၇၂-၇၃။ ထိုကုမ္ဘဏ်တို့ တည်ပြီးသောအခါ၌ ဘီလူးတို့သည် ထိုစေတီတော် တည်ရာ အရပ်၌ ညီညွတ်စွာ လာကြကုန်၍ တပေါင်းတည်း တိုင်ပင်ကြကုန်၏၊ လူ နတ် နဂါး ဂဠုန် ကုမ္ဘဏ်တို့သည်ကား မြတ်စွာဘုရား၏ အသီးအသီးသော ပုထိုးတော်မြတ်ကို ပြုကြကုန်၏၊ ငါတို့သည် မေ့လျော့ခြင်းတို့သည် မဖြစ်ကြစေကုန်လင့်၊ နတ်နှင့်တကွသော သူတို့သည် မမေ့လျော့ကြကုန်။

၇၄။ ငါတို့သည်လည်း တာဒိဂုဏ်နှင့် ပြည့်စုံတော်မူသော မြတ်စွာဘုရား၏ ပုထိုးတော်ကို ပြုကြကုန်အံ့၊ လေးယူဇနာ ရှည်လျားသော စေတီတော်ကို ဖလ်ဘို့ဖြင့် ဖုံးလွှမ်းကုန်အံ့(ဟု တိုင်ပင်ကြကုန်၏)။

၇၅။ (တိုင်ပင်ကြပြီးသော်) ထိုဘီလူးတို့သည်လည်း လေးယူဇနာရှည်လျားသော စေတီတော်ကို တယူဇနာပွါး၍ တည်ကုန်၏၊ ထိုအခါ ပုထိုးတော်သည် ခြောက်ယူဇနာ တိုင်တိုင် အစောက်မြင့်သည်ဖြစ်၍ ထွန်းလင်းတောက်ပ၏။

၇၆-၇၇။ ထိုဘီလူးတို့ တည်ပြီးသောအခါ၌ ဂန္ဓဗ္ဗနတ်တို့သည်လည်း အညီအညွတ် လာကြကုန်၍ တပေါင်းတည်း တိုင်ပင်ကြကုန်၏၊ လူ နတ် နဂါး ဂဠုန် ကုမ္ဘဏ် ဘီလူး အလုံးစုံတို့သည် ဘုရားပုထိုးတော်ကို ပြုကြကုန်၏၊ ဤလူအပေါင်းတို့တွင် ငါတို့ဂန္ဓဗ္ဗနတ်တို့သည်ကား မပြုကြရကုန်သေး၊ ငါတို့သည်လည်း တာဒိဂုဏ်နှင့် ပြည့်စုံတော်မူသော လူနတ်တို့၏ ကိုးကွယ်ရာဖြစ်သော မြတ်စွာဘုရား၏ ပုထိုးတော်ကို ပြုကြကုန်အံ့။

၇၈။ ထိုဂန္ဓဗ္ဗနတ်တို့သည် ထီးတော်အခံ ပွတ်တိုင်ရံတို့ကို ဘုံစဉ်နိမ့်မြင့် ခုနစ်ဆင့်ပြု၍ ရတနာထီးကို တင်လှူကုန်၏၊ ထိုအခါ အလုံးစုံ ရွှေဖြင့်ပြီးသော ပုထိုးတော်ကို ဂန္ဓဗ္ဗနတ်တို့သည် ပြုကြကုန်၏။

၇၉။ ထိုအခါ ပုထိုးတော်သည် ခုနစ်ယူဇနာအစောက်မြင့်လျက် ထွန်းလင်းတောက်ပ၏၊ ညဥ့်နှင့်နေ့တို့သည်လည်း ခြားနားခြင်း မရှိကုန်၊ အလင်းရောင်သည် အခါခပ်သိမ်း ဖြစ်၏။

http://www.dhammadownload.com



၈၀။ ကြယ်တာရာနှင့်တကွသော လရောင် နေရောင်တို့သည် ထိုပုထိုးတော်၏ အရောင်တို့ကိုလွှမ်း၍ မသွားနိုင်ကုန်၊ ထက်ဝန်းကျင် ယူဇနာတရာအတွင်း၌ ဆီမီးသည်လည်း မထွန်းလင်းနိုင်။

၈၁။ ထိုအခါ၌ ခပ်သိမ်းသောလူတို့သည် ပုထိုးတော်ကို ပူဇော်ကုန်၏၊ ယင်းလူတို့သည် စေတီတော်သို့ မတက်ရောက်နိုင်ကုန်သည်ဖြစ်၍ ကောင်းကင်၌ပင် လွှင့်မြှောက်တင်ကုန်၏။

၈၂။ နတ်တို့က အစောင့်ထားအပ်သော အဘိသမ္မတမည်သော နတ်စစ်မှူးသည် တံခွန်ကိုလည်းကောင်း ပန်းဆိုင်းကိုလည်းကောင်း ပုထိုးတော်အထက်သို့ တင်ဆောင်၏။

၈၃။ ထိုလူတို့သည် ထိုနတ်စစ်မှူးကို မမြင်ရကုန်၊ လကျ်ာလှည့်၍ သွားသော ပန်းဆိုင်းကိုသာ မြင်ရကုန်၏၊ သွားဆဲဖြစ်သော လျှူဖွယ်ဝတ္ထုကို ဤသို့မြင်ရသောကြောင့် ခပ်သိမ်းသောသူတို့သည် နတ်ပြည်သို့ လားရကုန်၏။

၈၄။ သာသနာတော်၌ ဆန့်ကျင်ကုန်သော (မိစ္ဆာအယူရှိသော) သူတို့သည်၎င်း သာသနာတော်၌ ကြည်ညိုကုန်သော (သမ္မာအယူရှိသော) သူတို့သည်၎င်း တန်ခိုးပြာဋိဟာကို ဖူးမြော်လိုကုန်သည်ဖြစ်၍ ပုထိုးတော်ကို ပူဇော်ကြကုန်၏။

၈၅။ ထိုအခါ ငါသည် ဟံသာဝတီမည်သောမြို့၌ သူခစားအမှုလုပ်ဖြစ်၏၊ ထိုအခါ ငါသည် ဝမ်းမြောက်ဝမ်းသာ ဖြစ်နေသော လူအပေါင်းကိုမြင်၍ ဤသို့ ကြံစည်မိ၏။

၈၆။ အကြင်မြတ်စွာဘုရား၏ ဓာတ်တော်အိမ်၌ တန်ခိုးပြာဋိဟာသည် ဤသို့သဘော ရှိ၏၊ ဤမြတ်စွာဘုရားသည် စင်စစ်အားဖြင့် မြတ်၏၊ ဤလူအများတို့သည်လည်း နှစ်သက်ကုန်သည်ဖြစ်၍ ကောင်းမှုကို ပြုကုန်လျက် မရောင့်ရဲနိုင်ကုန်။

၈၇။ ငါသည်လည်း တာဒိဂုဏ်နှင့် ပြည့်စုံသော လူနတ်တို့၏ ကိုးကွယ်ရာဖြစ်သော မြတ်စွာဘုရား၏ ဓာတ်တော်အိမ်၌ ကောင်းမှုကို ပြုအံ့၊ (ဤသို့ပြုသော်) နောင်အခါ ထိုမြတ်စွာဘုရား၏ တရားတော်တို့၌ အမွေခံဖြစ်ရလတ္တံ့ (ဟု ကြံ၏)။

၈၈။ (ကြံပြီးသော်)ခဝါသည်သည် ကောင်းစွာဖွပ်လျှော်အပ်သော ငါ၏ အပေါ်ရုံ ပုဆိုးကို တံခွန်(ပြု၍) ဝါးလုံးဖျား၌ တွဲလဲဆွဲချိတ်ပြီးလျှင် ငါသည် ကောင်းကင်သို့ပင် လွှင့်မြှောက်တင်၏။

၈၉။ အဘိသမ္မတမည်သော နတ်စစ်မှူးသည် ငါ၏တံခွန်ကို ဆွဲကိုင်ယူ၍ ကောင်းကင်၌ ဆောင်သွား၏၊ ငါသည် လေတဖျပ်ဖျပ်ခတ်၍ လှုပ်ရှားသောတံခွန်ကို မြင်ရသောကြောင့် ရွှေထက်လွန်ကဲ၍ ဝမ်းမြောက်ရွှင်ပျခြင်းကို ဖြစ်စေ၏။

၉၀။ ငါသည် ထိုတံခွန်အလှူ၌ စိတ်ကို ကြည်လင်စေ၍ ရဟန်းသို့ ချဉ်းကပ်၏၊ ထို ရဟန်းကို ရှိခိုးပြီးလျှင် တံခွန်အလှူ၌ အကျိုးအာနိသင်ကို မေးလျှောက်၏။

၉၁။ ထိုရဟန်းသည် အကျွန်ုပ်၏ နှစ်သက်ဝမ်းမြောက်ခြင်းကို ဖြစ်စေတတ်သော တရားစကားကို အကျွန်ုပ်အား ဟောတော်မူ၏၊ သင်သည် ထိုတံခွန်အလှူ၏ အကျိုးကို အခါခပ်သိမ်း ခံစားရလတ္တံ့။

http://www.dhammadownload.com



၉၂။ အင်္ဂါလေးပါးရှိသော ဆင်မြင်းရထား ခြေသည်သူရဲစစ်သည်တို့သည် သင့်ကို အမြဲခြံရံကုန်လတ္တံ့၊ ဤသို့ဖြစ်ရခြင်းသည် တံခွန်အလှူ၏ အကျိုးပေတည်း။

၉၃။ ခြောက်သောင်းသော တူရိယာတို့သည်လည်းကောင်း ကောင်းစွာ တန်ဆာဆင်ထားသော စည်ကြီးတို့သည်လည်းကောင်း သင့်ကို အမြဲခြံရံကုန်လတ္တံ့၊ ဤသို့ ဖြစ်ရခြင်းသည် တံခွန်အလှူ၏ အကျိုးပေတည်း။

၉၄-၉၅။ ကောင်းစွာ တန်ဆာဆင်ထားပြီးလျှင် ဆန်းကြယ်သော အဝတ်တန်ဆာရှိသည်ဖြစ်၍ ပတ္တမြား နားဒောင်းကိုလည်း ဝတ်ဆင်ထားသော ကော့ဖူးသော မျက်တောင်ဖြင့် ပြုံးပြုံးရွှင်ရွှင်ဖြစ်ကာ ကောင်းသော အမှတ်သညာလည်း ရှိသော ခါးသေး၍ ရင်ချီသော ရှစ်သောင်းခြောက်ထောင်သော မိန်းမတို့သည် သင့်ကို အမြဲခြံရံကုန်လတ္တံ့၊ ဤသို့ဖြစ်ရခြင်းသည် တံခွန်အလှူ၏ အကျိုးပေတည်း။

၉၆။ ကမ္ဘာသုံးသောင်းတို့ပတ်လုံး နတ်ပြည်၌ မွေ့လျော်ရလတ္တံ့၊ နတ်တို့ကို အစိုးရသည်ဖြစ်၍ အကြိမ်ရှစ်ဆယ် သိကြားမင်းအဖြစ်ကို ပြုရလတ္တံ့။

၉၇။ အကြိမ်တထောင် စကြဝတေးမင်းဖြစ်ရလတ္တံ့၊ ပြန့်ပြောသော ပဒေသရာဇ်မင်းအဖြစ်သည်ကား ဂဏန်းအားဖြင့် မရေတွက်နိုင်။

၉၈။ ကမ္ဘာတသိန်းထက်၌ ဩက္ကာကမင်းမျိုး၌ဖြစ်သော အနွယ်အားဖြင့် ဂေါတမမည်သော မြတ်စွာဘုရားသည် လောက၌ ဖြစ်လတ္တံ့။

၉၉။ နတ်ပြည်မှ စုတေ၍ ဖြူစင်သော ကုသိုလ်အကြောင်းရင်းသည် တိုက်တွန်းအပ်သောကြောင့် ကောင်းမှုကံနှင့်ယှဉ်လျက် ပုဏ္ဏားမျိုး၌ ဖြစ်လတ္တံ့။

၁၀၀။ ကုဋေရှစ်ဆယ်သော အသပြာကိုရင်း မျှားစွာသော ကျေးကျွန်လုပ်သားတို့ကိုရင်း စွန့်၍ ဂေါတမမြတ်စွာဘုရား၏ သာသနာတော်၌ ရဟန်းပြုလတ္တံ့။

၁၀၁။ သာကီဝင်မင်းတို့၏ ရွေသွားဖြစ်သော ဂေါတမမြတ်စွာဘုရားကို နှစ်သက်အားရစေ၍ ဥပဝါနဟူသော အမည်ဖြင့် မြတ်စွာဘုရား၏ တပည့်သာဝကဖြစ်လတ္တံ့၊ (ဤသို့ မိန့်တော်မူ၏)။

၁၀၂။ ကမ္ဘာတသိန်း ထက်၌ ပြုအပ်ခဲ့သော ကောင်းမှုကံသည် ဤအဆုံးဘဝ၌ ငါ့အား ကောင်းကျိုးကို ဖော်ပြ၏၊ ကောင်းစွာလွှတ်အပ်သော မြားအဟုန်ကဲ့သို့ ယင်းကောင်းမှုကံကပင် ငါ၏ ကိလေသာတို့ကို ရှို့မြှိုက်လောင်ကျွမ်းစေပြီ။

၁၀၃။ လေးကျွန်းလုံးကို အစိုးရသော စကြဝတေးမင်းဖြစ်သော ငါ့အား သုံးယူဇနာတိုင်တိုင် ထက်ဝန်းကျင်မှ အခါခပ်သိမ်း တံခွန်တို့သည် စိုက်ထူကုန်၏။

၁၀၄။ ဤဘဒ္ဒကမ္ဘာမှ ကမ္ဘာတသိန်းထက်ဂယ် ကောင်းမှုကံကို ပြုလုပ်ခဲ့သည့်အခါမှစ၍ ငါသည် အပါယ်လေးပါး လားရသည်ကို မသိစဘူးပေ၊ ဤသို့ ဖြစ်ရခြင်းသည် တံခွန်အလှူ၏ အကျိုးပေတည်း။

http://www.dhammadownload.com



၁၀၅။ လေးပါးသော ပဋိသမ္ဘိဒါတို့ကိုလည်း ရှစ်ပါးသော ဤဝိမောက္ခတို့ကိုလည်း ခြောက်ပါးသော အဘိညာဉ်တို့ကိုလည်း မျက်မှောက်ပြုအပ်ပါကုန်ပြီ၊ မြတ်စွာဘုရား၏ အဆုံးအမတော်ကို လိုက်နာ ကျင့်သုံးပြီးပါပြီ။

ဤသို့လျှင် အသျှင်ဥပဝါနမထေရ်သည် ဤဂါထာတို့ကို မိန့်ဆိုတော်မူ၏။

နှစ်ခုမြောက် ဥပဝါနတ္ထေရအပဒါန် ပြီး၏။

---

## ၃-တိသရဏဂမနိယတ္ထေရအပဒါန်

၁၀၆။ စန္ဒဝတီမည်သော မြို့ကြီး၌ ငါသည် အမိကို လုပ်ကျွေးသူဖြစ်ခဲ့၏၊ ထိုအခါ၌ ငါသည် ငါ၏မျက်မမြင် အမိအဖတို့ကို လုပ်ကျွေး၏။

၁၀၇။ ဆိတ်ငြိမ်ရာသို့ ကပ်လျက်ထိုင်ပြီးလျှင် ငါသည် ဤသို့ကြံမိ၏၊ ငါသည် အမိအဖတို့ကို လုပ်ကျွေးရသည်ဖြစ်၍ ရဟန်းအဖြစ်ကို မရ။

၁၀၈။ (သတ္တဝါအားလုံးတို့သည်) ကြီးစွာသော အမိုက်မှောင်သည် ပိတ်ဖုံးအပ်ကုန်သည်ဖြစ်၍ မီးသုံးပါးတို့ဖြင့် လောင်မြိုက်ကုန်၏၊ ဤသို့သောဘဝမျိုး၌ ဖြစ်ခဲ့ရသော ငါ့အား ကယ်တင်မည့်သူ တစ်ုံတယောက်မျှ မရှိပေ။

၁၀၉။ လောက၌ ဝိပဿီ(အနောမဒဿီ)မြတ်စွာဘုရားသည် ပွင့်တော်မူသည်ဖြစ်၍ သာသနာတော်သည်လည်း ယခု ထွန်းလင်းဆဲ ဖြစ်၏၊ ကောင်းမှုကို အလိုရှိသူသည် မိမိကိုယ်ကို ကယ်တင်အံ့သောငှါ စွမ်းနိုင်၏။

၁၁၀။ ငါသည် သရဏဂုံသုံးပါးတို့ကို ဆောက်တည်၍ ပြည့်စုံစွာ စောင့်ရှောက်၏၊ ကောင်းစွာပြုအပ်သော ထိုကောင်းမှုကံကြောင့် ဒုဂ္ဂတိဘဝမှ လွတ်ခုလတ္တံ့ (ဟု ဤသို့ ကြံပြီးလျှင်)---

၁၁၁။ ထိုအခါ နိသဘမည်သော ရဟန်းသည် ဝိပဿီ (အနောမဒဿီ) မြတ်စွာဘုရား၏ လက်ျာရံအဂ္ဂသာဝကတည်း၊ငါသည် ထိုရဟန်းသို့ ချဉ်းကပ်ပြီးလျှင် သရဏဂုံကို ဆောက်တည်ခံယူ၏။

၁၁၂။ ထိုအခါ၌ အသက်တန်းသည် အနှစ်တသိန်းတိုင်တိုင်ဖြစ်၏၊ ထိုအနှစ်တသိန်း ကာလပတ်လုံး သရဏဂုံကို ပြည့်စုံစွာ စောင့်ရှောက်၏။

၁၁၃။ စုတိစိတ်ကျခါနီးဖြစ်လတ်သော် ငါသည် ထိုသရဏဂုံ ကုသိုလ်ကို အောက်မေ၏၊ ငါသည် ကောင်းစွာ ပြုအပ်သော ထိုကောင်းမှုကံကြောင့် တာဝတိံသာနတ်ပြည်သို့ ရောက်ရ၏။

၁၁၄။ နတ်ပြည်သို့ လားရသည်ဖြစ်လတ်သော် ကောင်းမှုကံနှင့်ပြည့်စုံသော ငါသည် ငါကပ်ရောက်ရာ အရပ်တိုင်း၌ ရှစ်ပါးသော (ချမ်းသာခြင်း၏) အကြောင်းတို့ကို ရ၏။

http://www.dhammadownload.com



၁၁၅။ ငါသည် အရပ်ရှစ်မျက်နှာတို့၌ အပူဇော်ခံရသူဖြစ်၏၊ ငါသည် ထက်မြက်သော ပညာရှိသူလည်း ဖြစ်၏၊ ခပ်သိမ်းသော နတ်တို့သ...ည်း ငါ့ဩလိုသို့ လိုက်ရကုန်၏၊ ငါသည် မနိုင်းယှဉ်နိုင်သော စည်းစိမ်ကို ရ၏။

၁၁၆။ ငါသည် ခပ်သိမ်းသော ဘဝတို့၌ ရွှေအဆင်းနှင့် တူသော အဆင်းရှိသည် ဖြစ်၍ သူတပါးတို့ နှစ်လိုဖွယ်ဖြစ်၏၊ အဆွေခင်ပွန်းတို့ကို မလှုပ်ရှားနိုင်သည်ဖြစ်၏၊ ငါ၏ အကျော်အစောသည် ပျံ့နှံ့၍တက်၏။

၁၁၇။ အကြိမ်ရှစ်ဆယ် နတ်တို့ကို အစိုးရသည်ဖြစ်၍ သိကြားမင်းအဖြစ်ကို ပြုရ၏၊ နတ်သမီးတို့ဖြင့် ခြံရံအပ်လျက် နတ်၌ဖြစ်သော ချမ်းသာကို ခံစားရ၏။

၁၁၈။ ငါသည် ခုနစ်ဆယ့်ငါးကြိမ် စကြဝတေးမင်း ဖြစ်ရ၏၊ ပြန့်ပြောသော ပဒေသရာဇ်မင်း အဖြစ်သည်ကား ဂဏန်းအားဖြင့် မရေတွက်နိုင်။

၁၁၉။ အဆုံးဘဝရောက်လတ်သော် ကောင်းမှုကံနှင့်ပြည့်စုံသည်ဖြစ်၍ သာဝတ္ထိပြည်၌ အလွန်ကြွယ်ဝသော များသော ဥစ္စာနှစ်ရှိသော အမျိုး၌ ဖြစ်၏။

၁၂၀။ သူငယ်များ ခြံရံလျက် မြို့မှထွက်၍ ရယ်ရွှင်မြူးထူးခြင်းတို့နှင့် ပြည့်စုံသည် ဖြစ်၍ သံဃာအရံသို့ ချဉ်းကပ်၏။

၁၂၁။ ထိုသံဃာအရံ၌ ကိလေသာမှ လွတ်သည်ဖြစ်၍ ကိလေသာ ဥပဓိကင်းသော ရဟန်းကို ဖူးမြင်ရ၏၊ ထိုရဟန်းသည် ငါ့အား တရားတော်ကို ဟောတော်မူ၏၊ ငါ့အား သရဏဂုံကိုလည်း ပေးတော်မူ၏။

၁၂၂။ ထိုငါသည် သရဏဂုံကို ကြားနာရသောကြောင့် မိမိ၏ သရဏဂုံကို အမှတ်ရ အောက်မေ့၏၊ တနေရာတည်း၌ ထိုင်၍ အရဟတ္တဖိုလ်သို့ ရောက်၏။

၁၂၃။ မွေးဖွားသည်မှ ခုနစ်နှစ်မြောက်၌ အရဟတ္တဖိုလ်သို့ ရောက်၏၊ စက္ခုငါးပါးနှင့် ပြည့်စုံတော်မူသော မြတ်စွာဘုရားသည် ငါ၏ဂုဏ်ကျေးဇူးကိုသိ၍ ရဟန်းပြုတော်မူ၏။

၁၂၄။ ဤဘဒ္ဒကမ္ဘာမှ မရေတွက်နိုင်သော ကမ္ဘာတသိန်းထက်၌ ငါသည် သရဏဂုံတို့ကို ဆောက်တည်ခဲ့၏၊ ထိုအခါ၌ ငါပြုအပ်သော ကောင်းမှုကံသည် ဤအဆုံးဘဝ၌ ငါ့အား အကျိုးကို ပေးပြ၏။

၁၂၅။ ငါသည် သရဏဂုံကို ကောင်းစွာ စောင့်ရှောက်အပ်၏၊ စိတ်ကို ကောင်းစွာ ထားအပ်၏၊ ခပ်သိမ်းသော စည်းစိမ်ကို ခံစား၍ မတုန်လှုပ်သော နိဗ္ဗာန်သို့ ရောက်ရ၏။

၁၂၆။ အကြင်သူတို့အား နာခံမှတ်သား ဆောင်ရွက်မှုရှိကုန်၏၊ ထိုသူတို့အား ဟောကြားမည့် ငါ၏ စကားကို နာကြကုန်လော့၊ ငါသည် ဟောပေအံ့၊ ငါသည် နိဗ္ဗာန်ကို မြင်အပ်၏။

၁၂၇။ မြတ်စွာဘုရားသည် လောက၌ ပွင့်တော်မူသည်ဖြစ်၍ မြတ်စွာဘုရား၏ သာသနာတော်သည်လည်း ဖြစ်ပေါ်၏၊ သောကတည်းဟူသော ငြောင့်ကို နုတ်ပယ်တတ်သော အမြိုက်တရားတည်းဟူသော စည်ကြီးကို တီးခတ်အပ်၏။

http://www.dhammadownload.com



၁၂၈။ မိမိ စွမ်းအား ရှိသလောက် မြတ်သော ကောင်းမှု၏ စိုက်ပျိုးရာ ခေတ်၌ ကောင်းမှုကို ပြုလုပ်ကုန်ကြွားအံ့၊ ငြိမ်းအေးခြင်းကို တွေ့မြင်ကြကုန်လတ္တံ့။

၁၂၉။ သရဏဂုံသုံးပါးတို့ကို ဆောက်တည်၍ ငါးပါးသော သီလတို့ကို လုံခြုံစေပြီးလျှင် မြတ်စွာဘုရား၌ စိတ်ကိုကြည်လင်စေသည်ရှိသော် ဝဋ်ဆင်းရဲ၏ အဆုံးကို ပြုကြရကုန်လတ္တံ့။

၁၃၀။ တရားတော်ကို ကောင်းစွာပွါးများ၍ သီလကို ထက်ဝန်းကျင်လုံခြုံစေပြီးလျှင် အလုံးစုံသော သင်တို့သည်လည်း မကြာမီ အရဟတ္တဖိုလ်သို့ ရောက်ကြကုန်လတ္တံ့။

၁၃၁။ အကျွန်ုပ်သည် ဝိဇ္ဇာသုံးပါးရှိသူ ဣဒ္ဓိပါဒ်လေးပါးသို့ ရောက်ပြီးသူ ဖြစ်ပါ၏၊ စေတောပရိယအဘိညာဉ်၌ လိမ္မာသူလည်းဖြစ်ပါ၏၊ ကြီးသော လုံ့လရှိသော မြတ်စွာဘုရား ရှင်တော်မြတ်၏ တပည့်သာဝက ဖြစ်သူ ရဟန်းသည် မြတ်စွာဘုရားအား ရှိခိုးပါ၏။

၁၃၂။ ဤဘဒ္ဒကမ္ဘာမှ မရေတွက်နိုင်သော ကမ္ဘာ၌ ငါသည် မြတ်စွာဘုရားအား ကိုးကွယ်ရာဟူ၍ ဆည်းကပ်သည့်ဘဝမှစ၍ အပါယ်လေးပါးသို့ လားရသည်ကို မသိစဘူးပေ၊ ဤသို့ဖြစ်ရခြင်းသည် သရဏဂုံ ဆောက်တည်ခြင်း၏ အကျိုးပေတည်း။

၁၃၃။ လေးပါးသော ပဋိသမ္ဘိဒါတို့ကိုင်း ရှစ်ပါးသော ဝိမောက္ခတို့ကိုင်း ခြောက်ပါးသော အဘိညာဉ်တို့ကိုင်း မျက်မှောက်ပြုအပ်ပါကုန်ပြီ၊ မြတ်စွာဘုရား၏ အဆုံးအမတော်ကို လိုက်နာကျင့်သုံးပြီးပါပြီ။

ဤသို့လျှင် အသျှင်တိသရဏဂမနိယမထေရ်သည် ဤဂါထာတို့ကို မိန့်ဆိုတော်မူ၏။

သုံးခုမြောက် တိသရဏဂမနိယတ္ထေရအပဒါန် ပြီး၏။

---

## ၄-ပဉ္စသီလသမာဒါနိယတ္ထေရအပဒါန်

၁၃၄။ ထိုအခါ ငါသည် စန္ဒဝတီမည်သောမြို့၌ သူခစားဖြစ်၏၊ ငါသည်သူတပါးအမှုကို ပြုခြင်း၌ အားထုတ်ရသည်ဖြစ်၍ ရဟန်းအဖြစ်ကို မရ။

၁၃၅။ ကြီးစွာသော အမိုက်မှောင် ပိတ်ဖုံးအပ်ကုန်သော သတ္တဝါတို့သည် မီးသုံးပါးတို့ဖြင့် လောင်မြိုက်ကုန်၏၊ အဘယ်သို့သောအကြောင်းဖြင့် ငါသည် ဝဋ်၌ မယုဉ်သည် ဖြစ်ရပါအံ့နည်း။

၁၃၆။ ငါ့အား လှူဖွယ်ဝတ္ထုလည်း မရှိ၊ ငါသည် ဆင်းရဲသော သူခစားတည်း၊ ငါသည် ငါးပါးသီလကို ပြည့်စုံစေလျက် စောင့်ရှောက်ရမူ ကောင်းလေစွ။

၁၃၇။ အနောမဒဿီမည်သော မြတ်စွာဘုရား၏ နိသဘမည်သော တပည့်သည် ရှိ၏၊ ငါသည်ထိုနိသဘထေရ်သို့ ချဉ်းကပ်၍ ငါးပါးသော သိက္ခာပုဒ်ကို ခံယူဆောက်တည်၏။

၁၃၈။ ထိုအခါ အသက်တန်းသည် အနှစ်တသိန်းတိုင်တိုင် ဖြစ်၏၊ ငါသည် ထိုမျှလောက်ကာလပတ်လုံး ငါးပါးသောသီလတို့ကို ပြည့်စုံစွာ စောင့်ရှောက်၏။

http://www.dhammadownload.com



၁၃၉။ သေခါနီးကာလရောက်လတ်သော် နတ်တို့သည် ငါ့ကို သက်သာရာရစေကုန်၏၊ အချင်း သင့်ထံသို့ နတ်မြင်းတထောင်ကသော ရထားသည် ရှေးရှုတည်၏။

၁၄၀။ အဆုံးဖြစ်သော မရဏာသန္နစိတ်သည် ဖြစ်လတ်သော် ငါ၏သီလကို အမှတ်ရ အောက်မေ့၏၊ ငါသည် ထိုကောင်းစွာပြုအပ်သော ကုသိုလ်ကံကြောင့် တာဝတိံသာ နတ်ပြည်သို့ ရောက်ရ၏။

၁၄၁။ အကြိမ်သုံးဆယ် နတ်တို့ကို အစိုးရသည်ဖြစ်၍ သိကြားမင်းအဖြစ်ကို ပြုရ၏၊ နတ်သမီးတို့ဖြင့် ခြံရံလျက် နတ်၌ဖြစ်သော ချမ်းသာကို ခံစားရ၏။

၁၄၂။ ငါသည် ခုနစ်ဆယ့်ငါးကြိမ် စကြဝတေးမင်း ဖြစ်ရ၏၊ပြန့်ပြောသော ပဒေသရာဇ်မင်းအဖြစ်ကား ဂဏန်းအားဖြင့် မရေတွက်နိုင်။

၁၄၃။ နတ်ပြည်မှ စုတေ၍ ဖြူစင်သော ကုသိုလ်အကြောင်းရင်းသည် တိုက်တွန်းအပ်သောကြောင့် ဝေသာလီပြည်၌ အလွန်ကြွယ်ဝသော များသော ဥစ္စာနှစ်ရှိသော ‘မဟာသာလ’မျိုး၌ ဖြစ်၏။

၁၄၄။ မြတ်စွာဘုရားသာသနာ ထွန်းလင်းတောက်ပသည်ရှိသော် ဝါဆိုခါနီးအချိန် ငါ၏ အမိအဖတို့သည် ငါးပါးသော သိက္ခာပုဒ်ကို ခံယူဆောက်တည်ကုန်၏။

၁၄၅။ ငါသည် သီလကထာကို ကြားသည်နှင့် တပြိုင်နက် မိမိသီလကို အမှတ်ရ အောက်မေ့နိုင်၏၊ တနေရာတည်း၌ ထိုင်နေ၍ (တထိုင်တည်းဖြင့်) အရဟတ္တဖိုလ်သို့ ရောက်၏။

၁၄၆။ မွေးဖွားသည်မှ ငါးနှစ်သာရှိသေးပါလျက် အရဟတ္တဖိုလ်သို့ ရောက်၏၊စက္ခုငါးပါးနှင့် ပြည့်စုံတော်မူသော မြတ်စွာဘုရားသည် ငါ၏ဂုဏ်ကျေးဇူးကို သိတော်မူ၍ ရဟန်းပြုတော်မူ၏။

၁၄၇။ ငါသည် ငါးပါးသောသိက္ခာပုဒ်တို့ကို ပြည့်စုံစွာ စောင့်ရှောက်လုံခြုံစေ၍ ဤဘဒ္ဒကမ္ဘာမှ မရေတွက်နိုင်သောကမ္ဘာ၌ ပျက်စီး၍ ကျရောက်ရာ အပါယ်လေးပါးသို့ မလားမရောက်ရပေ။

၁၄၈။ ထိုငါသည် ထိုသီလတို့၏အစွမ်းကြောင့် လူနတ်စည်းစိမ်အခြံအရံကို ခံစားရ၏၊ (ထိုစည်းစိမ်ကို) ကမ္ဘာကုဋေပတ်လုံး ပြောကြားသော်သည်း တစိတ်တဒေသမျှသာ ပြောကြားနိုင်ရာ၏။

၁၄၉။ ငါသည် ငါးပါးသောသီလတို့ကို စောင့်ရှောက်၍ သုံးပါးသော ချမ်းသာကြောင်းတို့ကိုရ၏၊ငါသည် သက်တန်းရှည်သူ များသော စည်းစိမ်ဥစ္စာရှိသူထက် မြတ်သော ပညာရှိသူလည်း ဖြစ်၏။

၁၅၀။ လွန်ကဲသောယောကျ်ား၏ အစွမ်းသတ္တိကို ခပ်သိမ်းသော သူတို့အား ပြောကြားလျက် ဘဝကြီးငယ်၌ ကျင်လည်ရသည်ရှိသော် ငါသည် ထိုအကြောင်းတို့ကို ရ၏။

http://www.dhammadownload.com



၁၅၁။ မရေတွက်နိုင်သော သီလတို့၌ ကျင့်ကုန်သော မြတ်စွာဘုရား၏ တပည့်သာဝကတို့သည် ဘဝတို့၌ အကယ်၍ တပ်မက်ကုန်ငြားအံ့၊ (ဤသို့ တပ်မက်ကုန်သော်) ထိုတပည့်သာဝကတို့အား အဘယ်သို့ သဘောရှိသောအကျိုးသည် ဖြစ်ရာအံ့နည်း။

၁၅၂။ ငါသည် အထီးကျန်သူ သူခစားဖြစ်လျက် ငါးပါးသီလကို ကောင်းစွာကျင့်သုံးအပ်၏၊ ငါသည် ထိုသီလကြောင့် အနှောင်အဖွဲ့အားလုံးမှ ယခုလွတ်ရ၏။

၁၅၃။ ဤဘဒ္ဒကမ္ဘာမှ မရေတွက်နိုင်သော ကမ္ဘာ၌ ငါးပါးသော သီလတို့ကို စောင့်ရှောက်ခဲ့သောဘဝမှ စ၍ အပါယ်လေးပါး လားရသည်ကို မသိစဖူးပေ၊ ဤသို့ဖြစ်ရခြင်းသည် ငါးပါးသော သီလစောင့်စည်းရခြင်း၏ အကျိုးပေတည်း။

၁၅၄။ လေးပါးသော ပဋိသမ္ဘိဒါတို့ကိုရင်း ရှစ်ပါးသော ဤဝိမောက္ခတို့ကိုရင်း ခြောက်ပါးသော အဘိညာဉ်တို့ကိုရင်း မျက်မှောက်ပြုအပ်ပါကုန်ပြီ၊ မြတ်စွာဘုရား၏ အဆုံးအမတော်ကို လိုက်နာကျင့်သုံးပြီးပါပြီ။

ဤသို့လျှင် အသျှင်ပဉ္စသီလသမာဒါနိယမထေရ်သည် ဤဂါထာတို့ကို မိန့်ဆိုတော်မူ၏။

လေးခုမြောက် ပဉ္စသီလသမာဒါနိယတ္ထေရအပဒါန် ပြီး၏။

---

## ၅-အန္နသံသာဝကတ္ထေရအပဒါန်

၁၅၅-၁၅၆။ ရွှေအဆင်းနှင့်တူသော အဆင်းရှိတော်မူသော ရွှေတုရိုဏ်းတိုင်နှင့် တူသည်ဖြစ်၍ သုံးဆယ့်နှစ်ပါးသော ယောကျ်ားမြတ်လက္ခဏာနှင့် ပြည့်စုံပြီးလျှင် လူတို့၏ ဆီမီးတန်ဆောင်သဖွယ်လည်းဖြစ်သော မနှိုင်းယှဉ်အပ်သည်ဖြစ်၍ နှိုင်းယှဉ်စရာဉပမာမရှိသော အရောင်အဝါကို ဆောင်သည်ဖြစ်၍ ယဉ်ကျေးသည်လည်းဖြစ်သော သိဒ္ဓတ္ထမြတ်စွာဘုရားကို အိမ်စျေးတို့၏အကြား လမ်းခရီး၌ ကြွတော်မူစဉ် ဖူးမြင်ရ၍ ငါသည် မြတ်သော နှစ်သက်ခြင်း 'ပီတိ'ကို ရ၏။

၁၅၇။ ထိုမြတ်သော မုနိဖြစ်သော သိဒ္ဓတ္ထမြတ်စွာဘုရားကို ပင့်ဆောင်၍ ဆွမ်းကျွေး၏၊ လောက၌ ကြီးသော ကရုဏာရှိတော်မူသော မြတ်စွာဘုရားသည် ထိုအခါ ငါ့ကို ဘွမ်းအနုမောဒနာပြုတော်မူ၏။

၁၅၈။ ကြီးသောကရုဏာရှိတော်မူသည်ဖြစ်၍ လွန်ကဲသော သက်သာမှုကို ပြုတတ်သော ထိုမြတ်စွာဘုရား၌ ငါသည် စိတ်ကို ကြည်လင်စေ၍ အာယုကပ်ပတ်လုံး နတ်ပြည်၌ မွေ့လျော်ရ၏။

၁၅၉။ ဤဘဒ္ဒကမ္ဘာမှ ကိုးဆယ့်လေးကမ္ဘာထက်၌ ဆွမ်းလှူခဲ့ဘူးသော အခါမှစ၍ အပါယ်လေးပါး လားရသည်ကို မသိစဘူးပေ၊ ဤသို့ဖြစ်ရခြင်းသည် ဆွမ်းလှူရခြင်း၏ အကျိုးပေတည်း။

http://www.dhammadownload.com



၁၆၀။ လေးပါးသော ပဋိသမ္ဘိဒါတို့ကိုရင်း ရှစ်ပါးသော ဤဝိမောက္ခတို့ကိုရင်း ခြောက်ပါးသော အဘိညာဉ်တို့ကိုရင်း မျက်မှောက်ပြုအပ်ပါကုန်ပြီ၊ မြတ်စွာဘုရား၏ အဆုံးအမတော်ကို လိုက်နာကျင့်သုံးပြီးပါပြီ။

ဤသို့လျှင် အသျှင်အန္ဓသံသာဝကမထေရ်သည် ဤဂါထာတို့ကို မိန့်ဆိုတော်မူ၏။

ငါးခုမြောက် အန္ဓသံသာဝကတ္ထေရအပဒါန် ပြီး၏။

## ၆-ဓူပဒါယကတ္ထေရအပဒါန်

၁၆၁။ လောကထက်မြတ်သည်ဖြစ်၍ တာဒိဂုဏ်နှင့် ပြည့်စုံတော်မူသော သိဒ္ဓတ္ထ မြတ်စွာဘုရားအား ငါသည် အထူးကြည်လင်သောစိတ်ဖြင့် ဂန္ဓကုဋိ၌ မွှေးကြိုင်စေသော အခိုးအထုံကို လှူခဲ့၏။

၁၆၂။ ကပ်ရောက်ရတိုင်းသော နတ်အဖြစ် လူအဖြစ်ဟူသမျှတို့၌ ငါသည် လူခပ်သိမ်း တို့ ချစ်ကြည်အပ်သူဖြစ်၏၊ ဤသို့ဖြစ်ရခြင်းသည် အခိုးအထုံလှူခြင်း၏ အကျိုးပေတည်း။

၁၆၃။ ဤဘဒ္ဒကမ္ဘာမှ ကိုးဆယ့်လေးကမ္ဘာထက်၌ အခိုးအထုံကို လှူဒါန်းခဲ့သောအခါ မှစ၍ အပါယ်လေးပါး လားရသည်ကို မသိစဘူးပေ၊ ဤသို့ဖြစ်ရခြင်းသည် အခိုးအထုံ လှူဒါန်းခြင်း၏ အကျိုးပေတည်း။

၁၆၄။ လေးပါးသော ပဋိသမ္ဘိဒါတို့ကိုရင်း ရှစ်ပါးသော ဤဝိမောက္ခတို့ကိုရင်း ခြောက်ပါးသော အဘိညာဉ်တို့ကိုရင်း မျက်မှောက်ပြုအပ်ပါကုန်ပြီ၊ မြတ်စွာဘုရား၏ အဆုံးအမတော်ကို လိုက်နာကျင့်သုံးပြီးပါပြီ။

ဤသို့လျှင် အသျှင်ဓူပဒါယကမထေရ်သည် ဤဂါထာတို့ကို မိန့်ဆိုတော်မူ၏။

ခြောက်ခုမြောက် ဓူပဒါယကတ္ထေရအပဒါန် ပြီး၏။

## ၇-ပုလိနပူဇကတ္ထေရအပဒါန်

၁၆၅။ ဝိပဿီ မြတ်စွာဘုရား၏ သစ်ပင်တကာတို့ထက် မြတ်သော သခွတ်ဗောဓိပင်၌ သဲဟောင်းကို စွန့်ပယ်၍ စင်ကြယ်သော သဲသစ်ကို ဖြန့်ခင်းခဲ့၏။

၁၆၆။ ဤဘဒ္ဒကမ္ဘာမှ ကိုးဆယ့်တကမ္ဘာထက်ဝယ် သဲလှူခဲ့သည့်အခါမှစ၍ ငါသည် အပါယ်လေးပါး လားရသည်ကို မသိစဘူးပေ၊ ဤသို့ဖြစ်ရခြင်းသည် သဲလှူဒါန်းရခြင်း၏ အကျိုးပေတည်း။

၁၆၇။ ဤဘဒ္ဒကမ္ဘာမှ ကမ္ဘာသုံးဆယ်ထက်၌ ငါသည် မဟာပုလိနဟူသောအမည်ဖြင့် ခွန်အားကြီးသော လူတို့ကို အစိုးရသူ စကြဝတေးမင်း ဖြစ်ခဲ့ရပြီ။

http://www.dhammadownload.com



၁၆၈။ လေးပါးသော ပဋိသမ္ဘိဒါတို့ကိုရင်း ရှစ်ပါးသော ဤဝိမောက္ခတို့ကိုရင်း ခြောက်ပါးသော အဘိညာဉ်တို့ကိုရင်း မျက်မှောက်ပြုအပ်ပါကုန်ပြီ၊ မြတ်စွာဘုရား၏ အဆုံးအမတော်ကို လိုက်နာကျင့်သုံးပြီးပါပြီ။

ဤသို့လျှင် အသျှင်ပုလိနပူဇကမထေရ်သည် ဤဂါထာတို့ကို မိန့်ဆိုတော်မူ၏။

ခုနစ်ခုမြောက် ပုလိနပူဇကတ္ထေရအပဒါန် ပြီး၏။

## ၈-ဥတ္တိယတ္ထေရအပဒါန်

၁၆၉။ ထိုအခါ ငါသည် စန္ဒဘာဂါမြစ်ကမ်း၌ မိကျောင်းဖြစ်၏၊ ငါသည် မိမိ စားကျက်၌ ကျက်စားသည်ဖြစ်၍သာလျှင် မြစ်ဆိပ်သို့ သွားရောက်၏။

၁၇၀။ ထိုအခါ အမြတ်ဆုံး ပုဂ္ဂိုလ်ဖြစ်သော သိဒ္ဓတ္ထမြတ်စွာဘုရားသည် (ပွင့်တော်မူ၏)၊ ထိုမြတ်စွာဘုရားသည် မြစ်ကိုကူးလို၍ မြစ်ဆိပ်သို့ ကပ်ရောက်တော်မူ၏။

၁၇၁။ မြတ်စွာဘုရား ကပ်ရောက်သည် ရှိသော် ငါသည်လည်း ထိုမြစ်ဆိပ်သို့ ကပ်ရောက်၏၊ ငါသည် မြတ်စွာဘုရားသို့ ချဉ်းကပ်၍ ဤစကားကို လျှောက်ထား၏-

၁၇၂။ ကြီးသော လုံ့လရှိတော်မူသော မြတ်စွာဘုရား အရှင်ဘုရားသည် တက်စီးတော်မူပါ၊ အကျွန်ုပ်သည် အရှင်ဘုရားကို ထိုမှာဘက်ကမ်းသို့ ဆောင်ပို့ပါအံ့၊ မြတ်စွာဘုရား သနားတော်မူပါ၊ (ဤစန္ဒဘာဂါမြစ်အရပ်သည်) အကျွန်ုပ်၏ အဖမှ ဆင်းသက်လာသော အရပ်ပါတည်း၊ (ဤစကားကို လျှောက်၏)။

၁၇၃။ မြတ်စွာဘုရားသည် ငါ၏ ပင့်ဆောင်လိုငြား လျှောက်ထားခြင်းကို ကြား၍ တက်စီးတော်မူ၏၊ ရွှင်လန်းသော ငါသည် ရွှင်လန်းသော စိတ်ဖြင့် မြတ်စွာဘုရားကို ထိုမှာဘက်ကမ်းသို့ ဆောင်ပို့ပေ၏။

၁၇၄။ လူတို့၏ ရှေ့သွားဖြစ်တော်မူသော သိဒ္ဓတ္ထမြတ်စွာဘုရားသည် မြစ်၏ ထိုမှာဘက်ကမ်းဖြစ်သော ထိုအရပ်၌ (သင်သည်) နိဗ္ဗာန်သို့ ရောက်လတ္တံ့ဟု ငါ့ကို သက်သာနှစ်သိမ့်စေ၏။

၁၇၅။ ငါသည် ထိုမိကျောင်းဘဝမှ စုတေ၍ နတ်ပြည်သို့ ရောက်၏၊ နတ်သမီးများ ခြံရံလျက် နတ်စည်းစိမ်ကို ခံစားရ၏။

၁၇၆။ ငါသည် ခုနစ်ကြိမ် တိုင်အောင်လည်း နတ်တို့ကို အစိုးရသည်ဖြစ်၍ သိကြားမင်းအဖြစ်ကိုပြုရ၏၊ သုံးကြိမ်တိုင်အောင် မြေ၌ အစိုးရသော စကြဝတေးမင်းဖြစ်၏။

၁၇၇။ ငါသည် မြတ်စွာဘုရား သာသနာတော်၌ ဝိဝေကသုံးပါးကို ပွါးများအားထုတ်လျက် ရင့်ကျက်သောပညာ စောင့်စည်းမှု ဣန္ဒြေရှိသည်ဖြစ်၍ ဤအဆုံးဖြစ်သော ကိုယ်ကို ဆောင်၏။

http://www.dhammadownload.com



၁၇၈။ ဤဘဒ္ဒကမ္ဘာမှ ကိုးဆယ့်လေးကမ္ဘာထက်၌ မြတ်စွာဘုရားကို ကူးတို့ပို့ရသော ထိုအခါမှစ၍ အပါယ်လေးပါး လားရသည်ကို မသိစဖူးပေ၊ ဤသို့ ဖြစ်ရခြင်းသည် ကူးတို့ ပို့ရခြင်း၏ အကျိုးပေတည်း။

၁၇၉။ လေးပါးသော ပဋိသမ္ဘိဒါတို့ကိုရင်း ရှစ်ပါးသော ဤဝိမောက္ခတို့ကိုရင်း ခြောက်ပါးသော အဘိညာဉ်တို့ကိုရင်း မျက်မှောက်ပြုအပ်ပါကုန်ပြီ၊ မြတ်စွာဘုရား၏ အဆုံးအမတော်ကို လိုက်နာကျင့်သုံးပြီးပါပြီ။

ဤသို့လျှင် အသျှင်ဥတ္တိယမထေရ်သည် ဤဂါထာတို့ကို မိန့်ဆိုတော်မူ၏။

ရှစ်ခုမြောက် ဥတ္တိယတ္ထေရအပဒါန် ပြီး၏။

## ၉-ကေဋုလိကတ္ထေရအပဒါန်

၁၈၀-၁၈၁။ ရွှေအဆင်းနှင့်တူသော အဆင်းရှိတော်မူသော မြတ်သော လည်းမှူးသဖွယ်ဖြစ်၍ လူတို့ထက်မြတ်သော နွားမှာန်သို့ ပို့ဆောင်တတ်သော မယဉ်ကျေးသော သူတို့ကို ယဉ်ကျေးအောင် ဆုံးမတတ်သော တာဒိဂုဏ်နှင့် ပြည့်စုံသည်ဖြစ်၍ မြတ်သော အယူ မြတ်သော ပညာရှိတော်မူသော ဝိပဿီမြတ်စွာဘုရားကို အိမ်ဈေးတို့၏ ဧကြား လမ်းခရီး၌ ကြွသွားတော်မူစဉ် ဖူးမြင်ရသောကြောင့် ငါသည် ကြည်ညို ဝမ်းမြောက်လျက် လက်အုပ်တကြိမ်ချီမိုး ရှိခိုးခြင်းကိုပြု၏။

၁၈၂။ ဤဘဒ္ဒကမ္ဘာမှ ကိုးဆယ့်ဘကမ္ဘာထက်၌ လက်အုပ်ချီမိုး ရှိခိုးခဲ့သောအခါမှစ၍ အပါယ်လေးပါး လားရသည်ကို မသိစဖူးပေ၊ ဤသို့ဖြစ်ရခြင်းသည် လက်အုပ်ချီမိုး ရှိခိုးရခြင်း၏ အကျိုးပေတည်း။

၁၈၃။ လေးပါးသော ပဋိသမ္ဘိဒါတို့ကိုရင်း ရှစ်ပါးသော ဤဝိမောက္ခတို့ကိုရင်း ခြောက်ပါးသော အဘိညာဉ်တို့ကိုရင်း မျက်မှောက်ပြုအပ်ပါကုန်ပြီ၊ မြတ်စွာဘုရား၏ အဆုံးအမတော်ကို လိုက်နာကျင့်သုံးပြီးပါပြီ။

ဤသို့လျှင် အသျှင်ကေဋုလိကမထေရ်သည် ဤဂါထာတို့ကို မိန့်ဆိုတော်မူ၏။

ကိုးခုမြောက် ကေဋုလိကတ္ထေရအပဒါန် ပြီး၏။

## ၁၀-ခေါမဒါယကတ္ထေရအပဒါန်

၁၈၄။ ငါသည် ထိုအခါ ဗန္ဓုမတီမြို့၌ ကုန်သည် ဖြစ်ခဲ့ဘူး၏၊ ထိုကုန်သွယ်မှုဖြင့်သာလျှင် သားမယားကို လုပ်ကျွေး၏၊ ကောင်းမှုတည်းဟူသော မျိုးစေ့၏ ပြည့်စုံခြင်းကို စိုက်ပျိုး၏။

၁၈၅။ သတ္တဝါတို့ကို ဆုံးမတော်မူသော ခရီးလပ်းမဂ္ဂ ကြွသွားတော် မူသော ဝိပဿီ မြတ်စွာဘုရားအား ငါသည် တထည်သော ခေါမတိုင်းဖြစ် အဝတ်အထည်ကို ကုသိုလ်အကျိုးငှါ လှူဒါန်း၏။

http://www.dhammadownload.com



၁၈၆။ ဤဘဒ္ဒကမ္ဘာမှ ကိုးဆယ့်တကမ္ဘာထက်၌ ခေါမတိုင်းဖြစ် အဝတ်အထည်ကို လှူဒါန်းခဲ့သည့်အခါမှစ၍ အပါယ်လေးပါး လားရသည်ကို မသိစဘူးပေ၊ ဤသို့ ဖြစ်ရခြင်းသည် ခေါမတိုင်းဖြစ် အဝတ်အထည် လှူဒါန်းရခြင်း၏ အကျိုးပေတည်း။

၁၈၇။ ဤဘဒ္ဒကမ္ဘာမှ တဆယ့်ခုနစ်ကမ္ဘာထက်၌ လေးကျွန်းလုံးကို အစိုးရသည် ဖြစ်၍ ရတနာခုနစ်ပါးနှင့် ပြည့်စုံသော သိန္ဓဝသန္ဓန မည်သော စကြဝတေးမင်းသည် တကြိမ် ဖြစ်ခဲ့ဘူး၏။

၁၈၈။ လေးပါးသော ပဋိသမ္ဘိဒါတို့ကိုရင်း ရှစ်ပါးသော ဤဝိမောက္ခတို့ကိုရင်း ခြောက်ပါးသော အဘိညာဉ်တို့ကိုရင်း မျက်မှောက်ပြုအပ်ပါကုန်ပြီ၊ မြတ်စွာဘုရား၏ အဆုံးအမတော်ကို လိုက်နာကျင့်သုံးပြီးပါပြီ။

ဤသို့လျှင် အသျှင်ခေါမဒါယကမထေရ်သည် ဤဂါထာတို့ကို မိန့်ဆိုတော်မူ၏။

**ဆယ်ခုမြောက် ခေါမဒါယကတ္ထေရအပဒါန် ပြီး၏။**

**သုံးခုမြောက် သုဘူတိဝဂ် ပြီး၏။**

http://www.dhammadownload.com

# ၄-ကုဏ္ဍဓာနဝဂ်

## ၁-ကုဏ္ဍဓာနတ္ထေရအပဒါန်

၁။ အလိုလိုဖြစ်၍ အမြတ်ဆုံးပုဂ္ဂိုလ်လည်းဖြစ်သော ခုနစ်ရက်ပတ်လုံး တပါးတည်း ကိန်းအောင်းတော်မူသော ဘုရားမြတ်ကို ငါသည် ကြည်ညိုဝမ်းမြောက်သောစိတ်ရှိလျက် ခစားဆည်းကပ်ခဲ့၏။

၂။ ကာလကို သိ၍ နိရောဓသမာပတ်မှထသော ပဒုမုတ္တရမြတ်စွာဘုရားကို ငါသည် ကြီးစွာသော ငှက်ပျောခိုင်ကို ယူလျက် ချဉ်းကပ်ခဲ့၏။

၃။ ဘုန်းတော်ခြောက်ပါးရှိတော်မူသော ခပ်သိမ်းသောတရားကို သိသည်ဖြစ်၍ လူတို့၏ ရှေ့သွားဖြစ်တော်မူသော မြတ်စွာဘုရားသည် ခံယူတော်မူ၍ ငါ၏စိတ်ကို ကြည်လင်စေတော်မူလျက် သုံးဆောင်တော်မူ၏။

၄။ ယာဉ်မှူးသဖွယ်ဖြစ်တော်မူသော အတုမရှိသော မြတ်စွာဘုရားသည် သုံးဆောင်တော်မူပြီး၍ မိမိနေရာ၌ ထိုင်တော်မူပြီးလျှင် ဤဆိုမည့်ဂါထာတို့ကို မိန့်တော်မူ၏-

၅။ ဤတောင်၌ နေကုန်သော အကြင်နတ်တို့သည်၎င်း တောကြီး၌ ကြီးပွါးပြီး ကြီးပွါးဆဲသတ်ပင်၌ နေကုန်သော နတ်တို့သည်၎င်း ရှိကုန်၏၊ (ထိုနတ်အများတို့သည်) ငါ၏စကားကို နာကြကုန်လော့—

၆။ အကြင်သူသည် သားကောင်တို့၏ မင်းဖြစ်သော ခြင်္သေ့မင်းကိုကဲ့သို့ ငါ့ဘုရားကို လုပ်ကျွေး၏၊ ထိုသူကို ငါသည် ဗျာဒိတ်စကား ဟောကြားပေအံ့၊ ဟောကြားမည့် ငါ၏စကားကို နာကြကုန်လော့—

၇။ ထိုသူသည် တဆယ့်တကြိမ်တိုင်တိုင်လည်း သိကြားမင်း ဖြစ်လတ္တံ့၊ သုံးဆယ့် လေးကြိမ်တိုင်အောင်လည်း စကြဝတေးမင်း ဖြစ်လတ္တံ့။

၈။ ကမ္ဘာတသိန်းထက်၌ ဩက္ကာကမင်းမျိုး၌ဖြစ်သော အနွယ်အားဖြင့် ဂေါတမ မည်သော မြတ်စွာဘုရားသည် လောက၌ ပွင့်လတ္တံ့။

၉။ သီလရှိသော အာသဝကင်းသော ရဟန္တာတို့ကို ဆဲရေးမိသောကြောင့် မကောင်း မှုကံ၏ အကျိုးအားဖြင့် ကုဏ္ဍဓာနဟူသော အမည်ကို ရလတ္တံ့။

၁၀။ ထိုသူသည် ထိုဂေါတမမြတ်စွာဘုရား၏ တရားတို့၌ တရားအမွေခံ ရင်သွေးဖြစ်၍ ဘုရားတော်က ဖန်ဆင်းအပ်သော ကုဏ္ဍဓာနအမည်ဖြင့် ထင်ရှားသော တပည့်သာဝက ဖြစ်လတ္တံ့။

၁၁။ ငါသည် ဝိဝေကသုံးပါး ပွါးများအားထုတ်လျက် ဈာန်ဝင်စားကာ ဈာန်၌ မွေ့လျော်သည်ဖြစ်၍ မြတ်စွာဘုရားကို နှစ်သက်စေပြီးလျှင် အာသဝကင်းကွာ ရဟန္တာ ဖြစ်၍ နေ၏။

http://www.dhammadownload.com



၁၂။ မြတ်စွာဘုရားသည် ရဟန်းအပေါင်းတို့၏ ရှေ့သွားဖြစ်၍ တပည့်တို့ဖြင့် ခြံရံလျက် ရဟန်းသံဃာအလယ်၌ ထိုင်ပြီးလျှင် စာရေးတံကို ယူစေတော်မူ၏။

၁၃။ ငါသည် လက်ဝဲတဖက် ပခုံးထက်၌ သင်္ကန်းကိုတင်၍ မြတ်စွာဘုရားကို ရှိခိုးပြီးလျှင် သစ္စာလေးပါးတရားကို ဟောပြောသူတို့ထက် မြတ်သော ဘုရားရှင်၏ ရှေ့တော်၌ ရှေးဦးစွာ (စာရေးတံကို) ခံယူ၏။

၁၄။ ထိုကောင်းမှုကံကြောင့် မြတ်စွာဘုရားသည် လောကဓာတ်တသောင်းကို တုန်လှုပ်စေလျက် ရဟန်းသံဃာအလယ်၌ ထိုင်နေပြီးလျှင် ငါ့ကို မြတ်သောအရာ၌ ထားတော်မူ၏။

၁၅။ ငါ၏ ဝီရိယသည် ယောဂ၏ကုန်ရာ (နိဗ္ဗာန်) သို့ပို့ဆောင်တတ်သော ဝန်ဆောင်နွားလားသဖွယ်ဖြစ်၏၊ ငါသည် မြတ်စွာဘုရား သာသနာတော်၌ အဆုံးစွန်ဖြစ်သော ကိုယ်ကို ဆောင်၏။

၁၆။ လေးပါးသော ပဋိသမ္ဘိဒါတို့ကိုလည်း ရှစ်ပါးသော ဤဝိမောက္ခတို့ကိုလည်း ခြောက်ပါးသော အဘိညာဉ်တို့ကိုလည်း မျက်မှောက်ပြုအပ်ပါကုန်ပြီ၊ မြတ်စွာဘုရား၏ အဆုံးအမတော်ကို လိုက်နာကျင့်သုံးပြီးပါပြီ။

ဤသို့လျှင် အသျှင်ကုဏ္ဍဓာနမထေရ်သည် ဤဂါထာတို့ကို မိန့်ဆိုတော်မူ၏။

ရှေးဦးစွာသော ကုဏ္ဍဓာနတ္ထေရအပဒါန် ပြီး၏။

---

## ၂-သာဂတတ္ထေရအပဒါန်

၁၇။ ထို (ပဒုမုတ္တရမြတ်စွာဘုရား ပွင့်တော်မူသော) အခါ ငါသည် အမည်အားဖြင့် သောဘိတအမည်ရှိသော ပုဏ္ဏားဖြစ်၏၊ မိမိတပည့်များ ခြံရံလျက် အရံသို့ သွား၏။

၁၈။ ထိုအခါ ယောကျ်ားမြတ်ဖြစ်တော်မူသော ပဒုမုတ္တရမြတ်စွာဘုရားသည် ရဟန်းအပေါင်း၏ ရှေ့သွားဖြစ်ပြီးလျှင် အရံတံခါးဝမှ ထွက်၍ ရပ်တည်တော်မူ၏။

၁၉။ ငါသည် ကိုယ်တော်တိုင် ယဉ်ကျေးပြီးသည်ဖြစ်၍ ယဉ်ကျေးသူတို့၏ ရှေ့သွားဖြစ်သော ထိုမြတ်စွာဘုရားကို ဖူးမြင်ရ၏၊ ငါသည် မိမိစိတ်ကို ကြည်လင်စေ၍ လူတို့၏ ရှေ့သွားဖြစ်သော မြတ်စွာဘုရားကို ချီးမွမ်း၏။

၂၀။ ခပ်သိမ်းကုန်သော သင်ပင်အားလုံးတို့သည် ရှိကုန်၏၊ ထိုသစ်ပင်တို့သည် မြေ၌ ပေါက်ရောက်ကုန်သကဲ့သို့ ထို့အတူ ကြီးမြတ်သော ပညာရှိသူ သတ္တဝါတို့သည်လည်း မြတ်စွာဘုရားသာသနာတော်၌ ပေါက်ရောက်ကုန်၏။

၂၁။ သီလစသည့်ကျေးဇူးကို ဆည်းပူးရှာမှီးပြီးသော မြတ်စွာဘုရား အရှင်ဘုရားသည် ပညာရှိသော ယာဉ်မှူးဖြစ်ပါပေ၏၊ များစွာသော လူတို့ကိုလည်း လွဲမှားသော ခရီးမှ ထုတ်ဆောင်ကယ်တင်၍ နိဗ္ဗာန်သွားကြောင်း လမ်းမှန်ကို ဟောကြားတော်မူပါပေ၏။

http://www.dhammadownload.com



၂၂။ ကိုယ်တော်တိုင် ယဉ်ကျေးပြီး၍ ယဉ်ကျေးသော ရဟန္တာတို့ဖြင့် ခြံရံအပ်၏၊ ကိုယ်တော်တိုင် ဈာန်ဝင်စားလေ့ရှိသည်ဖြစ်၍ ဈာန်၌ မွေ့လျော်သော ရဟန္တာတို့ဖြင့် ခြံရံအပ်၏၊ ကိုယ်တော်တိုင် အပြင်းအထန် အားထုတ်သည်ဖြစ်၍ နိဗ္ဗာန်သို့ စေလွှတ်အပ်သော စိတ်ရှိသော တာဒိဂုဏ်နှင့် ပြည့်စုံသည်ဖြစ်၍ ကိလေသာမီး ငြိမ်းအေးသော ရဟန္တာတို့ဖြင့် ခြံရံအပ်၏။

၂၃။ ပရိသတ်တို့ဖြင့် တန်ဆာဆင်အပ်သည်ဖြစ်၍ ဘုန်းတော် ဉာဏ်တော်တို့ဖြင့် တင့်တယ်တော်မူ၏၊ အရှင်ဘုရား၏ အရောင်အဝါတော်သည် တက်သစ်စ နေမင်းကဲ့သို့ တဆယ့်နှစ်ယူဇနာတိုင်အောင် ကွန့်မြူးပြေးထွက်၏၊ (ဤသို့ချီးမွမ်း၏)။

၂၄။ သီလစသော ဂုဏ်ကျေးဇူးတို့ ကို ရှာမှီးတတ်သော ပဒုမုတ္တရမြတ်စွာဘုရားသည် ကြည်ညိုသော စိတ်ရှိသော ငါ့ကို မြင်သောကြောင့် ရဟန်းသံဃာအလယ်၌ ရပ်တည်လျက် ဤဆိုမည့်ဂါထာကို မိန့်တော်မူ၏—

၂၅။ အကြင်ပုဏ္ဏားသည် ရွှင်လန်းခြင်းကို ဖြစ်စေ၍ ငါဘုရားကို ချီးမွမ်း၏၊ ထိုပုဏ္ဏားသည် အာယုကပ်တသိန်းတို့ပတ်လုံး နတ်ပြည်၌ မွေ့လျော်ရလတ္တံ့။

၂၆။ တုသိတာနတ်ပြည်မှ စုတေခဲ့၍ ဖြူစင်သောကုသိုလ်အကြောင်းရင်းသည် တိုက်တွန်းအပ်သောကြောင့် ဂေါတမမြတ်စွာဘုရား သာသနာတော်၌ ရဟန်းပြုလတ္တံ့။

၂၇။ ကောင်းစွာပြုအပ်သော ထိုကုသိုလ်ကံကြောင့် အရဟတ္တဖိုလ်ကို ရပေလတ္တံ့၊ အမည်အားဖြင့် သာဂတဟု ထင်ရှားသော မြတ်စွာဘုရား၏ တပည့်သာဝကဖြစ်လတ္တံ့။

၂၈။ ငါသည် ရဟန်းပြု၍ ကိုယ်စိတ်ဖြင့် မကောင်းမှုကို ကြဉ်ရှောင်၏၊ ဝစီဒုစရိုက်ကို စွန့်ပစ်ပယ်ရှား၏၊ အာဇီဝပါရိသုဒ္ဓိသီလကို ထက်ဝန်းကျင် စင်ကြယ်စေ၏။

၂၉။ ဤသို့နေသောငါသည် တေဇောဓာတ်ဝင်စားရာ၌ လိမ္မာသူဖြစ်၍ ခပ်သိမ်းသောအာသဝတို့ကို ပိုင်းခြားသိလျက် အာသဝကင်းကွာ ကိလေသာမရှိပဲ နေရ၏။

၃၀။ လေးပါးသော ပဋိသမ္ဘိဒါတို့ကိုရင်း ရှစ်ပါးသော ဝိမောက္ခတို့ကိုရင်း ခြောက်ပါးသော အဘိညာဉ်တို့ကိုရင်း မျက်မှောက်ပြုအပ်ပါကုန်ပြီ၊ မြတ်စွာဘုရား၏ အဆုံးအမတော်ကို လိုက်နာကျင့်သုံးပြီးပါပြီ။

ဤသို့လျှင် အသျှင်သာဂတမထေရ်သည် ဤဂါထာတို့ကို မိန့်ဆိုတော်မူ၏။

နှစ်ခုမြောက် သာဂတတ္ထေရအပဒါန် ပြီး၏။

---

## ၃-မဟာကစ္စာနတ္ထေရအပဒါန်

၃၁။ ပဒုမုတ္တရမြတ်စွာဘုရား၏ ပဒုမမည်သောကျောင်းတော် ဂန္ဓကုဋီသည် ရှိ၏၊ ထိုကျောင်းတော်ဂန္ဓကုဋီ၌ မြတ်သော ကျောက်ဖြင့်ပြီးသော နေရာပလ္လင်ကို ပြုစေ၍ ရွှေဖြင့် မွမ်းမံလိမ်းကျံ၏။

http://www.dhammadownload.com



၃၂။ ရတနာဖြင့်ပြီးသော ထီးကိုရင်း သားမြီးယပ်ကိုရင်း ထိပ်၌ မိုး၍ လောက၏ အဆွေဖြစ်တော်မူသော တာဒိဂုဏ်နှင့်ပြည့်စုံသော မြတ်စွာဘုရားအား ရှေးရှုတင်ထား ကပ်လှူ၏။

၃၃။ ထိုအခါ မြေ၌ရှိသမျှ နတ်အားလုံးတို့သည် ရတနာဖြင့်ပြီးသော ထီးလှူဒါန်း ရခြင်း၏အကျိုးကို ဟောလတ္တံ့ဟု စည်းဝေးကုန်၏။

၃၄။ ဟောကြားဆဲဖြစ်သော မြတ်စွာဘုရား၏ ထိုတရားအလုံးစုံကို ငါတို့သည် နာကုန်အံ့၊မြတ်စွာဘုရားသာသနာတော်၌ ရွှင်လန်းခြင်းကို လွန်လွန်ကဲကဲ ဖြစ်စေကုန်အံ့ (ဟု စည်းဝေးကုန်၏)။

၃၅။ အမြတ်ဆုံးပုဂ္ဂိုလ်ဖြစ်သော မြတ်စွာဘုရားသည် ရွှေဖြင့်ပြီးသောနေရာ၌ ထိုင် တော်မူပြီးလျှင် ရဟန်းအပေါင်းခြံရံလျက် ဤဆိုမည့်ဂါထာတို့ကို မိန့်တော်မူ၏—

၃၆။ အကြင်သူသည် ရတနာဖြင့်ပြီးသည်ဖြစ်၍ ရွှေဖြင့်မွမ်းမံအပ်သော ဤနေရာ ပလ္လင်ကို လှူဒါန်း၏၊ ထိုလှူဒါန်းသူကို ငါသည် ဗျာဒိတ်စကားကြားပေအံ့၊ ဟောကြား မည့် ငါ၏စကားကို နာကြကုန်လော့—

၃၇။ အာယုကပ်သုံးဆယ်တို့ပတ်လုံး နတ်တို့ကို အစိုးရသည်ဖြစ်၍ သိကြားမင်းအဖြစ် ကို ပြုရလတ္တံ့၊ထက်ဝန်းကျင် ယူဇနာတရာတိုင်အောင် အရောင်ဖြင့် လွှမ်းမိုးလတ္တံ့။

၃၈။ လူ့ပြည်သို့လာ၍ ပဘဿရဟူသောအမည်ဖြင့် စကြဝတေးမင်း ဖြစ်လတ္တံ့၊ ထက်မြက်သော တန်ခိုးရှိသူဖြစ်လတ္တံ့။

၃၉။ ထိုမင်းသည် နေ့၌ရင်း ညဉ့်၌ရင်း တက်သစ်သောနေမင်းကဲ့သို့ ထက်ဝန်းကျင်မှ ရှစ်တောင်တိုင်တိုင် ထွန်းလင်းတောက်ပလတ္တံ့။

၄၀။ ကမ္ဘာတသိန်းထက်၌ ဩက္ကာကမင်းမျိုး၌ဖြစ်သော အမည်အားဖြင့် ဂေါတမ မည်သော မြတ်စွာဘုရားသည် လောက၌ ပွင့်လတ္တံ့။

၄၁။ တုသိတာနတ်ပြည်မှ စုတေ၍ ဖြူစင်သော ကုသိုလ်အကြောင်းရင်းသည် တိုက် တွန်းအပ်သောကြောင့် ကစ္စာနဟူသောအမည်ဖြင့် ပုဏ္ဏားမျိုးဖြစ်လတ္တံ့။

၄၂။ ထိုသူသည် ရဟန်းပြုပြီး၍ အာသဝကင်းကွာ ရဟန္တာဖြစ်လတ္တံ့၊ လောက၌ ထွန်းလင်းတောက်ပသော ဂေါတမ မြတ်စွာဘုရားသည် ထိုသူကို မြတ်သောအရာ၌ ထားလတ္တံ့။

၄၃။ အကျဉ်းမျှမေးအပ်သောပြဿနာကို အကျယ်အားဖြင့် ဖြေဆိုလတ္တံ့၊ထိုပြဿနာ ကို ဖြေဆိုသည်ရှိသော် မေးသောသူ၏ အလိုကိုလည်း ပြည့်ဝစေလတ္တံ့၊ (ဤဂါထာတို့ကို မိန့်တော်မူ၏)။

၄၄။ ငါသည် ကြွယ်ဝသော မဟာသာလမျိုး၌ ဖြာဟ္မဏဖြစ်၍ ဗေဒင်သုံးပုံကို တဖက်ကမ်းရောက် တတ်မြောက်၏၊ ဥစ္စာစပါးတို့ကို စွန့်ပစ်၍ အိမ်ယာမထောင်သော ရဟန်းဘောင်၌ ရဟန်းပြု၏။

http://www.dhammadownload.com



၄၅။ အကျဉ်းအားဖြင့်မေးသော်လည်း အကျယ်အားဖြင့် ငါခဖြေဆိုနိုင်၏၊ ထိုပြဿနာ မေးသောသူတို့၏ အလိုကို ဖြည့်နိုင်၏၊ အခြေနှစ်ချောင်းရှိသူ လူတို့ထက် မြတ်သော မြတ်စွာဘုရားကိုလည်း နှစ်သိမ့်စေနိုင်၏။

၄၆။ ငါသည် နှစ်သိမ့်စေအပ်သော ကြီးသောလုံ့လရှိသော အမြတ်ဆုံးပုဂ္ဂိုလ်ဖြစ်သော မြတ်စွာဘုရားသည် ရဟန်းသံဃာအလယ်၌ ထိုင်တော်မူ၍ ငါ့ကို ဧတဒဂ်အရာ၌ ထားတော်မူ၏။

၄၇။ လေးပါးသော ပဋိသမ္ဘိဒါတို့ကိုရင်း ရှစ်ပါးသော ဤဝိမောက္ခတို့ကိုရင်း ခြောက်ပါးသော အဘိညာဉ်တို့ကိုရင်း မျက်မှောက်ပြုအပ်ပါကုန်ပြီ၊ မြတ်စွာဘုရား၏ အဆုံးအမတော်ကို လိုက်နာကျင့်သုံးပြီးပါပြီ။

ဤသို့လျှင် အသျှင်မဟာကစ္စာနမထေရ်သည် ဤဂါထာတို့ကို မိန့်ဆိုတော်မူ၏။

သုံးခုမြောက် မဟာကစ္စာနတ္ထေရအပဒါန် ပြီး၏။

---

## ၄-ကာဠုဒါယိတ္ထေရအပဒါန်

၄၈-၄၉။ ခရီးရှည် ကြွသွားလှည့်လည်တော်မူသော လူတို့ထက်မြတ်၍ တုဘဒိဂုဏ်နှင့် ပြည့်စုံတော်မူသော နတ်လူတို့၏ဆရာ ဖြစ်သော ပဒုမုတ္တရမြတ်စွာဘုရားအား ထိုအခါ ငါသည် ကောင်းစွာပွင့်သော ပဒုမာကြာပန်းကိုရင်း ကြာညိုပန်းကိုရင်း ကြက်ရုံးပန်းကိုရင်း ကိုင်၍ မွန်မြတ်သောဆွမ်းကို ယူပြီးသော် ပေးလှူခဲ့၏။

၅၀။ ကြီးသောလုံ့လရှိတော်မူသော မြတ်စွာဘုရားသည် မွန်မြတ်သော ဘောဇဉ်ဖြစ်သောဆွမ်းကို သုံးဆောင်တော်မူ၏၊ ထိုပန်းကိုလည်းကိုင်၍ လူအများအား နှစ်လိုစိမ့်သောငှါ ပြတော်မူ၏။

၅၁။ အကြင်သူသည် လောက၌ လိုလား နှစ်သက် မြတ်နိုးအပ်သော ဤမြတ်သော ပဒုမာကြာပန်းကိုရင်း ဤကြက်ရုံးပန်းကိုရင်း ငါ့အား ပေးလှူ၏၊ ထိုပေးလှူသူသည် အလွန်ပြုနိုင်ခဲသောအမှုကို ပြုပေ၏(ဟု နှစ်လိုစိမ့်သောငှါ ပြတော်မူ၏)။

၅၂။ အကြင်သူသည် ငါ့အား ပန်းကို ဆက်ကပ်လှူဒါန်း၏၊ မွန်မြတ်သော ဆွမ်းကိုလည်း ပေးလှူ၏၊ ထိုဆွမ်း ပန်းလှူဒါန်းသူကို ငါသည် ဗျာဒိတ်စကား ဟောကြားပေအံ့၊ ဟောကြားမည့် ငါ၏စကားကို နာကြကုန်လော့—

၅၃-၅၄။ ထိုသူသည် တဆယ့်ရှစ်ကြိမ်တိုင်အောင်လည်း နတ်မင်းအဖြစ်ကို ပြုရလတ္တံ့၊ ထိုသူ၏ ကောင်းမှုကံ၏အကျိုးကြောင့် ကြာညိုပန်း ပဒုမာကြာပန်းသည်ရင်း ထိုထက်အလွန် ကြက်ရုံးပန်းသည်ရင်း နတ်၌ဖြစ်သော အခိုးအထုံနှင့်ယှဉ်သည်ဖြစ်၍ ကောင်းကင်၌ အမိုးကိုပြုလျက် ထိုအခါ၌ ဆောင်းမိုးထားလတ္တံ့။

၅၅။ နှစ်ဆယ့်ငါးကြိမ် တိုင်အောင် စကြဝတေးမင်း ဖြစ်ရလတ္တံ့၊ အကြိမ်ငါးရာ ဇေရာဇ်မင်းဖြစ်၍ မြေကို စိုးအုပ်ရလတ္တံ့။

http://www.dhammadownload.com



၅၆။ ကမ္ဗောဇတိုင်းထွက်၌ ဖြစ်သောကမင်းမျိုး၌ဖြစ်သော အနွယ်အားဖြင့် ဇေါတမဟူသော အမည်ရှိသော မြတ်စွာဘုရားသည် လောက၌ ပွင့်လတ္တံ့။

၅၇။ မိမိကုသိုလ်မှု၌ အားထုတ်ပြီးဖြစ်သော ထိုသူသည် ဖြူစင်သော ကုသိုလ်အကြောင်းရင်းသည် တိုက်တွန်းအပ်သောကြောင့် သာကီဝင်မင်းတို့၏ နှစ်သက်ခြင်းကို ဖြစ်စေတတ်သော ထင်ရှားသော ဆွေတော်မျိုးတော်အမတ်သည် ဖြစ်လတ္တံ့။

၅၈။ ထိုသူသည် နောက်ကာလ၌ ရဟန်းပြုပြီး၍ ဖြူစင်သော ကုသိုလ် အကြောင်းရင်းသည် တိုက်တွန်းအပ်သောကြောင့် ခပ်သိမ်းသော အာသဝတရားတို့ကို ပိုင်းခြားသိပြီးလျှင် အာသဝ(ကိလေသာ) မရှိမူ၍ ပရိနိဗ္ဗာန်ဝင်စံလတ္တံ့။

၅၉။ ပဋိသမ္ဘိဒါသို့ရောက်သော မဂ်ကိစ္စပြုပြီးသည်ဖြစ်၍ အာသဝမရှိသော ထိုရဟန်းကို လောက၏ အဆွေဖြစ်တော်မူသော ဂေါတမမြတ်စွာဘုရားသည် တေဒဂ်အရာ၌ ထားလတ္တံ့။

၆၀။ ကမ္မဋ္ဌာန်း စီးဖြန်းအားထုတ်မှုဖြင့် နိဗ္ဗာန်သို့ စေလွှတ်အပ်သော စိတ်ရှိသော ထိုရဟန်းသည် ငြိမ်းအေးသည်ဖြစ်၍ ကိလေသာဥပဓိကင်းသော အမည်အားဖြင့် ဥဒါယီဟု ထင်ရှားသော မြတ်စွာဘုရား၏ တပည့်သာဝကဖြစ်လတ္တံ့. (ဟု မိန့်တော်မူ၏)။

၆၁။ ငါသည် ရာဂ ဒေါသ မောဟကိုရင်း ထောင်လွှားမှု 'မာန'နှင့် ကျေးဇူးချေဖျက်မှု 'မက္ခ'ကိုရင်း ဖျက်ဆီးအပ်၏ ခပ်သိမ်းသော အာသဝတရားတို့ကို ပိုင်းခြားသိလျက် အာသဝကင်းကွာ ကိလေသာမရှိပဲ နေရ၏။

၆၂။ အပြင်းအထန် အားထုတ်သည်ဖြစ်၍ ရင့်ကျက်သော ပညာရှိသော ငါသည် မြတ်စွာဘုရားကိုလည်း နှစ်သက်စေ၏၊ ကြည်လင်စေအပ်သော မြတ်စွာဘုရားသည်လည်း ငါ့ကို တေဒဂ်အရာ၌ ထားတော်မူ၏။

၆၃။ လေးပါးသော ပဋိသမ္ဘိဒါတို့ကိုရင်း ရှစ်ပါးသော ဝိမောက္ခတို့ကိုရင်း ခြောက်ပါးသော အဘိညာဉ်တို့ကိုရင်း မျက်မှောက်ပြုအပ်ပါကုန်ပြီ၊ မြတ်စွာဘုရား၏ အဆုံးအမတော်ကို လိုက်နာကျင့်သုံးပြီးပါပြီ။

ဤသို့လျှင် အသျှင်ကာဠုဒါယီမထေရ်သည် ဤဂါထာတို့ကို မိန့်ဆိုတော်မူ၏။

လေးခုမြောက် ကာဠုဒါယိတ္ထေရအပဒါန် ပြီး၏။

---

## ၅-မောဃရာဇတ္ထေရအပဒါန်

၆၄။ အလိုလိုဖြစ်တော်မူသော တပါးသော ရန်သူတို့သည် မအောင်အပ်သော အတ္ထဒဿီ မြတ်စွာဘုရားသည် ရဟန်း အပေါင်းခြံရံလျက် ရထားလမ်းမ၌ ကြွတော်မူ၏။

၆၅။ ငါသည် တပည့်တို့ဖြင့် ထက်ဝန်းကျင်ခြံရံလျက် အိမ်မှ ထွက်ခဲ့၏၊ အိမ်မှထွက်ခဲ့လတ်သော် ထိုရထားလမ်းမ၌ပင် မြတ်စွာဘုရားကို ဖူးမြင်ရ၏။

http://www.dhammadownload.com



၆၆။ ငါသည် ဦးထိပ်၌ လက်အုပ်ချီလျက် မြတ်စွာဘုရားကို ရှိခိုးပြီးလျှင် မိမိစိတ်ကို ကြည်လင်စေ၍ မြတ်စွာဘုရားကို ချီးမွမ်း၏။

၆၇။ ရုပ်ရှိသောသတ္တဝါ ရုပ်မရှိသောသတ္တဝါ ရှိသမျှအားလုံးတို့သည် အသျှင်ဘုရား၏ ဉာဏ်တော်အတွင်း၌ စုဝေးကုန်သည် ဖြစ်ကုန်၏။

၆၈။ တံငါသည်သည် ကွန်ရက်စိပ်ဖြင့် ရေကို ဖုံးလွှမ်းပစ်ချရာ၏၊ ထိုအခါ ရေ၌ ရှိသမျှ သတ္တဝါအားလုံးတို့သည် ကွန်ရက်စိပ်အတွင်း၌ ဖြစ်ကုန်၏။

၆၉။ စိတ်စေတနာရှိသောသတ္တဝါ ရုပ်ရှိသောသတ္တဝါ ရုပ်မရှိသောသတ္တဝါအားလုံး တို့သည် အသျှင်ဘုရား၏ ဉာဏ်တော်(ကွန်ရက်)အတွင်း၌ စုဝေးကုန်၏။

၇၀။ အမိုက်မှောင်ဖြင့် နှောင့်ယှက်သော ဤလောကကို အသျှင်ဘုရားသည် ထုတ်ဆောင်ကယ်တင်တော်မူ၏၊ ထိုသတ္တဝါတို့သည် အသျှင်ဘုရား၏ တရားတော်ကို ကြားနာရသောကြောင့် ယုံမှားခြင်းအယဉ်ကို ကူးမြောက်နိုင်ကုန်၏။

၇၁။ အဝိဇ္ဇာမှောင်ဖြင့် ဖုံးအုပ်၍ အမိုက်တိုက်ဖြင့် လွှမ်းဖိထားသော လောက၌ အသျှင်ဘုရား၏ ဉာဏ်တော် ကွန့်မြူးတောက်ပသည်ရှိသော် အမိုက်မှောင်တို့သည် ပျက်စီးကုန်၏။

၇၂။ အသျှင်ဘုရားသည် ကြီးစွာသော အမိုက်ကို ပယ်ဖျောက်တတ်သည်ဖြစ်၍ ခပ်သိမ်းသောသူတို့၏ မျက်စိသဖွယ်ဖြစ်ပါ၏၊ လူအများသည် အသျှင်ဘုရား၏ တရားတော်ကို နာရသောကြောင့် ငြိမ်းအေး၏ (ဟု ချီးမွမ်း၏)။

၇၃။ ပျားကောင်မရှိသော ပျားငယ်ရည်ကို အိုးခွက်၌ ပြည့်စေပြီးလျှင် လက်နှစ်ဖက်တို့ဖြင့် ချီယူလျက် မြတ်စွာဘုရားအား ကပ်လှူ၏။

၇၄။ ကြီးသောလုံ့လရှိတော်မူသော မြတ်စွာဘုရားသည် မိမိလက်တော်ဖြင့် ခံယူတော်မူ၏၊ ခပ်သိမ်းသော တရားတို့ကို သိတော်မူသော မြတ်စွာဘုရားသည် ထိုပျားငယ်ရည်ကို ဘုဉ်းပေးသုံးဆောင်ပြီး၍ ငှက်တို့၏ရှင်မြူးရာဖြစ်သော ကောင်းကင်သို့လည်း ပျံတက်တော်မူ၏။

၇၅။ လူတို့ထက်မြတ်သော အတ္ထဒဿီမြတ်စွာဘုရားသည် ကောင်းကင်၌ တည်တော်မူပြီးလျှင် ငါ၏စိတ်ကို ကြည်လင်စေလျက် ဤဆိုမည့်ဂါထာတို့ကို မိန့်တော်မူ၏ —

၇၆။ အကြင်သူသည် ဤဉာဏ်တော်ကို ချီးမွမ်းအပ်၏၊ ဘုရားမြတ်ကိုလည်း ချီးမွမ်းအပ်၏၊ ထိုသူသည် ထိုချီးမွမ်းရသောစိတ်၏ ကြည်လင်မှုကြောင့် အပါယ်လေးပါးသို့ မရောက်နိုင်။

၇၇။ ထိုသူသည် တဆယ့်လေးကြိမ် နတ်မင်းအဖြစ်ကို ပြုရလတ္တံ့၊ အကြိမ်ရှစ်ရာ ကေရာဇ်မင်းဖြစ်၍ မြေအပြင်ကို စိုးအုပ်ရလတ္တံ့။

၇၈။ အကြိမ်ငါးရာ စကြဝတေးမင်းဖြစ်ရလတ္တံ့၊ မြေအပြင်၌ ပဒေသရာဇ်မင်းအဖြစ်ကိုကား မရေတွက်နိုင်အောင် ပြုရလတ္တံ့။

http://www.dhammadownload.com



၇၉။ ဗေဒင်ကို သရဇ္ဈာယ်၍ ဗေဒင်ကိုဆောင်လျက် ဗေဒင်သုံးပုံတို့၏ တဖက်ကမ်းသို့ ရောက်သောရသေ့ဖြစ်၍ ဂေါတမမြတ်စွာဘုရား သာသနာတော်၌ ရဟန်းပြုရလတ္တံ့။

၈၀။ နက်နဲသိမ်မွေ့သောအနက်ကို မိမိဉာဏ်ဖြင့် စူးစမ်းဆင်ခြင်လတ္တံ့၊ မောဃရာဇ ဟူသောအမည်ဖြင့် မြတ်စွာဘုရား၏တပည့် သာဝကဖြစ်လတ္တံ့။

၈၁။ သုံးပါးသော ဝိဇ္ဇာတို့နှင့် ပြည့်စုံသော မဂ်ကိစ္စပြုပြီးသည်ဖြစ်၍ အာသဝမရှိသော မောဃရာဇမထေရ်ကို မြတ်သော ယာဉ်မှူးသဖွယ် ဖြစ်သော ဂေါတမမြတ်စွာဘုရားသည် ဧတဒဂ်အရာ၌ ထားလတ္တံ့။

၈၂။ ငါသည် လူ၌ဖြစ်သော ကာမယောဂစသည်ကို ပယ်စွန့်၍ ဘဝသံယောဇဉ်ကို ဖြတ်လျက် ခပ်သိမ်းသော အာသဝတရားတို့ကို ပိုင်းခြားသိပြီးလျှင် အာသဝ (ကိလေသာ) မရှိပဲ နေရ၏။

၈၃။ လေးပါးသော ပဋိသမ္ဘိဒါတို့ကိုရင်း ရှစ်ပါးသော ဝိမောက္ခတို့ကိုရင်း ခြောက်ပါးသော အဘိညာဉ်တို့ကိုရင်း မျက်မှောက်ပြုအပ်ပါကုန်ပြီ၊ မြတ်စွာဘုရား၏ အဆုံးအမ တော်ကို လိုက်နာကျင့်သုံးပြီးပါပြီ။

ဤသို့လျှင် အသျှင်မောဃရာဇမထေရ်သည် ဤဂါထာတို့ကို မိန့်ဆိုတော်မူ၏။

ငါးခုမြောက် မောဃရာဇထေရအပဒါန် ပြီး၏။

---

## ၆-အဓိမုတ္တထေရအပဒါန်

၈၄။ လူတို့၏ ကိုးကွယ်ရာ ဖြစ်သော လူတို့ထက် မြတ်သော အတ္ထဒဿီ မြတ်စွာဘုရားသည် ပရိနိဗ္ဗာန် စံတော်မူသည်ရှိသော် ငါသည် အထူးကြည်ညိုသော စိတ်ဖြင့် ရဟန်းသံဃာကို လုပ်ကျွေးခဲ့၏။

၈၅။ ငါသည် ဖြောင့်မတ် တည်ကြည်သော ရဟန်းသံဃာကို ပင့်ဖိတ်၍ ကြံဖြင့် မဏ္ဍပ်ကို ဆောက်ပြီးလျှင် သံဃာတော်မြတ်ကို ဆွမ်းကျွေးခဲ့၏။

၈၆။ ကပ်ရောက်ရတိုင်းသော လူအဖြစ် နတ်အဖြစ် ဟူသမျှတို့၌ ငါသည် ခပ်သိမ်း သော သတ္တဝါတို့ကို ဂုဏ်အားဖြင့် လွှမ်းမိုးရ၏၊ ဤသို့ဖြစ်ရခြင်းသည် ကောင်းမှုကံ၏ အကျိုးပေတည်း။

၈၇။ တဆောင့်ရှစ်ရာသော ကမ္ဘာထက်၌ အလှူ ပေးလှူခဲ့သော အခါမှစ၍ အပါယ်လေးပါး လားရသည်ကို မသိစဘူးပေ၊ ဤသို့ ဖြစ်ရခြင်းသည် ကြံလှူရခြင်း၏ အကျိုးပေတည်း။

၈၈။ လေးပါးသော ပဋိသမ္ဘိဒါတို့ကိုရင်း ရှစ်ပါးသော ဝိမောက္ခတို့ကိုရင်း ခြောက် ပါးသော အဘိညာဉ်တို့ကိုရင်း မျက်မှောက်ပြုအပ်ပါကုန်ပြီ၊ မြတ်စွာဘုရား၏ အဆုံးအမ တော်ကို လိုက်နာ ကျင့်သုံးပြီးပါပြီ။

ဤသို့လျှင် အသျှင်အဓိမုတ္တမထေရ်သည် ဤဂါထာတို့ကို မိန့်ဆိုတော်မူ၏။

ခြောက်ခုမြောက် အဓိမုတ္တထေရအပဒါန် ပြီး၏။

http://www.dhammadownload.com



## ၇-လသုဏဒါယကတ္ထေရအပဒါန်

၇၉။ ထိုအခါ ပဗ္ဗတတ္တ္ထာ တောင်၏အနီးအရပ်၌ ငါသည် ရသေ့ဖြစ်ဘူး၏၊ ငါသည် ကြက်သွန်ဖြူကို မှီ၍ အသက်မွေးခဲ့၏၊ ငါ၏အစာကား ကြက်သွန်ဖြူပင်တည်း။

၈၀။ ငါသည် လေးတင်းဝင်ပုတ်တို့ကို ကြက်သွန်ဖြူဖြင့် ပြည့်စေလျက် သံဃအရံသို့ သွား၏၊ ရွှင်လန်းသည်ဖြစ်၍ ရွှင်ပျသောစိတ်ဖြင့် သံဃာအား ကြက်သွန်ဖြူကို ပေးလှူခဲ့၏။

၈၁။ ငါသည် လူတို့ထက် မြတ်သော ဝိပဿီ မြတ်စွာဘုရား၏ သာသနာတော်၌ အကြွင်းမဲ့မွေ့လျော်သော သံဃာအား ကြက်သွန်ဖြူကို ပေးလှူရသောကြောင့် ကမ္ဘာပတ်လုံး နတ်ပြည်၌ မွေ့လျော်ရ၏။

၈၂။ ဤဘဒ္ဒကမ္ဘာမှ ကိုးဆယ့်တကမ္ဘာသက်၌ အကြင်ကြက်သွန်ဖြူ လှူဒါန်းရသောအခါမှစ၍ အပါယ်လေးပါး လားရသည်ကို မသိစဖူးပေ၊ ဤသို့ဖြစ်ရခြင်းသည် ကြက်သွန်ဖြူ လှူဒါန်းရခြင်း၏ အကျိုးပေတည်း။

၈၃။ လေးပါးသော ပဋိသမ္ဘိဒါတို့ကိုရင်း ရှစ်ပါးသော ဤဝိမောက္ခတို့ကိုရင်း ခြောက်ပါးသော အဘိညာဉ်တို့ကိုရင်း မျက်မှောက်ပြုအပ်ပါကုန်ပြီ၊ မြတ်စွာဘုရား၏ အဆုံးအမတော်ကို လိုက်နာကျင့်သုံးပြီးပါပြီ။

ဤသို့လျှင် အသျှင်လသုဏဒါယကမထေရ်သည် ဤဂါထာတို့ကို မိန့်ဆိုတော်မူ၏။

ခုနစ်ခုမြောက် လသုဏဒါယကတ္ထေရအပဒါန် ပြီး၏။

---

## ဂ-အာယာဂဒါယကတ္ထေရအပဒါန်

၈၄။ ဘုရားဟု ဝန်ခံ ပြောကြားသူတို့၏ အလယ်၌ ထူးမြတ်တော်မူသော သိခီ မြတ်စွာဘုရားသည် ပရိနိဗ္ဗာန်ပြုသည်ရှိသော် ငါသည် ရွှင်လန်းသည် ဖြစ်၍ ရွှင်ပျသော စိတ်ဖြင့် မြတ်သော ပုထိုးစေတီကို ရှိခိုး၏။

၈၅။ ထိုအခါ၌ ငါသည် လက်သမားတို့ကို ဆွမ်းစားကျောင်း၏ ပမာဏကို ပြောကြားစေ၍ အဘိုးလက္ခကို ပေးပြီးလျှင် ရွှင်လန်းသည် ဖြစ်၍ ရွှင်ပျသော စိတ်ဖြင့် ရှည်လျားသော ဆွမ်းစားကျောင်းကို ဆောက်စေခဲ့၏။

၈၆။ ငါသည် ရှစ်ကမ္ဘာတို့ပတ်လုံး နတ်ပြည်တို့၌ (လူ့ဘဝနှင့်) မရောမပြွမ်းမူ၍ နေရ၏၊ ကြွင်းသော ကမ္ဘာတို့၌ ငါသည် လူ့ဘဝနတ်ဘဝရောပြွမ်းလျက် ကျင်လည်ရ၏။

၈၇။ ငါ၏ ကိုယ်၌ အဆိပ်သည် မတက် မပြန့်၊ လက်နက်တို့သည် ငါ့အား မခွဲမရှကုန်၊ ငါသည် ရေ၌ မသေရ၊ ဤသို့ဖြစ်ရခြင်းသည် ရှည်လျားသော ဆွမ်းစားကျောင်း လှူရခြင်း၏ အကျိုးပေတည်း။

---

၁။ အဋ္ဌကထာ၌ ရတ္တလသုဏ ဟု အဖွင့်ရှိ၏။

http://www.dhammadownload.com



၉၈။ ငါသည် မိုးကို အကယ်၍ အလိုရှိသည်ဖြစ်အံ့၊ မိုးကြီးသည် ရွာသွန်း၏၊ နတ်တို့သည်လည်း ငါ၏အလိုသို့ လိုက်ရကုန်၏၊ ဤသို့ ဖြစ်ရခြင်းသည် ကောင်းမှုကံ၏ အကျိုးပေတည်း။

၉၉။ ငါသည် ရတနာခုနစ်ပါးနှင့် ပြည့်စုံသော စကြာမင်းသည် အကြိမ်သုံးဆယ် ဖြစ်ရ၏၊ ငါ့ကို တစုံတယောက်သော သူတို့သည် မထီမဲ့မြင် မပြုဝံ့ကုန်၊ ဤသို့ ဖြစ်ရခြင်းသည် ကောင်းမှုကံ၏ အကျိုးပေတည်း။

၁၀၀။ ဤဘဒ္ဒကမ္ဘာမှ သုံးဆယ့်တကမ္ဘာထက်၌ ဆွမ်းစားကျောင်းရှည်ကို ဆောက်လုပ် လှူဒါန်းရသော အခါမှစ၍ အပါယ်လေးပါး လားရသည်ကို မသိစဘူးပေ၊ ဤသို့ ဖြစ်ရခြင်းသည် ရှည်လျားသော ဆွမ်းစားကျောင်း လှူရခြင်း၏ အကျိုးပေတည်း။

၁၀၁။ လေးပါးသော ပဋိသမ္ဘိဒါတို့ကိုရင်း ရှစ်ပါးသော ဝိမောက္ခတို့ကိုရင်း ခြောက်ပါးသော အဘိညာဉ်တို့ကိုရင်း မျက်မှောက်ပြုအပ်ပါကုန်ပြီ၊ မြတ်စွာဘုရား၏ အဆုံးအမတော်ကို လိုက်နာကျင့်သုံးပြီးပါပြီ။

ဤသို့လျှင် အသျှင်အာယာဂဒါယကမထေရ်သည် ဤဂါထာတို့ကို မိန့်ဆိုတော်မူ၏။

ရှစ်ခုမြောက် အာယာဂဒါယကတ္ထေရအပဒါန် ပြီး၏။

---

## ၉-ဓမ္မစက္ကိကတ္ထေရအပဒါန်

၁၀၂။ သိဒ္ဓတ္ထမြတ်စွာဘုရား၏ နေရာတော်မြတ်၏ ရှေ့မျက်မှောက်၌ ကောင်းစွာ ပြုလုပ်အပ်သည်ဖြစ်၍ ပညာရှိတို့ ချီးမွမ်းအပ်သော ခြင်္သေ့ရုပ် တပ်ဆင်သော တရားစကြာကို ငါသည် ထားလှူအပ်၏။

၁၀၃။ ငါသည် ရထားဗိုလ်ပါ ဆင်ယာဉ်စသည်တို့နှင့်တကွဖြစ်လျက် ရွှေအဆင်းကဲ့သို့ အဆင်းရှိသည်ဖြစ်၍ တင့်တယ်၏၊ များစွာသော လူတို့သည် ငါ့နောက်သို့ လိုက်လျက် အမြဲခြံရံကုန်၏။

၁၀၄။ ငါသည် အခါခပ်သိမ်း ခြောက်သောင်းသော တူရိယာတို့ဖြင့် ကွန့်မြူးစမွေယ်ရ၏၊ အခြံအရံဖြင့် တင့်တယ်၏၊ ဤသို့ဖြစ်ရခြင်းသည် ကောင်းမှုကံ၏ အကျိုးပေတည်း။

၁၀၅။ ဤဘဒ္ဒကမ္ဘာမှ ကိုးဆယ့်လေးကမ္ဘာထက်၌ ခြင်္သေ့ရုပ် တပ်ဆင်သော တရားစကြာကို ထားလှူခဲ့သော အခါမှစ၍ အပါယ်လေးပါး လားရသည်ကို မသိစဘူးပေ၊ ဤသို့ ဖြစ်ရခြင်းသည် တရားစကြာ လှူရခြင်း၏ အကျိုးပေတည်း။

၁၀၆။ ဤဘဒ္ဒကမ္ဘာမှ တဆယ့်တကမ္ဘာထက်၌ သဟဿရာဇအမည်ဖြင့် များသော အားရှိသည်ဖြစ်၍ လူတို့ကို အစိုးရသော စကြဝတေးမင်းတို့သည် ရှစ်ကြိမ် တိုင်တိုင် ဖြစ်ခဲ့ရကုန်၏။

http://www.dhammadownload.com



၁၀၇။ လေးပါးသော ပဋိသမ္ဘိဒါတို့ကိုရင်း ရှစ်ပါးသော ဤဝိမောက္ခတို့ကိုရင်း ခြောက်ပါးသော အဘိညာဉ်တို့ကိုရင်း မျက်မှောက်ပြုအပ်ပါကုန်ပြီ၊ မြတ်စွာဘုရား၏ အဆုံးအမတော်ကို လိုက်နာကျင့်သုံးပြီးပါပြီ။

ဤသို့လျှင် အသျှင်ဓမ္မစက္ကိကမထေရ်သည် ဤဂါထာတို့ကို မိန့်ဆိုတော်မူ၏။

ကိုးခုမြောက် ဓမ္မစက္ကိကတ္ထေရအပဒါန် ပြီး၏။

---

## ၁၀-ကပ္ပရုက္ခိယတ္ထေရအပဒါန်

၁၀၈။ ငါသည် သိဒ္ဓတ္ထမြတ်စွာဘုရား၏ ပုထိုးစေတီတော်မြတ်၏ ရှေ့မျက်မှောက်၌ ဆန်းကြယ်သော ပုဆိုးတို့ကို ဆွဲချိတ်၍ ပဒေသာပင်ကို ထားလှူခဲ့၏။

၁၀၉။ ငါကပ်ရောက်ရတိုင်းသော နတ်အဖြစ် လူ့အဖြစ်ဟူသမျှတို့၌ ပဒေသာပင်တို့သည် ငါ၏အိမ်တံခါးကို တင့်တယ်စေလျက် တည်၏။

၁၁၀။ ငါနှင့် ငါ့ကို မှီနေသည့် ပရိသတ်ဖြစ်သော ငါတို့အားလုံးသည် ထိုပဒေသာပင်မှ ပုဆိုးကိုယူ၍ အခါခပ်သိမ်း ဝတ်ဆင်ရကုန်၏။

၁၁၁။ ဤဘဒ္ဒကမ္ဘာမှ ကိုးဆယ့်လေးကမ္ဘာထက်၌ ပဒေသာပင်ကို ထားလှူခဲ့သည့် အခါမှစ၍ ငါသည် အပါယ်လေးပါး လားရသည်ကို မသိစဖူးပေ၊ ဤသို့ ဖြစ်ရခြင်းသည် ပဒေသာပင် လှူရခြင်း၏ အကျိုးပေတည်း။

၁၁၂။ ဤဘဒ္ဒကမ္ဘာမှ ခုနစ်ကမ္ဘာထက်၌ ရတနာခုနစ်ပါးနှင့် ပြည့်စုံသည်ဖြစ်၍ များမြတ်သည့် အားရှိသော သုစေဋ္ဌမည်သော စကြဝတေးမင်းတို့သည် ရှစ်ကြိမ်တိုင်တိုင် ဖြစ်ဘူးကုန်၏။

၁၁၃။ လေးပါးသော ပဋိသမ္ဘိဒါတို့ကိုရင်း ရှစ်ပါးသော ဤဝိမောက္ခတို့ကိုရင်း ခြောက်ပါးသော အဘိညာဉ်တို့ကိုရင်း မျက်မှောက်ပြုအပ်ပါကုန်ပြီ။ မြတ်စွာဘုရား၏ အဆုံးအမတော်ကို လိုက်နာကျင့်သုံးပြီးပါပြီ။

ဤသို့လျှင် အသျှင်ကပ္ပရုက္ခိယမထေရ်သည် ဤဂါထာတို့ကို မိန့်ဆိုတော်မူ၏။

ဆယ်ခုမြောက် ကပ္ပရုက္ခိယတ္ထေရအပဒါန် ပြီး၏။

**လေးခုမြောက် ကုဏ္ဍဓာနဝဂ် ပြီး၏။**

http://www.dhammadownload.com

# ၅-ဥပါလိဝဂ်

## ၁-ဘဒ္ဒါဂိနေယျုပါလိတ္ထေရအပဒါန်

၁။ ရဟန္တာတထောင်တို့ဖြင့် ခြံရံအပ်သည်ဖြစ်၍ လူတို့ကို နိဗ္ဗာန်သို့ ပို့ဆောင်တတ်သော ထိုမြတ်စွာဘုရားသည် ဝိဝေကကို အားထုတ်လျက် တပါးတည်း ကိန်းအောင်းအံ့သောငှါ ကြွတော်မူ၏။

၂။ သစ်နက်ရေဖြင့် ဝတ်သော သစ်သားသုံးခွကို ဆောင်သော ငါသည် ရဟန်းအပေါင်းခြံရံသော မြတ်စွာဘုရားကို ဖူးမြင်ရ၏။

၃။ ငါသည် လက်ဝဲတဖက် ပခုံးထက်၌ သစ်နက်ရေကို (တင်သည်ကို) ပြု၍ ဦးခေါင်း၌ လက်အုပ်ချီလျက် လူတို့ကို နိဗ္ဗာန်သို့ ပို့ဆောင်တတ်သော မြတ်စွာဘုရားကို အလွန်ရှိသေစွာ ရှိခိုး၍ ချီးမွမ်း၏။

၄။ အကြင်အခြင်းအရာအားဖြင့် အဥ္စ၌ဖြစ်သောသတ္တဝါ အညှိ၌ဖြစ်သောသတ္တဝါ ကိုယ်ထင်ရှားဖြစ်သောသတ္တဝါ ကလလရေကြည် (သူငယ်အိမ်)၌ ဖြစ်သောသတ္တဝါ ငှက်စသော (ဤ) သတ္တဝါအားလုံးတို့သည် အခါခပ်သိမ်း ကောင်းကင်၌ လှည့်လည်သွားကုန်၏။

၅။ အလုံးစုံ သညာရှိသောသတ္တဝါ သညာမရှိသောသတ္တဝါတို့သည် ရှိကုန်၏၊ ထိုခပ်သိမ်းသော သတ္တဝါတို့သည် ရှင်တော်ဘုရား၏ ဉာဏ်တော်တွင်း၌ စုဝေးကုန်၏။

၆။ တောင်၌ ဖြစ်ကုန်သော အကြင်နံ့သာတို့သည်ရင်း ဟိမဝန္တာတောင်မြတ်၌ ဖြစ်သော အကြင်နံ့သာတို့သည်ရင်း ရှိကုန်၏၊ ထိုနံ့သာအားလုံးတို့သည် အရှင်ဘုရား၏ သီလ၌ တစိတ်မျှဖြင့်လည်း မယှဉ်သင့်ကုန်။

၇။ နတ်နှင့်တကွသော ဤလောကသည် မောဟတည်းဟူသော အမိုက်တိုက်သို့ ပြေးဝင်၏၊ အသျှင်ဘုရား၏ ဉာဏ်တော်သည် တောက်ပသည်ရှိသော် အမိုက်တိုက်တို့သည် ပျက်စီးကုန်၏။

၈။ နေဝင်လတ်သော် သတ္တဝါတို့သည် အမိုက်တိုက်သို့ ရောက်ကုန်သကဲ့သို့ ဤအတူ ဘုရားမပွင့်လတ်သော် လူအပေါင်းသည် အမိုက်တိုက်သို့ ရောက်ရ၏။

၉။ ရှင်တော်မြတ်ဘုရား တက်သစ်သောနေမင်းသည် အမိုက်တိုက်ကို အခါခပ်သိမ်း ပယ်ဖျောက်သကဲ့သို့ ထို့အတူသာလျှင် အသျှင်ဘုရားသည်လည်း အမိုက်တိုက်ကို အခါခပ်သိမ်း ပယ်ဖျောက်တော်မူ၏။

၁၀။ မြတ်စွာဘုရားသည် နတ်နှင့်တကွသော လောက၌ အားထုတ်မှုဖြင့် နိဗ္ဗာန်သို့ စေလွှတ်အပ်သော စိတ်ရှိတော်မူ၏၊ အသျှင်ဘုရားသည် အသျှင်ဘုရား၏ အားထုတ်အပ်သော ဗုဒ္ဓကိစ္စဖြင့် များစွာသောလူအပေါင်းကို နှစ်သက်စေတော်မူ၏၊ (ဤသို့ ချီးမွမ်း၏)။

http://www.dhammadownload.com



၁၁။ ကြီးသောပညာရှိသော ပဒုမုတ္တရမြတ်စွာဘုရားသည် ကောင်းကင်၌ ဟင်္သာမင်းကဲ့သို့ ကောင်းကင်သို့ ပျံတက်တော်မူ၏။

၁၂။ လူနတ်တို့၏ ဆရာဖြစ်တော်မူသော သစ္စာလေးပါးတရားကို ကိုယ်တိုင်သိတော်မူသော ပဒုမုတ္တရမြတ်စွာဘုရားသည် ပျံတက်တော်မူ၍ ကောင်းကင်၌ ရပ်တည်ပြီးလျှင် ဤဆိုမည့်ဂါထာတို့ကို မိန့်တော်မူ၏—

၁၃။ အကြင်ရသေ့သည် ဥပမာတို့နှင့် ကောင်းစွာယှဉ်လျက် ဤဉာဏ်တော်ကို ချီးမွမ်းအပ်၏၊ ထိုရသေ့ကို ငါသည် ဗျာဒိတ်စကား ပြောကြားပေအံ့၊ ဟောကြားမည့် ငါ၏စကားကို နာကြကုန်လော့—

၁၄။ ထိုရသေ့သည် တဆယ့်ရှစ်ကြိမ်တိုင်အောင် သိကြားမင်း ဖြစ်ရလတ္တံ့၊ အကြိမ်သုံးရာ ကေရာဇ်မင်းဖြစ်၍ မြေအပြင်ကို စိုးအုပ်ရလတ္တံ့။

၁၅။ နှစ်ဆယ့်ငါးကြိမ် စကြဝတေးမင်း ဖြစ်ရလတ္တံ့၊ပြန့်ပြောသော ပဒေသရာဇ်မင်း အဖြစ်သည်ကား ဂဏန်းအားဖြင့် မရေတွက်နိုင်။

၁၆။ ကမ္ဘာတသိန်းထက်၌ ဩက္ကာကမင်းမျိုး၌ဖြစ်သော အနွယ်အားဖြင့် ဂေါတမ မည်သော မြတ်စွာဘုရားသည် လောက၌ ဖြစ်လတ္တံ့။

၁၇။ တုသိတာနတ်ပြည်မှ စုတေ၍ ဖြူစင်သော ကုသိုလ်အကြောင်းရင်းသည် တိုက်တွန်းအပ်သောကြောင့် ဇာတ်အားဖြင့် ယုတ်ညံ့သည်ဖြစ်လျက် ဥပါလိမည်သော ဆတ္တာသည် ဖြစ်လတ္တံ့။

၁၈။ ထိုသူသည် ရဟန်းပြုပြီး၍ မကောင်းမှုကို ပယ်ခွါ၍ ခပ်သိမ်းသော အာသဝတို့ကို ပိုင်းခြားသိပြီးလျှင် အာသဝ (ကိလေသာ) မရှိပဲ ပရိနိဗ္ဗာန် ပြုလတ္တံ့(ငြိမ်းအေးလတ္တံ့)။

၁၉။ များသောအခြံအရံရှိသော သာကီဝင်မင်းမျိုးဖြစ်သော ဂေါတမမြတ်စွာဘုရားသည် ထိုဥပါလိမထေရ်၏ ဝိနည်းအသိဉာဏ်ကို နှစ်သက်တော်မူ၍ တေဒဂ်အရာ၌ ထားလတ္တံ့။

၂၀။ သဒ္ဓါတရားဖြင့် ရဟန်းဖြစ်ပြီးသောငါသည် မင်္ဂကိစ္စပြုပြီးသူ အာသဝမရှိသူ ဖြစ်၍ ခပ်သိမ်းသောအာသဝတို့ကို ပိုင်းခြားသိပြီးလျှင် ရဟန္တာဖြစ်၍ နေရ၏။

၂၁။ မြတ်စွာဘုရားသည်လည်း ငါ့ကို အစဉ်သနားတော်မူ၏၊ ငါသည် ဝိနည်းအရာ၌ ရဲရင့်၏၊ မိမိအမှု၌လည်း အားထုတ်အပ်ပြီးသူဖြစ်၍ အာသဝမရှိပဲ နေရ၏။

၂၂။ ပါတိမောက္ခသံဝရသီလ၌၎င်း ငါးပါးသော ဣန္ဒြေတို့၌၎င်း စောင့်စည်း၏၊ ရတနာထည့်ရာ အိမ်သဖွယ်ဖြစ်သော အလုံးစုံသောဝိနည်းကို မြဲမြံစွာ ဆောင်၏။

၂၃။ လောက၌ အတုမရှိသော မြတ်စွာဘုရားသည် ငါ၏ဂုဏ်ကျေးဇူးကို သိတော်မူ၍ ရဟန်းသံဃာအလယ်၌ ထိုင်နေတော်မူလျက် ငါ့ကို တေဒဂ်အရာ၌ ထားတော်မူ၏။

http://www.dhammadownload.com



၂၄။ လေးပါးသော ပဋိသမ္ဘိဒါတို့ကိုရင်း ရှစ်ပါးသော ဝိမောက္ခတို့ကိုရင်း ခြောက်ပါးသော အဘိညာဉ်တို့ကိုရင်း မျက်မှောက်ပြုအပ်ပါကုန်ပြီ၊ မြတ်စွာဘုရား၏ အဆုံးအမတော်ကို လိုက်နာကျင့်သုံးပြီးပါပြီ။

ဤသို့လျှင် အသျှင်ဥပါလိမထေရ်သည် ဤဂါထာတို့ကို မိန့်ဆိုတော်မူ၏။

ရှေးဦးစွာသော ဘာဂိနေယျုပါလိတ္ထေရအပဒါန် ပြီး၏။

---

## ၂-သောဏကောဠိဝိသတ္ထေရအပဒါန်

၂၅။ လူတို့ထက်ကြီးမြတ်၍ တာဒိဂုဏ်နှင့် ပြည့်စုံတော်မူသော အနောမဒဿီ မြတ်စွာဘုရားအား ငါသည် အင်္ဂတေဖြင့် လိမ်းကျံခြင်းကိုပြု၍ စင်္ကြံကို ပြုလုပ်စေခဲ့၏။

၂၆။ ငါသည် အဆင်း အမျိုးမျိုးရှိသော ပန်းတို့ဖြင့် စင်္ကြံကို ဖြန့်ခင်းလှူခဲ့၏၊ ကောင်းကင်၌ မျက်နှာကြက် ဗိတာန်ကိုပြု၍ မြတ်သောဘုရားရှင်ကို ဆွမ်းလုပ်ကျွေးခဲ့၏။

၂၇။ ထိုအခါ ငါသည် ကောင်းသော အလေ့အလာရှိသော မြတ်စွာဘုရားကို လက်အုပ်ချီ ရှိခိုးလျက် ရှည်လျားသော စင်္ကြံကို မြတ်စွာဘုရားအား ဆောင်နှင်းလှူဒါန်း၏။

၂၈။ လောက၌ အတုမရှိသည်ဖြစ်၍ လူနတ်တို့၏ဆရာဖြစ်သော စက္ခုငါးပါးနှင့် ပြည့်စုံသော မြတ်စွာဘုရားသည် ငါ၏ အကြံအစည်ကို သိတော်မူ၍ အစဉ်သနားတော်မူသဖြင့် (ထိုစင်္ကြံကို) ခံယူတော်မူ၏။

၂၉။ နတ်နှင့် တကွသော လောက၌ မြတ်သော အလှူကို ခံတော် မူထိုက်သော မြတ်စွာဘုရားသည်(ထိုစင်္ကြံကို) ခံယူတော်မူ၍ ရဟန်းသံဃာအလယ်၌ ထိုင်နေတော်မူလျက် ဤဆိုမည့် ဂါထာတို့ကို မိန့်တော်မူ၏—

၃၀။ အကြင်သူသည် ရွှင်လန်းသော စိတ်ဖြင့် ရှည်လျားသော စင်္ကြံကို ငါ့အား ပေးလှူ၏၊ထိုသူကို ငါဘုရားသည် ဗျာဒိတ်စကားကြားပေအံ့၊ ဟောကြားမည့် ငါ၏စကားကို နာကြကုန်လော့—

၃၁။ ကောင်းမှုကံနှင့်ပြည့်စုံသော ဤသူ၏ သေခါနီးဖြစ်သော ထိုအခိုက်၌ နတ်မြင်းတထောင်ကသော ရထားသည် ရှေးရှုတည်လတ္တံ့။

၃၂။ ထိုရထားယာဉ်ဖြင့် ဤသူသည် နတ်ပြည်သို့ သွားရလတ္တံ့၊ ကုသိုလ်ကံကြောင့်ဖြစ်သောသူသည် ဆိုက်ရောက်လာလတ်သော် နတ်တို့သည် ဝမ်းမြောက်ကုန်လတ္တံ့။

၃၃။ ရတနာမြေဖြင့် လိမ်းကျံသည်ဖြစ်၍ ဗိမာန်တကာတို့ထက် မြတ်သည့်အပြင်အထွတ်တတ်သော အဆောင်မြတ်နှင့် ပြည့်စုံသည်လည်းဖြစ်သော မြတ်သောသူတို့အားသာ ထိုက်တန်သည့် ဗိမာန်ကို စိုးအုပ်နေရလတ္တံ့။

၃၄။ ကမ္ဘာသုံးသောင်းတို့ပတ်လုံး နတ်ပြည်၌ မွေ့လျော်ရလတ္တံ့၊နှစ်ဆယ့်ငါးကမ္ဘာတို့ပတ်လုံး သိကြားမင်းဖြစ်ရလတ္တံ့။

http://www.dhammadownload.com



၃၅။ ခုနစ်ဆယ့်ခုနစ်ကြိမ် စကြဝတေးမင်းဖြစ်ရလတ္တံ့၊ ထိုအလုံးစုံသော မင်းတို့သည်လည်း ယသောဓရအမည်ဖြင့် တူသော အမည်ရှိကုန်လတ္တံ့။

၃၆။ နှစ်ပါးသော စည်းစိမ်တို့ကို ခံစား၍ ကောင်းမှု အပေါင်းကို ပွါးစေပြီးလျှင် နှစ်ဆယ့်ရှစ်ကမ္ဘာထက်၌ စကြဝတေးမင်းဖြစ်ရလတ္တံ့။

၃၇။ ထိုစကြာမင်းအဖြစ်၌လည်း ဝိသကြုံနတ် ဖန်ဆင်းအပ်သော မြတ်သောမိမာန်သည် ဖြစ်လတ္တံ့၊ အသံဆယ်မျိုးတို့ဖြင့် မဆိတ်သော ထိုပြည်ကို စိုးအုပ်နေရလတ္တံ့။

၃၈။ ဤ (ငါ အနောမဒဿီဘုရားဖွင့်ရာ)ဝရကပ်မှ မရေတွက်နိုင်သော ဘဒ္ဒကပ်၌ မြေနေသူလူကို စောင့်သည်ဖြစ်၍ ကြီးမြတ်သည့် တန်ခိုးရှိသော အမည်အားဖြင့် ဩက္ကာကဟု ထင်ရှားသော မင်းသည် တိုင်းပြည်၌ ဖြစ်လတ္တံ့။

၃၉။ တသောင်းခြောက်ထောင်သော မောင်းမအားလုံးတို့ထက် မြတ်သော ခတ္တိယဇာတ်ရှိသော ထိုမိဖုရားကြီးသည် ကိုးယောက်သော သားသမီး ရတနာတို့ကို ဖွားမြင်လတ္တံ့။

၄၀။ မိဖုရားကြီးသည် ကိုးယောက်သော သားသမီးရတနာတို့ကို ဖွားမြင်ပြီးနောက် သေလွန်လတ္တံ့၊နုပျို၍ ချစ်ခင်ဖွယ်ဖြစ်သော သတို့သမီးသည် မိဖုရား အဖြစ်ကို ပြုလတ္တံ့။

၄၁။ မင်းသမီးသည် ဩက္ကာကမင်းကို နှစ်သိမ့်စေ၍ လိုအပ်သော ဆုကို ရလတ္တံ့၊ ထိုမင်းသမီးသည် လိုအပ်သောဆုကို ရပြီးနောက်(ဘုရင်၏) သားတော်သမီးတော်တို့ကို နှင်ထုတ်လတ္တံ့။

၄၂။ နှင်ထုတ်ခံရသော ထိုသားတော် သမီးတော်အားလုံးတို့သည် ဟိမဝန္တာတောင်မြတ်သို့ သွားကုန်လတ္တံ့၊ ထိုမင်းသားလေးယောက်တို့သည် ခတ္တိယဇာတ်ပျက်မည်စိုးသောကြောင့် နှမတော်တို့နှင့် ပေါင်းဖော်နေကုန်လတ္တံ့။

၄၃။ မင်းသမီးကြီးတယောက်သည်ကား နူနာတို့ဖြင့် နှိပ်စက်အပ်သည် ဖြစ်လတ္တံ့၊ ငါတို့အား မင်းဇာတ်သည် မပျက်စေလင့်ဟု နှလုံးပိုက်၍ မောင်တော် မင်းသားတို့သည် တွင်းတူး၍ မြှုပ်ကုန်လတ္တံ့။

၄၄။ ဗာရာဏသီမင်းသည် တွင်းမှထုတ်ဆောင်၍ ထိုမင်းသမီးနှင့် အတူတကွ ပေါင်းဖော်လတ္တံ့၊ထိုအခါ ဩက္ကာကမင်းမျိုး၌ဖြစ်သော အဆက်အနွယ်သည် ရောနှောပျက်ပြားလတ္တံ့။

၄၅။ ထိုမင်းသား မင်းသမီးတို့၏ သားသမီးတို့သည်လည်း ဇာတ်အားဖြင့် ကောဠိယမင်းမျိုးဖြစ်ကုန်လတ္တံ့၊ ထိုဩက္ကာကမင်းအဖြစ်၌ လူ၌ဖြစ်သော များပြားသော စည်းစိမ်ကို ခံစားရလတ္တံ့။

၄၆။ ထိုဩက္ကာကမင်းဘဝမှ စုတေ၍ နတ်ပြည်သို့ သွားရလတ္တံ့၊ ထိုနတ်ပြည်၌လည်း စိတ်နှလုံးမွေ့လျော်ဖွယ်ဖြစ်သော မြတ်သော ဗိမာန်ကို ရလတ္တံ့။

http://www.dhammadownload.com



၄၇။ နတ်ပြည်မှ စုတေ၍ ဖြူစင်သော ကုသိုလ်အကြောင်းရင်းသည် တိုက်တွန်းအပ်သောကြောင့် လူ့ဘဝသို့ လာရောက်၍ သောဏမည်သောသူ ဖြစ်လတ္တံ့။

၄၈။ ထက်သန်သော ဝီရိယရှိ၍ နိဗ္ဗာန်သို့ စေလွှတ်အပ်သော စိတ်ရှိလျက် မြတ်စွာဘုရား သာသနာတော်၌ အားထုတ်၍ ခပ်သိမ်းသော အာသဝတရားတို့ကို ပိုင်းခြားသိပြီးလျှင် အာသဝ (ကိလေသာ) မရှိပဲ ငြိမ်းအေးလတ္တံ့၊ (ဤသို့မိန့်တော်မူ၏)။

၄၉။ အဆုံးမရှိသော နိဗ္ဗာန်ကို မြင်တော်မူသော သာကီဝင်မင်းတို့၏ ရွှေသွားသဖွယ်ဖြစ်သော ဂုဏ်ထူးဝိသေသကို သိတော်မူလေ့ရှိသော ကြီးသော လုံ့လရှိသော ဂေါတမ မြတ်စွာဘုရားသည် (ထိုသူ့ကို) တေဒဂ်အရာ၌ ထားလတ္တံ့။

၅၀။ မိုးရွာသွန်း၍ မြက် လက်လေးသစ်ခန့်ရှိလတ်သော် လေပြေ ညှတ်သင့်း ဖြည်းညင်းသာယာသောအပြင်၌ ရပ်တည်၍ အားထုတ်အပ်ပြီးသည့် တာဒိဂုဏ်နှင့် ပြည့်စုံသော ယောဂီပုဂ္ဂိုလ်အား ထို့ထက်သာလွန်သော မွေ့လျော်ဖွယ်အဖြစ်သည် မရှိတော့ပေ။

၅၁။ မြတ်သော အဆုံးအမ၌ ဆုံးမအပ်ပြီးသူဖြစ်၍ ငါ၏ စိတ်သည် ကောင်းစွာ တည်ကြည်၏၊ ငါသည် အလုံးစုံသော ခန္ဓာဝန်ကို ချအပ်၏၊ အာသဝကင်းသည် ဖြစ်၍ ငြိမ်းအေးရ၏၊ (ငြိမ်းအေး၏)။

၅၂။ ကိုယ်တော်မှ ပြိုးပြိုးပြက်ထွက်သော ရောင်ခြည်ရှိသော ဆင်ပြောင်ကြီးသဖွယ် ဖြစ်တော်မူသော မြတ်သောဇာတ်ရှိသော မြတ်စွာဘုရားသည် ကေသရာဇာခြင်္သေ့မင်းကဲ့သို့ ရဟန်းသံဃာအလယ်၌ ထိုင်နေတော်မူလျက် ငါ့ကို တေဒဂ်အရာ၌ ထားတော်မူ၏။

၅၃။ လေးပါးသော ပဋိသမ္ဘိဒါတို့ကိုလည်းကောင်း ရှစ်ပါးသော ဝိမောက္ခတို့ကိုလည်းကောင်း ခြောက်ပါးသော အဘိညာဉ်တို့ကိုလည်းကောင်း မျက်မှောက်ပြုအပ်ပါကုန်ပြီ၊ မြတ်စွာဘုရား၏ အဆုံးအမတော်ကို လိုက်နာကျင့်သုံးပြီးပါပြီ။

ဤသို့လျှင် အသျှင်သောဏကောဠိဝိသမထေရ်သည် ဤဂါထာတို့ကို မိန့်ဆိုတော်မူ၏။

နှစ်ခုမြောက် သောဏကောဠိဝိသတ္ထေရအပဒါန် ပြီး၏။

---

## ၃-ကာဠိဂေါဓာပုတ္တဘဒ္ဒိယတ္ထေရအပဒါန်

၅၄။ မေတ္တာနှင့်ယှဉ်သော စိတ်ရှိသည်ဖြစ်၍ ရဟန်းမြတ်ဖြစ်သော တလောကလုံးထက် မြတ်သည်ဖြစ်၍ နိဗ္ဗာန်သို့ ပို့ဆောင်တော်မူတတ်သော ပဒုမုတ္တရမြတ်စွာဘုရားသို့ အလုံးစုံသောလူအပေါင်းသည် ချဉ်းကပ်၏။

၅၅။ ခပ်သိမ်းသောသူတို့သည် အတုမရှိသော ကောင်းမှုမျိုးစေ့ စိုက်ပျိုးရာခေတ်၌ မှုန့်လုံးကိုလည်းကောင်း မှုန့်ဆုပ်ကိုလည်းကောင်း သောက်ဖွယ်စားဖွယ်ဖြစ်သော ဆွမ်းစသော အာမိသကိုလည်းကောင်း မြတ်စွာဘုရားအား လှူဒါန်းကုန်၏။

၅၆-၅၇။ ဘုရားမြတ်ကိုလည်းကောင်း အတုမဲ့ ဖြစ်သော သံဃာတော်ကိုလည်းကောင်း ပင့်ဖိတ်၍ တာဒိဂုဏ်နှင့်ပြည့်စုံသော နတ်ထက်နတ်ဖြစ်တော်မူသော မြတ်စွာဘုရားအား ငါသည်

http://www.dhammadownload.com



လည်း အလှူကို ပေးလှူအံ့(ဟုကြံ၍) ငါတိုက်တွန်းအပ်သော ထိုသူတို့သည်လည်း မြတ်စွာဘုရားကိုရင်း ကောင်းမှုစိုက်ပျိုးရာ လယ်မြေကောင်းသဖွယ်ဖြစ်သော အကောမဲ့ ရဟန်းသံဃာတော်အလုံးစုံကိုရင်း ပင့်ဖိတ်ကုန်၏။

၅၈။ ငါသည် ကော်ဇောကြီးဖြင့် ခင်းအပ်သော တသိန်းသော ရွှေပလ္လင်ကိုရင်း လဲအခင်း ဆန်းကြယ်သောသားမွေးအခင်းဖြင့်ရင်း ခေါမပုဆိုး ဝါချည်ပုဆိုးတို့ဖြင့်ရင်း မြတ်သောသူတို့အားသာ ထိုက်သော ဘုရားအား လျောက်ပတ်သော နေရာကို ခင်း ထား၏။

၅၉။ လူတို့ထက်မြတ်၍ နတ်ထက်နတ်ဖြစ်တော်မူသော လောကကို သိတော်မူသော ပဒုမုတ္တရမြတ်စွာဘုရားသည် ရဟန်းအပေါင်းခြံရံလျက် ငါ၏အိမ်တံခါးသို့ ချဉ်းကပ် တော်မူ၏။

၆၀။ လူတို့၏ကိုးကွယ်ရာဖြစ်သော များသော အခြံအရံရှိသော မြတ်စွာဘုရားကို ခရီးဦးကြိုဆို၍ ကြည်ညိုဝမ်းမြောက်သောစိတ်ရှိလျက် မိမိအိမ်သို့ ပင့်ဆောင်၏။

၆၁။ ရဟန်းတော်ပေါင်း တသိန်းကိုရင်း လူတို့၏ရှေ့သွားဖြစ်သော မြတ်စွာဘုရား ကိုရင်း ကြည်ညိုဝမ်းမြောက်သောစိတ်ရှိသည်ဖြစ်၍ မွန်မြတ်သောဆွမ်းဖြင့် ရောင့်ရဲ စေ၏။

၆၂။ ညီ့သည်အလိုငှါ ဆောင်အပ်သော ပစ္စည်းငတ္ထုကို ခံယူခြင်းငှါ ထိုက်သော လောကကို သိတော်မူသော ပဒုမုတ္တရမြတ်စွာဘုရားသည် ရဟန်းသံဃာအလယ်၌ ထိုင်နေ တော်မူ၍ ဤဂါထာတို့ကို မိန့်တော်မူ၏--

၆၃။ အကြင်သူသည် ကော်ဇောကြီးဖြင့်ခင်းအပ်သော ဤနေထိုင်ရာ ရွှေပလ္လင်ကို လှူအပ်၏၊ထိုလှူဒါန်းသူကို ငါသည် ဗျာဒိတ်စကား ဟောကြားပေအံ၊ ဟောကြားမည့် ငါ၏စကားကို နာကြကုန်လော့—

၆၄။ ထိုသူသည် ခုနစ်ဆယ့်လေးကြိမ် သိကြားမင်းအဖြစ်ကို ပြုရလတ္တံ့၊ နတ်သမီး တို့ဖြင့် ခြံရံလျက် နတ်စည်းစိမ်ကို ခံစားရလတ္တံ့။

၆၅။ အကြိမ်တထောင် ပဒေသရာဇ်မင်းဖြစ်၍ မြေအပြင်ကို စိုးအုပ်ရလတ္တံ့၊ ငါးဆယ့်တကြိမ် စကြဝတေးမင်း ဖြစ်ရလတ္တံ့။

၆၆။ အလုံးစုံဖြစ်ရာဘဝတို့၌ အမျိုးမြတ်သူ ဖြစ်လတ္တံ့၊ ထိုသူသည် နောက်၌ ရဟန်းပြုပြီး၍ ဖြူစင်သော ကုသိုလ်အကြောင်းရင်းသည် တိုက်တွန်းအပ်သောကြောင့် အမည်အားဖြင့် ဘဒ္ဒိယဟု ထင်ရှားသော မြတ်စွာဘုရားတပည့်သာဝကဖြစ်လတ္တံ့၊ (ဤသို့ မိန့်တော်မူ၏)။

၆၇။ ငါသည် ဝိဝေကသုံးပါးကို ပွါးများအားထုတ်သူဖြစ်၏၊ အစွန်အဖျားဖြစ်သော တောကျောင်း၌ နေ၏၊ အလုံးစုံသော ဖိုလ်လေးပါးကိုလည်း ရအပ်ပြီ၊ ငါသည် ယခု ကိလေသာကို စွန့်ထားသူဖြစ်၏။

http://www.dhammadownload.com



၆၈။ လူတို့၏ ရှေ့သွားဖြစ်သော သဗ္ဗညု မြတ်စွာဘုရားသည် ငါ၏ ဂုဏ်ကျေးဇူး အားလုံးကို သိ၍ ရဟန်းသံဃာအလယ်၌ နေတော်မူ၍ ငါ့ကို ဧတဒဂ်အရာ၌ ထားတော်မူ၏။

၆၉။ လေးပါးသော ပဋိသမ္ဘိဒါတို့ကိုလည်းကောင်း ရှစ်ပါးသော ဤဝိမောက္ခတို့ကိုလည်းကောင်း ခြောက်ပါးသော အဘိညာဉ်တို့ကိုလည်းကောင်း မျက်မှောက် ပြုအပ်ပါကုန်ပြီ၊ မြတ်စွာဘုရား၏ အဆုံးအမ တော်ကို လိုက်နာကျင့်သုံးပြီးပါပြီ။

ဤသို့လျှင် ကာဠိဂေါဓာ သာကီဝင်မင်းသမီး၏ သားဖြစ်သော အသျှင်ဘဒ္ဒိယမထေရ်သည် ဤဂါထာတို့ကို မိန့်ဆိုတော်မူ၏။

သုံးခုမြောက် ဘဒ္ဒိယကာဠိဂေါဓာယပုတ္တတ္ထေရအပဒါန် ပြီး၏။

---

## ၄-သန္နိဋ္ဌာပကတ္ထေရအပဒါန်

၇၀။ ငါသည် တော၌ကျောင်းငယ်ကို ဆောက်လုပ်၍ တောင်တို့၏အကြား၌ နေ၏၊ လာဘ်ရခြင်း မရခြင်းဖြင့်လည်းကောင်း အခြံအရံရှိခြင်း မရှိခြင်းဖြင့်လည်းကောင်း ရောင့်ရဲ၏။

၇၁။ ညွှန်သည်အလိုငှါ ဆောင်အပ်သော ပစ္စည်းဝတ္ထုကို ခံယူတော်မူထိုက်သော လောကကို သိတော်မူသော ပဒုမုတ္တရမြတ်စွာဘုရားသည် ရဟန္တာတသိန်းတို့နှင့်အတူ ငါ၏အထံသို့ ကြွလာတော်မူ၏။

၇၂။ ငါသည် ကြွလာတော်မူသော ဆင်ပြောင်ကြီးသဖွယ် ဖြစ်သည့် ပဒုမုတ္တရ မြတ်စွာဘုရားကို မြက်အခင်းကို ဖြန့်ခင်း၍ မြတ်စွာဘုရားအား ပေးလှူခဲ့၏။

၇၃။ ကြည်ညိုဝမ်းမြောက်သောစိတ်ရှိလျက် သျှိသျှားသီး[၁]ကိုလည်းကောင်း သောက်ရေကိုလည်းကောင်း ဖြောင့်မတ်တည်တံ့သော မြတ်စွာဘုရားအား အထူးကြည်ညိုသော စိတ်ဖြင့် ငါသည် ပေးလှူခဲ့၏။

၇၄။ ဤဘဒ္ဒကမ္ဘာမှ ကမ္ဘာတသိန်းထက်၌ သျှိသျှားသီးလှူဒါန်းခဲ့ရသော အခါမှ စ၍ အပါယ်လေးပါးသို့ လားရသည်ကို မသိစဖူးပေ၊ ဤသို့ဖြစ်ရခြင်းသည် သျှိသျှားသီး လှူရခြင်း၏ အကျိုးပေတည်း။

၇၅။ လေးဆယ့်ဘကမ္ဘာထက်၌ ရတနာခုနစ်ပါးနှင့် ပြည့်စုံသည်ဖြစ်၍ စစ်သည် ဗိုလ်ပါအင်အားများပြားသော အရိန္ဒမမည်သော စကြဝတေးမင်းသည် တကြိမ်ဖြစ်ခဲ့ဘူး၏။

---

၁။ ဂါထာနံပါတ်(၇၃)အာမဏ္ဍပုဗ်ကို နိဿယက ဖရဲသီးဟုပြန်ထားသည်၊ အဋ္ဌကထာဖွင့်မှစ၍ အထောက် အကိုး လုံးဝမတွေ့ရပေ၊ (သို့သော် ဟိန္ဒီဘာသာတွင်မူ ဖရဲသီးကို အာဗဏ္ဍာဟု ဆို၏၊) အဘိဓာန်များတွင် အာမဏ္ဍကို ကြက်ဆူနီပင်ဟုသာ တညီတည်းပြကုန်၏၊ ပြာကရိုက်အဘိဓာန်တွင်မူ ရင်းပုဗ်ကို ကိတ္တိမအာမလက ဟု ဆိုသည်။ သျှိသျှား (သို့မဟုတ်) ဆီးဖြူသီးအထူဟု ဆိုလို၏။

http://www.dhammadownload.com



၇၆။ လေးပါးသော ပဋိသမ္ဘိဒါတို့ကိုလည်း ရှစ်ပါးသော ဤဝိမောက္ခတို့ကိုလည်း ခြောက်ပါးသော အဘိညာဉ်တို့ကိုလည်း မျက်မှောက် ပြုအပ်ပါကုန်ပြီ၊ မြတ်စွာဘုရား၏ အဆုံးအမတော်ကို လိုက်နာကျင့်သုံးပြီးပါပြီ။

ဤသို့လျှင် အသျှင်သန္ဓိဌာပကမထေရ်သည် ဤဂါထာတို့ကို မိန့်ဆိုတော်မူ၏။

လေးခုမြောက် သန္ဓိဌာပကတ္ထေရအပဒါန် ပြီး၏။

---

## ၅-ပဉ္စဟတ္ထိယတ္ထေရအပဒါန်

၇၇။ သတိရှိသည်ဖြစ်၍ ချထားသောမျက်လွှာ ချိန်ဆပြောကြားသော စကားရှိတော်မူသော သုမေဓာမြတ်စွာဘုရားသည် ဣန္ဒြေကို စောင့်စည်းလျက် အိမ်ဈေးအကြား လမ်းခရီး၌ ကြွသွားတော်မူ၏။

၇၈။ ငါသည် ကြာငါးလက်တို့ကို ဦးဆောက်ပန်းအလို့ငှါ ဆောင်ခဲ့၏၊ ငါသည် ကြည်ညိုသည်ဖြစ်၍ မိမိလက်တို့ဖြင့်ကိုင်လျက် ထိုကြာပန်းဖြင့် မြတ်စွာဘုရားကို ပူဇော်၏။

၇၉။ ဆက်ကပ်လှူဒါန်းအပ်သော ထိုကြာပန်းတို့သည် သုမေဓာမြတ်စွာဘုရား၏ အထက်၌ အမိုးသဖွယ်ဖြစ်ကုန်၏၊ တပည့်တို့သည် ဆရာကို ဆောင်းမိုးကုန်သကဲ့သို့ ဆင်ပြောင်ကြီးသဖွယ်ဖြစ်သော မြတ်စွာဘုရားကို ကောင်းစွာဆောင်းမိုးကုန်၏။

၈၀။ ကမ္ဘာသုံးသောင်းထက်၌ ကြာပန်းလှူဒါန်းခဲ့သော အခါမှစ၍ အပါယ်လေးပါးလားရသည်ကို မသိစဘူးပေ၊ ဤသို့ဖြစ်ရခြင်းသည် မြတ်စွာဘုရားကို ပန်းပူဇော်ရခြင်း၏ အကျိုးပေတည်း။

၈၁။ ဤဘဒ္ဒကမ္ဘာမှ ကမ္ဘာနှစ်ထောင်ထက်၌ ဟတ္ထိယဟူသော အမည်ဖြင့် များသော စစ်သည်ဗိုလ်ပါရှိသော ငါးကြိမ်သော စကြာဝတေးမင်းတို့ ဖြစ်ဘူးကုန်၏။

၈၂။ လေးပါးသော ပဋိသမ္ဘိဒါတို့ကိုလည်း ရှစ်ပါးသော ဤဝိမောက္ခတို့ကိုလည်း ခြောက်ပါးသော အဘိညာဉ်တို့ကိုလည်း မျက်မှောက်ပြုအပ်ပါကုန်ပြီ၊ မြတ်စွာဘုရား၏ အဆုံးအမတော်ကို လိုက်နာကျင့်သုံးပြီးပါပြီ။

ဤသို့လျှင် အသျှင်ပဉ္စဟတ္ထိယမထေရ်သည် ဤဂါထာတို့ကို မိန့်ဆိုတော်မူ၏။

ငါးခုမြောက် ပဉ္စဟတ္ထိယတ္ထေရအပဒါန် ပြီး၏။

---

## ၆-ပဒုမစ္ဆဒနီယတ္ထေရအပဒါန်

၈၃။ လူတို့၏ ကိုးကွယ်ရာဖြစ်သော အမြတ်ဆုံးပုဂ္ဂိုလ်ဖြစ်သည့် ဝိပဿီမြတ်စွာဘုရားသည် ပရိနိဗ္ဗာန်စံလေသော် ငါသည် ကောင်းစွာပွင့်သော ပဒုမာကြာပန်းကို ယူ၍ ထင်းပုံသို့ တင်လှူခဲ့၏။

http://www.dhammadownload.com



၈၄။ ထင်းပုံသို့တင်လှူပြီးသော် ထိုပဒုမာကြာပန်းသည် ငှက်တို့ရှင်မြူးရာ ဖြစ်သော ကောင်းကင်သို့ ပျံတက်၏၊ ကောင်းကင်၌ အမိုးပြုလျက် ထင်းပုံ၌ ဆောင်းမိုးထား၏။

၈၅။ ဤဘဒ္ဒကမ္ဘာမှ ကိုးဆယ့်တကမ္ဘာထက်၌ ပဒုမာကြာပန်း လှူဒါန်းခဲ့သောအခါမှစ၍ အပါယ်လေးပါး လားရသည်ကို မသိစဖူးပေ၊ ဤသို့ဖြစ်ရခြင်းသည် မြတ်စွာဘုရားအား ပန်းပူဇော်ရခြင်း၏ အကျိုးပေတည်း။

၈၆။ ဤဘဒ္ဒကမ္ဘာမှ လေးဆယ့်ခုနစ်ကမ္ဘာထက်၌ ကျွန်းကြီးလေးကျွန်း အပိုင်းအခြားရှိသည်ဖြစ်၍ အောင်ဇေယ်ပြီးသော ရန်သူရှိသော များသော စစ်သည်ဗိုလ်ပါရှိသော ပဒုမိဿရမည်သော စကြာဝတေးမင်းသည် ဖြစ်ခဲ့ဘူး၏။

၈၇။ လေးပါးသော ပဋိသမ္ဘိဒါတို့ကိုရင်း ရှစ်ပါးသော ဤဝိမောက္ခတို့ကိုရင်း ခြောက်ပါးသော အဘိညာဉ်တို့ကိုရင်း မျက်မှောက်ပြုအပ်ပါကုန်ပြီ၊ မြတ်စွာဘုရား၏ အဆုံးအမတော်ကို လိုက်နာကျင့်သုံးပြီးပါပြီ။

ဤသို့လျှင် အသျှင်ပဒုမစ္ဆဒနိယမထေရ်သည် ဤဂါထာတို့ကို မိန့်ဆိုတော်မူ၏။

ခြောက်ခုမြောက် ပဒုမစ္ဆဒနိယတ္ထေရအပဒါန် ပြီး၏။

---

## ၇-သယနဒါယကတ္ထေရအပဒါန်

၈၈။ မေတ္တာစိတ်နှင့် ယှဉ်သည်ဖြစ်၍ တာဒိဂုဏ်နှင့် ပြည့်စုံတော်မူသော သိဒ္ဓတ္ထမြတ်စွာဘုရားအား ငါသည် ပုဆိုးဘဏ္ဍာတို့ဖြင့် ခင်းအပ်သော မြတ်သောအိပ်ရာနေရာကို ပေးလှူခဲ့၏။

၈၉။ မြတ်စွာဘုရားသည် အပ်သောအိပ်ရာနေရာကို ခံယူတော်မူ၏၊ မြတ်စွာဘုရားသည် ထိုအိပ်ရာနေရာမှထ၍ ကောင်းကင်သို့ ကြွတော်မူ၏။

၉၀။ ဤဘဒ္ဒကမ္ဘာမှ ကိုးဆယ့်လေးကမ္ဘာထက်၌ အိပ်ရာနေရာကို လှူဒါန်းသည့်အခါမှစ၍ အပါယ်လေးပါး လားရသည်ကို မသိစဖူးပေ၊ ဤသို့ဖြစ်ရခြင်းသည် အိပ်ရာနေရာလှူရခြင်း၏ အကျိုးပေတည်း။

၉၁။ ဤဘဒ္ဒကမ္ဘာမှ ငါးဆယ့်တကမ္ဘာထက်၌ ရတနာခုနစ်ပါးနှင့် ပြည့်စုံသည်ဖြစ်၍ များသော စစ်သည်ဗိုလ်ပါရှိသော မင်းနှင့်တူသော အမည်ရှိသော ဝရကစကြာဝတေးမင်း ဖြစ်ခဲ့ဘူး၏။

၉၂။ လေးပါးသော ပဋိသမ္ဘိဒါတို့ကိုရင်း ရှစ်ပါးသော ဤဝိမောက္ခတို့ကိုရင်း ခြောက်ပါးသော အဘိညာဉ်တို့ကိုရင်း မျက်မှောက်ပြုအပ်ပါကုန်ပြီ၊ မြတ်စွာဘုရား၏ အဆုံးအမတော်ကို လိုက်နာကျင့်သုံးပြီးပါပြီ။

ဤသို့လျှင် အသျှင်သယနဒါယကမထေရ်သည် ဤဂါထာတို့ကို မိန့်ဆိုတော်မူ၏။

ခုနစ်ခုမြောက် သယနဒါယကတ္ထေရအပဒါန် ပြီး၏။

http://www.dhammadownload.com



## ၈-စက်မနဒါယကတ္ထေရအပဒါန်

၉၃။ လူတို့၏ အကြီးအမှူးဖြစ်၍ တာဒိဂုဏ်နှင့်ပြည့်စုံတော်မူသော အတ္ထဒဿီမြတ်စွာဘုရားအား ငါသည် အုဌ်တို့ဖြင့် စီ၍ စင်္ကြံကို ပြုလုပ်စေခဲ့၏။

၉၄။ အစောက်အားဖြင့် ငါးတောင်မြင့်၍ အလျားအားဖြင့် အတောင်တရာရှည်သော စိတ်ကို နှစ်လိုပွါးများစေနိုင်သော စင်္ကြံကို ငါသည် ကောင်းစွာဖန်ဆင်းပြုလုပ်ခဲ့၏။

၉၅။ လူတို့ထက် မြတ်တော်မူသော အတ္ထဒဿီမြတ်စွာဘုရားသည် ခံယူတော်မူ၏၊ လက်တော်ဖြင့် သဲကို ယူတော်မူ၍ ဤဆိုမည့်ဂါထာတို့ကို မိန့်တော်မူ၏—

၉၆။ ဤသဲမှေ့ရာ ကြဲလှူရခြင်းကြောင့်၎င်း စင်္ကြံကို ဆောက်လုပ် လှူဒါန်းရခြင်း ကြောင့်၎င်း ရတနာခုနစ်ပါးနှင့် ပြည့်စုံသော သဲကို သုံးဆောင်ရလတ္တံ့။

၉၇။ သုံးကမ္ဘာတို့ပတ်လုံး နတ်ပြည်တို့၌ နတ်မင်းအဖြစ်ကို ပြုရလတ္တံ့၊ နတ်သမီး တို့ဖြင့် ခြံရံလျက် နတ်စည်းစိမ်ကို ခံစားရလတ္တံ့။

၉၈။ လူ့ပြည်သို့ လာ၍ တိုင်းနိုင်ငံ၌ မင်းဖြစ်ရလတ္တံ့၊ ထိုမင်းသည် မြေအပြင်၌ သုံးကြိမ် စကြဝတေးမင်း ဖြစ်ရလတ္တံ့(ဟု မိန့်တော်မူ၏)။

၉၉။ တဆထောင့်ရှစ်ရာကမ္ဘာထက်၌ စင်္ကြံဆောက်လုပ် လှူဒါန်းခဲ့သော အခါမှစ၍ အပါယ်လေးပါး လားရသည်ကို မသိစဘူးပေ၊ ဤသို့ဖြစ်ရခြင်းသည် စင်္ကြံလှူရခြင်း၏ အကျိုးပေတည်း။

၁၀၀။ လေးပါးသော ပဋိသမ္ဘိဒါတို့ကို၎င်း ရှစ်ပါးသော ဝိမောက္ခတို့ကို၎င်း ခြောက် ပါးသော အဘိညာဉ်တို့ကို၎င်း မျက်မှောက်ပြုအပ်ပါကုန်ပြီ၊ မြတ်စွာဘုရား၏ အဆုံးအမ တော်ကို လိုက်နာကျင့်သုံးပြီးပါပြီ။

ဤသို့လျှင် အသျှင်စင်္ကမနဒါယကမထေရ်သည် ဤဂါထာတို့ကို မိန့်ဆိုတော်မူ၏။

ရှစ်ခုမြောက် စင်္ကမနဒါယကတ္ထေရအပဒါန် ပြီး၏။

---

## ၉-သုဘဒ္ဒတ္ထေရအပဒါန်

၁၀၁။ လောကသုံးပါးကို သိတော်မူသော ညွှတ်သည်အလှိုငှါ ဆောင်အပ်သော ပစ္စည်းဝတ္ထုကို ခံယူထိုက်သော များသော အခြံအရံရှိသော ပဒုမုတ္တရမြတ်စွာဘုရားသည် လူအပေါင်းကို သံသရာမှ ထုတ်ဆောင်တော်မူ၍ ပရိနိဗ္ဗာန်စံတော်မူ၏။

၁၀၂။ မြတ်စွာဘုရားသည် ပရိနိဗ္ဗာန် ဝင်စံလတ်သော် တသောင်းသော လောက ဓာတ်သည် တုန်လှုပ်၏၊ ထိုအခါ၌ လူစုလူဝေးသည် များပြား၍ နတ်တို့သည်လည်း စည်း ဝေးအံ့သောငှါ ရောက်လာကုန်၏။

၁၀၃။ စန္ဒကူးဖြင့်၎င်း တောင်ဇလပ်ကြက်ရိုးပန်းတို့ဖြင့်၎င်း ပြည့်စေ၍ ရွှင်လန်းသော ငါသည် ရွှင်ပျသောစိတ်ဖြင့် ဘုရားမြတ်ကို တင်လှူဆက်ကပ်၏။

http://www.dhammadownload.com



၁၀၄။ လောက၌ အတုမရှိသော လူနတ်တို့၏ ဆရာဖြစ်သော မြတ်စွာဘုရားသည် ငါ၏ အကြံအစည်ကို သိတော်မူ၍ လျှောင်းတော်မူလျက်သာလျှင် ဤဆိုမည့် ဂါထာတို့ကို မိန့်တော်မူ၏—

၁၀၅။ အကြင်သူသည် နောက်ဆုံး ပရိနိဗ္ဗာန် စံခါနီးကာလ၌ ငါ့အား စန္ဒကူး ဇလပ် ကြက်ရုံးပန်းတို့ဖြင့် ဖုံးလွှမ်းလျှုဒါန်း၏၊ထိုသူကို ဗျာဒိတ်စကား ဟောကြားပေအံ့၊ ဟောကြားမည့် ငါ၏စကားကို နာကြကုန်လော့—

၁၀၆။ ဤသူသည် ဤလူ့ပြည်မှ စုတေသည်ရှိသော် တုသိတာနတ်ပြည်သို့ လားရလတ္တံ့၊ ထိုတုသိတာနတ်ပြည်၌ နတ်မင်း အဖြစ်ကိုပြု၍ ထိုသူသည် နိမ္မာနရတိဘုံသို့ လားရလတ္တံ့။

၁၀၇။ တောင့်တအပ်သော ပန်းကို လှူ၍ မိမိကုသိုလ်အမှု၌ အားထုတ်အပ်ပြီး ဖြစ်သောထိုသူသည် ဤသို့သော အကြောင်းဖြင့်သာလျှင် နတ်စည်းစိမ်ကို ခံစားရလတ္တံ့။

၁၀၈။ ဤသူသည် တုသိတာနတ်ပြည်၌ နောက်ထပ်တဖန်လည်း ဖြစ်ရဦးလတ္တံ့၊ ထို တုသိတာနတ်ပြည်မှ စုတေ၍ လူ့အဖြစ်သို့ လားရောက်ရလတ္တံ့။

၁၀၉။ နတ်နှင့်တကွသော လောက၌ မြတ်သော ဆင်ပြောင်ကြီးသဖွယ် ဖြစ်သော စက္ကုငါးပါးရှိသော သာကီဝင်မင်းသား မြတ်စွာဘုရားသည် များစွာသော သတ္တဝါတို့ကို သိစေတော်မူ၍ (ကျွတ်စေတော်မူ၍)ပရိနိဗ္ဗာန် ဝင်စံလတ္တံ့။

၁၁၀။ ထိုသူသည် ထိုအခါ၌ အနားသို့ ကပ်ရောက်သည်ဖြစ်၍ ဖြူစင်သော ကုသိုလ် အကြောင်းရင်းသည် တိုက်တွန်း အပ်သောကြောင့် မြတ်စွာဘုရားသို့ ချဉ်းကပ်၍ ပြဿနာကို မေးလျှောက်လတ္တံ့။

၁၁၁။ အလုံးစုံသော တရားတို့ကို သိတော်မူသော လူတို့၏ အကြီးအမှူး ဖြစ်သော မြတ်စွာဘုရားသည် ရွှင်စေတော်မူ၍ ကုသိုလ်ကောင်းမှုကို ပိုင်းခြား သိတော်မူလျက် သစ္စာလေးပါးတရားတို့ကို ဖွင့်လှစ်ဖော်ပြတော်မူလတ္တံ့။

၁၁၂။ ဤပြဿနာကို အားထုတ် အပ်ပြီးသည် ရှိသော် နှစ်သက် တည်ကြည်သော စိတ်ရှိသည်ဖြစ်၍ မြတ်စွာဘုရားကို ရှိခိုး၍ ရဟန်းအဖြစ်ကို တောင်းပန်လတ္တံ့။

၁၁၃။ မိမိ ကောင်းမှုဖြင့် နှစ်သက်စေအပ်သော ကြည်ညိုသော စိတ်ရှိသော သူ့ဘဒ္ဒကို မြင်၍ အရဟတ္တမဂ်အရာ၌ လိမ္မာတော်မူသော ထိုမြတ်စွာဘုရားသည် ရဟန်း ပြုပေးလတ္တံ့။

၁၁၄။ ဤသူသည် မြတ်စွာဘုရား သာသနာတော်၌ အားထုတ်၍ ခပ်သိမ်းသော အာသဝတရားတို့ကို ပိုင်းခြား၍ သိပြီးလျှင် အာသဝကင်းကွာ ကိလေသာမရှိပဲ ငြိမ်းအေး လတ္တံ့၊ ဤသို့ မိန့်တော်မူ၏။

ပဉ္စမဘာဏဝါရ ပြီး၏။

http://www.dhammadownload.com



၁၁၅။ ငါသည် ရှေးကံနှင့် ကောင်းစွာ ယှဉ်လျက် တည်ကြည် ခိုင်မြဲသည် ဖြစ်၍ ကမ္မဋ္ဌာန်းတရားကြောင့် ဖြစ်သော အရိယာဇာတ်ဖြင့် ဖန်ဆင်းအပ်သော မြတ်စွာဘုရား၏ ရင်သွေး သားမြတ်သည် ဖြစ်ရ၏။

၁၁၆။ တရားမင်းဘုရားသို့ ချဉ်းကပ်၍ မြတ်သော ပြဿနာကို မေးလျှောက်၏၊ မြတ်စွာဘုရားသည် ငါ၏ ပြဿနာကို ဖြေတော်မူ၍လည်း ငါ့ကို တရားအယဉ်သို့ ဆောင်တော်မူ၏။

၁၁၇။ ငါသည် ထိုမြတ်စွာဘုရား၏ တရားတော်ကိုသိ၍ သာသနာတော်၌ မွေ့လျော်နေခဲ့၏၊ ခပ်သိမ်းသော အာသဝတရားတို့ကို ပိုင်းခြားသိပြီးလျှင် အာသဝကင်းကွာ ကိလေသာမရှိပဲ နေရ၏။

၁၁၈။ ဤဘဒ္ဒကမ္ဘာမှ ကမ္ဘာတသိန်းထက်၌ ပဒုမုတ္တရမြတ်စွာဘုရားသည် ဆိကုန်ခြင်းကြောင့် ဆီမီးသည် ငြိမ်းသကဲ့သို့ တစုံတရာကို မစွဲလမ်းပဲ ငြိမ်းတော်မူ၏။

၁၁၉။ ပုထိုးတော်သည် ရတနာဖြင့် ပြီးသည်ဖြစ်၍ ခုနစ်ယူဇနာရှိ၏၊ ထိုပုထိုးတော်၌ ငါသည် အလုံးစုံထက် သာလွန် ကောင်းမြတ်သော စိတ်နှစ်မြို့ဖွယ် တံခွန်ကို ပူဇော်ခဲ့၏။

၁၂၀။ ကဿပမြတ်စွာဘုရား၏ တိဿမည်သော အဂ္ဂသာဝကသည် ငါ၏ ရင်နှစ်သားတော်ဖြစ်၍ မြတ်စွာဘုရားသာသနာတော်၌ အမွေခံဖြစ်၏။

၁၂၁။ ထိုအဂ္ဂသာဝကဖြစ်သော တိဿထေရ်အား ယုတ်မာသောစိတ်ဖြင့် မကောင်းသော စကားကို ဆိုမိ၏၊ ထိုဝစီကံ၏အကျိုးကြောင့် ငါ့အား နောက်ဆုံးမှ ကောင်းခြင်းမင်္ဂလာ သာသနာ၌ ကျွတ်တန်းဝင်ရခြင်းသည် ဖြစ်၏။

၁၂၂။ မလ္လာမင်းတို့၏ အင်ကြင်းဥယျာဉ်အကျွန်၌ နောက်ဆုံး ပရိနိဗ္ဗာန်စံတော်မူရာ ညောင်စောင်း၌ ကြီးမြတ်သော လုံ့လရှိတော်မူသည်ဖြစ်၍ အစီးအပွါးကို ဆောင်ကာ မဟာကရုဏာနှင့်ယှဉ်သော ငါးမာရ်အောင်မြင် ဘုရားရှင်သည် ငါ့အား ရှင်ရဟန်း ပြုပေးတော်မူ၏။

၁၂၃။ အခြေနှစ်ချောင်းရှိသူ လူတို့ထက် မြတ်တော်မူသော မြတ်စွာဘုရား၏ မျက်မှောက်တော်၌ ယနေ့ပင် ရှင်ဖြစ်၍ ယနေ့ပင် ရဟန်းဖြစ်ပြီးလျှင် ယနေ့ပင် ပရိနိဗ္ဗာန်ပြုရ၏။

၁၂၄။ လေးပါးသော ပဋိသမ္ဘိဒါတို့ကိုလည်း ရှစ်ပါးသော ဤဝိမောက္ခတို့ကိုလည်း ခြောက်ပါးသော အဘိညာဉ်တို့ကိုလည်း မျက်မှောက်ပြုအပ်ပါကုန်ပြီ၊ မြတ်စွာဘုရား၏ အဆုံးအမတော်ကို လိုက်နာကျင့်သုံးပြီးပါပြီ။

ဤသို့လျှင် အသျှင်သုဘဒ္ဒမထေရ်သည် ဤဂါထာတို့ကို မိန့်ဆိုတော်မူ၏။

**ကိုးခုမြောက် သုဘဒ္ဒတ္ထေရအပဒါန် ပြီး၏။**

http://www.dhammadownload.com



## ၁၀-စုန္ဒတ္ထေရအပဒါန်

၁၂၅။ လူတို့၏ အကြီးအမှူးဖြစ်၍ တာဒိဂုဏ်နှင့် ပြည့်စုံတော်မူသော သိဒ္ဓတ္ထ မြတ်စွာဘုရားအား မုလေးပန်းတို့ဖြင့် ပန်းစေတီကို ပြုလုပ်၍ ဖုံးလွှမ်းခဲ့၏။

၁၂၆။ ထိုပန်းစေတီကို ပြီးဆုံးစေ၍ မြတ်စွာဘုရားအား တင်လှူခဲ့၏၊ ကြွင်းကျန်သော ပန်းကို ယူ၍ မြတ်စွာဘုရားအား တင်လှူ၏။

၁၂၇။ ရွှေတုရိုက်တိုင်နှင့်တူသော တလောကလုံး၏ အမြတ်ဆုံး ရွှေသွား ဖြစ်သော မြတ်စွာဘုရားကို ကြည်ညိုဝမ်းမြောက်သော စိတ်ရှိသည်ဖြစ်၍ ပန်းစေတီတော်ကို ဆက်ကပ်လှူဒါန်းခဲ့၏။

၁၂၈။ ယုံမှားခြင်းကို လွန်မြောက်သော မြတ်စွာဘုရားသည် သြဃလေးပါးကို ကူးမြောက်သော ရဟန္တာတို့ဖြင့် ခြံရံလျက် ရဟန်းသံဃာအလယ်၌ ထိုင်နေတော်မူ၍ ဤဆိုမည့်ဂါထာတို့ကို မိန့်တော်မူ၏—

၁၂၉။ အကြင်သူသည် နတ်၌ဖြစ်သော အမွှေးရနံ့ကို ကြိုင်လှိုင်စေသော ပန်းစေတီကို ငါ့အား ပေးလှူ၏၊ ထိုသူကို ငါသည် ဗျာဒိတ်စကား ဟောကြားပေအံ့၊ ဟောကြားမည့် ငါ၏စကားကို နာကြကုန်လော့—

၁၃၀။ ဤယောကျ်ားသည် လူ့ပြည်မှ စုတေခဲ့သော် နတ်အပေါင်းခြံရံလျက် မုလေးပန်းတို့ဖြင့် ပြွမ်း၍ နတ်ပြည်သို့ သွားရလတ္တံ့။

၁၃၁။ ကောင်းမှုကံသည် ဖြစ်စေအပ်သော ထိုသူ၏ဖြစ်ရာ လွန်စွာမြင့်၍ ပတ္တမြားဖြင့်ပြီးသော ရွှေဗိမာန်ကြီးသည်လည်း ထင်ရှားဖြစ်လတ္တံ့။

၁၃၂။ ထိုသူသည် ခုနစ်ဆယ့်လေးကြိမ် နတ်မင်းအဖြစ်ကို ပြုရလတ္တံ့၊ နတ်သမီးတို့ဖြင့် ခြံရံလျက် နတ်စည်းစိမ်ကို ခံစားရလတ္တံ့။

၁၃၃။ အကြိမ်သုံးရာ ကေရာဇ်မင်းဖြစ်၍ မြေအပြင်ကို စိုးအုပ်ရလတ္တံ့၊ စကြဝတေးမင်းသည်လည်း ခုနစ်ဆယ့်ငါးကြိမ် ဖြစ်ရလတ္တံ့။

၁၃၄-၁၃၅-၁၃၆။ အမည်အားဖြင့် ဒုဇ္ဇယဟု ထင်ရှားသော လူတို့ကို အစိုးရသူ ဖြစ်လတ္တံ့၊ မိမိကောင်းမှုကံကို မှီလျက် ထိုကောင်းမှုကံကို ခံစား၍ ဖရိုဖရဲကျရာ အပါယ်လေးပါးသို့ မလားမရောက်ရပဲ လူအဖြစ်သို့ လားရောက်ရလတ္တံ့၊ ထိုသူသည် ကုဋေအရာမက များပြားသောငွေကို ဆည်းပူးမြှုပ်နှံလျက် ဗြာဟ္မဏမျိုး၌ ဖြစ်လတ္တံ့၊ ထိုသူသည် ဝင်္ကန္တပုဏ္ဏား(မယား)သာရီပုဏ္ဏေးမ၏ ရင်၌ဖြစ်သော ပညာရှိ သားချစ်သည် ဖြစ်လတ္တံ့။

၁၃၇။ ထိုသူသည် နောက်၌ ရဟန်းပြု၍ မြတ်စွာဘုရား သာသနာတော်၌ စူဠစုန္ဒ ဟူသောအမည်ဖြင့် မြတ်စွာဘုရားတပည့်သာဝက ဖြစ်လတ္တံ့။

၁၃၈။ ထိုစူဠစုန္ဒသည် သာမဏေဖြစ်၍သာလျှင် ရဟန္တာဖြစ်လတ္တံ့၊ ခပ်သိမ်းသော အာသဝတို့ကို ပိုင်းခြားသိပြီးလျှင် အာသဝကင်းကွာ ကိလေသာမရှိပဲ ပရိနိဗ္ဗာန် ပြုရလတ္တံ့ (ဟု မိန့်တော်မူ၏)။

http://www.dhammadownload.com



၁၃၉။ ငါသည် မြတ်သောအရဟတ္တဖိုလ်သို့ ရောက်ခြင်းငှါ ကြီးသောလှုံ့လရှိတော်မူသော မြတ်စွာဘုရားကို လုပ်ကျွေး၏၊ သီလကို ချစ်ကုန်သော ဤမှတပါး များစွာသော ရဟန်းတို့ကိုရင်း ငါ၏ နောင်တော်ကိုရင်း လုပ်ကျွေး၏။

၁၄၀။ ငါ၏ နောင်တော်ကို လုပ်ကျွေး၍ နောင်တော်၏ ဓာတ်တော်ကို သပိတ်၌ထည့်လျက် လူဘို့ထက် ကြီးမြတ်သော မြတ်စွာဘုရားကို ဆက်ကပ်၏။

၁၄၁။ နတ်နှင့်တကွသော လောက၌ မြတ်စွာဘုရားသည် လက်နှစ်ဖက်ဘို့ဖြင့် ချီမ၍ ထိုဓာတ်တော်ကို ညွှန်ပြလျက် လကျ်ာရံအဂ္ဂသာဝကကို ချီးမွမ်းတော်မူ၏။

၁၄၂။ ငါ၏စိတ်သည် (ကိလေသာတို့မှ) ကောင်းစွာ လွတ်၏၊ ငါ၏ သဒ္ဓါသည် ခိုင်မြဲတည်တံ့၏၊ ခပ်သိမ်းသော အာသဝတို့ကို ပိုင်းခြားသိပြီးလျှင် အာသဝကင်းကွာ ကိလေသာမရှိပဲ နေရ၏။

၁၄၃။ ပဋိသမ္ဘိဒါလေးပါးတို့သို့ အစဉ်ရောက်၏၊ ဝိမောက္ခရှစ်ပါးတို့ကိုလည်း တွေ့ရောက်ကုန်၏၊ ခြောက်ပါးသော အဘိညာဉ်တို့ကို မျက်မှောက်ပြုအပ်ကုန်၏၊ မြတ်စွာဘုရား၏ အဆုံးအမတော်ကို လိုက်နာကျင့်သုံးအပ်၏။

ဤသို့လျှင် အသျှင်စုန္ဒမထေရ်သည် ဤဂါထာတို့ကို မိန့်ဆိုတော်မူ၏။

ဆယ်ခုမြောက် စုန္ဒတ္ထေရအပဒါန် ပြီး၏။

**ငါးခုမြောက် ဥပါလိဝဂ် ပြီး၏။**

http://www.dhammadownload.com

# ၆-ဗိမာနဝတ္ထု

## ၁-ဝိရူပနဒါယကတ္ထေရအပဒါန်

၁။ လူတို့၏ အကြီးအမှူးဖြစ်၍ တာဒိဂုဏ်နှင့်ပြည့်စုံတော်မူသော အခြေနှစ်ချောင်းရှိသော သူတို့ကို အစိုးရသော ပဒုမုတ္တရမြတ်စွာဘုရားအား ငါသည်(ရတနာဖြင့် ပြီးသော) ယပ်ကို လှူအပ်၏။

၂။ ငါသည် မိမိစိတ်ကို ကြည်လင်စေ၍ လက်အုပ်ချီလျက် မြတ်စွာဘုရားကို ရှိခိုးပြီးလျှင် မြောက်အရပ်သို့ ရှေးရှုဖြ်သွားခဲ့၏။

၃။ လူတို့၏ အကြီးအမှူးဖြစ်သော မြတ်စွာဘုရားသည် ယပ်ကို ကိုင်၍ ရဟန်းသံဃာ (အလယ်၌) ရပ်တည်လျက် ဤဆိုမည့်ဂါထာတို့ကို မိန့်တော်မူ၏—

၄။ ဤယပ်အလှူကြောင့်ရင်း စိတ်၏ တောင့်တမှုကြောင့်ရင်း ကမ္ဘာတသိန်းပတ်လုံး ဖရိုဖရဲကျရာ အပါယ်လေးပါးသို့ မလားရလတ္တံ့။

၅။ အားထုတ်အပ်သော ဝီရိယရှိသည်ဖြစ်၍ နိဗ္ဗာန်သို့ စေလွှတ်အပ်သော စိတ်ရှိသော ငါသည် စိတ်၏ တည်ကြည်ခြင်းဂုဏ်နှင့် ပြည့်စုံသည်ဖြစ်၍ ဖွားသည်မှ ခုနစ်နှစ်သာ ရှိသေးသည်ဖြစ်လျက် အရဟတ္တဖိုလ်သို့ ရောက်၏။

၆။ ကမ္ဘာခြောက်သောင်းထက်၌ များသောဗိုလ်ပါရှိသော ဗီဇမာနအမည်ရှိသော စကြဝတေးမင်းတို့သည် တဆယ့်ခြောက်ကြိမ် ဖြစ်ဘူးကုန်၏။

၇။ လေးပါးသော ပဋိသမ္ဘိဒါတို့ကိုရင်း ရှစ်ပါးသော ဤဝိမောက္ခတို့ကိုရင်း ခြောက်ပါးသော အဘိညာဉ်တို့ကိုရင်း မျက်မှောက်ပြုအပ်ပါကုန်ပြီ၊ မြတ်စွာဘုရား၏ အဆုံးအမတော်ကို လိုက်နာကျင့်သုံးပြီးပါပြီ။

ဤသို့လျှင် အသျှင်ဝိရူပနဒါယကမထေရ်သည် ဤဂါထာတို့ကို မိန့်ဆိုတော်မူ၏။

ရှေးဦးစွာသော ဝိရူပနဒါယကတ္ထေရအပဒါန် ပြီး၏။

---

## ၂-သတရံသိတ္ထေရအပဒါန်

၈။ ယောကျ်ားမြတ် ဖြစ်တော်မူသော မြတ်စွာဘုရားသည် စောက်သောကျောက်တောင်သို့ တက်တော်မူ၍ ထိုင်နေတော်မူ၏၊ ထိုအခါ တောင်၏အနီး၌ ဗေဒင်အရာ၌ တဖက်ကမ်းခတ် တတ်မြောက်သော ပုဏ္ဏားမျိုးဖြစ်သော ငါသည်—

၉။ တောင်သို့ ဝင်လာသော ကြီးသော လုံ့လရှိတော်မူသော လူတို့ထက် မြတ်၍ နတ်ထက်နတ်ဖြစ်တော်မူသော မြတ်စွာဘုရားကို လက်အုပ်ချီ၍ လူတို့၏ အကြီးအမှူးဖြစ်သော (ထို)ဘုရားရှင်ကို ချီးမွမ်း၏။

http://www.dhammadownload.com



၁၀။ ကြီးသောလုံ့လရှိတော်မူသော ဤမြတ်စွာဘုရားသည် တရားတော်မြတ်ကို ပြတော်မူသည်ဖြစ်၍ ရဟန်းအပေါင်း ခြံရံလျက် မီးပုံကြီးကဲ့သို့ တောက်ပတော်မူ၏။

၁၁။ စက္ကြင်းပါးရှိတော်မူသော မြတ်စွာဘုရားသည် မချောက်ချားနိုင်သော မဟာသမုဒ္ဒရာကဲ့သို့ရင်း ကူးခက်သော သမုဒ္ဒရာကဲ့သို့ရင်း ကြောက်ရွံခြင်းကင်းသော သားတို့၏ မင်းကဲ့သို့ရင်း တရားတော်ကို ဟောတော်မူ၏။

၁၂။ နတ်လူတို့၏ ရှေ့သွားဖြစ်တော်မူသော ပဒုမုတ္တရမြတ်စွာဘုရားသည် ငါ၏အကြံကို သိတော်မူ၍ ရဟန်းသံဃာ(အလယ်၌) ရပ်တည်လျက် ဤဆိုမည့်ဂါထာတို့ကို မိန့်တော်မူ၏—

၁၃။ အကြင်ပုဂ္ဂိုလ်သည် ဤဘုရားမြတ်ကို လက်အုပ်ချီမှုကိုလည်းပေး၏၊ ချီးမွမ်းလည်း ချီးမွမ်း၏၊ (ထိုပုဂ္ဂိုလ်သည်) ကမ္ဘာသုံးသောင်းတို့ပတ်လုံး နတ်မင်းအဖြစ်ကို ပြုရလတ္တံ့။

၁၄။ ကမ္ဘာတသိန်းထက်၌ အင်္ဂီရသဟူသော မိမိအမည်ရှိသော ဆန်းကြယ်သော အမိုးကို ဖွင့်လှစ်ပြီးသော(ဂေါတမ)မြတ်စွာဘုရားသည် ထိုမျှလောက်ကာလ၌ ပွင့်လတ္တံ့။

၁၅။ ထိုဂေါတမမြတ်စွာဘုရား၏ တရားတို့၌ တရားအမွေခံ ရင်သွေးဖြစ်သော ထိုသူသည် တရားတော်က ဖန်ဆင်းအပ်သည်ဖြစ်၍ သတရံသီဟူသောအမည်ဖြင့် ရဟန္တာဖြစ်လတ္တံ့ (ဟု မိန့်တော်မူ၏)။

၁၆။ မွေးဖွားသည်မှ ခုနစ်နှစ်သာရှိသော ငါသည် ရဟန်းဘောင်၌ ရဟန်းပြု၏၊ အမည်အားဖြင့် သတရံသီအမည်ရှိ၏၊ ငါ၏ကိုယ်မှ အရောင်အဝါသည် ပြေးထွက်၏။

၁၇။ ငါသည် မဏ္ဍပ်၌ရင်း သစ်ပင်ရင်း၌ရင်း ဈာန်ဝင်စားသည်ဖြစ်၍ ဈာန်၌ မွေ့လျော်သူဖြစ်၏၊ မြတ်စွာဘုရားသာသနာတော်၌ အဆုံးဖြစ်သော ကိုယ်ကိုဆောင်၏။

၁၈။ ကမ္ဘာခြောက်သောင်းထက်၌ ရတနာခုနစ်ပါးနှင့် ပြည့်စုံသည်ဖြစ်၍ ရာမမည်သော စကြဝတေးမင်းတို့သည် လေးကြိမ်ဖြစ်ဘူးကုန်၏။

၁၉။ လေးပါးသော ပဋိသမ္ဘိဒါတို့ကိုရင်း ရှစ်ပါးသော ဤဝိမောက္ခတို့ကိုရင်း ခြောက်ပါးသော အဘိညာဉ်တို့ကိုရင်း မျက်မှောက်ပြုအပ်ပါကုန်ပြီ၊ မြတ်စွာဘုရား၏ အဆုံးအမတော်ကို လိုက်နာကျင့်သုံးပြီးပါပြီ။

ဤသို့လျှင် အသျှင်သတရံသိမထေရ်သည် ဤဂါထာတို့ကို မိန့်ဆိုတော်မူ၏။

နှစ်ခုမြောက် သတရံသိတ္ထေရအပဒါန် ပြီး၏။

---

## ၃-သယနဒါယကတ္ထေရအပဒါန်

၂၀။ လူအားလုံးကို အစဉ်သနားတော်မူသော ထိုပဒုမုတ္တရ မြတ်စွာဘုရားအား အထူးကြည်ညိုသောစိတ်ဖြင့် ညောင်စောင်းအင်းပျဉ်နေရာကို ပေးလှူခဲ့၏။

http://www.dhammadownload.com



၂၁။ ထိုညောင်စောင်းအင်းပျဉ်ကို ပေးလှူခြင်းဖြင့် လယ်မြေကောင်းသဖွယ်ဖြစ်သော သာသနာတော်၌ ကုသိုလ်မျိုးစေ့၏ ပြည့်စုံခြင်းကြောင့် စည်းစိမ်ဥစ္စာတို့သည် ဖြစ်ရကုန်၏၊ ဤသို့ဖြစ်ရခြင်းသည် ထိုညောင်စောင်း အင်းပျဉ်နေရာကို လှူရခြင်း၏ အကျိုးပေတည်း။

၂၂။ ငါသည် ကောင်းကင်၌ အိပ်ခြင်းကို ပြုနိုင်၏၊ ဤမြေကြီးကို ဆောင်နိုင်၏၊ သတ္တဝါတို့၌ ငါ၏အစိုးရသည်၏အဖြစ်ကို ပြုနိုင်၏၊ ဤသို့ဖြစ်ရခြင်းသည် ညောင်စောင်း အင်းပျဉ် အိပ်ရာနေရာကို လှူရခြင်း၏ အကျိုးပေတည်း။

၂၃။ ကမ္ဘာငါးထောင်ထက်၌ ကြီးသောတန်ခိုးရှိသော စကြာမင်းတို့သည် ရှစ်ကြိမ် ဖြစ်ဘူးကုန်၏၊ သုံးထောင့်လေးရာသော ကမ္ဘာထက်၌ များစွာမြတ်သည့် ဗိုလ်ပါအင်အား ရှိသော စကြာမင်းတို့သည် လေးကြိမ်ဖြစ်ဘူးကုန်၏။

၂၄။ လေးပါးသော ပဋိသမ္ဘိဒါတို့ကိုရင်း ရှစ်ပါးသော ဤဝိမောက္ခတို့ကိုရင်း ခြောက်ပါးသော အဘိညာဉ်တို့ကိုရင်း မျက်မှောက်ပြုအပ်ပါကုန်ပြီ၊ မြတ်စွာဘုရား၏ အဆုံးအမ တော်ကို လိုက်နာကျင့်သုံးပြီးပါပြီ။

ဤသို့လျှင် အသျှင်သယနဒါယကမထေရ်သည် ဤဂါထာတို့ကို မိန့်ဆိုတော်မူ၏။

သုံးခုမြောက် သယနဒါယကတ္ထေရအပဒါန် ပြီး၏။

---

## ၄-ဂန္ဓောဒကိယတ္ထေရအပဒါန်

၂၅။ ပဒုမုတ္တရမြတ်စွာဘုရားအား မြတ်သော(ထင်းရှူး)ဗောဓိ ပူဇော်ပွဲသည် ဖြစ်၏၊ (ရတနာခြုံးပန်း ခြုံနွယ်တို့ဖြင့်) ငါသည် ဆန်းကြယ်သောအိုးကိုယူ၍ နံ့သာရေကို သွန်းလောင်းလှူဒါန်းခဲ့၏။

၂၆။ (ထင်းရှူး)ဗောဓိပင်ကို ပက်ဖျန်း သွန်းလောင်းသောအခါ၌လည်း မိုးကြီး သည် သည်းထန်စွာ ရွာသွန်း၏၊ မိုးကြိုးသည် ထစ်ကြိုးပေါက်ကွဲလတ်သော် ကြီးစွာသော မိုးကြိုးသံသည် ဖြစ်၏။

၂၇။ ငါသည် ထိုဗောဓိပင်ကို ပူဇော်ရာ၌ ထိုမိုးကြိုးစက်၏ အဟုန်ကြောင့်သာလျှင် သေခဲ့ရသည်ဖြစ်၍ နတ်ပြည်၌တည်လျက် ဤဆိုမည့်ဂါထာတို့ကို ရွတ်ဆို၏—

၂၈။ မြတ်စွာဘုရားသည် အံ့ဖွယ်ရှိပေစွ၊ တရားတော်သည် အံ့ဖွယ်ရှိပေစွ၊ ငါတို့အား ဆရာ၏ ပြည့်စုံခြင်းသည် အံ့ဖွယ်ရှိပေစွ၊ ငါ၏ကိုယ်ကောင်သည် မြေ၌ကျသည်ဖြစ်၍ ငါသည် နတ်ပြည်၌ မွေ့လျော်ရ၏။

၂၉။ ဘုံဆင့်တရာရှိသော ငါ၏နေရာဗိမာန်သည် မြင့်စောက်သည်ဖြစ်၍ ကောင်းကင် သို့ စွင့်စွင့်တက်၏၊ တသိန်းသောနတ်သမီးတို့သည် ငါ့ကို အမြဲတန်းခြံရံကုန်၏။

၃၀။ ငါ့အား အနာရောဂါတို့သည် မရှိကုန်၊ ငါ့အား စိုးရိမ်ခြင်းလည်း မရှိ၊ ကိုယ်စိတ် ပူပန်ခြင်းကို မမြင်စဘူး၊ ဤသို့ဖြစ်ရခြင်းသည် ကောင်းမှုကံ၏ အကျိုးပေတည်း။

http://www.dhammadownload.com



၃၁။ နှစ်ထောင့်ရှစ်ရာသော ကမ္ဘာထက်၌ ရတနာခုနစ်ပါးနှင့် ပြည့်စုံသည်ဖြစ်၍ များမြတ်သည့် ဗိုလ်ပါအင်အားရှိသော သံဝသိတမည်သော စကြဝတေးမင်းသည် ဖြစ်ဘူး၏။

၃၂။ လေးပါးသော ပဋိသမ္ဘိဒါတို့ကိုရင်း ရှစ်ပါးသော ဤဝိမောက္ခတို့ကိုရင်း ခြောက်ပါးသော အဘိညာဉ်တို့ကိုရင်း မျက်မှောက်ပြုအပ်ပါကုန်ပြီ၊မြတ်စွာဘုရား၏ အဆုံးအမတော်ကို လိုက်နာကျင့်သုံးပြီးပါပြီ။

ဤသို့လျှင် အသျှင်ဂန္ဓောဒကိယမထေရ်သည် ဤဂါထာတို့ကို မိန့်ဆိုတော်မူ၏။

လေးခုမြောက် ဂန္ဓောဒကိယတ္ထေရအပဒါန် ပြီး၏ ။

---

## ၅-သြပဝယှတ္ထေရအပဒါန်

၃၃။ ငါသည် ပဒုမုတ္တရမြတ်စွာဘုရားအား အာဇာနည်မြင်းကို ပေးလှူခဲ့၏၊မြတ်စွာဘုရားအား အပ်နှင်းပြီးလျှင် မိမိနေအိမ်သို့ ပြန်လာခဲ့၏။

၃၄။ မြတ်သောတရားတော်၏အမွေခံဖြစ်သော အမည်အားဖြင့် ဒေဝလဟု ထင်ရှားသော မြတ်စွာဘုရား၏တပည့် အဂ္ဂသာဝကသည် ငါ၏အထံသို့ ကြွလာတော်မူ၏။

၃၅။ စက္ကူငါးပါးနှင့်ပြည့်စုံတော်မူသော မြတ်စွာဘုရားသည် မိမိအား ရောက်လာသောပရိက္ခရာလျှင် ဝန်ရှိသည်ဖြစ်၍ အာဇာနည်မြင်းသည် မအပ်ဟု သိသော်လည်း သင်၏လှူလိုခြင်းအကြံကိုသိ၍ လက်ခံတော်မူ၏(ဟု မိန့်တော်မူ၏)။

၃၆။ (ထိုအခါ)ငါသည် လေကဲ့သို့ လျင်မြန်သောအဟုန်ရှိသော လျင်စွာဆောင်နိုင်သော သိန္ဓောမြင်းကို အကိုးဖြစ်စေ၍ ပဒုမုတ္တရမြတ်စွာဘုရားအား အပ်သော သက်နှံးစသော ပရိက္ခရာကို ပေးလှူ၏။

၃၇။ ကပ်ရောက်ရတိုင်းသော လူအဖြစ် နတ်အဖြစ်ဟူသမျှတို့၌ လေကဲ့သို့ လျင်မြန်သော စီးချင်စဖွယ် ဆန်းကြယ်သောယာဉ်သည် ငါ့အား ဖြစ်ပေါ်၏။

၃၈။ အကြင်သူတို့သည် ပဗ္ဗဇ္ဇာအဖြစ်ကို ရကုန်၏၊ ထိုသူတို့၏ ပဗ္ဗဇ္ဇာအဖြစ်ကို ရခြင်းသည် အရတော်သည်သာလျှင်တည်း၊ မြတ်စွာဘုရားသည် လောက၌ အကယ်၍ဖြစ်ပေါ်ငြားအံ့၊ တဖန်လည်း ဆည်းကပ်လို၏။

၃၉။ ငါသည် များသောဗိုလ်ပါအင်အားရှိသော ကျွန်းကြီး လေးကျွန်း အပိုင်းအခြားရှိသည်ဖြစ်၍ အောင်အပ်ပြီးသော ရန်သူရှိသော ဇမ္ဗူကျွန်းလုံးကို အစိုးရသော စကြာမင်းသည် နှစ်ဆယ့်ရှစ်ကြိမ်တိုင်တိုင် ဖြစ်ခဲ့ဘူး၏။

၄၀။ ဤကိုယ်အဖြစ်သည် ငါ၏အဆုံးဖြစ်သော ကိုယ်တည်း၊အဆုံးဖြစ်သောဘဝတည်း၊ ငါသည် အောင်ခြင်း ရှုံးခြင်းကိုစွန့်၍ မလှုပ်ရှားနိုင်သော နိဗ္ဗာန်အရပ်သို့ ရောက်ရ၏။

http://www.dhammadownload.com



၄၁။ ကမ္ဘာသုံးသောင်းလေးထောင်ထက်၌ ကြီးမြတ်သော တန်ခိုးရှိသော ရတနာ ခုနစ်ပါးနှင့် ပြည့်စုံသည်ဖြစ်၍ များသော ဗိုလ်ပါအင်အားရှိသော စကြဝတေးမင်းသည် ဖြစ်ခဲ့ဘူး၏။

၄၂။ လေးပါးသော ပဋိသမ္ဘိဒါတို့ကိုလည်းကောင်း ရှစ်ပါးသော ဤဝိမောက္ခတို့ကိုလည်းကောင်း ခြောက်ပါးသော အဘိညာဉ်တို့ကိုလည်းကောင်း မျက်မှောက်ပြုအပ်ပါကုန်ပြီ၊ မြတ်စွာဘုရား၏ အဆုံးအမတော်ကို လိုက်နာကျင့်သုံးပြီးပါပြီ။

ဤသို့လျှင် အသျှင်ဩပဝယှမထေရ်သည် ဤဂါထာတို့ကို မိန့်ဆိုတော်မူ၏။

ငါးခုမြောက် ဩပဝယှတ္ထေရအပဒါန် ပြီး၏။

---

## ၆-သပရိဝါရာသနတ္ထေရအပဒါန်

၄၃။ ငါသည် ပဒုမုတ္တရ မြတ်စွာဘုရားအား ဆွမ်းကို လှူဒါန်းခဲ့၏၊ ညစ်နွမ်းသော နေရာသို့သွား၍ စပယ်ကြက်ရှိုးပန်းတို့ဖြင့် ခြုံရုံဖုံးလွှမ်းအပ်၏။

၄၄။ ထိုပန်းနေရာ၌ နေတော်မူသော လူတို့၏ အမြတ်ဆုံး ရှေ့သွားဖြစ်တော်မူသော မြတ်စွာဘုရားသည် ဖြောင့်မတ်တည်ကြည်တော်မူသည်ဖြစ်၍ ဆွမ်း၏အကျိုးကို မိန့်ကြားတော်မူ၏။

၄၅-၄၆။ ကောင်းမြတ်သောလယ်၌ အနည်းငယ်သောမျိုးစေ့ကို စိုက်ပျိုးအပ်သော်လည်း မိုးကောင်းမွန်စွာရွာသွန်းလတ်သော် အသီးသည် လယ်သမားကိုနှစ်သက်စေသကဲ့သို့ ထို့အတူသာလျှင် သင်သည် ဤဆွမ်းမျိုးစေ့ကို ငါဘုရားတည်းဟူသော လယ်မြေကောင်း၌ စိုက်ပျိုးအပ်၏၊ ဘဝသံသရာ၌ ဖြစ်ရသေးသည်ရှိသော် ကောင်းကျိုးတည်းဟူသော အသီးအနှံက သင့်အား နှစ်သိမ့်စေလတ္တံ့။

၄၇။ ပဒုမုတ္တရမြတ်စွာဘုရားသည် ဤစကားကို မိန့်ဆိုတော်မူ၍ ဆွမ်းအလှူကို ခံယူတော်မူလျက် မြောက်အရပ်သို့ ရှေးရှုကြွတော်မူ၏။

၄၈။ ငါသည် ပါတိမောက္ခသံဝရသီလ၌လည်းကောင်း ငါးပါးသော ဣန္ဒြေတို့၌လည်းကောင်း ကောင်းစွာ စောင့်စည်းလျက် ဝိဝေကသုံးပါးပွါးများအားထုတ်ကာ အာသဝေါကင်းကွာ ကိလေသာမရှိပဲ နေရ၏။

၄၉။ လေးပါးသော ပဋိသမ္ဘိဒါတို့ကိုလည်းကောင်း ရှစ်ပါးသော ဤဝိမောက္ခတို့ကိုလည်းကောင်း ခြောက်ပါးသော အဘိညာဉ်တို့ကိုလည်းကောင်း မျက်မှောက်ပြုအပ်ပါကုန်ပြီ၊ မြတ်စွာဘုရား၏ အဆုံးအမတော်ကို လိုက်နာကျင့်သုံးပြီးပါပြီ။

ဤသို့လျှင် အသျှင်သပရိဝါရာသနမထေရ်သည် ဤဂါထာတို့ကို မိန့်ဆိုတော်မူ၏။

ခြောက်ခုမြောက် သပရိဝါရာသနတ္ထေရအပဒါန် ပြီး၏။

http://www.dhammadownload.com



## ၇-ပဥ္စဒီပကတ္ထေရအပဒါန်

၅၀။ ငါသည် အလုံးစုံသော သတ္တဝါတို့ကို အစဉ်သနားတော်မူတတ်သော ပဒုမုတ္တရ မြတ်စွာဘုရား၏ တရားတော်၌ ယုံကြည်သောကြောင့် ဖြောင့်မတ်သော အယူရှိသူ ဖြစ်ခဲ့၏။

၅၁။ ထိုအခါ ငါသည် ထင်းရှူး ဗောဓိပင်ကို ခြံရံ၍ ဆီမီးအလှူကို ပေးလှူခဲ့၏၊ ကံ,ကံ၏အကျိုးကို ယုံကြည်လျက် ဆီမီးတို့ကို ညှိထွန်းခဲ့၏။

၅၂။ ငါသည် ကပ်ရောက်ရတိုင်းသော နတ်အဖြစ် လူအဖြစ်ဟူသမျှတို့၌ ကောင်းကင်၌ ဆီမီးရောင်ကို ဆောင်ကုန်၏၊ ဤသို့ဖြစ်ရခြင်းသည် ဆီမီးအလှူ၏ အကျိုးပေတည်း။

၅၃။ နံရံတဖက်ကိုရင်း ကျောက်တောင်တဖက်ကိုရင်း မြေတောင်ကိုရင်း ကျော်လွန်၍ ငါသည် ထက်ဝန်းကျင်မှ ယူဇနာတရာတိုင်အောင် မြင်စွမ်းနိုင်ခြင်းအကျိုးကို ခံစားရ၏။

၅၄။ ငါသည် ထိုကံကြွင်းကြောင့်သာလျှင် အာသဝကုန်ရာ နိဗ္ဗာန်သို့ရောက်သည် ဖြစ်၍ အခြေနှစ်ချောင်းရှိသူ လူတို့ကိုအစိုးရသော မြတ်စွာဘုရား၏ သာသနာတော်၌ အဆုံးဖြစ်သော ကိုယ်ကိုဆောင်၏။

၅၅။ သုံးထောင့်လေးရာသော ကမ္ဘာထက်၌ များစွာမြတ်သော တန်ခိုးအင်အားရှိကုန်သော သတစက္ခုဟု တူသော အမည်ရှိကုန်သော စကြဝတေးမင်းတို့ ဖြစ်ခဲ့ဘူးကုန်၏။

၅၆။ လေးပါးသော ပဋိသမ္ဘိဒါတို့ကိုရင်း ရှစ်ပါးသော ဤဝိမောက္ခတို့ကိုရင်း ခြောက်ပါးသော အဘိညာဉ်တို့ကိုရင်း မျက်မှောက်ပြုအပ်ပါကုန်ပြီ၊ မြတ်စွာဘုရား၏ အဆုံးအမ တော်ကို လိုက်နာကျင့်သုံးပြီးပါပြီ။

ဤသို့လျှင် အသျှင်ပဥ္စဒီပကမထေရ်သည် ဤဂါထာတို့ကို မိန့်ဆိုတော်မူ၏။

ခုနစ်ခုမြောက် ပဥ္စဒီပကတ္ထေရအပဒါန် ပြီး၏။

---

## ၈-ဓဇဒါယကတ္ထေရအပဒါန်

၅၇။ ပဒုမုတ္တရမြတ်စွာဘုရား၏ မြတ်သော ထင်းရှူးဗောဓိပင်၌ ရွှင်လန်းသော ငါသည် ရွှင်ပျသောစိတ်ဖြင့် တံခွန်ကို တင်လှူခဲ့၏။

၅၈-၅၉-၆၀-၆၁။ ငါသည် ကြွေကျသော ဗောဓိရွက်တို့ကို ကောက်ယူ၍ အပ၌စွန့်၏၊ အတွင်းအပတို့၌ စင်ကြယ်သည်ဖြစ်၍ ကိလေသာမှ လွတ်သော အာသဝမရှိသော မြတ်စွာဘုရားကို မျက်မှောက်၌ ရှိခိုးရသကဲ့သို့ ငါသည် မြတ်သောဗောဓိပင်ကို ရှိခိုး၏၊ လောကကို သိတော်မူသော ဩဇ္ဈသည်အလှိုင်ငှါ ဆောင်အပ်သော ပစ္စည်းဝတ္ထုကို အလှူ ခံထိုက်သော ပဒုမုတ္တရမြတ်စွာဘုရားသည် ရဟန်းသံဃာ (အလယ်၌) ရပ်တည်လျက် ဤဆိုမည့်ဂါထာတို့ကို မိန့်တော်မူ၏—ဤတံခွန်အလှူကြောင့်ရင်း ဆည်းကပ်ခစားခြင်း ကြောင့်ရင်း နှစ်ပါးစုံကြောင့် ထိုသူသည် ကမ္ဘာတသိန်းပတ်လုံး အပါယ်လေးပါးသို့ မလား ရောက်ရ၊ နတ်ပြည်တို့၌ နတ်၏တင့်တယ်ခြင်းကို အတိုင်းမသိ ခံစားရလတ္တံ့ ။

http://www.dhammadownload.com



၆၂။ အကြိမ်အရာများစွာ တိုင်းနိုင်ငံ၌ မင်းဖြစ်ရလတ္တံ့၊ အမည်အားဖြင့် ဥဂ္ဂတဟု ထင်ရှားသော စကြဝတေးမင်းဖြစ်ရလတ္တံ့။

၆၃။ စည်းစိမ်ကို ခံစားပြီး၍ ဖြူစင်သော ကုသိုလ်အကြောင်းရင်းသည် တိုက်တွန်း အပ်သောကြောင့် ဂေါတမမြတ်စွာဘုရား၏ သာသနာတော်၌ မွေ့လျော်ရလတ္တံ့ (ဟု မိန့်တော်မူ၏)။

၆၄။ ငါသည် ကမ္မဋ္ဌာန်းအားထုတ်ခြင်းဖြင့် နိဗ္ဗာန်သို့စေလွှတ်ထားသော စိတ်ရှိသည် ဖြစ်၍ ကိလေသာမီး ငြိမ်းအေးသူ ကိလေသာဥပဓိမရှိသူဖြစ်၏၊ ဘုရားသာသနာတော်၌ အဆုံးဖြစ်သော ကိုယ်ကိုဆောင်၏။

၆၅။ တထောင့်ငါးဆယ့်တခုသော ကမ္ဘာထက်၌ ဥဂ္ဂတအမည်ရှိသော စကြာမင်း ဖြစ်၏၊ တထောင့်ငါးဆယ်သော ကမ္ဘာထက်၌ မေဃအမည်ရှိသော စကြာမင်းဖြစ်၏။

၆၆။ လေးပါးသော ပဋိသမ္ဘိဒါတို့ကိုလည်း ရှစ်ပါးသော ဝိမောက္ခတို့ကိုလည်း ခြောက် ပါးသော အဘိညာဉ်တို့ကိုလည်း မျက်မှောက်ပြုအပ်ပါကုန်ပြီ၊ မြတ်စွာဘုရား၏ အဆုံးအမ တော်ကို လိုက်နာကျင့်သုံးပြီးပါပြီ။

ဤသို့လျှင် အသျှင်ဗီဇနီယကမထေရ်သည် ဤဂါထာတို့ကို မိန့်ဆိုတော်မူ၏။

ရှစ်ခုမြောက် ဗီဇနီယကတ္ထေရအပဒါန် ပြီး၏၊

---

## ၉-ပဒုမတ္ထေရအပဒါန်

၆၇။ သစ္စာလေးပါးတရားကို ပြတော်မူလျက် မြတ်သော တရားတော်ကို ဖြစ်စေ တတ်သော ပဒုမုတ္တရဘုရားရှင်သည် လူအပေါင်းကို ငြိမ်းအေးစေလျက် အမြိုက်မိုးကို ရွာစေ၏။

၆၈။ ငါသည် တံခွန်နှင့်တကွသော ပဒုမာကြာကိုယူ၍ ကုလလေးတာ နှစ်ရာ့ငါးဆယ် တကောသဝက်ရှိသော နေရာ၌ ရပ်တည်လျက် ရှင်လန်းသည် ဖြစ်၍ ပဒုမုတ္တရ မြတ်စွာ ဘုရားအား ကောင်းကင်၌ ပစ်တင်မြှောက်လှူ၏။

၆၉။ ပဒုမာကြာသည် ရွှေရှု လာလတ်သော် ထိုခဏ၌ မဖြစ်စဘူး (ပြာဋိဟာထူးကဲ သောအရာ)သည် ဖြစ်၏၊ (ငါမြတ်သူဟု) ဆိုတတ်သူတို့ထက် မြတ်သော ဘုရားရှင်သည် ငါ၏ အကြံကိုသိ၍ ခံယူတော်မူ၏။

၇၀။ မြတ်စွာဘုရားသည် မြတ်သောပဒုမာကြာပန်းကို လက်တော်မြတ်ဖြင့် ကိုင်ယူ တော်မူ၍ ရဟန်းသံဃာ အလယ်၌ ရပ်တည်လျက် ဤဆိုမည့် ဂါထာတို့ကို မိန့်တော် မူ၏--

၇၁။ အကြင်သူသည် နိဗ္ဗာန်သို့ ပို့ဆောင်တတ်သော တရားအလုံးစုံကို သိသော မြတ်စွာဘုရား၌(သဗ္ဗညုမြတ်စွာဘုရား၌) ဤပဒုမာကြာပန်းကို ပစ်လှင့် ပူဇော်အပ်၏၊ ထိုသူကို ငါသည် ဗျာဒိတ်စကား ဟောကြားပေအံ့၊ ဟောကြားမည့် ငါ၏စကားကို နာကြကုန်လော့—

http://www.dhammadownload.com



၇၂။ ကမ္ဘာသုံးဆယ်တို့ပတ်လုံး နတ်တို့ကို အစိုးရသူဖြစ်၍ သိကြားမင်း အဖြစ်ကို ပြုရလတ္တံ့၊ အကြိမ်ခုနစ်ရာ ကေရာဇ်မင်းဖြစ်၍ မြေအပြင်ကို စိုးအုပ်ရလတ္တံ့။

၇၃။ ထိုပဒုမာကြာ၌ ကြာချပ် အရေအတွက်မျှလောက် စကြဝတေးမင်း ဖြစ်ရလတ္တံ့၊ ထိုအခါ ကောင်းကင်မှ ပန်းမိုးရွာလတ္တံ့။

၇၄။ ကမ္ဘာတသိန်းထက်၌ ဩက္ကာက မင်းမျိုး၌ဖြစ်သော အမည်အားဖြင့် ဂေါတမ မည်သော မြတ်စွာဘုရားသည် လောက၌ ဖြစ်လတ္တံ့။

၇၅။ ထိုဂေါတမ မြတ်စွာဘုရား၏ တရားတော်တို့၌ အမွေခံ ရင်သွေးဖြစ်လျက် တရားတော်က ဖန်ဆင်းအပ်သည်ဖြစ်၍ ခပ်သိမ်းသော အာသဝတို့ကို ပိုင်းခြားသိပြီးလျှင် အာသဝကင်းကွာ ကိလေသာမရှိပဲ ပရိနိဗ္ဗာန်ပြုလတ္တံ့ (ဟု မိန့်တော်မူ၏)။

၇၆။ ငါသည် အမိဝမ်းမှ ဖွားမြင်သည်ရှိသော် ပညာအဆင်ခြင် ရှိသည် ထင်သော သတိရှိသည်ဖြစ်၍ ဖွားသည်မှ ငါးနှစ်မျှသာရှိသေးလျက် အရဟတ္တဖိုလ်သို့ ရောက်၏။

၇၇။ လေးပါးသော ပဋိသမ္ဘိဒါတို့ကိုလည်း ရှစ်ပါးသော ဝိမောက္ခတို့ကိုလည်း ခြောက်ပါးသော အဘိညာဉ်တို့ကိုလည်း မျက်မှောက်ပြုအပ်ပါကုန်ပြီ၊ မြတ်စွာဘုရား၏ အဆုံးအမတော်ကို လိုက်နာကျင့်သုံးပြီးပါပြီ။

ဤသို့လျှင် အသျှင်ပဒုမမထေရ်သည် ဤဂါထာတို့ကို မိန့်ဆိုတော်မူ၏။

ကိုးခုမြောက် ပဒုမတ္ထေရအပဒါန် ပြီး၏။

---

## ၁၀-အသနဗောဓိယတ္ထေရအပဒါန်

၇၈။ ငါသည် မွေးဖွားသည်မှ ခုနစ်နှစ်သာ ရှိသေးလျက် မြတ်စွာဘုရားကို ဖူးမြင်ရ၏၊ ကြည်ညိုဝမ်းမြောက်သော စိတ်ရှိသည်ဖြစ်၍ တိဿမြတ်စွာဘုရားထံတော်သို့ ကပ်ရောက်၏။

၇၉။ ရှင်လန်းသော ငါသည် ရှင်ပျသော စိတ်ဖြင့် လူတို့၏ အကြီးအမှူး ဖြစ်၍ တာဒိဂုဏ်နှင့်ပြည့်စုံသော တိဿမည်သော ဘုရားရှင်၏ မြတ်သော ပိတောက်ဗောဓိပင်ကို စိုက်ပျိုး၏။

၈၀။ မြေ၌ ပေါက်သော သစ်ပင်သည် အမည်အားဖြင့် ပိတောက်ပင်မည်၏၊ မြတ်သော(ထို)ပိတောက်ဗောဓိပင်ကို ငါးနှစ်ပတ်လုံး ပြုစုခဲ့၏။

၈၁။ မဖြစ်စဘူး ထူးကဲသည်ဖြစ်၍ ကြက်သီး မွေးညင်း ထလောက်အောင် ပင်လုံးကျွတ်ပွင့်သောပိတောက် ဗောဓိပင်ကို မြင်ရသော် မိမိစိုက်ပျိုးမှုကို အထူးထူး အထွေထွေ ကြားလျှောက်လျက် ဘုရားထံတော်သို့ ချဉ်းကပ်၏။

၈၂။ ထိုအခါ သစ္စာလေးပါးကိုသိ၍ အမြတ်ဆုံး ပုဂ္ဂိုလ်ဖြစ်သော တိဿမည်သော ထိုဘုရားရှင်သည် ရဟန်းသံဃာအလယ်၌ ထိုင်နေတော်မူ၍ ဤဆိုမည့် ဂါထာတို့ကို မိန့်တော်မူ၏—

http://www.dhammadownload.com



၈၃။ အကြင်သူသည် ဤပိတောက်ဗောဓိပင်ကို စိုက်ပျိုးအပ်၏၊ ဘုရားအား ပူဇော်ခြင်းကို ကောင်းစွာ ပြုအပ်၏၊ ထိုသူကို ငါသည် ဗျာဒိတ်စကား ဟောကြားပေအံ့၊ ဟောကြားမည့် ငါ၏စကားကို နာကြကုန်လော့—

၈၄။ ထိုသူသည် အာယုကပ် သုံးဆယ်တို့ပတ်လုံး နတ်ပြည်တို့၌ နတ်မင်းအဖြစ်ကို ပြုရလတ္တံ့၊ ခြောက်ဆယ့်လေးကြိမ် စကြဝတေးမင်း ဖြစ်ရလတ္တံ့။

၈၅။ တုသိတာနတ်ပြည်မှ စုတေ၍ ဖြူစင်သော ကုသိုလ် အကြောင်းရင်းသည် တိုက်တွန်းအပ်သောကြောင့် နှစ်ပါးသော စည်းစိမ်တို့ကို ခံစား၍ လူအဖြစ်၌ မွေ့လျော်ရလတ္တံ့။

၈၆။ ထိုသူသည် ကမ္မဋ္ဌာန်းစီးဖြန်းအားထုတ်ခြင်းဖြင့် နိဗ္ဗာန်သို့ စေလွှတ်အပ်သော စိတ်ရှိသည်ဖြစ်၍ ကိလေသာမှ ငြိမ်းအေးကာ ကိလေသာ ဥပဓိမရှိပဲလျက် ခပ်သိမ်းသော အာသဝတရားတို့ကို ပိုင်းခြားသိပြီးလျှင် အာသဝကင်းကွာ ကိလေသာမရှိပဲ ပရိနိဗ္ဗာန် ပြုလတ္တံ့ (ဟု မိန့်တော်မူ၏)။

၈၇။ ငါသည် ဝိဝေကသုံးပါး ပွါးများအားထုတ်လျက် ကိလေသာမှ ငြိမ်းအေးသူ ကိလေသာ ဥပဓိမရှိသူ ဖြစ်၏၊ ဆင်ပြောင်သည် အန္ဒောင်အဖွဲ့ကို ဖြတ်၍ နေသကဲ့သို့ အာသဝကင်းကွာ (ကိလေသာ)မရှိပဲ နေရ၏။

၈၈။ ဤဘဒ္ဒကမ္ဘာမှ ကိုးဆယ့်နှစ်ကမ္ဘာထက်၌ ပိတောက်ဗောဓိပင်ကို စိုက်ပျိုးခဲ့သောအခါမှစ၍ ငါသည် အပါယ်လေးပါး လားရသည်ကို မသိစဖူးပေ၊ ဤသို့ ဖြစ်ရခြင်းသည် ပိတောက်ဗောဓိပင် စိုက်ပျိုးရခြင်း၏ အကျိုးပေတည်း။

၈၉။ ဤဘဒ္ဒကမ္ဘာမှ ခုနစ်ဆယ့်လေးကမ္ဘာထက်ဖြစ်သော ထိုအခါ၌ ငါသည် ဒဏ္ဍသေန ဟု ကျော်စောထင်ရှားသော ရတနာခုနစ်ပါးနှင့် ပြည့်စုံသော စကြဝတေးမင်းသည် ဖြစ်ခဲ့၏။

၉၀။ ဤဘဒ္ဒကမ္ဘာမှ ခုနစ်ဆယ့်သုံးကမ္ဘာထက်၌ သမန္တနေမိ ဟူသောအမည်ဖြင့် ရေမြေကို အစိုးရသော စကြဝတေးမင်းတို့သည် ခုနစ်ကြိမ် ဖြစ်ဘူးကုန်၏။

၉၁။ ဤဘဒ္ဒကမ္ဘာမှ နှစ်ဆယ့်ငါးကမ္ဘာထက်၌ ရတနာခုနစ်ပါးနှင့် ပြည့်စုံသည်ဖြစ်၍ များမြတ်သည့် ဗိုလ်ပါအင်အားရှိသော ပုဏ္ဏကမည်သော စကြဝတေးမင်းသည် ဖြစ်ခဲ့ဘူး၏။

၉၂။ လေးပါးသော ပဋိသမ္ဘိဒါတို့ကိုရင်း ရှစ်ပါးသော ဝိမောက္ခတို့ကိုရင်း ခြောက်ပါးသော အဘိညာဉ်တို့ကိုရင်း မျက်မှောက်ပြုအပ်ပါကုန်ပြီ၊ မြတ်စွာဘုရား၏ အဆုံးအမတော်ကို လိုက်နာကျင့်သုံးပြီးပါပြီ။

ဤသို့လျှင် အသျှင်အာသနဗောဓိယမထေရ်သည် ဤဂါထာတို့ကို မိန့်ဆိုတော်မူ၏။

ဆယ်ခုမြောက် အာသနဗောဓိယတ္ထေရအပဒါန် ပြီး၏။

ခြောက်ဆယ်ခုမြောက် ဗီဇနီဝဂ် ပြီး၏။

http://www.dhammadownload.com

# ၇-သကစိန္တနိယဝဂ်

## ၁-သကစိန္တနိယတ္ထေရအပဒါန်

၁-၂။ ဘုရားရဟန္တာစသော ရသေ့တို့၏ ကျက်စားမှီဝဲရာဖြစ်သော လွှသံတိတ်ဆိတ်သည်ဖြစ်၍ အနှောင့်အယှက်မရှိသော သားရဲထူထပ်သော တောအုပ်ကိုမြင်၍ အဝေးမှ ဆောင်အပ်သော လှူဖွယ်တို့ကို ခံယူရာဖြစ်သော သဲကို စေတီပုထိုးပြုပြီးလျှင် အမျိုးမျိုးသောပန်းကို ဖြန့်ကြဲပူဇော်၏၊ ငါသည် မျက်မှောက်၌ မြတ်စွာဘုရားကို ရှိခိုးသကဲ့သို့ ဖန်ဆင်းတည်ထားအပ်သော သဲပုံစေတီကို ရှိခိုး၏။

၃။ ငါသည် တိုင်းနိုင်ငံ၌ အစိုးရသည်ဖြစ်၍ ရတနာခုနစ်ပါးနှင့် ပြည့်စုံသော မိမိကုသိုလ်ကောင်းမှုကို အားထုတ်အပ်ပြီးသူ စကြာမင်းသည် ဖြစ်ရ၏၊ ဤသို့ဖြစ်ရခြင်းသည် ပန်းပူဇော်ရခြင်း၏ အကျိုးပေတည်း။

၄။ ဤဘဒ္ဒကမ္ဘာမှ ကိုးဆယ့်တကမ္ဘာထက်၌ ပန်းလှူခဲ့ရသောအခါမှစ၍ အပါယ်လေးပါး လားရသည်ကို မသိစဘူးပေ၊ ဤသို့ဖြစ်ရခြင်းသည် ပန်းပူဇော်ရခြင်း၏ အကျိုးပေတည်း။

၅။ ငါသည် ကမ္ဘာ့ရှစ်ဆယ်ထက်၌ အဆုံးမရှိသော အခြံအရံရှိသည်ဖြစ်၍ ရတနာခုနစ်ပါးနှင့် ပြည့်စုံသော လေးကျွန်းလုံးကို အစိုးရသော စကြဝတေးမင်းသည် ဖြစ်ခဲ့ဘူး၏။

၆။ လေးပါးသော ပဋိသမ္ဘိဒါတို့ကိုရင်း ရှစ်ပါးသော ဤဝိမောက္ခတို့ကိုရင်း ခြောက်ပါးသော အဘိညာဉ်တို့ကိုရင်း မျက်မှောက်ပြုအပ်ပါကုန်ပြီ၊ မြတ်စွာဘုရား၏ အဆုံးအမတော်ကို လိုက်နာကျင့်သုံးပြီးပါပြီ။

ဤသို့လျှင် အသျှင်သကစိန္တနိယမထေရ်သည် ဤဂါထာတို့ကို မိန့်ဆိုတော်မူ၏။

ရှေးဦးစွာသော သကစိန္တနိယတ္ထေရအပဒါန် ပြီး၏။

---

## ၂-အဝေါပုပ္ဖိယတ္ထေရအပဒါန်

၇။ (သိခီအမည်ရှိသော မြတ်စွာဘုရားသည်) ကျောင်းမှ ထွက်တော်မူ၍ စင်္ကြံ၌ ရပ်တော်မူပြီးလျှင် သစ္စာလေးပါးကို ဖော်ပြတော်မူလျက် အမြိုက်နိဗ္ဗာန်ကို ဟောတော်မူ၏။

၈။ တာဒိဂုဏ်နှင့် ပြည့်စုံသော သိခီဘုရားမြတ်၏ အသံတော်ကို သိ၍ အမျိုးမျိုးသောပန်းကို ကိုင်ယူလျက် ကောင်းကင်၌ ကြဲဖြန့်ပူဇော်၏။

http://www.dhammadownload.com



၉။ လူတို့ထက် ကြီးမြတ်တော်မူသော အခြေနှစ်ချောင်းရှိသူ လူအပေါင်းကို အစိုးရတော်မူသော မြတ်စွာဘုရား အကျွန်ုပ်သည် ထိုပန်းပူဇော်ရသော ကောင်းမှုကံကြောင့် အောင်ခြင်း ရှုံးခြင်းကို စွန့်၍ မတုန်လှုပ်ရာနိဗ္ဗာန်သို့ ရောက်ရပါလို၏( ဆုတောင်း၏)။

၁၀။ ဤဘဒ္ဒကမ္ဘာမှ သုံးဆယ့်တကမ္ဘာထက်၌ ပန်းကို တင်လှူပူဇော်ရသောအခါမှစ၍ အပါယ်လေးပါး လားရသည်ကို မသိစဘူးပေ၊ ဤသို့ဖြစ်ရခြင်းသည် ပန်းပူဇော်ရခြင်း၏ အကျိုးပေတည်း။

၁၁။ ဤဘဒ္ဒကမ္ဘာမှ ကမ္ဘာနှစ်ဆယ်ထက်၌ ရတနာခုနစ်ပါးနှင့် ပြည့်စုံသည်ဖြစ်၍ များစွာမြတ်သည့် ဗိုလ်ပါအင်အားရှိသော သုမေမည်သော စကြာဝတေးမင်းသည် ဖြစ်၏။

၁၂။ လေးပါးသော ပဋိသမ္ဘိဒါတို့ကိုလည်းကောင်း ရှစ်ပါးသော ဤဝိမောက္ခတို့ကိုလည်းကောင်း ခြောက်ပါးသော အဘိညာဉ်တို့ကိုလည်းကောင်း မျက်မှောက်ပြုအပ်ပါကုန်ပြီ၊ မြတ်စွာဘုရား၏ အဆုံးအမတော်ကို လိုက်နာကျင့်သုံးပြီးပါပြီ။

ဤသို့လျှင် အသျှင်အဝေါပုပ္ဖိယမထေရ်သည် ဤဂါထာတို့ကို မိန့်ဆိုတော်မူ၏။

နှစ်ခုမြောက် အဝေါပုပ္ဖိယတ္ထေရအပဒါန် ပြီး၏။

---

## ၃-ပစ္စာဂမနိယတ္ထေရအပဒါန်

၁၃။ ထိုအခါ ငါသည် သိန္ဓုမြစ်ကမ်းနားဝ၌ စက္ကဝါကငှက် ဖြစ်ခဲ့ဘူး၏၊ ငါသည် သက်သက်သော မှော်သာလျှင် အစာရှိ၏၊ မကောင်းမှုတို့၌ ကောင်းစွာ စောင့်စည်း၏။

၁၄။ ငါသည် ကောင်းကင်၌ ကြွသွားတော်မူသော ကိလေသာမြူကင်းသော မြတ်စွာဘုရားကို ဖူးမြင်ရ၏၊ နှုတ်သီးဖြင့် အင်ကြင်းပန်းကို ချီ၍ ဝိပဿီမြတ်စွာဘုရားအား တင်လှူပူဇော်၏။

၁၅။ အကြင်သူ၏ မြတ်စွာဘုရား၌ ယုံကြည်မှုသဒ္ဓါတရားသည် မတုန်မလှုပ်သည် ဖြစ်၍ မြဲမြံစွာတည်၏၊ ထိုသူသည် ထိုယုံကြည်သောစိတ်၏ ကြည်လင်မှုကြောင့် အပါယ်လေးပါးသို့ မလားမရောက်ရပေ။

၁၆။ မြတ်စွာဘုရား၏အထံတော်သို့ ငါရောက်လာခြင်းသည် စင်စစ် ကောင်းသော လာခြင်းပေတည်း၊ ငါသည် ငှက်တိရစ္ဆာန်ဖြစ်ပါလျက် ကောင်းသော ကုသိုလ်မျိုးစေ့ကို စိုက်ပျိုးရပေ၏။

၁၇။ ဤဘဒ္ဒကမ္ဘာမှ ကိုးဆယ့်တကမ္ဘာထက်၌ ပန်းကို တင်လှူပူဇော်ခဲ့ရသောအခါမှစ၍ အပါယ်လေးပါး လားရသည်ကို မသိစဘူးပေ၊ ဤသို့ဖြစ်ရခြင်းသည် ဘုရားကို ပန်းပူဇော်ရခြင်း၏ အကျိုးပေတည်း။

၁၈။ တဆယ့်ခုနစ်ကမ္ဘာထက်၌ များစွာမြတ်သည့် ဗိုလ်ပါအင်အားရှိသည်ဖြစ်၍ အမည်တမျိုးတည်းရှိသော သုစာရုဒဿနမည်သော ဤစကြာဝတေးမင်းတို့သည် ရှစ်ကြိမ် ဖြစ်ခဲ့ဘူးကုန်၏။

http://www.dhammadownload.com



၁၉။ လေးပါးသော ပဋိသမ္ဘိဒါတို့ကိုရင်း ရှစ်ပါးသော ဤဝိမောက္ခတို့ကိုရင်း ခြောက်ပါးသော အဘိညာဉ်တို့ကိုရင်း မျက်မှောက်ပြုအပ်ပါကုန်ပြီ၊ မြတ်စွာဘုရား၏ အဆုံးအမတော်ကို လိုက်နာကျင့်သုံးပြီးပါပြီ။

ဤသို့လျှင် အသျှင်ပစ္စာဂမနိယမထေရ်သည် ဤဂါထာတို့ကို မိန့်ဆိုတော်မူ၏။

သုံးခုမြောက် ပစ္စာဂမနိယတ္ထေရအပဒါန် ပြီး၏။

---

## ၄-ပရပ္ပသာဒကတ္ထေရအပဒါန်

၂၀။ ဥသဘာသဖွယ်ဖြစ်၍ မြတ်သောလုံ့လရှိတော်မူသော သီလက္ခန္ဓစသည့် ကျေးဇူးကို ရှာမှီးတော်မူသည်ဖြစ်၍ အောင်ပြီးသော မာရ်ငါးပါးရှိတော်မူသော ရွှေအဆင်းနှင့်တူသော အဆင်းရှိတော်မူသော မြတ်စွာဘုရားကို ဖူးမြင်ရသည်ရှိသော် အဘယ်သူသည် မကြည်ညိုပဲ ရှိအံ့နည်း။

၂၁။ ဟိမဝန္တာတောင်သည် မနှိုင်းရှည့်နိုင်သကဲ့သို့ရင်း သမုဒ္ဒရာသည် ကူးခပ်နိုင်ခဲသကဲ့သို့ရင်း ထိုအတူသာလျှင် မြတ်စွာဘုရား၏ ဈာန်သမာဓိတော်သည် မနှိုင်းရှည့်နိုင်သည်လည်း ဖြစ်၏၊ ကူးခပ်နိုင်ခဲသည်လည်း ဖြစ်၏၊ (ထိုမြတ်စွာဘုရားကို) ဖူးမြင်ရသည်ရှိသော် အဘယ်သူသည် မကြည်ညိုပဲ ရှိအံ့နည်း။

၂၂။ မြေကြီးသည် မနှိုင်းရှည့်နိုင်သကဲ့သို့ရင်း တော၌ပေါက်သော ဦးဆောက်ပန်းသည် ဆန်းကြယ်သကဲ့သို့ရင်း ထိုအတူသာလျှင် မြတ်စွာဘုရား၏ သီလတော်သည် မနှိုင်းရှည့်နိုင်သည်လည်း ဖြစ်၏၊ ဆန်းကြယ်သည်လည်း ဖြစ်၏၊ထိုမြတ်စွာဘုရားကို ဖူးမြင်ရသည်ရှိသော် အဘယ်သူသည် မကြည်ညိုပဲ ရှိအံ့နည်း။

၂၃။ လေ၏အဟုန်ဖြင့် ချောက်ချားသော ကောင်းကင်သည် မရေတွက်နိုင်သကဲ့သို့ ထိုအတူသာလျှင် မြတ်စွာဘုရား၏ ဉာဏ်တော်သည် မရေတွက်နိုင်၊ ထိုမြတ်စွာဘုရားကို ဖူးမြင်ရသည်ရှိသော် အဘယ်သူသည် မကြည်ညိုပဲ ရှိအံ့နည်း။

၂၄-၂၅။ သေနအမည်ရှိသောပုဏ္ဏားသည် သူတပါးတို့ မအောင်မြင်နိုင်သော သိဒ္ဓတ္ထဘုရားမြတ်ကို ဤလေးဂါထာတို့ဖြင့် ချီးမွမ်းသောကြောင့် ကိုးဆယ့်လေးကမ္ဘာတို့ပတ်လုံး အပါယ်လေးပါးသို့ မကပ်ရောက်ရချေ၊ သုဂတိဘဝ၌ အတိုင်းမသိသော ချမ်းသာစည်းစိမ်ကို ခံစားရ၏။

၂၆။ ဤဘဒ္ဒကမ္ဘာမှ ကိုးဆယ့်လေးကမ္ဘာထက်၌ မြတ်စွာဘုရားကို ချီးမွမ်းရသောကြောင့် အပါယ်လေးပါး လားရသည်ကို မသိစဘူးပေ၊ဤသို့ဖြစ်ရခြင်းသည် မြတ်စွာဘုရားကို ချီးမွမ်းခြင်း၏ အကျိုးပေတည်း။

၂၇။ တဆယ့်လေးကမ္ဘာထက်၌ ရတနာခုနစ်ပါးနှင့် ပြည့်စုံသည်ဖြစ်၍ များမြတ်သည့်ဗိုလ်ပါအင်အားရှိသော ဥဂ္ဂတမည်သော စကြဝတေးမင်းတို့သည် လေးကြိမ်ဖြစ်ခဲ့ဘူးကုန်၏။

http://www.dhammadownload.com



၂၈။ လေးပါးသော ပဋိသမ္ဘိဒါတို့ကိုလည်း ရှစ်ပါးသော ဤဝိမောက္ခတို့ကိုလည်း ခြောက်ပါးသော အဘိညာဉ်တို့ကိုလည်း မျက်မှောက်ပြုအပ်ပါကုန်ပြီ၊ မြတ်စွာဘုရား၏ အဆုံးအမတော်ကို လိုက်နာကျင့်သုံးပြီးပါပြီ။

ဤသို့လျှင် အသျှင်ပရပ္ပသာဒကမထေရ်သည် ဤဂါထာတို့ကို မိန့်ဆိုတော်မူ၏။

လေးခုမြောက် ပရပ္ပသာဒကတ္ထေရအပဒါန် ပြီး၏။

---

## ၅-ဘိသဒါယကတ္ထေရအပဒါန်

၂၉။ အကြင်မြတ်စွာဘုရားသည် အမည်တော်အားဖြင့် ဝေဿဘူမည်တော်မူ၏၊ သုံးဆူသောဘုရားမြတ်တို့တွင် တတိယမြောက် ဖြစ်တော်မူ၏၊ ယောကျ်ားမြတ် ဖြစ်တော်မူသော ထိုမြတ်စွာဘုရားသည် သားရဲသူထပ်သော တောအုပ်သို့ ဝင်ရောက်၍ နေတော်မူ၏။

၃၀။ ထိုအခါ ငါသည် ကြည်ညိုလှသည်ဖြစ်၍ ကြာစွယ်ကြာရင်းကို နုတ်ယူ၍ မြတ်စွာဘုရားထံတော်သို့ သွား၏၊ ငါသည် ကြည်ညိုလှသည်ဖြစ်၍ မိမိလက် (နှာမောင်း)တို့ဖြင့် ထိုကြာစွယ်ကြာရင်းကိုလည်း မြတ်စွာဘုရားအား ပေးလှူ၏။

၃၁။ မြတ်သော သမ္ဗုဒ္ဓဉာဏ်ရှိသော ဝေဿဘူမြတ်စွာဘုရားသည် ( ငါ့ကို ) လက်တော်ဖြင့်လည်း သုံးသပ်တော်မူ၏၊ ထိုလက်တော်ဖြင့် ၊ သုံးသပ်ခြင်းနှင့် ညီမျှသော ချမ်းသာကို ငါသည် မသိခဲ့ရဘူးပေ၊ ထို့ထက်လွန်ကဲသော ချမ်းသာကိုကား အဘယ်မှာ ဆိုရပါတော့အံ့နည်း။

၃၂။ ငါ၏ယခုဘဝသည် အဆုံးဘဝဖြစ်၏၊ ခပ်သိမ်းသော ဘဝကို ပယ်နုတ်အပ်ကုန်ပြီ၊ ငါသည် ဆင်ပြောင်ဖြစ်ပါလျက် ကုသိုလ်ကောင်းမှုကို စိုက်ပျိုးခဲ့ရ၏။

၃၃။ ဤဘဒ္ဒကမ္ဘာမှ သုံးဆယ့်တကမ္ဘာထက်၌ ကြာစွယ်လှူဒါန်းမှုကို ပြုခဲ့ရသော အခါမှစ၍ အပါယ်လေးပါး လားရသည်ကို မသိစဘူးပေ၊ ဤသို့ဖြစ်ရခြင်းသည် ကြာစွယ်လှူဒါန်းရခြင်း၏ အကျိုးပေတည်း။

၃၄။ တဆယ့်လေးကမ္ဘာထက်၌ များမြတ်သည့် ဗိုလ်ပါအင်အားရှိသည် ဖြစ်၍ လူတို့ကို အစိုးရသော သမောဒနမည်သော စကြဝတေးမင်းတို့သည် တဆယ့်ခြောက်ကြိမ် ဖြစ်ခဲ့ဘူးကုန်၏။

၃၅။ လေးပါးသော ပဋိသမ္ဘိဒါတို့ကိုလည်း ရှစ်ပါးသော ဤဝိမောက္ခတို့ကိုလည်း ခြောက်ပါးသော အဘိညာဉ်တို့ကိုလည်း မျက်မှောက်ပြုအပ်ပါကုန်ပြီ၊ မြတ်စွာဘုရား၏ အဆုံးအမတော်ကို လိုက်နာကျင့်သုံးပြီးပါပြီ။

ဤသို့လျှင် အသျှင်ဘိသဒါယကမထေရ်သည် ဤဂါထာတို့ကို မိန့်ဆိုတော်မူ၏။

ငါးခုမြောက် ဘိသဒါယကတ္ထေရအပဒါန် ပြီး၏။

http://www.dhammadownload.com



## ၆-သုစိန္တိတတ္ထေရအပဒါန်

၃၆။ ငါသည် အထူးသဖြင့် ပေါက်ဖွားသော ခြင်္သေ့မင်းကဲ့သို့ အသွားခက်သော တောင်ဝှမ်း၌ ကျက်စားသော သားမှုဆိုးဖြစ်၍ တောကြိုတောင်ကြား၌ သားအပေါင်းကို သတ်၍ အသက်မွေး၏။

၃၇။ ခပ်သိမ်းသောတရားကို သိသည်ဖြစ်၍ ငါမြတ်သူဟု ဆိုတတ်သောသူတို့ထက် မြတ်သော ထိုအတ္ထဒဿီမြတ်စွာဘုရားသည် ငါ့ကို ကယ်တင်တော်မူလို၍ တောင်မြတ်သို့ ကြွလာတော်မူ၏။

၃၈။ ငါသည် ချေကိုရင်း သားသမင်ကိုရင်း သတ်၍ (ချက်၍)စားရန်အလို့ငှါ တော တောင်အရပ်သို့ ကပ်၏၊ထိုအခါ မြတ်စွာဘုရားသည် ဆွမ်းရပ်လိုသည်ဖြစ်၍ ချဉ်းကပ်တော်မူ၏။

၃၉။ ငါသည် မွန်မြတ်သော အသားတို့ကို ယူ၍ ထိုအတ္ထဒဿီမြတ်စွာဘုရားအား ပေးလှူ၏၊ ထိုအခါ ကြီးသောလုံ့လရှိတော်မူသော မြတ်စွာဘုရားသည် အကျွန်ုပ်ကို ငြိမ်းအေးစေတော်မူလျက် အနုမောဒနာ ပြုတော်မူ၏။

၄၀။ ငါသည် ထိုလှူဒါန်းရသော စိတ်ကြည်လင်မှုဖြင့် အသွားခက်သော တော တောင်ချောက်ကြားသို့ ဝင်ရောက်ခဲ့၏၊ ထိုအရပ်၌ ငါသည် နှစ်သက်ခြင်းကို ဖြစ်စေ၍ သေခဲ့၏။

၄၁။ ငါသည် ထိုအသားအလှူကြောင့်ရင်း စိတ်၏ တောင့်တမှုဘို့ကြောင့်ရင်း ကမ္ဘာတရာ့ငါးဆယ်တို့ပတ်လုံး နတ်ပြည်၌ မွေ့လျော်ရ၏။

၄၂-၄၃။ ကြွင်းသောကမ္ဘာတို့၌ ငါသည် ကုသိုလ်ကောင်းမှုကိုကြံစည်အပ်၏၊ထိုအသား အလှူကြောင့်ရင်း ဘုရားဂုဏ်ကို အောက်မေ့ခြင်းကြောင့်ရင်း သုံးဆယ့်ရှစ်ကမ္ဘာထက်၌ ဒီဃာယုမည်သော စကြဝတေးမင်းတို့သည် ရှစ်ကြိမ်ဖြစ်ဘူးကုန်၏၊ဤဘဒ္ဒကမ္ဘာမှ ကမ္ဘာ ကရာ့ခြောက်ဆယ်ထက်၌ ဝရုဏမည်သော စကြဝတေးမင်းတို့သည် နှစ်ကြိမ်ဖြစ်ဘူးကုန်၏။

၄၄။ လေးပါးသော ပဋိသမ္ဘိဒါတို့ကိုရင်း ရှစ်ပါးသော ဤဝိမောက္ခတို့ကိုရင်း ခြောက် ပါးသော အဘိညာဉ်တို့ကိုရင်း မျက်မှောက်ပြုအပ်ပါကုန်ပြီ၊ မြတ်စွာဘုရား၏ အဆုံးအမ တော်ကို လိုက်နာကျင့်သုံးပြီးပါပြီ။

ဤသို့လျှင် အသျှင်သုစိန္တိတမထေရ်သည် ဤဂါထာတို့ကို မိန့်ဆိုတော်မူ၏။

ခြောက်ခုမြောက် သုစိန္တိတတ္ထေရအပဒါန် ပြီး၏၊

---

## ၇-ဝတ္ထဒါယကတ္ထေရအပဒါန်

၄၅။ ထိုအခါ ငါသည် ငှက်မျိုးဖြစ်၍ ဂဠုန်တို့ကို အစိုးရသော ဂဠုန်မင်း ဖြစ်ခဲ့၏၊ ကိလေသာမှုကင်းတော်မူသော အတ္ထဒဿီ မြတ်စွာဘုရားကို ဂန္ဓမာဒနတောင်သို့ ကြွတော်မူစဉ် ဖူးမြင်ရ၏။

http://www.dhammadownload.com



၄၆။ ထိုအခါ ငါသည် ဂဋ္ဌုန်အသွင်ကို စွန့်၍ လုလင်အသွင်ကို ဆောင်၏၊ အခြေနှစ်ချောင်းရှိသူလူတို့ကို အစိုးရသည်ဖြစ်၍ တာဒိဂုဏ်နှင့် ပြည့်စုံသော မြတ်စွာဘုရားအား ငါသည် တထည်သောအဝတ်ကို လှူဒါန်းခဲ့၏။

၄၇။ လောကထက်အမြတ်ဆုံး ရှေ့သွားဖြစ်၍ နတ်လူတို့၏ ဆရာဖြစ်တော်မူသော မြတ်စွာဘုရားသည် ထိုအဝတ်ပုဆိုးကို ခံယူ၍ ကောင်းကင်၌ ရပ်တည်လျက် ဤဆိုမည့် ဂါထာတို့ကို မိန့်တော်မူ၏—

၄၈။ ဤအဝတ်အလှူကြောင့်၎င်း စိတ်၏တောင့်တမှုတို့ကြောင့်၎င်း ဂဋ္ဌုန်မျိုးကို စွန့်၍ နတ်ပြည်၌ မွေ့လျော်ရလတ္တံ့ ။

၄၉။ လောကထက်ကြီး၍ လူတို့ထက် မြတ်တော်မူသော အတ္ထဒဿီမြတ်စွာဘုရားသည် အဝတ်အလှူကို ချီးမွမ်းတော်မူ၍ မြောက်အရပ်သို့ ရှေးရှုကြွသွားတော်မူ၏။

၅၀။ ဘဝသံသရာ၌ ကျင်လည်ရသော ငါ့အား အဝတ်၏ပြည့်စုံခြင်းတို့သည် ဖြစ်ကုန်၏၊ ကောင်းကင်၌ အမိုးသည်ဖြစ်၏၊ ဤသို့ဖြစ်ရခြင်းသည် အဝတ်အလှူ၏ အကျိုးပေတည်း။

၅၁။ သုံးဆယ့်ခြောက်ကမ္ဘာထက်၌ များမြတ်သည့် မိုလ်ပါအင်အားရှိသည်ဖြစ်၍ လူတို့ကို အစိုးရသော အရှဏဝမည်သော စကြဝတေးမင်းတို့သည် ခုနစ်ကြိမ်ဖြစ်ဘူးကုန်၏။

၅၂။ လေးပါးသော ပဋိသမ္ဘိဒါတို့ကို၎င်း ရှစ်ပါးသော ဤဝိမောက္ခတို့ကို၎င်း ခြောက်ပါးသော အဘိညာဉ်တို့ကို၎င်း မျက်မှောက်ပြုအပ်ပါကုန်ပြီ၊ မြတ်စွာဘုရား၏ အဆုံးအမတော်ကို လိုက်နာကျင့်သုံးပြီးပါပြီ။

ဤသို့လျှင် အသျှင်ဝတ္ထဒါယကမထေရ်သည် ဤဂါထာတို့ကို မိန့်ဆိုတော်မူ၏။

ခုနစ်ခုမြောက် ဝတ္ထဒါယကတ္ထေရအပဒါန် ပြီး၏။

---

## ၈-အမ္ဗဒါယကတ္ထေရအပဒါန်

၅၃။ ကိလေသာညပ်မိကင်းတော်မူသော အနောမဒဿီမြတ်စွာဘုရားသည် တောင်ကြား၌ ထိုင်နေလျက် အတိုင်းအရှည်မရှိသော လောက၌ မေတ္တာဘာဝနာတော်ဖြင့် ပြန့်နှံ့စေတော်မူ၏။

၅၄။ ထိုအခါ ငါသည် ဟိမဝန္တာတောင်မြတ်၌ မျောက်ဖြစ်ခဲ့၏၊ ထိုအနောမဒဿီမြတ်စွာဘုရားကို ဖူးမြင်ရသောကြောင့် မြတ်စွာဘုရား၌ မိမိစိတ်ကို ကြည်လင်စေ၏။

၅၅။ ထိုအခါ ဟိမဝန္တာတောင်၏ အနီးအရပ်၌ အသီး သီးသော သရက်ပင်တို့သည် ရှိကုန်၏၊ ထိုသရက်ပင်မှ သရက်သီးမှည့်ကို ဆွတ်ယူ၍ ပျားနှင့်တကွ ပေးလှူခဲ့၏။

၅၆-၅၇။ ရဟန်းမြတ်ဖြစ်တော်မူသော အနောမဒဿီ မြတ်စွာဘုရားသည် ထိုသရက်သီးအလှူကို ငါ့အား ဟောကြားတော်မူ၏၊ ဤပျားအလှူ သရက်သီးအလှူ နှစ်ပါးစုံ

http://www.dhammadownload.com



တို့ကြောင့် ငါးဆယ့်ခုနစ်ကမ္ဘာတို့ပတ်လုံး နတ်ပြည်၌ မွေ့လျော်ရလတ္တံ့၊ ကြွင်းသော ကမ္ဘာတို့၌ လူ့ပြည် နတ်ပြည် အရောရော ကျင်လည်ရလတ္တံ့။

၅၈။ ဗောဓိဉာဏ်ရင့်ကျက်လတ်သော် ယုတ်ညံ့သောကံကို ကုန်စေ၍ အပါယ်လေးပါးသို့ မသွားရပဲ ကိလေသာတို့ကို ရှို့မြိုက်လောင်ကျွမ်းစေလတ္တံ့ (ဟု ဟောတော်မူ၏)။

၅၉။ ငါသည် မြတ်စွာဘုရားက မြတ်သောဆုံးမခြင်းဖြင့် ဆုံးမ၍ ယဉ်ကျေးအပ်ပြီးသူ ဖြစ်၏၊ အောင်ခြင်း ရှုံးခြင်းကိုစွန့်၍ သေခြင်းကင်းရာ နိဗ္ဗာန်သို့ရောက်၏။

၆၀။ တရာ့ခုနစ်ဆယ့်ခုနစ်ကမ္ဘာထက်၌ များစွာမြတ်သည့်ဗိုလ်ပါအင်အားရှိသော အမ္ဗဋ္ဌဇ ဟု တူသော အမည်ရှိကုန်သော စကြဝတေးမင်းတို့သည် တဆယ့်လေးကြိမ် ဖြစ်ဘူးကုန်၏။

၆၁။ လေးပါးသော ပဋိသမ္ဘိဒါတို့ကိုရင်း ရှစ်ပါးသော ဝိမောက္ခတို့ကိုရင်း ခြောက်ပါးသော အဘိညာဉ်တို့ကိုရင်း မျက်မှောက်ပြုအပ်ပါကုန်ပြီ၊ မြတ်စွာဘုရား၏ အဆုံးအမ တော်ကို လိုက်နာကျင့်သုံးပြီးပါပြီ။

ဤသို့လျှင် အသျှင်အမ္ဗဒါယကမထေရ်သည် ဤဂါထာတို့ကို မိန့်ဆိုတော်မူ၏။

ရှစ်ခုမြောက် အမ္ဗဒါယကတ္ထေရအပဒါန် ပြီး၏။

---

## ၉-သုမနတ္ထေရအပဒါန်

၆၂။ ထိုအခါ ငါသည် အမည်အားဖြင့် သုမနဟု ထင်ရှားသော ပန်းသည် ဖြစ်ခဲ့ဘူး၏၊ ကိလေသာမြူကင်းသည်ဖြစ်၍ လူတို့၏ပူဇော်ခြင်းကို ခံတော်မူထိုက်သော မြတ်စွာဘုရားကို ဖူးမြင်ရ၏။

၆၃။ လက်နှစ်ဖက်တို့ဖြင့် မြတ်သောမုလေးပန်းကို မြှောက်ချီယူ၍ လောကအဆွေ ဖြစ်တော်မူသော သိခီမြတ်စွာဘုရားအား ကပ်လှူပူဇော်၏။

၆၄။ ဤပန်းပူဇော်ခြင်းကြောင့်ရင်း ကုသိုလ်စေတနာ၏ တောင့်တခြင်းတို့ကြောင့်ရင်း အပါယ်လေးပါး လားရသည်ကို မသိစဘူးပေ၊ ဤသို့ဖြစ်ရခြင်းသည် မြတ်စွာဘုရားကို ပန်း ပူဇော်ရခြင်း၏ အကျိုးပေတည်း။

၆၅။ ဤဘဒ္ဒကမ္ဘာမှ သုံးဆယ့်တကမ္ဘာထက်၌ မုလေးပန်းကို ကပ်လှူခဲ့ရသောအခါမှ စ၍ အပါယ်လေးပါး လားရသည်ကို မသိစဘူးပေ၊ ဤသို့ဖြစ်ရခြင်းသည် မြတ်စွာဘုရား အား မုလေးပန်းပူဇော်ရခြင်း၏ အကျိုးပေတည်း။

၆၆။ နှစ်ဆယ့်ခြောက်ကမ္ဘာထက်၌ ရတနာ ၇ နှစ်ပါးနှင့် ပြည့်စုံသည်ဖြစ်၍ များသော အခြံအရံရှိသော စကြဝတေးမင်းတို့သည် လေးကြိမ်ဖြစ်ဘူးကုန်၏။

http://www.dhammadownload.com



၆၇။ လေးပါးသော ပဋိသမ္ဘိဒါတို့ကိုလည်း ရှစ်ပါးသော ဤဝိမောက္ခတို့ကိုလည်း ခြောက်ပါးသော အဘိညာဉ်တို့ကိုလည်း မျက်မှောက်ပြုအပ်ပါကုန်ပြီ၊ မြတ်စွာဘုရား၏ အဆုံးအမတော်ကို လိုက်နာကျင့်သုံးပြီးပါပြီ။

ဤသို့လျှင် အသျှင်သုမနမထေရ်သည် ဤဂါထာတို့ကို မိန့်ဆိုတော်မူ၏။

ကိုးခုမြောက် သုမနတ္ထေရအပဒါန် ပြီး၏။

---

## ၁၀-ပုပ္ဖစင်္ကောဋိယတ္ထေရအပဒါန်

၆၈-၆၉-၇၀။ ကြောက်ရွံ့ခြင်း ကင်းသော သဘောရှိသော ခြင်္သေ့မင်းကဲ့သို့လည်း ငှက်တို့ထက်မြတ်သော ဂဠုန်မင်းကဲ့သို့လည်း မြတ်သောကျားမင်း ဥသဘကဲ့သို့လည်း အထူးသဖြင့် ပေါ်ပေါက်လာသော ခြင်္သေ့မင်းကဲ့သို့လည်း တဏှာကင်းသည်ဖြစ်၍ မာန်ငါးပါးသည် မအောင်အပ်သော လူသုံးပါးတို့၏ ကိုးကွယ်ရာဖြစ်၍ ရဟန်းတို့ထက်လည်း မြတ်သော သိခီမြတ်စွာဘုရားကို (ဖူးမြင်ရ၍) ငါသည် ပန်းတောင်း၌ မြတ်သော လိပ်ဆူးရွှေပန်းကို ထားလျက် ပန်းတောင်းနှင့်တကွသာလျှင် ဘုရားမြတ်ကို ကြဲမြှောက်ပူဇော်၏။

၇၁။ ခြေနှစ်ချောင်းရှိသူ လူဘို့ကို အစိုးရသည်ဖြစ်၍ လူတို့ထက် ထူးကဲတော်မူသော မြတ်စွာဘုရား အကျွန်ုပ်သည် လိပ်ဆူးရွှေပန်း လှူဒါန်းရသော စိတ်၏ကြည်လင်ခြင်းကြောင့် အောင်ခြင်း ရှုံးခြင်းကို စွန့်လျက် မလှုပ်ရှား နိုင်သော နိဗ္ဗာန်အရပ်သို့ရောက်ရပါ၏။

၇၂။ ဤဘဒ္ဒကမ္ဘာမှ သုံးဆယ့်တကမ္ဘာထက်၌ ပန်းပူဇော်မှုကို ပြုခဲ့ရသောအခါမှစ၍ အပါယ်လေးပါး လားရသည်ကို မသိစဘူးပေ၊ ဤသို့ ဖြစ်ရခြင်းသည် ဘုရားကို ပန်းပူဇော်ရခြင်း၏ အကျိုးပေတည်း။

၇၃။ ကမ္ဘာသုံးဆယ်ပြည့်လတ်သော် ရတနာခုနစ်ပါးနှင့် ပြည့်စုံသော ဒေဝဘူတိဟု တူသော အမည်ရှိကုန်သော စကြာမင်းတို့သည် ငါးကြိမ်ဖြစ်ဘူးကုန်၏။

၇၄။ လေးပါးသော ပဋိသမ္ဘိဒါတို့ကိုလည်း ရှစ်ပါးသော ဤဝိမောက္ခတို့ကိုလည်း ခြောက်ပါးသော အဘိညာဉ်တို့ကိုလည်း မျက်မှောက်ပြုအပ်ပါကုန်ပြီ၊ မြတ်စွာဘုရား၏ အဆုံးအမတော်ကို လိုက်နာကျင့်သုံးပြီးပါပြီ။

ဤသို့လျှင် အသျှင်ပုပ္ဖစင်္ကောဋိယမထေရ်သည် ဤဂါထာတို့ကို မိန့်ဆိုတော်မူ၏။

ဆယ်ခုမြောက် ပုပ္ဖစင်္ကောဋိယတ္ထေရအပဒါန် ပြီး၏။

ခုနစ်ခုမြောက် သကစိန္တနိယဝဂ် ပြီး၏။

http://www.dhammadownload.com

# ၈-နာဂသမာလဝဂ်

## ၁-နာဂသမာလတ္ထေရအပဒါန်

၁။ ငါသည် မြို့လယ်လမ်းမကြီး၌ စွန့်ထားအပ်သော သခွတ်ပန်းကို ယူ၍ လူတို့၏ အဆွေဖြစ်သော သိခီမြတ်စွာဘုရား၏ စေတီတော်၌ ရိုသေစွာ တင်လှူပူဇော်ခဲ့၏[၁]။

၂။ ဤဘဒ္ဒကမ္ဘာမှ သုံးဆယ့်တကမ္ဘာထက်၌ ပန်းအလှူကို ပြုရသော ထိုအခါမှစ၍ အပါယ်လေးပါး လားရသည်ကို မသိစဘူးပေ၊ ဤသို့ဖြစ်ရခြင်းသည် စေတီတော်ကို ပန်းလှူရခြင်း၏ အကျိုးပေတည်း။

၃။ ဤဘဒ္ဒကမ္ဘာမှ တဆယ့်ငါးကမ္ဘာထက်၌ ရတနာခုနစ်ပါးနှင့် ပြည့်စုံသည်ဖြစ်၍ များသောမြတ်သည့် ဗိုလ်ပါအင်အားရှိသော ဘူမိယမည်သော စကြဝတေးမင်းသည် ဖြစ်ခဲ့၏။

၄။ လေးပါးသော ပဋိသမ္ဘိဒါတို့ကို၎င်း ရှစ်ပါးသော ဤဝိမောက္ခတို့ကို၎င်း ခြောက်ပါးသော အဘိညာဉ်တို့ကို၎င်း မျက်မှောက်ပြုအပ်ပါကုန်ပြီ၊ မြတ်စွာဘုရား၏ အဆုံးအမတော်ကို လိုက်နာကျင့်သုံးပြီးပါပြီ။

ဤသို့လျှင် အသျှင်နာဂသမာလမထေရ်သည် ဤဂါထာတို့ကို မိန့်ဆိုတော်မူ၏။

ရှေးဦးစွာသော နာဂသမာလတ္ထေရအပဒါန် ပြီး၏။

---

## ၂-ပဒသညကတ္ထေရအပဒါန်

၅။ နေမင်း၏အဆွေဖြစ်တော်မူသော တိဿမြတ်စွာဘုရား၏ နင်းသွားတော်မူသော ခြေတော်ရာကို ဖူးမြင်ရ၍ ရွှင်လန်းသောငါသည် ရွှင်ပျသောစိတ်ဖြင့် ခြေတော်ရာ၌ စိတ်ကို ကြည်လင်စေပြီ။

၆။ ဤဘဒ္ဒကမ္ဘာမှ ကိုးဆယ့်နှစ်ကမ္ဘာထက်၌ ဘုရားရှင်၏ ခြေတော်ရာဟူသောအမှတ်ကို ရခဲ့သောအခါမှစ၍ အပါယ်လေးပါး လားရသည်ကို မသိစဘူးပေ၊ ဤသို့ဖြစ်ရခြင်းသည် ခြေတော်ရာဟု မှတ်သားရခြင်း၏ အကျိုးပေတည်း။

၇။ ဤဘဒ္ဒကမ္ဘာမှ ခုနစ်ကမ္ဘာထက်၌ ရတနာခုနစ်ပါးနှင့် ပြည့်စုံသည်ဖြစ်၍ များသောမြတ်သည့် ဗိုလ်ပါအင်အားရှိသော သုမေမည်သော စကြဝတေးမင်းသည် ဖြစ်ခဲ့ဘူး၏။

---

၁။ ဤ၁-နံပါတ် ဂါထာ၏ အဖွင့်အဋ္ဌကထာ၌ ဥဇ္ဈိတံ သုမဟာပထေ ဟူသော ဒုတိယပါဒ၏ အဖွင့်သည် တတိယပါဒလာ ထူပမှိ၏ ဝိသေသနကဲ့သို့ ဖြစ်နေသော်လည်း ဝိသေသနနှင့် ဝိသေသျ ဝိဘတ်ချင်းမတူပဲ ရှိနေသောကြောင့် ယခုမူအတိုင်းထား။

http://www.dhammadownload.com



၈။ လေးပါးသော ပဋိသမ္ဘိဒါတို့ကိုရင်း ရှစ်ပါးသော ဝိမောက္ခတို့ကိုရင်း ခြောက်ပါးသော အဘိညာဉ်တို့ကိုရင်း မျက်မှောက်ပြုအပ်ပါကုန်ပြီ၊ မြတ်စွာဘုရား၏ အဆုံးအမတော်ကို လိုက်နာ ကျင့်သုံးပြီးပါပြီ။

ဤသို့လျှင် အသျှင်ပဒသညကမထေရ်သည် ဤဂါထာတို့ကို မိန့်ဆိုတော်မူ၏။

နှစ်ခုမြောက် ပဒသညကတ္ထေရအပဒါန် ပြီး၏။

---

## ၃-ဗုဒ္ဓသညကတ္ထေရအပဒါန်

၉။ သစ်ပင်ဖျားဌ် ဆွဲထားသော တိဿရှင်တော်ဘုရား၏ ပံ့သုကူ သင်္ကန်းတော်ကို တွေ့မြင်ရသောအခါ၌ ငါသည် ထိုပံ့သုကူသင်္ကန်းကို လက်အုပ်ချီ၍ ရှိခိုးခဲ့၏။

၁၀။ ဤဘဒ္ဒကမ္ဘာမှ ကိုးဆယ့်နှစ်ကမ္ဘာထက်၌ သင်္ကန်းတော်ကို ရှိခိုးမှု ပြုခဲ့ရသော အခါမှစ၍ အပါယ်လေးပါး လားရသည်ကို မသိစဘူးပေ၊ ဤသို့ဖြစ်ရခြင်းသည် ဘုရားဟူသော အမှတ်အသားသညာ၏ အကျိုးပေတည်း။

၁၁။ ဤဘဒ္ဒကမ္ဘာမှ လေးကမ္ဘာထက်၌ ကျွန်းကြီးလေးကျွန်း အပိုင်းအခြားရှိသည် ဖြစ်၍ အောင်အပ်ပြီးသောရန်သူ များမြတ်သည့် ဗိုလ်ပါအင်အားရှိသော ဒုမသာရ မည်သော စကြာဝတေးမင်းသည် ဖြစ်ခဲ့ဘူး၏။

၁၂။ လေးပါးသော ပဋိသမ္ဘိဒါတို့ကိုရင်း ရှစ်ပါးသော ဝိမောက္ခတို့ကိုရင်း ခြောက်ပါးသော အဘိညာဉ်တို့ကိုရင်း မျက်မှောက်ပြုအပ်ပါကုန်ပြီ၊ မြတ်စွာဘုရား၏ အဆုံးအမတော်ကို လိုက်နာကျင့်သုံးပြီးပါပြီ။

ဤသို့လျှင် အသျှင်ဗုဒ္ဓသညကမထေရ်သည် ဤဂါထာတို့ကို မိန့်ဆိုတော်မူ၏။

သုံးခုမြောက် ဗုဒ္ဓသညကတ္ထေရအပဒါန် ပြီး၏။

---

## ၄-ဘိသာလုဝဒါယကတ္ထေရအပဒါန်

၁၃။ ငါသည် သားရဲထူထပ်သော တောသို့ ဝင်ရောက်၍ ဆိတ်ငြိမ်ရာတော၌ နေ၏၊ ထိုအခါ ဧည့်သည်အလိုငှါ ဆောင်အပ်သော ပစ္စည်းဝတ္ထုတို့ကို ခတော်မူထိုက်သော ဝိပဿီမြတ်စွာဘုရားကို ဖူးမြင်ရ၏။

၁၄။ ကြာစွယ် ပိန်းဥကိုရင်း လက်ဆေးတော်ရေကိုရင်း ပေးလှူခဲ့၏၊ခြေတော်တို့ကို ဦးဖြင့် ရှိခိုး၍ မြောက်သို့ ရှေးရှုဖဲသွားခဲ့၏။

၁၅။ ဤဘဒ္ဒကမ္ဘာမှ ကိုးဆယ့်တကမ္ဘာထက်၌ ကြာစွယ် ပိန်းဥကို ပေးလှူခဲ့ရသော အခါမှစ၍ အပါယ်လေးပါး လားရသည်ကို မသိစဘူးပေ၊ ဤသို့ဖြစ်ရခြင်းသည် ကြာစွယ် ပိန်းဥ လှူရသော ကောင်းမှုကံ၏ အကျိုးပေတည်း။

http://www.dhammadownload.com



၁၆။ ဤဘဒ္ဒကမ္ဘာမှ သုံးခုမြောက်ကမ္ဘာထက်၌ ရတနာခုနစ်ပါးနှင့် ပြည့်စုံသည်ဖြစ်၍ များမြတ်သည့် ဗိုလ်ပါအင်အားရှိသော ဘိသ ဟု သမုတ်အပ်သော စကြဝတေးမင်းသည် ဖြစ်ခဲ့ဘူး၏။

၁၇။ လေးပါးသော ပဋိသမ္ဘိဒါတို့ကိုလည်း ရှစ်ပါးသော ဤဝိမောက္ခတို့ကိုလည်း ခြောက်ပါးသော အဘိညာဉ်တို့ကိုလည်း မျက်မှောက်ပြုအပ်ပါကုန်ပြီ၊မြတ်စွာဘုရား၏ အဆုံးအမတော်ကို လိုက်နာကျင့်သုံးပြီးပါပြီ။

ဤသို့လျှင် အသျှင်ဘိသာလုဝဒါယကမထေရ်သည် ဤဂါထာတို့ကို မိန့်ဆိုတော်မူ၏။

ခြောက်ခုမြောက် ဘိသာလုဝဒါယကတ္ထေရအပဒါန် ပြီး၏။

ဆဋ္ဌဘာဏဝါရ ပြီး၏။

---

## ၅-ကေသညကတ္ထေရအပဒါန

၁၈။ ဝိပဿီမြတ်စွာဘုရား၏ လက်ျာရံ အဂ္ဂသာဝကသည် အမည်အားဖြင့် ခဏ္ဍဟု ထင်ရှားသူ ဖြစ်၏၊ ငါသည် လူတို့၏ ပူဇော်ခြင်းကို ခံထိုက်သော အဂ္ဂသာဝကအား တထပ်စာ ဆွမ်းကို လှူခဲ့၏။

၁၉။ အခြေနှစ်ချောင်းရှိသူ လူတို့ကို အစိုးရသည်ဖြစ်၍ လူတို့ထက် ထူးကဲတော်မူသော မြတ်စွာဘုရား အကျွန်ုပ်သည် ထိုဆွမ်းလှူရသော စိတ်၏ကြည်လင်မှုကြောင့် အပါယ်လေးပါး လားရသည်ကို မသိစဖူးပေ၊ ဤသို့ဖြစ်ရခြင်းသည် တထပ်စာဆွမ်းကို လှူဒါန်းရခြင်း၏ အကျိုးပေတည်း။

၂၀။ ဤဘဒ္ဒကမ္ဘာမှ ကမ္ဘာလေးဆယ်ထက်၌ ရတနာခုနစ်ပါးနှင့် ပြည့်စုံသည်ဖြစ်၍ များမြတ်သည့် ဗိုလ်ပါအင်အားရှိသော ဝရုဏမည်သော စကြဝတေးမင်းသည် ဖြစ်ခဲ့ဘူး၏။

၂၁။ လေးပါးသော ပဋိသမ္ဘိဒါတို့ကိုလည်း ရှစ်ပါးသော ဤဝိမောက္ခတို့ကိုလည်း ခြောက်ပါးသော အဘိညာဉ်တို့ကိုလည်း မျက်မှောက်ပြုအပ်ပါကုန်ပြီ၊ မြတ်စွာဘုရား၏ အဆုံးအမတော်ကို လိုက်နာကျင့်သုံးပြီးပါပြီ။

ဤသို့လျှင် အသျှင်ကေသညကမထေရ်သည် ဤဂါထာတို့ကို မိန့်ဆိုတော်မူ၏။

ငါးခုမြောက် ကေသညကတ္ထေရအပဒါန် ပြီး၏။

---

## ၆-တိဏသန္ထရဒါယကတ္ထေရအပဒါန်

၂၂။ ဟိမဝန္တာတောင်၏အနီးအရပ်၌ ပွင့်ချပ်တရာရှိသော ကြာပန်းတို့ဖြင့် ကောင်းစွာဖုံးလွှမ်းသည်ဖြစ်၍ အမျိုးမျိုးသောငှက်တို့၏ နေရာဖြစ်သော ရေအိုင်ကြီးသည် ရှိ၏။

http://www.dhammadownload.com



၂၃။ ငါသည် အနီးဖြစ်သော ထိုအိုင်ကြီး၌ ရေချိုး၍ရင်း ရေသောက်၍ရင်း နေ၏၊ ထိုအခါ ငါသည် ရဟန်းတို့ထက် မြတ်သော (တိဿ)ဘုရားရှင်ကို ကောင်းကင်၌ ကြွသွားတော်မူစဉ် ဖူးမြင်ရ၏။

၂၄။ လောက၌ အတုမရှိသော မြတ်စွာဘုရားသည် ထိုအခါ ငါ၏စိတ်အကြံကို သိတော်မူ၍ ကောင်းကင်မှ သက်ဆင်းတော်မူလျက် မြေ၌ ရပ်တည်တော်မူ၏။

၂၅။ ငါသည် သားချိုဖြင့် မြက်ကို ကော်ဆောင်၍ နေထိုင်ရာမြက်ခင်းကို လှူ၏၊ လူတို့၏ အမြတ်ဆုံး ရှေ့သွားဖြစ်တော်မူသော တိဿမြတ်စွာဘုရားသည် ထိုနေရာမြက်ခင်း၌ ထိုင်နေတော်မူ၏။

၂၆။ ငါသည် မိမိစိတ်ကိုကြည်လင်စေ၍ လောက၏ရှေ့သွားဖြစ်သော မြတ်စွာဘုရားကို ရှိခိုး၏၊ မြတ်စွာဘုရားကို တစိမ်းစိမ်းကြည့်ရှုလျက် နောက်ပြန်ဆုတ်၍ ဖဲသွားခဲ့၏။

၂၇။ ငါသည် ထိုစိတ်၏ကြည်လင်မှုကြောင့် နိမ္မာနရတိဘုံသို့ ရောက်၏၊ အပါယ် လေးပါး လားရသည်ကို မသိစဘူးပေ၊ ဤသို့ဖြစ်ရခြင်းသည် မြက်အခင်း လှူဒါန်းရခြင်း၏ အကျိုးပေတည်း။

၂၈။ ဤဘဒ္ဒကမ္ဘာမှ ဒုတိယကမ္ဘာထက်၌ ရတနာခုနစ်ပါးနှင့် ပြည့်စုံသည်ဖြစ်၍ များမြတ်သည့် ဗိုလ်ပါအင်အားရှိသော မိဂသမ္မတမည်သော စကြဝတေးမင်းသည် ဖြစ်ခဲ့ဘူး၏။

၂၉။ လေးပါးသော ပဋိသမ္ဘိဒါတို့ကိုရင်း ရှစ်ပါးသော ဤဝိမောက္ခတို့ကိုရင်း ခြောက်ပါးသော အဘိညာဉ်တို့ကိုရင်း မျက်မှောက်ပြုအပ်ပါကုန်ပြီ၊ မြတ်စွာဘုရား၏ အဆုံးအမတော်ကို လိုက်နာကျင့်သုံးပြီးပါပြီ။

ဤသို့လျှင် အသျှင်တိဏသန္ထရဒါယကမထေရ်သည် ဤဂါထာတို့ကို မိန့်ဆိုတော်မူ၏။

ခြောက်ခုမြောက် တိဏသန္ထရဒါယကတ္ထေရအပဒါန် ပြီး၏။

---

## ၇-သူစိဒါယကတ္ထေရအပဒါန်

၃၀။ ကမ္ဘာသုံးသောင်းထက်၌ လူတို့၏ ရှေ့သွားဖြစ်သော သုံးဆယ့်နှစ်ပါးသော ယောကျ်ားမြတ်တို့၏ လက္ခဏာရှိတော်မူသော အမည်အားဖြင့် သုမေဓာဟု ထင်ရှားသော မြတ်စွာဘုရားသည် ပွင့်တော်မူ၏။

၃၁။ ရွှေအဆင်းနှင့်တူသော အဆင်းရှိတော်မူသော အခြေနှစ်ချောင်းရှိသူ လူတို့ကို အစိုးရသည်ဖြစ်၍ တာဒိဂုဏ်နှင့်ပြည့်စုံတော်မူသော ထိုမြတ်စွာဘုရားအား သင်္ကန်းကို ချုပ်ဘို့ရန် အလို့ငှါ ငါသည် ငါးမျောင်းသော အပ်တို့ကို ပေးလှူခဲ့၏။

၃၂။ ထိုအပ်လှူရသောကြောင့်သာလျှင် သိမ်မွေ့သောအနက်ကို ရှုမြင်တတ်သော ထက်မြက် လျင်မြန်သော လွယ်ကူသောဉာဏ်သည် ငါ့အား ဖြစ်လတ်၏။

http://www.dhammadownload.com



၃၃။ ငါသည် ကိလေသာတို့ကို ရှို့မြိုက်လောင်ကျွမ်းစေအပ်ကုန်ပြီ၊ ခပ်သိမ်းသော ဘဝတို့ကို ပယ်နုတ်အပ်ကုန်၏၊ မြတ်စွာဘုရားသာသနာတော်၌ အဆုံးစွန်ဖြစ်သော ကိုယ်ကို ဆောင်၏။

၃၄။ ရတနာခုနစ်ပါးနှင့် ပြည့်စုံသည်ဖြစ်၍ များမြတ်သည့် ဗိုလ်ပါအင်အားရှိသော ဒွိပဒါဓိပတိမည်သော စကြဝတေးမင်းတို့သည် လေးကြိမ်ဖြစ်ဘူးကုန်၏။

၃၅။ လေးပါးသော ပဋိသမ္ဘိဒါတို့ကိုရင်း ရှစ်ပါးသော ဝိမောက္ခတို့ကိုရင်း ခြောက်ပါးသော အဘိညာဉ်တို့ကိုရင်း မျက်မှောက်ပြုအပ်ပါကုန်ပြီ၊ မြတ်စွာဘုရား၏ အဆုံးအမတော်ကို လိုက်နာကျင့်သုံးပြီးပါပြီ။

ဤသို့လျှင် အသျှင်သူစိဒါယကမထေရ်သည် ဤဂါထာတို့ကို မိန့်ဆိုတော်မူ၏။

ခုနစ်ခုမြောက် သူစိဒါယကတ္ထေရအပဒါန် ပြီး၏။

---

## ဂ-ပါဋလိပုပ္ဖိယတ္ထေရအပဒါန်

၃၆။ ရွှေတုံရိုက်တိုင်နှင့် တူသော သုံးဆယ့်နှစ်ရပ် မြတ်သော လက္ခဏာရှိသော ရွှေအဆင်းနှင့်တူသော အဆင်းရှိတော်မူသော (တိဿ) မြတ်စွာဘုရားကို အိမ်ဈေးအကြား လမ်းခရီး၌ ကြွတော်မူစဉ် ငါသည် ဖူးမြင်ရ၏။

၃၇။ ငါသည် ထိုအခါ၌ ချမ်းချမ်းသာသာ ကြီးပွါးရသည်ဖြစ်၍ နူးညံ့သိမ်မွေ့သော သူဌေးသားဖြစ်၏၊ ငါသည် ခါးပိုက်ထဲ၌ သခွတ်ပန်းကိုထား၍ ရွေးရှုဆောင်ခဲ့၏။

၃၈။ ရှင်လန်းသောငါသည် ရှင်ပျသောစိတ်ဖြင့် ပန်းတို့ဖြင့် ရွေးရှုပူဇော်၏၊ ငါသည် လောကကိုသိ၍ လူတို့၏နတ်ဖြစ်တော်မူသော တိဿမြတ်စွာဘုရားကို ရှိခိုး၏။

၃၉။ ဤဘဒ္ဒကမ္ဘာမှ ကိုးဆယ့်နှစ်ကမ္ဘာသက်၌ ပန်းလှူဒါန်းမှု ပြုရသောအခါမှစ၍ အပါယ်လေးပါး လားရသည်ကို မသိစဘူးပေ၊ ဤသို့ဖြစ်ရခြင်းသည် ပန်းပူဇော်ခြင်း၏ အကျိုးပေတည်း။

၄၀။ ဤဘဒ္ဒကမ္ဘာမှ ခြောက်ဆယ့်သုံးကမ္ဘာထက်၌ ရတနာခုနစ်ပါးနှင့် ပြည့်စုံသည်ဖြစ်၍ များမြတ်သည့် ဗိုလ်ပါအင်အားရှိသော အဘိသမ္မတမည်သော စကြဝတေးမင်းသည် ဖြစ်ခဲ့ဘူး၏။

၄၁။ လေးပါးသော ပဋိသမ္ဘိဒါတို့ကိုရင်း ရှစ်ပါးသော ဝိမောက္ခတို့ကိုရင်း ခြောက်ပါးသော အဘိညာဉ်တို့ကိုရင်း မျက်မှောက်ပြုအပ်ပါကုန်ပြီ၊ မြတ်စွာဘုရား၏ အဆုံးအမတော်ကို လိုက်နာကျင့်သုံးပြီးပါပြီ။

ဤသို့လျှင် အသျှင်ပါဋလိပုပ္ဖိယမထေရ်သည် ဤဂါထာတို့ကို မိန့်ဆိုတော်မူ၏။

ရှစ်ခုမြောက် ပါဋလိပုပ္ဖိယတ္ထေရအပဒါန် ပြီး၏။

http://www.dhammadownload.com



## ၉-ဒွိတဥ္စလိယတ္ထေရအပဒါန်

၄၂။ ငါသည် ရှေးအခါ၌ သားရဲတိရစ္ဆာန်ထူထပ်သောတောအုပ်၌ သားမုဆိုး ဖြစ်ခဲ့ဘူး၏၊ ထိုတောအရပ်၌ သုံးဆယ့်နှစ်ပါးသော ယောကျ်ားမြတ် လက္ခဏာရှိတော်မူသော (တိဿ) မြတ်စွာဘုရားကို ဖူးမြင်ရ၏။

၄၃-၄၄။ ထိုတိဿဘုရားရှင်၌ ငါသည် လက်အုပ်ချီ၍ အရှေ့အရပ်သို့ ရှေးရှုဖဲသွား၏၊ အမြဲတမ်း သစ်ရွက်အခင်းရှိသော အနီးအရပ်၌ ထိုင်နေသောအခါ ကျလာသောမိုးကြိုးသည် ငါ၏ထိပ်ထက်၌ ကျရောက်လေ၏၊ ထိုငါသည် သေခါနီးကာလ၌ လက်အုပ်ချီခြင်းကို တဖန်ပြုခဲ့၏။

၄၅။ ဤဘဒ္ဒကမ္ဘာမှ ကိုးဆယ့်နှစ်ကမ္ဘာထက်၌ လက်အုပ်ချီမှုကို ပြုရသောအခါမှစ၍ အပါယ်လေးပါး လားရသည်ကို မသိစဖူးပေ၊ ဤသို့ဖြစ်ရခြင်းသည် လက်အုပ်ချီရခြင်း၏ အကျိုးပေတည်း။

၄၆။ ငါးဆယ့်လေးကမ္ဘာထက်၌ ရတနာခုနစ်ပါးနှင့် ပြည့်စုံသည်ဖြစ်၍ များစွာမြတ်သည့် ဗိုလ်ပါအင်အားရှိသော မိဂကေတုအမည်ရှိသော စကြဝတေးမင်းသည် ဖြစ်ခဲ့ဘူး၏။

၄၇။ လေးပါးသော ပဋိသမ္ဘိဒါတို့ကိုလည်း ရှစ်ပါးသော ဤဝိမောက္ခတို့ကိုလည်း ခြောက်ပါးသော အဘိညာဉ်တို့ကိုလည်း မျက်မှောက်ပြုအပ်ပါကုန်ပြီ၊ မြတ်စွာဘုရား၏ အဆုံးအမတော်ကို လိုက်နာကျင့်သုံးပြီးပါပြီ။

ဤသို့လျှင် အသျှင်ဒွိတဥ္စလိယမထေရ်သည် ဤဂါထာတို့ကို မိန့်ဆိုတော်မူ၏။

ကိုးခုမြောက် ဒွိတဥ္စလိယတ္ထေရအပဒါန် ပြီး၏။

---

## ၁၀-တိပဒုမိယတ္ထေရအပဒါန်

၄၈။ အလုံးစုံသောတရား၏ တဖက်ကမ်းဖြစ်သော နိဗ္ဗာန်သို့ ရောက်တော်မူသော ပဒုမုတ္တရ မည်သော မြတ်စွာဘုရားသည် ကိုယ်တော်တိုင် ယဉ်ကျေးသည်ဖြစ်၍ ယဉ်ကျေးသော ရဟန္တာအပေါင်းခြံရံလျက် ထိုအခါ မြို့မှထွက်တော်မူ၏။

၄၉။ ထိုအခါ ငါသည် ဟံသာဝတီမြို့တော်၌ ပန်းတော်ဆက်ဖြစ်၏၊ မင်းဆက်ရန် ယူဆောင်လာသော ထိုပန်းအပေါင်းတို့တွင် မြတ်သော ပဒုမာကြာပန်း သုံးပွင့်တို့ကို ယူခဲ့၏။

၅၀။ အိမ်ဈေးအကြား လမ်းခရီး၌ ကိလေသာမှုကင်းသော မြတ်စွာဘုရားကို ခရီးရှင်ဆိုင် ဖူးမြင်ရ၏၊ ထိုအခါ ငါသည် မြတ်စွာဘုရားကို ဖူးမြင်ရသည်နှင့် တပြိုင်နက် ဤသို့ ကြံမိ၏။

၅၁။ ငါသည် (အာနန္ဒာ)မင်းကြီးအား ဆက်သရန်ယူဆောင်ခဲ့သော ဤပန်းတို့ဖြင့် ရွာကိုလည်း (တစိတ်မျှသော) ရွာခေတ်ကိုလည်း အသပြာတထောင်ကိုလည်း ရရ၏၊ ထိုရသော ဆုလာဘ်တို့ဖြင့် ငါ့အား အဘယ်အကျိုးရှိအံ့နည်း။

http://www.dhammadownload.com



၅၂။ မယဉ်ကျေးသောသူတို့ကို ယဉ်ကျေးအောင် ဆုံးမတော်မူတတ်သော ကြီးသော လုံ့လရှိသော သတ္တဝါအားလုံးတို့၏ ချမ်းသာကို ဆောင်တော်မူတတ်သော မြတ်စွာဘုရားကို ပူဇော်ရသည်ရှိသော် အမြိုက်နိဗ္ဗာန်တည်းဟူသော ဥစ္စာကို ရလတ္တံ့(ဟု ဤသို ကြံ၏)။

၅၃။ ဤသို့ ကြံပြီး၍ ငါသည် မိမိစိတ်ကို ကြည်လင်စေ၏၊ ထိုအခါ သုံးပွင့်သော ကြာနီပန်းတို့ကို ယူ၍ ကောင်းကင်၌ ပစ်လွှင့်မြှောက်တင်၏။

၅၄။ ငါသည် ပစ်လွှင့်မြှောက်တင်ကာမျှ၌ ထိုကြာနီသုံးပွင့်တို့သည် ကောင်းကင်၌ ဖြန့်၍တည်ကုန်၏၊ ထိုကောင်းကင်၌ ထိုကြာပန်းတို့သည် အညာအထက်သို့ လှည့်ကာ မိုးမျှော် မျက်နှာအောက်သို့ ပြုကုန်လျက် ဦးခေါင်းတော်ထက်၌ ဆောင်းကုန်၏။

၅၅။ ခပ်သိမ်းကုန်သော လူအားလုံးတို့သည် မြင်ကြကုန်သော် ကြွေးကြော်ခြင်းကို ဖြစ်စေကြကုန်၏၊ နတ်တို့သည်လည်း ကောင်းကင်၌ ကောင်းချီးပေးဆက်ခြင်းကို ဖြစ်စေကြကုန်၏။

၅၆။ မြတ်စွာဘုရား၏ အစွမ်းကြောင့် လောက၌ အံ့သြဖွယ်သည် ဖြစ်ပေါ်လာ၏၊ ကြာပန်း၏ အစွမ်းကြောင့် အလုံးစုံသော ငါတို့သည် တရားတော်ကို နာကြရကုန်အံ့။

၅၇။ လောကကို သိတော်မူသော အဝေးမှဆောင်အပ်သော လှူဖွယ်တို့ကို ခံတော်မူထိုက်သော ပဒုမုတ္တရမြတ်စွာဘုရားသည် ခရီးမ၌ ရပ်တည်လျက် ဤဆိုမည့်ဂါထာတို့ကို မိန့်တော်မူ၏—

၅၈။ အကြင်ပန်းတော်ဆက်သည် နီသောပဒုမာကြာတို့ဖြင့် ငါဘုရားကို ပူဇော်၏၊ ထိုသူကို ငါသည် ဗျာဒိတ်စကား ဟောကြားပေအံ့၊ ဟောကြားမည့် ငါ၏စကားကို နာကြကုန်လော့—

၅၉။ ကမ္ဘာသုံးသောင်းတို့ပတ်လုံး နတ်ပြည်၌ မွေ့လျော်ရလတ္တံ့၊ အာယုကပ်သုံးဆယ်တို့ပတ်လုံး နတ်တို့ကို အစိုးရသည်ဖြစ်၍ သိကြားမင်းအဖြစ်ကို ပြုရလတ္တံ့။

၆၀။ ထိုနတ်ဖြစ်သောအခါ၌ ယူဇနာသုံးရာအစောက်မြင့်၍ ယူဇနာတရာ့ငါးဆယ် ကျယ်ပြန့်သော မဟာဝိတ္ထာရိကမည်သော ဗိမာန်သည် ဖြစ်လတ္တံ့။

၆၁။ လေးသိန်းကုန်သော နန်းဦးပြာသာဒ်ဆောင်တို့ကိုလည်း ကောင်းစွာဖန်ဆင်းထားကုန်၏၊ အထွတ်တပ်သော အဆောင်မြတ်နှင့် ပြည့်စုံသည်ဖြစ်၍ မြတ်သောနေရာဖြင့်လည်း တန်ဆာဆင်ထားကုန်၏။

၆၂။ အဆိုအကတို့၌ လိမ္မာ၍ အတီးအမှုတ်၌လည်း ကျွမ်းကျင်ကုန်သော နတ်သမီး ကုဋေတသိန်းတို့သည် ခြံရံကုန်လတ္တံ့။

၆၃။ နတ်သမီးအပေါင်းတို့ဖြင့် ပြွမ်းသော ဤကဲ့သို့သော ဗိမာန်မြတ်၌ နီမြန်းသော နတ်၌ဖြစ်သော ပန်းမိုးသည် အခါခပ်သိမ်း ရွာသွန်းလတ္တံ့။

၆၄။ ထိုပဒုမာကြာမိုး ရွာသွန်းသောအခါ၌ နံရံဘံသင်း ဆင်စွယ်ကောက် တံခါးပေါင် ဟုရိုက်တိုင်တို့၌လည်းဘီးစက်ပမာဏရှိကုန်သော ပဒုမာကြာနီတို့သည် တွဲလွဲကျကုန်လတ္တံ့။

http://www.dhammadownload.com



၆၅။ ထိုအခါ(နတ်သမီးတို့သည်)ရှက်ချပ်တခုဖြင့် ရှက်ချပ်တခုကို ဖုံးလွှမ်းထားသော ပဒုမာကြာ ဗိမာန်မြတ်အတွင်း၌ ဤကြာပန်းကို ခင်းကုန်ခြုံကုန်လျက် အိပ်ကုန်လတ္တံ့။

၆၆။ ထိုပဒုမာကြာနီပန်းတို့သည်လည်း ဘုံဗိမာန်ကို ဝန်းဝိုင်းခြံရံလျက် ထက်ဝန်းကျင် ယူဇနာတရာတိုင်အောင် နတ်ရနံ့ကို လှိုင်စေကုန်လတ္တံ့။

၆၇။ ခုနစ်ဆယ့်ငါးကြိမ် စကြဝတေးမင်းဖြစ်လတ္တံ့၊ ပြန့်ပြောစွာသော ပဒေသရာဇ်မင်းအဖြစ်သည်ကား ဂဏန်းအားဖြင့် မရေတွက်နိုင်။

၆၈။ နှစ်ပါးသော စည်းစိမ်တို့ကို ခံစားလျက် ဘေးဥပဒ်မရှိပဲ အဆုံးဘဝ ရောက်လတ်သော် နိဗ္ဗာန်သို့ ရောက်ရလတ္တံ့(ဤသို့ မိန့်တော်မူ၏)။

၆၉။ ငါသည် ပဒုမုတ္တရမြတ်စွာဘုရားကို စင်စစ်အားဖြင့် ကောင်းစွာဖူးမြင်ရပေ၏၊ ပဒုမာကြာ ပူဇော်ရခြင်းဟူသော ကုန်သွယ်မှုကိုလည်း ကောင်းစွာယှဉ်စပ်ပြုအပ်ခဲ့ရပေ၏၊ ပဒုမာကြာသုံးပွင့်တို့ကို ပူဇော်ရသောကြောင့် သုံးပါးသော စည်းစိမ်ချမ်းသာတို့ကို ခံစားခဲ့ရ၏

၇၀။ ယခုပင် လောကုတ္တရာတရားသို့ ဆိုက်ရောက်သည်ဖြစ်၍ ကိလေသာမှ လွတ်မြောက်သော ငါ့အား ကောင်းစွာပွင့်သော ပဒုမာကြာနီပန်းသည် ဦးထိပ်၌ အချင်းခပ်သိမ်း ဆောင်းမိုးထားလတ္တံ့။

၇၁။ ပဒုမုတ္တရ မြတ်စွာဘုရားသည် ငါ၏ ရှေးကောင်းမှုကို ဟောကြားစဉ် တသိန်းသော သတ္တဝါတို့၏ သစ္စာလေးပါးတရားကို သိခြင်းသည် ဖြစ်၏။

၇၂။ ဤဘဒ္ဒကမ္ဘာမှ ကမ္ဘာတသိန်းထက်၌ (ပဒုမုတ္တရ) မြတ်စွာဘုရားကို ပူဇော်ခဲ့ရသောအခါမှစ၍ အပါယ်လေးပါး လားရသည်ကို မသိစဘူးပေ၊ ဤသို့ ဖြစ်ရခြင်းသည် ပဒုမာကြာသုံးပွင့်ကို လှူဒါန်းရခြင်း၏ အကျိုးပေတည်း။

၇၃။ ငါသည် ကိလေသာတို့ကို ရှို့မြိုက်လောင်ကျွမ်းစေအင်ကုန်ပြီ၊ ခပ်သိမ်းသော ဘဝတို့ကို ပယ်နုတ်အပ်ကုန်ပြီ၊ ခပ်သိမ်းသောအာသဝတရားတို့ ကုန်ခန်းကုန်ပြီ၊ ယခုအခါ ဘဝသစ်၌ တဖန်ဖြစ်ခြင်းသည် မရှိတော့ပြီ။

၇၄။ လေးပါးသော ပဋိသမ္ဘိဒါတို့ကိုရင်း ရှစ်ပါးသော ဤဝိမောက္ခတို့ကိုရင်း ခြောက်ပါးသော အဘိညာဉ်တို့ကိုရင်း မျက်မှောက်ပြုအပ်ပါကုန်ပြီ၊ မြတ်စွာဘုရား၏ အဆုံးအမတော်ကို လိုက်နာကျင့်သုံးပြီးပါပြီ။

ဤသို့လျှင် အသျှင်တိပဒုမိယမထေရ်သည် ဤဂါထာတို့ကို မိန့်ဆိုတော်မူ၏။

ဆယ်ခုမြောက် တိပဒုမိယတ္ထေရအပဒါန် ပြီး၏။

**ရှစ်ခုမြောက် နာဂသမာလဝဂ် ပြီး၏။**

http://www.dhammadownload.com

# ၉-တိမိရဝဂ်

## ၁-တိမိရပုပ္ဖိယတ္ထေရအပဒါန်

၁-၂။ ငါသည် စန္ဒဘာဂါမြစ်နား၌ အောက်အကြေသို့သွား၏၊ ကိလေသာအနောက်အကျုံးကင်းသည်ဖြစ်၍ အထူးကြည်လင်စွာ ထိုင်နေတော်မူသော (သိဒ္ဓတ္ထ)မြတ်စွာဘုရားကို ဖူးမြင်ရ၍ ထိုသိဒ္ဓတ္ထ မြတ်စွာဘုရား၌ စိတ်ကို ကြည်ညိုစေပြီးလျှင် ထိုအခါ ငါသည် ဤသို့ ကြံစည်မိ၏၊ ဤမြတ်စွာဘုရားသည် ကိုယ်တော်တိုင် ကူးမြောက်ပြီးသည်ဖြစ်၍ သူတပါးတို့ကိုလည်း ကူးမြောက်စေတော်မူလတ္တံ့ ၊ ဤမြတ်စွာဘုရားသည် ကိုယ်တော်တိုင် ယဉ်ကျေးပြီးသည်ဖြစ်၍ သူတပါးတို့ကိုလည်း ယဉ်ကျေးစေတော်မူလတ္တံ့ ။

၃။ ကိုယ်တော်တိုင် သက်သာရာရပြီးသည်ဖြစ်၍ သူတပါးတို့ကိုလည်း သက်သာရာရစေတော်မူလတ္တံ့ ၊ ကိုယ်တော်တိုင် ကိလေသာမီး ငြိမ်းအေးသည်ဖြစ်၍ သူတပါးတို့ကိုလည်း ငြိမ်းအေးစေတော်မူလတ္တံ့ ၊ ကိုယ်တော်တိုင် ကိလေသာမှ လွတ်မြောက်ပြီးသည်ဖြစ်၍ သူတပါးတို့ကိုလည်း လွတ်မြောက်စေတော်မူလတ္တံ့ ၊ ကိုယ်တော်တိုင် ဒုက္ခငြိမ်းပြီးသည်ဖြစ်၍ သူတပါးတို့ကိုလည်း ဒုက္ခငြိမ်းစေတော်မူလတ္တံ့ ၊(ဤသို့ ကြံ၏)။

၄။ ငါသည် ဤသို့ ကြံစည်ပြီးနောက် သိဒ္ဓတ္ထမြတ်စွာဘုရားအား ကျည်းပန်းကို ယူ၍ ဦးခေါင်းထက်၌ ဖြန့်ကြဲလှူဒါန်း၏။

၅။ ထိုသိဒ္ဓတ္ထမြတ်စွာဘုရားကို လက်အုပ်ချီအရှိအသေပြု၍ မြတ်စွာဘုရား၏ခြေတော်တို့ကို ရှိခိုးပြီးလျှင် တပါးသောအရပ်သို့ ဖဲသွားခဲ့၏။

၆။ ဖဲသွား၍ မကြာမြင့်မီ ငါ့ကို ခြင်္သေ့မင်းသည် ညှဉ်းဆဲ၏၊ ငါသည် ကမ်းပါးပြတ်အတိုင်းသွားသည်ရှိသော် ထိုကမ်းပါးပြတ်၌သာလျှင် တိမ်းလည်းချော်ကျ၏။

၇။ ဤဘဒ္ဒကမ္ဘာမှ ကိုးဆယ့်လေးကမ္ဘာထက်၌ ပန်းကို တင်လှူရသောအခါမှစ၍ အပါယ်လေးပါး လားရသည်ကို မသိစဘူးပေ၊ဤသို့ဖြစ်ရခြင်းသည် ဘုရားကို ပန်းပူဇော်ရခြင်း၏ အကျိုးပေတည်း။

၈။ ငါးဆယ့်ခြောက်ကမ္ဘာထက်၌ ရတနာခုနစ်ပါးနှင့် ပြည့်စုံသည်ဖြစ်၍ များသောဗိုလ်ပါအင်အားရှိသော များသောအခြံအရံရှိကုန်သော စကြဝတေးမင်းတို့သည် ခုနစ်ကြိမ်ဖြစ်ဘူးကုန်၏။

၉။ လေးပါးသော ပဋိသမ္ဘိဒါတို့ကိုရင်း ရှစ်ပါးသော ဤဝိမောက္ခတို့ကိုရင်း ခြောက်ပါးသော အဘိညာဉ်တို့ကိုရင်း မျက်မှောက်ပြုအပ်ပါကုန်ပြီ၊ မြတ်စွာဘုရား၏ အဆုံးအမတော်ကို လိုက်နာကျင့်သုံးပြီးပါပြီ။

ဤသို့လျှင် အသျှင်တိမိရပုပ္ဖိယမထေရ်သည် ဤဂါထာတို့ကို မိန့်ဆိုတော်မူ၏။

ရှေးဦးစွာသော တိမိရပုပ္ဖိယတ္ထေရအပဒါန် ပြီး၏။

http://www.dhammadownload.com



## ၂-ဂတသညကတ္ထေရအပဒါန်

၁၀။ ငါသည် မွေးဖွားသည်မှ ခုနစ်နှစ်သာရှိသေးသ်လျက် အိမ်၏စီးပွါးမဲ့ဖြစ်သော သာသနာတော်၌ ရှင်အဖြစ်သို့ရောက်၏၊ မြတ်စွာဘုရား၏ ခြေတော်တို့ကို အထူးကြည်လင်သောစိတ်ဖြင့် ရှိခိုး၏။

၁၁။ အဆုံးမရှိသော ဂုဏ်တော်တို့ဖြင့် သမုဒ္ဒရာသဖွယ်ဖြစ်သော တိဿမြတ်စွာဘုရားကို ကောင်းစွာရည်စူး၍ ငါသည် ခုနစ်ပွင့်သောဆီမီးတောက်ပန်းဘိုကို ကောင်းကင်၌ ပစ်လွှင့်မြှောက်လှူ ပူဇော်၏။

၁၂။ ထိုအခါ၌ ရှင်လန်းသောစိတ်ရှိသော ငါသည် ကြည်ညိုလှသည်ဖြစ်၍ မြတ်စွာဘုရား ကြွသွားတော်မူရာလမ်းခရီးကို ပူဇော်ပြီးလျှင် မိမိလက်တို့ဖြင့် ထိုမြတ်စွာဘုရားကို လက်အုပ်ချီခြင်းကို ပြု၏။

၁၃။ ဤဘဒ္ဒကမ္ဘာမှ ကိုးဆယ့်နှစ်ကမ္ဘာထက်၌ လက်အုပ်ချီမှုကို ပြုခဲ့ရသောအခါမှ စ၍ အပါယ်လေးပါး လားရသည်ကို မသိစဘူးပေ၊ ဤသို့ဖြစ်ရခြင်းသည် မြတ်စွာဘုရားကို ပူဇော်ရခြင်း၏ အကျိုးပေတည်း။

၁၄။ ဤဘဒ္ဒကမ္ဘာမှ ရှစ်ခုမြောက်ကမ္ဘာထက်၌ ရတနာခုနစ်ပါးနှင့် ပြည့်စုံသည်ဖြစ်၍ များမြတ်သည့်ဗိုလ်ပါအင်အားရှိသော အဂ္ဂိသိခမည်သော စကြဝတေးမင်းတို့သည် သုံးကြိမ် ဖြစ်ဘူးကုန်၏။

၁၅။ လေးပါးသော ပဋိသမ္ဘိဒါတို့ကိုရင်း ရှစ်ပါးသော ဤဝိမောက္ခတို့ကိုရင်း ခြောက်ပါးသော အဘိညာဉ်တို့ကိုရင်း မျက်မှောက်ပြုအပ်ပါကုန်ပြီ၊ မြတ်စွာဘုရား၏ အဆုံးအမတော်ကို လိုက်နာကျင့်သုံးပြီးပါပြီ။

ဤသို့လျှင် အသျှင်ဂတသညကမထေရ်သည် ဤဂါထာတို့ကို မိန့်ဆိုတော်မူ၏။

နှစ်ခုမြောက် ဂတသညကတ္ထေရအပဒါန် ပြီး၏။

---

## ၃-နိပန္နဥ္စလိကတ္ထေရအပဒါန်

၁၆။ ငါသည် သစ်ပင်ရင်း၌ ထိုင်နေစဉ် သည်းထန်စွာသော အနာရောဂါဖြင့် နှိပ်စက်ခံရသောကြောင့် သားဧတိရစ္ဆာန်သူထပ်သော တော၌ လွန်စွာသနားဖွယ်အဖြစ်သို့ ရောက်ခဲ့ရ၏။

၁၇-၁၈။ တိဿမြတ်စွာဘုရားသည် အစဉ်သနားသည်ကိုစွဲ၍ ငါ့ထံသို့ ချဉ်းကပ်တော်မူလာ၏၊ ထိုငါသည် လျောင်းလျက်သာလျှင်ဖြစ်လျက် ဦးခေါင်း၌ လက်အုပ်ချီပြီးလျှင် ကြည်ညိုဝမ်းမြောက်သော စိတ်ရှိသည်ဖြစ်၍ သတ္တဝါအားလုံးဘို့ထက် မြတ်သော မြတ်စွာဘုရားကို ရှိခိုး၍ ထိုအရပ်၌ပင် သေခဲ့၏။

http://www.dhammadownload.com



၁၉။ ဤဘဒ္ဒကမ္ဘာမှ ကိုးဆယ့်နှစ်ကမ္ဘာထက်၌ တိဿဘုရားမြတ်ကို ရှိခိုးရသော အခါမှစ၍ အပါယ်လေးပါး လားရသည်ကို မသိစဘူးပေ၊ ဤသို့ ဖြစ်ရခြင်းသည် မြတ်စွာဘုရားကို ရှိခိုးရခြင်း၏ အကျိုးပေတည်း။

၂၀။ ဤဘဒ္ဒကမ္ဘာမှ ငါးခုမြောက် ကမ္ဘာထက်၌ ရာဇနာခုနစ်ပါးနှင့် ပြည့်စုံသည် ဖြစ်၍ များမြတ်သည့် ဗိုလ်ပါအင်အားရှိသော မဟာသိခမည်သော စကြဝတေးမင်းတို့သည် ငါးကြိမ် ဖြစ်ဘူးကုန်၏။

၂၁။ လေးပါးသော ပဋိသမ္ဘိဒါတို့ကိုငှင်း ရှစ်ပါးသော ဤဝိမောက္ခတို့ကိုငှင်း ခြောက်ပါးသော အဘိညာဉ်တို့ကိုငှင်း မျက်မှောက်ပြုအပ်ပါကုန်ပြီ၊ မြတ်စွာဘုရား၏ အဆုံးအမတော်ကို လိုက်နာကျင့်သုံးပြီးပါပြီ။

ဤသို့လျှင် အသျှင်နိပန္နဥ္စလိကမထေရ်သည် ဤဂါထာတို့ကို မိန့်ဆိုတော်မူ၏။

သုံးခုမြောက် နိပန္နဥ္စလိကတ္ထေရအပဒါန် ပြီး၏။

---

## ၄-အဓောပုပ္ဖိယတ္ထေရအပဒါန်

၂၂။ သိခီမြတ်စွာဘုရား၏ လက်ျာရံ အဂ္ဂသာဝကဖြစ်သော ထိုအဘိဘူမည်သော ရဟန်းသည် ကြီးသောအာနုဘော်ရှိသည်ဖြစ်၍ငှင်း ဝိဇ္ဇာသုံးပါးကို ရသည်ဖြစ်၍ငှင်း ဟိမဝန္တာတောင်သို့ ကြွလာတော်မူ၏။

၂၃။ ငါသည်လည်း ဟိမဝန္တာတောင်၌ မွေလျော်ဖွယ်ရှိသော သခ်မ်းကျောင်း၌ ရသေ့ဖြစ်၍ နေ၏၊ ထိုအခါ အပ္ပမညာလေးပါးတို့၌ငှင်း တန်ခိုးဖန်ဆင်းခြင်းတို့၌ငှင်း လေ့လာခြင်းရှိ၏။

၂၄။ ငါသည် ကောင်းကင်၌ ငှက်မျိုးသဖွယ်ဖြစ်၍ ဟိမဝန္တာတောင်ကို စိုးအုပ်နေထိုင်၏၊ ငါသည် တောင်အောက်ကပန်းကို ဆွတ်ယူ၍ တောင်ပေါ် သို့ တက်ရောက်လာ၏။

၂၅။ ခုနစ်ပွင့်သောပန်းတို့ကိုယူ၍ ငါသည် (အဘိဘူရဟန်း၏) ဦးထိပ်၌ ကြဲမြောက်ပူဇော်၏၊ ရဲရင့်သောမြတ်စွာဘုရားသည် ငါ့ကို ကြည့်ရှုတော်မူစဉ် ငါသည် အရှေ့အရပ်သို့ ရှေးရှု ဖဲသွားခဲ့၏။

၂၆။ (ဖဲခွါခဲ့ပြီးသော်)ငါသည် ကျောင်းသို့ရောက်၏၊သခ်မ်းကျောင်းသို့ ရောက်ပြီး၍ ရသေ့ပရိက္ခရာကိုယူ၍ တောင်ကြားသို့ (အစာရှာရန်)သွား၏။

၂၇။ (ထိုအခါ)ကြမ်းတမ်းသည်ဖြစ်၍ ခွန်အားကြီးသောစပါးကြီးမြွေသည် ငါ့ကို ရစ်ပတ်နှိပ်စက်၏၊ ငါသည် ပန်းလှူဘူးသော ရှေးကောင်းမှုကို အောက်မေ့၍ ထိုအရပ်၌ပင် သေလွန်ခဲ့ရ၏။

၂၈။ ဤဘဒ္ဒကမ္ဘာမှ သုံးဆယ့်တကမ္ဘာထက်၌ ပန်းကို တင်လှူပူဇော်ခဲ့ရသော အခါမှစ၍ အပါယ်လေးပါး လားရသည်ကို မသိစဘူးပေ၊ ဤသို့ဖြစ်ရခြင်းသည် ပန်းပူဇော်ရခြင်း၏ အကျိုးပေတည်း။

http://www.dhammadownload.com



၂၉။ လေးပါးသော ပဋိသမ္ဘိဒါတို့ကိုရင်း ရှစ်ပါးသော ဝိမောက္ခတို့ကိုရင်း ခြောက်ပါးသော အဘိညာဉ်တို့ကိုရင်း မျက်မှောက်ပြုအပ်ပါကုန်ပြီ၊ မြတ်စွာဘုရား၏ အဆုံးအမတော်ကို လိုက်နာကျင့်သုံးပြီးပါပြီ။

ဤသို့လျှင် အသျှင်အခေါပုပ္ဖိယမထေရ်သည် ဤဂါထာတို့ကို မိန့်ဆိုတော်မူ၏။

လေးခုမြောက် အခေါပုပ္ဖိယတ္ထေရအပဒါန် ပြီး၏။

## ၅-ရံသိသညကတ္ထေရအပဒါန်

၃၀။ ရှေးအခါ၌ ငါသည် ဟိမဝန္တာတောင်၌ နေခြင်းကိုပြု၏၊ ငါသည် သစ်နက်ရေကို ဝတ်ဆင်လျက် တောင်ကြား၌ နေ၏။

၃၁-၃၂။ အရောင်များးစွာရှိသောနေမင်းကို မြင်ရသကဲ့သို့ရင်း ပင်လုံးကျွတ်ပွင့်သော အင်ကြင်းပင်မင်းကို မြင်ရသကဲ့သို့ရင်း တောအကြားသို့ ကြွတော်မူသော ရွှေအဆင်းရှိတော်မူသော မြတ်စွာဘုရားကို ဖူးမြင်ရသောကြောင့် ရောင်ခြည်တော်၌ (ငါ၏) စိတ်ကို ကြည်လင်စေ၍ ငါသည် ဝိပဿီမြတ်စွာဘုရားအား ဆောင့်ကြောင့်ထိုင်ကာ လက်အုပ်ချီလျက် ဦးတိုက်ရှိခိုး၏။

၃၃။ ဤဘဒ္ဒကမ္ဘာမှ ကိုးဆယ့်တကမ္ဘာထက်၌ ကောင်းမှုပြုခဲ့ရသော အခါမှစ၍ အပါယ်လေးပါး လားရသည်ကို မသိစဘူးပေ၊ ဤသို့ဖြစ်ရခြင်းသည် ရောင်ခြည်တော်ဟု ကြည်ညိုခြင်းအမှတ်သညာ ဖြစ်ရခြင်း၏ အကျိုးပေတည်း။

၃၄။ လေးပါးသော ပဋိသမ္ဘိဒါတို့ကိုရင်း ရှစ်ပါးသော ဝိမောက္ခတို့ကိုရင်း ခြောက်ပါးသော အဘိညာဉ်တို့ကိုရင်း မျက်မှောက်ပြုအပ်ပါကုန်ပြီ၊ မြတ်စွာဘုရား၏ အဆုံးအမတော်ကို လိုက်နာကျင့်သုံးပြီးပါပြီ။

ဤသို့လျှင် အသျှင်ရံသိသညကမထေရ်သည် ဤဂါထာတို့ကို မိန့်ဆိုတော်မူ၏။

ငါးခုမြောက် ရံသိသညကတ္ထေရအပဒါန် ပြီး၏။

## ၆-ဒုတိယရံသိသညကတ္ထေရအပဒါန်

၃၅။ ငါသည် ဟိမဝန္တာတောင်၌ လျှော်တေသက်န်းကိုဆောင်လျက် စင်္ကြံပေါ်သို့ တက်ပြီးလျှင် အရှေ့အရပ်သို့ ရှေးရှုထိုင်နေ၏။

၃၆။ ထိုအခါ ဟိမဝန္တာတောင်၌ ဈာန်ဝင်စားတော်မူသော မြတ်စွာဘုရားကို ဖူးမြင်ရ၍ လက်အုပ်ချီပြီးလျှင် (ထိုဘုရား၏) ရောင်ခြည်တော်၌ စိတ်ကိုကြည်လင်စေ၏။

၃၇။ ဤဘဒ္ဒကမ္ဘာမှ ကိုးဆယ့်နှစ်ကမ္ဘာထက်၌ ရောင်ခြည်တော်ဟူသော အမှတ်သညာကို ရခဲ့သောအခါမှစ၍ အပါယ်လေးပါး လားရသည်ကို မသိစဘူးပေ၊ ဤသို့ဖြစ်ရခြင်းသည် ရောင်ခြည်တော်ဟု မှတ်သားရခြင်း၏ အကျိုးပေတည်း။

http://www.dhammadownload.com



၃၈။ လေးပါးသော ပဋိသမ္ဘိဒါတို့ကိုရင်း ရှစ်ပါးသော ဤဝိမောက္ခတို့ကိုရင်း ခြောက်ပါးသော အဘိညာဉ်တို့ကိုရင်း မျက်မှောက်ပြုအပ်ပါကုန်ပြီ၊ မြတ်စွာဘုရား၏ အဆုံးအမတော်ကို လိုက်နာကျင့်သုံးပြီးပါပြီ။

ဤသို့လျှင် အသျှင်ရံသိသညကမထေရ်သည် ဤဂါထာတို့ကို မိန့်ဆိုတော်မူ၏။

ခြောက်ခုမြောက် ဒုတိယရံသိသညကတ္ထေရအပဒါန် ပြီး၏။

---

## ၇-ဖလဒါယကတ္ထေရအပဒါန်

၃၉။ ဟိမဝန္တာတောင်၌ ကြမ်းတမ်းသော သစ်နက်ရေကို ဆောင်သောငါသည် သစ်သီးလက်စွဲလျက် ဖုဿမြတ်စွာဘုရားကို ဖူးမြင်ရသောကြောင့် သစ်သီးကို ပေးလှူခဲ့၏။

၄၀။ ငါသည် အထူးကြည်လင်သောစိတ်ဖြင့် အကြင်သစ်သီးကို ပေးလှူခဲ့၏၊ ဘဝသံသရာ၌ ကျင်လည်ရသည်ရှိသော် ငါ့အား (ထိုသစ်သီး)အကျိုးသည် ဖြစ်ပေါ်၏။

၄၁။ ဤဘဒ္ဒကမ္ဘာမှ ကိုးဆယ့်နှစ်ကမ္ဘာထက်၌ ငါသည် သစ်သီးလှူခဲ့ရသောအခါမှစ၍ အပါယ်လေးပါး လားရသည်ကို မသိစဘူးပေ၊ ဤသို့ ဖြစ်ရခြင်းသည် သစ်သီးလှူဒါန်းရခြင်း၏ အကျိုးပေတည်း။

၄၂။ လေးပါးသော ပဋိသမ္ဘိဒါတို့ကိုရင်း ရှစ်ပါးသော ဤဝိမောက္ခတို့ကိုရင်း ခြောက်ပါးသော အဘိညာဉ်တို့ကိုရင်း မျက်မှောက်ပြုအပ်ပါကုန်ပြီ၊ မြတ်စွာဘုရား၏ အဆုံးအမတော်ကို လိုက်နာကျင့်သုံးပြီးပါပြီ။

ဤသို့လျှင် အသျှင်ဖလဒါယကမထေရ်သည် ဤဂါထာတို့ကို မိန့်ဆိုတော်မူ၏။

ခုနစ်ခုမြောက် ဖလဒါယကတ္ထေရအပဒါန် ပြီး၏။

---

## ၈-သဒ္ဒသညကတ္ထေရအပဒါန်

၄၃။ ငါသည် ဟိမဝန္တာတောင် သစ်ရွက်အခင်း၌ နေ၏၊ ထိုအခါ တရားဟောတော်မူသော မြတ်စွာဘုရား၏ အသံတော်၌ စိတ်ကို ကြည်လင်စေ၏။

၄၄။ ဤဘဒ္ဒကမ္ဘာမှ ကိုးဆယ့်နှစ်ကမ္ဘာထက်၌ ကောင်းမှုပြုခဲ့ရသော အခါမှစ၍ အပါယ်လေးပါး လားရသည်ကို မသိစဘူးပေ၊ ဤသို့ဖြစ်ရခြင်းသည် ကောင်းမှုကံ၏ အကျိုးပေတည်း။

၄၅။ လေးပါးသော ပဋိသမ္ဘိဒါတို့ကိုရင်း ရှစ်ပါးသော ဤဝိမောက္ခတို့ကိုရင်း ခြောက်ပါးသော အဘိညာဉ်တို့ကိုရင်း မျက်မှောက်ပြုအပ်ပါကုန်ပြီ၊ မြတ်စွာဘုရား၏ အဆုံးအမတော်ကို လိုက်နာကျင့်သုံးပြီးပါပြီ။

ဤသို့လျှင် အသျှင်သဒ္ဒသညကမထေရ်သည် ဤဂါထာတို့ကို မိန့်ဆိုတော်မူ၏။

ရှစ်ခုမြောက် သဒ္ဒသညကတ္ထေရအပဒါန် ပြီး၏။

http://www.dhammadownload.com



## ၉-ဗောဓိသိဉ္စကတ္ထေရအပဒါန်

၄၆။ ဝိပဿီမြတ်စွာဘုရား၏ ဗောဓိပင်မြတ်ကို ပူဇော်ပွဲသည် ဖြစ်၏၊ထိုအခါ ငါသည် ရဟန်းဘဝသို့ ရောက်ပြီးသည်ဖြစ်လျက် ထိုပူဇော်ပွဲသို့ ချဉ်းကပ်၏။

၄၇။ (ချဉ်းကပ်ပြီးသော်) ကိုယ်တော်တိုင် ဝဋ်ဆင်းရဲမှ လွတ်မြောက်ပြီးသည်ဖြစ်၍ ငါတို့ကို လွတ်မြောက်စေလတ္တံ့၊ ကိုယ်တော်တိုင် ဒုက္ခငြိမ်းအေးပြီးသည်ဖြစ်၍ ငါတို့ကို ငြိမ်းအေးစေလတ္တံ့ (ဟု နှလုံးသွင်းလျက်) ငါသည် ပန်းဖြင့် ထုံထားသောရေကို ယူ၍ ဗောဓိပင်၌ သွန်းလောင်းပူဇော်ခဲ့၏။

၄၈။ ဤဘဒ္ဒကမ္ဘာမှ ကိုးဆယ့်တကမ္ဘာထက်၌ ဗောဓိပင်၌ ညောင်ရေသွန်းလောင်းခဲ့ရသောအခါမှစ၍ အပါယ်လေးပါး လားရသည်ကို မသိစဖူးပေ၊ ဤသို့ဖြစ်ရခြင်းသည် ဗောဓိပင်၌ ညောင်ရေသွန်းလောင်းရခြင်း၏ အကျိုးပေတည်း။

၄၉။ သုံးဆယ့်သုံးကမ္ဘာထက် ရောက်လတ်သော် လူတို့ကို အစိုးရသော ဥဒကသေစန မည်ကုန်သော စကြဝတေးမင်းတို့သည် ရှစ်ကြိမ်ဖြစ်ဘူးကုန်၏။

၅၀။ လေးပါးသော ပဋိသမ္ဘိဒါတို့ကိုရင်း ရှစ်ပါးသော ဤဝိမောက္ခတို့ကိုရင်း ခြောက်ပါးသော အဘိညာဉ်တို့ကိုရင်း မျက်မှောက်ပြုအပ်ပါကုန်ပြီ၊ မြတ်စွာဘုရား၏ အဆုံးအမတော်ကို လိုက်နာကျင့်သုံးပြီးပါပြီ။

ဤသို့လျှင် အသျှင်ဗောဓိသိဉ္စကမထေရ်သည် ဤဂါထာတို့ကို မိန့်ဆိုတော်မူ၏။

ကိုးခုမြောက် ဗောဓိသိဉ္စကတ္ထေရအပဒါန် ပြီး၏။

---

## ၁၀-ပဒုမပုပ္ဖိယတ္ထေရအပဒါန်

၅၁။ ကြာတောကြာရှိသို့ ဝင်သောငါသည် ပဒုမာကြာတို့ကို ချိုးစဉ် ထိုကြာတော၌ သုံးဆယ့်နှစ်ပါးသော ယောကျ်ားမြတ်တို့၏ လက္ခဏာတော်ရှိသော ဖုဿဘုရားရှင်ကို ဖူးမြင်ရ၏။

၅၂။ ငါသည် ပဒုမာကြာပန်းကို ယူ၍ ကောင်းကင်၌ မြှောက်ချီပူဇော်လှူဒါန်းခဲ့၏၊ မကောင်းမှုကို အောက်မေ့၍ အိမ်၏စီးပွါးမဲ့ဖြစ်သော သာသနာဘောင်၌ ရှင်အဖြစ်သို့ ရောက်ခဲ့၏။

၅၃။ ရဟန်းပြုပြီးသော် စောင့်စည်းအပ်ပြီးသော ကိုယ်နှုတ်ဖြင့် ဝစီဒုစရိုက်ကို စွန့်လျက် အာဇီဝပါရိသုဒ္ဓိသီလကို စင်ကြယ်စေခဲ့၏။

၅၄။ ဤဘဒ္ဒကမ္ဘာမှ ကိုးဆယ့်နှစ်ကမ္ဘာထက်၌ ပန်းတင်လှူခဲ့ရသော အခါမှစ၍ အပါယ်လေးပါး လားရသည်ကို မသိစဖူးပေ၊ ဤသို့ဖြစ်ရခြင်းသည် ဘုရားကို ပူဇော်ရခြင်း၏ အကျိုးပေတည်း။

http://www.dhammadownload.com



၅၅။ တဆယ့်ရှစ်ကမ္ဘာတို့၌ ပဒုမာဘာသမည်ကုန်သော စကြဝတေးမင်းတို့သည် တဆယ့်ရှစ်ကြိမ်ဘိုင်တိုင်ရင်း လေးဆယ့်ရှစ်ကြိမ်တိုင်တိုင်ရင်း ဖြစ်ခဲ့ဘူးကုန်၏။

၅၆။ လေးပါးသော ပဋိသမ္ဘိဒါတို့ကိုရင်း ရှစ်ပါးသော ဝိမောက္ခတို့ကိုရင်း ခြောက်ပါးသော အဘိညာဉ်တို့ကိုရင်း မျက်မှောက်ပြုအပ်ပါကုန်ပြီ၊ မြတ်စွာဘုရား၏ အဆုံးအမတော်ကို လိုက်နာကျင့်သုံးပြီးပါပြီ။

ဤသို့လျှင် အသျှင်ပဒုမပုပ္ဖိယမထေရ်သည် ဤဂါထာတို့ကို မိန့်ဆိုတော်မူ၏။

ဆယ်ခုမြောက် ပဒုမပုပ္ဖိယတ္ထေရအပဒါန် ပြီး၏။

**ကိုးခုမြောက် တိမိရဝဂ် ပြီး၏။**

http://www.dhammadownload.com

# ၁၀-သုခဝဂ်

## ၁-သုခပိဏ္ဍိယတ္ထေရအပဒါန်

၁။ ပပဉ္စတရား (ချဲ့ထွင်တတ်သောတရား) တို့ကို လွန်မြောက်ပြီးသည်ဖြစ်၍ စိုးရိမ်ပူဆွေးခြင်း 'သောက'နှင့် ငိုကြွေးမြည်တမ်းခြင်း 'ပရိဒေဝ'တို့ကိုလည်း လွန်မြောက်သော ပူဇော်ထိုက်သော မြတ်စွာဘုရားတို့ကို ပူဇော်သောသူ၏ရင်း ထိုမှတပါး တပည့်သားတော်တို့ကို ပူဇော်သောသူ၏ရင်း—

၂။ ပရိနိဗ္ဗာန်ပြုပြီးသည်ဖြစ်၍ ဘေးတစုံတရာမရှိကုန်သော ထိုကဲ့သို့သော ဘုရားသာဝကတို့ကို ပူဇော်သောသူ၏ရင်း ကောင်းမှု၏အစုကို (ဤနတ်နှင့် တကွသော လူအပေါင်းတို့တွင်) တစုံတယောက်သော လူနတ်သည်သော်လည်း ဤရွေ့ ဤမျှ အကျိုးရ၏ဟု ရေတွက်ခြင်းငှါ မတတ်နိုင်။

၃။ အကြင်သူသည် ဤလောက၌ လေးကျွန်းလုံးတို့ကို အစိုးရသော စကြဝတေးမင်းအဖြစ်ကို ပြုရာ၏၊ ထိုသူ၏ လေးကျွန်းလုံးကို အစိုးရခြင်းသည် တကြိမ်ပူဇော်ရခြင်း၏ တဆယ့်ခြောက်စိတ် စိတ်၍ တစိတ်မျှကို မမှီနိုင်။

၄။ လူတို့ထက်မြတ်သော သိဒ္ဓတ္ထမြတ်စွာဘုရား၏ စေတီတော်၌ ကွဲအက်သော အကြား၌ ငါသည် အထူးသဖြင့် ကြည်လင်သောစိတ်ဖြင့် အင်္ဂတေစိုင်ကို လှူဒါန်းခဲ့၏။

၅။ ဤဘဒ္ဒကမ္ဘာမှ ကိုးဆယ့်လေးကမ္ဘာထက်၌ စေတီတော်ပြင်ဆင်မှုကို ပြုခဲ့ရသော အခါမှစ၍ အပါယ်လေးပါး လားရသည်ကို မသိစဘူးပေ၊ ဤသို့ ဖြစ်ရခြင်းသည် စေတီတော်ကို ပြင်ဆင်ရခြင်း၏ အကျိုးပေတည်း။

၆။ ဤဘဒ္ဒကမ္ဘာမှ ကမ္ဘာသုံးဆယ်ထက်၌ ရတနာခုနစ်ပါးတို့နှင့် ပြည့်စုံသော ပဋိသင်္ခါရအမည်ရှိကုန်သော စကြဝတေးမင်းတို့သည် တဆယ့်သုံးကြိမ်ဖြစ်ဘူးကုန်၏။

၇။ လေးပါးသော ပဋိသမ္ဘိဒါတို့ကိုရင်း ရှစ်ပါးသော ဤဝိမောက္ခတို့ကိုရင်း ခြောက်ပါးသော အဘိညာဉ်တို့ကိုရင်း မျက်မှောက်ပြုအပ်ပါကုန်ပြီ၊ မြတ်စွာဘုရား၏ အဆုံးအမတော်ကို လိုက်နာကျင့်သုံးပြီးပါပြီ။

ဤသို့လျှင် အသျှင်သုခပိဏ္ဍိယမထေရ်သည် ဤဂါထာတို့ကို မိန့်ဆိုတော်မူ၏။

ရှေးဦးစွာသော သုခပိဏ္ဍိယတ္ထေရအပဒါန် ပြီး၏။

---

## ၂-သုစိန္တိကတ္ထေရအပဒါန်

၈။ ငါသည် လူတို့၏ကိုးကယ်ရာဖြစ်သော နေမင်း၏ အဆွေဖြစ်တော်မူသော တိဿဘုရားရှင်အား အလွန်ရွှင်လန်း နှစ်သက်သောစိတ်ဖြင့် စင်ကြယ်သော အင်းပျဉ်ကို ပေးလှူခဲ့၏။

http://www.dhammadownload.com



၉။ ဤဘဒ္ဒကမ္ဘာမှ တဆယ့်ရှစ်ကမ္ဘာထက်၌ မဟာရုစိမည်သောမင်းသည် ဖြစ်၏၊ စည်းစိမ်သည်လည်း ပြန့်ပြော၏၊ အိပ်ရာနေရာသည်လည်း အတိုင်းမသိဖြစ်၏။

၁၀။ မြတ်စွာဘုရားအား အထူးကြည်လင်လှသောစိတ်ဖြင့် အင်းပျဉ်ကို ပေးလှူဘူးသောကြောင့် ရှေး၌ ကောင်းစွာပြုထားသော မိမိကောင်းမှုကံအကျိုးကို ခံစားရ၏။

၁၁။ ဤဘဒ္ဒကမ္ဘာမှ ကိုးဆယ့်နှစ်ကမ္ဘာထက်၌ အင်းပျဉ်လှူဒါန်းခဲ့ရသော အခါမှစ၍ အပါယ်လေးပါး လားရသည်ကို မသိစဘူးပေ၊ ဤသို့ဖြစ်ရခြင်းသည် အင်းပျဉ်ကို လှူဒါန်းရခြင်း၏ အကျိုးပေတည်း။

၁၂။ ဤဘဒ္ဒကမ္ဘာမှ သုံးဆယ့်ရှစ်ကမ္ဘာထက်၌ ရုစိ စကြာမင်း ဥပရုစိ စကြာမင်း သုံးယောက်မြောက် မဟာရုစိ စကြာမင်းဟူသော ထိုသုံးကြိမ်သော စကြာမင်းတို့ ဖြစ်ခဲ့ဘူးကုန်၏။

၁၃။ လေးပါးသော ပဋိသမ္ဘိဒါတို့ကိုရင်း ရှစ်ပါးသော ဤဝိမောက္ခတို့ကိုရင်း ခြောက်ပါးသော အဘိညာဉ်တို့ကိုရင်း မျက်မှောက်ပြုအပ်ပါကုန်ပြီ၊ မြတ်စွာဘုရား၏ အဆုံးအမတော်ကို လိုက်နာကျင့်သုံးပြီးပါပြီ။

ဤသို့လျှင် အသျှင်သုစိန္တိကမထေရ်သည် ဤဂါထာတို့ကို မိန့်ဆိုတော်မူ၏။

နှစ်ခုမြောက် သုစိန္တိကတ္ထေရအပဒါန် ပြီး၏။

---

## ၃-အစုစေဋ္ဌကတ္ထေရအပဒါန်

၁၄။ ငါသည် ဆင်းရဲခြင်းဖြင့် နှိပ်စက်သည်ဖြစ်၍ အလွန်သနားဖွယ်အဖြစ်သို့ ရောက်ရ၏၊ တိဿဘုရားရှင်အား ကိုယ်ဝတ်ပုဆိုးတပိုင်းကို ပေးလှူခဲ့၏။

၁၅။ ငါသည် ကိုယ်ဝတ်ပုဆိုးပေးလှူသောကြောင့် တကမ္ဘာပတ်လုံး နတ်ပြည်၌ မွေ့လျော်ရ၏၊ ငါသည် ကြွင်းသော ကမ္ဘာတို့၌ ကုသိုလ်ကောင်းမှုကို ပြုအပ်၏။

၁၆။ ဤဘဒ္ဒကမ္ဘာမှ ကိုးဆယ့်နှစ်ကမ္ဘာထက်၌ ပုဆိုးပိုင်း လှူဒါန်းခဲ့ရသောအခါမှစ၍ အပါယ်လေးပါး လားရသည်ကို မသိစဘူးပေ၊ ဤသို့ဖြစ်ရခြင်းသည် ပုဆိုးပိုင်းလှူရခြင်း၏ အကျိုးပေတည်း။

၁၇။ လေးဆယ့်ကိုးကမ္ဘာထက်၌ လူတို့ကို အစိုးရသော သမန္တစ္ဆဒနမည်ကုန်သော စကြဝတေးမင်းတို့သည် သုံးဆယ့်နှစ်ကြိမ် ဖြစ်ခဲ့ဘူးကုန်၏။

၁၈။ လေးပါးသော ပဋိသမ္ဘိဒါတို့ကိုရင်း ရှစ်ပါးသော ဤဝိမောက္ခတို့ကိုရင်း ခြောက်ပါးသော အဘိညာဉ်တို့ကိုရင်း မျက်မှောက်ပြုအပ်ပါကုန်ပြီ၊ မြတ်စွာဘုရား၏ အဆုံးအမတော်ကို လိုက်နာကျင့်သုံးပြီးပါပြီ။

ဤသို့လျှင် အသျှင်အစုစေဋ္ဌကမထေရ်သည် ဤဂါထာတို့ကို မိန့်ဆိုတော်မူ၏။

သုံးခုမြောက် အစုစေဋ္ဌကတ္ထေရအပဒါန် ပြီး၏။

http://www.dhammadownload.com



## ၄-သုစိဒါယကတ္ထေရအပဒါန်

၁၉။ ငါသည် ရှေးအခါက ဗန္ဓုမာမည်သော ပြည်မြတ်၌ ပန်းပဲသမားဖြစ်ခဲ့၏၊ ငါသည် ဝိပဿီမြတ်စွာဘုရားအား အပ်အလှူကို ပေးလှူခဲ့၏။

၂၀။ အပ်လှူသော ကောင်းမှုကံကြောင့် ထိုအပ်နှင့် အလားရှိသော ဝရဇိန် လက်နက်အဖျားနှင့်တူမျှသော ဉာဏ်ထက်မြက်မှုသည် ဖြစ်၏၊ တပ်စွန်းခြင်း 'ရာဂ' ကင်းသည်ဖြစ်၏၊ ကိလေသာတို့မှ လွတ်မြောက်သည်ဖြစ်၏၊ အာသဝတရားတို့၏ ကုန်ရာ နိဗ္ဗာန်သို့ ရောက်၏။

၂၁။ လွန်ပြီးသော ဘဝအလုံးစုံတို့ကိုရင်း ဖြစ်ဆဲဖြစ်လတ္တံ့သော ဘဝတို့ကိုရင်း ဤအလုံးစုံသောဘဝကို ဉာဏ်ဖြင့် ဆင်ခြင်နိုင်၏၊ ဤသို့ဖြစ်ရခြင်းသည် အပ်လှူဒါန်းရ ခြင်း၏ အကျိုးပေတည်း။

၂၂။ ဤဘဒ္ဒကမ္ဘာမှ ကိုးဆယ့်တကမ္ဘာထက်၌ ရတနာခုနစ်ပါးနှင့် ပြည့်စုံသည် ဖြစ်၍ များမြတ်သည့် ဗိုလ်ပါအင်အားရှိသော ဝဇိရမည်ကုန်သော စကြဝတေးမင်းတို့သည် ခုနစ်ကြိမ်ဖြစ်ဘူးကုန်၏။

၂၃။ လေးပါးသော ပဋိသမ္ဘိဒါတို့ကိုရင်း ရှစ်ပါးသော ဤဝိမောက္ခတို့ကိုရင်း ခြောက် ပါးသော အဘိညာဉ်တို့ကိုရင်း မျက်မှောက်ပြုအပ်ပါကုန်ပြီ၊ မြတ်စွာဘုရား၏ အဆုံးအမ တော်ကို လိုက်နာကျင့်သုံးပြီးပါပြီ။

ဤသို့လျှင် အသျှင်သုစိဒါယကမထေရ်သည် ဤဂါထာတို့ကို မိန့်ဆိုဟော်မူ၏။

လေးခုမြောက် သုစိဒါယကတ္ထေရအပဒါန် ပြီး၏။

---

## ၅-ဂန္ဓမာလိယတ္ထေရအပဒါန်

၂၄။ ငါသည် မြတ်လေးပန်းတို့ဖြင့် ဖုံးလွှမ်းအပ်သော ဘုရားနှင့်လျော်စွာပြုအပ်သော သိဒ္ဓတ္ထမြတ်စွာဘုရား၏ နံ့သာပုထိုးတော်ကို ပြုလုပ်ခဲ့၏။

၂၅-၂၆။ ရွှေတုရိုက်တိုင်နှင့်တူသော လူတို့၏ အမြတ်ဆုံးရွှေသွားဖြစ်သော တောက်ပ သော ငရွှေပန်းကဲ့သို့ရင်း ရဲရဲညီသော (ဟုန်း)မီးကဲ့သို့ရင်း မြတ်သော ကျားမင်း နွားလားဥသဘတို့ကဲ့သို့ရင်း မြတ်သော ဇာတ်ရှိသော ခြင်္သေ့မင်းကဲ့သို့ရင်း ရဟန်း အပေါင်းခြံရံလျက် နေတော်မူသော ရဟန်းတို့ထက် မြတ်သော မြတ်စွာဘုရားကို ဖူးမြင်ရ၏။

၂၇-၂၈။ ငါသည် မြတ်စွာဘုရားတို့၏ ခြေတော်တို့ကို ရှိခိုး၍ မြောက်အရပ်သို့ ရှေးရှု ဖဲသွားခဲ့၏၊ ဤဘဒ္ဒကမ္ဘာမှ ကိုးဆယ့်လေးကမ္ဘာထက်၌ ပန်းနံ့သာ လှူဒါန်းခဲ့ရသော အခါမှစ၍ မြတ်စွာဘုရား၌ ပြုအပ်သော ကောင်းမှု၏အကျိုးကြောင့် ငါသည် အထူး အားဖြင့် အပါယ်လေးပါး လားရသည်ကို မသိစဖူးပေ၊ ဤသို့ဖြစ်ရခြင်းသည် မြတ်စွာ ဘုရားကို ပူဇော်ရခြင်း၏ အကျိုးပေတည်း။

http://www.dhammadownload.com



၂၉။ သုံးဆယ့်ကိုးကမ္ဘာထက်၌ ဒေဝဂန္ဓဟု တူသော အမည်ရှိကုန်သော ထိုစကြဝတေးမင်းတို့သည် တဆယ့်ခြောက်ကြိမ် ဖြစ်ဘူးကုန်၏။

၃၀။ လေးပါးသော ပဋိသမ္ဘိဒါတို့ကိုရင်း ရှစ်ပါးသော ဤဝိမောက္ခတို့ကိုရင်း ခြောက်ပါးသော အဘိညာဉ်တို့ကိုရင်း မျက်မှောက်ပြုအပ်ပါကုန်ပြီ၊ မြတ်စွာဘုရား၏ အဆုံးအမတော်ကို လိုက်နာကျင့်သုံးပြီးပါပြီ။

ဤသို့လျှင် အသျှင်ဂန္ဓမာလိယမထေရ်သည် ဤဂါထာတို့ကို မိန့်ဆိုတော်မူ၏။

ငါးခုမြောက် ဂန္ဓမာလိယတ္ထေရအပဒါန် ပြီး၏။

---

## ၆-တိပုပ္ဖိယတ္ထေရအပဒါန်

၃၁။ ရှေးအခါ ငှက်တို့ တွန်မြည်ရာဖြစ်သော တော၌ ငါသည် သားမုဆိုးဖြစ်ခဲ့ဘူး၏၊ စိမ်းစိုသော သခွတ်ပေါဓိပင်ကို ဖူးမြင်ရ၍ ပန်းသုံးပွင့်တို့ကို ကြဲမြှောက်ပူဇော်ခဲ့၏။

၃၂-၃၃။ ထိုအခါ ငါသည် ကြွေကျသော ပေါဓိရွက်တို့ကိုကို ကောက်ယူ၍ အပြင်အပ၌ စွန့်ပစ်၏၊ အတွင်းအပ၌ စင်ကြယ်သည်ဖြစ်၍ ကိလေသာမှ လွတ်မြောက်သော အာသဝမရှိသော လူတို့၏ အကြီးအမှူးဖြစ်သော ဝိပဿီမြတ်စွာဘုရားကို မျက်မှောက်၌ ရှိခိုးရသကဲ့သို့ သခွတ်ပေါဓိပင်ကို ရှိခိုးပြီး၍ ငါသည် ထိုပေါဓိပင်ရင်း၌ပင် သေခဲ့၏။

၃၄။ ဤဘဒ္ဒကမ္ဘာမှ ကိုးဆယ့်တကမ္ဘာထက်၌ ပေါဓိပင်ကို ပူဇော်ခဲ့ရသော အခါမှစ၍ အပါယ်လေးပါး လားရသည်ကို မသိစဘူးပေ၊ ဤသို့ဖြစ်ရခြင်းသည် သခွတ်ပေါဓိပင်ကို ပူဇော်ရခြင်း၏ အကျိုးပေတည်း။

၃၅။ ဤဘဒ္ဒကမ္ဘာမှ သုံးဆယ့်သုံးကမ္ဘာထက်၌ များမြတ်သည့် ဗိုလ်ပါ အင်အားရှိသော သမန္တပါသာဒိကမည်ကုန်သော စကြဝတေးမင်းတို့သည် တဆယ့်သုံးကြိမ် ဖြစ်ဘူးကုန်၏။

၃၆။ လေးပါးသော ပဋိသမ္ဘိဒါတို့ကိုရင်း ရှစ်ပါးသော ဤဝိမောက္ခတို့ကိုရင်း ခြောက်ပါးသော အဘိညာဉ်တို့ကိုရင်း မျက်မှောက်ပြုအပ်ပါကုန်ပြီ၊ မြတ်စွာဘုရား၏ အဆုံးအမတော်ကို လိုက်နာကျင့်သုံး ပြီးပါပြီ။

ဤသို့လျှင် အသျှင်တိပုပ္ဖိယမထေရ်သည် ဤဂါထာတို့ကို မိန့်ဆိုတော်မူ၏။

ခြောက်ခုမြောက် တိပုပ္ဖိယတ္ထေရအပဒါန် ပြီး၏။

---

## ၇-မခုပိဏ္ဏိကတ္ထေရအပဒါန်

၃၇-၃၈။ လူသံတိတ်ဆိတ်၍ အနှောင့်အယှက်ကင်းသော ငှက်တို့ တွန်မြူးရာဖြစ်သော တော၌ ရသေ့တို့ထက်မြတ်သော အဝေးမှဆောင်ယူအပ်သော လှူဖွယ်ဝတ္ထုတို့ကို ခံယူတော်မူထိုက်သော ကိလေသာမီးငြိမ်းပြီးသောသူတို့ထက် မြတ်သော ဆင်မင်းသဖွယ်

http://www.dhammadownload.com



ဖြစ်သော အာဇာနည်နွားလား 'နိသဘ'နှင့် တူသော သောက်ရှူးကြယ်ကဲ့သို့ တင့်တယ်တောက်ပသော နတ်ပြဟ္မာအပေါင်းတို့သည် ရှိခိုးအပ်သော သိဒ္ဓတ္ထမြတ်စွာဘုရားကို ဖူးမြင်ရ၍—

၃၉-၄၀။ ငါ့အား နှစ်သက်ခြင်းသည် ဖြစ်၏၊ ထိုအခါ ဘုရားဟူသော အသိဉာဏ် ဖြစ်ပေါ်၏၊ ဈာန်ဝင်စားရာမှ ထတော်မူသော ဘုရားရှင်အား ပျားရည်ကို လှူဒါန်းပြီး၍ မြတ်စွာဘုရား၏ ခြေတော်တို့ကို ရှိခိုးပြီးလျှင် အရှေ့အရပ်သို့ ရှေးရှု ဖဲသွားခဲ့၏၊ သုံးဆယ့်လေးကမ္ဘာထက်၌ သုဒဿနမည်သော မင်းဖြစ်ခဲ့၏။

၄၁။ ထိုသုဒဿနမင်းဖြစ်သောအခါ၌ ပျားရည်သည် ကြာစွယ်တို့မှ ယိုစီး၏၊ စားသုံးသောအခါ၌လည်း ပျားရည်မိုး ရွာသွန်း၏၊ ဤသို့ဖြစ်ရခြင်းသည် ရှေးကောင်းမှုကံ၏ အကျိုးပေတည်း။

၄၂။ ဤဘဒ္ဒကမ္ဘာမှ ကိုးဆယ့်လေးကမ္ဘာထက်၌ ပျားရည်လှူဒါန်းခဲ့ရသောအခါမှ စ၍ အပါယ်လေးပါး လားရသည်ကို မသိစဘူးပေ၊ ဤသို့ ဖြစ်ရခြင်းသည် ပျားရည်လှူဒါန်းရခြင်း၏ အကျိုးပေတည်း။

၄၃။ ဤဘဒ္ဒကမ္ဘာမှ သုံးဆယ့်လေးကမ္ဘာထက်၌ ရတနာခုနစ်ပါးနှင့် ပြည့်စုံသည် ဖြစ်၍ များစွာမြတ်သည့် ဗိုလ်ပါအင်အားရှိသော သုဒဿနမည်ကုန်သော ထိုစကြဝတေးမင်းတို့သည် လေးကြိမ်ဖြစ်ဘူးကုန်၏။

၄၄။ လေးပါးသော ပဋိသမ္ဘိဒါတို့ကိုရင်း ရှစ်ပါးသော ဤဝိမောက္ခတို့ကိုရင်း ခြောက်ပါးသော အဘိညာဉ်တို့ကိုရင်း မျက်မှောက်ပြုအပ်ပါကုန်ပြီ၊ မြတ်စွာဘုရား၏ အဆုံးအမတော်ကို လိုက်နာကျင့်သုံးပြီးပါပြီ။

ဤသို့လျှင် အသျှင်မဓုပိဏ္ဍိကမထေရ်သည် ဤဂါထာတို့ကို မိန့်ဆိုတော်မူ၏။

ခုနစ်ခုမြောက် မဓုပိဏ္ဍိကတ္ထေရအပဒါန် ပြီး၏။

---

## ၈-သေနာသနဒါယကတ္ထေရအပဒါန်

၄၅။ ငါသည် သိဒ္ဓတ္ထမြတ်စွာဘုရားအား သစ်ရွက်အခင်းကို ပေးလှူခဲ့၏၊ ပူဇော်ဖွယ်သောပန်းကိုလည်း ထက်ဝန်းကျင် ကြဲမြှောက် ပူဇော်၏။

၄၆။ ငါ၏ပြာသာဒ်၌ မြတ်သောသူတို့အား ထိုက်သော ဤမွေ့လျော်ဖွယ် အကျိုးကို သုံးဆောင် ခံစားရ၏၊ အဘိုးများစွာထိုက်ကုန်သော ပန်းတို့သည်လည်း ငါ၏ အိပ်ရာ၌ ဖြစ်ပွါးကုန်၏။

၄၇။ ငါသည် ပန်းပွင့်တို့ဖြင့် ခင်းထားသော ဆန်းကြယ်သော အိပ်ရာ၌ အိပ်ရ၏၊ ထိုအခါ အိပ်ရာ၌ ပန်းမိုးသည် ရွာသွန်း၏။

http://www.dhammadownload.com



၄၈။ ဤဘဒ္ဒကမ္ဘာမှ ကိုးဆယ့်လေးကမ္ဘာထက်၌ သစ်ရွက်အခင်းကို ပေးလှူရသော အခါမှစ၍ အပါယ်လေးပါး လားရသည်ကို မသိစဘူးပေ၊ ဤသို့ဖြစ်ရခြင်းသည် သစ်ရွက် အခင်း လှူဒါန်းရခြင်း၏ အကျိုးပေတည်း။

၄၉။ ဤဘဒ္ဒကမ္ဘာမှ ငါးခုမြောက် ကမ္ဘာထက်၌ လူတို့ကိုအစိုးရသော တိဏသန္ထ ရက မည်ကုန်သော ထိုစကြဝတေးမင်းတို့သည် ခုနစ်ကြိမ်ဖြစ်ဘူးကုန်၏။

၅၀။ လေးပါးသော ပဋိသမ္ဘိဒါတို့ကိုရင်း ရှစ်ပါးသော ဤဝိမောက္ခတို့ကိုရင်း ခြောက် ပါးသော အဘိညာဉ်တို့ကိုရင်း မျက်မှောက်ပြုအပ်ပါကုန်ပြီ၊ မြတ်စွာဘုရား၏ အဆုံးအမ တော်ကို လိုက်နာကျင့်သုံးပြီးပါပြီ။

ဤသို့လျှင် အသျှင်သေနာသနဒါယကမထေရ်သည် ဤဂါထာတို့ကို မိန့်ဆိုတော်မူ၏။

ရှစ်ခုမြောက် သေနာသနဒါယကတ္ထေရအပဒါန် ပြီး၏။

---

## ၉-ဝေယျာဝစ္စကတ္ထေရအပဒါန်

၅၁။ ဝိပဿီမည်သော မြတ်စွာဘုရား၏ သာသနာတော်၌ များစွာသောကုသိုလ်ရေး အသင်းအဖွဲ့သည် ရှိခဲ့၏၊ ငါသည် ထိုအခါ၌ အလုံးစုံသော ကိစ္စတို့၌ ကြောင့်ကြစိုက်လျက် အမှုကြီးငယ် ဆောင်ရွက်သူဖြစ်ခဲ့၏။

၅၂။ ငါ့အား လှူဖွယ်ဝတ္ထုပစ္စည်းသည်လည်း မရှိခဲ့ပေ၊ ကောင်းသောစကားကို ဆိုတတ်သော သီလက္ခန္ဓစသည့် ကျေးဇူးကို ဆည်းပူးပြီးသော မြတ်စွာဘုရား၏ ခြေတော် တို့ကို အထူးကြည်လင်လှသောစိတ်ဖြင့် ရှိခိုး၏။

၅၃။ ဤဘဒ္ဒကမ္ဘာမှ ကိုးဆယ့်တကမ္ဘာထက်၌ ငါသည် အမှုကြီးငယ်ကို ဆောင်ရွက် ခဲ့သော အခါမှစ၍ အပါယ်လေးပါး လားရသည်ကို မသိစဘူးပေ၊ ဤသို့ဖြစ်ရခြင်းသည် အမှုကြီးငယ်ကို ဆောင်ရွက်ရခြင်း၏ အကျိုးပေတည်း။

၅၄။ ဤဘဒ္ဒကမ္ဘာမှ ရှစ်ခုမြောက်ကမ္ဘာထက်၌ ရတနာခုနစ်ပါးနှင့် ပြည့်စုံသည် ဖြစ်၍ များမြတ်သည့် ဗိုလ်ပါအင်အားရှိသော သုစိန္တိတမည်သော စကြဝတေးမင်းသည် ဖြစ်ခဲ့ဘူး၏။

၅၅။ လေးပါးသော ပဋိသမ္ဘိဒါတို့ကိုရင်း ရှစ်ပါးသော ဤဝိမောက္ခတို့ကိုရင်း ခြောက် ပါးသော အဘိညာဉ်တို့ကိုရင်း မျက်မှောက်ပြုအပ်ပါကုန်ပြီ၊ မြတ်စွာဘုရား၏ အဆုံးအမ တော်ကို လိုက်နာကျင့်သုံးပြီးပါပြီ။

ဤသို့လျှင် အသျှင်ဝေယျာဝစ္စကမထေရ်သည် ဤဂါထာတို့ကို မိန့်ဆိုတော်မူ၏။

ကိုးခုမြောက် ဝေယျာဝစ္စကတ္ထေရအပဒါန် ပြီး၏။

http://www.dhammadownload.com



## ၁၀-ဗုဒ္ဓုပဋ္ဌာကတ္ထေရအပဒါန်

၅၆။ (ငါသည်) ဝိပဿီမည်သော မြတ်စွာဘုရား၏ ခရုသင်းမှုတ်သူဖြစ်ခဲ့၏၊ ကောင်းသောစကားကို ဆိုတော်မူတတ်သော မြတ်စွာဘုရားအား အမြဲဆည်းကပ် ခစားခြင်းနှင့် ယှဉ်သောသူ ဖြစ်ခဲ့၏။

၅၇။ တာဒိဂုဏ်နှင့်ပြည့်စုံတော်မူသော မြတ်စွာဘုရားအား ဆည်းကပ်ခစားရခြင်း၏ အကျိုးကို ရှုလော့၊ ခြောက်သောင်းသော တူရိယာတို့သည် ငါ့ကို အခါခပ်သိမ်း ခြံရံကုန်၏။

၅၈။ ဤဘဒ္ဒကမ္ဘာမှ ကိုးဆယ့်တကမ္ဘာထက်၌ မြတ်စွာဘုရားကို လုပ်ကျွေးခစားခဲ့ရသော အခါမှစ၍ အပါယ်လေးပါး လားရသည်ကို မသိစဘူးပေ၊ ဤသို့ဖြစ်ရခြင်းသည် မြတ်စွာဘုရားကို လုပ်ကျွေးခစားရခြင်း၏ အကျိုးပေတည်း။

၅၉။ ဤဘဒ္ဒကမ္ဘာမှ နှစ်ဆယ့်လေးကမ္ဘာထက်၌ များပြားမြတ်သည့် ဗိုလ်ပါအင်အားရှိသော မဟာနိဂ္ဃောသဟု တူသောအမည်ရှိကုန်သော စကြဝတေးမင်းတို့သည် တဆယ့်ခြောက်ကြိမ် ဖြစ်ဘူးကုန်၏။

၆၀။ လေးပါးသော ပဋိသမ္ဘိဒါတို့ကိုရင်း ရှစ်ပါးသော ဝိမောက္ခတို့ကိုရင်း ခြောက်ပါးသော အဘိညာဉ်တို့ကိုရင်း မျက်မှောက်ပြုအပ်ပါကုန်ပြီ၊ မြတ်စွာဘုရား၏ အဆုံးအမတော်ကို လိုက်နာကျင့်သုံးပြီးပါပြီ။

ဤသို့လျှင် အသျှင်ဗုဒ္ဓုပဋ္ဌာကမထေရ်သည် ဤဂါထာတို့ကို မိန့်ဆိုတော်မူ၏။

ဆယ်ခုမြောက် ဗုဒ္ဓုပဋ္ဌာကတ္ထေရအပဒါန် ပြီး၏။

ဆယ်ခုမြောက် သုဓာဝဂ် ပြီး၏။

# ငှေးဦးစွာသော မထေရ်တရာအပေါင်း ပြီး၏။

http://www.dhammadownload.com

# ၁၁-ဘိက္ခုဒါယိဝဂ်

## ၁-ဘိက္ခဒါယကတ္ထေရအပဒါန်

၁။ ဝိဝေကဖြစ်သော မိမိနေရာမှထွက်တော်မူလျက် ကိလေသာတည်းဟူသောတောမှ ကိလေသာမရှိရာနိဗ္ဗာန်သို့ ရောက်တော်မူသော ပူဇော်ဖွယ်ဝတ္ထုတို့ကို ခံတော်မူထိုက်သော ရွှေအဆင်းနှင့်တူသော အဆင်းရှိတော်မူသော မြတ်စွာဘုရားကို ငါသည် ဖူးမြင်ရ၏။

၂။ (ထိုအခါ)မဂ်ပညာဖြင့် ကိလေသာမီးငြိမ်းပြီးသော ကြီးသောသူ့လရှိသည်ဖြစ်၍ တာဒိဂုဏ်နှင့် ပြည့်စုံတော်မူသော သိဒ္ဓတ္ထမြတ်စွာဘုရားအား တယောက်မ မျှသော ဆွမ်းကို ပေးလှူခဲ့၏။

၃။ ကောင်းသောအကျင့်မြတ်ဖြင့် မြတ်သောကျင့်စဉ်အတိုင်း လိုက်နာသောလူများ အပေါင်းကို ကိလေသာမီး ငြိမ်းစေတော်မူသည်ဖြစ်၍ ဇိနမင်း၏ အဆွေဖြစ်တော်မူသော မြတ်စွာဘုရား၌ ငါ၏နှစ်သက်ခြင်း'ပီတိ'သည် ပြန့်ပြောခြင်းဖြစ်၏။

၄။ ဤဘဒ္ဒကမ္ဘာမှ ကိုးဆယ့်လေးကမ္ဘာထက်၌ ဆွမ်းလှူခဲ့ရသော အခါမှစ၍ အပါယ် လေးပါး လားရသည်ကို မသိစဘူးပေ၊ ဤသို့ဖြစ်ရခြင်းသည် ဆွမ်းလှူဒါန်းရခြင်း၏ အကျိုးပေတည်း။

၅။ ဤဘဒ္ဒကမ္ဘာမှ ရှစ်ဆယ့်ခုနစ်ကမ္ဘာထက်၌ ရတနာခုနစ်ပါးနှင့် ပြည့်စုံသော မဟာရေဏုဟု တူသောအမည်ရှိကုန်သော ထိုစကြဝတေးမင်းတို့သည် ခုနစ်ကြိမ် ဖြစ်ဘူးကုန်၏။

၆။ လေးပါးသော ပဋိသမ္ဘိဒါတို့ကိုရင်း ရှစ်ပါးသော ဤဝိမောက္ခတို့ကိုရင်း ခြောက်ပါးသော အဘိညာဉ်တို့ကိုရင်း မျက်မှောက်ပြုအပ်ပါကုန်ပြီ၊ မြတ်စွာဘုရား၏ အဆုံးအမ တော်ကို လိုက်နာကျင့်သုံးပြီးပါပြီ။

ဤသို့လျှင် အသျှင်ဘိက္ခုဒါယကမထေရ်သည် ဤဂါထာတို့ကို မိန့်ဆိုတော်မူ၏။

ရှေးဦးစွာသော ဘိက္ခဒါယကတ္ထေရအပဒါန် ပြီး၏။

---

## ၂-ဉာဏသညိကတ္ထေရအပဒါန်

၇-၈။ မြတ်သော အာဇာနည်မြွားလားကဲ့သို့ ငယ်သောအောက်မေ့ရှိသော အရပ် သုံးပါးမှ ယိုစီးကျသည့်အမုန်ရှိသော ဆင်ပြောင်ကြီးသဖွယ် ဖြစ်သော သီလစသည်ကို ရှာမှီးသည်လည်းဖြစ်သော အရပ်မျက်နှာအားလုံးတို့ကို တောက်ပစေလျက် လမင်းကဲ့သို့ ပြည့်ဝသော လူတို့၏ အကြီးအမှူးလည်းဖြစ်သော ရွှေအဆင်းနှင့်တူသော အဆင်းရှိတော် မူသော မြတ်စွာဘုရားကို ခရီးမဍ္ဍ ကြွသွားတော်မူစဉ် ငါသည် ဖူးမြင်ရ၏။

http://www.dhammadownload.com



၉။ ဖူးမြင်ရ၍ အသိဉာဏ်၌ စိတ်ကိုကြည်စေ၍ လက်အုပ်ချီပြီးလျှင် ဝမ်းမြောက်ကြည်ညိုသောစိတ်ရှိသည်ဖြစ်၍ သိဒ္ဓတ္ထမြတ်စွာဘုရားကို ရှိခိုးခဲ့၏။

၁၀။ ဤဘဒ္ဒကမ္ဘာမှ ကိုးဆယ့်လေးကမ္ဘာထက်၌ ဘုရား၌ ကြည်ညိုမှုအမှတ်သညာပြုခဲ့ရသောအခါမှစ၍ အပါယ်လေးပါး လားရသည်ကို မသိစဖူးပေ၊ ဤသို့ဖြစ်ရခြင်းသည် ဘုရား၌ကြည်ညိုမှု အမှတ်သညာဖြစ်ရခြင်း၏ အကျိုးပေတည်း။

၁၁။ ဤဘဒ္ဒကမ္ဘာမှ ခုနစ်ဆယ့်သုံးကမ္ဘာထက်၌ ရတနာခုနစ်ပါးနှင့် ပြည့်စုံသည်ဖြစ်၍ များမြတ်သည့် ဗိုလ်ပါအင်အားရှိသော နဂုတ္တမမည်ကုန်သော စကြာမင်းတို့သည် တဆယ့်ခြောက်ကြိမ် ဖြစ်ဘူးကုန်၏။

၁၂။ လေးပါးသော ပဋိသမ္ဘိဒါတို့ကိုလည်း ရှစ်ပါးသော ဤဝိမောက္ခတို့ကိုလည်း ခြောက်ပါးသော အဘိညာဉ်တို့ကိုလည်း မျက်မှောက်ပြုအပ်ပါကုန်ပြီ၊ မြတ်စွာဘုရား၏ အဆုံးအမတော်ကို လိုက်နာကျင့်သုံးပြီးပါပြီ။

ဤသို့လျှင် အသျှင်ဉာဏသညိကမထေရ်သည် ဤဂါထာတို့ကို မိန့်ဆိုတော်မူ၏။

နှစ်ခုမြောက် ဉာဏသညိကတ္ထေရအပဒါန် ပြီး၏။

---

## ၃-ဥပ္ပလဟတ္ထိယတ္ထေရအပဒါန်

၁၃။ တိဝရပြည်ကြီး၌ နေသော ငါသည် ထိုအခါ ပန်းသည်ဖြစ်၏၊ ကိလေသာမှုကင်းသည်ဖြစ်၍ တလောကလုံး ပူဇော်အပ်သော သိဒ္ဓတ္ထမြတ်စွာဘုရားကို ဖူးမြင်ရ၏။

၁၄-၁၅။ ငါသည် ကြည်ညိုဝမ်းမြောက်သော စိတ်ရှိသည်ဖြစ်၍ ကြာပန်းစည်းကို ပေးလှူခဲ့၏၊ ထိုကောင်းမှုကံ၏ အစွမ်းကြောင့် ကပ်ရောက်ရတိုင်းသော ဘုံဘဝတို့၌ မိမိ၏ ရှေးကပြုထားသော ကုသိုလ်ကိုအမှီပြု၍ ကောင်းသောပန်းတို့ဖြင့် ခြံရံလျက် ကောင်းကျိုးကို ခံစားရ၏၊ ဤသို့ဖြစ်ရခြင်းသည် ပန်းလှူဒါန်းရခြင်း၏ အကျိုးပေတည်း။

၁၆။ ဤဘဒ္ဒကမ္ဘာမှ ကိုးဆယ့်လေးကမ္ဘာထက်၌ ပန်းတင်လှူပူဇော်ရသော အခါမှစ၍ အပါယ်လေးပါး လားရသည်ကို မသိစဖူးပေ၊ ဤသို့ဖြစ်ရခြင်းသည် မြတ်စွာဘုရားအား ပန်းပူဇော်ရခြင်း၏ အကျိုးပေတည်း။

၁၇။ ကိုးဆယ့်လေးကမ္ဘာကို အစပြုလျက် ယခုမလ္လာမင်းဖြစ်ဆဲ ဘဝကိုထား၍ နဋ္ဌသမဟုတ္တူသောအမည်ရှိကုန်သော အကြိမ်ငါးရာသောမင်းတို့သည် ဖြစ်ခဲ့ဘူးကုန်၏။

၁၈။ လေးပါးသော ပဋိသမ္ဘိဒါတို့ကိုလည်း ရှစ်ပါးသော ဤဝိမောက္ခတို့ကိုလည်း ခြောက်ပါးသော အဘိညာဉ်တို့ကိုလည်း မျက်မှောက်ပြုအပ်ပါကုန်ပြီ၊ မြတ်စွာဘုရား၏ အဆုံးအမတော်ကို လိုက်နာကျင့်သုံးပြီးပါပြီ။

ဤသို့လျှင် အသျှင်ဥပ္ပလဟတ္ထိယမထေရ်သည် ဤဂါထာတို့ကို မိန့်ဆိုတော်မူ၏။

သုံးခုမြောက် ဥပ္ပလဟတ္ထိယတ္ထေရအပဒါန် ပြီး၏။

http://www.dhammadownload.com



## ၄-ပဒပူဇကတ္ထေရအပဒါန်

၁၉။ ငါသည် သိဒ္ဓတ္ထမြတ်စွာဘုရားအား မြတ်လေးပန်းကို ပေးလှူခဲ့၏၊ ငါသည် ရွှင်မြူးလျက် ခြေတော်တို့၌ ခုနစ်ပွင့်သောပန်းတို့ကို ကြဲမြှောက်ပူဇော်ခဲ့ကုန်၏။

၂၀။ ထိုကုသိုလ်ကံကြောင့် ငါသည် ယခုလူနတ်တို့ကို လွှမ်းမိုး၍ဖြစ်၏၊ မြတ်စွာဘုရား သာသနာတော်၌ အဆုံးဖြစ်သော ကိုယ်ကို ဆောင်၏။

၂၁။ ဤဘဒ္ဒကမ္ဘာမှ ကိုးဆယ့်လေးကမ္ဘာထက်၌ ပန်းတင်လှူပူဇော်ခဲ့ရသောအခါမှ စ၍ အပါယ်လေးပါး လားရသည်ကို မသိစဘူးပေ၊ ဤသို့ဖြစ်ရခြင်းသည် ပန်းပူဇော်ရခြင်း၏ အကျိုးပေတည်း။

၂၂။ ဤဘဒ္ဒကမ္ဘာမှ ငါးခုမြောက်ကမ္ဘာထက်၌ ကျွန်းကြီးလေးကျွန်း အပိုင်းအခြား ရှိသည့် လူတို့ကိုအစိုးရသော သမန္တဂန္ဓမည်ကုန်သော စကြာမင်းတို့သည် တဆယ့်သုံးကြိမ် ဖြစ်ဘူးကုန်၏။

၂၃။ လေးပါးသော ပဋိသမ္ဘိဒါတို့ကိုလည်း ရှစ်ပါးသော ဤဝိမောက္ခတို့ကိုလည်း ခြောက်ပါးသော အဘိညာဉ်တို့ကိုလည်း မျက်မှောက်ပြုအပ်ပါကုန်ပြီ၊ မြတ်စွာဘုရား၏ အဆုံးအမ တော်ကို လိုက်နာကျင့်သုံးပြီးပါပြီ။

ဤသို့လျှင် အသျှင်ပဒပူဇကမထေရ်သည် ဤဂါထာတို့ကို မိန့်ဆိုတော်မူ၏။

လေးခုမြောက် ပဒပူဇကတ္ထေရအပဒါန် ပြီး၏။

---

## ၅-မုဋ္ဌိပုပ္ဖိယတ္ထေရအပဒါန်

၂၄။ ငါသည် သုဒဿန ဟူသောအမည်ဖြင့် ပန်းသည်ဖြစ်ခဲ့ဘူး၏၊ ထိုအခါ ငါသည် လူတို့ထက် အကြီးအမှူးဖြစ်၍ လူတို့ထက် မြတ်တော်မူသော ကိလေသာမြူကင်းသော မြတ်စွာဘုရားကို ဖူးမြင်ရ၏။

၂၅။ (ဖူးမြင်ရသော်)မြတ်လေးပန်းကိုယူ၍ ပဒုမုတ္တရ မြတ်စွာဘုရားကို ပူဇော်ခဲ့၏၊ ငါသည် စင်ကြယ်သောမျက်စိရှိသည် စိတ်နှလုံးကောင်း ရှိသည်ဖြစ်၍ ဒိဗ္ဗစက္ခုအဘိညာဉ် ကို ရ၏။

၂၆။ ငါသည် ထိုမြတ်လေးပန်း ပူဇော်သောကြောင့်လည်း စိတ်၏တောင့်တမှုတို့ ကြောင့်လည်း ကမ္ဘာတသိန်းပတ်လုံး အပါယ်လေးပါးသို့ မကပ်ရောက်ရဘူးပေ။

၂၇။ ဤဘဒ္ဒကမ္ဘာမှ သုံးဆယ့်ခြောက်ကမ္ဘာထက်၌ များမြတ်သည့် ဗိုလ်ပါ အင်အားရှိသော ဒေဝုတ္တရဟု တူသောအမည်ရှိကုန်သော စကြာမင်းတို့သည် တဆယ့် ခြောက်ကြိမ် ဖြစ်ဘူးကုန်၏။

http://www.dhammadownload.com



၂၈။ လေးပါးသော ပဋိသမ္ဘိဒါတို့ကိုလည်းကောင်း ရှစ်ပါးသော ဤဝိမောက္ခတို့ကိုလည်းကောင်း ခြောက်ပါးသော အဘိညာဉ်တို့ကိုလည်းကောင်း မျက်မှောက်ပြုအပ်ပါကုန်ပြီ၊ မြတ်စွာဘုရား၏ အဆုံးအမတော်ကို လိုက်နာကျင့်သုံးပြီးပါပြီ။

ဤသို့လျှင် အသျှင်မုဋ္ဌိပူဇကမထေရ်သည် ဤဂါထာတို့ကို မိန့်ဆိုတော်မူ၏။

ငါးခုမြောက် မုဋ္ဌိပူဇကထေရအပဒါန် ပြီး၏။

---

### ၆-ဥဒကပူဇကထေရအပဒါန်

၂၉။ ထောပတ်ဆီမီးကဲ့သို့ တောက်ပ၍ ယင်ပူဇော်သော(ဟုန်း)မီးကဲ့သို့ ရဲရဲညီသော ရွှေအဆင်းနှင့်တူသော အဆင်းရှိတော်မူသော မြတ်စွာဘုရားကို ကောင်းကင်၌ ကြွတော်မူစဉ် ဖူးမြင်ရ၏။

၃၀။ (ဖူးမြင်ရသော်) ငါသည် လက်ခုပ်ဖြင့် ရေကိုယူ၍ ကောင်းကင်၌ ပစ်မြှောက်ပူဇော်ခဲ့၏၊ ကြီးသောလုံ့လရှိသည်ဖြစ်၍ သနားခြင်းရှိသည့် ဂုဏ်သိမြတ်ဖြစ်တော်မူသော မြတ်စွာဘုရားသည် လက်ခံတော်မူ၏။

၃၁။ ပဒုမုတ္တရအမည်ရှိသော မြတ်စွာဘုရားသည် ကောင်းကင်၌ ရပ်တည်လျက် ငါ၏ အကြံကို သိတော်မူသည်ဖြစ်၍ ဤဆိုမည့်ဂါထာတို့ကို မိန့်တော်မူ၏—

၃၂။ ဤရေလှူသောကောင်းမှုကြောင့်လည်းကောင်း နှစ်သက်ခြင်း'ပီတိ'ကိုဖြစ်စေခြင်းကြောင့်လည်း ကမ္ဘာတသိန်းပတ်လုံး အပါယ်လေးပါးသို့ မလားရောက်ရလတ္တံ့ (ဟု မိန့်တော်မူ၏)။

၃၃။ အခြေနှစ်ချောင်းရှိသူ နတ်လူတို့ကို အစိုးရသည်ဖြစ်၍ လောကထက် အကြီးအမှူးဖြစ်တော်မူသော မြတ်စွာဘုရား အကျွန်ုပ်သည် ထိုပြုခဲ့ဘူးသော ကုသိုလ်ကကြောင့် အောင်ခြင်းရှုံးခြင်းကို စွန့်၍ မတုန်လှုပ်ရာ(နိဗ္ဗာန်)အရပ်သို့ ရောက်ပါ၏။

၃၄။ ခြောက်ထောင့်ငါးရာကမ္ဘာထက်၌ ကျွန်းကြီးလေးကျွန်း အပိုင်းအခြားရှိသည့် လူတို့ကိုအစိုးရသော ထိုစကြဝတေးမင်းတို့သည် သဟဿရာဇအမည်ဖြင့် သုံးကြိမ်ဖြစ်ဘူးကုန်၏။

၃၅။ လေးပါးသော ပဋိသမ္ဘိဒါတို့ကိုလည်းကောင်း ရှစ်ပါးသော ဤဝိမောက္ခတို့ကိုလည်းကောင်း ခြောက်ပါးသော အဘိညာဉ်တို့ကိုလည်းကောင်း မျက်မှောက်ပြုအပ်ပါကုန်ပြီ၊ မြတ်စွာဘုရား၏ အဆုံးအမတော်ကို လိုက်နာကျင့်သုံးပြီးပါပြီ။

ဤသို့လျှင် အသျှင်ဥဒကပူဇကမထေရ်သည် ဤဂါထာတို့ကို မိန့်ဆိုတော်မူ၏။

ခြောက်ခုမြောက် ဥဒကပူဇကထေရအပဒါန် ပြီး၏။

http://www.dhammadownload.com



## ၇-နဠမာလိယတ္ထေရအပဒါန်

၃၆-၃၇၊ လူတို့၏ အကြီးအမှူးဖြစ်၍ တာဒိဂုဏ်နှင့် ပြည့်စုံတော်မူသော ငြိမ်သက်တော်မူသည်ဖြစ်၍ ထိုသို့ရှုချင်ဖွယ်ရှိဘော်မူသော မြက်အခင်း၌ ထိုင်နေတော်မူသော ပဒုမုတ္တရမြတ်စွာဘုရားအား ငါသည် ကျူပန်းကို ယူ၍ ယပ်ဝန်းဖွဲ့ပြီးလျှင် အခြေနှစ်ချောင်းရှိသူ နတ်လူတို့ကို အစိုးရသည်ဖြစ်၍ တာဒိဂုဏ်နှင့် ပြည့်စုံတော်မူသော မြတ်စွာဘုရားအား ဆက်ကပ်လှူဒါန်းခဲ့၏။

၃၈။ ခပ်သိမ်းသောတရားကို သိတော်မူသော လူတို့၏ရှေ့သွား မြတ်စွာဘုရားသည် ယပ်ကို ခံယူပြီးလျှင် ငါ၏အကြံကို သိတော်မူသည်ဖြစ်၍ ဤဂါထာကို မိန့်တော်မူ၏—

၃၉။ ငါ၏ကိုယ်သည် ငြိမ်းအေးသကဲ့သို့ရင်း ပူပန်ခြင်း မရှိသကဲ့သို့ရင်း ထို့အတူ သင်၏ စိတ်သည်လည်း မီးသုံးပါးတို့မှ လွတ်မြောက်စေသတည်း (ဟု မိန့်တော်မူ၏)။

၄၀။ တောဌ်မှီနေသမျှဖြစ်သော နတ်အားလုံးတို့သည် ယပ်လှူသော ဒါယကာကို ရှင်လန်းစေအံ့၊ မြတ်စွာဘုရား၏ တရားတော်ကိုလည်း (ငါတို့) နာယူကုန်အံ့ဟု နှလုံးပိုက်လျက် အညီအညွတ် ရောက်လာကုန်၏။

၄၁။ ထိုမြက်ခင်း၌ နတ်အပေါင်းခြံရံလျက် ထိုင်နေတော်မူသော မြတ်စွာဘုရားသည် ယပ်လှူသောဒါယကာကို ကောင်းစွာရွှင်ပျစေလျက် ဤဆိုမည့်ဂါထာကို မိန့်တော်မူ၏—

၄၂။ ဤယပ်လှူရသော ကောင်းမှုကြောင့်ရင်း စိတ်၏ တောင့်တမှုတို့ကြောင့်ရင်း သုဗ္ဗတအမည်ဖြင့် ထင်ရှားသော စကြာမင်းသည် ဖြစ်လတ္တံ့။

၄၃။ ဖြူစင်သော ကုသိုလ်အကြောင်းရင်းရှိသော ထိုကံကြွင်းသည် တိုက်တွန်းအပ်သောကြောင့် မာလုတအမည်ဖြင့် ထင်ရှားသော စကြာမင်းသည် ဖြစ်လတ္တံ့။

၄၄။ ဤယပ်လှူရသောကောင်းမှုကြောင့်ရင်း မြတ်နိုးခြင်း၏ပြန့်ပြောခြင်းကြောင့်ရင်း ကမ္ဘာတသိန်းပတ်လုံးလည်း အပါယ်လေးပါးသို့ မလားရလတ္တံ့ (ဟု မိန့်တော်မူ၏)။

၄၅။ ကမ္ဘာသုံးသောင်းထက်၌ ထိုသုဗ္ဗတမည်သော မင်းတို့သည် သုံးဆယ့်ရှစ်ကြိမ် ဖြစ်ခဲ့ဘူးကုန်၏၊ ကမ္ဘာတခုယုတ် သုံးသောင်းထက်၌ မာလုတမည်ကုန်သော မင်းတို့သည် ရှစ်ကြိမ်ဖြစ်ဘူးကုန်၏။

၄၆။ လေးပါးသော ပဋိသမ္ဘိဒါတို့ကိုရင်း ရှစ်ပါးသော ဤဝိမောက္ခတို့ကိုရင်း ခြောက်ပါးသော အဘိညာဉ်တို့ကိုရင်း မျက်မှောက်ပြုအပ်ပါကုန်ပြီ၊ မြတ်စွာဘုရား၏ အဆုံးအမတော်ကို လိုက်နာကျင့်သုံးပြီးပါပြီ။

ဤသို့လျှင် အသျှင်နဠမာလိယမထေရ်သည် ဤဂါထာတို့ကို မိန့်ဆိုတော်မူ၏။

ခုနစ်ခုမြောက် နဠမာလိယတ္ထေရအပဒါန် ပြီး၏။

သတ္တမဘာဏဝါရ ပြီး၏။

http://www.dhammadownload.com



## ၈-အာသနုပဋ္ဌာဟကတ္ထေရအပဒါန်

၄၇။ လှသံတိတ်ဆိတ်၍ အနှောင့်အယှက်ကင်းသော ငှက်သံစသည်တို့၏ တွန်မြည်ရာလည်းဖြစ်သော တောသို့ ဝင်ရောက်၍ ငါသည် တာဒိဂုဏ်နှင့် ပြည့်စုံတော်မူသော အတ္ထဒဿီဘုရားရှင်အား မြတ်သောနေရာကို ပေးလှူခဲ့၏။

၄၈။ ပန်းစည်းကို ကိုင်ယူ၍ ထိုအတ္ထဒဿီ မြတ်စွာဘုရားကိုလည်း အရိုအသေပြုပြီးလျှင် မြတ်စွာဘုရားကို ဆည်းကပ်၍ မြောက်အရပ်သို့ ရှေးရှုဖဲသွားခဲ့၏။

၄၉။ အခြေနှစ်ချောင်းရှိသူ နတ်လူတို့ကို အစိုးရ၍ လောကထက် အကြီးအမှူးဖြစ်တော်မူသော မြတ်စွာဘုရား အကျွန်ုပ်သည် ထိုကောင်းမှုကြောင့် မိမိကိုယ်ကို ငြိမ်းအေးစေနိုင်ပါ၏၊ (ဝဋ်ဒုက္ခဖြစ်မှု ပြီးဆုံးစေ၏)၊ဘဝအားလုံးတို့ကိုလည်း ပယ်နုတ်ခဲ့နိုင်ပါ၏။

၅၀။ တထောင့်ရှစ်ရာ ကမ္ဘာထက်၌ နေရာလှူဒါန်းခဲ့ရသော အခါမှစ၍ အပါယ်လေးပါး လားရသည်ကို မသိစဘူးပေ၊ ဤသို့ဖြစ်ရခြင်းသည် မြတ်သောနေရာ လှူဒါန်းရခြင်း၏ အကျိုးပေတည်း။

၅၁။ ဤဘဒ္ဒကမ္ဘာမှ ကမ္ဘာခုနစ်ရာထက်၌ ရတနာခုနစ်ပါးနှင့် ပြည့်စုံသည်ဖြစ်၍ များမြတ်သည့် ဗိုလ်ပါအင်အားရှိသော သန္နိဗ္ဗာပက (မည်သော) စကြာမင်းသည် ဖြစ်ခဲ့ဘူး၏။

၅၂။ လေးပါးသော ပဋိသမ္ဘိဒါတို့ကိုရင်း ရှစ်ပါးသော ဤဝိမောက္ခတို့ကိုရင်း ခြောက်ပါးသော အဘိညာဉ်တို့ကိုရင်း မျက်မှောက်ပြုအပ်ပါကုန်ပြီ၊ မြတ်စွာဘုရား၏ အဆုံးအမတော်ကို လိုက်နာကျင့်သုံးပြီးပါပြီ။

ဤသို့လျှင် အသျှင်အာသနုပဋ္ဌာဟကမထေရ်သည် ဤဂါထာတို့ကို မိန့်ဆိုတော်မူ၏။

ရှစ်ခုမြောက် အာသနုပဋ္ဌာဟကတ္ထေရအပဒါန် ပြီး၏။

---

## ၉-ဗိဠာလိဒါယကတ္ထေရအပဒါန်

၅၃။ ငါသည် ဟိမဝန္တာတောင်၏အနီးဖြစ်သော သစ်ရွက်အခင်း၌ နေ၏၊ ထိုအခါ ငါသည် အစာတို့၌ တပ်မက်ခြင်းသို့ရောက်၏၊ အိပ်ခြင်းအလေ့အထရှိသူလည်း ဖြစ်၏။

၅၄။ မျောက်ဥ သင်းတောက်ဥတို့ကိုရင်း ပိန်းဥ သထွေ့ဥတို့ကိုရင်း တူး၍ အိမ်ဆီးသီး စောင်းလျားသီး ဥသျှစ်သီးတို့ကိုလည်း ဆောင်၍ (စားရန်) စီရင်အပ်၏။

၅၅။ လောကသုံးပါးကို သိတော်မူသော အဝေးမှ ဆောင်ယူအပ်သော လှူဖွယ်တို့ကို ခံတော်မူထိုက်သော ပဒုမုတ္တရမြတ်စွာဘုရားသည် အကျွန်ုပ်၏ အကြံကိုသိ၍ အကျွန်ုပ်၏ အထံသို့ ကြွလာတော်မူ၏။

၅၆။ ဆင်ပြောင်ကြီးသဖွယ်ဖြစ်၍ နတ်ထက်နတ်ဖြဴတော်မူသော ကြွလာတော်မူသော မြတ်စွာဘုရားကို (ပင့်ဖိတ်၍) ငါသည် ပိန်းဥကို ယူပြီးလျှင် သပိတ်တော်၌ လောင်းလှူခဲ့၏။

၅၇။ ထိုအခါ ကြီးမြတ်သော လုံ့လရှိတော်မူသော မြတ်စွာဘုရားသည် ငါ့ကို နှစ်သက်စေလျက် ဘုဉ်းပေးသုံးဆောင်တော်မူ၏၊ ဘုဉ်းပေးသုံးဆောင်တော်မူပြီးနောက် အလုံး

http://www.dhammadownload.com



စုံသော တရားကို သိတော်မူသော မြတ်စွာဘုရားသည် ဤဆိုမည့် ဂါထာတို့ကို မိန့်တော်မူ၏—

၅၈။ သင်သည် မိမိစိတ်ကို ကြည်လင်စေ၍ ငါဘုရားအား ပိန်းဥကို ပေးလှူ၏၊ သင်သည် ကမ္ဘာတသိန်းပတ်လုံး အပါယ်လေးပါးသို့ မလားရလတ္တံ့ (ဟု မိန့်တော်မူ၏)။

၅၉။ ငါ့အား(ယခု)အဆုံးဘဝသည် ဖြစ်၏၊ ငါသည် (ယခု) ခပ်သိမ်းသောဘဝတို့ကို ပယ်နုတ်အပ်ကုန်ပြီ၊ မြတ်စွာဘုရား သာသနာတော်၌ အဆုံးစွန်ဖြစ်သော ကိုယ်ကို ဆောင်၏။

၆၀။ ဤဘဒ္ဒကမ္ဘာမှ ငါးဆယ့်လေးကမ္ဘာထက်၌ ရတနာခုနစ်ပါးနှင့် ပြည့်စုံသည် ဖြစ်၍ များမြတ်သည့် ဗိုလ်ပါအင်အားရှိသော သုမေခလိယစကြာမင်းသည် ဖြစ်ခဲ့ဘူး၏။

၆၁။ လေးပါးသော ပဋိသမ္ဘိဒါတို့ကိုရင်း ရှစ်ပါးသော ဤဝိမောက္ခတို့ကိုရင်း ခြောက်ပါးသော အဘိညာဉ်တို့ကိုရင်း မျက်မှောက်ပြုအပ်ပါကုန်ပြီ၊ မြတ်စွာဘုရား၏ အဆုံးအမတော်ကို လိုက်နာကျင့်သုံးပြီးပါပြီ။

ဤသို့လျှင် အသျှင်ဗိဠာလိဒါယကမထေရ်သည် ဤဂါထာတို့ကို မိန့်ဆိုတော်မူ၏။

ကိုးခုမြောက် ဗိဠာလိဒါယကတ္ထေရအပဒါန် ပြီး၏။

---

## ၁၀-ရေဏုပူဇကတ္ထေရအပဒါန်

၆၂-၆၃။ အရှုမက များပြားသည့် ရောင်ခြည်ရှိသော နေမင်းကဲ့သို့ရင်း ပြည့်ဝသော လဝန်းကဲ့သို့ရင်း မြေကြီးကို သမုဒ္ဒရာလေးစင်းတို့သည် ခြံရံအပ်သကဲ့သို့ရင်း တပည့်တို့ဖြင့် ခြံရံသော ရွှေအဆင်းနှင့်တူသော အဆင်းရှိသည်ဖြစ်၍ အရပ်မျက်နှာအားလုံးတို့ကို တောက်ပစေနိုင်သော မြတ်စွာဘုရားကို ငါသည် ဖူးမြင်ရ၏၊ ကံ့ကော်ပန်းကို ဆွတ်ယူပြီးလျှင် ဝတ်မှုံတို့ဖြင့် ဝိပဿီမြတ်စွာဘုရားအား တင်လှူပူဇော်ခဲ့၏။

၆၄။ ဤဘဒ္ဒကမ္ဘာမှ ကိုးဆယ့်တကမ္ဘာထက်၌ ကံ့ကော်ဝတ်မှုံကို တင်လှူခဲ့ရသော အခါမှစ၍ အပါယ်လေးပါး လားရသည်ကို မသိစဘူးပေ၊ ဤသို့ဖြစ်ရခြင်းသည် မြတ်စွာဘုရားအား ကံ့ကော်ဝတ်မှုံပူဇော်ရခြင်း၏ အကျိုးပေတည်း။

၆၅။ ဤဘဒ္ဒကမ္ဘာမှ လေးဆယ့်ငါးကမ္ဘာထက်၌ ရတနာခုနစ်ပါးနှင့် ပြည့်စုံသော များမြတ်သည့် ဗိုလ်ပါအင်အားရှိသော ရေဏုမည်သော စကြဝတေးမင်းသည် ဖြစ်ခဲ့ဘူး၏။

၆၆။ လေးပါးသော ပဋိသမ္ဘိဒါတို့ကိုရင်း ရှစ်ပါးသော ဤဝိမောက္ခတို့ကိုရင်း ခြောက်ပါးသော အဘိညာဉ်တို့ကိုရင်း မျက်မှောက်ပြုအပ်ပါကုန်ပြီ၊ မြတ်စွာဘုရား၏ အဆုံးအမတော်ကို လိုက်နာကျင့်သုံးပြီးပါပြီ။

ဤသို့လျှင် အသျှင်ရေဏုပူဇကမထေရ်သည် ဤဂါထာတို့ကို မိန့်ဆိုတော်မူ၏။

ဆယ်ခုမြောက် ရေဏုပူဇကတ္ထေရအပဒါန် ပြီး၏။

**တဆယ့်တခုမြောက် ဘိက္ခဒါယိဝဂ် ပြီး၏။**

http://www.dhammadownload.com

# ၁၂-မဟာပရိဝါရဝဂ်

## ၁-မဟာပရိဝါရကတ္ထေရအပဒါန်

၁။ လူတို့၏ အကြီးအမှူးဖြစ်၍ လူတို့ထက်မြတ်တော်မူသော ဝိပဿီမြတ်စွာဘုရားသည် ခြောက်သောင်း ရှစ်ထောင်သော ရဟန်းတော်တို့နှင့်တကွ ထိုအခါ ဗန္ဓုမပြည်သို့ ဝင်တော်မူ၏။

၂။ ကိလေသာမြူကင်းသည်ဖြစ်၍ လှူဖွယ်ပစ္စည်းဝတ္ထုတို့ကို ခံတော်မူထိုက်သော မြတ်စွာဘုရားကို မြို့တော်မှထွက်၍ ကျွန်းစေတီ(ကျောင်း)သို့ ကြွတော်မူစဉ် (ဘီလူးမင်း စစ်သူကြီးဖြစ်သော)ငါသည် ဖူးမြင်ရ၏။

၃။ တာဝတိံသာနတ်အပေါင်းတို့သည် သိကြားမင်းကို ဆည်းကပ်ခစားသကဲ့သို့ ရှစ်သောင်း လေးထောင်ကုန်သော ဘီလူးတို့သည် ငါ၏အထံ၌ ရှိသေစွာဆည်းကပ် ခစားကုန်၏။

၄။ ထိုအခါ ငါသည် ဘုံဗိမာန်မှထွက်၍ အပေါ်ရုံပုဆိုးကို မြောက်ချီယူလျက် ဦးဖြင့် ရှိခိုး၏၊ ထိုအပေါ်ရုံပုဆိုးကိုလည်း မြတ်စွာဘုရားအား ပေးလှူ၏။

၅။ မြတ်စွာဘုရားသည် အံ့ဖွယ်ရှိပေစွ၊ တရားတော်သည် အံ့ဖွယ်ရှိပေစွ၊ ငါတို့အား မြတ်စွာဘုရား၏ ပြည့်စုံခြင်းတို့သည် အံ့ဖွယ်ရှိပေစွ၊ မြတ်စွာဘုရား၏ အာနုဘော်တော် ကြောင့် ဤမြေကြီးသည် တုန်လှုပ်ရ၏။

၆။ ကြက်သီး မွေးညင်းထလောက်အောင် မဖြစ်စဘူး ထူးကဲသော ထိုအံ့ဖွယ်ကို တွေ့မြင်ရသောကြောင့် ငါသည် အခြေနှစ်ချောင်းရှိသူ နတ် လူတို့ကို အစိုးရသည်ဖြစ်၍ တာဒိဂုဏ်နှင့်ပြည့်စုံတော်မူသော မြတ်စွာဘုရား၌ စိတ်ကို ကြည်ညိုစေ၏။

၇။ ထိုငါသည် စိတ်ကိုကြည်ညိုစေ၍ မြတ်စွာဘုရားအား အပေါ်ရုံပုဆိုးကို ပေးလှူပြီးလျှင် မှူးမတ်အခြံအရံပရိသတ်နှင့်တကွ ကိုးကွယ်ခြင်းသို့လည်း ကပ်ရောက်၏။

၈။ ဤဘဒ္ဒကမ္ဘာမှ ကိုးဆယ့်တကမ္ဘာထက်၌ ပူဇော်မှုကို ပြုခဲ့ရသောအခါမှစ၍ အပါယ်လေးပါး လားရသည်ကို မသိစဘူးပေ၊ ဤသို့ဖြစ်ရခြင်းသည် မြတ်စွာဘုရားကို ပူဇော်ရခြင်း၏ အကျိုးပေတည်း။

၉။ ဤဘဒ္ဒကမ္ဘာမှ တဆယ့်ငါးကမ္ဘာထက်၌ ရတနာခုနစ်ပါးနှင့် ပြည့်စုံသည်ဖြစ်၍ များမြတ်သည့် ဗိုလ်ပါအင်အားရှိသော သုဝါဟနမည်ကုန်သော စကြဝတေးမင်းတို့သည် တဆယ့်ခြောက်ကြိမ် ဖြစ်ခဲ့ဘူးကုန်၏။

၁၀။ လေးပါးသော ပဋိသမ္ဘိဒါတို့ကိုရင်း ရှစ်ပါးသော ဤဝိမောက္ခတို့ကိုရင်း ခြောက်ပါးသော အဘိညာဉ်တို့ကိုရင်း မျက်မှောက်ပြုအပ်ပါကုန်ပြီ၊ မြတ်စွာဘုရား၏ အဆုံးအမတော်ကို လိုက်နာကျင့်သုံးပြီးပါပြီ။

ဤသို့လျှင် အသျှင်မဟာပရိဝါရကမထေရ်သည် ဤဂါထာတို့ကို မိန့်ဆိုတော်မူ၏။

ရှေးဦးစွာသော မဟာပရိဝါရကတ္ထေရအပဒါန် ပြီး၏။

http://www.dhammadownload.com



## ၂-သုမင်္ဂလတ္ထေရအပဒါန်

၁၁။ လူတို့၏ အကြီးအမှူးဖြစ်၍ လူတို့ထက်မြတ်တော်မူသော အတ္ထဒဿီမြတ်စွာဘုရားသည် ကျောင်းတော်မှ ထွက်တော်မူ၍ တဖက်ဆည်ကန်သို့ ကြွတော်မူ၏။

၁၂။ ထိုရေကန်၌ ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည် ရေကိုချိုးပြီးလျှင် ရေမှ တက်တော်မူ၍ တထည်သော သင်္ကန်းသာရှိသည်ဖြစ်၍ ထိုမှဤမှ ရှုစားတော်မူ၍ ထိုရေကန်နား၌ပင် ရပ်တော်မူ၏။

၁၃-၁၄။ ထိုအခါ ဘုံဗိမာန်၌ ပင်ရောက်ပြီးဖြစ်သော (ရုက္ခစိုဝ်းနတ်ဖြစ်သည့်) ငါသည် နေမင်းကဲ့သို့ တောက်ပသော ရွှေအဆင်းကဲ့သို့ တင့်တယ်သော မြတ်စွာဘုရားကို ဖူးမြင်ရ၏၊ ထိုအခါ ငါသည် ရွှင်လန်းသည်ဖြစ်၍ ရွှင်ပျသောစိတ်ဖြင့် လက်ပန်းပေါင်းခတ်၏၊ ငါသည် ကခြင်း သီခြင်း၌၎င်း အင်္ဂါငါးပါးရှိသော တူရိယာ၌၎င်း (ပူဇော်လို၍) အားထုတ်၏။

၁၅။ ကပ်ရောက်ရတိုင်းသော နတ်အဖြစ် လူအဖြစ်ဟူသမျှတို့၌ ခပ်သိမ်းသော သတ္တဝါတို့ကို (အသက်အဆင်းစသည်ဖြင့်) လွှမ်းမိုးရ၏၊ ငါ၏ အခြံအရံသည်လည်း ပြန့်ပြောလှပေ၏[၁]။

၁၆။ ယောကျ်ားမြတ်အာဇာနည်ဖြစ်တော်မူသော မြတ်စွာဘုရား အသျှင်ဘုရားအား ရှိခိုးပါ၏၊ ယောကျ်ားမြတ်ဖြစ်တော်မူသော မြတ်စွာဘုရား အသျှင်ဘုရားအား ရှိခိုးပါ၏၊ မြတ်စွာဘုရား အသျှင်ဘုရားသည် မိမိကိုယ်တော်တိုင်ကို နှစ်သက်စေနိုင်သည်ဖြစ်၍ သူတပါးတို့ကိုလည်း နှစ်သက်စေနိုင်တော်မူပါပေ၏။

၁၇။ ငါသည် အိမ်၌နေ၍ ကောင်းသောအကျင့်၌ ရွှင်ပျခြင်းကိုပြု၍ မြတ်စွာဘုရားကို ဆည်းကပ်ရသောကြောင့် တုသိတာဘုံသို့ ရောက်ရ၏။

၁၈။ ဤဘဒ္ဒကမ္ဘာမှ တထောင့်ခြောက်ရာ ကမ္ဘာထက်၌ ရတနာခုနစ်ပါးနှင့် ပြည့်စုံသည်ဖြစ်၍ များမြတ်သည့် ဗိုလ်ပါအင်အားရှိသော ကေစိန္တိတမည်ကုန်သော စကြဝတေးမင်းတို့သည် နှစ်ကြိမ်ဖြစ်ခဲ့ဘူးကုန်၏။

၁၉။ လေးပါးသော ပဋိသမ္ဘိဒါတို့ကိုင်း ရှစ်ပါးသော ဤဝိမောက္ခတို့ကိုင်း ခြောက်ပါးသော အဘိညာဉ်တို့ကိုင်း မျက်မှောက်ပြုအပ်ပါကုန်ပြီ၊ မြတ်စွာဘုရား၏ အဆုံးအမတော်ကို လိုက်နာကျင့်သုံးပြီးပါပြီ။

ဤသို့လျှင် အသျှင်သုမင်္ဂလမထေရ်သည် ဤဂါထာတို့ကို မိန့်ဆိုတော်မူ၏။

နှစ်ခုမြောက် သုမင်္ဂလတ္ထေရအပဒါန် ပြီး၏။

---

၁။ ၁၅-နံပါတ်ဂါထာသည် ၁၇-နံပါတ်ဂါထာ၏ နောက်၌ရှိလျှင် ပို၍ကောင်း၏၊ ဤတွင် ပါဠိတော်ရှိသည့်အတိုင်းပင် ထားသည်။

http://www.dhammadownload.com



## ၃-သရဏဂမနိယတ္ထေရအပဒါန်

၂၀။ နှစ်ဦးကုန်သော နတ်မင်းတို့၏ စစ်ထိုးခြင်းသည် ဖြစ်ပေါ်လာ၏၊ များစွာသော အပေါင်းအစုသည် ဖြစ်၏၊ သည်းစွာသော ကြွေးကြော်သံသည် (ဟိမဝန္တာကို) လွှမ်းမိုးလေ၏။

၂၁။ လောကကို သိသည်ဖြစ်၍ လှူဖွယ်ပစ္စည်းဝတ္ထုတို့ကို ခံတော်မူထိုက်သော ပဒုမုတ္တရမြတ်စွာဘုရားသည် ကောင်းကင်၌ တည်လျက် ချီတက်လာသော နတ်စစ်သည် အပေါင်းကို ထိတ်လန့်စေတော်မူ၏။

၂၂။ ထိုအခါ ခပ်သိမ်းသောနတ်တို့သည် ဝမ်းမြောက်ဝမ်းသာ ဖြစ်ကုန်၍ ချပ်မိန်ညို လက်နက်တို့ကို ချထားကြကုန်ပြီးလျှင် မြတ်စွာဘုရားကို ရှိခိုးကုန်လျက် တည်ငြိမ်စွာ နေကြကုန်၏။

၂၃။ အစဉ်သနားတော်မူသော မြတ်စွာဘုရားသည် ငါ၏ အကြံကို သိတော်မူ၍ မြတ်သောတရားစကားကို မြွက်ဆိုတော်မူ၏၊ သတ္တဝါအများကိုလည်း ငြိမ်းအေးစေတော်မူ၏။

၂၄။ ပြစ်မှားလိုသောစိတ်ရှိသော သတ္တဝါသည် တဦးတယောက်သော သတ္တဝါကို ညှဉ်းဆဲသည်ရှိသော် ထိုညှဉ်းဆဲခြင်းဟူသော စိတ်ပြစ်မှားမှုကြောင့် အပါယ်သို့လားရောက်ရ၏။

၂၅။ စစ်မြေပြင်ဦး၌ တိုက်ဆင်ကြီးသည် များစွာသော သတ္တဝါတို့ကို အကြိမ်ကြိမ် ညှဉ်းဆဲသကဲ့သို့ မညှဉ်းဆဲကြကုန်လင့်၊ မိမိ၏ဒေါသစိတ်ကို ငြိမ်းစေကုန်လော့ (ဟု မိန့်တော်မူ၏)။

၂၆။ နှစ်ပါးသောနတ်မင်းတို့၏ ထိုစစ်သည်သည် အံ့ဩဖွယ်ဖြစ်၏၊ လောက၏ အကြီးအမှူးဖြစ်သော တာဒိဂုဏ်နှင့် ပြည့်စုံတော်မူသော မြတ်စွာဘုရားကို ကိုးကွယ်ရာဟူ၍ ဆည်းကပ်ကုန်၏။

၂၇။ စက္ခုငါးပါးနှင့် ပြည့်စုံတော်မူသော မြတ်စွာဘုရားသည် စစ်မြေပြင်ရှိ နတ်အပေါင်းကို သိစေတော်မူ၍ ခြေတော်ကို ကြွချီတော်မူ၏၊ နတ်အများ ကြည့်ရှုစဉ် သာလျှင် မြောက်အရပ်သို့ ရှေးရှုဖဲကြွတော်မူ၏။

၂၈။ အခြေနှစ်ချောင်းရှိသူ နတ်လူတို့ကို အစိုးရသော တာဒိဂုဏ်နှင့် ပြည့်စုံတော်မူသော မြတ်စွာဘုရားအား ငါသည် ရှေးဦးစွာ ကိုးကွယ်ခြင်းသို့ရောက်၏၊ ကမ္ဘာတသိန်း ပတ်လုံး အပါယ်လေးပါးသို့ မလားမရောက်ရပေ။

၂၉။ ကမ္ဘာသုံးသောင်းထက်၌ ရထားစီးမင်းတို့ထက်မြတ်သော မဟာဒုန္ဒုဘိ အမည်ရှိကုန်သော စကြဝတေးမင်းတို့သည် တဆယ့်ခြောက်ကြိမ် ဖြစ်ဘူးကုန်၏။

http://www.dhammadownload.com



၃၀။ လေးပါးသော ပဋိသမ္ဘိဒါတို့ကိုလည်း ရှစ်ပါးသော ဤဝိမောက္ခတို့ကိုလည်း ခြောက်ပါးသော အဘိညာဉ်တို့ကိုလည်း မျက်မှောက်ပြုအပ်ပါကုန်ပြီ၊ မြတ်စွာဘုရား၏ အဆုံးအမတော်ကို လိုက်နာကျင့်သုံးပြီးပါပြီ။

ဤသို့လျှင် အသျှင်သရဏာဂမနိယမထေရ်သည် ဤဂါထာတို့ကို မိန့်ဆိုတော်မူ၏။

သုံးခုမြောက် သရဏာဂမနိယတ္ထေရအပဒါန် ပြီး၏။

---

## ၄-ကောသနိယတ္ထေရအပဒါန်

၃၁။ ထိုအခါ ငါသည် ဝရုဏအမည်ဖြင့် ထင်ရှားသော သိကြားနတ်မင်းဖြစ်၏၊ ဆင် မြင်း ဗိုလ်ပါ ယာဉ်များစွာနှင့်တကွ မြတ်စွာဘုရားကို ဆည်းကပ်ခစား၏။

၃၂။ လူတို့၏ ကိုးကွယ်ရာဖြစ်သော အတ္ထဒဿီမြတ်စွာဘုရားသည် ပရိနိဗ္ဗာန်ဝင်စံသည်ရှိသော် (ငါသည်)အလုံးစုံသော တူရိယာကိုယူ၍ မြတ်သောဗောဓိပင်သို့ သွား၏။

၃၃။ မောင်းကြေးနင်း ခွက်ခွင်းနှင့်တကွဖြစ်သော ငါသည် တီးမှုတ်ကခုန်ခြင်းတို့ဖြင့် မြတ်စွာဘုရားကို မျက်မှောက်၌ ဆည်းကပ် ပူဇော်သကဲ့သို့ မြတ်သော ဗောဓိပင်ကို ဆည်းကပ်ပူဇော်၏။

၃၄။ မြေ၌ပေါက်သော ထိုဗောဓိပင်ကို ပူဇော်ဆည်းကပ်ပြီး၍ ငါသည်(ကိုယ်ကို) ထက်ဝယ်ဖွဲ့ခွေလျက် ထိုဗောဓိပင်ရင်း၌ပင် သေလွန်ခဲ့ရ၏။

၃၅။ မိမိကောင်းမှု၌ အားထုတ်ပြီးဖြစ်သော ငါသည် မြတ်သောဗောဓိပင်၌ ကြည်ညိုနဲ့၏၊ ငါသည် ထိုစိတ်၏ကြည်ညိုခြင်းကြောင့် နိမ္မာနရတိဘုံသို့ ကပ်ရောက်ရ၏။

၃၆။ လူ့ပြည်တို့၌လည်း နတ်ပြည်တို့၌လည်း ဘဝကြီးငယ်၌ ဖြစ်လတ်သော် ခြောက်သောင်းသော တူရိယာတို့သည် ငါ့ကို အခါခပ်သိမ်း ခြံရံကုန်၏။

၃၇။ ငါ့အား မီးသုံးပါးတို့သည် ငြိမ်းကုန်၏၊ ခပ်သိမ်းသောဘဝတို့ကို ပယ်နုတ်အပ်ကုန်၏၊ ငါသည် မြတ်စွာဘုရား၏ သာသနာတော်၌ အဆုံးဖြစ်သော ကိုယ်ကို ဆောင်၏။

၃၈။ ဤဘဒ္ဒကမ္ဘာမှ ကမ္ဘာငါးရာထက်၌ ရတနာခုနစ်ပါးနှင့်ပြည့်စုံသော သုဗာဟုအမည်ဖြင့် ထင်ရှားသောမင်းတို့သည် သုံးဆယ့်လေးကြိမ် ဖြစ်ဘူးကုန်၏။

၃၉။ လေးပါးသော ပဋိသမ္ဘိဒါတို့ကိုလည်း ရှစ်ပါးသော ဤဝိမောက္ခတို့ကိုလည်း ခြောက်ပါးသော အဘိညာဉ်တို့ကိုလည်း မျက်မှောက်ပြုအပ်ပါကုန်ပြီ၊ မြတ်စွာဘုရား၏ အဆုံးအမတော်ကိုလိုက်နာကျင့်သုံးပြီးပါပြီ။

ဤသို့လျှင် အသျှင်ကောသနိယမထေရ်သည် ဤဂါထာတို့ကို မိန့်ဆိုတော်မူ၏။

လေးခုမြောက် ကောသနိယတ္ထေရအပဒါန် ပြီး၏။

http://www.dhammadownload.com



## ၅-သုဝဏ္ဏပုပ္ဖိယတ္ထေရအပဒါန်

၄၀။ လူတို့၏အကြီးအမှူးဖြစ်၍ လူတို့ထက် မြတ်တော်မူသော ဝိပဿီမြတ်စွာဘုရားသည် ထိုင်နေတော်မူလျက် လူအပေါင်းအား သေခြင်းကင်းရာ နိဗ္ဗာန်ကို ဟောတော်မူ၏။

၄၁။ (ဘုမ္မဇိုဝ်းနတ်သားဖြစ်သော) ငါသည် အခြေနှစ်ချောင်းရှိသူ နတ်လူတို့ကို အစိုးရသည်ဖြစ်၍ တာဒိဂုဏ်နှင့် ပြည့်စုံတော်မူသော ထိုဝိပဿီဘုရားရှင်၏ တရားကို ကြားနာရသောကြောင့် ရွှေပန်းလေးပွင့်တို့ကို မြတ်စွာဘုရားအား တင်လှူပူဇော်၏။

၄၂။ ထိုအခါ ပရိသတ်ရှိသလောက် ရွှေပန်းအမိုးသည် ဖြစ်၏၊ ဘုရားအရောင်တော်ကြောင့်၎င်း ရွှေပန်းမဏ္ဍပ်ရောင်ကြောင့်၎င်း အလင်းရောင်သည် ကျယ်ပြန့်၏။

၄၃-၄၄။ တက်ကြွဝမ်းမြောက် နှစ်သက်သော စိတ်ရှိသည်ဖြစ်၍ ထိုပရိသတ်တို့၏ မျက်မှောက်ချမ်းသာကို ဆောင်တတ်သော နှစ်သက်ခြင်းကို ဖြစ်စေတတ်သော ငါသည် လက်အုပ်ချီလျက် ကောင်းသော အကျင့်မြတ်ရှိသော မြတ်စွာဘုရားကို တောင်းပန်ရှိကျိုးရှိခိုးပြီး၍ နှစ်သက်ခြင်းကို ဖြစ်စေလျက် မိမိနေရာ ဘုံဗိမာန်သို့ ကပ်ရောက်၏။

၄၅။ ငါသည် ဘုံဗိမာန်၌ ဝင်ရောက်လျက် မြတ်စွာဘုရားကို အဖန်ဖန်အောက်မေ့၏၊ ငါသည် ထိုအောက်မေ့ရသော စိတ်၏ကြည်လင်မှုကြောင့် တုသိတာဘုံသို့ ရောက်ရ၏။

၄၆။ ဤဘဒ္ဒကမ္ဘာမှ ကိုးဆယ့်တကမ္ဘာထက်၌ ရွှေပန်းကို တင်လှူခဲ့ရသောအခါမှစ၍ အပါယ်လေးပါး လားရသည်ကို မသိစဖူးပေ၊ ဤသို့ဖြစ်ရခြင်းသည် ဘုရားကို ပူဇော်ရခြင်း၏ အကျိုးပေတည်း။

၄၇။ ဤဘဒ္ဒကမ္ဘာမှ လေးဆယ့်သုံးကမ္ဘာထက်၌ များမြတ်သည့် မိုလ်ပါအင်အားရှိသော နေမိသမ္မတမည်ကုန်သော စကြဝတေးမင်းတို့သည် တဆယ့်ခြောက်ကြိမ် ဖြစ်ဘူးကုန်၏။

၄၈။ လေးပါးသော ပဋိသမ္ဘိဒါတို့ကို၎င်း ရှစ်ပါးသော ဤဝိမောက္ခတို့ကို၎င်း ခြောက်ပါးသော အဘိညာဉ်တို့ကို၎င်း မျက်မှောက်ပြုအပ်ပါကုန်ပြီ၊ မြတ်စွာဘုရား၏ အဆုံးအမတော်ကို လိုက်နာကျင့်သုံးပြီးပါပြီ။

ဤသို့လျှင် အသျှင်သုဝဏ္ဏပုပ္ဖိယမထေရ်သည် ဤဂါထာတို့ကို မိန့်ဆိုတော်မူ၏။

ငါးခုမြောက် သုဝဏ္ဏပုပ္ဖိယတ္ထေရအပဒါန် ပြီး၏။

---

## ၆-စိတကပူဇကတ္ထေရအပဒါန်

၄၉-၅၀။ (လင်းလွန်းပင်စောင့်နတ်ဖြစ်သော) ငါသည် လင်းလွန်းပင်၌ မွေးမတ်အခြံအရံပရိသတ်နှင့်တကွနေ၏၊ မြတ်စွာဘုရားသည် ပရိနိဗ္ဗာန်စံလွန်သော် လူတို့၏အဆွေဖြစ်သော သိခီဘုရားရှင်၏ လောင်တိုက်တော် ထင်းပုံသို့ ကြည်ညိုဝမ်းမြောက်သော စိတ်ရှိ

http://www.dhammadownload.com



သည်ဖြစ်လျက် သွား၏၊ ငါသည် ထိုလောင်တိုက်တော် ထင်းပုံ၌ တူရိယာကို တီးမှုတ်၍ နံ့သာပန်းကို ကြဲဖြောက်ပူဇော်၏။

၅၁။ ငါသည် လောင်တိုက်တော်ထင်းပုံ၌ ပူဇော်ခြင်းကိုပြု၍ (ယင်း) လောင်တိုက်တော်ထင်းပုံကို ရှိခိုးပြီးလျှင် ကြည်ညိုဝမ်းမြောက်သော စိတ်ရှိသည်ဖြစ်လျက် မိမိနေရာ ဘုံဗိမာန်သို့ ကပ်ရောက်၏။

၅၂-၅၃။ ငါသည် ဘုံဗိမာန်၌ ဝင်ရောက်လျက် ထင်းပုံပူဇော်မှုကို အဖန်ဖန်အောက်မေ့၏၊ အခြေနှစ်ချောင်းရှိသူ နတ်လူတို့ကို အစိုးရသော လူတို့၏အကြီးအမှူးဖြစ်၍ လူတို့ထက် မြတ်သော မြတ်စွာဘုရား အကျွန်ုပ်သည် ထိုကောင်းမှုကြောင့် နတ်ဘဝ လူ့ဘဝ တို့၌ စည်းစိမ်ကိုခံစား၍ အောင်ခြင်း ရှုံးခြင်းကို စွန့်ပြီးလျှင် မတုန်လှုပ်ရာ နိဗ္ဗာန်သို့ ရောက်ရ၏။

၅၄။ ဤဘဒ္ဒကမ္ဘာမှ သုံးဆယ့်ဘကမ္ဘာထက်၌ ပန်းကို တင်လှူပူဇော်ခဲ့ရသော အခါမှစ၍ အပါယ်လေးပါး လားရသည်ကို မသိစဘူးပေ၊ ဤသို့ဖြစ်ရခြင်းသည် လောင်တိုက် ထင်းပုံကို ပူဇော်ရခြင်း၏ အကျိုးပေတည်း။

၅၅၊ ဤဘဒ္ဒကမ္ဘာမှ နှစ်ဆယ့်ကိုးကမ္ဘာထက်၌ များမြတ်သည့် ဗိုလ်ပါအင်အားရှိသော ဥဂ္ဂတအမည်ဖြင့် ထင်ရှားကုန်သော စကြဝတေးမင်းတို့သည် တဆယ့်ခြောက်ကြိမ်ဖြစ်ဘူးကုန်၏။

၅၆။ လေးပါးသော ပဋိသမ္ဘိဒါတို့ကိုငင်း ရှစ်ပါးသော ဤဝိမောက္ခတို့ကိုငင်း ခြောက်ပါးသော အဘိညာဉ်တို့ကိုငင်း မျက်မှောက်ပြုအပ်ပါကုန်ပြီ၊ မြတ်စွာဘုရား၏ အဆုံးအမတော်ကို လိုက်နာကျင့်သုံးပြီးပါပြီ။

ဤသို့လျှင် အသျှင်စိတကပူဇကမထေရ်သည် ဤဂါထာတို့ကို မိန့်ဆိုတော်မူ၏။

ခြောက်ခုမြောက် စိတကပူဇကတ္ထေရအပဒါန် ပြီး၏။

---

## ၇-ဗုဒ္ဓသညကတ္ထေရအပဒါန်

၅၇။ အကြင်အခါ၌ လောကထက် မြတ်တော်မူသော ဝိပဿီမြတ်စွာဘုရားသည် အာယုသင်္ခါရကို လွှတ်တော်မူ၏၊ (ထိုအခါ) သမုဒ္ဒရာရေတည်းဟူသော ခါးကြိုးရှိသော မြေကြီးသည် ပြင်းစွာ တုန်လှုပ်၏။

၅၈။ မြတ်စွာဘုရား၏ သက်တော်ကုန်သောကြောင့် လွန်စွာ ဆန်းကြယ်သော ဦးဆောက်ပန်းရှိသော အဝန်းကျယ်သော ငါ (ဘုမ္မစိုဝ်းနတ်)၏ ဘုံဗိမာန်သည်လည်း ပြင်းစွာတုန်လှုပ်၏။

၅၉။ ဘုံဗိမာန်တုန်လှုပ်လတ်သော် အဘယ်အကျိုးငှါ ပြန့်ပြောသော အလင်းရောင် ဖြစ်ဘိသနည်း၊ အဘယ်အကျိုးငှါ တိတ်နိမိတ်သည် ဖြစ်ဘိသနည်း(ဟု)ငါ့အား ထိတ်လန့်ခြင်းသည် ဖြစ်ပေါ်၏။

http://www.dhammadownload.com



၆၀။ (ထိုအခါ)ဝေဿဝဏ်နတ်မင်းသည် ဤလူ့ ရွာသို့လာ၍ သတ္တဝါတို့၌ ဘေးမရှိပါ၊ တည်ကြည်ကုန်သည်ဖြစ်၍ စောင့်စည်းကြကုန်လော့ဟု လူအများကို ထိတ်လန့်မှုငြိမ်းအေးစေ၏။

၆၁။ မြတ်စွာဘုရားသည် အံ့ဖွယ်ရှိပေစွ၊ တရားတော်သည် အံ့ဖွယ်ရှိပေစွ၊ ငါတို့မြတ်စွာဘုရား၏ ပြည့်စုံခြင်းသည် အံ့ဖွယ်ရှိကုန်စွ၊ ယင်းမြတ်စွာဘုရားသည် ဖွားမြင်လတ်သော်(ဖြစ်တော်မူလတ်သော်)မြေကြီးသည် ပြင်းစွာ တုန်လှုပ်၏။

၆၂။ ငါသည် မြတ်စွာဘုရားအာနုဘော်ကို ချီးကျူးပြောကြား၍ ကမ္ဘာပေါင်းလုံးနတ်ပြည်၌ မွေ့လျော်ရ၏၊ ကြွင်းသောကမ္ဘာတို့၌ ငါသည် ကုသိုလ်ကို ပြုကျင့်၏။

၆၃။ ဤဘဒ္ဒကမ္ဘာမှ ကိုးဆယ့်တကမ္ဘာထက်၌ ဘုရားဟူသော အမှတ်သညာကို ရခဲ့သောအခါမှစ၍ အပါယ်လေးပါး လားရသည်ကို မသိစဘူးပေ၊ ဤသို့ဖြစ်ရခြင်းသည် ဘုရားဟု မှတ်သားရခြင်း၏ အကျိုးပေတည်း။

၆၄။ ဤဘဒ္ဒကမ္ဘာမှ တဆယ့်လေးကမ္ဘာထက်၌ ကြီးသောအာနုဘော်ရှိသည်ဖြစ်၍ များမြတ်သည့် ဗိုလ်ပါအင်အားရှိသော သမိတအမည်ဖြင့် ထင်ရှားသော စကြဝတေးမင်းဖြစ်ခဲ့ဘူး၏။

၆၅။ လေးပါးသော ပဋိသမ္ဘိဒါတို့ကိုရင်း ရှစ်ပါးသော ဝိမောက္ခတို့ကိုရင်း ခြောက်ပါးသော အဘိညာဉ်တို့ကိုရင်း မျက်မှောက်ပြုအပ်ပါကုန်ပြီ၊ မြတ်စွာဘုရား၏ အဆုံးအမတော်ကို လိုက်နာကျင့်သုံးပြီးပါပြီ။

ဤသို့လျှင် အသျှင်ဗုဒ္ဓသညကမထေရ်သည် ဤဂါထာတို့ကို မိန့်ဆိုတော်မူ၏။

ခုနစ်ခုမြောက် ဗုဒ္ဓသညကတ္ထေရအပဒါန် ပြီး၏။

---

## ၈-မဂ္ဂသညကတ္ထေရအပဒါန်

၆၆။ ပဒုမုတ္တရ မြတ်စွာဘုရား၏ တော၌ လှည့်လည်သူ တပည့်သာဝကတို့သည် လူသူမနီး တောအုပ်ကြီးထဲ၌ ခရီးမှားကြ၍ သူကန်းတို့ကဲ့သို့ ကြွေးကြော်ကုန်၏။

၆၇-၆၈။ သစ္စာလေးပါးကို သိတော်မူသော ပဒုမုတ္တရမြတ်စွာဘုရားကို အစဉ်အောက်မေ့၍ ထိုရဟန်းတော်တို့သည် ထိုမြတ်စွာဘုရား၏ သားတော်တို့တည်း၊ တောကြီး၌ ခရီးမှားကုန်၏ဟု (နလုံးပိုက်၍)ဗိမာန်မှ သက်ဆင်း၍ ရဟန်းတို့၏အထံသို့ သွား၏၊ (နတ်သားဖြစ်သော)ငါသည် ထိုရဟန်းတော်တို့အား ခရီးကိုလည်း ညွှန်ကြားခဲ့၏၊ ဆွမ်းဘောဇဉ်ကိုလည်း လှူဒါန်းခဲ့၏။

၆၉။ အခြေနှစ်ချောင်းရှိသူ လူနတ်တို့ကို အစိုးရသော လူတို့၏အကြီးအမှူးဖြစ်၍ လူတို့ထက် မြတ်တော်မူသော မြတ်စွာဘုရား အကျွန်ုပ်သည် ထိုကောင်းမှုကံကြောင့် မွေးဖွားသည်မှ ခုနစ်နှစ်သာရှိသေးလျက် အရဟတ္တဖိုလ်သို့ ရောက်ရ၏။

http://www.dhammadownload.com



၇၀။ ဤဘဒ္ဒကမ္ဘာမှ ကမ္ဘာငါးရာထက်၌ ရတနာခုနစ်ပါးနှင့်ပြည့်စုံသော သစက္က အမည်ဖြင့် ထင်ရှားသော စကြဝတေးမင်းတို့သည် တဆယ့်နှစ်ကြိမ် ဖြစ်ခဲ့ဘူးကုန်၏။

၇၁။ လေးပါးသော ပဋိသမ္ဘိဒါတို့ကိုရင်း ရှစ်ပါးသော ဤဝိမောက္ခတို့ကိုရင်း ခြောက်ပါးသော အဘိညာဉ်တို့ကိုရင်း မျက်မှောက်ပြုအပ်ပါကုန်ပြီ၊ မြတ်စွာဘုရား၏ အဆုံးအမတော်ကို လိုက်နာကျင့်သုံးပြီးပါပြီ။

ဤသို့လျှင် အသျှင်မဂ္ဂသညကမထေရ်သည် ဤဂါထာတို့ကို မိန့်ဆိုတော်မူ၏။

ရှစ်ခုမြောက် မဂ္ဂသညကတ္ထေရအပဒါန် ပြီး၏၊

---

## ၉-ပစ္စုပဋ္ဌာနသညကတ္ထေရအပဒါန်

၇၂။ အဋ္ဌဒဿီမြတ်စွာဘုရားသည် ပရိနိဗ္ဗာန်ဝင်စံတော်မူသည်ရှိသော် (ပရိနိဗ္ဗာန်စံလွန်သည်၏) အခြားမဲ့၌ (ငါသည်) ဘီလူးမျိုး၌ ဖြစ်၏၊ ထိုအခါ ငါသည် အခြံအရံနှင့် ပြည့်စုံခြင်းသို့ ရောက်၏။

၇၃။ ငါ့အား စင်စစ် အရမတော်ခြင်းသည် ဖြစ်၏၊ မကောင်းသော မိုးလင်းရခြင်း မကောင်းသော ထခြင်းသည် ဖြစ်၏၊ (အဘယ့်ကြောင့်ဆိုသော်) ငါ့အား စည်းစိမ်ဥစ္စာ ရှိပါလျက် မြတ်စွာဘုရားသည် ပရိနိဗ္ဗာန်ဝင်စံရ၏။

၇၄။ သာဂရမည်သော ထိုသာဝကသည် ငါ၏အကြံကို သိ၍ ငါ့ကို ကယ်တင်လိုသောကြောင့် ငါ၏အထံသို့ ကြွလာတော်မူ၏။

၇၅။ ကောင်းသောပညာရှိ အဘယ့်ကြောင့် စိုးရိမ်ဘိသနည်း၊ မကြောက်လင့်၊ တရားကို ကျင့်လော့၊ မြတ်စွာဘုရားသည် ခပ်သိမ်းသောသူတို့အား ကောင်းမှုမျိုးစေ့၏ ပြည့်စုံခြင်းကို လျော်စွာပေးအပ်၏။

၇၆။ အကြင်သူသည် လူတို့၏ရှေ့သွားဖြစ်သော သက်တော်ထင်ရှား မြတ်စွာဘုရားကို ပူဇော်ရာ၏၊ အကြင်သူသည်ကား ပရိနိဗ္ဗာန်စံတော်မူသော မြတ်စွာဘုရား၏ မုန်ညင်းစေ့ခန့်မျှလည်းဖြစ်သော ဓာတ်တော်ကို ပူဇော်ရာ၏။

၇၇။ စိတ်၏ကြည်ညိုခြင်းတူမျှသော် မြတ်သည်၏ အဖြစ်သို့ ရောက်သော ကောင်းမှုသည် တူမျှ၏၊ ထို့ကြောင့် ဘုရားရှင်၏ ဓာတ်တော်တို့ကို ပုထိုးစေတီပြုလုပ်၍ ပူဇော်လော့ (ဟု မိန့်တော်မူ၏)။

၇၈။ ငါသည် သာဂရမထေရ်၏စကားကိုကြား၍ စေတီကို တည်ထားကိုးကွယ်၏၊ မြတ်စွာဘုရား၏ စေတီတော်မြတ်ကို ငါးနှစ်ပတ်လုံး လုပ်ကျွေးပူဇော်၏။

၇၉။ အခြေနှစ်ချောင်းရှိသူ လူနတ်သတ္တဝါတို့ကို အစိုးရသော လူတို့၏အကြီးအမှူး ဖြစ်၍ လူတို့ထက်မြတ်သော မြတ်စွာဘုရား အကျွန်ုပ်သည် ထိုကောင်းမှုကြောင့် စည်းစိမ်ကို ခံစားရ၍ (နောက်ဆုံး)အရဟတ္တဖိုလ်သို့ ရောက်ရ၏။

http://www.dhammadownload.com



၈၀။ ဤဘဒ္ဒကမ္ဘာမှ ကမ္ဘာခုနစ်ရာထက်၌ ရတနာခုနစ်ပါးနှင့် ပြည့်စုံသည်ဖြစ်၍ များမြတ်သည့် ဗိုလ်ပါအင်အားရှိသော ဘူရိပညမည်ကုန်သော စကြာဝတေးမင်းတို့သည် လေးကြိမ်ဖြစ်ခဲ့ဘူးကုန်၏။

၈၁။ လေးပါးသော ပဋိသမ္ဘိဒါတို့ကိုလည်း ရှစ်ပါးသော ဝိမောက္ခတို့ကိုလည်း ခြောက်ပါးသော အဘိညာဉ်တို့ကိုလည်း မျက်မှောက်ပြုအပ်ပါကုန်ပြီ၊ မြတ်စွာဘုရား၏ အဆုံးအမတော်ကို လိုက်နာကျင့်သုံးပြီးပါပြီ။

ဤသို့လျှင် အသျှင်ပစ္စုပဋ္ဌာနသညာကမထေရ်သည် ဤဂါထာတို့ကို မိန့်ဆိုတော်မူ၏။

ကိုးခုမြောက် ပစ္စုပဋ္ဌာနသညာကတ္ထေရအပဒါန် ပြီး၏။

---

## ၁၀-ဓာတုပူဇကတ္ထေရအပဒါန်

၈၂။ ဝိပဿီဘုရားအလောင်းသည် ဖွားမြင်တော်မူစဉ် ပြန့်ပြောသော အလင်းရောင်သည် ဖြစ်၏၊ သမုဒ္ဒရာ တောတောင်နှင့် တကွဖြစ်သော မဟာပထဝီမြေကြီးသည်လည်း တုန်လှုပ်၏။

၈၃။ နိမိတ်ဖတ်ကုန်သောသူတို့သည် လောက၌ ဘုရားပွင့်လတ္တံ့၊ ခပ်သိမ်းသော သတ္တဝါတို့ထက် မြတ်သည်ဖြစ်၍ လူအပေါင်းကို သံသရာမှ ထုတ်ဆောင်လတ္တံ့ဟု နိမိတ်စကား ပြောကြားကြကုန်၏။

၈၄။ ငါသည် နိမိတ်ဖတ်သောသူတို့၏ စကားကို ကြား၍ ဖွားမြင်စ ဘုရားလောင်းအား ပူဇော်ခြင်းကို ပြု၏၊ ဖွားမြင်စ ဘုရားလောင်းအား ပူဇော်ခြင်းကဲ့သို့သော ပူဇော်ခြင်းမျိုးသည် မရှိနိုင်တော့ပေ။

၈၅။ ငါသည် ကုသိုလ်ကိုပြု၍ မိမိစိတ်ကို ကြည်လင်စေ၏၊ ငါသည် ဖွားမြင်စ ဘုရားလောင်းအား ပူဇော်ခြင်းကိုပြု၍ ထိုပူဇော်ရာ အရပ်၌ပင် သေလွန်ခဲ့ရ၏။

၈၆။ ကင်ရောက်ရတိုင်းသော လူအဖြစ် နတ်အဖြစ်ဟူသမျှတို့၌ သတ္တဝါအားလုံးတို့ကို (ဂုဏ်အားဖြင့်) လွှမ်းမိုးရ၏၊ ဤသို့ဖြစ်ရခြင်းသည် ဖွားမြင်စ ဘုရားလောင်းအား ပူဇော်ရခြင်း၏ အကျိုးပေတည်း။

၈၇။ အထိန်းတို့သည် ငါ့ကို လုပ်ကျွေးကုန်၏၊ ငါ၏စိတ်အလိုသို့ လိုက်ကုန်၏၊ ထိုအထိန်းတို့သည် ငါ့အလိုကို ဖျက်ဆီးခြင်းငှါ မတတ်နိုင်ကုန်၊ ဤသို့ဖြစ်ရခြင်းသည် ဖွားမြင်စ ဘုရားလောင်းအား ပူဇော်ရခြင်း၏ အကျိုးပေတည်း။

၈၈။ ဤဘဒ္ဒကမ္ဘာမှ ကိုးဆယ့်တကမ္ဘာထက်၌ ဖွားမြင်စ ဘုရားလောင်းအား ပူဇော်မှုကို ပြုခဲ့ရသော အခါမှစ၍ အပါယ်လေးပါး လားရသည်ကို မသိစဘူးပေ၊ ဤသို့ဖြစ်ရခြင်းသည် ဖွားမြင်စ ဘုရားလောင်းအား ပူဇော်ရခြင်း၏ အကျိုးပေတည်း။

http://www.dhammadownload.com



၈၉။ ဤဘဒ္ဒကမ္ဘာမှ သုံးခုမြောက်ကမ္ဘာထက်၌ လူတို့ကိုအစိုးရသည်ဖြစ်၍ များမြတ်သည့် ဗိုလ်ပါအင်အား ရှိသော သုပါရိစရိယမည်ကုန်သောစကြဝတေးမင်းတို့သည် သုံးဆယ့်လေးကြိမ် ဖြစ်ခဲ့ဘူးကုန်၏။

၉၀။ လေးပါးသော ပဋိသမ္ဘိဒါတို့ကိုလည်း ရှစ်ပါးသော ဤဝိမောက္ခတို့ကိုလည်း ခြောက်ပါးသော အဘိညာဉ်တို့ကိုလည်း မျက်မှောက်ပြုအပ်ပါကုန်ပြီ၊ မြတ်စွာဘုရား၏ အဆုံးအမတော်ကို လိုက်နာကျင့်သုံးပြီးပါပြီ။ (၁၇၅၈)

ဤသို့လျှင် အသျှင်ဇာတိပူဇကမထေရ်သည် ဤဂါထာတို့ကို မိန့်ဆိုတော်မူ၏။

ဆယ်ခုမြောက် ဇာတိပူဇကတ္ထေရအပဒါန် ပြီး၏။

**တဆယ့်နှစ်ခုမြောက် မဟာပရိဝါရဝဂ် ပြီး၏။**

http://www.dhammadownload.com

# ၁၃-သေရဂါထာ

## ၁-သေရဂါထာ

### ၁-သေရေယျကတ္ထေရအပဒါန်

၁-၂။ ဗေဒင်ကို သရဇ္ဈာယ်သည်ဖြစ်၍ ဗေဒင်ကိုဆောင်သော ဗေဒင်သုံးပုံတို့၏ တဖက်ကမ်းရောက် တတ်မြောက်သော (ငါသည်) ဝင်းတော၌ ကျက်စားသော ခြင်္သေ့ မင်းသဖွယ်ဖြစ်သော ထိတ်လန့်ခြင်းကင်း ကျားမင်းသဖွယ်လည်းဖြစ်သော အရပ်သုံးပါးမှ ယိုစီးကျသော အမုန်ရှိသော ဆင်ပြောင်ကြီးသဖွယ်ပေည်း ဖြစ်သော လူတို့၏ရှေ့သွား မြတ်စွာဘုရားကို လှင်တီးခေါင်၌ ရပ်လျက် ဖူးမြင်ရ၏။

၃။ ငါသည် လိပ်ဆူးရွှေပန်းကို ယူ၍ ကောင်းကင်သို့ ပစ်မြှောက်ပူဇော်၏၊ မြတ်စွာဘုရား၏ အာနုဘော်တော်ကြောင့် အခါခပ်သိမ်း ထက်ဝန်းကျင် ခြံရံကုန်၏။

၄။ ကြီးသော လုံ့လရှိတော်မူသော လူတို့၏ရှေ့သွား သဗ္ဗညုမြတ်စွာဘုရားသည် အဓိဋ္ဌာန်တော်မူ၏၊ ပန်းအမိုးတို့သည် မြတ်စွာဘုရားကို ထက်ဝန်းကျင်မှ အလိုအလျောက် ကြဲဖြန့်ကုန်၏။

၅။ ထိုအခါ ပန်းသည်တိုင်သည် အတွင်းဘက်သို့လှည့်သော အညှာရှိသည်ဖြစ်၍ အပသို့မျက်နှာမူပြီး ခုနစ်ရက်ပတ်လုံး အမိုးပြုပြီးသည့်နောက်မှ ကွယ်ပျောက်သွားလေ၏။

၆။ ငါသည် ကြက်သီးမွေးညင်းထလောက်အောင် မဖြစ်စဘူး ထူးကဲလှသော ထိုအံ့ဩဖွယ်ကို မြင်၍ လူတို့၏ရှေ့သွား ကောင်းသောစကားကို ဆိုတတ်သော မြတ်စွာဘုရား၌ (မိမိ၏)စိတ်ကို ကြည်လင်စေ၏။

၇။ ထိုစိတ်ကြည်ညိုခြင်းကြောင့် ဖြစ်စေသောကုသိုလ်အကြောင်းရင်းသည် တိုက်တွန်းအပ်သည်ဖြစ်၍ ငါသည် ကမ္ဘာတသိန်းပတ်လုံး အပါယ်လေးပါးသို့ မလားမရောက်ရပေ။

၈။ ကမ္ဘာတို့၏ တသောင်းငါးထောင်ထက်၌ မျှားမြတ်သည့် ဗိုလ်ပါအင်အားရှိသော ဝိဘာမလမည်သော စကြဝတေးမင်းတို့သည် နှစ်ဆယ့်ငါးကြိမ်ဖြစ်ဘူးကုန်၏။

၉။ လေးပါးသော ပဋိသမ္ဘိဒါတို့ကိုလည်းကောင်း ရှစ်ပါးသော ဝိမောက္ခတို့ကိုလည်းကောင်း ခြောက်ပါးသော အဘိညာဉ်တို့ကိုလည်းကောင်း မျက်မှောက်ပြုအပ်ပါကုန်ပြီ၊ မြတ်စွာဘုရား၏ အဆုံးအမတော်ကို လိုက်နာကျင့်သုံးပြီးပါပြီ။

ဤသို့လျှင် အသျှင်သေရေယျကမထေရ်သည် ဤဂါထာတို့ကို မိန့်ဆိုတော်မူ၏။

ရှေးဦးစွာသော သေရေယျကတ္ထေရအပဒါန် ပြီး၏။

---

### ၂-ပုပ္ဖထူပိယတ္ထေရအပဒါန်

၁၀။ ဟိမဝန္တာတောင်၏ အနီးအရပ်၌ ကုက္ကုရမည်သောတောင်သည် ရှိ၏၊ ထိုတောင်၏အလယ်၌ ဗေဒင်သုံးပုံတို့၌ တဖက်ကမ်းရောက် တတ်မြောက်သော ပုဏ္ဏားသည် နေ၏။

http://www.dhammadownload.com



၁၁။ ငါးထောင်သောတပည့်တို့သည် ငါ့ကို အခါခပ်သိမ်း ခြံရံကုန်၏၊ ထိုတပည့် တို့သည် ရှေးဦးစွာ ထလေ့ရှိကုန်သည်လည်း ဖြစ်ကုန်၏၊ ဗေဒင်သုံးပုံတို့၌လည်း ရဲရင့် ကုန်၏။

၁၂။ လောက၌ မြတ်စွာဘုရားသည် ပွင့်တော်မူ၏၊ အရှင်သည် ထိုမြတ်စွာဘုရားကို သိပါ၏လော၊ ထိုမြတ်စွာဘုရား၏ လက္ခဏာတော်ငယ်တို့သည် ရှစ်ဆယ်ရှိကုန်၍ လက္ခဏာ တော်ကြီးတို့သည်ကား သုံးဆယ့်နှစ်ပါးရှိကုန်၏။

၁၃။ မြတ်စွာဘုရားသည် တလံမျှသော ရောင်ခြည်တော်ရှိသည်ဖြစ်၍ နေမင်းကဲ့သို့ တင့်တယ်တောက်ပတော်မူ၏၊ (ဤသို့)တပည့်တို့လျှောက်ကြားသောစကားကို ကြားရ၍ ဗေဒင်သုံးပုံတို့၌ တဖက်ကမ်းရောက် တတ်မြောက်သောပုဏ္ဏားသည်—

၁၄။ နေရာသင်္ခမ်းကျောင်းမှ ထွက်လတ်၍ တပည့်တို့ကို ဘုရားရှိရာအရပ်ကို မေး လေ၏၊ အကြင်အရပ်၌ ကြီးသော လုံ့လရှိတော်မူသော လူတို့၏ရှေ့သွား မြတ်စွာဘုရား သည် နေတော်မူ၏။

၁၅။ ငါသည် ထိုအရပ်ကို ရှိခိုးအံ့၊ တုဘက်ကင်းသော မြတ်စွာဘုရားကို ရှိခိုးအံ့၊ တက်ကြွဝမ်းမြောက်သော စိတ်ရှိသည်ဖြစ်၍ ငါသည် မြတ်စွာဘုရားကို ပူဇော်အံ့။

၁၆-၁၇။ တပည့်တို့ လာကြကုန်လော့၊ သွားကြကုန်အံ့ မြတ်စွာဘုရားကို ဖူးမြင် ကုန်အံ့၊ မြတ်စွာဘုရား၏ ခြေတော်တို့ကို ရှိခိုး၍ မြတ်စွာဘုရားအဆုံးအမတော်ကို နာကြ ကုန်အံ့၊ (ဤသို့ပြောကြား၍) တရက်မျှထွက်ခဲ့လေသော် ဖျားနာခြင်းကို ရ၏၊ ဖျားနာ ခြင်းသည် နှိပ်စက်အပ်သည်ဖြစ်၍ စရပ်သို့ နေထိုင်ရန် ကပ်ရောက်ခဲ့၏။

၁၈။ အလုံးစုံသောတပည့်တို့ကို တပေါင်းတည်းစည်းဝေးစေ၍ လွန်ကဲသည့်ပညာ ရှိသော လူတို့၏ရှေ့သွား မြတ်စွာဘုရားဂုဏ်တော်သည် အဘယ်သို့သဘောရှိသနည်းဟု ထိုတပည့်တို့အား မြတ်စွာဘုရားအကြောင်းအရာကို မေး၏။

၁၉။ (ဤသို့)ငါသည် မေးလတ်သော် ထိုတပည့်တို့သည် ဖူးမြင်ရသည့်အတိုင်း ပြန် ကြားကုန်၏၊ ထိုမြတ်စွာဘုရား (အကြောင်းအရာကို) ငါ၏မျက်မှောက်၌ ရိုသေစွာ ပြောကြားကုန်၏။

၂၀။ ငါသည် ထိုတပည့်တို့၏စကားကို ကြားရသောကြောင့် မိမိစိတ်ကို ကြည်လင် စေ၏၊ ပန်းတို့ဖြင့် ပုထိုးစေတီတော်ပြုလုပ်၍ ထိုအရပ်၌ပင် ငါသည် သေလွန်ခဲ့ရ၏။

၂၁။ ထိုတပည့်တို့သည် ငါ၏အလောင်းကို မီးသင်္ဂြိုဟ်၍ မြတ်စွာဘုရားထံတော်သို့ သွားကုန်၏၊ မြတ်စွာဘုရားကို လက်အုပ်ချီလျက် ရှိခိုးကုန်၏။

၂၂။ ကောင်းသောစကားကို ဆိုတော်မူတတ်သော မြတ်စွာဘုရား၏ပုထိုးတော်ကို ပန်းတို့ဖြင့် မွမ်းမံပြုလုပ်ရသောကြောင့် ငါသည် ကမ္ဘာတသိန်းပတ်လုံး အပါယ်လေးပါး သို့ မလားမရောက်ရပေ။

http://www.dhammadownload.com



၂၃။ ကမ္ဘာလေးသောင်းထက်၌ များမြတ်သည့် ဖိုလ်ပါအင်အားရှိသော အမည်အားဖြင့် အဂ္ဂိသမဟု ထင်ရှားကုန်သော စကြဝတေးမင်းတို့သည် တဆယ့်ခြောက်ကြိမ် ဖြစ်ဘူးကုန်၏။

၂၄။ ကမ္ဘာနှစ်သောင်းထက်၌ မြေကြီးအရှင်ဖြစ်သော ဃတာသနဟု တူသော အမည်ရှိကုန်သော စကြဝတေးမင်းတို့သည် သုံးဆယ့်ရှစ်ကြိမ် ဖြစ်ဘူးကုန်၏။

၂၅။ လေးပါးသော ပဋိသမ္ဘိဒါတို့ကိုင်း ရှစ်ပါးသော ဝိမောက္ခတို့ကိုင်း ခြောက်ပါးသော အဘိညာဉ်တို့ကိုင်း မျက်မှောက်ပြုအပ်ပါကုန်ပြီ၊ မြတ်စွာဘုရား၏ အဆုံးအမတော်ကို လိုက်နာကျင့်သုံးပြီးပါပြီ။

ဤသို့လျှင် အသျှင်ပုပ္ဖထူပိယမထေရ်သည် ဤဂါထာတို့ကို မိန့်ဆိုတော်မူ၏။

နှစ်ခုမြောက် ပုပ္ဖထူပိယတ္ထေရအပဒါန် ပြီး၏။

---

## ၃-ပါယသဒါယကတ္ထေရအပဒါန်

၂၆။ ရွှေအဆင်းနှင့် တူသော အဆင်းရှိတော်မူသော သုံးဆယ့်နှစ်ပါးသော ယောကျ်ားမြတ်လက္ခဏာတော်ရှိသော ဝိပဿီမြတ်စွာဘုရားသည် ရဟန်းအပေါင်း ခြံရံလျက် တရားအားထုတ်ရာ ကျောင်းတော်မှ (တောအုပ်မှ)ထွက်တော်မူ၏။

၂၇။ ထိုငါသည် ယင်ကြီးကို ပူဇော်လို၍ ကြီးစွာသော ရွှေခွက်လင်ပန်း၌ နို့ဃနာဆွမ်းကို ထည့်ပြီးလျှင် ပူဇော်ဖွယ်ကို(မိမိလက်ဖြင့်)ဆောင်ခဲ့၏။

၂၈။ လူတို့၏ အကြီးအမှူးဖြစ်၍ လူတို့ထက်မြတ်သော ဘုရားရှင်သည် ထိုအခါ၌ အကာအကွယ်မရှိသော ကောင်းကင်၌ စင်္ကြံသို့ ကောင်းစွာတက်တော်မူ၏၊ (ကြွသွားတော်မူ၏)။

၂၉။ ကြက်သီးမွေးညင်း ထလောက်အောင် မဖြစ်စဘူး ထူးကဲသော ထိုအံ့ဩဖွယ်ကိုလည်း ဖူးမြင်ရသောကြောင့် ရွှေခွက်ကို ချထားပြီးသော် ဝိပဿီမြတ်စွာဘုရားကို ရှိခိုး၏။

၃၀။ မြတ်သော မုနိဖြစ်တော်မူသော မြတ်စွာဘုရား အရှင်ဘုရားသည် နတ်နှင့်တကွသော လူနှင့်တကွသောလောက၌ အလုံးစုံသောတရားကို သိတော်မူသော နတ်မြတ်ဖြစ်တော်မူ၏၊ အစဉ်သနားသည်ကို အကြောင်းပြု၍ ခံယူတော်မူပါဘုရား။

၃၁။ လောက၌ မြတ်သောမုနိဖြစ်၍ လူတို့၏ရှေ့သွား ဆရာဖြစ်တော်မူသော သဗ္ဗညု မြတ်စွာဘုရားသည် အကြံကိုသိ၍ အလှူခံတော်မူ၏။

၃၂။ ဤဘဒ္ဒကမ္ဘာမှ ကိုးဆယ့်တကမ္ဘာထက် ကာလ၌ နို့ဃနာဆွမ်း လှူဒါန်းခဲ့ရသောအခါမှစ၍ အပါယ်လေးပါး လားရသည်ကို မသိစဘူးပေ၊ ဤသို့ဖြစ်ရခြင်းသည် နို့ဃနာ(ဆွမ်း) လှူဒါန်းရခြင်း၏ အကျိုးပေတည်း။

http://www.dhammadownload.com



၃၃။ ဤဘဒ္ဒကမ္ဘာမှ လေးဆယ့်တကမ္ဘာထက်၌ ရတနာခုနစ်ပါးနှင့် ပြည့်စုံသည်ဖြစ်၍ များမြတ်သည့် ဗိုလ်ပါအင်အားရှိသော ဗုဒ္ဓမည်သော စကြဝတေးမင်း ဖြစ်ခဲ့ဘူး၏။

၃၄။ လေးပါးသော ပဋိသမ္ဘိဒါတို့ကိုရှင်း ရှစ်ပါးသော ဤဝိမောက္ခတို့ကိုရှင်း ခြောက်ပါးသော အဘိညာဉ်တို့ကိုရှင်း မျက်မှောက်ပြုအပ်ပါကုန်ပြီ၊ မြတ်စွာဘုရား၏ အဆုံးအမတော်ကို လိုက်နာကျင့်သုံးပြီးပါပြီ။

ဤသို့လျှင် အသျှင်ပါယသဒါယကမထေရ်သည် ဤဂါထာတို့ကို မိန့်ဆိုတော်မူ၏။

သုံးခုမြောက် ပါယသဒါယကတ္ထေရအပဒါန် ပြီး၏။

---

## ၄-ဂန္ဓောဒကိယတ္ထေရအပဒါန်

၃၅။ ငါသည် မြတ်သောပြာသာဒ်၌ ထိုင်နေလျက် အလုံးစုံသောတရားတို့ကို သိ၍ အမိုက်တိုက်ကို ပယ်ဖျောက်တော်မူသော ပင်လုံးကျွတ်ပွင့်၍ တင့်တယ်သော ရေခတက်ပင်သဖွယ်လည်း ဖြစ်သော ငါးမာရ်အောင်မြင် ဝိပဿီဘုရားရှင်ကို ဖူးမြင်ရ၏။

၃၆။ လူတို့၏ရှေ့သွား မြတ်စွာဘုရားသည် ပြာသာဒ်၏ အနီး၌ ကြွသွားတော်မူ၏၊ ထိုမြတ်စွာဘုရား၏ အရောင်သည် နေမင်း၏ အရောင်ကဲ့သို့ ကွန့်မြူးပေးသွားတော်မူ၏။

၃၇။ (ထိုအခါ ငါသည်) နံ့သာရေကိုလည်း ယူ၍ မြတ်စွာဘုရားကို ပက်ဖျန်းပူဇော်၏၊ ငါသည် ထိုကြည်ညိုသောစိတ်နှင့်တကွ ထိုအရပ်၌ပင် သေလွန်ခဲ့ရ၏။

၃၈။ ဤဘဒ္ဒကမ္ဘာမှ ကိုးဆယ့်တကမ္ဘာထက်၌ နံ့သာရေကို ပက်ဖျန်းပူဇော်ခဲ့ရသောအခါမှစ၍ အပါယ်လေးပါး လားရသည်ကို မသိစဘူးပေ၊ ဤသို့ဖြစ်ရခြင်းသည် ဘုရားအား နံ့သာရေ ပက်ဖျန်းပူဇော်ရခြင်း၏ အကျိုးပေတည်း။

၃၉။ ဤဘဒ္ဒကမ္ဘာမှ သုံးဆယ့်တကမ္ဘာထက်၌ ရတနာခုနစ်ပါးနှင့် ပြည့်စုံသည်ဖြစ်၍ များမြတ်သည့် ဗိုလ်ပါအင်အားရှိသော သုဂန္ဓမည်သော စကြဝတေးမင်းသည် ဖြစ်ခဲ့ဘူး၏။

၄၀။ လေးပါးသော ပဋိသမ္ဘိဒါတို့ကိုရှင်း ရှစ်ပါးသော ဤဝိမောက္ခတို့ကိုရှင်း ခြောက်ပါးသော အဘိညာဉ်တို့ကိုရှင်း မျက်မှောက်ပြုအပ်ပါကုန်ပြီ၊ မြတ်စွာဘုရား၏ အဆုံးအမတော်ကို လိုက်နာကျင့်သုံးပြီးပါပြီ။

ဤသို့လျှင် အသျှင်ဂန္ဓောဒကိယမထေရ်သည် ဤဂါထာတို့ကို မိန့်ဆိုတော်မူ၏။

လေးခုမြောက် ဂန္ဓောဒကိယတ္ထေရအပဒါန် ပြီး၏။

---

## ၅-သမ္ဗုခါထဝိကတ္ထေရအပဒါန်

၄၁။ ဝိပဿီဘုရားအလောင်းသည် ဖွားမြင်လတ်သော် လောက၌ မြတ်စွာဘုရား ပွင့်လတ္တံ့၊ လူအပေါင်းကိုလည်း ငြိမ်းအေးစေလတ္တံ့ (ဟု) ငါသည် ဘုရားဖြစ်ကြောင်း နိမိတ်ကို ဖတ်ကြားပြောဆို၏။

http://www.dhammadownload.com



၄၂။ အကြင်မြတ်စွာဘုရားသည် ဖွားမြင်လတ်သော် တဆောင်းသော လောကဓာတ်သည် တုန်လှုပ်၏၊ လူနတ်တို့၏ ဆရာဖြစ်သော စကျွငါးပါးနှင့် ပြည့်စုံသော ထိုမြတ်စွာဘုရားသည် တရားတော်ကို ဟောလတ္တံ့။

၄၃။ အကြင်မြတ်စွာဘုရားသည် ဖွားမြင်လတ်သော် မြန်မြေ့ဘွာသော အလင်းရောင်သည် ဖြစ်၏၊ လူနတ်တို့၏ဆရာဖြစ်သော စကျွငါးပါးနှင့် ပြည့်စုံသော ထိုမြတ်စွာဘုရားသည် တရားတော်ကို ဟောလတ္တံ့။

၄၄။ အကြင်မြတ်စွာဘုရားသည် ဖွားမြင်လတ်သော် မြစ်တို့သည် မစီးကုန်၊ လူနတ်တို့၏ဆရာဖြစ်သော စကျွငါးပါးနှင့် ပြည့်စုံသော ထိုမြတ်စွာဘုရားသည် တရားတော်ကို ဟောလတ္တံ့။

၄၅။ အကြင်မြတ်စွာဘုရားသည် ဖွားမြင်လတ်သော် အဝီစိငရဲမီးသည်လည်း အလျှံမထွက် (ငြိမ်း၏)၊ လူနတ်တို့၏ဆရာဖြစ်သော စကျွငါးပါးနှင့်ပြည့်စုံသော ထိုမြတ်စွာဘုရားသည် တရားတော်ကို ဟောလတ္တံ့။

၄၆။ အကြင်မြတ်စွာဘုရားသည် ဖွားမြင်လတ်သော် ငှက်အပေါင်းသည် လှည့်လည်ပျံသွားခြင်းမရှိ၊ လူနတ်တို့၏ဆရာဖြစ်သော စကျွငါးပါးနှင့် ပြည့်စုံသော ထိုမြတ်စွာဘုရားသည် တရားတော်ကို ဟောလတ္တံ့။

၄၇။ အကြင်မြတ်စွာဘုရားသည် ဖွားမြင်လတ်သော် လေသည် မတိုက်ခတ်၊ လူနတ်တို့၏ ဆရာဖြစ်သော စကျွငါးပါးနှင့် ပြည့်စုံသော ထိုမြတ်စွာဘုရားသည် တရားတော်ကို ဟောလတ္တံ့။

၄၈။ အကြင်မြတ်စွာဘုရားသည် ဖွားမြင်လတ်သော် ခပ်သိမ်းသော ရတနာတို့သည် တောက်ပကုန်၏၊ လူနတ်တို့၏ဆရာဖြစ်သော စကျွငါးပါးနှင့်ပြည့်စုံသော ထိုမြတ်စွာဘုရားသည် တရားတော်ကို ဟောလတ္တံ့။

၄၉။ အကြင်မြတ်စွာဘုရားသည် ဖွားမြင်လတ်သော် ခုနစ်ဖဝါးလှမ်းကြွခြင်းတို့သည် ဖြစ်ကုန်၏၊ လူနတ်တို့၏ ဆရာဖြစ်သော စကျွငါးပါးနှင့် ပြည့်စုံသော ထိုမြတ်စွာဘုရားသည် တရားတော်ကို ဟောလတ္တံ့။

၅၀။ ဘုရားအလောင်းတော်သည် ဖွားပြီးကာစဖြစ်လျက်သာလျှင် ခပ်သိမ်းသော အရပ်တို့ကို ကြည့်ရှု၏၊ 'အဂ္ဂေါဟမသ္မိ'စသော မြတ်သောစကားကို မြွက်တော်မူ၏၊ ဤသို့ မြွက်တော်မူခြင်းသည် ဘုရားအလောင်းတော်တို့၏ သဘောဓမ္မတာတည်း။

၅၁။ ငါသည် လူအပေါင်းကို ထိတ်လန့်စေ၍ မြတ်စွာဘုရားဂုဏ်တော်ကို ချီးမွမ်းပြီးလျှင် မြတ်စွာဘုရားကို ရှိခိုး၍ အရှေ့အရပ်သို့ ရှေးရှုဖဲသွားခဲ့၏။

၅၂။ ဤဘဒ္ဒကမ္ဘာမှ ကိုးဆယ့်တကမ္ဘာထက်၌ မြတ်စွာဘုရားကို ချီးမွမ်းခဲ့သော အခါမှစ၍ အပါယ်လေးပါး လားရသည်ကို မသိစဖူးပေ၊ ဤသို့ဖြစ်ရခြင်းသည် ချီးမွမ်းခြင်း၏ အကျိုးပေတည်း။

http://www.dhammadownload.com



၅၃။ ဤဘဒ္ဒကမ္ဘာမှ ကမ္ဘာကိုးဆယ်ထက်၌ ရတနာခုနစ်ပါးနှင့် ပြည့်စုံသည် ဖြစ်၍ များမြတ်သည့် ဗိုလ်ပါအင်အားရှိသော သမ္မုခါထဝိကမည်သော စကြဝတေးမင်းသည် ဖြစ်ခဲ့ဘူး၏။

၅၄။ ဤဘဒ္ဒကမ္ဘာမှ ရှစ်ဆယ့်ကိုးကမ္ဘာထက်၌ ရတနာခုနစ်ပါးနှင့် ပြည့်စုံသည်ဖြစ်၍ များမြတ်သည့် ဗိုလ်ပါအင်အားရှိသော ပထဝီဒုန္ဒုဘိမည်သော စကြဝတေးမင်းသည် ဖြစ်ခဲ့ဘူး၏။

၅၅။ ဤဘဒ္ဒကမ္ဘာမှ ရှစ်ဆယ့်ရှစ်ကမ္ဘာထက်၌ ရတနာခုနစ်ပါးနှင့် ပြည့်စုံသည် ဖြစ်၍ များမြတ်သည့် ဗိုလ်ပါအင်အားရှိသော ဩဘာသမည်သော စကြဝတေးမင်းသည် ဖြစ်ခဲ့ဘူး၏။

၅၆။ ဤဘဒ္ဒကမ္ဘာမှ ရှစ်ဆယ့်ခုနစ်ကမ္ဘာထက်၌ ရတနာခုနစ်ပါးနှင့်ပြည့်စုံသည် ဖြစ်၍ များမြတ်သည့် ဗိုလ်ပါအင်အားရှိသော သရိတစ္ဆေဒနမည်သော စကြဝတေးမင်းသည် ဖြစ်ခဲ့ဘူး၏။

၅၇။ ရှစ်ဆယ့်ခြောက်ကမ္ဘာထက်၌ ရတနာခုနစ်ပါးနှင့်ပြည့်စုံသည်ဖြစ်၍ များမြတ်သည့် ဗိုလ်ပါအင်အားရှိသော အဂ္ဂိနိဗ္ဗာပနမည်သော စကြဝတေးမင်းသည် ဖြစ်ခဲ့ဘူး၏။

၅၈။ ရှစ်ဆယ့်ငါးကမ္ဘာထက်၌ ရတနာခုနစ်ပါးနှင့်ပြည့်စုံသည်ဖြစ်၍ များမြတ်သည့် ဗိုလ်ပါအင်အားရှိသော ဂတိပစ္ဆေဒနမည်သော စကြဝတေးမင်းသည် ဖြစ်ခဲ့ဘူး၏။

၅၉။ ရှစ်ဆယ့်လေးကမ္ဘာထက်၌ ရတနာခုနစ်ပါးနှင့် ပြည့်စုံသည်ဖြစ်၍ များမြတ်သည့် ဗိုလ်ပါအင်အားရှိသော ဝါတသမမည်သော စကြဝတေးမင်းသည် ဖြစ်ခဲ့ဘူး၏။

၆၀။ ရှစ်ဆယ့်သုံးကမ္ဘာထက်၌ ရတနာခုနစ်ပါးနှင့် ပြည့်စုံသည်ဖြစ်၍ များမြတ်သည့် ဗိုလ်ပါအင်အားရှိသော ရတနပဇ္ဇလမည်သော စကြဝတေးမင်းသည် ဖြစ်ခဲ့ဘူး၏။

၆၁။ ရှစ်ဆယ့်နှစ်ကမ္ဘာထက်၌ ရတနာခုနစ်ပါးနှင့် ပြည့်စုံသည်ဖြစ်၍ များမြတ်သည့် ဗိုလ်ပါအင်အားရှိသော ပဒဝိက္ကမနမည်သော စကြဝတေးမင်းသည် ဖြစ်ခဲ့ဘူး၏။

၆၂။ ရှစ်ဆယ့်တကမ္ဘာထက်၌ ရတနာခုနစ်ပါးနှင့် ပြည့်စုံသည်ဖြစ်၍ များမြတ်သည့် ဗိုလ်ပါအင်အားရှိသော ဝိလောကနမည်သော စကြဝတေးမင်းသည် ဖြစ်ခဲ့ဘူး၏။

၆၃။ ရှစ်ဆယ်သော ကမ္ဘာထက်၌ ရတနာခုနစ်ပါးနှင့် ပြည့်စုံသည်ဖြစ်၍ များမြတ်သည့် ဗိုလ်ပါအင်အားသော ဝိရသာရမည်သော စကြဝတေးမင်းသည် ဖြစ်ခဲ့ဘူး၏။

၆၄။ လေးပါးသော ပဋိသမ္ဘိဒါတို့ကိုရင်း ရှစ်ပါးသော ဤဝိမောက္ခတို့ကိုရင်း ခြောက်ပါးသော အဘိညာဉ်တို့ကိုရင်း မျက်မှောက်ပြုအပ်ပါကုန်ပြီ၊ မြတ်စွာဘုရား၏ အဆုံးအမတော်ကို လိုက်နာကျင့်သုံးပြီးပါပြီ။

ဤသို့လျှင် အသျှင်သမ္မုခါထဝိကမထေရ်သည် ဤဂါထာတို့ကို မိန့်ဆိုတော်မူ၏။

ငါးခုမြောက် သမ္မုခါထဝိကတ္ထေရအပဒါန် ပြီး၏။

http://www.dhammadownload.com



## ၆-ကုသုမာသနိယတ္ထေရအပဒါန်

၆၅-၆၆။ ဓညဝတီမြို့တော်၌ (ငါသည်) ပုဏ္ဏားဖြစ်၏၊ ထိုအခါ အဘိဓာန်ကျမ်း အလင်္ကာကျမ်းနှင့် တကွသော သာမုဒ္ဒိကလက္ခဏာကျမ်း၌၎င်း ဣတိဟာသကျမ်း၌၎င်း (လိမ္မာ၏)၊ ပုဒ်၌၎င်း ဗျာကရဏ်းကျမ်း၌၎င်း တတ်မြောက်၏၊ နိမိတ်အရာ၌ လိမ္မာ၏၊ ငါသည် ဗေဒင်သုံးပုံတို့ကို တဖက်ကမ်းရောက် တတ်မြောက်၍ ဗေဒင်တို့ကို တပည့်တို့အား ပို့ချ၏။

၆၇။ ငါသည် မိဖနှစ်ပါး အစုံအညီရောက်လာသောအခါ၌ ပူဇော်ဖွယ်ကို ပူဇော်လို၍ ကြာပန်းငါးစည်းတို့ကို အင်းပျဉ်၌ ထားအပ်ကုန်၏။

၆၈။ ထိုအခါ လူတို့ထက် မြတ်တော်မူသော ဝိပဿီမြတ်စွာဘုရားသည် ရဟန်း အပေါင်းခြံရံ၍ ခပ်သိမ်းသော အရပ်တို့ကို ထွန်းတောက်ပစေလျက် ကြွလာတော်မူ၏။

၆၉။ နေရာခင်းထားပြီးလျှင် မြတ်စွာဘုရားကို ပင့်ဖိတ်၍ ထိုပန်းဟို့ကို ဖြန့်ခင်းလျက် မိမိအိမ်သို့ ပင့်ဆောင်လေ၏။

၇၀။ ငါသည် မိမိအိမ်၌ ရှေးရှုတည်သော စားသောက်ဖွယ်ကို မြတ်စွာဘုရားအား ကြည်ညိုလှသည်ဖြစ်၍ မိမိလက်တို့ဖြင့် ပေးလှူခဲ့၏။

၇၁။ ဆွမ်းစားပြီးဖြစ်သောအခါကို သိ၍ ငါသည် ပန်းစည်းကို ပေးလှူ၏၊ မြတ်စွာ ဘုရားသည် ပန်းအနုမောဒနာ ပြုတော်မူ၍ မြောက်အရပ်သို့ ရှေးရှုကြွသွားတော်မူ၏။

၇၂။ ဤဘဒ္ဒကမ္ဘာမှ ကိုးဆယ့်တကမ္ဘာထက်၌ ပန်းစည်းလှူဒါန်းခဲ့ရသော အခါမှ စ၍ အပါယ်လေးပါး လားရသည်ကို မသိစဘူးပေ၊ ဤသို့ဖြစ်ရခြင်းသည် ပန်းလှူဒါန်း ရခြင်း၏ အကျိုးပေတည်း။

၇၃။ ဤဘဒ္ဒကမ္ဘာမှ အခြားမဲ့ ကမ္ဘာ၌ ရတနာခုနစ်ပါးနှင့် ပြည့်စုံသည်ဖြစ်၍ များမြတ်သည့် ဗိုလ်ပါအင်အားရှိသော ဝရဒဿနမည်သော စကြဝတေးမင်းဖြစ်ခဲ့ဘူး၏။

၇၄။ လေးပါးသော ပဋိသမ္ဘိဒါတို့ကို၎င်း ရှစ်ပါးသော ဤဝိမောက္ခတို့ကို၎င်း ခြောက် ပါးသော အဘိညာဉ်တို့ကို၎င်း မျက်မှောက်ပြုအပ်ပါကုန်ပြီ၊ မြတ်စွာဘုရား၏ အဆုံးအမ တော်ကို လိုက်နာကျင့်သုံးပြီးပါပြီ။

ဤသို့လျှင် အသျှင်ကုသုမာသနိယမထေရ်သည် ဤဂါထာတို့ကို မိန့်ဆိုတော်မူ၏၊

ခြောက်ခုမြောက် ကုသုမာသနိယတ္ထေရအပဒါန် ပြီး၏။

---

## ၇-ဖလဒါယကတ္ထေရအပဒါန်

၇၅။ ဗေဒင်ကို သရဇ္ဈာယ်တတ်သော ဗေဒင်ကို ဆောင်သော ဗေဒင်သုံးပုံတို့၌ တဖက်ကမ်းရောက် တတ်မြောက်သော ငါသည် ဟိမဝန္တာတောင်၏အနီး ဖြစ်သော သင်္ခမ်းကျောင်း၌ နေ၏။

http://www.dhammadownload.com



၇၆။ ငါ့အား မီးကို လုပ်ကျွေးပူဇော်ခြင်းသည်လည်း ရှိ၏၊ ငါသည် သရက်ဖြူသီးတို့ကို အိတ်၌ထည့်သွင်း၍ ထိုအိတ်ကို သစ်ပင်ဖျား၌ ဆွဲထားအပ်၏။

၇၇။ လောကကို သိတော်မူသည်ဖြစ်၍ ပူဇော်ဖွယ်ပစ္စည်းဝတ္ထုတို့ကို ခံတော်မူထိုက်သော ထိုပဒုမုတ္တရမြတ်စွာဘုရားသည် ငါ့ကို (သံသရာမှ) ထုတ်ဆောင်လိုသည်ဖြစ်၍ (ဆွမ်းခံလျက် ဆွမ်းစားခါနီးအချိန်၌) ငါ၏အထံသို့ ချဉ်းကပ်တော်မူ၏။

၇၈-၇၉။ ငါသည် ကြည်ညိုဝမ်းမြောက်သော စိတ်ရှိသည်ဖြစ်၍ သစ်သီးကို မြတ်စွာဘုရားအား ပေးလှူ၏၊ ငါ၏မျက်မှောက်ချမ်းသာကို ဆောင်တတ်သည်ဖြစ်၍ နှစ်သက်ခြင်းကို ဖြစ်စေတတ်သော လှူဖွယ်ပစ္စည်းဝတ္ထုတို့ကို ခံတော်မူထိုက်သော လူနတ်တို့၏ ဆရာဖြစ်တော်မူသော ရွှေအဆင်းနှင့်တူသော အဆင်းရှိသော မြတ်စွာဘုရားသည် ကောင်းကင်၌ ရပ်တည်လျက် ဤဆိုမည့်ဂါထာကို မိန့်တော်မူ၏ -

၈၀။ ဤသစ်သီး အလှူကြောင့်၎င်း စေတနာတောင့်တမှုတို့ကြောင့်၎င်း ကမ္ဘာတသိန်းတို့ပတ်လုံး အပါယ်လေးပါးသို့ မလားမရောက်ရလတ္တံ့ (ဟု ဤသို့ မိန့်တော်မူ၏)။

၈၁။ ထိုဖြူစင်သော ကုသိုလ်အကြောင်းရင်းကြောင့်သာလျှင် စည်းစိမ်တို့ကို ခံစား၍ အောင်ခြင်း ရှုံးခြင်းကို ပယ်စွန့်ပြီးလျှင် တုန်လှုပ်ခြင်းမရှိသော နိဗ္ဗာန်သို့ ရောက်ရ၏။

၈၂။ ဤဘဒ္ဒကမ္ဘာမှ ကမ္ဘာခုနစ်ရာထက်၌ ရတနာခုနပ်ပါးနှင့် ပြည့်စုံသည်ဖြစ်၍ များမြတ်သည့် ဗိုလ်ပါအင်အားရှိသော သုမင်္ဂလစကြဝတေးမင်းသည် ဖြစ်ခဲ့ဘူး၏။

၈၃။ လေးပါးသော ပဋိသမ္ဘိဒါတို့ကို၎င်း ရှစ်ပါးသော ဤဝိမောက္ခတို့ကို၎င်း ခြောက်ပါးသော အဘိညာဉ်တို့ကို၎င်း မျက်မှောက်ပြုအပ်ပါကုန်ပြီ၊ မြတ်စွာဘုရား၏ အဆုံးအမတော်ကို လိုက်နာကျင့်သုံးပြီးပါပြီ။

ဤသို့လျှင် အသျှင်ဖလဒါယကမထေရ်သည် ဤဂါထာတို့ကို မိန့်ဆိုတော်မူ၏။

ခုနစ်ခုမြောက် ဖလဒါယကတ္ထေရအပဒါန် ပြီး၏။

## ၈-ဥဒာနသညိကတ္ထေရအပဒါန်

၈၄။ ငါသည် ဟိမဝန္တာတောင်ကြား၌ နေ၏၊ (ထိုအခါ) တင့်တယ်သောသံကို ကြားရ၍ မြတ်စွာဘုရားကို အစဉ်အောက်မေ့၏။

၈၅။ ဉာဏ်တော်၌ နှိုင်းယှဉ်ထောက်ထားစရာ ဥပမာသည် မရှိပေ၊ မြတ်စွာဘုရားအား ပြုပြင်ခြင်းသည်လည်း မရှိပေ၊ ခပ်သိမ်းသော တရားကို အထူးသိတော်မူ၍ အရဟတ္တမဂ်ဉာဏ်တော်ဖြင့် (ကိလေသာမှ) လွတ်တော်မူ၏။

၈၆။ ယောကျ်ားမြတ်အာဇာနည် ဖြစ်တော်မူသော မြတ်စွာဘုရား အရှင်ဘုရားအား ရှိခိုးပါ၏၊ ယောကျ်ားမြတ် ဖြစ်တော်မူသော မြတ်စွာဘုရား အရှင်ဘုရားအား ရှိခိုးပါ၏၊ ဉာဏ်တော်နှင့် တူသော တရားသည် မရှိ။

http://www.dhammadownload.com



၈၇။ ငါသည် ဉာဏ်တော်၌ စိတ်ကို ကြည်ညိုစေ၍ ကမ္ဘာပတ်လုံး နတ်ပြည်၌ မွေ့လျော်ရ၏၊ ကြွင်းသော ကမ္ဘာတို့၌ ငါသည် ကုသိုလ်ကို ပြုကျင့်အပ်၏။

၈၈။ ဤဘဒ္ဒကမ္ဘာမှ ကိုးဆယ့်တကမ္ဘာထက်၌ ဘုရားဟူသော အမှတ်သညာကို ရသော အခါမှစ၍ အပါယ်လေးပါး လားရသည်ကို မသိစဘူးပေ၊ ဤသို့ဖြစ်ရခြင်းသည် ဉာဏ်တော်၌ အမှတ်သညာရခြင်း၏ အကျိုးပေတည်း။

၈၉။ ဤဘဒ္ဒကမ္ဘာမှ ကမ္ဘာခုနစ်ဆယ်ထက်၌ ရတနာခုနစ်ပါးနှင့်ပြည့်စုံသည်ဖြစ်၍ များ မြတ်သည့် ဗိုလ်ပါအင်အားရှိသော ပုလိနပုပ္ဖိယစကြဝတေးမင်း တကြိမ်ဖြစ်ဘူး၏။

၉၀။ လေးပါးသော ပဋိသမ္ဘိဒါတို့ကိုရင်း ရှစ်ပါးသော ဤဝိမောက္ခတို့ကိုရင်း ခြောက်ပါး သော အဘိညာဉ်တို့ကိုရင်း မျက်မှောက်ပြုအပ်ပါကုန်ပြီ၊မြတ်စွာဘုရား၏ အဆုံးအမတော်ကို လိုက်နာ ကျင့်သုံးပြီးပါပြီ။

ဤသို့လျှင် အသျှင်ဉာဏသညိကမထေရ်သည် ဤဂါထာတို့ကို မိန့်ဆိုတော်မူ၏။

ရှစ်ခုမြောက် ဉာဏသညိကတ္ထေရအပဒါန် ပြီး၏။

---

## ၉-ဂဏ္ဌိပုပ္ဖိယတ္ထေရအပဒါန်

၉၁။ ရွှေအဆင်းနှင့်တူသော အဆင်းရှိတော်မူသော မြတ်သောအလှူကို ခံတော်မူထိုက်သော ဝိပဿီမြတ်စွာဘုရားသည် တပည့်တို့ဖြင့် ခြံရံလျက် ကျောင်းအရံမှ ထွက်တော်မူ၏။

၉၂။ ငါသည် အလုံးစုံသော တရားကို သိတော်မူသည်ဖြစ်၍ အမိုက်တိုက်ကို ပယ်ဖျောက် တော်မူသော မြတ်စွာဘုရားကို ဖူးမြင်ရသောကြောင့် ကြည်ညိုဝမ်းမြောက်သော စိတ်ရှိသည် ဖြစ်လျက် ညဉ့်မွှေးပန်းကို ကြွတော်မူသော ခရီးလမ်း၌ ကြဲဖြန့်ပူဇော်၏။

၉၃။ အခြေနှစ်ချောင်းရှိသူ နတ်လူတို့ကို အစိုးရသည်ဖြစ်၍ တာဒိဂုဏ်နှင့်ပြည့်စုံတော်မူ သော မြတ်စွာဘုရားအား ထိုပန်းပူဇော်ရသော စိတ်၏ကြည်လင်မှုကြောင့် ရှင်လန်းသော ငါသည် ရှင်လန်းသောစိတ်ဖြင့် မြတ်စွာဘုရားကို တဖန်ရှိခိုး၏။

၉၄။ ဤဘဒ္ဒကမ္ဘာမှ ကိုးဆယ့်တကမ္ဘာထက်၌ ပန်းကို တင်လှူပူဇော်ခဲ့ရသောအခါမှစ၍ အပါယ်လေးပါး လားရသည်ကို မသိစဘူးပေ၊ ဤသို့ဖြစ်ရခြင်းသည် ဘုရားအား ပန်းပူဇော်ရ ခြင်း၏ အကျိုးပေတည်း။

၉၅။ ဤဘဒ္ဒကမ္ဘာမှ လေးဆယ့်တကမ္ဘာထက်၌ ရတနာခုနစ်ပါးနှင့် ပြည့်စုံသည်ဖြစ်၍ များမြတ်သည့် ဗိုလ်ပါအင်အားရှိသော စရဏမည်သော စကြဝတေးမင်းဖြစ်ခဲ့ဘူး၏။

၉၆။ လေးပါးသော ပဋိသမ္ဘိဒါတို့ကိုရင်း ရှစ်ပါးသော ဤဝိမောက္ခတို့ကိုရင်း ခြောက်ပါး သော အဘိညာဉ်တို့ကိုရင်း မျက်မှောက်ပြုအပ်ပါကုန်ပြီ၊ မြတ်စွာဘုရား၏ အဆုံးအမတော်ကို လိုက်နာကျင့်သုံးပြီးပါပြီ။

ဤသို့လျှင် အသျှင်ဂဏ္ဌိပုပ္ဖိယမထေရ်သည် ဤဂါထာတို့ကို မိန့်ဆိုတော်မူ၏။

ကိုးခုမြောက် ဂဏ္ဌိပုပ္ဖိယတ္ထေရအပဒါန် ပြီး၏။

http://www.dhammadownload.com



## ၁၀-ပဒုမပုဏ္ဍကတ္ထေရအပဒါန်

၉၇။ ဟိမဝန္တာတောင်၏အနီး အမျိုးမျိုးသော သစ်ပင်တို့ဖြင့် ဖုံးလွှမ်းသည်ဖြစ်၍ များစွာသော နဂါးအပေါင်းတို့၏နေရာဖြစ်သော ဂေါတမမည်သောတောင်သည် ရှိ၏။

၉၈။ ထိုတောင်၏အလယ်၌ ဖန်ဆင်းထားသော သခ်မ်းကျောင်းသည်လည်း ရှိ၏၊ ငါသည် မိမိတပည့်တို့ဖြင့် ခြံရံလျက် ထိုသခ်မ်းကျောင်း၌ နေ၏။

၉၉။ ငါ၏ တပည့်အပေါင်းတို့ လာကြကုန်လော့၊ ငါ၏ထံသို့ ပဒုမာကြာကို ဆောင်ခဲ့ကြကုန်လော့၊ အခြေနှစ်ချောင်းရှိသူ လူနတ်တို့ကို အစိုးရသည်ဖြစ်၍ တာဒိဂုဏ်နှင့်ပြည့်စုံတော်မူသော မြတ်စွာဘုရားအား ငါသည် ပန်းပူဇော်ခြင်းကို ပြုအံ့။

၁၀၀။ ထိုတပည့်တို့သည် ကောင်းပြီဟု ဝန်ခံလျက် ငါ၏ထံသို့ ပဒုမာကြာကို ဆောင်ကုန်၏၊ ငါသည် ထိုအခြင်းအရာဖြင့် အမှတ်အသားပြု၍ ဘုရားရှင်အား တင်လှူပူဇော်၏။

၁၀၁။ ထိုအခါ တပည့်တို့ကို စည်းဝေးစေ၍ ငါသည် ကောင်းစွာဆုံးမ၏၊ သင်တို့သည် မမေ့လျော့ကုန်လင့်၊ မမေ့လျော့ခြင်းသည် ချမ်းသာကို ဆောင်တတ်၏။

၁၀၂။ ဆုံးမခြင်းငှါ လျော်သော ထိုတပည့်တို့ကို ဤသို့ ကောင်းစွာဆုံးမ၍ မမေ့လျော့ခြင်း၏ ဂုဏ်ကျေးဇူး၌ ယှဉ်လျက် ငါသည် ထိုအခါ သေလွန်ခဲ့၏။

၁၀၃။ ဤဘဒ္ဒကမ္ဘာမှ ကိုးဆယ့်တကမ္ဘာထက်၌ ပန်းကို တင်လှူပူဇော်ခဲ့ရသောအခါမှစ၍ အပါယ်လေးပါး လားရသည်ကို မသိစဘူးပေ၊ ဤသို့ဖြစ်ရခြင်းသည် ဘုရားကို ပန်းပူဇော်ရခြင်း၏ အကျိုးပေတည်း။

၁၀၄။ ငါးဆယ့်တကမ္ဘာထက်၌ ရတနာခုနစ်ပါးနှင့် ပြည့်စုံသည်ဖြစ်၍ များမြတ်သည့် ဗိုလ်ပါအင်အားရှိသော ဇလုတ္တမမည်သော စကြဝတေးမင်းသည် ဖြစ်ခဲ့ဘူး၏။

၁၀၅။ လေးပါးသော ပဋိသမ္ဘိဒါတို့ကိုရင်း ရှစ်ပါးသော ဤဝိမောက္ခတို့ကိုရင်း ခြောက်ပါးသော အဘိညာဉ်တို့ကိုရင်း မျက်မှောက်ပြုအပ်ကုန်ပါပြီ၊ မြတ်စွာဘုရား၏ အဆုံးအမတော်ကို လိုက်နာကျင့်သုံးပြီးပါပြီ။

ဤသို့လျှင် အသျှင်ပဒုမပုဏ္ဍကမထေရ်သည် ဤဂါထာတို့ကို မိန့်ဆိုတော်မူ၏။

ဆယ်ခုမြောက် ပဒုမပုဏ္ဍကတ္ထေရအပဒါန် ပြီး၏။

**တဆယ့်သုံးခုမြောက် သေရေယျဝဂ် ပြီး၏။**

http://www.dhammadownload.com

# ၁၄—သောဘိတဝဂ်

## ၁-သောဘိတတ္ထေရအပဒါန်

၁။ လူတို့၏ အကြီးအမှူးဖြစ်၍ လူတို့ထက်မြတ်သော ပဒုမုတ္တရမြတ်စွာဘုရားသည် များစွာသော လူအပေါင်းအား အမြိုက်နိဗ္ဗာန်ကို ဟောတော်မူ၏။

၂။ ထိုအခါ ငါသည် ထိုမြတ်စွာဘုရား ဟောကြားတော်မူသော မြတ်သော တရားစကားတော်ကို ကြားနာရ၍ လက်အုပ်ချီပြီးလျှင် တည်ကြည်သော စိတ်ရှိသည်ဖြစ်၍ နေ၏။

၃။ သမုဒ္ဒရာသည် မြစ်တကာတို့ထက် မြတ်သကဲ့သို့ မြင့်မိုရ်တောင်သည် တောင်တကာတို့ထက် မြတ်သကဲ့သို့ ထို့အတူသာလျှင် စိတ်နှင့်စပ်၍ဖြစ်သမျှသတ္တဝါတို့သည် သဗ္ဗညုတဉာဏ်တော်၏ ရာထောင်စိတ် တစိတ်ကိုမျှ မမှီနိုင်ကုန်။

၄။ မဟာကရုဏာရှိတော်မူသော သစ္စာလေးပါးကို သိတော်မူသော မြတ်စွာဘုရားသည် တရားဟောခြင်း အစီအရင်ကို ရပ်နားထား၍ ရဟန်းသံဃာအလယ်၌ ထိုင်နေတော်မူပြီးလျှင် ဤဆိုမည့် ဂါထာတို့ကို မိန့်တော်မူ၏—

၅။ အကြင်သူသည် လူတို့၏ ရှေ့သွား မြတ်စွာဘုရား၌ ဉာဏ်တော်ကို ချီးမွမ်း၏၊ ထိုသူသည် ကမ္ဘာတသိန်းပတ်လုံး အပါယ်လေးပါးသို့ မလားရလတ္တံ့။

၆။ ကိလေသာတို့ကို လောင်ကျွမ်းစေ၍ တခုတည်းသော အာရုံရှိသည့် တည်ကြည်သော စိတ်ရှိသည်ဖြစ်လျက် အမည်အားဖြင့် သောဘိတဟု ထင်ရှားသော ဘုရား၏ တပည့်သာဝကသည် ဖြစ်လတ္တံ့ (ဟု မိန့်တော်မူ၏)။

၇။ ကမ္ဘာငါးသောင်းထက်၌ ရတနာခုနစ်ပါးနှင့် ပြည့်စုံသည်ဖြစ်၍ များမြတ်သည့် ဗိုလ်ပါအင်အားရှိသော ယသုဂ္ဂတမည်သော စကြဝတေးမင်းတို့သည် ခုနစ်ကြိမ် ဖြစ်ဘူးကုန်၏။

၈။ ငါသည် ကိလေသာတို့ကို ရှို့မြိုက်လောင်ကျွမ်းစေအပ်ကုန်ပြီ၊ ခပ်သိမ်းကုန်သော ဘဝတို့ကို ပယ်နုတ်အပ်ကုန်ပြီ၊ သုံးပါးသော ဝိဇ္ဇာတို့သို့ ရောက်အပ်ကုန်ပြီ၊ မြတ်စွာဘုရား၏ အဆုံးအမတော်ကို လိုက်နာကျင့်သုံးပြီးပါပြီ။

၉။ လေးပါးသော ပဋိသမ္ဘိဒါတို့ကိုလည်း ရှစ်ပါးသော ဤဝိမောက္ခတို့ကိုလည်း ခြောက်ပါးသော အဘိညာဉ်တို့ကိုလည်း မျက်မှောက်ပြုအပ်ပါကုန်ပြီ၊ မြတ်စွာဘုရား၏ အဆုံးအမတော်ကို လိုက်နာကျင့်သုံးပြီးပါပြီ။

ဤသို့လျှင် အသျှင်သောဘိတမထေရ်သည် ဤဂါထာတို့ကို မိန့်ဆိုတော်မူ၏။

ရှေးဦးစွာသော သောဘိတတ္ထေရအပဒါန် ပြီး၏။

http://www.dhammadownload.com



## ၂-သုဒဿနတ္ထေရအပဒါန်

၁၀။ ဝိနတာမြစ်၏ ကမ်းနား၌ အသီး သီးသော ညောင်ကြတ်ပင်သည် ရှိ၏၊ ငါသည် ထို သစ်ပင်ကို ရှာဖွေနေစဉ် သိဒ္ဓိမြတ်စွာဘုရားကို ဖူးမြင်ရ၏။

၁၁။ ထိုအခါ ငါသည် ပွင့်သော ဆတ်သွားပန်းကို မြင်၍ ပွင့်ညှာကို ဖြတ်ပြီးလျှင် လောက ၏ အဆွေဖြစ်တော်မူသော သိဒ္ဓိမြတ်စွာဘုရားအား ကပ်လှူ၍ ပူဇော်၏။

၁၂။ ဘုရားမြတ်ဖြစ်တော်မူသော မြတ်စွာဘုရား အရှင်ဘုရားသည် အကြွင်း မဲ့ဉာဏ်ဖြင့် ချွေလျော့ခြင်းမရှိသော အမြိုက်နိဗ္ဗာန်သို့ ရောက်တော်မူပါ၏၊ ထိုမင်္ဂဉာဏ်တော်ကို ပူဇော် ပါ၏။

၁၃။ ဉာဏ်တော်၌ ပူဇော်ခြင်းကို ပြုပြီးသော် ငါသည် ညောင်ကြတ်ပင်ကို မြင်ရလေ၏၊ ထိုကောင်းမှု၏ အကျိုးဖြစ်သော ဉာဏ်ကို ရပြီးသူ ဖြစ်၏၊ ဤသို့ ဖြစ်ရခြင်းသည် ဉာဏ်တော် ကို ပူဇော်ရခြင်း၏ အကျိုးပေတည်း။

၁၄။ ဤဘဒ္ဒကမ္ဘာမှ သုံးဆယ့်တကမ္ဘာထက်၌ ပန်းကို တင်လှူ၍ ပူဇော်ခဲ့သော အခါမှ စ၍ အပါယ်လေးပါး လားရသည်ကို မသိစဘူးပေ၊ ဤသို့ဖြစ်ရခြင်းသည် ဉာဏ်တော် ပူဇော် ရခြင်း၏ အကျိုးပေတည်း။

၁၅။ ဤဘဒ္ဒကမ္ဘာမှ တဆယ့်သုံးကမ္ဘာထက်၌ ရတနာခုနစ်ပါးနှင့် ပြည့်စုံသည်ဖြစ်၍ များမြတ်သည့် ဗိုလ်ပါအင်အားရှိသော ဖလုဂ္ဂတအမည်ရှိကုန်သော စကြဝတေးမင်းတို့သည် တဆယ့်နှစ်ကြိမ် ဖြစ်ခဲ့ဘူးကုန်၏။

၁၆။ လေးပါးသော ပဋိသမ္ဘိဒါတို့ကိုလည်း ရှစ်ပါးသော ဤဝိမောက္ခတို့ကိုလည်း ခြောက် ပါးသော အဘိညာဉ်တို့ကိုလည်း မျက်မှောက်ပြုအပ်ပါကုန်ပြီ၊ မြတ်စွာဘုရား၏ အဆုံးအမတော် ကို လိုက်နာကျင့်သုံးပြီးပါပြီ။

ဤသို့လျှင် အသျှင်သုဒဿနမထေရ်သည် ဤဂါထာတို့ကို မိန့်ဆိုတော်မူ၏။

နှစ်ခုမြောက် သုဒဿနတ္ထေရအပဒါန် ပြီး၏။

---

## ၃-စန္ဒနပူဇနကတ္ထေရအပဒါန်

၁၇။ ထိုအခါ၌ ငါသည် စန္ဒဘာဂါမြစ်၏ကမ်းနား၌ ကိန္နရာဖြစ်၏၊ ငါသည် ပန်းသာလျှင် အစာ အာဟာရ ရှိ၏၊ ထို့အတူ ပန်းသာလျှင် အဝတ် အစုံ ရှိ၏။

၁၈။ (ထိုအခါ) လောက၏ အကြီးအမှူးဖြစ်၍ လူတို့ထက် မြတ်တော်မူသော အတ္ထဒဿီ မြတ်စွာဘုရားသည် ကောင်းကင်၌ ပျံသွားသော ဟင်္သာမင်းကဲ့သို့ တောအုပ်ထိပ်ဖျား၌ ကြွသွားတော်မူ၏။

http://www.dhammadownload.com



၁၉။ ယောကျ်ားမြတ်အာဇာနည်ဖြစ်တော်မူသော မြတ်စွာဘုရား အရှင်ဘုရားအား ရှိခိုးပါ၏၊ အရှင်ဘုရားသည် စိတ်ကို ကောင်းစွာ သုတ်သင်တတ်၏၊ ကြည်လင်သော မျက်နှာအဆင်းရှိတော်မူ၏၊ အထူးသဖြင့် ကြည်လင်သော မျက်နှာတွင်ကြွေတော် ရှိ၏။

၂၀။ မြေကြီးကဲ့သို့ ကြီးမားသောပညာ ကောင်းသောပညာ ရှိတော်မူသော မြတ်စွာဘုရားသည် ကောင်းကင်မှ ဆင်းသက်တော်မူ၍ ဒုကုဋ်သင်္ကန်းတော်ကို ဖြန့်ခင်းတော်မူပြီးလျှင် ထက်ဝယ်ဖွဲ့ခွေ ထိုင်နေတော်မူ၏။

၂၁။ ငါသည် ညက်ညောသော စန္ဒကူးကို ယူ၍ မြတ်စွာဘုရားထံသို့ သွား၏၊ ကြည်ညိုဝမ်းမြောက်သော စိတ်ရှိသည်ဖြစ်၍ မြတ်စွာဘုရားအား တင်လှူ ပူဇော်၏။

၂၂။ ငါသည် လောက၏ အကြီးအမှူးဖြစ်၍ လူတို့ထက် မြတ်တော်မူသော မြတ်စွာဘုရားကို အလွန်ရှိသေစွာ ရှိခိုးပြီး၍ ဝမ်းမြောက်ခြင်းကို ဖြစ်စေပြီးလျှင် မြောက်အရပ်သို့ ရှေးရှု ဖဲသွားခဲ့၏။

၂၃။ ကမ္ဘာတထောင့်ရှစ်ရာထက်၌ စန္ဒကူးကို ပူဇော်ခဲ့သော ငါသည် ထိုအခါမှစ၍ အပါယ်လေးပါး လားရသည်ကို မသိစဘူးပေ၊ ဤသို့ ဖြစ်ရခြင်းသည် မြတ်စွာဘုရားအား စန္ဒကူး ပူဇော်ရခြင်း၏ အကျိုးပေတည်း။

၂၄။ ဤဘဒ္ဒကမ္ဘာမှ တထောင့်လေးရာကမ္ဘာထက်၌ ခွန်အား ကြီးမားကုန်သော များမြတ်သည့် ဗိုလ်ပါအင်အားရှိသော အမည်အားဖြင့် ရောဟဏီဟု ထင်ရှားကုန်သော ထိုနကြဝတေးမင်းဘို့သည် သုံးကြိမ် ဖြစ်ခဲ့ဘူးကုန်၏။

၂၅။ လေးပါးသော ပဋိသမ္ဘိဒါတို့ကိုလည်း ရှစ်ပါးသော ဝိမောက္ခတို့ကိုလည်း ခြောက်ပါးသော အဘိညာဉ်တို့ကိုလည်း မျက်မှောက်ပြုအပ်ပါကုန်ပြီ၊ မြတ်စွာဘုရား၏ အဆုံးအမတော်ကို လိုက်နာကျင့်သုံးပြီးပါပြီ။

ဤသို့လျှင် အသျှင်စန္ဒနပူဇနကမထေရ်သည် ဤဂါထာတို့ကို မိန့်ဆိုတော်မူ၏။

သုံးခုမြောက် စန္ဒနပူဇနကတ္ထေရအပဒါန် ပြီး၏။

အဋ္ဌမဘာဏဝါရ ပြီး၏။

---

## ၄-ပုပ္ဖစ္ဆဒနိယတ္ထေရအပဒါန်

၂၆။ ဗေဒင်သုံးပုံ၌ တဖက်ကမ်းရောက် တတ်မြောက်သော ဗေဒင်သုံးပုံကို သရဇ္ဈာယ်တတ်သော အလှူခံစားတတ်သော အမည်အားဖြင့် သုနန္ဒဟု ထင်ရှားသော ပုဏ္ဏားသည် ဝါဇပေယျယဇ်ကို ပူဇော်၏။

၂၇။ ထိုအခါ လောကကိုသိတော်မူသည်ဖြစ်၍ လောကထက်မြတ်တော်မူသော မဟာကရုဏာတော် ရှိတော်မူသော ပဒုမုတ္တရမြတ်စွာဘုရားသည် လူအပေါင်းကို အစဉ်သနားသည်ဖြစ်၍ ကောင်းကင်၌ စကြံ သွားတော်မူ၏။

http://www.dhammadownload.com



၂၈။ တရားအလုံးစုံကို သိတော်မူသည်ဖြစ်၍ လူတို့၏ ရွေသွားဖြစ်သော ကိလေသာဥပဓိ မရှိသော ပဒုမုတ္တရမြတ်စွာဘုရားသည် စကြံ ကြွတော်မူ၍ မရေတွက်နိုင်သော သတ္တဝါတို့ကို မေတ္တာဖြင့် ပြန့်နှံ့စေတော်မူ၏။

၂၉။ ဗေဒင်အရာ၌ တဖက်ကမ်းရောက် တတ်မြောက်သော ပုဏ္ဏားသည် ပွင့်ညှာ၌ ပန်းတို့ကို ဖြတ်ခူးပြီးလျှင် တပည့်အားလုံးတို့ကို တပေါင်းတည်း စုရုံးစေ၍ ကောင်းကင်၌ ပစ်တင် ကြဲမြောက်စေ၏။

၃၀။ ထိုအခါ မြို့ကျယ်ဝန်းသလောက်(အလုံးစုံ)ပန်း(အတိပြီးသော)အမိုးသည် ဖြစ်၏၊ မြတ်စွာဘုရား၏ တန်ခိုးတော်ကြောင့် ခုနစ်ရက်ပတ်လုံး ပန်းအမိုးသည် မညှိုးနွမ်း မပျက်စီး။

၃၁။ ထိုပန်းပူဇော်ခဲ့သော ဖြူစင်သော ကုသိုလ်အကြောင်းရင်းကြောင့်သာလျှင် စည်းစိမ်ချမ်းသာတို့ကို ခံစား၍ အာသဝတရားအလုံးစုံကို ပိုင်းခြားသိပြီးလျှင် လောက၌ တဏှာကို လွန်မြောက်၏။

၃၂။ (ဤဘဒ္ဒကမ္ဘာမှ)တရာ့တဆယ့်တကမ္ဘာထက်၌ ခွန်အားကြီးမားကုန်သော အမ္ဗရံသဟု တူသော အမည်ရှိကုန်သော ထိုစကြဝတေးမင်းတို့သည် သုံးဆယ့်ငါးကြိမ် ဖြစ်ခဲ့ဘူးကုန်၏။

၃၃။ လေးပါးသော ပဋိသမ္ဘိဒါတို့ကိုရင်း ရှစ်ပါးသော ဤဝိမောက္ခတို့ကိုရင်း ခြောက်ပါးသော အဘိညာဉ်တို့ကိုရင်း မျက်မှောက်ပြုအပ်ပါကုန်ပြီ၊ မြတ်စွာဘုရား၏ အဆုံးအမတော်ကို လိုက်နာကျင့်သုံးပြီးပါပြီ။

ဤသို့လျှင် အသျှင်ပုပ္ဖစ္ဆဒနိယမထေရ်သည် ဤဂါထာတို့ကို မိန့်ဆိုတော်မူ၏။

လေးခုမြောက် ပုပ္ဖစ္ဆဒနိယတ္ထေရအပဒါန် ပြီး၏။

---

## ၅-ရဟောသညကတ္ထေရအပဒါန်

၃၄။ ဟိမဝန္တာတောင်၏ အနီး၌ ဝသဘမည်သောတောင်သည် ရှိ၏၊ ထိုဝသဘတောင်ခြေ၌ ဖန်ဆင်းထားသော သခ်မ်းကျောင်းသည် ရှိ၏။

၃၅။ ထိုအခါ ငါသည် တပည့်ဖြစ်သော ပုဏ္ဏားသုံးထောင်တို့ကို ဗေဒင် ပို့ချ၏၊ ထိုတပည့် သုံးထောင်တို့ကို စွန့်ပယ်ပြီးလျှင် သင့်တင့်ရာသို့ ဝင်ရောက်၏။

၃၆။ ဗေဒင်အရာ၌ တဖက်ကမ်းရောက် တတ်မြောက်သော ပုဏ္ဏားသည် သင့်တင့်ရာ၌ ထိုင်နေပြီးသော် ဗုဒ္ဓဗေဒင်ကို ရှာမှီးလျက် အသိဉာဏ်၌ စိတ်ကို ကြည်လင်စေ၏။

၃၇။ ထိုဉာဏ်တော်၌ စိတ်ကို ကြည်လင်စေပြီးလျှင် သစ်ရွက်အခင်း၌ ထိုင်နေ၏၊ ထိုငါသည် နေရာ၌ပင် ထက်ဝယ်ဖွဲ့ခွေလျက် သေခဲ့၏။

၃၈။ ဤဘဒ္ဒကမ္ဘာမှ သုံးဆယ့်တကမ္ဘာထက်၌ ဉာဏ်တော်၌ အမှတ်သညာကို ရသော အခါမှစ၍ အပါယ်လေးပါး လားရသည်ကို မသိစဘူးပေ၊ ဤသို့ဖြစ်ရခြင်းသည် ဉာဏ်တော်၌ အမှတ်ရခြင်း၏ အကျိုးပေတည်း။

http://www.dhammadownload.com



၃၉။ နှစ်ဆယ့်ခုနစ်ကမ္ဘာထက်၌ ရတနာခုနစ်ပါးနှင့် ပြည့်စုံသည်ဖြစ်၍ များစွာမြတ်သည့် မိုလ်ပါအင်အားရှိသော သိရိဓရမည်သော စကြဝတေးမင်း ဖြစ်ခဲ့ဘူး၏။

၄၀။ လေးပါးသော ပဋိသမ္ဘိဒါတို့ကိုလည်းကောင်း ရှစ်ပါးသော ဤဝိမောက္ခတို့ကိုလည်းကောင်း ခြောက်ပါးသော အဘိညာဉ်တို့ကိုလည်းကောင်း မျက်မှောက်ပြုအပ်ပါကုန်ပြီ၊ မြတ်စွာဘုရား၏ အဆုံးအမတော်ကို လိုက်နာကျင့်သုံးပြီးပါပြီ။

ဤသို့လျှင် အသျှင်ရဟောသညကမထေရ်သည် ဤဂါထာတို့ကို မိန့်ဆိုတော်မူ၏။

ငါးခုမြောက် ရဟောသညကတ္ထေရအပဒါန် ပြီး၏။

## ၆-စမ္ပကပုပ္ဖိယတ္ထေရအပဒါန်

၄၁။ မဟာလှေကားပန်းပွင့်ကဲ့သို့ တောက်ပလျက် သောက်ရှုးကြယ်ကဲ့သို့ အရပ်မျက်နှာ အားလုံးတို့ကို တောက်ပစေသည် ဖြစ်၍ တောင်ကြား၌ ထိုင်နေတော်မူသော မြတ်စွာဘုရားကို ဖူးမြင်ရ၏။

၄၂။ မိမိအတတ်၌ ကောင်းစွာ သင်အပ်ကုန်ပြီးသော လုလင်သုံးယောက်တို့သည် ဖြစ်ကုန်၏၊ (ထိုတပည့်တို့သည်) ပရိက္ခာရဝန်ကို ယူပြီးလျှင် ငါ၏နောက်မှ အစဉ်လိုက်ကုန်၏။

၄၃။ ရသေ့ဖြစ်သော ငါသည် ပရိက္ခာရအိတ်၌ ပန်းခုနစ်ပွင့်တို့ကို ထားအပ်ကုန်၏၊ ထိုပန်းတို့ကို ယူ၍ ဝေဿဘူ မြတ်စွာဘုရား၏ ဉာဏ်တော်၌ ရည်မှန်း ပူဇော်၏။

၄၄။ ဤဘဒ္ဒကမ္ဘာမှ သုံးဆယ့်တကမ္ဘာထက်၌ ပန်းကို တင်လှူပူဇော်ခဲ့ရသောအခါမှစ၍ အပါယ်လေးပါး လားရသည်ကို မသိစဖူးပေ၊ ဤသို့ဖြစ်ရခြင်းသည် ဉာဏ်တော်ကို ရည်မှန်း၍ ပူဇော်ရခြင်း၏ အကျိုးပေတည်း။

၄၅။ နှစ်ဆယ့်ကိုးကမ္ဘာထက်၌ ရတနာခုနစ်ပါးနှင့် ပြည့်စုံသည်ဖြစ်၍ များစွာမြတ်သည့် မိုလ်ပါအင်အားရှိသော ဝိပုလာဘအမည်ရှိသော စကြာမင်းဖြစ်ခဲ့ဘူး၏။

၄၆။ လေးပါးသော ပဋိသမ္ဘိဒါတို့ကိုလည်းကောင်း ရှစ်ပါးသော ဤဝိမောက္ခတို့ကိုလည်းကောင်း ခြောက်ပါးသော အဘိညာဉ်တို့ကိုလည်းကောင်း မျက်မှောက်ပြုအပ်ပါကုန်ပြီ၊ မြတ်စွာဘုရား၏ အဆုံးအမတော်ကို လိုက်နာကျင့်သုံးပြီးပါပြီ။

ဤသို့လျှင် အသျှင်စမ္ပကပုပ္ဖိယမထေရ်သည် ဤဂါထာတို့ကို မိန့်ဆိုတော်မူ၏။

ခြောက်ခုမြောက် စမ္ပကပုပ္ဖိယတ္ထေရအပဒါန် ပြီး၏။

## ၇-အတ္ထသန္ဒဿကတ္ထေရအပဒါန်

၄၇။ ကျယ်ပြန့်သော တန်ဆောင်းဝန်း၌ နေသော ငါသည် အာသဝကုန်ပြီးသည်ဖြစ်၍ အားတော်ဆယ်တန်သို့ ရောက်တော်မူသော ရဟန်းအပေါင်းခြံရံတော်မူသော မြတ်စွာဘုရားကို ဖူးမြင်ရ၏။

http://www.dhammadownload.com



၄၈။ ဝိဇ္ဇာသုံးပါး အဘိညာဉ်ခြောက်ပါး ရှိကုန်သော တန်ခိုးကြီးမားတော်မူကုန်သော ရဟန္တာတသိန်းတို့သည် မြတ်စွာဘုရားကို ခြံရံကြကုန်၏၊ ထိုမြတ်စွာဘုရားကို ဖူးမြင်ရသည် ရှိသော် အဘယ်ပုဂ္ဂိုလ်သည် မကြည်ညိုနိုင်ပဲ ရှိအံ့နည်း။

၄၉။ နတ်နှင့်တကွသော လောက၌ အကြင်မြတ်စွာဘုရား၏ ဉာဏ်တော်၌ နှိုင်းရှည့် ထောက်ထားစရာ ဥပမာသည် မရှိပေ၊ အဆုံးမရှိသော ဉာဏ်တော်ရှင် ဖြစ်တော်မူသော ထိုမြတ်စွာဘုရားကို ဖူးမြင်ရသည်ရှိသော် အဘယ်ပုဂ္ဂိုလ်သည် မကြည်ညိုနိုင်ပဲ ရှိအံ့နည်း။

၅၀။ ရတနာအလုံးစုံ၏ တည်ရာဖြစ်သော တရားအပေါင်းကိုလည်း ပြတော်မူတတ်သော မြတ်စွာဘုရားကို(လူနတ်တို့သည်)အထူးကြံစည်ခြင်းငှါ မတတ်နိုင်ကုန်၊(ထိုမြတ်စွာဘုရားကို) ဖူးမြင်ရသည် ရှိသော် အဘယ်သူသည် မကြည်ညိုနိုင်ပဲ ရှိအံ့နည်း။

၅၁။ နာရဒအမည်ရှိသော ပြေပြစ်သော ပုဏ္ဏားသည် ဤသုံးဂါထာတို့ဖြင့် မာရ်ငါးပါး သည် မအောင်အပ်သော ပဒုမုတ္တရမြတ်စွာဘုရားကို ချီးမွမ်း၍—

၅၂။ ထိုစိတ်၏ကြည်လင်ခြင်းကြောင့်၎င်း မြတ်စွာဘုရား၏ ဂုဏ်တော်ကို ချီးမွမ်းရခြင်း ကြောင့်၎င်း ငါသည် ကမ္ဘာတသိန်းပတ်လုံး အပါယ်လေးပါးသို့ မလားရပေ။

၅၃။ ဤဘဒ္ဒကမ္ဘာမှ ကမ္ဘာသုံးထောင်ထက်၌ ရတနာခုနစ်ပါးနှင့် ပြည့်စုံသည်ဖြစ်၍ များမြတ်သည့် ဗိုလ်ပါအင်အားရှိသော သုမိတ္တမည်သော စကြဝတေးမင်းဖြစ်ခဲ့ဘူး၏။

၅၄။ လေးပါးသော ပဋိသမ္ဘိဒါတို့ကို၎င်း ရှစ်ပါးသော ဤဝိမောက္ခတို့ကို၎င်း ခြောက်ပါး သော အဘိညာဉ်တို့ကို၎င်း မျက်မှောက်ပြုအပ်ပါကုန်ပြီ၊မြတ်စွာဘုရား၏ အဆုံးအမတော်ကို လိုက်နာကျင့်သုံးပြီးပါပြီ။

ဤသို့လျှင် အသျှင်အတ္ထသန္တဿကမထေရ်သည် ဤဂါထာတို့ကို မိန့်ဆိုတော်မူ၏။

ခုနစ်ခုမြောက် အတ္ထသန္တဿကတ္ထေရအပဒါန် ပြီး၏။

---

## ဂ-ကေပသာဒနိယတ္ထေရအပဒါန်

၅၅။ ငါ၏အမည်သည် နာရဒဖြစ်၏၊ ငါ့ကို ကေသဝဟူ၍လည်း အသိအမှတ်ပြုကြကုန်၏၊ ကုသိုလ်အကုသိုလ်ကို ရှာမှီးလျက် မြတ်စွာဘုရားအထံသို့ သွားရောက်ခဲ့၏။

၅၆။ မေတ္တာစိတ်ရှိတော်မူသော ကရုဏာရှင် ဖြစ်တော်မူသော စက္ခုငါးပါးရှိတော်မူသော ထိုအတ္ထဒဿီ မြတ်စွာဘုရားသည် သတ္တဝါတို့ကို ဝဋ်ဒုက္ခမှ သက်သာရာ ရစေတော်မူလျက် တရားကို ဟောတော်မူ၏။

၅၇။ ငါသည် မိမိ၏ ကုသိုလ်စိတ်ကို ကြည်လင်စေ၍ ဦးခေါင်း၌ လက်အုပ်ချီလျက် မြတ်စွာ ဘုရားကို ရှိခိုးပြီးလျှင် အရှေ့မျက်နှာသို့ ဖဲသွားခဲ့၏။

၅၈။ကမ္ဘာတထောင့် ခုနစ်ရာထက်၌ မြေကြီးကို အစိုးရသည်ဖြစ်၍ များမြတ်သည့်ဗိုလ်ပါ အင်အားရှိသော အမိတ္တတာပန မည်သော စကြဝတေးမင်းဖြစ်ခဲ့ဘူး၏။

http://www.dhammadownload.com



၅၉။ လေးပါးသော ပဋိသမ္ဘိဒါတို့ကိုလည်း ရှစ်ပါးသော ဤဝိမောက္ခတို့ကိုလည်း ခြောက်ပါးသော အဘိညာဉ်တို့ကိုလည်း မျက်မှောက်ပြုအပ်ပါကုန်ပြီ၊ မြတ်စွာဘုရား၏ အဆုံးအမတော်ကို လိုက်နာကျင့်သုံးပြီးပါပြီ။

ဤသို့လျှင် အသျှင်ကေပသာဒနိယမထေရ်သည် ဤဂါထာတို့ကို မိန့်ဆိုတော်မူ၏။

**ရှစ်ခုမြောက် ကေပသာဒနိယတ္ထေရအပဒါန် ပြီး၏။**

---

## ၉-သာလပုပ္ဖဒါယကတ္ထေရအပဒါန်

၆၀။ ထိုအခါ ငါသည် (သားတကာတို့ထက်) မြင့်မြတ်သော ဇာတ်ရှိသော သားတို့သနင်း ခြင်္သေ့မင်းဖြစ်၏၊ ခဲခက်သောခရီး၌ တောသဘ္ဘဝါကို ရှာမှီးစဉ် ဝိပဿီမြတ်စွာဘုရားကို ဖူးမြင်ရ၏။

၆၁။ ကြီးမားသော လုံ့လရှိတော်မူသော ဤမြတ်စွာဘုရားသည် လူအပေါင်းကို ငြိမ်းအေးစေနိုင်လိမ့်တကား၊ လူတို့ထက်မြတ်၍ နတ်ထက်နတ်ဖြစ်တော်မူသော မြတ်စွာဘုရားကို ငါသည် ဆည်းကပ်ရပါမူကား ကောင်းလေရာ၏။

၆၂။ အင်ကြင်းပင်၏ အခက်ကို ချိုးပြီးလျှင် အခိုင်နှင့်တကွသော ပန်းကို ဆောင်၏၊ မြတ်စွာဘုရားထံသို့ ချဉ်းကပ်ကာ ထိုမြတ်သောပန်းကို ပေးလှူခဲ့၏။

၆၃။ ဤဘဒ္ဒကမ္ဘာမှ ကိုးဆယ့်တကမ္ဘာထက်၌ ပန်းကို ပေးလှူခဲ့ရသော အခါမှစ၍ အပါယ်လေးပါး လားရသည်ကို မသိစဘူးပေ၊ ဤသို့ဖြစ်ရခြင်းသည် ပန်းလှူရခြင်း၏ အကျိုးပေတည်း။

၆၄။ ဤဘဒ္ဒကမ္ဘာမှ ကိုးကမ္ဘာထက်၌ များမြတ်သည့် ဗိုလ်ပါအင်အားရှိသော ဝိရောစန မည်ကုန်သော စကြဝတေးမင်းသုံးပါးသည် သုံးကြိမ်ဖြစ်ဘူးကုန်၏။

၆၅။ လေးပါးသော ပဋိသမ္ဘိဒါတို့ကိုလည်း ရှစ်ပါးသော ဤဝိမောက္ခတို့ကိုလည်း ခြောက်ပါးသော အဘိညာဉ်တို့ကိုလည်း မျက်မှောက်ပြုအပ်ပါကုန်ပြီ၊ မြတ်စွာဘုရား၏ အဆုံးအမတော်ကို လိုက်နာကျင့်သုံးပြီးပါပြီ။

ဤသို့လျှင် အသျှင်သာလပုပ္ဖဒါယကမထေရ်သည် ဤဂါထာတို့ကို မိန့်ဆိုတော်မူ၏။

**ကိုးခုမြောက် သာလပုပ္ဖဒါယကတ္ထေရအပဒါန် ပြီး၏။**

---

## ၁၀-ပိယာလဖလဒါယကတ္ထေရအပဒါန်

**၆၆။ ထိုအခါ ငါသည် သူတပါးကို မချွတ်ချယ် မညှဉ်းဆဲတတ်သော မုဆိုးဖြစ်ခဲ့၏၊ သိခီ မြတ်စွာဘုရား၏အနီး တောင်ဝှမ်းလိုဏ်ဂူ၌ အိပ်ခြင်းကို ပြု၏။**

http://www.dhammadownload.com



၆၇။ လောကထက်အမြတ်ဆုံး ရွှေသွားဖြစ်သော မြတ်စွာဘုရားကို နေ့ရောညဥ့်ပါ ဖူးမြင်ရ၏၊ အခြေနှစ်ချောင်းရှိသူ နက်လူဘို့ကို အစိုးရသည်ဖြစ်၍ တာဒိဂုဏ်နှင့်ပြည့်စုံတော်မူသော မြတ်စွာဘုရားအား လှူဒါန်းဖွယ်ပစ္စည်းသည်လည်း ငါ့အား မရှိခဲ့ပေ။

၆၈။ ငါသည် လွန်သီးကို ယူပြီးလျှင် မြတ်စွာဘုရားအထံသို့ သွား၏၊လောက၏ အကြီးအမှူးဖြစ်၍ လူတို့ထက် မြတ်တော်မူသော မြတ်စွာဘုရားသည် ခံယူတော်မူ၏။

၆၉။ ထိုမှနောက်၌ ထိုအလှူကို အစပြု၍ မြတ်စွာဘုရားကို လုပ်ကျွေး၏၊ ငါသည် ထိုလုပ်ကျွေးရသော စိတ်၏ ကြည်လင်ခြင်းနှင့်တကွ ထိုအရပ်၌ပင် သေလွန်ခဲ့၏။

၇၀။ ဤဘဒ္ဒကမ္ဘာမှ သုံးဆယ့်တကမ္ဘာထက်၌ သစ်သီးကို လှူခဲ့ရသော အခါမှစ၍ အပါယ်လေးပါး လားရသည်ကို မသိစဘူးပေ၊ ဤသို့ဖြစ်ရခြင်းသည် လွန်သီးလှူရခြင်း၏ အကျိုးပေတည်း။

၇၁။ ဤဘဒ္ဒကမ္ဘာမှ တဆယ့်ငါးကမ္ဘာထက်၌ ရတနာခုနစ်ပါးတို့နှင့် ပြည့်စုံသည်ဖြစ်၍ များမြတ်သည့် ဗိုလ်ပါအင်အားရှိကုန်သော ပိယာလိမည်ကုန်သော စကြဝတေးမင်းတို့သည် သုံးကြိမ် ဖြစ်ဘူးကုန်၏။

၇၂။ လေးပါးသော ပဋိသမ္ဘိဒါတို့ကိုရင်း ရှစ်ပါးသော ဤဝိမောက္ခတို့ကိုရင်း ခြောက်ပါးသော အဘိညာဉ်တို့ကိုရင်း မျက်မှောက် ပြုအပ်ပါကုန်ပြီ၊မြတ်စွာဘုရား၏ အဆုံးအမတော်ကို လိုက်နာကျင့်သုံးပြီးပါပြီ။

ဤသို့လျှင် အသျှင်ပိယာလဖလဒါယကမထေရ်သည် ဤဂါထာတို့ကို မိန့်ဆိုတော်မူ၏။

**ဆယ်ခုမြောက် ပိယာလဖလဒါယကတ္ထေရအပဒါန် ပြီး၏။**

**တဆယ့်လေးခုမြောက် သောဘိတဝဂ် ပြီး၏။**

http://www.dhammadownload.com

# ၁၅–ဆဋ္ဌဝဂ်

## ၁-အတိဆတ္တိယတ္ထေရအပဒါန်

၁။ ဘုန်းတော်ခြောက်ပါးနှင့် ပြည့်စုံတော်မူသော ဒီပင်္ကရာမြတ်စွာဘုရားသည် ပရိနိဗ္ဗာန် စံတော်မူသည်ရှိသော် အဆင့်ဆင့်သော ထီးတော်ကို ပြုစေ၍ ပုထိုးစေတီတော်၌ တင်လှူ ပူဇော်ခဲ့၏။

၂။ ရံခါရံခါ(ပုထိုးတော်ရှိရာသို့) လာ၍ လူတို့၏ရှေ့သွား မြတ်စွာဘုရားကို ရှိခိုးပြီးလျှင် ပန်းအမိုးကို ပြုလုပ်၍ ထီး၌ တင်လှူ ပူဇော်ခဲ့၏။

၃။ ကမ္ဘာတထောင့်ခုနစ်ရာပတ်လုံး နတ်မင်းအဖြစ်ကို ပြုခဲ့ရ၏၊ လူအဖြစ်သို့ မရောက်ရတော့ပေ၊ ဤသို့ဖြစ်ရခြင်းသည် ပုထိုးစေတီတော်ကို ပူဇော်ခဲ့ရခြင်း၏ အကျိုးပေတည်း။

၄။ လေးပါးသော ပဋိသမ္ဘိဒါတို့ကိုရင်း ရှစ်ပါးသော ဤဝိမောက္ခတို့ကိုရင်း ခြောက်ပါးသော အဘိညာဉ်တို့ကိုရင်း မျက်မှောက်ပြုအပ်ပါကုန်ပြီ၊မြတ်စွာဘုရား၏ အဆုံးအမတော်ကို လိုက်နာကျင့်သုံးပြီးပါပြီ။

ဤသို့လျှင် အသျှင်အတိဆတ္တိယမထေရ်သည် ဤဂါထာတို့ကို မိန့်ဆိုတော်မူ၏။

ရှေးဦးစွာသော အတိဆတ္တိယတ္ထေရအပဒါန် ပြီး၏။

---

## ၂-ထမ္ဘာရောပကတ္ထေရအပဒါန်

၅။ လောက၏ ကိုးကွယ်ရာဖြစ်တော်မူသော ဓမ္မဒဿီ မြတ်စွာဘုရားသည် ပရိနိဗ္ဗာန် ပြုတော်မူသည်ရှိသော် ဘုရားမြတ်၏စေတီတော်၌ တံခွန်တိုင်ကို မိုက်ထူပူဇော်ခဲ့၏။

၆။ လှေကားကို ဖန်ဆင်းပြုလုပ်၍ ပုထိုးစေတီတော်မြတ်သို့ တက်ခဲ့၏၊ မြတ်လေးပန်းကို ယူ၍ ပုထိုးတော်၌ တင်လှူပူဇော်ခဲ့၏။

၇။ မြတ်စွာဘုရားသည် အံ့ဖွယ်ရှိပါပေစွ၊တရားတော်သည် အံ့ဖွယ်ရှိပါပေစွ၊ ငါတို့မြတ်စွာဘုရား၏ ပြည့်စုံခြင်းသည် အံ့ဖွယ်ရှိပါပေစွ၊ ငါသည် အပါယ်လေးပါး လားရသည်ကို မသိစဘူးပေ၊ ဤသို့ဖြစ်ရခြင်းသည် စေတီပုထိုးတော်ကို ပူဇော်ရခြင်း၏ အကျိုးပေတည်း။

၈။ ဤဘဒ္ဒကမ္ဘာမှ ကိုးဆယ့်လေးကမ္ဘာထက်၌ မျှားမြတ်သည့် ဗိုလ်ပါအင်အားရှိကုန်သော ထူပသိခဟုတူသော အမည်ရှိကုန်သော စကြဝတေးမင်းတို့သည် တဆယ့်ခြောက်ကြိမ် ဖြစ်ဘူးကုန်၏။

၉။ လေးပါးသော ပဋိသမ္ဘိဒါတို့ကိုရင်း ရှစ်ပါးသော ဤဝိမောက္ခတို့ကိုရင်း ခြောက်ပါးသော အဘိညာဉ်တို့ကိုရင်း မျက်မှောက်ပြုအပ်ပါကုန်ပြီ၊ မြတ်စွာဘုရား၏ အဆုံးအမတော်ကို လိုက်နာကျင့်သုံးပြီးပါပြီ။

ဤသို့လျှင် အသျှင်ထမ္ဘာရောပကမထေရ်သည် ဤဂါထာတို့ကို မိန့်ဆိုတော်မူ၏။

နှစ်ခုမြောက် ထမ္ဘာရောပကတ္ထေရအပဒါန် ပြီး၏။

http://www.dhammadownload.com



## ၃-ဝေဒိကာရကတ္ထေရအပဒါန်

၁၀။ လောက၏ ကိုးကွယ်ရာ ဖြစ်တော်မူသော ပိယဒဿီ မြတ်စွာဘုရား ပရိနိဗ္ဗာန် စံတော်မူသည်ရှိသော် ငါသည် ကြည်ညိုဝမ်းမြောက်သော စိတ်ရှိသည်ဖြစ်၍ ပုလဲပွတ်တိုင်ကို ပြုလုပ်လှူဒါန်းခဲ့၏။

၁၁။ ပတ္တမြားတို့ဖြင့် မွမ်းမံခြံရံ၍ မြတ်သောပွတ်တိုင်ကို ပြုလုပ်ခဲ့၏၊ငါသည် ပွတ်တိုင်ဖြင့် ပူဇော်ခြင်းကိုပြု၍ ထိုအရပ်၌ပင် သေလွန်ခဲ့၏။

၁၂။ ကပ်ရောက်ရတိုင်းသော လူအဖြစ် နတ်အဖြစ် ဟူသမျှတို့၌ ပတ္တမြားတို့သည် ငါ့ကို ကောင်းကင်မှ ဆောင်းမိုးပေးကုန်၏၊ ဤသို့ဖြစ်ရခြင်းသည် ကုသိုလ်ကောင်းမှု၏ အကျိုးပေတည်း။

၁၃။ ဤဘဒ္ဒကမ္ဘာမှ ကမ္ဘာတထောင့်ခြောက်ရာထက်၌ များမြတ်သည့် ဗိုလ်ပါအင်အားရှိကုန်သော မဏိပ္ပဘာဟု တူသောအမည်ရှိကုန်သော စကြဝတေးမင်းတို့သည် သုံးဆယ့်ခြောက်ကြိမ် ဖြစ်ခဲ့ဘူးကုန်၏။

၁၄။ လေးပါးသော ပဋိသမ္ဘိဒါတို့ကိုရှင်း ရှစ်ပါးသော ဝိမောက္ခတို့ကိုရှင်း ခြောက်ပါးသော အဘိညာဉ်တို့ကိုရှင်း မျက်မှောက်ပြုအပ်ပါကုန်ပြီ၊ မြတ်စွာဘုရား၏ အဆုံးအမတော်ကို လိုက်နာကျင့်သုံးပြီးပါပြီ။

ဤသို့လျှင် အသျှင်ဝေဒိကာရကမထေရ်သည် ဤဂါထာတို့ကို မိန့်ဆိုတော်မူ၏။

သုံးခုမြောက် ဝေဒိကာရကတ္ထေရအပဒါန် ပြီး၏။

---

## ၄-သပရိဝါရိယတ္ထေရအပဒါန်

၁၅။ လောက၏အကြီးအမှူးဖြစ်၍ လူတို့ထက်မြတ်တော်မူသော ပဒုမုတ္တရမြတ်စွာဘုရားသည် မီးပုံကြီးသည် တောက်ပပြီး၍ ငြိမ်းလေသကဲ့သို့ ပရိနိဗ္ဗာန်စံတော်မူ၏။

၁၆။ ကြီးမားသော လုံ့လရှိတော်မူသော မြတ်စွာဘုရားသည် ပရိနိဗ္ဗာန်စံတော်မူပြီးသော် ကြီးမားပြန့်ကျယ်သော ပုထိုးတော်သည် ဖြစ်၏၊ မာတ်တော်မြတ်ကိန်းဝပ်ရာ စေတီအိမ်၌ အဝေးကသာလျှင် လုပ်ကျွေးပူဇော်ကြကုန်၏။

၁၇။ ထိုအခါ ငါသည် ကြည်ညိုဝမ်းမြောက်သော စိတ်ရှိသည် ဖြစ်၍ စန္ဒကူးပွတ်တိုင်ကို ပြုလုပ်ခဲ့၏၊ထိုအခါ ပုထိုးတော်၏ လုံးယတ်တော်ကား ပုထိုးတော်နှင့် လျောက်ပတ်စွာ ထင်၏။

၁၈။ နတ်ဘဝ လူဘဝတို့၌ ဖြစ်သည်ရှိသော် ငါ့အား ယုတ်လျော့သည့် အဖြစ်ကို မမြင်ရပေ၊ ဤသို့ဖြစ်ရခြင်းသည် စန္ဒကူးလှူသော ကောင်းမှုကံ၏ အကျိုးပေတည်း။

၁၉။ ဤဘဒ္ဒကမ္ဘာမှ ကမ္ဘာတထောင့်ငါးရာထက်၌ များမြတ်သည့် ဗိုလ်ပါအင်အားရှိကုန်သော သမတ္တမည်ကုန်သော စကြဝတေးမင်းတို့သည် ရှစ်ကြိမ်ဖြစ်ခဲ့ဘူးကုန်၏။

http://www.dhammadownload.com



၂၀။ လေးပါးသော ပဋိသမ္ဘိဒါတို့ကိုလည်းကောင်း ရှစ်ပါးသော ဤဝိမောက္ခတို့ကိုလည်းကောင်း ခြောက်ပါးသော အဘိညာဉ်တို့ကိုလည်းကောင်း မျက်မှောက်ပြုအပ်ပါကုန်ပြီ၊ မြတ်စွာဘုရား၏ အဆုံးအမတော်ကို လိုက်နာကျင့်သုံးပြီးပါပြီ။

ဤသို့လျှင် အသျှင်သပရိဝါရိယမထေရ်သည် ဤဂါထာတို့ကို မိန့်ဆိုတော်မူ၏။

လေးခုမြောက် သပရိဝါရိယတ္ထေရအပဒါန် ပြီး၏။

---

## ၅-ဥမာပုပ္ဖိယတ္ထေရအပဒါန်

၂၁။ လျှုဒါန်းဖွယ် ပစ္စည်း ဝတ္ထုတို့ကို ခံယူထိုက်သည်ဖြစ်၍ လူတို့သည် ပူဇော်အပ်သော သိဒ္ဓတ္ထမြတ်စွာဘုရားသည် ပရိနိဗ္ဗာန်စံဝင်လတ်သော် ကြီးကျယ်သော ပုထိုးတော် ပူဇော်ပွဲသည် ဖြစ်လေ၏။

၂၂။ သိဒ္ဓတ္ထမြတ်စွာဘုရားအား ပူဇော်ပွဲဖြစ်သည်ရှိသော် အောက်မဲ့ညိုပန်းကို ယူပြီးလျှင် ပုထိုးတော်၌ တင်လှူပူဇော်ခဲ့၏။

၂၃။ ဤဘဒ္ဒကမ္ဘာမှ ကိုးဆယ့်လေးကမ္ဘာထက်၌ အောက်မဲ့ညိုပန်း လှူဒါန်းပူဇော်ခဲ့ရသော အခါမှစ၍ (ငါသည်) အပါယ်လေးပါး လားရသည်ကို မသိစဘူးပေ၊ ဤသို့ဖြစ်ရခြင်းသည် ဘုရားပုထိုးတော်ကို ပန်းပူဇော်ရခြင်း၏ အကျိုးပေတည်း။

၂၄။ ဤဘဒ္ဒကမ္ဘာမှ ကိုးခုမြောက် ကမ္ဘာထက်၌ များသောမြတ်သည့် ဗိုလ်ပါအင်အားရှိကုန်သော သောမဒေဝဟု တူသောအမည်ရှိကုန်သော စကြဝတေးမင်းတို့သည် ရှစ်ဆယ့်ငါးကြိမ် ဖြစ်ခဲ့ဘူးကုန်၏။

၂၅။ လေးပါးသော ပဋိသမ္ဘိဒါတို့ကိုလည်းကောင်း ရှစ်ပါးသော ဤဝိမောက္ခတို့ကိုလည်းကောင်း ခြောက်ပါးသော အဘိညာဉ်တို့ကိုလည်းကောင်း မျက်မှောက်ပြုအပ်ပါကုန်ပြီ၊ မြတ်စွာဘုရား၏ အဆုံးအမတော်ကို လိုက်နာကျင့်သုံးပြီးပါပြီ။

ဤသို့လျှင် အသျှင်ဥမာပုပ္ဖိယမထေရ်သည် ဤဂါထာတို့ကို မိန့်ဆိုတော်မူ၏။

ငါးခုမြောက် ဥမာပုပ္ဖိယတ္ထေရအပဒါန် ပြီး၏။

---

## ၆-အနုလေပဒါယကတ္ထေရအပဒါန်

၂၆။ ငါသည် အနောမဒဿီမြတ်စွာဘုရား၏ ဗောဓိပင်တံတိုင်းကို ပြုခဲ့၏၊ အင်္ဂတေသားရိုး အစိုင်အခဲကို ပေးပြီးလျှင် သံလက်တို့ဖြင့် အပြေအပြစ် ပြုခြင်းကို ငါပြုခဲ့၏။

၂၇။ လူ့ဘုံထက် မြတ်တော်မူသော အနောမဒဿီမြတ်စွာဘုရားသည် ကောင်းမွန်စွာပြုလုပ်အပ်သော ထိုကောင်းမှုကို မြင်တော်မူသဖြင့် ရဟန်းသံဃာအလယ်၌ တည်နေလျက် ဤဂါထာကို မိန့်တော်မူ၏—

http://www.dhammadownload.com



၂၈။ ဤအင်္ဂတေလျှဒါန်းရသော ကောင်းမှုကြောင့်ရင်း စေတနာဆု တောင့်တမှုတို့ကြောင့်ရင်း စည်းစိမ်ကို ခံစား၍ ဆင်းရဲကို အဆုံးသတ်လတ္တံ့.(ဟု မိန့်တော်မူ၏)။

၂၉။ ငါသည် တခုတည်းသော အာရုံရှိသည် တည်ကြည်သည်ဖြစ်၍ ကြည်လင်သော မျက်နှာအဆင်းရှိ၏၊မြတ်စွာဘုရားသာသနာတော်၌ အဆုံးစွန်သော ခန္ဓာကိုယ်ကို ဆောင်၏။

၃၀။ ဤဘဒ္ဒကမ္ဘာမှ ကမ္ဘာတရာသည် မယုတ်လျော့ပဲ ပြည့်လတ်သော် မျှားမြတ်သည့် ဗိုလ်ပါအင်အားရှိသော သမ္ဗဃနစကြဝတေးမင်း ဖြစ်ခဲ့၏။

၃၁။ လေးပါးသော ပဋိသမ္ဘိဒါတို့ကိုရင်း ရှစ်ပါးသော ဤဝိမောက္ခတို့ကိုရင်း ခြောက်ပါးသော အဘိညာဉ်တို့ကိုရင်း မျက်မှောက်ပြုအပ်ပါကုန်ပြီ၊ မြတ်စွာဘုရား၏ အဆုံးအမတော်ကို လိုက်နာကျင့်သုံးပြီးပါပြီ။

ဤသို့လျှင် အသျှင်အနုလေပဒါယကမထေရ်သည် ဤဂါထာတို့ကို မိန့်ဆိုတော်မူ၏။

**ခြောက်ခုမြောက် အနုလေပဒါယကတ္ထေရအပဒါန် ပြီး၏။**

---

## ၇-မဂ္ဂဒါယကတ္ထေရအပဒါန်

၃၂။ စက္ခုငါးပါးရှိတော်မူသော မြတ်စွာဘုရားသည် မြစ်ကို ကူးပြီးလျှင် တောသို့ ကြွတော်မူ၏၊ မြတ်သော လက္ခဏာတော် ရှိတော်မူသော ထိုသိဒ္ဓတ္ထမြတ်စွာဘုရားကို ငါသည် ဖူးမြင်ရ၏။

၃၃။ ထိုအခါ ငါသည် ပေါက်တူး ခြင်းတောင်းကို ယူပြီးလျှင် ဘုရားကြွတော်မူရာ ထိုခရီးကို ညီညွတ်အောင်ပြု၍ မြတ်စွာဘုရားကို ရှိခိုးလျက် မိမိစိတ်ကို ကြည်လင်စေ၏။

၃၄။ ဤဘဒ္ဒကမ္ဘာမှ ကိုးဆယ့်လေးကမ္ဘာထက်၌ ကောင်းမှုကို ပြုခဲ့ရသောအခါမှစ၍ အပါယ်လေးပါး လားရသည်ကို မသိစဘူးပေ၊ ဤသို့ဖြစ်ရခြင်းသည် လမ်းခရီးကို ပြုပြင်လှူဒါန်းရခြင်း၏ အကျိုးပေတည်း။

၃၅။ ထိုငါသည် ငါးဆယ့်ခုနစ်ကမ္ဘာထက်၌ လူတို့ကို အစိုးရသည်ဖြစ်၍ လူတို့၏ ရှေ့သွားဖြစ်သော အမည်အားဖြင့် သုပ္ပဗုဒ္ဓဟု ထင်ရှားသော မင်းသည် တကြိမ်ဖြစ်ခဲ့၏။

၃၆။ လေးပါးသော ပဋိသမ္ဘိဒါတို့ကိုရင်း ရှစ်ပါးသော ဤဝိမောက္ခတို့ကိုရင်း ခြောက်ပါးသော အဘိညာဉ်တို့ကိုရင်း မျက်မှောက်ပြုအပ်ပါကုန်ပြီ၊မြတ်စွာဘုရား၏ အဆုံးအမတော်ကို လိုက်နာကျင့်သုံးပြီးပါပြီ။

ဤသို့လျှင် အသျှင်မဂ္ဂဒါယကမထေရ်သည် ဤဂါထာတို့ကို မိန့်ဆိုတော်မူ၏။

**ခုနစ်ခုမြောက် မဂ္ဂဒါယကတ္ထေရအပဒါန် ပြီး၏။**

http://www.dhammadownload.com



## ၈-ဖလကာဒါယကတ္ထေရအပဒါန်

၃၇။ ရှေးအခါ၌ ငါသည် သစ်သားလုပ်ငန်း၌ ကောင်းစွာသင်ယူအပ်ပြီးသော ယာဉ်ပြု လုပ်သူ ဖြစ်ခဲ့၏၊ စန္ဒကူးသားကို ပျဉ်ချပ်ပြု၍ လောက၏အဆွေဖြစ်တော်မူသော မြတ်စွာဘုရား အား လှူဒါန်းခဲ့၏။

၃၈။ ရွှေဖြင့် ကောင်းစွာ ဖန်ဆင်းအပ်သော ဤဗိမာန်သည် တောက်ပ၏၊ ဆင်ယာဉ် မြင်းယာဉ် နတ်ယာဉ်သည် ရှေးရှုတည်လာ၏။

၃၉။ ပြာသာဒ်တို့သည်ရင်း ထမ်းစင်တို့သည်ရင်း အလိုရှိတိုင်း ဖြစ်ကုန်၏၊ ငါ၏ ဥစ္စာရတနာကို လှုပ်ချောက်ချားခြင်းငှါ မစွမ်းနိုင်၊ ဤသို့ဖြစ်ရခြင်းသည် လှူဒါန်းရသော စန္ဒကူးပျဉ်ချပ်၏ အကျိုးပေတည်း။

၄၀။ ဤဘဒ္ဒကမ္ဘာမှ ကိုးဆယ့်တကမ္ဘာထက်၌ ပျဉ်ချပ်ကို ပေးလှူခဲ့ရသော အခါမှစ၍ အပါယ်လေးပါး လားရသည်ကို မသိစဘူးပေ၊ ဤသို့ဖြစ်ရခြင်းသည် လှူဒါန်းရသော စန္ဒကူးပျဉ်ချပ်၏ အကျိုးပေတည်း။

၄၁။ ငါးဆယ့်ခုနစ်ကမ္ဘာထက်၌ ရတနာခုနစ်ပါးနှင့် ပြည့်စုံကုန်သည်ဖြစ်၍ များမြတ် သည့် ဗိုလ်ပါအင်အားရှိကုန်သော နိမ္မိတမည်ကုန်သော စကြဝတေးမင်းတို့သည် လေးကြိမ် ဖြစ်ခဲ့ဘူးကုန်၏။

၄၂။ လေးပါးသော ပဋိသမ္ဘိဒါတို့ကိုရင်း ရှစ်ပါးသော ဤဝိမောက္ခတို့ကိုရင်း ခြောက်ပါး သော အဘိညာဉ်တို့ကိုရင်း မျက်မှောက်ပြုအပ်ပါကုန်ပြီ၊ မြတ်စွာဘုရား၏ အဆုံးအမတော်ကို လိုက်နာကျင့်သုံးပြီးပါပြီ။

ဤသို့လျှင် အသျှင်ဖလကာဒါယကမထေရ်သည် ဤဂါထာတို့ကို မိန့်ဆိုတော်မူ၏။

ရှစ်ခုမြောက် ဖလကာဒါယကတ္ထေရအပဒါန် ပြီး၏။

---

## ၉-ဝဋံသကိယတ္ထေရအပဒါန်

၄၃။ အလိုလိုဖြစ်တော်မူသော သူတပါးတို့ မအောင်အပ်သည်ဖြစ်၍ အမည်အားဖြင့် သုမေဓာဟု ထင်ရှားသော မြတ်စွာဘုရားသည် ဆိတ်ငြိမ်မှု 'ဝိဝေက'ကို ပွါးများတော်မူလို သည်ဖြစ်၍ တောအုပ်ကြီးသို့ ဝင်တော်မူ၏။

၄၄။ ထိုအခါ ငါသည် ပွင့်နေသော ထင်းရှူးပန်းကို မြင်၍ ဦးဆောက်ပန်းကုံးကို သီပြီးလျှင် မြတ်စွာဘုရား၏ မျက်မှောက်တော်၌ မြတ်စွာဘုရားကို တင်လှူပူဇော်၏။

၄၅။ ကမ္ဘာသုံးသောင်းထက်၌ ထင်းရှူးပန်းကို တင်လှူခဲ့ရသော အခါမှစ၍ အပါယ် လေးပါး လားရသည်ကို မသိစဘူးပေ၊ ဤသို့ဖြစ်ရခြင်းသည် မြတ်စွာဘုရားအား ဦးဆောက် ပန်း လှူဒါန်းပူဇော်ခြင်း၏ အကျိုးပေတည်း။

http://www.dhammadownload.com



၄၆။ ကမ္ဘာတထောင့်ကိုးရာထက်၌ ရတနာခုနစ်ပါးနှင့် ပြည့်စုံကုန်သည်ဖြစ်၍ များမြတ်သည့် မိုလ်ပါအင်အားရှိကုန်သော သုနိမ္မိတမည်ကုန်သော စကြဝတေးမင်းတို့သည် တဆယ့်ခြောက်ကြိမ် ဖြစ်ဘူးကုန်၏။

၄၇။ လေးပါးသော ပဋိသမ္ဘိဒါတို့ကိုင်း ရှစ်ပါးသော ဤဝိမောက္ခတို့ကိုင်း ခြောက်ပါးသော အဘိညာဉ်တို့ကိုင်း မျက်မှောက်ပြုအပ်ပါကုန်ပြီ၊ မြတ်စွာဘုရား၏ အဆုံးအမတော်ကို လိုက်နာကျင့်သုံးပြီးပါပြီ။

ဤသို့လျှင် အသျှင်ဝဋ္ဋံသကိယမထေရ်သည် ဤဂါထာတို့ကို မိန့်ဆိုတော်မူ၏။

**ကိုးခုမြောက် ဝဋံသကိယတ္ထေရအပဒါန် ပြီး၏။**

---

## ၁၀-ပလ္လင်္ကဒါယကတ္ထေရအပဒါန်

၄၈။ လောက၏ အကြီးအမှူးဖြစ်၍ တာဒိဂုဏ်နှင့် ပြည့်စုံတော်မူသော သုမေဓာမြတ်စွာဘုရားအား ငါသည် ဗိမာန်မျက်နှာကြက် အိပ်ရာလွှမ်းနှင့် တကွသောပလ္လင်ကို ပေးလှူခဲ့၏။

၄၉။ ထိုအခါ၌ ရတနာခုနစ်ပါးနှင့် ပြည့်စုံသော ပလ္လင်သည် ဖြစ်ပေါ်လာ၏၊ ငါ၏ စိတ်အကြံကို သိ၍ ထိုရတနာခုနစ်ပါးနှ ံ ပြည့်စုံသော ပလ္လင်သည်သည်း အခါခပ်သိမ်း ငါ့အား ဖြစ်၏၊

၅၀။ကမ္ဘာသုံးသောင်းထက်၌ ပလ္လင်တော်ကို ပေးလှူခဲ့ရသောအခါမှစ၍ ငါသည် အပါယ်လေးပါး လားရသည်ကို မသိစဘူးပေ၊ ဤသို့ဖြစ်ရခြင်းသည် ပလ္လင်လှူဒါန်းရခြင်း၏အကျိုးပေတည်း။

၅၁။ ကမ္ဘာနှစ်သောင်းထက်၌ ရတနာခုနစ်ပါးနှင့် ပြည့်စုံကုန်သည်ဖြစ်၍ များမြတ်သည့် မိုလ်ပါအင်အားရှိကုန်သော သုဝဏ္ဏာဘမည်ကုန်သော စကြဝတေးမင်းတို့သည် သုံးကြိမ် ဖြစ်ဘူးကုန်၏။

၅၂။ လေးပါးသော ပဋိသမ္ဘိဒါတို့ကိုင်း ရှစ်ပါးသော ဤဝိမောက္ခတို့ကိုင်း ခြောက်ပါးသော အဘိညာဉ်တို့ကိုင်း မျက်မှောက်ပြုအပ်ပါကုန်ပြီ၊ မြတ်စွာဘုရား၏ အဆုံးအမတော်ကို လိုက်နာ ကျင့်သုံးပြီးပါပြီ။

ဤသို့လျှင် အသျှင်ပလ္လင်္ကဒါယကမထေရ်သည် ဤဂါထာတို့ကို မိန့်ဆိုတော်မူ၏။

**ဆယ်ခုမြောက် ပလ္လင်္ကဒါယကတ္ထေရအပဒါန် ပြီး၏။**

**တဆယ့်ငါးခုမြောက် ဆတ္တဝဂ် ပြီး၏။**

http://www.dhammadownload.com

# ၁၆-ဗန္ဓုဇီဝကဝဂ်

## ၁-ဗန္ဓုဇီဝကတ္ထေရအပဒါန်

၁။ လမင်းကဲ့သို့ အညစ်အကြေးကင်း၍ သန့်ရှင်းကြည်လင်လျက် နောက်ကျုခြင်းမရှိသော လောက၌ တွယ်တာမှုကို လွန်မြောက်သည်ဖြစ်၍ ဘဝရာဂ ကုန်ပြီးသည်လည်းဖြစ်သော—

၂။ လူအပေါင်းကို ကိလေသာမီး ငြိမ်းအေးစေနိုင်သည်ဖြစ်၍ ကူးမြောက်သူထက် လွန်မြတ်သည့် ကူးမြောက်သူလည်း ဖြစ်သော သိဒ္ဓိမြတ်စွာဘုရားကို တခုတည်းသော အာရုံဖြင့် ကောင်းစွာတည်ကြည်လျက် တော၌ ဈာန်ဝင်စားတော်မူစဉ် ငါသည် ဖူးမြင်ရ၏။

၃။ ငါသည် ခေါင်ရမ်းပန်းတို့ကို ချည်ဖြင့် သီကုံး၍ လောက၏ အဆွေ ဖြစ်တော်မူသော သိဒ္ဓိမြတ်စွာဘုရားအား တင်လှူ ပူဇော်၏။

၄။ ဤဘဒ္ဒကမ္ဘာမှ သုံးဆယ့်တကမ္ဘာထက်၌ ပန်းလှူမှုကို ပြုခဲ့ရသော အခါမှစ၍ ငါသည် အပါယ်လေးပါး လားရသည်ကို မသိစဖူးပေ၊ ဤသို့ဖြစ်ရခြင်းသည် မြတ်စွာဘုရားအား ပန်းပူဇော်ရခြင်း၏ အကျိုးပေတည်း။

၅။ ဤဘဒ္ဒကမ္ဘာမှ ခုနစ်ခုမြောက်ကမ္ဘာထက်၌ များသောအခြံအရံ များမြတ်သည့် ဇိုလ်ပါအင်အားရှိသော သမန္တစက္ခုမည်သော စကြဝတေးမင်းသည် ဖြစ်ခဲ့၏။

၆။ လေးပါးသော ပဋိသမ္ဘိဒါတို့ကိုရင်း ရှစ်ပါးသော ဤဝိမောက္ခတို့ကိုရင်း ခြောက်ပါးသော အဘိညာဉ်တို့ကိုရင်း မျက်မှောက်ပြုအပ်ပါကုန်ပြီ၊ မြတ်စွာဘုရား၏ အဆုံးအမတော်ကို လိုက်နာကျင့်သုံးပြီးပါပြီ။

ဤသို့လျှင် အသျှင်ဗန္ဓုဇီဝကမထေရ်သည် ဤဂါထာတို့ကို မိန့်ဆိုတော်မူ၏။

ရှေးဦးစွာသော ဗန္ဓုဇီဝကတ္ထေရအပဒါန် ပြီး၏။

---

## ၂-တမ္ဗပုပ္ဖိယတ္ထေရအပဒါန်

၇။ သူတပါး၏အမှုကို ပြုလုပ်သောငါသည် ပြစ်မှားမှုကို ပြုလုပ်မိ၏၊ ဘေးရန်ဖြင့် နှိပ်စက်အပ်သည်ဖြစ်၍ တောသို့ ထွက်ပြေးရ၏။

၈။ အပွင့်ပွင့်သော သစ်ပင်ကို မြင်သဖြင့် အခိုင်ဖြင့် ဖွဲ့အပ်သော ကောင်းစွာ ဖန်ဆင်းပြုပြင်အပ်သော နီသောပန်းကို ယူပြီးလျှင် ငါသည် (ပိယဒဿီမြတ်စွာဘုရား၏) သခွတ်ဗောဓိပင်၌ ကြဲဖြန့်ပူဇော်၏။

၉။ ငါသည် သစ်ပင်မြတ်ဖြစ်သော ထိုသခွတ်ဗောဓိပင်ကို တံမြက်လှည်း၍ ဗောဓိပင်ရင်း၌ ထက်ဝယ်ဖွဲ့ခွေလျက် ကပ်ရောက်နေ၏။

http://www.dhammadownload.com



၁၀။ ငါသွားရာခရီးကို ရှာကုန်သော သူတို့သည် ငါ့ထံသို့ လာကြကုန်၏၊ ငါသည် ထိုသူတို့ကိုမြင်သော်လည်း ထိုဗောဓိပင်ရင်း၌ မြတ်သောဗောဓိဉာဏ်ကို အောက်မေ့ဆင်ခြင်၏။

၁၁။ ငါသည် အထူးကြည်လင်လှသောစိတ်ဖြင့် ဗောဓိပင်ကို ရှိခိုးပြီးသော် များစွာသော ထန်းပင်ဆင့်(ပမာဏ) နက်စောက်သည်ဖြစ်၍ ကြောက်မက်ဖွယ်ရာ အသွားအလာ ခက်ခဲသော တောင်ချောက်ကြား၌ လိမ့်ကျ၏။

၁၂။ ဤဘဒ္ဒကမ္ဘာမှ ကိုးဆယ့်တကမ္ဘာထက်၌ နီသောပန်းကို တင်လှူပူဇော်ခဲ့ရသော အခါမှစ၍ ငါသည် အပါယ်လေးပါး လားရသည်ကို မသိစဘူးပေ၊ ဤသို့ဖြစ်ရခြင်းသည် ဗောဓိပင်ကို ပူဇော်ရခြင်း၏ အကျိုးပေတည်း။

၁၃။ ဤဘဒ္ဒကမ္ဘာမှ သုံးခုမြောက် ကမ္ဘာထက်၌လည်း ရတနာခုနစ်ပါးနှင့်ပြည့်စုံသည်ဖြစ်၍ များမြတ်သည့် ဗိုလ်ပါအင်အားရှိသော သုသညတ မည်သော စကြဝတေးမင်း ဖြစ်ခဲ့၏။

၁၄။ လေးပါးသော ပဋိသမ္ဘိဒါတို့ကိုရင်း ရှစ်ပါးသော ဤဝိမောက္ခတို့ကိုရင်း ခြောက်ပါးသော အဘိညာဉ်တို့ကိုရင်း မျက်မှောက်ပြုအပ်ပါကုန်ပြီ၊ မြတ်စွာဘုရား၏ အဆုံးအမတော်ကို လိုက်နာကျင့်သုံးပြီးပါပြီ။

ဤသို့လျှင် အသျှင်တမ္မပုပ္ဖိယမထေရ်သည် ဤဂါထာတို့ကို မိန့်ဆိုတော်မူ၏။

နှစ်ခုမြောက် တမ္မပုပ္ဖိယတ္ထေရအပဒါန် ပြီး၏။

---

## ၃-ဝီထိသမ္မဇ္ဇကတ္ထေရအပဒါန်

၁၅။ များစွာသောအရောင် ဝါဝင်းသောအရောင်ရှိသည်ဖြစ်၍ တက်သစ်စ နေလုလင်သဖွယ် ဖြစ်သော တဆယ့်ငါးရက်မြောက်နေ့၌ ယုဂန်တောင်စွန်းမှ တက်ထွန်းသည့် လမင်းသဖွယ်လည်းဖြစ်သော (သိခီ) မြတ်စွာဘုရားကို ကြွသွားတော်မူစဉ် (ငါဖူးမြင်ရ၏)။

၁၆။ ခြောက်သောင်းရှစ်ထောင် ကုန်သော အလုံးစုံသော ရဟန်းတို့သည် ရဟန္တာချည်းဖြစ်ကုန်၏၊(ထိုရဟန္တာတို့သည်)အခြေနှစ်ချောင်းရှိသူ နတ်လူတို့ကို အစိုးရသည်ဖြစ်၍ လူတို့ထက် မြတ်တော်မူသော မြတ်စွာဘုရားကို ခြံရံကြကုန်၏။

၁၇။ မြတ်စွာဘုရား ကြွသွားတော်မူသည်ရှိသော် ထိုလမ်းခရီးကို တံမြက်လှည်း၍ အထူးကြည်လင်လှသော စိတ်ဖြင့် (ငါသည်)ထိုလမ်းခရီး၌ပင် တံခွန်ကို စိုက်ထူ၏။

၁၈။ ဤဘဒ္ဒကမ္ဘာမှ ကိုးဆယ့်တကမ္ဘာထက်၌ တံခွန်ကို စိုက်ထူပူဇော်ခဲ့ရသော အခါမှစ၍ ငါသည် အပါယ်လေးပါး လားရသည်ကို မသိစဘူးပေ၊ ဤသို့ဖြစ်ရခြင်းသည် တံခွန်အလှူ၏ အကျိုးပေတည်း။

၁၉။ ဤဘဒ္ဒကမ္ဘာမှ လေးခုမြောက်ကမ္ဘာထက်၌ အလုံးစုံသော အခြင်းအရာနှင့် ပြည့်စုံသည်ဖြစ်၍ များမြတ်သည့် ဗိုလ်ပါအင်အားရှိသော သုဓဇဟု ထင်ရှားသော စကြဝတေးမင်း ဖြစ်ခဲ့၏။

http://www.dhammadownload.com



၂၀။ လေးပါးသော ပဋိသမ္ဘိဒါတို့ကိုရင်း ရှစ်ပါးသော ဤဝိမောက္ခတို့ကိုရင်း ခြောက်ပါးသော အဘိညာဉ်တို့ကိုရင်း မျက်မှောက်ပြုအပ်ပါကုန်ပြီ၊ မြတ်စွာဘုရား၏ အဆုံးအမတော်ကို လိုက်နာကျင့်သုံးပြီးပါပြီ။

ဤသို့လျှင် အသျှင်ဝီထိသမ္မဇ္ဇကမထေရ်သည် ဤဂါထာတို့ကို မိန့်ဆိုတော်မူ၏။

သုံးခုမြောက် ဝီထိသမ္မဇ္ဇကတ္ထေရအပဒါန် ပြီး၏။

---

## ၄-ကက္ကာရုပုပ္ဖပူဇကတ္ထေရအပဒါန်

၂၁။ (ထိုအခါ) ငါသည် နတ်သားဖြစ်လျက် သိခီမြတ်စွာဘုရားကို ပူဇော်ခဲ့၏၊ ကက္ကာရုနတ်ပန်းကို ယူ၍ မြတ်စွာဘုရားအား တင်လှူပူဇော်ခဲ့၏။

၂၂။ ဤဘဒ္ဒကမ္ဘာမှ သုံးဆယ့်တကမ္ဘာထက်၌ ကက္ကာရုပန်း လှူဒါန်းခဲ့ရသော အခါမှစ၍ အပါယ်လေးပါး လားရသည်ကို မသိစဘူးပေ၊ ဤသို့ဖြစ်ရခြင်းသည် ကက္ကာရုနတ်ပန်း ပူဇော်ရခြင်း၏ အကျိုးပေတည်း။

၂၃။ ဤဘဒ္ဒကမ္ဘာမှ ကိုးခုမြောက်ကမ္ဘာထက်၌လည်း ရတနာခုနစ်ပါးနှင့် ပြည့်စုံသည်ဖြစ်၍ များမြတ်သည့် ဗိုလ်ပါအင်အားရှိသော သတ္တုတ္တမအမည်ရှိသော စကြဝတေးမင်းဖြစ်ခဲ့၏။

၂၄။ လေးပါးသော ပဋိသမ္ဘိဒါတို့ကိုရင်း ရှစ်ပါးသော ဤဝိမောက္ခတို့ကိုရင်း ခြောက်ပါးသော အဘိညာဉ်တို့ကိုရင်း မျက်မှောက်ပြုအပ်ပါကုန်ပြီ၊ မြတ်စွာဘုရား၏ အဆုံးအမတော်ကို လိုက်နာကျင့်သုံးပြီးပါပြီ။

ဤသို့လျှင် အသျှင်ကက္ကာရုပုပ္ဖပူဇကမထေရ်သည် ဤဂါထာတို့ကို မိန့်ဆိုတော်မူ၏။

လေးခုမြောက် ကက္ကာရုပုပ္ဖပူဇကတ္ထေရအပဒါန် ပြီး၏။

---

## ၅-မန္ဒာရဝပုပ္ဖပူဇကတ္ထေရအပဒါန်

၂၅။ (ထိုအခါ) ငါသည် နတ်သားဖြစ်လျက် သိခီမြတ်စွာဘုရားကို ပူဇော်ခဲ့၏၊ မန္ဒာရဝနတ်ပန်းဖြင့် မြတ်စွာဘုရားအား တင်လှူပူဇော်ခဲ့၏။

၂၆။ နတ်ပန်းသည် ခုနစ်ရက်ပတ်လုံး မြတ်စွာဘုရား၌ အမိုးဖြစ်၏၊ လူခပ်သိမ်းတို့သည် အညီအညွတ်လာကြကုန်၍ မြတ်စွာဘုရားအား ရှိခိုးကြကုန်၏။

၂၇။ ဤဘဒ္ဒကမ္ဘာမှ သုံးဆယ့်တကမ္ဘာထက်၌ မန္ဒာရဝနတ်ပန်း လှူဒါန်းခဲ့ရသော အခါမှစ၍ ငါသည် အပါယ်လေးပါး လားရသည်ကို မသိစဘူးပေ၊ ဤသို့ဖြစ်ရခြင်းသည် မြတ်စွာဘုရားအား ပူဇော်ရခြင်း၏ အကျိုးပေတည်း။

၂၈။ ဤဘဒ္ဒကမ္ဘာမှ ဆယ်ခုမြောက်ကမ္ဘာထက်၌လည်း ရတနာခုနစ်ပါးနှင့် ပြည့်စုံသည်ဖြစ်၍ များမြတ်သည့်ဗိုလ်ပါအင်အားရှိသော ဇုတိန္ဓရအမည်ရှိသော စကြဝတေးမင်းဖြစ်ဘူး၏။

http://www.dhammadownload.com



၂၉။ လေးပါးသော ပဋိသမ္ဘိဒါတို့ကိုလည်းကောင်း ရှစ်ပါးသော ဤဝိမောက္ခတို့ကိုလည်းကောင်း ခြောက်ပါးသော အဘိညာဉ်တို့ကိုလည်းကောင်း မျက်မှောက်ပြုအပ်ပါကုန်ပြီ၊ မြတ်စွာဘုရား၏ အဆုံးအမတော်ကို လိုက်နာကျင့်သုံးပြီးပါပြီ။

ဤသို့လျှင် အသျှင်မန္ဒာရဝပုပ္ဖပူဇကမထေရ်သည် ဤဂါထာတို့ကို မိန့်ဆိုတော်မူ၏။

ငါးခုမြောက် မန္ဒာရဝပုပ္ဖပူဇကတ္ထေရအပဒါန် ပြီး၏။

---

## ၆-ကဒမ္ဗပုပ္ဖိယတ္ထေရအပဒါန်

၃၀။ ဟိမဝန္တာတောင်၏အနီး၌ ကုက္ကုရမည်သော တောင်ရှိ၏၊ ထိုတောင်ခြေရင်း၌ ပစ္စေကဗုဒ္ဓါ ခုနစ်ပါးတို့သည် နေတော်မူကြကုန်၏။

၃၁။ ငါသည် ထွက်သောလမင်းကဲ့သို့ ကားကားစွင့်စွင့် ပွင့်သော ထိန်ပန်းကို မြင်လတ်၍ လက်နှစ်ဖက်တို့ဖြင့် ယူပြီးလျှင် ပစ္စေကဗုဒ္ဓါခုနစ်ပါးတို့ကို ကြဲဖြန့်ပူဇော်၏။

၃၂။ ဤဘဒ္ဒကမ္ဘာမှ ကိုးဆယ့်လေးကမ္ဘာထက်၌ ထိန်ပန်းကို လှူဒါန်းခဲ့ရသော အခါမှစ၍ အပါယ်လေးပါး လားရသည်ကို မသိစဖူးပေ၊ ဤသို့ဖြစ်ရခြင်းသည် ပစ္စေကဗုဒ္ဓါတို့ကို ပူဇော်ရခြင်း၏ အကျိုးပေတည်း။

၃၃။ ဤဘဒ္ဒကမ္ဘာမှ ကိုးဆယ့်နှစ်ကမ္ဘာထက်၌ ရတနာခုနစ်ပါးနှင့် ပြည့်စုံသည်ဖြစ်၍ များစွာမြတ်သည့် ဗိုလ်ပါအင်အားရှိကုန်သော ပုပ္ဖအမည်ရှိကုန်သော စကြဝတေးမင်းတို့သည် ခုနစ်ကြိမ် ဖြစ်ဘူးကုန်၏။

၃၄။ လေးပါးသော ပဋိသမ္ဘိဒါတို့ကိုလည်းကောင်း ရှစ်ပါးသော ဤဝိမောက္ခတို့ကိုလည်းကောင်း ခြောက်ပါးသော အဘိညာဉ်တို့ကိုလည်းကောင်း မျက်မှောက်ပြုအပ်ပါကုန်ပြီ၊ မြတ်စွာဘုရား၏ အဆုံးအမတော်ကို လိုက်နာကျင့်သုံးပြီးပါပြီ။

ဤသို့လျှင် အသျှင်ကဒမ္ဗပုပ္ဖိယမထေရ်သည် ဤဂါထာတို့ကို မိန့်ဆိုတော်မူ၏။

ခြောက်ခုမြောက် ကဒမ္ဗပုပ္ဖိယတ္ထေရအပဒါန် ပြီး၏။

---

## ၇-တိဏသန္ထာရကတ္ထေရအပဒါန်

၃၅။ ဟိမဝန္တာတောင်၏ အနီး၌ ဘူတဂဏမည်သော တောင်ရှိ၏၊ အလိုလိုသိတော်မူသည်ဖြစ်၍ လောကမှ ထွက်မြောက်တော်မူသော တဆူတည်းသော သိခီမြတ်စွာဘုရားသည် ထိုဘူတဂဏတောင်၌ သီတင်းသုံးနေတော်မူ၏။

၃၆။ ထိုအခါ ငါသည် စပယ်ပန်းကို ယူ၍ သိခီမြတ်စွာဘုရားအား တင်လှူပူဇော်၏၊ တခုယုတ်ကမ္ဘာတသိန်းပတ်လုံး (ကိုးသောင်းကိုးထောင် ကိုးရာကိုးဆယ့်ကိုးကမ္ဘာပတ်လုံး) အပါယ်လေးပါးသို့ မလားမရောက်ရချေ။

၃၇။ ဤဘဒ္ဒကမ္ဘာမှ တဆယ့်တကမ္ဘာထက်၌ ရတနာခုနစ်ပါးနှင့် ပြည့်စုံသည်ဖြစ်၍ များစွာမြတ်သည့် ဗိုလ်ပါအင်အားရှိသော ရေဏီရှဟမည်သော စကြဝတေးမင်း တကြိမ်ဖြစ်ခဲ့၏။

http://www.dhammadownload.com



၃၈။ လေးပါးသော ပဋိသမ္ဘိဒါတို့ကိုလည်းကောင်း ရှစ်ပါးသော ဝိမောက္ခတို့ကိုလည်းကောင်း ခြောက်ပါးသော အဘိညာဉ်တို့ကိုလည်းကောင်း မျက်မှောက်ပြုအပ်ပါကုန်ပြီ၊ မြတ်စွာဘုရား၏ အဆုံးအမတော်ကို လိုက်နာကျင့်သုံးပြီးပါပြီ။

ဤသို့လျှင် အသျှင်တိဏသူလကမထေရ်သည် ဤဂါထာတို့ကို မိန့်ဆိုတော်မူ၏။

ခုနစ်ခုမြောက် တိဏသူလကတ္ထေရအပဒါန် ပြီး၏။

## ၈-နာဂပုပ္ဖိယတ္ထေရအပဒါန်

၃၉။ ဗေဒင်အရာ၌ တဖက်ကမ်းရောက် တတ်မြောက်သော အမည်အားဖြင့် သုဝစ္ဆဟု ထင်ရှားသော ပုဏ္ဏားသည် မိမိတပည့်တို့ဖြင့် ခြံရံလျက် တောင်တို့၏အတွင်း၌ နေ၏။

၄၀။ လျှုဒါန်းဖွယ် ဝတ္ထုတို့ကို ခံတော်မူထိုက်သော ထိုပဒုမုတ္တရမြတ်စွာဘုရားသည် ငါ့ကို သံသရာမှ ထုတ်ဆောင်လိုသည်ဖြစ်၍ ငါ၏အထံသို့ ကြွလာတော်မူ၏။

၄၁။ ကောင်းကင်၌ စင်္ကြံ ကြွတော်မူ၏၊ အခိုးလွှတ်တော်မူ၏၊ ထိုမှတပါး အလျှံ တောက်ပတော်မူ၏၊ ငါ၏စိတ်နှလုံး ရွှင်ပျခြင်းကို သိတော်မူ၍ အရှေ့အရပ်သို့ ဖဲကြွသွားတော်မူ၏။

၄၂။ ကြက်သီးမွေးညှင်းထလောက်အောင် မဖြစ်စဘူးထူးကဲသော ထိုအံ့ဩဖွယ်ကိုလည်း မြင်ရ၍ ငါသည် ကံ့ကော်ပန်းကို ယူပြီးလျှင် ကြွတော်မူရာ လမ်းခရီး၌ ကြဲဖြန့်ပူဇော်၏။

၄၃။ ဤဘဒ္ဒကမ္ဘာမှ ကမ္ဘာတသိန်းထက်၌ အကြင်ကံ့ကော်ပန်းကို ငါသည် ကြဲဖြန့်ပူဇော်ခဲ့၏၊ ထိုကံ့ကော်ပန်းကို ကြဲဖြန့်ပူဇော်ရသော စိတ်ကြည်လင်မှုကြောင့်, ငါသည် အပါယ်လေးပါးသို့ မလားမရောက်ရပေ။

၄၄။ ကမ္ဘာသုံးထောင့်တရာထက်၌ ရတနာခုနစ်ပါးနှင့် ပြည့်စုံသည်ဖြစ်၍ များမြတ်သည့် ဗိုလ်ပါအင်အားရှိသော မဟာရဟမည်သော စကြဝတေးမင်း ဖြစ်ခဲ့၏။

၄၅။ လေးပါးသော ပဋိသမ္ဘိဒါတို့ကိုလည်းကောင်း ရှစ်ပါးသော ဝိမောက္ခတို့ကိုလည်းကောင်း ခြောက်ပါးသော အဘိညာဉ်တို့ကိုလည်းကောင်း မျက်မှောက်ပြုအပ်ပါကုန်ပြီ၊ မြတ်စွာဘုရား၏ အဆုံးအမတော်ကို လိုက်နာကျင့်သုံးပြီးပါပြီ။

ဤသို့လျှင် အသျှင်နာဂပုပ္ဖိယမထေရ်သည် ဤဂါထာတို့ကို မိန့်ဆိုတော်မူ၏။

ရှစ်ခုမြောက် နာဂပုပ္ဖိယတ္ထေရအပဒါန် ပြီး၏။

## ၉-ပုန္နာဂပုပ္ဖိယတ္ထေရအပဒါန်

၄၆။ (ထိုအခါ) မုဆိုးဖြစ်သော ငါသည် ငှက်စသည်တို့၏ တွန်မြူးရာဖြစ်သော တောသို့ သက်ဝင်၍ နေ၏၊ ပွင့်သော ပုန်းညက်ပန်းကို မြင်သဖြင့် ဘုရားမြတ်ကို အောက်မေ့၏။

၄၇။ တင့်တယ်လှပသည်ဖြစ်၍ ကောင်းသော ရနံ့တို့ဖြင့် ကြိုင်လှိုင်အပ်သော ထိုပုန်းညက်ပန်းကို ဆွတ်ခူးပြီးလျှင် သဲတို့ကို စေတီပြုလုပ်၍ မြတ်စွာဘုရားအား တင်လှူပူဇော်၏။

http://www.dhammadownload.com



၄၈။ ဤဘဒ္ဒကမ္ဘာမှ ကိုးဆယ့်နှစ်ကမ္ဘာထက်၌ ပုန်းညက်ပန်းကို တင်လှူပူဇော်ခဲ့ရသော အခါမှစ၍ အပါယ်လေးပါး လားရသည်ကို မသိစဘူးပေ၊ဤသို့ဖြစ်ရခြင်းသည် ဘုရားအား ပန်းပူဇော်ရခြင်း၏ အကျိုးပေတည်း။

၄၉။ ကိုးဆယ့်တကမ္ဘာထက်၌ ရတနာ့ခုနစ်ပါးနှင့် ပြည့်စုံသည်ဖြစ်၍ မျှားမြတ်သည့် ဗိုလ်ပါအင်အားရှိသော တမောနုဒ မည်သော စကြာဝတေးမင်း တကြိမ် ဖြစ်ခဲ့၏။

၅၀။ လေးပါးသော ပဋိသမ္ဘိဒါတို့ကိုရင်း ရှစ်ပါးသော ဤဝိမောက္ခတို့ကိုရင်း ခြောက်ပါးသော အဘိညာဉ်တို့ကိုရင်း မျက်မှောက်ပြုအပ်ပါကုန်ပြီ၊ မြတ်စွာဘုရား၏ အဆုံးအမတော်ကို လိုက်နာကျင့်သုံးပြီးပါပြီ။

ဤသို့လျှင် အသျှင်ပုန္နာဂပုပ္ဖိယမထေရ်သည် ဤဂါထာတို့ကို မိန့်ဆိုတော်မူ၏။

ကိုးခုမြောက် ပုန္နာဂပုပ္ဖိယတ္ထေရအပဒါန် ပြီး၏။

---

## ၁၀-ကုမုဒဒါယကတ္ထေရအပဒါန်

၅၁။ ဟိမဝန္တာတောင်၏အနီး၌ ပဒုမာကြာ ဥပ္ပလကြာတို့ဖြင့် ကောင်းစွာဖုံးလွှမ်းအပ်သည်ဖြစ်၍ ပုဏ္ဍရိက်ကြာတို့ဖြင့် လွှမ်းမိုးသော အိုင်ကြီးသည် ရှိ၏။

၅၂။ ထိုအခါ ငါသည် ထိုအိုင်၌ သီလရှိသည် ပညာနှင့် ပြည့်စုံသည်ဖြစ်၍ ကုသိုလ် အကုသိုလ်တို့၌ လိမ္မာသော ကုကုတ္ထအမည်ရှိသော ငှက်သည် ဖြစ်ခဲ့၏။

၅၃။ လောကသုံးပါးကို သိတော်မူသည်ဖြစ်၍ လူ့ဒါန်းဖွယ်တွေ့တို့ကို အလှူခံတော်မူ ထိုက်သော ပဒုမုတ္တရမြတ်စွာဘုရားသည် ဇာတဿရအိုင်၏အနီး၌ ကြွလာလှည့်လည်တော်မူ၏။

၅၄။ ငါသည် ရေ၌ ပေါက်ရောက်သော ကုမုဒြာကြာကို ဖြတ်ပြီးလျှင် မြတ်စွာဘုရားအား တင်လှူပူဇော်၏၊ ပဒုမုတ္တရမြတ်စွာဘုရားသည် ငါ၏အကြံအစည်ကို သိတော်မူ၍ အလှူခံယူ တော်မူ၏။

၅၅။ ငါသည် ထိုကြာပန်းအလှူကို ပေးလှူပူဇော်ပြီး၍ ဖြူစင်သော ကုသိုလ်အကြောင်းသည် တိုက်တွန်းအပ်သောကြောင့် ကမ္ဘာတသိန်းပတ်လုံး အပါယ်လေးပါးသို့ မလားမရောက် ရပေ။

၅၆။ ဤဘဒ္ဒကမ္ဘာမှ ကမ္ဘာတထောင့်ခြောက်ရာထက်၌ မျှားမြတ်သည့် ဗိုလ်ပါအင်အား ရှိကုန်သော ဝရုဏအမည်ကုန်သော ထိုစကြာဝတေးမင်းတို့သည် ရှစ်ကြိမ်ဖြစ်ဘူးကုန်၏။

၅၇။ လေးပါးသော ပဋိသမ္ဘိဒါတို့ကိုရင်း ရှစ်ပါးသော ဤဝိမောက္ခတို့ကိုရင်း ခြောက်ပါးသော အဘိညာဉ်တို့ကိုရင်း မျက်မှောက်ပြုအပ်ပါကုန်ပြီ၊ မြတ်စွာဘုရား၏ အဆုံးအမတော်ကို လိုက်နာကျင့်သုံးပြီးပါပြီ။

ဤသို့လျှင် အသျှင်ကုမုဒ ဒါယကမထေရ်သည် ဤဂါထာတို့ကို မိန့်ဆိုတော်မူ၏။

ဆယ်ခုမြောက် ကုမုဒဒါယကတ္ထေရအပဒါန် ပြီး၏။

**တဆယ့်ခြောက်ခုမြောက် ဗန္ဓုဇီဝကဝဂ် ပြီး၏။**

http://www.dhammadownload.com

# ၁၇-သုပါရိစရိယဝဂ်

## ၁-သုပါရိစရိယတ္ထေရအပဒါန်

၁။ အခြေနှစ်ချောင်းရှိသူ နတ်လူအပေါင်းတို့ကို အစိုးရသည်ဖြစ်၍ လူတို့ထက် မြတ်တော်မူသော စကျွငါးပါးနှင့်ပြည့်စုံတော်မူသော ပဒုမုတ္တရမြတ်စွာဘုရားသည် တောအုပ်မှထွက်၍ တရားကို ဟောတော်မူ၏။

၂။ မြတ်စွာဘုရား၏ မနီးမဝေး၌ နတ်တို့၏ အစည်းအဝေးသည် ဖြစ်၏၊ ယင်း အစည်းအဝေးကိုစွဖြင့် ရောက်လာကုန်သော နတ်တို့သည် ထိုတရားဟောရာအခါ၌ (ဘုရားကို) ကြည့်ရှုဖူးမြော်ကြကုန်၏။

၃။ (ထိုအခါ နတ်သားဖြစ်သော ငါသည်)မြတ်စွာဘုရား၏ အသံတော်ကိုရင်း အမြိုက်နိဗ္ဗာန်တရားဟောတော်မူခြင်းကိုရင်း သိသဖြင့် ကြည်လင် ဝမ်းမြောက်သော စိတ်ရှိသည်ဖြစ်၍ လက်ခမောင်းခတ်လျက်(ဘုရားအား)ဆည်းကပ်ခဲ့၏။

၄။ မြတ်စွာဘုရားအား ဆည်းကပ်ခြင်းဟူသော အကျင့်မြတ်၏ အကျိုးကို ရှုလော့၊ ငါသည် ကမ္ဘာသုံးသောင်းတို့ပတ်လုံး အပါယ်လေးပါးသို့ မရောက်ခဲ့ရပေ။

၅။ နှစ်ထောင့် ကိုးရာ ကိုးဆယ့် ကိုးကမ္ဘာထက်၌ ရတနာခုနစ်ပါးနှင့် ပြည့်စုံသည်ဖြစ်၍ များမြတ်သည့် ဗိုလ်ပါအင်အားရှိသော သမလက်တမည်သော စကြဝတေးမင်း ဖြစ်ခဲ့၏။

၆။ လေးပါးသော ပဋိသမ္ဘိဒါတို့ကိုရင်း ရှစ်ပါးသော ဝိမောက္ခတို့ကိုရင်း ခြောက်ပါးသော အဘိညာဉ်တို့ကိုရင်း မျက်မှောက်ပြုအပ်ပါကုန်ပြီ၊ မြတ်စွာဘုရား၏ အဆုံးအမတော်ကို လိုက်နာကျင့်သုံးပြီးပါပြီ။

ဤသို့လျှင် အသျှင်သုပါရိစရိယမထေရ်သည် ဤဂါထာတို့ကို မိန့်ဆိုတော်မူ၏။

ရှေးဦးစွာသော သုပါရိစရိယတ္ထေရအပဒါန် ပြီး၏။

---

## ၂-ကဏဝေရပုပ္ဖိယတ္ထေရအပဒါန်

၇။ လောက၏ အကြီးအမှူးဖြစ်တော်မူသော လူတို့ထက်မြတ်တော်မူသော သိဒ္ဓတ္ထအမည်ရှိတော်မူသော မြတ်စွာဘုရားသည် တပည့်အပေါင်း ခြံရံလျက် မြို့သို့ ကြွတော်မူ၏။

၈။ (ငါသည်)မင်း၏ နန်းတော်တွင်း၌ အဘိသမ္မတမည်သော နန်းတွင်းစောင့် ဖြစ်ခဲ့၏၊ (ထိုအခါ)ငါသည် ပြာသာဒ်သို့ ဝင်လတ်သော် မြတ်စွာဘုရားကို ဖူးမြင်ရ၏။

၉။ (ထိုအခါ ငါသည်) ကုလားဇလပ်ပန်းကို ယူပြီးလျှင် ရဟန်း သံဃာ၌ ကြဲဖြန့်ပူဇော်ခဲ့၏၊ မြတ်စွာဘုရားအား အသီးအခြား ပြု၍ ထို ရှေးကြဲဖြန့်သော ပန်းထက် လွန်စွာ ကြဲဖြန့်ပူဇော်ခဲ့၏။

http://www.dhammadownload.com



၁၀။ ဤဘဒ္ဒကမ္ဘာမှ ကိုးဆယ့်လေးကမ္ဘာထက်၌ ကုလားဇလပ်ပန်းကို ပူဇော်ခဲ့ရသော အခါမှစ၍ ငါသည် အပါယ်လေးပါး လားရသည်ကို မသိစဘူးပေ၊ ဤသို့ ဖြစ်ရခြင်းသည် မြတ်စွာဘုရားအား ပန်းပူဇော်ရခြင်း၏ အကျိုးပေတည်း။

၁၁။ ဤဘဒ္ဒကမ္ဘာမှ ရှစ်ဆယ့်ခုနစ်ကမ္ဘာထက်၌ ရတနာခုနစ်ပါးနှင့် ပြည့်စုံကုန်သည် ဖြစ်၍ များစွာမြတ်သည့် ဖိုလ်ပါအင်အားရှိကုန်သော တန်ခိုးကြီးမားကုန်သော စကြဝတေးမင်းတို့သည် လေးကြိမ် တိုင်တိုင် ဖြစ်ခဲ့ဘူးကုန်၏။

၁၂။ လေးပါးသော ပဋိသမ္ဘိဒါတို့ကိုလည်း ရှစ်ပါးသော ဤဝိမောက္ခတို့ကိုလည်း ခြောက်ပါးသော အဘိညာဉ်တို့ကိုလည်း မျက်မှောက်ပြုအပ်ပါကုန်ပြီ၊ မြတ်စွာဘုရား၏ အဆုံးအမတော်ကို လိုက်နာကျင့်သုံးပြီးပါပြီ။

ဤသို့လျှင် အသျှင်ကဏဝေရပုပ္ဖိယမထေရ်သည် ဤဂါထာတို့ကို မိန့်ဆိုတော်မူ၏။

**နှစ်ခုမြောက် ကဏဝေရပုပ္ဖိယတ္ထေရအပဒါန် ပြီး၏။**

---

## ၃-ခဇ္ဇကဒါယကတ္ထေရအပဒါန်

၁၃။ ငါသည် ရှေးအခါက တိဿမြတ်စွာဘုရားအား သစ်သီးကို ပေးလှူခဲ့၏၊ အုန်းသီးကိုလည်း ပေးလှူခဲ့၏၊ ကောင်းမွန်စွာ မီရင်အပ်သော ခဲဖွယ်ကိုလည်း ပေးလှူခဲ့၏။

၁၄။ ငါသည် မြတ်သော သီလက္ခန္ဓစသော ကျေးဇူးကို ရှာမှီးတော်မူသော တိဿမြတ်စွာဘုရားအား ထိုသစ်သီး ခဲဖွယ်အလုံးစုံကို ပေးလှူခဲ့ခြင်းကြောင့် အလိုရှိတိုင်းသော ကာမဂုဏ်ကိုရ၍ ငါဝမ်းမြောက်ခဲ့ရ၏၊ အလိုရှိတိုင်း ပြည့်စုံခဲ့၏။

၁၅။ ဤဘဒ္ဒကမ္ဘာမှ ကိုးဆယ့်နှစ်ကမ္ဘာထက်၌ သစ်သီးခဲဖွယ် လှူဒါန်းခဲ့ရသော အခါမှစ၍ အပါယ်လေးပါး လားရသည်ကို မသိစဘူးပေ၊ ဤသို့ဖြစ်ရခြင်းသည် သစ်သီးအလှူ၏ အကျိုးပေတည်း။

၁၆။ ဤဘဒ္ဒကမ္ဘာမှ တဆယ့်သုံးကမ္ဘာထက်၌ ရတနာခုနစ်ပါးနှင့် ပြည့်စုံသည်ဖြစ်၍ များစွာမြတ်သည့် ဗိုလ်ပါအင်အားရှိသော ဣန္ဒသမမည်သော စကြဝတေးမင်းဖြစ်ခဲ့၏။

၁၇။ လေးပါးသော ပဋိသမ္ဘိဒါတို့ကိုလည်း ရှစ်ပါးသော ဤဝိမောက္ခတို့ကိုလည်း ခြောက်ပါးသော အဘိညာဉ်တို့ကိုလည်း မျက်မှောက်ပြုအပ်ပါကုန်ပြီ၊ မြတ်စွာဘုရား၏ အဆုံးအမတော်ကို လိုက်နာကျင့်သုံးပြီးပါပြီ။

ဤသို့လျှင် အသျှင်ခဇ္ဇကဒါယကမထေရ်သည် ဤဂါထာတို့ကို မိန့်ဆိုတော်မူ၏။

**သုံးခုမြောက် ခဇ္ဇကဒါယကတ္ထေရအပဒါန် ပြီး၏။**

---

## ၄-ဒေသပူဇကတ္ထေရအပဒါန်

**၁၈။ လောက၏အကြီးအမှူးဖြစ်၍ လူတို့ထက်မြတ်တော်မူသော အတ္ထဒဿီမြတ်စွာဘုရားသည် ကောင်းကင်သို့ တက်တော်မူ၍ ကောင်းကင်ခရီးဖြင့် ကြွတော်မူ၏။**

http://www.dhammadownload.com



၁၉။ နတ်လူတို့၏ ဆရာဖြစ်တော်မူသော မြတ်စွာဘုရားသည် ရပ်လျက် အကြင်အရပ်၌ (ကောင်းကင်သို့) ပျံတက်တော်မူ၏၊ ငါသည် ထိုအရပ်ကို ကြည်ညိုသည်ဖြစ်၍ မိမိလက်တို့ဖြင့် ရှိခိုးပူဇော်ခဲ့၏။

၂၀။ (ဤဘဒ္ဒကမ္ဘာမှ)တရာ့တဆယ့်ရှစ်ကမ္ဘာထက်၌ မြတ်စွာဘုရားကို ကြည်ညိုစိတ်ဖြင့် ဖူးမြင်ခဲ့ရသောအခါမှစ၍ အပါယ်လေးပါး လားရသည်ကို မသိစဘူးပေ၊ ဤသို့ ဖြစ်ရခြင်းသည် (မြတ်စွာဘုရား ကြွတော်မူရာ) အရပ်ကို ပူဇော်ရခြင်း၏ အကျိုးပေတည်း။

၂၁။ တရာ့တဆယ့်တကမ္ဘာထက်၌ ရတနာခုနစ်ပါးနှင့် ပြည့်စုံသည်ဖြစ်၍ များမြတ်သည့် ဗိုလ်ပါအင်အားရှိသော ဂေါသုဇာတမည်သော စကြဝတေးမင်း ဖြစ်ခဲ့၏။

၂၂။ လေးပါးသော ပဋိသမ္ဘိဒါတို့ကိုရင်း ရှစ်ပါးသော ဤဝိမောက္ခတို့ကိုရင်း ခြောက်ပါးသော အဘိညာဉ်တို့ကိုရင်း မျက်မှောက်ပြုအပ်ပါကုန်ပြီ၊ မြတ်စွာဘုရား၏ အဆုံးအမတော်ကို လိုက်နာကျင့်သုံးပြီးပါပြီ။

ဤသို့လျှင် အသျှင်ဒေသပူဇကမထေရ်သည် ဤဂါထာတို့ကို မိန့်ဆိုတော်မူ၏။

လေးခုမြောက် ဒေသပူဇကတ္ထေရအပဒါန် ပြီး၏။

---

## ၅-ကဏိကာရဆတ္တိယတ္ထေရအပဒါန်

၂၃။ လောက၏ အကြီးအမှူးဖြစ်၍ လူတို့ထက် မြတ်တော်မူသော သစ္စာလေးပါးကို ကိုယ်တိုင်သိတော်မူသော ဝေဿဘူ မြတ်စွာဘုရားသည် နေ့သန့်စင်ခြင်း(နေ့အခါ သီတင်းသုံးနေထိုင်ခြင်း)ငှါ မဟာဝုန်တောသို့ ဝင်တော်မူ၏။

၂၄။ ထိုအခါ ငါသည် မဟာလှေကားပန်းကို ဆွတ်ခူး၍ ထီးပြုလုပ်လျက် ပန်းအမိုးကို ပြုပြီးလျှင် မြတ်စွာဘုရားအား စိုက်ထူပူဇော်ခဲ့၏။

၂၅။ ဤဘဒ္ဒကမ္ဘာမှ သုံးဆယ့်တကမ္ဘာထက်၌ မဟာလှေကားပန်းထီးကို စိုက်ထူပူဇော်ခဲ့ရသော အခါမှစ၍ အပါယ်လေးပါး လားရသည်ကို မသိစဘူးပေ၊ ဤသို့ဖြစ်ရခြင်းသည် ဘုရားအား ပန်းပူဇော်ရခြင်း၏ အကျိုးပေတည်း။

၂၆။ ဤဘဒ္ဒကမ္ဘာမှ ကမ္ဘာနှစ်ဆယ်ထက်၌ ရတနာခုနစ်ပါးတို့နှင့် ပြည့်စုံကုန်သည်ဖြစ်၍ များမြတ်သည့် ဗိုလ်ပါအင်အားရှိကုန်သော သောဏ္ဏာဘမည်ကုန်သော စကြဝတေးမင်းတို့သည် ရှစ် ကြိမ်တိုင်တိုင် ဖြစ်ခဲ့ဘူးကုန်၏။

၂၇။ လေးပါးသော ပဋိသမ္ဘိဒါတို့ကိုရင်း ရှစ်ပါးသော ဤဝိမောက္ခတို့ကိုရင်း ခြောက်ပါးသော အဘိညာဉ်တို့ကိုရင်း မျက်မှောက်ပြုအပ်ပါကုန်ပြီ၊ မြတ်စွာဘုရား၏ အဆုံးအမတော်ကို လိုက်နာကျင့်သုံးပြီးပါပြီ။

ဤသို့လျှင် အသျှင်ကဏိကာရဆတ္တိယမထေရ်သည် ဤဂါထာတို့ကို မိန့်ဆိုတော်မူ၏။

ငါးခုမြောက် ကဏိကာရဆတ္တိယတ္ထေရအပဒါန် ပြီး၏။

http://www.dhammadownload.com



## ၆-သပ္ပိဒါယကတ္ထေရအပဒါန်

၂၈။ လှူဒါန်းဖွယ် ပစ္စည်းဝတ္ထုတို့ကို ခံယူတော်မူထိုက်သော ရဲရင့်တော်မူသော ဖုဿ အမည်ရှိသော မြတ်စွာဘုရားသည် များစွာသော လူအပေါင်းကို ငြိမ်းအေးစေလျက် လမ်းခရီး၌ ကြွသွားတော်မူ၏။

၂၉။ မြတ်စွာဘုရားသည် ငါ၏အထံသို့ အစဉ်အတိုင်းကြွရောက်တော်မူ၏၊ငါသည် ထိုဘုရား ကြွလာတော်မူသောအခါ၌ ဘုရားရှင်၏ သပိတ်တော်ကို ယူပြီးလျှင် ထောပတ်ဆီကို ပေးလှူခဲ့၏။

၃၀။ ဤဘဒ္ဒကမ္ဘာမှ ကိုးဆယ့်နှစ်ကမ္ဘာထက်၌ ထောပတ်ကို ပေးလှူခဲ့ရသော အခါမှစ၍ အပါယ်လေးပါး လားရသည်ကို မသိစဘူးပေ၊ ဤသို့ဖြစ်ရခြင်းသည် ထောပတ်ကို ပေးလှူရခြင်း၏ အကျိုးပေတည်း။

၃၁။ ဤဘဒ္ဒကမ္ဘာမှ ငါးဆယ့်ခြောက်ကမ္ဘာထက်၌ ရတနာခုနစ်ပါးနှင့် ပြည့်စုံသည်ဖြစ်၍ များမြတ်သည့် ဗိုလ်ပါအင်အားရှိသော သမောဒကမည်သော စကြဝတေးမင်း တကြိမ် ဖြစ်ခဲ့ဘူး၏။

၃၂။ လေးပါးသော ပဋိသမ္ဘိဒါတို့ကိုရင်း ရှစ်ပါးသော ဤဝိမောက္ခတို့ကိုရင်း ခြောက်ပါးသော အဘိညာဉ်တို့ကိုရင်း မျက်မှောက်ပြုအပ်ပါကုန်ပြီ၊ မြတ်စွာဘုရား၏ အဆုံးအမတော်ကို လိုက်နာကျင့်သုံးပြီးပါပြီ။

ဤသို့လျှင် အသျှင်သပ္ပိဒါယကမထေရ်သည် ဤဂါထာတို့ကို မိန့်ဆိုတော်မူ၏။

ခြောက်ခုမြောက် သပ္ပိဒါယကတ္ထေရအပဒါန် ပြီး၏။

---

## ၇-ယူထိကပုပ္ဖိယတ္ထေရအပဒါန်

၃၃။ ငါသည် စန္ဒဘာဂါမြစ်ကမ်း၌ အောက်အကြေသို့ သွား၏၊ ပင်လုံးကျွတ် ပွင့်သော အင်ကြင်းပင်မင်းကဲ့သို့ တင့်တယ်သော မြတ်စွာဘုရားကို ထိုအရပ်၌ ဖူးမြင်ရ၏။

၃၄။ ထိုအခါ ဇွန်ပန်းကို ယူပြီးလျှင် မြတ်စွာဘုရားထံသို့ ချဉ်းကပ်၏၊ ကြည်ညိုဝမ်းမြောက်သော စိတ်ရှိသည်ဖြစ်၍ မြတ်စွာဘုရားအား ကပ်လှူပူဇော်၏။

၃၅။ ဤဘဒ္ဒကမ္ဘာမှ ကိုးဆယ့်လေးကမ္ဘာထက်၌ ဇွန်ပန်းကို တင်လှူ ပူဇော်ခဲ့ရသော အခါမှစ၍ အပါယ်လေးပါး လားရသည်ကို မသိစဘူးပေ၊ ဤသို့ ဖြစ်ရခြင်းသည် မြတ်စွာဘုရားအား ပန်းကို ပူဇော်ရခြင်း၏ အကျိုးပေတည်း။

၃၆။ ဤဘဒ္ဒကမ္ဘာမှ ခြောက်ဆယ့်ခုနစ်ကမ္ဘာထက်၌ ရတနာခုနစ်ပါးနှင့် ပြည့်စုံသည်ဖြစ်၍ များမြတ်သည့် ဗိုလ်ပါအင်အားရှိသော သာမုဒ္ဒရ မည်သော စကြဝတေးမင်း တကြိမ် ဖြစ်ခဲ့၏။

http://www.dhammadownload.com



၃၇။ လေးပါးသော ပဋိသမ္ဘိဒါတို့ကိုလည်းကောင်း ရှစ်ပါးသော ဤဝိမောက္ခတို့ကိုလည်းကောင်း ခြောက်ပါးသော အဘိညာဉ်တို့ကိုလည်းကောင်း မျက်မှောက်ပြုအပ်ပါကုန်ပြီ၊ မြတ်စွာဘုရား၏ အဆုံးအမတော်ကို လိုက်နာကျင့်သုံးပြီးပါပြီ။

ဤသို့လျှင် အသျှင်ယူထိကပုပ္ဖိယမထေရ်သည် ဤဂါထာတို့ကို မိန့်ဆိုတော်မူ၏။

ခုနစ်ခုမြောက် ယူထိကပုပ္ဖိယတ္ထေရအပဒါန် ပြီး၏။

---

## ၈-ဒုဿဒါယကတ္ထေရအပဒါန်

၃၈။ ထိုအခါ ငါသည် မွေလျော်ဖွယ်ကောင်းသော တိဝရာပြည်၌ မင်းသားဖြစ်၏၊ ငါသည် လက်ဆောင် (ပုဆိုး)ကို ရသဖြင့် ကိလေသာ ငြိမ်းပြီးတော်မူသော မြတ်စွာဘုရားအား ပေးလှူခဲ့၏။

၃၉။ မြတ်စွာဘုရားသည် အလှူခံတော်မူ၏၊ အဝတ်ပုဆိုးသစ်ကို လက်ဖြင့် သုံးသပ်တော်မူ၏၊ သိဒ္ဓတ္ထမြတ်စွာဘုရားသည် အလှူခံတော်မူ၍ ငှက်တို့ ရှင်ဘုရင် ကောင်းကင်သို့ ပျံတက်ကြွသွားတော်မူ၏။

၄၀။ ကြွသွားတော်မူသော မြတ်စွာဘုရား၏ နောက်မှ ပုဆိုးတို့သည် လိုက်ကြကုန်၏၊ ငါတို့၏ မြတ်စွာဘုရားသည် အမြတ်ဆုံး ပုဂ္ဂိုလ်ပေတည်းဟု ထိုမြတ်စွာဘုရား၌ စိတ်ကို ကြည်လင်စေခဲ့၏။

၄၁။ ဤဘဒ္ဒကမ္ဘာမှ ကိုးဆယ့်လေးကမ္ဘာထက်၌ ပုဆိုးလှူဒါန်းခဲ့ရသော အခါမှစ၍ အပါယ်လေးပါး လားရသည်ကို မသိစဘူးပေ၊ ဤသို့ဖြစ်ရခြင်းသည် ပုဆိုးကို ပေးလှူရခြင်း၏ အကျိုးပေတည်း။

၄၂။ ဤဘဒ္ဒကမ္ဘာမှ ခြောက်ဆယ့် ခုနစ်ကမ္ဘာထက်၌ များမြတ်သည့် ဗိုလ်ပါအင်အားရှိသော လူတို့ကို အစိုးရသော ပရိသုဒ္ဓမည်သော စကြဝတေးမင်း ဖြစ်ခဲ့၏။

၄၃။ လေးပါးသော ပဋိသမ္ဘိဒါတို့ကိုလည်းကောင်း ရှစ်ပါးသော ဤဝိမောက္ခတို့ကိုလည်းကောင်း ခြောက်ပါးသော အဘိညာဉ်တို့ကိုလည်းကောင်း မျက်မှောက်ပြုအပ်ပါကုန်ပြီ၊ မြတ်စွာဘုရား၏ အဆုံးအမတော်ကို လိုက်နာကျင့်သုံးပြီးပါပြီ။

ဤသို့လျှင် အသျှင်ဒုဿဒါယကမထေရ်သည် ဤဂါထာတို့ကို မိန့်ဆိုတော်မူ၏။

ရှစ်ခုမြောက် ဒုဿဒါယကတ္ထေရအပဒါန် ပြီး၏။

---

## ၉-သမာဒပကတ္ထေရအပဒါန်

၄၄။ ဗန္ဓုမတီမြို့၌ ကောင်းမှု ကုသိုလ်ပြုသော အသင်း အဖွဲ့ သည် ရှိ၏၊ ထိုအသင်းသားအပေါင်းတို့တွင် ငါသည် အကြီးအမှူး(ဥက္ကဋ္ဌ) ဖြစ်၏၊ အသင်းသားတို့သည်လည်း ငါနှင့် ဆက်သွယ်၍ လှူညီလည်ကုန်၏။

http://www.dhammadownload.com



၄၅။ (သံဃာတော်သည်) အမြတ်ဆုံး ကောင်းမှုမျိုးစေ့၏ စိုက်ပျိုးရာ လယ်ယာ မြေကောင်းသဖွယ် ဖြစ်တော်မူပါပေ၏၊ သံဃာတော်အား တန်ဆောင်းဝန်းကို ပြုလုပ်လှူဒါန်းကုန်အံ့ဟု ငါသည် ထိုအသင်းသားအားလုံးတို့ကို စည်းဝေးစေ၍ ကုသိုလ်ကောင်းမှု၌ ဆောက်တည်စေခဲ့၏။

၄၆။ ထိုအသင်းသားတို့သည် ကောင်းပါပြီဟု ဝန်ခံကုန်၍ ငါ၏အလိုသို့ လိုက်ကြကုန်၏၊ ထိုတန်ဆောင်းဝန်းကို ပြီးဆုံးစေပြီးလျှင် ဝိပဿီ မြတ်စွာဘုရားအား လှူဒါန်းကြကုန်၏။

၄၇။ ဤဘဒ္ဒကမ္ဘာမှ ကိုးဆယ့်တကမ္ဘာထက်၌ တန်ဆောင်းဝန်းကိုလှူဒါန်းခဲ့ရသောအခါမှစ၍ အပါယ်လေးပါး လားရသည်ကို မသိစဘူးပေ၊ ဤသို့ ဖြစ်ရခြင်းသည် တန်ဆောင်းဝန်း လှူရခြင်း၏ အကျိုးပေတည်း။

၄၈။ ခြောက်ဆယ့်ကိုးကမ္ဘာထက်၌ များမြတ်သည့် ဗိုလ်ပါအင်အား ရှိသော အာဒေယျ မည်သော စကြဝတေးမင်း တကြိမ် ဖြစ်ခဲ့၏။

၄၉။ လေးပါးသော ပဋိသမ္ဘိဒါတို့ကိုရင်း ရှစ်ပါးသော ဤဝိမောက္ခတို့ကိုရင်း ခြောက်ပါးသော အဘိညာဉ်တို့ကိုရင်း မျက်မှောက်ပြုအပ်ပါကုန်ပြီ၊ မြတ်စွာဘုရား၏ အဆုံးအမတော်ကို လိုက်နာကျင့်သုံးပြီးပါပြီ။

ဤသို့လျှင် အသျှင်သမာဒပကမထေရ်သည် ဤဂါထာတို့ကို မိန့်ဆိုတော်မူ၏။

ကိုးခုမြောက် သမာဒပကတ္ထေရအပဒါန် ပြီး၏။

---

## ၁၀-ပဉ္စင်္ဂုလိယတ္ထေရအပဒါန်

၅၀။ လောက၏အကြီးအမှူး ဖြစ်တော်မူ၍ လူတို့ထက် မြတ်တော်မူသော တိဿအမည်ရှိတော်မူသော မြတ်စွာဘုရားသည် ပွင့်တော်မူ၏၊ နေထိုင်တော်မူခြင်း၌ လိမ္မာတော်မူသော မြတ်စွာဘုရားသည် ဂန္ဓကုဋီသို့ ဝင်တော်မူ၏။

၅၁။ ထိုအခါ ငါသည် ရနံ့မွှေးကြိုင်သော ပန်းကိုယူ၍ မြတ်စွာဘုရားအထံသို့ သွား၏၊ ငါသည် တိုးတိုးသာသာ ပြောသော အသံရှိလျက် မြတ်စွာဘုရား၌ လက်ငါးချောင်းဖြင့် နံ့သာလိမ်းကျံခြင်း အလှူကို ပေးလှူပူဇော်ခဲ့၏။

၅၂။ ဤဘဒ္ဒကမ္ဘာမှ ကိုးဆယ့်နှစ်ကမ္ဘာထက်၌ နံ့သာကို ပေးလှူခဲ့ရသော အခါမှစ၍ အပါယ်လေးပါး လားရသည်ကို မသိစဘူးပေ၊ ဤသို့ဖြစ်ရခြင်းသည် လက်ငါးချောင်းဖြင့် နံ့သာလိမ်းကျံခြင်း အလှူ၏ အကျိုးပေတည်း။

၅၃။ ဤဘဒ္ဒကမ္ဘာမှ ခုနစ်ဆယ့်နှစ်ကမ္ဘာထက်၌ ရတနာခုနစ်ပါးနှင့် ပြည့်စုံသည်ဖြစ်၍ များမြတ်သည့် ဗိုလ်ပါအင်အားရှိသော သယမ္ဗဘမည်သော စကြဝတေးမင်း ဖြစ်ခဲ့၏။

http://www.dhammadownload.com



၃၄။ လေးပါးသော ပဋိသမ္ဘိဒါတို့ကိုလည်း ရှစ်ပါးသော ဤဝိမောက္ခတို့ကိုလည်း ခြောက်ပါးသော အဘိညာဉ်တို့ကိုလည်း မျက်မှောက်ပြုအပ်ပါကုန်ပြီ၊ မြတ်စွာဘုရား၏ အဆုံးအမတော်ကို လိုက်နာကျင့်သုံးပြီးပါပြီ။

ဤသို့လျှင် အသျှင်ပဥ္စင်္ဂုလိယမထေရ်သည် ဤဂါထာတို့ကို မိန့်ဆိုတော်မူ၏။

**ဆယ်ခုမြောက် ပဥ္စင်္ဂုလိယတ္ထေရအပဒါန် ပြီး၏။**

**တဆယ့်ခုနစ်ခုမြောက်-သုပါရိစရိယဝဂ် ပြီး၏။**

http://www.dhammadownload.com

# ၁၈-ကုမုဒဝဂ်

## ၁-ကုမုဒမာလိယတ္ထေရအပဒါန်

၁။ ဟိမဝန္တာတောင်၌ အိုင်ကြီးသည် ရှိ၏၊ (ငါသည်)ထိုအိုင်၌ ဖြစ်သော ကြမ်းကြုတ်ခြင်းသဘောရှိ၍ ခွန်အားကြီးမားသော ရေစောင့်ဘီလူး ဖြစ်ခဲ့၏။

၂။ ထိုအိုင်ကြီး၌ ကုမုဒြာကြာသည် ပွင့်၏၊ (ပန်းတို့သည်)လည်းဘီးစက်မျှ ဖြစ်ကုန်၏၊ ထိုအခါ ငါသည် ပူဇော်ရန် ပန်းအပေါင်းကို ဆွတ်ခူး၏။

၃။ ထိုအခါ အခြေနှစ်ချောင်းရှိသူ နတ်လူတို့ကို အစိုးရသည်ဖြစ်၍ လူတို့ထက် မြတ်တော်မူသော အတ္ထဒဿီ မြတ်စွာဘုရားသည် စုပုံထားသော ပန်းကို မြင်တော်မူ၍ ငါ၏အထံသို့ ကြွလာတော်မူ၏။

၄။ လူတို့ထက် မြတ်၍ နတ်ထက်နတ်ဖြစ်တော်မူသော မြတ်စွာဘုရားကို (ဖူးမြင်ရ၍) ပန်းအားလုံးကို ယူပြီးလျှင် မြတ်စွာဘုရားအား တင်လျှုပူဇော်ခဲ့၏။

၅။ ထိုအခါ၌ ဟိမဝန္တာအဆုံး ပရိသတ်ရှိသလောက် ပန်းအမိုးနှင့် ပြည့်စုံသည်ဖြစ်၍ မြတ်စွာဘုရားသည် ကြွသွားတော်မူ၏။

၆။ ကမ္ဘာတထောင့်ရှစ်ရာထက်၌ ကုမုဒြာကြာပန်းကို လျှုဒါန်းခဲ့ရသော အခါမှစ၍ အပါယ်လေးပါး လားရသည်ကို မသိစဘူးပေ၊ ဤသို့ဖြစ်ရခြင်းသည် မြတ်စွာဘုရားအား ကြာပန်းပူဇော်ရခြင်း၏ အကျိုးပေတည်း။

၇။ ဤဘဒ္ဒကမ္ဘာမှ တဆယ့်ငါးကမ္ဘာထက်၌ များမြတ်သည့် ဗိုလ်ပါအင်အားရှိကုန်သော သဟာဿရထမည်ကုန်သော လူတို့ကို အစိုးရသော စကြဝတေးမင်းတို့သည် ခုနစ်ကြိမ်တိုင်တိုင် ဖြစ်ခဲ့ဘူးကုန်၏။

၈။ လေးပါးသော ပဋိသမ္ဘိဒါတို့ကိုရင်း ရှစ်ပါးသော ဤဝိမောက္ခတို့ကိုရင်း ခြောက်ပါးသော အဘိညာဉ်တို့ကိုရင်း မျက်မှောက် ပြုအပ်ပါကုန်ပြီ၊ မြတ်စွာဘုရား၏ အဆုံးအမတော်ကိုလိုက်နာကျင့်သုံးပြီးပါပြီ။

ဤသို့လျှင် အသျှင်ကုမုဒမာလိယမထေရ်သည် ဤဂါထာတို့ကို မိန့်ဆိုတော်မူ၏။

ရှေးဦးစွာသော ကုမုဒမာလိယတ္ထေရအပဒါန် ပြီး၏။

---

## ၂-နိသေဏိဒါယကတ္ထေရအပဒါန်

၉။ လောက၏ အကြီးအမှူးဖြစ်၍ တာဒိဂုဏ်နှင့် ပြည့်စုံတော်မူသော ကောဏ္ဍညမြတ်စွာဘုရားအား ပြာသာဒ်သို့ တက်ရန်အလို့ငှါ ငါသည် လှေကားကို ပြုလုပ် (လှူဒါန်း) ခဲ့၏။

http://www.dhammadownload.com



၁၀။ ထိုပြုလုပ်လှူဒါန်းရသော စိတ်၏ ကြည်လင်မှုကြောင့် စည်းစိမ်ချမ်းသာ၏ ပြည့်စုံခြင်းတို့ကို အစဉ်ခံစားရ၍ (ဤဂေါတမ)မြတ်စွာဘုရား သာသနာတော်၌ အဆုံးဖြစ်သော ခန္ဓာကိုယ်ကို ဆောင်ရ၏။

၁၁။ ကမ္ဘာသုံးသောင်း တထောင်ထက်၌ များစွာမြတ်သည့် ဗိုလ်ပါအင်အား ရှိကုန်သော သမ္ဗဟုလ မည်ကုန်သော စကြဝတေးမင်းတို့သည် သုံးကြိမ်တိုင်တိုင် ဖြစ်ခဲ့ဘူးကုန်၏။

၁၂။ လေးပါးသော ပဋိသမ္ဘိဒါတို့ကိုလည်း ရှစ်ပါးသော ဤဝိမောက္ခတို့ကိုလည်း ခြောက်ပါးသော အဘိညာဉ်တို့ကိုလည်း မျက်မှောက်ပြုအပ်ပါကုန်ပြီ၊ မြတ်စွာဘုရား၏ အဆုံးအမတော်ကို လိုက်နာကျင့်သုံးပြီးပါပြီ။

ဤသို့လျှင် အသျှင်နိသေဏိဒါယကမထေရ်သည် ဤဂါထာတို့ကို မိန့်ဆိုတော်မူ၏။

နှစ်ခုမြောက် နိသေဏိဒါယကတ္ထေရအပဒါန် ပြီး၏။

---

## ၃-ရတ္တိပုပ္ဖိယတ္ထေရအပဒါန်

၁၃။ ရှေးအခါက ငှက်တို့၏ တွန်မြူးရာ ဖြစ်သော တော၌ ငါသည် သားမုဆိုး ဖြစ်ခဲ့၏၊ (ထိုအခါ)လူတို့ထက် မြတ်၍ နတ်ထက်နတ် ဖြစ်တော်မူသော ဝိပဿီ မြတ်စွာဘုရားကို ဖူးမြင်ရ၏။

၁၄။ (ဖူးမြင်ရသော်)ညဉ့်အခါ၌ ပွင့်သော မြေ၌ ပေါက်ရောက်သော လက်ထုတ်ကြီးပန်းကို မြင်၍ အမြစ်နှင့်တကွ ယူပြီးလျှင် ဝိပဿီမြတ်စွာဘုရားအား ဆက်ကပ်ခဲ့၏။

၁၅။ ဤဘဒ္ဒကမ္ဘာမှ ကိုးဆယ့်တကမ္ဘာထက်၌ လက်ထုတ်ကြီးပန်းကို တင်လှူပူဇော်ခဲ့ရသော အခါမှစ၍ အပါယ်လေးပါး လားရသည်ကို မသိစဘူးပေ၊ ဤသို့ ဖြစ်ရခြင်းသည် ပန်းလှူရခြင်း၏ အကျိုးပေတည်း။

၁၆။ ငါသည် ဤဘဒ္ဒကမ္ဘာမှ ရှစ်ကမ္ဘာထက်၌ ရတနာခုနစ်ပါးတို့နှင့် ပြည့်စုံသည်ဖြစ်၍ များစွာမြတ်သည့် ဗိုလ်ပါအင်အားရှိသော သုပ္ပသန္နအမည်ရှိသော စကြဝတေးမင်း ဖြစ်ခဲ့ဘူး၏။

၁၇။ လေးပါးသော ပဋိသမ္ဘိဒါတို့ကိုလည်း ရှစ်ပါးသော ဤဝိမောက္ခတို့ကိုလည်း ခြောက်ပါးသော အဘိညာဉ်တို့ကိုလည်း မျက်မှောက်ပြုအပ်ပါကုန်ပြီ၊ မြတ်စွာဘုရား၏ အဆုံးအမတော်ကို လိုက်နာကျင့်သုံးပြီးပါပြီ။

ဤသို့လျှင် အသျှင်ရတ္တိပုပ္ဖိယမထေရ်သည် ဤဂါထာတို့ကို မိန့်ဆိုတော်မူ၏။

သုံးခုမြောက် ရတ္တိပုပ္ဖိယတ္ထေရအပဒါန် ပြီး၏။

---

## ၄-ဥဒပါနဒါယကတ္ထေရအပဒါန်

၁၈။ ငါသည် ဝိပဿီမြတ်စွာဘုရား၏ အလို့ငှါ (ရည်ရွယ်၍) ရေတွင်းကို တူးဖော် ပြုလုပ်ခဲ့၏၊ ထိုအခါ၌ ငါသည် ဆွမ်းကိုလည်း လှူဒါန်း၍ (ရေတွင်းကို) အပ်နှင်း (လှူဒါန်း)ခဲ့၏။

http://www.dhammadownload.com



၁၉။ ဤဘဒ္ဒကမ္ဘာမှ ကိုးဆယ့်တကမ္ဘာထက်၌ ရေတွင်းနှင့် ဆွမ်းလှူဒါန်းခဲ့ရသော အခါမှ စ၍ အပါယ်လေးပါး လားရသည်ကို မသိစဘူးပေ၊ ဤသို့ ဖြစ်ရခြင်းသည် ရေတွင်း လှူရခြင်း၏ အကျိုးပေတည်း။

၂၀။ လေးပါးသော ပဋိသမ္ဘိဒါတို့ကိုရင်း ရှစ်ပါးသော ဤဝိမောက္ခတို့ကိုရင်း ခြောက် ပါးသော အဘိညာဉ်တို့ကိုရင်း မျက်မှောက်ပြုအပ်ပါကုန်ပြီ၊ မြတ်စွာဘုရား၏ အဆုံးအမ တော်ကို လိုက်နာကျင့်သုံးပြီးပါပြီ။

ဤသို့လျှင် အသျှင်ဥဒပါနဒါယကမထေရ်သည် ဤဂါထာတို့ကို မိန့်ဆိုတော်မူ၏။

လေးခုမြောက် ဥဒပါနဒါယကတ္ထေရအပဒါန် ပြီး၏။

---

## ၅-သီဟာသနဒါယကတ္ထေရအပဒါန်

၂၁။ လောက၏ ကိုးကွယ်ရာ ဖြစ်တော်မူသော ပဒုမုတ္တရ မြတ်စွာဘုရား ပရိနိဗ္ဗာန်စံတော် မူသည်ရှိသော် ငါသည် ကြည်ညိုဝမ်းမြောက်သော စိတ်ရှိသည်ဖြစ်၍ မြတ်သောနေရာကို ပေးလှူပူဇော်ခဲ့၏။

၂၂။ များစွာသော လူအပေါင်းသည်လည်း မျက်မှောက်ချမ်းသာကို ဆောင်တတ်သော ထိုပုထိုးတော်အား နံ့သာပန်း များစွာတို့ဖြင့် ပူဇော်မှုကို ပြုခြင်းကြောင့် (ကိလေသာမှ) ငြိမ်းအေး၏။

၂၃။ ငါသည် ကြည်ညိုဝမ်းမြောက်သော စိတ်ရှိသည်ဖြစ်၍ မြတ်သော ဗောဓိပင်ကို ရှိခိုး ခြင်းကြောင့် ကမ္ဘာတသိန်းပတ်လုံး အပါယ်လေးပါးသို့ မရောက်ရပေ။

၂၄။ ကမ္ဘာတသောင်းငါးထောင်ထက်၌ သိလုစ္စယ ဟူသော အမည်ရှိကုန်သော စကြာမင်း တို့သည် ရှစ်ကြိမ်တိုင်တိုင် ဖြစ်ခဲ့ဘူးကုန်၏။

၂၅။ လေးပါးသော ပဋိသမ္ဘိဒါတို့ကိုရင်း ရှစ်ပါးသော ဤဝိမောက္ခတို့ကိုရင်း ခြောက် ပါးသော အဘိညာဉ်တို့ကိုရင်း မျက်မှောက်ပြုအပ်ပါကုန်ပြီ၊ မြတ်စွာဘုရား၏ အဆုံးအမ တော်ကို လိုက်နာကျင့်သုံးပြီးပါပြီ။

ဤသို့လျှင် အသျှင်သီဟာသနဒါယကမထေရ်သည် ဤဂါထာတို့ကို မိန့်ဆိုတော်မူ၏။

ငါးခုမြောက် သီဟာသနဒါယကတ္ထေရအပဒါန် ပြီး၏။

---

## ၆-မဂ္ဂဒတ္တိကတ္ထေရအပဒါန်

၂၆။ အခြေနှစ်ချောင်းရှိသူ နတ်လူတို့ကို အစိုးရသည်ဖြစ်၍ လူတို့ထက် မြတ်တော်မူသော အနောမဒဿီ မြတ်စွာဘုရားသည် မျက်မှောက်ချမ်းသာစွာ နေခြင်းအကျိုးငှါ လှင်ပြင်၌ စင်္ကြံ ကြွတော်မူ၏။

http://www.dhammadownload.com



၂၇။ ခြေတော်တို့ကို ကြွချီတော်မူသည်ရှိသော် ပန်းတို့သည် ဦးခေါင်းထက်၌ တင့်တယ်စွာ တည်ကုန်၏၊ ငါသည် ကြည်ညိုဝမ်းမြောက်သော စိတ်ရှိသည်ဖြစ်၍ ရှိခိုးပြီးလျှင် ပန်းကို ကြဲဖြန့် (ပူဇော်)၏။

၂၈။ ဤဘဒ္ဒကမ္ဘာမှ ကမ္ဘာသနှစ်သောင်းထက်၌ များမြတ်သည့် ဗိုလ်ပါ အင်အားရှိကုန်သော ပုပ္ဖစ္ဆဒနိယ မည်ကုန်သော စကြာမင်းတို့သည် ငါးကြိမ်တိုင်တိုင် ဖြစ်ခဲ့ဘူးကုန်၏။

၂၉။ လေးပါးသော ပဋိသမ္ဘိဒါတို့ကိုရင်း ရှစ်ပါးသော ဤဝိမောက္ခတို့ကိုရင်း ခြောက်ပါးသော အဘိညာဉ်တို့ကိုရင်း မျက်မှောက်ပြုအပ်ပါကုန်ပြီ၊ မြတ်စွာဘုရား၏ အဆုံးအမတော်ကို လိုက်နာကျင့်သုံးပြီးပါပြီ။

ဤသို့လျှင် အသျှင်မဂ္ဂဒတ္တိကမထေရ်သည် ဤဂါထာတို့ကို မိန့်ဆိုတော်မူ၏။

ခြောက်ခုမြောက် မဂ္ဂဒတ္တိကတ္ထေရအပဒါန် ပြီး၏။

---

## ၇-ကေဒိပိယတ္ထေရအပဒါန်

၃၀။ ငါသည် ပဒုမုတ္တရ မြတ်စွာဘုရား၏ မြတ်သော ထင်းရှူးဗောဓိပင်၌ ကြည်ညို ဝမ်းမြောက်သော စိတ်ရှိသည်ဖြစ်၍ ဆီမီးတတိုင်ကို ပေးလှူပူဇော်ခဲ့၏။

၃၁။ ဖြစ်ပေါ်လာသော ကောင်းမှုအစု အပေါင်းကြောင့် ထိုထိုဘဝ၌ ဖြစ်သည်ရှိသော် အပါယ်လေးပါး လားရသည်ကို မသိစဘူးပေ၊ ဤသို့ ဖြစ်ရခြင်းသည် ဆီမီးလှူရခြင်း၏ အကျိုးပေတည်း။

၃၂။ ဤဘဒ္ဒကမ္ဘာမှ ကမ္ဘာတသောင်းခြောက်ထောင်ထက်၌ များမြတ်သည့် ဗိုလ်ပါ အင်အားရှိကုန်သော အမည်အားဖြင့် စန္ဒာဘဟု ထင်ရှားသော ထိုစကြဝတေးမင်းတို့သည် လေးကြိမ်တိုင်တိုင် ဖြစ်ဘူးကုန်၏။

၃၃။ လေးပါးသော ပဋိသမ္ဘိဒါတို့ကိုရင်း ရှစ်ပါးသော ဤဝိမောက္ခတို့ကိုရင်း ခြောက်ပါးသော အဘိညာဉ်တို့ကိုရင်း မျက်မှောက်ပြုအပ်ပါကုန်ပြီ၊ မြတ်စွာဘုရား၏ အဆုံးအမတော်ကို လိုက်နာကျင့်သုံးပြီးပါပြီ။

ဤသို့လျှင် အသျှင်ကေဒိပိယမထေရ်သည် ဤဂါထာတို့ကို မိန့်ဆိုတော်မူ၏။

ခုနစ်ခုမြောက် ကေဒိပိယတ္ထေရအပဒါန် ပြီး၏။

ကိုးခုမြောက် ဘာဏဝါရ ပြီး၏။

---

## ၈-မဏိပူဇကတ္ထေရအပဒါန်

၃၄။ ဟိမဝန္တာတောင်၏အတွင်း၌ တခုသောမြစ်သည် စီးဆင်းလျက် ရှိ၏၊ထိုအခါ ထိုမြစ်၏အနီး၌ ပဒုမုတ္တရမြတ်စွာဘုရားသည် သီတင်းသုံးနေတော်မူ၏။

http://www.dhammadownload.com



၃၅။ ထိုအခါ ငါသည် ကြည်ညိုဝမ်းမြောက်သော စိတ်ရှိသည်ဖြစ်၍ ကောင်းစွာဆန်းကြယ်သော နှလုံး မွေ့လျော်ဖွယ်ရှိသော ပတ္တမြားပလ္လင်ကို ယူပြီးလျှင် မြတ်စွာဘုရားအား တင်လှူပူဇော်ခဲ့၏။

၃၆။ ဤဘဒ္ဒကမ္ဘာမှ ကိုးဆယ့်လေးကမ္ဘာထက်၌ ပတ္တမြား (ပလ္လင်)ကို တင်လှူပူဇော်ခဲ့ရသော အခါမှစ၍ အပါယ်လေးပါး လားရသည်ကို မသိစဖူးပေ၊ ဤသို့ဖြစ်ရခြင်းသည် မြတ်စွာဘုရားအား ပူဇော်ရခြင်း၏ အကျိုးပေတည်း။

၃၇။ ဤဘဒ္ဒကမ္ဘာမှ တဆယ့်နှစ်ကမ္ဘာထက်၌ များစွာမြတ်သည့် ဗိုလ်ပါအင်အားရှိကုန်သော သတရံသီ အမည်ရှိကုန်သော ထိုစကြဝတေးမင်းတို့သည် ရှစ်ကြိမ်တိုင်တိုင် ဖြစ်ခဲ့ကုန်၏။

၃၈။ လေးပါးသော ပဋိသမ္ဘိဒါတို့ကိုရှင်း ရှစ်ပါးသော ဤဝိမောက္ခတို့ကိုရှင်း ခြောက်ပါးသော အဘိညာဉ်တို့ကိုရှင်း မျက်မှောက်ပြုအပ်ပါကုန်ပြီ၊ မြတ်စွာဘုရား၏ အဆုံးအမတော်ကို လိုက်နာကျင့်သုံးပြီးပါပြီ။

ဤသို့လျှင် အသျှင်မဏိပူဇကမထေရ်သည် ဤဂါထာတို့ကို မိန့်ဆိုတော်မူ၏။

ရှစ်ခုမြောက် မဏိပူဇကတ္ထေရအပဒါန် ပြီး၏။

---

## ၉-တိကိစ္ဆကတ္ထေရအပဒါန်

၃၉။ ငါသည် ဗန္ဓုမတီမြို့၌ ဆေးအတတ်ပညာကို ကောင်းစွာ သင်ယူအပ်ပြီးသည်ဖြစ်၍ အနာရောဂါ စွဲကပ်လျက် ဆင်းရဲဒုက္ခရောက်နေကုန်သော လူအပေါင်းတို့၏ ချမ်းသာကို ဆောင်ရွက်တတ်သော ဆေးဆရာသည် ဖြစ်ခဲ့၏။

၄၀။ (ထိုအခါ) ငါသည် သီလရှိသော အာနုဘော်ကြီးမားသော မကျန်းမမာသော သီလဝန္တရဟန်းကို တွေ့မြင်ရသော် ကြည်ညို ဝမ်းမြောက်သော စိတ်ရှိသည်ဖြစ်၍ ဆေးကို ပေးလှူခဲ့၏။

၄၁။ စောင့်ရှောက်အပ်သော ဣန္ဒြေရှိသော အသောကအမည်ဖြင့် ထင်ရှားသော ဝိပဿီမြတ်စွာဘုရား၏ အလုပ်အကျွေးဖြစ်သော ရဟန်းသည် ထိုဆေးကြောင့်ပင်လျှင် အနာရောဂါ ကင်းပျောက်သည် ဖြစ်၏။

၄၂။ ဤဘဒ္ဒကမ္ဘာမှ ကိုးဆယ့်တကမ္ဘာထက်၌ ငါသည် ဆေးကို ပေးလှူခဲ့ရသော အခါမှစ၍ အပါယ်လေးပါး လားရသည်ကို မသိစဖူးပေ၊ ဤသို့ ဖြစ်ရခြင်းသည် ဆေးလှူဒါန်းရခြင်း၏ အကျိုးပေတည်း။

၄၃။ ဤဘဒ္ဒကမ္ဘာမှ ရှစ်ကမ္ဘာထက်၌ ရတနာ ခုနစ်ပါးတို့နှင့် ပြည့်စုံသည်ဖြစ်၍ များစွာမြတ်သည့် ဗိုလ်ပါ အင်အားရှိသော သဗ္ဗောသဓအမည်ရှိသော စကြဝတေးမင်း ဖြစ်ခဲ့၏။

၄၄။ လေးပါးသော ပဋိသမ္ဘိဒါတို့ကိုရှင်း ရှစ်ပါးသော ဤဝိမောက္ခတို့ကိုရှင်း ခြောက်ပါးသော အဘိညာဉ်တို့ကိုရှင်း မျက်မှောက် ပြုအပ်ပါကုန်ပြီ၊ မြတ်စွာဘုရား၏ အဆုံးအမတော်ကို လိုက်နာကျင့်သုံးပြီးပါပြီ။

ဤသို့လျှင် အသျှင်တိကိစ္ဆကမထေရ်သည် ဤဂါထာတို့ကို မိန့်ဆိုတော်မူ၏။

ကိုးခုမြောက် တိကိစ္ဆကတ္ထေရအပဒါန် ပြီး၏။

http://www.dhammadownload.com



## ၁၀-သံဃုပဋ္ဌာကတ္ထေရအပဒါန်

၄၅။ ငါသည် ဝေဿဘူမြတ်စွာဘုရားလက်ထက်၌ အရံစောင့် ဖြစ်ခဲ့၏၊ (ထိုအခါ) ကြည်ညို ဝမ်းမြောက်သော စိတ်ရှိသည်ဖြစ်၍ သံဃာတော်မြတ်ကို ဆည်းကပ် လုပ်ကျွေးခဲ့၏။

၄၆။ ဤဘဒ္ဒကမ္ဘာမှ သုံးဆယ့်တကမ္ဘာထက်၌ သံဃာအား လုပ်ကျွေးမှုကို ပြုခဲ့ရသော အခါမှစ၍ အပါယ်လေးပါး လားရသည်ကို မသိစဘူးပေ၊ဤသို့ဖြစ်ရခြင်းသည် သံဃာကို လုပ်ကျွေးရခြင်း၏ အကျိုးပေတည်း။

၄၇။ ဤဘဒ္ဒကမ္ဘာမှ ခုနစ်ကမ္ဘာထက်၌ ရတနာခုနစ်ပါးတို့နှင့် ပြည့်စုံသည်ဖြစ်၍ များစွာ မြတ်သည့် ဗိုလ်ပါအင်အားရှိကုန်သော သမောဒကမည်ကုန်သော စကြာမင်းတို့သည် ခုနစ်ကြိမ်တိုင်တိုင် ဖြစ်ခဲ့ဘူးကုန်၏။

၄၈။ လေးပါးသော ပဋိသမ္ဘိဒါတို့ကိုလည်းကောင်း ရှစ်ပါးသော ဤဝိမောက္ခတို့ကိုလည်းကောင်း ခြောက်ပါးသော အဘိညာဉ်တို့ကိုလည်းကောင်း မျက်မှောက်ပြုအပ်ပါကုန်ပြီ၊ မြတ်စွာဘုရား၏ အဆုံးအမ တော်ကို လိုက်နာကျင့်သုံးပြီးပါပြီ။

ဤသို့လျှင် အသျှင်သံဃုပဋ္ဌာကမထေရ်သည် ဤဂါထာတို့ကို မိန့်ဆိုတော်မူ၏။

**ဆယ်ခုမြောက် သံဃုပဋ္ဌာကတ္ထေရအပဒါန် ပြီး၏။**

**တဆယ့်ရှစ်ခုမြောက် ကုမုဒဝဂ် ပြီး၏။**

http://www.dhammadownload.com

# ၁၉–ကုဋ္ဋဇပုပ္ဖိယဝဂ်

## ၁-ကုဋ္ဋဇပုပ္ဖိယတ္ထေရအပဒါန်

၁။ (ငါသည်)တက်သစ်စနေမင်းကဲ့သို့ ရွှေအဆင်းကဲ့သို့ အဆင်းရှိတော်မူသော အရပ်လေးမျက်နှာတို့ကို ကြည့်ရှုတော်မူလျက် ကောင်းကင်သို့ ကြွသွားတော်မူသော မြတ်စွာဘုရားကို ဖူးမြင်ရ၏။

၂။ ထိုအခါ ငါသည် ကောင်းစွာ ကျယ်ပြန့်၍ ကောင်းစွာ ဖုံးအုပ်လျက် ပွင့်နေသော လက်ထုတ်ကြီးပန်းကို မြင်သဖြင့် သစ်ပင်မှ ဆွတ်ခူး၍ ဖုဿမြတ်စွာဘုရားအား တင်လှူခဲ့၏။

၃။ ဤဘဒ္ဒကမ္ဘာမှ ကိုးဆယ့်နှစ်ကမ္ဘာထက်၌ လက်ထုတ်ကြီးပန်းကို တင်လှူခဲ့ရသော အခါမှစ၍ အပါယ်လေးပါး လားရသည်ကို မသိစဘူးပေ၊ ဤသို့ဖြစ်ရခြင်းသည် မြတ်စွာဘုရားအား ပန်း လှူဒါန်း ပူဇော်ရခြင်း၏ အကျိုးပေတည်း။

၄။ ဤဘဒ္ဒကမ္ဘာမှ တဆယ့်ခုနစ်ကမ္ဘာထက်၌ ရတနာခုနစ်ပါးတို့နှင့် ပြည့်စုံသည်ဖြစ်၍ များမြတ်သည့် ဗိုလ်ပါအင်အားရှိသော သုပုပ္ဖိတစကြာမင်းတို့သည် သုံးကြိမ်တိုင်တိုင် ဖြစ်ခဲ့ဘူးကုန်၏။

၅။ လေးပါးသော ပဋိသမ္ဘိဒါတို့ကိုရင်း ရှစ်ပါးသော ဤဝိမောက္ခတို့ကိုရင်း ခြောက်ပါးသော အဘိညာဉ်တို့ကိုရင်း မျက်မှောက်ပြုအပ်ပါကုန်ပြီ၊ မြတ်စွာဘုရား၏ အဆုံးအမတော်ကို လိုက်နာကျင့်သုံးပြီးပါပြီ။

ဤသို့လျှင် အသျှင်ကုဋ္ဋဇပုပ္ဖိယမထေရ်သည် ဤဂါထာတို့ကို မိန့်ဆိုတော်မူ၏။

ရှေးဦးစွာသော ကုဋ္ဋဇပုပ္ဖိယတ္ထေရအပဒါန် ပြီး၏။

---

## ၂-ဗန္ဓုဇီဝကတ္ထေရအပဒါန်

၆။ မိမိအလိုလို ဖြစ်တော်မူသော သူတော်ကောင်းတို့သည် ချီးမွမ်းအပ်သော သိဒ္ဓတ္ထမြတ်စွာဘုရားသည် သမာဓိစျာန်ကို ဝင်စားလျက် တောင်ကြားး၌ ထိုင်နေတော်မူ၏။

၇။ (ထိုအခါ ငါသည်) ဇာတဿရအိုင်ဝယ် ရေ၌ပေါက်သော မြတ်သောပန်းကို ရှာဖေသည်ရှိသော် အခြားမဲ့၌ လယ်ခေါင်ရမ်းပန်းတို့ကို တွေ့မြင်၏။

၈။ ငါသည် လက်နှစ်ဖက်တို့ဖြင့် (ပန်းတို့ကို)ယူ၍ မြတ်စွာဘုရားထံသို့ ချဉ်းကပ်ပြီးလျှင် ကြည်ညို ဝမ်းမြောက်သော စိတ်ရှိသည်ဖြစ်၍ သိဒ္ဓတ္ထမြတ်စွာဘုရားအား တင်လှူပူဇော်ခဲ့၏။

၉။ ဤဘဒ္ဒကမ္ဘာမှ ကိုးဆယ့်လေးကမ္ဘာထက်၌ လယ်ခေါင်ရမ်းပန်းကို တင်လှူခဲ့ရသော အခါမှစ၍ အပါယ်လေးပါး လားရသည်ကို မသိစဘူးပေ၊ ဤသို့ ဖြစ်ရခြင်းသည် မြတ်စွာဘုရားအား ပန်းလှူရခြင်း၏ အကျိုးပေတည်း။

http://www.dhammadownload.com



၁၀။ ဤဘဒ္ဒကမ္ဘာမှ တဆယ့်လေးကမ္ဘာထက်၌ များမြတ်သည့် ဗိုလ်ပါအင်အားရှိသော သမုဒ္ဒကပ္ပမည်သော စကြဝတေးမင်းသည် တကြိမ်ဖြစ်ခဲ့၏။

၁၁။ လေးပါးသော ပဋိသမ္ဘိဒါတို့ကိုရင်း ရှစ်ပါးသော ဤဝိမောက္ခတို့ကိုရင်း ခြောက်ပါးသော အဘိညာဉ်တို့ကိုရင်း မျက်မှောက်ပြုအပ်ပါကုန်ပြီ၊ မြတ်စွာဘုရား၏ အဆုံးအမတော်ကို လိုက်နာကျင့်သုံးပြီးပါပြီ။

ဤသို့လျှင် အသျှင်ဗန္ဓုဇီဝကမထေရ်သည် ဤဂါထာတို့ကို မိန့်ဆိုတော်မူ၏။

နှစ်ခုမြောက် ဗန္ဓုဇီဝကတ္ထေရအပဒါန် ပြီး၏။

---

## ၃-ကောဋုမ္ဗရိယတ္ထေရအပဒါန်

၁၂-၁၃။ မဟာလေကာားပန်းကဲ့သို့ ထွန်းလင်းတောက်ပတော်မူသော မဟာသမုဒ္ဒရာကဲ့သို့ မနှိုင်းယှဉ်အပ်သည့် မြေကြီးကဲ့သို့ ကျယ်ပြန့်သည့် ပညာရှိတော်မူသော နတ်အပေါင်းသည် ပူဇော်အပ်သော နိသဘအာဇာနည်မျိုးကဲ့သို့ လူတို့ထက်မြတ်တော်မူသော (သိခီ)မြတ်စွာဘုရားကို တောင်ကြား၌ ထိုင်နေတော်မူစဉ် ရွှင်လန်းသော ငါသည် ရွှင်လန်းသောစိတ်ဖြင့် ချဉ်းကပ်ခဲ့၏။

၁၄။ (ချဉ်းကပ်ပြီးသော်)ကောဋုမ္ဗရပန်းဖြင့် ရောပြွမ်းသော ပန်းခုနစ်ပွင့်တို့ကို ယူပြီးလျှင် လောက၏ အဆွေဖြစ်တော်မူသော သိခီမြတ်စွာဘုရားအား တင်လှူ ပူဇော်ခဲ့၏။

၁၅။ ဤဘဒ္ဒကမ္ဘာမှ သုံးဆယ့်တကမ္ဘာထက်၌ ပန်းကို တင်လှူ ပူဇော်ခဲ့ရသော မှခါမှ စ၍ ငါသည် အပါယ်လေးပါး လားရသည်ကို မသိစဘူးပေ၊ ဤသို့ဖြစ်ရခြင်းသည် မြတ်စွာဘုရားအား ပန်းလှူဒါန်းပူဇော်ရခြင်း၏ အကျိုးပေတည်း။

၁၆။ ဤဘဒ္ဒကမ္ဘာမှ ကမ္ဘာနှစ်ဆယ်ထက်၌ တန်ခိုး ကြီးမားသည်ဖြစ်၍ များမြတ်သည့် ဗိုလ်ပါ အင်အားရှိသော မဟာနေလ အမည်ရှိသော စကြဝတေးမင်း တကြိမ်ဖြစ်ခဲ့၏။

၁၇။ လေးပါးသော ပဋိသမ္ဘိဒါတို့ကိုရင်း ရှစ်ပါးသော ဤဝိမောက္ခတို့ကိုရင်း ခြောက်ပါးသော အဘိညာဉ်တို့ကိုရင်း မျက်မှောက်ပြုအပ်ပါကုန်ပြီ၊ မြတ်စွာဘုရား၏ အဆုံးအမတော်ကို လိုက်နာကျင့်သုံးပြီးပါပြီ။

ဤသို့လျှင် အသျှင်ကောဋုမ္ဗရိယမထေရ်သည် ဤဂါထာတို့ကို မိန့်ဆိုတော်မူ၏။

သုံးခုမြောက် ကောဋုမ္ဗရိယတ္ထေရအပဒါန် ပြီး၏။

---

## ၄-ပဉ္စဟတ္ထိယတ္ထေရအပဒါန်

၁၈။ လောက၏ အကြီးအမှူးဖြစ်၍ လူတို့ထက် မြတ်တော်မူသော တိဿအမည်တော်ရှိသော မြတ်စွာဘုရားသည် ပွင့်တော်မူ၏၊ (ထိုမြတ်စွာဘုရားသည်)တပည့်အပေါင်း ခြံရံလျက် ခရီးလမ်းမ၌ ကြွသွားတော်မူ၏။

http://www.dhammadownload.com



၁၉။ ငါသည် လုပတင့်တယ်ကုန်သော ကြာငါးလက်တို့ကို ထားအပ်ကုန်၏၊ ငါသည် အလေ့အကျင့်၏ ပြီးစီးခြင်းငှါ လှူဒါန်းဖွယ် ပစ္စည်းဝတ္ထုကို ပေးလှူလိုသည်ဖြစ်၍ ယူဆောင်ခဲ့ပြီ။

၂၀။ ရွှေအဆင်းကဲ့သို့ အဆင်းရှိတော်မူသော အခြေနှင်ချောင်းရှိသူ သတ္တဝါတို့ထက် မြတ်တော်မူသော မြတ်စွာဘုရားကို ဈေးအကြားလမ်းခရီး၌ ကြွသွားတော်မူစဉ် ဖူးမြင်ရသောကြောင့် ငါသည် မြတ်စွာဘုရား၏ ရောင်ခြည်တော်တို့ဖြင့် တွေ့ထိခဲ့ရသည်ဖြစ်၏။

၂၁။ ဤဘဒ္ဒကမ္ဘာမှ ကိုးဆယ့်နှစ်ကမ္ဘာထက်၌ ပန်းကို ပူဇော်ခဲ့ရသော အခါမှစ၍ အပါယ်လေးပါး လားရသည်ကို မသိစဖူးပေ၊ ဤသို့ ဖြစ်ရခြင်းသည် မြတ်စွာဘုရားအား ပန်းပူဇော်ရခြင်း၏ အကျိုးပေတည်း။

၂၂။ ဤဘဒ္ဒကမ္ဘာမှ တဆယ့်သုံးကမ္ဘာထက်၌ ရတနာခုနစ်ပါးတို့နှင့် ပြည့်စုံသည်ဖြစ်၍ များမြတ်သည့် ဗိုလ်ပါအင်အားရှိကုန်သော သုသဘဟု သမုတ်အပ်ကုန်သော စကြဝတေးမင်းတို့သည် ငါးကြိမ်တိုင်တိုင် ဖြစ်ခဲ့ဘူးကုန်၏။

၂၃။ လေးပါးသော ပဋိသမ္ဘိဒါတို့ကိုလည်း ရှစ်ပါးသော ဝိမောက္ခတို့ကိုလည်း ခြောက်ပါးသော အဘိညာဉ်တို့ကိုလည်း မျက်မှောက်ပြုအပ်ပါကုန်ပြီ၊ မြတ်စွာဘုရား၏ အဆုံးအမတော်ကို လိုက်နာကျင့်သုံးပြီးပါပြီ။

ဤသို့လျှင် အသျှင်ပဉ္စဟတ္ထိယမထေရ်သည် ဤဂါထာတို့ကို မိန့်ဆိုတော်မူ၏။

လေးခုမြောက် ပဉ္စဟတ္ထိယတ္ထေရအပဒါန် ပြီး၏။

## ၅-ဣသိမုဂ္ဂဒါယကတ္ထေရအပဒါန်

၂၄။ များစွာသောအရောင် ဝါပင်းသောအရောင် ရှိသည်ဖြစ်၍ တွဲလျားကျသော ရေခ တက်ပင်သဖွယ်လည်း ဖြစ်သော ပဒုမုတ္တရမြတ်စွာဘုရားကို (ဖူးမြင်ရ၏)။

၂၅။ ရသေ့စား ပဲနောက်တို့ကို ကြိတ်ပြီးလျှင် ပျားကောင်မရှိသော ပျားငယ်ရည်၌ ထည့်၍ ပြာသာဒ်၌ ရပ်တည်လျက် လောက၏အဆွေဖြစ်တော်မူသော ပဒုမုတ္တရမြတ်စွာဘုရားအား ပေးလှူခဲ့၏။

၂၆။ မြတ်စွာဘုရား၏ တပည့်သာဝကတို့သည် ရှစ်သိန်းရှိကုန်၏၊ ရဟန်းအားလုံးတို့၏ သပိတ်တို့ကို ပြည့်စေလျက်လည်း ထို့ထက် အလွန်များပြားစွာလည်း ပေးလှူခဲ့၏။

၂၇။ ငါသည် ထိုပေးလှူရသော စိတ်ကြည်လင်မှုကြောင့် ဖြူစင်သော ကုသိုလ်အကြောင်းရင်းသည် တိုက်တွန်းအပ်သည်ဖြစ်၍ ကမ္ဘာတသိန်းပတ်လုံး အပါယ်လေးပါးသို့ မရောက်ခဲ့ရပေ။

၂၈။ ကမ္ဘာလေးသောင်းထက်၌ များမြတ်သည့် ဗိုလ်ပါအင်အားရှိသော ဣသိမုဂ္ဂအမည်ရှိသော ထိုစကြဝတေးမင်းတို့သည် သုံးဆယ့်ရှစ်ကြိမ် ဖြစ်ခဲ့ဘူးကုန်၏။

http://www.dhammadownload.com



၂၉။ လေးပါးသော ပဋိသမ္ဘိဒါတို့ကိုလည်းကောင်း ရှစ်ပါးသော ဤဝိမောက္ခတို့ကိုလည်းကောင်း ခြောက်ပါးသော အဘိညာဉ်တို့ကိုလည်းကောင်း မျက်မှောက်ပြုအပ်ပါကုန်ပြီ၊ မြတ်စွာဘုရား၏ အဆုံးအမတော်ကို လိုက်နာကျင့်သုံးပြီးပါပြီ။

ဤသို့လျှင် အသျှင်ဣသိမုဂ္ဂဒါယကမထေရ်သည် ဤဂါထာတို့ကို မိန့်ဆိုတော်မူ၏။

ငါးခုမြောက် ဣသိမုဂ္ဂဒါယကတ္ထေရအပဒါန် ပြီး၏။

---

## ၆-ဗောဓိဥပဋ္ဌာကတ္ထေရအပဒါန်

၃၀။ ငါသည် ရမ္မဝတီမြို့၌ မုရိုးစည်တီးတတ်သောသူ ဖြစ်ခဲ့ဘူး၏၊ ငါသည် မြတ်သော ဗောဓိပင်သို့သွားလျက် အမြဲမပြတ် ဆည်းကပ်ခြင်းနှင့် ယှဉ်သူဖြစ်၏။

၃၁။ ငါသည် ညဉ့်နံနက် ဆည်းကပ်သဖြင့် ဖြူစင်သော ကုသိုလ်အကြောင်းရင်းသည် တိုက်တွန်းအပ်သည်ဖြစ်၍ ကမ္ဘာတထောင့်ရှစ်ရာတို့ပတ်လုံး အပါယ်လေးပါးသို့ မရောက်ခဲ့ရပေ။

၃၂။ ဤဘဒ္ဒကမ္ဘာမှ ကမ္ဘာတထောင့်ငါးရာထက်၌ များမြတ်သည့် မိုလ်ပါအင်အားရှိသော မုရဇမည်သော စကြဝတေးမင်းဖြစ်ခဲ့၏။

၃၃။ လေးပါးသော ပဋိသမ္ဘိဒါတို့ကိုလည်းကောင်း ရှစ်ပါးသော ဤဝိမောက္ခတို့ကိုလည်းကောင်း ခြောက်ပါးသော အဘိညာဉ်တို့ကိုလည်းကောင်း မျက်မှောက်ပြုအပ်ပါကုန်ပြီ၊ မြတ်စွာဘုရား၏ အဆုံးအမတော်ကို လိုက်နာကျင့်သုံးပြီးပါပြီ။

ဤသို့လျှင် အသျှင်ဗောဓိဥပဋ္ဌာကမထေရ်သည် ဤဂါထာတို့ကို မိန့်ဆိုတော်မူ၏။

ခြောက်ခုမြောက် ဗောဓိဥပဋ္ဌာကတ္ထေရအပဒါန် ပြီး၏။

---

## ၇-ဧကစိန္တိကတ္ထေရအပဒါန်

၃၄။ အကြင်အခါ၌ နတ်သည် နတ်ပြည်မှ အသက်ကုန်ခြင်းကြောင့် စုတေရ၏၊ (ထိုအခါ) ဝမ်းမြောက်ကုန်သော နတ်တို့၏ သုံးမျိုးသော အသံတို့သည် ထွက်ပေါ်လာကုန်၏။

၃၅။ (အဘယ်သို့ ထွက်ပေါ်လာ ကုန်သနည်း) အချင်းနတ်သား ဤနတ်ပြည်မှ ကောင်းသော လားရာဖြစ်သော လူ့ပြည်သို့ သွားလေလော့၊ လူဖြစ်လတ်သော် သူတော်ကောင်းတရား၌ အတုမရှိသော သဒ္ဓါတရားကို ရအောင် ကြိုးစားလော့။

၃၆။ ကောင်းစွာ ဟောတော်မူအပ်သော သူတော်ကောင်းတရား၌ အသက်ထက်ဆုံး မရွေ့ရှားနိုင်သည်ဖြစ်၍ အခြေအမြစ်ခိုင်မြဲသော ထိုသဒ္ဓါတရားသည် သင့်အား သက်ဝင်သည် ဖြစ်လေလော့။

၃၇။ ကိုယ်ဖြင့် ကုသိုလ်ကို ပြု၍ နှုတ်ဖြင့် ကုသိုလ်ကို များစွာပြု၍ စိတ်ဖြင့် ဥပဓိကင်းသော အပြစ်မရှိသော ကုသိုလ်ကိုပြု၍ (နေလေလော့)။

http://www.dhammadownload.com



၃၈။ ထို့ကြောင့် နတ်ပြည်၌ ခန္ဓာငါးပါးကို ဖြစ်စေတတ်သော ထိုကုသိုလ်ကောင်းမှုကို ပေးလှူခြင်းဖြင့် များစွာပွား၍ အခြားသတ္တဝါတို့ကိုလည်း သူတော်ကောင်းတရားဟု ဆိုအပ်သော မြတ်သော အကျင့်၌ သွတ်သွင်းလေလော့ (ဟု မြွက်ဆိုကြကုန်၏)။

၃၉။ အကြင်အခါ၌ စုတေခါနီးဖြစ်သော နတ်ကို အခြားနတ်တို့သည် သိကုန်သည်ဖြစ်၍ နတ်သား (ဤနတ်ပြည်သို့) အဖန်ဖန် လာလှည့်ပါလော့၊ ဤသို့သော ကြင်နာ သနားခြင်းဖြင့် ဝမ်းမြောက်ကြကုန်၏။

၄၀။ ထိုအခါ နတ်အပေါင်းသည် အညီအညွတ်ရောက်လာလတ်သော် ဤနတ်ပြည်မှ စုတေလျှင် ငါသည် အဘယ်အမျိုးသို့ သွားရပါအံ့နည်းဟု ငါ့အား ထိတ်လန့်ခြင်းသည် ဖြစ်ခဲ့၏။

၄၁။ ဣန္ဒြေကို ပွါးများပြီးသော ထို(သုမန)ရဟန်းသည် ငါ၏ထိတ်လန့်ခြင်းကို သိတော်မူသဖြင့် ငါ့အား ထုတ်ဆောင် ကယ်တင်လိုသည်ဖြစ်၍ ငါ၏ အထံသို့ ကြွလာ၏။

၄၂။ ထိုအခါ၌ ပဒုမုတ္တရမြတ်စွာဘုရား၏ တပည့်သာဝကဖြစ်သော သုမနအမည်ဖြင့် ထင်ရှားသော ရဟန်းသည် အကျိုးအကြောင်းကို ဆုံးမ၍ ငါ့အား သံဝေဂရစေခဲ့၏၊ (ထိတ်လန့်စေခဲ့၏)။

၄၃။ ငါသည် ထိုရဟန်း၏ ဆုံးမစကားကို ကြားနာရ၍ မြတ်စွာဘုရား၌ မိမိစိတ်ကို ကြည်လင်စေခဲ့၏၊ ထိုဉာဏ်တော်ရှင် မြတ်စွာဘုရားကို ရှိခိုး၍ ထိုအရပ်၌ပင် ငါသည် သေလွန်ခဲ့၏။

၄၄။ ထိုငါသည် ထိုအရပ်၌သာလျှင် ဖြစ်ခဲ့၏၊ ဖြူစင်သော ကုသိုလ်အကြောင်းရင်းသည် တိုက်တွန်းအပ်သည် ဖြစ်၍ ကမ္ဘာတသိန်းပတ်လုံး အပါယ်လေးပါးသို့ မရောက်ခဲ့ရပေ။

၄၅။ လေးပါးသော ပဋိသမ္ဘိဒါတို့ကိုရင်း ရှစ်ပါးသော ဤဝိမောက္ခတို့ကိုရင်း ခြောက်ပါးသော အဘိညာဉ်တို့ကိုရင်း မျက်မှောက် ပြုအပ်ပါကုန်ပြီ၊ မြတ်စွာဘုရား၏ အဆုံးအမတော်ကို လိုက်နာကျင့်သုံးပြီးပါပြီ။

ဤသို့လျှင် အသျှင်ကေစိန္တိကမထေရ်သည် ဤဂါထာတို့ကို မိန့်ဆိုတော်မူ၏။

ခုနစ်ခုမြောက် ကေစိန္တိကတ္ထေရအပဒါန် ပြီး၏။

---

## ဂ-တိကဏ္ဍပုပ္ဖိယတ္ထေရအပဒါန်

၄၆။ နတ်သားဖြစ်သော ငါသည် နတ်သမီးအပေါင်းခြံရံအပ်သည် ရှိသော် ရှေးကောင်းမှုကံကို အောက်မေ့သဖြင့် ဘုရားမြတ်ကိုလည်း အောက်မေ့ အမှတ်ရခဲ့ပြီ။

၄၇။ (ထိုအခါ) ဆည်းလည်းပန်းကို ယူ၍ မိမိစိတ်ကို ကြည်လင်စေပြီးလျှင် လူတို့ထက်မြတ်တော်မူသော ဝိပဿီမြတ်စွာဘုရားအား တင်လှူ ပူဇော်ခဲ့၏။

၄၈။ ဤဘဒ္ဒကမ္ဘာမှ ကိုးဆယ့်တကမ္ဘာထက်၌ ဆည်းလည်းပန်းကို လှူဒါန်းခဲ့ရသောအခါမှစ၍ ငါသည် အပါယ်လေးပါး လားရသည်ကို မသိစဘူးပေ၊ ဤသို့ ဖြစ်ရခြင်းသည် မြတ်စွာဘုရားအား ပန်းပူဇော်ရခြင်း၏ အကျိုးပေတည်း။

http://www.dhammadownload.com



၄၉။ ဤဘဒ္ဒကမ္ဘာမှ ခုနစ်ဆယ့်သုံးကမ္ဘာထက်၌ ရတနာခုနစ်ပါးတို့နှင့် ပြည့်စုံသည် ဖြစ်၍ များမြတ်သည့်ဗိုလ်ပါအင်အားရှိသော ရမုတ္တမည်သော စကြဝတေးမင်းတို့သည် လေးကြိမ်တိုင်တိုင် ဖြစ်ခဲ့ဘူးကုန်၏။

၅၀။ လေးပါးသော ပဋိသမ္ဘိဒါတို့ကိုလည်း ရှစ်ပါးသော ဤဝိမောက္ခတို့ကိုလည်း ခြောက်ပါးသော အဘိညာဉ်တို့ကိုလည်း မျက်မှောက်ပြုအပ်ပါကုန်ပြီ၊ မြတ်စွာဘုရား၏ အဆုံးအမတော်ကို လိုက်နာကျင့်သုံးပြီးပါပြီ။

ဤသို့လျှင် အသျှင်တိကဏ္ဍိပုပ္ဖိယမထေရ်သည် ဤဂါထာတို့ကို မိန့်ဆိုတော်မူ၏။

ရှစ်ခုမြောက် တိကဏ္ဍိပုပ္ဖိယတ္ထေရအပဒါန် ပြီး၏။

---

## ၉-ကောဓာရိယတ္ထေရအပဒါန်

၅၁။ လောက၌ မြတ်စွာဘုရားသည်လည်း ပရိနိဗ္ဗာန်စံတော်မူ၏၊ ငါတို့သည်ကား ရာဂနှင့်တကွ ဖြစ်ကုန်၏ဟု တာဝတိံသာနတ်ပြည်တို့၌ ထိုမြတ်စွာဘုရား ပရိနိဗ္ဗာန်စံသောအခါ ကြီးစွာသော ကြွေးကြော်သံသည် ဖြစ်၏။

၅၂။ သောကတည်းဟူသော မြားငြောင့်နှင့် ပြည့်စုံကုန်သော ထိုနတ်တို့သည် ထိတ်လန့်ကုန်လတ်သော် ငါသည် မိမိ၏ကံအစွမ်းဖြင့် ထောက်ပံ့အပ်သည်ဖြစ်၍ (ပရိနိဗ္ဗာန်စံတော်မူသော)မြတ်စွာဘုရားအထံသို့ သွားခဲ့၏။

၅၃။ ပရိနိဗ္ဗာန်ပြုသောအခါ၌ စုပေါင်းသီကုံးအပ်သော မန္ဒာရဝပန်းကို ယူပြီးလျှင် မြတ်စွာဘုရား(အလောင်းတော်)အား လှူဒါန်းပူဇော်ခဲ့၏။

၅၄။ ထိုအခါ၌ အလုံးစုံသော နတ်တို့သည်လည်း ငါ၏နတ်သမီးတို့သည်လည်း ဝမ်းမြောက်ကြကုန်၏၊ ငါသည် ကမ္ဘာတသိန်းပတ်လုံး အပါယ်လေးပါးသို့ မလား မရောက်ခဲ့ရပေ။

၅၅။ ဤဘဒ္ဒကမ္ဘာမှ ကမ္ဘာခြောက်သောင်းထက်၌ များမြတ်သည့် ဗိုလ်ပါအင်အားရှိသော မဟာမလ္လဇနမည်ကုန်သော ဟိုစကြဝတေးမင်းတို့သည် တဆယ့်ခြောက်ကြိမ်တိုင်တိုင် ဖြစ်ခဲ့ဘူးကုန်၏။

၅၆။ လေးပါးသော ပဋိသမ္ဘိဒါတို့ကိုလည်း ရှစ်ပါးသော ဤဝိမောက္ခတို့ကိုလည်း ခြောက်ပါးသော အဘိညာဉ်တို့ကိုလည်း မျက်မှောက်ပြုအပ်ပါကုန်ပြီ၊ မြတ်စွာဘုရား၏ အဆုံးအမတော်ကို လိုက်နာကျင့်သုံးပြီးပါပြီ။

ဤသို့လျှင် အသျှင်ကောဓာရိယမထေရ်သည် ဤဂါထာတို့ကို မိန့်ဆိုတော်မူ၏။

ကိုးခုမြောက် ကောဓာရိယတ္ထေရအပဒါန် ပြီး၏။

http://www.dhammadownload.com



## ၁၀-တိဝဏ္ဋိပုပ္ဖိယတ္ထေရအပဒါန်

၅၇။ ထိုတပည့်အားလုံးတို့သည် အနဉ္ဇိပ်စက်ခံရသော ငါ့ထံသို့ ချဉ်းကပ်၍ ကြည့်ရှုကြကုန်၏၊ ထိုတပည့်တို့ကြည့်ရှုကုန်စဉ် ပူလောင်ခြင်းသည် ဖြစ်ပေါ်ခဲ့၏။

၅၈။ ထိုအခါ၌ သစ္စာလေးပါးကို သိတော်မူသော ဓမ္မဒဿီမြတ်စွာဘုရား၏ သုနန္ဒမည်သော တပည့်သာဝကသည် ငါ၏အထံသို့ ကြွလာတော်မူ၏။

၅၉။ ထိုအခါ ငါ၏အနီးနေ တပည့်တို့သည် ငါ့အား ပန်းကို ပေးကြကုန်၏၊ ငါသည် ထိုပန်းကို ယူပြီးလျှင် ဘုရား၏တပည့်သာဝက ရဟန်းအား တင်လှူပူဇော်၏။

၆၀။ ထိုငါသည် ထိုအရပ်၌ပင် သေခဲ့၏၊ တဖန်လည်း နတ်ပြည်၌ ငါသည် ဖြစ်ခဲ့၏၊ ကမ္ဘာတထောင့်ရှစ်ရာတို့ပတ်လုံး ငါသည် ပျက်စီး ကျရောက်ရာ ငရဲသို့ မရောက်ခဲ့ရပေ။

၆၁။ ဤဘဒ္ဒကမ္ဘာမှ ကမ္ဘာတထောင့်သုံးရာထက်၌ ရတနာခုနစ်ပါးတို့နှင့် ပြည့်စုံသည် ဖြစ်၍ များမြတ်သည့် ဗိုလ်ပါအင်အားရှိသော ဓူမကေတုမည်သော စကြဝတေးမင်းတို့သည် ရှစ်ကြိမ်တိုင်တိုင် ဖြစ်ခဲ့ဘူးကုန်၏။

၆၂။ လေးပါးသော ပဋိသမ္ဘိဒါတို့ကိုရင်း ရှစ်ပါးသော ဝိမောက္ခတို့ကိုရင်း ခြောက်ပါးသော အဘိညာဉ်တို့ကိုရင်း မျက်မှောက်ပြုအပ်ပါကုန်ပြီ၊ မြတ်စွာဘုရား၏ အဆုံးအမတော်ကို လိုက်နာကျင့်သုံးပြီးပါပြီ။

ဤသို့လျှင် အသျှင်တိဝဏ္ဋိပုပ္ဖိယမထေရ်သည် ဤဂါထာတို့ကို မိန့်ဆိုတော်မူ၏။

ဆယ်ခုမြောက် တိဝဏ္ဋိပုပ္ဖိယတ္ထေရအပဒါန် ပြီး၏။

**တဆယ့်ကိုးခုမြောက် ကုဋဇပုပ္ဖိယဝဂ် ပြီး၏။**

http://www.dhammadownload.com

# ၂၀-တမာလပုပ္ဖိယဝဂ်

## ၁-တမာလပုပ္ဖိယတ္ထေရအပဒါန်

၁။ ငါ၏ဗိမာန်ကို နတ်ဗိမာန်နှင့်တူစွာ ဖန်ဆင်းအပ်၏၊ (ထိုဗိမာန်၌) ရွှေဖြင့်ပြီးသော တိုင်တို့သည် ရှစ်သောင်းလေးထောင် ရှိကုန်၏။

၂။ ထိုအခါ ပန်းညိုပန်းကို ယူ၍ အထူးကြည်လင်သော စိတ်ဖြင့် လောက၏ အဆွေဖြစ်တော်မူသော သိခီမြတ်စွာဘုရားအား တင်လှူပူဇော်ခဲ့၏။

၃။ ဤဘဒ္ဒကမ္ဘာမှ သုံးဆယ့်တကမ္ဘာထက်၌ ပန်းလှူမှုကို ပြုခဲ့ရသောအခါမှစ၍ ငါသည် အပါယ်လေးပါး လားရသည်ကို မသိစဘူးပေ၊ ဤသို့ဖြစ်ရခြင်းသည် မြတ်စွာဘုရားအား ပန်းပူဇော်ရခြင်း၏ အကျိုးပေတည်း။

၄။ ဤဘဒ္ဒကမ္ဘာမှ ကမ္ဘာနှစ်ဆယ်ထက်၌ ရတနာခုနစ်ပါးတို့နှင့် ပြည့်စုံသည်ဖြစ်၍ များမြတ်သည့် ဗိုလ်ပါအင်အားရှိသော စန္ဒတိတ္တ မည်သော စကြဝတေးမင်း တကြိမ် ဖြစ်ခဲ့ဘူး၏။

၅။ လေးပါးသော ပဋိသမ္ဘိဒါတို့ကိုရင်း ရှစ်ပါးသော ဤဝိမောက္ခတို့ကိုရင်း ခြောက်ပါးသော အဘိညာဉ်တို့ကိုရင်း မျက်မှောက်ပြုအပ်ပါကုန်ပြီ၊ မြတ်စွာဘုရား၏ အဆုံးအမတော်ကို လိုက်နာကျင့်သုံးပြီးပါပြီ။

ဤသို့လျှင် အသျှင်တမာလပုပ္ဖိယမထေရ်သည် ဤဂါထာတို့ကို မိန့်ဆိုတော်မူ၏။

**ရှေးဦးစွာသော တမာလပုပ္ဖိယတ္ထေရအပဒါန် ပြီး၏။**

---

## ၂-တိဏသန္ထာရကတ္ထေရအပဒါန်

၆။ အကြင်အခါ၌ တောနေရသေ့သည် မြတ်စွာဘုရားအတွက် (သက်ငယ်) မြက်ကို ရိတ်၏၊ အလုံးစုံသော မြက်တို့သည် လကျာ်ရစ်လှည့်ကုန်လျက် မြေ၌ လည်းကြကုန်၏။

၇။ ငါသည် ထိုမြက်ကို ယူပြီးလျှင် မြင့်သောမြေ၌ ခင်းခဲ့၏၊ထိုအခါ၌ ငါသည် ထန်းရွက် သုံးရွက်တို့ကို ဆောင်ယူ၍—

၈။ မြက်ခင်းအပေါ်၌ အမိုးပြုလုပ်လျက် သိဒ္ဓတ္ထမြတ်စွာဘုရားအား ပေးလှူခဲ့၏၊ နတ်လူတို့၏ ဆရာဖြစ်တော်မူသော ထိုမြတ်စွာဘုရားအား ခုနစ်ရက်ပတ်လုံး (ထိုအမိုးတို့သည်) ဆောင်မိုးလျက် ရှိကုန်၏။

၉။ ဤဘဒ္ဒကမ္ဘာမှ ကိုးဆယ့်လေးကမ္ဘာထက်၌ မြက်(အခင်း)ကို ပေးလှူခဲ့ရသောအခါမှစ၍ အပါယ်လေးပါး လားရသည်ကို မသိစဘူးပေ၊ဤသို့ဖြစ်ရခြင်းသည် မြက်ကို လှူရခြင်း၏ အကျိုးပေတည်း။

http://www.dhammadownload.com



၁၀။ ဤဘဒ္ဒကမ္ဘာမှ ခြောက်ဆယ့်ငါးကမ္ဘာထက်၌ ရတနာခုနစ်ပါးတို့နှင့် ပြည့်စုံသည်ဖြစ်၍ များမြတ်သည့် ဗိုလ်ပါအင်အားရှိသော များသော ဥစ္စာရှိသော စကြဝတေးမင်းတို့သည် လေးကြိမ်တိုင်တိုင် ဖြစ်ခဲ့ဘူးကုန်၏။

၁၁။ လေးပါးသော ပဋိသမ္ဘိဒါတို့ကိုလည်း ရှစ်ပါးသော ဤဝိမောက္ခတို့ကိုလည်း ခြောက်ပါးသော အဘိညာဉ်တို့ကိုလည်း မျက်မှောက်ပြုအပ်ပါကုန်ပြီ၊ မြတ်စွာဘုရား၏ အဆုံးအမတော်ကို လိုက်နာကျင့်သုံးပြီးပါပြီ။

ဤသို့လျှင် အသျှင်တိဏသန္ထာရကမထေရ်သည် ဤဂါထာတို့ကို မိန့်ဆိုတော်မူ၏။

နှစ်ခုမြောက် တိဏသန္ထာရကတ္ထေရအပဒါန် ပြီး၏။

---

## ၃-ခဏ္ဍဖုလ္လိယတ္ထေရအပဒါန်

၁၂။ ဖုဿအမည်ရှိသော မြတ်စွာဘုရား၏ ပုထိုးတော်သည် မဟာဝုန် (တောကြီး) ၌ ဖြစ်၏၊ ထိုအခါ ဆင်တို့သည် ထိုးဆွဖျက်ဆီးအပ်သည်ဖြစ်၍ ထိုစေတီတော်၌ သစ်ပင်သည် ပေါက်ရောက်ကြီးပွါး၏။

၁၃။ ဂုဏ်ကျေးဇူးတို့ကြောင့် လောကသုံးပါး၏ ဆရာဖြစ်တော်မူသော ထိုမြတ်စွာဘုရား၏ ပုထိုးတော်အား ငါသည် နှစ်သက်သောစိတ် ရှိသည်ဖြစ်၍ မညီညွတ်သည်ကိုလည်း ညီညွတ်အောင် ပြုပြင်ပြီးလျှင် အင်္ဂတေစိုင် ဖို့လုပ်လှူဒါန်းခဲ့၏။

၁၄။ ဤဘဒ္ဒကမ္ဘာမှ ကိုးဆယ့်နှစ်ကမ္ဘာထက်၌ အင်္ဂတေစိုင် ဖို့လုပ်လှူဒါန်းခဲ့ရသော အခါမှစ၍ အပါယ်လေးပါး လားရသည်ကို မသိစဘူးပေ၊ ဤသို့ ဖြစ်ရခြင်းသည် အင်္ဂတေစိုင် လှူရခြင်း၏ အကျိုးပေတည်း။

၁၅။ ခုနစ်ဆယ့်ခုနစ်ကမ္ဘာထက်၌ ရတနာခုနစ်ပါးတို့နှင့် ပြည့်စုံသည်ဖြစ်၍ များမြတ်သည့် ဗိုလ်ပါအင်အားရှိသော ဇိတသေနမည်သော စကြဝတေးမင်းတို့သည် တဆယ့်ခြောက်ကြိမ် ဖြစ်ခဲ့ဘူးကုန်၏။

၁၆။ လေးပါးသော ပဋိသမ္ဘိဒါတို့ကိုလည်း ရှစ်ပါးသော ဤဝိမောက္ခတို့ကိုလည်း ခြောက်ပါးသော အဘိညာဉ်တို့ကိုလည်း မျက်မှောက်ပြုအပ်ပါကုန်ပြီ၊ မြတ်စွာဘုရား၏ အဆုံးအမတော်ကို လိုက်နာကျင့်သုံးပြီးပါပြီ။

ဤသို့လျှင် အသျှင်ခဏ္ဍဖုလ္လိယမထေရ်သည် ဤဂါထာတို့ကို မိန့်ဆိုတော်မူ၏။

သုံးခုမြောက် ခဏ္ဍဖုလ္လိယတ္ထေရအပဒါန် ပြီး၏။

---

## ၄-အသောကပူဇကတ္ထေရအပဒါန်

၁၇။ ထိုအခါ ပျော်မွေ့ဖွယ်ကောင်းသော တိဝရာမြို့၌ မင်းဥယျာဉ်သည် ရှိလေ၏၊ ထို ဥယျာဉ်၌ ငါသည် မင်း၏ အနီး၌ လှည့်လည်ရသော ဥယျာဉ်စောင့် ဖြစ်ခဲ့၏။

http://www.dhammadownload.com



၁၈။ ပဒုမုတ္တရအမည်ဖြင့် ထင်ရှားသော အရောင်နှင့်တကွဖြစ်သော မြတ်စွာဘုရားသည် ပွင့်တော်မူ၏၊ ထိုမြတ်စွာဘုရားသည် သရက်ဖြူပင်ရင်း၌ နေထိုင်တော်မူလတ်သော် သရက်ပင်၏ အရိပ်သည် ထိုမြတ်စွာဘုရားကို မစွန့်ချေ။

၁၉။ (ထိုအခါ ငါသည်) အခိုင်လျှင် ဝန်ရှိသော ရွှချင်ဖွယ်ကောင်းသော သော်ကပန်းပွင့်ကို မြင်၍ (ဆွတ်ခူးပြီးလျှင်)ပဒုမုတ္တရ မြတ်စွာဘုရားအား တင်လှူပူဇော်ခဲ့၏။

၂၀။ ဤဘဒ္ဒက မ္ဘာမှ ကိုးဆယ့်လေးကမ္ဘာထက်၌ သော်ကပန်းပွင့်ကို တင်လှူခဲ့သော အခါမှစ၍ အပါယ်လေးပါး လားရသည်ကို မသိစဘူးပေ၊ ဤသို့ ဖြစ်ရခြင်းသည် ပန်းလှူရခြင်း၏ အကျိုးပေတည်း။

၂၁။ ဤဘဒ္ဒကမ္ဘာမှ သုံးဆယ့်ခုနစ်ကမ္ဘာထက်၌ ရတနာခုနစ်ပါးတို့နှင့် ပြည့်စုံသည်ဖြစ်၍ များစွာမြတ်သည့် ဗိုလ်ပါအင်အားရှိသော အရဏဥ္စဟ စကြဝတေးမင်းတို့သည် တဆယ့်ခြောက်ကြိမ်တိုင်တိုင် ဖြစ်ခဲ့ဘူးကုန်၏။

၂၂။ လေးပါးသော ပဋိသမ္ဘိဒါတို့ကိုရင်း ရှစ်ပါးသော ဤဝိမောက္ခတို့ကိုရင်း ခြောက်ပါးသော အဘိညာဉ်တို့ကိုရင်း မျက်မှောက်ပြုအပ်ပါကုန်ပြီ၊ မြတ်စွာဘုရား၏ အဆုံးအမတော်ကို လိုက်နာ ကျင့်သုံးပြီးပါပြီ။

ဤသို့လျှင် အသျှင်အသောကပူဇကမထေရ်သည် ဤဂါထာတို့ကို မိန့်ဆိုတော်မူ၏။

လေးခုမြောက် အသောကပူဇကတ္ထေရအပဒါန် ပြီး၏။

---

## ၅-အင်္ကောလကတ္ထေရအပဒါန်

၂၃။ ငါသည် ပွင့်နေသော မှန်ကူပင်ကို မြင်၍ ပန်းမြတ်ဖြစ်သော ထိုပန်းကို ရိုးတံ အညှာနှင့်တကွ ဆွတ်ခူးပြီးလျှင် မြတ်စွာဘုရား အထံတော်သို့ သွားခဲ့၏။

၂၄။ ထိုအခါ၌ သိဒ္ဓတ္ထ မြတ်စွာဘုရားသည် တပါးတည်း ကိန်းအောင်းတော်မူနေသော ကြောင့် တမုဟုတ်မျှ ဆိုင်းငံ့ပြီးလျှင် လိုဏ်ဂူ၌ ပန်းကို ကြဲဖြန့် ပူဇော်ခဲ့၏။

၂၅။ ဤဘဒ္ဒကမ္ဘာမှ ကိုးဆယ့်လေးကမ္ဘာထက်၌ ပန်းကို လှူဒါန်း ပူဇော်ခဲ့ရသော အခါမှစ၍ အပါယ်လေးပါး လားရသည်ကို မသိစဘူးပေ၊ ဤသို့ ဖြစ်ရခြင်းသည် ပန်းလှူရခြင်း၏ အကျိုးပေတည်း။

၂၆။ ဤဘဒ္ဒကမ္ဘာမှ သုံးဆယ့်ခြောက်ကမ္ဘာထက်၌ ရတနာခုနစ်ပါးတို့နှင့် ပြည့်စုံသည်ဖြစ်၍ များမြတ်သည့် ဗိုလ်ပါအင်အားရှိသော ဒေဝဂဇ္ဇိတမည်သော စကြဝတေးမင်း တကြိမ် ဖြစ်ခဲ့၏။

၂၇။ လေးပါးသော ပဋိသမ္ဘိဒါတို့ကိုရင်း ရှစ်ပါးသော ဤဝိမောက္ခတို့ကိုရင်း ခြောက်ပါးသော အဘိညာဉ်တို့ကိုရင်း မျက်မှောက်ပြုအပ်ပါကုန်ပြီ၊ မြတ်စွာဘုရား၏ အဆုံးအမတော်ကို လိုက်နာကျင့်သုံးပြီးပါပြီ။

ဤသို့လျှင် အသျှင်အင်္ကောလကမထေရ်သည် ဤဂါထာတို့ကို မိန့်ဆိုတော်မူ၏။

ငါးခုမြောက် အင်္ကောလကတ္ထေရအပဒါန် ပြီး၏။

http://www.dhammadownload.com



## ၆-ကိသလယပူဇကတ္ထေရအပဒါန်

၂၈။ ဒွါရဝတီမြို့၌ ငါ့အား ပန်းပင်ငယ်သည် ရှိ၏၊ ထိုမြို့၌ပင်လျှင် သစ်ပင်တို့ကို စည်ပင်ပေါက်ရောက် စေတတ်သော ရေတွင်းလည်း ရှိ၏။

၂၉။ မိမိကံစွမ်းဖြင့် ထောက်ပံ့အပ်သည်ဖြစ်၍ တပါးရန်သူတို့သည် မအောင်အပ်သော ထိုသိဒ္ဓတ္ထမြတ်စွာဘုရားသည် ငါ့ကို သနားစောင့်ရှောက်လိုသောကြောင့် ကောင်းကင်၌ ကြွသွားတော်မူ၏။

၃၀။ (ထိုအခါ) ငါသည် မြတ်စွာဘုရားအား ပူဇော်ရန် လျောက်ပတ်သော (သော်ကညွန့်မှ)တပါး အခြား တစုံတရာကိုမျှ မမြင်ပေ၊ သော်ကညွန့်ကို မြင်သဖြင့် ငါသည် ကောင်းကင်၌ မြှောက်တင်ပူဇော်ခဲ့ပြီ။

၃၁။ ကြွသွားတော်မူသော မြတ်စွာဘုရား၏ နောက်တော်မှ ထိုပန်းညွန့်တို့သည် လိုက်သွားကြကုန်၏၊ ငါသည် ထိုအရာကို တွေ့မြင်ရ၍ မြတ်စွာဘုရား၏ ကြီးမားသော ဂုဏ်တော်သည် အံ့ဖွယ်ရှိပါပေစွ ဟု တုန်လှုပ်မိ၏။

၃၂။ ဤဘဒ္ဒကမ္ဘာမှ ကိုးဆယ့်လေးကမ္ဘာထက်၌ သော်ကညွန့်ကို တင်လှူပူဇော်ခဲ့ရသော အခါမှစ၍ အပါယ်လေးပါး လားရသည်ကို မသိစဘူးပေ၊ ဤသို့ ဖြစ်ရခြင်းသည် မြတ်စွာဘုရားကို ပူဇော်ရခြင်း၏ အကျိုးပေတည်း။

၃၃။ ဤဘဒ္ဒကမ္ဘာမှ သုံးဆယ့်ခုနစ်ကမ္ဘာထက်၌ ရတနာခုနစ်ပါးတို့နှင့် ပြည့်စုံသည်ဖြစ်၍ များစွာမြတ်သည့် ဗိုလ်ပါအင်အားရှိသော ကေသရမည်သော စကြဝတေးမင်းတကြိမ် ဖြစ်ခဲ့၏။

၃၄။ လေးပါးသော ပဋိသမ္ဘိဒါတို့ကိုရင်း ရှစ်ပါးသော ဤဝိမောက္ခတို့ကိုရင်း ခြောက်ပါးသော အဘိညာဉ်တို့ကိုရင်း မျက်မှောက် ပြုအပ်ပါကုန်ပြီ၊ မြတ်စွာဘုရား၏ အဆုံးအမတော်ကို လိုက်နာကျင့်သုံးပြီးပါပြီ။

ဤသို့လျှင် အသျှင်ကိသလယပူဇကမထေရ်သည် ဤဂါထာတို့ကို မိန့်ဆိုတော်မူ၏။

ခြောက်ခုမြောက် ကိသလယပူဇကတ္ထေရအပဒါန် ပြီး၏။

---

## ၇-တိဿဗုဒ္ဓဝါယကတ္ထေရအပဒါန်

၃၅။ ငါသည် အသွားအလာခက်သော တောင်ချောက်ကြား၌ လှည့်လည်သော အားအစွမ်း အဟုန်ရှိသော မျောက်သည် ဖြစ်ခဲ့၏၊ (ထိုအခါ)အသီး သီးသော တည်ပင်ကို မြင်၍ ဘုရားမြတ်ကို အောက်မေ့မိ၏။

၃၆။ ငါသည် ကြည်ညိုဝမ်းမြောက်သောစိတ် ရှိသည်ဖြစ်၍ နှစ်ရက်သုံးရက် တိုင်တိုင် ထွက်ခွါပြီးလျှင် လောက၏ ရှေ့သွားဖြစ်သော ဘုံသုံးပါးအဆုံးသို့ ရောက်တော်မူသော သိဒ္ဓတ္ထမြတ်စွာဘုရားကို ရှာဖွေခဲ့ဘူး၏။

http://www.dhammadownload.com



၃၇။ လောက၌ အမြတ်ဆုံးဖြစ်သော မြတ်စွာဘုရားသည် ငါ၏ စိတ်အကြံကို သိတော်မူသဖြင့် အထောင်သော ရဟန္တာတို့နှင့်တကွ ငါ၏အထံသို့ ကြွလာတော်မူ၏။

၃၈။ (ထိုအခါ) ငါသည် ဝမ်းမြောက်ခြင်းကို ဖြစ်စေ၍ သစ်သီးတို့ကို လက်စွဲလျက် (မြတ်စွာဘုရားထံ)ချဉ်းကပ်ခဲ့ပြီ၊ တရားဟောသူတို့ထက် မြတ်တော်မူသော တရားအားလုံးကို သိတော်မူသော မြတ်စွာဘုရားသည် (တည်သီးကို) အလှူခံတော်မူ၏။

၃၉။ ဤဘဒ္ဒကမ္ဘာမှ ကိုးဆယ့်လေးကမ္ဘာထက်၌ သစ်သီးကို ပေးလှူခဲ့ရသော အခါမှစ၍ အပါယ်လေးပါး လားရသည်ကို မသိစဘူးပေ၊ ဤသို့ဖြစ်ရခြင်းသည် သစ်သီးကို လှူရခြင်း၏ အကျိုးပေတည်း။

၄၀။ ငါးဆယ့်ခုနစ်ကမ္ဘာထက်၌ ရတနာခုနစ်ပါးတို့နှင့် ပြည့်စုံသည်ဖြစ်၍ များစွာမြတ်သည့် ဗိုလ်ပါအင်အားရှိသော ဉပနန္ဒအမည်ရှိသော စကြဝတေးမင်းဖြစ်၏။

၄၁။ လေးပါးသော ပဋိသမ္ဘိဒါတို့ကိုရင်း ရှစ်ပါးသော ဤဝိမောက္ခတို့ကိုရင်း ခြောက်ပါးသော အဘိညာဉ်တို့ကိုရင်း မျက်မှောက်ပြုအပ်ပါကုန်ပြီ၊ မြတ်စွာဘုရား၏ အဆုံးအမတော်ကို လိုက်နာကျင့်သုံးပြီးပါပြီ။

ဤသို့လျှင် အသျှင်တိန္ဒုကဒါယကမထေရ်သည် ဤဂါထာတို့ကို မိန့်ဆိုတော်မူ၏။

ခုနစ်ခုမြောက် တိန္ဒုကဒါယကတ္ထေရအပဒါန် ပြီး၏။

---

## ၈-မုဋ္ဌိပူဇကတ္ထေရအပဒါန်

၄၂။ လောက၏ အကြီးအမှူးဖြစ်၍ လူတို့ထက် မြတ်တော်မူသော မာရ်ငါးပါးကို အောင်တော်မူပြီးသော သုမေဓာ မြတ်စွာဘုရားသည် နောင်လာနောက်သားတို့ကို အစဉ်သနားတော်မူသဖြင့် ကမ္မဋ္ဌာန်းကို စီးဖြန်းအားထုတ်တော်မူ၏။

၄၃။ အခြေနှစ်ချောင်းရှိသူ နတ်လူတို့ကို အစိုးရတော်မူသည်ဖြစ်၍ တာဒိဂုဏ်နှင့်ပြည့်စုံတော်မူသော ထိုမြတ်စွာဘုရားသည် စင်္ကြံကြွ သွားတော်မူစဉ် ငါသည် ဂိရိနေလမည်သော ပန်းဆုပ်ကို ဘုရားအား လှူဒါန်းပူဇော်၏။

၄၄။ ငါသည် ထိုလှူဒါန်းရသော စိတ်၏ ကြည်ညိုခြင်းဖြင့် ဖြူစင်သော ကုသိုလ်အကြောင်းရင်းသည် တိုက်တွန်းအပ်သည် ဖြစ်၍ ကမ္ဘာသုံးသိန်းတို့ပတ်လုံး အပါယ်လေးပါးသို့ မလား မရောက်ခဲ့ရပေ။

၄၅။ ကမ္ဘာနှစ်ထောင့် သုံးရာထက်၌ ရတနာခုနစ်ပါးတို့နှင့် ပြည့်စုံသည်ဖြစ်၍ များစွာမြတ်သည့်ဗိုလ်ပါအင်အားရှိသော သုနေလ စကြဝတေးမင်း တကြိမ် ဖြစ်ခဲ့၏။

၄၆။ လေးပါးသော ပဋိသမ္ဘိဒါတို့ကိုရင်း ရှစ်ပါးသော ဤဝိမောက္ခတို့ကိုရင်း ခြောက်ပါးသော အဘိညာဉ်တို့ကိုရင်း မျက်မှောက်ပြုအပ်ပါကုန်ပြီ၊ မြတ်စွာဘုရား၏ အဆုံးအမတော်ကို လိုက်နာကျင့်သုံးပြီးပါပြီ။

ဤသို့လျှင် အသျှင်မုဋ္ဌိပူဇကမထေရ်သည် ဤဂါထာတို့ကို မိန့်ဆိုတော်မူ၏။

ရှစ်ခုမြောက် မုဋ္ဌိပူဇကတ္ထေရအပဒါန် ပြီး၏။

http://www.dhammadownload.com



## ၉-ကိံကဏိကပုပ္ဖိယတ္ထေရအပဒါန်

၄၇။ အလိုလိုဖြစ်၍ ရန်သူတို့သည် မအောင်နိုင်သော သုမင်္ဂလအမည်ဖြင့် ထင်ရှားသော မြတ်စွာဘုရားသည် တောမှထွက်၍ မြို့သို့ ဝင်တော်မူ၏။

၄၈။ သစ္စာလေးပါးကို သိတော်မူသော ထိုမြတ်စွာဘုရားသည် ဆွမ်းခံသွည့်လည်၍ မြို့မှ ထွက်ပြီးသော် ဆွမ်းကိစ္စပြီးစီးသည် ဖြစ်၍သာလျှင် တောတွင်း၌ နေတော်မူ၏။

၄၉။ ထိုအခါ ငါသည် ဆည်းလည်းပန်းကို ယူပြီးလျှင် ကြည်လင်ဝမ်းမြောက်သော စိတ်ရှိသည်ဖြစ်၍ အလိုလိုဖြစ်တော်မူသော သီလက္ခန္ဓစသည့် ကျေးဇူးဂုဏ်အထူးကို ရှာမှီးလေ့ရှိတော်မူသော မြတ်စွာဘုရားအား တင်လှူ၍ ပူဇော်ခဲ့၏။

၅၀။ ဤဘဒ္ဒကမ္ဘာမှ ကိုးဆယ့်လေးကမ္ဘာထက်၌ ပန်းကို ပေးလှူ၍ ပူဇော်ခဲ့ရသော အခါမှ စ၍ အပါယ်လေးပါး လားရသည်ကို မသိစဘူးပေ၊ ဤသို့ ဖြစ်ရခြင်းသည် မြတ်စွာဘုရားအား ပန်းပူဇော်ရခြင်း၏ အကျိုးပေတည်း။

၅၁။ ဤဘဒ္ဒကမ္ဘာမှ ရှစ်ဆယ့်ခြောက်ကမ္ဘာထက်၌ ရတနာခုနစ်ပါးတို့နှင့် ပြည့်စုံသည်ဖြစ်၍ များမြတ်သည့် ဗိုလ်ပါအင်အားရှိသော အပိလာသိ အမည်ရှိသော စကြဝတေးမင်းဖြစ်ခဲ့၏။

၅၂။ လေးပါးသော ပဋိသမ္ဘိဒါတို့ကိုရင်း ရှစ်ပါးသော ဤဝိမောက္ခတို့ကိုရင်း ခြောက်ပါးသော အဘိညာဉ်တို့ကိုရင်း မျက်မှောက်ပြုအပ်ပါကုန်ပြီ၊ မြတ်စွာဘုရား၏ အဆုံးအမတော်ကို လိုက်နာကျင့်သုံးပြီးပါပြီ။

ဤသို့လျှင် အသျှင်ကိံကဏိကပုပ္ဖိယမထေရ်သည် ဤဂါထာတို့ကို မိန့်ဆိုတော်မူ၏။

ကိုးခုမြောက် ကိံကဏိကပုပ္ဖိယတ္ထေရအပဒါန် ပြီး၏။

---

## ၁၀-ယူထိကပုပ္ဖိယတ္ထေရအပဒါန်

၅၃။ လှူဒါန်းဖွယ် ပစ္စည်းဝတ္ထုတို့ကို ခံယူတော်မူထိုက်သော စကျွငါးပါးနှင့် ပြည့်စုံတော်မူသော ပဒုမုတ္တရမြတ်စွာဘုရားသည် တောမှထွက်၍ ကျောင်းတော်သို့ ကြွတော်မူ၏။

၅၄။ (ထိုအခါ ငါသည်) လက်နှစ်ဖက်တို့ဖြင့် မြတ်သောဇွန်ပန်းကိုယူပြီးလျှင် မေတ္တာစိတ်ရှိသည် ဖြစ်၍ တာဒိဂုဏ်နှင့် ပြည့်စုံတော် မူသော မြတ်စွာဘုရားအား တင်လှူပူဇော်ခဲ့၏။

၅၅။ ငါသည် ထိုလှူဒါန်းရသော စိတ်၏ ကြည်လင်ခြင်းကြောင့် စည်းစိမ်ချမ်းသာတို့ကို ခံစားရ၍ ကမ္ဘာတသိန်းပတ်လုံး အပါယ်လေးပါးသို့ မလားမရောက်ခဲ့ရပေ။

၅၆။ ဤဘဒ္ဒကမ္ဘာမှ ကမ္ဘာငါးဆယ်တို့၌ များမြတ်သည့်ဗိုလ်ပါအင်အားရှိသော သမိတ္တနန္ဒနမည်သော စကြဝတေးမင်း တကြိမ် ဖြစ်ခဲ့၏။

http://www.dhammadownload.com



၅၇။ လေးပါးသော ပဋိသမ္ဘိဒါတို့ကိုလည်းကောင်း ရှစ်ပါးသော ဝိမောက္ခတို့ကိုလည်းကောင်း ခြောက်ပါးသော အဘိညာဉ်တို့ကိုလည်းကောင်း မျက်မှောက်ပြုအပ်ပါကုန်ပြီ၊ မြတ်စွာဘုရား၏ အဆုံးအမတော်ကို လိုက်နာကျင့်သုံးပြီးပါပြီ။

ဤသို့လျှင် အသျှင်ယူထိကပုပ္ဖိယမထေရ်သည် ဤဂါထာတို့ကို မိန့်ဆိုတော်မူ၏။

ဆယ်ခုမြောက် ယူထိကပုပ္ဖိယတ္ထေရအပဒါန် ပြီး၏။

နှစ်ဆယ်မြောက် တမာလပုပ္ဖိယဝဂ် ပြီး၏။

## နှစ်ခုမြောက် မထေရ်တရာအပေါင်း ပြီး၏။

http://www.dhammadownload.com

# ၂၁-ကဏိကာရဝဂ္ဂ

## ၁-ကဏိကာရပုပ္ဖိယတ္ထေရအပဒါန်

၁။ ထိုအခါ ငါသည် ပွင့်နေသော မဟာလှေကားပန်းကို မြင်၍ ဆွတ်ခူးပြီးလျှင် ဩဃမှကူးမြောက်ပြီးသော တာဒိဂုဏ်နှင့် ပြည့်စုံတော်မူသော တိဿမြတ်စွာဘုရားအား တင်လှူပူဇော်ခဲ့၏။

၂။ ဤဘဒ္ဒကမ္ဘာမှ ကိုးဆယ့်နှစ်ကမ္ဘာထက်၌ ပန်းကို တင်လှူပူဇော်ခဲ့ရသော အခါမှစ၍ အပါယ်လေးပါး လားရသည်ကို မသိစဖူးပေ၊ ဤသို့ ဖြစ်ရခြင်းသည် မြတ်စွာဘုရားအား ပန်းပူဇော်ရခြင်း၏ အကျိုးပေတည်း။

၃။ ဤဘဒ္ဒကမ္ဘာမှ သုံးဆယ့်ငါးကမ္ဘာထက်၌ ရတနာခုနစ်ပါးတို့နှင့် ပြည့်စုံသည်ဖြစ်၍ များမြတ်သည့်ဗိုလ်ပါအင်အားရှိသော အရုဏပါဏိဟု ထင်ရှားသော စကြာဝတေးမင်းဖြစ်ခဲ့၏။

၄။ လေးပါးသော ပဋိသမ္ဘိဒါတို့ကိုရင်း ရှစ်ပါးသော ဤဝိမောက္ခတို့ကိုရင်း ခြောက်ပါးသော အဘိညာဉ်တို့ကိုရင်း မျက်မှောက်ပြုအပ်ပါကုန်ပြီ၊ မြတ်စွာဘုရား၏ အဆုံးအမတော်ကို လိုက်နာကျင့်သုံးပြီးပါပြီ။

ဤသို့လျှင် အသျှင်ကဏိကာရပုပ္ဖိယမထေရ်သည် ဤဂါထာတို့ကို မိန့်ဆိုတော်မူ၏။

ရှေးဦးစွာသော ကဏိကာရပုပ္ဖိယတ္ထေရအပဒါန် ပြီး၏။

---

## ၂-မိနေလပုပ္ဖိယတ္ထေရအပဒါန်

၅။ ရွှေအဆင်းနှင့်တူသော အဆင်း အရာမကသော ရောင်ခြည်ရှိတော်မူသော ကြီးမားသော လုံ့လ ဝီရိယ ရှိတော်မူသည်ဖြစ်၍ မေတ္တာသတိနှင့် ယှဉ်တော်မူသော သိခီမြတ်စွာဘုရားသည် စင်္ကြံထက်သို့ တက်တော်မူ၏။

၆။ ငါသည် ကြည်လင်ဝမ်းမြောက်သော စိတ်ရှိသည်ဖြစ်၍ မြတ်သောဉာဏ်တော်ကို ရည်စူးရှိခိုး၍ မိနေလပန်းတို့ကို ယူပြီးလျှင် မြတ်စွာဘုရားအား တင်လှူပူဇော်ခဲ့၏။

၇။ ဤဘဒ္ဒကမ္ဘာမှ သုံးဆယ့်တကမ္ဘာထက်၌ ပန်းကို တင်လှူပူဇော်ခဲ့ရသော အခါမှစ၍ အပါယ်လေးပါး လားရသည်ကို မသိစဖူးပေ၊ ဤသို့ ဖြစ်ရခြင်းသည် မြတ်စွာဘုရားအား ပန်းပူဇော်ရခြင်း၏ အကျိုးပေတည်း။

၈။ နှစ်ဆယ့်ကိုးကမ္ဘာထက်၌ ရတနာခုနစ်ပါးတို့နှင့် ပြည့်စုံသည်ဖြစ်၍ များမြတ်သည့် ဗိုလ်ပါအင်အားရှိသော သုမေဃဃန မည်သော စကြာဝတေးမင်း ဖြစ်ခဲ့၏။

http://www.dhammadownload.com



၉။ လေးပါးသော ပဋိသမ္ဘိဒါတို့ကိုရင်း ရှစ်ပါးသော ဤဝိမောက္ခတို့ကိုရင်း ခြောက်ပါးသော အဘိညာဉ်တို့ကိုရင်း မျက်မှောက်ပြုအပ်ပါကုန်ပြီ၊ မြတ်စွာဘုရား၏ အဆုံးအမတော်ကို လိုက်နာကျင့်သုံးပြီးပါပြီ။

ဤသို့လျှင် အသျှင်မိနေလပုပ္ဖိယမထေရ်သည် ဤဂါထာတို့ကို မိန့်ဆိုတော်မူ၏။

**နှစ်ခုမြောက် မိနေလပုပ္ဖိယထေရအပဒါန် ပြီး၏။**

---

## ၃-ကိင်္ကဏိပုပ္ဖိယထေရအပဒါန်

၁၀။ တရားအလုံးစုံကို သိတော်မူသည်ဖြစ်၍ လူတို့၏ ရှေ့သွားဖြစ်တော်မူသော ရွှေတုရိုက်တိုင်နှင့် တူတော်မူသော မြတ်စွာဘုရားသည် ရေအိုင်သို့ သက်ဆင်း၍ ရေသပ္ပါယ်တော်မူ၏။

၁၁။ ထိုအခါ ငါသည် ဆည်းလည်းပန်းကို ယူ၍ တက်ကြွဝမ်းမြောက်သော စိတ်ရှိသည်ဖြစ်၍ အခြေနှစ်ချောင်းရှိသူ နတ်လူတို့ကို အစိုးရတော်မူသော တာဒိဂုဏ်နှင့် ပြည့်စုံတော်မူသော ဝိပဿီမြတ်စွာဘုရားအား တင်လှူပူဇော်ခဲ့၏။

၁၂။ ဤဘဒ္ဒကမ္ဘာမှ ကိုးဆယ့်တကမ္ဘာထက်၌ ပန်းကို တင်လှူပူဇော်ခဲ့ရသော အခါမှစ၍ အပါယ်လေးပါး လားရသည်ကို မသိစဖူးပေ၊ ဤသို့ဖြစ်ရခြင်းသည် မြတ်စွာဘုရားအား ပန်းပူဇော်ရခြင်း၏ အကျိုးပေတည်း။

၁၃။ နှစ်ဆယ့်ခုနစ်ကမ္ဘာထက်၌ ရတနာခုနစ်ပါးနှင့် ပြည့်စုံသည်ဖြစ်၍ များမြတ်သည့် ဗိုလ်ပါအင်အားရှိသော ဘီမရထမည်သော စကြဝတေးမင်း ဖြစ်ခဲ့၏။

၁၄။ လေးပါးသော ပဋိသမ္ဘိဒါတို့ကိုရင်း ရှစ်ပါးသော ဤဝိမောက္ခတို့ကိုရင်း ခြောက်ပါးသော အဘိညာဉ်တို့ကိုရင်း မျက်မှောက်ပြုအပ်ပါကုန်ပြီ၊ မြတ်စွာဘုရား၏ အဆုံးအမတော်ကို လိုက်နာကျင့်သုံးပြီးပါပြီ။

ဤသို့လျှင် အသျှင်ကိင်္ကဏိပုပ္ဖိယမထေရ်သည် ဤဂါထာတို့ကို မိန့်ဆိုတော်မူ၏။

**သုံးခုမြောက် ကိင်္ကဏိပုပ္ဖိယထေရအပဒါန် ပြီး၏။**

---

## ၄-တရဏိယထေရအပဒါန်

၁၅။ အခြေနှစ်ချောင်းရှိသူ နတ်လူတို့ကို အစိုးရတော်မူသည်ဖြစ်၍ လူတို့ထက် မြတ်တော်မူသော အတ္ထဒဿီ မြတ်စွာဘုရားသည် တပည့်သာဝကအပေါင်းခြံရံလျက် ဂင်္ဂါမြစ်ကမ်းနားသို့ ချဉ်းကပ်တော်မူ၏။

၁၆။ ထိုဂင်္ဂါမြစ်သည် ကမ်းနှင့် အညီအမျှ ကျီးသောက်နိုင်လောက်သော ရေရှိသည်ဖြစ်၍ ကူးခပ်ခြင်းငှါ ခဲယဉ်း၏၊ ထိုအခါ (ငါသည်) ရဟန်းသံဃာကိုရင်း အခြေနှစ်ချောင်းရှိသူ နတ်လူတို့ထက်မြတ်တော်မူသော မြတ်စွာဘုရားကိုရင်း ကူးမြောက်စေခဲ့၏၊ (ကူးတို့ပို့ခဲ့၏)။

http://www.dhammadownload.com



၁၇။ ကမ္ဘာတထောင့်ရှစ်ဆယ့်ထက်၌ ကူးတို့ပို့မှု ပြုခဲ့ရသော အခါမှစ၍ အပါယ်လေးပါး လားရသည်ကို မသိစဘူးပေ၊ ဤသို့ ဖြစ်ရခြင်းသည် ကူးတို့ပို့ရခြင်း၏ အကျိုးပေတည်း။

၁၈။ ဤဘဒ္ဒကမ္ဘာမှ ကမ္ဘာတထောင့်သုံးဆယ့်ထက်၌ ရတနာခုနစ်ပါးတို့နှင့် ပြည့်စုံသည် ဖြစ်၍ များမြတ်သည့် ဗိုလ်ပါအင်အားရှိသော သမ္ဗောဘဝမည်သော စကြဝတေးမင်းတို့သည် ငါးကြိမ်တိုင်တိုင် ဖြစ်ခဲ့ဘူးကုန်၏။

၁၉။ ငါသည် အဆုံးစွန်ဖြစ်သော ဤဘဝ၌လည်း ဗြာဟ္မဏမျိုး၌ ဖြစ်၏၊ အဖော် သုံးယောက်တို့နှင့်အတူ မြတ်စွာဘုရား သာသနာတော်၌ ရဟန်းပြု၏။

၂၀။ လေးပါးသော ပဋိသမ္ဘိဒါတို့ကိုရင်း ရှစ်ပါးသော ဤဝိမောက္ခတို့ကိုရင်း ခြောက်ပါးသော အဘိညာဉ်တို့ကိုရင်း မျက်မှောက်ပြုအပ်ပါကုန်ပြီ၊ မြတ်စွာဘုရား၏ အဆုံးအမ တော်ကို လိုက်နာကျင့်သုံးပြီးပါပြီ။

ဤသို့လျှင် အသျှင်တရဏိယမထေရ်သည် ဤဂါထာတို့ကို မိန့်ဆိုတော်မူ၏။

လေးခုမြောက် တရဏိယတ္ထေရအပဒါန် ပြီး၏။

## ၅-နိဂ္ဂုဏ္ဍိပုပ္ဖိယတ္ထေရအပဒါန်

၂၁။ ငါသည် ငပယတိ မြတ်စွာဘုရား၏ အရံစောင့် ဖြစ်ခဲ့၏၊ (ထိုအခါ) ကြောင်ပန်းပွင့်ကို ယူ၍ မြတ်စွာဘုရားအား တင်လှူပူဇော်ခဲ့၏။

၂၂။ ဤဘဒ္ဒကမ္ဘာမှ ကိုးဆယ့်တကမ္ဘာထက်၌ ကြောင်ပန်းပွင့်ကို တင်လှူပူဇော်ခဲ့ရ သော အခါမှစ၍ ငါသည် အပါယ်လေးပါး လားရသည်ကို မသိစဘူးပေ၊ ဤသို့ ဖြစ်ရခြင်းသည် မြတ်စွာဘုရားကို ပန်းပူဇော်ရခြင်း၏ အကျိုးပေတည်း။

၂၃။ ဤဘဒ္ဒကမ္ဘာမှ နှစ်ဆယ့်ငါးကမ္ဘာထက်၌ များမြတ်သည့် ဗိုလ်ပါအင်အားရှိသော မဟာပတာပ အမည်ဖြင့် ထင်ရှားသော စကြဝတေးမင်း တကြိမ်ဖြစ်ခဲ့၏။

၂၄။ လေးပါးသော ပဋိသမ္ဘိဒါတို့ကိုရင်း ရှစ်ပါးသော ဤဝိမောက္ခတို့ကိုရင်း ခြောက် ပါးသော အဘိညာဉ်တို့ကိုရင်း မျက်မှောက်ပြုအပ်ပါကုန်ပြီ၊ မြတ်စွာဘုရား၏ အဆုံးအမ တော်ကို လိုက်နာကျင့်သုံးပြီးပါပြီ။

ဤသို့လျှင် အသျှင်နိဂ္ဂုဏ္ဍိပုပ္ဖိယမထေရ်သည် ဤဂါထာတို့ကို မိန့်ဆိုတော်မူ၏။

ငါးခုမြောက် နိဂ္ဂုဏ္ဍိပုပ္ဖိယတ္ထေရအပဒါန် ပြီး၏။

## ၆-ဥစကဓါယကတ္ထေရအပဒါန်

၂၅။ ငါသည် ဆွမ်းဘုဉ်းပေးဆဲဖြစ်တော်မူသော မြတ်စွာဘုရားကို ဖူးမြင်ရ၍ ကြည်လင် သန့်ရှင်း နောက်ကျုခြင်းမရှိသော ရေကို အိုးဖြင့် ယူပြီးလျှင် သိဒ္ဓတ္ထမြတ်စွာဘုရားအား ပေးလှူခဲ့၏။

http://www.dhammadownload.com



၂၆။ (ထို့ကြောင့်)ငါသည် ယခုဘဝ၌ အညစ်အကြေးမရှိသူ အညင်အကြေးကင်းသူ ယုံမှားမှု ကုန်ပြီးသူ ဖြစ်၏၊ ဘဝ၌ ကျင်လည်ရသည်ရှိသော် ငါ့အား ကောင်းကျိုးသည် ဖြစ်၏။

၂၇။ ဤဘဒ္ဒကမ္ဘာမှ ကိုးဆယ့်လေးကမ္ဘာထက်၌ ရေကို ပေးလှူခဲ့ရသောအခါမှစ၍ ငါသည် အပါယ်လေးပါး လားရသည်ကို မသိစဘူးပေ၊ ဤသို့ဖြစ်ရခြင်းသည် ရေလှူရခြင်း၏ အကျိုးပေတည်း။

၂၈။ ဤဘဒ္ဒကမ္ဘာမှ ခြောက်ဆယ့်တကမ္ဘာထက်၌ ရတနာ ခုနစ်ပါးတို့နှင့် ပြည့်စုံသည် ဖြစ်၍ များစွာသော ဗိုလ်ပါအင်အားရှိသော ဝိမလမည်သော စကြဝတေးမင်း တကြိမ် ဖြစ်ခဲ့၏။

၂၉။ လေးပါးသော ပဋိသမ္ဘိဒါတို့ကိုလည်းကောင်း ရှစ်ပါးသော ဤဝိမောက္ခတို့ကိုလည်းကောင်း ခြောက်ပါးသော အဘိညာဉ်တို့ကိုလည်းကောင်း မျက်မှောက်ပြုအပ်ပါကုန်ပြီ၊ မြတ်စွာဘုရား၏ အဆုံးအမတော်ကို လိုက်နာကျင့်သုံးပြီးပါပြီ။

ဤသို့လျှင် အသျှင်ဥဒကဒါယကမထေရ်သည် ဤဂါထာတို့ကို မိန့်ဆိုတော်မူ၏။

ခြောက်ခုမြောက် ဥဒကဒါယကတ္ထေရအပဒါန် ပြီး၏။

## ၇-သလလမာလိယတ္ထေရအပဒါန်

၃၀။ ငါသည် မဟာလှေကားပန်းကဲ့သို့ ထွန်းတောက်ပတော်မူသော လူတို့ကို ဆုံးမတော်မူသော သိဒ္ဓတ္ထမြတ်စွာဘုရားကို အရပ်မျက်နှာအားလုံးတို့ကို ထွန်းလင်းစေလျက် တောင်ကြား၌ ထိုင်နေတော်မူစဉ် ဖူးမြင်ရ၏။

၃၁။ ထိုအခါ ငါသည် လေးကို(ညို့နှင့်)တပေါင်းတည်းပြုကာ မြားကို ဖွဲ့၍ ပွင့်ညှာနှင့်တကွ ပန်းကို (ပစ်ခတ်)ဖြတ်ယူပြီးလျှင် မြတ်စွာဘုရားအား တင်လှူ ပူဇော်ခဲ့၏။

၃၂။ ဤဘဒ္ဒကမ္ဘာမှ ကိုးဆယ့်လေးကမ္ဘာထက်၌ ပန်းကို တင်လှူ ပူဇော်ခဲ့ရသော အခါမှစ၍ အပါယ်လေးပါး လားရသည်ကို မသိစဘူးပေ၊ ဤသို့ ဖြစ်ရခြင်းသည် ပန်းပူဇော်ရခြင်း၏ အကျိုးပေတည်း။

၃၃။ ဤဘဒ္ဒကမ္ဘာမှ ငါးဆယ့်တကမ္ဘာထက်၌ ရတနာခုနစ်ပါးတို့နှင့် ပြည့်စုံသည်ဖြစ်၍ များစွာသည့် ဗိုလ်ပါအင်အားရှိသော ဇုတိန္ဓရစကြာမင်း တကြိမ် ဖြစ်ခဲ့၏။

၃၄။ လေးပါးသော ပဋိသမ္ဘိဒါတို့ကိုလည်းကောင်း ရှစ်ပါးသော ဤဝိမောက္ခတို့ကိုလည်းကောင်း ခြောက်ပါးသော အဘိညာဉ်တို့ကိုလည်းကောင်း မျက်မှောက်ပြုအပ်ပါကုန်ပြီ၊ မြတ်စွာဘုရား၏ အဆုံးအမတော်ကို လိုက်နာကျင့်သုံးပြီးပါပြီ။

**ဤသို့လျှင် အသျှင်သလလမာလိယမထေရ်သည် ဤဂါထာတို့ကို မိန့်ဆိုတော်မူ၏။**

**ခုနစ်ခုမြောက် သလလမာလိယတ္ထေရအပဒါန် ပြီး၏။**

http://www.dhammadownload.com



## ဂ-ဇကောရဏ္ဏပုပ္ဖိယတ္ထေရအပဒါန်

၃၅။ ဝိပဿီမြတ်စွာဘုရား၏ စက်လက္ခဏာ တန်ဆာတို့ဖြင့် တင့်တယ်သော နင်းကြွ သွားတော်မူပြီးသော ခြေရာကို မြင်သဖြင့် ခြေတော်ရာအစဉ်သို့ လိုက်သည်ရှိသော်---

၃၆။ ပွင့်နေသော လိပ်ဆူးချွေပင်ကို မြင်၍ ငါသည် အမြစ်နှင့်တကွ လှူဒါန်း ပူဇော်ခဲ့၏၊ ရွှင်လန်းသော ငါသည် ရွှင်ပျသော စိတ်ဖြင့် ခြေတော်ရာမြတ်ကို ရှိခိုးခဲ့၏။

၃၇။ ဤဘဒ္ဒကမ္ဘာမှ ကိုးဆယ့်တကမ္ဘာထက်၌ ပန်းကို လှူဒါန်း ပူဇော်ခဲ့ရသောအခါမှ စ၍ အပါယ်လေးပါး လားရသည်ကို မသိစဖူးပေ၊ ဤသို့ဖြစ်ရခြင်းသည် မြတ်စွာဘုရားအား ပန်း ပူဇော်ရခြင်း၏ အကျိုးပေတည်း။

၃၈။ ငါးဆယ့်ခုနစ်ကမ္ဘာထက်၌ ရတနာခုနစ်ပါးတို့နှင့် ပြည့်စုံသည်ဖြစ်၍ များမြတ်သည့် ဗိုလ်ပါ အင်အားရှိသော ဝိတမလမည်သော စကြဝတေးမင်း တကြိမ် ဖြစ်ခဲ့၏။

၃၉။ လေးပါးသော ပဋိသမ္ဘိဒါတို့ကိုရင်း ရှစ်ပါးသော ဤဝိမောက္ခတို့ကိုရင်း ခြောက်ပါးသော အဘိညာဉ်တို့ကိုရင်း မျက်မှောက်ပြုအပ်ပါကုန်ပြီ၊ မြတ်စွာဘုရား၏ အဆုံးအမတော်ကို လိုက်နာ ကျင့်သုံးပြီးပါပြီ။

ဤသို့လျှင် အသျှင်ကောရဏ္ဏပုပ္ဖိယမထေရ်သည် ဤဂါထာတို့ကို မိန့်ဆိုတော်မူ၏။

ရှစ်ခုမြောက် ကောရဏ္ဏပုပ္ဖိယတ္ထေရအပဒါန် ပြီး၏။

---

## ဥ-အာခာရဒါယကတ္ထေရအပဒါန်

၄၀။ ငါသည် လောက၏ အဆွေဖြစ်တော်မူသော သိခီမြတ်စွာဘုရားအား သပိတ်ခြေကို ပေးလှူခဲ့၏၊ (ထို့ကြောင့်) ရတနာကို အကြွင်းမဲ့ဆောင်သော ဤမြေပြင်အလုံးကို ဆောင်နိုင်ပေ၏။

၄၁။ ငါသည် ကိလေသာတို့ကို ရှို့မြှိုက်လောင်ကျွမ်းစေအပ်ကုန်ပြီ၊ အလုံးစုံသော ဘဝတို့ကို ပယ်နုတ်အပ်ကုန်ပြီ၊ မြတ်စွာဘုရား၏ သာသနာတော်၌ အဆုံးဖြစ်သော ခန္ဓာကိုယ်ကို ဆောင်၏။

၄၂။ ဤဘဒ္ဒကမ္ဘာမှ နှစ်ဆယ့်ခုနစ်ကမ္ဘာထက်၌ များမြတ်သည့် ဗိုလ်ပါအင်အားရှိသော သမန္တဝရဏအမည်ရှိသော စကြဝတေးမင်းတို့သည် လေးကြိမ်တိုင်တိုင် ဖြစ်ခဲ့ဘူးကုန်၏။

၄၃။ လေးပါးသော ပဋိသမ္ဘိဒါတို့ကိုရင်း ရှစ်ပါးသော ဤဝိမောက္ခတို့ကိုရင်း ခြောက်ပါးသော အဘိညာဉ်တို့ကိုရင်း မျက်မှောက်ပြုအပ်ပါကုန်ပြီ၊ မြတ်စွာဘုရား၏ အဆုံးအမတော်ကို လိုက်နာကျင့်သုံးပြီးပါပြီ။

ဤသို့လျှင် အသျှင်အာခာရဒါယကမထေရ်သည် ဤဂါထာတို့ကို မိန့်ဆိုတော်မူ၏။

ကိုးခုမြောက် အာခာရဒါယကတ္ထေရအပဒါန် ပြီး၏။

http://www.dhammadownload.com



## ၁၀-ပါပနိဝါရိယတ္ထေရအပဒါန်

၄၄။ **နတ်ထက်နတ် ဖြစ်တော်မူသော** တာဒိဂုဏ်နှင့် ပြည့်စုံတော်မူသော **တိဿမြတ်စွာ** ဘုရားအား **ငါသည် အထူး ကြည်လင်သောစိတ်**ဖြင့် ထီးတလက်ကို ပေးလှူခဲ့၏။

၄၅။ **ငါသည် ကုသိုလ်၏**ပြည့်စုံခြင်းကြောင့် မကောင်းမှုကို ပိတ်ဆို့အပ်ပေ၏၊ (ငါ့အား) **ကောင်းကင်၌ ထီးတို့သည်** အလိုအလျောက် ဆောင်းမိုးကုန်၏၊ ဤသို့ ဖြစ်ရခြင်းသည် ရှေး **ကောင်းမှုကံ၏** အကျိုးပေတည်း။

၄၆။ ငါ၏(ဘဝသည်)အဆုံးဘဝ ဖြစ်၏၊ ငါသည် အလုံးစုံသော ဘဝတို့ကို ပယ်နုတ်အပ်ပြီးပြီ၊ မြတ်စွာဘုရား၏ သာသနာတော်၌ အဆုံးဖြစ်သော ခန္ဓာကိုယ်ကို ဆောင်၏။

၄၇။ ဤဘဒ္ဒကမ္ဘာမှ ကိုးဆယ့်နှစ်ကမ္ဘာထက်၌ ထီးကို ပေးလှူခဲ့ရသော **အခါမှစ၍** အပါယ်လေးပါး လားရသည်ကို မသိစဖူးပေ၊ **ဤသို့ဖြစ်ရခြင်းသည် ထီးလှူရခြင်း၏** အကျိုးပေတည်း။

၄၈။ ဤဘဒ္ဒကမ္ဘာမှ ခုနစ်ဆယ့်နှစ်ကမ္ဘာထက်၌ မဟာနိဒါန ဟူသော **အမည်ဖြင့်** စကြ**ဝတေးမင်းတို့သည်** ရှစ်ကြိမ်ကြိမ်တိုင်တိုင် ဖြစ်ခဲ့ဘူးကုန်၏။

၄၉။ လေးပါးသော ပဋိသမ္ဘိဒါတို့ကိုရင်း ရှစ်ပါးသော ဤဝိမောက္ခတို့ကိုရင်း ခြောက်ပါးသော အဘိညာဉ်တို့ကိုရင်း မျက်မှောက်ပြုအပ်ပါကုန်ပြီ၊ မြတ်စွာဘုရား၏ အဆုံးအမတော်ကို လိုက်နာကျင့်သုံးပြီးပါပြီ။

ဤသို့လျှင် အသျှင်ပါပနိဝါရိယမထေရ်သည် ဤဂါထာတို့ကို မိန့်ဆိုတော်မူ၏။

ဆယ်ခုမြောက် ပါပနိဝါရိယတ္ထေရအပဒါန် ပြီး၏။

**နှစ်ဆယ့်တခုမြောက် ကဏိကာရပုပ္ဖိယဝဂ် ပြီး၏။**

http://www.dhammadownload.com

# ၂၂–မာတ္တိဝဂ်

## ၁-ဟတ္ထိဒါယကတ္ထေရအပဒါန်

၁။ ငါသည် အခြေနှစ်ချောင်းရှိသူ နတ်လူတို့ကို အစိုးရတော်မူသော တာဒိဂုဏ်နှင့် ပြည့်စုံတော်မူသော သိဒ္ဓတ္ထမြတ်စွာဘုရားအား ထွန်သန်သဖွယ် အစွယ်ရှိသော အလုံးအရပ်နှင့် ပြည့်စုံသော စီးတော်ဆင်မြတ်ကို ပေးလှူခဲ့၏။

၂။ လောကအားလုံး၏ အစီးအပွါးကို ရှာတော်မူလေ့ရှိသော မြတ်စွာဘုရားအား ငါသည် မြတ်သော ဆင်အလှူကို ပေးလှူခဲ့၏၊ (ထိုအလှူကြောင့်) အတုမရှိ ငြိမ်သက်သော နိဗ္ဗာန်ဟု ဆိုအပ်သော မြတ်သော အကျိုးကို ခံစားရ၏။

၃။ ဤဘဒ္ဒကမ္ဘာမှ ကိုးဆယ့်လေးကမ္ဘာထက်၌ စီးတော်ဆင်ကို ပေးလှူခဲ့ရသော အခါမှစ၍ အပါယ်လေးပါး လားရသည်ကို မသိစဘူးပေ၊ ဤသို့ ဖြစ်ရခြင်းသည် ဆင်ကို လှူရခြင်း၏ အကျိုးပေတည်း။

၄။ ခုနစ်ဆယ့်ရှစ်ကမ္ဘာထက်၌ များမြတ်သည့် ဗိုလ်ပါအင်အားရှိသော သမန္တပါသာဒိကမည်သော စကြဝတေးမင်းတို့သည် တဆယ့်ခြောက်ကြိမ်တိုင်တိုင် ဖြစ်ခဲ့ဘူးကုန်၏။

၅။ လေးပါးသော ပဋိသမ္ဘိဒါတို့ကိုရင်း ရှစ်ပါးသော ဤဝိမောက္ခတို့ကိုရင်း ခြောက်ပါးသော အဘိညာဉ်တို့ကိုရင်း မျက်မှောက်ပြုအပ်ပါကုန်ပြီ၊ မြတ်စွာဘုရား၏ အဆုံးအမတော်ကို လိုက်နာကျင့်သုံးပြီးပါပြီ။

ဤသို့လျှင် အသျှင်ဟတ္ထိဒါယကမထေရ်သည် ဤဂါထာတို့ကို မိန့်ဆိုတော်မူ၏။

ရှေးဦးစွာသော ဟတ္ထိဒါယကတ္ထေရအပဒါန် ပြီး၏။

---

## ၂-ပါနဓိဒါယကတ္ထေရအပဒါန်

၆။ ငါသည် ကြာမြင့်စွာ (ကျင့်အပ်သော) အကျင့်ရှိသော တရားကို ပွါးစေအပ်ပြီးသော စိတ်ရှိသော တောနေရသေ့အား ဘိနပ်ကို ပေးလှူ၏။

၇။ အခြေနှစ်ချောင်းရှိသူ နတ်လူတို့ကို အစိုးရတော်မူသော လောကထက် အကြီးအမှူးဖြစ်တော်မူသော မြတ်စွာဘုရား တပည့်တော်သည် ထို ကုသိုလ်ကံကြောင့် နတ်၌ဖြစ်သော ယာဉ်ကို ခံစားရပါ၏၊ ဤသို့ ဖြစ်ရခြင်းသည် ရှေးကောင်းမှု ကံ၏ အကျိုးပေတည်း။

၈။ ဤဘဒ္ဒကမ္ဘာမှ ကိုးဆယ့်လေးကမ္ဘာထက်၌ ဘိနပ်လှူဒါန်းမှုကို ပြုရသောအခါမှစ၍ အပါယ်လေးပါး လားရသည်ကို မသိစဘူးပေ၊ ဤသို့ ဖြစ်ရခြင်းသည် ဘိနပ်လှူရခြင်း၏ အကျိုးပေတည်း။

၉။ ဤဘဒ္ဒကမ္ဘာမှ ခုနစ်ဆယ့်ခုနစ်ကမ္ဘာထက်၌ များမြတ်သည့် ဗိုလ်ပါအင်အားရှိသော သုယာနအမည်ရှိသော စကြဝတေးမင်းတို့သည် ရှစ်ကြိမ်တိုင်တိုင် ဖြစ်ခဲ့ဘူးကုန်၏။

http://www.dhammadownload.com



၁၀။ လေးပါးသော ပဋိသမ္ဘိဒါတို့ကိုလည်း ရှစ်ပါးသော ဤဝိမောက္ခတို့ကိုလည်း ခြောက်ပါးသော အဘိညာဉ်တို့ကိုလည်း မျက်မှောက်ပြုအပ်ပါကုန်ပြီ၊မြတ်စွာဘုရား၏ အဆုံးအမတော်ကို လိုက်နာကျင့်သုံးပြီးပါပြီ။

ဤသို့လျှင် အသျှင်ပါနဓိဒါယကမထေရ်သည် ဤဂါထာတို့ကို မိန့်ဆိုတော်မူ၏။

**နှစ်ခုမြောက် ပါနဓိဒါယကတ္ထေရအပဒါန် ပြီး၏။**

---

## ၃-သစ္စသညကတ္ထေရအပဒါန်

၁၁။ ထိုအခါ၌ ရဟန်းအပေါင်း ခြံရံအပ်သော ဝေဿဘူမြတ်စွာဘုရားသည် လူအပေါင်းကို ငြိမ်းအေးစေတော်မူလျက် အရိယသစ္စာတရားတို့ကို ဟောပြတော်မူ၏။

၁၂။ (ထိုအခါ)ငါသည် အလွန် သနားဖွယ်အဖြစ်သို့ ရောက်ခဲ့၏၊ ထို ငါသည် (တရားပွဲ၌)ထိုင်နေလျက် မြတ်စွာဘုရား၏ တရားတော်ကို နာယူ၏။

၁၃။ ငါသည် ထိုမြတ်စွာဘုရား၏ တရားတော်ကို ကြားနာရ၍ နတ်ပြည်သို့ ရောက်ခဲ့ရ၏၊ ရှေးအခါ၌ ငါသည် ထို နတ်ပြည်တို့၌ ကမ္ဘာသုံးဆယ်တို့ပတ်လုံး နေခဲ့ဘူး၏။

၁၄။ ဤဘဒ္ဒကမ္ဘာမှ သုံးဆယ့်တကမ္ဘာထက်၌ အကြင်သစ္စာတရားဟူသောအမှတ်ကို ရခဲ့သောအခါမှ စ၍ အပါယ်လေးပါး လားရသည်ကို မသိစဘူးပေ၊ ဤသို့ ဖြစ်ရခြင်းသည် အရိယသစ္စာဟူသော အမှတ်သညာကို မှတ်ရခြင်း၏ အကျိုးပေတည်း။

၁၅။ ဤဘဒ္ဒကမ္ဘာမှ နှစ်ဆယ့်ခြောက်ကမ္ဘာထက်၌ များမြတ်သည့် ဗိုလ်ပါ အင်အားရှိသော ဧကဖုသိတအမည်ဖြင့် ထင်ရှားသော စကြဝတေးမင်း တကြိမ် ဖြစ်ခဲ့၏။

၁၆။ လေးပါးသော ပဋိသမ္ဘိဒါတို့ကိုလည်း ရှစ်ပါးသော ဤဝိမောက္ခတို့ကိုလည်း ခြောက်ပါးသော အဘိညာဉ်တို့ကိုလည်း မျက်မှောက်ပြုအပ်ပါကုန်ပြီ၊မြတ်စွာဘုရား၏ အဆုံးအမတော်ကို လိုက်နာကျင့်သုံးပြီးပါပြီ။

ဤသို့လျှင် အသျှင်သစ္စသညကမထေရ်သည် ဤဂါထာတို့ကို မိန့်ဆိုတော်မူ၏။

**သုံးခုမြောက် သစ္စသညကတ္ထေရအပဒါန် ပြီး၏။**

---

## ၄-ဧကသညကတ္ထေရအပဒါန်

၁၇။ ငါသည် သစ်ပင်ဖျားး၌ ဧကပ်ငြိနေသော မြတ်စွာဘုရား၏ ပံသုကူ သင်္ကန်းကို မြင်သဖြင့် လက်အုပ်ချီ၍ ပံသုကူသင်္ကန်းကို ရှိခိုးခဲ့၏။

၁၈။ ဤဘဒ္ဒကမ္ဘာမှ သုံးဆယ့်တကမ္ဘာထက်၌ သင်္ကန်းတော်ဟူသောအမှတ်ကို ရခဲ့သောအခါမှ စ၍ အပါယ်လေးပါး လားရသည်ကို မသိစဘူးပေ၊ ဤသို့ ဖြစ်ရခြင်းသည် မြတ်စွာဘုရားအား ပူဇော်ရခြင်း၏ အကျိုးပေတည်း။

http://www.dhammadownload.com



၁၉။ ဤဘဒ္ဒကမ္ဘာမှ နှစ်ဆယ့်ငါးကမ္ဘာထက်၌ များမြတ်သည့် ဗိုလ်ပါ အင်အားရှိသော အမိတာဘဟူသော အမည်ဖြင့် ထင်ရှားသော စကြဝတေးမင်း တကြိမ် ဖြစ်ခဲ့၏။

၂၀။ လေးပါးသော ပဋိသမ္ဘိဒါတို့ကိုင်း ရှစ်ပါးသော ဤဝိမောက္ခတို့ကိုင်း ခြောက်ပါးသော အဘိညာဉ်တို့ကိုင်း မျက်မှောက်ပြုအပ်ပါကုန်ပြီ၊ မြတ်စွာဘုရား၏ အဆုံးအမတော်ကို လိုက်နာကျင့်သုံးပြီးပါပြီ။

ဤသို့လျှင် အသျှင်ကေသညကမထေရ်သည် ဤဂါထာတို့ကို မိန့်ဆိုတော်မူ၏။

လေးခုမြောက် ကေသညကတ္ထေရအပဒါန် ပြီး၏။

## ၅-ရံသိသညကတ္ထေရအပဒါန်

၂၁။ အရာ ကသော ရောင်ခြည် ဝါဝင်းသော ရောင်ခြည်ရှိသော တက်သစ်စ နေလုလင်သဖွယ်ဖြစ်၍ မြတ်သော ကျွားမင်းသဖွယ်လည်း ဖြစ်သော သုဇာတမြတ်စွာဘုရားကို တောင်ကြား၌ နေတော်မူစဉ် ဖူးမြင်ရ၏။

၂၂။ မြတ်စွာဘုရား၏ ထိုတန်ခိုးအရောင်သည် တောင်ကြား၌ ထွန်းလင်း တောက်ပ၏၊ (ထိုအခါ) ငါသည် ရောင်ခြည်တော်၌ စိတ်ကို ကြည်ညိုစေ၍ တကမ္ဘာပတ်လုံး နတ်ပြည်၌ မွေ့လျော်ခဲ့ရ၏။

၂၃။ ထိုစိတ်ကြည်လင်မှုကြောင့်ရင်း မြတ်စွာဘုရား၏ ဂုဏ်တော်ကို အောက်မေ့ခြင်းကြောင့်ရင်း ကြွင်းသော ကမ္ဘာတို့၌ ငါသည် ကုသိုလ်ကို ပြုကျင့်ခဲ့၏။

၂၄။ ဤဘဒ္ဒကမ္ဘာမှ ကမ္ဘာသုံးသောင်းထက်၌ ဘုရားဟူသော အမှတ်ကို ရခဲ့သောအခါမှ စ၍ အပါယ်လေးပါး လားရသည်ကို မသိစဘူးပေ၊ ဤသို့ဖြစ်ရခြင်းသည် ဘုရားကို အမှတ်ရခြင်း၏ အကျိုးပေတည်း။

၂၅။ ငါးဆယ့်ခုနစ်ကမ္ဘာထက်၌ များမြတ်သည့် ဗိုလ်ပါအင်အား ရှိသော သုဇာတအမည်ဖြင့် ထင်ရှားသော စကြဝတေးမင်း တကြိမ်ဖြစ်ခဲ့၏။

၂၆။ လေးပါးသော ပဋိသမ္ဘိဒါတို့ကိုရင်း ရှစ်ပါးသော ဤဝိမောက္ခတို့ကိုရင်း ခြောက်ပါးသော အဘိညာဉ်တို့ကိုရင်း မျက်မှောက်ပြုအပ်ပါကုန်ပြီ၊ မြတ်စွာဘုရား၏ အဆုံးအမတော်ကို လိုက်နာကျင့်သုံးပြီးပါပြီ။

ဤသို့လျှင် အသျှင်ရံသိသညကမထေရ်သည် ဤဂါထာတို့ကို မိန့်ဆိုတော်မူ၏။

ငါးခုမြောက် ရံသိသညကတ္ထေရအပဒါန် ပြီး၏။

## ၆-သန္ဓိတတ္ထေရအပဒါန်

၂၇။ စည်ပင် ပြန့်ပွါးသည်ဖြစ်၍ စိမ်းညိုသော အရောင်ရှိသော ညောင်ဗုဒ္ဓဟေ ဗောဓိပင်၌ ထင်သောသတိရှိသော ငါသည် ဘုရားလျှင် အာရုံရှိသော တခုသောသညာကို ရခဲ့၏။

http://www.dhammadownload.com



၂၈။ ဤဘဒ္ဒကမ္ဘာမှ သုံးဆယ့်တကမ္ဘာထက်၌ ဘုရားဟူသော သညာကို ရခဲ့၏၊ ထိုသညာ၏ အစွမ်းကြောင့် ငါသည် အာသဝတရားကုန်ခန်းခြင်းသို့ ရောက်ရပေ၏။

၂၉။ ဤဘဒ္ဒကမ္ဘာမှ တဆယ့်သုံးကမ္ဘာထက်၌ ငါသည် ရတနာခုနစ်ပါးတို့နှင့် ပြည့်စုံသည် ဖြစ်၍ များမြတ်သည့် ဗိုလ်ပါအင်အားရှိသော ဓနိဋ္ဌမည်သော စကြာမင်း ဖြစ်ခဲ့၏။

၃၀။ လေးပါးသော ပဋိသမ္ဘိဒါတို့ကိုရင်း ရှစ်ပါးသော ဤဝိမောက္ခတို့ကိုရင်း ခြောက်ပါးသော အဘိညာဉ်တို့ကိုရင်း မျက်မှောက်ပြုအပ်ပါကုန်ပြီ၊ မြတ်စွာဘုရား၏ အဆုံးအမတော်ကို လိုက်နာကျင့်သုံးပြီးပါပြီ။

ဤသို့လျှင် အသျှင်သန္ဓိတမထေရ်သည် ဤဂါထာတို့ကို မိန့်ဆိုတော်မူ၏။

**ခြောက်ခုမြောက် သန္ဓိတတ္ထေရအပဒါန် ပြီး၏။**

---

## ၇-တာလဝဏ္ဋဒါယကတ္ထေရအပဒါန်

၃၁။ ငါသည် နေမင်း၏ အဆွေဖြစ်တော်မူသော တိဿမြတ်စွာဘုရားအား နွေနေပူ ငြိမ်းစေခြင်းငှါရင်း ပူအိုက်မှုကို အေးမြစေခြင်းငှါရင်း ထန်းရွက်ယပ်ဝန်းကို ပေးလှူခဲ့၏။

၃၂။ ငါသည် ရာဂမီးကိုရင်း ဒေါသမီးကိုရင်း ငြိမ်းစေခဲ့၏၊ ထိုထက်လွန်သော မောဟမီးကိုလည်း ငြိမ်းစေနိုင်၏၊ ဤသို့ဖြစ်ရခြင်းသည် ထန်းရွက်ယပ်ဝန်းကို ပေးလှူရခြင်း၏ အကျိုးပေတည်း။

၃၃။ ငါသည် ကိလေသာတို့ကို ရှို့မြှိုက်လောင်ကျွမ်းစေအပ်ကုန်ပြီ၊ ဘဝအားလုံးတို့ကို ပယ်နုတ်အပ်ကုန်ပြီ၊ မြတ်စွာဘုရား၏ သာသနာတော်၌ အဆုံးဖြစ်သော ခန္ဓာကိုယ်ကို ဆောင်၏။

၃၄။ ဤဘဒ္ဒကမ္ဘာမှ ကိုးဆယ့်နှစ်ကမ္ဘာထက်၌ ထန်းရွက်ယပ်ဝန်း လှူဒါန်းမှုကို ပြုခဲ့ရသောအခါမှစ၍ အပါယ်လေးပါး လားရသည်ကို မသိစဘူးပေ၊ ဤသို့ဖြစ်ရခြင်းသည် ယန်းရွက်ယပ်ဝန်းလှူရခြင်း၏ အကျိုးပေတည်း။

၃၅။ ဤဘဒ္ဒကမ္ဘာမှ ခြောက်ဆယ့်သုံးကမ္ဘာထက်၌ ငါသည် ရတနာခုနစ်ပါးတို့နှင့် ပြည့်စုံသည်ဖြစ်၍ များမြတ်သည့် ဗိုလ်ပါအင်အားရှိသော မဟာနာမ်အမည်ရှိသော စကြာမင်း ဖြစ်ခဲ့၏။

၃၆။ လေးပါးသော ပဋိသမ္ဘိဒါတို့ကိုရင်း ရှစ်ပါးသော ဤဝိမောက္ခတို့ကိုရင်း ခြောက်ပါးသော အဘိညာဉ်တို့ကိုရင်း မျက်မှောက် ပြုအပ်ပါကုန်ပြီ၊ မြတ်စွာဘုရား၏ အဆုံးအမတော်ကို လိုက်နာကျင့်သုံးပြီးပါပြီ။

ဤသို့လျှင် အသျှင်တာလဝဏ္ဋဒါယကမထေရ်သည် ဤဂါထာတို့ကို မိန့်ဆိုတော်မူ၏။

**ခုနစ်ခုမြောက် တာလဝဏ္ဋဒါယကတ္ထေရအပဒါန် ပြီး၏။**

http://www.dhammadownload.com



## ၈-အက္ကန္တသညကတ္ထေရအပဒါန်

၃၇။ ငါသည် ပုဆိုးနွမ်းကို ယူ၍ ဥပဇ္ဈာယ်ဆရာ၏ ရှေ့၌ ကျမ်းဂန်၌ အပြစ်ကင်းခြင်းသို့ ရောက်ခြင်း၄ါ ဗေဒင်ကိုလည်း သင်ယူ၏။

၃၈။ (ထိုအခါ)ငါသည် လှူဒါန်းဖွယ် ပစ္စည်းဝတ္ထုကို ခံယူတော်မူထိုက်သော (ဘုန်းကံအားဖြင့်)မြတ်တော်မူသော (ဂုဏ်အားဖြင့်) မြတ်တော်မူသော (အမျိုးအားဖြင့်) မြတ်တော်မူသော အရိယာအပေါင်းတို့တွင် အမြတ်ဆုံးဖြစ်တော်မူသော ကိလေသာတည်းဟူသော မြူကင်းသော သစ္စာလေးပါးကို သိတော်မူသော တိဿမြတ်စွာဘုရားကို ဖူးမြင်ရ၏။

၃၉။ လူတို့ထက်မြတ်တော်မူသော ကောင်းစွာကျော်စောတော်မူသော ကြီးမားသော လုံ့လ ရှိတော်မူသော လူတို့၏ အကြီးအမှူးဖြစ်တော်မူသော မြတ်စွာဘုရားကို နင်းတော်မူခြင်း၄ါ ပုဆိုးနွမ်းကို ဖြန့်ခင်းအပ်၏။

၄၀။ အညစ်အကြေးကင်းစင်သော လမင်းနှင့်တူသော လောက၌ ထွန်းလင်းတောက်ပတော်မူသော ထိုမြတ်စွာဘုရားကို ဖူးမြင်ရသည်ရှိသော် အထူးကြည်လင်လှသော စိတ်ဖြင့် မြတ်စွာဘုရား၏ ခြေတော်တို့ကို ရှိခိုးခဲ့၏။

၄၁။ ဤဘဒ္ဒကမ္ဘာမှ ကိုးဆယ့်လေးကမ္ဘာထက်၌ ပုဆိုးနွမ်းလှူဒါန်းခဲ့ရသော အခါမှစ၍ အပါယ်လေးပါး လားရသည်ကို မသိစဘူးပေ၊ဤသို့ဖြစ်ရခြင်းသည် ပုဆိုးနွမ်းလှူဒါန်းရခြင်း၏ အကျိုးပေတည်း။

၄၂။ ဤဘဒ္ဒကမ္ဘာမှ သုံးဆယ့်ခုနစ်ကမ္ဘာထက်၌ များမြတ်သည့် ဗိုလ်ပါအင်အားရှိသော သုနန္ဒအမည်ဖြင့် ထင်ရှားသော စကြဝတေးမင်း တကြိမ် ဖြစ်ခဲ့၏။

၄၃။ လေးပါးသော ပဋိသမ္ဘိဒါတို့ကိုရင်း ရှစ်ပါးသော ဤဝိမောက္ခတို့ကိုရင်း ခြောက်ပါးသော အဘိညာဉ်တို့ကိုရင်း မျက်မှောက်ပြုအပ်ပါကုန်ပြီ၊ မြတ်စွာဘုရား၏ အဆုံးအမတော်ကို လိုက်နာ ကျင့်သုံးပြီးပါပြီ။

ဤသို့လျှင် အသျှင်အက္ကန္တသညကမထေရ်သည် ဤဂါထာတို့ကို မိန့်ဆိုတော်မူ၏။

ရှစ်ခုမြောက် အက္ကန္တသညကတ္ထေရအပဒါန် ပြီး၏။

---

## ၉-သပ္ပိဒါယကတ္ထေရအပဒါန်

၄၄။ မြတ်သော ပြာသာဒ်ထက်၌ မိန်းမအပေါင်းခြံရံလျက်နေသော ငါသည် မကျန်းမာတော်မူသော ကိလေသာကို ငြိမ်းအေးစေတော်မူသော မြတ်စွာဘုရားကို မြင်သဖြင့် အိမ်သို့ ပင့်ဆောင်ခဲ့၏။

၄၅။ အိမ်သို့ကြွတော်မူသော ကြီးမားသော လုံ့လရှိတော်မူသော လူတို့ထက်မြတ်၍ နတ်ထက်နတ် ဖြစ်တော်မူသော သိဒ္ဓတ္ထမြတ်စွာဘုရားအား ငါသည် ထောပတ်ဆီကို ပေးလှူခဲ့၏။

http://www.dhammadownload.com



၄၆။ ပူပန်ခြင်းငြိမ်းပြီးသော အထူးသဖြင့်ကြည်လင်သော မျက်နှာ ဣန္ဒြေရှိတော်မူသော မြတ်စွာဘုရားကို ဖူးမြင်ရသဖြင့် မြတ်စွာဘုရားခြေတော်တို့ကို ရှိခိုးပြီးလျှင် ရှေ့တော်၌ပင် ချီးကျူးစကား လျှောက်ထားခဲ့၏။

၄၇။ အထူးသဖြင့် ကြည်လင်သော စိတ်ရှိသော ငါ့ကို မြင်တော်မူ၍ ဟသ်ာမင်းသည် ကောင်းကင်၌ တက်သကဲ့သို့ နိဗ္ဗာန်ကမ်းတဖက်သို့ ရောက်တော်မူသော ဉာဏ်တော်ရှင် မြတ်စွာဘုရားသည် ကောင်းကင်သို့ တန်ခိုးဖြင့် ကြွတော်မူ၏။

၄၈။ ဤဘဒ္ဒကမ္ဘာမှ ကိုးဆယ့်လေးကမ္ဘာထက်၌ ထောပတ်အလှူကို ပေးလှူခဲ့ရသော အခါမှစ၍ အပါယ်လေးပါး လားရသည်ကို မသိစဖူးပေ၊ ဤသို့ဖြစ်ရခြင်းသည် ထောပတ်ဆီ လှူရခြင်း၏ အကျိုးပေတည်း။

၄၉။ ငါသည် ဤဘဒ္ဒကမ္ဘာမှ တဆယ့်ခုနစ်ကမ္ဘာထက်၌ ရတနာခုနစ်ပါးတို့နှင့်ပြည့်စုံသည် ဖြစ်၍ များမြတ်သည့် ဗိုလ်ပါအင်အားရှိသော ဇုတိဒေဝအမည်ရှိသော စကြဝတေးမင်း ဖြစ်ခဲ့ဘူး၏။

၅၀။ လေးပါးသော ပဋိသမ္ဘိဒါတို့ကိုင်း ရှစ်ပါးသော ဤဝိမောက္ခတို့ကိုင်း ခြောက်ပါးသော အဘိညာဉ်တို့ကိုင်း မျက်မှောက်ပြုအပ်ပါကုန်ပြီ၊ မြတ်စွာဘုရား၏ အဆုံးအမတော်ကို လိုက်နာကျင့်သုံးပြီးပါပြီ။

ဤသို့လျှင် အသျှင်သပ္ပိဒါယကမထေရ်သည် ဤဂါထာတို့ကို မိန့်ဆိုတော်မူ၏။

ကိုးခုမြောက် သပ္ပိဒါယကတ္ထေရအပဒါန် ပြီး၏။

---

## ၁၀-ပါပနိဝါရိယတ္ထေရအပဒါန်

၅၁။ ငါသည် ကျူပင်တို့ဖြင့် ပိတ်ဖုံးအပ်သော လေနေပူကို တားမြစ်တတ်သော ပိယဒဿီ မြတ်စွာဘုရား၏ စင်္ကြံတော်ကို သုတ်သင်ရှင်းလင်းခဲ့၏။

၅၂။ ငါသည်စင်္ကြံသုတ်သင်ရှင်းလင်းမှုဟူသောကုသိုလ်၏ ပြည့်စုံခြင်းကြောင့် မကောင်းမှုကို ကြဉ်ရှောင်ခြင်းငှါလည်း ကိလေသာတို့ကို ပယ်ခြင်းငှါလည်း ဘုရားသာသနာတော်၌(ကမ္မဋ္ဌာန်း)အားထုတ်ခဲ့၏။

၅၃။ ဤဘဒ္ဒကမ္ဘာမှတဆယ့်တကမ္ဘာထက်၌ငါသည်ရတနာခုနစ်ပါးတို့နှင့်ပြည့်စုံသည်ဖြစ်၍ များမြတ်သည့် ဗိုလ်ပါအင်အားရှိသော အဂ္ဂိဒေဝဟု ထင်ရှားသော စကြဝတေးမင်း ဖြစ်ခဲ့၏။

၅၄။ လေးပါးသော ပဋိသမ္ဘိဒါတို့ကိုင်း ရှစ်ပါးသော ဤဝိမောက္ခတို့ကိုင်း ခြောက်ပါးသော အဘိညာဉ်တို့ကိုင်း မျက်မှောက်ပြုအပ်ပါကုန်ပြီ၊ မြတ်စွာဘုရား၏ အဆုံးအမတော်ကို လိုက်နာကျင့်သုံးပြီးပါပြီ။

ဤသို့လျှင် အသျှင်ပါပနိဝါရိယမထေရ်သည် ဤဂါထာတို့ကို မိန့်ဆိုတော်မူ၏။

ဆယ်ခုမြောက် ပါပနိဝါရိယတ္ထေရအပဒါန် ပြီး၏။

**နှစ်ဆယ့်နှစ်ခုမြောက် ဟတ္ထိဝဂ် ပြီး၏။**

http://www.dhammadownload.com

# ၂၃-အာလမ္ဗဏဒါယကဝဂ်

## ၁-အာလမ္ဗဏဒါယကတ္ထေရအပဒါန်

၁။ လောကထက် အကြီးအမှူးဖြစ်၍ တာဒိဂုဏ်နှင့် ပြည့်စုံတော်မူသော အခြေနှစ်ချောင်းရှိသူနတ်လူတို့ကို အစိုးရသည်ဖြစ်၍ ထိုကဲ့သို့ ရှုချင်ဖွယ်ရှိသော အတ္ထဒဿီ မြတ်စွာဘုရားအား ငါသည် တံကဲပျဉ်ကို ပေးလှူခဲ့၏။

၂။ သမုဒ္ဒရာတဖက်ကမ်းတိုင်အောင် ပြန့်ကျယ်သော မြေအပြင်ကို အစိုးရ၏၊ မြေအပြင်၌ ရှင်း သတ္တဝါတို့၌ရှင်း အစိုးရသည်၏ အဖြစ်ကို ပြုကျင့်ရ၏။

၃။ ငါသည်ကိလေသာတို့ကို ရှို့မြိုက်လောင်ကျွမ်းစေအပ်ကုန်ပြီ၊ ဘဝအားလုံးတို့ကို ပယ်နုတ်အပ်ကုန်ပြီ၊ ဝိဇ္ဇာသုံးပါးတို့သို့ အစဉ်ရောက်ကုန်ပြီ၊ မြတ်စွာဘုရား၏ အဆုံးအမတော်ကို လိုက်နာကျင့်သုံးပြီးပြီ။

၄။ ဤဘဒ္ဒကမ္ဘာမှ ခြောက်ဆယ့်နှစ်ကမ္ဘာထက်၌ မျှားမြတ်သည့် ဗိုလ်ပါအင်အားရှိသော ကေပဿီ အမည်ရှိကုန်သော ထိုစကြဝတေးမင်းတို့သည် သုံးကြိမ်တိုင်တိုင် ဖြစ်ခဲ့ဘူးကုန်၏။

၅။ လေးပါးသော ပဋိသမ္ဘိဒါတို့ကိုရှင်း ရှစ်ပါးသော ဤဝိမောက္ခတို့ကိုရှင်း ခြောက်ပါးသော အဘိညာဉ်တို့ကိုရှင်း မျက်မှောက်ပြုအပ်ပါကုန်ပြီ၊ မြတ်စွာဘုရား၏ အဆုံးအမတော်ကို လိုက်နာကျင့်သုံးပြီးပါပြီ။

ဤသို့လျှင် အသျှင်အာလမ္ဗဏဒါယကမထေရ်သည် ဤဂါထာတို့ကို မိန့်ဆိုတော်မူ၏။

ရှေးဦးစွာသော အာလမ္ဗဏဒါယကတ္ထေရအပဒါန် ပြီး၏။

---

## ၂-အဇိနဒါယကတ္ထေရအပဒါန်

၆။ ဤဘဒ္ဒကမ္ဘာမှ သုံးဆယ့်တကမ္ဘာထက်၌ ဂိုဏ်းဆရာဖြစ်သော ငါသည် ပေးလှူဖွယ်ပစ္စည်းဝတ္ထုတို့ကို ခံယူတော်မူထိုက်သော ကိလေသာမှူ ကင်းတော်မူသော မြတ်စွာဘုရားကို ဖူးမြင်ခဲ့ရ၏။

၇။ (ထိုအခါ) လောက၏ အဆွေဖြစ်တော်မူသော သိခီမြတ်စွာဘုရားအား ငါသည် သားရေပိုင်းကို ပေးလှူခဲ့၏၊ အခြေနှစ်ချောင်းရှိသူ နတ်လူတို့ကို အစိုးရတော်မူသော လောက၏ အကြီးအမှူးဖြစ်တော်မူသော မြတ်စွာဘုရား တပည့်တော်သည် ထိုကုသိုလ်ကံကြောင့်—

၈။ စည်းစိမ်ချမ်းသာကို ခံစားပြီး၍ ကိလေသာတို့ကို ရှို့မြိုက်လောင်ကျွမ်းစေပါပြီ၊ မြတ်စွာဘုရား၏သာသနာတော်၌ အဆုံးဖြစ်သော ခန္ဓာကိုယ်ကို ဆောင်ရပါ၏။

၉။ ဤဘဒ္ဒကမ္ဘာမှ သုံးဆယ့်တကမ္ဘာထက်၌ ငါသည် သစ်နက်ရေကို ပေးလှူခဲ့ရသောအခါမှစ၍ အပါယ်လေးပါး လားရသည်ကို မသိစဘူးပေ၊ ဤသို့ ဖြစ်ရခြင်းသည် သစ်နက်ရေကို ပေးလှူရခြင်း၏ အကျိုးပေတည်း။

http://www.dhammadownload.com



၁၀။ ဤဘဒ္ဒကမ္ဘာမှ ငါးကမ္ဘာမြောက်၌ ငါသည် ရတနာခုနစ်ပါးတို့နှင့် ပြည့်စုံသည် ဖြစ်၍ များစွာမြတ်သည့် ဗိုလ်ပါအင်အားရှိသော သုဒါယကစကြဝတေးမင်း ဖြစ်ခဲ့၏။

၁၁။ လေးပါးသော ပဋိသမ္ဘိဒါတို့ကိုရင်း ရှစ်ပါးသော ဤဝိမောက္ခတို့ကိုရင်း ခြောက်ပါးသော အဘိညာဉ်တို့ကိုရင်း မျက်မှောက်ပြုအပ်ပါကုန်ပြီ၊ မြတ်စွာဘုရား၏ အဆုံးအမတော်ကို လိုက်နာကျင့်သုံးပြီးပါပြီ၊

ဤသို့လျှင် အသျှင်အဇိနဒါယကမထေရ်သည် ဤဂါထာတို့ကို မိန့်ဆိုတော်မူ၏။

နှစ်ခုမြောက် အဇိနဒါယကတ္ထေရအပဒါန် ပြီး၏။

---

## ၃-ဒွေရတနိယတ္ထေရအပဒါန်

၁၂။ ငါသည် ရှေးအခါက ငှက်စသည်တို့၏ တွန်မြူးရာဖြစ်သောတော၌ သားမုဆိုး ဖြစ်ခဲ့ဘူး၏၊ ထိုအခါ ပေးလှူဖွယ်ပစ္စည်းဝတ္ထုတို့ကို ခံယူတော်မူထိုက်သော ကိလေသာမြူကင်းတော်မူသော မြတ်စွာဘုရားကို ဖူးမြင်ရ၏။

၁၃။ ငါသည် မြတ်သောသီလက္ခန္ဓစသော ဂုဏ်ကျေးဇူးကို ရှာမှီးတော်မူပြီးသော ဝိပဿီမြတ်စွာဘုရားအား အသားတစ်ကို ပေးလှူခဲ့၏၊ (ထိုကံကြောင့်)ငါသည် နတ်နှင့်တကွသော လောက၌ အစိုးရသူ၏အဖြစ်ကို ပြုရ၏။

၁၄။ ဤအသားတစ်ကို ပေးလှူခြင်းကြောင့် ငါ့အား (သက်ရှိ သက်မဲ့ဖြစ်သော) ရတနာသည် ဖြစ်ပေါ်လာ၏၊ လောက၌ မျက်မှောက်ချမ်းသာသို့ ရောက်ခြင်းငှါ (သက်ရှိ သက်မဲ့)ရတနာနှစ်ပါးတို့သည် ငါ့အား ဖြစ်ပေါ်လာကုန်၏။

၁၅။ ငါသည် အသားတစ်ကို ပေးလှူခြင်း၏အစွမ်းကြောင့် ထိုရတနာ အလုံးစုံတို့ကို ရရှိခံစားရ၏၊ ငါ့အား နူးညံ့သော ခန္ဓာကိုယ်လည်း ရှိ၏၊ ပညာ၏သိမ်မွေ့သော အကျိုးတို့ကို ခံစားရ၏။

၁၆။ ဤဘဒ္ဒကမ္ဘာမှ ကိုးဆယ့်တကမ္ဘာထက်၌ ငါသည် အသားတစ်ကို ပေးလှူခဲ့ရသောအခါမှစ၍ အပါယ်လေးပါး လားရသည်ကို မသိစဘူးပေ၊ ဤသို့ဖြစ်ရခြင်းသည် အသားတစ်ကို လှူရခြင်း၏ အကျိုးပေတည်း။

၁၇။ ဤဘဒ္ဒကမ္ဘာမှ လေးကမ္ဘာထက်၌ များစွာမြတ်သည့် ဗိုလ်ပါအင်အားရှိသော မဟာရောဟိတအမည်ရှိသော ထိုစကြဝတေးမင်း တကြိမ်ဖြစ်ခဲ့၏။

၁၈။ လေးပါးသော ပဋိသမ္ဘိဒါတို့ကိုရင်း ရှစ်ပါးသော ဤဝိမောက္ခတို့ကိုရင်း ခြောက်ပါးသော အဘိညာဉ်တို့ကိုရင်း မျက်မှောက်ပြုအပ်ပါကုန်ပြီ၊ မြတ်စွာဘုရား၏ အဆုံးအမတော်ကို လိုက်နာကျင့်သုံးပြီးပါပြီ။

ဤသို့လျှင် အသျှင်ဒွေရတနိယမထေရ်သည် ဤဂါထာတို့ကို မိန့်ဆိုတော်မူ၏။

သုံးခုမြောက် ဒွေရတနိယတ္ထေရအပဒါန် ပြီး၏။

ဆယ်ခုမြောက် ဘာဏဝါရ ပြီး၏။

http://www.dhammadownload.com



## ၄-အာရက္ခဒါယကတ္ထေရအပဒါန်

၁၉။ သိဒ္ဓတ္ထမြတ်စွာဘုရား၏(ကျောင်းတော်၌)ငါသည် ပွတ်တိုင်ကို ပြုလုပ်စေခဲ့၏၊ မြတ်သော သီလက္ခန္ဓာသော ဂုဏ်ကျေးဇူးကို ရှာမှီးတော်မူသော မြတ်စွာဘုရားအား ငါသည် အစောင့်အရှောက်ကိုလည်း ပေးလှူခဲ့၏။

၂၀။ ထိုကံအထူးကြောင့် ငါသည် ကြောက်မက်ဖွယ်ဘေးကို မတွေ့မြင်ခဲ့ရပေ၊ တစုံတခုသောဘဝ၌ဖြစ်သော ငါ့အား ထိတ်လန့်ခြင်းသည် မရှိပေ။

၂၁။ ဤဘဒ္ဒကမ္ဘာမှ ရှေးဖြစ်သော ကိုးဆယ့်လေးကမ္ဘာထက်၌ ပွတ်တိုင်ကို ပေးလှူခဲ့ရသောအခါမှစ၍ အပါယ်လေးပါး လားရသည်ကို မသိစဘူးပေ၊ ဤသို့ဖြစ်ရခြင်းသည် ပွတ်တိုင်ကို လှူရခြင်း၏ အကျိုးပေတည်း။

၂၂။ ဤဘဒ္ဒကမ္ဘာမှ ခြောက်ကမ္ဘာ၌ ငါသည် ရတနာခုနစ်ပါးတို့နှင့် ပြည့်စုံသည် ဖြစ်၍ များစွာမြတ်သည့် ဗိုလ်ပါအင်အားရှိသော အပဃောနအမည်ရှိသော စကြာဝတေးမင်း ဖြစ်ခဲ့၏။

၂၃။ လေးပါးသော ပဋိသမ္ဘိဒါတို့ကိုရှင်း ရှစ်ပါးသော ဤဝိမောက္ခတို့ကိုရှင်း ခြောက်ပါးသော အဘိညာဉ်တို့ကိုရှင်း မျက်မှောက်ပြုအပ်ပါကုန်ပြီ၊ မြတ်စွာဘုရား၏ အဆုံးအမတော်ကို လိုက်နာကျင့်သုံးပြီးပါပြီ။

ဤသို့လျှင် အသျှင်အာရက္ခဒါယကမထေရ်သည် ဤဂါထာတို့ကို မိန့်ဆိုတော်မူ၏။

လေးခုမြောက် အာရက္ခဒါယကတ္ထေရအပဒါန် ပြီး၏။

---

## ၅-အဗျာခိကတ္ထေရအပဒါန်

၂၄။ ငါသည် ဝိပဿီမြတ်စွာဘုရားအား မီးဘင်းကုပ်ကို ပေးလှူခဲ့၏၊ အနာနှိပ်စက်သော ရဟန်းတို့အား ကျောင်းကိုရှင်း ရေနွေးခံခွက်ကိုရှင်း ပေးလှူခဲ့၏။

၂၅၊ ထိုကုသိုလ်ကံကြောင့် ငါ့အား ကောင်းစွာဖန်ဆင်းအပ်သော ဤခန္ဓာကိုယ်သည် ဖြင်ပေါ်လာ၏၊ ငါသည် နာဖျားခြင်းကို မသိရပေ၊ ဤသို့ ဖြစ်ရခြင်းသည် (ပြုခဲ့သော)ကုသိုလ်ကံ၏ အကျိုးပေတည်း။

၂၆။ ဤဘဒ္ဒကမ္ဘာမှ ကိုးဆယ့်တကမ္ဘာထက်၌ မီးတင်းကုပ်ကို ပေးလှူခဲ့ရသောအခါမှစ၍ အပါယ်လေးပါး လားရသည်ကို မသိစဘူးပေ၊ ဤသို့ဖြစ်ရခြင်းသည် မီးတင်းကုပ်(လှူရခြင်း)၏ အကျိုးပေတည်း။

၂၇။ ဤဘဒ္ဒကမ္ဘာမှ ခုနစ်ကမ္ဘာထက်၌ ရတနာခုနစ်ပါးတို့နှင့် ပြည့်စုံသည်ဖြစ်၍ များစွာမြတ်သည့် ဗိုလ်ပါအင်အားရှိသော အပရာဇိတမည်သော စကြာဝတေးမင်း တကြိမ်ဖြစ်ခဲ့၏။

http://www.dhammadownload.com



၂၈။ လေးပါးသော ပဋိသမ္ဘိဒါတို့ကိုလည်းကောင်း ရှစ်ပါးသော ဤဝိမောက္ခတို့ကိုလည်းကောင်း ခြောက်ပါးသော အဘိညာဉ်တို့ကိုလည်းကောင်း မျက်မှောက်ပြုအပ်ပါကုန်ပြီ၊ မြတ်စွာဘုရား၏ အဆုံးအမတော်ကို လိုက်နာကျင့်သုံးပြီးပါပြီ။

ဤသို့လျှင် အသျှင်အဗျာဓိကမထေရ်သည် ဤဂါထာတို့ကို မိန့်ဆိုတော်မူ၏။

ငါးခုမြောက် အဗျာဓိကတ္ထေရအပဒါန် ပြီး၏။

---

## ၆-အင်္ကောလပုပ္ဖိယတ္ထေရအပဒါန်

၂၉။ ငါ၏အမည်သည် နာရဒဖြစ်၏၊ ကဿပဟူ၍လည်း ငါ့ကို အသိအမှတ်ပြုကြကုန်၏၊ ရဟန်းတို့ထက် အမြတ်ဆုံးဖြစ်တော်မူသော နတ်ပြဟ္မာတို့သည် အရိုအသေပြုအပ်သော ဝိပဿီမြတ်စွာဘုရားကို ဖူးမြင်ရ၏။

၃၀။ ပေးလှူဖွယ်ပစ္စည်းဝတ္ထုတို့ကို အလှူခံတော်မူထိုက်သော မြတ်သောလက္ခဏာတော်ငယ်နှင့် ပြည့်စုံတော်မူသော မြတ်စွာဘုရားကို ဖူးမြင်ရသော် စက်ကတုံးပန်း[၁] ကိုယူ၍ မြတ်စွာဘုရားအား တင်လှူပူဇော်ခဲ့၏။

၃၁။ ဤဘဒ္ဒကမ္ဘာမှ ကိုးဆယ့်တကမ္ဘာထက်၌ စက်ကတုံးပန်းကို တင်လှူခဲ့ရသော အခါမှစ၍ အပါယ်လေးပါး လားရသည်ကို မသိစဖူးပေ၊ ဤသို့ဖြစ်ရခြင်းသည် မြတ်စွာဘုရားအား ပူဇော်ရခြင်း၏ အကျိုးပေတည်း။

၃၂။ ဤဘဒ္ဒကမ္ဘာမှ ခုနစ်ဆယ့်လေးကမ္ဘာထက်၌ ဆင်ယင်အပ်သော ပန်းတန်ဆာရှိသော ယာဉ်နှင့်တကွ စစ်သည်ဗိုလ်ပါအင်အားရှိသော ရောမသမည်သော မင်းဖြစ်ခဲ့၏။

၃၃။ လေးပါးသော ပဋိသမ္ဘိဒါတို့ကိုလည်းကောင်း ရှစ်ပါးသော ဤဝိမောက္ခတို့ကိုလည်းကောင်း ခြောက်ပါးသော အဘိညာဉ်တို့ကိုလည်းကောင်း မျက်မှောက်ပြုအပ်ပါကုန်ပြီ၊ မြတ်စွာဘုရား၏ အဆုံးအမတော်ကို လိုက်နာကျင့်သုံးပြီးပါပြီ။

ဤသို့လျှင် အသျှင်အင်္ကောလပုပ္ဖိယမထေရ်သည် ဤဂါထာတို့ကို မိန့်ဆိုတော်မူ၏။

ခြောက်ခုမြောက် အင်္ကောလပုပ္ဖိယတ္ထေရအပဒါန် ပြီး၏။

---

## ၇-သောဝဏ္ဏဝဋံသကိယတ္ထေရအပဒါန်

၃၄။ ငါသည် ဥယျာဉ်မြေသို့ ထွက်သွားလတ်သော် မြတ်စွာဘုရားကို ဖူးမြင်ရ၏၊ ထိုအခါ ကောင်းစွာ ဖန်ဆင်းမွမ်းမံအပ်သော ရွှေဖြင့် ပြီးသော ဦးဆောက်ပန်းကို ယူပြီးလျှင်—

၃၅။ ဆင်ကျောက်ကုန်းထက်၌ ရောက်လျက်ရှိသောငါသည် ထိုဆင်မှ လျင်မြန်စွာ သက်ဆင်း၍ လောက၏အဆွေဖြစ်တော်မူသော သိခီမြတ်စွာဘုရားအား တင်လှူပူဇော်ခဲ့၏။

---

၁။ မုန်ကူပန်းလည်းဟူ၏၊ အချို့မူတွင် ဝကုလဟုရှိ၏၊ ခရေပန်းဟူလို။

http://www.dhammadownload.com



၃၆။ ဤဘဒ္ဒကမ္ဘာမှ သုံးဆယ့်တကမ္ဘာထက်၌ ပန်းကို တင်လှူပူဇော်ခဲ့ရသော အခါမှစ၍ အပါယ်လေးပါး လားရသည်ကို မသိစဘူးပေ၊ဤသို့ဖြစ်ရခြင်းသည် ပန်းပူဇော်ရခြင်း၏ အကျိုးပေတည်း။

၃၇။ ဤဘဒ္ဒကမ္ဘာမှ နှစ်ဆယ်ခုနစ်ကမ္ဘာထက်၌ များပြားမြတ်သည့် ဗိုလ်ပါအင်အားရှိသော မဟာပတာပမည်သော စကြဝတေးမင်း တကြိမ်ဖြစ်ခဲ့၏။

၃၈။ လေးပါးသော ပဋိသမ္ဘိဒါတို့ကိုင်း ရှစ်ပါးသော ဤဝိမောက္ခတို့ကိုင်း ခြောက်ပါးသော အဘိညာဉ်တို့ကိုင်း မျက်မှောက်ပြုအပ်ပါကုန်ပြီ၊ မြတ်စွာဘုရား၏ အဆုံးအမတော်ကို လိုက်နာကျင့်သုံးပြီးပါပြီ။

ဤသို့လျှင် အသျှင်သောဝဏ္ဏဝင္ရံသကိယမထေရ်သည် ဤဂါထာတို့ကို မိန့်ဆိုတော်မူ၏။

ခုနစ်ခုမြောက် သောဝဏ္ဏဝင္ရံသကိယတ္ထေရအပဒါန် ပြီး၏။

---

## ၈-မိဉ္ဇဝင္ရံသကိယတ္ထေရအပဒါန်

၃၉။ တရားဟောပုဂ္ဂိုလ်တို့တွင် အမြတ်ဆုံးဖြစ်တော်မူသော သိခီမြတ်စွာဘုရားသည် ပရိနိဗ္ဗာန် စံတော်မူသည်ရှိသော် ငါသည် ဦးဆောက်ပန်းတို့ဖြင့် ရောပြွမ်းလျက် (သရက်ဖြူ)မဟာဗောဓိပင်အား ပူဇော်ခြင်းကို ပြုခဲ့၏။

၄၀။ ဤဘဒ္ဒကမ္ဘာမှ သုံးဆယ့်တကမ္ဘာထက်၌ ပန်းပူဇော်ခြင်းကို ပြုခဲ့ရသောအခါမှ စ၍ အပါယ်လေးပါး လားရသည်ကို မသိစဘူးပေ၊ ဤသို့ဖြစ်ရခြင်းသည် ဗောဓိပင်ကို ပူဇော်ရခြင်း၏ အကျိုးပေတည်း။

၄၁။ ဤဘဒ္ဒကမ္ဘာမှ နှစ်ဆယ့်ခြောက်ကမ္ဘာထက်၌ ရတနာခုနစ်ပါးတို့နှင့် ပြည့်စုံသည်ဖြစ်၍ များပြားမြတ်သည့်ဗိုလ်ပါအင်အားရှိသော မေဃဗ္ဘအမည်ရှိသော စကြဝတေးမင်းဖြစ်ခဲ့၏။

၄၂။ လေးပါးသော ပဋိသမ္ဘိဒါတို့ကိုင်း ရှစ်ပါးသော ဤဝိမောက္ခတို့ကိုင်း ခြောက်ပါးသော အဘိညာဉ်တို့ကိုင်း မျက်မှောက်ပြုအပ်ပါကုန်ပြီ၊မြတ်စွာဘုရား၏ အဆုံးအမတော်ကို လိုက်နာကျင့်သုံးပြီးပါပြီ။

ဤသို့လျှင် အသျှင်မိဉ္ဇဝင္ရံသကိယမထေရ်သည် ဤဂါထာတို့ကို မိန့်ဆိုတော်မူ၏။

ရှစ်ခုမြောက် မိဉ္ဇဝင္ရံသကိယတ္ထေရအပဒါန် ပြီး၏။

---

## ၉-သုကတာဝေဠိယတ္ထေရအပဒါန်

၄၃။ ထိုအခါ၌ ငါသည် အမည်အားဖြင့် အသိတဟု ထင်ရှားသော ပန်းသည် ဖြစ်ခဲ့၏၊ ငါသည် နားသွယ်ပန်းကို ယူပြီးလျှင် ဘုရင်မင်းမြတ်အား ဆက်သခြင်းငှါ သွား၏။

http://www.dhammadownload.com



၄၄။ (ထိုအခါ)မင်းထံသို့မရောက်မီ သိဒ္ဓိမြတ်စွာဘုရားကို ဖူးမြင်ရ၏၊(ဖူးမြင်ရသည် ရှိသော်) ရွှင်လန်းသောငါသည် ရွှင်လန်းသောစိတ်ဖြင့် သိဒ္ဓိမြတ်စွာဘုရားအား တင်လှူပူဇော်ခဲ့၏။

၄၅။ ဤဘဒ္ဒကမ္ဘာမှ သုံးဆယ့်တကမ္ဘာထက်၌ နာနားသွယ်ပန်းကို တင်လှူပူဇော်ခဲ့ရသောအခါမှစ၍ အပါယ်လေးပါး လားရသည်ကို မသိစဖူးပေ၊ ဤသို့ဖြစ်ရခြင်းသည် မြတ်စွာဘုရားအား ပန်းပူဇော်ရခြင်း၏ အကျိုးပေတည်း။

၄၆။ ဤဘဒ္ဒကမ္ဘာမှ နှစ်ဆယ့်ငါးကမ္ဘာထက်၌ အလွန်များမြတ်သည့် ဗိုလ်ပါအင်အားရှိသော ဝေဘာရအမည်ရှိသော စကြဝတေးမင်းဖြစ်ခဲ့၏။

၄၇။ လေးပါးသော ပဋိသမ္ဘိဒါတို့ကိုရင်း ရှစ်ပါးသော ဤဝိမောက္ခတို့ကိုရင်း ခြောက်ပါးသော အဘိညာဉ်တို့ကိုရင်း မျက်မှောက်ပြုအပ်ပါကုန်ပြီ၊ မြတ်စွာဘုရား၏ အဆုံးအမတော်ကို လိုက်နာကျင့်သုံးပြီးပါပြီ။

ဤသို့လျှင် အသျှင်သုကတာဝေဠိယမထေရ်သည် ဤဂါထာတို့ကို မိန့်ဆိုတော်မူ၏။

ကိုးခုမြောက် သုကတာဝေဠိယတ္ထေရအပဒါန် ပြီး၏။

---

## ၁၀-ကေဝန္တနိယတ္ထေရအပဒါန်

၄၈။ ငါသည်(အမျိုးအားဖြင့်) မြတ်သော (ဂုဏ်အားဖြင့်)မြတ်သော လှံလရှိတော်မူသော အောင်အပ်ပြီးသော ရန်ရှိတော်မူသော ဝေဿဘူမြတ်စွာဘုရားကို ကြည်ညိုဝမ်းမြောက်သောစိတ်ရှိသည်ဖြစ်၍ ရှိခိုး၏။

၄၉။ ဤဘဒ္ဒကမ္ဘာမှ သုံးဆယ့်တကမ္ဘာထက်၌ (ရှိခိုးမှု) ကုသိုလ်ကံကို ပြုခဲ့ရသောအခါမှစ၍ အပါယ်လေးပါး လားရသည်ကို မသိစဖူးပေ၊ ဤသို့ဖြစ်ရခြင်းသည် (ဘုရားအား)ရှိခိုးရခြင်း၏ အကျိုးပေတည်း။

၅၀။ (ဤဘဒ္ဒကမ္ဘာမှ) နှစ်ဆယ့်လေးကမ္ဘာထက်၌ ရတနာခုနစ်ပါးတို့နှင့် ပြည့်စုံသည်ဖြစ်၍ များမြတ်သည့် ဗိုလ်ပါအင်အားရှိသော ဝိကတာနန္ဒအမည်ရှိသော စကြဝတေးမင်း တကြိမ်ဖြစ်ခဲ့ဘူး၏။

၅၁။ လေးပါးသော ပဋိသမ္ဘိဒါတို့ကိုရင်း ရှစ်ပါးသော ဤဝိမောက္ခတို့ကိုရင်း ခြောက်ပါးသော အဘိညာဉ်တို့ကိုရင်း မျက်မှောက်ပြုအပ်ပါကုန်ပြီ၊ မြတ်စွာဘုရား၏ အဆုံးအမတော်ကို လိုက်နာကျင့်သုံးပြီးပါပြီ။

ဤသို့လျှင် အသျှင်ကေဝန္တနိယမထေရ်သည် ဤဂါထာတို့ကို မိန့်ဆိုတော်မူ၏။

ဆယ်ခုမြောက် ကေဝန္တနိယတ္ထေရအပဒါန် ပြီး၏။

**နှစ်ဆယ့်သုံးခုမြောက် အာလမ္ဗဏဒါယကဝဂ် ပြီး၏။**

http://www.dhammadownload.com

# ၂၄-ဥဒကာသနဝဂ်

## ၁-ဥဒကာသနဒါယကတ္ထေရအပဒါန်

၁။ ငါသည် မြတ်သောအကျိုးကိုရခြင်းငှါ အရံတံခါးမှထွက်၍ ပျဉ်ချပ်ကို ခင်းခဲ့၏၊ သောက်ရေကိုလည်း တည်ထားခဲ့၏။

၂။ ဤဘဒ္ဒကမ္ဘာမှ သုံးဆယ့်တကမ္ဘာထက်၌ ကောင်းမှုကံကို ပြုခဲ့ရသောအခါမှစ၍ အပါယ်လေးပါး လားရသည်ကို မသိစဘူးပေ၊ ဤသို့ဖြစ်ရခြင်းသည် နေရာပျဉ်ခင်းခြင်း သောက်ရေတည်ထားခြင်း၏ အကျိုးပေတည်း။

၃။ ဤဘဒ္ဒကမ္ဘာမှ တဆယ့်ငါးကမ္ဘာထက်၌ ရတနာခုနစ်ပါးတို့နှင့် ပြည့်စုံသည်ဖြစ်၍ များမြတ်သည့် ဗိုလ်ပါအင်အားရှိသော အဘိသာမအမည်ရှိသော စကြဝတေးမင်းဖြစ်ခဲ့၏။

၄။ လေးပါးသော ပဋိသမ္ဘိဒါတို့ကိုရင်း ရှစ်ပါးသော ဤဝိမောက္ခတို့ကိုရင်း ခြောက်ပါးသော အဘိညာဉ်တို့ကိုရင်း မျက်မှောက်ပြုအပ်ပါကုန်ပြီ၊ မြတ်စွာဘုရား၏ အဆုံးအမတော်ကို လိုက်နာကျင့်သုံးပြီးပါပြီ။

ဤသို့လျှင် အသျှင်ဥဒကာသနဒါယက မထေရ်သည် ဤဂါထာတို့ကို မိန့်ဆိုတော်မူ၏။

ရှေးဦးစွာသော ဥဒကာသနဒါယကတ္ထေရအပဒါန် ပြီး၏။

---

## ၂-ဘာဇနပါလကတ္ထေရအပဒါန်

၅။ ထိုအခါ ငါသည် ဗန္ဓုမဟီမြို့၌ အိုးထိန်းသည် ဖြစ်ခဲ့၏၊ ထိုအခါ၌ ရဟန်းသံဃာ၏ သပိတ်ကို စောင့်ရှောက်ခဲ့၏။

၆။ ဤဘဒ္ဒကမ္ဘာမှ ကိုးဆယ့်တကမ္ဘာထက်၌ သပိတ်ကို စောင့်ရှောက်ခဲ့ရသော အခါမှစ၍ အပါယ်လေးပါး လားရသည်ကို မသိစဘူးပေ၊ ဤသို့ဖြစ်ရခြင်းသည် သပိတ်ကို စောင့်ရှောက်ရခြင်း၏ အကျိုးပေတည်း။

၇။ ဤဘဒ္ဒကမ္ဘာမှ ငါးဆယ့်သုံးကမ္ဘာထက်၌ ရတနာခုနစ်ပါးတို့နှင့် ပြည့်စုံသည် ဖြစ်၍ များမြတ်သည့်ဗိုလ်ပါအင်အားရှိသော အနန္တဇာလိ အမည်ရှိသော စကြဝတေးမင်း ဖြစ်ခဲ့၏။

၈။ လေးပါးသော ပဋိသမ္ဘိဒါတို့ကိုရင်း ရှစ်ပါးသော ဤဝိမောက္ခတို့ကိုရင်း ခြောက်ပါးသော အဘိညာဉ် တို့ကိုရင်း မျက်မှောက်ပြုအပ်ပါကုန်ပြီ၊ မြတ်စွာဘုရား၏ အဆုံးအမတော်ကို လိုက်နာကျင့်သုံးပြီးပါပြီ။

ဤသို့လျှင် အသျှင်ဘာဇနပါလကမထေရ်သည် ဤဂါထာတို့ကို မိန့်ဆိုတော်မူ၏။

နှစ်ခုမြောက် ဘာဇနပါလကတ္ထေရအပဒါန် ပြီး၏။

http://www.dhammadownload.com



## ၃-သာလပုပ္ဖိယတ္ထေရအပဒါန်

၉။ ငါသည် အရုဏဝတီမြို့၌ မှုံသည် ဖြစ်ခဲ့၏၊ ထိုအခါ ငါသည် မာရ်ငါးပါးကို အောင်တော်မူပြီးသော သိခီမြတ်စွာဘုရားကို ငါ၏အိမ်တံခါး(အနီး)၌ ကြွသွားတော်မူစဉ် ဖူးမြင်ခဲ့ရ၏။

၁၀။ ငါသည် မြတ်စွာဘုရား၏ သပိတ်တော်ကို ယူပြီးလျှင် ကောင်းစွာ ကြွသွားတော်မူသော မြတ်စွာဘုရားအား ကြည်ညိုသောစိတ်ဖြင့် အင်ကြင်းပန်းကို ပေးလှူ၏။

၁၁။ ဤဘဒ္ဒကမ္ဘာမှ သုံးဆယ့်တကမ္ဘာထက်၌ ငါသည် အင်ကြင်းပန်းကို ပေးလှူခဲ့ရသောအခါမှစ၍ အပါယ်လေးပါး လားရသည်ကို မသိစဘူးပေ၊ ဤသို့ဖြစ်ရခြင်းသည် အင်ကြင်းပန်းကို လှူရခြင်း၏ အကျိုးပေတည်း။

၁၂။ ဤဘဒ္ဒကမ္ဘာမှ တဆယ့်လေးကမ္ဘာထက်၌ ရတနာခုနစ်ပါးတို့နှင့် ပြည့်စုံသည် ဖြစ်၍ များမြတ်သည့် ဗိုလ်ပါအင်အားရှိသော အမိတဥ္စလမည်သော စကြာမင်း ဖြစ်ခဲ့၏။

၁၃။ လေးပါးသော ပဋိသမ္ဘိဒါတို့ကိုငင်း ရှစ်ပါးသော ဤဝိမောက္ခတို့ကိုငင်း ခြောက်ပါးသော အဘိညာဉ်တို့ကိုငင်း မျက်မှောက်ပြုအပ်ပါကုန်ပြီ၊ မြတ်စွာဘုရား၏ အဆုံးအမတော်ကို လိုက်နာကျင့်သုံးပြီးပါပြီ။

ဤသို့လျှင် အသျှင်သာလပုပ္ဖိယမထေရ်သည် ဤဂါထာတို့ကို မိန့်ဆိုတော်မူ၏။

သုံးခုမြောက် သာလပုပ္ဖိယတ္ထေရအပဒါန် ပြီး၏။

---

## ၄-ကိလဥ္ဇဒါယကတ္ထေရအပဒါန်

၁၄။ ထိုအခါ ငါသည် မွေလျော်ဖွယ်ကောင်းသော တိဝရာပြည်၌ ကျူထရံသည် ဖြစ်ခဲ့၏၊ ထိုအခါ လောက၌ ထွန်းတောက်ပတော်မူသော သိဒ္ဓတ္ထမြတ်စွာဘုရား၌ ကြည်ညိုသော လူအပေါင်းသည်—

၁၅။ မြတ်စွာဘုရားအား ပူဇော်ခြင်းငှါ ဖျာကို ရှာဖွေလျက် ရှိ၏၊ ငါသည် မြတ်စွာဘုရားအား ပူဇော်မှုကို ပြုကုန်သောသူတို့အား ဖျာကို ပေးလှူခဲ့၏။

၁၆။ ဤဘဒ္ဒကမ္ဘာမှ ကိုးဆယ့်လေးကမ္ဘာထက်၌ အကြင်ဖျာလှူခြင်းကို ပြုခဲ့ရသောအခါမှစ၍ အပါယ်လေးပါး လားရသည်ကို မသိစဘူးပေ၊ ဤသို့ဖြစ်ရခြင်းသည် ဖျာကို လှူရခြင်း၏ အကျိုးပေတည်း။

၁၇။ ခုနစ်ဆယ့်ခုနစ်ကမ္ဘာထက်၌ ရတနာခုနစ်ပါးတို့နှင့် ပြည့်စုံသည်ဖြစ်၍ များမြတ်သည့် ဗိုလ်ပါအင်အားရှိသော ဇလဒ္ဓရမည်သော စကြာမင်းဖြစ်ခဲ့၏။

၁၈။ လေးပါးသော ပဋိသမ္ဘိဒါတို့ကိုငင်း ရှစ်ပါးသော ဤဝိမောက္ခတို့ကိုငင်း ခြောက်ပါးသော အဘိညာဉ်တို့ကိုငင်း မျက်မှောက်ပြုအပ်ပါကုန်ပြီ၊ မြတ်စွာဘုရား၏ အဆုံးအမတော်ကို လိုက်နာကျင့်သုံးပြီးပါပြီ။

ဤသို့လျှင် အသျှင်ကိလဥ္ဇဒါယကမထေရ်သည် ဤဂါထာတို့ကို မိန့်ဆိုတော်မူ၏။

လေးခုမြောက် ကိလဥ္ဇဒါယကတ္ထေရအပဒါန် ပြီး၏။

http://www.dhammadownload.com



## ၅-ဝေဒိကာရကတ္ထေရအပဒါန်

၁၉။ ငါသည် ဝိပဿီမြတ်စွာဘုရား၏ မြတ်သော သစ္စတ်ပင်ဗောဓိ၌ ကြည်ညို ဝမ်းမြောက်သောစိတ်ရှိသည်ဖြစ်၍ ပွတ်တိုင်ကို ပြုစေခဲ့၏။

၂၀။ ဤဘဒ္ဒကမ္ဘာမှ ကိုးဆယ့်တကမ္ဘာထက်၌ ငါသည် ပွတ်တိုင်ကို ပြုစေခဲ့ရသော အခါမှစ၍ အပါယ်လေးပါး လားရသည်ကို မသိစဘူးပေ၊ ဤသို့ဖြစ်ရခြင်းသည် ပွတ်တိုင် ကို လှူရခြင်း၏ အကျိုးပေတည်း။

၂၁။ ဤဘဒ္ဒကမ္ဘာမှ တဆယ့်တကမ္ဘာထက်၌ ရတနာခုနစ်ပါးတို့နှင့်ပြည့်စုံသည်ဖြစ်၍ များမြတ်သည့် ဗိုလ်ပါအင်အားရှိသော သူရိယဿမမည်သော စကြဝတေးမင်းဖြစ်ခဲ့၏။

၂၂။ လေးပါးသော ပဋိသမ္ဘိဒါတို့ကိုရင်း ရှစ်ပါးသော ဤဝိမောက္ခတို့ကိုရင်း ခြောက် ပါးသော အဘိညာဉ်တို့ကိုရင်း မျက်မှောက်ပြုအပ်ပါကုန်ပြီ၊ မြတ်စွာဘုရား၏ အဆုံးအမ တော်ကို လိုက်နာကျင့်သုံးပြီးပါပြီ။

ဤသို့လျှင် အသျှင်ဝေဒိကာရကမထေရ်သည် ဤဂါထာတို့ကို မိန့်ဆိုတော်မူ၏။

ငါးခုမြောက် ဝေဒိကာရကတ္ထေရအပဒါန် ပြီး၏။

---

## ၆-ဝဏ္ဏကာရကတ္ထေရအပဒါန်

၂၃။ ထိုအခါ ငါသည် အရုဏဝတီမြို့၌ ပန်းဆိုးသမား ဖြစ်ခဲ့ဘူး၏၊ ငါသည် စေတီ၌ (ရှိသော) ပုဆိုးဘဏ္ဍာအဝတ်တို့ကို အရောင်အမျိုးမျိုးကို ဆိုးခဲ့၏။

၂၄။ ဤဘဒ္ဒကမ္ဘာမှ သုံးဆယ့်တကမ္ဘာထက်၌ အကြင်ဆေးရောင်ကို ဆိုးခဲ့ရသော အခါမှစ၍ အပါယ်လေးပါး လားရသည်ကို မသိစဘူးပေ၊ ဤသို့ဖြစ်ရခြင်းသည် ဆေးရောင် ကို လှူရခြင်း၏ အကျိုးပေတည်း။

၂၅။ ဤဘဒ္ဒကမ္ဘာမှ နှစ်ဆယ့်သုံးကမ္ဘာထက်၌ ရတနာခုနစ်ပါးတို့နှင့် ပြည့်စုံသည် ဖြစ်၍ များမြတ်သည့် ဗိုလ်ပါအင်အားရှိသော ဝဏ္ဏသမအမည်ရှိသော စကြဝတေးမင်း ဖြစ်ခဲ့ဘူး၏။

၂၆။ လေးပါးသော ပဋိသမ္ဘိဒါတို့ကိုရင်း ရှစ်ပါးသော ဤဝိမောက္ခတို့ကိုရင်း ခြောက် ပါးသော အဘိညာဉ်တို့ကိုရင်း မျက်မှောက်ပြုအပ်ပါကုန်ပြီ၊ မြတ်စွာဘုရား၏ အဆုံးအမ တော်ကို လိုက်နာကျင့်သုံးပြီးပါပြီ။

ဤသို့လျှင် အသျှင်ဝဏ္ဏကာရကမထေရ်သည် ဤဂါထာတို့ကို မိန့်ဆိုတော်မူ၏။

ခြောက်ခုမြောက် ဝဏ္ဏကာရကတ္ထေရအပဒါန် ပြီး၏။

http://www.dhammadownload.com



## ၇-ပိယာလပုပ္ဖိယတ္ထေရအပဒါန်

၂၇။ ရှေးအခါက ငါသည် ငှက်စသည်တို့၏ တွန်မြူးရာဖြစ်သော တော၌ သားမုဆိုး ဖြစ်ခဲ့၏၊ ထိုအခါ ပွင့်နေသောလှနံ့ပင်ကိုမြင်၍ ဆွတ်ခူးပြီးလျှင် ငါသည် မြတ်စွာဘုရား ကြွတော်မူရာခရီး၌ ပစ်ချပူဇော်ခဲ့၏။

၂၈။ ဤဘဒ္ဒကမ္ဘာမှ ကိုးဆယ့်တကမ္ဘာထက်၌ ပန်းကို ပူဇော်ခဲ့ရသောအခါမှစ၍ အပါယ်လေးပါး လားရသည်ကို မသိစဘူးပေ၊ ဤသို့ဖြစ်ရခြင်းသည် မြတ်စွာဘုရားအား ပန်းပူဇော်ခြင်း၏အကျိုးပေတည်း။

၂၉။ လေးပါးသော ပဋိသမ္ဘိဒါတို့ကိုရင်း ရှစ်ပါးသော ဤဝိမောက္ခတို့ကိုရင်း ခြောက်ပါးသော အဘိညာဉ်တို့ကိုရင်း မျက်မှောက်ပြုအပ်ပါကုန်ပြီ၊ မြတ်စွာဘုရား၏ အဆုံးအမ တော်ကို လိုက်နာကျင့်သုံးပြီးပါပြီ။

ဤသို့လျှင် အသျှင်ပိယာလပုပ္ဖိယမထေရ်သည် ဤဂါထာတို့ကို မိန့်ဆိုတော်မူ၏။

ခုနစ်ခုမြောက် ပိယာလပုပ္ဖိယတ္ထေရအပဒါန် ပြီး၏။

---

## ၈-အမ္ဗယာဂဒါယကတ္ထေရအပဒါန်

၃၀။ မိမိအတတ်ပညာ၌ ကျွမ်းကျင်သောငါသည် တောသို့ သွားခဲ့၏၊ (ထိုအခါ) ငါသည် မြတ်စွာဘုရားကြွသွားတော်မူစဉ် ဖူးမြင်ရ၍ သရက်သီးအလှူကို လှူခဲ့၏။

၃၁။ ဤဘဒ္ဒကမ္ဘာမှ ကိုးဆယ့်တကမ္ဘာထက်၌ သရက်သီးအလှူကို ပေးလှူခဲ့ရသော အခါမှစ၍ အပါယ်လေးပါး လားရသည်ကို မသိစဘူးပေ၊ ဤသို့ဖြစ်ရခြင်းသည် သရက် သီးကို လှူရခြင်း၏ အကျိုးပေတည်း။

၃၂။ လေးပါးသော ပဋိသမ္ဘိဒါတို့ကိုရင်း ရှစ်ပါးသော ဤဝိမောက္ခတို့ကိုရင်း ခြောက် ပါးသော အဘိညာဉ်တို့ကိုရင်း မျက်မှောက်ပြုအပ်ပါကုန်ပြီ၊ မြတ်စွာဘုရား၏ အဆုံးအမ တော်ကို လိုက်နာကျင့်သုံးပြီးပါပြီ။

ဤသို့လျှင် အသျှင်အမ္ဗယာဂဒါယကမထေရ်သည် ဤဂါထာတို့ကို မိန့်ဆိုတော်မူ၏။

ရှစ်ခုမြောက် အမ္ဗယာဂဒါယကတ္ထေရအပဒါန် ပြီး၏။

---

## ၉-ဇဂတိကာရကတ္ထေရအပဒါန်

၃၃။ လူတို့ထက် မြတ်တော်မူသော အတ္ထဒဿီမြတ်စွာဘုရားသည် ပရိနိဗ္ဗာန်စံတော်မူ သည်ရှိသော် မြတ်စွာဘုရား၏ စေတီတော်မြတ်၌ အကျည်(ပန်းတင်ခုံ)မြင့်ခြင်းကို ပြုလုပ် ပြင်ဆင်ခဲ့၏။

http://www.dhammadownload.com



၃၄။ တထောင့်ရှစ်ရာကမ္ဘာထက်၌ ကောင်းမှုကံကို ပြုလုပ်ခဲ့ရသောအခါမှစ၍ အပါယ်လေးပါး လားရသည်ကို မသိစဘူးပေ၊ ဤသို့ဖြစ်ရခြင်းသည် အကျည်(ပန်းတင်ခုံ)ပြုပြင်ရခြင်း၏ အကျိုးပေတည်း။

၃၅။ လေးပါးသော ပဋိသမ္ဘိဒါတို့ကိုလည်း ရှစ်ပါးသော ဤဝိမောက္ခတို့ကိုလည်း ခြောက်ပါးသော အဘိညာဉ်တို့ကိုလည်း မျက်မှောက်ပြုအပ်ပါကုန်ပြီ၊ မြတ်စွာဘုရား၏ အဆုံးအမတော်ကို လိုက်နာကျင့်သုံးပြီးပါပြီ။

ဤသို့လျှင် အသျှင်ဇာဂတိဒါယကမထေရ်သည် ဤဂါထာတို့ကို မိန့်ဆိုတော်မူ၏။

ကိုးခုမြောက် ဇဂတိဒါယကတ္ထေရအပဒါန် ပြီး၏။

---

## ၁၀-ဝါသိဒါယကတ္ထေရအပဒါန်

၃၆။ ရှေးအခါက ငါသည် တိဝရာပြည်မြတ်၌ ပန်းဘဲသမားဖြစ်ခဲ့၏၊ ငါသည် ရန်သူတို့သည် မအောင်အပ်သော မြတ်စွာဘုရားအား ပဲခွပ်တခုကို ပေးလှူခဲ့၏။

၃၇။ ဤဘဒ္ဒကမ္ဘာမှ ကိုးဆယ့်လေးကမ္ဘာထက်၌ ပဲခွပ်ကို ပေးလှူခဲ့ရသောအခါမှစ၍ အပါယ်လေးပါး လားရသည်ကို မသိစဘူးပေ၊ ဤသို့ဖြစ်ရခြင်းသည် ပဲခွပ်လှူရခြင်း၏ အကျိုးပေတည်း။

၃၈။ လေးပါးသော ပဋိသမ္ဘိဒါတို့ကိုလည်း ရှစ်ပါးသော ဤဝိမောက္ခတို့ကိုလည်း ခြောက်ပါးသော အဘိညာဉ်တို့ကိုလည်း မျက်မှောက်ပြုအပ်ပါကုန်ပြီ၊ မြတ်စွာဘုရား၏ အဆုံးအမတော်ကို လိုက်နာကျင့်သုံးပြီးပါပြီ။

ဤသို့လျှင် အသျှင်ဝါသိဒါယကမထေရ်သည် ဤဂါထာတို့ကို မိန့်ဆိုတော်မူ၏။

ဆယ်ခုမြောက် ဝါသိဒါယကတ္ထေရအပဒါန် ပြီး၏။

**နှစ်ဆယ့်လေးခုမြောက် ဥဒကာသနဝဂ် ပြီး၏။**

http://www.dhammadownload.com

# ၂၅-တုဝရုဒါယာကဝဂ်

## ၁-တုဝရဒါယကတ္ထေရအပဒါန်

၁။ ငါသည် ရှေးအခါက ငှက်စသည်တို့၏ တွန်မြူးရာဖြစ်သောတောဌ် သားမုဆိုးဖြစ်ခဲ့၏၊ (ထိုအခါ) ငါသည် ကတိုးကနက်စေ့ကို¹ ယူ၍ လှော်ပြီးလျှင် သံဃာအား ပေးလှူခဲ့၏။

၂။ ဤဘဒ္ဒကမ္ဘာမှ ကိုးဆယ့်တကမ္ဘာထက်၌ ကတိုးကနက်စေ့ကို ပေးလှူခဲ့ရသော အခါမှစ၍ အပါယ်လေးပါး လားရသည်ကို မသိစဘူးပေ၊ ဤသို့ဖြစ်ရခြင်းသည် ကတိုးကနက်စေ့ကို လှူရခြင်း၏ အကျိုးပေတည်း။

၃။ လေးပါးသော ပဋိသမ္ဘိဒါတို့ကိုလည်း ရှစ်ပါးသော ဤဝိမောက္ခတို့ကိုလည်း ခြောက်ပါးသော အဘိညာဉ်တို့ကိုလည်း မျက်မှောက်ပြုအပ်ပါကုန်ပြီ၊ မြတ်စွာဘုရား၏ အဆုံးအမတော်ကို လိုက်နာကျင့်သုံးပြီးပါပြီ။

ဤသို့လျှင် အသျှင်တုဝရဒါယကမထေရ်သည် ဤဂါထာတို့ကို မိန့်ဆိုတော်မူ၏။

ရှေးဦးစွာသော တုဝရဒါယကတ္ထေရအပဒါန် ပြီး၏။

---

## ၂-နာဂကေသရိယတ္ထေရအပဒါန်

၄။ ငါသည် လေးကို ညှို့နှင့်တပေါင်းတည်းပြုလုပ်၍ တောသို့ ဝင်ခဲ့၏၊ (ထိုအခါ) အောက်သို့ အရွက်ကြွေကျ၍ ကောင်းစွာ ပေါက်သော ကံ့ကော်ဝတ်ဆံကို မြင်၍—

၅။ လက်နှစ်ဖက်တို့ဖြင့် ယူပြီးလျှင် ဦးခေါင်းထက်၌ လက်အုပ်ချီလျက် လောက၏ အဆွေဖြစ်တော်မူသော တိဿမြတ်စွာဘုရားအား တင်လှူပူဇော်ခဲ့၏။

၆။ ဤဘဒ္ဒကမ္ဘာမှ ကိုးဆယ့်နှစ်ကမ္ဘာထက်၌ ပန်းတင်ပူဇော်ခဲ့ရသော အခါမှစ၍ အပါယ်လေးပါး လားရသည်ကို မသိစဘူးပေ၊ ဤသို့ဖြစ်ရခြင်းသည် မြတ်စွာဘုရားအား ပန်းပူဇော်ရခြင်း၏ အကျိုးပေတည်း။

၇။ ခုနစ်ဆယ့်သုံးကမ္ဘာထက်၌ ရတနာခုနစ်ပါးတို့နှင့် ပြည့်စုံသည်ဖြစ်၍ များစွာမြတ်သည့် ဗိုလ်ပါအင်အားရှိသော ကေသရအမည်ရှိကုန်သော စကြဝတေးမင်းတို့သည် ခုနစ်ကြိမ်တိုင်တိုင် ဖြစ်ခဲ့ဘူးကုန်၏။

၈။ လေးပါးသော ပဋိသမ္ဘိဒါတို့ကိုလည်း ရှစ်ပါးသော ဤဝိမောက္ခတို့ကိုလည်း ခြောက်ပါးသော အဘိညာဉ်တို့ကိုလည်း မျက်မှောက်ပြုအပ်ပါကုန်ပြီ၊ မြတ်စွာဘုရား၏ အဆုံးအမတော်ကို လိုက်နာကျင့်သုံးပြီးပါပြီ။

ဤသို့လျှင် အသျှင်နာဂကေသရိယမထေရ်သည် ဤဂါထာတို့ကို မိန့်ဆိုတော်မူ၏။

နှစ်ခုမြောက် နာဂကေသရိယတ္ထေရအပဒါန် ပြီး၏။

---

၁။ အင်္ဂတိုင်းရှိ တုဝရမြစ်အနီး၌ ပေါက်ရောက်သောအစေ့ဖြစ်သည်၊ ကတိုးကနက်စေ့လည်း ဟူလို။အဋ္ဌကထာ၌ 'မုဂ္ဂကလာယ သဒိသ'ဟု ဖွင့်သဖြင့် ပဲနောက် ကလပဲတို့နှင့် တူသော ပဲစေ့တမျိုးဟု ယူဆရ၏။

http://www.dhammadownload.com



## ၃-နဠိနကေသရိယတ္ထေရအပဒါန်

၉။ ငါသည် ဇာတဿရရေအိုင်၏အလယ်၌ ရေကြက်ဖြစ်၍ နေ၏၊ (ထိုအခါ) ငါသည် နတ်ထက်နတ် ဖြစ်တော်မူသော မြတ်စွာဘုရားကို ကောင်းကင်၌ ကြွသွားတော်မူစဉ် ဖူးမြင်ရ၏။

၁၀။ (ဖူးမြင်ရသော်) နှုတ်သီးဖြင့် ကြာပန်းကိုယူပြီးလျှင် အထူးကြည်လင်သောစိတ်ဖြင့် လောက၏အဆွေဖြစ်တော်မူသော ဂိဿမြတ်စွာဘုရားအား တင်လှူပူဇော်ခဲ့၏။

၁၁။ ဤဘဒ္ဒကမ္ဘာမှ ကိုးဆယ့်နှစ်ကမ္ဘာထက်၌ ပန်းတင်ပူဇော်ခဲ့ရသောအခါမှစ၍ အပါယ်လေးပါး လားရသည်ကို မသိစဘူးပေ၊ ဤသို့ဖြစ်ရခြင်းသည် မြတ်စွာဘုရားအား ပန်းပူဇော်ရခြင်း၏ အကျိုးပေတည်း။

၁၂။ ခုနစ်ဆယ့်သုံးကမ္ဘာထက်၌ ရတနာခုနစ်ပါးတို့နှင့် ပြည့်စုံသည် ဖြစ်၍ များမြတ်သည့် ဗိုလ်ပါအင်အားရှိသော ကေသရမည်သော စကြဝတေးမင်းတို့သည် ခုနစ်ကြိမ်တိုင်တိုင် ဖြစ်ခဲ့ဘူးကုန်၏။

၁၃။ လေးပါးသော ပဋိသမ္ဘိဒါတို့ကိုရင်း ရှစ်ပါးသော ဤဝိမောက္ခတို့ကိုရင်း ခြောက်ပါးသော အဘိညာဉ်တို့ကိုရင်း မျက်မှောက်ပြုအပ်ပါကုန်ပြီ၊ မြတ်စွာဘုရား၏ အဆုံးအမတော်ကို လိုက်နာကျင့်သုံးပြီးပါပြီ။

ဤသို့လျှင် အသျှင်နဠိနကေသရိယမထေရသည် ဤဂါထာတို့ကို မိန့်ဆိုတော်မူ၏။

သုံးခုမြောက် နဠိနကေသရိယတ္ထေရအပဒါန် ပြီး၏။

---

## ၄-ဝိရဝပုပ္ဖိယတ္ထေရအပဒါန်

၁၄။ မြတ်စွာဘုရားသည် ရဟန္တာတထောင်တို့နှင့်တကွ ကြွသွားတော်မူ၏၊ (ထိုအခါ) ငါသည် ဝိရဝမည်သောပန်းကိုယူ၍ မြတ်စွာဘုရားအား တင်လှူပူဇော်ခဲ့၏။

၁၅။ ဤဘဒ္ဒကမ္ဘာမှ ကိုးဆယ့်တကမ္ဘာထက်၌ ပန်းပူဇော်ခဲ့ရသော အခါမှစ၍ အပါယ်လေးပါး လားရသည်ကို မသိစဘူးပေ၊ ဤသို့ဖြစ်ရခြင်းသည် မြတ်စွာဘုရားအား ပန်းပူဇော်ရခြင်း၏ အကျိုးပေတည်း။

၁၆။ လေးပါးသော ပဋိသမ္ဘိဒါတို့ကိုရင်း ရှစ်ပါးသော ဤဝိမောက္ခတို့ကိုရင်း ခြောက်ပါးသော အဘိညာဉ်တို့ကိုရင်း မျက်မှောက်ပြုအပ်ပါကုန်ပြီ၊ မြတ်စွာဘုရား၏ အဆုံးအမတော်ကို လိုက်နာကျင့်သုံးပြီးပါပြီ။

ဤသို့လျှင် အသျှင်ဝိရဝပုပ္ဖိယမထေရ်သည် ဤဂါထာတို့ကို မိန့်ဆိုတော်မူ၏။

လေးခုမြောက် ဝိရဝပုပ္ဖိယတ္ထေရအပဒါန် ပြီး၏။

http://www.dhammadownload.com



## ၅-ကုဋိဒူပကတ္ထေရအပဒါန်

၁၇။ ငါသည် သိဒ္ဓတ္ထမြတ်စွာဘုရား၏ ဂန္ဓကုဋိတိုက်စောင့်ဖြစ်ခဲ့၏၊ ငါသည် ကြည်ညိုသည်ဖြစ်၍ အခါအားလျော်စွာ မိမိလက်တို့ဖြင့် နံ့သာအခိုးလွှတ်၍ ပူဇော်ခဲ့၏။

၁၈။ ဤဘဒ္ဒကမ္ဘာမှ ကိုးဆယ့်လေးကမ္ဘာထက်၌ နံ့သာအခိုးထုံမှုကို ပြုခဲ့ရသောအခါမှစ၍ အပါယ်လေးပါး လားရသည်ကို မသိစဘူးပေ၊ ဤသို့ဖြစ်ရခြင်းသည် နံ့သာအခိုးကို ပေးလှူခဲ့ရခြင်း၏ အကျိုးပေတည်း။

၁၉။ လေးပါးသော ပဋိသမ္ဘိဒါတို့ကိုင်း ရှစ်ပါးသော ဤဝိမောက္ခတို့ကိုင်း ခြောက်ပါးသော အဘိညာဉ်တို့ကိုင်း မျက်မှောက်ပြုအပ်ပါကုန်ပြီ၊ မြတ်စွာဘုရား၏ အဆုံးအမတော်ကို လိုက်နာကျင့်သုံးပြီးပါပြီ။

ဤသို့လျှင် အသျှင်ကုဋိဒူပကမထေရ်သည် ဤဂါထာတို့ကို မိန့်ဆိုတော်မူ၏။

ငါးခုမြောက် ကုဋိဒူပကတ္ထေရအပဒါန် ပြီး၏။

---

## ၆-ပတ္တဒါယကတ္ထေရအပဒါန်

၂၀။ ကိုယ်နှုတ်နှလုံးကို လွန်စွာဆုံးမတော်မူသဖြင့် ဖြောင့်မတ်သည်ဖြစ်၍ တာဒိဂုဏ်နှင့် ပြည့်စုံတော်မူသော သိဒ္ဓတ္ထမြတ်စွာဘုရားအား ငါသည် သပိတ်အလှူကို ပေးလှူခဲ့၏။

၂၁။ ဤဘဒ္ဒကမ္ဘာမှ ကိုးဆယ့်လေးကမ္ဘာထက်၌ သပိတ်လှူဒါန်းခဲ့ရသောအခါမှစ၍ အပါယ်လေးပါး လားရသည်ကို မသိစဘူးပေ၊ ဤသို့ဖြစ်ရခြင်းသည် သပိတ်ကိုလှူရခြင်း၏ အကျိုးပေတည်း။

၂၂။ လေးပါးသော ပဋိသမ္ဘိဒါတို့ကိုင်း ရှစ်ပါးသော ဤဝိမောက္ခတို့ကိုင်း ခြောက်ပါးသော အဘိညာဉ်တို့ကိုင်း မျက်မှောက်ပြုအပ်ပါကုန်ပြီ၊ မြတ်စွာဘုရား၏ အဆုံးအမတော်ကို လိုက်နာကျင့်သုံးပြီးပါပြီ။

ဤသို့လျှင် အသျှင်ပတ္တဒါယကမထေရ်သည် ဤဂါထာတို့ကို မိန့်ဆိုတော်မူ၏။

ခြောက်ခုမြောက် ပတ္တဒါယကတ္ထေရအပဒါန် ပြီး၏။

---

## ၇-ဓာတုပူဇကတ္ထေရအပဒါန်

၂၃။ လူတို့ထက် မြတ်တော်မူသော သိဒ္ဓတ္ထမြတ်စွာဘုရားသည် ပရိနိဗ္ဗာန်စံတော်မူသည်ရှိသော် အဆွေနှစ်ချောင်းရှိသူ နတ်လူတို့ကို အစိုးရသည်ဖြစ်၍ တာဒိဂုဏ်နှင့်ပြည့်စုံတော်မူသော မြတ်စွာဘုရား၏ ဓာတ်တော်တဆူကို ငါသည် ရခဲ့၏။

http://www.dhammadownload.com



၂၄။ ငါသည် နေမင်း၏ အဆွေဖြစ်တော်မူသော သိဒ္ဓတ္ထမြတ်စွာဘုရား၏ ထိုခေတ်တော်ကို ယူပြီးလျှင် သက်တော်ထင်ရှားရှိသော မြတ်စွာဘုရားကဲ့သို့ ငါးနှစ်တို့ပတ်လုံး လုပ်ကျွေးခဲ့၏။

၂၅။ ဤဘဒ္ဒကမ္ဘာမှ ကိုးဆယ့်လေးကမ္ဘာထက်၌ ခေတ်တော်ပူဇော်ခဲ့ရသောအခါမှ စ၍ အပါယ်လေးပါး လားရသည်ကို မသိစဘူးပေ၊ ဤသို့ဖြစ်ရခြင်းသည် ခေတ်တော်ကို လုပ်ကျွေးပူဇော်ရခြင်း၏ အကျိုးပေတည်း။

၂၆။ လေးပါးသော ပဋိသမ္ဘိဒါတို့ကိုရင်း ရှစ်ပါးသော ဤဝိမောက္ခတို့ကိုရင်း ခြောက်ပါးသော အဘိညာဉ်တို့တို့ရင်း မျက်မှောက်ပြုအပ်ပါကုန်ပြီ၊ မြတ်စွာဘုရား၏ အဆုံးအမတော်ကို လိုက်နာကျင့်သုံးပြီးပါပြီ။

ဤသို့လျှင် အသျှင်ခေတုပူဇကမထေရ်သည် ဤဂါထာတို့ကို မိန့်ဆိုတော်မူ၏။

ခုနစ်ခုမြောက် ခေတုပူဇကတ္ထေရအပဒါန် ပြီး၏။

---

## ၈-သတ္တလိပုပ္ဖပူဇကတ္ထေရအပဒါန်

၂၇။ ထိုအခါ၌ ငါသည် မိုးစွေပန်းခုနစ်ပွင့်တို့ကို ဦးခေါင်း၌ တင်ပြီးလျှင် လူတို့ထက်မြတ်တော်မူသော ဝေဿဘူမြတ်စွာဘုရားအား တင်လှူပူဇော်ခဲ့၏။

၂၈။ ဤဘဒ္ဒကမ္ဘာမှ သုံးဆယ့်တမ္ဘာထက်၌ မိုးစွေပန်းပူဇော်ခဲ့ရသောအခါမှစ၍ အပါယ်လေးပါး လားရသည်ကို မသိစဘူးပေ၊ ဤသို့ဖြစ်ရခြင်းသည် မြတ်စွာဘုရားအား ပန်းပူဇော်ရခြင်း၏ အကျိုးပေတည်း။

၂၉။ လေးပါးသော ပဋိသမ္ဘိဒါတို့ကိုရင်း ရှစ်ပါးသော ဤဝိမောက္ခတို့ကိုရင်း ခြောက်ပါးသော အဘိညာဉ်တို့ကိုရင်း မျက်မှောက်ပြုအပ်ပါကုန်ပြီ၊ မြတ်စွာဘုရား၏ အဆုံးအမတော်ကို လိုက်နာကျင့်သုံးပြီးပါပြီ။

ဤသို့လျှင် အသျှင်သတ္တလိပုပ္ဖပူဇကမထေရ်သည် ဤဂါထာတို့ကို မိန့်ဆိုတော်မူ၏။

ရှစ်ခုမြောက် သတ္တလိပုပ္ဖပူဇကတ္ထေရအပဒါန် ပြီး၏။

---

## ၉-မိမ္ပိဇာလိယတ္ထေရအပဒါန်

၃၀။ မိမိအလိုလိုဖြစ်၍ အမြတ်ဆုံး ပုဂ္ဂိုလ်လည်းဖြစ်သော ပဒုမုတ္တရမြတ်စွာဘုရားသည် သစ္စာလေးပါးကို ဖော်ပြတော်မူ၏၊ အမြိုက်နိဗ္ဗာန်ကိုလည်း ထွန်းပြတော်မူ၏။

၃၁။ ထိုအခါ၌ ငါသည် လိပ်ဆူးချွေပွင့်တို့ကို အမျိုးမျိုးပြု၍ အခြေနှစ်ချောင်းရှိသူ နတ်လူတို့ကို အစိုးရတော်မူသည်ဖြစ်၍ တာဒိဂုဏ်နှင့် ပြည့်စုံတော်မူသော မြတ်စွာဘုရားအား တင်လှူပူဇော်ခဲ့၏။

http://www.dhammadownload.com



၃၂။ ဤဘဒ္ဒကမ္ဘာမှ ခြောက်ဆယ့်ရှစ်ကမ္ဘာထက်၌ ရတနာခုနစ်ပါးတို့နှင့်ပြည့်စုံသည်ဖြစ်၍ များမြဲသည့် ဗိုလ်ပါအင်အားရှိသော ကိဋ္ဌကေသရမည်သော စကြဝတေးမင်းတို့သည် လေးကြိမ်တိုင်တိုင် ဖြစ်ခဲ့ဘူးကုန်၏။

၃၃။ လေးပါးသော ပဋိသမ္ဘိဒါတို့ကိုရင်း ရှစ်ပါးသော ဤဝိမောက္ခတို့ကိုရင်း ခြောက်ပါးသော အဘိညာဉ်တို့ကိုရင်း မျက်မှောက်ပြုအပ်ပါကုန်ပြီ၊ မြတ်စွာဘုရား၏ အဆုံးအမတော်ကို လိုက်နာကျင့်သုံးပြီးပါပြီ။

ဤသို့လျှင် အသျှင်ဗိမ္ဗိဇာလိယမထေရ်သည် ဤဂါထာတို့ကို မိန့်ဆိုတော်မူ၏။

ကိုးခုမြောက် ဗိမ္ဗိဇာလိယတ္ထေရအပဒါန် ပြီး၏။

---

## ၁၀-ဥဒ္ဒါလကဒါယကတ္ထေရအပဒါန်

၃၄။ ရန်သူတို့သည် မအောင်အပ်သော ကကုမည်သော ပစ္စေကဗုဒ္ဓါ[၁] ဘုရားသည် တောမှထွက်၍ မြစ်ကြီးသို့ (မဟာနဒီမြစ်သို့) အစဉ်ရောက်တော်မူ၏။

၃၅။ ထိုအခါ ငါသည် ငုရွှေပန်းကို ယူပြီးလျှင် ဖြောင့်မတ်စွာ စောင့်စည်းတော်မူသော မြတ်စွာဘုရားအား ကြည်ညိုသော စိတ်ရှိသည်ဖြစ်၍ ပေးလှူခဲ့၏။

၃၆။ ဤဘဒ္ဒကမ္ဘာမှ သုံးဆယ့်တကမ္ဘာထက်၌ ငုရွှေပန်းကို ပူဇော်ခဲ့ရသောအခါမှစ၍ အပါယ်လေးပါး လားရသည်ကို မသိစဘူးပေ၊ဤသို့ဖြစ်ရခြင်းသည် ပန်းလှူရခြင်း၏ အကျိုးပေတည်း။

၃၇။ လေးပါးသော ပဋိသမ္ဘိဒါတို့ကိုရင်း ရှစ်ပါးသော ဤဝိမောက္ခတို့ကိုရင်း ခြောက်ပါးသော အဘိညာဉ်တို့ကိုရင်း မျက်မှောက်ပြုအပ်ပါကုန်ပြီ၊ မြတ်စွာဘုရား၏ အဆုံးအမတော်ကို လိုက်နာကျင့်သုံးပြီးပါပြီ။

ဤသို့လျှင် အသျှင်ဥဒ္ဒါလကဒါယကမထေရ်သည် ဤဂါထာတို့ကို မိန့်ဆိုတော်မူ၏။

ဆယ်ခုမြောက် ဥဒ္ဒါလကဒါယကတ္ထေရအပဒါန် ပြီး၏။

**နှစ်ဆယ့်ငါးခုမြောက် တုဝရဒါယကဝဂ် ပြီး၏။**

---

၁။ ကကုသန္ဓာ ဘဂဝတောဟု အဋ္ဌကထာဆို၏၊ သုံးဆယ့်တကမ္ဘာထက်၌ ဟူသော စကားနှင့် ဆန့်ကျင်လှသည်၊ သယံမ္ဘူ အပရာဇိတော ဟူသောပုဒ်ကို ဘုရားဟုသာ ပေးသင့်သည်၊ ကကုဘုရားဟူ၍ မရှိသဖြင့် ဤ၌ ပစ္စေကဗုဒ္ဓါဟုသာ ထားသည်။

http://www.dhammadownload.com

# ၂၆—ထေရမကာဝင်

## ၁-ထေရမကတ္ထေရအပဒါန်

၁။ ငါသည် နတ်ပြည်၌ တည်ရှိစဉ် ဝိပဿီမြတ်စွာဘုရား၏ တရားတော်ကို နာယူခဲ့၍ ဝမ်းမြောက်သောစိတ် ရှိသည်ဖြစ်ရကား ဤဆိုလတ္တံ့သော စကားကို မြွက်ဆိုခဲ့၏—

၂။ ယောကျ်ားအာဇာနည်ဖြစ်တော်မူသော မြတ်စွာဘုရား အရှင်ဘုရားအား ရှိခိုးပါ၏၊ ယောကျ်ားမြတ် ဖြစ်တော်မူသော မြတ်စွာဘုရား အရှင်ဘုရားအား ရှိခိုးပါ၏၊ အရှင်ဘုရားသည် သေခြင်းကင်းသော နိဗ္ဗာန်ကို ဟောတော်မူလျက် လူများအပေါင်းကို ကယ်တင်တော်မူပါပေ၏။

၃။ ဤဘဒ္ဒကမ္ဘာမှ ကိုးဆယ့်တကမ္ဘာထက်၌ ချီးကျူးစကားကို ပြောဆိုခဲ့ရသော အခါမှစ၍ အပါယ်လေးပါး လားရသည်ကို မသိစဘူးပေ၊ ဤသို့ ဖြစ်ရခြင်းသည် (ဘုရားကို) ချီးကျူးရခြင်း၏ အကျိုးပေတည်း။

၄။ လေးပါးသော ပဋိသမ္ဘိဒါတို့ကိုရင်း ရှစ်ပါးသော ဤဝိမောက္ခတို့ကိုရင်း ခြောက်ပါးသော အဘိညာဉ်တို့ကိုရင်း မျက်မှောက်ပြုအပ်ပါကုန်ပြီ၊ မြတ်စွာဘုရား၏ အဆုံးအမတော်ကို လိုက်နာကျင့်သုံးပြီးပါပြီ။

ဤသို့လျှင် အသျှင်ထေရမကမထေရ်သည် ဤဂါထာတို့ကို မိန့်ဆိုတော်မူ၏။

ရှေးဦးစွာသော ထေရမကတ္ထေရအပဒါန် ပြီး၏။

---

## ၂-ကောသနဒါယကတ္ထေရအပဒါန်

၅။ ငါသည် ပဒုမုတ္တရဘုရားမြတ်၏ သာသနာတော်၌ လွန်ကဲသော ကုသိုလ်ကောင်းမှုကို ပြုလိုသည်ဖြစ်၍ နတ်၏အသွင်ကိုစွန့်၍ မယားနှင့်တကွ ဤလူ့ပြည်သို့ လာခဲ့၏။

၆။ (ထိုအခါ)ဒေဝလအမည်ဖြင့် ထင်ရှားသော ပဒုမုတ္တရမြတ်စွာဘုရား၏ တပည့်သာဝကသည် ရှိ၏၊ ထိုမထေရ်အား ငါသည် အလွန်ကြည်လင်သောစိတ်ဖြင့် ဆွမ်းကို လှူဒါန်းခဲ့၏။

၇။ ဤဘဒ္ဒကမ္ဘာမှ ကမ္ဘာတသိန်းထက်၌ ကုသိုလ်ကောင်းမှုကို ပြုခဲ့ရသောအခါမှစ၍ အပါယ်လေးပါး လားရသည်ကို မသိစဘူးပေ၊ ဤသို့ဖြစ်ရခြင်းသည် ဆွမ်းလှူရခြင်း၏ အကျိုးပေတည်း။

၈။ လေးပါးသော ပဋိသမ္ဘိဒါတို့ကိုရင်း ရှစ်ပါးသော ဤဝိမောက္ခတို့ကိုရင်း ခြောက်ပါးသော အဘိညာဉ်တို့ကိုရင်း မျက်မှောက်ပြုအပ်ပါကုန်ပြီ၊ မြတ်စွာဘုရား၏ အဆုံးအမတော်ကို လိုက်နာကျင့်သုံးပြီးပါပြီ။

ဤသို့လျှင် အသျှင်ကောသနဒါယကမထေရ်သည် ဤဂါထာတို့ကို မိန့်ဆိုတော်မူ၏။

နှစ်ခုမြောက် ကောသနဒါယကတ္ထေရအပဒါန် ပြီး၏။

http://www.dhammadownload.com



## ၃-စိတကပူဇကတ္ထေရအပဒါန်

၉။ မိမိအလိုလိုဖြစ်တော်မူသော ရန်သူတို့သည် မအောင်အပ်သော အာနန္ဒာမည်သော ပစ္စေကဗုဒ္ဓါသည် လူသူမရှိသော ငှက်တို့၏ ထွန်မြည်ရာဖြစ်သော တောအတွင်း၌ ပရိနိဗ္ဗာန် စံတော်မူ၏။

၁၀။ ထိုအခါ ငါသည် နတ်ပြည်မှ ဤလူ့ပြည်သို့လာ၍ ထိုအရပ်၌ ထင်းပုံကို ပြုလုပ်ပြီးလျှင် အလောင်းတော်ကို မီးသင်္ဂြိုဟ်ခဲ့၏၊ ငါသည် ပူဇော်မှုကိုလည်း ပြုခဲ့၏။

၁၁။ ဤဘဒ္ဒကမ္ဘာမှ ကိုးဆယ့်တကမ္ဘာထက်၌ ကုသိုလ်ကောင်းမှုကို ပြုခဲ့ရသော အခါမှစ၍ အပါယ်လေးပါး လားရသည်ကို မသိစဘူးပေ၊ ဤသို့ဖြစ်ရခြင်းသည် ပစ္စေကဗုဒ္ဓါအား ပူဇော်ရခြင်း၏ အကျိုးပေတည်း။

၁၂။ လေးပါးသော ပဋိသမ္ဘိဒါတို့ကိုရင်း ရှစ်ပါးသော ဤဝိမောက္ခတို့ကိုရင်း ခြောက်ပါးသော အဘိညာဉ်တို့ကိုရင်း မျက်မှောက်ပြုအပ်ပါကုန်ပြီ၊ မြတ်စွာဘုရား၏ အဆုံးအမတော်ကို လိုက်နာကျင့်သုံးပြီးပါပြီ။

ဤသို့လျှင် အသျှင်စိတကပူဇကမထေရ်သည် ဤဂါထာတို့ကို မိန့်ဆိုတော်မူ၏။

သုံးခုမြောက် စိတကပူဇကတ္ထေရအပဒါန် ပြီး၏။

---

## ၄-တိစမ္ပကပုပ္ဖိယတ္ထေရအပဒါန်

၁၃။ ဟိမဝန္တာတောင်၏အနီး၌ ဝိကတမည်သော တောင်သည် ရှိ၏၊ ထိုတောင်၏ အလယ်၌ ပွါးများအပ်ပြီးသော ဣန္ဒြေရှိသော ရဟန်းသည် သီတင်းသုံးတော်မူ၏။

၁၄။ ငါသည် ထိုရဟန်း၏ ငြိမ်သက်ခြင်းကို ဖူးမြင်ရ၍ အလွန်ကြည်လင်သော စိတ်ဖြင့် စကားဝါပန်း သုံးပွင့်ကိုယူ၍ ကြဲမြောက်(ပူဇော်)ခဲ့၏။

၁၅။ ဤဘဒ္ဒကမ္ဘာမှ ကိုးဆယ့်တကမ္ဘာထက်၌ စကားဝါပန်းကို ပူဇော်ခဲ့ရသော အခါမှစ၍ ငါသည် အပါယ်လေးပါး လားရသည်ကို မသိစဘူးပေ၊ ဤသို့ဖြစ်ရခြင်းသည် ပန်းပူဇော်ရခြင်း၏ အကျိုးပေတည်း။

၁၆။ လေးပါးသော ပဋိသမ္ဘိဒါတို့ကိုရင်း ရှစ်ပါးသော ဤဝိမောက္ခတို့ကိုရင်း ခြောက်ပါးသော အဘိညာဉ်တို့ကိုရင်း မျက်မှောက်ပြုအပ်ပါကုန်ပြီ၊ မြတ်စွာဘုရား၏ အဆုံးအမတော်ကို လိုက်နာကျင့်သုံးပြီးပါပြီ။

ဤသို့လျှင် အသျှင်တိစမ္ပကပုပ္ဖိယမထေရ်သည် ဤဂါထာတို့ကို မိန့်ဆိုတော်မူ၏။

လေးခုမြောက် တိစမ္ပကပုပ္ဖိယတ္ထေရအပဒါန် ပြီး၏။

http://www.dhammadownload.com



## ၅-သတ္တပါဋလိယတ္ထေရအပဒါန်

၁၇။ မဟာလှေကားပန်းကဲ့သို့ တောက်ပတော်မူသော တောင်ကြား၌ သီတင်းသုံးတော်မူသော မြတ်စွာဘုရားကို ဖူးမြင်ရ၏၊ ထိုအခါ ငါသည် မြတ်စွာဘုရားအား သခွတ်ပန်း ခုနစ်ပွင့်တို့ကို တင်လှူခဲ့၏။

၁၈။ ဤဘဒ္ဒကမ္ဘာမှ ကိုးဆယ့်လေးကမ္ဘာထက်၌ ပန်းကို တင်လှူခဲ့ရသောအခါမှစ၍ အပါယ်လေးပါး လားရသည်ကို မသိစဘူးပေ၊ ဤသို့ဖြစ်ရခြင်းသည် မြတ်စွာဘုရားအား ပန်းပူဇော်ရခြင်း၏ အကျိုးပေတည်း။

၁၉။ လေးပါးသော ပဋိသမ္ဘိဒါတို့ကိုရင်း ရှစ်ပါးသော ဤဝိမောက္ခတို့ကိုရင်း ခြောက်ပါးသော အဘိညာဉ်တို့ကိုရင်း မျက်မှောက်ပြုအပ်ပါကုန်ပြီ၊ မြတ်စွာဘုရား၏ အဆုံးအမတော်ကို လိုက်နာကျင့်သုံးပြီးပါပြီ။

ဤသို့လျှင် အသျှင်သတ္တပါဋလိယမထေရ်သည် ဤဂါထာတို့ကို မိန့်ဆိုတော်မူ၏။

ငါးခုမြောက် သတ္တပါဋလိယတ္ထေရအပဒါန် ပြီး၏။

---

## ၆-ဥပါဟနဒါယကတ္ထေရအပဒါန်

၂၀။ ငါသည် စန္ဒနမည်သော ပစ္စေကဗုဒ္ဓါ၏သားဖြစ်ခဲ့၏၊ ထိုအခါ ငါသည် ဘိနပ်တရံကို ပေးလှူခဲ့၏၊ (ထိုဘိနပ်ပေးလှူရသောကြောင့်) အရှင်ဘုရားသည် အကျွန်ုပ်အား သာဝကဗောဓိဉာဏ်ကို ပြည့်စုံပါစေသတည်း(ဟု ဆုတောင်းခဲ့၏)။

၂၁။ ဤဘဒ္ဒကမ္ဘာမှ ကိုးဆယ့်တကမ္ဘာထက်၌ ဘိနပ်ကို ပေးလှူခဲ့ရသော အခါမှစ၍ အပါယ်လေးပါး လားရသည်ကို မသိစဘူးပေ၊ ဤသို့ဖြစ်ရခြင်းသည် ဘိနပ် (လှူရခြင်း)၏ အကျိုးပေတည်း။

၂၂။ လေးပါးသော ပဋိသမ္ဘိဒါတို့ကိုရင်း ရှစ်ပါးသော ဤဝိမောက္ခတို့ကိုရင်း ခြောက်ပါးသော အဘိညာဉ်တို့ကိုရင်း မျက်မှောက်ပြုအပ်ပါကုန်ပြီ၊ မြတ်စွာဘုရား၏ အဆုံးအမတော်ကို လိုက်နာကျင့်သုံးပြီးပါပြီ။

ဤသို့လျှင် အသျှင်ဥပါဟနဒါယကမထေရ်သည် ဤဂါထာတို့ကို မိန့်ဆိုတော်မူ၏။

ခြောက်ခုမြောက် ဥပါဟနဒါယကတ္ထေရအပဒါန် ပြီး၏။

---

## ၇-မဥ္စရိပူဇကတ္ထေရအပဒါန်

၂၃။ ငါသည် ပန်းခိုင်ကို ပြုလုပ်၍ လမ်းခရီး၌ သွား၏၊ (ထိုအခါ)ရဟန်းအပေါင်းခြံရံအပ်သော ရဟန်းတို့ထက် မြတ်တော်မူသော (ဖုဿ) မြတ်စွာဘုရားကို ဖူးမြင်ရ၏။

http://www.dhammadownload.com



၂၄။ ငါသည် (ဖူးမြင်ရသော်) လွန်ကဲသော ပီတိဖြင့် ကြည်ညိုဝမ်းမြောက်သော စိတ်ရှိသည်ဖြစ်၍ လက်နှစ်ဖက်တို့ဖြင့် (ပန်းခိုင်ကို) ယူပြီးလျှင် မြတ်စွာဘုရားအား တင်လှူပူဇော်ခဲ့၏။

၂၅။ ဤဘဒ္ဒကမ္ဘာမှ ကိုးဆယ့်နှစ်ကမ္ဘာထက်၌ ပန်းကို တင်လှူ ပူဇော်ခဲ့ရသော အခါမှစ၍ အပါယ်လေးပါး လားရသည်ကို မသိစဘူးပေ၊ ဤသို့ဖြစ်ရခြင်းသည် ပန်းပူဇော်ရခြင်း၏ အကျိုးပေတည်း။

၂၆။ ဤဘဒ္ဒကမ္ဘာမှ ခုနစ်ဆယ့်သုံးကမ္ဘာထက်၌ များမြတ်သည့် ဗိုလ်ပါအင်အား ရှိသော အမည်အားဖြင့် ဇောတိယဟုထင်ရှားသော စကြဝတေးမင်း တကြိမ်ဖြစ်ခဲ့၏။

၂၇။ လေးပါးသော ပဋိသမ္ဘိဒါတို့ကိုငင်း ရှစ်ပါးသော ဤဝိမောက္ခတို့ကိုငင်း ခြောက် ပါးသော အဘိညာဉ်တို့ကိုငင်း မျက်မှောက်ပြုအပ်ပါကုန်ပြီ၊ မြတ်စွာဘုရား၏ အဆုံးအမ တော်ကို လိုက်နာကျင့်သုံးပြီးပါပြီ။

ဤသို့လျှင် အသျှင်မဥ္ဇရိပူဇကမထေရ်သည် ဤဂါထာတို့ကို မိန့်ဆိုတော်မူ၏။

ခုနစ်ခုမြောက် မဥ္ဇရိပူဇကတ္ထေရအပဒါန် ပြီး၏။

---

ဂ-ပဏ္ဏဒါယကတ္ထေရအပဒါန်

၂၈။ ငါသည် ဟိမဝန္တာတောင်၌ လျှော်တေသက်န်းကိုဆောင်သော ဆားမပါသော သစ်ရွက်ကို စားသော မြတ်သောအကျင့် (ငါးပါးသီလ) တို့၌လည်း ကောင်းစွာ ကျင့်သုံးသော ရသေ့ဖြစ်ခဲ့၏။

၂၉။ နံနက်စာ စားချိန်သို့ ရောက်လတ်သော် သိဒ္ဓတ္ထမြတ်စွာဘုရားသည် ငါ၏အထံသို့ ကြွလာတော်မူ၏၊ ငါသည် မြတ်စွာဘုရားအား ကြည်ညိုသည်ဖြစ်၍ မိမိလက်တို့ဖြင့် ထိုသစ်ရွက် (စားဖွယ်)ကို ပေးလှူခဲ့၏။

၃၀။ ဤဘဒ္ဒကမ္ဘာမှ ကိုးဆယ့်လေးကမ္ဘာထက်၌ သစ်ရွက်ကို ပေးလှူခဲ့ရသော အခါမှစ၍ အပါယ်လေးပါး လားရသည်ကို မသိစဘူးပေ၊ ဤသို့ဖြစ်ရခြင်းသည် သစ်ရွက် ကို လှူရခြင်း၏ အကျိုးပေတည်း။

၃၁။ နှစ်ဆယ့်ခုနစ်ကမ္ဘာထက်၌ ရတနာခုနစ်ပါးတို့နှင့် ပြည့်စုံသည်ဖြစ်၍ များမြတ် သည့် ဗိုလ်ပါအင်အားရှိသော သဒတ္ထိယမည်သော စကြဝတေးမင်း ဖြစ်ခဲ့၏။

၃၂။ လေးပါးသော ပဋိသမ္ဘိဒါတို့ကိုငင်း ရှစ်ပါးသော ဤဝိမောက္ခတို့ကိုငင်း ခြောက် ပါးသော အဘိညာဉ်တို့ကိုငင်း မျက်မှောက်ပြုအပ်ပါကုန်ပြီ၊ မြတ်စွာဘုရား၏ အဆုံးအမ တော်ကို လိုက်နာကျင့်သုံးပြီးပါပြီ။

ဤသို့လျှင် အသျှင်ပဏ္ဏဒါယကမထေရ်သည် ဤဂါထာတို့ကို မိန့်ဆိုတော်၏။

ရှစ်ခုမြောက် ပဏ္ဏဒါယကတ္ထေရအပဒါန် ပြီး၏။

http://www.dhammadownload.com



## ၉-ကုဋိဒါယကတ္ထေရအပဒါန်

၃၃။ တော၌ လှည့်လည်လေ့ရှိတော်မူသော မြတ်စွာဘုရားသည် သင်ပင်ရင်း၌ နေတော်မူ၏၊ ထိုအခါ ငါသည် သစ်ရွက်မိုးကျောင်းကို ဆောက်လုပ်၍ မြတ်စွာဘုရားအား လှူဒါန်းခဲ့၏။

၃၄။ ဤဘဒ္ဒကမ္ဘာမှ ကိုးဆယ့်တကမ္ဘာထက်၌ သစ်ရွက်မိုးကျောင်းကို ပေးလှူခဲ့ရသောအခါမှစ၍ အပါယ်လေးပါး လားရသည်ကို မသိစဖူးပေ၊ ဤသို့ ဖြစ်ရခြင်းသည် သစ်ရွက်မိုးကျောင်းကို လှူရခြင်း၏ အကျိုးပေတည်း။

၃၅။ ဤဘဒ္ဒကမ္ဘာမှ နှစ်ဆယ့်ရှစ်ကမ္ဘာထက်၌ မြေအားလုံးကို အစိုးရသော စကြဝတေးမင်း တဆယ့်ခြောက်ကြိမ် ဖြစ်ခဲ့ဘူးကုန်၏ဟု ဆိုအပ်ကုန်၏။

၃၆။ လေးပါးသော ပဋိသမ္ဘိဒါတို့ကိုလည်း ရှစ်ပါးသော ဤဝိမောက္ခတို့ကိုလည်း ခြောက်ပါးသော အဘိညာဉ်တို့ကိုလည်း မျက်မှောက်ပြုအပ်ပါကုန်ပြီ၊ မြတ်စွာဘုရား၏ အဆုံးအမတော်ကို လိုက်နာကျင့်သုံးပြီးပါပြီ။

ဤသို့လျှင် အသျှင်ကုဋိဒါယကထေရ်သည် ဤဂါထာတို့ကို မိန့်ဆိုတော်မူ၏။

ကိုးခုမြောက် ကုဋိဒါယကတ္ထေရအပဒါန် ပြီး၏။

---

## ၁၀-အဂ္ဂပုပ္ဖိယတ္ထေရအပဒါန်

၃၇။ ငါသည် မီးကဲ့သို့ အရောင်ဖြင့် တောက်ပတော်မူသည်ဖြစ်၍ ရွှေအဆင်းနှင့်တူသော အဆင်းရှိတော်မူသော သိခီမြတ်စွာဘုရားကို တောင်ကြား၌ သီတင်းသုံးတော်မူစဉ် ဖူးမြင်ရ၏။

၃၈။ ငါသည် အဂ္ဂဇမည်သော ပန်းကို ယူ၍ မြတ်စွာဘုရားထံသို့ ချဉ်းကပ်ပြီးလျှင် ကြည်လင်ဝမ်းမြောက်သော စိတ်ရှိသည်ဖြစ်၍ မြတ်စွာဘုရားအား တင်လှူပူဇော်ခဲ့၏။

၃၉။ ဤဘဒ္ဒကမ္ဘာမှ သုံးဆယ့်တကမ္ဘာထက်၌ ပန်းကို ပူဇော်ခဲ့ရသော အခါမှစ၍ အပါယ်လေးပါး လားရသည်ကို မသိစဖူးပေ၊ ဤသို့ဖြစ်ရခြင်းသည် မြတ်စွာဘုရားအား ပန်းပူဇော်ရခြင်း၏ အကျိုးပေတည်း။

၄၀။ နှစ်ဆယ့်ငါးကမ္ဘာထက်၌ ရတနာခုနစ်ပါးတို့နှင့်ပြည့်စုံသည်ဖြစ်၍ များမြတ်သည့် ဗိုလ်ပါအင်အားရှိသော အမိတောဂတမည်သော စကြဝတေးမင်း ဖြစ်ခဲ့ဘူး၏။

၄၁။ လေးပါးသော ပဋိသမ္ဘိဒါတို့ကိုလည်း ရှစ်ပါးသော ဤဝိမောက္ခတို့ကိုလည်း ခြောက်ပါးသော အဘိညာဉ်တို့ကိုလည်း မျက်မှောက်ပြုအပ်ပါကုန်ပြီ၊ မြတ်စွာဘုရား၏ အဆုံးအမတော်ကို လိုက်နာကျင့်သုံးပြီးပါပြီ။

ဤသို့လျှင် အသျှင်အဂ္ဂပုပ္ဖိယမထေရ်သည် ဤဂါထာတို့ကို မိန့်ဆိုတော်မူ၏။

ဆယ်ခုမြောက် အဂ္ဂပုပ္ဖိယတ္ထေရအပဒါန် ပြီး၏။

**နှစ်ဆယ့်ခြောက်ခုမြောက် ထောမကဝဂ် ပြီး၏။**

http://www.dhammadownload.com

# ၂၇-ပဒုမဝဂ်

## ၁-အာကာသုက္ခိပိယတ္ထေရအပဒါန်

၁။ ငါသည် ဈေးအကြားခရီးလမ်း၌ ကြွသွားတော်မူသော ရွှေအဆင်းနှင့်တူသော အဆင်းရှိတော်မူသော သိဒ္ဓတ္ထမြတ်စွာဘုရားကို (ဖူးမြင်ရ၏)၊ ထိုအခါ ကြာပန်းနှစ်ပွင့်တို့ကို ယူပြီးလျှင် မြတ်စွာဘုရားထံသို့ ချဉ်းကပ်ခဲ့၏။

၂။ ငါသည် ပန်းပွင့်တပွင့်ကို ဘုရားမြတ်၏ ခြေတော်တို့၌ ချထား(ပူဇော်)ခဲ့၏၊ ပန်းပွင့်တပွင့်ကို ယူ၍ ကောင်းကင်၌ ကြဲမြှောက် (ပူဇော်)ခဲ့၏။

၃။ ဤဘဒ္ဒကမ္ဘာမှ ကိုးဆယ့်လေးကမ္ဘာထက်၌ ပန်းကို တင်လှူပူဇော်ခဲ့ရသော အခါမှစ၍ အပါယ်လေးပါး လားရသည်ကို မသိစဘူးပေ၊ ဤသို့ဖြစ်ရခြင်းသည် ပန်းလှူရခြင်း၏ အကျိုးပေတည်း။

၄။ ဤဘဒ္ဒကမ္ဘာမှ သုံးဆယ့်ခြောက်ကမ္ဘာထက်၌ များမြတ်သည့် ဗိုလ်ပါအင်အားရှိသော အန္တလိက္ခကရမည်သော စကြဝတေးမင်း တကြိမ်ဖြစ်ခဲ့၏။

၅။ လေးပါးသော ပဋိသမ္ဘိဒါတို့ကိုရင်း ရှစ်ပါးသော ဤဝိမောက္ခတို့ကိုရင်း ခြောက်ပါးသော အဘိညာဉ်တို့ကိုရင်း မျက်မှောက်ပြုအပ်ပါကုန်ပြီ၊ မြတ်စွာဘုရား၏ အဆုံးအမတော်ကို လိုက်နာကျင့်သုံးပြီးပါပြီ။

ဤသို့လျှင် အသျှင်အာကာသုက္ခိပိယမထေရ်သည် ဤဂါထာတို့ကို မိန့်ဆိုတော်မူ၏။

ရှေးဦးစွာသော အာကာသုက္ခိပိယတ္ထေရအပဒါန် ပြီး၏။

---

## ၂-တေလမက္ခိယတ္ထေရအပဒါန်

၆။ လူတို့ထက်မြတ်တော်မူသော သိဒ္ဓတ္ထမြတ်စွာဘုရားသည် ပရိနိဗ္ဗာန်စံတော်မူသည်ရှိသော် ငါသည် ထိုအခါ၌ (မဟာလှေကား) ဗောဓိပင်၏ ဝရံတာ(ပွတ်တိုင်)၌ ဆီကိုလိမ်းကျံခဲ့၏။

၇။ ဤဘဒ္ဒကမ္ဘာမှ ကိုးဆယ့်လေးကမ္ဘာထက်၌ ဆီကို လိမ်းကျံခဲ့သော အခါမှစ၍ အပါယ်လေးပါး လားရသည်ကို မသိစဘူးပေ၊ ဤသို့ဖြစ်ရခြင်းသည် ဆီလိမ်းကျံရခြင်း၏ အကျိုးပေတည်း။

၈။ ဤဘဒ္ဒကမ္ဘာမှ နှစ်ဆယ့်လေးကမ္ဘာထက်၌ ရတနာခုနစ်ပါးတို့နှင့် ပြည့်စုံသည်ဖြစ်၍ များမြတ်သည့် ဗိုလ်ပါအင်အားသော သုစ္ဆဝိမည်သော စကြဝတေးမင်းဖြစ်ခဲ့၏။

http://www.dhammadownload.com



၉။ လေးပါးသော ပဋိသမ္ဘိဒါတို့ကိုငင်း ရှစ်ပါးသော ဤဝိမောက္ခတို့ကိုငင်း ခြောက်ပါးသော အဘိညာဉ်တို့ကိုငင်း မျက်မှောက်ပြုအပ်ပါကုန်ပြီ၊ မြတ်စွာဘုရား၏ အဆုံးအမတော်ကို လိုက်နာကျင့်သုံးပြီးပါပြီ။

ဤသို့လျှင် အသျှင်တေလမက္ခိယမထေရ်သည် ဤဂါထာတို့ကို မိန့်ဆိုတော်မူ၏။

နှစ်ခုမြောက် တေလမက္ခိယတ္ထေရအပဒါန် ပြီး၏။

---

## ၃-အစုစန္ဒိယတ္ထေရအပဒါန်

၁၀။ ငါသည် တိဿမြတ်စွာဘုရား၏ မြေ၌ ပေါက်သော သစ်ပင်တကာတို့ထက် မြတ်သော (ပိတောက်) ဗောဓိပင်အား (ပန်းတို့ကို) လခြမ်းသဏ္ဍာန်(ပြုလုပ်၍) ပေးလှူခဲ့၏။

၁၁။ ဤဘဒ္ဒကမ္ဘာမှ ကိုးဆယ့်နှစ်ကမ္ဘာထက်၌ ပန်းကို ပေးလှူခဲ့ရသောအခါမှစ၍ အပါယ်လေးပါး လားရသည်ကို မသိစဘူးပေ၊ ဤသို့ဖြစ်ရခြင်းသည် ဗောဓိပင်ကို ပူဇော်ရခြင်း၏ အကျိုးပေတည်း။

၁၂။ ဤဘဒ္ဒကမ္ဘာမှ နှစ်ဆယ့်ငါးကမ္ဘာထက်၌ ရတနာခုနစ်ပါးတို့နှင့် ပြည့်စုံသည် ဖြစ်၍ များမြတ်သည့် ဗိုလ်ပါအင်အားရှိသော ဒေဝလမည်သော စကြဝတေးမင်းဖြစ်ခဲ့၏။

၁၃။ လေးပါးသော ပဋိသမ္ဘိဒါတို့ကိုငင်း ရှစ်ပါးသော ဤဝိမောက္ခတို့ကိုငင်း ခြောက်ပါးသော အဘိညာဉ်တို့ကိုငင်း မျက်မှောက်ပြုအပ်ပါကုန်ပြီ၊ မြတ်စွာဘုရား၏ အဆုံးအမတော်ကို လိုက်နာကျင့်သုံးပြီးပါပြီ။

ဤသို့လျှင် အသျှင်အစုစန္ဒိယမထေရ်သည် ဤဂါထာတို့ကို မိန့်ဆိုတော်မူ၏။

သုံးခုမြောက် အစုစန္ဒိယတ္ထေရအပဒါန် ပြီး၏။

---

## ၄-ပဒီပဒါယကတ္ထေရအပဒါန်

၁၄။ ထိုအခါ ငါသည် နတ်သားဖြစ်၍ မြေသို့ သက်ဆင်းပြီးလျှင် ကြည်လင်သောစိတ်ရှိသည်ဖြစ်ရကား မိမိလက်တို့ဖြင့် ဆီမီးငါးတိုင်တို့ကို ပေးလှူခဲ့၏။

၁၅။ ဤဘဒ္ဒကမ္ဘာမှ ကိုးဆယ့်လေးကမ္ဘာထက်၌ ဆီမီးတိုင်ကို ပေးလှူခဲ့ရသောအခါမှစ၍ အပါယ်လေးပါး လားရသည်ကို မသိစဘူးပေ၊ ဤသို့ဖြစ်ရခြင်းသည် ဆီမီးလှူရခြင်း၏ အကျိုးပေတည်း။

၁၆။ ငါးဆယ့်ငါးကမ္ဘာထက်၌ များမြတ်သည့် ဗိုလ်ပါအင်အားရှိသော သမန္တစက္ခုမည်သော စကြဝတေးမင်း ငါးကြိမ်ဖြစ်ခဲ့၏။

http://www.dhammadownload.com



၁၇။ လေးပါးသော ပဋိသမ္ဘိဒါတို့ကိုရင်း ရှစ်ပါးသော ဤဝိမောက္ခတို့ကိုရင်း ခြောက်ပါးသော အဘိညာဉ်တို့ကိုရင်း မျက်မှောက်ပြုအပ်ပါကုန်ပြီ၊မြတ်စွာဘုရား၏ အဆုံးအမတော်ကို လိုက်နာကျင့်သုံးပြီးပါပြီ။

ဤသို့လျှင် အသျှင်ပဒီပဒါယကမထေရ်သည် ဤဂါထာတို့ကို မိန့်ဆိုတော်မူ၏။

လေးခုမြောက် ပဒီပဒါယကတ္ထေရအပဒါန် ပြီး၏။

## ၅-ဓိဇ္ဇလိဒါယကတ္ထေရအပဒါန်

၁၈။ ဟိမဝန္တာတောင်၏အနီး၌ ရောမသမည်သော တောင်သည် ရှိ၏၊ ထိုရောမသတောင်ခြေ၌ ပွါးများအပ်ပြီးသော ဣန္ဒြေရှိသော ကိလေသာငြိမ်းပြီးသော မြတ်စွာဘုရားသည် သီတင်းသုံးတော်မူ၏။

၁၉။ ငါသည် ပိန်းဥတို့ကို ယူပြီးလျှင် ကိလေသာငြိမ်းပြီးသော မြတ်စွာဘုရားအား လှူဒါန်းခဲ့၏၊ ရန်သူတို့သည် မအောင်အပ်သော မိမိအလိုလို ဖြစ်တော်မူသော မြတ်စွာဘုရားသည် အနုမောဒနာ ပြုတော်မူ၏။

၂၀။ သင်သည် ငါ့အား အထူးကြည်လင်သောစိတ်ဖြင့် ပိန်းဥတို့ကို ပေးလှူအပ်၏၊ (ထိုကောင်းမှုကြောင့်)ဘုံဘဝ၌ ဖြစ်သည်ရှိသော် သင့်အား အကျိုးဖြစ်ထွန်းစေသတည်း (ဟု မိန့်တော်မူ၏)။

၂၁။ ငါသည် ဤဘဒ္ဒကမ္ဘာမှ ကိုးဆယ့်လေးကမ္ဘာထက်၌ ပိန်းဥကို လှူခဲ့ရသော အခါမှစ၍ အပါယ်လေးပါး လားရသည်ကို မသိစဖူးပေ၊ ဤသို့ဖြစ်ရခြင်းသည် ပိန်းဥလှူရခြင်း၏ အကျိုးပေတည်း။

၂၂။ လေးပါးသော ပဋိသမ္ဘိဒါတို့ကိုရင်း ရှစ်ပါးသော ဤဝိမောက္ခတို့ကိုရင်း ခြောက်ပါးသော အဘိညာဉ်တို့ကိုရင်း မျက်မှောက်ပြုအပ်ပါကုန်ပြီ၊ မြတ်စွာဘုရား၏ အဆုံးအမတော်ကို လိုက်နာကျင့်သုံးပြီးပါပြီ။

ဤသို့လျှင် အသျှင်ဓိဇ္ဇလိဒါယကမထေရ်သည် ဤဂါထာတို့ကို မိန့်ဆိုတော်မူ၏။

ငါးခုမြောက် ဓိဇ္ဇလိဒါယကတ္ထေရအပဒါန် ပြီး၏။

## ၆-မစ္ဆဒါယကတ္ထေရအပဒါန်

၂၃။ ငါသည် စန္ဒဘာဂါမြစ်ကမ်းအနီး၌ ဝံလိုင့်ဖြစ်ခဲ့ဘူး၏၊ထိုအခါ ကြီးမားသော ငါးကို ယူ၍ သိဒ္ဓတ္ထမြတ်စွာဘုရားအား ပေးလှူခဲ့၏။

၂၄။ ဤဘဒ္ဒကမ္ဘာမှ ကိုးဆယ့်လေးကမ္ဘာထက်၌ ငါးကို ပေးလှူခဲ့ရသောအခါမှစ၍ အပါယ်လေးပါး လားရသည်ကို မသိစဖူးပေ၊ ဤသို့ ဖြစ်ရခြင်းသည် ငါးလှူရခြင်း၏ အကျိုးပေတည်း။

http://www.dhammadownload.com



၂၅။ လေးပါးသော ပဋိသမ္ဘိဒါတို့ကိုလည်း ရှစ်ပါးသော ဤဝိမောက္ခတို့ကိုလည်း ခြောက်ပါးသော အဘိညာဉ်တို့ကိုလည်း မျက်မှောက်ပြုအပ်ပါကုန်ပြီ၊ မြတ်စွာဘုရား၏ အဆုံးအမတော်ကို လိုက်နာကျင့်သုံးပြီးပါပြီ။

ဤသို့လျှင် အသျှင်မစ္ဆဒါယကမထေရ်သည် ဤဂါထာတို့ကို မိန့်ဆိုတော်မူ၏။

ခြောက်ခုမြောက် မစ္ဆဒါယကတ္ထေရအပဒါန် ပြီး၏။

---

## ၇-ဇဝဟံသကတ္ထေရအပဒါန်

၂၆။ (ငါသည်) စန္ဒဘာဂါမြစ်ကမ်းအနီး၌ တောမှုဆိုးဖြစ်ခဲ့၏၊ ထိုအခါ ငါသည် ကြွသွားတော်မူသော သိဒ္ဓတ္ထမြတ်စွာဘုရားကို ကောင်းကင်၌ ကြွသွားတော်မူစဉ် ဖူးမြင်ရ၏။

၂၇။ လက်အုပ်ချီပြီးလျှင် မြတ်စွာဘုရားကို ဖူးမြော်လျက် မိမိစိတ်ကို ကြည်လင်စေ၍ ငါသည် မြတ်စွာဘုရားကို ရှိခိုးခဲ့၏။

၂၈။ ဤဘဒ္ဒကမ္ဘာမှ ကိုးဆယ့်လေးကမ္ဘာထက်၌ မြတ်စွာဘုရားကို ရှိခိုးခဲ့ရသော အခါမှစ၍ အပါယ်လေးပါး လားရသည်ကို မသိစဖူးပေ၊ ဤသို့ဖြစ်ရခြင်းသည် မြတ်စွာဘုရားအား ရှိခိုးရခြင်း၏ အကျိုးပေတည်း။

၂၉။ လေးပါးသော ပဋိသမ္ဘိဒါတို့ကိုလည်း ရှစ်ပါးသော ဤဝိမောက္ခတို့ကိုလည်း ခြောက်ပါးသော အဘိညာဉ်တို့ကိုလည်း မျက်မှောက်ပြုအပ်ပါကုန်ပြီ၊ မြတ်စွာဘုရား၏ အဆုံးအမတော်ကို လိုက်နာကျင့်သုံးပြီးပါပြီ။

ဤသို့လျှင် အသျှင်ဇဝဟံသကမထေရ်သည် ဤဂါထာတို့ကို မိန့်ဆိုတော်မူ၏။

ခုနစ်ခုမြောက် ဇဝဟံသကတ္ထေရအပဒါန် ပြီး၏။

---

## ဂ-သဋ္ဌလပုပ္ဖိယတ္ထေရအပဒါန်

၃၀။ ငါသည် စန္ဒဘာဂါမြစ်ကမ်းအနီး၌ ကိန္နရာဖြစ်ခဲ့ဘူး၏၊ ထိုအခါ ရှေ့ခြည်တော် ကွန်ရက်တို့ဖြင့် ရောင်ပြန်းသော ဝိပဿီမြတ်စွာဘုရားကို ဖူးမြင်ရ၏။

၃၁။ (ဖူးမြင်ရလျှင်) လွန်ကဲသောပီတိဖြင့် ကြည်လင်ဝမ်းမြောက်သော စိတ်ရှိသည် ဖြစ်၍ ထင်းရှူးပန်းကို ယူပြီးလျှင် ငါသည် ဝိပဿီမြတ်စွာဘုရားအား ကြဲမြှောက်ပူဇော်ခဲ့၏။

၃၂။ ဤဘဒ္ဒကမ္ဘာမှ ကိုးဆယ့်တကမ္ဘာထက်၌ ထင်းရှူးပန်းကို ပူဇော်ခဲ့ရသောအခါမှ စ၍ အပါယ်လေးပါး လားရသည်ကို မသိစဖူးပေ၊ ဤသို့ဖြစ်ရခြင်းသည် မြတ်စွာဘုရားအား ပန်းပူဇော်ရခြင်း၏ အကျိုးပေတည်း။

http://www.dhammadownload.com



၃၃။ လေးပါးသော ပဋိသမ္ဘိဒါတို့ကိုရင်း ရှစ်ပါးသော ဝိမောက္ခတို့ကိုရင်း ခြောက်ပါးသော အဘိညာဉ်တို့ကိုရင်း မျက်မှောက်ပြုအပ်ပါကုန်ပြီ၊ မြတ်စွာဘုရား၏ အဆုံးအမတော်ကို လိုက်နာကျင့်သုံးပြီးပါပြီ။

ဤသို့လျှင် အသျှင်သဌလပုပ္ဖိယမထေရ်သည် ဤဂါထာတို့ကို မိန့်ဆိုတော်မူ၏။

ရှစ်ခုမြောက် သဌလပုပ္ဖိယတ္ထေရအပဒါန် ပြီး၏။

---

## ၉-ဥပါဂတာသယတ္ထေရအပဒါန်

၃၄။ ဟိမဝန္တာတောင်၏ အလယ်၌ ကောင်းစွာ ဖန်ဆင်းအပ်သော အိုင်သည် ရှိ၏၊ ငါသည် ထိုအိုင်၌ (သူတပါးတို့ကို) ညှဉ်းဆဲလေ့ရှိသော ကြောက်မက်ဖွယ်ကောင်းသော ရက္ခိုသ်ဘီလူးဖြစ်ခဲ့၏။

၃၅။ အစဉ်စောင့်ရှောက်တော်မူ၍ ကရုဏာရှိတော်မူသော လူတို့၏ရှေ့သွား ထိုဝိပဿီမြတ်စွာဘုရားသည် ငါ့ကို သံသရာမှ ကယ်တင်တော်မူလိုသည် ဖြစ်၍ ငါ၏အထံသို့ ကြွလာတော်မူ၏။

၃၆။ (ငါ၏အထံသို့) ကြွလာတော်မူသော ကြီးမားသော လုံ့လရှိတော်မူသည် ဖြစ်၍ နတ်ထက်နတ်ဖြစ်တော်မူသော မြတ်စွာဘုရားကို (ဖူးမြင်ရသဖြင့်) ငါသည် နေရာမှထွက်၍ မြတ်စွာဘုရားအား ရှိခိုးခဲ့၏။

၃၇။ ဤဘဒ္ဒကမ္ဘာမှ ကိုးဆယ့်တကမ္ဘာထက်၌ ယောကျ်ားမြတ်ဖြစ်သော မြတ်စွာဘုရားကို ရှိခိုးခဲ့ရသောအခါမှစ၍ အပါယ်လေးပါး လားရသည်ကို မသိစဘူးပေ၊ ဤသို့ဖြစ်ရခြင်းသည် မြတ်စွာဘုရားအား ရှိခိုးရခြင်း၏ အကျိုးပေတည်း။

၃၈။ လေးပါးသော ပဋိသမ္ဘိဒါတို့ကိုရင်း ရှစ်ပါးသော ဝိမောက္ခတို့ကိုရင်း ခြောက်ပါးသော အဘိညာဉ်တို့ကိုရင်း မျက်မှောက်ပြုအပ်ပါကုန်ပြီ၊ မြတ်စွာဘုရား၏ အဆုံးအမတော်ကို လိုက်နာကျင့်သုံးပြီးပါပြီ။

ဤသို့လျှင် အသျှင်ဥပါဂတာသယမထေရ်သည် ဤဂါထာတို့ကို မိန့်ဆိုတော်မူ၏။

ကိုးခုမြောက် ဥပါဂတာသယတ္ထေရအပဒါန် ပြီး၏။

---

## ၁၀-တရဏိယတ္ထေရအပဒါန်

၃၉။ မြတ်သောအလှူကို ခံတော်မူထိုက်သည်ဖြစ်၍ ရွှေအဆင်းနှင့်တူသော အဆင်းရှိတော်မူသော သစ္စာလေးပါးတရားတို့ကို ထိုးထွင်း၍ သိတော်မူသော ဝိပဿီမြတ်စွာဘုရားသည် ရဟန်းအပေါင်း ခြံရံလျက် မြစ်ကမ်းအနီး၌ ရပ်တည်တော်မူ၏။

၄၀။ ထိုမြစ်မ၌ (တဖက်ကမ်းသို့) ပို့ဆောင်သော လှေမရှိ၊ (ထိုအခါ ငါသည်) မြစ်မှ ထွက်၍ မြတ်စွာဘုရားကို ပို့ဆောင်ခဲ့၏။

http://www.dhammadownload.com



၄၁။ ဤဘဒ္ဒကမ္ဘာမှ ကိုးဆယ့်တကမ္ဘာထက်၌ မြတ်စွာဘုရားကို ပို့ဆောင်ခဲ့ရသော အခါမှစ၍ အပါယ်လေးပါး လားရသည်ကို မသိစဘူးပေ၊ ဤသို့ဖြစ်ရခြင်းသည် ကူးတို့ ပို့ဆောင်ရခြင်း၏ အကျိုးပေတည်း။

၄၂။ လေးပါးသော ပဋိသမ္ဘိဒါတို့ကိုရင်း ရှစ်ပါးသော ဤဝိမောက္ခတို့ကိုရင်း ခြောက်ပါးသော အဘိညာဉ်တို့ကိုရင်း မျက်မှောက်ပြုအပ်ပါကုန်ပြီ၊ မြတ်စွာဘုရား၏ အဆုံးအမ တော်ကို လိုက်နာကျင့်သုံးပြီးပါပြီ။

ဤသို့လျှင် အသျှင်တရဏီယမထေရ်သည် ဤဂါထာတို့ကို မိန့်ဆိုတော်မူ၏။

ဆယ်ခုမြောက် တရဏီယတ္ထေရအပဒါန် ပြီး၏။

**နှစ်ဆယ့်ခုနစ်ခုမြောက် ပဒုမုက္ခိပဝဂ် ပြီး၏။**

http://www.dhammadownload.com

# ၂၈-သုဝဏ္ဏဗိမ္ဗောဟာနဝဂ်

## ၁-သုဝဏ္ဏဗိမ္ဗောဟနိယတ္ထေရအပဒါန်

၁။ ငါသည် မြတ်သောအကျိုးကို ရခြင်းငှါ ကြည်ညိုသည်ဖြစ်၍ မိမိလက်တို့ဖြင့် တခုသောနေရာကိုလည်းကောင်း ခေါင်းအုံးကိုလည်းကောင်း ပေးလှူခဲ့၏။

၂။ ဤဘဒ္ဒကမ္ဘာမှ ကိုးဆယ့်တကမ္ဘာထက်၌ ငါသည် (နေရာနှင့်တကွ) ခေါင်းအုံးကို ပေးလှူခဲ့ရသောအခါမှစ၍ အပါယ်လေးပါး လားရသည်ကို မသိစဘူးပေ၊ ဤသို့ဖြစ်ရခြင်းသည် ခေါင်းအုံးကို ပေးလှူရခြင်း၏ အကျိုးပေတည်း။

၃။ ဤဘဒ္ဒကမ္ဘာမှ ခြောက်ဆယ့်သုံးကမ္ဘာထက်၌ ရတနာခုနစ်ပါးတို့နှင့် ပြည့်စုံသည်ဖြစ်၍ များမြတ်သည့် ဗိုလ်ပါအင်အားရှိသော အသမမည်သော စကြဝတေးမင်း ဖြစ်ခဲ့ဘူး၏။

၄။ လေးပါးသော ပဋိသမ္ဘိဒါတို့ကိုလည်းကောင်း ရှစ်ပါးသော ဤဝိမောက္ခတို့ကိုလည်းကောင်း ခြောက်ပါးသော အဘိညာဉ်တို့ကိုလည်းကောင်း မျက်မှောက်ပြုအပ်ပါကုန်ပြီ၊ မြတ်စွာဘုရား၏ အဆုံးအမတော်ကို လိုက်နာကျင့်သုံးပြီးပါပြီ။

ဤသို့လျှင် အသျှင်သုဝဏ္ဏဗိမ္ဗောဟနိယမထေရ်သည် ဤဂါထာတို့ကို မိန့်ဆိုတော်မူ၏။

ရှေးဦးစွာသော သုဝဏ္ဏဗိမ္ဗောဟနိယတ္ထေရအပဒါန် ပြီး၏။

---

## ၂-တိလမုဋ္ဌိဒါယကတ္ထေရအပဒါန်

၅။ လောကထက်မြတ်သည်ဖြစ်၍ လူတို့၏ ရှေ့သွားဖြစ်တော်မူသော မြတ်စွာဘုရားသည် ငါ၏စိတ်အကြံကို သိတော်မူ၍ အဘိညာဉ်စိတ်တန်ခိုးကြောင့်ပြီးသော ကိုယ်တော်ဖြင့်(ငါ၏အထံသို့) ကြွလာတော်မူ၏။

၆။ ငါသည် ယောကျ်ားမြတ်ဖြစ်တော်မူသော မြတ်စွာဘုရားကို ကြွလာတော်မူစဉ် ရှိခိုးပြီးလျှင် ကြည်လင်ဝမ်းမြောက်သော စိတ်ရှိသည်ဖြစ်၍ နှမ်းဆုပ်ကို ပေးလှူခဲ့၏။

၇။ ဤဘဒ္ဒကမ္ဘာမှ ကိုးဆယ့်တကမ္ဘာထက်၌ နှမ်းဆုပ်အလှူကို ပေးလှူခဲ့ရသောအခါမှစ၍ အပါယ်လေးပါး လားရသည်ကို မသိစဘူးပေ၊ ဤသို့ဖြစ်ရခြင်းသည် နှမ်းဆုပ်(လှူရခြင်း)၏ အကျိုးပေတည်း။

၈။ ဤဘဒ္ဒကမ္ဘာမှ တဆယ့်ခြောက်ကမ္ဘာထက်၌ ရတနာခုနစ်ပါးတို့နှင့် ပြည့်စုံသည်ဖြစ်၍ များမြတ်သည့် ဗိုလ်ပါအင်အားရှိသော တန္တိသမည်သော စကြဝတေးမင်း ဖြစ်ခဲ့ဘူး၏။

http://www.dhammadownload.com



၉။ လေးပါးသော ပဋိသမ္ဘိဒါတို့ကိုင်း ရှစ်ပါးသော ဝိမောက္ခတို့ကိုင်း ခြောက်ပါးသော အဘိညာဉ်တို့ကိုင်း မျက်မှောက်ပြုအပ်ပါကုန်ပြီ၊ မြတ်စွာဘုရား၏ အဆုံးအမတော်ကို လိုက်နာကျင့်သုံးပြီးပါပြီ။

ဤသို့လျှင် အသျှင်တိလမုဋ္ဌိဒါယကမထေရ်သည် ဤဂါထာတို့ကို မိန့်ဆိုတော်မူ၏။

နှစ်ခုမြောက် တိလမုဋ္ဌိဒါယကတ္ထေရအပဒါန် ပြီး၏။

---

## ၃-စင်္ကောဋကိယတ္ထေရအပဒါန်

၁၀။ (သိဒ္ဓတ္ထမြတ်စွာဘုရားသည်) မဟာသမုဒ္ဒရာကိုမှီ၍ (တည်သော) တောင်ကြား၌ သီတင်းသုံးနေတော်မူ၏၊ ထိုအခါ ငါသည် (မြတ်စွာဘုရားထံသို့) ချဉ်းကပ်ရန် ပန်းကလပ် (ပန်းကြွတ်)ကို ပြုပြီးလျှင် ပေးလှူခဲ့၏။

၁၁။ ငါသည် သတ္တဝါအားလုံးကို သနားစောင့်ရှောက်တော်မူသော သိဒ္ဓတ္ထမြတ်စွာဘုရားအား ပန်းကလပ်ကို ပေးလှူခဲ့သောကြောင့် နတ်ပြည်၌ တကမ္ဘာပတ်လုံး မွေ့လျော်ခဲ့ရ၏။

၁၂။ ဤဘဒ္ဒကမ္ဘာမှ ကိုးဆယ့်လေးကမ္ဘာထက်၌ ပန်းကလပ်ကို ပေးလှူသော အခါမှစ၍ အပါယ်လေးပါး လားရသည်ကို မသိစဘူးပေ၊ ဤသို့ဖြစ်ရခြင်းသည် ပန်းကလပ်ကို လှူရခြင်း၏ အကျိုးပေတည်း။

၁၃။ လေးပါးသော ပဋိသမ္ဘိဒါတို့ကိုင်း ရှစ်ပါးသော ဝိမောက္ခတို့ကိုင်း ခြောက်ပါးသော အဘိညာဉ်တို့ကိုင်း မျက်မှောက်ပြုအပ်ပါကုန်ပြီ၊ မြတ်စွာဘုရား၏ အဆုံးအမတော်ကို လိုက်နာကျင့်သုံးပြီးပါပြီ။

ဤသို့လျှင် အသျှင်စင်္ကောဋကိယမထေရ်သည် ဤဂါထာတို့ကို မိန့်ဆိုတော်မူ၏။

သုံးခုမြောက် စင်္ကောဋကိယတ္ထေရအပဒါန် ပြီး၏။

---

## ၄-အဗ္ဘုဋ္ဌနဒါယကတ္ထေရအပဒါန်

၁၄-၁၅။ ရာဂကင်းတော်မူသည်ဖြစ်၍ တာဒိဂုဏ်နှင့် ပြည့်စုံတော်မူသော ကောင်းကင်သဖွယ် ငြိတွယ်ခြင်းကင်းသော စိတ်ရှိတော်မူသော သံသရာ၌ 'ပပဉ္စ' တရားရှိတော်မမူသော ဈာန်ဝင်စားလေ့ရှိတော်မူသော မောဟအားလုံးကို လွန်မြောက်တော်မူပြီးသော အလုံးစုံသော လောက၏ အစီးအပွါးကို ရှာမှီးလေ့ရှိတော်မူသော အခြေနှစ်ချောင်းရှိသူ နတ်လူတို့ကို အစိုးရတော်မူသော တာဒိဂုဏ်နှင့် ပြည့်စုံတော်မူသော ကောဏ္ဍညမြတ်စွာဘုရားအား ငါသည် ခြေနယ်ဆီကို ပေးလှူခဲ့၏။

၁၆။ ဤဘဒ္ဒကမ္ဘာမှ မရေတွက်နိုင်သောကမ္ဘာတို့ပတ်လုံး ခြေနယ်ဆီကို ပေးလှူခဲ့ရသော အခါမှစ၍ အပါယ်လေးပါး လားရသည်ကို မသိစဘူးပေ၊ ဤသို့ဖြစ်ရခြင်းသည် ခြေနယ်ဆီကို လှူရခြင်း၏ အကျိုးပေတည်း။

http://www.dhammadownload.com



၁၇။ ဤဘဒ္ဒကမ္ဘာမှ တဆယ့်ငါးကမ္ဘာထက်၌ ရတနာခုနစ်ပါးတို့နှင့် ပြည့်စုံသည် ဖြစ်၍ များစွာမြတ်သည့်ဖိုလ်ပါအင်အားရှိသော စိရပ္ပမည်သော စကြဝတေးမင်း ဖြစ်ခဲ့၏။

၁၈။ လေးပါးသော ပဋိသမ္ဘိဒါတို့ကိုလည်းကောင်း ရှစ်ပါးသော ဤဝိမောက္ခတို့ကိုလည်းကောင်း ခြောက်ပါးသော အဘိညာဉ်တို့ကိုလည်းကောင်း မျက်မှောက်ပြုအပ်ပါကုန်ပြီ၊ မြတ်စွာဘုရား၏ အဆုံးအမတော်ကို လိုက်နာကျင့်သုံးပြီးပါပြီ။

ဤသို့လျှင် အသျှင်အဗ္ဘဉ္ဇနဒါယကမထေရ်သည် ဤဂါထာတို့ကို မိန့်ဆိုတော်မူ၏။

လေးခုမြောက် အဗ္ဘဉ္ဇနဒါယကတ္ထေရအပဒါန် ပြီး၏။

---

## ၅-ကေဠလိကတ္ထေရအပဒါန်

၁၉။ ရေသဖန်းပင်အနီး၌ အမြဲခင်းအပ်သော သစ်ရွက်အခင်း၌ သီတင်းသုံးတော်မူသော ကိလေသာမီး ငြိမ်းပြီးတော်မူသော မြတ်စွာဘုရားအား နေရာအရပ်ကို ပေးလှူခဲ့၏။

၂၀။ အခြေနှစ်ချောင်းရှိသူ နတ်လူသတ္တဝါတို့ကို အစိုးရတော်မူသည်ဖြစ်၍ တာဒိဂုဏ်နှင့် ပြည့်စုံတော်မူသော တိဿမြတ်စွာဘုရားအား လက်အုပ်ချီမြောက်၍ ပန်းအခင်းကို ခင်းလှူခဲ့၏။

၂၁။ ဤဘဒ္ဒကမ္ဘာမှ ကိုးဆယ့်နှစ်ကမ္ဘာထက်၌ ပန်းအခင်းကို ခင်းလှူခဲ့ရသော အခါမှစ၍ အပါယ်လေးပါး လားရသည်ကို မသိစဖူးပေ၊ ဤသို့ဖြစ်ရခြင်းသည် ပန်းအခင်းကို ခင်းလှူရခြင်း၏ အကျိုးပေတည်း။

၂၂။ ဤဘဒ္ဒကမ္ဘာမှ တဆယ့်လေးကမ္ဘာထက်၌ များစွာမြတ်သည့် ဖိုလ်ပါအင်အားရှိသော ကေအဉ္ဇလိကမည်သော စကြဝတေးမင်း ဖြစ်ခဲ့၏။

၂၃။ လေးပါးသော ပဋိသမ္ဘိဒါတို့ကိုလည်းကောင်း ရှစ်ပါးသော ဤဝိမောက္ခတို့ကိုလည်းကောင်း ခြောက်ပါးသော အဘိညာဉ်တို့ကိုလည်းကောင်း မျက်မှောက်ပြုအပ်ပါကုန်ပြီ၊ မြတ်စွာဘုရား၏ အဆုံးအမတော်ကို လိုက်နာကျင့်သုံးပြီးပါပြီ။

ဤသို့လျှင် အသျှင်ကေဠလိကမထေရ်သည် ဤဂါထာတို့ကို မိန့်ဆိုတော်မူ၏။

ငါးခုမြောက် ကေဠလိကတ္ထေရအပဒါန် ပြီး၏။

---

## ၆-ပေါတ္ထကဒါယကတ္ထေရအပဒါန်

၂၄။ မြတ်သောကျေးဇူးကို ဆည်းပူးရှာမှီးတော်မူသော မြတ်စွာဘုရားကိုလည်းကောင်း တရားကိုလည်းကောင်း သံဃာတော်ကိုလည်းကောင်း အာရုံပြု၍ အမြတ်ဆုံး အလှူခံပုဂ္ဂိုလ်အား ငါသည် လျှော်တေအဝတ်ကို ပေးလှူခဲ့၏။

http://www.dhammadownload.com



၂၅။ ဤဘဒ္ဒကမ္ဘာမှ ကိုးဆယ့်တကမ္ဘာထက်၌ ကုသိုလ်ကောင်းမှုကို ပြုခဲ့ရသော အခါမှစ၍ အပါယ်လေးပါး လားရသည်ကို မသိစဘူးပေ၊ ဤသို့ဖြစ်ရခြင်းသည် လျှော်တေအဝတ်ကို လှူရခြင်း၏ အကျိုးပေတည်း။

၂၆။ လေးပါးသော ပဋိသမ္ဘိဒါတို့ကိုရင်း ရှစ်ပါးသော ဤဝိမောက္ခတို့ကိုရင်း ခြောက်ပါးသော အဘိညာဉ်တို့ကိုရင်း မျက်မှောက်ပြုအပ်ပါကုန်ပြီ၊ မြတ်စွာဘုရား၏ အဆုံးအမတော်ကို လိုက်နာကျင့်သုံးပြီးပါပြီ။

ဤသို့လျှင် အသျှင်ပေါတ္ထကဒါယကမထေရ်သည် ဤဂါထာတို့ကို မိန့်ဆိုတော်မူ၏။

ခြောက်ခုမြောက် ပေါတ္ထကဒါယကတ္ထေရအပဒါန် ပြီး၏။

---

## ၇-စိတကပူဇကတ္ထေရအပဒါန်

၂၇။ ငါသည် စန္ဒဘာဂါမြစ်ကမ်းနားမှ အောက်(ဂင်္ဂါ)သို့ သွား၏၊ ထိုအခါ ငါသည် သပ်ပုံစေတီကိုတည်၍ (ထိုစေတီအား) မာလောပန်းခုနစ်ပွင့်တို့ကို တင်လှူခဲ့၏။

၂၈။ ဤဘဒ္ဒကမ္ဘာမှ ကိုးဆယ့်လေးကမ္ဘာထက်၌ သပ်ပုံစေတီကို ပူဇော်ခဲ့ရသော အခါမှစ၍ အပါယ်လေးပါးလားရသည်ကို မသိစဘူးပေ၊ ဤသို့ဖြစ်ရခြင်းသည် သပ်ပုံစေတီကို ပူဇော်ရခြင်း၏ အကျိုးပေတည်း။

၂၉။ ဤဘဒ္ဒကမ္ဘာမှ ခြောက်ဆယ့်ခုနစ်ကမ္ဘာထက်၌ ရတနာခုနစ်ပါးတို့နှင့် ပြည့်စုံကုန်သော ပဋိဇဂ္ဂအမည်ရှိကုန်သော စကြဝတေးမင်းတို့သည် ခုနင်ကြိမ်တိုင်တိုင် ဖြစ်ခဲ့ဘူးကုန်၏။

၃၀။ လေးပါးသော ပဋိသမ္ဘိဒါတို့ကိုရင်း ရှစ်ပါးသော ဤဝိမောက္ခတို့ကိုရင်း ခြောက်ပါးသော အဘိညာဉ်တို့ကိုရင်း မျက်မှောက်ပြုအပ်ပါကုန်ပြီ၊မြတ်စွာဘုရား၏ အဆုံးအမတော်ကို လိုက်နာကျင့်သုံးပြီးပါပြီ။

ဤသို့လျှင် အသျှင်စိတကပူဇကမထေရ်သည် ဤဂါထာတို့ကို မိန့်ဆိုတော်မူ၏။

ခုနစ်ခုမြောက် စိတကပူဇကတ္ထေရအပဒါန် ပြီး၏။

---

## ဂ-အာလုဝဒါယကတ္ထေရအပဒါန်

၃၁။ ဟိမဝန္တာတောင်၌ သုဒဿနမည်သော မြစ်ကြီးရှိ၏၊ ထိုမြစ်ကြီး၌ တင့်တယ်သော ဒူးရောင်ရှိသော ကြည်ညိုဖွယ်ကောင်းသော ရဟန္တာကို ဖူးမြင်ရ၏။

၃၂။ လွန်စွာငြိမ်သက်ခြင်း (သမာဓိ)နှင့်ယှဉ်သော ရဟန္တာကို ဖူးမြင်ရသဖြင့် ခဖြစ်စဘူး ထူးကဲကြည်လင်သော စိတ်ရှိသည်ဖြစ်၍ ထိုရဟန္တာအား မိမိလက်တို့ဖြင့် မျောက်ဥ (ပိန်းဥ)ကို ပေးလှူခဲ့၏။

http://www.dhammadownload.com



၃၃။ ဤဘဒ္ဒကမ္ဘာမှ သုံးဆယ့်တကမ္ဘာထက်၌ မျောက်ဥကို ပေးလှူခဲ့ရသော အခါမှစ၍ အပါယ်လေးပါး လားရသည်ကို မသိစဘူးပေ၊ ဤသို့ ဖြစ်ရခြင်းသည် မျောက်ဥကို လှူရခြင်း၏ အကျိုးပေတည်း။

၃၄။ လေးပါးသော ပဋိသမ္ဘိဒါတို့ကိုရင်း ရှစ်ပါးသော ဤဝိမောက္ခတို့ကိုရင်း ခြောက်ပါးသော အဘိညာဉ်တို့ကိုရင်း မျက်မှောက်ပြုအပ်ပါကုန်ပြီ၊ မြတ်စွာဘုရား၏ အဆုံးအမတော်ကို လိုက်နာကျင့်သုံးပြီးပါပြီ။

ဤသို့လျှင် အသျှင်အာလုဝဒါယကမထေရ်သည် ဤဂါထာတို့ကို မိန့်ဆိုတော်မူ၏။

ရှစ်ခုမြောက် အာလုဝဒါယကတ္ထေရအပဒါန် ပြီး၏။

---

## ၉-ကေပုဏ္ဏရိကတ္ထေရအပဒါန်

၃၅။ ထိုအခါ၌ ကောင်းသော အကျင့်ရှိတော်မူသော အမည်အားဖြင့် ရေမသဟု ထင်ရှားသော ပစ္စေကဗုဒ္ဓါသည် ပွင့်တော်မူ၏၊ ငါသည် (ထိုမြတ်စွာဘုရားအား)အထူး ကြည်ညိုသောစိတ်ဖြင့် သရက်ဖြူသီးကို လှူဒါန်းခဲ့၏။

၃၆။ ဤဘဒ္ဒကမ္ဘာမှ ကိုးဆယ့်လေးကမ္ဘာထက်၌ သရက်ဖြူသီးကို လှူဒါန်းခဲ့ရသော အခါမှစ၍ အပါယ်လေးပါး လားရသည်ကို မသိစဘူးပေ၊ ဤသို့ဖြစ်ရခြင်းသည် သရက်ဖြူသီးကို လှူရခြင်း၏ အကျိုးပေတည်း။

၃၇။ လေးပါးသော ပဋိသမ္ဘိဒါတို့ကိုရင်း ရှစ်ပါးသော ဤဝိမောက္ခတို့ကိုရင်း ခြောက်ပါးသော အဘိညာဉ်တို့ကိုရင်း မျက်မှောက်ပြုအပ်ပါကုန်ပြီ၊ မြတ်စွာဘုရား၏ အဆုံးအမတော်ကို လိုက်နာကျင့်သုံးပြီးပါပြီ။

ဤသို့လျှင် အသျှင်ကေပုဏ္ဏရိကမထေရ်သည် ဤဂါထာတို့ကို မိန့်ဆိုတော်မူ၏။

ကိုးခုမြောက် ကေပုဏ္ဏရိကတ္ထေရအပဒါန် ပြီး၏။

---

## ၁၀-တရဏီယတ္ထေရအပဒါန်

၃၈။ မညီညွတ်သော ခရီးလမ်းမ၌ လူအပေါင်း၏ ကူးသွားရန် အကျိုးငှါ ကြည်ညိုသည်ဖြစ်၍ ငါသည် မိမိလက်တို့ဖြင့် တံတားကို ပြုလုပ်ခဲ့၏။

၃၉။ ဤဘဒ္ဒကမ္ဘာမှ ကိုးဆယ့်တကမ္ဘာထက်၌ တံတားကို ပြုလုပ်ခဲ့ရသော အခါမှစ၍ အပါယ်လေးပါး လားရသည်ကို မသိစဘူးပေ၊ ဤသို့ဖြစ်ရခြင်းသည် တံတားလှူရခြင်း၏ အကျိုးပေတည်း။

၄၀။ ဤဘဒ္ဒကမ္ဘာမှ ငါးဆယ့်ငါးကမ္ဘာထက်၌ ရတနာခုနစ်ပါးတို့နှင့် ပြည့်စုံသည်ဖြစ်၍များစွာမြတ်သည့် ဗိုလ်ပါအင်အားရှိသော သမောဂဓစကြဝတေးမင်း တကြိမ်ဖြစ်ခဲ့၏။

http://www.dhammadownload.com



၄၁။ လေးပါးသော ပဋိသမ္ဘိဒါတို့ကိုရင်း ရှစ်ပါးသော ဝိမောက္ခတို့ကိုရင်း ခြောက်ပါးသော အဘိညာဉ်တို့ကိုရင်း မျက်မှောက်ပြုအပ်ပါကုန်ပြီ၊ မြတ်စွာဘုရား၏ အဆုံးအမတော်ကို လိုက်နာကျင့်သုံးပြီးပါပြီ။

ဤသို့လျှင် အသျှင်တရဏိယမထေရ်သည် ဤဂါထာတို့ကို မိန့်ဆိုတော်မူ၏။

ဆယ်ခုမြောက် တရဏိယတ္ထေရအပဒါန် ပြီး၏။

နှစ်ဆယ့်ရှစ်ခုမြောက် သုဝဏ္ဏဗိမ္ဗောဟနဝဂ် ပြီး၏။

http://www.dhammadownload.com

# ၂၉—ပဏ္ဏဒါယကဝဂ်

## ၁-ပဏ္ဏဒါယကတ္ထေရအပဒါန်

၁-၂။ ငါသည် သစ်ရွက်အစာကိုသာ စားလျက် သစ်ရွက်မိုးကျောင်း၌ နေ၏၊ (ထိုအခါ) ကျောင်းတွင်းသို့ ဝင်နေသော ထင်ရှားရှိသော ငါ့ထံသို့ လောက၌ ထွန်းလင်းတောက်ပတော်မူသော အလုံးစုံသော လောက၏ ဆေးသမားဖြစ်တော်မူသော သိဒ္ဓတ္ထမြတ်စွာဘုရားသည် ကြွလာတော်မူ၏၊ သစ်ရွက်အခင်း၌ ထိုင်နေတော်မူသော မြတ်စွာဘုရားအား ငါသည် သစ်ရွက် (ဟင်းရွက်ပြုတ်)ကို ပေးလှူခဲ့၏။

၃။ ဤဘဒ္ဒကမ္ဘာမှ ကိုးဆယ့်လေးကမ္ဘာထက်၌ သစ်ရွက်ကို ပေးလှူခဲ့ရသော အခါမှစ၍ ငါသည် အပါယ်လေးပါး လားရသည်ကို မသိစဘူးပေ၊ ဤသို့ဖြစ်ရခြင်းသည် သစ်ရွက်ကို လှူရခြင်း၏ အကျိုးပေတည်း။

၄။ လေးပါးသော ပဋိသမ္ဘိဒါတို့ကိုလည်း ရှစ်ပါးသော ဝိမောက္ခတို့ကိုလည်း ခြောက်ပါးသော အဘိညာဉ်တို့ကိုလည်း မျက်မှောက်ပြုအပ်ပါကုန်ပြီ၊ မြတ်စွာဘုရား၏ အဆုံးအမတော်ကို လိုက်နာကျင့်သုံးပြီးပါပြီ။

ဤသို့လျှင် အသျှင်ပဏ္ဏဒါယကမထေရ်သည် ဤဂါထာတို့ကို မိန့်ဆိုတော်မူ၏။

ရှေးဦးစွာသော ပဏ္ဏဒါယကတ္ထေရအပဒါန် ပြီး၏။

---

## ၂-ဖလဒါယကတ္ထေရအပဒါန်

၅။ မြင်းမိုရ်တောင်ကဲ့သို့ ငြိမ်သက်ခြင်း ရှိတော်မူသည်ဖြစ်၍ မြေနှင့်တူသော သည်းခံခြင်းရှိတော်မူသော (သိဒ္ဓတ္ထ) မြတ်စွာဘုရားသည် နိရောဓသမာပတ်(သမာဓိ)မှထ၍ ဆွမ်းအလို့ငှါ ငါ၏ အထံသို့ ရပ်တော်မူ၏။

၆။ (ထိုအခါ) ငါသည် သဖန်းခါးသီးကိုလည်း ဆီးဖြူ (သျှိသျှား)သီးကိုလည်း သရက်သပြေ သစ်ဆိမ့်သီးကိုလည်း ဇီးသီးကိုလည်း ချေးသီးကိုလည်း ဥသျှစ်သီးကိုလည်း ဖက်သက်တရော်သီးတို့ကိုလည်း ထိုဆိုခဲ့ပြီးသော အသီးအလုံးစုံကိုလည်း—

၇။ အလုံးစုံသော လောကကို သနားစောင့်ရှောက်တော်မူသော သိဒ္ဓတ္ထမြတ်စွာဘုရားအား အလွန်ကြည်ညိုသော စိတ်ဖြင့် ပေးလှူခဲ့၏။

၈။ ဤဘဒ္ဒကမ္ဘာမှ ကိုးဆယ့်လေးကမ္ဘာထက်၌ သစ်သီးကို ပေးလှူခဲ့ရသော အခါမှစ၍ အပါယ်လေးပါး လားရသည်ကို မသိစဘူးပေ၊ ဤသို့ဖြစ်ရခြင်းသည် သစ်သီးကို လှူရခြင်း၏ အကျိုးပေတည်း။

၉။ ဤဘဒ္ဒကမ္ဘာမှ ငါးဆယ့်ခုနစ်ကမ္ဘာထက်၌ ရတနာခုနစ်ပါးတို့နှင့် ပြည့်စုံသည်ဖြစ်၍ များမြတ်သည့် ဗိုလ်ပါအင်အားရှိသော ဧကဇ္ဈမည်သော စကြဝတေးမင်း ဖြစ်ခဲ့ဘူး၏။

http://www.dhammadownload.com



၁၀။ လေးပါးသော ပဋိသမ္ဘိဒါတို့ကိုလည်းကောင်း ရှစ်ပါးသော ဝိမောက္ခတို့ကိုလည်းကောင်း ခြောက်ပါးသော အဘိညာဉ်တို့ကိုလည်းကောင်း မျက်မှောက်ပြုအပ်ပါကုန်ပြီ၊ မြတ်စွာဘုရား၏ အဆုံးအမတော်ကို လိုက်နာကျင့်သုံးပြီးပါပြီ။

ဤသို့လျှင် အသျှင်ဖလဒါယကမထေရ်သည် ဤဂါထာတို့ကို မိန့်ဆိုတော်မူ၏။

နှစ်ခုမြောက် ဖလဒါယကတ္ထေရအပဒါန် ပြီး၏။

---

## ၃-ပစ္စုဂ္ဂမနိယတ္ထေရအပဒါန်

၁၁။ တောင်၌ ကျက်စားသော ခြင်္သေ့ကဲ့သို့လည်းကောင်း နိသဘအာဇာနည်ကဲ့သို့လည်းကောင်း တင့်တယ်သော ဖောက်ပြန်ပင်ကဲ့သို့လည်းကောင်း ကြွလာတော်မူသော လူတို့ထက်မြတ်တော်မူသော—

၁၂။ လောက၏ ဆီမီးတန်ဆောင်သဖွယ် ဖြစ်တော်မူသော လူအပေါင်း၏ သမား တော်သဖွယ် ဖြစ်တော်မူသော သိဒ္ဓတ္ထမြတ်စွာဘုရားကို ငါသည် အထူးကြည်ညိုသော စိတ်ဖြင့် ခရီးဦးကြိုဆိုခဲ့၏။

၁၃။ ဤဘဒ္ဒကမ္ဘာမှ ကိုးဆယ့်လေးကမ္ဘာထက်၌ မြတ်စွာဘုရားကို ခရီးဦးကြိုဆိုခဲ့ရသော အခါမှစ၍ အပါယ်လေးပါး လားရသည်ကို မသိစဖူးပေ၊ ဤသို့ဖြစ်ရခြင်းသည် ခရီးဦးကြိုဆိုရခြင်း၏ အကျိုးပေတည်း။

၁၄။ ဤဘဒ္ဒကမ္ဘာမှ သုံးဆယ့်ခုနစ်ကမ္ဘာထက်၌ များသောမြတ်သည့် ဗိုလ်ပါအင်အားရှိသော သပရိဝါရဟုအမည်ထင်ရှားသော စကြဝတေးမင်း တကြိမ်ဖြစ်ခဲ့၏။

၁၅။ လေးပါးသော ပဋိသမ္ဘိဒါတို့ကိုလည်းကောင်း ရှစ်ပါးသော ဝိမောက္ခတို့ကိုလည်းကောင်း ခြောက်ပါးသော အဘိညာဉ်တို့ကိုလည်းကောင်း မျက်မှောက်ပြုအပ်ပါကုန်ပြီ၊ မြတ်စွာဘုရား၏ အဆုံးအမတော်ကို လိုက်နာကျင့်သုံးပြီးပါပြီ။

ဤသို့လျှင် အသျှင်ပစ္စုဂ္ဂမနိယမထေရ်သည် ဤဂါထာတို့ကို မိန့်ဆိုတော်မူ၏။

သုံးခုမြောက် ပစ္စုဂ္ဂမနိယတ္ထေရအပဒါန် ပြီး၏။

---

## ၄-ကေပုပ္ဖိယတ္ထေရအပဒါန်

၁၆။ ငါသည် (မြို့၏)တောင်တံခါး၌ မြေဘုတ်ဘီလူးဖြစ်ခဲ့၏၊ ထိုအခါ နေမင်းကဲ့သို့ ဝါဝင်းသော ရောင်ခြည်တော်ရှိတော်မူသော ကိလေသာအညစ်အကြေးကင်းတော်မူသော မြတ်စွာဘုရားကို ဖူးမြင်ရ၏။

၁၇။ လူဘို့ထက် မြတ်တော်မူသော အလုံးစုံသော လောက၏ အစီးအပွါးကို ရှာမှီးတော်မူသော အခြေနှစ်ချောင်းရှိသူ နတ်လူတို့ကို အစိုးရတော်မူသော တာဒိဂုဏ်နှင့် ပြည့်စုံတော်မူသော ဝိပဿီမြတ်စွာဘုရားအား ငါသည် ပန်းတပွင့်ကို ပေးလှူခဲ့၏။

http://www.dhammadownload.com



၁၈။ ဤဘဒ္ဒကမ္ဘာမှ ကိုးဆယ့်တကမ္ဘာထက်၌ ပန်းကို ပေးလှူခဲ့ရသောအခါမှစ၍ အပါယ်လေးပါး လားရသည်ကို မသိစဘူးပေ၊ ဤသို့ဖြစ်ရခြင်းသည် မြတ်စွာဘုရားအား (ပန်း) ပူဇော်ရခြင်း၏ အကျိုးပေတည်း။

၁၉။ လေးပါးသော ပဋိသမ္ဘိဒါတို့ကိုရင်း ရှစ်ပါးသော ဤဝိမောက္ခတို့ကိုရင်း ခြောက်ပါးသော အဘိညာဉ်တို့ကိုရင်း မျက်မှောက်ပြုအပ်ပါကုန်ပြီ၊ မြတ်စွာဘုရား၏ အဆုံးအမတော်ကို လိုက်နာကျင့်သုံးပြီးပါပြီ။

ဤသို့လျှင် အသျှင်ကေပုပ္ဖိယမထေရ်သည် ဤဂါထာတို့ကို မိန့်ဆိုတော်မူ၏။

လေးခုမြောက် ကေပုပ္ဖိယတ္ထေရအပဒါန် ပြီး၏။

---

## ၅-မဃဝပုပ္ဖိယတ္ထေရအပဒါန်

၂၀။ ရန်သူတို့သည် မအောင်အပ်သော အလိုလိုဖြစ်တော်မူသော ထိုမြတ်စွာဘုရားသည် နမ္မဒါမြစ်ကမ်းအနီး၌ နိရောဓသမာပတ်ကို ဝင်စားတော်မူ၏၊ အထူးသဖြင့် ကြည်လင်တော်မူ၏၊ နောက်ကျုခြင်း ရှိတော်မမူ။

၂၁။ ထိုအခါ ငါသည် ရန်သူတို့သည် မအောင်အပ်သော မြတ်စွာဘုရားကို ဖူးမြင်ရသည်ရှိသော် ကြည်လင်ဝမ်းမြောက်သော စိတ်ရှိသည်ဖြစ်၍ ဖက်ထုပ်ပန်း(မဃဝပန်း)ဖြင့် ထိုမြတ်စွာဘုရားကို ပူဇော်ခဲ့၏။

၂၂။ ဤဘဒ္ဒကမ္ဘာမှ ကိုးဆယ့်တကမ္ဘာထက်၌ ပန်းကို ပူဇော်ခဲ့ရသော အခါမှစ၍ အပါယ်လေးပါး လားရသည်ကို မသိစဘူးပေ၊ ဤသို့ဖြစ်ရခြင်းသည် မြတ်စွာဘုရားအား (ပန်း)ပူဇော်ရခြင်း၏ အကျိုးပေတည်း။

၂၃။ လေးပါးသော ပဋိသမ္ဘိဒါတို့ကိုရင်း ရှစ်ပါးသော ဤဝိမောက္ခတို့ကိုရင်း ခြောက်ပါးသော အဘိညာဉ်တို့ကိုရင်း မျက်မှောက်ပြုအပ်ပါကုန်ပြီ၊ မြတ်စွာဘုရား၏ အဆုံးအမတော်ကို လိုက်နာကျင့်သုံးပြီးပါပြီ။

ဤသို့လျှင် အသျှင်မဃဝပုပ္ဖိယမထေရ်သည် ဤဂါထာတို့ကို မိန့်ဆိုတော်မူ၏။

ငါးခုမြောက် မဃဝပုပ္ဖိယတ္ထေရအပဒါန် ပြီး၏။

---

## ၆-ဥပဋ္ဌာကဒါယကတ္ထေရအပဒါန်

၂၄။ လှူဒါန်းဖွယ်ပစ္စည်းဝတ္ထုတို့ကို ခံယူတော်မူထိုက်သော အခြေနှစ်ချောင်းရှိသူ နတ်လူတို့ကို အစိုးရတော်မူသော ရဟန္တာမြတ်ဖြစ်တော်မူသော လောက၏အကြီးအမှူးဖြစ်တော်မူသော မြတ်စွာဘုရားကို ငါသည် လမ်းခရီး၌ ကြွသွားတော်မူစဉ် (ဖူးမြင်ရ၏)။

http://www.dhammadownload.com



၂၅။ ကျက်ပြီးသော အာဟာရ၌ ရောင့်ရဲတော်မူသော အလုံးစုံသောလောက၏ အစီးအပွါးကို ရှာမှီးတော်မူသော ထိုသိဒ္ဓတ္ထမြတ်စွာဘုရားအား ငါသည် အလုပ်အကျွေးကို ပေးလှူခဲ့၏။

၂၆။ တရားအားလုံးကို သိတော်မူသော မြတ်စွာဘုရားသည် အလှူခံပြီး၍ ပြန်လည်ဆောက်နှင်းတော်မူခဲ့ပြီးနောက် ထိုနေရာမှထ၍ အရှေ့အရပ်သို့ ဖဲကြွတော်မူ၏။

၂၇။ ဤဘဒ္ဒကမ္ဘာမှ ကိုးဆယ့်လေးကမ္ဘာထက်၌ အလုပ်အကျွေးကို ပေးလှူခဲ့ရသော အခါမှစ၍ အပါယ်လေးပါး လားရသည်ကို မသိစဘူးပေ၊ ဤသို့ဖြစ်ရခြင်းသည် အလုပ်အကျွေးကို ပေးလှူရခြင်း၏ အကျိုးပေတည်း။

၂၈။ ဤဘဒ္ဒကမ္ဘာမှ ငါးဆယ့်ခုနစ်ကမ္ဘာထက်၌ ရတနာခုနစ်ပါးတို့နှင့် ပြည့်စုံသည်ဖြစ်၍ များမြတ်သည့် ဗိုလ်ပါအင်အားရှိသော ဇလသေနအမည်ရှိသော စကြဝတေးမင်း ဖြစ်ခဲ့ဘူး၏။

၂၉။ လေးပါးသော ပဋိသမ္ဘိဒါတို့ကိုရင်း ရှစ်ပါးသော ဤဝိမောက္ခတို့ကိုရင်း ခြောက်ပါးသော အဘိညာဉ်တို့ကိုရင်း မျက်မှောက်ပြုအပ်ပါကုန်ပြီ၊ မြတ်စွာဘုရား၏ အဆုံးအမတော်ကို လိုက်နာကျင့်သုံးပြီးပါပြီ။

ဤသို့လျှင် အသျှင်ဥပဋ္ဌာကဒါယကမထေရ်သည် ဤဂါထာတို့ကို မိန့်ဆိုတော်မူ၏။

ခြောက်ခုမြောက် ဥပဋ္ဌာကဒါယကတ္ထေရအပဒါန် ပြီး၏။

---

## ၇-အပဒါနိယတ္ထေရအပဒါန်

၃၀။ ငါသည် မြတ်သောသီလက္ခန္ဓစသော ကျေးဇူးကို ရှာမှီးလေ့ ရှိတော်မူကြကုန်သော မြတ်စွာဘုရားတို့၏ အကြောင်းအရာကို မြွက်ဆိုခဲ့၏၊ ကြည်ညိုသည်ဖြစ်၍ ဦးခေါင်းဖြင့်ရင်း မိမိလက်တို့ဖြင့်ရင်း ခြေတို့ကို ရှိခိုးခဲ့၏။

၃၁။ ဤဘဒ္ဒကမ္ဘာမှ ကိုးဆယ့်နှစ်ကမ္ဘာထက်၌ မြတ်စွာဘုရားတို့၏ အကြောင်းအရာကို မြွက်ဆိုခဲ့ရသောအခါမှစ၍ အပါယ်လေးပါး လားရသည်ကို မသိစဘူးပေ၊ ဤသို့ဖြစ်ရခြင်းသည် မြတ်စွာဘုရားတို့၏ အကြောင်းအရာကို မြွက်ဆိုရခြင်း၏ အကျိုးပေတည်း။

၃၂။ လေးပါးသော ပဋိသမ္ဘိဒါတို့ကိုရင်း ရှစ်ပါးသော ဤဝိမောက္ခတို့ကိုရင်း ခြောက်ပါးသော အဘိညာဉ်တို့ကိုရင်း မျက်မှောက်ပြုအပ်ပါကုန်ပြီ၊ မြတ်စွာဘုရား၏ အဆုံးအမတော်ကို လိုက်နာကျင့်သုံးပြီးပါပြီ။

ဤသို့လျှင် အသျှင်အပဒါနိယမထေရ်သည် ဤဂါထာတို့ကို မိန့်ဆိုတော်မူ၏။

ခုနစ်ခုမြောက် အပဒါနိယတ္ထေရအပဒါန် ပြီး၏။

http://www.dhammadownload.com



## ၈-သတ္တာဟပဗ္ဗဇိတတ္ထေရအပဒါန်

၃၃။ (လူအပေါင်းသည်)ဝိပဿီမြတ်စွာဘုရား၏ တပည့်အပေါင်း (သံဃာတော်)ကို ရှိသေမြတ်နိုးအပ်၏၊ (ထိုအခါ) ငါသည် (စည်းစိမ်) ပျက်စီးခြင်းသို့ အစဉ်ရောက်ခဲ့၏၊ ရှေးအခါ၌လည်း (ငါ့အား) ဆွေမျိုးဘို့၏ ပျက်စီးခြင်းသည် ဖြစ်ခဲ့၏။

၃၄။ ငါသည် ပျက်စီးခြင်းမှ ငြိမ်းအေးခြင်းငှါ ရဟန်းအဖြစ်သို့ ကပ်ရောက်၍ (ရဟန်းပြု၍) ထိုဘုရားရှင်သာသနာတော်၌ မြတ်စွာဘုရား အဆုံးအမတော်ကို အလိုရှိသူ၏အဖြစ်ဖြင့် ခုနစ်ရက်ပတ်လုံး အလွန်မွေ့လျော်ခဲ့၏။

၃၅။ ဤဘဒ္ဒကမ္ဘာမှ ကိုးဆယ့်တကမ္ဘာထက်၌ ငါသည် ရဟန်းပြုခဲ့ရသောအခါမှ စ၍ အပါယ်လေးပါး လားရသည်ကို မသိစဘူးပေ၊ ဤသို့ဖြစ်ရခြင်းသည် ရဟန်းပြုခဲ့ရခြင်း၏ အကျိုးပေတည်း။

၃၆။ ဤဘဒ္ဒကမ္ဘာမှ ခြောက်ဆယ့်ခုနစ်ကမ္ဘာထက်၌ များစွာမြတ်သည့် ဗိုလ်ပါ အင်အားရှိကုန်သော သုနိက္ခမဟု ထင်ရှားကုန်သော စကြဝတေးမင်းတို့သည် ခုနစ်ကြိမ် တိုင်တိုင် ဖြစ်ခဲ့ဘူးကုန်၏။

၃၇။ လေးပါးသော ပဋိသမ္ဘိဒါတို့ကိုလည်း ရှစ်ပါးသော ဤဝိမောက္ခတို့ကိုလည်း ခြောက်ပါးသော အဘိညာဉ်တို့ကိုလည်း မျက်မှောက်ပြုအပ်ပါကုန်ပြီ၊ မြတ်စွာဘုရား၏ အဆုံးအမ တော်ကို လိုက်နာကျင့်သုံးပြီးပါပြီ။

ဤသို့လျှင် အသျှင်သတ္တာဟပဗ္ဗဇိတမထေရ်သည် ဤဂါထာတို့ကို မိန့်ဆိုတော်မူ၏။

ရှစ်ခုမြောက် သတ္တာဟပဗ္ဗဇိတတ္ထေရအပဒါန် ပြီး၏။

---

## ၉-ဗုဒ္ဓုပဋ္ဌာယိကတ္ထေရအပဒါန်

၃၈။ ငါ၏အမည်သည် ဝေဠမ္ဘိနီမည်၏၊ ထိုအခါ၌ ငါ၏ဖခင်သည် ငါ၏လက်ကိုဆွဲ၍ ငြိမ်သက်သော (သမာဓိရှိတော်မူသော) မြတ်စွာဘုရားအထံတော်သို့ ခေါ်ဆောင်ခဲ့၏။

၃၉။ 'လောက၌ အမြတ်ဆုံး အကြီးအမှူး ဖြစ်တော်မူကုန်သော ဤမြတ်စွာဘုရား တို့သည် ငါ့ကို ညွှန်ပြကုန်လတ္တံ့' (ဟု နှလုံးသွင်း၍) ငါသည် ကြည်ညိုသည်ဖြစ်ရကား မိမိလက်တို့ဖြင့် ရိုသေစွာ ထိုမြတ်စွာဘုရားတို့ကို လုပ်ကျွေးခဲ့၏။

၄၀။ ဤဘဒ္ဒကမ္ဘာမှ သုံးဆယ့်တကမ္ဘာထက်၌ မြတ်စွာဘုရားတို့ကို လုပ်ကျွေးခဲ့ ရသောအခါမှစ၍ အပါယ်လေးပါး လားရသည်ကို မသိစဘူးပေ၊ ဤသို့ဖြစ်ရခြင်းသည် မြတ်စွာဘုရားတို့ကို လုပ်ကျွေးရခြင်း၏ အကျိုးပေတည်း။

၄၁။ ဤဘဒ္ဒကမ္ဘာမှ နှစ်ဆယ့်သုံးကမ္ဘာထက်၌ များစွာမြတ်သည့် ဗိုလ်ပါအင်အား ရှိကုန်သော သမဏုပဋ္ဌာကမည်ကုန်သော စကြာမင်းတို့သည် လေးကြိမ်တိုင်တိုင်ဖြစ်ခဲ့ဘူး ကုန်၏။

http://www.dhammadownload.com



၄၂။ လေးပါးသော ပဋိသမ္ဘိဒါတို့ကိုရင်း ရှစ်ပါးသော ဤဝိမောက္ခတို့ကိုရင်း ခြောက်ပါးသော အဘိညာဉ်တို့ကိုရင်း မျက်မှောက်ပြုအပ်ပါကုန်ပြီ၊ မြတ်စွာဘုရား၏ အဆုံးအမတော်ကို လိုက်နာကျင့်သုံးပြီးပါပြီ။

ဤသို့သျှင် အသျှင်ဗုဒ္ဓုပဋ္ဌာယိကမထေရ်သည် ဤဂါထာတို့ကို မိန့်ဆိုတော်မူ၏။

ကိုးခုမြောက် ဗုဒ္ဓုပဋ္ဌာယိကတ္ထေရအပဒါန် ပြီး၏။

## ၁၀-ပုဗ္ဗဂ်မိယတ္ထေရအပဒါန်

၄၃။ မြတ်သောအကျိုးကို ရခြင်းငှါ ရှင်သောင်းလေးထောင်ကုန်သော အမျိုးသားဖြစ်ကုန်သော ငါတို့သည် ကြောင့်ကြမရှိကုန်ပဲ ရဟန်းပြုကြကုန်၏၊ ငါသည် ထိုအမျိုးသားတို့၏ ရှေ့သွား ခေါင်းဆောင် ဖြစ်ခဲ့၏။

၄၄။ ရာဂနှင့်တကွ ဘဝနှင့်လည်း တကွဖြစ်ကုန်သော ထိုအမျိုးသားတို့သည် ကြည်ညိုကုန်လျက် အထူးသဖြင့် ကြည်လင်ခြင်းရှိကုန် နောက်ကျူခြင်းကင်းကုန်သည်ဖြစ်၍ မိမိလက်တို့ဖြင့် ရှိသေစွာ လုပ်ကျွေးကြကုန်၏။

၄၅။ ထွေးအန်ပြီးသော ကိလေသာအပြစ်ရှိကုန်သော ပြုအပ်ပြီးသော မဂ်ကိစ္စရှိကုန်သော အာသဝမရှိကုန်သော ရဟန္တာပုဂ္ဂိုလ်တို့သည်ရင်း ရန်သူတို့သည် မအောင်အပ်ကုန်သော မြတ်စွာဘုရားတို့သည်ရင်း မေတ္တာစိတ်ဖြင့် ဖြန့်၍ နေကြကုန်၏။

၄၆။ ငါတို့သည် သတိရှေ့သွားရှိကုန်လျက် သစ္စာလေးပါးကို သိတော်မူကုန်သော ထို ရဟန္တာနှင့် မြတ်စွာဘုရားတို့အား လုပ်ကျွေးခဲ့ခြင်းကြောင့် သေခြင်းသို့ ရောက်ကုန်လတ်သော် နတ်ပြည်သို့ ရောက်ကုန်၏။

၄၇။ ဤဘဒ္ဒကမ္ဘာမှ ကိုးဆယ့်လေးကမ္ဘာထက်၌ သီလကို စောင့်ရှောက်ခဲ့ရသော အခါမှစ၍ အပါယ်လေးပါး လားရသည်ကို မသိစဖူးပေ၊ဤသို့ ဖြင့်ရခြင်းသည် စောင့်စည်းရခြင်း၏ အကျိုးပေတည်း။

၄၈။ လေးပါးသော ပဋိသမ္ဘိဒါတို့ကိုရင်း ရှစ်ပါးသော ဤဝိမောက္ခတို့ကိုရင်း ခြောက်ပါးသော အဘိညာဉ်တို့ကိုရင်း မျက်မှောက်ပြုအပ်ပါကုန်ပြီ၊ မြတ်စွာဘုရား၏ အဆုံးအမတော်ကို လိုက်နာ ကျင့်သုံးပြီးပါပြီ။

ဤသို့လျှင် အသျှင်ပုဗ္ဗဂ်မိယမထေရ်သည် ဤဂါထာတို့ကို မိန့်ဆိုတော်မူ၏။

ဆယ်ခုမြောက် ပုဗ္ဗဂ်မိယတ္ထေရအပဒါန် ပြီး၏။

**နှစ်ဆယ့်ကိုးခုမြောက် ပဏ္ဏဒါယကဝဂ် ပြီး၏။**

http://www.dhammadownload.com

# ၃၀-စိတကပူဇကဝဂ်

## ၁-စိတကပူဇကတ္ထေရအပဒါန်

၁။ ထိုအခါ ငါသည် အမည်အားဖြင့် အဇိတဟု ထင်ရှားသော ပုဏ္ဏား ဖြစ်ခဲ့၏၊ အလှူဝတ္ထုကို ပူဇော်လိုသည်ဖြစ်၍ ပန်းအမျိုးမျိုးကို ဆောင်ယူခဲ့၏။

၂။ ငါသည် လောက၏ အဆွေ ဖြစ်တော်မူသော သိခီမြတ်စွာဘုရား၏ တောက်ပသော အလောင်းတော် ထင်းပုံကို တွေ့မြင်သဖြင့် ထိုပန်းကိုလည်း ဆောင်ယူ၍ အလောင်းတော် ထင်းပုံ၌ ကြဲဖြန့် ပူဇော်ခဲ့၏။

၃။ ဤဘဒ္ဒကမ္ဘာမှ သုံးဆယ့်တကမ္ဘာထက်၌ ပန်းကို ပူဇော်ခဲ့ရသော အခါမှစ၍ အပါယ် လေးပါး လားရသည်ကို မသိစဘူးပေ၊ ဤသို့ ဖြစ်ရခြင်းသည် မြတ်စွာဘုရားအား ပန်းပူဇော်ရခြင်း၏ အကျိုးပေတည်း။

၄။ ဤဘဒ္ဒကမ္ဘာမှ နှစ်ဆယ့်ခုနစ်ကမ္ဘာထက်၌ များမြတ်သည့် ဗိုလ်ပါအင်အားရှိကုန်သော သုပဇ္ဇလိတ မည်သော ထိုစကြဝတေးမင်းတို့သည် ခုနစ်ကြိမ်တိုင်တိုင် ဖြစ်ခဲ့ဘူးကုန်၏။

၅။ လေးပါးသော ပဋိသမ္ဘိဒါတို့ကိုရင်း ရှစ်ပါးသော ဤဝိမောက္ခတို့ကိုရင်း ခြောက်ပါးသော အဘိညာဉ်တို့ကိုရင်း မျက်မှောက်ပြုအပ်ပါကုန်ပြီ၊ မြတ်စွာဘုရား၏ အဆုံးအမတော်ကို လိုက်နာကျင့်သုံးပြီးပါပြီ။

ဤသို့လျှင် အသျှင်စိတကပူဇကမထေရ်သည် ဤဂါထာတို့ကို မိန့်ဆိုတော်မူ၏။

ရှေးဦးစွာသော စိတကပူဇကတ္ထေရအပဒါန် ပြီး၏။

---

## ၂-ပုပ္ဖဓာရကတ္ထေရအပဒါန်

၆။ ငါသည် လျှော်တေသင်္ကန်းကို ဆောင်သော သစ်နက်ရေကို ဝတ်ရုံလေ့ရှိသော ရသေ့ ဖြစ်ခဲ့၏၊ (ငါ့အား) အဘိညာဉ်ငါးပါးတို့ ဖြစ်ပေါ်ကုန်၏၊ (ထို့ကြောင့် ငါသည်)လဝန်းကို သုံးသပ်နိုင်၏။

၇။ ငါ၏အထံသို့ ကြွလာတော်မူသော လောက၌ ထွန်းလင်းတောက်ပတော်မူသော ဝိပဿီမြတ်စွာဘုရားကို ဖူးမြင်ရ၍ ငါသည် ပင်လယ်ကသစ်ပန်းတို့ကို မြတ်စွာဘုရားအား (ထီးသဖွယ်) ဆောင်းမိုး (ကပ်လှူ)ခဲ့၏။

၈။ ဤဘဒ္ဒကမ္ဘာမှ ကိုးဆယ့်တကမ္ဘာထက်၌ ပန်းကို ပူဇော်ခဲ့ရသောအခါမှစ၍ အပါယ် လေးပါး လားရသည်ကို မသိစဘူးပေ၊ ဤသို့ ဖြစ်ရခြင်းသည် ပန်းထီးကို ဆောင်းမိုးရခြင်း၏ အကျိုးပေတည်း။

၉။ ဤဘဒ္ဒကမ္ဘာမှ ရှစ်ဆယ့်ခုနစ်ကမ္ဘာထက်၌ များမြတ်သည့် ဗိုလ်ပါအင်အားရှိကုန်သော သမန္တဓာရဏ မည်သော စကြဝတေးမင်းတကြိမ် ဖြစ်ခဲ့၏။

http://www.dhammadownload.com



၁၀။ လေးပါးသော ပဋိသမ္ဘိဒါတို့ကိုလည်း ရှစ်ပါးသော ဤဝိမောက္ခတို့ကိုလည်း ခြောက်ပါးသော အဘိညာဉ်တို့ကိုလည်း မျက်မှောက်ပြုအပ်ပါကုန်ပြီ၊ မြတ်စွာဘုရား၏ အဆုံးအမတော်ကို လိုက်နာကျင့်သုံးပြီးပါပြီ။

ဤသို့လျှင် အသျှင်ပုပ္ဖဓာရကမထေရ်သည် ဤဂါထာတို့ကို မိန့်ဆိုတော်မူ၏။

နှစ်ခုမြောက် ပုပ္ဖဓာရကတ္ထေရအပဒါန် ပြီး၏။

---

## ၃-ဆတ္တဒါယကတ္ထေရအပဒါန်

၁၁။ ထိုအခါ၌ ငါ၏သားသည် ဖန်ရည်စွန်းသော အဝတ်ကို ဝတ်လျက် ရဟန်းပြု၏၊ ထိုငါ၏သားသည်ကား သစ္စာလေးပါးကို သိသော ရဟန္တာအဖြစ်သို့ရောက်လျက် လောကသည် ပူဇော်အပ်သည်ဖြစ်၍ ပရိနိဗ္ဗာန်စံတော်မူလေ၏။

၁၂။ ငါသည် မိမိသားကို စူးစမ်းရှာဖွေလိုသောကြောင့် နောက်မှ (သားထံသို့) လိုက်သွားခဲ့၏၊ ရဟန္တာမြတ် ဖြစ်တော်မူသော ပရိနိဗ္ဗာန်စံတော်မူသော (ငါ့သား၏) မီးသဂြိုဟ်ရာထင်းပုံသို့ ငါသည် ရောက်ခဲ့၏။

၁၃။ ထိုအခါ ထိုအရပ်၌ လက်အုပ်မြှောက်ချီလျက် အလောင်းတော်ထင်းပုံကို ရှိခိုးပြီးလျှင် ထီးဖြူကိုလည်း ယူ၍ တင်လှူပူဇော်ခဲ့၏။

၁၄။ ဤဘဒ္ဒကမ္ဘာမှ ကိုးဆယ့်လေးကမ္ဘာထက်၌ ထီးဖြူကို လှူခဲ့ရသောအခါမှစ၍ အပါယ်လေးပါး လားရသည်ကို မသိစဘူးပေ၊ ဤသို့ ဖြစ်ရခြင်းသည် ထီးလှူရခြင်း၏ အကျိုးပေတည်း။

၁၅။ ဤဘဒ္ဒကမ္ဘာမှ နှစ်ဆယ့်ငါးကမ္ဘာထက်၌ များပြားမြတ်သည့် ဗိုလ်ပါအင်အား ရှိကုန်သော မဟာရဟာဟု တူသောအမည်ရှိကုန်သော စကြဝတေးမင်းတို့သည် ခုနစ်ကြိမ်တိုင်တိုင် ဖြစ်ခဲ့ဘူးကုန်၏။

၁၆။ လေးပါးသော ပဋိသမ္ဘိဒါတို့ကိုလည်း ရှစ်ပါးသော ဤဝိမောက္ခတို့ကိုလည်း ခြောက်ပါးသော အဘိညာဉ်တို့ကိုလည်း မျက်မှောက်ပြုအပ်ပါကုန်ပြီ၊ မြတ်စွာဘုရား၏ အဆုံးအမတော်ကို လိုက်နာကျင့်သုံးပြီးပါပြီ။

ဤသို့လျှင် အသျှင်ဆတ္တဒါယကမထေရ်သည် ဤဂါထာတို့ကို မိန့်ဆိုတော်မူ၏။

သုံးခုမြောက် ဆတ္တဒါယကတ္ထေရအပဒါန် ပြီး၏။

---

## ၄-သဒ္ဒသညကတ္ထေရအပဒါန်

၁၇။ နေတက်သည်ရှိသော် လောက၌ မြတ်သော သီလက္ခန္ဓ စသော ကျေးဇူးကို ရှာမှီးလေ့ရှိတော်မူသော မြတ်စွာဘုရား၏ ထင်ရှားပွင့်တော်မူခြင်းသည် ဖြစ်၏ဟု မိုးသောက်ထအခါ၌ ပြန့်ပြောသောအသံသည် ဖြစ်ပေါ်လေ၏။

http://www.dhammadownload.com



၁၈။ ထိုအချိန်၌ ငါသည် ဘုရားဟူသော အသံကို ကြားရ၏၊ သေခြင်းအနီးသို့ ရောက်သည်ဖြစ်၍ ထိုမြတ်စွာဘုရားကိုကား မဖူးမြင်ရပေ၊ ဘုရားဟူသော အမှတ်ကိုကား အောက်မေ့နိုင်ခဲ့၏။

၁၉။ ဤဘဒ္ဒကမ္ဘာမှ ကိုးဆယ့်လေးကမ္ဘာထက်၌ ဘုရားဟူသော အမှတ်ကို ရခဲ့သောအခါမှစ၍ အပါယ်လေးပါး လားရသည်ကို မသိစဖူးပေ၊ ဤသို့ဖြစ်ရခြင်းသည် မြတ်စွာဘုရားအား ပူဇော်ရခြင်း၏ အကျိုးပေတည်း။

၂၀။ လေးပါးသော ပဋိသမ္ဘိဒါတို့ကိုလည်း ရှစ်ပါးသော ဤဝိမောက္ခတို့ကိုလည်း ခြောက်ပါးသော အဘိညာဉ်တို့ကိုလည်း မျက်မှောက်ပြုအပ်ပါကုန်ပြီ၊ မြတ်စွာဘုရား၏အဆုံးအမတော်ကို လိုက်နာကျင့်သုံးပြီးပါပြီ။

ဤသို့လျှင် အသျှင်သဒ္ဒသညကမထေရ်သည် ဤဂါထာတို့ကို မိန့်ဆိုတော်မူ၏။

**လေးခုမြောက် သဒ္ဒသညကတ္ထေရအပဒါန် ပြီး၏။**

---

## ၅-ဂေါသီသနိက္ခေပကတ္ထေရအပဒါန်

၂၁။ ကျောင်းအရံတံခါးမှထွက်၍ ငါသည် နွားဦးခေါင်းရိုးကို ခင်းခဲ့၏၊ မိမိကုသိုလ်ကံကို ခံစားရ၏၊ ဤသို့ ဖြစ်ရခြင်းသည် ရှေးကောင်းမှု၏အကျိုးပေတည်း။

၂၂။ လေကဲ့သို့လျင်သောအဟုန်ရှိသော အာဇာနည်သိန္ဓောမြင်းတို့သည်လည်း လျင်မြန်သောယာဉ်ရထားတို့သည်လည်း (ငါ့အား ဖြစ်ကုန်၏)၊ ဤအလုံးစုံကို ခံစားရ၏၊ ဤသို့ ဖြစ်ရခြင်းသည်ကား နွားဦးခေါင်းရိုး ခင်းရခြင်း၏အကျိုးပေတည်း။

၂၃။ မြင့်မြတ်စွာ ပြုအပ်သော ကောင်းမှုသည် အံ့ဩဖွယ်ရှိပါပေစွ၊ လယ်မြေကောင်း သဖွယ် ဖြစ်သော သံဃာ၌ ငါသည် ကောင်းစွာ ပြုလုပ်အပ်သော ကုသိုလ်ကံသည် အံ့ဩဖွယ်ရှိပါပေစွ၊ (သာသနာပ၌ပြုအပ်သော) တပါးသောကုသိုလ်ကံသည် သံဃာ၌ ကောင်းစွာပြုအပ်သော ကုသိုလ်ကံ၏ (တဆယ့်ခြောက်ပိတ် ဝိတ်၍) တပိတ်ကိုမျှ မမှီနိုင်။

၂၄။ ဤဘဒ္ဒကမ္ဘာမှ ကိုးဆယ့်လေးကမ္ဘာထက်၌ ငါသည် နွားဦးခေါင်းခွံရိုးအခင်းကို ခင်းခဲ့ရသောအခါမှစ၍ အပါယ်လေးပါး လားရသည်ကို မသိစဖူးပေ၊ ဤသို့ ဖြစ်ရခြင်းသည် နွားဦးခေါင်းရိုးကို ခင်းရခြင်း၏ အကျိုးပေတည်း။

၂၅။ ခုနစ်ဆယ့်ငါးကမ္ဘာထက်၌ များမြတ်သည့် ဗိုလ်ပါအင်အားရှိသော တန်ခိုးကြီးမားသော သုပ္ပတိဋ္ဌိတမည်သော စကြဝတေးမင်း တကြိမ် ဖြစ်ခဲ့၏။

၂၆။ လေးပါးသော ပဋိသမ္ဘိဒါတို့ကိုလည်း ရှစ်ပါးသော ဤဝိမောက္ခတို့ကိုလည်း ခြောက်ပါးသော အဘိညာဉ်တို့ကိုလည်း မျက်မှောက်ပြုအပ်ပါကုန်ပြီ၊ မြတ်စွာဘုရား၏ အဆုံးအမတော်ကို လိုက်နာကျင့်သုံးပြီးပါပြီ။

ဤသို့လျှင် အသျှင်ဂေါသီသနိက္ခေပကမထေရ်သည် ဤဂါထာတို့ကို မိန့်ဆိုတော်မူ၏။

**ငါးခုမြောက် ဂေါသီသနိက္ခေပကတ္ထေရအပဒါန် ပြီး၏။**

http://www.dhammadownload.com



## ၆-ပါဒပူဇကတ္ထေရအပဒါန်

၂၇။ ထိုအခါ ငါသည် ဟိမဝန္တာတောင်၌ ကိန္နရာဖြစ်ခဲ့၏၊ နေမင်းကဲ့သို့ ဝါဝင်းသော အရောင်အဆင်းရှိသည်ဖြစ်၍ ကင်းသော မြူရှိသော မြတ်စွာဘုရားကို ဖူးမြင်ရ၏။

၂၈။ ထိုအခါ ငါသည် ငါ့ထံသို့ ကြွလာတော်မူသော လောက၏ ရှေ့သွားဖြင့်တော်မူသော ဝိပဿီမြတ်စွာဘုရား၏ ခြေတော်၌ စန္ဒကူးကိုငှင်း တောင်စလပ်ပန်းကိုငှင်း ကြဲဖြန့် ပူဇော်ခဲ့၏။

၂၉။ ဤဘဒ္ဒကမ္ဘာမှ ကိုးဆယ့်တကမ္ဘာထက်၌ ခြေတော်ကို ပူဇော်ခဲ့ရသော အခါမှစ၍ အပါယ်လေးပါး လားရသည်ကို မသိစဘူးပေ၊ ဤသို့ဖြင့်ရခြင်းသည် ခြေတော်ကို ပူဇော်ရခြင်း၏ အကျိုးပေတည်း။

၃၀။ လေးပါးသော ပဋိသမ္ဘိဒါတို့ကိုငှင်း ရှစ်ပါးသော ဤဝိမောက္ခတို့ကိုငှင်း ခြောက်ပါးသော အဘိညာဉ်တို့ကိုငှင်း မျက်မှောက်ပြုအပ်ပါကုန်ပြီ၊ မြတ်စွာဘုရား၏ အဆုံးအမတော်ကို လိုက်နာကျင့်သုံးပြီးပါပြီ။

ဤသို့လျှင် အသျှင်ပါဒပူဇကမထေရ်သည် ဤဂါထာတို့ကို မိန့်ဆိုတော်မူ၏။

ခြောက်ခုမြောက် ပါဒပူဇကတ္ထေရအပဒါန် ပြီး၏။

## ၇-ဒေသကိတ္တကတ္ထေရအပဒါန်

၃၁။ ထိုအခါ ငါသည် ဥပသာလက အမည်ရှိသော ပုဏ္ဏားဖြစ်ခဲ့၏၊ ငှက်တို့၏ တွန်မြည်ရာ ဖြစ်သော တောသို့ ဝင်တော်မူသော လောက၏အကြီးအမှူးဖြစ်တော်မူသော မြတ်စွာဘုရားကို (ဖူးမြင်ရ၏)။

၃၂။ လောက၏ ပူဇော်ဖွယ်ကို ခံတော်မူထိုက်သော မြတ်စွာဘုရားကို ဖူးမြင်ရ၍ ခြေတော်တို့၌ ရှိခိုးခဲ့၏၊ မြတ်စွာဘုရားသည် ကြည်ညိုသော စိတ်ရှိသော ငါ့ကို သိတော်မူပြီး၍ (ကြွသွား) ကွယ်ပျောက်တော်မူ၏။

၃၃။ ငါသည် တောမှထွက်၍ မြတ်စွာဘုရားကို အောက်မေ့ခဲ့၏၊ ထိုအရပ်ကို ချီးကျူးခြင်းကြောင့် တကမ္ဘာပတ်လုံး နတ်ပြည်၌ မွေ့လျော်ရ၏။

၃၄။ ဤဘဒ္ဒကမ္ဘာမှ ကိုးဆယ့်နှစ်ကမ္ဘာထက်၌ အရပ်ကို ချီးကျူးခဲ့ရသော အခါမှစ၍ အပါယ်လေးပါး လားရသည်ကို မသိစဘူးပေ၊ ဤသို့ ဖြစ်ရခြင်းသည် ချီးကျူးရခြင်း၏ အကျိုး ပေတည်း။

၃၅။ လေးပါးသော ပဋိသမ္ဘိဒါတို့ကိုငှင်း ရှစ်ပါးသော ဤဝိမောက္ခတို့ကိုငှင်း ခြောက်ပါး သော အဘိညာဉ်တို့ကိုငှင်း မျက်မှောက်ပြုအပ်ပါကုန်ပြီ၊ မြတ်စွာဘုရား၏ အဆုံးအမတော်ကို လိုက်နာကျင့်သုံးပြီးပါပြီ။

ဤသို့လျှင် အသျှင်ဒေသကိတ္တကမထေရ်သည် ဤဂါထာတို့ကို မိန့်ဆိုတော်မူ၏။

ခုနစ်ခုမြောက် ဒေသကိတ္တကတ္ထေရအပဒါန် ပြီး၏။

http://www.dhammadownload.com



## ၈-သရဏဂမနိယတ္ထေရအပဒါန်

၃၆။ ထိုအခါ ငါသည် ဟိမဝန္တာတောင်၌ မှုဆိုးဖြစ်ခဲ့ဘူး၏၊ လောက၏ အကြီးအမှူး ဖြစ်၍ လူတို့ထက် မြတ်တော်မူသော ဝိပဿီမြတ်စွာဘုရားကို ဖူးမြင်ရ၏။

၃၇။ ငါသည် မြတ်စွာဘုရားကို ဆည်းကပ်ပြီးလျှင် အမှုကြီးငယ် (ဝေယျာဝစ္စ)ကို ပြုစုခဲ့၏၊ တာဒိဂုဏ်နှင့် ပြည့်စုံတော်မူသည် ဖြစ်၍ အခြေနှစ်ချောင်းရှိသူ နတ်လူဘို့ကို အစိုးရတော်မူသော မြတ်စွာဘုရားအား ကိုးကွယ်ဆည်းကပ်ခြင်းသို့လည်း ရောက်ခဲ့၏။

၃၈။ ဤဘဒ္ဒကမ္ဘာမှ ကိုးဆယ့်တကမ္ဘာထက်၌ ငါသည် (မြတ်စွာဘုရားကို) ကိုးကွယ်ဆည်းကပ်ခြင်းသို့ ရောက်ခဲ့ရသောအခါမှစ၍ အပါယ်လေးပါး လားရသည်ကို မသိစဘူးပေ၊ ဤသို့ဖြစ်ရခြင်းသည် သရဏံ ဆောက်တည်ရခြင်း၏ အကျိုးပေတည်း။

၃၉။ လေးပါးသော ပဋိသမ္ဘိဒါတို့ကိုရင်း ရှစ်ပါးသော ဤဝိမောက္ခတို့ကိုရင်း ခြောက်ပါးသော အဘိညာဉ်တို့ကိုရင်း မျက်မှောက်ပြုအပ်ပါကုန်ပြီ၊ မြတ်စွာဘုရား၏ အဆုံးအမတော်ကို လိုက်နာကျင့်သုံးပြီးပါပြီ။

ဤသို့လျှင် အသျှင်သရဏဂမနိယမထေရ်သည် ဤဂါထာတို့ကို မိန့်ဆိုတော်မူ၏။

ရှစ်ခုမြောက် သရဏဂမနိယတ္ထေရအပဒါန် ပြီး၏။

---

## ၉-အမ္ဗပိဏ္ဍိယတ္ထေရအပဒါန်

၄၀။ ငါသည် အမည်အားဖြင့် ရောမသ အမည်ရှိ၏၊ ဒါနဝ ဟူ၍ ကျော်စောခဲ့၏၊ထိုအခါ ငါသည် မြတ်သော သီလစသော ကျေးဇူးကို ရှာမှီးတော်မူသော ဝိပဿီမြတ်စွာဘုရားအား သရက်သီးခိုင်တို့ကို ပေးလှူခဲ့၏။

၄၁။ ဤဘဒ္ဒကမ္ဘာမှ ကိုးဆယ့်တကမ္ဘာထက်၌ သရက်သီးခိုင်ကို ပေးလှူခဲ့ရသောအခါမှစ၍ အပါယ်လေးပါး လားရသည်ကို မသိစဘူးပေ၊ ဤသို့ဖြစ်ရခြင်းသည် သရက်သီးခိုင် လှူရခြင်း၏ အကျိုးပေတည်း။

၄၂။ လေးပါးသော ပဋိသမ္ဘိဒါတို့ကိုရင်း ရှစ်ပါးသော ဤဝိမောက္ခတို့ကိုရင်း ခြောက်ပါးသော အဘိညာဉ်တို့ကိုရင်း မျက်မှောက်ပြုအပ်ပါကုန်ပြီ၊ မြတ်စွာဘုရား၏ အဆုံးအမတော်ကို လိုက်နာကျင့်သုံးပြီးပါပြီ။

ဤသို့လျှင် အသျှင်အမ္ဗပိဏ္ဍိယမထေရ်သည် ဤဂါထာတို့ကို မိန့်ဆိုတော်မူ၏။

ကိုးခုမြောက် အမ္ဗပိဏ္ဍိယတ္ထေရအပဒါန် ပြီး၏။

http://www.dhammadownload.com



## ၁၀-အနုသံသာဝကတ္ထေရအပဒါန်

၄၃။ ဆွမ်းခံလှည့်လည်တော်မူလာသော ဝိပဿီမြတ်စွာဘုရားကို ငါသည် ဖူးမြင်ရ၏၊ အခြေနှစ်ချောင်းရှိသူ နတ်လူတို့ကို အစိုးရတော်မူသော တာဒိဂုဏ်နှင့် ပြည့်စုံတော်မူသော မြတ်စွာဘုရားအား တယောက်ချို (တဇွန်း) မျှသော ဆွမ်းကို ပေးလှူခဲ့၏။

၄၄။ ထိုအခါ၌ ငါသည် ကြည်လင်ဝမ်းမြောက်သော စိတ်ရှိသည် ဖြစ်၍ ရှိခိုးခဲ့၏၊ မြင့်မြတ်သော အကျိုးကို ရခြင်းငှါ မြတ်စွာဘုရားကို ချီးကျူးခဲ့၏။

၄၅။ ဤဘဒ္ဒကမ္ဘာမှ ကိုးဆယ့်တကမ္ဘာထက်၌ ငါသည် မြတ်စွာဘုရားကို ချီးကျူးခဲ့ရသော အခါမှစ၍ အပါယ်လေးပါး လားရသည်ကို မသိစဖူးပေ၊ (ဤသို့ဖြစ်ရခြင်းသည်) မြတ်စွာဘုရားကို ချီးကျူးရခြင်း၏ အကျိုးပေတည်း။

၄၆။ လေးပါးသော ပဋိသမ္ဘိဒါတို့ကိုရင်း ရှစ်ပါးသော ဤဝိမောက္ခတို့ကိုရင်း ခြောက်ပါးသော အဘိညာဉ်တို့ကိုရင်း မျက်မှောက်ပြုအပ်ပါကုန်ပြီ၊ မြတ်စွာဘုရား၏ အဆုံးအမတော်ကို လိုက်နာကျင့်သုံးပြီးပါပြီ ။

ဤသို့လျှင် အသျှင်အနုသံသာဝကမထေရ်သည် ဤဂါထာတို့ကို မိန့်ဆိုတော်မူ၏။

**ဆယ်ခုမြောက် အနုသံသာဝကတ္ထေရအပဒါန် ပြီး၏။**

**သုံးဆယ်မြောက် စိတကပူဇကဝဂ် ပြီး၏။**

**ကဏိကာရဝဂ္ဂဒသက ပြီး၏။**

**သုံးခုမြောက် မထေရ်တရာ ပြီး၏။**

http://www.dhammadownload.com

# ၃၁-ပဒုမဝဂ်

## ၁-ပဒုမကေသရိယတ္ထေရအပဒါန်

၁။ ငါသည် ရှေးအခါက ပစ္စေကဗုဒ္ဓါအပေါင်းတို့၏ အနီး၌ မာတင်္ဂဆင်မျိုးဖြစ်ခဲ့ဘူး၏၊ ပစ္စေကဗုဒ္ဓါတို့အား ကြည်ညိုသဖြင့် ပဒုမာကြာဝတ်ဆံကို ကြဲဖြန့်ပူဇော်ခဲ့၏။

၂။ ငါသည် ခါတွက်ပြီးသော ရာဂရှိကုန်သည် ဖြစ်၍ တာဒိဂုဏ်နှင့် ပြည့်စုံတော်မူကြကုန်သော ထိုပစ္စေကဗုဒ္ဓါဘုရားမြတ်တို့၌ စိတ်ကို ကြည်ညိုစေခဲ့၍ တကမ္ဘာပတ်လုံး နတ်ပြည်၌ မွေ့လျော်ရ၏။

၃။ ဤဘဒ္ဒကမ္ဘာမှ ကိုးဆယ့်တကမ္ဘာထက်၌ ကြာဝတ်ဆံကို ဖြန့်ကြဲ ပူဇော်ခဲ့ရသော အခါမှစ၍ အပါယ်လေးပါး လားရသည်ကို မသိစဘူးပေ၊ ဤသို့ဖြစ်ရခြင်းသည် ပစ္စေကဗုဒ္ဓါကို ပူဇော်ရခြင်း၏ အကျိုးပေတည်း။

၄။ လေးပါးသော ပဋိသမ္ဘိဒါတို့ကိုရင်း ရှစ်ပါးသော ဤဝိမောက္ခတို့ကိုရင်း ခြောက်ပါးသော အဘိညာဉ်တို့ကိုရင်း မျက်မှောက်ပြုအပ်ပါကုန်ပြီ၊ မြတ်စွာဘုရား၏ အဆုံးအမတော်ကို လိုက်နာကျင့်သုံးပြီးပါပြီ။

ဤသို့လျှင် အသျှင်ပဒုမကေသရိယမထေရ်သည် ဤဂါထာတို့ကို မိန့်ဆိုတော်မူ၏။

ရှေးဦးစွာသော ပဒုမကေသရိယတ္ထေရအပဒါန် ပြီး၏။

---

## ၂-သဗ္ဗဂန္ဓိယတ္ထေရအပဒါန်

၅။ ငါသည် ဝိပဿီမြတ်စွာဘုရားအား ပန်းနံ့သာကို ပေးလှူခဲ့၏၊ ဖြောင့်မတ်စွာဖြစ်၍ ဖြစ်တော်မူသော မြတ်စွာဘုရားအား မြတ်သော ပိုးချည်အဝတ်ကို ပေးလှူခဲ့ဘူး၏။

၆။ ဤဘဒ္ဒကမ္ဘာမှ ကိုးဆယ့်တကမ္ဘာထက်၌ (နံ့သာပန်းနှင့်တကွ) ပိုးချည် အဝတ်ကို ပေးလှူခဲ့ရသော အခါမှစ၍ အပါယ်လေးပါး လားရသည်ကို မသိစဘူးပေ၊ ဤသို့ဖြစ်ရခြင်းသည် (ပိုးချည်အဝတ်နှင့်တကွ) ပန်းနံ့သာလှူရခြင်း၏ အကျိုးပေတည်း။

၇။ ဤဘဒ္ဒကမ္ဘာမှ တဆယ့်ငါးကမ္ဘာထက်၌ ရတနာခုနစ်ပါးတို့နှင့် ပြည့်စုံသည် ဖြစ်၍ များစွာမြတ်သည့် ဗိုလ်ပါအင်အားရှိသော သုစေဠမည်သော စကြဝတေးမင်း ဖြစ်ခဲ့ဘူး၏။

၈။ လေးပါးသော ပဋိသမ္ဘိဒါတို့ကိုရင်း ရှစ်ပါးသော ဤဝိမောက္ခတို့ကိုရင်း ခြောက်ပါးသော အဘိညာဉ်တို့ကိုရင်း မျက်မှောက်ပြုအပ်ပါကုန်ပြီ၊ မြတ်စွာဘုရား၏ အဆုံးအမတော်ကို လိုက်နာကျင့်သုံးပြီးပါပြီ။

ဤသို့လျှင် အသျှင်သဗ္ဗဂန္ဓိယမထေရ်သည် ဤဂါထာတို့ကို မိန့်ဆိုတော်မူ၏။

နှစ်ခုမြောက် သဗ္ဗဂန္ဓိယတ္ထေရအပဒါန် ပြီး၏။

http://www.dhammadownload.com



## ၃-ပရမန္နဒါယကတ္ထေရအပဒါန်

၉။ မဟာလှေကားပန်းကဲ့သို့ရှင်း တက်သစ်သော နေလုလင်ကဲ့သို့ရှင်း တောက်ပတော်မူသော လောက၏ အကြီးအမှူးဖြစ်တော်မူ၍ လူတို့ထက်မြတ်တော်မူသော ဝိပဿီမြတ်စွာဘုရားကို ဖူးမြင်ရ၏။

၁၀။ ငါသည် လက်အုပ်ကို မြှောက်ချီ၍ မိမိအိမ်သို့ ပင့်ဆောင်ခဲ့၏၊ မြတ်စွာဘုရားကို ပင့်ဆောင်ပြီးလျှင် မွန်မြတ်သော ဆွမ်းကို ပေးလှူခဲ့၏။

၁၁။ ဤဘဒ္ဒကမ္ဘာမှ ကိုးဆယ့်တကမ္ဘာထက်၌ မွန်မြတ်သော ဆွမ်းကို ပေးလှူခဲ့ရသော အခါမှစ၍ အပါယ်လေးပါး လားရသည်ကို မသိစဘူးပေ၊ ဤသို့ဖြစ်ရခြင်းသည် မွန်မြတ်သော ဆွမ်းကို လှူရခြင်း၏ အကျိုးပေတည်း။

၁၂။ လေးပါးသော ပဋိသမ္ဘိဒါတို့ကိုရှင်း ရှစ်ပါးသော ဤဝိမောက္ခတို့ကိုရှင်း ခြောက်ပါးသော အဘိညာဉ်တို့ကိုရှင်း မျက်မှောက်ပြုအပ်ပါကုန်ပြီ၊ မြတ်စွာဘုရား၏ အဆုံးအမတော်ကို လိုက်နာကျင့်သုံးပြီးပါပြီ။

ဤသို့လျှင် အသျှင်ပရမန္နဒါယကမထေရ်သည် ဤဂါထာတို့ကို မိန့်ဆိုတော်မူ၏။

သုံးခုမြောက် ပရမန္နဒါယကတ္ထေရအပဒါန် ပြီး၏။

---

## ၄-ဓမ္မသညာကတ္ထေရအပဒါန်

၁၃။ ဝိပဿီမြတ်စွာဘုရား၏ သခွတ်ပင် မဟာဗောဓိ ပူဇော်ပွဲသည် ဖြစ်၏၊ ထိုအခါ (လူအပေါင်းအား) လောက၏ အကြီးအမှူးဖြစ်တော်မူ၍ လူတို့ထက် မြတ်တော်မူသော မြတ်စွာဘုရားသည် သစ်ပင်၌ တည်တော်မူသကဲ့သို့ ထင်၏။

၁၄။ ထိုအခါ၌ မြတ်စွာဘုရားသည် ရဟန်းအပေါင်း ခြံရံအပ်သည် ဖြစ်၍ ရဲရင့်သော စကားကို မိန့်မြွက်တော်မူလျက် သစ္စာလေးပါး တရားတော်ကို ဟောကြားပြသတော်မူ၏။

၁၅။ အကျဉ်းအားဖြင့်လည်း ညွှန်ပြတော်မူလျက် အကျယ်အားဖြင့်လည်း ဟောကြားတော်မူ၏၊ ကိလေသာအဖုံးကို ဖွင့်လှစ်တော်မူပြီးသော မြတ်စွာဘုရားသည် လူအပေါင်းကို (ကိလေသာမှ) ငြိမ်းအေးစေတော်မူ၏။

၁၆။ ငါသည် လောက၏ အကြီးအမှူးဖြစ်တော်မူသည် ဖြစ်၍ တာဒိဂုဏ်နှင့် ပြည့်စုံတော်မူသော ထိုဝိပဿီမြတ်စွာဘုရား၏ တရားတော်ကို ကြားနာရသောကြောင့် ဝိပဿီမြတ်စွာဘုရား၏ ခြေတော်တို့ကို ရှိခိုးပြီးလျှင် မြောက်အရပ်သို့ မျက်နှာမူလျက် ဖဲသွား၏။

၁၇။ ဤဘဒ္ဒကမ္ဘာမှ ကိုးဆယ့်တကမ္ဘာထက်၌ တရားတော်ကို ကြားနာခဲ့ရသော အခါမှစ၍ အပါယ်လေးပါး လားရသည်ကို မသိစဘူးပေ၊ ဤသို့ဖြစ်ရခြင်းသည် တရားနာရခြင်း၏ အကျိုးပေတည်း။

၁၈။ ဤဘဒ္ဒကမ္ဘာမှ သုံးဆယ့်သုံးကမ္ဘာထက်၌ များမြတ်သည့် ဗိုလ်ပါအင်အားရှိသော အမည်အားဖြင့် သုတဝါဟု ထင်ရှားသော စကြဝတေးမင်း တကြိမ်ဖြစ်ခဲ့၏။

http://www.dhammadownload.com



၁၉။ လေးပါးသော ပဋိသမ္ဘိဒါတို့ကိုလည်းကောင်း ရှစ်ပါးသော ဤဝိမောက္ခတို့ကိုလည်းကောင်း ခြောက်ပါးသော အဘိညာဉ်တို့ကိုလည်းကောင်း မျက်မှောက်ပြုအပ်ပါကုန်ပြီ၊ မြတ်စွာဘုရား၏ အဆုံးအမတော်ကို လိုက်နာကျင့်သုံးပြီးပါပြီ။

ဤသို့လျှင် အသျှင်မေဃသညကမထေရ်သည် ဤဂါထာတို့ကို မိန့်ဆိုတော်မူ၏။

လေးခုမြောက် မေဃသညကတ္ထေရအပဒါန် ပြီး၏။

---

## ၅-ဖလဒါယကတ္ထေရအပဒါန်

၂၀။ ထိုအခါ ဘာဂီရထီ မြစ်ကမ်းအနီး၌ သင်္ခမ်းကျောင်းသည် ရှိ၏၊ ငါသည် သစ်သီးကို လက်စွဲလျက် ငှက်ကွက်ခြင်းရှိသည်ဖြစ်၍ ထိုသင်္ခမ်းကျောင်းသို့ သွား၏။

၂၁။ ငါသည် နေမင်းကဲ့သို့ ဝါဝင်းသော အရောင်ရှိသော ဝိပဿီမြတ်စွာဘုရားကို ထိုသင်္ခမ်းကျောင်း၌ ဖူးမြင်ရ၏၊ ငါ့အား ရှိသော သစ်သီးအားလုံးကို မြတ်စွာဘုရားအား ပေးလှူခဲ့၏။

၂၂။ ဤဘဒ္ဒကမ္ဘာမှ ကိုးဆယ့်တကမ္ဘာထက်၌ သစ်သီးကို ပေးလှူခဲ့ရသော အခါမှစ၍ အပါယ်လေးပါး လားရသည်ကို မသိစဘူးပေ၊ ဤသို့ဖြစ်ရခြင်းသည် သစ်သီးကို ပေးလှူရခြင်း၏ အကျိုးပေတည်း။

၂၃။ လေးပါးသော ပဋိသမ္ဘိဒါတို့ကိုလည်းကောင်း ရှစ်ပါးသော ဤဝိမောက္ခတို့ကိုလည်းကောင်း ခြောက်ပါးသော အဘိညာဉ်တို့ကိုလည်းကောင်း မျက်မှောက်ပြုအပ်ပါကုန်ပြီ၊ မြတ်စွာဘုရား၏ အဆုံးအမတော်ကို လိုက်နာကျင့်သုံးပြီးပါပြီ။

ဤသို့လျှင် အသျှင်ဖလဒါယကမထေရ်သည် ဤဂါထာတို့ကို မိန့်ဆိုတော်မူ၏။

ငါးခုမြောက် ဖလဒါယကတ္ထေရအပဒါန် ပြီး၏။

---

## ၆-သမ္ဗုဒ္ဓသညကတ္ထေရအပဒါန်

၂၄။ ကြီးမားသော လုံ့လရှိတော်မူသော မြတ်စွာဘုရား အရှင်ဘုရားအား ရှိခိုးခြင်းသည် ဖြစ်ပါစေသတည်း၊ အရှင်ဘုရားသည် ဆင်းရဲခပ်သိမ်းတို့မှ ကင်းလွတ်တော်မူပါပေ၏၊ အကျွန်ုပ်သည် ပျက်စီးခြင်းသို့ ရောက်လျက်ရှိပါ၏၊ အရှင်ဘုရားသည် ထိုအကျွန်ုပ်၏ ကိုးကွယ်ရာ ဖြစ်တော်မူပါလော့။

၂၅။ လောက၌ အတုမရှိသော သိဒ္ဓတ္ထမြတ်စွာဘုရားသည် ထိုသူအား ဟောကြားတော်မူ၏၊ သံသာတော်သည် မဟာသမုဒ္ဒရာ နှင့် တူပေ၏၊ မနိုင်းရှည်အပ်သော ပုဏ်ရှိပေ၏၊ အမြတ်ဆုံးဖြစ်ပေ၏။

http://www.dhammadownload.com



၂၆။ သင်သည် ကိလေသာမြူကင်းသော လယ်မြေကောင်းသဖွယ် ဖြစ်သော အဆုံးမရှိသော အကျိုးကိုပေးနိုင်သော ထိုသံဃာ၌ စိတ်ကိုကြည်ညိုစေ၍ ကောင်းသော မျိုးစေ့ကို စိုက်ပျိုးကြဲချလေလော့။

၂၇။ လောက၏ အကြီးအမှူး ဖြစ်တော်မူသော လူတို့ထက် မြတ်တော်မူသော မြတ်စွာဘုရားသည် ဤစကားကို မိန့်တော်မူပြီးလျှင် ငါ့အားသာလျှင် ဆုံးမတော်မူ၍ ဟင်းလင်းအပြင်ဖြစ်သော ကောင်းကင်သို့ တက်ကြွတော်မူ၏။

၂၈။ လူတို့ထက် မြတ်တော်မူသော မြတ်စွာဘုရားသည် ကြွသွားတော်မူ၍ မကြာမီ ငါသည် သေခြင်းသို့ရောက်လျက် တုသိတာနတ်ပြည်၌ ဖြစ်ခဲ့၏။

၂၉။ ထိုအခါ၌ ငါသည် ကိလေသာမြူကင်းသော လယ်မြေကောင်းသဖွယ်ဖြစ်သော အဆုံး မရှိသော အကျိုးကိုပေးတတ်သော သံဃာတော်၌ စိတ်ကိုကြည်ညိုစေသောကြောင့် တကမ္ဘာပတ်လုံး နတ်ပြည်၌ မွေ့လျော်ရ၏။

၃၀။ ဤဘဒ္ဒကမ္ဘာမှ ကိုးဆယ့်လေးကမ္ဘာထက်၌ (သံဃာ၌) ကြည်ညိုမှုကို ရခဲ့သော အခါမှစ၍ အပါယ်လေးပါး လားရသည်ကို မသိစဖူးပေ၊ ဤသို့ဖြစ်ရခြင်းသည် (သံဃာ၌) ကြည်ညိုခြင်း၏ အကျိုးပေတည်း။

၃၁။ လေးပါးသော ပဋိသမ္ဘိဒါတို့ကိုရင်း ရှစ်ပါးသော ဤဝိမောက္ခတို့ကိုရင်း ခြောက်ပါးသော အဘိညာဉ်တို့ကိုရင်း မျက်မှောက်ပြုအပ်ပါကုန်ပြီ၊ မြတ်စွာဘုရား၏ အဆုံးအမတော်ကို ပြိုက်နာကျင့်သုံးပြီးပါပြီ၊

ဤသို့လျှင် အသျှင်သမ္ဗသာဒကမထေရ်သည် ဤဂါထာတို့ကို မိန့်ဆိုတော်မူ၏။

ခြောက်ခုမြောက် သမ္ဗသာဒကတ္ထေရအပဒါန် ပြီး၏။

---

## ၇-အာရာမဒါယကတ္ထေရအပဒါန်

၃၂။ ငါသည် သိဒ္ဓတ္ထမြတ်စွာဘုရား၏ (အကျိုးငှါ) အရံကို စိုက်ပျိုးခဲ့၏၊ ထူထပ်သော အရိပ်ရှိကုန်သော သစ်ပင်တို့၌ ငှက်တို့ နားနေကုန်စဉ်—

၃၃။ ပေးလှူဖွယ် ပစ္စည်းဝတ္ထုတို့ကို ခံတော်မူထိုက်သော ကိလေသာမြူကင်းတော်မူသော မြတ်စွာဘုရားကို ဖူးမြင်ရ၏၊ လောက၏ အကြီးအမှူးဖြစ်တော်မူသော လူတို့ထက် မြတ်တော်မူသော သိဒ္ဓတ္ထမြတ်စွာဘုရားကို အရံသို့ ပင့်ဆောင်ခဲ့၏။

၃၄။ ထိုအခါ ရွှင်လန်းသောငါသည် ရွှင်လန်းသောစိတ်ဖြင့် အသီးနှင့်အပွင့်ကို ပေးလှူခဲ့၏၊ ထိုနောင် ကြည်ညိုခြင်းရှိသည်ဖြစ်၍သာလျှင် ထိုတောကို မြတ်စွာဘုရားသို့ ညွှတ်စေ၏၊ (လှူဒါန်းခဲ့၏)။

၃၅။ အလွန်ကြည်ညိုသောစိတ်ဖြင့် (မြတ်စွာဘုရားအား) တောကို ပေးလှူခဲ့၏၊ ဘဝကြီးငယ်၌ ဖြစ်သည်ရှိသော် ငါ့အား အကျိုးတရားသည် ဖြစ်ထွန်း၏။

http://www.dhammadownload.com



၃၆။ ဤဘဒ္ဒကမ္ဘာမှ ကိုးဆယ့်လေးကမ္ဘာထက်၌ အရုံကိုပေးလှူခဲ့ရသော အခါမှစ၍ အပါယ်လေးပါး လားရသည်ကို မသိစဘူးပေ၊ ဤသို့ဖြစ်ရခြင်းသည် အရုံလှူရခြင်း၏ အကျိုးပေတည်း။

၃၇။ ဤဘဒ္ဒကမ္ဘာမှ သုံးဆယ့်ခုနစ်ကမ္ဘာထက်၌ ရတနာခုနစ်ပါးတို့နှင့် ပြည့်စုံသည်ဖြစ်၍ များမြတ်သည့် ဗိုလ်ပါအစ်အားရှိကုန်သော မုဒုသီတလ မည်ကုန်သော စကြဝတေးမင်းတို့သည် ခုနစ်ကြိမ်တိုင်တိုင် ဖြစ်ခဲ့ဘူးကုန်၏။

၃၈။ လေးပါးသော ပဋိသမ္ဘိဒါတို့ကိုရင်း ရှစ်ပါးသော ဤဝိမောက္ခတို့ကိုရင်း ခြောက်ပါးသော အဘိညာဉ်တို့ကိုရင်း မျက်မှောက်ပြုအပ်ပါကုန်ပြီ၊ မြတ်စွာဘုရား၏ အဆုံးအမတော်ကို လိုက်နာ ကျင့်သုံးပြီးပါပြီ။

ဤသို့လျှင် အသျှင်အာရာမဒါယကမထေရ်သည် ဤဂါထာတို့ကို မိန့်ဆိုတော်မူ၏။

ခုနစ်ခုမြောက် အာရာမဒါယကတ္ထေရအပဒါန် ပြီး၏။

---

## ၈-အနုလေပဒါယကတ္ထေရအပဒါန်

၃၉။ ငါသည် အတ္ထဒဿီမြတ်စွာဘုရား၏ တပည့်သာဝကကို ဖူးမြင်ရ၏၊ သိမ်အကျိုးငှါ အမှုသစ်ကိုပြုနေသော (ရဟန်း)ထံသို့ ငါသည် ချဉ်းကပ်ခဲ့၏။

၄၀။ အမှုသစ်ပြီးသည်ရှိသော် ငါသည် ကုသိုလ်ကောင်းမှု စိုက်ပျိုးရာ လယ်မြေကောင်းသဖွယ်ဖြစ်သော အမြတ်ဆုံးသံဃာတော်၌ ကြည်လင် ဝမ်းမြောက်သော စိတ်ရှိသည်ဖြစ်၍ အင်္ဂတေလိမ်းကျံခြင်းကို ပေးလှူခဲ့၏။

၄၁။ (ဤဘဒ္ဒကမ္ဘာမှ) တထောင့်ရှစ်ရာ ကမ္ဘာထက်၌ (အင်္ဂတေလိမ်းကျံခြင်း) အမှုကို ပြုခဲ့ရသော အခါမှစ၍ အပါယ်လေးပါး လားရသည်ကို မသိစဘူးပေ၊ ဤသို့ ဖြစ်ရခြင်းသည် အင်္ဂတေလိမ်းကျံရခြင်း၏ အကျိုးပေတည်း။

၄၂။ လေးပါးသော ပဋိသမ္ဘိဒါတို့ကိုရင်း ရှစ်ပါးသော ဤဝိမောက္ခတို့ကိုရင်း ခြောက်ပါးသော အဘိညာဉ်တို့ကိုရင်း မျက်မှောက်ပြုအပ်ပါကုန်ပြီ၊ မြတ်စွာဘုရား၏ အဆုံးအမတော်ကို လိုက်နာကျင့်သုံးပြီးပါပြီ။

ဤသို့လျှင် အသျှင်အနုလေပဒါယကမထေရ်သည် ဤဂါထာတို့ကို မိန့်ဆိုတော်မူ၏။

ရှစ်ခုမြောက် အနုလေပဒါယကတ္ထေရအပဒါန် ပြီး၏။

---

## ၉-ဗုဒ္ဓသညကတ္ထေရအပဒါန်

၄၃။ များစွာသော်အရောင် ဝါဝင်းသောအရောင် ရှိသည်ဖြစ်၍ တက်သစ်စာနေလုလှင်သဖွယ်ဖြစ်သော ငြိမ်သက်စွာ တောအတွင်းသို့ ကြွသွားတော်မူသော လောက၏အကြီးအမှူးဖြစ်တော်မူသော လူတို့ထက် မြတ်တော်မူသော—

http://www.dhammadownload.com



၄၄။ သိဒ္ဓတ္ထမြတ်စွာဘုရားကို ငါသည် အိပ်မက်ဖြင့် ဖူးမြင်ရ၏၊ ငါသည် ထိုမြတ်စွာဘုရား၌ စိတ်ကို ကြည်ညိုစေ၍ သုဂတိဘုံသို့ ရောက်ရ၏။

၄၅။ ဤဘဒ္ဒကမ္ဘာမှ ကိုးဆယ့်လေးကမ္ဘာထက်၌ ဘုရားဟူသော အမှတ်သညာကို ရခဲ့သောအခါမှစ၍ အပါယ်လေးပါး လားရသည်ကို မသိစဖူးပေ၊ ဤသို့ ဖြစ်ရခြင်းသည် ဘုရားဟူသော အမှတ်သညာ၏ အကျိုးပေတည်း။

၄၆။ လေးပါးသော ပဋိသမ္ဘိဒါတို့ကိုရင်း ရှစ်ပါးသော ဝိမောက္ခတို့ကိုရင်း ခြောက်ပါးသော အဘိညာဉ်တို့ကိုရင်း မျက်မှောက်ပြုအပ်ပါကုန်ပြီ၊ မြတ်စွာဘုရား၏ အဆုံးအမတော်ကို လိုက်နာကျင့်သုံးပြီးပါပြီ။

ဤသို့လျှင်, အသျှင်ဗုဒ္ဓသညကမထေရ်သည် ဤဂါထာတို့ကို မိန့်ဆိုတော်မူ၏။

ကိုးခုမြောက် ဗုဒ္ဓသညကတ္ထေရအပဒါန် ပြီး၏။

---

## ၁၀-ပဗ္ဗာရဒါယကတ္ထေရအပဒါန်

၄၇။ ငါသည် ပိယဒဿီမြတ်စွာဘုရား၏ လိုဏ်ဂူကို သုတ်သင်ခဲ့၏၊ မြတ်စွာဘုရား၏ သုံးဆောင်တော်မူခြင်းငှါ ရေအိုးကိုလည်း တည်ထားခဲ့၏။

၄၈။ သစ္စာလေးပါးတရားကို သိတော်မူသော ပိယဒဿီမြတ်စွာဘုရားသည် ငါ့အား ထိုစကားကို မိန့်ကြားတော်မူ၏၊ မြားကျ တထောင်ရှိသည်ဖြစ်၍ ဘုံဆင့်တရာရှိသော တံခွန် (အလံ)များစွာရှိသော ရွှေဖြင့်ပြီးသော—

၄၉။ ထိုပြာသာဒ်သည် (သင့်အား)ဖြစ်ပေါ်လတ္တံ့၊ များစွာသော ရတနာသည်လည်း ဖြစ်ပေါ်လတ္တံ့၊ငါသည် လိုဏ်ဂူအလှူကို ပေးလှူသောကြောင့် တကမ္ဘာပတ်လုံး နတ်ပြည်၌ မွေ့လျော်ရ၏။

၅၀။ ဤဘဒ္ဒကမ္ဘာမှ သုံးဆယ့်နှစ်ကမ္ဘာထက်၌ ရတနာခုနစ်ပါးတို့နှင့် ပြည့်စုံသည်ဖြစ်၍ များမြတ်သည့် ဗိုလ်ပါအင်အားရှိသော သုသုဒ္ဓမည်သော စကြဝတေးမင်း ဖြစ်ခဲ့၏။

၅၁။ လေးပါးသော ပဋိသမ္ဘိဒါတို့ကိုရင်း ရှစ်ပါးသော ဝိမောက္ခတို့ကိုရင်း ခြောက်ပါးသော အဘိညာဉ်တို့ကိုရင်း မျက်မှောက်ပြုအပ်ပါကုန်ပြီ၊ မြတ်စွာဘုရား၏ အဆုံးအမတော်ကို လိုက်နာကျင့်သုံးပြီးပါပြီ။

ဤသို့လျှင် အသျှင်ပဗ္ဗာရဒါယကမထေရ်သည် ဤဂါထာတို့ကို မိန့်ဆိုတော်မူ၏။

ဆယ်ခုမြောက် ပဗ္ဗာရဒါယကတ္ထေရအပဒါန် ပြီး၏။

**သုံးဆယ့်တခုမြောက် ပဒုမကေသရဝဂ် ပြီး၏။**

http://www.dhammadownload.com

# ၃၂—အာဝရက္ခဒါယကဝဂ်

## ၁-အာရက္ခဒါယကတ္ထေရအပဒါန်

၁။ ငါသည် ဓမ္မဒဿီမြတ်စွာဘုရား၏ (အရံ၌) စည်းစောင်းရမ်းကို ပြုလုပ်ခဲ့၏၊ ငါသည် အခြေနှစ်ချောင်းရှိသူ နတ်လူတို့ကို အစိုးရသည်ဖြစ်၍ တာဒိဂုဏ်နှင့် ပြည့်စုံတော်မူသော မြတ်စွာဘုရားအား အစောင့်အရှောက်ကိုလည်း ပေးလှူခဲ့၏။

၂။ (ဤဘဒ္ဒကမ္ဘာမှ) ကမ္ဘာတထောင့်ရှစ်ရာထက်၌ ကောင်းမှုကို ပြုခဲ့၏၊ ထိုကောင်းမှု အထူးကြောင့် ငါသည် အရဟတ္တဖိုလ်သို့ ရောက်ရပေ၏။

၃။ လေးပါးသော ပဋိသမ္ဘိဒါတို့ကိုရင်း ရှစ်ပါးသော ဤဝိမောက္ခတို့ကိုရင်း ခြောက်ပါးသော အဘိညာဉ်တို့ကိုရင်း မျက်မှောက်ပြုအပ်ပါကုန်ပြီ၊ မြတ်စွာဘုရား၏ အဆုံးအမတော်ကို လိုက်နာကျင့်သုံးပြီးပါပြီ။

ဤသို့လျှင် အသျှင်အာရက္ခဒါယကမထေရ်သည် ဤဂါထာတို့ကို မိန့်ဆိုတော်မူ၏။

ရှေးဦးစွာသော အာရက္ခဒါယကတ္ထေရအပဒါန် ပြီး၏။

---

## ၂-ဘောဇနဒါယကတ္ထေရအပဒါန်

၄။ ကောင်းစွာ ပေါက်ရောက်သော အင်ကြင်းပင်ပျိုကဲ့သို့ရင်း မြင့်တက်သော ဒန့်သလွန်ပင်ကဲ့သို့ရင်း ကောင်းကင်၌ သက်တန့်ကဲ့သို့ရင်း မြတ်စွာဘုရားသည် အခါခပ်သိမ်း တင့်တယ်တော်မူပါပေ၏။

၅။ ငါသည် နတ်ထက်နတ် ဖြစ်တော်မူသော သီလက္ခန္ဓစသော ကျေးဇူးကို ရှာမှီးတော်မူသောထိုဝေဿဘူမြတ်စွာဘုရားအား အထူးကြည်လင်သောစိတ်ဖြင့်ဘောဇဉ်ကို ပေးလှူခဲ့၏။

၆။ ရန်သူတို့သည် မအောင်အပ်သော အလိုလို ဖြစ်တော်မူသော မြတ်စွာဘုရားသည် ငါ၏ ထိုကောင်းမှုကို အနုမောဒနာပြုတော်မူ၏၊ ဖြစ်တိုင်း ဖြစ်တိုင်းသော သံသရာဘဝ၌ သင်အား အကျိုးဖြစ်ထွန်းစေသတည်း (ဟု အနုမောဒနာ ပြုတော်မူ၏)။

၇။ ဤဘဒ္ဒကမ္ဘာမှ သုံးဆယ့်တကမ္ဘာထက်၌(ဘောဇဉ်ကို)ပေးလှူခဲ့ရသော အခါမှစ၍ အပါယ်လေးပါး လားရသည်ကို မသိစဘူးပေ၊ ဤသို့ဖြစ်ရခြင်းသည် ဘောဇဉ်ကို လှူရခြင်း၏ အကျိုးပေတည်း။

၈။ ဤဘဒ္ဒကမ္ဘာမှ နှစ်ဆယ့်ငါးကမ္ဘာထက်၌ ရတနာခုနစ်ပါးတို့နှင့် ပြည့်စုံသည်ဖြစ်၍ များမြတ်သည့် ဗိုလ်ပါအင်အားရှိသော အမိတ္တကမည်သော စကြဝတေးမင်း တကြိမ် ဖြစ်ခဲ့၏။

http://www.dhammadownload.com



၉။ လေးပါးသော ပဋိသမ္ဘိဒါတို့ကိုရင်း ရှစ်ပါးသော ဤဝိမောက္ခတို့ကိုရင်း ခြောက်ပါးသော အဘိညာဉ်တို့ကိုရင်း မျက်မှောက်ပြုအပ်ပါကုန်ပြီ၊ မြတ်စွာဘုရား၏ အဆုံးအမတော်ကို လိုက်နာကျင့်သုံးပြီးပါပြီ။

ဤသို့လျှင် အသျှင်ဘောဇနဒါယကမထေရ်သည် ဤဂါထာတို့ကို မိန့်ဆိုတော်မူ၏။

နှစ်ခုမြောက် ဘောဇနဒါယကတ္ထေရအပဒါန် ပြီး၏။

---

## ၃-ဂတသညကတ္ထေရအပဒါန်

၁၀။ ငါသည် မရေးခြစ်အပ်သော လေတို့၏ သွားရာလမ်းကြောင်းဖြစ်သော ခြေရာမရှိသော ကောင်းကင်ဖြင့် နတ်ပြည်သို့ ကြွသွားတော်မူစဉ် သိဒ္ဓတ္ထမြတ်စွာဘုရားကို ဖူးမြင်လိုက်ရ၏။

၁၁။ ထိုအခါ၌ လေ၏အဟုန်ကြောင့် လှုပ်ရှားသော မြတ်စွာဘုရား၏ သင်္ကန်းတော်ကို မြင်ရခြင်းကြောင့်ရင်း ကြွသွားတော်မူသော မြတ်စွာဘုရားကို ဖူးမြင်ရခြင်းကြောင့်ရင်း ငါ့အား နှစ်သက်မှုသည် ဖြစ်ပေါ်ခဲ့၏။

၁၂။ ဤဘဒ္ဒကမ္ဘာမှ ကိုးဆယ့်လေးကမ္ဘာထက်၌ ဘုရားဟူသော အမှတ်သညာကို ရခဲ့သော အခါမှစ၍ အပါယ်လေးပါး လားရသည်ကို မသိစဖူးပေ၊ ဤသို့ဖြစ်ရခြင်းသည် ဘုရားဟူသော အမှတ်သညာရခြင်း၏ အကျိုးပေတည်း။

၁၃။ လေးပါးသော ပဋိသမ္ဘိဒါတို့ကိုရင်း ရှစ်ပါးသော ဤဝိမောက္ခတို့ကိုရင်း ခြောက်ပါးသော အဘိညာဉ်တို့ကိုရင်း မျက်မှောက်ပြုအပ်ပါကုန်ပြီ၊ မြတ်စွာဘုရား၏ အဆုံးအမတော်ကို လိုက်နာကျင့်သုံးပြီးပါပြီ။

ဤသို့လျှင် အသျှင်ဂတသညကမထေရ်သည် ဤဂါထာတို့ကို မိန့်ဆိုတော်မူ၏။

သုံးခုမြောက် ဂတသညကတ္ထေရအပဒါန် ပြီး၏။

---

## ၄-သတ္တပဒုမိယတ္ထေရအပဒါန်

၁၄။ နေသာဒမည်သော ပုဏ္ဏားဖြစ်သော ငါသည် မြစ်ကမ်းအနီး၌ ပဒုမာကြာပန်းတို့ဖြင့် သင်္ခမ်း ကျောင်းကို သုတ်သင်၍ (တန်ဆာဆင်၍)နေ၏။

၁၅။ ထိုအခါ လောကရှေ့သွားဖြစ်တော်မူ၍ ရှေးအဆင်းရှိတော်မူသော သိဒ္ဓတ္ထ မြတ်စွာဘုရားကို ကောင်းကင် (လမ်းခရီး)ဖြင့် ကြွသွားတော်မူစဉ် ဖူးမြင်ရ၍ ငါ့အား ရွှင်လန်းဝမ်းမြောက်ခြင်းသည် ဖြစ်ခဲ့၏။

၁၆။ လောက၏ အကြီးအမှူးဖြစ်တော်မူ၍ လူတို့ထက် မြတ်တော်မူသော မြတ်စွာဘုရားကို ခရီးဦးကြိုဆို၍ သင်္ခမ်းကျောင်းသို့ ပင့်ဆောင်ပြီးလျှင် မြတ်သောကြာပန်းတို့ဖြင့် ကြဲဖြန့် ပူဇော်ခဲ့၏။

http://www.dhammadownload.com



၁၇။ ဤဘဒ္ဒကမ္ဘာမှ ကိုးဆယ့်လေးကမ္ဘာထက်၌ ကြာပန်းကို ကြဲဖြန့်ပူဇော်ခဲ့ရသော အခါမှစ၍ အပါယ်လေးပါး လားရသည်ကို မသိစဘူးပေ၊ ဤသို့ ဖြစ်ရခြင်းသည် မြတ်စွာဘုရား အား ကြာပန်းပူဇော်ရခြင်း၏ အကျိုးပေတည်း။

၁၈။ ဤဘဒ္ဒကမ္ဘာမှ ခုနစ်ဆယ့်သုံးကမ္ဘာ (ခုနစ်ခုမြောက်ကမ္ဘာ) ထက်၌ ရတနာခုနစ် ပါးတို့နှင့် ပြည့်စုံသည်ဖြစ်၍ များမြတ်သည့် ဗိုလ်ပါအင်အားရှိကုန်သော ပါဒပဝရမည်ကုန် သော စကြဝတေးမင်းတို့သည် လေးကြိမ်တိုင်တိုင် ဖြစ်ခဲ့ဘူးကုန်၏။

၁၉။ လေးပါးသော ပဋိသမ္ဘိဒါတို့ကိုလည်းကောင်း ရှစ်ပါးသော ဤဝိမောက္ခတို့ကိုလည်းကောင်း ခြောက်ပါး သော အဘိညာဉ်တို့ကိုလည်းကောင်း မျက်မှောက်ပြုအပ်ပါကုန်ပြီ၊ မြတ်စွာဘုရား၏ အဆုံးအမတော် ကို လိုက်နာကျင့်သုံးပြီးပါပြီ။

ဤသို့လျှင် အသျှင်သတ္တပဒုမိယမထေရ်သည် ဤဂါထာတို့ကို မိန့်ဆိုတော်မူ၏။

လေးခုမြောက် သတ္တပဒုမိယတ္ထေရအပဒါန် ပြီး၏။

---

## ၅-ပုပ္ဖါသနဒါယကတ္ထေရအပဒါန်

၂၀။ ဝါဝင်းသော အရောင်ရှိသော နေမင်းကဲ့သို့ ရွှေအဆင်းနှင့်တူသော အဆင်းရှိတော်မူ သော ရန်သူတို့သည် မအောင်အပ်သော သိဒ္ဓတ္ထမြတ်စွာဘုရားကို မနီးမဝေးအရပ်ဖြင့် ကြွသွားတော်မူစဉ် (ဖူးမြင်ရ၏)။

၂၁။ ထိုမြတ်စွာဘုရားအား ခရီးဦးကြိုဆို၍ သင်္ခမ်းကျောင်းသို့ ကြွစေတော်မူပြီးလျှင် အလွန်ကြည်လင်သောစိတ်ဖြင့် ငါသည် ပန်းမွေ့ရာကို ပေးလှူခဲ့၏။

၂၂။ ထိုအခါ၌ ငါသည် ဝမ်းမြောက်ခြင်းရှိသည်ဖြစ်၍ လက်အုပ်ချီပြီးလျှင် မြတ်စွာဘုရား၌ စိတ်ကို ကြည်ညိုစေ၍ ထိုကောင်းမှုကို (နိဗ္ဗာန်သို့) ရှေးရှုညွှတ်စေခဲ့၏။

၂၃။ မိမိအလိုလို ဖြစ်တော်မူသော ရန်သူတို့သည် မအောင်အပ်သော မြတ်စွာဘုရား၌ ပြုအပ်သော ကောင်းမှုကံသည် ငါ့အား ရှိပေ၏၊ ထိုကောင်းမှုကံ အားလုံးကြောင့် သာသနာ တော်၌ ကိလေသာအညစ်အကြေးကင်းစင်သူ ဖြစ်ရပါလို၏ (ဟု ညွှတ်စေခဲ့၏)။

၂၄။ ဤဘဒ္ဒကမ္ဘာမှ ကိုးဆယ့်လေးကမ္ဘာထက်၌ ပန်းမွေ့ရာကို ပေးလှူခဲ့၏၊ ထိုအခါမှစ၍ အပါယ်လေးပါး လားရသည်ကို မသိစဘူးပေ၊ ဤသို့ ဖြစ်ရခြင်းသည် ပန်းမွေ့ရာလှူရခြင်း၏ အကျိုးပေတည်း။

၂၅။ လေးပါးသော ပဋိသမ္ဘိဒါတို့ကိုလည်းကောင်း ရှစ်ပါးသော ဤဝိမောက္ခတို့ကိုလည်းကောင်း ခြောက်ပါး သော အဘိညာဉ်တို့ကိုလည်းကောင်း မျက်မှောက်ပြုအပ်ပါကုန်ပြီ၊ မြတ်စွာဘုရား၏ အဆုံးအမတော် ကို လိုက်နာကျင့်သုံးပြီး ပါပြီ။

ဤသို့လျှင် အသျှင်ပုပ္ဖါသန ဒါယကမထေရ်သည် ဤဂါထာတို့ကို မိန့်ဆိုတော်မူ၏။

ငါးခုမြောက် ပုပ္ဖါသနဒါယကတ္ထေရအပဒါန် ပြီး၏။

http://www.dhammadownload.com



## ၈-အာသနသန္ထဝိကတ္ထေရအပဒါန်

၂၆။ လောက၏ အဆွေဖြစ်တော်မူသော သိခီမြတ်စွာဘုရား၏ ဥတ္တမမည်သော စေတီတော်သည် ရှိ၏၊ ငါသည် ထိုအခါ လူတို့၏ သွားလာလှုပ်ရှားခြင်း ကင်းသော လူသံတိတ်ဆိတ်သော တော၌ လမ်းမှားသည် ဖြစ်၍ လှည့်လည်၏။

၂၇။ ငါသည် တောမှ ထွက်သည်ရှိသော် မြတ်စွာဘုရား၏ နေရာကို တွေ့မြင်အပ်ပေ၏၊ (ထိုအခါ)လက်ဝဲတဖက် ပခုံးထက်၌(ကိုယ်ဝတ်ကို တင်၍)လက်အုပ်ချီပြီးလျှင် သိခီမြတ်စွာဘုရားကို ချီးကျူးခဲ့၏။

၂၈။ ငါသည် လောက၏ရှေ့သွား အမြတ်ဆုံးဖြစ်တော်မူသော မြတ်စွာဘုရားကို နေ့အဘို့ ပတ်လုံး ချီးကျူးပြီးလျှင် ရွှင်လန်းသည် ဖြစ်၍ ရွှင်လန်းသော စိတ်ဖြင့် ဤစကားကို မြွက်ဆိုခဲ့၏—

၂၉။ ယောကျ်ားအာဇာနည် ဖြစ်တော်မူသော မြတ်စွာဘုရား အရှင်ဘုရားအား ရှိခိုးပါ၏၊ ယောကျ်ားမြတ်ဖြစ်တော်မူသော မြတ်စွာဘုရား အရှင်ဘုရားအား ရှိခိုးပါ၏၊ လုံ့လကြီးမားတော်မူသော လောက၏အကြီးအမှူး ဖြစ်တော်မူသော လူတို့ထက် မြတ်တော်မူသော မြတ်စွာဘုရား အရှင်ဘုရားသည် တရားအလုံးစုံကို သိတော်မူပါပေ၏။

၃၀။ ငါသည် သိခီမြတ်စွာဘုရားကို (အာရုံ) အမှတ်ပြုသဖြင့် ချီးကျူးပြီးလျှင် နေရာတော်ကို ရှိခိုး၍ မြောက်အရပ်သို့ ရှေးရှုသွား၏။

၃၁။ ဤဘဒ္ဒကမ္ဘာမှ သုံးဆယ့်တကမ္ဘာထက်၌ ဟောပြောတတ်သော သူတို့ထက် မြတ်တော်မူသော မြတ်စွာဘုရားကို ချီးကျူးခဲ့ရသော အခါမှစ၍ အပါယ်လေးပါး လားရသည်ကို မသိစဘူးပေ၊ ဤသို့ဖြစ်ရခြင်းသည် ချီးကျူးရခြင်း၏ အကျိုးပေတည်း။

၃၂။ ဤဘဒ္ဒကမ္ဘာမှ နှစ်ဆယ့်ခုနစ်ကမ္ဘာထက်၌ ရတနာခုနစ်ပါးတို့နှင့် ပြည့်စုံသည်ဖြစ်၍ များမြတ်သည့် ဗိုလ်ပါအင်အားရှိကုန်သော အတုလမည်သော ထိုစကြဝတေးမင်းတို့သည် ခုနစ်ကြိမ်တိုင်တိုင် ဖြစ်ခဲ့ဘူးကုန်၏။

၃၃။ လေးပါးသော ပဋိသမ္ဘိဒါတို့ကိုလည်းကောင်း ရှစ်ပါးသော ဤဝိမောက္ခတို့ကိုလည်းကောင်း ခြောက်ပါးသော အဘိညာဉ်တို့ကိုလည်းကောင်း မျက်မှောက်ပြုအပ်ပါကုန်ပြီ၊ မြတ်စွာဘုရား၏ အဆုံးအမတော်ကို လိုက်နာကျင့်သုံးပြီးပါပြီ။

ဤသို့လျှင် အသျှင်အာသနသန္ထဝိကမထေရ်သည် ဤဂါထာတို့ကို မိန့်ဆိုတော်မူ၏။

ခြောက်ခုမြောက် အာသနသန္ထဝိကတ္ထေရအပဒါန် ပြီး၏။

http://www.dhammadownload.com



၃၅။ ချိုမြိန်သာယာသော ထိုတရားစကားဖြင့် လူအပေါင်းကို ချီးမြှောက်တော်မူ၏၊ ပြန့်ပြောသောအသံတော်သည်လည်း ဖြစ်၏၊ နတ်လူအပေါင်း၌ တောင့်တခြင်းသည်လည်း ဖြစ်လေ၏။

၃၆။ ငါသည် သိဒ္ဓတ္ထမြတ်စွာဘုရား၏ တရားသံကို နာကြားပြီးလျှင် အသံတော်၌ စိတ်ကို ကြည်လင်စေ၍ မြတ်စွာဘုရားကို ရှိခိုးခဲ့၏။

၃၇။ ဤဘဒ္ဒကမ္ဘာမှ ကိုးဆယ့်လေးကမ္ဘာထက်၌ ဘုရားဟူသော အမှတ်သညာကို ရခဲ့သော အခါမှစ၍ အပါယ်လေးပါး လားရသည်ကို မသိစဘူးပေ၊ ဤသို့ဖြစ်ရခြင်းသည် ဘုရားဟူသော အမှတ်သညာရခြင်း၏ အကျိုးပေတည်း။

၃၈။ လေးပါးသော ပဋိသမ္ဘိဒါတို့ကိုရင်း ရှစ်ပါးသော ဤဝိမောက္ခတို့ကိုရင်း ခြောက်ပါးသော အဘိညာဉ်တို့ကိုရင်း မျက်မှောက်ပြုအပ်ပါကုန်ပြီ၊ မြတ်စွာဘုရား၏ အဆုံးအမတော်ကို လိုက်နာကျင့်သုံးပြီးပါပြီ။

ဤသို့လျှင် အသျှင်သဒ္ဒသညကမထေရ်သည် ဤဂါထာတို့ကို မိန့်ဆိုတော်မူ၏။

ခုနစ်ခုမြောက် သဒ္ဒသညကတ္ထေရအပဒါန် ပြီး၏။

---

## ၈-တိရံသိယတ္ထေရအပဒါန်

၃၉။ အမျိုးမြတ်သော ခြင်္သေ့မင်းကဲ့သို့ရင်း တောင်၌ ထွန်းလင်း တောက်ပသော မီးပုံကြီးကဲ့သို့ရင်း အရပ်အားလုံးတို့ကို ထွန်းလင်း တောက်ပစေလျက် တောင်ကြား၌ သီတင်းသုံးနေတော်မူသော သိဒ္ဓတ္ထမြတ်စွာဘုရားကို (ဖူးမြင်ရ၏)။

၄၀။ နေ၏ အလင်းရောင်ကိုရင်း လရောင်ကိုရင်း မြတ်စွာဘုရား၏ အရောင်တော်ကိုရင်း တွေ့မြင်ရသည်ရှိသော် ငါ့အား နှစ်သက်ခြင်းသည် ဖြစ်ပေါ်လေ၏။

၄၁။ ငါသည် အရောင်အလင်းသုံးမျိုးတို့ကို တွေ့မြင်ပြီးနောက် ပခုံးတဖက်၌ သစ်နက်ရေကို တင်၍ သာဝကတို့ထက် မြတ်တော်မူသည် ဖြစ်၍ လောက၏ ရှေ့သွားဖြစ်တော်မူသော မြတ်စွာဘုရားကို ချီးကျူးခဲ့၏။

၄၂။ လောက၌ လောက၏ အမိုက်မှောင်ကို ပယ်ဖျောက်တတ်ကုန်သော အလင်းရောင်ကို ပြုတတ်ကုန်သောအရာတို့သည် လရင်း နေရင်း လူတို့၏ ရှေ့သွားဖြစ်တော်မူသော မြတ်စွာဘုရားရင်း (ဤ)သုံးမျိုးတို့ပင်တည်း။

၄၃။ (ဤသို့)ငါသည် ဥပမာကို ညွှန်ပြ၍ မြတ်စွာဘုရားကို ချီးကျူးခဲ့၏၊ မြတ်စွာဘုရား၏ ဂုဏ်ကျေးဇူးတော်ကို ချီးကျူးခဲ့သောကြောင့် ငါသည် တကမ္ဘာပတ်လုံး နတ်ပြည်၌ မွေ့လျော်ရ၏။

http://www.dhammadownload.com



၄၅။ ဤဘဒ္ဒကမ္ဘာမှ ခြောက်ဆယ့်တကမ္ဘာထက်၌ ရတနာခုနစ်ပါးတို့နှင့် ပြည့်စုံသည် ဖြစ်၍ များမြတ်သည့် ဗိုလ်ပါအင်အားရှိသော ဉာဏဓရ ဈကြဝတေးမင်းတကြိမ် ဖြစ်ခဲ့၏။

၄၆။ လေးပါးသော ပဋိသမ္ဘိဒါတို့ကိုငှင်း ရှစ်ပါးသော ဤဝိမောက္ခတို့ကိုငှင်း ခြောက်ပါးသော အဘိညာဉ်တို့ကိုငှင်း မျက်မှောက်ပြုအပ်ပါကုန်ပြီ၊ မြတ်စွာဘုရား၏ အဆုံးအမတော်ကို လိုက်နာကျင့်သုံးပြီးပါပြီ။

ဤသို့လျှင် အသျှင်တိရံသိယမထေရ်သည် ဤဂါထာတို့ကို မိန့်ဆိုတော်မူ၏။

ရှစ်ခုမြောက် တိရံသိယတ္ထေရအပဒါန် ပြီး၏။

---

## ၉-ကန္ဒလိပုပ္ဖိယတ္ထေရအပဒါန်

၄၇။ ထိုအခါ ငါသည် သိန္ဓုမြစ်ကမ်း၌ လယ်သမားဖြစ်ခဲ့ဘူး၏၊ သူတပါးအလုပ်ကို လုပ်ရ၍ သူတပါးထမင်းကို စားရ၏။

၄၈။ ငါသည် သိန္ဓုမြစ်ကို လှည့်လည်သည် ရှိသော် သမာဓိဖြင့် သီတင်းသုံးတော်မူသော ပဒုမာကြာပွင့်နှင့် တူတော်မူသော သိဒ္ဓတ္ထမြတ်စွာဘုရားကို ဖူးမြင်ရ၏။

၄၉။ ထိုအခါ ငါသည် ကန္ဒလိပန်း (သင်စပန်း) ခုနစ်ပွင့်တို့ကို အညှာ၌ ဖြတ်ပြီးလျှင် နေမင်း၏အဆွေဖြစ်တော်မူသော မြတ်စွာဘုရားအား ဦးထိပ်၌ (ထားလျက်) တင်လှူ ပူဇော်ခဲ့၏။

၅၀-၅၁။ ငါသည် သုံးဌာနတို့မှ အမုန်ယိုသော ချဉ်းကပ်နိုင်ခဲသော မာတင်္ဂမျိုးဖြစ်သော ဆင်ကဲ့သို့ မြစ်ကမ်း၌ (နေတော်မူသော) တည်ကြည်သော သမာဓိ ရင့်ကျက်သော ပညာရှိတော်မူသော ဣန္ဒြေတို့ကို ပွါးစေတော်မူပြီးသော ရွှေအဆင်းနှင့်တူသော အဆင်းရှိတော်မူသော ထိုမြတ်စွာဘုရားကို ချဉ်းကပ်၍ လက်အုပ်ချီပြီးလျှင် မြတ်စွာဘုရားအား ရှိခိုးခဲ့၏။

၅၂။ ဤဘဒ္ဒကမ္ဘာမှ ကိုးဆယ့်လေးကမ္ဘာထက်၌ ပန်းကို တင်လှူပူဇော်ခဲ့ရသောအခါမှ စ၍ အပါယ်လေးပါး လားရသည်ကို မသိစဘူးပေ၊ ဤသို့ ဖြစ်ရခြင်းသည် မြတ်စွာဘုရားအား ပန်းပူဇော်ရခြင်း၏ အကျိုးပေတည်း။

၅၃။ လေးပါးသော ပဋိသမ္ဘိဒါတို့ကိုငှင်း ရှစ်ပါးသော ဤဝိမောက္ခတို့ကိုငှင်း ခြောက်ပါးသော အဘိညာဉ်တို့ကိုငှင်း မျက်မှောက်ပြုအပ်ပါကုန်ပြီ၊ မြတ်စွာဘုရား၏ အဆုံးအမတော်ကို လိုက်နာကျင့်သုံးပြီးပါပြီ။

ဤသို့လျှင် အသျှင်ကန္ဒလိပုပ္ဖိယမထေရ်သည် ဤဂါထာတို့ကို မိန့်ဆိုတော်မူ၏။

ကိုးခုမြောက် ကန္ဒလိပုပ္ဖိယတ္ထေရအပဒါန် ပြီး၏။

http://www.dhammadownload.com



## ၁၀-ကုမုဒမာလိယတ္ထေရအပဒါန်

၅၄-၅၅။ အမျိုးမြတ်သော ခြင်္သေ့မင်းကဲ့သို့ (အမျိုးအားဖြင့်) မြင့်မြတ် (ဂုဏ်အားဖြင့်) မြင့်မြတ်တော်မူသော ခိုင်ခံ့သောသမာဓိရှိတော်မူသော မြတ်သောသီလစသောဂုဏ်ကျေးဇူးကို ရှာမှီးတော်မူသော မာရ်ငါးပါးကို အောင်တော်မူပြီးသော ကြီးမားသော လုံ့လရှိတော်မူသော ပေးလှူဖွယ်ပစ္စည်းဝတ္ထုတို့ကို အလှူခံတော်မူသော လမ်းခရီး၌ ကြွသွားတော်မူသော ဝိပဿီ မည်သော ဘုရားမြတ်ကို (ဖူးမြင်ရ၍) ငါသည် ကုမုဒြာကြာပန်းကို ယူပြီးလျှင် ကြဲဖြန့်ပူဇော်ခဲ့၏။

၅၆။ ဤဘဒ္ဒကမ္ဘာမှ ကိုးဆယ့်တကမ္ဘာထက်၌ ပန်းကို ပူဇော်ခဲ့ရသော အခါမှစ၍ အပါယ်လေးပါး လားရသည်ကို မသိစဘူးပေ၊ ဤသို့ ဖြစ်ရခြင်းသည် (ဘုရားအား) ပန်းပူဇော်ရခြင်း၏ အကျိုးပေတည်း။

၅၇။ လေးပါးသော ပဋိသမ္ဘိဒါတို့ကိုရင်း ရှစ်ပါးသော ဤဝိမောက္ခတို့ကိုရင်း ခြောက်ပါးသော အဘိညာဉ်တို့ကိုရင်း မျက်မှောက်ပြုအပ်ပါကုန်ပြီ၊ မြတ်စွာဘုရား၏ အဆုံးအမတော်ကို လိုက်နာကျင့်သုံးပြီးပါပြီ။

ဤသို့လျှင် အသျှင်ကုမုဒမာလိယမထေရ်သည် ဤဂါထာတို့ကို မိန့်ဆိုတော်မူ၏။

ဆယ်ခုမြောက် ကုမုဒမာလိယတ္ထေရအပဒါန် ပြီး၏။

သုံးဆယ့်ခုစ်ခုမြောက် အာဒရကွဝါယဂဝဂ် ပြီး၏။

http://www.dhammadownload.com

# ၃၃-ဥမာပုပ္ဖိယဝဂ်

## ၁-ဥမာပုပ္ဖိယတ္ထေရအပဒါန်

၁။ ငါသည် တည်ကြည်စွာ သမာပတ်ဝင်စားလျက် သမာဓိဖြင့် နေတော်မူသော ရန်သူတို့သည် မအောင်အပ်သော လူတို့ထက်မြတ်တော်မူသော သိဒ္ဓတ္ထမြတ်စွာဘုရားကို ဖူးမြင်ရ၏။

၂-၃။ အောက်မဲညို (နှမ်းကြပ်)ပန်းကို ယူပြီးလျှင် မြတ်စွာဘုရားအား တင်လှူပူဇော်ခဲ့၏၊ ပန်းသီတံ တခုတည်း ရှိကုန်သည်ဖြစ်၍ အထက်၌ အညှာရှိကုန်သော အောက်သို့ မျက်နှာပြုနေကုန်သော ပန်းအားလုံးတို့သည် လွန်စွာ ဆန်းကြယ်ကုန်လျက် ကောင်းကင်၌ ပန်းအခင်းကဲ့သို့ တည်ရှိကုန်၏၊ ငါသည် ထိုစိတ်၏ ကြည်လင်ခြင်းကြောင့် တုသိတာဘုံသို့ ရောက်ရ၏။

၄။ ဤဘဒ္ဒကမ္ဘာမှ ကိုးဆယ့်လေးကမ္ဘာထက်၌ ပန်းကိုပူဇော်ခဲ့ရသောအခါမှစ၍ အပါယ်လေးပါး လားရသည်ကို မသိစဘူးပေ၊ ဤသို့ ဖြစ်ရခြင်းသည် မြတ်စွာဘုရားအား ပန်းပူဇော်ရခြင်း၏ အကျိုးပေတည်း။

၅။ ဤဘဒ္ဒကမ္ဘာမှ ငါးဆယ့်ငါးကမ္ဘာထက်၌ များမြတ်သည့် ဗိုလ်ပါအင်အားရှိသော သမန္တဆဒန မည်သော စကြဝတေးမင်းတကြိမ် ဖြစ်ခဲ့၏။

၆။ လေးပါးသော ပဋိသမ္ဘိဒါတို့ကိုလည်း ရှစ်ပါးသော ဤဝိမောက္ခတို့ကိုလည်း ခြောက်ပါးသော အဘိညာဉ်တို့ကိုလည်း မျက်မှောက်ပြုအပ်ပါကုန်ပြီ၊ မြတ်စွာဘုရား၏ အဆုံးအမတော်ကို လိုက်နာကျင့်သုံးပြီးပါပြီ။

ဤသို့လျှင် အသျှင်ဥမာပုပ္ဖိယမထေရ်သည် ဤဂါထာတို့ကို မိန့်ဆိုတော်မူ၏။

ရှေးဦးစွာသော ဥမာပုပ္ဖိယတ္ထေရအပဒါန် ပြီး၏။

---

## ၂-ပုလိနပူဇကတ္ထေရအပဒါန်

၇။ တင့်တယ်သော ဖောက်ကြံ့ပင်ကဲ့သို့လည်း နီသဘ အာဇာနည်ကဲ့သို့လည်း တောက်ပသော သောက်ရှူးကြယ်ကဲ့သို့လည်း ထွန်းလင်းတောက်ပတော်မူသော မြတ်စွာဘုရားကို ငါသည် ဖူးမြင်ရ၏။

၈။ (ဖူးမြင်ရ၍) ငါသည် လက်အုပ်ကို မြှောက်ချီပြီးလျှင် မြတ်စွာဘုရားအား ရှိခိုးခဲ့၏၊ (ထို့ပြင်) မိမိကံဖြင့် နှစ်သက်ရောင့်ရဲတော်မူသော မြတ်စွာဘုရားကို ချီးကျူးခဲ့၏။

၉။ ကောင်းစွာ စင်ကြယ်သော သဲကို ခါးပိုက်ဖြင့် ယူ၍ ဝိပဿီ မြတ်စွာဘုရား၏ ကြွသွားတော်မူရာ လမ်းခရီး၌ ကြဲဖြန့်ပူဇော်ခဲ့၏။

၁၀။ ထိုသဲမှ ထက်ဝက်သော သဲကို (ယူ၍) တာဒိဂုဏ်နှင့် ပြည့်စုံတော်မူသော မြတ်စွာဘုရား၏ နေ့သန့်ရာ အရပ်၌ အလွန်ကြည်လင်သော စိတ်ဖြင့် သွန်းလောင်းခဲ့၏။

http://www.dhammadownload.com



၁၁။ ဤဘဒ္ဒကမ္ဘာမှ ကိုးဆယ့်တကမ္ဘာထက်၌ သဲကို သွန်းလောင်းခဲ့ရသော အခါမှစ၍ ငါသည် အပါယ်လေးပါး လားရသည်ကို မသိစဘူးပေ၊ ဤသို့ ဖြစ်ရခြင်းသည် သဲ(လှူရခြင်း) ၏ အကျိုးပေတည်း။

၁၂။ လေးပါးသော ပဋိသမ္ဘိဒါတို့ကိုလည်းကောင်း ရှစ်ပါးသော ဤဝိမောက္ခတို့ကိုလည်းကောင်း ခြောက်ပါးသော အဘိညာဉ်တို့ကိုလည်းကောင်း မျက်မှောက်ပြုအပ်ပါကုန်ပြီ၊ မြတ်စွာဘုရား၏ အဆုံးအမတော်ကို လိုက်နာကျင့်သုံးပြီးပါပြီ။

ဤသို့လျှင် အသျှင်ပုလိနပူဇကမထေရ်သည် ဤဂါထာတို့ကို မိန့်ဆိုတော်မူ၏။

နှစ်ခုမြောက် ပုလိနပူဇကထေရ အပဒါန် ပြီး၏။

---

## ၃-ဟာသဇနကထေရအပဒါန်

၁၃။ ငါသည် သစ်ပင်ဖျား၌ ဆွဲထားသော မြတ်စွာဘုရား၏ ပံသုကူသင်္ကန်းကို မြင်၍ လက်အုပ်ချီပြီးလျှင် (ဘုရား၏ဂုဏ်ကို) လွန်စွာ မြှောက်ဆို ချီးကျူးခဲ့၏။

၁၄။ အဝေးမှ မြင်သဖြင့် ငါ့အား ရွှင်လန်း ဝမ်းမြောက်ခြင်း ဖြစ်ခဲ့၏၊ လက်အုပ်ချီပြီးလျှင် စိတ်ကို လွန်စွာ ကြည်လင်စေခဲ့၏။

၁၅။ ဤဘဒ္ဒကမ္ဘာမှ ကိုးဆယ့်တကမ္ဘာထက်၌ ဘုရားဟူသော အမှတ်ကို ရခဲ့သော အခါမှစ၍ အပါယ်လေးပါး လားရသည်ကို မသိစဘူးပေ၊ ဤသို့ ဖြစ်ရခြင်းသည် ဘုရားဟူသော အမှတ်သညာရခြင်း၏ အကျိုးပေတည်း။

၁၆။ လေးပါးသော ပဋိသမ္ဘိဒါတို့ကိုလည်းကောင်း ရှစ်ပါးသော ဤဝိမောက္ခတို့ကိုလည်းကောင်း ခြောက်ပါးသော အဘိညာဉ်တို့ကိုလည်းကောင်း မျက်မှောက်ပြုအပ်ပါကုန်ပြီ၊ မြတ်စွာဘုရား၏ အဆုံးအမတော်ကို လိုက်နာကျင့်သုံးပြီးပါပြီ။

ဤသို့လျှင် အသျှင်ဟာသဇနကမထေရ်သည် ဤဂါထာတို့ကို မိန့်ဆိုတော်မူ၏။

သုံးခုမြောက် ဟာသဇနကထေရအပဒါန် ပြီး၏။

---

## ၄-ယညသာမိကထေရအပဒါန်

၁၇။ ငါသည် မွေးဖွား၍ ခုနစ်နှစ်ရှိလျက် ဗေဒင်တို့၌ ကမ်းတဖက်ရောက် တတ်မြောက်သူ ဖြစ်ခဲ့၏၊ အမျိုးအနွယ်၏ကျင့်ဝတ်ကို ဆောင်ခဲ့၏၊ ငါသည် (ပူဇော်ရန်) ယဇ်ကို အားထုတ်အပ်၏။

၁၈။ ထိုအခါ ငါသည် ရှစ်သောင်းလေးထောင်ကုန်သော သားကောင်တို့ကို သတ်ဖြတ်အပ်ကုန်၏၊ ထိုသားကောင်တို့ကို ကြိုးတို့ဖြင့် ဆောင်ယူကုန်ပြီးလျှင် ယဇ်ပူဇော်ခြင်းအကျိုးငှါ (တိုင်၌) ချည်ထားအပ်ကုန်၏။

http://www.dhammadownload.com



၁၉။ ပန်းထိမ်ဖိုဝ၌ ဦးပြီးသော ရွှေကဲ့သို့ရင်း ရှားမီးကဲ့သို့ရင်း တက်လာသော နေမင်းကဲ့သို့ရင်း လပြည့်နေ့၌ လကဲ့သို့ရင်း—

၂၀။ လောကီလောကုတ္တရာ အကျိုးအားလုံးကို ပြီးစေတော်မူသော လူသုံးပါးတို့သည် ပူဇော်အပ်သည်ဖြစ်၍ အကျိုးစီးပွါးကို ဆောင်တော်မူသော သိဒ္ဓတ္ထမြတ်စွာဘုရားသည် (ငါ၏အထံသို့) ကြွလာတော်မူ၍ ဤစကားကို မိန့်တော်မူ၏—

၂၁။ သတို့သား သတ္တဝါအားလုံးတို့အား မညှဉ်းဆဲမှုကို ငါဘုရားနှစ်သက်တော်မူ၏၊ ခိုးခြင်း လွန်ကျူး၍ကျင့်ခြင်း သေရည်သေရက်သောက်ခြင်းတို့မှ ကြဉ်ရှောင်ခြင်းကိုလည်း ငါဘုရား နှစ်သက်တော်မူ၏။

၂၂။ မြတ်သော (တူမျှသော) အကျင့်၌ မွေ့လျော်ခြင်းကိုရင်း အကြားအမြင်များခြင်းကိုရင်း သူ့ကျေးဇူးကို သိလေ့ရှိခြင်းကိုရင်း ငါဘုရား နှစ်သက်တော်မူ၏၊ ဤတရားတို့ကို ချက်မှောက်၌ရင်း တမလွန်၌ရင်း ချီးမွမ်းအပ်ကုန်၏။

၂၃။ (သတို့သား)သင်သည် ဤတရားတို့ကို ပွါးစေ၍ သတ္တဝါခပ်သိမ်းတို့၏ အစီးအပွါး၌ မွေ့လျော်သည်ဖြစ်၍ မြတ်စွာဘုရား၌ စိတ်ကို ကြည်လင်စေပြီးလျှင် မြတ်သောမဂ်ကို ပွါးများလေလော့၊ (ဤစကားကို မိန့်တော်မူ၏)။

၂၄။ ဤစကားကို မိန့်တော်မူပြီးလျှင် လောက၏အကြီးအမှူးဖြစ်၍ လူတို့ထက်မြတ်တော်မူသော မြတ်စွာဘုရားသည် ငါ့အား ဤသို့ဆုံးမတော်မူပြီးလျှင် ကောင်းကင်သို့ တက်ကြွတော်မူ၏။

၂၅။ ရှေးဦးစွာ စိတ်ကို သုတ်သင်၍ နောက်မှ စိတ်ကို ကြည်လင်စေခဲ့၏၊ ထိုစိတ်၏ ကြည်လင်ခြင်းကြောင့် ငါသည် တုသိတာဘုံသို့ ရောက်ရပေ၏။

၂၆။ ဤဘဒ္ဒကမ္ဘာမှ ကိုးဆယ့်လေးကမ္ဘာထက်၌ စိတ်ကို ကြည်လင်စေခဲ့သော အခါမှစ၍ အပါယ်လေးပါး လားရသည်ကို မသိစဘူးပေ၊ ဤသို့ဖြစ်ရခြင်းသည် ဘုရားဟူသောအမှတ်သညာရခြင်း၏ အကျိုးပေတည်း။

၂၇။ လေးပါးသော ပဋိသမ္ဘိဒါတို့ကိုရင်း ရှစ်ပါးသော ဤဝိမောက္ခတို့ကိုရင်း ခြောက်ပါးသော အဘိညာဉ်တို့ကိုရင်း မျက်မှောက်ပြုအပ်ပါကုန်ပြီ၊ မြတ်စွာဘုရား၏ အဆုံးအမတော်ကို လိုက်နာကျင့်သုံးပြီးပါပြီ။

ဤသို့လျှင် အသျှင်ယညသာမိကမထေရ်သည် ဤဂါထာတို့ကို မိန့်ဆိုတော်မူ၏။

လေးခုမြောက် ယညသာမိကတ္ထေရအပဒါန် ပြီး၏။

---

## ၅-နိမိတ္တသညာကတ္ထေရအပဒါန်

၂၈။ ငါသည် စန္ဒဘာဂါမြစ်ကမ်း၌ရှိ သခ်မ်းကျောင်း၌ နေ၏၊ ငါသည် တော၌ ကျင်လည်ကျက်စားသော ရွှေသမင်ကို တွေ့မြင်၏။

http://www.dhammadownload.com



၂၉။ သမင်အပေါ်၌ စိတ်ကို ကြည်လင်စေပြီးလျှင် မြတ်စွာဘုရားကို အောက်မေ့ခဲ့၏၊ ထိုစိတ်၏ ကြည်လင်ခြင်းဖြင့် အခြားတပါးသော မြတ်စွာဘုရားတို့ကို အောက်မေ့ခဲ့၏။

၃၀။ ပွင့်တော်မူပြီးသော မြတ်စွာဘုရားတို့သည်၎င်း ပွင့်တော်မူဆဲ မြတ်စွာဘုရားတို့သည် ၎င်း ပွင့်တော်မူလတ္တံ့သော မြတ်စွာဘုရားတို့သည်၎င်း ထိုသုံးပါးသောမြတ်စွာဘုရားတို့သည် သားမင်းကဲ့သို့ ဤအတူ တင့်တယ်တော်မူကြပေကုန်၏(ဟု အောက်မေ့ခဲ့၏)။

၃၁။ ဤဘဒ္ဒကမ္ဘာမှ ကိုးဆယ့်လေးကမ္ဘာထက်၌ ဘုရားဟူသော အမှတ်သညာကို ရခဲ့သော အခါမှစ၍ အပါယ်လေးပါး လားရသည်ကို မသိစဘူးပေ၊ ဤသို့ဖြစ်ရခြင်းသည် ဘုရားဟူသော အမှတ်သညာရခြင်း၏ အကျိုးပေတည်း။

၃၂။ ဤဘဒ္ဒကမ္ဘာမှ နှစ်ဆယ့်ခုနစ်ကမ္ဘာထက်၌ များမြတ်သည့် ဗိုလ်ပါအင်အား ရှိသော အရညသတ္တ မည်သော စကြဝတေးမင်း တကြိမ် ဖြစ်ခဲ့၏။

၃၃။ လေးပါးသော ပဋိသမ္ဘိဒါတို့ကို၎င်း ရှစ်ပါးသော ဤဝိမောက္ခတို့ကို၎င်း ခြောက်ပါးသော အဘိညာဉ်တို့ကို၎င်း မျက်မှောက်ပြုအပ်ပါကုန်ပြီ၊ မြတ်စွာဘုရား၏ အဆုံးအမတော်ကို လိုက်နာကျင့်သုံးပြီးပါပြီ။

ဤသို့လျှင် အသျှင်နိမိတ္တသညကမထေရ်သည် ဤဂါထာတို့ကို မိန့်ဆိုတော်မူ၏။

ငါးခုမြောက် နိမိတ္တသညကတ္ထေရအပဒါန် ပြီး၏။

---

## ၆-အန္တသံသာဝကတ္ထေရအပဒါန်

၃၄။ ရွှေတုရိုဏ်တိုင်နှင့် တူတော်မူသည် ဖြစ်၍ သုံးဆယ့်နှစ်ပါးသော ယောကျ်ားမြတ်တို့၏ လက္ခဏာရှိတော်မူသော ရွှေအဆင်းနှင့်တူသော အဆင်းရှိတော်မူသော မြတ်စွာဘုရားကို အိမ်ဈေး၌ ကြွသွားတော်မူစဉ် (ဖူးမြင်ရ၏)။

၃၅။ အကျိုးခပ်သိမ်းကို ပြီးစေတတ်သော တဏှာကင်းတော်မူသော ရန်သူတို့သည် မအောင်အပ်သော သိဒ္ဓတ္ထမြတ်စွာဘုရားကို ပင့်ဖိတ်၍ ထိုမြတ်စွာဘုရားကို ဆွမ်းကျွေး၏။

၃၆။ ထိုအခါ လောက၌ သနားခြင်းရှိတော်မူသော မြတ်စွာဘုရားသည် ငါ့ကို ဟောကြားတော်မူ၏၊ ငါသည် မြတ်စွာဘုရား၌ စိတ်ကြည်လင်စေသောကြောင့် တကမ္ဘာပတ်လုံး နတ်ပြည်၌ မွေ့လျော်ရ၏။

၃၇။ ဤဘဒ္ဒကမ္ဘာမှ ကိုးဆယ့်လေးကမ္ဘာထက်၌ ဆွမ်းအလှူကို ပေးလှူခဲ့ရသော အခါမှစ၍ အပါယ်လေးပါး လားရသည်ကို မသိစဘူးပေ၊ ဤသို့ဖြစ်ရခြင်းသည် ဆွမ်းလှူရခြင်း၏ အကျိုးပေတည်း။

၃၈။ လေးပါးသော ပဋိသမ္ဘိဒါတို့ကို၎င်း ရှစ်ပါးသော ဤဝိမောက္ခတို့ကို၎င်း ခြောက်ပါးသော အဘိညာဉ်တို့ကို၎င်း မျက်မှောက်ပြုအပ်ပါကုန်ပြီ၊ မြတ်စွာဘုရား၏ အဆုံးအမတော်ကို လိုက်နာကျင့်သုံးပြီးပါပြီ။

ဤသို့လျှင် အသျှင်အန္တသံသာဝကမထေရ်သည် ဤဂါထာတို့ကို မိန့်ဆိုတော်မူ၏။

ခြောက်ခုမြောက် အန္တသံသာဝကတ္ထေရအပဒါန် ပြီး၏။

http://www.dhammadownload.com



## ၇-နိဂြောဓကပ္ပထေရအပဒါန်

၃၉။ နတ်သည် နတ်ပြည်မှ အသက်ကုန်ခြင်းကြောင့် စုတေသောအခါ ဝမ်းမြောက်ကုန်သော နတ်တို့၏ သုံးပါးသော အသံတို့သည် ထွက်ပေါ်လာကုန်၏။

၄၀။ "အချင်း သင်သည် နတ်ပြည်မှ လူတို့၏ အပေါင်းအဖော် ဖြစ်သော သုဂတိဘဝသို့ သွားပါချေ၊ လူဖြစ်သည် ရှိသော် သူတော်ကောင်း တရား၌ အမြတ်ဆုံး သဒ္ဓါတရားကို ရပါစေလော့။

၄၁။ အခြေအမြစ်ဖြစ်သော တည်တံ့သော ထိုသဒ္ဓါတရားသည် သင်၏ (သန္တာန်၌) သက်ဝင်သည် ဖြစ်ရာ၏၊ ကောင်းစွာ ဟောကြားအပ်သော သူတော်ကောင်းတရား၌ အသက်ထက်ဆုံး မပျက်စီးသည် ဖြစ်ရာ၏။

၄၂။ ကိုယ်ဖြင့် ကုသိုလ်ကိုပြု၍ နှုတ်ဖြင့် ကုသိုလ်ကို များစွာပြု၍ စိတ်ဖြင့် ကြောင့်ကြ မရှိသော ဥပဓိကင်းသော ကုသိုလ်ကို ပြု၍—

၄၃။ ထို့နောက်မှ ဥပဓိရှိသော ထိုကောင်းမှုကို အလှူဖြင့် များစွာပြုပြီးလျှင် တပါးသော သတ္တဝါတို့ကိုလည်း သူတော်ကောင်း တရားဖြစ်သော အကျင့်မြတ်၌ သွတ်သွင်းလေလော့။

၄၄-၄၅။ အကြင်အခါ၌ ပညာရှိနတ်တို့သည် စုတေခါနီးနတ်သားကို ဤသို့သော အစဉ်သနားခြင်းဖြင့် ဝမ်းမြောက်စကား ပြောကြားကြကုန်၏။ အမောင်နတ်သား (နတ်ပြည်သို့) အဖန်ဖန် လာခဲ့ပါလော့၊ နတ်အပေါင်းစည်းဝေးမိသည် ရှိသော် ထိုအခါ၌ ငါ့အား ထိတ်လန့်ခြင်း သံဝေဂသည် ဖြစ်၏၊ ငါသည် ဤနတ်ပြည်မှ စုတေလျှင် အဘယ်မည်သော အမျိုးသို့ ရောက်ရပါမည်နည်း။

၄၆။ ပွါးစေအပ်ပြီးသော ဣန္ဒြေရှိသော ထိုရဟန်းသည် ငါ၏သံဝေဂဖြစ်ခြင်းကို သိသဖြင့် ငါ့အား ထုတ်ဆောင် ကယ်တင်လိုသည် ဖြစ်၍ ငါ့ထံသို့ ကြွလာတော်မူ၏။

၄၇။ ထိုအခါ အမည်အားဖြင့် သုမနဟု ထင်ရှားသော ပဒုမုတ္တရမြတ်စွာဘုရား၏ တပည့်သာဝကသည် အကျိုးအကြောင်းတို့ကို ဆုံးမတော်မူပြီးလျှင် ငါ့ကို သံဝေဂရစေတော်မူ၏။

**တဆယ့်နှစ်ရမြောက် ဘာဏဝါရ ပြီး၏။**

၄၈။ ငါသည် ထိုရဟန်း၏(တရား)စကားကို ကြားနာရ၍ မြတ်စွာဘုရား၌ စိတ်ကို ကြည်လင်စေခဲ့၏၊ ထိုပညာရှိရဟန်းကို ရှိခိုးပြီးနောက် ငါသည် ထိုအရပ်၌ပင် ကွယ်လွန်ခဲ့၏။

၄၉။ ထိုငါသည် မြူစင်သော ကုသိုလ်အကြောင်းရင်းသည် တိုက်တွန်းအပ်သည်ဖြစ်၍ ထိုအရပ်၌သာလျှင် ဖြစ်ခဲ့၏၊ အမိဝမ်း၌ ပဋိသန္ဓေနေသော ငါ့ကို အမိသည် ထဖန်ပဋိသန္ဓေ လွယ်ရ၏။

၅၀။ ငါသည် ထိုကိုယ်မှ စုတေပြီးနောက် တာဝတိံသာနတ်ပြည်၌ ဖြစ်ရ၏၊ ထိုအခါ ငါသည် ဤအတွင်း၌ စိတ်ဆင်းရဲမှုကို မတွေ့မြင်ရပေ။

http://www.dhammadownload.com



၅၁။ တာဝတိံသာနတ်ပြည်မှ စုတေခဲ့၍ အမိဝမ်းသို့ကောင်းစွာ ရောက်ရ၏၊ငါသည် ဝမ်းမှ ထွက်သည် ရှိသော် အကုသိုလ် ကုသိုလ်ကို သိ၏။

၅၂။ ငါသည် မွေးဖွား၍ ခုနစ်နှစ် ရှိလတ်သော် တာဒိဂုဏ်နှင့် ပြည့်စုံတော်မူသော သာကီဝင် မင်းသား ဂေါတမမြတ်စွာဘုရား၏ အရံသို့ ဝင်ခဲ့၏။

၅၃။ မြတ်စွာဘုရား တရားတော် ကျယ်ပြန့်သည် ရှိသော်(ဘုရားတရားတော် ပြန့်ပွါးလာသောအခါ)သာသနာတော်ကို လူများစွာ သိလာသည်ရှိသော် ထိုသာသနာတော်၌ မြတ်စွာဘုရား၏ အဆုံးအမကို လိုက်နာကုန်သော ရဟန်းတို့ကို တွေ့မြင်ရ၏။

၅၄။ ထိုအခါ မြို့တော်သည် သာဝတ္ထိမည်၏၊ ထိုသာဝတ္ထိမြို့တော်၌ ကောသလမင်းသည် ရှိ၏၊(ထိုမင်းသည်)ဆင်ကသော ရထားဖြင့် မြတ်စွာဘုရားထံသို့ ချဉ်းကပ်၏။

၅၅။ ငါသည် ထိုကောသလမင်း၏ ဆင်တော်ကို မြင်သဖြင့် ရှေးကောင်းမှုကံကို အောက်မေ့၏၊ ငါသည် လက်အုပ်ကို ချီ၍ အစည်းအဝေးသို့ သွားခဲ့၏။

၅၆။ ငါသည် မွေးဖွား၍ ခုနစ်နှစ်သာရှိသေးလျက် ရဟန်းဘောင်၌ ရဟန်းပြုခဲ့၏၊အာနန္ဒာမည်သော တပည့်သည် မြတ်စွာဘုရားကို လုပ်ကျွေး၏။

၅၇။ ပညာရှိတော်မူသော လုံ့လရှိတော်မူသော သတိလည်း ရှိတော်မူသော များသော အကြားအမြင်ရှိတော်မူသော တန်ခိုးအာနုဘော် ကြီးတော်မူသော အသျှင်အာနန္ဒာသည် မင်း၏စိတ်ကို ကြည်လင်စေလျက် (တရားကို) ဆောင်နှင်း၏။

၅၈။ ငါသည် ထိုအသျှင်အာနန္ဒာ၏ တရားကို ကြားနာရ၍ ရှေးကောင်းမှုကံကို အောက်မေ့၏၊ ထိုအရပ်၌ပင် တည်လျက် အရဟတ္တဖိုလ်သို့ ရောက်၏။

၅၉။ လက်ဝဲပခုံးတဖက်၌ သင်္ကန်းကို တင်လျက် ဦးထိပ်၌ လက်အုပ်ကို မြှောက်ချီပြီးလျှင် မြတ်စွာဘုရားကို အလွန်ရိုသေစွာ ရှိခိုး၍ ဤစကားကို မြွက်ဆိုလျှောက်ထား၏—

၆၀။ ငါသည် ကြောင်ပန်းပွင့်ပန်းကို ယူ၍ အခြေနှစ်ချောင်းရှိသူ နတ်လူတို့ကို အစိုးရတော်မူသော နတ်လူတို့၏ဆရာဖြစ်တော်မူသော ပဒုမုတ္တရမြတ်စွာဘုရား၏ မြတ်သောနေရာ၌ တင်ထား (ပူဇော်)ခဲ့၏။

၆၁။ အခြေနှစ်ချောင်းရှိသူ နတ်လူတို့ကို အစိုးရတော်မူသော လောက၏ အကြီးအမှူး ဖြစ်တော်မူသော လူဘို့ထက် မြတ်တော်မူသော မြတ်စွာဘုရား အကျွန်ုပ်သည် ထိုကောင်းမှုကံကြောင့် အောင်ခြင်း ရှုံးခြင်း(အနိုင်အရှုံး)ကို ပယ်စွန့်၍ တုန်လှုပ်ခြင်း မရှိသော နိဗ္ဗာန်သို့ ရောက်ရပေ၏။

၆၂။ ကမ္ဘာတို့၏ နှစ်သောင်းငါးထောင်ထက်၌ အဗ္ဗုဒအသက်တန်း နိရဗ္ဗုဒ အသက်တန်းတို့ကာလပတ်လုံး လူတို့ကို အစိုးရကုန်သော စကြဝတေးမင်းတို့သည် ရှစ်ဆယ့်ရှစ်ကြိမ်တိုင်တိုင် ဖြစ်ဘူးကုန်၏။

http://www.dhammadownload.com



၆၃။ လေးပါးသော ပဋိသမ္ဘိဒါတို့ကိုလည်းကောင်း ရှစ်ပါးသော ဝိမောက္ခတို့ကိုလည်းကောင်း ခြောက်ပါးသော အဘိညာဉ်တို့ကိုလည်းကောင်း မျက်မှောက်ပြုအပ်ပါကုန်ပြီ၊ မြတ်စွာဘုရား၏ အဆုံးအမတော်ကို လိုက်နာကျင့်သုံးပြီးပါပြီ။

ဤသို့လျှင် အသျှင်နိဂ္ဂုဏ္ဍိပုပ္ဖိယမထေရ်သည် ဤဂါထာတို့ကို မိန့်ဆိုတော်မူ၏။

**ခုနစ်ခုမြောက် နိဂ္ဂုဏ္ဍိပုပ္ဖိယတ္ထေရအပဒါန် ပြီး၏။**

---

## ဂ-သုမနာဝေဠိယတ္ထေရအပဒါန်

၆၄။ လောက၏ အကြီးအမှူးဖြစ်တော်မူ၍ တာဒိဂုဏ်နှင့် ပြည့်စုံတော်မူသော ဝေဿဘူ မြတ်စွာဘုရားအား ထိုလူအားလုံးတို့သည် ပေါင်းဆုံစည်းဝေးကြကုန်၍ ကြီးမားသော ပူဇော်ခြင်းကို ပြုကြကုန်၏။

၆၅။ ထိုအခါ ငါသည် အင်္ဂတေစိုင်ကို (ပန်းတင်ရန်) ပြုလုပ်၍ မြတ်လေးပန်းဖြင့် ဦးဆောက်ပန်းပြုပြီးလျှင် မြတ်စွာဘုရားနေရာတော်၏ ရှေ့၌ တင်လှူ(ပူဇော်)ခဲ့၏။

၆၆။ လူခပ်သိမ်းတို့သည် ပေါင်းဆုံစည်းဝေးကြကုန်၍ တာဒိဂုဏ်နှင့် ပြည့်စုံတော်မူသော မြတ်စွာဘုရားအား ဤပန်းကို အဘယ်သူသည် ပူဇော်အပ်ပါသနည်းဟု မြတ်သောပန်းကို ရှုကြည့်ကြကုန်၏။

၆၇။ ငါသည် ထိုစိတ်၏ ကြည်လင်ခြင်းကြောင့် နိမ္မာနရတိဘုံ၌ ဖြစ်ရ၏၊ မိမိ၏ရှေးက ကောင်းစွာ ပြုခဲ့သော မိမိကုသိုလ်ကံ၏ အကျိုးကို ခံစားရ၏။

၆၈။ ထိုမှတပါး ငါသည် ကပ်ရောက်ရတိုင်းသော လူအဖြစ် နတ်အဖြစ် ဟူသမျှတို့၌ နတ် လူခပ်သိမ်းတို့သည် ချစ်ခင်အပ်သူ ဖြစ်ပေ၏၊ ဤသို့ ဖြစ်ရခြင်းသည် ပန်းပူဇော်ရခြင်း၏ အကျိုးပေတည်း။

၆၉။ ကိုယ်ဖြင့်လည်းကောင်း နှုတ်ဖြင့်လည်းကောင်း သို့မဟုတ် စိတ်ဖြင့်လည်းကောင်း စောင့်စည်းကုန်သော ရသေ့ရဟန်းတို့အား ငါသည် ဆဲရေးမှုကို ပြုဘူး၏ဟူ၍ မသိခဲ့ပေ။

၇၀။ ငါသည် ထိုကောင်းသောအကျင့်ကြောင့်လည်းကောင်း စိတ်၏ တောင့်တမှုတို့ကြောင့်လည်းကောင်း ခပ်သိမ်းကုန်သော သူတို့၏ ပူဇော်အပ်သူ ဖြစ်ပေ၏၊ ဤသို့ ဖြစ်ရခြင်းသည် မဆဲရေးခြင်း၏ အကျိုးပေတည်း။

၇၁။ ဤဘဒ္ဒကမ္ဘာမှ တဆယ့်တကမ္ဘာထက်၌ ရတနာခုနစ်ပါးတို့နှင့် ပြည့်စုံသည်ဖြစ်၍ များမြတ်သည့် ဗိုလ်ပါအင်အားရှိသော သဟဿာရမည်သော စကြဝတေးမင်း ဖြစ်ခဲ့၏။

၇၂။ လေးပါးသော ပဋိသမ္ဘိဒါတို့ကိုလည်းကောင်း ရှစ်ပါးသော ဝိမောက္ခတို့ကိုလည်းကောင်း ခြောက်ပါးသော အဘိညာဉ်တို့ကိုလည်းကောင်း မျက်မှောက်ပြုအပ်ပါကုန်ပြီ၊ မြတ်စွာဘုရား၏ အဆုံးအမတော်ကို လိုက်နာကျင့်သုံးပြီးပါပြီ။

ဤသို့လျှင် အသျှင်သုမနာဝေဠိယမထေရ်သည် ဤဂါထာတို့ကို မိန့်ဆိုတော်မူ၏။

**ရှစ်ခုမြောက် သုမနာဝေဠိယတ္ထေရအပဒါန် ပြီး၏။**

http://www.dhammadownload.com



## ၉-ပုပ္ဖစ္ဆတ္တိယတ္ထေရအပဒါန်

၇၃။ ဘုန်းတော်ခြောက်ပါးနှင့် ပြည့်စုံတော်မူသည်ဖြစ်၍ လောက၏အကြီးအမှူး ဖြစ်တော်မူသော တာဒိဂုဏ်နှင့် ပြည့်စုံတော်မူသော သစ္စာလေးပါးတရားတို့ကို ထင်ရှားပြသတော်မူသော သတ္တဝါတို့ကို ငြိမ်းအေးစေတော်မူသော သိဒ္ဓတ္ထမြတ်စွာဘုရားအား—

၇၄။ နှလုံးမွေ့လျော်ဖွယ်ရှိသော ပွင့်ချပ်တရာ ပဒုမာကြာပန်းကို ဆောင်ယူပြီးလျှင် ပန်းဖြင့် ထီးပြု၍ တင်လှူပူဇော်ခဲ့၏။

၇၅။ လောကသုံးပါးကို သိတော်မူသည်ဖြစ်၍ ပေးလှူဖွယ် ပစ္စည်းဝတ္ထုတို့ကို ခံယူတော်မူထိုက်သော သိဒ္ဓတ္ထမြတ်စွာဘုရားသည် ရဟန်းသံဃာ၌ ရပ်တည်လျက် ဤဆိုမည့်ဂါထာကို မိန့်တော်မူ၏—

၇၆-၇၇။ အကြင်သူသည် စိတ်ကို ကြည်လင်စေ၍ ငါဘုရားအား ပန်းထီးကို ဆောင်းမိုး၏၊ ထိုသူသည် ထိုစိတ်၏ ကြည်လင်မှုကြောင့် ဒုဂ္ဂတိဘုံသို့ မရောက်လတ္တံ့ဟု ဤစကားကို မိန့်တော်မူပြီးလျှင် လောက၏ရှေ့သွား သိဒ္ဓတ္ထ မြတ်စွာဘုရားသည် ရဟန်းပရိသတ်ကို ပြန်လွှတ်၍ ဟင်းလင်းအပြင်ဖြစ်သော ကောင်းကင်သို့ တက်ကြွတော်မူ၏။

၇၈။ လူတို့၏ နတ်ဖြစ်တော်မူသော မြတ်စွာဘုရားသည် ထတော်မူသည်ရှိသော် ထီးဖြူသည်လည်း ထ၏၊ ဘုရားမြတ်၏ ရှေ့၌ မြတ်သော ထီးဖြူသည် သွား၏။

၇၉။ ဤဘဒ္ဒကမ္ဘာမှ ကိုးဆယ့်လေးကမ္ဘာထက်၌ ထီးကို တင်လှူပူဇော်ခဲ့ရသော အခါမှ စ၍ အပါယ်လေးပါး လားရသည်ကို မသိစဖူးပေ၊ ဤသို့ ဖြစ်ရခြင်းသည် ပန်းထီးလှူရခြင်း၏ အကျိုးပေတည်း။

၈၀။ ခုနစ်ဆယ့်လေးကမ္ဘာထက်၌ ရတနာခုနစ်ပါးတို့နှင့် ပြည့်စုံသည်ဖြစ်၍ များမြတ်သည့် ဗိုလ်ပါအင်အားရှိကုန်သော ဇလသိခမည်သော စကြဝတေးမင်းတို့သည် ရှစ်ကြိမ်တိုင်တိုင် ဖြစ်ဘူးကုန်၏။

၈၁။ လေးပါးသော ပဋိသမ္ဘိဒါတို့ကိုလည်းကောင်း ရှစ်ပါးသော ဝိမောက္ခတို့ကိုလည်းကောင်း ခြောက်ပါးသော အဘိညာဉ်တို့ကိုလည်းကောင်း မျက်မှောက်ပြုအပ်ပါကုန်ပြီ၊ မြတ်စွာဘုရား၏ အဆုံးအမတော်ကို လိုက်နာကျင့်သုံးပြီးပါပြီ။

ဤသို့လျှင် အသျှင်ပုပ္ဖစ္ဆတ္တိယမထေရ်သည် ဤဂါထာတို့ကို မိန့်ဆိုတော်မူ၏။

ကိုးခုမြောက် ပုပ္ဖစ္ဆတ္တိယတ္ထေရအပဒါန် ပြီး၏။

---

## ၁၀-သပရိဝါရဆတ္တဒါယကတ္ထေရအပဒါန်

၈၂။ လောကသုံးပါးကို သိတော်မူသည်ဖြစ်၍ ပေးလှူဖွယ် ပစ္စည်းဝတ္ထုတို့ကို အလှူခံတော်မူထိုက်သော ပဒုမုတ္တရမြတ်စွာဘုရားသည် တရားတည်းဟူသော မိုးရေဖြင့် ကောင်းကင်၌ မိုးရွာသကဲ့သို့ ရွာသွန်းတော်မူ၏။

http://www.dhammadownload.com



၇၃။ ငါသည် အမြိုက်နိဗ္ဗာန်ကို ဟောပြတော်မူသော ထိုမြတ်စွာဘုရားကို ဖူးမြင်ခဲ့၏၊ မိမိစိတ်ကို ကြည်လင်စေ၍ မိမိအိမ်သို့ ပြန်သွားခဲ့၏။

၇၄။ ငါသည် တန်ဆာဆင်ထားသော ထီးကို ယူပြီးလျှင် မြတ်စွာဘုရားထံသို့ ချဉ်းကပ်ခဲ့၏၊ ရွှင်လန်းသော ငါသည် ရွှင်ပျသော စိတ်ဖြင့် ကောင်းကင်၌ မြှောက်တင်(ပူဇော်)၏။

၇၅။ (ထိုထီးသည်)ကောင်းစွာမောင်းနှင်သော ယာဉ်ကဲ့သို့ရင်း ယဉ်ကျေးသော တပည့် မြတ်ကဲ့သို့ရင်း မြတ်စွာဘုရားသို့ ချဉ်းကပ်၍ ထိပ်ထက်၌ ကောင်းစွာ တည်နေလေ၏။

၇၆။ အစဉ်စောင့်ရှောက်ခြင်း ရှိတော်မူသည်ဖြစ်၍ သနားခြင်းရှိတော်မူသော လောက ထက် မြတ်သည်ဖြစ်၍ ရှေ့ဆောင်ဖြစ်တော်မူသော မြတ်စွာဘုရားသည် ရဟန်းသံဃာ၌ ထိုင်နေတော်မူ၍ ဤဆိုမည့် ဂါထာတို့ကို မိန့်တော်မူ၏—

၇၇။ အကြင်သူသည် နှလုံးမွေ့လျော်ဖွယ်ရှိသော တန်ဆာဆင်အပ်သော ဤထီးကို ပေး လှူခဲ့၏၊ ထိုသူသည် ထိုစိတ်၏ ကြည်လင်ခြင်းကြောင့် ဒုဂ္ဂတိဘုံသို့ မရောက်ရလတ္တံ့။

၇၈။ နတ်တို့၌ နတ်မင်းအဖြစ်ကိုလည်း ခုနစ်ကြိမ်ပြုရလတ္တံ့၊ စကြဝတေးမင်းလည်း သုံး ဆယ့်နှစ်ကြိမ် ဖြစ်လတ္တံ့။

၇၉။ ကမ္ဘာတသိန်းထက်၌ ဩက္ကာကမင်းမျိုး၌ ဖြစ်၍ အနွယ်အားဖြင့် ဂေါတမအမည်ရှိ သော မြတ်စွာဘုရားသည် လောက၌ ပွင့်တော်မူလတ္တံ့။

၈၀။ ထိုဂေါတမ မြတ်စွာဘုရား၏ တရားတော်တို့၌ အမွေခံလျက် တရားဖြင့် ဖန်ဆင်းအပ် သော သားတော်ရဟန္တာဖြစ်၍ အာသဝတရား ခပ်သိမ်းတို့ကို ပိုင်းခြား သိပြီးနောက် ပရိနိဗ္ဗာန် ပြုလတ္တံ့ (ဟု မိန့်တော်မူ၏)။

၈၁။ ငါသည် မြတ်စွာဘုရား၏ ကောင်းစွာ မြွက်ဆိုအပ်သော စကားသံကို သိသဖြင့် ကြည်လင်ဝမ်းမြောက်သော စိတ်ရှိသည်ဖြစ်၍ ရွှင်ပျခြင်းကို လွန်စွာ ဖြစ်စေခဲ့၏။

၈၂။ ငါသည် လူ့ဘဝကိုစွန့်၍ နတ်ဘဝသို့ရောက်ခဲ့၏၊ ငါ၏မြတ်သောဗိမာန်သည် အထက် သို့ စွင့်စွင့်တက်၏၊ နှလုံးမွေ့လျော်ဖွယ်လည်း ရှိ၏။

၈၃။ ဗိမာန်မှထွက်သောငါ့ိုအား ထီးဖြူသည် ဆောင်းမိုး၏၊ ထိုအခါ ငါသည် (ရှေးက ထီးလှူခဲ့သော) အမှတ်သညာကို ရခဲ့၏၊ ဤသို့ဖြစ်ရခြင်းသည် (ပန်းထီးလှူခဲ့သော) ရှေး ကောင်းမှုကံ၏ အကျိုးပေတည်း။

၈၄။ ငါသည် နတ်ပြည်မှ စုတေခဲ့၍ လူအဖြစ်သို့လည်း ရောက်ခဲ့၏၊ ဤဘဒ္ဒကမ္ဘာမှ ကမ္ဘာခုနစ်ရာထက်၌ စကြဝတေးမင်းတို့သည် သုံးဆယ့်ခြောက်ကြိမ်တိုင်တိုင် ဖြစ်ခဲ့ဘူးကုန်၏။

၈၅။ ထိုကိုယ်မှ စုတေ၍ တာဝတိံသာနတ်ပြည်သို့ ရောက်လာခဲ့၏၊ အစဉ်အားဖြင့် ကောင်းစွာ ကျင်လည်ပြီးနောက် လူ့ပြည်သို့ တဖန်ရောက်လာပြန်၏။

၈၆။ အမိဝမ်းသို့ သက်ဝင်သော ငါ့ကို(လူတို့သည်) ထီးဖြူကို ဆောင်းမိုးကုန်၏၊ ငါသည် မွေးဖွား၍ ခုနစ်နှစ်သားရှိလတ်သော် ရဟန်းဘောင်၌ ရဟန်းပြု၏။

http://www.dhammadownload.com



၉၇။ ဗေဒင်ပါရဂူဖြစ်သော အမည်အားဖြင့် သုနန္ဒဟု ထင်ရှားသော ထိုပုဏ္ဏားသည် ဖလ်ထီးကို ယူပြီးလျှင် လက်ယာရံ အဂ္ဂသာဝကဖြစ်သော အသျှင်သာရိပုတြာအား ပေးလှူ၏။

၉၈။ ကြီးမားသော လွန်လဝီရိယရှိတော်မူသော မြတ်သောစကားကို ဆိုတော်မူတတ်သော အသျှင်သာရိပုတြာသည် အနုမောဒနာ ပြုတော်မူ၏၊ ငါသည် ထိုအသျှင်သာရိပုတြာ၏ အနုမောဒနာတရားကို ကြားနာရသဖြင့် ရှေးကောင်းမှုကံကို အောက်မေ့ခဲ့၏။

၉၉။ ငါသည် လက်အုပ်ချီလျက် မိမိစိတ်ကို ကြည်လင်စေခဲ့၏၊ ရှေးကောင်းမှုကံကို အောက်မေ့၍ အရဟတ္တဖိုလ်သို့ ရောက်၏။

၁၀၀။ ထိုနေရာ၌ထ၍ ဦးခေါင်း၌ လက်အုပ်ချီလျက် မြတ်စွာဘုရားကို အလွန်ရိုသေစွာ ရှိခိုးပြီးလျှင် ဤဆိုမည့်စကားကို မြွက်ဆိုလျှောက်ထား၏—

၁၀၁။ ဤဘဒ္ဒကမ္ဘာမှ ကမ္ဘာတသိန်းထက်၌ လောက၌ အမြတ်ဆုံးဖြစ်တော်မူသော လောကသုံးပါးကို သိတော်မူသော ပေးလှူဖွယ်ပစ္စည်းဝတ္ထုတို့ကို ခံယူတော်မူထိုက်သော ပဒုမုတ္တရမြတ်စွာဘုရားသည် (ပွင့်တော်မူ၏)။

၁၀၂။ တပည့်တော်သည် ထိုမြတ်စွာဘုရားအား ကောင်းစွာ တန်ဆာဆင်အပ်သော ဆန်းကြယ်သောထီးကို ပေးလှူခဲ့၏၊ ပုဂ္ဂိုလ်မြတ်ဖြစ်တော်မူသော မြတ်စွာဘုရားသည် လက်နှစ်ဖက်တို့ဖြင့် ခံယူတော်မူခဲ့ပါ၏။

၁၀၃။ မြတ်စွာဘုရားသည် အံ့ဖွယ်ရှိပါပေစွ၊ တရားတော်သည် အံ့ဖွယ်ရှိပါပေစွ၊ ငါတို့အား မြတ်စွာဘုရား၏ ပြည့်စုံခြင်းတို့သည် အံ့ဖွယ်ရှိပါပေစွ၊ တပည့်တော်သည် ထီးတလက်ကို လှူသဖြင့် ဒုဂ္ဂတိဘုံသို့ (ကမ္ဘာတသိန်းပတ်လုံး)မရောက်ခဲ့ရပါ။

၁၀၄။ တပည့်တော်သည် ကိလေသာတို့ကို ရှို့မြိုက်လောင်ကျွမ်းစေအပ်ပါပြီ၊ ခပ်သိမ်းသော ဘဝတို့ကို ပယ်နုတ်အပ်ပါပြီ၊ အာသဝခပ်သိမ်းတို့ကို ပိုင်းခြားသိပြီး၍ အာသဝကင်းကွာ ရဟန္တာဖြစ်လျက် နေရပါ၏။

၁၀၅။ လေးပါးသော ပဋိသမ္ဘိဒါတို့ကိုရှင်း ရှစ်ပါးသော ဤဝိမောက္ခတို့ကိုရှင်း ခြောက်ပါးသော အဘိညာဉ်တို့ကိုရှင်း မျက်မှောက်ပြုအပ်ပါကုန်ပြီ၊ မြတ်စွာဘုရား၏ အဆုံးအမတော်ကို လိုက်နာကျင့်သုံးပြီးပါပြီ။

ဤသို့လျှင် အသျှင်သပရိဝါရဆတ္တဒါယကမထေရ်သည် ဤဂါထာတို့ကို မိန့်ဆိုတော်မူ၏။

**ဆယ်ခုမြောက် သပရိဝါရဆတ္တဒါယကတ္ထေရအပဒါန် ပြီး၏။**

**သုံးဆယ့်သုံးခုမြောက် ဥမာပုပ္ဖိယဝဂ် ပြီး၏။**

http://www.dhammadownload.com

# ၃၄—ဂန္ဓောဒကဝဂ်

## ၁-ဂန္ဓဓူပိယတ္ထေရအပဒါန်

၁။ ငါသည် သိဒ္ဓတ္ထမြတ်စွာဘုရားအား မုလေးပန်းတို့ဖြင့် ပုံးလွှမ်းလျက် မြတ်စွာဘုရားအား လျောက်ပတ်သော ထိုနံ့သာအခိုးအထုံကို ပေးလှူခဲ့၏။

၂။ အဘိုးထိုက်တန်သော ရွှေစင်နှင့်တူတော်မူသော သတ္တဝါအပေါင်းကို မြတ်သောနိဗ္ဗာန်သို့ ပို့ဆောင်တော်မူတတ်သော သက်ဘန်ကဲ့သို့ ထွန်းလင်းတောက်ပတော်မူသော မီးစာကဲ့သို့ ရဲရဲတောက်ပတော်မူသော—

၃။ ကျားမင်း နွားလားဥသဘကဲ့သို့ မြတ်တော်မူသော ခြင်္သေ့မင်းကဲ့သို့ အမျိုးကောင်းတော်မူသော ရဟန်းအပေါင်းခြံရံလျက် နေတော်မူသော ရဟန်းတို့ထက် မြတ်သော မြတ်စွာဘုရားကို ဖူးမြင်ရ၏။

၄။ ငါသည် မြတ်စွာဘုရားကို ဖူးမြင်ရသဖြင့် စိတ်ကို ကြည်လင်စေပြီးလျှင် လက်အုပ်ချီလျက် မြတ်စွာဘုရား၏ ခြေတော်တို့ကို ရှိခိုး၍ မြောက်အရပ်သို့ ရှေးရှုသွားခဲ့၏။

၅။ ဤဘဒ္ဒကမ္ဘာမှ ကိုးဆယ့်လေးကမ္ဘာထက်၌ နံ့သာကို ပေးလှူခဲ့ရသော အခါမှစ၍ အပါယ်လေးပါး လားရသည်ကို မသိစဘူးပေ၊ ဤသို့ဖြစ်ရခြင်းသည် နံ့သာကို ပူဇော်ရခြင်း၏ အကျိုးပေတည်း။

၆။ လေးပါးသော ပဋိသမ္ဘိဒါတို့ကိုငြင်း ရှစ်ပါးသော ဤဝိမောက္ခတို့ကိုငြင်း ခြောက်ပါးသော အဘိညာဉ်တို့ကိုငြင်း မျက်မှောက်ပြုအပ်ပါကုန်ပြီ၊ မြတ်စွာဘုရား၏ အဆုံးအမတော်ကို လိုက်နာကျင့်သုံးပြီးပါပြီ။

ဤသို့လျှင် အသျှင်ဂန္ဓဓူပိယမထေရ်သည် ဤဂါထာတို့ကို မိန့်ဆိုတော်မူ၏။

ရှေးဦးစွာသော ဂန္ဓဓူပိယတ္ထေရအပဒါန် ပြီး၏။

## ၂-ဥဒကပူဇကတ္ထေရအပဒါန်

၇။ ထောပတ်မီးစာကဲ့သို့ ထွန်းတောက်ပတော်မူသော မီးစာကဲ့သို့ ရဲရဲတောက်ပတော်မူသော ကောင်းကင်၌ ကြွသွားတော်မူသော ရွှေအဆင်းနှင့် တူသောအဆင်းရှိတော်မူသော မြတ်စွာဘုရားကို (ဖူးမြင်ရ၏)။

၈။ ငါသည် လက်ဖြင့် ရေကိုယူပြီးလျှင် ကောင်းကင်၌ ကြဲမြှောက်(ပူဇော်)ခဲ့၏၊ ကြီးမားသော လုံ့လရှိတော်မူသော သနားခြင်းရှိတော်မူသော သီလစသော ဂုဏ်ကျေးဇူးကို ရှာမှီးတော်မူသော မြတ်စွာဘုရားသည် အလှူခံတော်မူ၏။

၉။ ပဒုမုတ္တရအမည်ရှိသော မြတ်စွာဘုရားသည် ကောင်းကင်၌ ရပ်တည်တော်မူလျက် ငါ၏ စိတ်အကြံကို သိတော်မူ၍ ဤဆိုမည့်ဂါထာကို မိန့်တော်မူ၏—

http://www.dhammadownload.com



၁၀။ (ဤသူသည်) ဤရေအလှူကြောင့်ရင်း နှစ်သက်မှု'ပီတိ' ဖြစ်ခြင်းကြောင့်ရင်း ကမ္ဘာတသိန်း ပတ်လုံးလည်း ဒုဂ္ဂတိဘုံသို့ မလားရလတ္တံ့။

၁၁။ အခြေနှစ်ချောင်းရှိသူ နတ်လူတို့ကို အစိုးရတော်မူသော လောက၏ အကြီးအမှူး ဖြစ်တော်မူသော လူတို့ထက် မြတ်တော်မူသော မြတ်စွာဘုရား အကျွန်ုပ်သည် ထိုကောင်းမှုကြောင့် အနိုင် အရှုံး (အောင်ခြင်း ရှုံးခြင်း)ကို ပယ်စွန့်၍ ရွေ့ရှားခြင်း မရှိသော နိဗ္ဗာန်သို့ ရောက်ရပါလို၏။

၁၂။ ခြောက်ဆယ့်ငါးကမ္ဘာထက်၌ သမုဒ္ဒရာလေးစင်း အဆုံးရှိကုန်သော လူတို့ကို အစိုးရကုန်သော သဟာဿရာဇအမည်ဖြင့် စကြဝတေးမင်းတို့သည် သုံးကြိမ်တိုင်တိုင် ဖြစ်ဘူးကုန်၏။

၁၃။ လေးပါးသော ပဋိသမ္ဘိဒါတို့ကိုရင်း ရှစ်ပါးသော ဤဝိမောက္ခတို့ကိုရင်း ခြောက်ပါးသော အဘိညာဉ်တို့ကိုရင်း မျက်မှောက်ပြုအပ်ပါကုန်ပြီ၊ မြတ်စွာဘုရား၏ အဆုံးအမတော်ကို လိုက်နာကျင့်သုံးပြီးပါပြီ။

ဤသို့လျှင် အသျှင်ဥဒကပူဇကမထေရ်သည် ဤဂါထာတို့ကို မိန့်ဆိုတော်မူ၏။

နှစ်ခုမြောက် ဥဒကပူဇကတ္ထေရအပဒါန် ပြီး၏။

---

### ၃-ပုန္နာဂပုပ္ဖိယတ္ထေရအပဒါန်

၁၄။ ငါသည် ငှက်တို့ တွန်မြူးရာဖြစ်သော တောသို့ သက်ဝင်လျက် မုဆိုးဖြစ်၍ နေ၏၊ ပွင့်သော ပုန်းညက်ပင်ကို မြင်သဖြင့် ဘုရားမြတ်ကို အောက်မေ့ခဲ့၏။

၁၅။ ထိုကောင်းသော အနံ့ရှိသော ပုန်းညက်ပန်းကို ဆွတ်ခူး၍ တင့်တယ်စွာ သီကုံးလျက် သဲပုံစေတီ ပြုပြီးလျှင် မြတ်စွာဘုရားအား တင်လှူ ပူဇော်ခဲ့၏။

၁၆။ ဤဘဒ္ဒကမ္ဘာမှ ကိုးဆယ့်နှစ်ကမ္ဘာထက်၌ ပန်းကိုပူဇော်ခဲ့ရသော အခါမှစ၍ အပါယ်လေးပါး လားရသည်ကို မသိစဘူးပေ၊ ဤသို့ ဖြစ်ရခြင်းသည် မြတ်စွာဘုရားအား ပန်းပူဇော်ရခြင်း၏ အကျိုးပေတည်း။

၁၇။ ဤဘဒ္ဒကမ္ဘာမှ ကိုးဆယ့်တကမ္ဘာထက်၌ ရတနာခုနစ်ပါးတို့နှင့် ပြည့်စုံသည်ဖြစ်၍ များမြတ်သည့် ဗိုလ်ပါအင်အားရှိသော တမောနုဒ စကြဝတေးမင်း တကြိမ် ဖြစ်ခဲ့၏။

၁၈။ လေးပါးသော ပဋိသမ္ဘိဒါတို့ကိုရင်း ရှစ်ပါးသော ဤဝိမောက္ခတို့ကိုရင်း ခြောက်ပါးသော အဘိညာဉ်တို့ကိုရင်း မျက်မှောက်ပြုအပ်ပါကုန်ပြီ၊ မြတ်စွာဘုရား၏ အဆုံးအမတော်ကို လိုက်နာကျင့်သုံးပြီးပါပြီ။

ဤသို့လျှင် အသျှင် ပုန္နာဂပုပ္ဖိယမထေရ်သည် ဤဂါထာတို့ကို မိန့်ဆိုတော်မူ၏။

သုံးခုမြောက် ပုန္နာဂပုပ္ဖိယတ္ထေရအပဒါန် ပြီး၏။

http://www.dhammadownload.com



## ၄-ကေဒုဿဒါယကတ္ထေရအပဒါန်

၁၉။ ငါသည် ဟံသာဝတီမြို့၌ မြက်ထမ်းသမား ဖြစ်ခဲ့၏၊ မြက်ထမ်းသဖြင့် အသက်မွေးရ၏၊ ထိုမြက်ထမ်းခြင်း အမှုဖြင့်ပင် သားမယားတို့ကို လုပ်ကျွေးရ၏။

၂၀။ တရားအလုံးစုံတို့ကို ဆုံးခန်းတိုင်ရောက် သိမြင်တော်မူသော လူတို့၏ ရှေ့သွားဖြစ်တော်မူသော ပဒုမုတ္တရမည်သော မြတ်စွာဘုရားသည် ကိလေသာအမိုက်တိုက်ကို ဖျက်ဆီး၍ ပွင့်တော်မူ၏။

၂၁။ ထိုအခါ ငါသည် မိမိနေအိမ်၌ နေ၍ ဤသို့ ကြံစည်ခဲ့၏၊ လောက၌ မြတ်စွာဘုရားသည် ကောင်းစွာ ပွင့်တော်မူ၏၊ ငါ့အား လှူဖွယ်ဝတ္ထုသည်လည်း မရှိချေ။

၂၂။ ငါ့အား ဤပုဆိုး တထည်သာ ရှိ၏၊ ငါ့အား ပေးမည့်သူ တစုံတယောက်မျှ မရှိချေ၊ ငရဲ၏ အတွေ့သည် ဆင်းရဲလှပေ၏၊ မြတ်သော အလှူမျိုးစေ့ကို စိုက်ပျိုးတော့အံ့။

၂၃။ ငါသည် ဤသို့ ကြံစည်၍ မိမိစိတ်ကို ကြည်လင်စေခဲ့၏၊ (ထို့နောက်) တထည်တည်းသော ပုဆိုးကို ယူ၍ ငါသည် ဘုရားမြတ်အား လှူဒါန်းခဲ့၏။

၂၄။ တထည်သော ပုဆိုးကို ပေးလှူပြီး၍ ကြွေးကြော်သံကို ဖြစ်စေခဲ့၏၊ရဲရင့်သောလုံ့လ ရှိတော်မူသော မြတ်စွာဘုရား အရှင်ဘုရားသည် အကယ်၍ ဘုရားစင်စစ် ဖြစ်တော်မူပါလျှင် အကျွန်ုပ်ကို ကယ်တင်တော်မူပါဘုရား။

၂၅။ လောကသုံးပါးကို သိတော်မူသော ပေးလှူဖွယ် ပစ္စည်းတို့ကို အလှူခံတော်မူထိုက်သော ပဒုမုတ္တရမြတ်စွာဘုရားသည် ငါ၏ အလှူကို ချီးကျူးတော်မူလျက် ငါ့အား အနုမောဒနာ ပြုတော်မူ၏။

၂၆။ ဤပုဆိုးတထည်ကို လှူရခြင်းကြောင့်၎င်း စေတနာ ဆုတောင်းခြင်းတို့ကြောင့်၎င်း ကမ္ဘာတသိန်းကာလပတ်လုံး ပျက်စီး၍ ကျရာ အပါယ်သို့ မရောက်ရလတ္တံ့။

၂၇။ သုံးဆယ့်ခြောက်ကြိမ် သိကြားမင်းဖြစ်၍ နတ်မင်းအဖြစ်ကို ပြုရလတ္တံ့၊ စကြဝတေးမင်းလည်း သုံးဆယ့်သုံးကြိမ် ဖြစ်လတ္တံ့၊ ပြန့်ပြောသော ပဒေသရာဇ်မင်း အဖြစ်သည်ကား ဂဏန်းသင်္ချာအားဖြင့် မရေတွက်နိုင်။

၂၈။ သင်သည် နတ်ပြည်၌ ဖြစ်စေ လူ့ပြည်၌ ဖြစ်စေ ဘဝ၌ ကျင်လည်ရသည်ရှိသော် အဆင်းလှသောသူ ဂုဏ်နှင့် ပြည့်စုံသောသူ မကိုင်းမညွတ်သော ကိုယ်ရှိသောသူသည် ဖြစ်လတ္တံ့၊ သူတပါးတို့ မလှုပ်ချောက်ချားနိုင်သော မနှိုင်းယှဉ်နိုင်သော ပုဆိုးသည် အလိုရှိတိုင်း (သင့်အား)ဖြစ်လတ္တံ့။

၂၉။ ဤစကားကို မိန့်တော်မူပြီးလျှင် မြဲမြံသော သမာဓိ ရှိတော်မူသော ပဒုမုတ္တရမြတ်စွာဘုရားသည် ကောင်းကင်၌ ဟင်္သာမင်းကဲ့သို့ ကောင်းကင်သို့ တက်ကြွတော်မူ၏။

၃၀။ ကပ်ရောက်ရတိုင်းသော နတ်ဇာတ်ဖြစ် လူ့အဖြစ်ဟူသမျှတို့၌ ရ၏၊ (ထိုအခါ) ငါ့အား စည်းစိမ်၌ ယုတ်လျော့ခြင်း မရှိချေ၊ ဤသို့ ဖြစ်ရခြင်းသည် တထည်သော ပုဆိုးကို လှူရခြင်း၏ အကျိုးပေတည်း။

http://www.dhammadownload.com



၃၁။ ငါ၏ ခြေလှမ်းတိုင်း ခြေလှမ်းတိုင်း၌ ပုဆိုးတထည်သည် ဖြစ်ပေါ်၏၊ ငါသည် အောက်က ပုဆိုးပေါ်၌ ရပ်တည်၏၊ ငါ၏ အထက်၌ အမိုးသည် ဖြစ်ပေါ်၏။

၃၂။ ငါသည် ယခုအလိုရှိခဲ့လျှင် တောနှင့်တကွ တောင်နှင့်တကွသော စကြဝဠာကို ဒေစ ပြု၍ ပုဆိုးတို့ဖြင့် ဖုံးလွှမ်းနိုင်ရာ၏။

၃၃။ ထိုပုဆိုးတထည်ကို လှူရခြင်းကြောင့်သာလျှင် ဘဝကြီးငယ်၌ ကျင်လည်ရသည်ရှိသော် ရွှေအဆင်းနှင့်တူသော အဆင်းရှိသည်ဖြစ်၍ ဘဝကြီးငယ်၌ ကျင်လည်ရ၏။

၃၄။ တထည်သောပုဆိုး၏ အကျိုးသည် တစုံတခုသောဘဝ၌ ကုန်ခြင်းသို့မရောက်၊ ငါ၏ ဤဘဝသည် အဆုံးစွန်သော ဘဝပေတည်း၊ ဤအဆုံးစွန်သော ဘဝ၌လည်း ငါ့အား အကျိုး ပေး၏။

၃၅။ ဤဘဒ္ဒကမ္ဘာမှ ကမ္ဘာတသိန်းထက်၌ ပုဆိုးကို ပေးလှူခဲ့ရသောအခါမှစ၍ အပါယ် လေးပါး လားရသည်ကို မသိစဘူးပေ၊ ဤသို့ ဖြစ်ရခြင်းသည် ပုဆိုးတထည်ကို လှူရခြင်း၏ အကျိုးပေတည်း။

၃၆။ ငါသည် ကိလေသာတို့ကို ရှို့မြိုက်လောင်ကျွမ်းစေအပ်ကုန်၏၊ ဘဝအားလုံးကို ပယ်နုတ်အပ်ကုန်၏၊ ဆင်ပြောင်ကြီးသည် အန္နောင်အဖွဲ့ကို ဖြတ်၍ နေသကဲ့သို့ ငါသည် အာသဝကင်းကွာ ရဟန္တာဖြစ်လျက်နေရ၏။

၃၇။ လေးပါးသော ပဋိသမ္ဘိဒါတို့ကိုရှင်း ရှစ်ပါးသော ဤဝိမောက္ခတို့ကိုရှင်း ခြောက် ပါးသော အဘိညာဉ်တို့ကိုရှင်း မျက်မှောက်ပြုအပ်ပါကုန်ပြီ၊ မြတ်စွာဘုရား၏ အဆုံးအမ တော်ကို လိုက်နာကျင့်သုံးပြီးပါပြီ။

ဤသို့လျှင် အသျှင်ဂန္ဓောဒကမထေရ်သည် ဤဂါထာတို့ကို မိန့်ဆိုတော်မူ၏။

လေးခုမြောက် ဂန္ဓောဒကတ္ထေရအပဒါန် ပြီး၏။

---

## ၅-ဖုဿိတကမ္ပိယတ္ထေရအပဒါန်

၃၈။ ထိုအခါ လောက၏ အကြီးအမှူးဖြစ်တော်မူသော လူတို့ထက် မြတ်တော်မူသော ဝိပဿီမည်သော[၁] မြတ်စွာဘုရားသည် ရဟန္တာတို့နှင့် တကွ သံဃအရံ၌ နေတော်မူ၏။

၃၉။ လူတို့၌ ရှေ့သွားဖြစ်တော်မူသော ထိုဝိပဿီမြတ်စွာဘုရားသည်[၂] အရံတံခါးမှ ထွက် တော်မူ၍ တပည့်ရဟန္တာတသိန်းတို့နှင့်တကွ ရပ်တည်တော်မူ၏။

၄၀။ ငါသည် သစ်နက်ရေကို ဝတ်လျက် လျှော်တေသကန်းကိုလည်း ဆောင်၏၊ (ထိုအခါ) ငါသည် ပန်းနံ့သာရေကို ယူ၍ မြတ်စွာဘုရားထံသို့ ချဉ်းကပ်ခဲ့၏။

---

[၁-၂။] ဂါထာ ၃၈, ၃၉ တို့တွင် ဝိပဿီဘုရားဟု ပြပြီး ဂါထာ ၄၂ တွင် ပဒုမုတ္တရဟုဆို၏၊ သို့သော် ဂါထာ ၅၁ ၌ ကမ္ဘာတသိန်းထက် ဟု ဆိုသဖြင့် ပဒုမုတ္တရ ဘုရားက မှန်စရာအကြောင်းရှိ၏၊ ဝိပဿီဘုရားသည် ၉၁-ကမ္ဘာထက်၌ပွင့်သည်။

http://www.dhammadownload.com



၄၁။ ငါသည် မိမိစိတ်ကို ကြည်လင်စေပြီးလျှင် နှစ်သက်သည်ဖြစ်၍ လက်အုပ်ချီလျက် ပန်းနှံ့သာရေကို ယူကာ မြတ်စွာဘုရားကို သွန်းဖျန်းခဲ့၏။

၄၂။ ထိုကောင်းမှုကြောင့် ပဒုမုတ္တရမည်သော[၁] မြတ်စွာဘုရားသည် ငါ၏ ကောင်းမှုကို ချီးကျူးတော်မူ၍ အကြင်အလိုရှိရာ အရပ်သို့ ကြွတော်မူ၏။

၄၃။ နံ့သာရေပေါက်တို့သည် ငါးထောင်ရှိကုန်၏၊ ငါသည် ယင်းနံ့သာရေပေါက်တို့ဖြင့် မြတ်စွာဘုရားကို ပူဇော်ခဲ့၏၊ နှစ်ထောင့် ငါးရာသော နံ့သာရေပေါက်တို့နှင့် အမျှ နတ်မင်း အဖြစ်ကို ပြုခဲ့ရ၏။

၄၄။ ငါသည် နှစ်ထောင့်ငါးရာသော နံ့သာရေပေါက်တို့နှင့် အမျှ စကြဝတေးမင်းဖြစ်ခဲ့၏၊ ကြွင်းသော ကံကြောင့် အရဟတ္တဖိုလ်သို့ ရောက်၏။

၄၅။ ငါသည် နတ်မင်း လူမင်းဖြစ်ခဲ့ရသော အခါ၌ ငါ၏ အမည်သည် ဖုသိတ မည်သည် သာလျှင် ဖြစ်ခဲ့၏။

၄၆။ နတ်ဖြစ်သော်ငြားး ထိုမှတပါး လူဖြစ်သော်ငြား ငါ၏ထက်ဝန်းကျင်မှ တလံမျှလောက် သော အရပ်၌ နံ့သာမိုးပေါက်သည်သာလျှင် ရွာသွန်း၏။

၄၇။ ငါသည် ဘဝတို့ကို ခွါပစ်အပ်ကုန်၏၊ ငါသည် ကိလေသာတို့ကို ရှို့မြှိုက်လောင်ကျွမ်း စေအပ်ကုန်၏၊ ငါ့အား အာသဝအားလုံး ကုန်ခဲ့ပြီ၊ ဤသို့ ဖြစ်ရခြင်းသည် နံ့သာရေပေါက် (လှူရခြင်း)၏ အကျိုးပေတည်း။

၄၈။ ငါ၏ ကိုယ်သည် စန္ဒကူးအနံ့ကဲ့သို့ လှိုင်၏၊ ငါ၏ ကိုယ်မှ အနံ့သည် တကောသခွဲ တိုင်တိုင် လှိုင်၏။

၄၉။ ကောင်းမှုကံနှင့် ပြည့်စုံကုန်သော နတ်တို့၏ အနံ့ကို နမ်းရှူရခြင်းကြောင့် ဖုသိတ နတ်သားသည် နတ်ရနံ့ကို ကြိုင်လှိုင်စေလျက် ဤအရပ်သို့ ရောက်လာ၏ဟု (အခြား နတ်တို့ က) သိကုန်၏။

၅၀။ သစ်ခက် သစ်ရွက်ထင်းတို့သည်ငြား မြက်တို့သည်ငြား အခါခပ်သိမ်း ငါ၏ စိတ်အကြံ ကို သိသောကြောင့် ထိုသစ်ခက်စသည်တို့၏ အနံ့သည် တခဏခြင်း ပြည့်စုံလာ၏။

၅၁။ ဤဘဒ္ဒကမ္ဘာမှ ကမ္ဘာတသိန်းထက်၌[၁] စန္ဒကူးကို ပူဇော်ခဲ့၏၊ ထိုအခါမှစ၍ အပါယ် လေးပါး လားရသည်ကို မသိစဘူးပေ၊ ဤသို့ ဖြစ်ရခြင်းသည် နံ့သာရေပေါက် (လှူဒါန်း ရခြင်း)၏ အကျိုးပေတည်း။

၅၂။ လေးပါးသော ပဋိသမ္ဘိဒါတို့ကိုငြား ရှစ်ပါးသော ဤဝိမောက္ခတို့ကိုငြား ခြောက် ပါးသော အဘိညာဉ်တို့ကိုငြား မျက်မှောက်ပြုအပ်ပါကုန်ပြီ၊ မြတ်စွာဘုရား၏ အဆုံးအမ တော်ကို လိုက်နာကျင့်သုံးပြီးပါပြီ။

ဤသို့လျှင် အသျှင်ဖုသိတကမ္ဗိယမထေရ်သည် ဤဂါထာတို့ကို မိန့်ဆိုတော်မူ၏။

ငါးခုမြောက် ဖုသိတကမ္ဗိယတ္ထေရအပဒါန် ပြီး၏။

---

၁။ ဂါထာ ၃၈,၃၉ တို့တွင် ဝိပဿီဘုရားဟုပြပြီး ဂါထာ ၄၂ တွင် ပဒုမုတ္တရဟုဆို၏၊ သို့သော် ဂါထာ ၅၁ ၌ ကမ္ဘာတသိန်းထက် ဟု ဆိုသဖြင့် ပဒုမုတ္တရဘုရားက မှန်စရာ အကြောင်းရှိ၏၊ ဝိပဿီဘုရားသည် ၉၁-ကမ္ဘာထက်၌ပွင့်သည်။

http://www.dhammadownload.com



## ၆-ပဘာက်ရတ္တေရအပဒါန်

၅၃။ လောက၏ အကြီးအမှူးဖြစ်၍ တာဒိဂုဏ်နှင့် ပြည့်စုံတော်မူသော ပဒုမုတ္တရမြတ်စွာဘုရား၏ စေတီသည် သားရဲတိရစ္ဆာန်တို့ဖြင့် ရောပြွမ်းသော တော၌ ရှိ၏။

၅၄။ တစုံတယောက်သောသူသည် စေတီတော်ကို ရှိခိုးခြင်းငှါ မသွားဝံ့ချေ၊ စေတီသည် မြက်ထင်းနွယ်တို့ဖြင့် မြေးယှက်အပ်သည်ဖြစ်၍ ပျက်စီးလျက် ရှိ၏။

၅၅။ ထိုအခါ ငါသည် အမိအဖတို့ ကွယ်လွန်သဖြင့် တော၌ အမှုပြုလုပ်သောသူ ဖြစ်၏၊ တော၌ မြက်နွယ်ဘို့ဖြင့် မြေးယှက်လျက် ပျက်စီးသော စေတီတော်ကို တွေ့မြင်ရ၏။

၅၆။ ငါသည် မြတ်စွာဘုရား စေတီတော်ကို ဖူးမြင်ရ၍ ဘုရားမြတ်၏ ဤစေတီသည် တော၌ ပျက်စီးလျက်နေ၏ဟု ရိုသေလေးစားသောစိတ်ကို ဖြစ်စေခဲ့၏။

၅၇။ ဂုဏ်ရှိ ဂုဏ်မဲ့ကို သိသော ငါ့အား ဘုရားစေတီတော်ကို မသုတ်သင်မူ၍ အခြားအမှုကိစ္စကို အားထုတ်ခြင်းသည် မသင့်တော် မလျောက်ပတ်ချေ။

၅၈။ ငါသည် စေတီတော်၌ မြက်ထင်းကိုရင်း နွယ်ကိုရင်း သုတ်သင်၍ ရှစ်ကြိမ်တိုင်တိုင် ရှိခိုးပြီးလျှင် နောက်ဆုတ်လျက် သွားခဲ့၏။

၅၉။ ငါသည် ကောင်းစွာ ပြုအပ်သော ထိုကောင်းမှုကံကြောင့်ရင်း စေတနာတော်င့်တမူတို့ကြောင့်ရင်း လူ၌ ဖြစ်သော ကိုယ်ကို စွန့်၍ တာဝတိံသာ နတ်ပြည်သို့ ရောက်ခဲ့၏။

၆၀။ ထိုနတ်ပြည်၌ ငါ၏ကောင်းစွာ ပြုအပ်သော ဗိမာန်သည် ရွှေဖြင့်ပြီး၏၊ ပြိုးပြိုးပြက်ပြက် ထွက်သောအရောင်ရှိ၏၊ ယူဇနာခြောက်ဆယ်မြင့်၏၊ ယူဇနာသုံးဆယ်ကျယ်ပြန့်၏။

၆၁။ အကြိမ်ပေါင်း သုံးရာတိုင်တိုင်လည်း နတ်မင်းအဖြစ်ကို ပြုခဲ့၏၊ ငါသည် စကြဝတေးမင်း နှစ်ဆယ့်ငါးကြိမ်လည်း ဖြစ်ခဲ့၏။

၆၂။ ငါသည် ဘဝကြီးငယ်၌ ကျင်လည်သည်ရှိသော် ဥစ္စာစည်းစိမ်များစွာကို ရ၏၊ ငါ့အား စည်းစိမ်ဥစ္စာ၌ ယုတ်လျော့ခြင်းသည် မရှိ၊ ဤသို့ ဖြစ်ရခြင်းသည် (စေတီကို)သုတ်သင်ရခြင်း၏ အကျိုးပေတည်း။

၆၃။ ထမ်းစင်ဖြင့်ဖြစ်စေ ဆင်ကျောက်ကုန်းဖြင့် ဖြစ်စေ အလိုရှိရာအရပ်သို့ သွားတိုင်းသွားတိုင်းသော ငါ့အား တောသည် ကိုးကွယ်ရာ အဖြစ်ဖြင့် ပြီးစီး၏။

၆၄။ ငါသည် သစ်ငုတ်ကိုရင်း ဆူးကိုရင်း မျက်စိဖြင့် မတွေ့မြင်ရချေ၊ ကောင်းမှုကံနှင့် ယှဉ်သည်ဖြစ်၍ အလိုလိုသာလျှင် ဖဲသွားကုန်၏။

၆၅။ နူနာရင်း အိုင်းအနာရင်း ပွေးညှင်းနာရင်း ဝက်ရူးနာရင်း ခြေဖဝါးကွဲနာရင်း ဝဲနာရင်း ယားနာရင်း (ဤအနာတို့သည်) ငါ့အား မရှိကုန်၊ ဤသို့ ဖြစ်ရခြင်းသည် စေတီတော်ကို သုတ်သင်ရခြင်း၏ အကျိုးပေတည်း။

၆၆။ ဘုရားစေတီတော်ကို သုတ်သင်ခြင်းကြောင့် (ဆိုအပ်ခဲ့ပြီးသည်မှ) တပါးသော ဆိုကြွယ်သည် ငါ့အား ဖြစ်ပေါ်ခဲ့၏၊ ငါ၏ ကိုယ်၌ အဖုငယ်ပေါက်ရောက်သည်ကိုမျှ မသိရပေ။

http://www.dhammadownload.com



၆၇။ ဘုရားစေတီတော်၌ သုတ်သင်ခြင်းကြောင့် အခြားတပါးသော အံ့ဩဖွယ်သည် ငါ့အား ဖြစ်ပေါ်ခဲ့၏၊ နတ်ဘဝရင်း ထိုမှတပါး လူ့ဘဝရင်း ဤဘဝနှစ်ပါး၌ ကျင်လည်ရ၏။

၆၈။ ဘုရားစေတီတော်၌ သုတ်သင်ခြင်းကြောင့် ငါ့အား အခြားတပါးသော အံ့ဩဖွယ်သည်လည်း ဖြစ်ပေါ်ခဲ့၏၊ ငါသည် ခပ်သိမ်းသော ဘဝတို့၌ ရွှေအဆင်းနှင့်တူသော အဆင်းရှိသောသူ အရောင်ရှိသောသူ ဖြစ်ရပေ၏။

၆၉။ ဘုရားစေတီတော်၌ သုတ်သင်ခြင်းကြောင့် ငါ့အား အခြားတပါးသော အံ့ဩဖွယ်လည်း ဖြစ်ပေါ်ခဲ့၏၊ မနှစ်သက်ဖွယ်ဟူသမျှသည် ကင်းရှင်း၏၊ နှစ်သက်ဖွယ် ဟူသမျှသည် ကပ်၍တည်၏။

၇၀။ ဘုရားစေတီတော်၌ သုတ်သင်ခြင်းကြောင့် ငါ့အား အခြားတပါးသော အံ့ဩဖွယ်သည်လည်း ဖြစ်ပေါ်သေး၏၊ ငါ၏စိတ်သည် အထူးစင်ကြယ်၏၊ တခုတည်းသော အာရုံရှိသည်ဖြစ်၍ ကောင်းစွာတည်ကြည်၏။

၇၁။ ဘုရားစေတီတော်၌ သုတ်သင်ခြင်းကြောင့် ငါ့အား အခြားတပါးသော အံ့ဩဖွယ်သည်လည်း ဖြစ်ပေါ်သေး၏၊ တထိုင်တည်းဖြင့်နေ၍ အရဟတ္တဖိုလ်သို့ ရောက်ခဲ့၏။

၇၂။ ဤဘဒ္ဒကမ္ဘာမှ ကမ္ဘာတသိန်းထက်၌ (ဘုရားစေတီတော်၌) သုတ်သင်မှုကို ပြုခဲ့ရသောအခါမှစ၍ အပါယ်လေးပါး လားရသည်ကို မသိစဘူးပေ၊ ဤသို့ဖြစ်ရခြင်းသည် (ဘုရားစေတီအား) သုတ်သင်ရခြင်း၏ အကျိုးပေတည်း။

၇၃။ လေးပါးသော ပဋိသမ္ဘိဒါတို့ကိုရင်း ရှစ်ပါးသော ဤဝိမောက္ခတို့ကိုရင်း ခြောက်ပါးသော အဘိညာဉ်တို့ကိုရင်း မျက်မှောက်ပြုအပ်ပါကုန်ပြီ၊ မြတ်စွာဘုရား၏ အဆုံးအမတော်ကို လိုက်နာကျင့်သုံးပြီးပါပြီ။

ဤသို့လျှင် အသျှင်ပဘာက်ရမထေရ်သည် ဤဂါထာတို့ကို မိန့်ဆိုတော်မူ၏။

ခြောက်ခုမြောက် ပဘာက်ရထေရအပဒါန် ပြီး၏။

---

## ၇-တိဏကုဋိဒါယကထေရအပဒါန်

၇၄။ ငါသည် ဗန္ဓုမတီမြို့၌ သူတပါးအမှု၌ယှဉ်သည် သူတပါးထမင်းကို မှီသည်ဖြစ်၍ သူတပါး၏အမှုလုပ် အစေအပါးဖြစ်ခဲ့၏။

၇၅။ ထိုအခါ၌ ငါသည် ဆိတ်ငြိမ်ရာသို့ ကပ်ရောက်လျက် ထိုင်ပြီးလျှင် လောက၌ ဘုရားပွင့်တော်မူ၏၊ ငါ့အား ကုသိုလ်ကောင်းမှုလည်း မရှိချေ။

၇၆။ ငါ့အား ဘဝဂတိကို သုတ်သင်ရှင်းလင်းရန် အချိန်တန်ပြီ၊ ငါသည် နစမခဏကို ပြီးစေအပ်၏၊ ကောင်းမှုမရှိသော သတ္တဝါတို့အား ငရဲနှင့်တွေ့ရခြင်းသည် ဆင်းရဲလှပေ၏ဟု ဤသို့ကြံစည်ခဲ့၏။

၇၇။ ငါသည် ဤသို့ကြံစည်ပြီးလျှင် အလုပ်ရှင်ထံသို့ ချဉ်းကပ်၏၊ တရက်မျှအမှုကို (တရက်ခွင့်) တောင်းပန်ပြီး၍ ငါသည် တောသို့ဝင်ခဲ့၏။

http://www.dhammadownload.com



၇၇။ ထိုအခါ၌ ငါသည် မြက်ထင်းကိုရင်း နွယ်ကိုရင်း ဆောင်၍ တိုင်သုံးလုံးတို့ကို စိုက်ထားပြီးလျှင် မြက်မိုးကျောင်းကို ဆောက်လုပ်ခဲ့၏။

၇၉။ ငါသည် သံဃာတော်၏အကျိုးငှါ ထိုကျောင်းငယ်ကို အပ်နှင်းလှူဒါန်းပြီးလျှင် ထိုနေ့၌ပင်လျှင် ပြန်လာ၍ အလုပ်ရှင်ထံသို့ ချဉ်းကပ်ခဲ့၏။

၈၀။ ငါသည် ကောင်းစွာပြုအပ်သော ထိုကုသိုလ်ကံကြောင့် တာဝတိံသာနတ်ပြည်သို့ ရောက်ခဲ့၏၊ ထိုတာဝတိံသာနတ်ပြည်၌ ကောင်းစွာပြုအပ်သော ငါ၏ဗိမာန်ကို (လူ့ဘဝကလှူခဲ့သော)ကျောင်းငယ်ဖြင့် ကောင်းစွာ ဖန်ဆင်းအပ်၏။

၈၁။ မြားကျတထောင်ရှိ၏၊ ဘုံဆင့်တရာရှိ၏၊ များသော တံခွန်(အလံ)ရှိ၏၊ ရွှေဖြင့်ပြီး၏၊ တသိန်းသော နန်းဦးပြာသာဒ်ဆောင်တို့သည် ငါ၏ဗိမာန်၌ ထင်ရှား ဖြစ်ပေါ်ကုန်၏။

၈၂။ ကပ်ရောက်ရတိုင်းသော လူ့အဖြစ် နတ်အဖြစ်ဟူသမျှတို့၌ ငါ၏ စိတ်အကြံကို သိ၍ ပြာသာဒ်သည် တည်လာ၏။

၈၃။ ကြောက်ခြင်းသည်ရင်း ကိုယ်ခက်တရော်ရှိခြင်းသည်ရင်း ကြက်သီးမွေးညှင်းထခြင်းသည်ရင်း (ငါ့အား)မရှိချေ၊(ငါသည်)မိမိ၏ထိတ်လန့်ခြင်းကို မသိစဘူးပေ၊ ဤသို့ဖြစ်ရခြင်းသည် မြက်မိုးကျောင်းကို လှူရခြင်း၏ အကျိုးပေတည်း။

၈၄။ ခြသေ့် ကျားတို့သည်ရင်း သစ်တို့သည်ရင်း ဝံဝံပုလွေ အောင်းတို့သည်ရင်း ဤအလုံးစုံသော သားရဲတို့သည် ငါ့ကို ရှောင်ကွင်းကုန်၏၊ ဤသို့ဖြစ်ရခြင်းသည် မြက်မိုးကျောင်းကို လှူရခြင်း၏ အကျိုးပေတည်း။

၈၅။ မြွေ ကင်းသန်း တို့သည်ရင်း ဘုတ်ပြိတ္တာတို့သည်ရင်း နဂါး ကုမ္ဘဏ် ရက္ခိုသ်တို့သည်ရင်း ထိုသတ္တဝါတို့သည်လည်း ငါ့ကို ရှောင်ကွင်းကုန်၏၊ ဤသို့ဖြစ်ရခြင်းသည် မြက်မိုးကျောင်းကို လှူရခြင်း၏အကျိုးပေတည်း။

၈၆။ ငါသည် ငါ၏မကောင်းသော အိပ်မက်မြင်မက်ခြင်းကို အမှတ်မရချေ၊ ငါ့အား သတိသည် ထင်လာ၏၊ ဤသို့ဖြစ်ရခြင်းသည် မြက်မိုးကျောင်းကို လှူရခြင်း၏ အကျိုးပေတည်း။

၈၇။ ငါသည် ထိုမြက်မိုးကျောင်းကို လှူရခြင်းကြောင့်သာလျှင် စည်းစိမ်ချမ်းသာတို့ကို ခံစားရပြီးနောက် ဂေါတမမြတ်စွာဘုရား၏ တရားတော်ကို မျက်မှောက်ပြုရ၏။

၈၈။ ဤဘဒ္ဒကမ္ဘာမှ ကိုးဆယ့်တကမ္ဘာထက်၌ ကောင်းမှုကံကို ပြုခဲ့ရသောအခါမှစ၍ အပါယ်လေးပါး လားရသည်ကို မသိစဘူးပေ၊ ဤသို့ဖြစ်ရခြင်းသည် မြက်မိုးကျောင်းကို လှူရခြင်း၏ အကျိုးပေတည်း။

၈၉။ လေးပါးသော ပဋိသမ္ဘိဒါတို့ကိုရင်း ရှစ်ပါးသော ဤဝိမောက္ခတို့ကိုရင်း ခြောက်ပါးသော အဘိညာဉ်တို့ကိုရင်း မျက်မှောက်ပြုအပ်ပါကုန်ပြီ၊ မြတ်စွာဘုရား၏ အဆုံးအမတော်ကို လိုက်နာကျင့်သုံးပြီးပါပြီ။

ဤသို့လျှင် အသျှင်တိဏကုဋိဒါယကမထေရ်သည် ဤဂါထာတို့ကို မိန့်ဆိုတော်မူ၏။

တိဏကုဋိဒါယကထေရာပဒါန် ပြီး၏။

http://www.dhammadownload.com



## ၈-ဥတ္တရေယျဒါယကတ္ထေရအပဒါန်

၉၀။ ထိုအခါ ငါသည် ဟံသာဝတီမြို့၌ ဗေဒင်ကို သရဇ္ဈာယ်သော ဗေဒင်ကို ဆောင်သော ဗေဒင်သုံးပုံတို့၌ တဖက်ကမ်းရောက် ထက်မြက်သော ပုဏ္ဏားဖြစ်ခဲ့၏။

၉၁။ ထိုအခါ ဇာတ်နှင့်ပြည့်စုံသော ကောင်းစွာသင်အပ်ပြီးသော အတတ်ရှိသော ငါသည် တပည့်အပေါင်းခြံရံလျက် ရေသွန်းအံ့သောငှါ မြို့မှ ထွက်ခဲ့၏။

၉၂။ တရားအားလုံးတို့ကို တဖက်ကမ်းရောက် သိမြင်တော်မူသော မာရ်ငါးပါးကို အောင်မြင်တော်မူသော ပဒုမုတ္တရမြတ်စွာဘုရားသည် ရဟန္တာတထောင်တို့နှင့်တကွ မြို့သို့ ဝင်တော်မူ၏။

၉၃။ အလွန်တင့်တယ်သောအဆင်းရှိသော မတုန်မလှုပ် ငြိမ်သက်အောင် ဆုံးမပြီးသော ဆင်ကိုမြင်၍ စိတ်ကိုကြည်လင်စေသကဲ့သို့ ငါသည် ရဟန္တာတို့ဖြင့် ခြံရံအပ်သော မြတ်စွာဘုရားကို ဖူးမြင်ရသဖြင့် စိတ်ကို ကြည်လင်စေခဲ့၏။

၉၄။ ငါသည် ဦးခေါင်း၌ လက်အုပ်ချီလျက် ကောင်းသော အကျင့်ရှိတော်မူသော မြတ်စွာဘုရားကို ရှိခိုးပြီးလျှင် ကြည်လင်ဝမ်းမြောက်သော စိတ်ရှိသည်ဖြစ်၍ အပေါ်ရုံ အဝတ်ကို ပေးလှူခဲ့၏။

၉၅။ ငါသည် လက်နှစ်ဖက်တို့ဖြင့် ယူ၍ အဝတ်ကို ပစ်မြှောက်လှူဒါန်းခဲ့၏၊ ထိုအခါ အဝတ်သည် ဘုရားပရိသတ်ရှိသလောက် ဖုံးလွှမ်းလေ၏။

၉၆။ ထိုအခါ (ပစ်မြှောက်လိုက်သောအဝတ်သည်) များစွာသော ရဟန်းအပေါင်းကို ခေါ်ဆောင်လျက် ဆွမ်းခံလှည့်လည်တော်မူသော မြတ်စွာဘုရား၏(အပေါ်၌) အမိုးပြုကာ ငါ့အား ရွှင်လန်းစေလျက် တည်နေလေ၏။

၉၇။ အလိုလိုပွင့်တော်မူ၍ အမြတ်ဆုံးပုဂ္ဂိုလ်ဖြစ်တော်မူသော မြတ်စွာဘုရားသည် လမ်း၌သာ ရပ်တော်မူလျက် အိမ်မှထွက်သောငါ့အား အနုမောဒနာပြုတော်မူ၏။

၉၈။ အကြင်သူသည် ကြည်လင်ဝမ်းမြောက်သောစိတ် ရှိသည်ဖြစ်၍ ငါဘုရားအား အဝတ်ကို ပေးလှူခဲ့၏၊ ထိုသူကို ငါဘုရား ဗျာဒိတ်စကား မြွက်ကြားတော်မူအံ့၊ မြွက်ကြားမည့် ငါဘုရား၏စကားကို နာကြကုန်လော့—

၉၉။ ထိုသူသည် ကမ္ဘာသုံးသောင်းတို့ကာလပတ်လုံး နတ်ပြည်၌ မွေ့လျော်ရလတ္တံ့၊ အကြိမ်ငါးဆယ် နတ်တို့ကို အစိုးရသူဖြစ်၍ နတ်မင်းအဖြစ်ကို ပြုရလတ္တံ့။

၁၀၀။ နတ်ပြည်၌နေသော ဘုန်းကံနှင့်ပြည့်စုံသောသူအား ထက်ဝန်းကျင်မှ ယူဇနာ တရာတိုင် အဝတ်အမိုးသည် ဖြစ်လတ္တံ့။

၁၀၁။ စကြာမင်းလည်း သုံးဆယ့်ခြောက်ကြိမ်ဖြစ်လတ္တံ့၊ ပြန့်ပြောများပြားသော ပဒေသရာဇ်မင်းအဖြစ်ကိုကား ဂဏန်းအားဖြင့် မရေတွက်နိုင်။

၁၀၂။ ဘဝကြီးငယ်၌ ကျင်လည်ရသော ဘုန်းကံနှင့်ပြည့်စုံသူအား အလုံးစုံစိတ်ဖြင့် တောင့်တအပ်သော အရာဝတ္ထုသည် ထောင့်တဆဲ့ကျော်၌ ဖြစ်ပေါ်လတ္တံ့။

http://www.dhammadownload.com



၁၀၃။ ဤသူသည် ပိုးပုဆိုး ကမ္ဗလာ(သားမွေး)ပုဆိုးတို့ကိုရင်း ခေါမတိုင်းဖြစ် ပုဆိုး ဝါချည်ပုဆိုးတို့ကိုရင်း အဘိုးများစွာထိုက်တန်ကုန်သော ပုဆိုးတို့ကိုရင်း ဝတ်ဆင်ရလတ္တံ့။

၁၀၄။ ဤသူသည် စိတ်ဖြင့် ဘောင့်တအပ်သော အရာဝတ္ထုအားလုံးကို ရလတ္တံ့၊ ပုဆိုးတထည်လှူဒါန်းရခြင်း၏အကျိုးကို အခါခပ်သိမ်း ခံစားရလတ္တံ့။

၁၀၅။ ထိုသူသည် နောက်၌ ရဟန်းပြုပြီးလျှင် ဖြူစင်သော ကုသိုလ်အကြောင်းရင်း သည် တိုက်တွန်းအပ်သည်ဖြစ်၍ ဂေါတမမြတ်စွာဘုရား၏သာသနာတော်၌ အရဟတ္တဖိုလ် တရားကို မျက်မှောက်ပြုရလတ္တံ့. (ဟု မြွက်ကြားတော်မူ၏)။

၁၀၆။ ငါ၏ ကောင်းစွာပြုအပ်သော ကုသိုလ်ကံသည် အံ့ဩဖွယ်ရှိပါပေစွ၊ ငါသည် ခပ်သိမ်းသောတရားတို့ကို သိတော်မူသော မြတ်စွာဘုရားအား ပုဆိုးတထည်ကို ပေးလှူ ခဲ့သောကြောင့် အမြိုက်နိဗ္ဗာန်သို့ ရောက်ရပေ၏။

၁၀၇။ မဏ္ဍပ်၌ရင်း သစ်ပင်အနီး၌ရင်း ဆိတ်ငြိမ်ရာအိမ်၌ရင်း နေသောငါ့အား ပတ်ဝန်းကျင်တလံမျှသောအရပ်၌ ပုဆိုးအမိုးသည် ဆောင်းမိုး၏။

၁၀၈။ ငါသည် သင်္ကန်းကိုရင်း ကြွင်းသောပစ္စည်းကိုရင်း မတောင်းမခံပဲ ဝတ်ရုံ သုံးဆောင်ရ၏၊ ဆွမ်းကိုရင်း အဖျော်ကိုရင်း ရ၏၊ ဤသို့ဖြစ်ရခြင်းသည် အပေါ်ရုံပုဆိုး အဝတ် လှူရခြင်း၏ အကျိုးပေတည်း။

၁၀၉။ ဤဘဒ္ဒကမ္ဘာမှ ကမ္ဘာတသိန်းထက်၌ ကောင်းမှုကို ပြုခဲ့ရသောအခါမှစ၍ အပါယ်လေးပါး လားရသည်ကို မသိစဘူးပေ၊ ဤသို့ဖြစ်ရခြင်းသည် ပုဆိုးအဝတ် လှူရ ခြင်း၏ အကျိုးပေတည်း။

၁၁၀။ လေးပါးသော ပဋိသမ္ဘိဒါတို့ကိုရင်း ရှစ်ပါးသော ဝိမောက္ခတို့ကိုရင်း ခြောက်ပါးသော အဘိညာဉ်တို့ကိုရင်း မျက်မှောက်ပြုအပ်ပါကုန်ပြီ၊ မြတ်စွာဘုရား၏ အဆုံးအမတော်ကို လိုက်နာကျင့်သုံးပြီးပါပြီ။

ဤသို့လျှင် အသျှင်ဥတ္တရေယျဒါယကမထေရ်သည် ဤဂါထာတို့ကို မိန့်ဆိုတော်မူ၏။

ရှစ်ခုမြောက် ဥတ္တရေယျဒါယကတ္ထေရအပဒါန် ပြီး၏။

---

## ၉-ဓမ္မသဝနိယတ္ထေရအပဒါန်

၁၁၁။ ခပ်သိမ်းသောတရားတို့ကို တဖက်ကမ်းရောက် သိမြင်တော်မူသော ပဒုမုတ္တရ မည်သော မြတ်စွာဘုရားသည် သစ္စာလေးပါးတရားကို ဖော်ပြတော်မူလျက် လူများ အပေါင်းကို ကယ်တင်တော်မူ၏။

၁၁၂။ ထိုအခါ၌ ငါသည် ထက်မြက်သောအကျင့်ရှိသော ဆံကျစ်ရသေ့ဖြစ်လျက် ရှိ၏၊ထိုအခါ လျှော်တေသင်္ကန်းတို့ကို ခါလျက် ကောင်းကင်၌ သွားနေ၏။

http://www.dhammadownload.com



၁၁၃။ ငါသည် ဘုရားမြတ်၏အထက်၌ သွားခြင်းငှါ မဝံ့ပေ၊ ငှက်တို့သည် ကျောက်တောင်သို့ရောက်လျှင် သွားခြင်းကို မရသကဲ့သို့ ထို့အတူ ငါသည် သွားခြင်းကို မရပေ။

၁၁၄။ ဣရိယာပုထ်၏ ဤသို့ ပျက်စီးခြင်းသည် ငါ့အား ရှေး၌ မဖြစ်ဘူးပေ၊ ရေ၌ ပေါ်၍ သွားသကဲ့သို့ ထို့အတူ ကောင်းကင်၌ ပေါ်၍ သွား၏။

၁၁၅။ မြတ်သောလူ့ပုဂ္ဂိုလ်သည် ငါတို့၏အောက်၌ (မုချ)ရှိသည် ဖြစ်လတ္တံ့၊ ယခု ငါသည် ထိုပုဂ္ဂိုလ်မြတ်ကို ရှာမှီးတော့အံ့၊ ငါသည် အကျိုးထူးကို ရသော်လည်း ရတန်ရာ၏။

၁၁၆။ ကောင်းကင်မှ သက်ဆင်းသည်ရှိသော် မမြဲသောတရားကို ဟောကြားလျက်ရှိသော မြတ်စွာဘုရား၏ အသံတော်ကို ကြားနာရ၏၊ ထိုအခါ၌ ငါသည် ထိုတရားတော်ကို သင်ယူခဲ့၏။

၁၁၇။ ငါသည် မမြဲသောအမှတ် 'အနိစ္စသညာ'ကို သင်ယူပြီးလျှင် ငါ၏သခ်မ်းကျောင်းသို့ သွားခဲ့၏၊ ငါသည် အသက်ထက်ဆုံးနေပြီး၍ ထိုသခ်မ်းကျောင်း၌ ကွယ်လွန်ခဲ့၏။

၁၁၈။ စုတိစိတ်ဖြစ်ခါနီးသောအခါ ထိုတရားနာခြင်းကို အမှတ်ရပေ၏၊ကောင်းစွာပြုအပ်ခဲ့သော ထိုကံကြောင့် ငါသည် တာဝတိံသာနတ်ပြည်သို့ ရောက်ခဲ့၏။

၁၁၉။ ငါသည် ကမ္ဘာသုံးသောင်းတို့ပတ်လုံး နတ်ပြည်၌ မွေ့လျော်ခဲ့၏၊ ငါးဆယ့်တကြိမ် နတ်မင်းအဖြစ်ကိုလည်း ပြုခဲ့ရ၏။

၁၂၀။ ငါသည်လည်း စကြဝတေးမင်း ခုနစ်ဆယ့်တကြိမ် ဖြစ်ခဲ့ဘူး၏၊ ပြန့်ပြောများပြားသော ပဒေသရာဇ်မင်းအဖြစ်သည်ကား ဂဏန်းအားဖြင့် မရေတွက်နိုင်။

၁၂၁။ ပွဲးများအပ်ပြီးသော ဣန္ဒြေရှိသောရဟန်းသည် အဖအိမ်၌နေ၍ ဂါထာဖြင့်ဖော်ပြလျက် အမြဲမရှိသောအဖြစ်ကို ဟောတော်မူ၏။

၁၂၂။ ငါသည် ဘဝကြီးငယ်၌ ကျင်လည်ရစဉ် ထိုမမြဲသော အမှတ်ကိုသာလျှင် အောက်မေ့၏၊ အဆုံးဘဝ၌ကား စုတေခြင်းမရှိသော အရိယာတို့သည် ရောက်အပ်သော နိဗ္ဗာန်ဟူသော အထွတ်အထိပ်ကို ထိုးထွင်း၍မသိ။

၁၂၃။ သင်္ခါရတရားတို့သည် စင်စစ် အမြဲမရှိကုန်၊ ဖြစ်ခြင်း ပျက်ခြင်း သဘောရှိကုန်၏၊ ဖြစ်ပြီး၍ ချုပ်ကုန်၏၊ ထိုသင်္ခါရတရားတို့၏ ချုပ်ငြိမ်းရာနိဗ္ဗာန်သည် ချမ်းသာ၏။

၁၂၄။ ဂါထာကို ကြားနာရသည်နှင့်တပြိုင်နက် ရှေးပြုခဲ့သောကံကို အမှတ်ရခဲ့၏၊ တထိုင်တည်းဖြင့်ပင် အရဟတ္တဖိုလ်သို့ ရောက်ခဲ့၏။

၁၂၅။ ငါသည် မွေးဖွားသည်မှ ခုနစ်နှစ်သာရှိလျက် အရဟတ္တဖိုလ်သို့ ရောက်၏၊ စက္ခုငါးပါးနှင့်ပြည့်စုံတော်မူသော မြတ်စွာဘုရားသည် (ငါ့)ဂုဏ်ကို သိတော်မူ၍ ရဟန်းပြုပေးတော်မူ၏။

http://www.dhammadownload.com



၁၂၆။ ငါသည် သူငယ်ဖြစ်ပါလျက် ပြုဖွယ်ကိစ္စကို ပြီးဆုံးစေခဲ့၏၊ ငါ့အား ယနေ့ မြတ်စွာဘုရားသာသနာတော်၌ ပြုဖွယ်ကိစ္စသည် အဘယ်မှာရှိတော့အံ့နည်း။

၁၂၇။ ဤဘဒ္ဒကမ္ဘာမှ ကမ္ဘာတသိန်းထက်၌ ကုသိုလ်ကောင်းမှုပြုခဲ့ရသော အခါမှ စ၍ အပါယ်လေးပါး လားရသည်ကို မသိစဘူးပေ၊ဤသို့ဖြစ်ရခြင်းသည် သူတော်ကောင်း တရားကို ကြားနာရခြင်း၏ အကျိုးပေတည်း။

၁၂၈။ လေးပါးသောပဋိသမ္ဘိဒါတို့ကိုရင်း ရှစ်ပါးသော ဤဝိမောက္ခတို့ကိုရင်း ခြောက် ပါးသော အဘိညာဉ်တို့ကိုရင်း မျက်မှောက်ပြုအပ်ပါကုန်ပြီ၊မြတ်စွာဘုရား၏ အဆုံးအမ တော်ကို လိုက်နာကျင့်သုံးပြီးပါပြီ။

ဤသို့လျှင် အသျှင်ဓမ္မသဝနိယမထေရ်သည် ဤဂါထာတို့ကို မိန့်ဆိုတော်မူ၏။

ကိုးခုမြောက် ဓမ္မသဝနိယတ္ထေရအပဒါန် ပြီး၏။

---

## ၁၀-ဥက္ခိတ္တပဒုမိယတ္ထေရအပဒါန်

၁၂၉။ ထိုအခါ ငါသည် ဟံသာဝတီမြို့၌ ပန်းသည်ဖြစ်ခဲ့၏၊ ပဒုမာကြာအိုင်သို့ သက်ဆင်းပြီးလျှင် ငါသည် ပွင့်ချပ်တရာရှိသော ပဒုမာကြာကို ဆွတ်ခူး၏။

၁၃၀-၁၃၁။ ခပ်သိမ်းသော တရားတို့ကို တဖက်ကမ်းရောက် သိမြင်တော်မူသော ယောကျ်ားမြတ်ဖြစ်တော်မူသော ထိုပဒုမုတ္တရ မြတ်စွာဘုရားသည် ငြိမ်သက်သော စိတ် ရှိကုန်သော တာဒိဂုဏ်နှင့်ပြည့်စုံကုန်သော ကိလေသာမှ စင်ကြယ်ကုန်သော အဘိညာဉ် ခြောက်ပါးရှိကုန်သော ရဟန္တာတသိန်းတို့နှင့်တကွ ငါ၏ ကြီးပွါးမှုကို ရှာမှီးတော် မူလို သည်ဖြစ်၍ ကြွလာတော်မူ၏။

၁၃၂၊ ထိုအခါ ငါသည် နတ်ထက် နတ်ဖြစ်တော်မူသော အလိုလိုဖြစ်တော်မူသော မြတ်စွာဘုရားကို မြင်သဖြင့် ပွင့်ချပ်တရာရှိသော ပဒုမာကြာပန်းကို အညှာ၌ ဖြတ်၍ ကောင်းကင်၌ ပစ်မြှောက်ပူဇော်ခဲ့၏။

၁၃၃။ ရဲရင့်တော်မူသော မြတ်စွာဘုရား အရှင်ဘုရားသည် လောက၏ အကြီး အမှူးဖြစ်၍ လူတို့ထက်မြတ်သော ဘုရားစင်စစ် အကယ်၍ ဖြစ်ခဲ့ပါမူ ပဒုမာကြာတို့သည် အလိုလိုသွားကုန်၍ အရှင်ဘုရား၏ ဦးထိပ်၌ ဆောင်းမိုးပါစေကုန်သတည်း။

၁၃၄။ လွှံ့လကြီးမားတော်မူ၍ လောက၏ အကြီးအမှူး ဖြစ်တော်မူသော မြတ်စွာ ဘုရားသည် အဓိဋ္ဌာန် (ဆောက်တည်) တော်မူ၏၊ မြတ်စွာဘုရား၏ အာနုဘော်တော် ကြောင့် ထိုကြာပန်းတို့သည် ဦးထိပ်၌ ဆောင်းမိုးလျက် ရှိ၏။

၁၃၅။ ငါသည် ကောင်းစွာပြုလုပ်ခဲ့သော ထိုကောင်းမှုကံကြောင့်ရင်း စေတနာ၏ တောင့်တမှုတို့ကြောင့်ရင်း လူ၌ဖြစ်သော ကိုယ်ခန္ဓာကို စွန့်၍ တာဝတိံသာဘုံသို့ ရောက်၏။

http://www.dhammadownload.com



၁၃၆။ ထိုတာ၀တိံသာနတ်ပြည်၌ ကောင်းစွာပြုအပ်သော ငါ၏ ဗိမာန်ကို သတ-ပတ္တ-ဟု ဆိုအပ်၏၊ ယူဇနာခြောက်ဆယ်မြင့်၏၊ ယူဇနာ သုံးဆယ်ကျယ်ပြန့်၏။

၁၃၇။ ငါသည် သိကြားမင်း အကြိမ်တထောင်ဖြစ်၍ နတ်မင်းအဖြစ်ကို ပြုရ၏၊ စကြ၀တေးမင်းလည်း ခုနစ်ဆယ့်ငါးကြိမ်တိုင်တိုင် ဖြစ်၏။

၁၃၈။ ပြန့်ပြောများပြားသော ပဒေသရာဇ် မင်းအဖြစ်သည်ကား ဂဏန်းအားဖြင့် မရေတွက်နိုင်၊ ရှေးကကိုယ်တိုင်ကောင်းစွာ ပြုအပ်သော မိမိကုသိုလ်ကံ၏အကျိုးကို ခံစားရ၏။

၁၃၉။ ထိုပဒုမာကြာ တပွင့်ကြောင့်သာလျှင် စည်းစိမ်တို့ကို ခံစားပြီးနောက် ငါသည် ဂေါတမမြတ်စွာဘုရား၏ အရဟတ္တဖိုလ်တရားကို မျက်မှောက်ပြုရ၏။

၁၄၀။ ငါသည် ကိလေသာတို့ကို ရှို့မြှိုက် လောင်ကျွမ်းစေအပ်ကုန်၏၊ ဘ၀အားလုံးတို့ကို ပယ်နုတ်အပ်ကုန်၏၊ ဆင်ပြောင်ကြီးသည် အနှောင်အဖွဲ့ကို ဖြတ်၍ နေသကဲ့သို့ အာသ၀မရှိပဲ နေရ၏။

၁၄၁။ ဤဘဒ္ဒကမ္ဘာမှ ကမ္ဘာတသိန်းထက်၌ ပန်းကို ပူဇော်ခဲ့ရသော အခါမှစ၍ အပါယ်လေးပါး လားရသည်ကို မသိစဘူးပေ၊ ဤသို့ ဖြစ်ရခြင်းသည် ပဒုမာကြာတပွင့် လှူရခြင်း၏ အကျိုးပေတည်း။

၁၄၂။ လေးပါးသော ပဋိသမ္ဘိဒါတို့ကိုရင်း ရှစ်ပါးသော ဤ၀ိမောက္ခတို့ကိုရင်း ခြောက်ပါးသော အဘိညာဉ်တို့ကိုရင်း မျက်မှောက်ပြုအပ်ပါကုန်ပြီ၊ မြတ်စွာဘုရား၏ အဆုံးအမတော်ကို လိုက်နာကျင့်သုံးပြီးပါပြီ။

ဤသို့လျှင် အသျှင်ဥက္ကိတ္တပဒုမိယမထေရ်သည် ဤဂါထာတို့ကို မိန့်ဆိုတော်မူ၏။

ဆယ်ခုမြောက် ဥက္ကိတ္တပဒုမိယတ္ထေရအပဒါန် ပြီး၏။

**သုံးဆယ့်လေးခုမြောက် ဂန္ဓောဒကဝဂ် ပြီး၏။**

http://www.dhammadownload.com

# ၃၅—ကေပဒုမိယဝဂ်

## ၁-ကေပဒုမိယတ္ထေရအပဒါန်

၁။ တရားခပ်သိမ်းတို့ကို တဖက်ကမ်းရောက် သိမြင်တော်မူသော ပဒုမုတ္တရမည်သော မြတ်စွာဘုရားသည် ဘဝကြီးငယ်တို့ကို ထင်စွာပြလျက် များစွာသော လူ့အပေါင်းကို (သံသရာမှ)ကယ်တင်တော်မူ၏။

၂။ ထိုအခါ ငါသည် ငှက်အပေါင်းတို့ထက် မြတ်သော ဟသ်ာမင်း ဖြစ်၏၊ ဇာတဿရအိုင်သို့ ကောင်းစွာ သက်ဆင်းလျက် ဟသ်ာငှက်တို့ ကစားနည်းမျိုးကို ကစားလျက် ရှိ၏။

၃။ လောကသုံးပါးကို သိတော်မူသော ပေးလှူဖွယ်ပစ္စည်းဝတ္ထုတို့ကို ခံယူတော်မူထိုက်သော ပဒုမုတ္တရမြတ်စွာဘုရားသည် ထိုခဏ၌ ဇာတဿရအိုင်၏ အထက်သို့ ကြွလာတော်မူ၏။

၄။ ငါသည် လောက၌ ရှေ့သွားဖြစ်၍ နတ်ထက်နတ်ဖြစ်တော်မူသော (ပဒုမုတ္တရ) မြတ်စွာဘုရားကို ဖူးမြင်ရသဖြင့် စိတ်နှလုံးမွေ့လျော်ဖွယ်ရှိသော ပွင့်ချပ်တရာ၊ ပဒုမာကြာပန်းကို အညှာ၌ဖြတ်၍—

၅။ ခံတွင်း နှုတ်သီးဖြင့် ကိုက်ချီပြီးလျှင် မြတ်စွာဘုရား၌ ကြည်ညိုသည်ဖြစ်၍ ကောင်းကင်၌ မြှောက်ချီလျက် မြတ်စွာဘုရားကို ပူဇော်ခဲ့၏။

၆။ လောကသုံးပါးကို သိတော်မူသော ပေးလှူဖွယ် ပစ္စည်းဝတ္ထုတို့ကို ခံယူတော်မူထိုက်သော ပဒုမုတ္တရမြတ်စွာဘုရားသည် ကောင်းကင်၌ ရပ်တည်လျက် ငါ့အား ပန်းအနုမောဒနာပြုတော်မူ၏။

၇။ ဤပဒုမာကြာပန်းတပွင့်ကို လှူရခြင်းကြောင့်ရင်း စေတနာ၏ တောင့်တမှုတို့ကြောင့်ရင်း သင်သည် ကမ္ဘာတသိန်းပတ်လုံး ပျက်စီးကျရာ အပါယ်သို့ မလားရလတ္တံ့။

၈။ ဤစကားကို မိန့်တော်မူပြီးနောက် ပဒုမုတ္တရမည်သော မြတ်စွာဘုရားသည် ငါ၏ ကောင်းမှုကံကို ချီးကျူး၍ အလိုရှိရာအရပ်သို့ ကြွသွားတော်မူ၏။

၉။ ဤဘဒ္ဒကမ္ဘာမှ ကမ္ဘာတသိန်းထက်၌ ပန်းပူဇော်မှုကို ပြုခဲ့ရသောအခါမှစ၍ အပါယ်လေးပါး လားရသည်ကို မသိစဘူးပေ၊ ဤသို့ဖြစ်ရခြင်းသည် ဘုရားအား (ကြာပန်း)ပူဇော်ရခြင်း၏ အကျိုးပေတည်း။

၁၀။ လေးပါးသော ပဋိသမ္ဘိဒါတို့ကိုရင်း ရှစ်ပါးသော ဤဝိမောက္ခတို့ကိုရင်း ခြောက်ပါးသော အဘိညာဉ်တို့ကိုရင်း မျက်မှောက်ပြုအပ်ပါကုန်ပြီ၊ မြတ်စွာဘုရား၏ အဆုံးအမတော်ကို လိုက်နာကျင့်သုံးပြီးပါပြီ။

ဤသို့လျှင် အသျှင်ကေပဒုမိယမထေရ်သည် ဤဂါထာတို့ကို မိန့်ဆိုတော်မူ၏။

ရှေးဦးစွာသော ကေပဒုမိယတ္ထေရအပဒါန် ပြီး၏။

http://www.dhammadownload.com



## ၂-တိဏုပ္ပလမာလိယတ္ထေရအပဒါန်

၁၁။ ထိုအခါ (ငါသည်) စန္ဒဘာဂါမြစ်ကမ်း၌ မျောက်ဖြစ်ခဲ့၏၊ ကိလေသာမြူကင်းတော်မူသော မြတ်စွာဘုရားကို တောင်ကြား၌ သီတင်းသုံးထိုင်နေတော်မူစဉ် ဖူးမြင်ခဲ့ရ၏။

၁၂။ အရပ်အားလုံးတို့ကို ထွန်းလင်းတောက်ပ စေနိုင်သည်ဖြစ်၍ ပင်လုံးကျွတ်ပွင့်သော အင်ကြင်းပင်မင်းသဖွယ် လက္ခဏာတော်ကြီးငယ်နှင့် ပြည့်စုံတော်မူသော မြတ်စွာဘုရားကို ဖူးမြင်ရသဖြင့် ဝမ်းမြောက်ဝမ်းသာ ဖြစ်ခဲ့၏။

၁၃။ တက်ကြွဝမ်းမြောက်သော စိတ်ရှိသည် ပီတိဖြင့် ရွှင်လန်းသော စိတ်ရှိသည်ဖြစ်၍ ကြာပန်းသုံးပွင့်ကို ဦးထိပ်၌ တင်လျှုပူဇော်ခဲ့၏။

၁၄။ ဝိပဿီမြတ်စွာဘုရားအား ပန်းတို့ကို လှူဒါန်းပူဇော်ပြီးနောက် ရိုသေခြင်းနှင့် တကွဖြစ်၍ မြောက်အရပ်သို့ ရှေးရှုဖဲသွား၏။

၁၅။ အလွန် ကြည်လင်သောစိတ်ဖြင့် နောက်သို့ပြန်ဆုတ်လျက် သွားသည်ရှိသော် တောင်ကြား၌ ကျ၍ အသက်ကုန်ခြင်းသို့ ရောက်ခဲ့၏။

၁၆။ ငါသည် ကောင်းစွာပြုအပ်သော ထိုကောင်းမှုကံကြောင့်၎င်း စေတနာ၏ တောင့်တမှုကြောင့်၎င်း ရှေးဘဝ ကို စွန့်၍ တာဝတိံသာနတ်ပြည်သို့ ရောက်ခဲ့၏။

၁၇။ ငါသည် အကြိမ်သုံးရာတိုင်တိုင် နတ်မင်းအဖြစ်ကိုလည်း ပြုရ၏၊ အကြိမ်ငါးရာတိုင်တိုင် စကြဝတေးမင်းလည်း ဖြစ်ခဲ့၏။

၁၈။ ဤဘဒ္ဒကမ္ဘာမှ ကိုးဆယ့်တကမ္ဘာထက်၌ ကြာပန်းကို ပူဇော်ခဲ့ရသောအခါမှစ၍ အပါယ်လေးပါး လားရသည်ကို မသိစဘူးပေ၊ ဤသို့ဖြစ်ရခြင်းသည် မြတ်စွာဘုရားအား ပန်းပူဇော်ရခြင်း၏ အကျိုးပေတည်း။

၁၉။ လေးပါးသော ပဋိသမ္ဘိဒါတို့ကို၎င်း ရှစ်ပါးသော ဤဝိမောက္ခတို့ကို၎င်း ခြောက်ပါးသော အဘိညာဉ်တို့ကို၎င်း မျက်မှောက်ပြုအပ်ပါကုန်ပြီ၊ မြတ်စွာဘုရား၏ အဆုံးအမတော်ကို လိုက်နာကျင့်သုံးပြီးပါပြီ။

ဤသို့လျှင် အသျှင်တိဏုပ္ပလမာလိယမထေရ်သည် ဤဂါထာတို့ကို မိန့်ဆိုတော်မူ၏။

နှစ်ခုမြောက် တိဏုပ္ပလမာလိယတ္ထေရအပဒါန် ပြီး၏၊

---

## ၃-ဓေဒါယကတ္ထေရအပဒါန်

၂၀။ လောက၏ အကြီးအမှူးဖြစ်၍ လူတို့ထက်မြတ်တော်မူသော တိဿမြတ်စွာဘုရားသည် ပွင့်တော်မူ၏၊ (ထိုမြတ်စွာဘုရား၌)ဉပဓိသုံးပါးတို့ ကုန်ခန်းခြင်းတို့ကို သိမြင်၍ ငါသည် တံခွန်ကို တင်လှူပူဇော်ခဲ့၏။

၁။ ပါဠိ၌ မာနုသံ ဓေဟံဟု ရှိသော်လည်း ဤအပဒါန်နှင့်တူသော ဥမာဝဂ် တတိယအပဒါန်တွင် ပုရိမံ ဇာတိံဟု ရှိသဖြင့်၎င်း မျောက်ဘဝဖြစ်သဖြင့်၎င်း ပုရိမံ ဇာတိံ ကိုယူ၍ ရှေးဘဝဟု ပြန်သည်။

http://www.dhammadownload.com



၂၁။ ကောင်းစွာပြုလုပ်အပ်သော ထိုကောင်းမှုကံကြောင့်၎င်း စေတနာ၏တောင့်တမှုတို့ကြောင့်၎င်း ငါသည် လူ့ဥဖြစ်သော ကိုယ်ကို စွန့်၍ တာဝတိံသာနတ်ပြည်သို့ ရောက်၏။

၂၂။ ငါသည် အကြိမ်သုံးရာတိုင်တိုင် နတ်မင်းအဖြစ်ကိုလည်း ပြုခဲ့ရ၏၊ အကြိမ်ငါးရာတိုင်တိုင် စကြဝတေးမင်းလည်း ဖြစ်ခဲ့၏။

၂၃။ ပြန့်ပြောမျှားပြားသော ပဒေသရာဇ်မင်းအဖြစ်သည်ကား ဂဏန်းအားဖြင့် မရေတွက်နိုင်၊ ရှေးက မိမိကိုယ်တိုင် ကောင်းစွာပြုအပ်သော မိမိကောင်းမှုကံအကျိုးကို ခံစားရ၏။

၂၄။ ဤဘဒ္ဒကမ္ဘာမှ ကိုးဆယ့်နှစ်ကမ္ဘာထက်၌ ကောင်းမှုကံကို ပြုခဲ့ရသော အခါမှစ၍ အပါယ်လေးပါး လားရသည်ကို မသိစဘူးပေ၊ ဤသို့ဖြစ်ရခြင်းသည် တံခွန်လှူရခြင်း၏ အကျိုးပေတည်း။

၂၅။ ငါသည် ယနေ့အလိုရှိပါမူ ဟိမဝန္တာတောနှင့်တကွ စကြဝဠာတောင်နှင့်တကွသော အရပ်ကို ခေါမတိုင်းဖြစ်ပုဆိုးဖြင့် ဖုံးလွှမ်းနိုင်၏၊ ဤသို့ဖြစ်ရခြင်းသည် ထိုအခါ၌ ငါပြုအပ်သော ကောင်းမှုကံ၏ အကျိုးပေတည်း။

၂၆။ လေးပါးသော ပဋိသမ္ဘိဒါတို့ကိုလည်း ရှစ်ပါးသော ဤဝိမောက္ခတို့ကိုလည်း ခြောက်ပါးသော အဘိညာဉ်တို့ကိုလည်း မျက်မှောက်ပြုအပ်ပါကုန်ပြီ၊ မြတ်စွာဘုရား၏ အဆုံးအမတော်ကို လိုက်နာကျင့်သုံးပြီးပါပြီ။

ဤသို့လျှင် အသျှင်ဓဇဒါယကမထေရ်သည် ဤဂါထာတို့ကို မိန့်ဆိုတော်မူ၏။

သုံးခုမြောက် ဓဇဒါယကတ္ထေရအပဒါန် ပြီး၏။

---

## ၄-တိကိဏ်ဏိပူဇကတ္ထေရအပဒါန်

၂၇။ ဟိမဝန္တာတောင်၏အနီး၌ ဘူတဂဏမည်သော တောင်သည် ရှိ၏၊ ထိုတောင်ဝယ် သစ်ပင်များ၌ ဆွဲထားကပ်ငြိသော ပံသုကူသင်္ကန်းကို တွေ့မြင်ရ၏။

၂၈။ ထိုအခါ၌ ငါသည် ဆည်းလည်းပန်း သုံးပွင့်တို့ကို ဆွတ်ခူးပြီးလျှင် ရွှင်လန်းသည် ဖြစ်၍ ရွှင်ပျသောစိတ်ဖြင့် ပံသုကူသင်္ကန်းကို ပူဇော်ခဲ့၏။

၂၉။ ဤဘဒ္ဒကမ္ဘာမှ သုံးဆယ့်တကမ္ဘာထက်၌ ပန်းပူဇော်မှုကို ပြုခဲ့ရသောအခါမှစ၍ အပါယ်လေးပါး လားရသည်ကို မသိစဘူးပေ၊ ဤသို့ဖြစ်ရခြင်းသည် ပန်းသုံးပွင့်တို့ကို လှူရခြင်း၏ အကျိုးပေတည်း။

၃၀။ လေးပါးသော ပဋိသမ္ဘိဒါတို့ကိုလည်း ရှစ်ပါးသော ဤဝိမောက္ခတို့ကိုလည်း ခြောက်ပါးသော အဘိညာဉ်တို့ကိုလည်း မျက်မှောက်ပြုအပ်ပါကုန်ပြီ၊ မြတ်စွာဘုရား၏ အဆုံးအမတော်ကို လိုက်နာကျင့်သုံးပြီးပါပြီ။

ဤသို့လျှင်-အသျှင်တိကိဏ်ဏိပူဇကမထေရ်သည် ဤဂါထာတို့ကို မိန့်ဆိုတော်မူ၏။

လေးခုမြောက် တိကိဏ်ဏိပူဇကတ္ထေရအပဒါန် ပြီး၏။

http://www.dhammadownload.com



## ၅-နဠာဂါရိကတ္ထေရအပဒါန်

၃၁။ ဟိမဝန္တာတောင်၏အနီး၌ ဟာရိတမည်သော တောင်သည် ရှိ၏၊ထိုအခါ နာရဒ မည်သော မြတ်စွာဘုရားသည် (ထိုတောင်ဝယ်)သစ်ပင်ရင်း၌ ထိုင်နေတော်မူ၏။

၃၂။ ငါသည် ကျူဖြင့်ပြီးသော ကျောင်းကို ဆောက်လုပ်ပြီးလျှင် မြက်ဖြင့် မိုးခဲ့၏၊ ငါသည် စင်္ကြံကို သုတ်သင်၍ မြတ်စွာဘုရားအား လှူဒါန်းခဲ့၏။

၃၃။ ငါသည် တဆယ့်လေးကမ္ဘာတို့ပတ်လုံး နတ်ပြည်၌ မွေ့လျော်ရ၏၊ ခုနစ်ဆယ့် လေးကြိမ်တိုင်တိုင် နတ်မင်းအဖြစ်ကိုလည်း ပြုရ၏။

၃၄။ ငါသည် ခုနစ်ဆယ့်လေးကြိမ်တိုင်တိုင် စကြဝတေးမင်းလည်း ဖြစ်ခဲ့၏၊ ပြန့်ပြော သော ပဒေသရာဇ်မင်းအဖြစ်သည်ကား ဂဏန်းအားဖြင့် မရေတွက်နိုင်။

၃၅။ မြင့်သောငါ၏ဗိမာန်သည် သက်တင်ရေးကဲ့သို့ စွင့်စွင့်တက်၏၊(ငါ၏)ဗိမာန်သည် တိုင်ပေါင်း တထောင်ရှိသည်ဖြစ်၍ အတုမရှိ ပြိုးပြိုးပြက်ပြက် ထွက်သော အရောင်ရှိ၏။

၃၆။ ငါသည် စည်းစိမ်နှစ်မျိုးကို ခံစားပြီးနောက် ဖြူစင်သော ကုသိုလ်အကြောင်း ရင်းသည် တိုက်တွန်းအပ်သည်ဖြစ်၍ ဂေါတမမြတ်စွာဘုရား၏ သာသနာတော်၌ ရဟန်းပြု ခဲ့၏။

၃၇။ ငါသည် ကမ္မဋ္ဌာန်းအားထုတ်မှု၌ စေလွှတ်အပ်သော စိတ်ရှိသည်ဖြစ်၍ ငြိမ်း အေးလျက် ကိလေသာ ဥပဓိမရှိသူ ဖြစ်၏၊ ဆင်ပြောင်သည် အနှောင်အဖွဲ့ကို ဖြတ်၍ နေသကဲ့သို့ အာသဝကင်းလျက် နေရ၏။

၃၈။ လေးပါးသော ပဋိသမ္ဘိဒါတို့ကိုရင်း ရှစ်ပါးသော ဤဝိမောက္ခတို့ကိုရင်း ခြောက် ပါးသော အဘိညာဉ်တို့ကိုရင်း မျက်မှောက်ပြုအပ်ပါကုန်ပြီ၊ မြတ်စွာဘုရား၏ အဆုံးအမ တော်ကို လိုက်နာကျင့်သုံးပြီးပါပြီ။

ဤသို့လျှင် အသျှင်နဠာဂါရိကမထေရ်သည် ဤဂါထာတို့ကို မိန့်ဆိုတော်မူ၏။

ငါးခုမြောက် နဠာဂါရိကတ္ထေရအပဒါန် ပြီး၏။

---

## ၆-စမ္ပကပုပ္ဖိယတ္ထေရအပဒါန်

၃၉။ ဟိမဝန္တာတောင်၏အနီး၌ ဇာပလမည်သော တောင်သည် ရှိ၏၊ ထိုတောင် ကြား၌ သုဒဿနမည်သော ပစ္စေကဗုဒ္ဓါသည် သီတင်းသုံးတော်မူ၏။

၄၀။ ငါသည် ပန်းကို ယူ၍ ကောင်းကင်ခရီးဖြင့် ဟိမဝန္တာသို့ သွားစဉ် ကိလေသာမြူ ကင်းတော်မူသော အာသဝကင်းတော်မူသော ပစ္စေကဗုဒ္ဓါကို ဖူးမြင်ရ၏။

၄၁။ ထိုအခါ ငါသည် စကားပန်းခုနစ်ပွင့်တို့ကို ဦးခေါင်း၌ထား၍ အလိုလိုဖြစ်တော် မူ၍ မြတ်သောသီလက္ခန္ဓစသော ဂုဏ်ကျေးဇူးကို ရှာမှီးတော်မူသော ပစ္စေကဗုဒ္ဓါအား ဘင်လှူ ပူဇော်ခဲ့၏။

http://www.dhammadownload.com



၄၂။ ဤဘဒ္ဒကမ္ဘာမှ သုံးဆယ့်တကမ္ဘာထက်၌ ပန်းကို တင်လှူပူဇော်ခဲ့ရသောအခါ မှစ၍ အပါယ်လေးပါး လားရသည်ကို မသိစဘူးပေ၊ ဤသို့ဖြစ်ရခြင်းသည် ဘုရားအား ပန်းပူဇော်ရခြင်း၏ အကျိုးပေတည်း။

၄၃။ လေးပါးသော ပဋိသမ္ဘိဒါတို့ကိုရင်း ရှစ်ပါးသော ဤဝိမောက္ခတို့ကိုရင်း ခြောက်ပါးသော အဘိညာဉ်တို့ကိုရင်း မျက်မှောက်ပြုအပ်ပါကုန်ပြီ၊ မြတ်စွာဘုရား၏ အဆုံးအမတော်ကို လိုက်နာကျင့်သုံးပြီးပါပြီ။

ဤသို့လျှင် အသျှင်စမ္ပကပုပ္ဖိယမထေရ်သည် ဤဂါထာတို့ကို မိန့်ဆိုတော်မူ၏။

ခြောက်ခုမြောက် စမ္ပကပုပ္ဖိယတ္ထေရအပဒါန် ပြီး၏။

---

## ၇-ပဒုမပူဇကတ္ထေရအပဒါန်

၄၄။ ဟိမဝန္တာတောင်၏အနီး၌ ရောမသမည်သော တောင်သည် ရှိ၏၊ ထိုအခါ၌ သမ္ဘဝမည်သော ပစ္စေကဗုဒ္ဓါသည်လည်း လွင်တီးခေါင် (ဟင်းလင်းအပြင်)၌ သီတင်းသုံးတော်မူ၏။

၄၅။ ငါသည် ဗိမာန်မှထွက်၍ ပဒုမာကြာကို (ပစ္စေကဗုဒ္ဓါအား) ဆောင်းမိုး၏၊ တရက်ပတ်လုံး ဆောင်းမိုး၍ တဖန် ဗိမာန်သို့ ချဉ်းကပ်၏။

၄၆။ ဤဘဒ္ဒကမ္ဘာမှ ကိုးဆယ့်တကမ္ဘာထက်၌ ပန်းကို တင်လှူပူဇော်ခဲ့ရသောအခါမှစ၍ အပါယ်လေးပါး လားရသည်ကို မသိစဘူးပေ၊ ဤသို့ဖြစ်ရခြင်းသည် ပစ္စေကဗုဒ္ဓါအား ပန်းပူဇော်ရခြင်း၏ အကျိုးပေတည်း။

၄၇။ လေးပါးသော ပဋိသမ္ဘိဒါတို့ကိုရင်း ရှစ်ပါးသော ဤဝိမောက္ခတို့ကိုရင်း ခြောက်ပါးသော အဘိညာဉ်တို့ကိုရင်း မျက်မှောက်ပြုအပ်ပါကုန်ပြီ၊ မြတ်စွာဘုရား၏ အဆုံးအမတော်ကို လိုက်နာကျင့်သုံးပြီးပါပြီ။

ဤသို့လျှင် အသျှင်ပဒုမပူဇကမထေရ်သည် ဤဂါထာတို့ကို မိန့်ဆိုတော်မူ၏။

ခုနစ်ခုမြောက် ပဒုမပူဇကတ္ထေရအပဒါန် ပြီး၏။

တဆယ့်သုံးခုမြောက် ဘာဏဝါရ ပြီး၏။

---

## ၈-တိဏမုဋ္ဌိဒါယကတ္ထေရအပဒါန်

၄၈။ ဟိမဝန္တာတောင်၏အနီး၌ လမ္ဗကမည်သော တောင်သည် ရှိ၏၊ ဥပတိဿမည်သော ပစ္စေကဗုဒ္ဓါသည် (ထိုတောင်ဝယ်) လွင်တီးခေါင် (လွင်ပြင်)၌ စင်္ကြံကြွတော်မူ၏။

၄၉။ ထိုအခါ ငါသည် ငှက်တို့တွန်မြည်ရာဖြစ်သော တော၌ သားမုဆိုး ဖြစ်ခဲ့၏၊ နတ်ထက်နတ်ဖြစ်၍ ရန်သူတို့သည် မအောင်အပ်သော ထိုပစ္စေကဗုဒ္ဓါကို ဖူးမြင်ရ၍—

http://www.dhammadownload.com



၅၀။ ငါသည် အထူးကြည်လင်သောစိတ်ဖြင့် မြတ်သောသီလစသော ကျေးဇူးကို ရှာမှီးတော်မူလေ့ရှိသော ထိုပစ္စေကဗုဒ္ဓါဘုရားအား ထိုင်နေတော်မူရန်အလို့ငှါ မြက်ဆုပ်ကို ပေးလှူခဲ့၏။

၅၁။ နတ်ထက်နတ် ဖြစ်တော်မူသော ပစ္စေကဗုဒ္ဓါဘုရားအား ပေးလှူရခြင်းကြောင့် စိတ်ကို လွန်စွာကြည်လင်စေခဲ့၏၊ ပစ္စေကဗုဒ္ဓါဘုရားကို ရှိသေစွာရှိခိုး၍ မြောက်အရပ်သို့ ရှေးရှုဖဲသွားခဲ့၏။

၅၂။ ဖဲသွား၍ မကြာမီပင် ခြသေ့ သည် ငါ့ကို ပုတ်ခတ်လေ၏၊ ငါသည် ခြသေ့ ပုတ်ခတ်အပ်သည်ဖြစ်၍ ထိုအရပ်၌ပင် ကွယ်လွန်၏။

၅၃။ အာသဝကင်းတော်မူသော ပစ္စေကဗုဒ္ဓါဘုရားမြတ်၌ သေခါနီးအခါတွင် ငါပြု အပ်သောကုသိုလ် လေးမှ ကောင်းစွာ လွှတ်အပ်သော မြှားအဟုန်ကဲ့သို့ ငါသည် နတ်ပြည် သို့ရောက်ရ၏။

၅၄။ နတ်ပြည်၌ ကုသိုလ်ကောင်းမှုကဖန်ဆင်းထားသော ပြာသာဒ်သည် တင့်တယ် လှပပေ၏၊ မြှားကျတလောင်ရှိ၏၊ ဘုံဆင့်တရာရှိ၏၊ မျှားပြားသော တံခွန်ရှိ၏၊ ရွှေဖြင့် ပြီး၏။

၅၅။ တက်သစ်သော နေမင်းကဲ့သို့ ထိုပြာသာဒ်၏ အရောင်သည် ပြေးထွက်လျက်ရှိ၏၊ ငါသည် နတ်သမီးတို့နှင့် ရောပြွမ်းလျက် အလိုရှိအပ်သော ကာမတို့ကို အလိုရှိတိုင်း ရရှိ သည် ဖြစ်၍ မွေ့လျော်ရပေ၏။

၅၆။ နတ်ပြည်မှ စုတေလတ်သော် ဖြူစင်သော ကုသိုလ်ကံ အကြောင်းရင်းသည် တိုက်တွန်းအပ်သည်ဖြစ်၍ လူ့ ဘဝသို့ လာပြီးလျှင် အာသဝတရား ကုန်ခန်းခြင်းသို့ရောက်ရ ပေ၏။

၅၇။ ဤဘဒ္ဒကမ္ဘာမှ ကိုးဆယ့်လေးကမ္ဘာထက်၌ ငါသည် ထိုင်စရာမြက်အခင်းကို လှူခဲ့၏၊ ထိုအခါမှစ၍ အပါယ်လေးပါး လားရသည်ကို မသိစဘူးပေ၊ ဤသို့ဖြစ်ခြင်းသည် မြက်ဆုပ်လှူရခြင်း၏ အကျိုးပေတည်း။

၅၈။ လေးပါးသော ပဋိသမ္ဘိဒါတို့ကိုငှင်း ရှစ်ပါးသော ဤဝိမောက္ခတို့ကိုငှင်း ခြောက် ပါးသော အဘိညာဉ်တို့ကိုငှင်း မျက်မှောက်ပြုအပ်ပါကုန်ပြီ၊ မြတ်စွာဘုရား၏ အဆုံးအမ တော်ကို လိုက်နာကျင့်သုံးပြီးပါပြီ။

ဤသို့လျှင် အသျှင်တိဏမုဋ္ဌိဒါယကမထေရ်သည် ဤဂါထာတို့ကို မိန့်ဆိုတော်မူ၏။

ရှစ်ခုမြောက် တိဏမုဋ္ဌိဒါယကတ္ထေရအပဒါန် ပြီး၏။

---

## ၉-တိန္ဒုကဖလဒါယကတ္ထေရအပဒါန်

၅၉။ ငါသည် မဟာလှေကားပန်းကဲ့သို့ တောက်ပလျက် ကိလေသာမှိုကင်းတော် မူသော ဩဃမှ လွန်မြောက်သည်ဖြစ်၍ အာသဝကင်းတော်မူသော မြတ်စွာဘုရားကို တောင်ကြား၌ ထိုင်နေတော်မူစဉ် ဖူးမြင်ရ၏။

http://www.dhammadownload.com



၆၀။ ငါသည် အသီးရှိသော တည်ပင်ကို မြင်သဖြင့် အခိုင်နှင့်တကွ ချိုးပြီးလျှင် ကြည်လင်ဝမ်းမြောက်သော စိတ်ရှိသည်ဖြစ်၍ မြတ်စွာဘုရားအား ပေးလှူခဲ့၏။

၆၁။ ဤဘဒ္ဒကမ္ဘာမှ ကိုးဆယ့်တကမ္ဘာထက်၌ တည်သီးကို လှူဒါန်းခဲ့ရသောအခါမှ စ၍ အပါယ်လေးပါး လားရသည်ကို မသိစဘူးပေ၊ ဤသို့ဖြစ်ရခြင်းသည် တည်သီး လှူဒါန်းရခြင်း၏ အကျိုးပေတည်း။

၆၂။ လေးပါးသော ပဋိသမ္ဘိဒါတို့ကိုရင်း ရှစ်ပါးသော ဤဝိမောက္ခတို့ကိုရင်း ခြောက် ပါးသော အဘိညာဉ်တို့ကိုရင်း မျက်မှောက်ပြုအပ်ပါကုန်ပြီ၊ မြတ်စွာဘုရား၏ အဆုံးအမ တော်ကို လိုက်နာကျင့်သုံးဖြီးပါပြီ။

ဤသို့လျှင် အသျှင်တိန္ဒုကဖလဒါယကမထေရ်သည် ဤဂါထာတို့ကို မိန့်ဆိုတော်မူ၏။

ကိုးခုမြောက် တိန္ဒုကဖလဒါယကတ္ထေရအပဒါန် ပြီး၏။

---

## ၁၀-ကေဥ္စလိယတ္ထေရအပဒါန်

၆၃။ ရေမသအမည်ရှိတော်မူသော ပစ္စေကဗုဒ္ဓါသည် မြစ်ကမ်း၌ နေတော်မူ၏၊ ထိုအခါ ငါသည် ကိလေသာမှူ ကင်းတော်မူသော နေမင်းကဲ့သို့ ဝါဝင်းသောရောင်ခြည် ရှိတော်မူသော ပစ္စေကဗုဒ္ဓါကို ဖူးမြင်ရ၏။

၆၄။ ဖိုဝ၌ လော်ပြီး ဦးပြီးသော ရွှေကဲ့သို့ဖြစ်၍ ရှားမီးနှင့် တူတော်မူသော သောက်ရှူးကြယ်ကဲ့သို့ တင့်တယ်တောက်ပတော်မူသော ပစ္စေကဗုဒ္ဓါကို ငါသည် လက် အုပ်တကြိမ်ချီခြင်းကို ပြုခဲ့၏။

၆၅။ ဤဘဒ္ဒကမ္ဘာမှ ကိုးဆယ့်လေးကမ္ဘာထက်၌ ငါသည် လက်အုပ်ချီမှုကို ပြုခဲ့ ရသောအခါမှစ၍ အပါယ်လေးပါး လားရသည်ကို မသိစဘူးပေ၊ ဤသို့ဖြစ်ရခြင်းသည် လက်အုပ်ချီခြင်း၏ အကျိုးပေတည်း။

၆၆။ လေးပါးသော ပဋိသမ္ဘိဒါတို့ကိုရင်း ရှစ်ပါးသော ဤဝိမောက္ခတို့ကိုရင်း ခြောက် ပါးသော အဘိညာဉ်တို့ကိုရင်း မျက်မှောက်ပြုအပ်ကုန်ပါပြီ၊ မြတ်စွာဘုရား၏ အဆုံးအမ တော်ကို လိုက်နာကျင့်သုံးပြီးပါပြီ။

ဤသို့လျှင် အသျှင်ကေဥ္စလိယမထေရ်သည် ဤဂါထာတို့ကို မိန့်ဆိုတော်မူ၏။

ဆယ်ခုမြောက် ကေဥ္စလိယတ္ထေရအပဒါန် ပြီး၏။

**သုံးဆယ့်ငါးခုမြောက် ဧကပဒုမိယဝဂ် ပြီး၏။**

http://www.dhammadownload.com

# ၃၆-သံဃဿည်ကာဝဂ်

## ၁-သဒ္ဒသည်ကတ္ထေရအပဒါန်

၁။ ရှေးအခါ ငါသည် ငှက်တို့တွန်မြည်ရာဖြစ်သောတောဌ် သားမုဆိုးဖြစ်ခဲ့၏၊ ထိုတောဌ် နတ်အပေါင်းခြံရံအပ်သော—

၂။ သစ္စာလေးပါးကို ဖော်ပြတော်မူလျက် လူများအပေါင်းကို(သံသရာမှ)ကယ်တင်တော်မူသော မြတ်စွာဘုရားကို ဖူးမြင်ရ၏၊ ကရဝိက်ငှက်၏ အသံနှင့်တူသော သာယာချိုမြိန်သော တရားစကားကိုလည်း ကြားနာရ၏။

၃။ ဗြဟ္မာမင်း၏ အသံနှင့်တူသော အသံရှိတော်မူသော လောက၏အဆွေဖြစ်တော်မူသော သိခီမြတ်စွာဘုရား၏ အသံတော်၌ စိတ်ကိုကြည်လင်စေ၍ ငါသည် အာသဝတရားကုန်ခြင်းသို့ ရောက်ပေ၏။

၄။ ဤဘဒ္ဒကမ္ဘာမှ သုံးဆယ့်တကမ္ဘာထက်၌ တရားနာမှုကို ပြုခဲ့ရသောအခါမှ စ၍ အပါယ်လေးပါး လားရသည်ကို မသိစဘူးပေ၊ ဤသို့ဖြစ်ရခြင်းသည် (ဘုရားကို)ကြည်ညိုရခြင်း၏ အကျိုးပေတည်း။

၅။ လေးပါးသော ပဋိသမ္ဘိဒါတို့ကိုရင်း ရှစ်ပါးသော ဤဝိမောက္ခတို့ကိုရင်း ခြောက်ပါးသော အဘိညာဉ်တို့ကိုရင်း မျက်မှောက်ပြုအပ်ပါကုန်ပြီ၊ မြတ်စွာဘုရား၏ အဆုံးအမတော်ကို လိုက်နာကျင့်သုံးပြီးပါပြီ။

ဤသို့လျှင် အသျှင်သဒ္ဒသည်ကမထေရ်သည် ဤဂါထာတို့ကို မိန့်ဆိုတော်မူ၏။

ရှေးဦးစွာသော သဒ္ဒသည်ကတ္ထေရအပဒါန် ပြီး၏။

---

## ၂-ယဝကလာပိယတ္ထေရအပဒါန်

၆။ ထိုအခါ၌ (ငါသည်) အရုဏဝတီမြို့၌ မုယောခင်းစောင့်ဖြစ်ခဲ့၏၊ လမ်းခရီး၌ မြတ်စွာဘုရားကို ဖူးမြင်ရသဖြင့် မုယောစည်းကို ခင်းထား၏။

၇။ သနားခြင်းကရုဏာ ရှိသည်ဖြစ်၍ အစဉ်စောင့်ရှောက်တော်မူသော လောက၏ အမြတ်ဆုံး ရှေ့သွားဖြစ်တော်မူသော သိခီမြတ်စွာဘုရားသည် ငါ၏ စိတ်အကြံကိုသိ၍ မုယော အခင်း၌ ထိုင်နေတော်မူ၏။

၈။ အညစ်အကြေး ကင်းစင်တော်မူသော မြတ်သော ဈာန်ကို ဝင်စားလေ့ရှိတော်မူသော မြတ်စွာဘုရားကို (မုယောစည်းအခင်း၌) ထိုင်နေတော်မူသည်ကို ဖူးမြင်ရ၍ နှစ်သက်ဝမ်းမြောက်ခြင်းဖြစ်စေပြီးနောက် ငါသည် ထိုအရပ်၌ပင် ကွယ်လွန်ခဲ့၏။

http://www.dhammadownload.com



၉။ ဤဘဒ္ဒကမ္ဘာမှ သုံးဆယ့်တကမ္ဘာထက်၌ မှုယောစည်းကို ခင်း၍ လှူဒါန်းခဲ့ရသောအခါမှစ၍ အပါယ်လေးပါး လားရသည်ကို မသိစဘူးပေ၊ ဤသို့ဖြစ်ရခြင်းသည် မှုယောစည်းခင်းလှူရခြင်း၏ အကျိုးပေတည်း။

၁၀။ လေးပါးသော ပဋိသမ္ဘိဒါတို့ကိုလည်း ရှစ်ပါးသော ဤဝိမောက္ခတို့ကိုလည်း ခြောက်ပါးသော အဘိညာဉ်တို့ကိုလည်း မျက်မှောက်ပြုအပ်ပါကုန်ပြီ၊ မြတ်စွာဘုရား၏ အဆုံးအမတော်ကို လိုက်နာကျင့်သုံးပြီးပါပြီ။

ဤသို့လျှင် အသျှင်ယဝကလာပိယမထေရ်သည် ဤဂါထာတို့ကို မိန့်ဆိုတော်မူ၏။

နှစ်ခုမြောက် ယဝကလာပိယတ္ထေရအပဒါန် ပြီး၏။

---

## ၃-ကိံသုကပူဇကတ္ထေရအပဒါန်

၁၁။ ပွင့်နေသော ပေါက်ပန်းပင်ကို မြင်သဖြင့် သိဒ္ဓတ္ထမြတ်စွာဘုရားကို အောက်မေ့လျက် လက်အုပ်ချီပြီးလျှင် ကောင်းကင်၌ ပူဇော်ခဲ့၏။

၁၂။ ဤဘဒ္ဒကမ္ဘာမှ ကိုးဆယ့်လေးကမ္ဘာထက်၌ ပေါက်ပွင့်ကို ပူဇော်ခဲ့ရသောအခါမှစ၍ အပါယ်လေးပါး လားရသည်ကို မသိစဘူးပေ၊ ဤသို့ဖြစ်ရခြင်းသည် မြတ်စွာဘုရားအား ပူဇော်ရခြင်း၏ အကျိုးပေတည်း။

၁၃။ လေးပါးသော ပဋိသမ္ဘိဒါတို့ကိုလည်း ရှစ်ပါးသော ဤဝိမောက္ခတို့ကိုလည်း ခြောက်ပါးသော အဘိညာဉ်တို့ကိုလည်း မျက်မှောက်ပြုအပ်ပါကုန်ပြီ၊ မြတ်စွာဘုရား၏ အဆုံးအမတော်ကို လိုက်နာကျင့်သုံးပြီးပါပြီ။

ဤသို့လျှင် အသျှင်ကိံသုကပူဇကမထေရ်သည် ဤဂါထာတို့ကို မိန့်ဆိုတော်မူ၏။

သုံးခုမြောက် ကိံသုကပူဇကတ္ထေရအပဒါန် ပြီး၏။

---

## ၄-သကောသကကောရဏ္ဍဒါယကတ္ထေရအပဒါန်

၁၄။ ငါသည် လောက၏ အထွဋ်ဖြစ်တော်မူသော သိခီမြတ်စွာဘုရား၏ နင်းကြွတော်မူသော ခြေတော်ရာကို တွေ့မြင်သဖြင့် သစ်နက်ရေကို လက်ဝဲထက် ပခုံးထက်၌ တင်ပြီးလျှင် ခြေတော်ရာမြတ်ကို ရှိခိုးခဲ့၏။

၁၅။ မြေ၌ ပေါက်သော ပွင့်နေသော လိပ်ဆူးရှေပင်ကို မြင်သဖြင့် အခိုင်နှင့်တကွ ယူ၍ ခြေတော်ရာကို ပူဇော်ခဲ့၏။

၁၆။ ဤဘဒ္ဒကမ္ဘာမှ သုံးဆယ့်တကမ္ဘာထက်၌ ပန်းပူဇော်မှုကို ပြုခဲ့ရသော အခါမှစ၍ အပါယ်လေးပါး လားရသည်ကို မသိစဘူးပေ၊ ဤသို့ဖြစ်ရခြင်းသည် ခြေတော်ရာကို ပူဇော်ရခြင်း၏ အကျိုးပေတည်း။

http://www.dhammadownload.com



၁၇။ လေးပါးသော ပဋိသမ္ဘိဒါတို့ကိုရင်း ရှစ်ပါးသော ဤဝိမောက္ခတို့ကိုရင်း ခြောက်ပါးသော အဘိညာဉ်တို့ကိုရင်း မျက်မှောက်ပြုအပ်ပါကုန်ပြီ၊ မြတ်စွာဘုရား၏ အဆုံးအမတော်ကို လိုက်နာကျင့်သုံးပြီးပါပြီ။

ဤသို့လျှင် အသျှင်သကောသကကောရဏ္ဍဒါယကမထေရ်သည် ဤဂါထာတို့ကို မိန့်ဆိုတော်မူ၏။

လေးခုမြောက် သကောသကကောရဏ္ဍဒါယကတ္ထေရအပဒါန် ပြီး၏။

---

## ၅-ဒဏ္ဍဒါယကတ္ထေရအပဒါန်

၁၈။ ထိုအခါ ငါသည် ငှက်တို့တွန်မြည်ရာဖြစ်သော တောသို့ဝင်၍ ဝါးကို ဖြတ်ပြီးလျှင် တောင်ဝှေးပြုလုပ်လျက် သံဃာအား လှူဒါန်းခဲ့၏။

၁၉။ ထိုစိတ်၏ကြည်လင်ခြင်းဖြင့် ကောင်းသော အကျင့်ရှိသော သံဃာတော်၌ ရှိခိုး၍ တောင်ဝှေးကိုလည်း လှူဒါန်းပြီးလျှင် မြောက်အရပ်သို့ ရှေးရှုပဲသွားခဲ့၏။

၂၀။ ဤဘဒ္ဒကမ္ဘာမှ ကိုးဆယ့်လေးကမ္ဘာထက်၌ တောင်ဝှေးကို လှူဒါန်းခဲ့ရသောအခါမှစ၍ အပါယ်လေးပါး လားရသည်ကို မသိစဖူးပေ၊ ဤသို့ ဖြစ်ရခြင်းသည် တောင်ဝှေးလှူရခြင်း၏ အကျိုးပေတည်း။

၂၁။ လေးပါးသော ပဋိသမ္ဘိဒါတို့ကိုရင်း ရှစ်ပါးသော ဤဝိမောက္ခတို့ကိုရင်း ခြောက်ပါးသော အဘိညာဉ်တို့ကိုရင်း မျက်မှောက်ပြုအပ်ပါကုန်ပြီ၊ မြတ်စွာဘုရား၏ အဆုံးအမတော်ကို လိုက်နာကျင့်သုံးပြီးပါပြီ။

ဤသို့လျှင် အသျှင်ဒဏ္ဍဒါယကမထေရ်သည် ဤဂါထာတို့ကို မိန့်ဆိုတော်မူ၏။

ငါးခုမြောက် ဒဏ္ဍဒါယကတ္ထေရအပဒါန် ပြီး၏၊

---

## ၆-အမ္ဗယာဂုဒါယကတ္ထေရအပဒါန်

၂၂။ အလိုလိုဖြစ်တော်မူ၍ ရန်သူတို့သည် မအောင်အပ်သော သတရုံသိမည်တော်မူသော ပစ္စေကဗုဒ္ဓါသည် သမာပတ်မှထ၍ ဆွမ်းအလို့ငှါ ငါ၏ (အိမ်သို့) ကြွတော်မူ၏။

၂၃။ ငါသည် အထူးသဖြင့် ကြည်လင်သော စိတ်ရှိတော်မူသော ပစ္စေကဗုဒ္ဓါကို ဖူးမြင်ရ၍ ထိုပစ္စေကဗုဒ္ဓါအား အထူးကြည်လင်သောစိတ်ဖြင့် သရက်သီး ယာဂုကို လှူဒါန်းခဲ့၏။

၂၄။ ဤဘဒ္ဒကမ္ဘာမှ ကိုးဆယ့်လေးကမ္ဘာထက်၌ ယာဂုလှူဒါန်းမှု ပြုလုပ်ခဲ့ရသောအခါမှစ၍ အပါယ်လေးပါး လားရသည်ကို မသိစဖူးပေ၊ ဤသို့ဖြစ်ရခြင်းသည် သရက်သီး ယာဂုကို လှူဒါန်းရခြင်း၏ အကျိုးပေတည်း။

http://www.dhammadownload.com



၂၅။ လေးပါးသော ပဋိသမ္ဘိဒါတို့ကိုလည်းကောင်း ရှစ်ပါးသော ဤဝိမောက္ခတို့ကိုလည်းကောင်း ခြောက်ပါးသော အဘိညာဉ်တို့ကိုလည်းကောင်း မျက်မှောက်ပြုအပ်ပါကုန်ပြီ၊ မြတ်စွာဘုရား၏ အဆုံးအမတော်ကို လိုက်နာကျင့်သုံးပြီးပါပြီ။

ဤသို့လျှင် အသျှင်အမ္ဗယာဂုဒါယကမထေရ်သည် ဤဂါထာတို့ကို မိန့်ဆိုတော်မူ၏။

ခြောက်ခုမြောက် အမ္ဗယာဂုဒါယကတ္ထေရအပဒါန် ပြီး၏။

---

## ၇-သုပုဋကပူဇကတ္ထေရအပဒါန်

၂၆။ လောက၏ ရှေ့သွားဖြစ်တော်မူသော ဝိပဿီမြတ်စွာဘုရားသည် နေ့သန့်ရာမှ ထွက်တော်မူလျက် ဆွမ်းခံလှည့်လည်တော်မူသည်ရှိသော် ငါ၏အထံသို့ ကြွတော်မူလာ၏။

၂၇။ ထိုအခါ ငါသည် နှစ်သက်ဝမ်းမြောက်သော စိတ်ရှိသည်ဖြစ်၍ တာဒိဂုဏ်နှင့် ပြည့်စုံတော်မူသော မြတ်စွာဘုရားအား ဆားထုပ်ကို ပေးလှူခဲ့သဖြင့် တကမ္ဘာပတ်လုံး နတ်ပြည်၌ မွေ့လျော်ရ၏။

၂၈။ ဤဘဒ္ဒကမ္ဘာမှ ကိုးဆယ့်တကမ္ဘာထက်၌ ငါသည် ဆားထုပ်ကို လှူဒါန်းခဲ့ရသောအခါမှစ၍ အပါယ်လေးပါး လားရသည်ကို မသိစဘူးပေ၊ ဤသို့ဖြစ်ရခြင်းသည် ဆားထုပ်လှူရခြင်း၏ အကျိုးပေတည်း။

၂၉။ လေးပါးသော ပဋိသမ္ဘိဒါတို့ကိုလည်းကောင်း ရှစ်ပါးသော ဤဝိမောက္ခတို့ကိုလည်းကောင်း ခြောက်ပါးသော အဘိညာဉ်တို့ကိုလည်းကောင်း မျက်မှောက်ပြုအပ်ပါကုန်ပြီ၊ မြတ်စွာဘုရား၏ အဆုံးအမတော်ကို လိုက်နာကျင့်သုံးပြီးပါပြီ။

ဤသို့လျှင် အသျှင်သုပုဋကပူဇကမထေရ်သည် ဤဂါထာတို့ကို မိန့်ဆိုတော်မူ၏။

ခုနစ်ခုမြောက် သုပုဋကပူဇကတ္ထေရအပဒါန် ပြီး၏။

---

## ၈-မဉ္စဒါယကတ္ထေရအပဒါန်

၃၀။ လောက၏ အကြီးအမှူးဖြစ်၍ တာဒိဂုဏ်နှင့် ပြည့်စုံတော်မူသော ဝိပဿီမြတ်စွာဘုရားအား ငါသည် ကြည်ညိုသည်ဖြစ်၍ မိမိလက်ဖြင့် ညောင်စောင်းတခုကို လှူဒါန်းခဲ့၏။

၃၁။ ငါသည် ထိုညောင်စောင်းအလှူကြောင့် ဆင်ယာဉ်ကိုလည်းကောင်း မြင်းယာဉ်ကိုလည်းကောင်း နတ်၌ဖြစ်သောယာဉ်ကိုလည်းကောင်း ရခဲ့၏၊ အာသဝကုန်ခြင်းသို့လည်း ရောက်ပေ၏။

၃၂။ ဤဘဒ္ဒကမ္ဘာမှ ကိုးဆယ့်တကမ္ဘာထက်၌ ညောင်စောင်းကို လှူခဲ့ရသောအခါမှစ၍ အပါယ်လေးပါး လားရသည်ကို မသိစဘူးပေ၊ ဤသို့ဖြစ်ရခြင်းသည် ညောင်စောင်းလှူရခြင်း၏ အကျိုးပေတည်း။

http://www.dhammadownload.com



၃၃။ လေးပါးသော ပဋိသမ္ဘိဒါတို့ကိုရင်း ရှစ်ပါးသော ဤဝိမောက္ခတို့ကိုရင်း ခြောက်ပါးသော အဘိညာဉ်တို့ကိုရင်း မျက်မှောက်ပြုအပ်ပါကုန်ပြီ၊ မြတ်စွာဘုရား၏ အဆုံးအမတော်ကို လိုက်နာကျင့်သုံးပြီးပါပြီ။

ဤသို့လျှင် အသျှင်မဥ္ဇဒါယကမထေရ်သည် ဤဂါထာတို့ကို မိန့်ဆိုတော်မူ၏။

ရှစ်ခုမြောက် မဥ္ဇဒါယကတ္ထေရအပဒါန် ပြီး၏။

## ၉-သရဏာဂမနိယတ္ထေရအပဒါန်

၃၄။ ထိုအခါ၌ ရဟန်းတော်သည်ရင်း တက္ကတွန်း (အာဇီဝက) သည်ရင်း ငါသည်ရင်း လှေကို စီးကုန်၏၊ လှေပျက်သည်ရှိသော် ရဟန်းသည် ငါ့အား သရဏဂုံကို ပေး၏။

၃၅။ ဤဘဒ္ဒကမ္ဘာမှ သုံးဆယ့်တကမ္ဘာထက်၌ (ရဟန်းသည်) ငါ့အား သရဏဂုံကို ပေးခဲ့သောအခါမှစ၍ အပါယ်လေးပါး လားရသည်ကို မသိစဘူးပေ၊ ဤသို့ဖြစ်ရခြင်းသည် သရဏဂုံဆောက်တည်ရခြင်း၏ အကျိုးပေတည်း။

၃၆။ လေးပါးသော ပဋိသမ္ဘိဒါတို့ကိုရင်း ရှစ်ပါးသော ဤဝိမောက္ခတို့ကိုရင်း ခြောက်ပါးသော အဘိညာဉ်တို့ကိုရင်း မျက်မှောက်ပြုအပ်ပါကုန်ပြီ၊ မြတ်စွာဘုရား၏ အဆုံးအမတော်ကို လိုက်နာကျင့်သုံးပြီးပါပြီ။

ဤသို့လျှင် အသျှင်သရဏာဂမနိယမထေရ်သည် ဤဂါထာတို့ကို မိန့်ဆိုတော်မူ၏။

ကိုးခုမြောက် သရဏာဂမနိယတ္ထေရအပဒါန် ပြီး၏။

## ၁၀-ပိဏ္ဍပါတိကတ္ထေရအပဒါန်

၃၇။ တိဿအမည်ရှိသော မြတ်စွာဘုရားသည် ပွင့်တော်မူ၏၊ တော၌ သီတင်းသုံးတော်မူ၏၊ထိုအခါ ငါသည် တုသိတာနတ်ပြည်မှ ဤလူ့ပြည်သို့ လာ၍ ဆွမ်းကို လှူဒါန်းခဲ့၏။

၃၈။ များသော အခြံအရံရှိတော်မူသော တိဿမည်သော မြတ်စွာဘုရားကို ရှိခိုးခဲ့၍ မိမိစိတ်ကို ကြည်လင်စေပြီးလျှင် ငါသည် တုသိတာနတ်ပြည်သို့ သွားခဲ့၏။

၃၉။ ဤဘဒ္ဒကမ္ဘာမှ ကိုးဆယ့်နှစ်ကမ္ဘာထက်၌ ဆွမ်းအလှူကို ပေးလှူခဲ့ရသောအခါမှစ၍ အပါယ်လေးပါး လားရသည်ကို မသိစဘူးပေ၊ ဤသို့ဖြစ်ရခြင်းသည် ဆွမ်းလှူရခြင်း၏ အကျိုးပေတည်း။

၄၀။ လေးပါးသော ပဋိသမ္ဘိဒါတို့ကိုရင်း ရှစ်ပါးသော ဤဝိမောက္ခတို့ကိုရင်း ခြောက်ပါးသော အဘိညာဉ်တို့ကိုရင်း မျက်မှောက်ပြုအပ်ပါကုန်ပြီ၊ မြတ်စွာဘုရား၏ အဆုံးအမတော်ကို လိုက်နာကျင့်သုံးပြီးပါပြီ။

ဤသို့လျှင် အသျှင်ပိဏ္ဍပါတိကမထေရ်သည် ဤဂါထာတို့ကို မိန့်ဆိုတော်မူ၏။

ဆယ်ခုမြောက် ပိဏ္ဍပါတိကတ္ထေရအပဒါန် ပြီး၏။

**သုံးဆယ့်ခြောက်ခုမြောက် အရွှသဉ္ဉာကဝဂ် ပြီး၏။**

http://www.dhammadownload.com

# ၃၇-မန္ဒာရဝပုပ္ဖိယဝဂ်

## ၁-မန္ဒာရဝပုပ္ဖိယတ္ထေရအပဒါန်

၁-၂။ ငါသည် မင်္ဂလမည်သောလုလင်ဖြစ်စဉ် ထာဝတိံသာနတ်ပြည်မှ ဤလူ့ပြည်သို့ လာ၍ မန္ဒာရဝနတ်ပန်း (ထင်ရှားပန်း)ကို ယူပြီးလျှင် သမာပတ်ဖြင့် နေတော်မူသော ဝိပဿီမြတ်စွာဘုရား၏ ဦးထိပ်၌ ဆောင်းမိုးခဲ့၏၊ ခုနစ်ရက်ပတ်လုံး ဆောင်းမိုးပြီး၍ နတ်ပြည်သို့ တဖန် ပြန်လာခဲ့၏။

၃။ ဤဘဒ္ဒကမ္ဘာမှ ကိုးဆယ့်တစ်ကမ္ဘာထက်၌ ပန်းကို ပူဇော်ခဲ့ရသောအခါမှစ၍ အပါယ်လေးပါး လားရသည်ကို မသိစဘူးပေ၊ ဤသို့ဖြစ်ရခြင်းသည် မြတ်စွာဘုရားအား ပန်းပူဇော်ရခြင်း၏ အကျိုးပေတည်း။

၄။ လေးပါးသော ပဋိသမ္ဘိဒါတို့ကိုလည်း ရှစ်ပါးသော ဤဝိမောက္ခတို့ကိုလည်း ခြောက်ပါးသော အဘိညာဉ်တို့ကိုလည်း မျက်မှောက်ပြုအပ်ပါကုန်ပြီ၊ မြတ်စွာဘုရား၏ အဆုံးအမတော်ကို လိုက်နာကျင့်သုံးပြီးပါပြီ။

ဤသို့လျှင် အသျှင်မန္ဒာရဝပုပ္ဖိယမထေရ်သည် ဤဂါထာတို့ကို မိန့်ဆိုတော်မူ၏။

ရှေးဦးစွာသော မန္ဒာရဝပုပ္ဖိယတ္ထေရအပဒါန် ပြီး၏။

---

## ၂-ကက္ကာရုပုပ္ဖိယတ္ထေရအပဒါန်

၅။ ငါသည် ယာမာနတ်ပြည်မှ ဤလူ့ပြည်သို့ လာ၍ အသရေတည်နေရာဖြစ်သော ဂေါတမမည်သော ကက္ကာရုနတ်ပန်းကို ယူပြီးလျှင် မြတ်စွာဘုရားအား လှူဒါန်းပူဇော်ခဲ့၏။

၆။ ဤဘဒ္ဒကမ္ဘာမှ ကိုးဆယ့်နှစ်ကမ္ဘာထက်၌ မြတ်စွာဘုရားကို လှူဒါန်းပူဇော်ခဲ့ရသောအခါမှစ၍ အပါယ်လေးပါး လားရသည်ကို မသိစဘူးပေ၊ ဤသို့ဖြစ်ရခြင်းသည် မြတ်စွာဘုရားအား ပန်းပူဇော်ရခြင်း၏ အကျိုးပေတည်း။

၇။ လေးပါးသော ပဋိသမ္ဘိဒါတို့ကိုလည်း ရှစ်ပါးသော ဤဝိမောက္ခတို့ကိုလည်း ခြောက်ပါးသော အဘိညာဉ်တို့ကိုလည်း မျက်မှောက်ပြုအပ်ပါကုန်ပြီ၊ မြတ်စွာဘုရား၏ အဆုံးအမတော်ကို လိုက်နာကျင့်သုံးပြီးပါပြီ။

ဤသို့လျှင် အသျှင်ကက္ကာရုပုပ္ဖိယမထေရ်သည် ဤဂါထာတို့ကို မိန့်ဆိုတော်မူ၏။

နှစ်ခုမြောက် ကက္ကာရုပုပ္ဖိယတ္ထေရအပဒါန် ပြီး၏။

http://www.dhammadownload.com



## ၃-ဘိသမုဠာလဒါယကတ္ထေရအပဒါန်

၈။ တရားအားလုံးတို့ကို တဖက်ကမ်းရောက် သိမြင်တော်မူသော ဖုဿမြတ်စွာဘုရားသည် ပွင့်တော်မူ၏၊ ထိုမြတ်စွာဘုရားသည် ဆိတ်ငြိမ်ရာကို အလိုရှိတော်မူသည် ဖြစ်၍ ငါ၏အထံသို့ ကြွလာတော်မူ၏။

၉။ ငါသည် ကြီးမားသော သနားခြင်း 'မဟာကရုဏာ' ရှိတော်မူသော ထိုမြတ်စွာဘုရား၌ စိတ်ကို ကြည်လင်စေပြီးလျှင် ကြာစွယ်ကြာရင်းကို ယူ၍ ဘုရားမြတ်အား လှူဒါန်း၏။

၁၀။ ဤဘဒ္ဒကမ္ဘာမှ ကိုးဆယ့်နှစ်ကမ္ဘာထက်၌ ကြာစွယ်ကြာရင်းကို လှူဒါန်းခဲ့ရသောအခါမှစ၍ အပါယ်လေးပါး လားရသည်ကို မသိစဘူးပေ၊ ဤသို့ ဖြစ်ရခြင်းသည် ကြာစွယ်ကြာရင်းကို လှူရခြင်း၏ အကျိုးပေတည်း။

၁၁။ လေးပါးသော ပဋိသမ္ဘိဒါတို့ကိုရင်း ရှစ်ပါးသော ဤဝိမောက္ခတို့ကိုရင်း ခြောက်ပါးသော အဘိညာဉ်တို့ကိုရင်း မျက်မှောက်ပြုအပ်ပါကုန်ပြီ၊ မြတ်စွာဘုရား၏ အဆုံးအမတော်ကို လိုက်နာကျင့်သုံးပြီးပါပြီ။

ဤသို့လျှင် အသျှင်ဘိသမုဠာလဒါယကမထေရ်သည် ဤဂါထာတို့ကို မိန့်ဆိုတော်မူ၏။

သုံးခုမြောက် ဘိသမုဠာလဒါယကတ္ထေရအပဒါန် ပြီး၏။

---

## ၄-ကေသရပုပ္ဖိယတ္ထေရအပဒါန်

၁၂။ ထိုအခါ ငါသည် ဟိမဝန္တာတောင်၌ ဝိဇ္ဇာဓိုရ်ဖြစ်ခဲ့၏၊ ကိလေသာမြူကင်းတော်မူ၍ မျှားမြတ်သည့် အခြံအရံရှိတော်မူသော မြတ်စွာဘုရားကို စကြံကြွတော်မူစဉ် ဖူးမြင်ရ၏။

၁၃။ ထိုအခါ ငါသည် ဆပ်သွားပန်း သုံးပွင့်တို့ကို ဦးခေါင်း၌ တင်ပြီးလျှင် ဝေဿဘူမြတ်စွာဘုရားကို ချဉ်းကပ်၍ ပူဇော်ခဲ့၏။

၁၄။ ဤဘဒ္ဒကမ္ဘာမှ သုံးဆယ့်တကမ္ဘာထက်၌ ကောင်းမှုကိုပြုခဲ့ရသော အခါမှစ၍ အပါယ်လေးပါး လားရသည်ကို မသိစဘူးပေ၊ ဤသို့ဖြစ်ရခြင်းသည် မြတ်စွာဘုရားအား ပန်းပူဇော်ရခြင်း၏ အကျိုးပေတည်း။

၁၅။ လေးပါးသော ပဋိသမ္ဘိဒါတို့ကိုရင်း ရှစ်ပါးသော ဤဝိမောက္ခတို့ကိုရင်း ခြောက်ပါးသော အဘိညာဉ်တို့ကိုရင်း မျက်မှောက်ပြုအပ်ပါကုန်ပြီ၊ မြတ်စွာဘုရား၏ အဆုံးအမတော်ကို လိုက်နာကျင့်သုံးပြီးပါပြီ။

ဤသို့လျှင် အသျှင်ကေသရပုပ္ဖိယမထေရ်သည် ဤဂါထာတို့ကို မိန့်ဆိုတော်မူ၏။

လေးခုမြောက် ကေသရပုပ္ဖိယတ္ထေရအပဒါန် ပြီး၏။

http://www.dhammadownload.com



## ၅-အဓကောသလပုပ္ဖိယတ္ထေရအပဒါန်

၁၆။ ထိုအခါ၌ ပဒုမမည်သော မြတ်စွာဘုရားသည် စိတ္တကုဋ်တောင်၌ နေတော်မူ၏၊ ငါသည် အလိုလိုဖြစ်တော်မူ၍ ရန်လူတို့သည် မအောင်အပ်သော ထိုမြတ်စွာဘုရားကို ဖူးမြင်ရသည်ရှိသော်—

၁၇။ ပွင့်နေသော အင်္ကောလ(မှန်ကူ)ပင်ကို မြင်သဖြင့် ထိုအခါ ငါသည် (ပန်းကို) ဆွတ်ခူးပြီးလျှင် သစ္စာလေးပါးတရားကို သိမြင်တော်မူသော ပဒုမမြတ်စွာဘုရားထံ ချဉ်းကပ်၍ လှူဒါန်းပူဇော်ခဲ့၏။

၁၈။ ဤဘဒ္ဒကမ္ဘာမှ သုံးဆယ့်တကမ္ဘာထက်၌ ပန်းကို ပူဇော်ခဲ့ရသော အခါမှစ၍ အပါယ်လေးပါး လားရသည်ကို မသိစဘူးပေ၊ ဤသို့ဖြစ်ရခြင်းသည် မြတ်စွာဘုရားအား ပန်းပူဇော်ရခြင်း၏ အကျိုးပေတည်း။

၁၉။ လေးပါးသော ပဋိသမ္ဘိဒါတို့ကိုလည်း ရှစ်ပါးသော ဤဝိမောက္ခတို့ကိုလည်း ခြောက်ပါးသော အဘိညာဉ်တို့ကိုလည်း၊ မျက်မှောက်ပြုအပ်ပါကုန်ပြီ၊ မြတ်စွာဘုရား၏ အဆုံးအမတော်ကို လိုက်နာကျင့်သုံးပြီးပါပြီ။

ဤသို့လျှင် အသျှင်အင်္ကောလပုပ္ဖိယမထေရ်သည် ဤဂါထာတို့ကို မိန့်ဆိုတော်မူ၏။

ငါးခုမြောက် အင်္ကောလပုပ္ဖိယတ္ထေရအပဒါန် ပြီး၏။

---

## ၆-ကဒမ္ဗပုပ္ဖိယတ္ထေရအပဒါန်

၂၀။ ရွှေတုရိုက်တိုင်နှင့် တူတော်မူသည်ဖြစ်၍ သုံးဆယ့်နှစ်ပါးသော ယောကျ်ားမြတ်တို့၏ လက္ခဏာရှိတော်မူသော ရွှေအဆင်းနှင့်တူသော အဆင်းရှိသော လူတို့၏ ရွှေသွားမြတ်စွာဘုရားကို အိမ်ဈေး၌ ကြွသွားတော်မူစဉ်—

၂၁။ မြတ်သော ပြာသာဒ်၌ ထိုင်နေ၍ ငါဖူးမြင်ရ၏၊ ဖူးမြင်ရသော ငါသည် ထိန်ပန်းကိုယူ၍ ဝိပဿီမြတ်စွာဘုရားကို ပူဇော်ခဲ့၏။

၂၂။ ဤဘဒ္ဒကမ္ဘာမှ ကိုးဆယ့်တကမ္ဘာထက်၌ မြတ်စွာဘုရားကို ပူဇော်ခဲ့ရသော အခါမှစ၍ အပါယ်လေးပါး လားရသည်ကို မသိစဘူးပေ၊ ဤသို့ ဖြစ်ရခြင်းသည် မြတ်စွာဘုရားအား ပန်းပူဇော်ရခြင်း၏ အကျိုးပေတည်း။

၂၃။ လေးပါးသော ပဋိသမ္ဘိဒါတို့ကိုလည်း ရှစ်ပါးသော ဤဝိမောက္ခတို့ကိုလည်း ခြောက်ပါးသော အဘိညာဉ်တို့ကိုလည်း မျက်မှောက်ပြုအပ်ပါကုန်ပြီ၊ မြတ်စွာဘုရား၏ အဆုံးအမတော်ကို လိုက်နာကျင့်သုံးပြီးပါပြီ။

ဤသို့လျှင် အသျှင်ကဒမ္ဗပုပ္ဖိယမထေရ်သည် ဤဂါထာတို့ကို မိန့်ဆိုတော်မူ၏။

ခြောက်ခုမြောက် ကဒမ္ဗပုပ္ဖိယတ္ထေရအပဒါန် ပြီး၏။

http://www.dhammadownload.com



## ၇-ဥဒ္ဒါလကပုပ္ဖိယတ္ထေရအပဒါန်

၂၄။ ထိုအခါ၌ အနောမမည်သော ပစ္စေကဗုဒ္ဓါသည် ဂင်္ဂါမြစ်ကမ်း၌ သီတင်းသုံးတော်မူ၏၊ ငါသည် ငုရွှေပန်းကိုယူ၍ မြတ်စွာဘုရားကို ပူဇော်ခဲ့၏။

၂၅။ ဤဘဒ္ဒကမ္ဘာမှ သုံးဆယ့်တကမ္ဘာထက်၌ ပန်းကို ပူဇော်ခဲ့ရသော အခါမှစ၍ အပါယ်လေးပါး လားရသည်ကို မသိစဘူးပေ၊ ဤသို့ဖြစ်ရခြင်းသည် ပစ္စေကဗုဒ္ဓါအား ပန်းပူဇော်ရခြင်း၏ အကျိုးပေတည်း။

၂၆။ လေးပါးသော ပဋိသမ္ဘိဒါတို့ကိုလည်းကောင်း ရှစ်ပါးသော ဝိမောက္ခတို့ကိုလည်းကောင်း ခြောက်ပါးသော အဘိညာဉ်တို့ကိုလည်းကောင်း မျက်မှောက်ပြုအပ်ပါကုန်ပြီ၊ မြတ်စွာဘုရား၏ အဆုံးအမတော်ကို လိုက်နာကျင့်သုံးပြီးပါပြီ။

ဤသို့လျှင် အသျှင်ဥဒ္ဒါလကပုပ္ဖိယမထေရ်သည် ဤဂါထာတို့ကို မိန့်ဆိုတော်မူ၏။

ခုနစ်ခုမြောက် ဥဒ္ဒါလကပုပ္ဖိယတ္ထေရအပဒါန် ပြီး၏။

---

## ၈-ကေစမ္ဗကပုပ္ဖိယတ္ထေရအပဒါန်

၂၇။ ကိလေသာမှ ငြိမ်းအေးတော်မူပြီးသော ပစ္စေကဗုဒ္ဓါအရှင်မြတ်သည် တောင်ကြား၌ နေတော်မူ၏၊ ထိုအခါ ငါသည် စကားပန်းတပွင့်ကိုယူ၍ ပစ္စေကဗုဒ္ဓါအရှင်မြတ်ထံသို့ ချဉ်းကပ်ခဲ့၏။

၂၈။ ငါသည် ကြည်လင်ဝမ်းမြောက်သောစိတ် ရှိသည်ဖြစ်၍ ရန်သူတို့မအောင်အပ်သော ပစ္စေကဗုဒ္ဓါအရှင်မြတ်ကို လက်နှစ်ဖက်တို့ဖြင့် (စကားပန်း)ယူ၍ ပူဇော်ခဲ့၏။

၂၉။ ဤဘဒ္ဒကမ္ဘာမှ ခြောက်ဆယ့်ငါးကမ္ဘာထက်၌ ပန်းကို ပူဇော်ခဲ့ရသောအခါမှစ၍ အပါယ်လေးပါး လားရသည်ကို မသိစဘူးပေ၊ ဤသို့ ဖြစ်ရခြင်းသည် ပစ္စေကဗုဒ္ဓါအား ပန်းပူဇော်ရခြင်း၏ အကျိုးပေတည်း။

၃၀။ လေးပါးသော ပဋိသမ္ဘိဒါတို့ကိုလည်းကောင်း ရှစ်ပါးသော ဝိမောက္ခတို့ကိုလည်းကောင်း ခြောက်ပါးသော အဘိညာဉ်တို့ကိုလည်းကောင်း မျက်မှောက်ပြုအပ်ပါကုန်ပြီ၊ မြတ်စွာဘုရား၏ အဆုံးအမတော်ကို လိုက်နာကျင့်သုံးပြီးပါပြီ။

ဤသို့လျှင် အသျှင်ကေစမ္ဗကပုပ္ဖိယမထေရ်သည် ဤဂါထာတို့ကို မိန့်ဆိုတော်မူ၏။

ရှစ်ခုမြောက် ကေစမ္ဗကပုပ္ဖိယတ္ထေရအပဒါန် ပြီး၏။

---

## ၉-တိမိရပုပ္ဖိယတ္ထေရအပဒါန်

၃၁။ ငါသည် စန္ဒဘာဂါမြစ်ကမ်း၌ ရေစုန်သို့ သွားလျက် ရှိ၏၊ (ထိုအခါ) ပင်လုံးကျွတ်ပွင့်သော အင်ကြင်းပင်မင်းသဖွယ်ဖြစ်သော ကိလေသာငြိမ်းတော်မူသော ပစ္စေကဗုဒ္ဓါအရှင်မြတ်ကို ဖူးမြင်ရ၏။

http://www.dhammadownload.com



၃၂။ ငါသည် ကြည်လင်ဝမ်းမြောက်သောစိတ် ရှိသည်ဖြစ်၍ ပစ္စေကဗုဒ္ဓါအရှင်မြတ်ကို ကျည်းပန်းကိုယူ၍ ဦးထိပ်၌ ကြဲမြှောက်ပူဇော်ခဲ့၏။

၃၃။ ဤဘဒ္ဒကမ္ဘာမှ ကိုးဆယ့်တကမ္ဘာထက်၌ ကျည်းပန်းကို ပူဇော်ခဲ့ရသောအခါမှစ၍ အပါယ်လေးပါး လားရသည်ကို မသိစဘူးပေ၊ ဤသို့ဖြစ်ရခြင်းသည် မြတ်စွာဘုရားအား ပန်းပူဇော်ရခြင်း၏ အကျိုးပေတည်း။

၃၄။ လေးပါးသော ပဋိသမ္ဘိဒါတို့ကိုရင်း ရှစ်ပါးသော ဤဝိမောက္ခတို့ကိုရင်း ခြောက်ပါးသော အဘိညာဉ်တို့ကိုရင်း မျက်မှောက်ပြုအပ်ပါကုန်ပြီ၊မြတ်စွာဘုရား၏ အဆုံးအမတော်ကို လိုက်နာကျင့်သုံးပြီးပါပြီ။

ဤသို့လျှင် အသျှင်တိမိရပုပ္ဖိယမထေရ်သည် ဤဂါထာတို့ကို မိန့်ဆိုတော်မူ၏။

ကိုးခုမြောက် တိမိရပုပ္ဖိယတ္ထေရအပဒါန် ပြီး၏။

---

## ၁၀-သင္ဂလပုပ္ဖိယတ္ထေရအပဒါန်

၃၅။ ထိုအခါ စန္ဒဘာဂါမြစ်ကမ်း၌ (ငါသည်) ကိန္နရာဖြစ်ခဲ့၏၊ ငါသည် လူတို့ထက်မြတ်၍ နတ်ထက်နတ်ဖြစ်တော်မူသော မြတ်စွာဘုရားကို ထိုမြစ်ကမ်း၌ စင်္ကြံကြွတော်မူစဉ် ဖူးမြင်ရ၏။

၃၆။ ငါသည် ထင်းရှူးပန်းကို ဆွတ်ခူး၍ မြတ်စွာဘုရားအား ပေးလှူခဲ့၏၊မြတ်စွာဘုရားသည် နတ်ရနံ့လှိုင်သော ထင်းရှူးပန်းကို နမ်းရှူတော်မူ၏။

၃၇။ လူအပေါင်းကို နိဗ္ဗာန်သို့ ပို့ဆောင်တော်မူတတ်သော ကြီးမားသောလုံ့လရှိတော်မူသော ဝိပဿီမြတ်စွာဘုရားသည် အလှူခံတော်မူပြီး၍ ထိုအခါ၌ ငါသည် ကြည့်ရှုဖူးမြော်စဉ် (ပန်းကို)နမ်းရှူတော်မူ၏။

၃၈။ ငါသည် ကြည်လင်ဝမ်းမြောက်သော စိတ်ရှိသည်ဖြစ်၍ မြတ်စွာဘုရားကို ရှိခိုးပြီးလျှင် လက်အုပ်ချီလျက် တောင်သို့ တဖန်တက်ခဲ့၏။

၃၉။ ဤဘဒ္ဒကမ္ဘာမှ ကိုးဆယ့်တကမ္ဘာထက်၌ ပန်းကို ပူဇော်ခဲ့ရသောအခါမှစ၍ အပါယ်လေးပါး လားရသည်ကို မသိစဘူးပေ၊ ဤသို့ဖြစ်ရခြင်းသည် မြတ်စွာဘုရားအား ပန်းပူဇော်ရခြင်း၏ အကျိုးပေတည်း။

၄၀။ လေးပါးသော ပဋိသမ္ဘိဒါတို့ကိုရင်း ရှစ်ပါးသော ဤဝိမောက္ခတို့ကိုရင်း ခြောက်ပါးသော အဘိညာဉ်တို့ကိုရင်း မျက်မှောက်ပြုအပ်ပါကုန်ပြီ၊မြတ်စွာဘုရား၏ အဆုံးအမတော်ကို လိုက်နာကျင့်သုံးပြီးပါပြီ။

ဤသို့လျှင် အသျှင်သင္ဂလပုပ္ဖိယမထေရ်သည် ဤဂါထာတို့ကို မိန့်ဆိုတော်မူ၏။

ဆယ်ခုမြောက် သင္ဂလပုပ္ဖိယတ္ထေရအပဒါန် ပြီး၏။

**သုံးဆယ့်ခုနစ်ခုမြောက် မန္ဒာရဝပုပ္ဖိယဝဂ် ပြီး၏။**

http://www.dhammadownload.com

# ၃၈—ဗောဓိဝဂ္ဂနဝင်

## ၁-ဗောဓိဝန္ဒကတ္ထေရအပဒါန်

၁။ ငါသည် မြေ၌ပေါက်သော စိမ်းစိုသော သခွတ်ဗောဓိပင်ကို မြင်သဖြင့် လက်ဝဲတဖက်ပခုံးထက်၌ ကိုယ်ရုံကိုတင်၍ လက်အုပ်ချီပြီးလျှင် သခွတ်ဗောဓိပင်ကို ရှိခိုးခဲ့၏။

၂။ ငါသည် လက်အုပ်ချီလျက် စိတ်ကို အလေးပြုပြီးလျှင် အတွင်းအပ၌ စင်ကြယ်တော်မူသော ကိလေသာမှ ကောင်းစွာ လွတ်မြောက်သည်ဖြစ်၍ အာသဝကင်းတော်မူသော—

၃။ လောကသည် ပူဇော်အပ်တော်မူသော မဟာသမုဒ္ဒရာနှင့်တူသော ကရုဏာဉာဏ်ရှိတော်မူသော ဝိပဿီမြတ်စွာဘုရားကို မျက်မှောက်၌ ရှိခိုးရသကဲ့သို့ ထို့အတူ ငါသည် သခွတ်ဗောဓိပင်ကို ရှိခိုးခဲ့၏။

၄။ ဤဘဒ္ဒကမ္ဘာမှ ကိုးဆယ့်တကမ္ဘာထက်၌ ဗောဓိပင်ကို ရှိခိုးခဲ့ရသောအခါမှစ၍ အပါယ်လေးပါး လားရသည်ကို မသိစဖူးပေ၊ ဤသို့ဖြစ်ရခြင်းသည် (ဗောဓိပင်ကို) ရှိခိုးရခြင်း၏ အကျိုးပေတည်း။

၅။ လေးပါးသော ပဋိသမ္ဘိဒါတို့ကိုလည်း ရှစ်ပါးသော ဤဝိမောက္ခတို့ကိုလည်း ခြောက်ပါးသော အဘိညာဉ်တို့ကိုလည်း မျက်မှောက်ပြုအပ်ပါကုန်ပြီ၊ မြတ်စွာဘုရား၏ အဆုံးအမတော်ကို လိုက်နာကျင့်သုံးပြီးပါပြီ။

ဤသို့လျှင် အသျှင်ဗောဓိဝန္ဒကမထေရ်သည် ဤဂါထာတို့ကို မိန့်ဆိုတော်မူ၏။

ရှေးဦးစွာသော ဗောဓိဝန္ဒကတ္ထေရအပဒါန် ပြီး၏။

---

## ၂-ပါဋလိပုပ္ဖိယတ္ထေရအပဒါန်

၆။ အလိုလိုဖြစ်တော်မူသည်ဖြစ်၍ အမြတ်ဆုံး ဖြစ်တော်မူသော မာရ်ငါးပါးကို အောင်တော်မူသော ဝိပဿီမြတ်စွာဘုရားသည် မိမိတပည့်သာဝကတို့ဖြင့် ခြံရံလျက် ဗန္ဓုမတီ ပြည်သို့ ကြွဝင်တော်မူ၏။

၇။ ငါသည် သခွတ်ပန်းသုံးပွင့်တို့ကို ခါးပိုက်၌ ထားအပ်ကုန်၏၊ ငါသည် ဦးခေါင်းကို ရေဆေးလိုသည်ဖြစ်၍သာလျှင် မြစ်ဆိပ်သို့ သွား၏။

၈။ ဗန္ဓုမတီပြည်မှ ထွက်သည်ရှိသော် သက်တန့်ကဲ့သို့ ထွန်းတောက်ပတော်မူသော မီးစာကဲ့သို့ ရဲရဲဝင်းဝင်း ထွန်းလင်းတော်မူသော—

၉။ မြတ်သော ကျားမင်း ဥသဘသဖွယ်လည်းဖြစ်သော အမျိုးမြတ်သည့်ခြင်္သေ့မင်းသဖွယ်လည်းဖြစ်သော သမဏပုဂ္ဂိုလ်တို့ထက် မြတ်တော်မူသော မြတ်စွာဘုရားကို ရဟန်းအပေါင်းခြံရံလျက် ကြွသွားတော်မူစဉ် ဖူးမြင်ရ၏။

http://www.dhammadownload.com



၁၀။ ငါသည် ကိလေသာတို့ကို ငြိမ်းအေးစေကော်မူသော ကိလေသာအညစ်အကြေးတို့ကို ဆေးလျှော်တော်မူပြီးသော ထိုမြတ်စွာဘုရား၌ ကြည်ညိုသည်ဖြစ်၍ ပန်းသုံးပွင့်တို့ကို ယူပြီးလျှင် ဘုရားမြတ်ကို လှူဒါန်းပူဇော်ခဲ့၏။

၁၁။ ဤဘဒ္ဒကမ္ဘာမှ ကိုးဆယ့်တကမ္ဘာထက်၌ ပန်းကို ပူဇော်ခဲ့ရသော အခါမှစ၍ အပါယ်လေးပါး လားရသည်ကို မသိစဘူးပေ၊ ဤသို့ဖြစ်ရခြင်းသည် မြတ်စွာဘုရားအား ပန်းပူဇော်ရခြင်း၏ အကျိုးပေတည်း။

၁၂။ လေးပါးသော ပဋိသမ္ဘိဒါတို့ကိုလည်း ရှစ်ပါးသော ဤဝိမောက္ခတို့ကိုလည်း ခြောက်ပါးသော အဘိညာဉ်တို့ကိုလည်း မျက်မှောက်ပြုအပ်ပါကုန်ပြီ၊ မြတ်စွာဘုရား၏ အဆုံးအမတော်ကို လိုက်နာကျင့်သုံးပြီးပါပြီ။

ဤသို့လျှင် အသျှင်ပါဋလိပုပ္ဖိယမထေရ်သည် ဤဂါထာတို့ကို မိန့်ဆိုတော်မူ၏။

နှစ်ခုမြောက် ပါဋလိပုပ္ဖိယတ္ထေရအပဒါန် ပြီး၏။

---

## ၃-တိဏုပ္ပလမာလိယတ္ထေရအပဒါန်

၁၃။ ထိုအခါ (ငါသည်) စန္ဒဘာဂါမြစ်ကမ်း၌ မျောက်ဖြစ်ခဲ့၏၊ ကိလေသာမြူကင်းတော်မူသော မြတ်စွာဘုရားကို တောင်ကြား၌ သီတင်းသုံးထိုင်နေတော်မူစဉ် ဖူးမြင်ရ၏။

၁၄။ အရပ်အားလုံးတို့ကို ထွန်းလင်းတောက်ပ စေနိုင်သည်ဖြစ်၍ ပင်လုံးကျွတ်ပွင့်သော အင်ကြင်းပင်မင်းသဖွယ် လက္ခဏာတော်ကြီးငယ်နှင့် ပြည့်စုံတော်မူသော မြတ်စွာဘုရားကို ဖူးမြင်ရသဖြင့် ငါသည် နှစ်သက်သောစိတ်သည် ဖြစ်၏။

၁၅။ တက်ကြွ ဝမ်းမြောက်သော စိတ်ရှိသည် ပီတိဖြင့် ရွှင်လန်းသော စိတ်ရှိသည်ဖြစ်၍ ကြာပန်းသုံးပွင့်တို့ကို ဦးထိပ်၌ တင်လှူပူဇော်ခဲ့၏။

၁၆။ ငါသည် ဖုဿမြတ်စွာဘုရားအား ပန်းတို့ကို ပူဇော်ပြီးလျှင် ရိုသေခြင်းနှင့်တကွ ဖြစ်၍ မြောက်အရပ်သို့ ရှေးရှုဖဲသွားခဲ့၏။

၁၇။ အလွန်ကြည်လင်သောစိတ်ဖြင့် နောက်သို့ဆုတ်လျက် သွားသည်ရှိသော် တောင်ကြား၌ကျ၍ အသက်ကုန်ခြင်းသို့ ရောက်ခဲ့၏။

၁၈။ ငါသည် ကောင်းစွာပြုအပ်သော ထိုကောင်းမှုကံကြောင့်လည်း စေတနာ၏ တောင့်တမှုကြောင့်လည်း ရှေးဘဝကို စွန့်၍ တာဝတိံသာနတ်ပြည်သို့ ရောက်ခဲ့၏။

၁၉။ ငါသည် အကြိမ်သုံးရာတိုင်တိုင် နတ်မင်းအဖြစ်ကိုလည်း ပြုခဲ့၏၊ အကြိမ်ငါးရာတိုင်တိုင် စကြဝတေးမင်းလည်း ဖြစ်ခဲ့၏။

၂၀။ ဤဘဒ္ဒကမ္ဘာမှ ကိုးဆယ့်နှစ်ကမ္ဘာထက်၌ ကြာပန်းကို ပူဇော်ခဲ့ရသောအခါမှစ၍ အပါယ်လေးပါး လားရသည်ကို မသိစဘူးပေ၊ ဤသို့ဖြစ်ရခြင်းသည် မြတ်စွာဘုရားအား ပန်းပူဇော်ရခြင်း၏ အကျိုးပေတည်း။

http://www.dhammadownload.com



၂၁။ လေးပါးသော ပဋိသမ္ဘိဒါတို့ကိုရင်း ရှစ်ပါးသော ဤဝိမောက္ခတို့ကိုရင်း ခြောက်ပါးသော အဘိညာဉ်တို့ကိုရင်း မျက်မှောက်ပြုအပ်ပါကုန်ပြီ၊ မြတ်စွာဘုရား၏ အဆုံးအမတော်ကို လိုက်နာကျင့်သုံးပြီးပါပြီ။

ဤသို့လျှင် အသျှင်တိဏ္ဍုပွလမာလိယမထေရ်သည် ဤဂါထာတို့ကို မိန့်ဆိုတော်မူ၏။

သုံးခုမြောက် တိဏ္ဍုပွလမာလိယတ္ထေရအပဒါန် ပြီး၏။

---

## ၄-ပန္ဓိပုပ္ဖိယတ္ထေရအပဒါန်

၂၂။ မြတ်သော သီလက္ခန္ဓစသော ကျေးဇူးကို ရှာမှီးတော်မူပြီးသော ပဒုမုတ္တရ မြတ်စွာဘုရား ပရိနိဗ္ဗာန်စံတော်မူသောအခါ၌ အလုံးစုံကုန်သောလူတို့သည် အညီအညွတ် စည်းဝေးကြ၍ အလောင်းတော်ကို ထုတ်ဆောင်ကုန်၏။

၂၃။ အလောင်းတော်ကို ထုတ်ဆောင်စဉ် စည်တို့ကို တီးခတ်ကုန်သည်ရှိသော် ငါသည် ကြည်လင်ဝမ်းမြောက်သော စိတ်ရှိသည်ဖြစ်၍ ကြံပိုင်ပန်းကို ပူဇော်ခဲ့၏။

၂၄။ ဤဘဒ္ဒကမ္ဘာမှ ကမ္ဘာတသိန်းထက်၌ ပန်းကို ပူဇော်ခဲ့ရသော အခါမှစ၍ အပါယ်လေးပါး လားရသည်ကို မသိစဘူးပေ၊ ဤသို့ဖြစ်ရခြင်းသည် အလောင်းတော်အား ပန်းပူဇော်ရခြင်း၏ အကျိုးပေတည်း။

၂၅။ ငါသည် ကိလေသာတို့ကို ရှို့မြှိုက်လောင်ကျွမ်းစေအပ်ကုန်ပြီ၊ဘဝအားလုံးတို့ကို ပယ်နုတ်အပ်ကုန်ပြီ၊ ဆင်ပြောင်ကြီးသည် အနှောင်အဖွဲ့ကိုဖြတ်၍ နေဘိသကဲ့သို့ အာသဝ မရှိပဲ နေရပေ၏။

၂၆။ ငါ၏လာခြင်းကား ကောင်းသောလာခြင်း စင်စစ်ဖြစ်ပေ၏၊ ငါသည် မြတ်စွာဘုရား၏အထံတော်၌ ဝိဇ္ဇာသုံးပါးတို့ကို ရအပ်ပါကုန်ပြီ၊ မြတ်စွာဘုရား၏ အဆုံးအမတော်ကို လိုက်နာကျင့်သုံးပြီးပါပြီ။

၂၇။ လေးပါးသော ပဋိသမ္ဘိဒါတို့ကိုရင်း ရှစ်ပါးသော ဤဝိမောက္ခတို့ကိုရင်း ခြောက်ပါးသော အဘိညာဉ်တို့ကိုရင်း မျက်မှောက်ပြုအပ်ပါကုန်ပြီ၊ မြတ်စွာဘုရား၏ အဆုံးအမတော်ကို လိုက်နာကျင့်သုံးပြီးပါပြီ။

ဤသို့လျှင် အသျှင်ပန္ဓိပုပ္ဖိယမထေရ်သည် ဤဂါထာတို့ကို မိန့်ဆိုတော်မူ၏။

လေးခုမြောက် ပန္ဓိပုပ္ဖိယတ္ထေရအပဒါန် ပြီး၏။

---

## ၅-သတ္တပဏ္ဏိယတ္ထေရအပဒါန်

၂၈။ လူတို့၏ ရှေ့သွားဖြစ်သော သုမနမည်သော မြတ်စွာဘုရားသည် ပွင့်တော်မူ၏၊ ငါသည် ကြည်လင်ဝမ်းမြောက်သော စိတ်ရှိသည်ဖြစ်၍ စရည်းပန်းကို ပေးလှူခဲ့၏။

http://www.dhammadownload.com



၂၉။ ဤဘဒ္ဒကမ္ဘာမှ ကမ္ဘာတသိန်းထက်၌ စရည်းပန်းကို လှူခဲ့သောအခါစမှ၍ အပါယ်လေးပါး လားရသည်ကိုမသိစဘူးပေ၊ ဤသို့ဖြစ်ရခြင်းသည် (မြတ်စွာဘုရားအား) စရည်းပန်းပူဇော်ရခြင်း၏ အကျိုးပေတည်း။

၃၀။ ငါသည် ကိလေသာတို့ကို ရှို့မြိုက်လောင်ကျွမ်းစေအပ်ကုန်ပြီ၊ ဘဝအားလုံးတို့ကို ပယ်နုတ်အပ်ကုန်ပြီ၊ ဆင်ပြောင်ကြီးသည် အနှောင်အဖွဲ့ကိုဖြတ်၍ နေသကဲ့သို့ အာသဝ မရှိပဲ နေရ၏။

၃၁။ ငါ၏လာခြင်းကား ကောင်းသောလာခြင်း စင်စစ်ဖြစ်ပေ၏၊ ငါသည် မြတ်စွာဘုရား၏ အထံတော်၌ ဝိဇ္ဇာသုံးပါးတို့ကို ရအပ်ပါကုန်ပြီ၊ မြတ်စွာဘုရား၏ အဆုံးအမ တော်ကို လိုက်နာကျင့်သုံးပြီးပါပြီ။

၃၂။ လေးပါးသော ပဋိသမ္ဘိဒါတို့ကိုရင်း ရှစ်ပါးသော ဤဝိမောက္ခတို့ကိုရင်း ခြောက် ပါးသော အဘိညာဉ်တို့ကိုရင်း မျက်မှောက်ပြုအပ်ပါကုန်ပြီ၊ မြတ်စွာဘုရား၏ အဆုံးအမ တော်ကို လိုက်နာကျင့်သုံးပြီးပါပြီ။

ဤသို့လျှင် အသျှင်သတ္တပဏ္ဏိယမထေရ်သည် ဤဂါထာတို့ကို မိန့်ဆိုတော်မူ၏။

ငါးခုမြောက် သတ္တပဏ္ဏိယတ္ထေရအပဒါန် ပြီး၏။

---

## ၆-ဂန္ဓမုဋ္ဌိယတ္ထေရအပဒါန်

၃၃။ (အလောင်းတော်ကို မီးသင်္ဂြိုဟ်ရန်) ထင်းပုံကို ပြုလုပ်နေစဉ် နံ့သာအမျိုးမျိုးကို ဆောင်ယူအပ်သည်ရှိသော် ငါသည် ကြည်လင်ဝမ်းမြောက်သော စိတ်ရှိသည်ဖြစ်၍ နံ့သာ ဆုပ်ကို ပူဇော်ခဲ့၏။

၃၄။ ဤဘဒ္ဒကမ္ဘာမှ ကမ္ဘာတသိန်းထက်၌ ထင်းပုံကို ပူဇော်ခဲ့ရသော အခါမှစ၍ အပါယ်လေးပါး လားရသည်ကို မသိစဘူးပေ၊ ဤသို့ဖြစ်ရခြင်းသည် ထင်းပုံကို ပူဇော်ရ ခြင်း၏ အကျိုးပေတည်း။

၃၅။ ငါသည် ကိလေသာတို့ကို ရှို့မြိုက် လောင်ကျွမ်းစေအပ်ကုန်ပြီ၊ ဘဝအား လုံးတို့ကို ပယ်နုတ်အပ်ကုန်ပြီ၊ ဆင်ပြောင်ကြီးသည် အနှောင်အဖွဲ့ကို ဖြတ်၍နေသကဲ့သို့ အာသဝမရှိပဲ နေရပေ၏။

၃၆။ ငါ၏လာခြင်းကား ကောင်းသောလာခြင်း စင်စစ် ဖြစ်ပေ၏၊ ငါသည် မြတ်စွာ ဘုရား၏ အထံတော်၌ ဝိဇ္ဇာသုံးပါးတို့ကို ရအပ်ပါကုန်ပြီ၊ မြတ်စွာဘုရား၏ အဆုံးအမ တော်ကို လိုက်နာကျင့်သုံးပြီးပါပြီ။

၃၇။ လေးပါးသော ပဋိသမ္ဘိဒါတို့ကိုရင်း ရှစ်ပါးသော ဤဝိမောက္ခတို့ကိုရင်း ခြောက် ပါးသော အဘိညာဉ်တို့ကိုရင်း မျက်မှောက်ပြုအပ်ပါကုန်ပြီ၊ မြတ်စွာဘုရား၏ အဆုံးအမ တော်ကို လိုက်နာကျင့်သုံးပြီးပါပြီ။

ဤသို့လျှင် အသျှင်ဂန္ဓမုဋ္ဌိယမထေရ်သည် ဤဂါထာတို့ကို မိန့်ဆိုတော်မူ၏။

ခြောက်ခုမြောက် ဂန္ဓမုဋ္ဌိယတ္ထေရအပဒါန် ပြီး၏။

http://www.dhammadownload.com



## ၇-စိတကပူဇကတ္ထေရအပဒါန်

၃၈။ ပဒုမုတ္တရအမည်ရှိသော မြတ်စွာဘုရားသည် ပရိနိဗ္ဗာန် စံတော်မူလတ်သော် အလောင်းတော်ကို နံ့သာထင်းပုံသို့ တင်သောအခါ၌ ငါသည် အင်ကြင်းပန်းကို ပူဇော်ခဲ့၏။

၃၉။ ဤဘဒ္ဒကမ္ဘာမှ ကမ္ဘာတသိန်းထက်၌ ပန်းကို ပူဇော်ခဲ့ရသော အခါမှစ၍ အပါယ်လေးပါး လားရသည်ကို မသိစဘူးပေ၊ ဤသို့ဖြစ်ရခြင်းသည် အလောင်းတော် ထင်းပုံကို ပန်းပူဇော်ရခြင်း၏ အကျိုးပေတည်း။

၄၀။ ငါသည် ကိလေသာတို့ကို ရှို့မြိုက်လောင်ကျွမ်းစေအပ်ကုန်ပြီ၊ ဘဝအားလုံး တို့ကိုပယ်နုတ်အပ်ကုန်ပြီ၊ ဆင်ပြောင်ကြီးသည် အနှောင်အဖွဲ့ကို ဖြတ်၍ နေသကဲ့သို့ အာသဝမရှိပဲ နေရပေ၏။

၄၁။ ငါ၏လာခြင်းကား ကောင်းသောလာခြင်း စင်စစ် ဖြစ်ပေ၏၊ ငါသည် မြတ်စွာ ဘုရား၏အထံတော်၌ ဝိဇ္ဇာသုံးပါးတို့ကို ရအပ်ပါကုန်ပြီ၊ မြတ်စွာဘုရား၏ အဆုံးအမ တော်ကို လိုက်နာကျင့်သုံးပြီးပါပြီ။

၄၂။ လေးပါးသော ပဋိသမ္ဘိဒါတို့ကိုင်း ရှစ်ပါးသော ဤဝိမောက္ခတို့ကိုင်း ခြောက် ပါးသော အဘိညာဉ်တို့ကိုင်း မျက်မှောက်ပြုအပ်ပါကုန်ပြီ၊ မြတ်စွာဘုရား၏ အဆုံးအမ တော်ကို လိုက်နာကျင့်သုံးပြီးပါပြီ။

ဤသို့လျှင် အသျှင်စိတကပူဇကမထေရ်သည် ဤဂါထာတို့ကို မိန့်ဆိုတော်မူ၏။

ခုနစ်ခုမြောက် စိတကပူဇကတ္ထေရအပဒါန် ပြီး၏။

---

## ၈-သုမနတာလဝဏ်ဳယတ္ထေရအပဒါန်

၄၃။ ငါသည် သိဒ္ဓတ္ထမြတ်စွာဘုရားအား မုလေးပန်းတို့ဖြင့် ဖုံးလွှမ်းသော ထန်းရွက် ယပ်ကို ပေးလှူခဲ့၏၊ (ထို့ကြောင့်) ငါသည် မြတ်သောလူတို့အားသာ ထိုက်သော ထန်းရွက်ယပ်ကို ဆောင်ရပေ၏။

၄၄။ ဤဘဒ္ဒကမ္ဘာမှ ကိုးဆယ့်လေးကမ္ဘာထက်၌ ငါသည် ထန်းရွက်ယပ်ကို ပေးလှူ ခဲ့၏၊ ထိုအခါမှစ၍ အပါယ်လေးပါး လားရသည်ကို မသိစဘူးပေ၊ ဤသို့ဖြစ်ရခြင်းသည် ထန်းရွက်ယပ်ကို လှူရခြင်း၏ အကျိုးပေတည်း။

၄၅။ ငါသည် ကိလေသာတို့ကို ရှို့မြိုက်လောင်ကျွမ်းစေအပ်ကုန်ပြီ၊ ဘဝအားလုံး တို့ကို ပယ်နုတ်အပ်ကုန်ပြီ၊ ဆင်ပြောင်ကြီးသည် အနှောင်အဖွဲ့ကိုဖြတ်၍ နေသကဲ့သို့ အာသဝမရှိပဲ နေရပေ၏။

၄၆။ ငါ၏လာခြင်းကား ကောင်းသောလာခြင်း စင်စစ် ဖြစ်ပေ၏၊ ငါသည် မြတ်စွာ ဘုရား၏အထံတော်၌ ဝိဇ္ဇာသုံးပါးတို့ကို ရအပ်ပါကုန်ပြီ၊ မြတ်စွာဘုရား၏ အဆုံးအမ တော်ကို လိုက်နာကျင့်သုံးပြီးပါပြီ။

http://www.dhammadownload.com



၄၇။ လေးပါးသော ပဋိသမ္ဘိဒါတို့ကိုလည်း ရှစ်ပါးသော ဤဝိမောက္ခတို့ကိုလည်း ခြောက်ပါးသော အဘိညာဉ်တို့ကိုလည်း မျက်မှောက်ပြုအပ်ပါကုန်ပြီ၊ မြတ်စွာဘုရား၏ အဆုံးအမတော်ကို လိုက်နာကျင့်သုံးပြီးပါပြီ။

ဤသို့လျှင် အသျှင်သုမနတာလဝဏ္ဋိယမထေရ်သည် ဤဂါထာတို့ကို မိန့်ဆိုတော်မူ၏။

ရှစ်ခုမြောက် သုမနတာလဝဏ္ဋိယတ္ထေရအပဒါန် ပြီး၏။

---

## ၉-သုမနဒါမိယတ္ထေရအပဒါန်

၄၈။ ငါသည် ကိလေသာတို့ကို ဆေးလျော်တော်မူပြီးသည်ဖြစ်၍ ကိလေသာတို့ကို ပူပန်စေတတ်သော အကျင့်ရှိတော်မူသော သိဒ္ဓတ္ထမြတ်စွာဘုရားအား မုလေးပန်းဆိုင်းကို ပြုလုပ်၍ ရှေ့တော်၌ ရပ်တည်လျက် ဆောင်းမိုး၏။

၄၉။ ဤဘဒ္ဒကမ္ဘာမှ ကိုးဆယ့်လေးကမ္ဘာထက်၌ ပန်းဆိုင်းကို ဆောင်းမိုးခဲ့ရသော အခါမှစ၍ အပါယ်လေးပါး လားရသည်ကို မသိစဘူးပေ၊ ဤသို့ဖြစ်ရခြင်းသည် မုလေးပန်းဆိုင်းကို ဆောင်းမိုးရခြင်း၏ အကျိုးပေတည်း။

၅၀။ ငါသည် ကိလေသာတို့ကို ရှို့မြိုက်လောင်ကျွမ်းစေအပ်ကုန်ပြီ၊ ဘဝအားလုံးတို့ကို ပယ်နုတ်အပ်ကုန်ပြီ၊ ဆင်ပြောင်ကြီးသည် အနှောင်အဖွဲ့ကို ဖြတ်၍ နေသကဲ့သို့ အာသဝမရှိပဲ နေရပေ၏။

၅၁။ ငါ၏လာခြင်းကား ကောင်းသောလာခြင်း စင်စစ်ဖြစ်ပေ၏၊ ငါသည် မြတ်စွာဘုရား၏အထံတော်၌ ဝိဇ္ဇာသုံးပါးတို့ကို ရအပ်ပါကုန်ပြီ၊ မြတ်စွာဘုရား၏ အဆုံးအမတော်ကို လိုက်နာကျင့်သုံးပြီးပါပြီ။

၅၂။ လေးပါးသော ပဋိသမ္ဘိဒါတို့ကိုလည်း ရှစ်ပါးသော ဤဝိမောက္ခတို့ကိုလည်း ခြောက်ပါးသော အဘိညာဉ်တို့ကိုလည်း မျက်မှောက်ပြုအပ်ပါကုန်ပြီ၊ မြတ်စွာဘုရား၏ အဆုံးအမတော်ကို လိုက်နာကျင့်သုံးပြီးပါပြီ။

ဤသို့လျှင် အသျှင်သုမနဒါမိယမထေရ်သည် ဤဂါထာတို့ကို မိန့်ဆိုတော်မူ၏။

ကိုးခုမြောက် သုမနဒါမိယတ္ထေရအပဒါန် ပြီး၏။

---

## ၁၀-ကာသုမာရိဖလဒါယကတ္ထေရအပဒါန်

၅၃။ မဟာလှေကားပန်းကဲ့သို့ တောက်ပတော်မူသော လူတို့၏အကြီးအမှူးဖြစ်၍ လူတို့ထက် မြတ်တော်မူသော ကိလေသာမြူကင်းတော်မူသော မြတ်စွာဘုရားကို တောင်ကြား၌ ထိုင်နေတော်မူစဉ် ဖူးမြင်ရ၏။

၅၄။ ငါသည် ကြည်လင်ဝမ်းမြောက်သောစိတ်ရှိသည်ဖြစ်၍ လက်အုပ်ကို ဦးခေါင်း၌ တင်မြှောက်ပြီးလျှင် သရက်ဖြူသီးကို ဘုရားမြတ်အား ပေးလှူခဲ့၏။

http://www.dhammadownload.com



၅၅။ ဤဘဒ္ဒကမ္ဘာမှ သုံးဆယ့်တကမ္ဘာထက်၌ ငါသည် သရက်ဖြူသီးကို ပေးလှူခဲ့ရသောအခါမှစ၍ ဒုဂ္ဂတိဘေးဟူ၍ မသိစဘူးပေ၊ ဤသို့ဖြစ်ရခြင်းသည် သရက်ဖြူသီးကို လှူရခြင်း၏ အကျိုးပေတည်း။

၅၆။ ငါသည် ကိလေသာတို့ကို ရှို့မြှိုက် လောင်ကျွမ်းစေအပ်ကုန်ပြီ၊ ဘဝအားလုံးတို့ကို ပယ်နုတ်အပ်ကုန်ပြီ၊ ဆင်ပြောင်ကြီးသည် အနှောင်အဖွဲ့ကိုဖြတ်၍ နေသကဲ့သို့ အာသဝမရှိပဲ နေရပေ၏။

၅၇။ ငါ၏လာခြင်းကား ကောင်းသောလာခြင်း စင်စစ်ဖြစ်ပေ၏၊ ငါသည် မြတ်စွာဘုရား၏အထံတော်၌ ဝိဇ္ဇာသုံးပါးတို့ကို ရအပ်ပါကုန်ပြီ၊ မြတ်စွာဘုရား၏ အဆုံးအမတော်ကို လိုက်နာကျင့်သုံးပြီးပါပြီ။

၅၈။ လေးပါးသော ပဋိသမ္ဘိဒါတို့ကိုရင်း ရှစ်ပါးသော ဤဝိမောက္ခတို့ကိုရင်း ခြောက်ပါးသော အဘိညာဉ်တို့ကိုရင်း မျက်မှောက်ပြုအပ်ပါကုန်ပြီ၊ မြတ်စွာဘုရား၏ အဆုံးအမတော်ကို လိုက်နာကျင့်သုံးပြီးပါပြီ။

ဤသို့လျှင် အသျှင်ကာသုမာရိဖလဒါယကမထေရ်သည် ဤဂါထာတို့ကို မိန့်ဆိုတော်မူ၏။

ဆယ်ခုမြောက် ကာသုမာရိဖလဒါယကတ္ထေရအပဒါန် ပြီး၏။

**သုံးဆယ့်ရှစ်ခုမြောက် ဗောဓိဝန္ဒနဝဂ် ပြီး၏။**

http://www.dhammadownload.com

# ၉၃-အဝဋ္ဋဖလဝဂ်

## ၁-အဝဋ္ဋဖလဒါယကတ္ထေရအပဒါန်

၁။ အလိုလိုဖြစ်တော်မူသော ရန်သူတို့သည် မအောင်အပ်သော သစ္စာလေးပါးကို သိတော်မူသော သတရံသိမည်သော ပစ္စေကဗုဒ္ဓါသည် ဆိတ်ငြိမ်ရာကို အလိုရှိတော်မူသည်ဖြစ်၍ (ဆိတ်ငြိမ်ရာ အာရုံကို) ကျက်စားခြင်းငှါ ထွက်တော်မူ၏။

၂။ ငါသည် မြတ်စွာဘုရားကို မြင်၍ သစ်သီးကို လက်က ကိုင်လျက် (ပစ္စေကဗုဒ္ဓါထံ)ချဉ်းကပ်ခဲ့၏၊ ကြည်လင်ဝမ်းမြောက်သောစိတ်ရှိသည်ဖြစ်၍ အဝဋ္ဋ(ထန်းသီး) အသီးကို ပေးလှူခဲ့၏။

၃။ ဤဘဒ္ဒကမ္ဘာမှ ကိုးဆယ့်ဓလေးကမ္ဘာထက်၌ အဝဋ္ဋ(ထန်းသီး) အသီးကို ပေးလှူခဲ့ရသောအခါမှစ၍ အပါယ်လေးပါး လားရသည်ကို မသိစဖူးပေ၊ ဤသို့ဖြစ်ရခြင်းသည် သစ်သီးလှူရခြင်း၏ အကျိုးပေတည်း။

၄။ ငါသည်ကိလေသာတို့ကို ရှို့မြိုက်လောင်ကျွမ်းစေအပ်ကုန်ပြီ၊ ဘဝအားလုံးတို့ကို ပယ်နုတ်အပ်ကုန်ပြီ၊ ဆင်ပြောင်ကြီးသည် အနှောင်အဖွဲ့ကို ဖြတ်၍ နေသကဲ့သို့ အာသဝ မရှိပဲ နေရပေ၏။

၅။ ငါ၏လာခြင်းကား ကောင်းသောလာခြင်း စင်စစ်ဖြစ်ပေ၏၊ ငါသည် မြတ်စွာဘုရား၏ အထံတော်၌ ဝိဇ္ဇာသုံးပါးတို့ကို ရအပ်ပါကုန်ပြီ၊ မြတ်စွာဘုရား၏ အဆုံးအမတော်ကို လိုက်နာကျင့်သုံးပြီးပါပြီ။

၆။ လေးပါးသော ပဋိသမ္ဘိဒါတို့ကိုင်း ရှစ်ပါးသော ဤဝိမောက္ခတို့ကိုင်း ခြောက်ပါးသော အဘိညာဉ်တို့ကိုင်း မျက်မှောက်ပြုအပ်ပါကုန်ပြီ၊ မြတ်စွာဘုရား၏ အဆုံးအမတော်ကို လိုက်နာကျင့်သုံးပြီးပါပြီ။

ဤသို့လျှင် အသျှင်အဝဋ္ဋဖလဒါယကမထေရ်သည် ဤဂါထာတို့ကို မိန့်ဆိုတော်မူ၏။

ရှေးဦးစွာသော အဝဋ္ဋဖလဒါယကတ္ထေရအပဒါန် ပြီး၏။

---

## ၂-လဗုဇဒါယကတ္ထေရအပဒါန်

၇။ ထိုအခါ ငါသည် ဗန္ဓုမတီမြို့၌ အရံ (ခြံ) စောင့် ဖြစ်ခဲ့၏၊ ကိလေသာမြူကင်း စင်တော်မူသော မြတ်စွာဘုရားကို ကောင်းကင်၌ကြွသွားတော်မူစဉ် ဖူးမြင်ရ၏။

၈။ ငါသည် တောင်ပိန္နဲသီးကိုယူ၍ ဘုရားမြတ်အား လှူဒါန်းခဲ့၏၊ များသော အခြံအရံရှိတော်မူသော မြတ်စွာဘုရားသည် ကောင်းကင်၌ ရပ်တည်လျက် အလှူခံတော်မူ၏။

http://www.dhammadownload.com



၉။ ငါ၏နှစ်သက်ခြင်းကို ဖြစ်စေတတ်သော မျက်မှောက်ချမ်းသာကို ဆောင်တတ်သော အသီးကို အထူးကြည်လင်သောစိတ်ဖြင့် ဘုရားအား ပေးလှူရခြင်းကြောင့်—

၁၀။ ထိုအခါ၌ နှစ်သက်မှု'ပီတိ'ကို ရရှိခဲ့၏၊ ကြီးကျယ်ပြန့်ပြောသော ချမ်းသာမြတ်ကိုလည်း ရရှိခဲ့၏၊ ထိုထိုဘဝ၌ဖြစ်သော ငါ့အား ရတနာသည် ဖြစ်ပေါ်သည်သာလျှင်တည်း။

၁၁။ ဤဘဒ္ဒကမ္ဘာမှ ကိုးဆယ့်တကမ္ဘာထက်၌ သစ်သီးကို ပေးလှူခဲ့ရသောအခါမှစ၍ အပါယ်လေးပါး လားရသည်ကို မသိစဘူးပေ၊ ဤသို့ဖြစ်ရခြင်းသည် သစ်သီးလှူရခြင်း၏ အကျိုးပေတည်း။

၁၂။ ငါသည် ကိလေသာတို့ကို ရှို့မြိုက်လောင်ကျွမ်းစေအပ်ကုန်ပြီ၊ ဘဝအားလုံးတို့ကို ပယ်နုတ်အပ်ကုန်ပြီ၊ ဆင်ပြောင်ကြီးသည် အနှောင်အဖွဲ့ကို ဖြတ်၍ နေသကဲ့သို့ အာသဝမရှိပဲ နေရပေ၏။

၁၃။ ငါ၏လာခြင်းကား ကောင်းသောလာခြင်း စင်စစ်ဖြစ်ပေ၏၊ ငါသည် မြတ်စွာဘုရား၏အထံတော်၌ ဝိဇ္ဇာသုံးပါးတို့ကို ရအပ်ပါကုန်ပြီ၊ မြတ်စွာဘုရား၏ အဆုံးအမတော်ကို လိုက်နာကျင့်သုံးပြီးပါပြီ။

၁၄။ လေးပါးသော ပဋိသမ္ဘိဒါတို့ကိုင်း ရှစ်ပါးသော ဤဝိမောက္ခတို့ကိုင်း ခြောက်ပါးသော အဘိညာဉ်တို့ကိုင်း မျက်မှောက်ပြုအပ်ပါကုန်ပြီ၊ မြတ်စွာဘုရား၏ အဆုံးအမတော်ကို လိုက်နာကျင့်သုံးပြီးပါပြီ။

ဤသို့လျှင် အသျှင်လဗုဇဒါယကမထေရ်သည် ဤဂါထာတို့ကို မိန့်ဆိုတော်မူ၏။

နှစ်ခုမြောက် လဗုဇဒါယကတ္ထေရအပဒါန် ပြီး၏။

---

## ၃-ဥဒုမ္ဗရဖလဒါယကတ္ထေရအပဒါန်

၁၅။ ယောကျ်ားမြတ်ဖြစ်တော်မူသော မြတ်စွာဘုရားသည် ဝိနတာမြစ်ကမ်း၌ နေတော်မူ၏၊ (ထိုအခါ) ငါသည် တခုတည်းသော အာရုံရှိသည်ဖြစ်၍ လွန်စွာတည်ကြည်တော်မူသော ကိလေသာမြူကင်းတော်မူသော မြတ်စွာဘုရားကို ဖူးမြင်ရ၏။

၁၆။ ငါသည် ကိလေသာအညစ်အကြေးကို ဆေးလျှော်တော်မူပြီးသော ထိုမြတ်စွာဘုရား၌ ကြည်ညိုသော စိတ်ရှိသည်ဖြစ်၍ ရေသဖန်းသီးကို ယူပြီးလျှင် ဘုရားမြတ်အား လှူဒါန်းခဲ့၏။

၁၇။ ဤဘဒ္ဒကမ္ဘာမှ ကိုးဆယ့်တကမ္ဘာထက်၌ သစ်သီးကို ပေးလှူခဲ့ရသောအခါမှစ၍ အပါယ်လေးပါး လားရသည်ကို မသိစဘူးပေ၊ ဤသို့ဖြစ်ရခြင်းသည် သစ်သီးလှူရခြင်း၏ အကျိုးပေတည်း။

၁၈။ ငါသည် ကိလေသာတို့ကို ရှို့မြိုက်လောင်ကျွမ်းစေအပ်ကုန်ပြီ၊ ဘဝအားလုံးတို့ကို ပယ်နုတ်အပ်ကုန်ပြီ၊ ဆင်ပြောင်ကြီးသည် အနှောင်အဖွဲ့ကို ဖြတ်၍ နေသကဲ့သို့ အာသဝမရှိပဲ နေရပေ၏။

http://www.dhammadownload.com



၁၉။ ငါ၏လာခြင်းကား ကောင်းသောလာခြင်း စင်စစ် ဖြစ်ပေ၏၊ ငါသည် မြတ်စွာဘုရားအထံတော်၌ ဝိဇ္ဇာသုံးပါးတို့ကို ရအပ်ပါကုန်ပြီ၊ မြတ်စွာဘုရား၏ အဆုံးအမတော်ကို လိုက်နာကျင့်သုံးပြီးပါပြီ။

၂၀။ လေးပါးသော ပဋိသမ္ဘိဒါတို့ကိုရင်း ရှစ်ပါးသော ဤဝိမောက္ခတို့ကိုရင်း ခြောက်ပါးသော အဘိညာဉ်တို့ကိုရင်း မျက်မှောက်ပြုအပ်ပါကုန်ပြီ၊ မြတ်စွာဘုရား၏ အဆုံးအမတော်ကို လိုက်နာကျင့်သုံးပြီးပါပြီ။

ဤသို့လျှင် အသျှင်ဥဒုမ္ဗရဖလဒါယကမထေရ်သည် ဤဂါထာတို့ကို ဟိန့်ဆိုတော်မူ၏။

သုံးခုမြောက် ဥဒုမ္ဗရဖလဒါယကတ္ထေရအပဒါန် ပြီး၏။

## ၄-ပိလက္ခဖလဒါယကတ္ထေရအပဒါန်

၂၁။ များသော အခြံအရံရှိတော်မူသော အတ္ထဒဿီမြတ်စွာဘုရားကို တောအတွင်း၌ ဖူးမြင်ရသဖြင့် ကြည်လင်ဝမ်းမြောက်သော စိတ်ရှိသည်ဖြစ်၍ ညောင်ကြတ်သီးကို ပေးလှူခဲ့၏။

၂၂။ (ဤဘဒ္ဒကမ္ဘာမှ) ကမ္ဘာတထောင့်ရှစ်ရာထက်၌ ညောင်ကြတ်သီးကို ပေးလှူခဲ့ရသောအခါမှစ၍ အပါယ်လေးပါး လားရသည်ကို မသိစဖူးပေ၊ ဤသို့ဖြစ်ရခြင်းသည် ညောင်ကြတ်သီးကို လှူရခြင်း၏ အကျိုးပေတည်း။

၂၃။ ငါသည် ကိလေသာတို့ကို ရှို့မြှိုက်လောင်ကျွမ်းစေအပ်ကုန်ပြီ၊ ဘဝအားလုံးတို့ကို ပယ်နုတ်အပ်ကုန်ပြီ၊ ဆင်ပြောင်ကြီးသည် အနှောင်အဖွဲ့ကို ဖြတ်၍ နေသကဲ့သို့ အာသဝမရှိပဲ နေရ၏။

၂၄။ ငါ၏လာခြင်းကား ကောင်းသောလာခြင်း စင်စစ်ဖြစ်ပေ၏၊ ငါသည် မြတ်စွာဘုရား၏အထံတော်၌ ဝိဇ္ဇာသုံးပါးတို့ကို ရအပ်ပါကုန်ပြီ၊ မြတ်စွာဘုရား၏ အဆုံးအမတော်ကို လိုက်နာကျင့်သုံးပြီးပါပြီ။

၂၅။ လေးပါးသော ပဋိသမ္ဘိဒါတို့ကိုရင်း ရှစ်ပါးသော ဤဝိမောက္ခတို့ကိုရင်း ခြောက်ပါးသော အဘိညာဉ်တို့ကိုရင်း မျက်မှောက်ပြုအပ်ပါကုန်ပြီ၊ မြတ်စွာဘုရား၏ အဆုံးအမတော်ကို လိုက်နာကျင့်သုံးပြီးပါပြီ။

ဤသို့လျှင် အသျှင်ပိလက္ခဖလဒါယကမထေရ်သည် ဤဂါထာတို့ကို မိန့်ဆိုတော်မူ၏။

လေးခုမြောက် ပိလက္ခဖလဒါယကတ္ထေရအပဒါန် ပြီး၏။

## ၅-ဖာရုသဖလဒါယကတ္ထေရအပဒါန်

၂၆။ ငါသည် ရွှေအဆင်းနှင့်တူသော အဆင်းရှိတော်မူသည်ဖြစ်၍ ပေးလှူဖွယ်ပစ္စည်းဝတ္ထုတို့ကို ခံတော်မူထိုက်သော ခရီးလမ်းမ၌ ကြွသွားတော်မူသော မြတ်စွာဘုရားအား ဖက်သက်သီးကို ပေးလှူခဲ့၏။

http://www.dhammadownload.com



၂၇။ ဤဘဒ္ဒကမ္ဘာမှ ကိုးဆယ့်တကမ္ဘာထက်၌ ငါသည် ဖက်သက်သီးကို ပေးလှူခဲ့ရသောအခါမှစ၍ အပါယ်လေးပါး လားရသည်ကို မသိစဘူးပေ၊ ဤသို့ဖြစ်ရခြင်းသည် သစ်သီးကို လှူရခြင်း၏ အကျိုးပေတည်း။

၂၈။ ငါသည် ကိလေသာတို့ကို ရှို့မြှိုက်လောင်ကျွမ်းစေအပ်ကုန်ပြီ၊ ဘဝအားလုံးတို့ကို ပယ်နုတ်အပ်ကုန်ပြီ၊ ဆင်ပြောင်ကြီးသည် အနှောင်အဖွဲ့ကို ဖြတ်၍နေသကဲ့သို့ အာသဝမရှိပဲ နေရ၏။

၂၉။ ငါ၏လာခြင်းကား ကောင်းသောလာခြင်း စင်စစ်ဖြစ်ပေ၏၊ ငါသည် မြတ်စွာဘုရား၏အထံတော်၌ ဝိဇ္ဇာသုံးပါးတို့ကို ရအပ်ပါကုန်ပြီ၊ မြတ်စွာဘုရား၏ အဆုံးအမတော်ကို လိုက်နာကျင့်သုံးပြီးပါပြီ။

၃၀။ လေးပါးသော ပဋိသမ္ဘိဒါတို့ကိုဎင်း ရှစ်ပါးသော ဤဝိမောက္ခတို့ကိုဎင်း ခြောက်ပါးသော အဘိညာဉ်တို့ကိုဎင်း မျက်မှောက်ပြုအပ်ပါကုန်ပြီ၊ မြတ်စွာဘုရား၏ အဆုံးအမတော်ကို လိုက်နာကျင့်သုံးပြီးပါပြီ။

ဤသို့လျှင် အသျှင်ဖာရုသဖလဒါယကမထေရ်သည် ဤဂါထာတို့ကို မိန့်ဆိုတော်မူ၏။

ငါးခုမြောက် ဖာရုသဖလဒါယကတ္ထေရအပဒါန် ပြီး၏။

---

## ၆-ဝလ္လိဖလဒါယကတ္ထေရအပဒါန်

၃၁။ ထိုအခါ လူခပ်သိမ်းတို့သည် အညီအညွတ် စည်းဝေးကုန်၍ တောသို့သွားကြကုန်၏၊ ထိုအခါ၌ သစ်သီးကို ရှာကြကုန်သော ထိုသူတို့သည် သစ်သီးကို ရကြကုန်၏။

၃၂။ ငါသည် ထိုတောအရပ်၌ အလိုလိုဖြစ်တော်မူသော ရန်သူတို့သည် မအောင်အပ်သော မြတ်စွာဘုရားကို ဖူးမြင်ရ၏၊ ငါသည် ကြည်လင်ဝမ်းမြောက်သောစိတ်ရှိသည် ဖြစ်၍ နွယ်သီးကို ပေးလှူခဲ့၏။

၃၃။ ဤဘဒ္ဒကမ္ဘာမှ သုံးဆယ့်တကမ္ဘာထက်၌ နွယ်သီးကို ပေးလှူခဲ့ရသော အခါမှစ၍ အပါယ်လေးပါး လားရသည်ကို မသိစဘူးပေ၊ ဤသို့ဖြစ်ရခြင်းသည် သစ်သီးလှူရခြင်း၏ အကျိုးပေတည်း။

၃၄။ ငါသည် ကိလေသာတို့ကို ရှို့မြှိုက်လောင်ကျွမ်းစေအပ်ကုန်ပြီ၊ ဘဝအားလုံးတို့ကို ပယ်နုတ်အပ်ကုန်ပြီ၊ ဆင်ပြောင်ကြီးသည် အနှောင်အဖွဲ့ကို ဖြတ်၍နေသကဲ့သို့ အာသဝမရှိပဲ နေရ၏။

၃၅။ ငါ၏ လာခြင်းကား ကောင်းသောလာခြင်း စင်စစ်ဖြစ်ပေ၏၊ ငါသည် မြတ်စွာဘုရား၏အထံတော်၌ ဝိဇ္ဇာသုံးပါးတို့ကို ရအပ်ပါကုန်ပြီ၊ မြတ်စွာဘုရား၏ အဆုံးအမတော်ကို လိုက်နာကျင့်သုံးပြီးပါပြီ။

http://www.dhammadownload.com



၃၆။ လေးပါးသော ပဋိသမ္ဘိဒါတို့ကိုရင်း ရှစ်ပါးသော ဤဝိမောက္ခတို့ကိုရင်း ခြောက်ပါးသော အဘိညာဉ်တို့ကိုရင်း မျက်မှောက်ပြုအပ်ပါကုန်ပြီ၊ မြတ်စွာဘုရား၏ အဆုံးအမတော်ကို လိုက်နာကျင့်သုံးပြီးပါပြီ။

ဤသို့လျှင် အသျှင်ဝလ္လိဖလဒါယကမထေရ်သည် ဤဂါထာတို့ကို မိန့်ဆိုတော်မူ၏။

ခြောက်ခုမြောက် ဝလ္လိဖလဒါယကတ္ထေရအပဒါန် ပြီး၏။

---

## ၇-ကဒလိဖလဒါယကတ္ထေရအပဒါန်

၃၇။ ငါသည် ထွန်းလင်းတောက်ပသော မဟာလှေကားပန်းသဖွယ် လပြည့်ဝန်းသဖွယ်ဖြစ်၍ အလျှံတောက်သော ဆီမီးတိုင်သဖွယ်လည်းဖြစ်သော လူတို့၏ရှေ့သွားမြတ်စွာဘုရားကို ဖူးမြင်ရ၏။

၃၈။ ငါသည် ငှက်ပျောသီးကို ယူ၍ မြတ်စွာဘုရားအား လှူဒါန်းခဲ့၏၊ ကြည်လင်ဝမ်းမြောက်သော စိတ်ရှိသည်ဖြစ်၍ ရှိခိုးပြီးလျှင် ဖဲသွားခဲ့၏။

၃၉။ ဤဘဒ္ဒကမ္ဘာမှ သုံးဆယ့်တကမ္ဘာထက်၌ ငှက်ပျောသီးကို လှူခဲ့ရသော အခါမှစ၍ အပါယ်လေးပါး လားရသည်ကို မသိစဘူးပေ၊ ဤသို့ဖြစ်ရခြင်းသည် ငှက်ပျောသီးကို လှူရခြင်း၏ အကျိုးပေတည်း။

၄၀။ ငါသည် ကိလေသာတို့ကို ရှို့မြိုက်လောင်ကျွမ်းစေအပ်ကုန်ပြီ၊ ဘဝအားလုံးတို့ကို ပယ်နုတ်အပ်ကုန်ပြီ၊ ဆင်ပြောင်ကြီးသည် အနှောင်အဖွဲ့ကို ဖြတ်၍နေသကဲ့သို့ အာသဝမရှိပဲ နေရ၏။

၄၁။ ငါ၏လာခြင်းကား ကောင်းသောလာခြင်း စင်စစ်ဖြစ်ပေ၏၊ ငါသည် မြတ်စွာဘုရား၏ အထံတော်၌ ဝိဇ္ဇာသုံးပါးတို့ကို ရအပ်ပါကုန်ပြီ၊ မြတ်စွာဘုရား၏ အဆုံးအမတော်ကို လိုက်နာကျင့်သုံးပြီးပါပြီ။

၄၂။ လေးပါးသော ပဋိသမ္ဘိဒါတို့ကိုရင်း ရှစ်ပါးသော ဤဝိမောက္ခတို့ကိုရင်း ခြောက်ပါးသော အဘိညာဉ်တို့ကိုရင်း မျက်မှောက်ပြုအပ်ပါကုန်ပြီ၊ မြတ်စွာဘုရား၏ အဆုံးအမတော်ကို လိုက်နာကျင့်သုံးပြီးပါပြီ။

ဤသို့လျှင် အသျှင်ကဒလီဖလဒါယကမထေရ်သည် ဤဂါထာတို့ကို မိန့်ဆိုတော်မူ၏။

ခုနစ်ခုမြောက် ကဒလီဖလဒါယကတ္ထေရအပဒါန် ပြီး၏။

---

## ၈-ပနသဖလဒါယကတ္ထေရအပဒါန်

၄၃။ ထိုအခါ၌ အဇ္ဇုနအမည်ရှိသော ပစ္စေကဗုဒ္ဓါသည် ဟိမဝန္တာတောင်၌ နေတော်မူ၏၊ ထိုပစ္စေကဗုဒ္ဓါသည် အကျင့်'စရဏ'နှင့်လည်း ပြည့်စုံတော်မူ၏၊ သမာဓိ၌လည်း လိမ္မာတော်မူ၏။

http://www.dhammadownload.com



၄၄။ ငါသည် အသက်ရှင်စေတတ်သော အိုးမျှလောက်ရှိသော ပိန္နဲသီးကို ယူ၍ စရည်းပင်၌ တင်ထားပြီးလျှင် ပစ္စေကဗုဒ္ဓါအား ပေးလှူခဲ့၏။

၄၅။ ဤဘဒ္ဒကမ္ဘာမှ သုံးဆယ့်တကမ္ဘာထက်၌ ပိန္နဲသီးကို လှူခဲ့ရသော အခါမှစ၍ အပါယ်လေးပါး လားရသည်ကို မသိစဘူးပေ၊ ဤသို့ဖြစ်ရခြင်းသည် မြတ်စွာဘုရားအား သစ်သီးလှူရခြင်း၏ အကျိုးပေတည်း။

၄၆။ ငါသည် ကိလေသာတို့ကို ရှို့မြှိုက်လောင်ကျွမ်းစေအပ်ကုန်ပြီ၊ ဘဝအားလုံးတို့ကို ပယ်နုတ်အပ်ကုန်ပြီ၊ ဆင်ပြောင်ကြီးသည် အနှောင်အဖွဲ့ကို ဖြတ်၍နေသကဲ့သို့ အာသဝမရှိပဲ နေရပေ၏။

၄၇။ ငါ၏ လာခြင်းကား ကောင်းသောလာခြင်း စင်စစ်ဖြစ်ပေ၏၊ ငါသည် မြတ်စွာဘုရား၏ အထံတော်၌ ဝိဇ္ဇာသုံးပါးတို့ကို ရအပ်ပါကုန်ပြီ၊ မြတ်စွာဘုရား၏ အဆုံးအမတော်ကို လိုက်နာကျင့်သုံးပြီးပါပြီ။

၄၈။ လေးပါးသော ပဋိသမ္ဘိဒါတို့ကိုရင်း ရှစ်ပါးသော ဤဝိမောက္ခတို့ကိုရင်း ခြောက်ပါးသော အဘိညာဉ်တို့ကိုရင်း မျက်မှောက်ပြုအပ်ပါကုန်ပြီ၊မြတ်စွာဘုရား၏ အဆုံးအမတော်ကို လိုက်နာကျင့်သုံးပြီးပါပြီ။

ဤသို့လျှင် အသျှင်ပနသဖလဒါယကမထေရ်သည် ဤဂါထာတို့ကို မိန့်ဆိုတော်မူ၏။

ရှစ်ခုမြောက် ပနသဖလဒါယကတ္ထေရအပဒါန် ပြီး၏။

---

## ၉-သောဏကောဠိဝိသတ္ထေရအပဒါန်

၄၉။ ငါသည် ဝိပဿီမြတ်စွာဘုရား သာသနာတော်တွင် အရပ်လေးမျက်နှာ၌ နေသော သံဃာတော်အား (ရည်မှန်း၍) ဗန္ဓုမတီမင်းနေပြည်တော်၌ လိုဏ်ဂူတခုကို ပြုလုပ်ခဲ့၏။

၅၀။ လိုဏ်ဂူမြေ(အခင်း)ကို ပုဆိုး (အဝတ်) တို့ဖြင့် ခင်း၍ စွန့်လွှတ်လှူဒါန်းခဲ့၏၊ ထိုအခါ တက်ကြွဝမ်းမြောက်သော စိတ်ရှိသည်ဖြစ်၍ ဆုတောင်းမှုကို ပြုခဲ့၏။

၅၁။ အကျွန်ုပ်သည် မြတ်စွာဘုရားကို နှစ်သိမ့်အားရစေနိုင်ရပါလို၏၊ ရဟန်းအဖြစ်ကိုလည်း ရလိုပါ၏၊ အတုမရှိ ငြိမ်သက် မြင့်မြတ်သော နိဗ္ဗာန်သို့လည်း ရောက်ရပါလို၏ (ဟု ဆုတောင်းခဲ့၏)။

၅၂။ ထို ဖြူစင်သော ကုသိုလ် အကြောင်းရင်းကြောင့်သာလျှင် ကမ္ဘာကိုးဆယ်ပတ်လုံး ကျင်လည်ခဲ့ရ၏၊ ပြုအပ်ဖြီးသော ကောင်းမှုရှိသော ငါသည် နတ်ဖြစ်သော်ရင်း လူဖြစ်သော်ရင်း တင့်တယ်၏။

၅၃။ ထိုမှ ကြွင်းကျန်သော ကံကြောင့် ဤနောက်ဆုံးဘဝ၌ စမ္ပာပြည်ဝယ် အမြတ်ဆုံး သူဌေးကြီး၏ တယောက်တည်းသောသား ဖြစ်လာပေ၏။

http://www.dhammadownload.com



၅၄။ အဖသူဌေးအား ငါမွေးဖွားကြောင်းကို ကြားသဖြင့် သဟိုသားအား ကုဋေ နှစ်ဆယ်အောက် မယုတ်လျော့သော ဥစ္စာကို ငါပေးအံ့ဟု ဤသို့သော စိတ်အလိုဆန္ဒသည် ဖြစ်ပေါ် ခဲ့၏။

၅၅။ ငါ၏ နှစ်ဖက်သော ခြေဖဝါးအပြင်၌ ပေါက်ကုန်သော အမွေးတို့သည် လက်လေးသစ် ရှိကုန်၏၊ သိမ်မွေ့ကုန်၏၊နူးညံ့သောအဖော့ရှိကုန်၏၊လဲဝါဂွမ်းစုနှင့်တူကုန်၏၊ တင့်တယ်လှပကုန်၏။

၅၆။ လွန်ပြီးသော ကမ္ဘာကိုးဆယ်တို့ရင်း ထို့ထက်အလွန်ဖြစ်သော ဤကမ္ဘာတခု ရင်း (ဤကိုးဆယ့်တကမ္ဘာအတွင်း၌) ငါသည် အခင်းမရှိသောမြေပေါ်၌ ခြေချဘူး သည်ကို မသိစဘူးပေ။

၅၇။ ငါသည် မြတ်စွာဘုရားကို နှစ်သိမ့်အားရစေခဲ့ပြီ၊ ငါသည် ရဟန်းဘောင်သို့ ပင်ရောက်ရပြီ၊ ငါသည် အရဟတ္တဖိုလ်ကိုလည်း ရပြီ၊ ငါသည် ကိလေသာငြိမ်းလျက် အေးမြသူ ဖြစ်ပေ၏။

၅၈။ မြတ်စွာဘုရားသည် အားထုတ်အပ်သော ဝီရိယရှိသောသူတို့ထက် အမြတ်ဆုံး ဟူ၍ ညွှန်းပြတော်မူ၏၊ ငါသည် အဘိညာဉ်ခြောက်ပါးကိုရသော တန်ခိုးကြီးမားသော အာသဝကုန်ပြီးသော ရဟန္တာဖြစ်၏။

၅၉။ ဤဘဒ္ဒကမ္ဘာမှ ကိုးဆယ့်တကမ္ဘာထက်၌ လိုဏ်ဂူအလှူကို လှူခဲ့ရသော အခါမှ၎ ၍ အပါယ်လေးပါး လားရသည်ကို မသိစဘူးပေ၊ ဤသို့ဖြစ်ရခြင်းသည် လိုဏ်ဂူကို လှူခဲ့ရခြင်း၏ အကျိုးပေတည်း။

၆၀။ ငါသည် ကိလေသာတို့ကို ရှို့မြှိုက်လောင်ကျွမ်းစေအပ်ကုန်ပြီ၊ ဘဝအားလုံး တို့ကို ပယ်နုတ်အပ်ကုန်ပြီ၊ ဆင်ပြောင်ကြီးသည် အနှောင်အဖွဲ့ကို ဖြတ်၍ နေသကဲ့သို့ အာသဝမရှိပဲ နေရပေ၏။

၆၁။ ငါ၏လာခြင်းကား ကောင်းသောလာခြင်း စင်စစ်ဖြစ်ပေ၏၊ ငါသည် မြတ်စွာ ဘုရား၏ အထံတော်၌ ဝိဇ္ဇာသုံးပါးတို့ကို ရအပ်ပါကုန်ပြီ၊ မြတ်စွာဘုရား၏ အဆုံးအမ တော်ကို လိုက်နာကျင့်သုံးပြီးပါပြီ။

၆၂။ လေးပါးသော ပဋိသမ္ဘိဒါတို့ကိုရင်း ရှစ်ပါးသော ဤဝိမောက္ခတို့ကိုရင်း ခြောက် ပါးသော အဘိညာဉ်တို့ကိုရင်း မျက်မှောက်ပြုအပ်ပါကုန်ပြီ၊ မြတ်စွာဘုရား၏ အဆုံးအမ တော်ကို လိုက်နာကျင့်သုံးပြီးပါပြီ။

၆၃။ ကောဠိဝီသအမျိုး၌ဖြစ်သော သောဏမထေရ်သည် အနောတတ္တအိုင်ကြီး၌ ပြဿနာကို မေးလျှောက်အပ်သည်ဖြစ်၍ ရဟန်းအပေါင်း၏ ရှေ့မှောက်၌ ပြဿနာကို ဖြေတော်မူ၏။

ဤသို့လျှင် အသျှင်သောဏကောဠိဝီသမထေရ်သည် ဤဂါထာတို့ကို မိန့်ဆိုတော်မူ၏။

ကိုးခုမြောက် သောဏကောဠိဝီသတ္ထေရအပဒါန် ပြီး၏။

http://www.dhammadownload.com



## ၁၀-ပုဗ္ဗကမ္မပိလောတိကဗုဒ္ဓအပဒါန်

၆၄-၆၅။ ရဟန်းအပေါင်းများစွာ ခြံရံအပ်သော မြတ်စွာဘုရားသည် ရတနာအမျိုးမျိုးတို့ဖြင့် တောက်ပသော ပန်းရနံ့အမျိုးမျိုးတို့ဖြင့် သင်းကြိုင်သော တောအတွင်း ဝယ် အနဝတတ်အိုင်အနီးရှိ မွှေလျော်ဖွယ် ကောင်းသော ထိုကျောက်ဖျာအပြင်၌ ထိုင်နေတော်မူလျက် မိမိ(ကိုယ်တော်မြတ်)၏ ရှေးကံတို့ကို ဟောကြားတော်မူ၏။

၆၆။ ရဟန်းဘို့ သင်တို့သည် ငါ၏တရားစကားကို နာယူကြကုန်လော့၊ ငါပြုခဲ့သော ရှေးကဟောင်း၏ (အကျိုးဆက်သည့်) ဘုရားအဖြစ်၌လည်း အကျိုးပေးလျက် ရှိ၏။

( ၁ )

၆၇။ ငါသည် ရှေးအခါက တပါးသောဘဝတို့၌ မုနာဠိမည်သော သေသောက်ကြူး သမားဖြစ်စဉ် မပြစ်မှားထိုက်သော သုရဘိအရှင်ပစ္စေကဗုဒ္ဓါကို စွပ်စွဲမိခဲ့၏။

၆၈။ ထိုစွပ်စွဲခဲ့သော ကံ၏အကျိုးကြောင့် ငါသည် ငရဲ၌ ကြာမြင့်စွာ ကျင်လည်ခဲ့ရ၏၊ ထောင်ပေါင်းများစွာသော နှစ်တို့ပတ်လုံး ဆင်းရဲဝေဒနာကို ခံစားခဲ့ရပေ၏။

၆၉။ ငါသည် ထိုကံအကြွင်းဖြင့် ဤနောက်ဆုံးဘဝ၌လည်း သုန္ဒရီပရိဗိုဇ်မဟူသော အကြောင်းကြောင့် စွပ်စွဲခြင်းကို ခံရပေ၏။

( ၂ )

၇၀။ သဗ္ဗာဘိဘူအမည်တော် ရှိသော မြတ်စွာဘုရားအား နန္ဒမည်သော တပည့်သည် ရှိ၏၊ငါသည် ထိုနန္ဒမည်သော ရဟန်းကို စွပ်စွဲမိခြင်းကြောင့်ငရဲ၌ ကြာမြင့်စွာ ကျင်လည်ခဲ့ရ၏။

၇၁။ အနှစ်တသောင်းတို့ပတ်လုံး ငရဲ၌ကြာမြင့်စွာ ကျင်လည်ခဲ့ရ၏၊ ငါသည် လူ့ဘဝကို ရသည်ရှိသော် စွပ်စွဲမှုကို များစွာခံခဲ့ရပြန်၏။

၇၂။ ထိုကံအကြွင်းကြောင့် စိဉ္စမာဏဝိကာပရိဗိုဇ်မသည် လူအပေါင်း၏ရှေ့၌ မဟုတ် မမှန်စကားဖြင့် ငါ့ကို စွပ်စွဲလေ၏။

( ၃ )

၇၃။ ငါသည် အကြားအမြင်များသည်ဖြစ်၍ ရှိသေအပ် ပူဇော်အပ်သော ပြာဟ္မဏ လုလင်ဖြစ်ခဲ့၏၊ မဟာဝုန်တော၌ လုလင်ငါးရာတို့အား ဗေဒင်တို့ကို ပို့ချလျက်ရှိ၏။

၇၄။ တန်ခိုးကြီးမားသော ကြောက်မက်ဖွယ်ဖြစ်သော အဘိညာဉ်ရ ရသေ့သည် ထိုတောသို့ ရောက်လာ၏၊ ငါသည် ရောက်လာသော ထိုရသေ့ကို မြင်၍ မပြစ်မှားထိုက်ပဲ လျက် စွပ်စွဲခဲ့၏။

၇၅။ ထိုအခါ ငါသည် တပည့်(လုလင်)တို့ကို ဤရသေ့ကား ကာမဂုဏ်ချမ်းသာကို ခံစားလေ့ရှိသူတည်းဟု ပြောဆိုခဲ့၏၊ ငါပြောကြားသည်ကိုလည်း တပည့်လုလင်တို့သည် ဝမ်းသာအားရကြကုန်၏။

http://www.dhammadownload.com



၇၆။ ထို့နောက် လူလင်အားလုံးတို့သည် အိမ်တိုင်းအိမ်တိုင်း၌ ဆွမ်းခံသောရသေ့ကို ဤရသေ့သည် ကာမဂုဏ်ချမ်းသာကို ခံစားလေ့ရှိသူတည်းဟု လူများအပေါင်းအား ပြောဆိုကြကုန်၏။

၇၇။ ထိုကံ၏အကျိုးကြောင့် အားလုံးသော ဤရဟန်းငါးရာတို့သည် သုန္ဒရီပရိဗိုဇ်မဟူသော အကြောင်းကြောင့် စွပ်စွဲခြင်းကို ခံကြရကုန်၏။

( ၄ )

၇၈။ ငါသည် ရှေးအခါက ဥစ္စာဟူသောအကြောင်းကြောင့် မိအဘမ်းကွဲသော ညီကို သတ်ခဲ့ဘူး၏၊ (သတ်ပြီး၍) တောင်ချောက်ကြား၌ ပစ်ချခဲ့၏၊ ကျောက်တုံးဖြင့်လည်း ဖိကြိတ်ခဲ့၏။

၇၉။ ထိုကံ၏အကျိုးကြောင့် ဒေဝဒတ်သည် ကျောက်ကို ပစ်ချ၏၊ (ထိုအခါ)ငါ၏ ခြေ၌ ကျောက်စရစ်လွှာသည် ခြေမတော်ကို ကြိတ်ချေ၏။

( ၅ )

၈၀။ ရှေးအခါက ငါသည် ကလေးသူငယ်ဖြစ်၍ လမ်းခရီးမ၌ ကစားစဉ် လမ်း၌ ပစ္စေကဗုဒ္ဓါကို မြင်၍ ကျောက်ခဲဖြင့် ပစ်ခတ်ခဲ့၏။

၈၁။ ထိုကံ၏အကျိုးကြောင့် ဤနောက်ဆုံးဘဝ၌ ဒေဝဒတ်သည် ငါ့ကို သတ်ရန် လေးသမားတို့ကို စေလွှတ်ခဲ့၏။

( ၆ )

၈၂။ ရှေးအခါက (ငါသည်) ဆင်ဦးစီးဖြစ်ခဲ့၏၊ ငါသည် ဆွမ်းခံကြွလာတော်မူသော ထိုပစ္စေကဗုဒ္ဓ အရှင်မြတ်ကို ဆင်ဖြင့် တိုက်ဝှေ့ခဲ့၏။

၈၃။ ထိုကံ၏အကျိုးကြောင့် ရာဇဂြိုဟ်ပြည်မြတ်၌ နာဠာဂီရိဆင်သည် တုန်လှုပ်လျက် (ယဉ်ကျေးပြီးဖြစ်ပါလျက်) ကြမ်းကြုတ်စွာ (ငါ့ထံသို့) ချဉ်းကပ်လေ၏။

( ၇ )

၈၄။ ငါသည် ပတ္တိဝမင်းဖြစ်ခဲ့၏၊ (ထိုအခါ) လှံဖြင့် ယောကျ်ားကို သတ်ခဲ့၏၊ ထိုကံ၏ အကျိုးကြောင့် ငရဲ၌ ပြင်းထန်စွာကျက်ခဲ့ရ၏။

၈၅။ ထိုကံ၏အကြွင်းကြောင့် ယခုအခါ၌ ကျောက်လွှာသည် ငါ၏ခြေ၌ အရေအားလုံးကို ဖြတ်တောက်လေ၏၊ အကြောင်းကံသည် မပျောက်မပျက်သည်သာလျှင်တည်း။

( ၈ )

၈၆။ ငါသည် တံငါရွာ၌ တံငါသည်၏ သားသူငယ်ဖြစ်ခဲ့၏၊ ငါးများစွာသတ်နေသည်တို့ကို မြင်၍ ဝမ်းမြောက်မှုကို ဖြစ်စေခဲ့၏။

http://www.dhammadownload.com



၈၇။ ထိုကံ၏အကျိုးကြောင့် ငါ့အား ခေါင်းခဲသောဝေဒနာသည် ဖြစ်၏၊ ဝိဋူဋဘ မင်းသတ်သောအခါ၌ သာကီဝင်မင်းအားလုံးတို့သည်လည်း အသတ်ခံရကုန်၏။

( ၉ )

၈၈။ ငါသည် ဖုဿမြတ်စွာဘုရား၏ သာသနာတော်၌ (ဘုရား၏) တပည့်သာဝကတို့ကို မုယော(ဂျုံ)ကို ခဲကြ စားကြကုန်လော့၊ သလေးတို့ကို မစားကြကုန်လင့်ဟု ဆဲရေးမိခဲ့၏။

၈၉။ ထိုကံ၏အကျိုးကြောင့် ဝေရဉ္ဇာပုဏ္ဏားပင့်ဖိတ်အပ်သည်ဖြစ်၍ ဝေရဉ္ဇာပြည်၌ နေသောအခါဝယ် ဝါတွင်းသုံးလပတ်လုံး မုယောဆန်ကို စားခဲ့ရ၏။

( ၁၀ )

၉၀။ လက်ပန်းလုံးခြင်းဖြစ်လတ်သော် (လက်ဝှေ့ သတ်သောအခါ) လက်ပန်းသည်သားကို ညှဉ်းဆဲခဲ့၏၊ ထိုကံ၏အကျိုးကြောင့် ငါ့အား ကျော၌ ဆင်းရဲဝေဒနာသည် ဖြစ်ခဲ့၏။

( ၁၁ )

၉၁။ ငါသည် ဆေးသမားဖြစ်ခဲ့၏၊ (ထိုအခါ) သူဌေးသားကို ဝမ်းလျှောစေခဲ့၏၊ ထိုကံ၏အကျိုးကြောင့် ငါ့အား ဝမ်းလျှောခြင်းသည် ဖြစ်၏။

( ၁၂ )

၉၂။ ငါသည် ဇောတိပါလလုလင်ဖြစ်သောအခါ ကဿပမြတ်စွာဘုရားကို ဦးပြည်းရဟန်းအား သမ္ဗုဒ္ဓဉာဏ်ကို အဘယ်မှာရအံ့နည်း၊ သမ္ဗုဒ္ဓဉာဏ်သည် လွန်စွာရခဲ၏ဟု ပြောဆိုမိ၏။

၉၃။ ထိုကံ၏အကျိုး ကြောင့် ဥရုဝေဠတော၌ ခြောက်နှစ်ဘိုပတ်လုံး (ဒုက္ကရစရိယာ) ခဲယဉ်းစွာကျင့်ပြီးနောက်မှသာလျှင် သဗ္ဗညုတဉာဏ်သို့ ရောက်ခဲ့ရ၏။

၉၄။ ငါသည် ထိုပြုနိုင်ခဲသော အကျင့်လမ်းစဉ်ဖြင့် မြတ်သော သမ္ဗုဒ္ဓဉာဏ်တော်သို့ မရောက်ခဲ့ပေ၊ ရှေးအကုသိုလ်ကံသည် တားမြစ်အပ်သည်ဖြစ်၍ မှားယွင်းသော အကျင့်ဖြင့် (သမ္ဗုဒ္ဓဉာဏ်ကို) ရှာဖွေခဲ့ရ၏။

၉၅။ ငါ့အား ကောင်းမှုကံ မကောင်းမှုကံ ကုန်ဆုံးပေ၏၊ ပူပန်ခြင်း အလုံးစုံကင်းရှင်းပေ၏၊ စိုးရိမ်ခြင်းမရှိ၊ ပင်ပန်းခြင်းမရှိတော့ပေ၊ အာသဝမရှိပဲ ငြိမ်းအေး၏ ပေပြီ။

၉၆။ ဤသို့လျှင် ခပ်သိမ်းသော အဘိညာဉ်အားအစွမ်းသို့ ရောက်တော်မူသော မြတ်စွာဘုရားသည် အနဝတတ်အိုင်၌ ရဟန်းအပေါင်း၏ရှေ့ဝယ် ဟောကြားတော်မူ၏။

http://www.dhammadownload.com



ဤသို့လျှင် မြတ်စွာဘုရားသည် မိမိ၏ရှေးက ကျင့်ကြံခဲ့သဖြင့် ကမ္မပိလောတိကမည်သော (ကံဟောင်း)၊ ဗုဒ္ဓအပဒါန်ဖြစ်သော တရားဒေသနာကို ဟောကြားတော်မူ၏။

ဆယ်ခုမြောက် ပုဗ္ဗကမ္မပိလောတိကဗုဒ္ဓအပဒါန် ပြီး၏။

**သုံးဆယ့်ကိုးခုမြောက် အဝဋ္ဋဖလဝဂ် ပြီး၏။**

တဆယ့်လေးခုမြောက် ဘာဏဝါရ ပြီး၏။

http://www.dhammadownload.com

# ၄၀-ပိဋေိန္ဓဝဂ္ဂ ဝဂ်

## ၁-ပိလိန္ဒဝစ္ဆတ္ထေရအပဒါန်

### ပဌမ

၁။ ငါသည် ဟံသာဝတီမြို့၌ တံခါးမှူးဖြစ်ခဲ့၏၊ (ထိုအခါ) ရန်သူမျိုးငါးပါး မလှုပ်ရှားစေနိုင်သော မနှိုင်းရှည့်နိုင်သော စည်းစိမ်ဥစ္စာကို ငါ၏အိမ်၌ စုဆောင်းထား၏။

၂။ ဆိတ်ကွယ်ရာအရပ်သို့ ချဉ်းကပ်လျက် ထိုင်ပြီးလျှင် စိတ်ကို ရွှင်လန်းစေပြီးလျှင် ငါသည် ထိုအခါ၌ မြဘ်သောပြာသာဒ်ထက်၌ ထိုင်၍ ဤသို့ ကြံစည်စဉ်းစား၏။

### (စိန္တနာကာရ)

### ကြံစည် စဉ်းစားပုံ

၃။ ငါသည် စည်းစိမ်ဥစ္စာများစွာတို့ကို ရအပ်ကုန်၏၊ ငါ၏အိမ်တွင်းသည် စည်ပင်ကြီးပွါးလျက်ရှိ၏၊မြေကို အစိုးရသော အာနန္ဒာမင်းမြတ်သည်လည်း (အလိုရှိမှု ယူဟု ငါ့အား) ဖိတ်မန်ထား၏။

၄။ ဤမြတ်စွာဘုရားသည်လည်း ပွင့်တော်မူလျက်ရှိ၏၊ မြတ်စွာဘုရား မည်သည် အကြောင်းအားလျော်စွာ တရံတခါသာ ပွင့်တော်မူ၏၊ ငါ့အား စည်းစိမ်ဥစ္စာတို့သည်လည်း ရှိကုန်၏၊ ငါသည် မြတ်စွာဘုရားအား အလှူကို ပေးလှူရတော့အံ့။

၅။ ပဒုမမင်းသားသည် မြတ်စွာဘုရားအား ဆင်ပြောင်တို့ကိုရင်း ပလ္လင်တို့ကိုရင်း များပြားသော တံကဲပျဉ်ကိုရင်း (ဤသို့)မြတ်သောအလှူကို ပေးလှူ၏။

၆။ ငါသည်လည်း အလွန်မြတ်သော ဂိုဏ်းသံဃာအား အလှူကို ပေးလှူအံ့၊ သူတပါးတို့သည် မလှူဘူးသောအလှူကို ပေးလှူခြင်းကြောင့် အလှူဦး လှူသောသူဖြစ်အံ့ (ဟု ဤသို့ ကြံစည်စဉ်းစားလေ၏)။

၇။ ကြံစည်စဉ်းစားပြီးနောက် ချမ်းသာသော အကျိုးကို ဖြစ်စေနိုင်သော အလှူဒါနအမျိုးမျိုးတွင် ငါ့အကြံကို ပြည့်ဝစေနိုင်သော ပရိက္ခရာအလှူကို ငါတွေ့မြင်၏။

၈။ ငါသည် အလွန်မြတ်သော ဂိုဏ်းသံဃာအား ပရိက္ခရာတို့ကို လှူဒါန်းအံ့၊ သူတပါးတို့သည် မလှူဘူးသော အလှူကို လှူခြင်းကြောင့် အလှူဦး လှူသောသူ ဖြစ်တော့အံ့။

### (ဒါနဝတ္ထုသမ္ပာဒန)

### လှူဖွယ်ဝတ္ထုကိုစီစဉ်ခြင်း

၉။ ထိုအခါ နှီးသမားတို့ထံ ချဉ်းကပ်၍ ထီးကို ပြုလုပ်စေ၏၊ ထီးတသိန်းတို့ကို တပေါင်းတည်း စုပေါင်းထားစေ၏။

http://www.dhammadownload.com



၁၀။ ပုဆိုးတသိန်းတို့ကို တပေါင်းတည်း စုပေါင်းထားစေ၏၊ သပိတ် တသိန်းတို့ကို တပေါင်းတည်း စုပေါင်းထားစေ၏။

၁၁။ ထိုဘုရားအမှူးရှိသော သံဃာအား လျောက်ပတ်ကုန်သော ပဲကွပ် ဓားငယ် အပ် လက်သည်းလှီးဓားတို့ကို ပြုလုပ်စေ၍ ထီးအောက်၌ ထားစေ၏။

၁၂။ ထိုဘုရားအမှူးရှိသော သံဃာအား လျောက်ပတ်ကုန်သော ထန်းရွက်ယပ် ဥဒေါင်းမြီးယပ် စာမရီသားမြီးယပ် ရေစစ် ဆီကျည်တို့ကိုလည်း ပြုလုပ်စေ၏။

၁၃။ ထိုဘုရား အမှူးရှိသော သံဃာအား လျောက်ပတ်ကုန်သော အပ်ကျည် အံသကိုဋ် ခါးပန်းကြိုးနှင့် ကောင်းစွာ ပြုလုပ်ထားသော သပိတ်ခြေတို့ကိုလည်း ပြုလုပ်စေပြန်၏။

၁၄။ ငါသည် အသုံးအဆောင်ခွက်နှင့် ကြေးခွက်တို့ကိုလည်း ဆေးပစ္စည်းတို့ဖြင့် ပြည့်စေ၍ ထီးအောက်၌ ထားစေ၏။

၁၅။ အကျော် ပန်းရင်း နွယ်ချို ပိတ်ချင်း ပြုတ်သီး သဖန်းခါးသီး ချင်းတို့ကိုလည်း ခွက်၌ အလုံးစုံပြည့်စေ၏။

၁၆။ ထိုဘုရားအမှူးရှိသော သံဃာအား လျောက်ပတ်ကုန်သော ဘိနပ် ခြေနင်း ရေသုတ်အဝတ်နှင့် ကောင်းစွာပြုလုပ်အပ်သော တောင်ဝှေးတို့ကိုလည်း ပြုလုပ်စေ၏။

၁၇။ ဆေးမျက်စဉ်း မျက်စဉ်းကျည် မျက်စဉ်းတံ ဓမ္မကရိုဏ် သံကောက်တို့ကိုရင်း အရောင်ငါးမျိုးတို့ဖြင့် ချုပ်အပ်ကုန်သော သံကောက်အိမ်တို့ကိုရင်း—

၁၈။ ထိုဘုရားအမှူးရှိသော သံဃာအား လျောက်ပတ်ကုန်သော အာယောဂပတ် အခိုးတံ (ဆေးတံ) ဆီမီးတိုင် ဗူးကြုတ်(အစ်)တို့ကိုရင်း ပြုလုပ်စေ၏။

၁၉။ ထိုဘုရားအမှူးရှိသော သံဃာအား လျောက်ပတ်ကုန်သော မွေးညှပ် သင်ဓုန်း နဖာကလော် ဆေးအိတ်တို့ကိုလည်း ပြုလုပ်စေ၏။

၂၀။ ငါသည် ထိုဘုရားအမှူးရှိသော သံဃာအား လျောက်ပတ် ကုန်သော ညောင်စောင်းအင်းပျဉ် (မသာရက ဗုန္ဒိကာဗဒ္ဓ အာဟစ္စပါဒက ကုဠီရပါဒကအားဖြင့်) ပလ္လင်လေးမျိုးတို့ကိုလည်း ပြုလုပ်စေပြီး၍ ထီးအောက်၌ ထားစေ၏။

၂၁။ ထိုဘုရားအမှူးရှိသော သံဃာအား လျောက်ပတ်ကုန်သော သားမွေးအစာ သွတ်သောဘုံလျို လဲအစာသွတ်သောဘုံလျို အင်းပျဉ်၌ ခင်းအပ်သောဘုံလျိုနှင့် ကောင်းစွာပြုလုပ်အပ်သော ခေါင်းအုံးတို့ကိုလည်း ပြုလုပ်စေ၏။

၂၂။ သင်ဓုန်းစားသွေးကျောက် သစ်မည်စည်မှုန့် ဆီ မီးမယ်ပြု (မီးဖို)နှင့် စင်ကြယ်ကုန်သော သိပ်ရှိမည်သော ပျဉ်ချပ်အခင်းနှင့်တကွ အပ်သောညောင်စောင်း—

၂၃။ ကျောင်း ခြေသုတ်ဖုံ အိပ်ရာနေရာနှင့် တန်းဝါးတို့ကိုရင်း ဒန်ပူ အဘပ်ထပ်သော ဘိနပ် ခေါင်းလိမ်းနံ့သာတို့ကိုရင်း—

http://www.dhammadownload.com



၂၄။ ပွတ်ခုံ ပွတ်ကျည် ခြေထောက်မပါသော ပျဉ်ချပ်(အင်းပျဉ်) သပိတ်ဖုံး ဆွမ်းစားခွက် ရေခပ်မှုတ် ရေချိုးကသယ်မှုန့်(ဆပ်ပြာ)ဆိုးရေဆိုးစရာစကျင်းကိုငှင်း—

၂၅။ တံမြက်စီး ရေခွက် မိုးရေခံသက်န်း နိသီဒိုင် အမာလွှမ်းသက်န်းနှင့် သင်းပိုင်ကိုငှင်း—

၂၆။ ကိုယ်ဝတ် ဒုကုဋ် နှာနှပ်တံ သွားပွတ်တံ လျှာခြစ်တံ အိပ်မွေ့သီး ဆားနှင့်များစွာသော ပျား နို့ဓမ်းအဖျော်ကိုငှင်း—

၂၇။ အခိုးတိုင် (အမွေးတိုင်) ဖယောင်းတိုင် ပုဆိုးကြမ်း မျက်နှာသုတ်ပုဝါနှင့်အပ်ချည်ကိုငှင်း(ပြုစေခဲ့၏၊) အကြင်လှုဖွယ်ဝတ္ထုသည် ရှိ၏၊ အကြင်လှုဖွယ်ဝတ္ထုသည်လည်း မြတ်စွာဘုရားအား အပ်၏။

၂၈။ ဤလှုဖွယ်ဝတ္ထု အလုံးစုံကို ယူဆောင်၍ အာနန္ဒာမင်းထံသို့ ချဉ်းကပ်၏၊ ချမ်းသာကို ဖြစ်စေတတ်သော မြေကို အစိုးရသော အာနန္ဒာမင်းသို့ ချဉ်းကပ်၍ ဦးခေါင်းဖြင့် ရှိခိုးပြီးလျှင် ဤစကားကို တင်လျှောက်၏—

(ဒါနဓောကာသယာစနာ)

လှူဒါန်းခွင့်တောင်းခြင်း

၂၉။ အရှင်မင်းမြတ် အကျွန်ုပ်တို့သည် အတူတကွ မွေးဖွား၍ အတူတကွ ကြီးပွါးလျက်ရှိကြပါကုန်၏၊ နှစ်ယောက်သော အကျွန်ုပ်တို့အား တူမျှသောစိတ်ရှိပါ၏၊(အေးအတူပူအမျှ) ချမ်းသာဆင်းရဲ၌ ဆက်ဆံလျက် ရှိကြပါကုန်၏၊ နှစ်ယောက်သော အကျွန်ုပ်တို့သည်လည်း တယောက်သည်(တယောက်အလိုသို့) လိုက်ကြပါကုန်၏။

၃၀။ ရန်သူကို ဆုံးမဘော်မူတတ်သော အရှင်မင်းမြတ် အရှင်မင်းမြတ်နှင့် စပ်သောစိတ်ဆင်းရဲမှုကို အကယ်၍ စွမ်းနိုင်ပါမူ ပယ်ဖျောက်တော် မူပါလော့ (ဟု တံခါးမှူးကတင်လျှောက်၏)။

၃၁။ (အဆွေတံခါးမှူး)သင်၏ဆင်းရဲသည် ငါ၏ဆင်းရဲပင်တည်း၊ ငါတို့နှစ်ယောက်တို့အား တူညီသောစိတ်ရှိ၏၊ သင်သည် ငါ၏ဆင်းရဲနှင့် အကယ်၍ စပ်ငြားအံ့၊ ဆင်းရဲကုန်ဆုံးပြီဟု သိလေလော့ (ဟု အာနန္ဒာမင်းက ဆို၏)။

၃၂။ အရှင်မင်းမြတ် အကျွန်ုပ်၏ ဆင်းရဲကို စင်စစ် ပယ်ဖျောက်နိုင်ခဲ၏ဟု သိတော်မူပါ၊ အရှင်မင်းမြတ်သည် စွမ်းဆောင်နိုင်ခဲ့ပါမူ ကြူးဝါးတော်မူပါ၊ အရှင်မင်းမြတ်အား စွန့်နိုင်ခဲသော တခုသော ဆုလာဘ်သည် ရှိပါလတ္တံ့(ဟု တံခါးမှူးက လျှောက်ဆို၏)။

၃၃။ (အဆွေတံခါးမှူး) ငါ၏ နိုင်ငံ၌ သက်ရှိသက်မဲ့ ဥစ္စာပစ္စည်းသည်ငှင်း တိုင်းနိုင်ငံသည်ငှင်း ရှိ၏၊ ထိုဥစ္စာပစ္စည်း တိုင်းနိုင်ငံတို့ဖြင့် သင်အလိုရှိပါမူ တုန်လှုပ်ခြင်းမရှိပဲ ငါပေးအံ့(ဟု မင်းကြီးက ဆို၏)။

၃၄။ အရှင်မင်းမြတ် အရှင်မင်းမြတ်သည် ကြူးဝါးတော်မူခဲ့ပါပေ၏၊ များစွာကြူးဝါးအပ်သောထိုစကားသည် မှားယွင်းလေမည်လော၊ ယနေ့ အရှင်မင်းမြတ်ကို တရားအားလုံး၌ တည်သည်ကို သိရပါအံ့(ဟု တံခါးမှူးက လျှောက်ဆို၏)။

http://www.dhammadownload.com



၃၅။ (အဆွေတံခါးမှူး) ငါသည် ပေးမည်ဖြစ်ပါလျက် သင်သည် အလွန်ပြင်းစွာ နှိပ်စက်ဘိ၏၊ ငါ့အား နှိပ်စက်သဖြင့် သင့်အား အဘယ်အကျိုးရှိအံ့နည်း၊ သင်တောင့်တ အပ်သောဆုကို ငါ့အား ပြောဆိုလော့ (ဟု မင်းကြီးက ဆို၏)။

၃၆။ အရှင်မင်းမြတ် အကျွန်ုပ်သည် အတုမရှိမြတ်သော မြတ်စွာဘုရားကို အလိုရှိ ပါ၏၊ မြတ်စွာဘုရားကို ဆွမ်းလုပ်ကျွေးပါအံ့၊ အကျွန်ုပ်၏ အသက်သည် အပြစ်မဖြစ်ပါ စေလင့်(ဟု တံခါးမှူးက လျှောက်ထား၏)။

၃၇။ (အဆွေတံခါးမှူး)ငါသည် သင့်အား ဘုရားမှတပါးသောဆုကို ပေး၏၊ဘုရားကို မတောင်းအပ်ချေ၊ ဇောတိရသပတ္တမြားကဲ့သို့ ဘုရားကို တစုံတယောက်သောသူအား မပေးထိုက်ချေ(ဟု မင်းကြီးက မိန့်ဆို၏)။

၃၈။ အရှင်မင်းမြတ် အရှင်မင်းမြတ်သည် ကြုံးဝါးတော်မူခဲ့ဘူးသည် မဟုတ်ပါလော၊ သက်ရှိပစ္စည်းနှင့်မိမိအသက်ကို ပေးတော်မူနိုင်သော အရှင်မင်းမြတ်သည် မြတ်စွာဘုရားကို ပေးသင့်သည်ပင် မဟုတ်ပါလော(ဟု တံခါးမှူးက လျှောက်ထား၏)။

၃၉။ (အဆွေတံခါးမှူး) မြတ်စွာဘုရားကို ချန်လှပ်၍ ထားအပ်၏၊မြတ်စွာဘုရားကို တစုံတယောက်သောသူအား မပေးအပ်၊ မပေးနိုင်ပါ၊ ငါသည် ဘုရားကို(ပေးမည်ဟု) ဝန်မခံပါ၊ မန္တိုင်းရှည့်အပ်သောဥစ္စာကို တောင်းဆိုလော့(ဟု မင်းကြီးက ဆို၏)။

၄၀။ အရှင်မင်းမြတ် အကျွန်ုပ်တို့သည် တရားရုံးသို့ သွားကြကုန်အံ့၊ တရားသူကြီး တို့ကို မေးကြကုန်အံ့၊ တရားဥပဒေတည်ရှိတိုင်း ဆုံးဖြတ်ကုန်လတ္တံ့၊ ထိုတရားဥပဒေတည်ရှိ သော အခြင်းအရာအားဖြင့် ထိုအကြောင်းအရာကို မေးမြန်းကြပါကုန်အံ့။

၄၁။ ငါသည် မင်း၏လက်တို့ကိုဆွဲ၍ တရားရုံးသို့ သွားခဲ့၏၊ တရားသူကြီးတို့၏ရှေ့၌ ဤစကားကို ပြောဆိုခဲ့၏—

၄၂။ တရားသူကြီးမင်းတို့သည် အကျွန်ုပ်၏စကားကို နားထောင်ကြပါကုန်လော့၊ မင်းသည် အကျွန်ုပ်အား ဆုကိုပေးခဲ့ပါ၏၊(အဘယ်သို့သောဆုကို ပေးခဲ့ပါသနည်း)၊ တစုံ တခုကို ချန်မထားမူ၍ အသက်ကိုသော်လည်း ဖိတ်မန်ခဲ့ပါ၏၊(ဤဆုကို ပေးခဲ့ပါ၏)။

၄၃။ ထိုအကျွန်ုပ်အား ဆုကို ပေးသည်ရှိသော် အကျွန်ုပ်သည် မြတ်စွာဘုရားကို တောင်းဆိုပါ၏၊ မြတ်စွာဘုရားကို အကျွန်ုပ်အား ပေးအပ်ပါ၏၊ (ပေးရာရောက်ပါ၏)၊ ဤသို့ကျွန်ုပ်၏ ယုံမှားမှုကို ဆုံးဖြတ်ကြပါကုန်လော့(ဟု တံခါးမှူးက ပြောဆို၏)။

၄၄။ (အဆွေတံခါးမှူး) သင်၏စကားကိုရင်း ရေမြေကိုစောင့်သောမင်း၏ စကား ကိုရင်း ကြားနာကုန်အံ့၊ဤအရာ၌ နှစ်ယောက်လုံးတို့၏စကားကို ကြားနာရသော် ယုံမှားမှု ကို ငါတို့ဆုံးဖြတ်ပါမည်(ဟု ပြောဆို၏)။

၄၅။ အရှင်မင်းမြတ် အရှင်မင်းမြတ်သည် ဤတံခါးမှူးအား အကြွင်းမဲ့ ယူစေနိုင် သော အလုံးစုံသောအရာဝတ္ထုကို ပေးတော်မူအပ်ပါသလော၊ တစုံတရာကို ချွင်းချန် မထားပဲ အသက်ကိုသော်လည်း ဖိတ်ခဲ့ပါသလောဟု မေးကြကုန်၏။

http://www.dhammadownload.com



၄၆။ (တရားသူကြီးတို့) ငြိုငြင်ပင်ပန်းခြင်းသို့ ရောက်သည်ဖြစ်၍ အသက်သေလု မတတ် လွန်ကဲလှစွာသော ဤဆင်းရဲမှုကို သိရခြင်းကြောင့် အကြွင်းမဲ့ပယ်စေနိုင်သောဆုကို ပေးခဲ့မိပါ၏(ဟု မင်းကြီးက ထွက်ဆို၏)။

၄၇။ အရှင်မင်းမြတ် အရှင်မင်းမြတ်သည် ရွှေးချေပြီ၊ထိုတံခါးမှူးအား မြတ်စွာဘုရား ကို ပေးထိုက်ပေ၏၊ နှစ်ယောက်သောသင်တို့၏ ယုံမှားမှုကို အကျွန်ုပ်တို့ ဆုံးဖြတ်ပြီးပါပြီ၊ တရားဥပဒေတည်ရှိသည့်အတိုင်း တည်ကြပါကုန်(ဟု ဆုံးဖြတ်ကြကုန်၏)။

၄၈။ မင်းသည် ထိုတရားရုံး၌ပင် ရပ်တည်၍ တရားသူကြီးတို့ ငါ့အားလည်း ပေးကြ ကုန်လော့၊ ငါသည် မြတ်စွာဘုရားကို တဖန်ရလိုပါ၏ဟု တရားသူကြီးတို့အား ဤစကားကို ပြောဆို၏။

၄၉။ (အဘွတံခါးမှူး) သင်၏စိတ်အကြံကို ပြည့်စေ၍ မြတ်စွာဘုရားကို ဆွမ်းကျွေး ပြီးလျှင် အခြံအရံများသော အာနန္ဒာမင်းအား မြတ်စွာဘုရားကို တဖန်ပေးလော့(ဟု ဆုံးဖြတ်ကြကုန်၏)။

## (နိမန္တနကထာ)

### ပင့်ဖိတ်လျှောက်ထားခြင်း

၅၀။ ငါသည် တရားသူကြီးတို့ကိုငှင်း အာနန္ဒာမင်းမြတ်ကိုငှင်း ရှိခိုးပြီးလျှင် နှစ်သက် ဝမ်းမြောက်သည်ဖြစ်၍ မြတ်စွာဘုရားထံသို့ ချဉ်းကပ်ခဲ့၏။

၅၁။ ဩဃမှကူးမြောက်သည်ဖြစ်၍ အာသဝကင်းတော်မူသော မြတ်စွာဘုရားထံသို့ ချဉ်းကပ်၍ ဦးခေါင်းဖြင့် ရှိခိုးပြီးလျှင် ဤစကားကို လျှောက်ထား၏—

၅၂။ စက္ခုငါးမျိုးရှိတော်မူသော မြတ်စွာဘုရား(အရှင်ဘုရားသည်) ရဟန္တာတသိန်း တို့နှင့်တကွ (တပည့်တော်၏ လျှောက်ထားချက်ကို) လက်ခံတော်မူပါ၊ တပည့်တော်၏ စိတ်ကို ရွှင်ပျစေလျက် တပည့်တော်၏အိမ်သို့ ကြွတော်မူပါဟု လျှောက်ထား၏။

၅၃။ စက္ခုငါးမျိုးနှင့် ပြည့်စုံတော်မူသော ပေးလှူဖွယ်ပစ္စည်းဝတ္ထုတို့ကို ခံတော်မူ ထိုက်သော ပဒုမုတ္တရမြတ်စွာဘုရားသည် ငါ၏စိတ်အကြံကို သိ၍ လက်ခံတော်မူ၏။

၅၄။ ငါသည် မြတ်စွာဘုရား၏ လက်ခံတော်မူခြင်းကို သိသဖြင့် မြတ်စွာဘုရားအား ရှိခိုးပြီးလျှင် ရွှင်ပျတက်ကြွသောစိတ်ရှိသည်ဖြစ်၍ အိမ်သို့ချဉ်းကပ်၏။

## (ဒါနပဋိယာဒန)

### လှူဖွယ်ဝတ္ထုစီရင်ခြင်း

၅၅။ ငါသည် အဆွေခင်ပွန်းတို့ကို ဖိတ်ခေါ်စုပေါင်း၍ ဤစကားကို ပြောဆို၏၊ ငါသည် ဇောတိရသပတ္တမြားကဲ့သို့ လွန်စွာရခဲလှသော မြတ်စွာဘုရားကို ရခဲ့ပေ၏။

၅၆-၅၇။ မြတ်စွာဘုရားသည် မနှိုင်းရှည့်အပ်သည်ဖြစ်၍ **နှိုင်းနိုင်းဖွယ်** ဥပမာမရှိသော **အတုမရှိသည်ဖြစ်၍ အတုမဲ့ဖြစ်တော်မူသော မြှမ်းမြိုင်ခံ့သည်ဖြစ်၍ ပြိုင်ဖက်မရှိသော**

http://www.dhammadownload.com



ထို့ပြင် အတုမရှိသောဘုရားရှင်တို့နှင့်သာ ဘူတော်မူသော နှစ်ယောက်မြောက် ရှိတော်မမူသော လူတို့ထက်မြတ်တော်မူသော ပုဂ္ဂိုလ်ဖြစ်ပါပေ၏၊ ငါတို့သည် ထိုမြတ်စွာဘုရားကို အဘယ်ဝတ္ထုဖြင့် ပူဇော်ရပါကုန်အံ့နည်း၊ ငါသည် မြတ်စွာဘုရားအား လျှောက်ပတ်သော (အလွန်အကဲပြုအပ်သော) ကောင်းမှုကိုလည်း ပြုနိုင်ခဲ့ပေ၏။

၅၈။ ပန်းအမျိုးမျိုးတို့ကို စုဆောင်း၍ ပန်းမဏ္ဍပ်ကို ပြုကုန်အံ့၊ ဤမဏ္ဍပ်သည် ဘုရားအား လျှောက်ပတ်၍ လူအားလုံးတို့၏ ပူဇော်မှုသည် ဖြစ်လတ္တံ့။

၅၉။ ငါသည် ဥပ္ပလကြာ ပဒုမာကြာ မုလေးပန်း စင်ကြီးပန်း စကားပန်း ကံ့ကော်ပန်းတို့ကို (စုပေါင်း၍) ပန်းမဏ္ဍပ်ကို ပြုစေခဲ့၏။

၆၀။ နေရာတသိန်းတို့ကို ထီးရိပ်၌ ခင်းထား၏၊ ငါ၏ အညံ့ဆုံးနေရာသည် တရာကျော်အဘိုးထိုက်တန်၏။

၆၁။ ငါသည် ထီးရိပ်၌ နေရာတသိန်းတို့ကို ခင်းထားလျက် ဆွမ်းအဖျော်ကို စီရင်ပြီးနောက် ဆွမ်းစားချိန်ကို ကြားလျှောက်၏။

၆၂။ ဆွမ်းစားချိန်ကို လျှောက်သောအခါ ပဒုမုတ္တရမြတ်စွာဘုရားသည် ရဟန္တာတသိန်းတို့နှင့်တကွ ငါ၏အိမ်သို့ ကြွတော်မူ၏။

၆၃။ မြတ်စွာဘုရားသည် အထက်၌ ဆောင်းမိုးအပ်သော ထီးရှိသော ပန်းပွင့်တို့ဖြင့် ကောင်းစွာ ချယ်လှယ်အပ်သော ပန်းမဏ္ဍပ်၌ ရဟန္တာတသိန်းတို့နှင့်တကွ နေတော်မူ၏။

၆၄။ စက္ကူငါးမျိုးနှင့် ပြည့်စုံတော်မူသော မြတ်စွာဘုရား အပ်လည်းအပ်၍ အပြလည်း မရှိသော ထီးတသိန်းတို့ကိုငင်း နေရာတသိန်းတို့ကိုငင်း အလှူခံတော်မူပါ။

၆၅။ လောကသုံးပါးကို သိတော်မူသော ပေးလှူဖွယ်ပစ္စည်းဝတ္ထုတို့ကို အလှူခံတော်မူထိုက်သော ထိုပဒုမုတ္တရမြတ်စွာဘုရားသည် ငါ့ကို ချီးမြှောက်ကယ်တင်တော်မူလိုသည်ဖြစ်၍ အလှူခံတော်မူ၏။

(ဓါနကထာ)

ထုံးဓါန်းခြင်းနှင့် သက်ဆိုင်သောစကား

၆၆။ ငါသည် ရဟန်းတပါးတပါးအား သပိတ်တလုံးစီ ပေးလှူ၏၊ (ထိုရဟန်းတို့သည်) မြေသပိတ်ကို စွန့်ကြကုန်၏၊ သံသပိတ်ကို ဆောင်ကုန်၏။

၆၇။ မြတ်စွာဘုရားသည် ခုနစ်ရက်သော နေ့ညဉ့်ပတ်လုံး ပန်းမဏ္ဍပ်၌ နေတော်မူ၏၊ များစွာသော သတ္တဝါတို့ကို သစ္စာလေးပါးတရားကို သိစေလျက် ဓမ္မစကြာတရားကို ဟောတော်မူ၏။

၆၈။ ပန်းမဏ္ဍပ်အောက်၌ ဓမ္မစကြာတရားကို ဟောတော်မူသည်ရှိသော် သတ္တဝါပေါင်း ရှစ်သောင်းလေးထောင်တို့၏ သစ္စာလေးပါးတရားကို သိခြင်းသည် ဖြစ်လေ၏။

၆၉။ ခုနစ်ရက်မြောက် ရောက်သောအခါ ပဒုမုတ္တရမြတ်စွာဘုရားသည် ထီးရိပ်၌ နေတော်မူလျက် ဤဂါထာတို့ကို ဟောတော်မူ၏—

http://www.dhammadownload.com



## (ဗျာကရဏ)

### ဟောကြားတော်မူခြင်း

၇၀။ အကြင်လုလင်သည် မယုတ်လျော့သော အလှူမြတ်ကို ငါဘုရားအား ပေးလှူ၏၊ ထိုလုလင်ကို ငါဘုရား ဗျာဒိတ်စကား မိန့်ကြားပေအံ့၊ ငါပြောကြားမည့်စကားကို နာကြကုန်လော့—

၇၁။ အင်္ဂါလေးပါးရှိသော ဆင်တပ် မြင်းတပ် ရထားတပ် ခြေလျင်တပ်တို့သည်လည်း ဤသူ့ကို အမြဲခြံရံကုန်လတ္တံ့၊ ဤသို့ဖြစ်ရခြင်းသည် အလုံးစုံသော အလှူဝတ္ထုကို လှူရခြင်း၏ အကျိုးပေတည်း။

၇၂။ ဆင်ယာဉ် မြင်းယာဉ် ထမ်းစဉ် သံလျင်းတို့သည်လည်း ဤသူ့ကို အမြဲခြံရံကုန်လတ္တံ့၊ ဤသို့ဖြစ်ရခြင်းသည် အလုံးစုံသော အလှူဝတ္ထုကို လှူရခြင်း၏ အကျိုးပေတည်း။

၇၃။ အဆင်တန်ဆာအားလုံးတို့ဖြင့် တန်ဆာဆင်အပ်သော ယာဉ်ရထားခြောက်သောင်းတို့သည်လည်း ဤသူ့ကို အမြဲခြံရံကုန်လတ္တံ့၊ ဤသို့ဖြစ်ရခြင်းသည် အလုံးစုံသော အလှူဝတ္ထုကို လှူရခြင်း၏ အကျိုးပေတည်း။

၇၄။ တူရိယာခြောက်သောင်းတို့သည်ရင်း ကောင်းစွာ တန်ဆာဆင်အပ်ကုန်သော စည်ကြီးတို့သည်ရင်း ဤသူ့ကို အမြဲဖျော်ဖြေတီးမှုတ်ကုန်လတ္တံ့၊ ဤသို့ဖြစ်ရခြင်းသည် အလုံးစုံသော အလှူဝတ္ထုကို လှူရခြင်း၏ အကျိုးပေတည်း။

၇၅။ ကောင်းစွာတန်ဆာဆင်အပ်ကုန်သော ဆန်းကြယ်သော အဝတ်တန်ဆာကို ဝတ်ဆင်ကုန်သော ပုလဲသွယ် ပတ္တမြားနားဒောင်းကို ပန်ဆင်ကုန်သော···

၇၆။ ကော့တက်သော မျက်တောင်ရှိကုန်သော ပြုံးရွှင်စွာ ပြောဆိုတတ်ကုန်သော ကောင်းသော အမှတ်သညာရှိကုန်သော သေးသွယ်သော ခါးရှိကုန်သော နှစ်သောင်းခြောက်ထောင်ကုန်သော သတို့သမီးတို့သည် ဤသူ့ကို အမြဲခြံရံကုန်လတ္တံ့၊ ဤသို့ဖြစ်ရခြင်းသည် အလုံးစုံသော အလှူဝတ္ထုကို လှူရခြင်း၏ အကျိုးပေတည်း။

၇၇။ ကမ္ဘာသုံးသောင်းတို့ပတ်လုံး နတ်ပြည်၌ မွေ့လျော်ရလတ္တံ့၊ အကြိမ်တထောင်တိုင်တိုင် နတ်တို့ကို အစိုးရသော သိကြားမင်းအဖြစ် ပြုရလတ္တံ့။

၇၈။ စကြဝတေးမင်းလည်း အကြိမ်တထောင်တိုင်တိုင် ဖြစ်ရလတ္တံ့၊ ပြန့်ပြော များပြားသော ပဒေသရာဇ်မင်းအဖြစ်သည်ကား ဂဏန်းအားဖြင့် မရေတွက်နိုင်။

၇၉။ ဘုန်းကံနှင့် ပြည့်စုံသောသူအား နတ်ပြည်၌ နေသည်ရှိသော် နတ်ပြည်လျှင် အဆုံးရှိသော ရတနာထီးကို ဆောင်းရလတ္တံ့။

၈၀။ အကြင်အခါ၌ ဤသူသည် အဝတ်ပန်းကြောင့်ဖြစ်သော အရိပ်အမိုးကို အလိုရှိအံ့၊ ထိုအခါ ဤသူ၏စိတ်အလိုကို သိ၍ (အရိပ်ပန်းမိုးသည်) အမြဲ ဆောင်းမိုးထားလတ္တံ့။

http://www.dhammadownload.com



၈၁။ နတ်ပြည်မှ စုတေပြီးလျှင် ဖြူစင်သော ကုသိုလ်အကြောင်းရင်းသည် တိုက်တွန်းအပ်သည်ဖြစ်၍ ဘုန်းကံနှင့် ယှဉ်သော (ပြည့်စုံသော) ဗြာဟ္မဏမျိုးဖြစ်ရလတ္တံ့။

၈၂။ (ဤကမ္ဘာမှနောက်) ကမ္ဘာတသိန်းထက်၌ ဩက္ကာကအမျိုး၌ဖြစ်သော အနွယ်အားဖြင့် ဂေါတမအမည်ရှိသော မြတ်စွာဘုရားသည် လောက၌ ပွင့်တော်မူလတ္တံ့။

၈၃။ သာကီဝင်မင်းတို့၏ ရွှေသွားဖြစ်တော်မူသော ဂေါတမမြတ်စွာဘုရားသည် ဤတရားအလုံးစုံကို သိမြင်တော်မူ၍ ရဟန်းသံဃာ (အလယ်)၌ ထိုင်နေတော်မူလျက် ဤသူ့ကို ဧတဒဂ်အရာ၌ ထားတော်မူလတ္တံ့။

၈၄။ နတ် အသုရာ ဂန္ဓဗ္ဗနတ်တို့သည် ကောင်းစွာ (ပူဇော်မှုကို)ပြုအပ်သော ပိလိန္ဒဝစ္ဆအမည်ဖြင့် ထင်ရှားသော ဘုရား၏ပည့်သား ဖြစ်လတ္တံ့။

၈၅။ ထိုအတ္တဘောလျှင် ထိုပိလိန္ဒဝစ္ဆသည် အလုံးစုံသော ရဟန်းယောကျ်ား ရဟန်းမိန်းမ လူဒါယကာ ဒါယိကာမတို့ ချစ်ခင်မြတ်နိုးအပ်သည်ဖြစ်၍ အာသဝကင်းလျက် နေရလတ္တံ့။

(ဒါနာနိသံသကထာ)

**ဒါန၏ အကျိုးဆက်ကို ဖော်ပြခြင်း**

၈၆။ ကမ္ဘာတသိန်းထက်၌ ပြုခဲ့သော ကုသိုလ်ကံသည် ဤအဆုံးဘဝ၌ ငါ့အား အကျိုးတရားကို ဖော်ပြ၏၊ (ညို့မှ)ကောင်းစွာလွှတ်သော မြားအဟုန်ကဲ့သို့ ကိလေသာတို့ကို ရှို့မြိုက်လောင်ကျွမ်းစေ၏။

၈၇။ အတုမရှိသော ကောင်းမှုမျိုးစေ့ကို စိုက်ပျိုးရာ လယ်ယာမြေကောင်းသဖွယ်ဖြစ်သော ဘုရားအမှူးရှိသော သံဃာ၌ ငါ၏ ကောင်းစွာပြုအပ်သောကံသည် အံ့ဖွယ်ရှိပါပေစွ၊ အကြင်ဘုရားအမှူးရှိသောသံဃာ၌ ကုသိုလကောင်းမှုကို ပြုခဲ့ခြင်းကြောင့် တုန်လှုပ်ခြင်းမရှိသော နိဗ္ဗာန်သို့ ရောက်ရပေ၏။

၈၈။ အကြင်လုလင်သည် မယုတ်လျော့သော အလှူမြတ်ကို ပေးလှူခဲ့၏၊ (ထို့ကြောင့်) ထိုသူသည် အလှူပဌမခေါင်းဆောင်ဖြစ်ခဲ့၏၊ ဤသို့ဖြစ်ရခြင်းသည် ထိုအလှူ၏ အကျိုးပေတည်း။

(၁-ဆတ္တာနိသံသ)

**ထီးလှူဒါန်းခြင်း၏အကျိုး**

၈၉။ ငါသည် မြတ်စွာဘုရားအားရင်း အမြတ်ဆုံးဖြစ်သော ဂိုဏ်းသံဃာအားရင်း ထီးတို့ကို ပေးလှူခဲ့ရသောကြောင့် ငါ၏ကံအား လျော်ကန်သော အကျိုးရှစ်ပါးတို့ကို ခံစားရပေ၏။

၉၀။ ငါသည် အအေးအပူကို မသိရပေ၊ (ငါ့အား) မြူအညစ်အကြေးသည် မလိမ်းကျံ မကပ်ငြိပေ၊ ငါသည် ဘေးရန်ဆင်းရဲမရှိပဲ အခါခပ်သိမ်း အပူဇော်ခံရသူဖြစ်ပေ၏။

http://www.dhammadownload.com



၉၁-၉၂။ ငါသည် သိမ်မွေ့နူးညံ့သော အရေအဆင်းရှိသူဖြစ်၏၊ (ငါ၏) စိတ်သည် သန့်ရှင်းပေ၏၊ သံသရာဘဝ၌ ကျင်လည်ရသောငါ့အား အလုံးစုံတန်ဆာနှင့် ယှဉ်စပ်ကုန်သော ထီးတသိန်းတို့သည် ထိုကံ၏အစွမ်းကြောင့် ဤဘဝကို ကြဉ်ထား၍ ငါ၏ ဦးထိပ်၌ ဆောင်းမိုးလျက်ရှိကုန်၏။

၉၃။ အဘယ့်ကြောင့် ဤဘဝ၌ ငါ့အား ထီးဆောင်းခြင်းတို့သည် မရှိကုန်သနည်း၊ ငါပြုခဲ့သော ကံအလုံးစုံသည် အရဟတ္တဖိုလ်ထီးကို ရခြင်းငှါဖြစ်ပေ၏။

(၂-ဒုဿာနိသံသ)

**အဝတ်ပုဆိုးလှူဒါန်းခြင်း၏အကျိုး**

၉၄။ မြတ်စွာဘုရားအားရင်း အမြတ်ဆုံးဖြစ်သော ဂိုဏ်းသံဃာအားရင်း ပုဆိုး အဝတ်တို့ကို ပေးလှူခဲ့ရသောကြောင့် ငါ၏ကံအား လျော်ကပ်ကုန်သော အကျိုး ရှစ်ပါးတို့ကို ခံစားရပေ၏။

၉၅။ ငါသည် ရွှေအဆင်းနှင့်တူသော အဆင်းရှိပေ၏၊ မြူအညစ်အကြေးကင်းပေ၏၊ ပြိုးပြိုးပြက်ပြက်အရောင်ထွက်ပေ၏၊ တန်ခိုးကြီးမားပေ၏၊ ငါ၏ကိုယ်သည် ပြေပြစ်ပေ၏၊ သံသရာ၌ ကျင်လည်ရသောငါ့အား —

၉၆။ အဖြူအဝါအနီ အဝတ်ပုဆိုး တသိန်းတို့သည် ငါ၏ဦးထိပ်၌ ဆောင်းမိုးလျက် ရှိကုန်၏ ဤသို့ဖြစ်ရခြင်းသည် ပုဆိုးအဝတ်ကို လှူရခြင်း၏ အကျိုးပေတည်း။

၉၇။ ငါသည် ဘဝအားလုံး၌ ထိုပုဆိုးတို့၏အကျိုးကြောင့် ပိုးပုဆိုး သကလတ် (ကမ္ဗလာ)ပုဆိုးတို့ကိုရင်း ခေါမချည်ပုဆိုး ဝါချည်ပုဆိုးတို့ကိုရင်း ရပေ၏။

(၃-ပတ္တာနိသံသ)

**သပိတ်လှူခြင်း၏အကျိုး**

၉၈။ ငါသည် မြတ်စွာဘုရားအားရင်း အမြတ်ဆုံးဖြစ်သော ဂိုဏ်းသံဃာအားရင်း သပိတ်တို့ကို ပေးလှူခဲ့ရသောကြောင့် ငါ၏ကံအား လျော်ကပ်ကုန်သော အကျိုး ဆယ်ပါးတို့ကို ခံစားရပေ၏။

၉၉။ ငါသည် ရွှေခွက်တို့ကိုရင်း ပတ္တမြားခွက်တို့ကိုရင်း ငွေခွက်တို့ကိုရင်း ပတ္တမြား ပြောက်(ကျောက်နီ)ခွက်တို့ကိုရင်း အခါခပ်သိမ်း သုံးဆောင်ရပေ၏။

၁၀၀။ ငါသည် ဘေးရန်ဆင်းရဲမရှိပဲ အခါခပ်သိမ်း (လူနတ်တို့) ပူဇော်ခံရသူဖြစ်ပေ၏၊ ထမင်း အဖျော် အဝတ် အိပ်ရာ နေရာတို့ကို များစွာရခြင်းရှိသူဖြစ်ပေ၏။

၁၀၁။ ငါ၏စည်းစိမ်တို့သည် မပျောက်ပျက်ကုန်၊ ငါသည် တည်တံ့သောစိတ် ရှိသူ ဖြစ်ပေ၏၊ အခါခပ်သိမ်း တရားကို လိုလားသူဖြစ်၍ အဆုံးဘဝ၌ ကိလေသာနည်းပါးသူ အာသဝမရှိသူ ဖြစ်ပေ၏။

၁၀၂။ နတ်ပြည်၌ရင်း လူ့ပြည်၌ရင်း ဤဂုဏ်ကျေးဇူးတို့သည် သစ်ပင်၏အရိပ်ကဲ့သို့ (ငါ့ကို)အစဉ်လိုက်ကုန်၏၊ ဘဝအားလုံး၌ ငါ့ကို မစွန့်ကုန်။

http://www.dhammadownload.com



(၄-ဝါသိအာနိသံသ)

ပဲခွပ်လှူဒါန်းခြင်း၏အကျိုး

၁၀၃။ ငါသည် ကောင်းစွာပြုလုပ်အပ်ကုန်သော ဆန်းကြယ်သော အခွေးအဖွဲ့ တပ်အပ်ကုန်သော များစွာသောပဲခွပ်တို့ကို ဘုရားမြတ်အားရှင်း ထိုမှတပါးသော သံဃာအားရှင်း ပေးလှူခဲ့ရသောကြောင့်—

၁၀၄။ ငါ၏ကံအား လျောက်ပတ်ကုန်သော အကျိုးရှစ်ပါးတို့ကို ခံစားရပေ၏၊ ငါသည် ရဲရင့်၏. ရှုံရှားခြင်းကင်း၏၊ ဝေသာရဇ္ဇဉာဏ်တို့၌ အပြီးအဆုံးသို့ရောက်၏။

၁၀၅။ တည်ကြည်၏၊ လုံ့လရှိ၏၊ အခါခပ်သိမ်း ချီးမြှောက်အပ်သော စိတ်ရှိ၏၊ ထိုပဲခွပ်အလှူ၏ အကျိုးဆက်ကြောင့် ကိလေသာကို ဖြတ်တတ်သော သိမ်မွေ့သောဉာဏ် ကိုရှင်း အတုမရှိသော စင်ကြယ်ခြင်းကိုရှင်း ငါ့အား ဘဝအားလုံး၌ ရရှိပေ၏။

(၅-သတ္ထကာနိသံသ)

ဓားငယ်လှူဒါန်းခြင်း၏အကျိုး

၁၀၆။ ငါသည် မကြမ်းတမ်း မရှုန်ရင်းကုန်သော ကောင်းစွာသွေးအပ်ကုန်သော ဓားငယ်များစွာတို့ကို ကြည်ညိုသောစိတ်ရှိသည်ဖြစ်၍ ဘုရားအားရှင်း ထိုမှတပါး သံဃာအားရှင်း ပေးလှူခဲ့ရသောကြောင့်—

၁၀၇။ ငါ၏ကံအား လျောက်ပတ်ကုန်သော အကျိုးဆက်ငါးပါးတို့ကို ခံစားရပေ၏၊ မိတ်ဆွေခင်ပွန်းကောင်းကိုရှင်း လုံ့လကိုရှင်း သည်းခံခြင်းကိုရှင်း မေတ္တာတည်းဟူသော လက်နက်ကိုရှင်း—

၁၀၈။ တဏှာတည်းဟူသော ငြောင့်ကိုဖြတ်တတ်သောကြောင့် အတုမရှိသော ပညာ လက်နက်ကိုရှင်း ဝဇိရနှင့်တူသော ဉာဏ်ကိုရှင်း ထိုဓားငယ်ကို လှူဒါန်းရခြင်း၏ အကျိုးဆက်ကြောင့် ရရှိပေ၏။

(၆-သူစိအာနိသံသ)

အပ်လှူဒါန်းခြင်း၏အကျိုး

၁၀၉။ မြတ်စွာဘုရားအားရှင်း အမြတ်ဆုံးဖြစ်သော ဂိုဏ်းသံဃာအားရှင်း အပ်တို့ကို ပေးလှူခဲ့ရသောကြောင့် ငါ၏ကံအား လျောက်ပတ်ကုန်သော အကျိုးဆက် ငါးပါးတို့ကို ခံစားရပေ၏။

၁၁၀။ ငါသည် ဘဝကြီးငယ်၌ ကျင်လည်ရသည်ရှိသော် အခါခပ်သိမ်း တွေးတောအမှု မရှိသူ ယုံမှားခြင်းကိုဖြတ်နိုင်သူ အလှနှံ့အဆင်းလှသူ စည်းစိမ်ရှိသူ ထက်မြက်သော ပညာရှိသူဖြစ်ပေ၏။

၁၁၁။ ငါသည် နက်နဲသိမ်မွေ့သောအကြောင်းအရာကို ဉာဏ်ဖြင့်မြင်ပေ၏၊ ဝဇိရ အဖျားနှင့်တူသော မောဟအမိုက်ကို ပယ်သတ်တတ်သော ဉာဏ်သည် ငါ့အား ဖြစ်ပေ၏။

http://www.dhammadownload.com



### (၇-နစ်ဓဲစွဝနာနိသံသ)

### လက်သည်းထိုးခါးလှူဒါန်းခြင်း၏အကျိုး

၁၁၂။ ငါသည် မြတ်စွာဘုရားအားရင်း အမြတ်ဆုံးဖြစ်သော ဂိုဏ်းသံဃာအားရင်း လက်သည်းလှီးခါးတို့ကို ပေးလှူခဲ့ရသောကြောင့် ငါ၏ကံအား လျော်ကပ်ကုန်သော အကျိုးဆက် ငါးပါးတို့ကို ခံစားရပေ၏။

၁၁၃။ ငါသည် ကျွန်မိန်းမ ကျွန်ယောကျ်ားတို့ကိုရင်း နွားမြင်းတို့ကိုရင်း အလုပ်သမားတို့ကိုရင်း ကချေသည်များစွာတို့ကိုရင်း ဆေတ္တာသည်တို့ကိုရင်း ထမင်းချက်သမားစဖိုသည်တို့ကိုရင်း ဘဝအားလုံး၌ပင် ရရှိပေ၏။

### (၈-ဓိဠုပနတာလဝဏ္ဍာနိသံသ)

### ယပ်တောင်လှူဒါန်းခြင်း၏အကျိုး

၁၁၄။ ငါသည် မြတ်စွာဘုရားအား တင့်တယ်လှပသော ထန်းရွက်ယပ်တို့ကိုလည်း ပေးလှူခဲ့ရသောကြောင့် ငါ၏ကံအား လျော်ကပ်ကုန်သော အကျိုးဆက် ရှစ်ပါးတို့ကို ခံစားရပေ၏။

၁၁၅။ ငါသည် အအေးအပူကို မသိရပေ၊ (ငါ့အား) ပူအိုက်ခြင်းသည် မရှိပေ၊ ငါသည် (ကိုယ်၏) ပူပန်ခြင်းကို မသိရပေ၊ ငါ့အား စိတ်ပူပန်ခြင်းသည် မရှိပေ။

၁၁၆။ ငါ၏ ထိုယပ်အလှူ၏ အကျိုးဆက်ကြောင့် ရာဂမီး ဒေါသမီး မောဟမီး မာနမီး ဒိဋ္ဌိမီးဟူသော မီးအားလုံးသည် ငါ့အား ငြိမ်းပေ၏။

### (၉-မောရဟတ္ထာနိသံသ)

### ဥဒေါင်းမြီးယပ် သားမြီးယပ် လှူဒါန်းခြင်း၏အကျိုး

၁၁၇။ အမြတ်ဆုံးဂိုဏ်းသံဃာအား ဥဒေါင်းမြီးယပ် သားမြီးယပ်တို့ကို ပေးလှူခဲ့ရသောကြောင့် ငါသည် ကိလေသာငြိမ်းလျက် ကိလေသာမရှိပဲ နေရ၏။

### ( ၁၀-ပရိဿာဝနဓမ္မကရဏ )

### ရေစစ်ဓမ္မကရိုဏ်လှူဒါန်းခြင်း၏ အကျိုး

၁၁၈။ မြတ်စွာဘုရားအား ရေစစ်တို့ကိုရင်း မြတ်သောဓမ္မကရိုဏ်တို့ကိုရင်း ပေးလှူခဲ့ရသောကြောင့် ငါ၏ကံအား လျော်ကပ်ကုန်သော အကျိုးဆက် ငါးပါးတို့ကို ခံစားရပေ၏။

၁၁၉။ ငါသည် ခပ်သိမ်းသော နတ်တို့ထက်ပိုလွန်၍ နတ်၌ဖြစ်သော အသက်ကို ရ၏၊ ငါသည် ခိုးသူရန်သူတို့ အခါခပ်သိမ်း မနှိပ်စက်နိုင်သူ ဖြစ်ပေ၏။

၁၂၀။ လက်နက်ဖြင့်ရင်း အဆိပ်ဖြင့်ရင်း ငါ့အား ညှဉ်းဆဲခြင်းကိုလည်း မပြုနိုင်ချေ၊ ထိုရေစစ်တို့ကို လှူရခြင်း၏ အကျိုးကြောင့် (ငါ့အား သက်တန်း) အတွင်း၌ သေဆုံးခြင်း မရှိပေ။

http://www.dhammadownload.com



(၁၁-မတလဒာယကနိဿယ)

ဆီကျည်လှူဒါန်းခြင်း၏အကျိုး

၁၂၁။ မြတ်စွာဘုရားအားရင်း အမြတ်ဆုံးဖြစ်သော ဂိုဏ်းသံဃာအားရင်း ဆီကျည်တို့ကို ပေးလှူခဲ့ရသောကြောင့် ငါ၏ကံအား လျော်ကပ်ကုန်သော အကျိုးဆက် ငါးပါးတို့ကို ခံစားရပေ၏။

၁၂၂။ ငါသည် အလွန်အဆင်းလှသူ အလွန်ကောင်းသူ အလွန်တက်ကြွသောစိတ်ရှိသူ ပျံ့လွင့်သောစိတ်မရှိသူ အဘွင်းအပြင် အလုံးစုံ အစောင့်အရှောက်တိဖြင့် စောင့်ရှောက်အပ်သူ ဖြစ်ပေ၏။

(၁၂-သူစိဿယနိဿယ)

အပ်ကျည်လှူဒါန်းခြင်း၏ အကျိုး

၁၂၃။ မြတ်စွာဘုရားအားရင်း အမြတ်ဆုံးဖြစ်သော ဂိုဏ်းသံဃာအားရင်း အပ်ကျည်တို့ကို ပေးလှူခဲ့ရသောကြောင့် ငါ၏ကံအား လျော်ကပ်ကုန်သော အကျိုးဆက် သုံးပါးတို့ကို ခံစားရပေ၏။

၁၂၄။ ငါသည် ထိုအပ်ကျည်ကို လှူရခြင်း၏အကျိုးဆက်ကြောင့် စိတ်ချမ်းသာခြင်းကိုရင်း ကိုယ်ချမ်းသာခြင်းကိုရင်း ဣရိယာပုထ်ကြောင့် ဖြစ်သော ချမ်းသာခြင်းကိုရင်း ဤအကျိုးတို့ကို ရပေ၏။

(၁၃-အံသဗဒ္ဓါနိဿယ)

အံသကိုဋ်လှူဒါန်းခြင်း၏ အကျိုး

၁၂၅။ မြတ်စွာဘုရားအားရင်း အမြတ်ဆုံးဖြစ်သော ဂိုဏ်းသံဃာအားရင်း အံသကိုဋ်တို့ကို ပေးလှူခဲ့ရသောကြောင့် ငါ၏ကံအား လျော်ကပ်ကုန်သော အကျိုးဆက် သုံးပါးတို့ကို ခံစားရပေ၏။

၁၂၆။ ငါသည် ထိုအံသကိုဋ်အလှူ၏ အကျိုးဆက်ကြောင့် သူတော်ကောင်းတရား၌ ထောက်ရာဟည်ရာကို ရပေ၏၊ ဒုတိယဘဝကို အောက်မေ့နိုင်၏၊ ဘဝအားလုံး၌ ကောင်းမွန်သော အရေအဆင်းရှိသူ ဖြစ်ပေ၏။

(၁၄-ကာယဗန္ဓနနိဿယ)

ခါးပန်းကြိုးလှူဒါန်းခြင်း၏အကျိုး

၁၂၇။ မြတ်စွာဘုရားအားရင်း အမြတ်ဆုံး ဂိုဏ်းသံဃာအားရင်း ခါးပန်းကြိုးတို့ကို ပေးလှူခဲ့ရသောကြောင့် ငါ၏ကံအား လျော်ကပ်ကုန်သော အကျိုးဆက် ခြောက်ပါးတို့ကို ခံစားရပေ၏။

၁၂၈။ ငါသည် ပဋ္ဌမစျာန်စသော သမာဓိတို့၌ မတုန်လှုပ်ပေ၊ ပဋ္ဌမစျာန်စသော သမာဓိတို့၌ အလေ့အကျင့်ရှိပြီးသူ ဖြစ်ပေ၏၊ မပြိုမကွဲသော ပရိသတ်ရှိသူ အခါခပ်သိမ်း နာယူထိုက်သော စကားရှိသူ ဖြစ်ပေ၏။

http://www.dhammadownload.com



၁၂၉။ ငါသည် ထင်သောသတိရှိသူ ဖြစ်ပေ၏၊ ငါ့အား ထိတ်လန့်ခြင်း မရှိပေ၊ နတ်ပြည်၌ရှိရင်း လူ့ပြည်၌ရှိရင်း ဤအကျိုးတို့သည် ငါ့အား အစဉ်တစိုက် လိုက်ကုန်၏။

(၁၅-အာဓာရကာနိသံသ)

သပိတ်ခြေလှူဒါန်းခြင်း၏ အကျိုး

၁၃၀။ မြတ်စွာဘုရားအားရှင်း အမြတ်ဆုံးဖြစ်သော ဂိုဏ်းသံဃာအားရှင်း သပိတ်ခြေတို့ကို ပေးလှူခဲ့ရသောကြောင့် အကြောင်းငါးပါးတို့ဖြင့် အမွေခံရသူဖြစ်၏၊ တစုံတခုကြောင့် တုန်လှုပ်ခြင်းမရှိသူ ဖြစ်ပေ၏။

၁၃၁။ ငါနှကြားအပ်သော ခပ်သိမ်းသောတရားတို့သည် သတိနှင့်ဉာဏ်ကို ပွင့်လင်းစေလျက် ငါ၏နှလုံး၌ ဆောင်ထားပြီးဖြစ်သည့်အတိုင်း မပျောက်ပျက်ကုန်၊ ကောင်းစွာဆုံးဖြတ်ပြီးဖြစ်ကုန်၏။

(၁၆-တာဋနေ့ာနိသံသ)

အိုးလှူဒါန်းခြင်း၏အကျိုး

၁၃၂။ မြတ်စွာဘုရားအားရှင်း အမြတ်ဆုံးဖြစ်သော ဂိုဏ်းသံဃာအားရှင်း အိုးခွက်အသုံးအဆောင်တို့ကို ပေးလှူခဲ့ရသောကြောင့် ငါ၏ကံအား လျော်ကပ်ကုန်သော အကျိုးဆက် သုံးပါးတို့ကို ခံစားရပေ၏။

၁၃၃။ ငါသည် ရွှေအိုးတို့ကိုရှင်း ပတ္တမြားအိုးတို့ကိုရှင်း ဖလ်အိုးတို့ကိုရှင်း ပတ္တမြားပြောက်(ကျောက်နီ)ဖြင့် ပြီးသော အိုးတို့ကိုရှင်း ရရှိပေ၏။

၁၃၄။ မယားတို့ကိုရှင်း ကျွန်ယောကျ်ား ကျွန်မိန်းမတို့ကိုရှင်း ဆင် မြင်း ရထား ခြေသည်သူရဲတို့ကိုရှင်း လင်၏အလိုကို လိုက်တတ်သော မိန်းမတို့ကိုရှင်း အသုံးအဆောင် ပစ္စည်းတို့ကိုရှင်း အခါခပ်သိမ်း ရရှိပေ၏။

၁၃၅။ အမျိုးမျိုးသော အတတ်ပညာ ဗေဒင်မန္တန်ပုဒ်တို့ကိုရှင်း အထူးထူး အပြားပြားများစွာသော ကျမ်းဂန်တို့ကိုရှင်း အဘတ်အလုံးစုံကိုရှင်း သင်ယူနိုင်၏၊ အခါခပ်သိမ်း အသုံးအဆောင်တို့ကို ရရှိပေ၏။

(၁၇-ထာလကာနိသံသ)

ခွက်လှူဒါန်းခြင်း၏အကျိုး

၁၃၆။ မြတ်စွာဘုရားအားရှင်း အမြတ်ဆုံးဖြစ်သော ဂိုဏ်းသံဃာအားရှင်း ခွက်တို့ကို ပေးလှူခဲ့ရသောကြောင့် ငါ၏ကံအား လျော်ကပ်ကုန်သော အကျိုးဆက် သုံးပါးတို့ကို ခံစားရပေ၏။

၁၃၇။ ငါသည် ရွှေခွက်တို့ကိုရှင်း ပတ္တမြားခွက်တို့ကိုရှင်း ထို့ပြင် ဖလ်ခွက်တို့ကိုရှင်း ပတ္တမြားပြောက်(ကျောက်နီ)ဖြင့် ပြီးသော ခွက်တို့ကိုရှင်း ရရှိပေ၏။

http://www.dhammadownload.com



၁၃၈။ ငါသည် ညောင်ဗုဒ္ဓဟေ့ရွက်နှင့်တူသော ခွက်တို့ကိုရင်း အသီးဖြင့်ပြုလုပ်အပ်သော ခွက်တို့ကိုရင်း ထိုမှတပါး ကြာရွက်နှင့်တူသော ခွက်တို့ကိုရင်း ပျားရည်သောက်စရာ ခရူသင်းတို့ကိုရင်း ရရှိပေ၏။

၁၃၉။ ငါသည် ထိုဆွမ်းစားခွက်အလှူ၏ အကျိုးဆက်ကြောင့် ဝတ်ကြီးဝတ်ငယ်၌ ဖြည့်ကျင့်ခြင်းကိုရင်း သီလစသော ဂုဏ်ကျေးဇူး၌ ဖြည့်ကျင့်ခြင်းကိုရင်း အလေ့အကျင့် အမူအရာစသည်တို့၌ ဖြည့်ကျင့်ခြင်းကိုရင်း ဤအကျိုးတို့ကို ရရှိပေ၏။

(၁၈-ဘေသဇ္ဇာနိသံသ)

**ဆေးလှူဒါန်းခြင်း၏အကျိုး**

၁၄၀။ မြတ်စွာဘုရားအားရင်း အမြတ်ဆုံးဖြစ်သော ဂိုဏ်းသံဃာအားရင်း ဆေးကို ပေးလှူခဲ့ရသောကြောင့် ငါ၏ကံအား လျော်ကပတ်ကုန်သော အကျိုးဆက် ဆယ်ပါးတို့ကို ခံစား ရပေ၏။

၁၄၁။ ငါသည် ထိုဆေးအလှူ၏ အကျိုးဆက်ကြောင့် အသက်ရှည်၏၊ ခွန်အားကြီးမား၏၊ ပညာရှိ၏၊ အဆင်းလှ၏၊ အခြံအရံများ၏၊ ချမ်းသာကြီး၏၊ ဘေးရန်မရှိ၊ ဆင်းရဲမရှိ၊ အခါခပ်သိမ်း (သူတပါးတို့) ပူဇော်အပ်၏၊ ငါ့အား ချစ်သောသူတို့နှင့် ကွေကွင်းခြင်း မရှိပေ။

(၁၉-ဥပါဟနာနိသံသ)

**ဘိနပ်လှူဒါန်းခြင်း၏အကျိုး**

၁၄၂။ မြတ်စွာဘုရားအားရင်း အမြတ်ဆုံးဖြစ်သော ဂိုဏ်းသံဃာအားရင်း ဘိနပ်တို့ကို ပေးလှူခဲ့ရသောကြောင့် ငါ၏ကံအား လျော်ကပတ်ကုန်သော အကျိုးဆက် သုံးပါးတို့ကို ခံစားရပေ၏။

၁၄၃။ ဆင်ယာဉ် မြင်းယာဉ် ထမ်းစင် သံလျင်း ခြောက်သန်းတို့သည် ငါ့ကို အခါခပ်သိမ်း ခြံရံကုန်၏။

၁၄၄။ ပတ္တမြားစီကုန်သော (ကမ္ဗလာဖြင့်) ကြေးနီဖြင့် ချုပ်လုပ်သော ရွှေခြေနင်း ငွေခြေနင်းတို့သည် ဘဝသံသရာ၌ ကျင်လည်သော ငါ့အား ခြေလှမ်းတိုင်း ဖြစ်ကုန်၏။

၁၄၅။ မကောင်းသောအကျင့်တို့ကို သုတ်သင်တတ်သောအရိယာမဂ်သို့သတိတို့သည် ပြေးသွားကုန်၏၊ ငါသည် ထိုဘိနပ်အလှူ၏ အကျိုးဆက်ကြောင့် ဤအကျိုးတို့ကို ရရှိပေ၏။

(၂၀-ပါဒုကာနိသံသ)

**ခြေနင်းလှူဒါန်းခြင်း၏အကျိုး**

၁၄၆။ မြတ်စွာဘုရားအားရင်း အမြတ်ဆုံးဖြစ်သော ဂိုဏ်းသံဃာအားရင်း ခြေနင်း တို့ကို ပေးလှူခဲ့ရသောကြောင့် တန်ခိုးခြေနင်းကို တက်စီး၍ အလိုရှိတိုင်း နေရပေ၏။

http://www.dhammadownload.com



(၂၁ ဥဒကပုဇ္ဇနာနိသံသ)

ရေသုတ်ပုဆိုးလှူဒါန်းခြင်း၏အကျိုး

၁၄၇။ မြတ်စွာဘုရားအားရင်း အမြတ်ဆုံးဖြစ်သော ဂိုဏ်းသံဃာအားရင်း ရေသုတ်ပုဆိုး(အဝတ်)တို့ကို ပေးလှူခဲ့ရသောကြောင့် ငါ၏ကံအား လျော်ကပ်သော အကျိုးဆက် ငါးပါးတို့ကို ခံစားရပေ၏။

၁၄၈။ ငါသည် ထိုရေသုတ်ပုဆိုးကို လှူရခြင်း၏ အကျိုးဆက်ကြောင့် ရွှေအဆင်းနှင့်တူသော အဆင်းရှိ၏၊ မြူအညစ်အကြေးကင်း၏၊ ပြိုးပြိုးပြက်အရောင်ထွက်၏၊ တန်ခိုးကြီးမား၏၊ ငါ၏ ကိုယ်သည် ပြေပြစ်၏၊ မြူအညစ်အကြေးသည် မလိမ်းကျံ မကပ်ငြိပေ၊ ငါသည် ဤအကျိုးတို့ကို ရရှိပေ၏။

(၂၂-ကဋ္ဌစ္ဆတ္တာနိသံသ)

တောင်ဝှေးလှူဒါန်းခြင်း၏အကျိုး

၁၄၉။ မြတ်စွာဘုရားအားရင်း ဂိုဏ်းမြတ်ဖြစ်သော သံဃာအားရင်း တောင်ဝှေးတို့ကို ပေးလှူခဲ့ရသောကြောင့် ငါ၏ကံအား လျော်ကပ်ကုန်သော အကျိုးဆက် ခြောက်ပါးတို့ကို ခံစားရပေ၏။

၁၅၀။ ငါ့အား သားသမီးများပြားကုန်၏၊ ငါ့အား ထိတ်လန့်ခြင်း မရှိ၊ အခါခပ်သိမ်း အလုံးစုံ အစောင့်အရှောက်ဘို့ဖြင့် စောင့်ရှောက်အပ်သည်ဖြစ်၍ သူတပါးတို့ အနှိပ်စက်မခံရသူဖြစ်၏၊ ချွတ်ယွင်းသည်ကိုလည်း မသိရပေ၊ ငါ၏စိတ်သည် ဘုန်လှုပ်ခြင်း မရှိပေ။

(၂၃-ဩသဓဥ္စနာနိသံသ)

မျက်စဉ်းဆေးလှူဒါန်းခြင်း၏အကျိုး

၁၅၁။ မြတ်စွာဘုရားအားရင်း ဂိုဏ်းမြတ်ဖြစ်သော သံဃာအားရင်း မျက်စဉ်းဆေးကို ပေးလှူခဲ့ရသောကြောင့် ငါ၏ကံအား လျော်ကပ်ကုန်သော အကျိုးဆက် ရှစ်ပါးတို့ကို ခံစားရပေ၏။

၁၅၂။ ငါသည် ကျယ်သော မျက်စိရှိသူ ဖြစ်ပေ၏၊ (မျက်စိ၌) ဖြူသင့်ရာဖြူ၍ ဝါသင့်ရာဝါ နီသင့်ရာနီကုန်၏၊ရောဂါခပ်သိမ်းမှ ကင်းစင်သည်ဖြစ်၍ အလွန်ကြည်လင်သော မျက်စိရှိသူ ဖြစ်ပေ၏။

၁၅၃။ ငါသည် နတ်မျက်စိနှင့်တူသော မျက်စိကိုရင်း အတုမရှိသော ပညာမျက်စိကိုရင်း ရ၏၊ထိုမျက်စဉ်းအလှူ၏ အကျိုးဆက်ကြောင့် ဤဂုဏ်ကျေးဇူးတို့ကို ရရှိပေ၏။

(၂၄-ကုဉ္စိကာနိသံသ)

သံကောက်လှူဒါန်းခြင်း၏အကျိုး

၁၅၄။ မြတ်စွာဘုရားအားရင်း အမြတ်ဆုံးဖြစ်သော ဂိုဏ်းသံဃာအားရင်း သံကောက်(သော့)တို့ကို ပေးလှူခဲ့ရသောကြောင့် နိဗ္ဗာန်တံခါးကို ဖွင့်စေနိုင်သော ဉာဏ်တည်းဟူသော သံကောက်(သော့) ကို ရရှိပေ၏။

http://www.dhammadownload.com



(၂၅-ကုဋိဒါယကတ္ထေရအပဒါန်)

**သံကောက်အိမ်လှူဒါန်းခြင်း၏အကျိုး**

၁၅၅။ မြတ်စွာဘုရားအားရင်း ဂိုဏ်းမြတ်ဖြစ်သော သံဃာအားရင်း သံကောက်အိမ် (သော့ခလောက်)တို့ကို ပေးလှူခဲ့ရသောကြောင့် ငါ၏ကံအား လျော်ကန်ပတ်ကုန်သော အကျိုးဆက် နှစ်ပါးတို့ကို ရ၏၊ ငါသည် ဘဝသံသရာ၌ ကျင်လည်သည်ရှိသော် အမျက်နည်းပါးသူ ပင်ပန်းခြင်း မရှိသူ ဖြစ်ရ၏။

(၂၆-အာယောဂဒါယကတ္ထေရအပဒါန်)

**အာယောဂပတ်လှူဒါန်းခြင်း၏အကျိုး**

၁၅၆။ မြတ်စွာဘုရားအားရင်း အမြတ်ဆုံးဖြစ်သော ဂိုဏ်းသံဃာအားရင်း အာယောဂပတ်တို့ကို ပေးလှူခဲ့ရသောကြောင့် ငါ၏ကံအား လျော်ကန်ပတ်ကုန်သော အကျိုးဆက် ငါးပါးတို့ကို ခံစားရပေ၏။

၁၅၇။ ငါသည် ပဋ္ဌမစျာန်စသော သမာဓိတို့၌ မတုန်လှုပ်ပေ၊ သမာဓိတို့၌ အလေ့အကျင့်ရှိသူ ဖြစ်ပေ၏၊ မပြိုကွဲသော ပရိသတ်ရှိသူ ဖြစ်ပေ၏၊ အခါခပ်သိမ်း နာယူထိုက်သော စကားရှိသူ ဖြစ်ပေ၏၊ သံသရာဘဝ၌ ကျင်လည်ရသော ငါ့အား စည်းစိမ်၏ပြည့်စုံခြင်းသည် ဖြစ်ရ၏။

(၂၇-ဓူပဒါယကတ္ထေရအပဒါန်)

**အခိုးတံလှူဒါန်းခြင်း၏အကျိုး**

၁၅၈။ မြတ်စွာဘုရားအားရင်း အမြတ်ဆုံးဖြစ်သော ဂိုဏ်းသံဃာအားရင်း အခိုးတံ (ဆေးတံ)တို့ကို ပေးလှူခဲ့ရသောကြောင့် ငါ၏ကံအား လျော်ကန်ပတ်ကုန်သော အကျိုးဆက် သုံးပါးတို့ကို ခံစားရပေ၏။

၁၅၉။ ငါသည် ထိုအခိုးတံအလှူ၏ အကျိုးဆက်ကြောင့် ငါ၏သတိသည် ဖြောင့်မတ်၏၊ အကြောတို့သည် ကောင်းစွာဆက်စပ်လျက်ရှိကုန်၏၊ နတ်မျက်စိနှင့် တူသော မျက်စိကို ရ၏။

(၂၈-ဒီပဒါယကတ္ထေရအပဒါန်)

**ဆီမီးတိုင်လှူဒါန်းခြင်း၏အကျိုး**

၁၆၀။ မြတ်စွာဘုရားအားရင်း အမြတ်ဆုံးဖြစ်သော ဂိုဏ်းသံဃာအားရင်း ဆီမီးတိုင်တို့ကို ပေးလှူခဲ့ရသောကြောင့် ငါ၏ကံအား လျော်ကန်ပတ်ကုန်သော အကျိုးဆက် သုံးပါးတို့ကို ခံစားရပေ၏။

၁၆၁။ ငါသည် အမျိုးမြတ်သူ ကိုယ်အင်္ဂါနှင့်ပြည့်စုံသူ သိနားလည်သူဟု သမုတ်အပ်သော ပညာရှိသူဖြစ်၏၊ ထိုဆီမီးတိုင်အလှူ၏ အကျိုးဆက်ကြောင့် ဤအကျိုးတို့ကို ရ၏။

http://www.dhammadownload.com



(၂၉-တုမ္ဗကကရဏ္ဍ)

**ဗူးနှင့်ကြုတ်လှူဒါန်းခြင်း၏ အကျိုး**

၁၆၂။ မြတ်စွာဘုရားအားရှင်း ဂိုဏ်းမြတ်ဖြစ်သော သံဃာအားရှင်း ဗူးနှင့်ကြုတ်တို့ကို ပေးလှူခဲ့ရသောကြောင့် ငါ၏ကံအား လျောက်ပတ်ကုန်သော အကျိုးဆက် ဆယ်ပါးတို့ကို ခံစားရ၏။

၁၆၃။ ကောင်းစွာလုံခြုံ၏၊ ချမ်းသာနှင့်ပြည့်စုံ၏၊ များသောအခြံအရံရှိ၏၊ ယို့ပြင်ဂတိဝိပတ္တိမှကင်း၏၊ နူးညံ့သိမ်မွေ့၏၊ ဆင်းရဲအားလုံးမှ ကင်း၏။

၁၆၄-၁၆၅။ ကြီးကျယ်ပြန့်ပြောသော ဂုဏ်တို့ကို ရရှိ၏၊ ငါ၏ခြေတို့သည် ညီညွတ်ကုန်၏၊ ထိတ်လန့်ခြင်းကင်း၏၊ (ရွှေ ငွေ မြ ဖလ်) အဆင်းလေးမျိုးရှိသော ဗူးနှင့်ကြုတ်တို့ကို ရ၏၊ ဆင်ရတနာ မြင်းရတနာတို့ကိုလည်း ရ၏၊ ငါ၏ ယိုရတနာတို့သည် လျောက်ပတ်ကုန်၊ ဤသို့ဖြစ်ရခြင်းသည် ဗူးလှူရခြင်း၏ အကျိုးပေတည်း။

(၃၀-မလဟရဏာနိသံသ)

**လက်သုတ်ပုဝါလှူဒါန်းခြင်း၏အကျိုး**

၁၆၆။ မြတ်စွာဘုရားအားရှင်း ဂိုဏ်းမြတ်ဖြစ်သော သံဃာအားရှင်း လက်သုတ်ပုဝါတို့ကို ပေးလှူခဲ့ရသောကြောင့် ငါ၏ကံအား လျောက်ပတ်ကုန်သော အကျိုးဆက်ငါးပါးတို့ကို ခံစားရ၏။

၁၆၇။ ငါသည် လက္ခဏာအားလုံးနှင့် ပြည့်စုံ၏၊ အသက် ပညာ ဉာဏ် သမာဓိတို့နှင့် ပြည့်စုံ၏၊ ငါ၏ကိုယ်သည် အခါခပ်သိမ်း ပင်ပန်းခြင်းအားလုံးမှ လွတ်ကင်း၏။

(၃၁-ပိပ္ပလာနိသံသ)

**သင်ရုန်းလှူဒါန်းခြင်း၏အကျိုး**

၁၆၈။ ငါသည် ကောင်းစွာသွေးအပ်ကုန်သော အသွားပါသည့် သင်ရုန်းတို့ကို သံဃာအား ပေးလှူခဲ့ရသောကြောင့် သန့်ရှင်းစင်ကြယ်သော ကိလေသာကို ဖြတ်တောက်တတ်သော အတုမဲ့ဉာဏ်ကို ရ၏။

(၃၂-သဏ္ဍာသနိသံသ)

**မွေးညှပ်လှူဒါန်းခြင်း၏အကျိုး**

၁၆၉။ မြတ်စွာဘုရားအားရှင်း အမြတ်ဆုံးဖြစ်သော ဂိုဏ်းသံဃာအားရှင်း မွေးညှပ်တို့ကို ပေးလှူခဲ့ရသောကြောင့် ကိလေသာကို ချိုးဖျက်တတ်သော သန့်ရှင်းစင်ကြယ်သော အတုမဲ့ဉာဏ်ကို ရ၏။

(၃၃-နတ္ထုကာနိသံသ)

**နှာနှပ်တံလှူဒါန်းခြင်း၏အကျိုး**

၁၇၀။ မြတ်စွာဘုရားအားရှင်း အမြတ်ဆုံးဖြစ်သော ဂိုဏ်းသံဃာအားရှင်း နှာနှပ်တံတို့ကို ပေးလှူခဲ့ရသောကြောင့် ငါ၏ကံအား လျောက်ပတ်ကုန်သော အကျိုးဆက် ရှစ်ပါးတို့ကို ခံစားရပေ၏။

http://www.dhammadownload.com



၁၇၁။ သဒ္ဓါ သီလ ဟိရီ ဩတ္တပ္ပဟု ဆိုအပ်ကုန်သော ဂုဏ်ကျေးဇူးကိုရင်း သုတ စာဂ ခန္တီနှင့် ရှစ်ခုမြောက် ပညာဂုဏ်ကိုရင်း (ဤအကျိုးတို့ကို ခံစားရပေ၏)။

(၃၄-ပိဋကာခိုသံသ)

အင်းပျဉ်လှူဒါန်းခြင်း၏ အကျိုး

၁၇၂။ မြတ်စွာဘုရားအားရင်း အမြတ်ဆုံးဖြစ်သော ဂိုဏ်းသံဃာအားရင်း အင်းပျဉ်တို့ကို ပေးလှူခဲ့ရသောကြောင့် ငါ၏က်အား လျောက်ပတ်ကုန်သော အကျိုးဆက် ငါးပါးတို့ကို ခံစားရပေ၏။

၁၇၃။ ငါသည် မြင့်မြတ်သော အမျိုး၌ ဖြစ်ရ၏၊ ငါသည် ဥစ္စာများစွာရှိသူဖြစ်၏၊ ငါ့ကို ခပ်သိမ်းသူတို့ ပူဇော်ကုန်၏၊ ငါ၏ ကျော်စောသတင်းသည် ပျံ့နှံ့လျက်ရှိ၏။

၁၇၄။ ကမ္ဗာတသိန်းတို့ပတ်လုံး လေးထောင့်ရှိသော ပလ္လင်တို့သည် ငါ့ကို အမြဲခြံရံလျက် ရှိကုန်၏၊ ငါသည် ခွဲခြမ်းဝေဖန်မှု၌ မွေ့လျော်သူ ဖြစ်ပေ၏။

(၃၅-ဘိသိအာခိုသံသ)

ဘုံလျှိုလှူဒါန်းခြင်း၏အကျိုး

၁၇၅။ မြတ်စွာဘုရားအားရင်း အမြတ်ဆုံးဖြစ်သော ဂိုဏ်းသံဃာအားရင်း ဘုံလျှိုတို့ကို ပေးလှူခဲ့ရသောကြောင့် ငါ၏က်အား လျောက်ပတ်ကုန်သော အကျိုးဆက် ခြောက်ပါးတို့ကို ခံစားရပေ၏။

၁၇၆။ ပြေပြစ်ညီညွတ်သော ကိုယ်ရှိ၏၊ ပူဇော်ခံရ၏၊ နူးညံ့၏၊ ရှုချင်စဖွယ်တင့်တယ်လှပ၏၊ အခြံအရံနှင့်တကွသော ဉာဏ်ကို ရ၏၊ ဤသို့ဖြစ်ရခြင်းသည် ဘုံလျှိုလှူရခြင်း၏ အကျိုးပေတည်း။

၁၇၇။ လဲသွတ်သော ဘုံလျှိုတို့ကိုရင်း ခြသေ့ရုပ် ကျားရုပ်တို့ဖြင့် အထူးပြုအပ်သော အခင်းတို့ကိုရင်း ကချေသည် တကျိပ်ခြောက်ယောက်တို့ ကနိုင်လောက်သော အခင်းတို့ကိုရင်း အကွက်တို့ဖြင့် ဆန်းကြယ်စွာ ပြုလုပ်အပ်သော အခင်းတို့ကိုရင်း ကောင်းမွန်သော အဝတ်များစွာတို့ကိုရင်း ကမ္ဗလာ(သကလတ်)အမျိုးမျိုးတို့ကိုရင်း ငါသည် ရ၏။

၁၇၈။ နူးညံ့သော အပေါ်ရုံတို့ကိုပင်း နူးညံ့သော သစ်နက်ရေတို့ကိုရင်း အမျိုးမျိုးသော နေရာအခင်းတို့ကိုရင်း ရ၏၊ ဤသို့ဖြစ်ရခြင်းသည် ဘုံလျှိုလှူရခြင်း၏ အကျိုးပေတည်း။

၁၇၉။ အကြင်အခါမှ (စ၍) မိမိကိုယ်ကို အောက်မေ့နိုင်၏ အကြင်အခါမှ(စ၍) သိကြားလိမ္မာခြင်းသို့ ရောက်၏၊ ထိုအခါမှစ၍ အချည်းနှီးဖြစ်သူမဟုတ်ပဲ စျာန်တည်းဟူသော ညောင်စောင်းရှိသူ ဖြစ်ပေ၏၊ ဤသို့ဖြစ်ရခြင်းသည် ဘုံလျှိုလှူရခြင်း၏ အကျိုးပေတည်း။

http://www.dhammadownload.com



(၃၆-မိဗ္ဗောဟနဒါယိကာနိသံသ)

ခေါင်းအုံးလှူဒါန်းခြင်း၏အကျိုး

၁၇၀။ မြတ်စွာဘုရားအားရင်း အမြတ်ဆုံးဖြစ်သော ဂိုဏ်းသံဃာအားရင်း ခေါင်းအုံးတို့ကို ပေးလှူခဲ့ရသောကြောင့် ငါ၏ကံအား လျော်ကပ်တက်ကုန်သော အကျိုးဆက်ခြောက်ပါးတို့ကို ခံစားရပေ၏။

၁၇၁။ ငါသည် သားမွေးအဆာသွတ်သော ခေါင်းအုံး၌ရင်း ပဒုမာဝတ်ဆံအဆာသွတ်သော ခေါင်းအုံး၌ရင်း ထိုမှတပါး စန္ဒကူးအဆာသွတ်သော ခေါင်းအုံး၌ရင်း ငါ၏ဦးခေါင်းသည် အခါခပ်သိမ်း အုံးရပေ၏။

၁၇၂။ အင်္ဂါရှစ်ပါးရှိသော မြတ်သောမဂ်၌ရင်း ရဟန်းပြုခြင်း အကျင့်ဖြစ်သော ဖိုလ်လေးပါး၌ရင်း ထိုမဂ်ဖိုလ်တို့၌ အသိဉာဏ်ကို ဖြစ်စေ၍ နေရ၏။

၁၇၃။ ပေးကမ်းခြင်း၌ရင်း ဟူ့နွေ့ကို ဆုံးမခြင်း၌ရင်း ကိုယ်နှုတ်နှလုံးကို စောင့်စည်းခြင်း၌ရင်း အပ္ပမညာတရားတို့၌ရင်း ရူပဈာန်တို့၌ရင်း ငါသည် ထိုတရားတို့၌ အသိဉာဏ်ကို ဖြစ်စေ၍ အခါခပ်သိမ်း နေရ၏။

၁၇၄။ ဝတ်အကျင့်၌ရင်း သီလစသောဂုဏ်၌ရင်း အကျင့်အလေ့ အကျင့်အမူအရာတို့၌ရင်း ငါသည် ထိုတရားတို့၌ အသိဉာဏ်ကို ဖြစ်စေ၍ အခါခပ်သိမ်း နေရ၏။

၁၇၅။ စင်္ကြံသွားခြင်း၌ရင်း ကမ္မဋ္ဌာန်းအားထုတ်ခြင်း၌ရင်း ဝီရိယ၌ရင်း ဗောဓိပက္ခိယတရား၌ရင်း ထိုတရားတို့၌ အသိဉာဏ်ကို ဖြစ်စေ၍ အလိုရှိတိုင်း နေရ၏။

၁၇၆။ ငါသည် သီလ သမာဓိ ပညာ အမြတ်ဆုံး ဝိမုတ္တိ (အရဟတ္တဖိုလ်) တို့နှင့် အသိဉာဏ်ကို ဖြစ်စေ၍ ချမ်းသာစွာ နေရ၏။

(၃၇-ဖလပီဌဒါနိသံသ)

ပျဉ်ချပ်လှူဒါန်းခြင်း၏အကျိုး

၁၇၇။ မြတ်စွာဘုရားအားရင်း အမြတ်ဆုံးဖြစ်သော ဂိုဏ်းသံဃာအားရင်း ပျဉ်ချပ်အင်းပျဉ်တို့ကို ပေးလှူခဲ့ရသောကြောင့် ငါ၏ကံအား လျော်ကပ်တက်ကုန်သော အကျိုးဆက် နှစ်ပါးတို့ကို ခံစားရပေ၏။

၁၇၈။ ရွှေပလ္လင် ပတ္တမြားပလ္လင် များစွာသောဆင်စွယ် စန္ဒကူးနှစ်ပလ္လင် ဤပလ္လင်မြတ်တို့ကို ရ၏၊ ဤသို့ဖြစ်ရခြင်းသည် ပျဉ်ချပ် အင်းပျဉ်လှူရခြင်း၏ အကျိုးပေတည်း။

(၃၈-ပါဒပီဌဒါနိသံသ)

ခြေဆေးအင်းပျဉ်လှူဒါန်းခြင်း၏အကျိုး

၁၇၉။ မြတ်စွာဘုရားအားရင်း အမြတ်ဆုံးဖြစ်သော ဂိုဏ်းသံဃာအားရင်း ခြေဆေးအင်းပျဉ်တို့ကို ပေးလှူခဲ့ရသောကြောင့် ငါ၏ကံအား လျော်ကပ်တက်ကုန်သော အကျိုးဆက် နှစ်ပါးတို့ကို ခံစားရ၏၊ များစွာသော ယာဉ်တို့ကို ရ၏၊ ဤသို့ ဖြစ်ရခြင်းသည် ခြေဆေးအင်းပျဉ် လှူရခြင်း၏ အကျိုးပေတည်း။

http://www.dhammadownload.com



၁၉၀။ ကျွန်မိန်းမ ကျွန်ယောကျ်ားတို့သည်၎င်း မယားတို့သည်၎င်း ထို့ပြင် (ငါ့ကို) မှီ၍ အသက်မွေးကုန်သော အကြွင်းအခြားသူတို့သည်၎င်း ငါ့ကို ကောင်းစွာ လုပ်ကျွေးကြကုန်၏၊ ဤသို့ဖြစ်ရခြင်းသည် ခြေဆေးအင်းပျဉ်လှူရခြင်း၏ အကျိုးပေတည်း။

(၃၉-တေလဗ္ဗဒ္ဓနာဝိသံသ)

ခြေနယ်ဆီလှူဒါန်းခြင်း၏အကျိုး

၁၉၁။ အမြတ်ဆုံးဖြစ်သော ဂိုဏ်းသံဃာအား ခြေနယ်ဆီတို့ကို ပေးလှူခဲ့ရသောကြောင့် ငါ၏ကိုအား လျော်ကန်ကုန်သော အကျိုးဆက် ငါးပါးတို့ကို ခံစားရပေ၏။

၁၉၂။ အနာရောဂါကင်းခြင်း အဆင်းလှခြင်း လျင်စွာတရားကို စူးစမ်းနိုင်ခြင်း ထမင်းအဖျော်ကို ရလွယ်ခြင်း ငါးခုမြောက်ဖြစ်သော ငါ၏ အသက်ရှည်ခြင်း (ဤအကျိုးတို့ကို ရရှိပေ၏)။

(၄၀-သပ္ပိတေလာနိသံသ)

ထောပတ်ဆီလှူဒါန်းခြင်း၏အကျိုး

၁၉၃။ အမြတ်ဆုံးဖြစ်သော ဂိုဏ်းသံဃာအား ထောပတ်ဆီကို ပေးလှူခဲ့ရသောကြောင့် ငါ၏ကိုအား လျော်ကန်ကုန်သော အကျိုးဆက် ငါးပါးတို့ကို ခံစားရပေ၏။

၁၉၄။ ငါသည် အားကောင်းသူ အဆင်းလှသူ အခါခပ်သိမ်း ရွှင်လန်းသောအမူ ရှိသူ အနာရောဂါကင်းသူ သန့်ရှင်းသူ ဖြစ်ပေ၏၊ ဤသို့ဖြစ်ရခြင်းသည် ထောပတ်ဆီ လှူရခြင်း၏ အကျိုးပေတည်း။

(၄၁-မုခသောဓနကာနိသံသ)

သွားတိုက်ဆေးလှူဒါန်းခြင်း၏အကျိုး

၁၉၅။ မြတ်စွာဘုရားအားလည်း အမြတ်ဆုံးဖြစ်သော ဂိုဏ်းသံဃာအားလည်း ခံတွင်း အထုံ (ခံတွင်းဆေးစရာ သွားတိုက်ဆေး)ကို ပေးလှူခဲ့ရသောကြောင့် ငါ၏ကိုအား လျော်ကန်ကုန်သော အကျိုးဆက် ငါးပါးတို့ကို ခံစားရပေ၏။

၁၉၆။ စင်ကြယ်သန့်ရှင်းသော လည်ချောင်းရှိ၏၊ သာယာသော အသံရှိ၏၊ ချောင်းဆိုးနာ ပန်းနာမှ ကင်း၏၊ အခါခပ်သိမ်း ငါ၏ခံတွင်းမှ ကြာညိုရနံ့ ကြိုင်လှိုင်၏။

(၄၂-ဒဓိအာနိသံသ)

နို့ဓမ်းလှူဒါန်းခြင်း၏အကျိုး

၁၉၇။ မြတ်စွာဘုရားအားလည်း ဂိုဏ်းမြတ်ဖြစ်သော သံဃာအားလည်း (အဆင်း အနံ့ အရသာနှင့်) ပြည့်စုံသော နို့ဓမ်းကို ပေးလှူခဲ့ရသောကြောင့် ကာယဂတာသတိကိုလည်း မြတ်သောအာဟာရကိုလည်း သုံးဆောင်ရပေ၏။

http://www.dhammadownload.com



(၄၃-မဓုအာနိသံသ)

ပျားရည်လှူဒါန်းခြင်း၏အကျိုး

၁၉၈။ မြတ်စွာဘုရားအားရှင်း ဂိုဏ်းသံဃာအားရှင်း အဆင်း အနံ့ အရသာနှင့် ပြည့်စုံသော ပျားရည်ကို ပေးလှူခဲ့ရသောကြောင့် ငါသည် မနှိုင်းရှည့်နိုင်သော အတုမဲ့ ဖြစ်သော ဝိမုတ္တိရသ(အရဟတ္တဖိုလ်အရည်)ကို သောက်ရပေ၏။

(၄၄-ရသာနိသံသ)

အရသာလှူဒါန်းခြင်း၏အကျိုး

၁၉၉။ မြတ်စွာဘုရားအားရှင်း အမြတ်ဆုံးဖြစ်သော ဂိုဏ်းသံဃာအားရှင်း သဘာဝ အားလျော်စွာဖြစ်သော အရသာကိုပေးလှူခဲ့ရသောကြောင့် ငါ၏ကံအား လျောက်ပတ် ကုန်သော ဖိုလ်လေးပါးတို့ကို ခံစားရပေ၏။

(၄၅-အန္နပါနာနိသံသ)

ထမင်းအဖျော်လှူဒါန်းခြင်း၏အကျိုး

၂၀၀။ မြတ်စွာဘုရားအားရှင်း အမြတ်ဆုံးဖြစ်သော ဂိုဏ်းသံဃာအားရှင်း ထမင်း အဖျော်ကို ပေးလှူခဲ့ရသောကြောင့် ငါ၏ကံအား လျောက်ပတ်ကုန်သော အကျိုးဆက် ဆယ်ပါးတို့ကို ခံစားရပေ၏။

၂၀၁။ အသက်ရှည်သူ ခွန်အားကြီးသူ တည်ကြည်သူ အဆင်းလှသူ အခြံအရံများသူ ချမ်းသာကြီးသူ ထမင်း အဖျော်ကိုရသူ ရဲရင့်သူ အခါခပ်သိမ်း ပညာရှိသူ ဖြစ်ရခြင်းဟု ဆိုအပ်သော ဤအကျိုးတို့ကို ဘဝသံသရာ၌ ကျင်လည်ရသော ငါသည် ရရှိ၏။

(၄၆-ဓူပါနိသံသ)

အမွှေးတိုင်လှူဒါန်းခြင်း၏အကျိုး

၂၀၂။ မြတ်စွာဘုရားအားရှင်း အမြတ်ဆုံးဖြစ်သော ဂိုဏ်းသံဃာအားရှင်း အခိုးအထုံ ကိုပေးလှူခဲ့ရသောကြောင့် ငါ၏ကံအား လျောက်ပတ်ကုန်သော အကျိုးဆက် ဆယ်ပါး တို့ကို ခံစားရပေ၏။

၂၀၃-၂၀၄။ ဘဝကြီးငယ်၌ ကျင်လည်ရသည်ရှိသော် ကိုယ်အနံ့မွှေးသူ အခြံအရံများသူ လျင်သောပညာရှိသူ ကျော်စောခြင်းရှိသူ ထက်သောပညာရှိသူ မြေကြီးအထုနှင့်တူသော ပညာရှိသူ ရွှင်သောပညာ, နက်နဲသောပညာရှိသူ ပြန့်ပြောသော ပညာရှိသူ လျင်မြန် သော ပညာရှိသူဖြစ်၍ ထိုအခိုးအထုံလှူရခြင်း၏ အစွမ်းကြောင့်သာလျှင် ယခုအခါ အေးမြ သော နိဗ္ဗာန်ချမ်းသာသို့ ရောက်ရပေ၏။

(၄၇-သာဓာရဏာနိသံသ)

အလှူအားလုံးနှင့်ဆက်ဆံသောအကျိုး

၂၀၅။ ငါသည် ကိလေသာတို့ကို ရှို့မြိုက်လောင်ကျွမ်းစေအပ်ကုန်ပြီ၊ ဘဝအားလုံးကို ပယ်နုတ်အပ်ကုန်ပြီ၊ ဆင်ပြောင်ကြီးသည် နှောင်ကြိုးကို ဖြတ်မျှ နေသကဲ့သို့ ငါသည် အာသဝ မရှိပဲ နေရ၏။

http://www.dhammadownload.com



၂၀၆။ ငါ၏ လာခြင်းကား ကောင်းသော လာခြင်း စင်စစ် ဖြစ်ပေ၏၊ ငါသည် မြတ်စွာဘုရား၏ အထံတော်၌ ဝိဇ္ဇာသုံးပါးတို့ကို ရအပ်ပါကုန်ပြီ၊ မြတ်စွာဘုရား၏ အဆုံးအမတော်ကို လိုက်နာကျင့်သုံးပြီးပါပြီ။

၂၀၇။ လေးပါးသော ပဋိသမ္ဘိဒါတို့ကိုလည်း ရှစ်ပါးသော ဤဝိမောက္ခတို့ကိုလည်း ခြောက်ပါးသော အဘိညာဉ်တို့ကိုလည်း မျက်မှောက်ပြုအပ်ပါကုန်ပြီ၊ မြတ်စွာဘုရား၏ အဆုံးအမတော်ကို လိုက်နာကျင့်သုံးပြီးပါပြီ။

ဤသို့လျှင် အသျှင်ပိလိန္ဒဝစ္ဆမထေရ်သည် ဤဂါထာတို့ကို မိန့်ဆိုတော်မူ၏။

**ရှေးဦးစွာသော ပိလိန္ဒဝစ္ဆတ္ထေရအပဒါန် ပြီး၏။**

---

## ၂-သေလတ္ထေရအပဒါန်

၂၀၈။ ငါသည် ဟံသာဝတီမြို့၌ လမ်းပိုင်ရှင် ဖြစ်ခဲ့၏၊ (ထိုအခါ) ငါ၏ဆွေမျိုးတို့ကို ခေါ်ဆောင်၍ ဤစကားကို ပြောဆို၏—

၂၀၉။ ကောင်းမှုမျိုးစေ့ကို စိုက်ပျိုးရာ လယ်ယာမြေကောင်းသဖွယ် ဖြစ်သော အတုမဲ့ ဖြစ်သော မြတ်စွာဘုရားသည် လောက၌ ပွင့်တော်မူ၏၊ ထိုမြတ်စွာဘုရားသည် လူခပ်သိမ်းတို့ ပေးလှူဖွယ် ပစ္စည်းဝတ္ထုတို့ကို ခံယူတော်မူထိုက်သော ပုဂ္ဂိုလ်ဖြစ်တော်မူပေ၏။

၂၁၀။ မင်းတို့သည်လည်း နိဂုံးသူတို့သည်လည်း ဥစ္စာများပြားကုန်သော ဗြာဟ္မဏမျိုးတို့သည်လည်း ထိုသူတို့သည် ကြည်လင်ဝမ်းမြောက်သော စိတ်ရှိကုန်သည်ဖြစ်၍ အသင်းဖွဲ့ကာ ကုသိုလ်ကောင်းမှုကို ပြုကြကုန်၏။

၂၁၁။ ဆင်စီးသူရဲတို့သည်လည်း မြင်းစီးသူရဲတို့သည်လည်း ရထားစီးသူရဲတို့သည်လည်း ခြေသည်သူရဲတို့သည်လည်း ထိုသူတို့သည် ကြည်လင်ဝမ်းမြောက်သော စိတ်ရှိကုန်သည်ဖြစ်၍ အသင်းဖွဲ့ကာ ကုသိုလ်ကောင်းမှုကို ပြုကြကုန်၏။

၂၁၂။ ထင်ရှားကျော်စောသော ပုဂ္ဂိုလ်တို့သည်လည်း မင်းသားတို့သည်လည်း ကုန်သည်တို့သည်လည်း ဗြာဟ္မဏမျိုးတို့သည်လည်း ထိုသူတို့သည် ကြည်လင်ဝမ်းမြောက်သော စိတ်ရှိကုန်သည်ဖြစ်၍ အသင်းဖွဲ့ကာ ကုသိုလ်ကောင်းမှုကို ပြုကြကုန်၏။

၂၁၃။ စဖိုသည်တို့သည်လည်း ဆေးသွားသည်တို့သည်လည်း ရေချိုးပေးသမားတို့သည်လည်း ပန်းသည်တို့သည်လည်း ထိုသူတို့သည် ကြည်လင်ဝမ်းမြောက်သော စိတ်ရှိကုန်သည်ဖြစ်၍ အသင်းဖွဲ့ကာ ကုသိုလ်ကောင်းမှုကို ပြုကြကုန်၏။

၂၁၄။ ခဝါသည်တို့သည်လည်း ရက်ကန်းသည်တို့သည်လည်း သားရေနယ်သမားတို့သည်လည်း ရေချိုးပေးခံရသူတို့သည်လည်း ထိုသူတို့သည် ကြည်လင်ဝမ်းမြောက်သော စိတ်ရှိကုန်သည်ဖြစ်၍ အသင်းဖွဲ့ကာ ကုသိုလ်ကောင်းမှုကို ပြုကြကုန်၏။

http://www.dhammadownload.com



၂၁၅။ မြားသမားတို့သည်၎င်း ပွတ်သမားတို့သည်၎င်း ဘိနပ်ချုပ်သမားတို့သည်၎င်း တစည်းသမားတို့သည်၎င်း ထိုသူတို့သည် ကြည်လင်ဝမ်းမြောက်သော စိတ်ရှိကုန်သည်ဖြစ်၍ အသင်းဖွဲ့ကာ ကုသိုလ်ကောင်းမှုကို ပြုကြကုန်၏။

၂၁၆။ ပန်းဘဲသမားတို့သည်၎င်း ရွှေပန်းထိမ်သည်တို့သည်၎င်း ထိုမှတပါး သလွဲသမား (သံဖြူသမား) ကြေးသွန်းသမားတို့သည်၎င်း ထိုသူတို့သည် ကြည်လင်ဝမ်းမြောက်သော စိတ်ရှိကုန်သည်ဖြစ်၍ အသင်းဖွဲ့ကာ ကုသိုလ်ကောင်းမှုကို ပြုကြကုန်၏။

၂၁၇။ သူခစားတို့သည်၎င်း အစေအပါးခံသူတို့သည်၎င်း များစွာကုန်သော ကျွန်အလုပ်သမားတို့သည်၎င်း ထိုသူတို့သည် မိမိတို့၏အစွမ်းအားဖြင့် အသင်းဖွဲ့ကာ ကုသိုလ်ကောင်းမှုကို ပြုကြကုန်၏။

၂၁၈။ ရေထမ်းသမားတို့သည်၎င်း ထင်းခွေသမားတို့သည်၎င်း လယ်သမားတို့သည်၎င်း မြက်ရိတ်သမားတို့သည်၎င်း ထိုသူတို့သည် မိမိတို့၏အစွမ်းအားဖြင့် အသင်းဖွဲ့ကာ ကုသိုလ်ကောင်းမှုကို ပြုကြကုန်၏။

၂၁၉။ ပန်းသည်တို့သည်၎င်း ပန်းကုံးသမားတို့သည်၎င်း ဟင်းရွက်သည်တို့သည်၎င်း သစ်သီးကုန်သည်တို့သည်၎င်း ထိုသူတို့သည် မိမိတို့၏အစွမ်းအားဖြင့် အသင်းဖွဲ့ကာ ကုသိုလ်ကောင်းမှုကို ပြုကြကုန်၏။

၂၂၀။ ပြည့်တန်ဆာတို့သည်၎င်း အိုးရွက်သော (ရေခပ်) ကျွန်မိန်းမတို့သည်၎င်း မုန့်သည်တို့သည်၎င်း ငါးသည်တို့သည်၎င်း ထိုသူတို့သည် မိမိတို့၏အစွမ်းအားဖြင့် အသင်းဖွဲ့ကာ ကုသိုလ်ကောင်းမှုကို ပြုကြကုန်၏။

၂၂၁။ အချင်းတို့ လာကြကုန်၊ အားလုံးသော ငါတို့သည် အညီအညွတ်စည်းဝေးကြ၍ တစုတပေါင်းတည်း အသင်းဖွဲ့ကြကုန်အံ့၊ ကုသိုလ်ကောင်းမှုတည်းဟူသော မျိုးစေ့ကို စိုက်ပျိုးရာ လယ်ယာမြေကောင်းသဖွယ်ဖြစ်သော အမြတ်ဆုံးရဟန်းသံဃာ၌ ကုသိုလ်ကောင်းမှုကို ပြုကြကုန်အံ့။

၂၂၂။ ထိုသူတို့သည် ငါ၏စကားကို ကြားရကုန်၍ ထိုခဏ၌ အသင်းဖွဲ့ကြကုန်၏၊ ကောင်းစွာ ဆောက်လုပ်အပ်သော ဆွမ်းစားကျောင်း (စည်းဝေးရာ စရပ်) ကို ရဟန်းသံဃာအကျိုးငှါ ပြုလုပ်ကြကုန်၏။

၂၂၃။ ငါသည် ထိုဆွမ်းစားကျောင်း စရပ်ကို ပြီးစီးစေပြီး၍ တက်ကြွနှစ်သက်သော စိတ်ရှိသည်ဖြစ်၍ ထိုလူအားလုံး ခြံရံလျက် မြတ်စွာဘုရားထံသို့ ချဉ်းကပ်ခဲ့၏။

၂၂၄။ လောက၏ ကိုးကွယ်ရာ ဖြစ်တော်မူသော လူတို့ထက် မြတ်တော်မူသော မြတ်စွာဘုရားထံသို့ ချဉ်းကပ်၍ မြတ်စွာဘုရား၏ ခြေတော်တို့ကို ရှိခိုးပြီးလျှင် ဤစကားကို လျှောက်ထား၏—

၂၂၅။ လုံ့လကြီးမားတော်မူသော မြတ်စွာဘုရား ဤယောကျ်ားသုံးရာတို့သည် တပေါင်းတည်း အသင်းဖွဲ့ကုန်လျက် ကောင်းစွာဆောက်လုပ်အပ်သော ဆွမ်းစားကျောင်းစရပ်ကို အရှင်ဘုရားအား အပ်နှင်းလှူဒါန်းပါကုန်၏။

http://www.dhammadownload.com



၂၂၆။ မြတ်စွာဘုရားသည် ရဟန်းသံဃာ၏ ရှေ့မှောက်၌ အလှူခံတော်မူပြီး၍ လှူသုံးရာတို့အား ရှေ့တော်မှောက်၌ ဤဂါထာတို့ကို ဟောတော်မူ၏—

၂၂၇။ လှူသုံးရာတို့သည်ငှင်း အကြီးအမှူး (ခေါင်းဆောင်)သည်ငှင်း တပေါင်းတည်း ဖြစ်ကြကုန်၏၊ အားလုံးသောသူတို့သည် (တပေါင်းတည်းဖြစ်၍) (ကောင်းမှုကို) ပြုကြခြင်းကြောင့် စည်းစိမ်တို့ကို ခံစားကြရကုန်လတ္တံ့။

၂၂၈။ နောက်ဆုံးဘဝသို့ ရောက်သည်ရှိသော် အေးမြသော အိုခြင်း သေခြင်း မရှိသည်ဖြစ်၍ ငြိမ်သက်သော အမြတ်ဆုံး နိဗ္ဗာန်သို့ ရောက်ကြရကုန်လတ္တံ့။

၂၂၉။ အလုံးစုံသော တရားတို့ကို သိတော်မူသော ရဟန်းတို့ထက် မြတ်တော်မူသော မြတ်စွာဘုရားသည် ဤသို့ မိန့်ကြားတော်မူ၏၊ မြတ်စွာဘုရား၏ စကားတော်ကို ကြားနာရ၍ (ငါသည်) ဝမ်းမြောက်ခြင်းကို ခံစားရပေ၏။

၂၃၀။ ငါသည် ကမ္ဘာသုံးသောင်းတို့ ပတ်လုံး နတ်ပြည်၌ မွေ့လျော်ရ၏၊ အကြိမ်ငါးရာတိုင်တိုင် နတ်တို့ကို အစိုးရသည်ဖြစ်၍ နတ်မင်းအဖြစ်ကို ပြုရ၏။

၂၃၁။ ငါသည် အကြိမ်တထောင်တိုင်တိုင် စကြဝတေးမင်းလည်း ဖြစ်ခဲ့၏၊ နတ်မင်းအဖြစ်ကို ပြုစဉ် များစွာသော နတ်တို့သည် ငါ့ကို ရှိခိုးကြကုန်၏။

၂၃၂။ ဤလူ့ပြည်၌ မင်းအဖြစ်ကို (ပြုသည်ရှိသော်) ပရိသတ်တို့သည် အဆွေအမျိုးတို့ ဖြစ်ကုန်၏၊ အဆုံးဘဝသို့ရောက်သည်ရှိသော် ဝါသေဋ္ဌမည်သော ပြာဟ္မဏအမျိုးရှိလေ၏။

၂၃၃။ ငါသည် ထိုဝါသေဋ္ဌပြာဟ္မဏ၏သားဖြစ်ခဲ့၍ ကုဋေရှစ်ဆယ် ကြွယ်ဝ ချမ်းသာသူ ဖြစ်၏၊ ငါ၏အမည်သည် သေလမည်၏၊ အင်္ဂါခြောက်ပါးရှိသော ဗေဒင်၌ တဖက်ကမ်းရောက် တတ်မြောက်၏။

၂၃၄-၂၃၅။ ငါသည် မိမိတပည့်အပေါင်းခြံရံလျက် လမ်းလျှောက်ရန် လှည့်လည်သော် ရသေ့ပရိက္ခရာတို့ဖြင့်ပြည့်သော ပူဇော်ဖွယ်ကို စီရင်နေသော ကေဏိယမည်သော ရသေ့ကို မြင်၍ အချင်းကေဏိယ သင့်အား သမီးပေးခြင်းသည်လည်း ဖြစ်လတ္တံ့လော၊ သမီးယူခြင်းသည်လည်း ဖြစ်လတ္တံ့လော၊ ဗိမ္ဗိသာရမင်းကိုမူလည်း သင်သည် ဖိတ်မန်အပ်သလော ဟု ဤစကားကို ပြောဆို၏။

၂၃၆။ သေလ ငါသည် ယဇ်ပူဇော်လိုသည်ဖြစ်၍ နက်ဟု သမုတ်အပ်ကုန်သော ပြာဟ္မဏတို့ကို မဖိတ်ပါ၊ ဗိမ္ဗိသာရမင်းကိုလည်း မဖိတ်ပါ၊ ငါ့အား ယဇ်ပူဇော်မှုသည် မရှိချေ။

၂၃၇။ ငါ့အား သမီးပေးခြင်းသည် မရှိပါ၊ ငါ့အား သမီးယူခြင်းသည် မရှိပါ၊ သာကီဝင်မင်းတို့၏ နှစ်သက်ခြင်းကို ဖြစ်စေတတ်သော နတ်နှင့်တကွသော လောက၌ မြတ်တော်မူသော—

၂၃၈။ အလုံးစုံသော လောက၏ အစီးအပွါးအလို့ငှါ ခပ်သိမ်းသော သတ္တဝါတို့၏ စီးပွါးချမ်းသာကို ဆောင်တော်မူတတ်သော ထိုမြတ်စွာဘုရားကို ငါသည် ယနေ့ ပင့်ဖိတ်အပ်ပေ၏၊ ဤအလှူစီရင်ခြင်းသည် ထိုမြတ်စွာဘုရား၏ အကျိုးငှါ စီရင်ခြင်းပင် ဖြစ်ပေ၏။

http://www.dhammadownload.com



၂၃၉။ တည်သီးအဆင်းနှင့်တူသော အဆင်းရှိတော်မူသော မနှိုင်းရှည့်အပ်သည်ဖြစ်၍ နှိုင်းရှည့်စရာ ဥပမာမရှိသော အဆင်းအားဖြင့် တူသောသူမရှိသော မြတ်စွာဘုရားကို နက်ဖန် (ဆွမ်းစားခြင်း)အလို့ငှါ ပင့်ဖိတ်အပ်ပေ၏။

၂၄၀။ ဖိုဝ၌ လှော်ပြီး ဦးပြီးသော ရွှေနှင့်တူတော်မူသော ရှားမီးကျီးအစုနှင့် တူတော်မူသော လျှပ်စစ်လျှင် ဥပမာရှိသော လုံ့လကြီးမားတော်မူသော ထိုမြတ်စွာဘုရားကို ငါသည် ပင့်ဖိတ်အပ်ပေ၏။

၂၄၁။ တောင်ထိပ်၌ရှိသော မီးလျှံနှင့်တူတော်မူသော လပြည့်နေ့ လဝန်းနှင့် တူတော်မူသော ကျူမီးအဆင်းနှင့် တူတော်မူသော ထိုမြတ်စွာဘုရားကို ငါသည် ပင့်ဖိတ်အပ်ပေ၏။

၂၄၂။ ကြောက်ရွံ့ခြင်း ကင်းတော်မူသော ဘေးကို လွန်မြောက်တော်မူသော ဘဝအဆုံးကို ပြုတော်မူတတ်သော ရဟန်းမြတ်ဖြစ်တော်မူသော ခြင်္သေ့မင်းသဖွယ်ဖြစ်သော လုံ့လကြီးမားတော်မူသော ထိုမြတ်စွာဘုရားကို ငါသည် ပင့်ဖိတ်အပ်ပေ၏။

၂၄၃။ မြတ်စွာဘုရား၏ ဂုဏ်ကျေးဇူးတရားတို့ဖြင့် လိမ္မာတော်မူသော ထိုမြတ်စွာဘုရားကို အခြားသူတို့ မနှိပ်စက်နိုင်သော ဆင်မင်းသဖွယ်ဖြစ်သော လုံ့လကြီးမားတော်မူသော ထိုမြတ်စွာဘုရားကို ငါသည် ပင့်ဖိတ်အပ်ပေ၏။

၂၄၄။ သူတော်ကောင်းတရား အကျင့်၌ လိမ္မာတော်မူသော ဘုရားတည်းဟူသော ဆင်မင်းဖြစ်တော်မူသော တူသောသူမရှိသည်ဖြစ်၍ ဥသဘာသဖွယ် ဖြစ်သော လုံ့လကြီးမားတော်မူသော ထိုမြတ်စွာဘုရားကို ငါသည် ပင့်ဖိတ်အပ်ပေ၏။

၂၄၅။ အဆုံးမရှိသော ဂုဏ်ကျေးဇူးရှိတော်မူသော မနှိုင်းရှည့်အပ်သော အခြံအရံရှိတော်မူသော အလုံးစုံ ဆန်းကြယ်သော လက္ခဏာရှိတော်မူသော သိကြားမင်းသဖွယ် ဖြစ်သော လုံ့လကြီးမားတော်မူသော ထိုမြတ်စွာဘုရားကို ငါသည် ပင့်ဖိတ်အပ်ပေ၏။

၂၄၆။ ဈာန်သမာပတ်၌ အလေ့အကျင့်ရှိတော်မူသော ဂိုဏ်းဆရာဖြစ်တော်မူသော ကြီးမားသော လုံ့လရှိတော်မူသော ကြီးမားသော တန်ခိုးလည်း ရှိတော်မူသော ချဉ်းကပ်ရန် ခဲယဉ်းတော်မူသော ဗြဟ္မာမင်းသဖွယ် ဖြစ်သော ကြီးမြတ်သောလုံ့လ ရှိတော်မူသော ထိုမြတ်စွာဘုရားကို ငါသည် ပင့်ဖိတ်အပ်ပေ၏။

၂၄၇။ ရောက်အပ် ရအပ်သော တရားရှိတော်မူသော အားဆယ်ပါးနှင့် ပြည့်စုံတော်မူသော အားတကာတို့ထက်လွန်သော အားအဆုံးသို့ရောက်တော်မူသော မြေကြီးသဖွယ် ဖြစ်သော ကြီးမားသော လုံ့လရှိတော်မူသော ထိုမြတ်စွာဘုရားကို ငါသည် ပင့်ဖိတ်အပ်ပေ၏။

၂၄၈။ သီလတည်းဟူသော လှိုင်းတံပိုးတို့ဖြင့်ပြွမ်းသော တရားအထူးကို သိတတ်သော ဉာဏ်ဖြင့် ချောက်ချားတော်မူသော သမုဒ္ဒရာသဖွယ် ဖြစ်သော လုံ့လကြီးမားတော်မူသော ထိုမြတ်စွာဘုရားကို ငါသည် ပင့်ဖိတ်အပ်ပေ၏။

၂၄၉။ ချဉ်းကပ်ရန် ခဲယဉ်းတော်မူသော မဖျက်ဆီးနိုင်သော တုန်လှုပ်ခြင်းမရှိသော ကျော်ကြားတော်မူသော ပညာဂုဏ် ကြီးကျယ်တော်မူသော မြင်းမိုရ်တောင်သဖွယ်ဖြစ်သော ကြီးမားသော လုံ့လရှိတော်မူသော ထိုမြတ်စွာဘုရားကို ငါသည် ပင့်ဖိတ်အပ်ပေ၏။

http://www.dhammadownload.com



၂၅၀။ အဆုံးမရှိသော ဉာဏ်ရှိတော်မူသော အတုမရှိသည့် ရှေးဘုရားတို့နှင့်သာ တူတော်မူသော တူသောသူမရှိသည် ဖြစ်၍ အမြတ်ဆုံး အဖြစ်သို့ ရောက်တော်မူသော ကောင်းကင်သဖွယ် ကြီးကျယ်သော လုံ့လရှိတော်မူသော ထိုမြတ်စွာဘုရားကို ငါသည် ပင့်ဖိတ်အပ်ပေ၏။

တဆယ့်ငါးခုမြောက် ဘာဏဝါရ ပြီး၏။

၂၅၁။ ဘေးကိုကြောက်လန့်ကုန်သော သူတို့၏တည်ရာ ကိုးကွယ်အညွှန်းကပ်ကုန်သော သူတို့၏ ပုန်းအောင်းရာ ဖြစ်တော်မူသော သဏ်သာရကို ရစေတော်မူသည်ဖြစ်၍ ကြီးမားသော လုံ့လရှိတော်မူသော ထိုမြတ်စွာဘုရားကို ငါသည် ပင့်ဖိတ်အပ်ပေ၏။

၂၅၂။ ပညာရှိတို့၏ တည်နေရာ ချမ်းသာကို ရှာမှီးကုန်သော သူတို့၏ ကောင်းမှုမျိုးစေ့ကို စိုက်ပျိုးရာ လယ်ယာမြေကောင်းသဖွယ် ဖြစ်တော်မူသော တရားရတနာတို့၏ တည်ရာဖြစ်၍ ကြီးမားသော လုံ့လရှိတော်မူသော ထိုမြတ်စွာဘုရားကို ငါသည် ပင့်ဖိတ်အပ်ပေ၏။

၂၅၃။ သက်သာရာကို ရစေတတ်သော နှစ်သက်ခြင်းကို ပြုတတ်သော ရဟန်းဖြစ်ခြင်း အကျိုးကို ပေးတတ်သော မိုးကောင်းကင်သဖွယ် ကြီးကျယ်သော လုံ့လရှိတော်မူသော ထိုမြတ်စွာဘုရားကို ငါသည် ပင့်ဖိတ်အပ်ပေ၏။

၂၅၄။ လောက၏ မျက်စိဖြစ်၍ တန်ခိုးကြီးမားတော်မူသော ခပ်သိမ်းသောအမိုက်ကို ပယ်ဖျောက်တတ်သော နေမင်းသဖွယ် ကြီးကျယ်သော လုံ့လရှိတော်မူသော ထိုမြတ်စွာဘုရားကို ငါသည် ပင့်ဖိတ်အပ်ပေ၏။

၂၅၅။ အရဟတ္တဖိုလ်အာရုံတို့၌ သဘာဝကို ရှုလေ့ရှိသော ရဟန်းမြတ် ဖြစ်တော်မူသော လမင်းသဖွယ် ကြီးကျယ်သော လုံ့လရှိတော်မူသော ထိုမြတ်စွာဘုရားကို ငါသည် ပင့်ဖိတ်အပ်ပေ၏။

၂၅၆။ သစ္စာလေးပါးတရားကို သိတော်မူသည်ဖြစ်၍ လောက၌ကောင်းစွာ ထင်ရှားတော်မူသော လက္ခဏာတို့ဖြင့် တန်ဆာဆင်တော်မူအပ်သော မနှိုင်းရှည့်အပ်သည်ဖြစ်၍ လုံ့လ ကြီးမားတော်မူသော ထိုမြတ်စွာဘုရားကို ငါသည် ပင့်ဖိတ်အပ်ပေ၏။

၂၅၇။ အကြင်မြတ်စွာဘုရား၏ ဉာဏ်တော်သည် မနှိုင်းရှည့်နိုင်ပေ၊ အကြင်မြတ်စွာဘုရား၏ သီလတော်သည် နှိုင်းရှည့်စရာ ဥပမာမရှိပေ၊ အကြင်မြတ်စွာဘုရား၏ အရဟတ္တဖိုလ်သည် အတူမရှိပေ၊ ငါသည် ထိုမြတ်စွာဘုရားကို ပင့်ဖိတ်အပ်ပေ၏။

၂၅၈။ အကြင်မြတ်စွာဘုရား၏ တည်ကြည်မှု 'သမာဓိ'သည် အတူမရှိပေ၊ အကြင်မြတ်စွာဘုရား၏ အားအစွမ်းတော်သည် ကြံစည်အပ်သော အရာမဟုတ်ပေ၊ အကြင်မြတ်စွာဘုရား၏ လုံ့လသည် ကြီးမြတ်တော်မူ၏၊ ထိုမြတ်စွာဘုရားကို ငါသည် ပင့်ဖိတ်အပ်ပေ၏။

၂၅၉။ အကြင်မြတ်စွာဘုရားသည် ရာဂကိုလည်း ဒေါသကိုလည်း မောဟကိုလည်း အလုံးစုံသော ကိလေသာအဆိပ်တို့ကို ကောင်းစွာ ပယ်နုတ်အပ်ကုန်ပြီ၊ ဆေးကောင်းသဖွယ် ကြီးကျယ်သော လုံ့လရှိတော်မူသော ထိုမြတ်စွာဘုရားကို ငါသည် ပင့်ဖိတ်အပ်ပေ၏။

http://www.dhammadownload.com



၂၆၀။ ကိလေသာတည်းဟူသော အနာကိုင်း များစွာသော ဆင်းရဲတို့ကိုင်း အလုံးစုံသော အမိုက်ကိုင်း ပယ်ဖျောက်တော်မူတတ်သော ဆေးသမားသဖွယ် ကြီးကျယ်သော လုံ့လရှိတော်မူသော ထိုမြတ်စွာဘုရားကို ငါသည် ပင့်ဖိတ်အပ်ပေ၏(ဟု ပြောကြား၏)။

၂၆၁။ အရှင်ရသေ့ သင်သည် ဘုရားဟူ၍ အကြောင်းစကားကို ပြောဆိုပေ၏၊ ဤဘုရားဟု ပြောဆိုရခြင်းကိုလည်း အလွန်ရခဲပါပေ၏၊ ဘုရား ဘုရား-ဟူသော အသံကို ကြားရခြင်းကြောင့် ငါ့အား နှစ်သက်ခြင်း 'ပီတိ'သည် ဖြစ်လျက်ရှိပါ၏။

၂၆၂။ ငါ၏ ပီတိသည် ကိုယ်တွင်း၌ မဆန့်ပဲ အပြင်သို့ ထွက်၏၊ ထိုငါသည် နှစ်သက်သော စိတ်ရှိသည်ဖြစ်၍ ဤစကားကို ပြောဆို၏—

၂၆၃။ လောက၏ အကြီးအမှူးဖြစ်၍ လူတို့ထက် မြတ်တော်မူသော ထိုမြတ်စွာဘုရားသည် အဘယ်အရပ်၌ ရှိပါသနည်း၊ ထိုအရပ်သို့သွား၍ ရဟန်းပြုခြင်းအကျိုးကို ပေးတတ်သော မြတ်စွာဘုရားကို ရှိခိုးပါအံ့။

၂၆၄။ (ကေဏိယရသေ့သည်) လကျ်ာလက်မောင်းကို မြှောက်ပြီးလျှင် နှစ်သက်ခြင်းဖြစ်၍ လက်အုပ်ချီလျက် သောကငြောင့်ကို ပယ်ဖျောက်တော်မူတတ်သော တရားမင်းဘုရားကို ငါ့အား ပြောကြားလေ၏။

၂၆၅။ တက်လာသော မိုးတိမ်တိုက်သဖွယ် ဖြစ်သော စိမ်းညိုသော မျက်စဉ်းတောင်သဖွယ် ဖြစ်သော တရေးရေးထင်သော သမုဒ္ဒရာသဖွယ်ဖြစ်သော ထိုတောအုပ်ကို မြင်၏လော။

၂၆၆။ ဤတောအုပ်၌ မယဉ်ကျေးသူတို့ကို ယဉ်ကျေးအောင် ဆုံးမတော်မူတတ်သော ရဟန်းမြတ် ဖြစ်တော်မူသော ထိုမြတ်စွာဘုရားသည် ဆုံးမထိုက်သော သူတို့ကို ဆုံးမတော်မူလျက် ဗောဓိပက္ခိယတရားတို့ကို သိစေတော်မူလျက် နေတော်မူ၏ (ဟု ပြောကြား၏)။

၂၆၇။ ရေငတ်သောသူသည် ရေကို ရှာသကဲ့သို့ငှါး ထမင်းဆာသောသူသည် အစာကို ရှာမှီးသကဲ့သို့ငှါး နွားငယ်ကို ချစ်ခင်သော နွားမသည် နွားငယ်ကို ရှာသကဲ့သို့ငှါး ဤအတူ ငါသည် မြတ်စွာဘုရားကို ရှာဖွေ၏။

၂၆၈။ မြတ်စွာဘုရားထံ သွားမည့် မိမိတပည့်တို့ကို အကျင့်ဥပစာ၌ လိမ္မာသော ငါသည် တရားနှင့်လျော်သော စောင့်စည်းခြင်း အကျင့်ကို သင်ယူစေ၏။

၂၆၉။ လုလင်တို့ မြတ်စွာဘုရားတို့သည် ချဉ်းကပ်ဝံ့ခဲကုန်၏၊ ခြင်္သေ့မင်းကဲ့သို့ တပါးတည်း ကျင့်တော်မူလေ့ရှိကုန်၏၊ သင်တို့သည် ရှေ့ခြေရာ၌ နောက်ခြေရာကို ချနင်းကုန်လျက် လာကြကုန်လော့။

၂၇၀။ လျှင်မြန်သော အဆိပ်ရှိသော ကြမ်းတမ်းသော မြွေဟောက်ကဲ့သို့ငှါး သားများ သနင်း ခြင်္သေ့မင်းကဲ့သို့ငှါး လှည်းသန်သဖွယ်အစွယ်ရှိသော အမုန်ယစ်သော ဆင်ကဲ့သို့ငှါး ဤအတူ မြတ်စွာဘုရားတို့သည် ချဉ်းကပ်ဝံ့ခဲကုန်၏။

၂၇၁။ လုလင်တို့ သင်တို့သည် ချောင်းဆွတ်ချေဆပ်သံတို့ကို ချုပ်တည်း၍ ရှေ့ခြေရာ၌ နောက်ခြေရာကို ချနင်းကုန်လျက် ဘုရားအထံတော်သို့ ချဉ်းကပ်ကြကုန်လော့။

http://www.dhammadownload.com



၂၇၂။ ဘုရားရှင်တို့သည် တပါးတည်းကိန်းအောင်းခြင်း၌ အလေးပြုတော်မူကုန်၏၊ တိတ်ဆိတ်သောအသံရှိကုန်၏၊ ချဉ်းကပ်ဝံ့ခဲကုန်၏၊ ခဲယဉ်းစွာ ချဉ်းကပ်ရကုန်၏၊ နတ်နှင့်တကွသော လောက၌ အလေးအမြတ် ပြုအပ်ကုန်၏။

၂၇၃။ ငါပုစ္ဆာမေးလျှောက်သော အခါ၌ ဖြစ်စေ ဝမ်းမြောက်ဝမ်းသာ ပြောဆိုသော အခါ၌ဖြစ်စေ တိတ်ဆိတ်သော အသံရှိကြကုန်လော့၊ ငြိမ်သက်စွာ တည်နေကြကုန်လော့။

၂၇၄။ ထိုမြတ်စွာဘုရားသည် နိဗ္ဗာန်သို့ ရောက်ခြင်းငှါ အကြင်ကိလေသာကုန်ကြောင်းတရားကို ဟောတော်မူ၏၊ ထိုတရားသဘောကိုသာလျှင် နာကြကုန်လော့၊ သူတော်ကောင်းတရားကို နာရခြင်းသည် ချမ်းသာကြောင်းပေတည်း။

၂၇၅။ ငါသည် မြတ်စွာဘုရားထံ ချဉ်းကပ်၍ မြတ်စွာဘုရားနှင့် ဝမ်းမြောက်ဝမ်းသာ ပြောဆိုခဲ့၏၊ ထိုစကားကို ပြီးဆုံးစေ၍ လက္ခဏာတို့ကို စုံစမ်းဆင်ခြင်၏။

၂၇၆။ ငါသည် နှစ်ပါးသော လက္ခဏာတို့ကို ယုံမှားလျက် ရှိ၏၊ သုံးဆယ်သော လက္ခဏာတို့ကိုသာ တွေ့မြင်ရ၏၊ မြတ်စွာဘုရားသည် အအိမ်၌ တည်သော အဝတ်ဖြင့် ဖုံးလွှမ်းအပ်သော ယောကျာ်းမြတ်၏ နိမိတ်ကို တန်ခိုးဖြင့် ပြတော်မူ၏။

၂၇၇။ မြတ်စွာဘုရားသည် လျှာတော်ကို ထုတ်၍ နားတွင်းနှစ်ဖက်တို့ကိုရှင်း နှာခေါင်းနှစ်ဖက်တို့ကိုရှင်း သုံးသပ်တော်မူပေ၏၊ အလုံးစုံသော နဖူးပြင်ကိုလည်း ဖုံးလွှမ်းတော်မူပေ၏။

၂၇၈။ ငါသည် ထိုမြတ်စွာဘုရား၏ လက္ခဏာတော်ငယ်နှင့် တကွသော လက္ခဏာတော်ကြီးတို့ကို အပြည့်အစုံ မြင်ရသည်ရှိသော်-ဘုရားအစစ်ဟု ဆုံးဖြတ်ခြင်းသို့ရောက်၍ တပည့်တို့နှင့်အတူ ရဟန်းပြု၏။

၂၇၉။ တပည့်သုံးရာတို့နှင့်အတူ ရဟန်းဘောင်၌ ရဟန်းပြု၏၊ လခွဲမပြည့်မီ အလုံးစုံသော ငါတို့သည် ငြိမ်းအေးရာ (နိဗ္ဗာန်)သို့ ရောက်ကုန်၏။

၂၈၀။ ကောင်းမှုမျိုးစေ့ကို စိုက်ပျိုးရာ လယ်ယာမြေကောင်းသဖွယ်ဖြစ်သော ဘုရားအမျိုးရှိသော သံဃာ၌ တပေါင်းတည်း ကောင်းမှုကံကို ပြုခဲ့ခြင်းကြောင့် တပေါင်းတည်း သံသရာ၌ ကျင်လည်၍ တပေါင်းတည်း ဝဋ်မှ ကျွတ်လွတ်ကုန်၏။

၂၈၁။ ငါသည် အခြင်ရနယ်တို့ကို ပေးလှူ၍ အသင်းဖွဲ့၍ ပြုအပ်သော ကောင်းမှု၌ လေ့လာဆည်းပူးခဲ့၏၊ ကောင်းစွာ ပြုအပ်သော ထိုကောင်းမှု ကံကြောင့် ငါသည် အကြောင်းရှစ်ပါးတို့ကို ရရှိပေ၏။

၂၈၂။ ငါသည် အရပ်မျက်နှာတို့၌ ပူဇော်ခံရပေ၏၊ ငါ၏ စည်းစိမ်တို့သည် မနှိုင်းရှည့်နိုင်ကုန်၊ ခပ်သိမ်းသောသူတို့၏ တည်ရာဖြစ်၏၊ ငါ့အား ထိတ်လန့်ခြင်းသည် မရှိချေ။

၂၈၃။ ငါ့အား အနာရောဂါတို့သည် မရှိကုန်၊ ငါသည် ရှည်သော အသက်ကိုလည်း စောင့်ရှောက်လျက်ရှိ၏၊ ငါသည် သိမ်မွေ့သော အရေအဆင်းရှိသူ ဖြစ်၏၊ တောင့်တအပ်သော (တည်တံ့သော)နေရာ၌သာလျှင် နေရ၏။

http://www.dhammadownload.com



၂၈၄။ ငါသည် အခြင်ရနယ်ရှာ်ခုတို့ကို ပေးလှူ၍ အသင်းဖွဲ့လျက် ပြုအပ်သော ကောင်းမှု၌ လေ့လာဆည်းပူးခဲ့၏၊ ဤပဋိသမ္ဘိဒါပတ္တရဟန္တာအဖြစ်သည် ငါ၏ အခြားတပါးသော မျှမ်ခု မြောက် အကျိုးပေတည်း။

၂၈၅။ အလုံးစုံပြီးဆုံးစေအပ်သော ရဟန်းကိစ္စပြီးဆုံးခြင်းရှိပါ၏၊ပြုအပ်ပြီးသော မဂ်ကိစ္စ တဆယ့်ခြောက်ချက် ရှိပါ၏၊ အာသဝမရှိသော ရဟန္တာဖြစ်ပါ၏၊ မြတ်စွာဘုရား အရှင်ဘုရား ၏ သားတော်သည် အင္ဂဝေါပါနသိ မည်ပါ၏။

၂၈၆။ ငါသည် တိုင်ငါးလုံးတို့ကို ပေးလှူ၍ အသင်းဖွဲ့၍ ပြုအပ်သော ကုသိုလ်ကောင်းမှု၌ လေ့လာဆည်းပူးခဲ့၏၊ ကောင်းစွာ ပြုအပ်သော ထိုကောင်းမှုကံကြောင့် ငါသည် အကြောင်း ငါးပါးတို့ကို ရရှိပေ၏။

၂၈၇။ ငါသည် မေတ္တာကြောင့် မတုန်လှုပ်သူဖြစ်၏၊ ငါသည် မယုတ်လျော့သော ကိုယ် အင်္ဂါရှိသူဖြစ်၏၊ငါ၏မဖျက်ဆီးမှုကြောင့် ငါသည် ယုံကြည်ထိုက်သော စကားရှိသူ ဖြစ်ပေ၏။

၂၈၈။ ငါ၏ စိတ်သည် တုန်လှုပ်ခြင်း မရှိချေ၊ ငါသည် တစုံတယောက်၏ ငြောင့်တံသင်းမှ ကင်းသူဖြစ်၏၊ ကောင်းစွာပြုအပ်သော ထိုကံကြောင့် သာသနာတော်၌ ကိလေသာအညစ် အကြေးကင်းသူ ဖြစ်ပေ၏။

၂၈၉။ ကြီးမားသော လှုံ့လရှိတော်မူသောမြတ်စွာဘုရား ရှိသေတုပ်ဝပ်ခြင်းရှိသော ပြုအပ် ပြီးသော မဂ်ကိစ္စရှိသော အာသဝမရှိသော အရှင်ဘုရား၏ တပည့်ရဟန်းသည် အရှင်ဘုရားကို ရှိခိုးပါ၏။

၂၉၀။ ငါသည် ကောင်းစွာ လှယ်အပ်သော ပလ္လင်ကို ပြုလုပ်၍ ဆွမ်းစားကျောင်း၌ ခင်း ထားခဲ့၏၊ငါသည် ကောင်းစွာပြုအပ်သော ထိုကောင်းမှုကံကြောင့် အကြောင်းငါးပါးတို့ကို ရရှိပေ၏။

၂၉၁။ ငါသည် မြင့်မြတ်သော အမျိုး၌ ဖြစ်၍ စည်းစိမ်ဥစ္စာ များပြားစွာ ရှိသူဖြစ်ရ၏၊ အလုံးစုံ ပြည့်စုံခြင်း ရှိ၏၊ ငါ့အား ဝန်တိုမှု မရှိပေ။

၂၉၂။ ငါသည် သွားခြင်းကို တောင့်တအပ်သည်ရှိသော် (သွားရန်စိတ်ကူးလျှင်) ပလ္လင် သည် ရှေးရှုတည်လာ၏၊ ပလ္လင်မြတ်နှင့်တကွ ငါ၏ တောင့်တရာ အရပ်သို့ သွားရ၏။

၂၉၃။ ငါသည် ထိုပလ္လင်အလှူကြောင့် အမိုက်မှောင်အားလုံးကို ပယ်ဖျောက်၏၊ မြတ်စွာ ဘုရား အလုံးစုံသော အဘိညာဉ် အားအစွမ်းသို့ ရောက်သော မထေရ်သည် အရှင်ဘုရားကို ရှိခိုးပါ၏။

၂၉၄။ ငါသည် သူတပါးကိစ္စ မိမိကိစ္စဖြင်သော ကိစ္စအားလုံးတို့ကို ပြီးစေခဲ့၏၊ ကောင်းစွာ ပြုအပ်သော ထိုကံကြောင့် ဘေးမဲ့ဖြစ်သော နိဗ္ဗာန်ပြည်သို့ ဝင်ရ၏။

၂၉၅။ ဆောက်လုပ်ပြီးသော ဆွမ်းစားကျောင်း ဧရပ်၌ ငါသည် အသုံးအဆောင်ကို လှူ ဒါန်းခဲ့၏၊ ကောင်းစွာပြုအပ်သော ထိုကံကြောင့် မြင့်မြတ်သော ရဟန္တာအဖြစ်သို့ ရောက်ရ ပေ၏။

http://www.dhammadownload.com



၂၉၆။ လောက၌ ဆုံးမတတ်သော အကြင်သူအားလုံးတို့သည် ဆင်မြင်းတို့ကို ဆုံးမကြကုန်၏၊ ထိုသူတို့သည် အမျိုးမျိုးသော ညှဉ်းဆဲမှုတို့ကို ပြု၍ ကြမ်းတမ်းစွာ ဆုံးမကြကုန်၏။

၂၉၇။ လုံ့လကြီးမားတော်မူသော မြတ်စွာဘုရား အရှင်ဘုရားသည် ယောကျ်ားမိန်းမတို့ကို ဤသို့ ဆုံးမတော် မမူပါ၊ လက်နက်မကိုင် ဒဏ်မထားပဲ မြင့်မြတ်သော ဆုံးမခြင်းတို့ဖြင့် ဆုံးမတော်မူပေ၏။

၂၉၈။ တရားဟောခြင်း၌ ကျွမ်းကျင်တော်မူသော မြတ်စွာဘုရားသည် ဒါန၏ဂုဏ်ကျေးဇူးတို့ကို ဟောကြားတော်မူစဉ် ပြဿနာတခုကို ဖြေတော်မူလျက်သာလျှင် မြတ်စွာဘုရားသည် သုံးရာသော ရဟန်းတို့ကို သစ္စာလေးပါးကို သိစေတော်မူ၏။

၂၉၉။ ရထားထိန်းနှင့်တူသော မြတ်စွာဘုရားက ဆုံးမအပ်သော ငါတို့သည် အာသဝ မရှိပဲ ကိလေသာမှ ကောင်းစွာလွတ်ကုန်၏၊ အလုံးစုံသော အဘိညာဉ်အားသို့ ရောက်လျက် ဥပဓိကုန်ရာ နိဗ္ဗာန်၌ ငြိမ်းအေးကြရကုန်၏။

၃၀၀။ ဤဘဒ္ဒကမ္ဘာမှကမ္ဘာတသိန်းထက်၌ အလှူကို ပေးလှူခဲ့ရသော အခါမှစ၍ ဘေးအားလုံးကို လွန်မြောက်ကုန်၏၊ ဤသို့ဖြစ်ရခြင်းသည် ဆွမ်းစားကျောင်းစရပ် လှူရခြင်း၏ အကျိုးပေတည်း။

၃၀၁။ ငါသည် ကိလေသာတို့ကို ရှို့မြှိုက်လောင်ကျွမ်းစေအပ်ကုန်ပြီ၊ ဘဝအားလုံးတို့ကို ပယ်နုတ်အပ်ကုန်ပြီ၊ဆင်ပြောင်ကြီးသည် အနှောင်အဖွဲ့ကို ဖြတ်၍နေသကဲ့သို့ ငါသည် အာသဝ မရှိပဲ နေရ၏။

၃၀၂။ ငါ၏လာခြင်းကား ကောင်းသောလာခြင်း စင်စစ်ဖြစ်ပေ၏၊ငါသည် မြတ်စွာဘုရား၏ အထံတော်၌ ဝိဇ္ဇာသုံးပါးတို့ကို ရအပ်ပါကုန်ပြီ၊ မြတ်စွာဘုရား၏ အဆုံးအမတော်ကို လိုက်နာကျင့်သုံးပြီးပါပြီ။

၃၀၃။ လေးပါးသော ပဋိသမ္ဘိဒါတို့ကိုရင်း ရှစ်ပါးသော ဤဝိမောက္ခတို့ကိုရင်း ခြောက်ပါးသော အဘိညာဉ်တို့ကိုရင်း မျက်မှောက်ပြုအပ်ပါကုန်ပြီ၊မြတ်စွာဘုရား၏အဆုံးအမတော်ကို လိုက်နာကျင့်သုံးပြီးပါပြီ။

ဤသို့လျှင် အသျှင်သေလမထေရ်သည် ပရိသတ်နှင့်တကွ မြတ်စွာဘုရားအထံတော်၌ ဤဂါထာတို့ကို မိန့်ဆိုတော်မူ၏။

**နှစ်ခုမြောက် သေလတ္ထေရအပဒါန် ပြီး၏။**

---

## ၃-သဗ္ဗကိတ္တိကတ္ထေရအပဒါန်

၃၀၄။ တင့်တယ်သော မဟာလျှေကားပန်းသဖွယ် ထွန်းလင်းသော ဆီမီးတိုင်သဖွယ် ကောင်းကင်၌ တင့်တယ်တောက်ပသော သောက်ရှူးကြယ်သဖွယ် လျှပ်စစ်လျှပ်ပန်းသဖွယ် ဖြစ်တော်မူသော—

http://www.dhammadownload.com



၃၀၅။ သားများသနင်း ခြင်္သေ့မင်းသဖွယ်ဖြစ်၍ ကြောက်ခြင်း လန့်ခြင်း ရှိတော်မမူသော ဉာဏ်တော်တည်းဟူသော အလင်းကို ပြတော်မူလျက် တိတ္ထိအပေါင်းတို့ကို နှိပ်နင်းတော်မူသော—

၃၀၆။ ဤလောကကို သံသရာမှ ထုတ်ဆယ်ကယ်တင်လျက် ယုံမှားသံသယအားလုံးကို ဖြတ်တောက်တော်မူသော ခြင်္သေ့မင်းကဲ့သို့ ကြုံးဝါးကြွသွား(တော်မူသော)မြတ်စွာဘုရားကို ငါသည် ဖူးမြင်ရ၏။

၃၀၇။ ငါသည် (ပညာ)ကြီးကျယ်သော(စိတ်)ဖြောင့်မတ်သော လုံ့လရှိသော ဆံကျစ် သစ်နက်ရေကို ဆောင်သော ရသေ့ဖြစ်ခဲ့၏၊ (ထိုအခါ) လျှော်တေသက်န်းကိုယူ၍ (မြတ်စွာဘုရား၏) ခြေရင်း၌ ဖြန့်ခင်းခဲ့၏။

၃၀၈။ ငါသည် အကျော်နက် နံ့သာကိုယူ၍ မြတ်စွာဘုရားကို လိမ်းကျံခဲ့၏၊ မြတ်စွာဘုရားကို လိမ်းကျံပြီးလျှင် မြတ်စွာဘုရားကို ချီးကျူး၏—

၃၀၉။ မြတ်စွာဘုရား အရှင်ဘုရားသည် ဩဃကို လွန်မြောက်တော်မူသည် ဖြစ်၍ ဤလောကကို ကယ်တင်နိုင်ပါပေ၏၊ ဉာဏ်တော်အရောင်ဖြင့် ထွန်းတောက်ပတော်မူပါပေ၏၊ (အရှင်ဘုရား၏)ဉာဏ်တော်မြတ်သည် အပိတ်အပင် အတားအဆီး မရှိပါ။

၃၁၀။ အရှင်ဘုရားသည် ဓမ္မစက်ကို လည်စေတော်မူပါပေ၏၊ အခြားသောတိတ္ထိတို့ကို နှိပ်နင်းတော်မူနိုင်ပါပေ၏၊ နွားမင်းဥသဘနှင့် တူတော်မူပါပေ၏၊ အောင်အပ်ပြီးသော စစ်မြေ ရှိတော်မူပါပေ၏၊ မြေကြီးကို တုန်လှုပ်စေနိုင်တော်မူပါပေ၏။

၃၁၁။ မဟာသမုဒ္ဒရာ၌ လှိုင်းတို့သည် ကမ်းအဆုံး၌ ပျောက်ပျက်ကုန်သကဲ့သို့ ထို့အတူ အယူဝါဒအားလုံးတို့သည် အရှင်ဘုရား၏ ဉာဏ်တော်၌ ပျောက်ပျက်ပါကုန်၏။

၃၁၂။ အပေါက်ကျဉ်းသော ပိုက်ကွန်(ကွန်စိပ်) ဖြင့် ရေအိုင်ကို ဖုံးလွှမ်းအပ်သည်ရှိသော် ထိုခဏ၌ ပိုက်ကွန်တွင်းသို့ရောက်ကုန်သော သတ္တဝါတို့သည် ဆင်းရဲဖြင့် အနှိပ်အစက် ခံရကုန်၏။

၃၁၃။ အရှင်ဘုရား ထို့အတူသာလျှင် လောက၌ များစွာသော တိတ္ထိအယူ ကျော့ကွင်း၌ မှီကုန်သော (သစ္စာလေးပါးကို တွေ့သိခြင်းမှ ကင်းကုန်သော) တိတ္ထိတို့သည် အရှင်ဘုရား၏ ဉာဏ်တော်မြတ်အတွင်း၌ လူးလှိမ့်လျက် ရှိပါကုန်၏။

၃၁၄။ မြတ်စွာဘုရား အရှင်ဘုရားသည် ဩဃလေးဖြာ၌ မျောပါးကုန်သော သတ္တဝါတို့၏ ထောက်တည်ရာ ဖြစ်တော်မူပါပေ၏၊ အရှင်ဘုရားသည်သာလျှင် အဆွေမရှိသော သတ္တဝါတို့၏ အားကိုးရာ ဖြစ်တော်မူပါပေ၏၊ ဘေးဖြင့် နှိပ်စက်ခံရသော သတ္တဝါတို့၏ ကိုးကွယ်ရာ ဖြစ်တော်မူပါပေ၏၊ လွတ်မြောက်ရေးကို အလိုရှိကုန်သော သတ္တဝါတို့၏ လည်းလျောင်းရာ ဖြစ်တော်မူပါပေ၏။

၃၁၅။ အကုမရှိသော လုံ့လရှိတော်မူပါပေ၏၊ အတုမရှိသော ပုဂ္ဂိုလ်ဖြစ်တော်မူပါပေ၏၊ မေတ္တာကရုဏာအပေါင်း ရှိတော်မူပါပေ၏၊ တူသောသူမရှိသော ပုဂ္ဂိုလ်ဖြစ်တော်မူပါပေ၏၊ အလွန်အေးချမ်းသည်ဖြစ်၍ ငြိမ်သက်တော်မူပါပေ၏၊ ဧသီဘောင်ငါးပါးနှင့် ပြည့်စုံတော်မူပါပေ၏၊ တပဿဂုဏ်နှင့် ပြည့်စုံတော်မူပါပေ၏၊ အောင်ထိုက်သော ရန်အပေါင်းကို အောင်မြင်တော်မူပါပေ၏။

http://www.dhammadownload.com



၃၁၆။ မြဲမြံကည်ကြည်သော သမာဓိရှိတော်မူပါပေ၏၊ တွေဝေမှုကင်းတော်မူပါပေ၏၊ တဏှာကင်းတော်မူပါပေ၏၊ သို့လော သို့လော တွေးတောခြင်း ကင်းတော်မူပါပေ၏၊ ရောင့်ရဲ တင်းတိမ်တော်မူပါပေ၏၊ အမျက်ဒေါသကို ထွေးအန်ပြီးသူ ဖြစ်တော်မူပါပေ၏၊ အညစ်အကြေး ကင်းတော်မူပါပေ၏၊ စောင့်စည်းတော်မူပါပေ၏၊ စင်ကြယ်သန့်ရှင်းတော်မူပါပေ၏။

၃၁၇။ ကပ်ငြိတွယ်တာခြင်းကို ကျော်လွန်တော်မူပါပေ၏၊ မာန်ယစ်ခြင်းကို ပယ်ဖျောက်တော်မူပါပေ၏၊ ဝိဇ္ဇာသုံးပါးကို ရသည်ဖြစ်၍ ဘဝသုံးပါး အဆုံးသို့ ရောက်တော်မူပါပေ၏၊ (သံသရာ)အပိုင်းအခြားကို ကျော်လွန်တော်မူပါပေ၏၊တရား၌ အလေးဂရု ပြုတော်မူပါပေ၏၊ အရှင်ဘုရား၏ ရောက်အပ် ရအပ်သော အကျိုးသည် မဖြစ်ဘူးမြဲ ဖြစ်တော်မူပါပေ၏။

၃၁၈။ အရှင်ဘုရားသည် လှေကဲ့သို့ ထုတ်ဆောင်ကယ်တင်တော်မူပါပေ၏၊ ရွှေအိုးကဲ့သို့ သက်သာရာကို ပြုတော်မူတတ်ပါပေ၏၊ ခြင်္သေ့ကဲ့သို့ ကြောက်ရွံ့ခြင်း ကင်းတော်မူပါပေ၏၊ ဆဒ္ဒန်ဆင်မင်းကဲ့သို့ ယဉ်ကျေးတော်မူပါပေ၏။

၃၁၉။ ထိုအခါ၌ ငါသည် အခြံအရံ များပြားတော်မူသော ပဒုမုတ္တရမြတ်စွာဘုရားကို ဆယ်ဂါထာတို့ဖြင့် ချီးကျူးပြီးလျှင် မြတ်စွာဘုရား၏ ခြေတော်တို့ကို ရှိခိုး၍ ဆိတ်ဆိတ် ရပ်တည်၏။

၃၂၀။ လောကသုံးပါးကို သိတော်မူသော ပေးလှူဖွယ် ပစ္စည်းဝတ္ထုတို့ကို ခံတော်မူထိုက်သော ပဒုမုတ္တရ မြတ်စွာဘုရားသည် ရဟန်းသံဃာ (အလယ်)၌ ရပ်တည်တော်မူလျက် ဤဂါထာတို့ကို မိန့်တော်မူ၏—

၃၂၁။ အကြင်ပုဂ္ဂိုလ်သည် ငါ၏သီလတော်ကိုရင်း ဉာဏ်တော်ကိုရင်း သူတော်ကောင်းတရားကိုရင်း ချီးကျူး၏၊ ထိုပုဂ္ဂိုလ်ကို ဗျာဒိတ်စကား မိန့်ကြားတော်မူအံ့၊ ငါမြွက်ကြားမည့် ဗျာဒိတ်စကားကို နားထောင်ကြကုန်လော့—

၃၂၂။ (ထိုပုဂ္ဂိုလ်သည်) ကမ္ဘာခြောက်သောင်းတို့ ပတ်လုံး နတ်ပြည်၌ မွေ့လျော်ရလတ္တံ့၊ အခြား နတ်တို့ကိုလွှမ်းမိုး၍ အစိုးရခြင်းကို ပြုလတ္တံ့။

၃၂၃။ ထိုပုဂ္ဂိုလ်သည် နောက်၌ ရဟန်းပြု၍ ကုသိုလ်ကံ အကြောင်းရင်းသည် တိုက်တွန်းအပ်သဖြင့် ဂေါတမ မြတ်စွာဘုရား၏ သာသနာတော်၌ ရဟန်းပြုလတ္တံ့။

၃၂၄။ ရဟန်းပြုပြီးသော် ကိုယ်ဖြင့် မကောင်းမှုကို ရှောင်ကြဉ်၍ အာသဝတရား အားလုံးတို့ကို ပိုင်းခြားသိလျက် အာသဝမရှိပဲ ပရိနိဗ္ဗာန်ပြုလတ္တံ့ (ဟု မိန့်တော်မူ၏)။

၃၂၅။ မိုးသည် ထစ်ချုန်းလျက် ဤမြေကြီးကို နှစ်သက်စေသကဲ့သို့ ထို့အတူသာလျှင် လို့လကြီးမားတော်မူသော မြတ်စွာဘုရား အရှင်ဘုရားသည် အကျွန်ုပ်ကို တရားဖြင့် နှစ်သက်စေတော်မူပါပေ၏။

၃၂၆။ မြတ်စွာဘုရား၏ သီလတော်ကိုရင်း ဉာဏ်တော်ကိုရင်း တရားတော်ကိုရင်း ချီးကျူးခဲ့ခြင်းကြောင့် စုတေခြင်းမရှိသော အလွန်အေးမြငြိမ်းချမ်းသော နိဗ္ဗာန်သို့ ရောက်ရ၏။

http://www.dhammadownload.com



၃၂၇။ စက္ကူငါးမျိုးရှိတော်မူသော ထိုမြတ်စွာဘုရားသည် ကြာမြင့်စွာတည်တံ့ပါမူ ကောင်းလေစွ၊ ထိုသို့ တည်တံ့ပါလျှင် (လူအပေါင်းသည်) မသိအပ်သော တရားကိုလည်း သိနိုင်ကုန်ရာ၏၊ အမြိုက်နိဗ္ဗာန်သို့လည်း ရောက်ကုန်ရာ၏။

၃၂၈။ ငါ၏ ဤဘဝသည်ကား နောက်ဆုံးဘဝပေတည်း၊ ငါသည် ဘဝအားလုံးတို့ကို ပယ်နုတ်အပ်ကုန်ပြီ၊ အလုံးစုံသော အာသဝတို့ကို ပိုင်းခြား၍ သိခြင်းကြောင့် အာသဝမရှိပဲ နေရ၏။

၃၂၉။ ဤဘဒ္ဒကမ္ဘာမှ ကမ္ဘာတသိန်းထက်၌ မြတ်စွာဘုရားကို ချီးကျူးခဲ့ရသော အခါမှစ၍ အပါယ်လေးပါး လားရသည်ကို မသိစဘူးပေ၊ ဤသို့ဖြစ်ရခြင်းသည် မြတ်စွာဘုရားကို ချီးကျူးရခြင်း၏ အကျိုးပေတည်း။

၃၃၀။ ငါသည် ကိလေသာတို့ကို ရှို့မြှိုက်လောင်ကျွမ်းစေအပ်ကုန်ပြီ၊ ဘဝအားလုံးတို့ကို ပယ်နုတ်အပ်ကုန်ပြီ၊ အာသဝတရားအားလုံးကုန်ပြီ၊ ဘဝသစ်၌ တဖန်ဖြစ်ခြင်းသည် ယခုမရှိတော့ချေ။

၃၃၁။ ငါ၏ လာခြင်းကား ကောင်းသောလာခြင်း စင်စစ်ဖြစ်ပေ၏၊ ငါသည် မြတ်စွာဘုရား၏ အထံတော်၌ ဝိဇ္ဇာသုံးပါးတို့ကို ရအပ်ပါကုန်ပြီ၊ မြတ်စွာဘုရား၏ အဆုံးအမတော်ကို လိုက်နာကျင့်သုံးပြီးပါပြီ။

၃၃၂။ လေးပါးသော ပဋိသမ္ဘိဒါတို့ကိုရင်း ရှစ်ပါးသော ဤဝိမောက္ခတို့ကိုရင်း ခြောက်ပါးသော အဘိညာဉ်တို့ကိုရင်း မျက်မှောက်ပြုအပ်ပါကုန်ပြီ၊ မြတ်စွာဘုရား၏ အဆုံးအမတော်ကို လိုက်နာကျင့်သုံးပြီးပါပြီ။

ဤသို့လျှင် အသျှင်သဗ္ဗကိတ္တိကမထေရ်သည် ဤဂါထာတို့ကို မိန့်ဆိုတော်မူ၏။

သုံးခုမြောက် သဗ္ဗကိတ္တိကတ္ထေရအပဒါန် ပြီး၏။

---

## ၄-မခုဒါယကတ္ထေရအပဒါန်

၃၃၃။ သိန္ဓုမြစ်ကမ်း၌ ကောင်းစွာဆောက်လုပ်ထားသော ငါ၏ သင်္ခမ်းကျောင်းသည်ရှိ၏၊ ထိုသင်္ခမ်းကျောင်း၌ လက္ခဏာကျမ်းနှင့်တကွသော ဣတိဟာသကျမ်းကို ငါသည် တပည့်တို့ကို ပို့ချလျက် ရှိ၏။

၃၃၄။ ထိုရသေ့တို့သည် တရားကို အလိုရှိကုန်၏၊ ဆုံးမအပ်ကုန်၏၊ ကောင်းမွန်သော အဆုံးအမကို နာယူလိုကုန်၏၊ ခြောက်ပါးသော အင်္ဂါရှိသော ဗေဒင်ကျမ်း၌ ကမ်းတဖက်သို့ ရောက်ကုန်၏၊ ထိုသူတို့သည် သိန္ဓုမြစ်ကမ်းနား၌ နေကြကုန်၏။

၃၃၅။ ကောင်းမကောင်းကိုပြသော နိမိတ်ကျမ်း၌ရင်း လက္ခဏာကျမ်းတို့၌ရင်း လိမ္မာကုန်သော ထိုရသေ့တို့သည် ထိုအခါ မြတ်သော အကျိုးကို ရှာမှီးလျက် တော၌ နေကြကုန်၏။

၃၃၆။ ထိုအခါ သုမေဓာမည်သော မြတ်စွာဘုရားသည် လောက၌ ပွင့်တော်မူ၏၊ ငါတို့ကို အစဉ်သနားတော်မူသည်ဖြစ်၍ မြတ်စွာဘုရားသည် ကြွလာတော်မူ၏။

http://www.dhammadownload.com



၃၃၇။ ငါသည် လှိုလကြီးမားတော်မူသော ကြွလာတော်မူသော သုမေဓာမြတ်စွာဘုရားကို (ဖူးမြင်ရသဖြင့်) မြက်အခင်းပြု၍ မြတ်စွာဘုရားအား ပေးလှူခဲ့၏။

၃၃၈။ ငါသည် တောမှ ပျားရည်ကို ယူ၍ မြတ်စွာဘုရားအား ပေးလှူခဲ့၏၊ မြတ်စွာဘုရားသည် ဘုဉ်းပေးတော်မူပြီး၍ ဤစကားကို မိန့်တော်မူ၏—

၃၃၉။ အကြင်ပုဂ္ဂိုလ်သည် ကြည်ညိုသည်ဖြစ်၍ မိမိလက်တို့ဖြင့် ငါ့အား ပျားရည်ကို ပေးလှူ၏၊ ငါသည် ထိုပုဂ္ဂိုလ်ကို ဗျာဒိတ်စကား မိန့်ကြားတော်မူအံ့၊ ဟောကြားမည့် ငါ၏စကားကို နားထောင်ကြကုန်လော့—

၃၄၀။ ဤပျားရည်အလှူကြောင့်ရင်း မြက်အခင်းအလှူကြောင့်ရင်း ကမ္ဘာသုံးသောင်းတို့ပတ်လုံး နတ်ပြည်၌ မွေ့လျော်ရလတ္တံ့—

၃၄၁။ ကမ္ဘာသုံးသောင်းထက်၌ ဩက္ကာကအမျိုး၌ဖြစ်သော အနွယ်အားဖြင့် ဂေါတမ အမည်ရှိသော မြတ်စွာဘုရားသည် လောက၌ ပွင့်တော်မူလတ္တံ့။

၃၄၂။ ထိုမြတ်စွာဘုရား၏ တရားဖြင့် ဖန်ဆင်းအပ်သော တရားတို့၌ အမွေခံသားဖြစ်၍ အာသဝအားလုံးတို့ကို ပိုင်းခြားသိလျက် အာသဝမရှိပဲ ပရိနိဗ္ဗာန်ပြုရလတ္တံ့ (ဟုမိန့်တော်မူ၏)။

၃၄၃။ နတ်ပြည်မှ ဤလူ့ပြည်သို့ လာ၍ အမိဝမ်းသို့ ငါရောက်သည် ရှိသော် မြေကို ပျားရည်ဖြင့် ဖုံးလွှမ်းစေလျက် ပျားရည်မိုးသည် ရွာသွန်းခဲ့၏။

၃၄၄။ လွန်မြောက်နိုင်ခဲသော အမိဝမ်းမှ ငါသည် ထွက်(မွေးဖွား)ခါ မျှဖြစ်လတ်သော် ထိုဘဝ၌လည်း ပျားရည်မိုးသည် ငါ့အား အခါခပ်သိမ်း ရွာသွန်းလေ၏။

၃၄၅။ ငါသည် လူ့ဘောင်မှ ထွက်၍ ရဟန်းဘောင်၌ ရဟန်းပြုခဲ့၏၊ ထမင်းအဖျော်ကို ရလွယ်သူ ဖြစ်၏၊ ဤသို့ဖြစ်ရခြင်းသည် ပျားရည်လှူရခြင်း၏ အကျိုးပေတည်း။

၃၄၆။ ငါသည် လူ့ပြည်နတ်ပြည်၌ ဖြစ်ရသည် ရှိသော် အလုံးစုံကာမဂုဏ်တို့နှင့် ပြည့်စုံ၏၊ ထိုပျားရည်အလှူကြောင့်ပင် အာသဝကုန်ခြင်းသို့ ရောက်ရပေ၏။

၃၄၇။ မိုးရွာ၍ မြက်လက်လေးသစ် ရှိသောအခါ ကောင်းမွန်စွာ ပွင့်သော သစ်ပင်အပေါင်းသည် ဖုံးလွှမ်းအပ်သော မဏ္ဍပ်သဖွယ် သစ်ပင်ရင်းတည်းဟူသော ဆိတ်ငြိမ်ရာကျောင်း၌ အာသဝမရှိပဲ ချမ်းသာစွာ အမြဲနေရ၏။

၃၄၈။ ငါသည် အယုတ် အလတ် အမြတ် ဖြစ်သော ဘဝအားလုံးတို့ကို လွန်မြောက်ခဲ့၏၊ ငါ့အား ယခုအခါ၌ အာသဝတရားတို့ ကုန်ခန်းပြီ၊ ယခုအခါ တဖန်ဘဝသစ်၌ ဖြစ်ခြင်း မရှိတော့ပြီ။

၃၄၉။ ကမ္ဘာသုံးသောင်းထက်၌ အကြင်အလှူကို ပေးလှူခဲ့၏၊ ထိုအခါမှစ၍ အပါယ်လေးပါး လားရသည်ကို မသိခဲ့ဘူးပေ၊ ဤသို့ဖြစ်ရခြင်းသည် ပျားရည် လှူရခြင်း၏ အကျိုးပေတည်း။

http://www.dhammadownload.com



၃၅၀။ ငါသည် ကိလေသာတို့ကို ရှို့မြှိုက်လောင်ကျွမ်းစေအပ်ကုန်ပြီ၊ ဘဝအားလုံးတို့ကို ပယ်နုတ်အပ်ကုန်ပြီ၊ အာသဝတရား အားလုံးကုန်ပြီ၊ ယခုအခါ တဖန်ဘဝသစ်၌ ဖြစ်ခြင်း မရှိတော့ပြီ။

၃၅၁။ ငါ၏လာခြင်းကား ကောင်းသောလာခြင်းစင်စစ် ဖြစ်ပေ၏၊ ငါသည် မြတ်စွာဘုရား၏ အထံတော်၌ ဝိဇ္ဇာသုံးပါးတို့ကို ရအပ်ပါကုန်ပြီ၊ မြတ်စွာဘုရား၏ အဆုံးအမတော်ကို လိုက်နာကျင့်သုံးပြီးပါပြီ။

၃၅၂။ လေးပါးသော ပဋိသမ္ဘိဒါတို့ကိုရင်း ရှစ်ပါးသော ဝိမောက္ခတို့ကိုရင်း ခြောက်ပါးသော အဘိညာဉ်တို့ကိုရင်း မျက်မှောက်ပြုအပ်ပါကုန်ပြီ၊ မြတ်စွာဘုရား၏ အဆုံးအမတော်ကို လိုက်နာကျင့်သုံးပြီးပါပြီ။

ဤသို့လျှင် အသျှင်မဓုဒါယကမထေရ်သည် ဤဂါထာတို့ကို မိန့်ဆိုတော်မူ၏။

**လေးခုမြောက် မဓုဒါယကတ္ထေရအပဒါန် ပြီး၏။**

---

## ၅-ပဒုမကူဋာဂါရိယတ္ထေရအပဒါန်

၃၅၃။ ပိယဒဿီ အမည်ရှိသော မြတ်စွာဘုရားသည် အလိုလိုဖြစ်တော်မူပေ၏၊ လောက၏ ရှေ့သွား ဖြစ်တော်မူပေ၏၊ တိတ်ဆိတ်မှုကို အလိုရှိတော်မူပေ၏၊ သစ္စာလေးပါးကို သိတော်မူပေ၏၊ သမာဓိ၌ ကျွမ်းကျင်တော်မူပေ၏၊ ရဟန်းမြတ် ဖြစ်တော်မူပေ၏။

၃၅၄။ ယောကျ်ားမြတ် ဖြစ်တော်မူသော ပိယဒဿီမြတ်စွာဘုရားသည် တောအုပ်သို့ ဝင်ရောက်၍ ပံသုကူသင်္ကန်းကို ဖြန့်ခင်းတော်မူပြီးလျှင် ထိုင်နေတော်မူ၏။

၃၅၅။ ငါသည် ရှေးအခါက ၎က်ဘို့တွန်မြူးရာတော၌ သားမုဆိုးဖြစ်ခဲ့၏၊ ထိုအခါ ငါသည် ချေ့, သမင်ကို ရှာမှီးလျက် လှည့်လည်၏။

၃၅၆။ ထိုတောအုပ်၌ ပင်လုံးကျွတ်ပွင့်နေသော အင်ကြင်းပင်ကဲ့သို့ရင်း တက်သစ်စ နေမင်းကဲ့သို့ရင်း ဩဃမှ ကူးမြောက်တော်မူပြီးသော အာသဝမရှိသော မြတ်စွာဘုရားကို ဖူးမြင်ရ၏။

၃၅၇။ ထိုအခါ ငါသည် များသော အခြံအရံ ရှိသည်ဖြစ်၍ နတ်ထက်နတ် ဖြစ်တော်မူသော ပိယဒဿီမြတ်စွာဘုရားကို ဖူးမြင်ရ၍ ဇာတဿရအိုင်သို့ ယက်ဆင်းပြီးလျှင် ပဒုမာကြာကို ဆောင်ယူခဲ့၏။

၃၅၈။ ငါသည် ပွင့်ချပ်တရာရှိသော ပဒုမာကြာကို ဆောင်ယူ၍ မွှေလျော်ဖွယ်ကောင်းသော အထွတ်တပ်သော ကျောင်းကို ဆောက်လုပ်ပြီးလျှင် ပဒုမာကြာဖြင့် မိုး၏။

၃၅၉။ အစဉ်သနားတော်မူသော မဟာကရုဏာရှိတော်မူသော သစ္စာလေးပါးကို သိတော်မူသော မာရ်ငါးပါးကို အောင်တော်မူသော ပိယဒဿီမြတ်စွာဘုရားသည် ခုနစ်ရက်သော နေ့ညဉ့်တို့ပတ်လုံး အထွတ်တပ်သော ကျောင်း၌ နေတော်မူ၏။

http://www.dhammadownload.com



၃၆၀။ ငါသည် ဟောင်းသော ကြာကို စွန့်၍ ကြာအသစ်ဖြင့် မိုးခဲ့၏၊ ထိုအခါ ငါသည် လက်အုပ်မြှောက်ချီ၍ ရပ်တည်လျက် နေ၏။

၃၆၁။ လောက၏ ရှေ့သွားဖြစ်တော်မူသော ပိယဒဿီမြတ်စွာဘုရားသည် ချွန်သမာ ပတ်မှ ထတော်မူ၍ အရပ်မျက်နှာတို့ကို ကြည့်ရှုလျက် ထိုင်နေတော်မူ၏။

၃၆၂။ ထိုအခါ ပိယဒဿီမြတ်စွာဘုရား၏ အလုပ်အကျွေးဖြစ်သော သုဒဿနမည်သော တန်ခိုးကြီးသော ရဟန်းသည် မြတ်စွာဘုရား၏ စိတ်အကြံကို သိ၍—

၃၆၃။ ရဟန်းရှစ်သောင်း ခြံရံလျက် တောတွင်း၌ ချမ်းသာစွာနေလေ့ရှိသော မြတ်စွာ ဘုရားထံသို့ ချဉ်းကပ်လေ၏။

၃၆၄။ ထိုအခါ တောအုပ်၌ စိုးအုပ်နေသမျှသော နတ်အားလုံးတို့သည်လည်း မြတ်စွာ ဘုရား၏ စိတ်အကြံကို သိ၍ စည်းဝေးလာရောက်ကြကုန်၏။

၃၆၅။ နတ်ဘီလူးတို့သည်၎င်း ရက္ခိုသ်နှင့်တကွသော ကုမ္ဘဏ်တို့သည်၎င်း ရဟန်းသံဃာသည်၎င်း အညီအညွတ် စည်းဝေးရောက်လာကြသည် ရှိသော် မြတ်စွာဘုရားသည် ဂါထာတို့ကို မိန့်တော် မူ၏—

၃၆၆။ အကြင်ပုဂ္ဂိုလ်သည် ငါဘုရားကို ခုနစ်ရက်ပတ်လုံး ပူဇော်၏၊ ငါ၏နေရာကျောင်းကို လည်း ဆောက်လုပ်ခဲ့၏၊ ငါဘုရားသည် ထိုပုဂ္ဂိုလ်ကို ဗျာဒိတ်စကား မိန့်ကြားပေအံ့၊ မိန့်ကြား တော်မူမည့် ငါ၏စကားကို နာကြကုန်လော့—

၃၆၇။ အလွန်မြင်နိုင်ခဲသော အလွန်သိမ်မွေ့သော နက်နဲသော ကောင်းစွာ ပြအပ်သော တရားတော်ကို ဉာဏ်တော်ဖြင့် ဟောကြားပေအံ့၊ ဟောကြားမည့် တရားတော်ကို နာကြ ကုန်လော့—

၃၆၈။ တဆယ့်လေးကမ္ဘာပတ်လုံး နတ်မင်းအဖြစ်ကို ပြုရလတ္တံ့၊ ထိုသူအား ကြီးစွာသော အထွတ်တပ်သော ဗိမာန်ကို ပဒုမာကြာတို့ဖြင့် ဖုံးလွှမ်းထားပေ၏။

၃၆၉။ ကောင်းကင်၌ ဆောင်းမိုးလတ္တံ့၊ ဤသို့ဖြစ်ရခြင်းသည် ရှေးကံ၏ အကျိုးပေတည်း၊ ကမ္ဘာနှစ်ထောင့်လေးရာတို့ပတ်လုံး (၁၀)ရေပြွမ်းလျက် ကျင်လည်ရလတ္တံ့။

၃၇၀။ ထိုဘဝ၌ ပန်းဗိမာန်သည် ကောင်းကင်၌ ဆောင်းမိုးထားလတ္တံ့၊ ပဒုမာကြာရွက်၌ ရေသည် မလိမ်းကျံသကဲ့သို့—

၃၇၁။ ထို့အတူသာလျှင် ဤပုဂ္ဂိုလ်၏ဉာဏ်၌ ကိလေသာတို့သည် မလိမ်းကျံကုန်၊ ဤသူ သည် နီဝရဏငါးပါးတို့ကို စိတ်ဖြင့် ပယ်ခွါ၍—

၃၇၂။ တောထွက်ခြင်း၌ စိတ်ကိုဖြပ်စေလျက် လူ့ဘောင်မှ ရဟန်းပြုလတ္တံ့၊ ထိုအခါ၌ ပန်းဗိမာန်ကို ဆောင်းမိုးလျက် တောထွက်လတ္တံ့။

၃၇၃။ သတိရှိသည် ဖြစ်၍ ရင့်ကျက်သော ပညာရှိသော ပုဂ္ဂိုလ်သည် သစ်ပင်ရင်း၌ နေစဉ် ထိုသစ်ပင်ရင်း၌ ပန်းဗိမာန်သည် (ထိုသူ၏) ဦးထိပ်၌ ဆောင်းမိုးထားလတ္တံ့။

http://www.dhammadownload.com



၃၇၄။ သက်န်း ဆွမ်း ဆေးပစ္စည်း ကျောင်းအိပ်ရာနေရာကို ရဟန်းသံဃာအား ပေးလှူခဲ့ခြင်းကြောင့် အာသဝမရှိပဲ ပရိနိဗ္ဗာန်ပြုလတ္တံ့ (ဟုမိန့်တော်မူ၏)။

၃၇၅။ ငါသည် ရဟန်းအဖြစ်ကို ကျင့်လိုသဖြင့် အထွတ်တပ်သော အိမ်နှင့်တကွ တောထွက်ခဲ့၏၊ သင်္ပင်ရင်း၌နေသော ငါ့ကိုလည်း အထွတ်တပ်သော အိမ်သည် ဆောင်းမိုးလျက်ရှိခဲ့၏။

၃၇၆။ သင်္ကန်း၌ရှင်း ဆွမ်း၌ရှင်း (ရဘွိုရန်) ငါ့အား စေ့ဆော်အားထုတ်ရခြင်း မရှိ၊ ဘုန်းကံနှင့်ယှဉ်သည်ဖြစ်၍ ပြုလုပ်ပြီးစီးသော ပစ္စည်းကို ရ၏။

၃၇၇။ ဂဏန်းအားဖြင့် မရေမတွက်နိုင်ကုန်သော ကမ္ဘာကုဋေမျှားစွာတို့သည် ငါ့အား အချည်းနှီး လွန်ကုန်၏၊ ထိုကမ္ဘာကုဋေ မျှားစွာတို့သည် မြတ်စွာဘုရားမှ လွတ်ကုန်၏။

၃၇၈။ ကမ္ဘာတထောင့်ရှစ်ရာထက်၌ ပိယဒဿီမြတ်စွာဘုရားသည် ပွင့်တော်မူ၏၊ ငါသည် ထိုမြတ်စွာဘုရားကို ချဉ်းကပ်ခဲ့၍ ဤဘဝသို့ ရောက်ရပေ၏။

၃၇၉။ ဤဘဝ၌ စက္ခုငါးမျိုးရှိတော်မူသော အနောမမည်တော်မူသော ဂေါတမမြတ်စွာဘုရားကို ဖူးမြင်ရ၍၊ ငါသည် ထိုမြတ်စွာဘုရားသို့ ချဉ်းကပ်၍ ရဟန်းဘောင်သို့ ဝင်ရောက်ခဲ့၏။

၃၈၀။ ဆင်းရဲ၏ အဆုံးကိုပြုတော်မူတတ်သော သစ္စာလေးပါးတရားကို သိတော်မူသော မြတ်စွာဘုရားသည် ငါ့အား မဂ်တရားကို ဟောတော်မူ၏၊ ထိုမြတ်စွာဘုရား၏ တရားတော်ကို ကြားနာရ၍ တုန်လှုပ်ခြင်းမရှိသော နိဗ္ဗာန်သို့ ရောက်ရ၏။

၃၈၁။ သာကီဝင် မင်းသားတို့၏ ရှေ့သွားခေါင်းဆောင်ဖြစ်သော ဂေါတမမြတ်စွာဘုရားကို အားရနှစ်သိမ့်စေ၍ အာသဝတရားအားလုံးကို ပိုင်းခြားသိလျက် အာသဝမရှိပဲ နေရ၏။

၃၈၂။ ကမ္ဘာတထောင့်ရှစ်ရာထက်၌ မြတ်စွာဘုရားကို ပူဇော်ခဲ့ရသော အခါမှစ၍ အပါယ်လေးပါး လားရသည်ကို မသိစဘူးပေ၊ ဤသို့ဖြစ်ရခြင်းသည် မြတ်စွာဘုရားအား ပူဇော်ရခြင်း၏ အကျိုးပေတည်း။

၃၈၃။ ငါသည် ကိလေသာတို့ကို ရှို့မြိုက်လောင်ကျွမ်းစေအပ်ကုန်ပြီ၊ ဘဝအားလုံးတို့ကို ပယ်နုတ်အပ်ကုန်ပြီ၊ အာသဝတရား အားလုံးကုန်ပြီ၊ ယခု (ငါ့အား) တဖန်ဘဝသစ်သည် မရှိတော့ပြီ။

၃၈၄။ ငါ၏လာခြင်းကား ကောင်းသော လာခြင်း စင်စစ် ဖြစ်ပေ၏၊ ငါသည် မြတ်စွာဘုရား၏ အထံတော်၌ ဝိဇ္ဇာသုံးပါးတို့ကို ရအပ်ပါကုန်ပြီ၊ မြတ်စွာဘုရား၏ အဆုံးအမတော်ကို လိုက်နာကျင့်သုံးပြီးပါပြီ။

၃၈၅။ လေးပါးသော ပဋိသမ္ဘိဒါတို့ကိုရင်း ရှစ်ပါးသော ဤဝိမောက္ခတို့ကိုရင်း ခြောက်ပါးသော အဘိညာဉ်တို့ကိုရင်း မျက်မှောက်ပြုအပ်ပါကုန်ပြီ၊ မြတ်စွာဘုရား၏ အဆုံးအမတော်ကို လိုက်နာကျင့်သုံးပြီးပါပြီ။

ဤသို့လျှင် အသျှင်ပဒုမကူဋာဂါရိယမထေရ်သည် ဤဂါထာတို့ကို မိန့်ဆိုတော်မူ၏။

**ငါးခုမြောက် ပဒုမကူဋာဂါရိယတ္ထေရအပဒါန် ပြီး၏။**

http://www.dhammadownload.com



## ၆-ဗာကုလတ္ထေရအပဒါန်

၃၇၆။ ဟိမဝန္တာ၏အနီး၌ သောဘိတမည်သောတောင်သည် ရှိ၏၊ ငါသည် ထိုတောင်၌ တပည့်အပေါင်းတို့နှင့်အတူ ကောင်းစွာပြုလုပ်အပ်သော သင်္ခမ်းကျောင်းကို ဖန်ဆင်းအပ်၏။

၃၇၇။ ထိုသင်္ခမ်းကျောင်း၌ မဏ္ဍပ်တို့သည်လည်း များပြားကုန်၏၊ ရေညှိပင်တို့သည် ပွင့်ကုန်၏၊ ထိုသင်္ခမ်းကျောင်း၌ သီးပင်တို့သည်လည်း များပြားကုန်၏၊ လယ်ခေါင်းရမ်းပင်တို့သည် ပွင့်ကုန်၏။

၃၇၈။ ထိုသင်္ခမ်းကျောင်း၌ ကြောင်ပန်းပင်တို့သည် များပြားကုန်၏၊ ဆီးပင်တို့သည်၎င်း သျှိသျှားပင်တို့သည်၎င်း ဖက်သက်ပင်တို့သည်၎င်း ဗူးပင်တို့သည်၎င်း သရက်ဖြူပင်တို့သည်၎င်း ပွင့်ကုန်၏။

၃၇၉။ ထိုသင်္ခမ်းကျောင်း၌ အပွင့်ဖြူရှိသော မရိုးပင်တို့သည်၎င်း ဥသျှစ်ပင်တို့သည်၎င်း ငှက်ပျောပင် ရှောက်ချိုပင်တို့သည်၎င်း များပြားကုန်၏၊ ထိုသင်္ခမ်းကျောင်း၌ ဆီးဆောင်းပင်တို့သည်၎င်း ဖောက်ကြံ့ပင်တို့သည်၎င်း ဥပါသကာပင်တို့သည်၎င်း များပြားကုန်၏။

၃၈၀။ ကြို့ပင်တို့သည်၎င်း ထင်းရှူးပင်တို့သည့်၎င်း တမာပင်တို့သည်၎င်း ပဒေါင်ပင်တို့သည်၎င်း ဒေါင်ကြတ်ပင်တို့သည်၎င်း(များပြားကုန်၏)၊ ငါ၏ သင်္ခမ်းကျောင်းသည် ဤသို့သဘောရှိ၏၊ ငါသည် တပည့်တို့နှင့်အတူ ထိုသင်္ခမ်းကျောင်း၌ နေခဲ့၏။

၃၈၁။ အလိုလိုဖြစ်တော်မူသော လောက၏ ရှေ့သွားဖြစ်တော်မူသော အနောမဒဿီမြတ်စွာဘုရားသည် တပါးတည်း ကိန်းအောင်းတော်မူရာ အရပ်ကို ရှာမှီးသည်ဖြစ်၍ ငါ၏ သင်္ခမ်းကျောင်းသို့ ကြွလာတော်မူ၏။

၃၈၂။ လုံ့လကြီးမားတော်မူသော အခြံအရံများပြားတော်မူသော အနောမဒဿီမြတ်စွာဘုရားသည် ငါ၏ သင်္ခမ်းကျောင်းသို့ ကြွလာတော်မူသည်ရှိသော် မြတ်စွာဘုရားအား တခဏခြင်းဖြင့် လေနာထတော်မူ၏။

၃၈၃။ ငါသည် တော၌ လှည့်လည်သည် ရှိသော် မြတ်စွာဘုရားကို ဖူးမြင်ရ၏၊ စက္ခုငါးပါးရှိတော်မူသော အခြံအရံများပြားတော်မူသော မြတ်စွာဘုရားထံသို့ ချဉ်းကပ်၍—

၃၈၄။ ထိုအခါ၌ ငါသည် (မြတ်စွာဘုရား၏) အမူအရာကို မြင်ခြင်းကြောင့်လည်း ယုံမှားမရှိပဲသာလျှင် ငါတို့၏မြတ်စွာဘုရားအား အနာရောဂါဖြစ်တော်မူ၏ဟု မှတ်ယူခဲ့၏။

၃၈၅။ ငါသည် ဆေးကုလိုသည်ဖြစ်၍ သင်္ခမ်းကျောင်းရှိ ငါ့တပည့်တို့ထံ လျင်မြန်စွာပြန်လာခဲ့၏၊ ထိုအခါ ငါသည် တပည့်တို့ကို မိန့်ဆိုခဲ့၏။

၃၈၆။ ရှိသေခြင်းရှိသော တပည့်အားလုံးတို့သည် ငါ၏စကားကို ရှေးရှုဝန်ခံကုန်၍ မြတ်စွာဘုရား၌ ရိုသေသည်၏အဖြစ်ဖြင့် ငါ၏အထံသို့ တပေါင်းတစည်း စည်းဝေးရောက်လာကြကုန်၏။

၃၈၇။ ငါသည် တောင်ထိပ်သို့ လျင်မြန်စွာတက်၍ ခပ်ကိမ်းသော ဆေးကိုပြုလုပ်ဖော်စပ်၏၊ ငါသည် ရေနှင့်ဖျော်၍ ဘုရားမြတ်အား ပေးလှူခဲ့၏။

http://www.dhammadownload.com



၃၉၈။ လို့လကြီးမားတော်မူသော တရားခပ်သိမ်းကို သိတော်မူသော မြတ်စွာဘုရားသည် သုံးဆောင်တော်မူသည်ရှိသော် ကောင်းသောစကားကို ဆိုတော်မူတတ်သော မြတ်စွာဘုရား၏ လေနာရောဂါသည် လျင်မြန်စွာ ကင်းငြိမ်းလေ၏။

၃၉၉။ အနောမဒဿီမြတ်စွာဘုရားသည် ပူပန်ခြင်း ငြိမ်းတော်မူသည်ကို သိမြင်၍ မိမိနေရာ၌ ထိုင်နေတော်မူလျက် ဤဂါထာတို့ကို ဟောတော်မူ၏—

၄၀၀။ အကြင်ပုဂ္ဂိုလ်သည် ငါဘုရားအား ဆေးကို ပေးလှူ၏၊ငါ၏လေနာရောဂါကိုလည်း ကင်းငြိမ်းစေ၏၊ ငါသည် ထိုပုဂ္ဂိုလ်ကို ဗျာဒိတ်စကား မိန့်ကြားပေအံ့၊ မိန့်ကြားမည့် ငါ၏ စကားကို နာကြကုန်လော့—

၄၀၁။ ဤသူသည် ကမ္ဘာတသိန်းတိုပတ်လုံး နတ်ပြည်၌ မွေ့လျော်ရလတ္တံ့၊ ထိုနတ်ပြည်၌ တူရိယာတို့ကို တီးမှုတ်လျက် အခါခပ်သိမ်း မွေ့လျော်ရလတ္တံ့။

၄၀၂။ ကုသိုလ်ကံ အကြောင်းရင်းသည် တိုက်တွန်းအပ်သည့် အဖြစ်ကြောင့် လူ့ပြည်သို့ လာ၍ အကြိမ်တထောင်တိုင်တိုင် စကြဝတေးမင်းလည်း ဖြစ်လတ္တံ့။

၄၀၃။ ငါးဆယ့်ငါးကမ္ဘာထက်၌ ကျွန်းကြီးလေးကျွန်းအပိုင်းအခြားရှိသည်ဖြစ်၍ အောင်အပ်ပြီးသော ရန်သူရှိသော ဇမ္ဗူဒိပ်တကျွန်းလုံးကိုအစိုးရသူ အနောမမည်သော မင်းသည်—

၄၀၄။ ရတနာခုနစ်ပါးနှင့် ပြည့်စုံသော မျှားမြတ်သည့် ဗိုလ်ပါအင်အားရှိသော စကြဝတေးမင်းဖြစ်လျက် တာဝတိံသာနတ်တို့ကိုလည်း ချောက်ချားစေ၍ အစိုးရမှုကို ပြုလတ္တံ့။

၄၀၅။ နတ်ဖြစ်သော်ငြားလည်း လူဖြစ်သော်ငြားလည်း အနာရောဂါကင်းသူဖြစ်လတ္တံ့၊ ဥစ္စာပစ္စည်းယူခြင်းကိုကြဉ်၍ လောက၌ အနာရောဂါကို လွန်မြောက်စေလတ္တံ့။

၄၀၆။ ဤဘဒ္ဒကမ္ဘာမှ (နောက်၌)မနှိုင်းရှည့်အပ်သော ကမ္ဘာတသချေနှင့် တသိန်းထက်၌ ဩက္ကာကမင်းမျိုး၌ ဖြစ်သော အနွယ်အားဖြင့် ဂေါတမမည်သော မြတ်စွာဘုရားသည် လောက၌ ပွင့်တော်မူလတ္တံ့။

၄၀၇။ ထိုမြတ်စွာဘုရား၏ တရားဖြင့် ဖန်ဆင်းအပ်သော တရားအမွေခံသားတော်ဖြစ်၍ ခပ်သိမ်းသော အာသဝတို့ကို ပိုင်းခြားသိလျက် အာသဝမရှိပဲ ပရိနိဗ္ဗာန်ပြုလတ္တံ့။

၄၀၈။ ကိလေသာတို့ကို ရှို့မြိုက်လောင်ကျွမ်းစေ၍ တဏှာရေယဉ်ကို ကူးမြောက်လတ္တံ့၊ ဗာကုလအမည်ဖြင့် ထင်ရှားသော ဘုရားတပည့်သား ဖြစ်လတ္တံ့။

၄၀၉။ သာကီဝင်မင်းတို့၏ ရွှေသွားခေါင်းဆောင်ဖြစ်သော ဂေါတမမြတ်စွာဘုရားသည် ဤအလုံးစုံကို သိတော်မူ၍ ရဟန်းသံဃာ (အလယ်)၌ ထိုင်နေတော်မူလျက် ဧတဒဂ်အရာ၌ ထားတော်မူလတ္တံ့ (ဟုမိန့်တော်မူ၏)။

၄၁၀။ အလိုလိုဖြစ်တော်မူသော လောက၏ ရွှေသွားဖြစ်တော်မူသော အနောမဒဿီမြတ်စွာဘုရားသည် ဆိတ်ငြိမ်ရာအရပ်ကို ကြည့်တော်မူလျက် ငါ၏သင်္ခမ်းကျောင်းသို့ ကြွလာတော်မူ၏။

http://www.dhammadownload.com



၄၁၁။ ကြွလာတော်မူသော လိုလက်ကြီးမားတော်မူသော သဗ္ဗညုမြတ်စွာဘုရားကို ကြည်ညိုသည်ဖြစ်၍ မိမိလက်တို့ဖြင့် ဆေးအလုံးစုံဖြင့် နှမ်းသက်စေခဲ့၏။

၄၁၂။ ကောင်းမှုမျိုးစေ့ကို စိုက်ပျိုးရာ ဘုရားတည်းဟူသော လယ်ယာမြေကောင်း၌ ထိုငါ၏ ကောင်းစွာ ပြုအပ်သော ကံသည် မျိုးစေ့၏ ပြည့်စုံခြင်းပေတည်း၊ ထိုအခါ၌ ငါ၏ ကောင်းစွာ ပြုအပ်သော ကံကို ငါသည် ကုန်စေခြင်းငှါ မစွမ်းနိုင်ပေ။

၄၁၃။ ထိုငါသည် မြတ်စွာဘုရားကို ဖူးမြင်ရ၏၊ ဤဖူးမြင်ရခြင်းသည် ငါ့အား အရတော်ပေစွ၊ ငါ့အား ကောင်းစွာ ရပေစွ၊ ထိုကံကြွင်းကြောင့် ငါသည် တုန်လှုပ်ခြင်းမရှိသော နိဗ္ဗာန်သို့ ရောက်ရပေ၏။

၄၁၄။ သာကီဝင်မင်းတို့၏ ရှေ့သွားခေါင်းဆောင်ဖြစ်သော ဂေါတမမြတ်စွာဘုရားသည် ထိုအလုံးစုံကို ထူးသောဉာဏ်ဖြင့်သိ၍ ရဟန်းသံဃာ(အလယ်)၌ ထိုင်နေတော်မူလျက် ငါ့ကို ဧတဒဂ်အရာ၌ ထားတော်မူ၏။

၄၁၅။ ဤဘဒ္ဒကမ္ဘာမှ ကမ္ဘာအသင်္ချေ့ထက်၌ ကုသိုလ်ကောင်းမှုကို ပြုခဲ့ရသော အခါမှစ၍ အပါယ်လေးပါး လားရသည်ကို မသိစဖူးပေ၊ ဤသို့ ဖြစ်ရခြင်းသည် ဆေးလှူရခြင်း၏ အကျိုးပေတည်း။

၄၁၆။ ငါသည် ကိလေသာတို့ကို ရှို့မြိုက်လောင်ကျွမ်းစေအပ်ကုန်ပြီ၊ ဘဝအားလုံးတို့ကို ပယ်နုတ်အပ်ကုန်ပြီ၊ အာသဝအလုံးစုံတို့ ကုန်ပြီ၊ယခုတဖန် (ငါ့အား)ဘဝသစ်သည် မရှိတော့ပြီ။

၄၁၇။ ငါ၏ လာခြင်းကား ကောင်းသော လာခြင်း စင်စစ် ဖြစ်ပေ၏၊ ငါသည် မြတ်စွာဘုရား၏ အထံတော်၌ ဝိဇ္ဇာသုံးပါးတို့ကို ရအပ်ပါကုန်ပြီ၊ မြတ်စွာဘုရား၏ အဆုံးအမတော်ကို လိုက်နာကျင့်သုံးပြီးပါပြီ။

၄၁၈။ လေးပါးသော ပဋိသမ္ဘိဒါတို့ကိုရင်း ရှစ်ပါးသော ဤဝိမောက္ခတို့ကိုရင်း ခြောက်ပါးသော အဘိညာဉ်တို့ကိုရင်း မျက်မှောက်ပြုအပ်ပါကုန်ပြီ၊ မြတ်စွာဘုရား၏ အဆုံးအမတော်ကို လိုက်နာကျင့်သုံးပြီးပါပြီ။

ဤသို့လျှင် အသျှင်ဗာကုလမထေရ်သည် ဤဂါထာတို့ကို မိန့်ဆိုတော်မူ၏။

ခြောက်ခုမြောက် ဗာကုလတ္ထေရအပဒါန် ပြီး၏။

---

## ၇-ဂိရိမာနန္ဒတ္ထေရအပဒါန်

၄၁၉။ ငါ၏ မယားသည် ကွယ်လွန်ခဲ့၏၊ ငါ၏ သားသည် သင်းချိုင်းသို့ ရောက်ခဲ့၏၊ အမိအဖ ညီအစ်ကိုတို့သည်လည်း သေကြကုန်၍ ထင်းပုံတခုထည်း၌ မီးသင်္ဂြိုဟ် ခံကြရကုန်၏။

၄၂၀။ ငါသည် ထိုစိုးရိမ်မှုဖြင့် ပူလောင်သည်ဖြစ်၍ ကြုံလှီလျက် ဖြော့တော့သော အဆင်းရှိသူ ဖြစ်ခဲ့၏၊ ထို စိုးရိမ်မှု နှိပ်စက်အပ်သည်ဖြစ်၍ ငါ့အား စိတ်ပျံ့လွင့်ခြင်းသည်လည်း ဖြစ်ခဲ့၏။

၄၂၁။ ငါသည် စိုးရိမ်မှုတည်းဟူသော ငြောင့်သည် နှိပ်စက်အပ်သဖြင့် တောအတွင်းသို့ ချဉ်းကပ်ခဲ့၏၊ ငါသည် အလိုလို ကြွေကျသော သစ်သီးကို စား၍ သစ်ပင်ရင်း၌ နေ၏။

http://www.dhammadownload.com



၄၂၂။ ဆင်းရဲအဆုံးကို ပြုတော်မူတတ်သော မာရ်ငါးပါးကို အောင်တော်မူသော သုမေဓာမည်သော ထိုမြတ်စွာဘုရားသည် ငါ့ကို ထုတ်ဆောင် ကယ်တင်တော်မူလိုသည်ဖြစ်၍ ငါ၏အထံသို့ ကြွလာတော်မူ၏။

၄၂၃။ ငါသည် သုမေဓာ မြတ်စွာဘုရား၏ ခြေတော်သံကို ကြားရသောကြောင့် ဦးခေါင်းကို ထောင်၍ မြတ်စွာဘုရားကို မော်၍ကြည့်၏။

၄၂၄။ မြတ်စွာဘုရား ကြွလာတော်မူသည်ရှိသော် ငါ့အား နှစ်သက်ခြင်းသည် ဖြစ်ပေါ်ခဲ့၏၊ ထိုအခါ လောက၏ ရှေ့သွားဖြစ်တော်မူသော ထိုမြတ်စွာဘုရားကို ဖူးမြင်ရ၍ ငါ့အား တည်ကြည်သောစိတ်သည် ဖြစ်ပေါ်ခဲ့၏။

၄၂၅။ ငါသည် သတိရ၍ သစ်ရွက်ဆုပ်ကို ပေးလှူ၏၊စကြဝဠာမျိုး ရှိတော်မူသော မြတ်စွာဘုရားသည် အစဉ်သနားသည် ဖြစ်၍ ထိုသစ်ရွက်အခင်း၌ ထိုင်တော်မူ၏။

၄၂၆။ လောက၏ ရှေ့သွားဖြစ်တော်မူသော သစ္စာလေးပါးကို သိတော်မူသော သုမေဓာ မြတ်စွာဘုရားသည် ထိုသစ်ရွက်အခင်း၌ ထိုင်နေတော်မူ၍ သောကတည်းဟူသော ငြောင့်ကို ပယ်ဖျောက်တတ်သော တရားကို ငါ့အား ဟောတော်မူ၏။

၄၂၇။ (ထိုမိဖ သားသမီး ဖြစ်သောသူတို့သည်)မခေါ်ပဲ ထိုရွေးဘဝမှ လာကုန်၏၊ ခွင့်မပြုပဲ ဤဘဝမှ သွားကုန်၏၊အကြင်အခြင်းအရာအားဖြင့် (ရွေးဘဝမှ)လာကုန်၏၊ထိုအခြင်းအရာအားဖြင့် (ဤဘဝမှ) သွားကြကုန်၏၊ ထိုလာလိုတိုင်းလာ၍ သွားလိုတိုင်း သွားရာ၌ ငိုကြွေးခြင်းသည် အဘယ်အကျိုးရှိအံ့နည်း။

၄၂၈။ ထိုခရီးသွား သတ္တဝါတို့သည် မိုးရွာသည်ရှိသော် မိုးမစိုစိမ့်သောငှါ ဥစ္စာဘဏ္ဍာနှင့်တကွ မိုးလွတ်ရာအရပ်သို့ ချဉ်းကပ်ကုန်၏။

၄၂၉။ ထိုသတ္တဝါတို့သည် မိုးစဲသည်ရှိသော် အလိုရှိရာအရပ်သို့ သွားကုန်သကဲ့သို့လည်း ထို့အတူ သင်၏ အမိအဖတို့သည် လာလိုသည့် အခါလာ၍ ပြန်လိုသည့် အခါ ပြန်သွားကြကုန်၏၊ ထိုပြန်သွားရာ၌ ငိုကြွေးခြင်းသည် အဘယ်အကျိုးရှိအံ့နည်း။

၄၃၀။ အလှူခံ ဧည့်သည်တို့သည် လှုပ်လှုပ်ရွရွ သွားကုန်သကဲ့သို့ ထို့အတူ သင်၏မိဖတို့သည် သွားကုန်၏၊ ထိုသို့သွားရာ၌ ငိုကြွေးခြင်းသည် အဘယ်အကျိုးရှိအံ့နည်း။

၄၃၁။ မြွေသည် မိမိအရေဟောင်းကို စွန့်၍ သွားသကဲ့သို့ ထို့အတူ သင်၏ မိဖတို့သည် မိမိခန္ဓာကိုယ်ကို ဤဘဝ၌ စွန့်ပစ်ကုန်၏။

၄၃၂။ ငါသည် မြတ်စွာဘုရား၏ တရားစကားကို သိရ၍ သောကတည်းဟူသော ငြောင့်ကို ရှောင်ကွင်းနိုင်ခဲ့၏၊ ငါသည် နှစ်သက်ခြင်းကို ဖြစ်စေ၍ ဘုရားမြတ်ကို ရှိခိုးခဲ့၏။

၄၃၃။ ငါသည် မြတ်စွာဘုရားကို ရှိခိုးပြီးလျှင် နတ်ရနံ့ကြိုင်လှိုင်သော တောင်သဇင်ပန်းကို လောက၏ ရှေ့သွား ဖြစ်တော်မူသော သုမေဓာ မြတ်စွာဘုရားအား ပူဇော်ခဲ့၏။

၄၃၄။ ငါသည် မြတ်စွာဘုရားကို ပူဇော်၍ ဦးခေါင်း၌ လက်အုပ်ချီပြီးလျှင် မြင့်မြတ်သော ဂုဏ်တို့ကို အောက်မေ့လျက် မြတ်စွာဘုရားကို ချီးကျူးခဲ့၏—

http://www.dhammadownload.com



၄၃၅။ ကြီးမားသော လုံ့လရှိတော်မူသော သမ္ဗုဒ္ဓမြတ်စွာဘုရား အရှင်ဘုရားသည် (သံသရာရေယဉ်မှ) ကူးမြောက်ပြီးသော ပုဂ္ဂိုလ်ဖြစ်တော်မူပါပေ၏၊ မြတ်စွာဘုရား အရှင်ဘုရားသည် ဉာဏ်တော်ဖြင့် အလုံးစုံသော သတ္တဝါတို့ကို (သံသရာရေယဉ်မှ) ထုတ်ဆောင်ကယ်တင်တော်မူပါပေ၏။

၄၃၆။ မြတ်စွာဘုရား အရှင်ဘုရားသည် ယုံမှားခြင်းကိုရင်း နှလုံးနှစ်ခွဖြစ်ခြင်းကိုရင်း ကောင်းစွာ ဖြတ်တောက်တော်မူပါပေ၏၊ စက္ခုငါးမျိုးရှိတော်မူသော မြတ်စွာဘုရား အရှင်ဘုရား၏ ဉာဏ်တော်ဖြင့် အကျွန်ုပ်အား မဂ်ဉာဏ်သို့ ရောက်စေတော်မူပါပေ၏။

၄၃၇။ ထိုအခါ ဝသီဘော်သို့ ရောက်သည်ဖြစ်၍ အဘိညာဉ်ခြောက်ပါး ရှိကုန်သော တန်ခိုးကြီးမားသည်ဖြစ်၍ ကောင်းကင်၌ လှည့်လည်ကုန်သော ပညာရှိရဟန္တာတို့သည် ခြံရံလျက် ရှိပါကုန်၏။

၄၃၈။ ကျင့်ဆဲ သေက္ခပုဂ္ဂိုလ်ဖြစ်ကုန်သော ဖိုလ်၌ တည်ကုန်သော သာဝကတို့သည် ရှိပါကုန်၏၊ နေထွက်သောအခါ၌ ပဒုမာကြာပန်းတို့သည် ပွင့်ကုန်သကဲ့သို့ အရှင်ဘုရား၏အထံတော်၌ ထိုသာဝကတို့သည် ပွင့်ပါကုန်၏။

၄၃၉။ စက္ခုငါးမျိုးရှိတော်မူသော မြတ်စွာဘုရား မချောက်ချားနိုင်သည်ဖြစ်၍ အတုမရှိသော အလွန်ကူးမြောက်နိုင်ခဲသော မဟာသမုဒ္ဒရာကဲ့သို့ ဤအတူ အရှင်ဘုရားသည် ဉာဏ်တော်နှင့်ပြည့်စုံသည်ဖြစ်၍ မနှိုင်းရှည့်နိုင်သော ပုဂ္ဂိုလ်ဖြစ်တော်မူပါပေ၏။

၄၄၀။ ငါသည် လောက၌ မာရ်ငါးပါးကို အောင်တော်မူသော များသော အခြံအရံရှိတော်မူသော မြတ်စွာဘုရားကို ရှိခိုးပြီးလျှင် အရပ်ရှပ်မျက်နှာတို့ကို ရှိခိုးကာ နောက်ဆုတ်လျက် သွားခဲ့၏။

၄၄၁။ နတ်ပြည်မှ စုတေ၍ ဘဝကြီးငယ်၌ ကျင်လည်ရသည်ရှိသော် ပညာဉာဏ်သတိနှင့်ပြည့်စုံလျက် အမိဝမ်းသို့ သက်ဝင်ရပေ၏။

၄၄၂။ လူ့ဘောင်မှထွက်၍ ရဟန်းဘောင်၌ ရဟန်းပြုခဲ့၏၊ ငါသည် ကိလေသာကို ပူပန်စေတတ်သော လုံ့လရှိ၏၊ ရင့်ကျက်သော ပညာဉာဏ်ရှိ၏၊ ဈာန်ဝင်စားလေ့ရှိ၏၊ တယောက်တည်း ကိန်းအောင်းလျက် ကျက်စားလေ့ရှိ၏။

၄၄၃။ ငါသည် ကမ္မဋ္ဌာန်းအားထုတ်၍ မြတ်စွာဘုရားကို နှစ်သိမ့်စေပြီးလျှင် တိမ်တိုက်မှ လွတ်သောလကဲ့သို့ အခါခပ်သိမ်း လှည့်လည်ရပေ၏။

၄၄၄။ ငါသည် ဆိတ်ငြိမ်မှု၌ အားထုတ်လျက် ကိလေသာမီးငြိမ်းသည် ဖြစ်၍ ဥပဓိမရှိသူဖြစ်ပေ၏၊ ငါသည် အာသဝတရားအလုံးစုံတို့ကို ပိုင်းခြားသိ၍ အာသဝမရှိပဲ နေရ၏။

၄၄၅။ ကမ္ဘာသုံးသောင်းထက်၌ မြတ်စွာဘုရားကို ပူဇော်ခဲ့ရသော အခါမှစ၍ အပါယ်လေးပါး လားရသည်ကို မသိစဘူးပေ၊ ဤသို့ဖြစ်ရခြင်းသည် မြတ်စွာဘုရားအား ပူဇော်ရခြင်း၏ အကျိုးပေတည်း။

http://www.dhammadownload.com



၄၄၆။ ငါသည် ကိလေသာတို့ကို ရှို့မြှိုက်လောင်ကျွမ်းစေအပ်ကုန်ပြီ၊ ဘဝအားလုံးတို့ကို ပယ်နုတ်အပ်ကုန်ပြီ၊ အာသဝအားလုံး ကုန်သည်ဖြစ်၍ ယခု (ငါ့အား)ဘဝသစ်သည် နောက်တဖန် မရှိတော့ပြီ။

၄၄၇။ ငါ၏လာခြင်းကား ကောင်းသော လာခြင်းစင်စစ် ဖြစ်ပေ၏၊ ငါသည် မြတ်စွာဘုရား၏ အထံတော်၌ ဝိဇ္ဇာသုံးပါးတို့ကို ရအပ်ပါကုန်ပြီ၊ မြတ်စွာဘုရား၏ အဆုံးအမတော်ကိုလိုက်နာကျင့်သုံးပြီးပါပြီ။

၄၄၈။ လေးပါးသော ပဋိသမ္ဘိဒါတို့ကိုရင်း ရှစ်ပါးသော ဤဝိမောက္ခတို့ကိုရင်း ခြောက်ပါးသော အဘိညာဉ်တို့ကိုရင်း မျက်မှောက်ပြုအပ်ပါကုန်ပြီ၊ မြတ်စွာဘုရား၏ အဆုံးအမတော်ကို လိုက်နာကျင့်သုံးပြီးပါပြီ။

ဤသို့လျှင် အသျှင်ဂိရိမာနန္ဒမထေရ်သည် ဤဂါထာတို့ကို မိန့်ဆိုတော်မူ၏။

**ခုနစ်ခုမြောက် ဂိရိမာနန္ဒတ္ထေရအပဒါန် ပြီး၏**

---

## ဂ-သင္ဘလမဏ္ဍပိယတ္ထေရအပဒါန်

၄၄၉။ မကောင်းမှုကို အပပြုပြီးသော မဂ်ကိစ္စကို ကျင့်သုံးပြီးသော ကကုသန်မြတ်စွာဘုရားသည် ပရိနိဗ္ဗာန်စံတော်မူလတ်သော် ငါသည် ထင်းရှူးပန်းကိုယူ၍ မဏ္ဍပ်ကို ပြုလုပ်စေခဲ့၏။

၄၅၀။ ငါသည် တာဝတိံသာသို့ ရောက်သည်ဖြစ်၍ မြတ်သောဗိမာန်ကို ရပေ၏၊ အခြားနတ်တို့ကို လွန်၍ တင့်တယ်ပေ၏၊ ဤသို့ဖြစ်ရခြင်းသည် ထင်းရှူးပန်းလှူရသော ကောင်းမှုကံ၏ အကျိုးပေတည်း။

၄၅၁။ ငါသည် နေ့၌ဖြစ်စေ သို့မဟုတ် ညဉ့်၌ဖြစ်စေ စင်္ကြံသွားသော်ရင်း ရပ်သော်ရင်း ထင်းရှူးပန်းတို့ဖြင့်ဖုံးလွှမ်းခြင်းကို ခံယူရပေ၏၊ဤသို့ဖြစ်ရခြင်းသည် ထင်းရှူးပန်းလှူရသော ကောင်းမှုကံ၏ အကျိုးပေတည်း။

၄၅၂။ ဤဘဒ္ဒကမ္ဘာ၌ပင်လျှင် ကကုသန်မြတ်စွာဘုရားကို ပူဇော်ခဲ့ရသော အခါမှစ၍ အပါယ်လေးပါး လားရသည်ကို မသိစဘူးပေ၊ ဤသို့ဖြစ်ရခြင်းသည် မြတ်စွာဘုရားအား ပန်းပူဇော်ရခြင်း၏ အကျိုးပေတည်း။

၄၅၃။ ငါသည် ကိလေသာတို့ကို ရှို့မြှိုက်လောင်ကျွမ်းစေအပ်ကုန်ပြီ၊ဘဝအားလုံးတို့ကို ပယ်နုတ်အပ်ကုန်ပြီ၊ဆင်ပြောင်ကြီးသည် အနှောင်အဖွဲ့ကို ဖြတ်၍နေသကဲ့သို့ ထိုအတူ ငါသည် အာသဝမရှိပဲ နေရ၏။

၄၅၄။ ငါ၏လာခြင်းကား ကောင်းသော လာခြင်းစင်စစ် ဖြစ်ပေ၏၊ ငါသည် မြတ်စွာဘုရား၏ အထံတော်၌ ဝိဇ္ဇာသုံးပါးတို့ကို ရအပ်ပါကုန်ပြီ၊ မြတ်စွာဘုရား၏ အဆုံးအမတော်ကိုလိုက်နာကျင့်သုံးပြီးပါပြီ။

http://www.dhammadownload.com



၄၅၅။ လေးပါးသော ပဋိသမ္ဘိဒါတို့ကိုလည်းကောင်း ရှစ်ပါးသော ဝိမောက္ခတို့ကိုလည်းကောင်း ခြောက်ပါးသော အဘိညာဉ်တို့ကိုလည်းကောင်း မျက်မှောက် ပြုအပ်ပါကုန်ပြီ၊ မြတ်စွာဘုရား၏ အဆုံးအမတော်ကို လိုက်နာကျင့်သုံးပြီးပါပြီ။

ဤသို့လျှင် အသျှင်သဗ္ဗလမဏ္ဍပိယမထေရ်သည် ဤဂါထာတို့ကို မိန့်ဆိုတော်မူ၏။

ရှစ်ခုမြောက် သဗ္ဗလမဏ္ဍပိယတ္ထေရအပဒါန် ပြီး၏။

---

## ၉-သဗ္ဗဒါယကတ္ထေရအပဒါန်

၄၅၆။ ငါသည် မဟာသမုဒ္ဒရာသို့သက်ဝင်၍ ဘုံဗိမာန်ကို ကောင်းစွာ ဖန်ဆင်းထား၏၊ ရေကန်ကိုလည်း ကောင်းစွာ ဖန်ဆင်းထား၏၊ (ထိုရေကန်၌) စက္ကဝါက်ငှက်တို့ တွန်ကျူးလျက်ရှိကုန်၏။

၄၅၇။ မန္ဒာလကနတ်ပန်းတို့ဖြင့်လည်းကောင်း ပဒုမာကြာ ဥပ္ပလကြာတို့ဖြင့်လည်းကောင်း ဖုံးလွှမ်းလျက်ရှိကုန်၏၊ ထိုရေကန်၌ မြစ်သည်လည်း စီးဆင်းလျက် ရှိ၏၊ စိတ်ကိုလည်း ပျော်မွေ့စေနိုင်သော ကောင်းသော ဆိပ်ကမ်းလည်း ရှိ၏။

၄၅၈။ ငါး လိပ်တို့ဖြင့် ဖုံးလွှမ်းလျက် ရှိ၏၊ အမျိုးမျိုးသော ငှက်တို့ဖြင့် ရောပြွမ်းလျက် ရှိ၏၊ ဥဒေါင်းကြိုးကြာတို့ တွန်မြည်လျက် ရှိကုန်၏၊ အသံသာယာသော ဥဩအစရှိသည်တို့ တွန်မြည်လျက် ရှိကုန်၏။

၄၅၉။ ဤရေကန်၌ ခိုတို့သည်လည်းကောင်း ဝမ်းဘဲ ဟင်္သာတို့သည်လည်းကောင်း စက္ကဝါက်တို့သည်လည်းကောင်း ဒင်ကြီးတို့သည်လည်းကောင်း ဘုံမတီးငှက်တို့သည်လည်းကောင်း သာလိကာတို့သည်လည်းကောင်း ပုတ်သင်ပျံတို့သည်လည်းကောင်း ဇီဝဇိုးငှက်တို့သည်လည်းကောင်း—

၄၆၀။ ဟင်္သာတို့သည်လည်းကောင်း ကြိုးကြာတို့သည်လည်းကောင်း ကုတ်သလုပ်ငှက်(ဇီးကွက်)တို့သည်လည်းကောင်း များပြားလှသော ငှက်ကျားတို့သည်လည်းကောင်း တွန်မြည်လျက် ရှိကုန်၏၊ ရတနာခုနစ်ပါးတို့နှင့် ပြည့်စုံ၏၊ ပတ္တမြားပုလဲဖြင့်ပြီးသော သဲလည်း ရှိပေ၏။

၄၆၁။ အလုံးစုံသော ရွှေဖြင့် ပြီးကုန်သော သစ်ပင်တို့သည် အမျိုးမျိုးသော ရနံ့တို့ဖြင့် ကြိုင်လှိုင်ကုန်လျက် ဗိမာန်ကို နေ့ရော ညဉ့်ပါ အခါခပ်သိမ်း ထွန်းတောက်ပစေလျက် ရှိကုန်၏။

၄၆၂။ ခြောက်သောင်းသော တူရိယာတို့သည် ညချမ်းအချိန် နံနက်အချိန်၌ မြည်လျက်ရှိကုန်၏၊ မိန်းမခြောက်သောင်းတို့သည် အခါခပ်သိမ်း ငါ့ကို ခြံရံလျက် ရှိကုန်၏။

၄၆၃။ ငါသည် ဗိမာန်မှထွက်၍ လောက၏ ရှေ့သွားဖြစ်သော အခြံအရံများတော်မူသော ထိုသုမေဓာမြတ်စွာဘုရားကို ကြည်လင် ဝမ်းမြောက်သောစိတ် ရှိသည်ဖြစ်၍ ရှိခိုး၏။

၄၆၄။ မြတ်စွာဘုရားကို ရှိခိုးပြီး၍ ထိုမြတ်စွာဘုရားကို သံဃာနှင့်တကွ ပင့်ဖိတ်ခဲ့၏၊ လုံ့လကြီးမားတော်မူသော လောက၏ ရှေ့သွား ထိုသုမေဓာမြတ်စွာဘုရားသည် (ပင့်ဖိတ်ခြင်းကို) လက်ခံတော်မူ၏။

http://www.dhammadownload.com



၄၆၅။ မြတ်စွာဘုရားသည် ငါ့အား တရားစကားကို ဟောကြားတော်မူ၍ လွှတ်တော်မူ၏၊ ငါသည် မြတ်စွာဘုရားကို ရှိခိုး၍ ငါ၏ဗိမာန်သို့ ပြန်လာခဲ့၏။

၄၆၆။ ထိုအခါ ငါ၏ပရိသတ်ကို ပြောဆိုခဲ့၏၊ သင်တို့အားလုံး စည်းဝေးကြကုန်လော့၊ နံနက်အခါ၌ မြတ်စွာဘုရားသည် ဗိမာန်သို့ ကြွလာတော်မူလတ္တံ့ (ဟု ပြောဆိုခဲ့၏)။

၄၆၇။ ငါတို့သည် အရတော်လေစွ၊ ငါတို့သည် လူအဖြစ်ကို ကောင်းစွာ ရအပ်၏၊ အရှင့်ထံ၌ နေရပါကုန်သော ငါတို့သည်လည်း လူ နတ်တို့၏ ဆရာဖြစ်တော်မူသော မြတ်စွာဘုရားအား ပူဇော်ခြင်းကို ပြုအပ်ပါကုန်အံ့ (ဟု ပြောကြကုန်၏)။

၄၆၈။ ငါသည် ထမင်း အဖျော်ကို တည်ခင်းထားပြီးနောက်၌ ( ကြွရန် )အချိန်ကို (မြတ်စွာဘုရားအား) လျှောက်ထားခဲ့၏၊ မြတ်စွာဘုရားသည် ရဟန္တာတသိန်းတို့နှင့်တကွ ကြွတော်မူ၏။

၄၆၉။ ငါသည် အင်္ဂါငါးပါးရှိသော တူရိယာတို့ဖြင့် ခရီးဦးကြိုဆိုမှုကို ပြု၏၊ မြတ်စွာဘုရားသည် အလုံးစုံ ရွှေဖြင့်ပြီးသော အင်းပျဉ်၌ ထိုင်တော်မူ၏။

၄၇၀။ ထိုအခါ အလုံးစုံ ရွှေဖြင့်ပြီးသော အမိုးသည် အထက်၌ ဖြစ်ပေါ်လေ၏၊ ရဟန်းသံဃာ၏ အကြား၌ ယပ်လေတို့သည် အလိုလို ခတ်ကုန်၏။

၄၇၁။ ငါသည် များစွာသော ဆွမ်းအဖျော်ဖြင့် ရဟန်း သံဃာကို ရောင့်ရဲစေ၏၊ (ထို့နောက်)ရဟန်းသံဃာအား အသီးအသီး ပုဆိုးအစုံတို့ကို ပေးလှူခဲ့၏။

၄၇၂။ လောက၏ ပူဇော်ခြင်းကို ခံတော်မူထိုက်သော အကြင်မြတ်စွာဘုရားကို သုမေဓာမည်၏ဟူ၍ ပြောဆိုကုန်၏၊ ထိုသုမေဓာမြတ်စွာဘုရားသည် ရဟန်းသံဃာ၌ ထိုင်တော်မူ၍ ဤဂါထာတို့ကို ဟောတော်မူ၏—

၄၇၃။ အကြင်သူသည် ငါဘုရားအားရင်း ဤရဟန်းအားလုံးတို့ကိုရင်း ဆွမ်းအဖျော်ဖြင့် ရောင့်ရဲစေ၏၊ ထိုသူကို ဗျာဒိတ်စကား မိန့်ကြားတော်မူအံ့၊ ငါမိန့်ကြားမည့်စကားကို နာယူကြကုန်လော့—

၄၇၄။ ဤသူသည် တရာ့တဆယ့်ရှစ်ကမ္ဘာတို့ပတ်လုံး နတ်ပြည်၌ မွေ့လျော်ရလတ္တံ့၊ စကြဝတေးမင်းလည်း အကြိမ်တထောင်တိုင်တိုင် ဖြစ်လတ္တံ့။

၄၇၅။ ကပ်ရောက်ရတိုင်းသော လူအဖြစ် နတ်အဖြစ်၌ အလုံးစုံ ရွှေဖြင့်ပြီးသောအမိုးသည် အခါခပ်သိမ်း ဆောင်းမိုးပေလတ္တံ့။

၄၇၆။ ကမ္ဘာသုံးသောင်းထက်၌ ဩက္ကာကမင်းမျိုး၌ဖြစ်သော အနွယ်အားဖြင့် ဂေါတမ မည်သော မြတ်စွာဘုရားသည် လောက၌ ပွင့်တော်မူလတ္တံ့။

၄၇၇။ ထိုဂေါတမမြတ်စွာဘုရား၏ တရားတို့၌ တရားဖြင့် ဖန်ဆင်းအပ်သော အမွေခံ သားတော်ဖြစ်၍ အာသဝတရားအားလုံးကို ပိုင်းခြား၍သိလျက် အာသဝမရှိပဲ ပရိနိဗ္ဗာန် ပြုလတ္တံ့။

http://www.dhammadownload.com



၄၇၈။ ရဟန်းသံဃာ၌ ထိုင်၍ ခြင်္သေ့မင်း၏အသံနှင့်တူသော အသံကို မြွက်ဆိုလတ္တံ့၊ မီးသင်္ဂြိုဟ်ရာထင်းပုံ၌ ထီးတို့ကို ဆောင်းမိုးကုန်၏၊ ထီးအောက်၌ လောင်ကျွမ်းလေ၏။

၄၇၉။ ငါသည် အရဟတ္တဖိုလ်သို့ အစဉ်ရောက်အပ်ပြီ၊ ငါသည် ကိလေသာတို့ကို ရှို့မြှိုက် လောင်ကျွမ်းစေအပ်ကုန်ပြီ၊ မဏ္ဍပ်၌ရှင်း သစ်ပင်ရင်း၌ရှင်း ငါ့အား ပူလောင်ခြင်း မရှိချေ။

၄၈၀။ ကမ္ဘာသုံးသောင်းထက်၌ အလှူကို ပေးလှူခဲ့ရသော အခါမှစ၍ အပါယ်လေးပါး လားရသည်ကို မသိစဘူးပေ၊ဤသို့ဖြစ်ရခြင်းသည် အလုံးစုံသော အလှူ၏ အကျိုးပေတည်း။

၄၈၁။ ငါသည် ကိလေသာတို့ကို ရှို့မြှိုက်လောင်ကျွမ်းစေအပ်ကုန်ပြီ၊ အလုံးစုံသော ဘဝ တို့ကို ပယ်နုတ်အပ်ကုန်ပြီ၊ ဆင်ပြောင်ကြီးသည် အနှောင်အဖွဲ့ကို ဖြတ်၍ နေသကဲ့သို့ ငါသည် အာသဝမရှိပဲ နေရ၏။

၄၈၂။ ငါ၏ လာခြင်းကား ကောင်းသော လာခြင်း စင်စစ်ဖြစ်ပေ၏၊ ငါသည် မြတ်စွာ ဘုရား၏ အထံတော်၌ ဝိဇ္ဇာသုံးပါးတို့ကို ရအပ်ပါကုန်ပြီ၊ မြတ်စွာဘုရား၏ အဆုံးအမ တော်ကို လိုက်နာကျင့်သုံးပြီးပါပြီ။

၄၈၃။ လေးပါးသော ပဋိသမ္ဘိဒါတို့ကိုရှင်း ရှစ်ပါးသော ဤဝိမောက္ခတို့ကိုရှင်း ခြောက် ပါးသော အဘိညာဉ်တို့ကိုရှင်း မျက်မှောက်ပြုအပ်ပါကုန်ပြီ၊ မြတ်စွာဘုရား၏ အဆုံးအမ တော်ကို လိုက်နာကျင့်သုံးပြီးပါပြီ။

ဤသို့လျှင် အသျှင်သဗ္ဗဒါယကမထေရ်သည် ဤဂါထာတို့ကို မိန့်ဆိုတော်မူ၏။

ကိုးခုမြောက် သဗ္ဗဒါယကတ္ထေရအပဒါန် ပြီး၏။

---

## ၁၀-အဇိတတ္ထေရအပဒါန်

၄၈၄။ တရားအလုံးစုံတို့ကို တဖက်ကမ်းရောက် သိမြင်တော်မူသော လောက၏ရှေ့သွား ပဒုမုတ္တရမြတ်စွာဘုရားသည် ဟိမဝန္တာသို့ သက်ဝင်၍ ထိုင်နေတော်မူ၏။

၄၈၅။ ငါသည် မြတ်စွာဘုရားကို မဖူးမြင်ဘူးချေ၊ အသံကိုမျှလည်း မကြားဘူးချေ၊ ငါသည် ငါ၏ အစာကို ရှာမှီးစဉ် တော၌ လှည့်လည်လျက် ရှိ၏။

၄၈၆။ ထိုတော၌ သုံးဆယ့်နှစ်ပါးသော ယောကျ်ားမြတ်တို့၏ လက္ခဏာနှင့်ပြည့်စုံသော မြတ်စွာဘုရားကို ဖူးမြင်ရ၏၊ ဖူးမြင်ရသည်ရှိသော် ငါသည် နှစ်သက်ခြင်းသို့ ရောက်၏၊ ဤ ပုဂ္ဂိုလ်သည် အဘယ်မည်သော ပုဂ္ဂိုလ်ဖြစ်သနည်းဟု(ဧည်းစား၍)—

၄၈၇။ လက္ခဏာတို့ကို ကြည့်ရှုလျက် ငါ၏ အတတ်ပညာကို အောက်မေ့၏၊ ကြီးသော ပညာရှိတို့၏ ကောင်းစွာဆိုအပ်သော ထိုစကားကို ကြားရဘူး၏။

၄၈၈။ ထိုပညာရှိကြီးတို့၏ စကားအရ ဤပုဂ္ဂိုလ်သည် ဘုရားစင်စစ် ဖြစ်လတ္တံ့၊ ငါသည် ပူဇော်မှုကို ပြုရပါမူ ကောင်းလေစွ၊ (ဤပုဂ္ဂိုလ်သည်)ငါ၏ ဘဝဂတိကို သုတ်သင် ရှင်းလင်း ပေလတ္တံ့။

http://www.dhammadownload.com



၄၇၉။ ငါသည် သင်္ခမ်းကျောင်းသို့ လျင်မြန်စွာလာ၍ သစ်မည်စည်ဆီကို ယူခဲ့၏၊ ဆီအိုး (ဖျဉ်းအိုး)ကို ယူ၍ မြတ်စွာဘုရားထံ ချဉ်းကပ်၏။

၄၈၀။ ငါသည် သစ်သားသုံးခုတို့ကို ယူ၍ လွင်တီးခေါင်၌ စိုက်ထား၏၊ ငါသည် ဆီမီးထွန်း ညှိပြီးလျှင် ရှစ်ကြိမ်တိုင်တိုင် ရှိခိုးခဲ့၏။

၄၈၁။ ယောကျ်ားမြတ်ဖြစ်တော်မူသော မြတ်စွာဘုရားသည် ခုနစ်နေ့ ခုနစ်ညဉ့်ပတ်လုံး ထိုင်နေတော်မူ၏၊ ထို့နောင် ခုနစ်ရက်မြောက်သော ညဉ့်အဆုံး၌ မြတ်စွာဘုရားသည် ထတော်မူ၏။

၄၈၂။ ငါသည် ကြည်လင်ဝမ်းမြောက်သော စိတ်ရှိသည် ဖြစ်၍ အလုံးစုံသော (ခုနစ်နေ့ ခုနစ်ညဉ့်)တို့ပတ်လုံး ကြည်ညိုလျက် မိမိလက်တို့ဖြင့် မြတ်စွာဘုရားအား ဆီမီးကို ပေးလှူ ခဲ့၏။

၄၈၃။ ဂန္ဓမာဒနတောင်၌ နံ့သာဖြင့်ပြီးသော တောအားလုံးတို့သည် မြတ်စွာဘုရား၏ အာနုဘော်ကြောင့် မြတ်စွာဘုရားအထံသို့ ရောက်လာကြကုန်၏။

၄၈၄။ ထိုအခါ၌ မြတ်စွာဘုရား၏ အာနုဘော်ကြောင့် အလုံးစုံပွင့်သော သစ်ပင်အားလုံး တို့သည် ပန်းရနံ့ကို ဆောင်ကုန်လျက် စုဝေးရောက်လာကြကုန်၏။

၄၈၅။ ဟိမဝန္တာ၌ ရှိသမျှသော ထိုနဂါးဂဠုန်နှစ်မျိုးတို့သည် တရားတော်ကို နာလိုကုန် သည်ဖြစ်၍ မြတ်စွာဘုရားအထံတော်သို့ လာရောက်ကြကုန်၏။

၄၈၆။ မြတ်စွာဘုရား၏ အဂ္ဂသာဝကဖြစ်သော ဒေဝလမည်သော ရဟန်းသည် ရဟန္တာ တသိန်းတို့နှင့်တကွ မြတ်စွာဘုရား၏ အထံတော်သို့ ကြွလာတော်မူပေ၏။

၄၈၇။ ပေးလှူဖွယ် ပစ္စည်းဝတ္ထုတို့ကို ခံတော်မူထိုက်သော ပဒုမုတ္တရမြတ်စွာဘုရားသည် ရဟန်းသံဃာ (အလယ်) ၌ ထိုင်နေတော်မူ၍ ဤဆိုမည့် ဂါထာတို့ကို မိန့်ဆိုတော်မူ၏--

၄၈၈။ အကြင်သူသည် ငါဘုရားအား ကြည်ညိုသည် ဖြစ်၍ မိမိလက်တို့ဖြင့် ဆီမီးကို ပူဇော်ခဲ့၏၊ ထိုသူကို ငါသည် ဗျာဒိတ်စကား မိန့်ကြားတော်မူအံ့၊ မိန့်ကြားမည့်စကားကို နာယူကြကုန်လော့ --

၄၈၉။ ဤသူသည် ကမ္ဘာခြောက်သောင်းတို့ကာလပတ်လုံး နတ်ပြည်၌ မွေ့လျော်ရလတ္တံ့၊ အကြိမ်တထောင်တိုင်တိုင် စကြာဝတေးမင်းလည်း ဖြစ်လတ္တံ့။

တဆယ့်ခြောက်ခုမြောက်ဘာဏဝါရ ပြီး၏။

၄၉၀။ သုံးဆယ့်ခြောက်ကြိမ်တိုင်တိုင် နတ်တို့ကို အစိုးရသူဖြစ်၍ သိကြားမင်းအဖြင့်ကို ပြုရလတ္တံ့၊ မြေအပြင်၌ အကြိမ်ခုနစ်ရာတိုင်တိုင် ပြန့်ပြောသော မင်းအဖြစ်ကို ပြုရလတ္တံ့။

၄၉၁။ ပြန့်ပြောသော ပဒေသရာဇ်မင်းအဖြစ်ကိုကား ဂဏန်းအားဖြင့် မရေတွက်နိုင်ပေ၊ ဤဆီမီးအလှူကြောင့် နတ်မျက်စိဒိဗ္ဗစက္ခု'သည် (ဤပုဂ္ဂိုလ်အား) ဖြစ်လတ္တံ့။

http://www.dhammadownload.com



၁၀၂။ ဤသူသည် အခါခပ်သိမ်း ထက်ဝန်းကျင်မှ ရှစ်ကောသတိုင်တိုင် မြင်ရလတ္တံ့၊ နတ်ပြည်မှ စုတေ၍ (လူ့ပြည်၌)ဖြစ်သော သတ္တဝါအား—

၁၀၃။ နေ့၌ရှင်း ညဉ့်၌ရှင်း(နေ့ရောညဉ့်ပါ)ဆီမီးကို (အလိုလို) ဆောင်လတ္တံ့၊ဘုန်းကံနှင့်ပြည့်စုံသော သတ္တဝါသည် မွေးဖွားသည် ရှိသော်—

၁၀၄။ ကပ်ရောက်ရတိုင်းသော လူအဖြစ် နတ်အဖြစ်၌ မြို့ကျယ်ပြန့်သလောက် ထွန်းလင်းလတ္တံ့။

၁၀၅။ ဤဆီမီးအလှူ၏ အရပ်ရှစ်မျက်နှာ၌ ထွန်းလင်းခြင်းအကျိုးကြောင့် ဤသူကို အခြားသတ္တဝါတို့သည် မအောင်နိုင်ကုန်လတ္တံ့၊ ဤသို့ဖြစ်ရခြင်းသည် ဆီမီးလှူရခြင်း၏ အကျိုးပေတည်း။

၁၀၆။ ကမ္ဘာတသိန်းထက်၌ ဩက္ကာကမင်းမျိုး၌ဖြစ်သော အနွယ်အားဖြင့် ဂေါတမ အမည်ရှိသော မြတ်စွာဘုရားသည် လောက၌ ပွင့်တော်မူလတ္တံ့။

၁၀၇။ ထိုဂေါတမမြတ်စွာဘုရား၏ တရားတို့၌ တရားဖြင့်ဖန်ဆင်းအပ်သော အမွေခံ သားတော်ဖြစ်၍ အာသဝခပ်သိမ်းကို ပိုင်းခြားသိလျက် အာသဝမရှိပဲ ပရိနိဗ္ဗာန်ပြုရလတ္တံ့။

၁၀၈။ ဤသူသည် သာကီဝင်မင်းတို့၏ ရှေ့သွားခေါင်းဆောင်ဖြစ်တော်မူသော ဂေါတမ မြတ်စွာဘုရားကို အားရနှစ်သက်စေ၍ အမည်အားဖြင့် အဇိတဟုထင်ရှားသော ဘုရားတပည့် 'သာဝက' ဖြစ်လတ္တံ့။

၁၀၉။ ငါသည် ကမ္ဘာခြောက်သောင်းတို့ ကာလပတ်လုံး နတ်ပြည်၌ မွေ့လျော်ခဲ့ရ၏၊ ထိုနတ်ပြည်၌လည်း ငါ့အား ဆီမီးတိုင်တရာသည် အမြဲထွန်းလင်းလျက် ရှိ၏။

၁၁၀။ ငါ၏အရောင်တို့သည် နတ်ပြည်၌ရှင်း လူ့ပြည်၌ရှင်း ထွက်ပေါ်ကုန်၏၊ ငါသည် ဘုရားမြတ်ကို အောက်မေ့လျက် လွန်စွာ ရွှင်လန်းခြင်းကို ဖြစ်စေ၏။

၁၁၁။ ငါသည် တုသိတာနတ်ပြည်မှ စုတေ၍ အမိဝမ်းသို့ သက်ရောက်ခဲ့၏၊ မွေးဖွားသည် ရှိသော် ငါ့အား ပြန့်ပြောသော အလင်းရောင်သည် ဖြစ်ပေါ်လာ၏။

၁၁၂။ လူ့ဘောင်မှ ထွက်၍ ရဟန်းဘောင်၌ ရဟန်းပြု၏၊ ဗာဝရီရသေ့ထံ ချဉ်းကပ်ပြီးလျှင် တပည့်အဖြစ်သို့ ရောက်ခဲ့၏။

၁၁၃။ ငါသည် ဟိမဝန္တာ၌ နေစဉ် မြတ်စွာဘုရား(အကြောင်း)ကို ကြားသိရ၏၊ မြင့်မြတ်သောအကျိုးကို ရှာမှီးလိုသည် ဖြစ်၍ မြတ်စွာဘုရားထံသို့ ချဉ်းကပ်ခဲ့၏။

၁၁၄။ ယဉ်ကျေးတော်မူပြီးသော မြတ်စွာဘုရားသည် ဆုံးမတော်မူလေ့ရှိ၏၊ဩဃမှ ကူးမြောက်တော်မူ၏၊ ဥပဓိလေးပါးမှ ကင်းတော်မူ၏၊ မြတ်စွာဘုရားသည် ဒုက္ခအားလုံးမှ လွတ်မြောက်ရာ နိဗ္ဗာန်ကို ဟောကြားတော်မူ၏။

၁၁၅။ ထိုငါ၏ လာခြင်းကိစ္စသည် ပြီးစီးခဲ့၏၊ ငါသည် မြတ်စွာဘုရားကို အားရနှစ်သက်စေခဲ့၏၊ ဝိဇ္ဇာသုံးပါးတို့ကို ရအပ်ပါကုန်ပြီ၊ မြတ်စွာဘုရား၏ အဆုံးအမတော်ကို လိုက်နာကျင့်သုံးပြီးပါပြီ။

http://www.dhammadownload.com



၅၁၆။ ဤဘဒ္ဒကမ္ဘာမှ ကမ္ဘာတသိန်းထက်၌ ဆီမီးကို ပေးလှူခဲ့ရသော အခါမှစ၍ အပါယ်လေးပါး လားရသည်ကို မသိစဘူးပေ၊ ဤသို့ဖြစ်ရခြင်းသည် ဆီမီးလှူရခြင်း၏ အကျိုးပေတည်း။

၅၁၇။ ငါသည် ကိလေသာတို့ကို ရှို့မြှိုက်လောင်ကျွမ်းစေအပ်ပါကုန်ပြီ၊ ဘဝအားလုံးတို့ကို ပယ်နုတ်ပစ်အပ်ပါကုန်ပြီ၊ ဆင်ပြောင်ကြီးသည် အနှောင်အဖွဲ့ကို ဖြတ်၍နေသကဲ့သို့ ထို့အတူ ငါသည် အာသဝမရှိပဲ နေရ၏။

၅၁၈။ ငါ၏ လာခြင်းကား ကောင်းသောလာခြင်း စင်စစ် ဖြစ်ပေ၏၊ငါသည် မြတ်စွာဘုရား၏ အထံတော်၌ ဝိဇ္ဇာသုံးပါးတို့ကို ရအပ်ပါကုန်ပြီ၊ မြတ်စွာဘုရား၏ အဆုံးအမတော်ကို လိုက်နာကျင့်သုံးပြီးပါပြီ။

၅၁၉။ လေးပါးသော ပဋိသမ္ဘိဒါတို့ကိုရင်း ရှစ်ပါးသော ဤဝိမောက္ခတို့ကိုရင်း ခြောက်ပါးသော အဘိညာဉ်တို့ကိုရင်း မျက်မှောက်ပြုအပ်ပါကုန်ပြီ၊ မြတ်စွာဘုရား၏ အဆုံးအမတော်ကို လိုက်နာကျင့်သုံးပြီးပါပြီ။

ဤသို့လျှင် အသျှင်အဇိတမထေရ်သည် ဤဂါထာတို့ကို မိန့်ဆိုတော်မူ၏။

ဆယ်ခုမြောက် အဇိတတ္ထေရအပဒါန် ပြီး၏။

**လေးဆယ်ခုမြောက် ပိလိန္ဒဝစ္ဆဝဂ် ပြီး၏။**

**ပဌမဝဂ္ဂဒသက ပြီး၏။**

**လေးခုမြောက် တရာ (လေးရာ)ပြီး၏။**

http://www.dhammadownload.com

# ၅၁—မေတ္တေယျစရိယာ

## ၁-တိဿမေတ္တေယျတ္ထေရအပဒါန်

၁။ သောဘိတမည်သောရသေ့သည် တောင်ဝှမ်းအထွတ်ကို အမှီပြုကာ အလိုလိုကြွေကျသော အသီးကိုစား၍ တောင်ကြား၌ နေ၏။

၂။ ထိုအခါ၌ ငါသည် မြင့်မြတ်သောအကျိုးကို ရှာမှီးလိုသည်ဖြစ်၍ ဗြဟ္မာ့ဘုံ၌ ဖြစ်ခြင်းအကျိုးငှါ ထင်းကို ဆောင်ယူ၍ မီးကို တောက်စေခဲ့၏၊ (မီးကို လုပ်ကျွေးပူဇော်ခဲ့၏)။

၃။ လောကသုံးပါးကို သိတော်မူသော ပေးလှူဖွယ်ပစ္စည်းဝတ္ထုတို့ကို ခံယူတော်မူထိုက်သော ထိုပဒုမုတ္တရမြတ်စွာဘုရားသည် ငါ့အား ထုတ်ဆောင်ကယ်တင်တော်မူလိုသည်ဖြစ်၍ ငါ၏အထံသို့ ကြွလာတော်မူ၏။

၄။ ဘုန်းကံကြီးသောသူ အဘယ်ကို သင်ပြုသနည်း၊ ငါ့အား မီးပူဇော်ရန် ထင်းကို ပေးလော့၊ ငါသည် မီးကို လုပ်ကျွေးအံ့၊ ထိုလုပ်ကျွေးမှုကြောင့် ငါ့အား စင်ကြယ်မှုသည် ဖြစ်ပါလတ္တံ့ (ဟု မြတ်စွာဘုရားက မိန့်တော်မူ၏)။

၅။ သင်သည် အလွန်ကောင်းမွန်သူ ဖြစ်၏၊ သင်သည် လူတို့ကိုရှင်း နတ်တို့ကိုရှင်း သိ၏၊ သင်သည်လည်း မီးကို လုပ်ကျွေးလော့၊ သင်သည် မီးပူဇော်ရန် ထင်းကို ယူပေလော့ (ဟု ရသေ့က ဆို၏)။

၆။ ထိုအခါ၌ မြတ်စွာဘုရားသည် ထင်းကို ယူ၍ မီးကို တောက်စေ၏၊ ထိုမီးမွှေးရာ၌ မြတ်စွာဘုရား၏ တန်ခိုးတော်ကြောင့် (မီးသည်) ထင်းကို မတောက်လောင်ချေ။

၇။ သင်၏မီးသည် မတောက်ပါ၊ သင့်အား ပူဇော်မှုသည် မရှိပါ၊ သင်၏ ထိုမီးလုပ်ကျွေးမှုအလျှင်သည် အကျိုးမရှိပါ၊ ငါ၏မီးကို လုပ်ကျွေးဦးလော့ (ဟု မြတ်စွာဘုရားက မိန့်တော်မူ၏)။

၈။ ကြီးမားသော လုံ့လရှိသောပုဂ္ဂိုလ် ငါ၏မီးကို လုပ်ကျွေးဦးလော့-ဟု သင်သည် ပြောဆိုအပ်၏၊ သင်၏ ထိုမီးသည် အဘယ်သို့သဘောရှိပါသနည်း၊ ထိုမီးကို အကျွန်ုပ်အားလည်း ပြောဆိုပါလော့၊ အကျွန်ုပ်တို့ နှစ်ယောက်တို့သည် ပူဇော်လုပ်ကျွေးကြပါကုန်အံ့။

၉။ အကြောင်းတရား ချုပ်ငြိမ်းခြင်းအကျိုးငှါရှင်း ကိလေသာငြိမ်းအေးခြင်းငှါရှင်း ငြူစူမှု 'ဂ္ဃဿာ' ဝန်တိုမှု 'မစ္ဆရိယ' ကို ပယ်စွန့်သည်ရှိသော် ထိုတရားသုံးပါးကို့သည်ပ် ငါ၏ပူဇော်ခြင်းတို့ပင် ဖြစ်ပါလတ္တံ့။

၁၀။ လုံ့လကြီးမားသောပုဂ္ဂိုလ် သင်သည် အဘယ်အမည်ရှိပါသနည်း၊ အချင်း သင်သည် အဘယ်အနွယ် ဖြစ်ပါသနည်း၊ သင်၏ အကျင့်ပဋိပတ်ကို အကျွန်ုပ်သည် လွန်စွာ နှစ်သက်ပါ၏။

၁၁။ ငါသည် မင်းမျိုး၌ဖြစ်သူတည်း၊ အဘိညာဉ်တို့၏ အထွတ်အထိပ်သို့ ရောက်သူတည်း၊ အာသဝတရားအားလုံးကုန်ပြီးသူတည်း၊ ယခုဘဝသစ်၌ တပန်ဖြစ်ခြင်း (ငါ့အား) မရှိတော့ပြီ။

http://www.dhammadownload.com



၁၂။ အလင်းရောင်ကိုပြုလျက်အမိုက်ကိုဖျောက်တတ်သောမြတ်စွာဘုရားအရှင်ဘုရားသည် တရားအလုံးစုံကိုသိသော ဘုရားစင်စစ် အကယ်၍ ဖြစ်ငြားအံ့၊ အကျွန်ုပ်သည် အရှင်ဘုရားကို ရှိခိုးပါအံ့၊ ဝိသုဒ္ဓိနတ် ဖြစ်တော်မူသော အရှင်ဘုရား အရှင်ဘုရားသည် ဒုက္ခ၏ အဆုံးကို ပြုတော်မူတတ်ပါပေ၏(ဤသို့ဆို၍)—

၁၃။ ငါသည် သစ်နက်ရေကို ဖြန့်ခင်း၍ နေရာကို လှူခဲ့၏၊ တရားခပ်သိမ်းကို သိတော်မူသော မြတ်စွာဘုရား(ထိုနေရာ၌) ထိုင်တော်မူပါ၊ အကျွန်ုပ်သည် အရှင်ဘုရားကို ဆည်းကပ်၍ လုပ်ကျွေးပါအံ့။

၁၄။ မြတ်စွာဘုရားသည် ကောင်းစွာ ဖြန့်ခင်းအပ်သော ထိုသစ်နက်ရေ၌ ထိုင်တော်မူ၏၊ ငါသည် မြတ်စွာဘုရားကို ပင့်ဖိတ်၍ တောင်ပေါ်သို့ သွား၏။

၁၅။ ငါသည် ပရိက္ခာရဝန်ကို ပြည့်စေ၍ တည်သီးကို ဆောင်ယူခဲ့၏၊ သစ်သီးကို ပျားရည်နှင့် ရောစပ်၍ မြတ်စွာဘုရားအား ပေးလှူခဲ့၏။

၁၆။ ထိုအခါ မြတ်စွာဘုရားသည် ငါကြည့်ရှုဖူးမျှော်နေစဉ် ဘုဉ်းပေးတော်မူ၏၊ ငါသည် မြတ်စွာဘုရားကို ကြည့်ရှုဖူးမျှော်လျက် ထိုမြတ်စွာဘုရား၌ စိတ်ကို ကြည်လင်စေခဲ့၏။

၁၇။ လောကသုံးပါးကို သိတော်မူသော ပေးလှူဖွယ် ပစ္စည်းဝတ္ထုတို့ကို အလှူခံတော်မူထိုက်သော ပဒုမုတ္တရမြတ်စွာဘုရားသည် ငါ၏ သင်္ခမ်းကျောင်း၌ ထိုင်နေတော်မူလျက် ဤဆိုမည့် ဂါထာတို့ကို ဟောတော်မူ၏—

၁၈။ အကြင်သူသည် ငါဘုရားအား ကြည်ညိုသည်ဖြစ်၍ မိမိလက်တို့ဖြင့် (ကိုယ်တိုင်) သစ်သီးဖြင့် (သစ်သီးကို) ရောင့်ရဲစေ၏၊ ထိုသူကို ငါဘုရား ဗျာဒိတ်စကား မိန့်ကြားတော်မူအံ့၊ မိန့်ကြားမည့် ငါ၏စကားကို နာယူကြကုန်လော့—

၁၉။ ထိုသူသည် နှစ်ဆယ့်ငါးကြိမ်တိုင်တိုင် နတ်မင်းအဖြစ်ကို ပြုလတ္တံ့၊ အကြိမ်တထောင် တိုင်တိုင် စကြာဝတေးမင်းလည်း ဖြစ်လတ္တံ့။

၂၀။ ရှေးကောင်းမှုကံနှင့် ပြည့်စုံသော ထိုသူ၏ စိတ်အကြံကိုသိ၍ မြတ်သောသူတို့အား ထိုက်တန်သော စားဖွယ်သောက်ဖွယ်သည်ငင်း အဝတ်သည်ငင်း အိပ်ရာနေရာ သည်ငင်း—

၂၁။ ကုသိုလ်ကောင်းမှုနှင့် ယှဉ်သည်ဖြစ်၍ ထိုခဏ၌ ဖြစ်ကုန်လတ္တံ့၊ ဤသူသည် အခါ ခပ်သိမ်း ဝမ်းမြောက်လျက် အနာမရှိသူ ဖြစ်လတ္တံ့။

၂၂။ ကပ်ရောက်ရတိုင်းသော လူအဖြစ် နတ်အဖြစ် အလုံးစုံတို့၌ ချမ်းသာသည် ဖြစ်၍ လူ့အဖြစ်သို့ ရောက်လတ္တံ့။"

၂၃။ ထိုသူသည် ဗေဒင်ကို သရဇ္ဈာယ်တတ်သူ ဗေဒင်သုံးပုံကို ဆောင်သူ ဗေဒင်သုံးပုံတို့ကို တဖက်ကမ်းရောက် တတ်မြောက်သူ ဖြစ်ပြီးလျှင် မြတ်စွာဘုရားထံ ချဉ်းကပ်၍ ရဟန္တာဖြစ်လတ္တံ့။

၂၄။ အကြင်အခါမှစ၍ မိမိကိုယ်ကို အမှတ်ရ၏၊ အကြင်အခါမှစ၍ တတ်သိ နားလည်သူ အဖြစ်သို့ ရောက်၏၊ (ထိုအခါမှစ၍) ငါ၏စည်းစိမ်ဥစ္စာ၌ ယုတ်လျော့ခြင်းသည် မရှိချေ၊ ဤသို့ဖြစ်ရခြင်းသည် သစ်သီးလှူရခြင်း၏ အကျိုးပေတည်း။

http://www.dhammadownload.com



၂၅။ ငါသည် တရားမြတ်(တရားထူး)ကို ရခဲ့ပြီ၊ ရာဂဒေါသတို့ကို ပယ်နုတ်ခဲ့ပြီ၊ အာသဝ တရားအားလုံး ကုန်ပြီ(ယခု(ငါ့အား) ဘဝသစ် တဖန်ဖြစ်ခြင်း မရှိတော့ပြီ။

၂၆။ ငါသည် ကိလေသာတို့ကို ရှို့မြိုက်လောင်ကျွမ်းစေအပ်ကုန်ပြီ၊ ဘဝအားလုံးတို့ကို ပယ်နုတ်အပ်ကုန်ပြီ၊ ဆင်ပြောင်ကြီးသည် အနှောင်အဖွဲ့ကို ဖြတ်၍နေသကဲ့သို့ ထို့အတူ ငါသည် အာသဝမရှိပဲ နေရ၏။

၂၇။ ငါ၏ လာခြင်းကား ကောင်းသော လာခြင်း စင်စစ် ဖြစ်ပေ၏၊ ငါသည် မြတ်စွာ ဘုရား၏ အထံတော်၌ ဝိဇ္ဇာသုံးပါးတို့ကို ရအပ်ပါကုန်ပြီ၊ မြတ်စွာဘုရား၏ အဆုံးအမတော်ကို လိုက်နာကျင့်သုံးပြီးပါပြီ။

၂၈။ လေးပါးသော ပဋိသမ္ဘိဒါတို့ကိုရင်း ရှစ်ပါးသော ဤဝိမောက္ခတို့ကိုရင်း ခြောက်ပါး သော အဘိညာဉ်တို့ကိုရင်း မျက်မှောက်ပြုအပ်ပါကုန်ပြီ၊ မြတ်စွာဘုရား၏ အဆုံးအမ တော်ကို လိုက်နာကျင့်သုံးပြီးပါပြီ။

ဤသို့လျှင် အသျှင်တိဿမေတ္တေယျမထေရ်သည် ဤဂါထာတို့ကို မိန့်ဆိုတော်မူ၏။

**ရှေးဦးစွာသော တိဿမေတ္တေယျထေရအပဒါန် ပြီး၏။**

---

## ၂-ပုဏ္ဏကတ္ထေရအပဒါန်

၂၉။ အလိုလိုဖြစ်တော်မူသော ရန်သူတို့သည် မအောင်အပ်သော မြတ်စွာဘုရား(ပစ္စေက ဗုဒ္ဓါ)သည် မကျန်းမာတော်မူသည် ဖြစ်၍ တောင်ဝှမ်းကို အမှီပြု၍ တောင်ကြား၌ နေတော် မူ၏။

၃၀။ ငါ၏သင်္ခမ်းကျောင်းအနီး၌ မြတ်စွာဘုရား (ပစ္စေကဗုဒ္ဓါ)ပရိနိဗ္ဗာန် စံတော်မူသည် ရှိသော် ထိုခဏ၌ သည်းစွာသောအသံ(ပဲ့တင်သံ)သည် ဖြစ်ပေါ်လေ၏၊ ထိုခဏ၌ အလင်း ရောင်သည် ဖြစ်ပေါ်လေ၏။

၃၁။ တောအုပ်၌ ရှိသမျှကုန်သော အလုံးစုံသော ဝံပုလွေ(သစ်ကျုတ်) ကျားသစ် (အောင်း)တို့သည်ရင်း သားရဲတို့သည်ရင်း ခြင်္သေ့တို့သည်ရင်း ထိုခဏ၌ တွန်မြည်ကြကုန်၏။

၃၂။ ငါသည် ထိုသို့ဖြစ်ပေါ်ခြင်းကို တွေ့မြင်ရ၍ တောင်ဝှမ်းသို့ သွားခဲ့၏၊ ထိုအရပ်၌ ပရိနိဗ္ဗာန်စံတော်မူနေသော ရန်သူတို့သည် မအောင်အပ်သော မြတ်စွာဘုရား(ပစ္စေကဗုဒ္ဓါ)ကို ဖူးမြင်ရ၏။

၃၃။ ကောင်းစွာပွင့်သော အင်ကြင်းပင်မင်းကဲ့သို့ရင်း တက်လာသော နေမင်းကဲ့သို့ရင်း အလျှံကင်းသော မီးကျီးကဲ့သို့ရင်း ပရိနိဗ္ဗာန်စံတော်မူသော မြတ်စွာဘုရား(ပစ္စေကဗုဒ္ဓါ)ကို—

၃၄။ ငါသည် ထိုအရပ်၌ ထင်းနှင့်မြက်ကို ပြည့်စေ၍ မီးသင်္ဂြိုဟ်ရာ ထင်းပုံကို ပြုခဲ့၏၊ မီးသင်္ဂြိုဟ်ရာထင်းပုံကို ကောင်းစွာပြု၍ အလောင်းကို မီးသင်္ဂြိုဟ်ခဲ့၏။

http://www.dhammadownload.com



၃၅။ အလောင်းတော်ကို မီးသင်္ဂြိုဟ်ပြီးလျှင် ငါသည် နှံ့သာရေကို ဖျန်းခဲ့၏၊ ထိုအခါ နတ်သည် ကောင်းကင်၌ တည်လျက် အမည်ကို ယူ၏။

၃၆။ ရသေ့ သင်သည် အလိုလိုပွင့်တော်မူသော မြတ်စွာဘုရား (ပစ္စေကဗုဒ္ဓါ)၏ (မီးသင်္ဂြိုဟ်မှု)ကိစ္စကို ပြုကျင့်အပ်ပေပြီ၊ ရသေ့ သင်သည် အမည်အားဖြင့် ပုဏ္ဏကဟူသော အမည်သည် အခါခပ်သိမ်း ဖြစ်လတ္တံ့။

၃၇။ ငါသည် ထိုကိုယ်ခန္ဓာ(ဘဝ)မှ စုတေ၍ နတ်ပြည်သို့ ရောက်ခဲ့၏၊ထိုနတ်ပြည်၌ နတ်၌ ဖြစ်သော နံ့သာသည် ကောင်းကင်မှ ရွာသွန်းလျက် ရှိ၏။

၃၈။ ထိုအခါ ထိုနတ်ပြည်၌လည်း ငါ့အား ပုဏ္ဏကဟူသော အမည်သည်ဖြစ်၏၊ ငါသည် နတ်ဖြစ်သော်ရင်း လူဖြစ်သော်ရင်း အကြံအစည်ကို ပြည့်ဝစေနိုင်ခဲ့၏။

၃၉။ ဤဘဝသည် ငါ့အား နောက်ဆုံးဖြစ်၏၊ အဆုံးစွန်သောဘဝ ဖြစ်ပေ၏၊ ဤအဆုံးဘဝ၌လည်း ပုဏ္ဏကဟူသော အမည်သည် ထင်ရှား၏။

၄၀။ သာကီဝင်မင်းတို့၏ ရွှေသွားခေါင်းဆောင်ဖြစ်တော်မူသော ဂေါတမမြတ်စွာဘုရားကို အားရ နှစ်သက်စေ၍ အလုံးစုံသော အာသဝတရားတို့ကို ပိုင်းခြားသိလျက် အာသဝ မရှိပဲ နေရ၏။

၄၁။ ဤဘဒ္ဒကမ္ဘာမှ ကိုးဆယ့်တကမ္ဘာထက်၌ ကောင်းမှုကို ပြုခဲ့ရသောအခါမှစ၍ အပါယ်လေးပါး လားရသည်ကို မသိစဘူးပေ၊ ဤသို့ဖြစ်ရခြင်းသည် အလောင်းတော်ကို မီးသင်္ဂြိုဟ်ခြင်း ကိစ္စ၏ အကျိုးပေတည်း။

၄၂။ ငါသည် ကိလေသာတို့ကို ။ပ။အာသဝမရှိပဲ နေရ၏။

၄၃။ ငါ၏လာခြင်းကား။ပ။ပြုကျင့်အပ်ပြီ။

၄၄။ ပဋိသမ္ဘိဒါလေးပါး။ပ။လိုက်နာကျင့်သုံးပြီးပါပြီ။

ဤသို့လျှင် အသျှင်ပုဏ္ဏကမထေရ်သည် ဤဂါထာတို့ကို မိန့်ဆိုတော်မူ၏။

**နှစ်ခုမြောက် ပုဏ္ဏကတ္ထေရအပဒါန် ပြီး၏။**

---

## ၃-မေတ္တဂုတ္ထေရအပဒါန်

၄၅။ ဟိမဝန္တာ၏အနီး၌ အာသောကမည်သော တောင်သည် ရှိ၏၊ ထိုတောင်၌ ဝိသုကြုံ နတ်သား ဖန်ဆင်းအပ်သော ငါ၏ သင်္ခမ်းကျောင်းသည် ရှိ၏။

၄၆။ မဟာကရုဏာရှိတော်မူသော ရဟန်းမြတ်ဖြစ်တော်မူသော သုမေဓာအမည်ရှိတော်မူသော မြတ်စွာဘုရားသည် နံနက်အခါ(သင်္ကန်းကို) ပြင်ဝတ်၍ ဆွမ်းအလို့ငှါ ငါ၏ အထံသို့ ကြွလာတော်မူ၏။

၄၇။ (ငါ၏အထံသို့)ကြွလာတော်မူသော လုံ့လကြီးမားတော်မူသော လောက၏ရှေ့သွား သုမေဓာမြတ်စွာဘုရားကို ဖူးမြင်ရ၍ ဘုရားသပိတ်တော်ကို ယူပြီးလျှင် ထောပတ်ဆီကို ပြည့်စေခဲ့၏။

http://www.dhammadownload.com



၄၈။ ငါသည် လောက၏ရှေ့သွား သုမေဓာဘုရားမြတ်အား ပေးလှူ၍ လက်အုပ်ချီပြီးလျှင် လွန်စွာ ရွှင်လန်းခြင်းကို ဖြစ်စေခဲ့၏။

၄၉။ ထောပတ်အလှူကြောင့်ရင်း စေတနာတောင့်တမှုတို့ကြောင့်ရင်း နတ်ဖြစ်သော် ရင်း လူဖြစ်သော်ရင်း ပြန့်ပြောသော ချမ်းသာကို ရပေ၏။

၅၀။ ငါသည် အပါယ်လေးပါးကို ကြဉ်၍ ဘဝကြီးငယ်၌ ကျင်လည်ရပေ၏၊ ထိုမြတ်စွာ ဘုရား၌ စိတ်ကို တောင့်တခဲ့ခြင်းကြောင့် တုန်လှုပ်ခြင်းမရှိသော နိဗ္ဗာန်ကို ရပေ၏။

၅၁။ ပုဏ္ဏား ငါဘုရားကို ဖူးမြင်ရခြင်းသည် အရတော်ပေစွ၊ သင့်အား ကောင်းစွာအရ တော်ပေစွ၊ ငါဘုရားအား ဖူးမြင်ခြင်းကို အကြောင်းပြု၍ (သင့်အား) အရဟတ္တဖိုလ်သည် ဖြစ်ပေါ်လတ္တံ့။

၅၂။ သင်သည် လွတ်လွတ်ကျွတ်ကျွတ်ဖြစ်လော့၊ မကြောက်လင့်၊ ငါဘုရားအား ထောပတ်ကို လှူသောကြောင့် အခြံအရံ အကျော်အစော များစွာကို ရရှိ၍ ပဋိသန္ဓေ နေခြင်းမှ လွတ်မြောက်လတ္တံ့။

၅၃။ ဤထောပတ်အလှူကြောင့်ရင်း စေတနာတောင့်တမှုတို့ကြောင့်ရင်း နတ်ဖြစ်သော် ရင်း လူဖြစ်သော်ရင်း ပြန့်ပြောသော ချမ်းသာကို ရပေ၏။

၅၄။ ဤထောပတ်အလှူကြောင့်ရင်း မေတ္တာစိတ်ရှိသည်၏ အဖြစ်ကြောင့်ရင်း ကမ္ဘာ တထောင့်ရှစ်ရာတို့ပတ်လုံး နတ်ပြည်၌ မွေ့လျော်ရလတ္တံ့။

၅၅။ သုံးဆယ့်ရှစ်ကြိမ်တိုင်တိုင်လည်း နတ်မင်းဖြစ်လတ္တံ့၊ ပြန့်ပြောသော ပဒေသရာဇ်မင်း အဖြစ်ကိုကား ဂဏန်းအားဖြင့် မရေတွက်နိုင်ချေ။

၅၆။ အောင်အပ်ပြီးသော ရန်သူရှိသော သမုဒ္ဒရာ လေးစင်းအဆုံးရှိသော ဇမ္ဗူကျွန်းလုံး ကို အစိုးရသော စကြဝတေးမင်းလည်း ငါးဆယ့်တကြိမ်တိုင်တိုင် ဖြစ်လတ္တံ့။

၅၇။ မချောက်ချားအပ်သော မဟာသမုဒ္ဒရာကဲ့သို့ရင်း ထုတ်ဆောင်နိုင်ခဲသော မြေကြီး ကဲ့သို့ရင်း ထိုအတူ သင့်အား မနှိုင်းရှည့် မရေတွက်နိုင်သော စည်းစိမ် ဥစ္စာတို့သည် ဖြစ်ကုန် လတ္တံ့။

၅၈။ ငါသည် ရွှေငွေ ကုဋေခြောက်ဆယ်ကို စွန့်၍ ရဟန်းပြုခဲ့၏၊ ကုသိုလ်ဟူသည် အဘယ် နည်းဟု ရှာမှီးလျက် ဗာဝရီရသေ့ထံ ချဉ်းကပ်ခဲ့၏။

၅၉။ ထိုရသေ့ထံ၌ ဗေဒင်တို့ကိုရင်း ဆဠင်္ဂမည်သော လက္ခဏာကျမ်းကိုရင်း သင်ယူလျက် ရှိ၏၊ မြတ်စွာဘုရား အရှင်ဘုရားသည် အမိုက်မှောင်ကို ပယ်ဖျောက်လျက် ပွင့်တော်မူပါပေ၏၊

၆၀။ မြတ်စွာဘုရား အရှင်ဘုရားအား ဖူးမျှော်လိုသည်ဖြစ်၍ အကျွန်ုပ် လာရောက်ပါ၏၊ အရှင်ဘုရား၏ တရားတော်ကို ကြားနာရ၍ တုန်လှုပ်ခြင်းမရှိသော နိဗ္ဗာန်သို့ ရောက်ရပါ၏။

၆၁။ ကမ္ဘာသုံးသောင်းထက်၌ ငါသည် မြတ်စွာဘုရားအား ထောပတ်ကို ပေးလှူခဲ့၏ ဤအတွင်း၌ ငါသည် ထောပတ်ကို တောင်းဘူး၏ဟူ၍ မသိရချေ။

http://www.dhammadownload.com



၆၂။ ငါ၏ အကြံကို သိ၍ အလိုရှိတိုင်း ဖြစ်ပေါ်လေ၏၊ စိတ်ကို သိ၍ ဖြစ်ပေါ်လာသော ထေ၁ပတ်ကို အားလုံးသော သူတို့ကို ငါသည် ရောင့်ရဲစေ၏။

၆၃။ မြတ်စွာဘုရားတို့သည် အံ့ဩဖွယ် ရှိပါပေကုန်စွ၊ တရားတော်တို့သည် အံ့ဩဖွယ်ရှိပါပေကုန်စွ၊ ငါတို့အား ဆရာနှင့် ပြည့်စုံခြင်းသည် အံ့ဩဖွယ် ရှိပါပေကုန်စွ၊ အနည်းငယ်မျှသော ထေ၁ပတ်ကို ပေးလှူ၍ မရေတွက်နိုင်သော ထေ၁ပတ်ကို ရပေ၏။

၆၄။ မြင်းမိုရ်တောင်နံပါးမှ (စ၍) မဟာသမုဒ္ဒရာ၌ ရှိသမျှသော ရေသည် ငါ၏ထေ၁ပတ်ကို ထောက်ဆသည်ရှိသော် အစိတ်အဘို့မျှ မရှိလတ္တံ့၊ (တဆယ့်ခြောက်စိတ်စိတ်၍ တစိတ်မျှ မရှိဟု ဆိုလိုသည်)။

၆၅။ ငါ့အား ဖြစ်ပေါ်လာသော အဝတ်တို့ကို အစုအပုံပြုသော် စကြဝဠာ၏ ရှိသမျှသော ထိုနေရာသည် ဆန့်လိမ့်မည် မဟုတ်ပေ။

၆၆။ မြင်းမိုရ်တောင်မင်းသည်၎င်း မြတ်သော ဟိမဝန္တာတောင်သည်၎င်း ငါလိမ်းကျံသော နံ့သာ၏ အစိတ်အပိုင်းမျှ မရှိလတ္တံ့။

၆၇။ ငါသည် အဝတ်ကို၎င်း နံ့သာကို၎င်း ထေ၁ပတ်ကို၎င်း မျက်မှောက်၌ မြင်အပ်သော အခြား ပစ္စည်းကို၎င်း ပြုပြင်မှုကင်းသော နိဗ္ဗာန်ကို၎င်း ရရှိခဲ့၏၊ ဤသို့ ဖြစ်ရခြင်းသည် ထေ၁ပတ် လှူရခြင်း၏ အကျိုးပေတည်း။

၆၈။ ငါသည် သတိပဋ္ဌာန်ဟူသော အိပ်ရာ ရှိ၏၊ သမာဓိဈာန်ဟူသော ကျက်စားရာရှိ၏၊ ယခု ဗောဇ္ဈင်ဟူသော အစာဘောဇဉ် ရှိ၏၊ ဤသို့ ဖြစ်ရခြင်းသည် ထေ၁ပတ် လှူရခြင်း၏ အကျိုးပေတည်း။

၆၉။ ငါသည် ကိလေသာတို့ကို ရှို့မြိုက်လောင်ကျွမ်းစေအပ်ကုန်ပြီ။ပ။ အာသဝမရှိပဲ နေရ၏။

၇၀။ ငါ၏ လာခြင်းကား ။ပ။ ပြုကျင့်အပ်ပြီ။

၇၁။ ပဋိသမ္ဘိဒါလေးပါး။ပ။ လိုက်နာကျင့်သုံးပြီးပါပြီ။

ဤသို့လျှင် အသျှင်မေတ္တဂုမထေရ်သည် ဤဂါထာတို့ကို မိန့်ဆိုတော်မူ၏။

သုံးခုမြောက် မေတ္တဂုဝတ္ထုရအပဒါန် ပြီး၏။

---

## ၄-ဓောတကဇာတ်ဝတ္ထုရအပဒါန်

၇၂။ ထိုအခါ ဟိမဝန္တာမှ စ၍ ဖြစ်သော ဘာဂီရထီမည်သော ဂင်္ဂါမြစ်သည် ဟံသာဝတီ မြို့၏ တံခါးမှ စီးဆင်းလျက် ရှိ၏။

၇၃။ သောဘိတမည်သော ကျောင်းတိုက်ကို ဂင်္ဂါမြစ်ကမ်း၌ ကောင်းစွာ ပြုလုပ် ဖန်ဆင်း အပ်၏၊ ထိုကျောင်းတိုက်၌ လောက၏ ရှေ့သွား ပဒုမုတ္တရမြတ်စွာဘုရားသည် သီတင်းသုံးတော်မူ၏။

http://www.dhammadownload.com



၇၄။ သိကြားမင်းသည် တာဝတိံသာနတ်တို့ဖြင့် ခြံရံလျက်နေသကဲ့သို့ ထိုကျောင်းတိုက်၌ မြတ်စွာဘုရားသည် လူတို့ဖြင့် ခြံရံလျက် ကြောက်ရွံ့မှုကင်းသော ခြင်္သေ့မင်းကဲ့သို့ နေတော်မူ၏။

၇၅။ မြတ်စွာဘုရား တပည့်တော်သည် ဗြာဟ္မဏမျိုးဖြစ်၍ ဟံသာဝတီမြို့၌ နေပါ၏၊အမည်အားဖြင့် ဆဋ္ဌဂဟူသော အမည်ရှိသူ ဖြစ်ပါ၏။

၇၆။ ထိုအခါ တပည့်ပေါင်း တထောင့်ရှစ်ရာတို့သည် ငါ့ကို ခြံရံလျက် ရှိကုန်၏၊ ထိုတပည့်တို့နှင့် တကွ ဂင်္ဂါမြစ်ကမ်းသို့ ချဉ်းကပ်ခဲ့၏။

၇၇။ ထိုမြစ်ကမ်း၌ ပလ္လွား ဝါကြွားခြင်း ကင်းကုန်သော ဆေးလျှော်အပ်ပြီးသော မကောင်းမှု ရှိကုန်သော ဘာဂီရထီမြစ်ကို ကူးကုန်သော ရဟန်းတို့ကို ဖူးမြင်ရ၏၊ ဖူးမြင်ခြင်းကြောင့် ငါသည် ထိုအခါ ဤသို့ ကြံစည်ခဲ့၏။

၇၈။ ညဉ့် နံနက် (ညဉ့်ရော နေ့ပါ) ကူးကုန်သော အခြံအရံများကုန်သော ဤမြတ်စွာဘုရား၏ သားတော်တို့သည် ခန္ဓာကိုယ်ကို ပင်ပန်းစေကုန်၏၊ ထို ရဟန်းတို့၏ ကိုယ်သည် ပင်ပန်းလျက် ရှိ၏။

၇၉။ နတ်နှင့်တကွသော လူအပေါင်းသည် မြတ်စွာဘုရားကို အမြတ်ဆုံး ပုဂ္ဂိုလ်ဟု ဆိုအပ်ပေ၏၊ မြတ်သော အလှူကို ခံထိုက်သော မြတ်စွာဘုရား၌(ပြုအပ်သော)ဂတိလမ်းကို သုတ်သင်ကြောင်း ကောင်းမှုကုသိုလ်သည် ငါ့အား မရှိချေ။

၈၀။ မြတ်စွာဘုရားအား ဂင်္ဂါမြစ်၌ တံတားကို ဆောက်လုပ်(လှူဒါန်း)ရပါမူ ကောင်းလေရာ၏၊ ဤတံတား ဆောက်လုပ်ခြင်းအမှုကို ပြုလုပ်၍ ဤဘဝကို ကူးမြောက်ပေအံ့။

၈၁။ ငါသည် ဥစ္စာကြေးငွေ တသိန်းပေး၍ တံတားကို ဆောက်လုပ်စေခဲ့၏၊ ပြုအပ်သော ကောင်းမှုကို ယုံကြည်သည်ဖြစ်၍ ပြန့်ပြော ကြီးကျယ်သော အကျိုးသည် ငါ့အား ဖြစ်လတ္တံ့။

၈၂။ ထိုတံတားကို ဆောက်လုပ်စေပြီးလျှင် မြတ်စွာဘုရားထံသို့ ချဉ်းကပ်ခဲ့၏၊ ဦးခေါင်း၌ လက်အုပ်ချီ၍ ဤစကားကို လျှောက်ထားခဲ့၏—

၈၃။ တပည့်တော်သည် အဘိုးအခ တသိန်းပေး၍ အရှင်ဘုရားအကျိုးငှါ တံတားကြီးကို ဆောက်လုပ်စေခဲ့ပါပြီ၊ မြတ်စွာဘုရား အရှင်ဘုရားသည် အလှူခံတော်မူပါ။

၈၄။ ပေးလှူဖွယ် ပစ္စည်းဝတ္ထုတို့ကို ခံယူတော်မူထိုက်သော ပဒုမုတ္တရမြတ်စွာဘုရားသည် ရဟန်းသံဃာအလယ်၌ ထိုင်နေတော်မူ၍ ဤဆိုမည့် ဂါထာတို့ကို မိန့်တော်မူ၏—

၈၅။ အကြင်သူသည် ငါဘုရားအား ကြည်ညိုသည်ဖြစ်၍ မိမိလက်တို့ဖြင့် တံတားကို ဆောက်လုပ်စေခဲ့၏၊ ထိုသူကို ငါဘုရား ဗျာဒိတ်စကား မိန့်ကြားတော်မူအံ့၊ မိန့်ကြားမည့် ငါ၏စကားကို နာယူကြကုန်လော့—

၈၆။ ဤသူသည် ချောက်မှရင်း တောင်မှရင်း သစ်ပင်မှရင်း ကျသည်ဖြစ်စေ (သို့မဟုတ်) စုတေသည်ဖြစ်စေ ဆောက်တည်ရာ(သုဂတိဘဝ)ကို ရလတ္တံ့၊ ဤသို့ ဖြစ်ရခြင်းသည် တံတားလှူရခြင်း၏ အကျိုးပေတည်း။

http://www.dhammadownload.com



၈၇။ စည်ပင် ပြန့်ပွါးသော အမြစ်အစဉ်ရှိသော ပညောင်ပင်ကို (အရပ်လေးမျက်နှာမှ)တိုက်ခတ်လာသော လေသည် မနှိပ်စက်နိုင်သကဲ့သို့ ရန်သူတို့သည် ဤသူ့ကို မနှိပ်စက်နိုင်ကုန်လတ္တံ့၊ ဤသို့ ဖြစ်ရခြင်းသည် တံတားလှူရခြင်း၏ အကျိုးပေတည်း။

၈၈။ ထိုတံတားလှူသူအား ခိုးသူတို့သည် မနှိပ်စက်နိုင်ကုန်လတ္တံ့၊ မင်းတို့သည် မထီမဲ့မြင် မအောက်မေ့ကုန်လတ္တံ့၊ ရန်သူခပ်သိမ်းတို့ကို လွန်မြောက်လတ္တံ့၊ ဤသို့ ဖြစ်ရခြင်းသည် တံတားလှူရခြင်း၏ အကျိုးပေတည်း။

၈၉။ ထိုအခါ လွင်တီးခေါင်အရပ်၌ နေထိုင်လျက် ကောင်းမှုကံနှင့်ယှဉ်သော ထိုသူကို ကြမ်းတမ်းသော နေပူသည်လည်း နှိပ်စက်ခံရသည် မဖြစ်လတ္တံ့။

၉၀။ နတ်ပြည်၌ရှင်း လူ့ပြည်၌ရှင်း ထိုသူ၏ စိတ်အကြံကို သိ၍ ကောင်းစွာ ဖန်ဆင်းအပ်သော ဆင်ယာဉ်သည် ထိုခဏ၌ ဖြစ်ပေါ်လတ္တံ့။

၉၁။ လေကဲ့သို့ လျင်မြန်ကုန်သော လျင်မြန်စွာ ဆောင်နိုင်ကုန်သော သိန္ဓောမြင်းတထောင်တို့သည် ညဉ့် နံနက် ချဉ်းကပ်ကုန်လတ္တံ့၊ ဤသို့ ဖြစ်ရခြင်းသည် တံတားလှူရခြင်း၏ အကျိုးပေတည်း။

၉၂။ ဤသူသည် လူ့ပြည်သို့လာ၍ ချမ်းသာသောသူဖြစ်လတ္တံ့၊ လူဖြစ်လျက်သာလျှင် ကောင်းကင်၌ သွားနိုင်သော ဆင်ယာဉ်သည် ဖြစ်ပေါ်လတ္တံ့။

၉၃။ ကမ္ဘာတသိန်းထက်၌ ဩက္ကာကမင်းမျိုး၌ဖြစ်သော အနွယ်အားဖြင့် ဂေါတမမည်သော မြတ်စွာဘုရားသည် လောက၌ ပွင့်တော်မူလတ္တံ့။

၉၄။ ထိုဂေါတမမြတ်စွာဘုရား၏တရားတို့၌ တရားသည် ဖန်ဆင်းအပ်သော အမွေခံသားဖြစ်၍ အာသဝတရားအားလုံးတို့ကို ပိုင်းခြားသိပြီးလျှင် အာသဝမရှိပဲ ပရိနိဗ္ဗာန်ပြုလတ္တံ့ (ဟု ဟောတော်မူ၏)။

၉၅။ ပဒုမုတ္တရမြတ်စွာဘုရား၌ ကောင်းစွာပြုခဲ့သောငါ၏ကံသည် အံ့ဩဖွယ်ရှိပါပေစွ၊ ထိုမြတ်စွာဘုရား၌ ကောင်းမှုကို ပြုခဲ့ခြင်းကြောင့် ငါသည် အာသဝတရား ကုန်ခြင်းသို့ ရောက်ရပေ၏။

၉၆။ ငါသည် ကမ္မဋ္ဌာန်းအားထုတ်ခြင်းသို့ လွှတ်အပ်သောစိတ်ရှိသည်ဖြစ်၍ ကိလေသာမီး ငြိမ်းပြီးသူ ဥပဓိမရှိသူဖြစ်ပေ၏၊ ဆင်ပြောင်ကြီးသည် အနှောင်အဖွဲ့ကိုဖြတ်၍ နေသကဲ့သို့ ငါသည် အာသဝမရှိပဲ နေရပေ၏။

၉၇။ ငါသည် ကိလေသာတို့ကို ရှို့မြိုက်လောင်ကျွမ်းစေအပ်ကုန်ပြီ။ပ။အာသဝမရှိပဲ နေရပေ၏။

**၉၈။ ငါ၏လာခြင်းကား စင်စစ် ကောင်းမွန်ပေ၏။ပ။ မြတ်စွာဘုရား၏ အဆုံးအမတော်ကို လိုက်နာကျင့်သုံးအပ်ပြီ။**

http://www.dhammadownload.com



၉၉။ လေးပါးသော ပဋိသမ္ဘိဒါတို့ကိုရင်း ရှစ်ပါးသော ဤဝိမောက္ခတို့ကိုရင်း ခြောက်ပါးသော အဘိညာဉ်တို့ကိုရင်း မျက်မှောက်ပြုအပ်ပါကုန်ပြီ၊ မြတ်စွာဘုရား၏ အဆုံးအမတော်ကို လိုက်နာကျင့်သုံးပြီးပါပြီ။

ဤသို့လျှင် အသျှင်ခေါတကမထေရ်သည် ဤဂါထာတို့ကို မိန့်ဆိုတော်မူ၏။

လေးခုမြောက် ခေါတကတ္ထေရအပဒါန် ပြီး၏။

---

## ၅-ဥပသီဝတ္ထေရအပဒါန်

၁၀၀။ ဟိမဝန္တာ၏အနီး၌ အနောမမည်သော တောင်သည် ရှိ၏၊ (ထိုတောင်၌) ငါသည် သခ်မ်းကျောင်းကို ကောင်းစွာဆောက်လုပ်ထား၏၊ သစ်ရွက်မိုးကျောင်းကိုလည်း ကောင်းစွာပြုလုပ် ဖန်ဆင်းထားပေ၏။

၁၀၁။ ထိုတောင်၌ ကောင်းသောဆိပ်ကမ်းရှိသည်ဖြစ်၍ စိတ်နှလုံးကို မွေ့လျော်စေနိုင်သော မြစ်သည်လည်း စီးဆင်းလျက်ရှိ၏၊ ရေမျှားရာဆိပ်ကမ်း၌ ပဒုမာကြာ ဥပ္ပလကြာတို့သည် များစွာပေါက်ရောက်လျက် ရှိကုန်၏။

၁၀၂။ ဖယ်တို့သည်ရင်း တောန်တို့သည်ရင်း ငပတ်တို့သည်ရင်း ငရန့် ငမြင်းတို့သည်ရင်း (များစွာရှိကုန်၏၊) ထိုအခါ၌ မြစ်သည် ငါး-လိပ်တို့ဖြင့် ဖုံးလွှမ်းကာ စီးဆင်းလျက်ရှိ၏။

၁၀၃။ ထိုတောင်၌ ကျည်းပင်တို့သည်ရင်း သော်ကပင်တို့သည်ရင်း ပန်းပင်ငယ်တို့သည်ရင်း ပုန်းညက်ပင်တို့သည်ရင်း တောင်ပုန်းညက်ပင်တို့သည်ရင်း ပွင့်ကုန်လျက် ငါ၏ သခ်မ်းကျောင်းကို ကြိုင်လှိုင်စေကုန်၏။

၁၀၄။ ထိုတောင်၌ လက်ထုပ်ပင်တို့သည်ရင်း ကြက်ရိုးတောတို့သည်ရင်း ပွင့်လျက်ရှိကုန်၏၊ ထိုတောင်၌ များစွာသော အင်ကြင်းပင်တို့သည်ရင်း ထင်းရှူးပင်တို့သည်ရင်း စကားပင်တို့သည်ရင်း ပွင့်လျက်ရှိကုန်၏။

၁၀၅။ ဖောက်ကြံ့ပင်တို့သည်ရင်း ကင်ပွန်းပင်တို့သည်ရင်း ရှားစောင်းကြီးပင်တို့သည်ရင်း ပွင့်လျက်ရှိကုန်၏၊ ပိတောက်ပင်တို့သည်ရင်း ပျားအနံ့ရှိသော ပန်းတို့သည်ရင်း ထိုသစ်ပင်တို့သည် ငါ၏သခ်မ်းကျောင်း၌ ပွင့်လျက်ရှိကုန်၏။

၁၀၆။ ငုစပ်ပင်တို့သည်ရင်း သခွတ်ပင်တို့သည်ရင်း စပယ်ကြီးပင်တို့သည်ရင်း ဥပါသကာပင်တို့သည်ရင်း ထက်ဝန်းကျင်မှ ယူဇနာခွဲတိုင်အောင် လိပ်ဆူးရွှေပန်းဖြင့် ဖုံးလွှမ်းလျက် ရှိကုန်၏။

၁၀၇။ မာတင်္ဂါရသစ်ပင်တို့သည်ရင်း မိုးစွေပင်တို့သည်ရင်း သခွတ်ပင်တို့သည်ရင်း ရေဥန္နဲပင်တို့သည်ရင်း များစွာသော မုန်ကူ (အင်္ကောလက) ပင်တို့သည်ရင်း လက်ပံပင်တို့သည်ရင်း ထိုတောင်၌ ပွင့်လျက်ရှိကုန်၏၊ ငါ၏ ထိုသခ်မ်းကျောင်း၌ ကျောက်ပန်းတို့သည် များစွာပွင့်လျက်ရှိကုန်၏။

http://www.dhammadownload.com



၁ဝ၈။ ထိုသစ်ပင်တို့သည် အပွင့် ပွင့်ကုန်သည်ရှိသော် များစွာသောသစ်ပင်တို့သည် တင့်တယ်လှပကုန်၏၊ ငါ၏ သင်္ခမ်းကျောင်းသည် ထိုပန်းရနံ့ဖြင့် ထက်ဝန်းကျင်ကြိုင်လှိုင်လျက်ရှိ၏။

၁ဝ၉။ သဖန်းခါးပင်တို့သည်၎င်း သျှိသျှားပင်တို့သည်၎င်း သရက် သပြေ သစ်ဆိမ့်ပင်တို့သည်၎င်း ဆီးပင်တို့သည်၎င်း ချေးပင်တို့သည်၎င်း ဥသျှစ်ပင်တို့သည်၎င်း ဖက်သက်တရော်အသီးတို့သည်၎င်း (ထိုတောင်၌ များပြားကုန်၏)။

၁၁ဝ။ တည်ပင်တို့သည်၎င်း လွှန်ပင်တို့သည်၎င်း သစ်မည်စည်ပင်တို့သည်၎င်း ထောက်ရှာပင်တို့သည်၎င်း တောင်ပိန္နဲပင်တို့သည်၎င်း အိမ်ပိန္နဲပင်တို့သည်၎င်း ငှက်ပျောသီး ဆီးသီးမှည့်တို့သည်၎င်း ထိုတောင်၌ များပြားကုန်၏။

၁၁၁။ ထိုတောင်၌ဝေုးပင်တို့သည်၎င်း ဖရဲသီးတို့သည်၎င်း များပြားကုန်၏၊ရှောက်ကြီးပင် သမ္ဘာရီပင်တို့သည် ငါ၏သင်္ခမ်းကျောင်းအနီး၌ သီးလျက်ရှိကုန်၏။

၁၁၂။ ပဲဘက်ပင်တို့သည်၎င်း ရသေ့စားပဲတို့သည်၎င်း ထို့မှတပါး သပြက်သီး(မောဒ) သစ်သီးတို့သည်၎င်း များပြားကုန်၏၊ မှည့်၍လေးသောအသီးဝန်ရှိကုန်သော (ထန်း)အဝဋ္ဋ ပင်တို့သည်၎င်း ညောင်ကြတ်ပင် သဖန်းပင်တို့သည်၎င်း—

၁၁၃။ ထိုတောင်၌ ပိတ်ချင်းပင် ပြဲ့တ်ပင်တို့သည်၎င်း ပညောင်ပင်တို့သည်၎င်း သီးပင်တို့သည်၎င်း ရေသဖန်းပင်တို့သည်၎င်း စိမ်းလန်းကုန်သော ပဏ္ဍုကဏ္ဍမည်သော သစ်ပင်တို့သည်၎င်း များပြားကုန်၏။

၁၁၄။ ဤသစ်ပင်တို့သည်၎င်း အခြား သစ်ပင်များစွာတို့သည်၎င်း ငါ၏ သင်္ခမ်းကျောင်းအနီး၌ အသီး သီးလျက်ရှိကုန်၏၊ အပွင့်ပွင့်သော သစ်ပင်များစွာတို့သည်၎င်း ငါ၏ သင်္ခမ်းကျောင်းအနီး၌ ပွင့်လျက်ရှိကုန်၏။

၁၁၅။ မျှောက်(ဥ)ပင်တို့သည်၎င်း သင်းတောက်ပင်တို့သည်၎င်း ပိန်းပင်တို့သည်၎င်း သထွေးပင်တို့သည်၎င်း ပဲတက်ပင်တို့သည်၎င်း ထန်းပင်တို့သည်၎င်း ငါ၏ သင်္ခမ်းကျောင်းအနီး၌ ရှိကုန်၏။

၁၁၆။ ငါ၏ သင်္ခမ်းကျောင်းအနီး၌ ကြီးစွာသော ရေအိုင်သည် ရှိ၏၊ကြည်လင်သော ရေရှိ၏၊အေးမြသောရေရှိ၏၊ကောင်းသောရေဆိပ်ရှိ၏၊စိတ်နှလုံးကို မွေ့လျော်စေနိုင်ပေ၏။

၁၁၇။ ထိုရေအိုင်၌ များစွာသော ပဒုမာကြာ ဥပ္ပလကြာတို့သည် ကြာပုဏ္ဍရိက်တို့နှင့် ရောနှောလျက်ရှိကုန်၏၊ မျောက်လျှော်ကျူးတို့ဖြင့် ဖုံးလွှမ်းလျက် အမျိုးမျိုးသော ရနံ့တို့ဖြင့် ကြိုင်လှိုင်လျက်ရှိ၏။

၁၁၈။ (အချို့)ပဒုမာကြာတို့သည် ဖူးငုံလျက် ရှိကုန်၏၊ အခြားတပါးသော ပဒုမာကြာတို့သည် ဝတ်ဆံစွင့်စွင့် ပွင့်ကြကုန်၏၊အခြားတပါးသော ပဒုမာကြာတို့သည် ပွင့်ချပ်ကြွေကျလျက် တည်နေကုန်၏၊ များစွာသောကြာတို့သည် ကြာချက်(ကြာခွက်)မျှသာရှိကုန်လျက် တည်နေကုန်၏။

http://www.dhammadownload.com



၁၁၉။ ကြာစွယ်မှ ချိုမြိန်သောအရည်သည် ယိုစီးလျက်ရှိ၏၊ ကြာရင်း(ရိုး)တို့မှ နို့ရည်နှင့်ထောပတ်နှင့်တူသောအရည်သည် ယိုစီးလျက်ရှိ၏၊ ထက်ဝန်းကျင်မှ ထိုအနံ့ဖြင့် အမျိုးမျိုးသောရနံ့ဖြင့် ကြိုင်လှိုင်လျက် ရှိကုန်၏။

၁၂၀။ များစွာကုန်သော ကုမုဒြာကြာတို့ကိုရင်း သရက်အနံ့ရှိသော ပန်းပင်တို့ကို ရင်း (အသီးအပွင့်ကို) ဆောင်ကုန်လျက် တွေ့မြင်အပ်ကုန်၏၊ ရေအိုင်၏ ကမ်းနားတလျှောက်၌ များစွာကုန်သော ဆပ်သွားပွင့်တို့သည် ပွင့်လျက် ရှိကုန်၏။

၁၂၁။ ခေါင်ရမ်းပင်တို့သည်သည်း ကောင်းစွာ ပွင့်လျက် ရှိကုန်၏၊ မှော်တို့သည် ကောင်းသောအနံ့ရှိကုန်၏၊ ထိုအိုင်၌ ဖမ်းယူတတ်သော မိကျောင်းတို့သည်ရင်း ကြမ်းတမ်းသော ငါးတို့သည်ရင်း ဖြစ်ပေါ်လျက် ရှိကုန်၏။

၁၂၂။ ဖမ်းယူ(ညှို့)တတ်ကုန်သော စပါးကြီးတို့သည် ထိုအိုင်၌ များစွာရှိကုန်၏၊ ငဖယ်တို့သည်ရင်း ငတန်တို့သည်ရင်း ငပတ်တို့သည်ရင်း ငရန့် ငကြင်းတို့သည်ရင်း (ထိုအိုင်၌ များစွာရှိကုန်၏)။

၁၂၃။ ငါးလိပ်တို့ဖြင့် ဖုံးလွှမ်းလျက် ရှိကုန်၏၊ ထိုမှတပါး ပုဘ်သင်ပျံတို့သည်ရင်း ခိုတို့သည်ရင်း ဝမ်းဘဲ(ဟင်္သာ) တို့သည်ရင်း ဘုတ်ငှက်တို့သည်ရင်း ဒင်ကျီးငှက်တို့ သည်ရင်း—

၁၂၄။ ယစ်တို့သည်ရင်း စက္ကဝါက်ငှက်တို့သည်ရင်း မျောက်လှောင်တို့သည်ရင်း ဇီဝဇိုး ငှက်တို့သည်ရင်း များစွာသော ရှဉ့်နက်တို့သည်ရင်း ဝံလိုငှက်တို့သည်ရင်း ထိုးသုတ် ဆောင်ယူတတ်ကုန်သော သိန်း စွန်ငှက်တို့သည်ရင်း များပြားကုန်၏။

၁၂၅။ ဥဗျိုင်းတို့သည်ရင်း ကျေးသားငှက်တို့သည်ရင်း ရှူးပျံတို့သည်ရင်း စမရီ တို့သည်ရင်း များပြားကုန်၏၊ ကာရေနီယမည်သော ငှက်တို့သည်ရင်း တိလကမည်သော ငှက်တို့သည်ရင်း ထိုအိုင်ကိုမှီ၍ အသက်မွေးလျက် ရှိကုန်၏။

၁၂၆။ ခြင်္သေ့တို့သည်ရင်း ကျားတို့သည်ရင်း သစ်တို့သည်ရင်း ဝံပုလွေ အောင်းတို့ သည်ရင်း မျောက်တို့သည်ရင်း ကိန္နရာတို့သည်ရင်း ငါ၏ကျောင်းသင်္ခမ်းအနီး၌ ထင် ကုန်၏။

၁၂၇။ ငါသည် ထိုအနံ့တို့ကို နမ်းရှူလျက်ရင်း သစ်သီးတို့ကို စားလျက်ရင်း နံ့သာ ရေကို သောက်လျက်ရင်း ငါ၏သင်္ခမ်းကျောင်း၌ နေ၏။

၁၂၈။ ဧကီမည်သော သားတို့သည်ရင်း ဝက်တို့သည်ရင်း ငယ်သောရုပ်သွင်သဏ္ဌာန် ရှိကုန်သော ချေ (ဂျီ) တို့သည်ရင်း မီးပူဇော်သူတို့သည်ရင်း ဟူးရားသင်သောသူတို့ သည်ရင်း ငါ၏ သင်္ခမ်းကျောင်း၌ နေကြကုန်၏။

၁၂၉။ ဟင်္သာတို့သည်ရင်း ကြိုးကြာတို့သည်ရင်း ဥဒေါင်းတို့သည်ရင်း သာလိကာ ငှက်တို့သည်ရင်း ဥဩတို့သည်ရင်း ထိုတောင်၌ ကြောင်တို့သည်ရင်း ကုပ်သလုပ် (ငှးကွက်)ငှက်တို့သည်ရင်း တောင်သူကြီးငှက်တို့သည်ရင်း များစွာရှိကုန်၏။

http://www.dhammadownload.com



၁၃၀။ မြေဘုတ်ဘီလူးတို့သည်၎င်း ဒါနဝဘီလူးတို့သည်၎င်း ကုမ္ဘဏ်တို့သည်၎င်း ရက္ခိုသ်ဘီလူးတို့သည်၎င်း များစွာရှိကုန်၏၊ ဂဠုန်တို့သည်၎င်း နဂါးတို့သည်၎င်း ငါ၏ သခ်မ်းကျောင်းအနီး၌ နေကြကုန်၏။

၁၃၁။ တန်ခိုးအာနုဘော်ကြီးကုန်သော ငြိမ်သက်သောစိတ်ရှိသည် ဖြစ်၍ တည်ကြည်ကုန်သော တရားကိုဆောင်ကုန်သော သစ်နက်ရေအပေါ်ရုံကို ဝတ်ကုန်သော ရသေ့အားလုံးတို့သည် ရသေ့ပရိက္ခရာဝန်ဖြင့် ပြည့်ကုန်၍သာလျှင် ငါ၏သခ်မ်းကျောင်း၌ နေကုန်၏။

၁၃၂။ ( ထိုရသေ့တို့သည် ) ထမ်းပိုးတပြန်ခန့်မျှကိုသာလျှင် ကြည့်ရှုကုန်လျက် ရင့်ကျက်သောပညာဉာဏ် ရှိကုန်သည်ဖြစ်၍ ငြိမ်သက်သောဖြစ်ခြင်း ရှိကုန်ပြီးလျှင် လာဘ်ရမှု မရမှုဖြင့် ရောင့်ရဲကြလျက် ငါ၏သခ်မ်းကျောင်း၌ နေကုန်၏။

၁၃၃။ ထိုအခါ၌ ထိုရသေ့တို့သည် လျှော်တေသက်န်းကို ခါကုန်လျက် သစ်နက်ရေကို ပုတ်ခတ်ကုန်ပြီးလျှင် မိမိတန်ခိုးအစွမ်းတို့ဖြင့် ထောက်ပံ့အပ်ကုန်သည်ဖြစ်၍ ကောင်းကင်၌ သွားလာကြကုန်၏။

၁၃၄။ ထိုရသေ့တို့သည် ရေကို မခပ်ကုန်၊ ထင်းကိုင်း မီးပူဇော်ရန် ထင်းကိုင်း မဆောင်ကုန်၊ အလိုလိုသာလျှင် ပြည့်စုံကုန်၏၊ ဤအကျိုးကား တန်ခိုးပြာဋိဟာ၏ အကျိုးပင်တည်း။

၁၃၅။ ထိုရသေ့တို့သည် ဆင်ပြောင်ကြီးတို့ကဲ့သို့၎င်း ကြောက်ရွံ့ခြင်းကင်းကုန်သော ခြင်္သေ့တို့ကဲ့သို့၎င်း ကြေးခွက်ကိုယူ၍ တောအလယ်၌ နေကြကုန်၏။

၁၃၆။ အချို့သောရသေ့တို့သည် အနောက်ကျွန်းသို့ (အစာရှာမှီးခြင်းငှါ) သွားကြကုန်၏၊ အချို့သောရသေ့တို့သည် အရှေ့ကျွန်းသို့ (အစာရှာမှီးခြင်းငှါ) သွားကြကုန်၏၊ အချို့သောရသေ့တို့ကား မြောက်ကျွန်းသို့ (အစာရှာမှီးခြင်းငှါ) သွားကြကုန်၏၊ ထိုရသေ့တို့သည် မိမိတန်ခိုးအစွမ်းကို အမှီပြုကုန်၏။

၁၃၇။ ထိုထိုကျွန်းမှ ဆွမ်းကို ဆောင်ယူ၍ တပေါင်းတည်း ဘုဉ်းပေးသုံးဆောင်ကြကုန်၏၊ အရပ်တပါးသို့ ဖဲသွားကြကုန်သော ထက်မြက်သော တန်ခိုးရှိကုန်သော တာဒိဂုဏ်နှင့် ပြည့်စုံကုန်သော ရသေ့အားလုံးတို့၏—

၁၃၈။ သစ်နက်ရေအသံကြောင့် ထိုအခါ၌ တောသည် ဆူညံလျက် ရှိ၏၊ ကြီးသော လုံ့လရှိတော်မူသော မြတ်စွာဘုရား ထက်မြက်သော အကျင့်ရှိကုန်သော အကျွန်ုပ်၏ ထိုတပည့်တို့သည် ဤသို့ သဘောရှိပါကုန်၏။

၁၃၉။ အကျွန်ုပ်သည် ထိုတပည့်တို့ဖြင့် ခြံရံလျက် အကျွန်ုပ်၏ သခ်မ်းကျောင်း၌ နေပါ၏၊ မိမိအလုပ်ဖြင့် နှစ်သက်စေအပ်ကုန်သော ဆုံးမအပ်ကုန်သော တပည့်တို့သည် အညီအညွတ် လာကုန်၏။

၁၄၀။ မိမိအလုပ်၌ တွယ်တာနှစ်သက်ကြကုန်သော သီလရှိကုန်သော ရင့်ကျက်သော ပညာရှိကုန်သော အပ္ပမညာတို့၌ လိမ္မာကုန်သော ထိုတပည့်တို့သည် အကျွန်ုပ်ကို အားရနှစ်သက်စေပါကုန်၏။

http://www.dhammadownload.com



၁၄၁။ လောကသုံးပါးကို သိတော်မူသော ပေးလှူဖွယ်ပစ္စည်းဝတ္ထုတို့ကို ခံတော်မူထိုက်သော ပဒုမုတ္တရမြတ်စွာဘုရားသည် အခါကို သိတော်မူ၍ ကြွလာတော်မူ၏။

၁၄၂။ သစ္စာလေးပါးကို ထိုးထွင်းသိမြင်တော်မူသော ကိလေသာတို့ကို ပူပန်စေတတ်သော လှုံ့လနှင့်ပြည့်စုံသော ရင့်ကျက်သော ဉာဏ်ရှိတော်မူသော မုနိအစစ်ဖြစ်သော မြတ်စွာဘုရားသည် ကြွလာတော်မူပြီးလျှင် သပိတ်ကို ယူ၍ ဆွမ်းခံအလို့ငှါ ကြွရောက်လာတော်မူ၏။

၁၄၃။ ငါသည် ကြွလာတော်မူသော ပဒုမုတ္တရမည်သော မြတ်စွာဘုရားကို မြက်အခင်းကို ခင်း၍ အင်ကြင်းပန်းတို့ဖြင့် ဖြန့်ကြဲပူဇော်ခဲ့၏။

၁၄၄။ ငါသည် မြတ်စွာဘုရားကို ထိုင်စေတော်မူပြီးလျှင် ရွှင်လန်းသော ထိတ်လန့်သော စိတ်ရှိသည်ဖြစ်၍ တောင်သို့ လျင်မြန်စွာတက်လျက် အကျော်နံ့သာကို ယူ၏။

၁၄၅။ နတ်ရနံ့လှိုင်သော အိုးစရည်းမျှရှိသော ပိန္နဲသီးကို ယူခဲ့၍ ပခုံး၌ တင်ပြီးလျှင် မြတ်စွာဘုရားထံသို့ ချဉ်းကပ်ခဲ့၏။

၁၄၆။ ငါသည် မြတ်စွာဘုရားအား ပိန္နဲသီးကို ပေးလှူပြီး၍ အကျော်နံ့သာကိုလည်း လိမ်းကျံခဲ့၏၊ ကြည်လင်ဝမ်းမြောက်သော စိတ်ရှိသည်ဖြစ်၍ ငါသည် ဘုရားမြတ်ကို ရှိခိုးခဲ့၏။

၁၄၇။ လောကသုံးပါးကို သိတော်မူသော ပေးလှူဖွယ်ပစ္စည်းဝတ္ထုတို့ကို ခံယူတော်မူထိုက်သော ပဒုမုတ္တရမြတ်စွာဘုရားသည် ရသေ့တို့၏အလယ်၌ ထိုင်နေတော်မူ၍ ဤဆိုမည့်ဂါထာတို့ကို ဟောတော်မူ၏—

၁၄၈။ အကြင်သူသည် ငါဘုရားအား ပိန္နဲသီးကိုရင်း အကျော်နံ့သာကိုရင်း နေရာကိုရင်း ပေးလှူ၏၊ ထိုသူကို ငါသည် ဗျာဒိတ်စကား မိန့်ကြားပေအံ့၊ မိန့်ကြားမည့် ငါ၏စကားကို နာယူကြကုန်လော့—

၁၄၉။ ရွာ၌ဖြစ်စေ သို့မဟုတ် တော၌ဖြစ်စေ တောင်ဝှမ်းတို့၌ဖြစ်စေ ယိုဏ်ဂူတို့၌ဖြစ်စေ ဤသူ၏ စိတ်ကိုသိ၍ စားဖွယ်သည် ဖြစ်ပေါ်လတ္တံ့။

၁၅၀။ ဤသူသည် နတ်ပြည်၌ရင်း လူ့ပြည်၌ရင်း ဖြစ်ရသည်ရှိသော် စားဖွယ်အစာတို့ဖြင့်ရင်း အဝတ်တို့ဖြင့်ရင်း ပရိသတ်ကိုရောင့်ရဲနှစ်သိမ့်ရလတ္တံ့။

၁၅၁။ ဤသူသည် ကပ်ရောက်ရတိုင်းသော လူ့အဖြစ် နတ်အဖြစ်ဟူသမျှတို့၌ သူတပါးတို့ မလှုပ်ချောက်ချားနိုင်သော စည်းစိမ်ရှိသည်ဖြစ်၍ ကျင်လည်ရလတ္တံ့။

၁၅၂။ ကမ္ဘာသုံးသောင်းတို့ပတ်လုံး နတ်ပြည်၌ မွေ့လျော်ရလတ္တံ့၊ စကြဝတေးမင်းလည်း အကြိမ်တထောင်တိုင်တိုင် ဖြစ်ရလတ္တံ့။

၁၅၃။ ခုနစ်ဆယ့်တကြိမ်တိုင်တိုင် နတ်မင်းအဖြစ်ကိုလည်း ပြုရလတ္တံ့၊ ပြန့်ပြောများပြားသော ပဒေသရာဇ်မင်းအဖြစ်သည်ကား ဂဏန်းအားဖြင့် မရေမတွက်နိုင်။

၁၅၄။ ကမ္ဘာတသိန်းထက်၌ ဩက္ကာကမင်းမျိုး၌ ဖြစ်သော အမည်အားဖြင့် ဂေါတမမည်သော မြတ်စွာဘုရားသည် လောက၌ ပွင့်တော်မူလတ္တံ့။

http://www.dhammadownload.com



၁၅၅။ ထိုဂေါတမမြတ်စွာဘုရား၏ တရားတို့၌ တရားသည် ဖန်ဆင်းအပ်သော အမွေခံသားတော်ဖြစ်လျက် အာသဝတရား အလုံးစုံတို့ကို ပိုင်းခြားသိပြီးလျှင် အာသဝ မရှိပဲ နေရလတ္တံ့ (ဟု ဟောတော်မူ၏)။

၁၅၆။ အကြင်ငါသည် မြတ်စွာဘုရားကို ဖူးမြင်ရ၏၊ ထိုငါသည် ကောင်းစွာရအပ်သော လာဘ်ကို(လာဘ်ကောင်းလာဘ်မြတ်ကို)ရအပ်ပေ၏၊ ငါသည် ဝိဇ္ဇာသုံးပါးတို့ကို ရအပ်ကုန်ပြီ၊ မြတ်စွာဘုရား၏ အဆုံးအမတော်ကို လိုက်နာပြုကျင့်အပ်ပေပြီ။

၁၅၇။ ရွာ၌ဖြင်စေ သို့မဟုတ် တော၌ဖြစ်စေ တောင်ဝှမ်းတို့၌ဖြစ်စေ လိုဏ်ဂူတို့၌ ဖြစ်စေ ငါ၏စိတ်အကြံကိုသိ၍ စားဖွယ်အစာသည် ငါ့အား အခါခပ်သိမ်း ဖြစ်ပေါ် လျက် ရှိ၏။

၁၅၈။ ငါသည် ကိလေသာတို့ကို ရှို့မြိုက်လောင်ကျွမ်းစေအပ်ကုန်ပြီ။ပ။အာသဝ မရှိပဲ နေရ၏။

၁၅၉။ ငါ၏လာခြင်းကား။ပ။လိုက်နာပြုကျင့်အပ်ပြီ။

၁၆၀။ ပဋိသမ္ဘိဒါလေးပါး။ပ။ကျင့်သုံးပြီးပါပြီ။

ဤသို့လျှင် အသျှင်ဥပသီဝမထေရ်သည် ဤဂါထာတို့ကို မိန့်ဆိုတော်မူ၏။

ငါးခုမြောက် ဥပသီဝတ္ထေရအပဒါန် ပြီး၏။

---

၆-နန္ဒကတ္ထေရအပဒါန်

၁၆၁။ ငါသည် ရှေးအခါက ငှက်တို့တွန်မြူးရာတော၌ သားမုဆိုးဖြစ်ခဲ့၏၊ချေ (ဂျီ) သမင်ကို ရှာမှီးသည်ရှိသော် ပစ္စေကဗုဒ္ဓါကို ဖူးမြင်ရ၏။

၁၆၂။ ထိုအခါ သစ္စာလေးပါးကို သိတော်မူသော အလိုလို ဖြစ်တော်မူသော ရန်သူ တို့သည် မအောင်အပ်သော အနုရုဒ္ဓါမည်သော ထိုပစ္စေကဗုဒ္ဓါသည် တိတ်ဆိတ်မှုကို အလိုရှိတော်မူသည်ဖြစ်၍ တောသို့ ဝင်ရောက်တော်မူ၏။

၁၆၃။ ငါသည် တိုင်လေးလုံးဘို့ကိုယူ၍ လေးဌာန၌ စိုက်ထူထား၏၊(စိုက်ထူပြီးသော်) မဏ္ဍပ်ကို ကောင်းစွာပြုလုပ်၍ ပဒုမာကြာတို့ဖြင့် ဆောင်းမိုး၏။

၁၆၄။ မဏ္ဍပ်မိုးပြီး၍ မြတ်စွာဘုရား (ပစ္စေကဗုဒ္ဓါ)ကို ရှိခိုး၏၊ ထိုအရပ်၌ပင် လေး ကို ပစ်ချ၍ ရဟန်းဘောင်၌ ရဟန်းပြုခဲ့၏။

၁၆၅။ ရဟန်းပြု၍ မကြာမြင့်မီ ငါ့အား အနာသည် ဖြစ်ပေါ်ခဲ့၏၊ငါသည် ရှေးကံကို အောက်မေ့၍ ထိုအရပ်၌ ကွယ်လွန်ခဲ့၏။

၁၆၆။ ငါသည် ရှေးကံနှင့် ယှဉ်သည်ဖြစ်၍ တုသိတာနတ်ပြည်သို့ ရောက်ရပေ၏၊ ထိုတုသိတာနတ်ပြည်၌ ရွှေဗိမာန်သည် (ငါ့အား) အလိုရှိတိုင်း ဖြစ်လေ၏။

http://www.dhammadownload.com



၁၆၇။ (ငါ့အား) နတ်မြင်းတထောင်ကသော နတ်ယာဉ်သည် တည်ရှိ၏၊ ငါသည် ထို ယာဉ်သို့ တက်စီး၍ အလိုရှိသော အရပ်သို့ သွားရပေ၏။

၁၆၈။ ထိုအခါ ငါသွားသည်ရှိသော် နတ်ဖြစ်သော ငါ၏ ထက်ဝန်းကျင်မှ ယူဇနာ တရာတိုင်အောင် မဏ္ဍပ်သည် ငါ့အား ဆောင်းမိုးလျက် ရှိ၏။

၁၆၉။ ငါသည် ပန်းအခင်းဖြင့် ဖုံးလွှမ်းအပ်သော အိပ်ရာ၌ အိပ်ရ၏၊ ကောင်းကင်မှ လည်း ပဒုမာကြာ (မိုး)တို့သည် အခါခပ်သိမ်း ရွာသွန်းလျက် ရှိကုန်၏။

၁၇၀။ တံလျှပ်သည် တလျှပ်လျှပ် တုန်လှုပ်လျက် နေသည် ပူလျက်ရှိသော်လည်း ငါ့ကို နေသည် မပူလောင်ချေ၊ ဤသို့ဖြစ်ရခြင်းသည် မဏ္ဍပ်လှူရခြင်း၏ အကျိုးပေတည်း။

၁၇၁။ ငါသည် ဒုဂ္ဂတိဘဝကို လွန်မြောက်ခဲ့၏၊ ငါသည် အပါယ်တံခါးတို့ကို ပိတ်အပ်ကုန်ပြီ၊ မဏ္ဍပ်၌ရှင်း သစ်ပင်ရင်း၌ရှင်း ပူပန်ခြင်းသည် ငါ့အား မရှိချေ။

၁၇၂။ ငါသည် မြေဟူသော အမှတ်သညာကို အဓိဋ္ဌာန်ပြု၍ သမုဒ္ဒရာ ဆားငံရေကို ကူးနိုင်ပေ၏၊ ထိုငါသည် ကုသိုလ်ကံကို ကောင်းစွာပြုအပ်၏၊ ဤသို့ဖြစ်ရခြင်းသည် ဘုရားအား ပူဇော်ရခြင်း၏ အကျိုးပေတည်း။

၁၇၃။ ငါသည် ကောင်းကင်၌ ခရီးသမ်း မဟုတ်သည် ကိုလည်း ခရီးလမ်း သဖွယ် ပြုလုပ်၍ ကောင်းကင်၌ သွားလာနိုင်ပေ၏၊ ကောင်းစွာ ပြုအပ်သော ငါ၏ကံသည် အံ့ဩဖွယ်ရှိပါပေစွ၊ ဤသို့ဖြစ်ရခြင်းသည် ဘုရားအား ပူဇော်ရခြင်း၏ အကျိုးပေတည်း။

၁၇၄။ ငါသည် ရှေး၌ နေဘူးသော ခန္ဓာအစဉ် (ရှေးဘဝ)ကို သိနိုင်ပေ၏၊ ဒိဗ္ဗစက္ခု အဘိညာဉ်ကို သုတ်သင်အပ်ပေပြီ၊ ငါ့အား အာသဝတရားတို့ ကုန်လေပြီ၊ ဤသို့ဖြစ်ရ ခြင်းသည် ဘုရားအား ပူဇော်ရခြင်း၏ အကျိုးပေတည်း။

၁၇၅။ ငါသည် ရှေး၌ဖြစ်သော (ဗြာဟ္မဏ)ဇာတ်ကို စွန့်အပ်ပေပြီ၊ ငါသည် မြတ်စွာဘုရား၏ ရင်နှစ်သားတော်ဖြစ်၍ သူတော်ကောင်းတရား၌လည်း အမွေခံသူဖြစ်၏၊ ဤသို့ဖြစ်ရခြင်းသည် ဘုရားအား ပူဇော်ရခြင်း၏ အကျိုးပေတည်း။

၁၇၆။ ငါသည် တရားတည်းဟူသော တံခွန်ရှိသူ တရားတည်းဟူသော အမွေခံရှိသူ ဖြစ်၍ သာကီဝင်မင်းတို့၏ ရှေ့သွားခေါင်းဆောင် ဖြစ်သော ဂေါတမ မြတ်စွာဘုရားကို အားရနှစ်သိမ့်စေအပ်ပေပြီ၊ ဤသို့ ဖြစ်ရခြင်းသည် ဘုရားအား ပူဇော်ရခြင်း၏ အကျိုး ပေတည်း။

၁၇၇။ လောက၏ ရှေ့သွား သာကီဝင်မင်းတို့၏ ခေါင်းဆောင် ဖြစ်သော ဂေါတမ မြတ်စွာဘုရားကိုလည်း ဆည်းကပ်လုပ်ကျွေး၍ နိဗ္ဗာန်သို့ ရောက်ကြောင်းလမ်းကို မြတ်စွာ ဘုရားအား မေးလျှောက်ခဲ့၏။

၁၇၈။ မေးလျှောက်အပ်သော မြတ်စွာဘုရားသည် နက်နဲသိမ်မွေ့သော နိဗ္ဗာန်ကို ဟောပြတော်မူ၏၊ ငါသည် ထိုမြတ်စွာဘုရား၏ တရားတော်ကို နာယူရခြင်းကြောင့် အာသဝကုန်ခြင်းသို့ ရောက်ရပေ၏။

http://www.dhammadownload.com



၁၇၉။ ငါ၏ ကောင်းစွာပြုအပ်သောကံသည် အံ့ဩဖွယ်ရှိပါပေစွ၊ ငါသည် အာသဝ တရားအားလုံး ကုန်ခန်းသူဖြစ်၍ ပဋိသန္ဓေမှ လွတ်မြောက်ခဲ့ပေ၏၊ ယခုတဖန် ဘဝသစ် သည် ငါ့အား မရှိတော့ပြီ။

၁၈၀။ ငါသည် ကိလေသာတို့ကို။ပ။ အာသဝမရှိပဲ နေရ၏။

၁၈၁။ ငါ၏လာခြင်းကား။ပ။ လိုက်နာပြုကျင့်အပ်ပြီ။

၁၈၂။ လေးပါးသော ပဋိသမ္ဘိဒါတို့ကိုရင်း ။ပ။ ကျင့်သုံးပြီးပါပြီ။

ဤသို့လျှင် အသျှင်နန္ဒကမထေရ်သည် ဤဂါထာတို့ကို မိန့်ဆိုတော်မူ၏။

ခြောက်ခုမြောက် နန္ဒကတ္ထေရအပဒါန် ပြီး၏။

---

## ၇-ဟေမကတ္ထေရအပဒါန်

၁၈၃။ ထိုအခါ၌ အနောမမည်သော ရသေ့သည် တောင်ဝှမ်းအထွတ်ကို အမှီပြု၍ သစ်မ်းကျောင်းကို ကောင်းစွာ ဆောက်လုပ်ပြီးလျှင် သစ်ရွက်မိုးကျောင်း၌ နေ၏။

၁၈၄။ ထိုရသေ့အား ကျင့်ဖွယ်ကိစ္စသည် ပြီးစီးလေ၏၊ မိမိ၏တန်ခိုးအစွမ်း၌ အပြီး သို့ ရောက်လေ၏၊ မိမိ၏ ရသေ့ရဟန်းအဖြစ်၌ ရဲရင့်သူဖြစ်၏၊ ကိလေသာတို့ကို ပူပန်စေ တတ်သောလုံ့လ ရင့်ကျက်သော ပညာရှိသော ရသေ့ဖြစ်ပေ၏။

၁၈၅။ ထိုရသေ့သည် မိမိအယူဝါဒ၌ ရဲရင့်သူဖြစ်၍ သူတပါးအယူဝါဒ၌လည်း ကျွမ်း ကျင်ပေ၏၊ မြေအတတ် ကောင်းကင်အတတ်၌ ကျော်ကြားသူဖြစ်၍ ဥပ္ပါတကျမ်း၌လည်း ကျွမ်းကျင်ပေ၏။

၁၈၆။ စိုးရိမ်ခြင်း ကင်းပေ၏၊ မြဲသောလုံ့လရှိပေ၏၊ နည်းပါးသောအာဟာရရှိပေ ၏၊ အစာအာဟာရ၌ တပ်မက်မှု မရှိပေ၊ ရရသမျှနှင့် ရောင့်ရဲပေ၏၊ ဈာန်ဝင်စားလေ့ရှိ ပေ၏၊ ဈာန်၌ မွေ့လျော်သော ရသေ့ဖြစ်ပေ၏။

၁၈၇။ ထိုအခါ၌ မဟာကရုဏာတော်ရှိတော်မူသော ရဟန်းမြတ် ဖြစ်တော်မူသော ထိုပိယဒဿီမြတ်စွာဘုရားသည် သတ္တဝါတို့ကို ကယ်တင်တော်မူလိုသည်ဖြစ်၍ မဟာကရု ဏာဖြင့် ဖြန့်တော်မူ၏။

၁၈၈။ ရဟန်းမြတ်ဖြစ်တော်မူသော ပိယဒဿီမြတ်စွာဘုရားသည် ကျွတ်ထိုက်သော သတ္တဝါကို မြင်လတ်သော် စကြဝဠာတထောင်တိုင်အောင်လည်း ကြွသွားတော်မူ၍ ဆုံးမတော်မူ၏။

၁၈၉။ ထိုမြတ်စွာဘုရားသည် ငါ့ကို ထုတ်ဆောင်ကယ်တင်တော်မူလိုသည်ဖြစ်၍ ငါ၏ သခ်မ်းကျောင်းသို့ ကြွလာတော်မူ၏ ငါသည် မြတ်စွာဘုရားကို ရှေးက မြင်လည်း မမြင်ဘူးချေ၊ တစုံတယောက်သောသူ၏ စကားကိုမျှ ကြားလည်း မကြားဘူးပေ။

http://www.dhammadownload.com



၁၉၀။ ငါသည် ဥပ္ပါတကျမ်းတို့ကိုရင်း အိပ်မက်ကျမ်းတို့ကိုရင်း လက္ခဏာကျမ်းတို့ကို ရင်း ကောင်းစွာပြသလျက်ရှိ၏၊ မြေအတတ် ကောင်းကင်အတတ်၌ ကျော်ကြားသူဖြစ်၍ နက္ခတ်အတတ် ဗျာကရုဏ်းအတတ်တို့၌ ကျမ်းကျင်ပေ၏။

၁၉၁။ ထိုငါသည် မြတ်စွာဘုရား၏ တရားစကားကို ကြားနာရ၍ ထိုမြတ်စွာဘုရား၌ စိတ်ကို ကြည်လင်စေခဲ့၏၊ ရပ်သော်ရင်း ထိုင်သော်ရင်း အခါခပ်သိမ်း (မြတ်စွာဘုရား ကို) အောက်မေ့ခဲ့၏။

၁၉၂။ ငါသည် ဤသို့အောက်မေ့လတ်သော် မြတ်စွာဘုရားသည်လည်း အောက်မေ့ တော်မူ၏၊ မြတ်စွာဘုရားကို အောက်မေ့သောငါ့အား ထိုဇော၌ ပီတိသည် ဖြစ်ပေါ်လျက် ရှိ၏။

၁၉၃။ မြတ်စွာဘုရားသည် လျောက်ပတ်သောကာလကို စွဲ၍လည်း ငါ့ထံသို့ တဖန် ကြွတော်မူလာ၏၊ ကြွရောက်လာသော်လည်း ဤပုဂ္ဂိုလ်ကား ရဟန်းမြတ်ဖြစ်သော မြတ်စွာဘုရားဟု ငါသည် မသိပေ။

၁၉၄။ အစဉ်သနားတော်မူတတ်သော မဟာကရုဏာတော်ရှိတော်မူသော ပိယ ဒဿီမြတ်စွာဘုရားသည် နတ်နှင့်တကွသော လောက၌ ငါသည် ဘုရားပင်တည်းဟု မိမိ ကိုယ်ကို သိစေတော်မူ၏။

၁၉၅။ ငါသည် မြတ်စွာဘုရားဟု သိလတ်သော် ပိယဒဿီမြတ်စွာဘုရား၌ မိမိ စိတ်ကို ကြည်လင်စေ၍ ဤစကားကို လျှောက်ထား၏—

၁၉၆။ အခြားတပါးသော သူတို့သည် အင်းပျဉ်၌ရင်း ပလ္လင်၌ရင်း အခြေတပ်သော ညောင်စောင်းတို့၌ရင်း ထိုင်ပါကုန်၏၊ တရားအားလုံးကို သိမြင်တော်မူသော မြတ်စွာ ဘုရား အရှင်ဘုရားသည်လည်း ရတနာဖြင့်ပြီးသော နေရာ၌ ထိုင်တော်မူပါ။

၁၉၇။ ထိုအခါ ငါသည် ရတနာအလုံးစုံဖြင့် ပြီးသော အင်းပျဉ်ကို ဖန်ဆင်း၍ တန်ခိုးဖြင့် ဖန်ဆင်းအပ်သော ထိုအင်းပျဉ်ကို ပိယဒဿီမြတ်စွာဘုရားအား ပေးလှူခဲ့၏။

၁၉၈။ ထိုအခါ ငါသည် တန်ခိုးဖြင့် ဖန်ဆင်းအပ်သော ရတနာအင်းပျဉ်၌ ထိုင်နေ တော်မူသော မြတ်စွာဘုရားအား အိုးစရည်းခန့်ရှိသော ဇမ္ဗုသပြေသီးကို ပေးလှူခဲ့၏။

၁၉၉။ မြတ်စွာဘုရားသည် ငါ့အား ရွှင်လန်းခြင်းကို ဖြစ်စေ၍ ဘုဉ်းပေးသုံးဆောင် တော်မူ၏၊ ထိုအခါ၌ ငါသည် စိတ်ကို ကြည်လင်စေ၍ မြတ်စွာဘုရားကို ရှိခိုးခဲ့၏။

၂၀၀။ လောက၏ အကြီးအမှူးဖြစ်တော်မူသော လူတို့ထက် မြတ်တော်မူသော ပိယ ဒဿီမြတ်စွာဘုရားသည် ရတနာဖြင့် ပြီးသောနေရာ၌ နေတော်မူလျက် ဤဂါထာတို့ကို ဟောတော်မူ၏—

၂၀၁။ အကြင်သူသည် ငါဘုရားအား ရတနာဖြင့်ပြီးသော အင်းပျဉ်ကိုရင်း အမြိုက်ဆေးသဖွယ်ဖြစ်သော ဇမ္ဗုသပြေသီးကိုရင်း ပေးလှူ၏၊ ထိုသူကို ငါသည် ဗျာဒိတ်စကား မိန့်ကြားပေအံ့၊ မိန့်ကြားမည့် ငါ၏စကားကို နာယူကြကုန်လော့—

၂၀၂။ ခုနစ်ဆယ့်ခုနစ်ကမ္ဘာတို့ပတ်လုံး နတ်ပြည်၌ မွေ့လျော်ရလတ္တံ့၊ စကြဝတေး မင်းလည်း ခုနစ်ဆယ့်ငါးကြိမ်တိုင်တိုင် ဖြစ်လတ္တံ့။

http://www.dhammadownload.com



၂၀၃။ သုံးဆယ့်နှစ်ကြိမ်ဘိုင်တိုင် နတ်တို့ကို အစိုးရသူဖြစ်၍ နတ်မင်းအဖြစ်ကို ပြုရလတ္တံ့၊ ပြန့်ပြောသော ပဒေသရာဇ်မင်းအဖြစ်သည်ကား ဂဏန်းအားဖြင့် မရေတွက်နိုင်။

၂၀၄။ ကောင်းစွာပြုလုပ်အပ်သော ရွှေပလ္လင်ကိုရင်း ငွေပလ္လင်ကိုရင်း ပတ္တမြားနီ ပလ္လင်ကိုရင်း ရတနာမျိုးစုံပလ္လင်ကိုရင်း များစွာ ရလတ္တံ့။

၂၀၅။ ထိုအခါ၌ ဘုန်းကံနှင့်ပြည့်စုံသော ဤသူ့ကို စကြံသွားဆဲပင် ဖြစ်သော်လည်း များစွာသောပလ္လင်တို့သည် ခြံရံကုန်လတ္တံ့။

၂၀၆။ အထွတ်ဘပ်သော ပြာသာဒ်တို့သည်ရင်း မြတ်သောသူတို့အားသာ ထိုက်တန်သော အိပ်ရာနေရာသည်ရင်း ဤသူ၏စိတ်ကိုသိ၍ ထိုခဏ၌ ဖြစ်ပေါ်ကုန်လတ္တံ့။

၂၀၇။ ခပ်သိမ်းသောတန်ဆာတို့ဖြင့် တန်ဆာဆင်အပ်ကုန်သော ရွှေခါးကြိုးရှိကုန်သော ရွှေတန်ဆာဖြင့် ဖုံးလွှမ်းအပ်ကုန်သော လုံချွန်းတောင်းလက်စွဲကုန်သော—

၂၀၈။ ဆင်စီးသူရဲတို့သည် တက်စီးအပ်ကုန်သော ခြောက်သောင်းသောဆင်တို့သည် ဤသူ့ကို ခြံရံကုန်လတ္တံ့၊ ဤသို့ဖြစ်ရခြင်းသည် ရတနာအင်းပျဉ်ကို လှူရခြင်း၏ အကျိုး ပေတည်း။

၂၀၉-၂၁၀။ ခပ်သိမ်းသောတန်ဆာတို့ဖြင့် တန်ဆာဆင်အပ်ကုန်သော အမျိုးအားဖြင့် အာဇာနည်မျိုးဖြစ်ကုန်သော သိန္ဓောမြင်းမျိုးဖြစ်ကုန်သော လျင်မြန်စွာဆောင်လေ့ရှိကုန်သော သက်တင်ရေးကဲ့သို့သောလေးကို ဆောင်ကုန်သော မြင်းစီးသူရဲတို့ တက်စီးအပ်ကုန်သည့် ထိုသိန္ဓောမြင်းပေါင်း ခြောက်သောင်းတို့သည်လည်း ဤသူ့ကို ခြံရံကုန်လတ္တံ့၊ ဤသို့ဖြစ်ရခြင်းသည် ရတနာအင်းပျဉ်ကို လှူရခြင်း၏ အကျိုးပေတည်း။

၂၁၁-၂၁၂။ ခပ်သိမ်းသောတန်ဆာတို့ဖြင့် တန်ဆာဆင်အပ်ကုန်သော ကျားသစ်ရေ သို့မဟုတ် ကျားရေဖြင့် ကျက်အပ်ကုန်သော မြဲမြံစွာဖွဲ့အပ်ကုန်သော အလံကိုစိုက်ထူထားကုန်သော ချပ်မိန်ညိုဝတ်လျက် လေးလက်နက်စွဲကိုင်ကုန်သော ရထားစီးသူရဲတို့သည် တက်စီးအပ်ကုန်သော ရထားပေါင်းခြောက်သောင်းတို့သည် ဤသူ့ကို အမြဲခြံရံကုန်လတ္တံ့၊ ဤသို့ဖြစ်ရခြင်းသည် ရတနာအင်းပျဉ်ကို လှူရခြင်း၏ အကျိုးပေတည်း။

၂၁၃။ နို့ညှစ်အပ်ကုန်သော(အမွေးနီကုန်သော) နွားမပေါင်း ခြောက်သောင်းတို့သည် နွားလားဥသဘ အပါအဝင်ဖြစ်ကုန်သော နွားငယ်တို့ကို ဖြစ်စေကုန်လတ္တံ့၊ ဤသို့ဖြစ်ရခြင်းသည် ရတနာအင်းပျဉ်ကို လှူရခြင်း၏ အကျိုးပေတည်း။

၂၁၄-၂၁၅။ အလုံးစုံသောတန်ဆာဖြင့် တန်ဆာဆင်အပ်ကုန်သော ဆန်းကြယ်သော အဝတ်တန်ဆာကို ဝတ်ဆင်ကုန်သော ပုလဲသွယ်ပတ္တမြားနားဒောင်း ဆင်ယင်ကုန်သော ကော့တက်သော မျက်တောင် ရှိကုန်သော ပြုံးရွှင်စွာပြောဆိုတတ်ကုန်သော အမှတ်သညာကောင်းလျက် သေးသွယ်သောခါးရှိကုန်သော တသောင်း ခြောက်ထောင် အရေအတွက်ရှိကုန်သော မိန်းမတို့သည် ဤသူ့ကို အမြဲခြံရံကုန်လတ္တံ့၊ ဤသို့ဖြစ်ရခြင်းသည် ရတနာအင်းပျဉ်ကို လှူရခြင်း၏ အကျိုးပေတည်း။

http://www.dhammadownload.com



၂၁၆။ ကမ္ဘာတထောင့်ရှစ်ရာထက်၌ စကျင်ဒါးမျိုးရှိတော်မူသော ဂေါတမမြတ်စွာဘုရားသည် (မောဟတည်းဟူသော) အမိုက်တိုက်ကို ဖျက်ဆီးတော်မူ၍ လောက၌ ပွင့်တော်မူလတ္တံ့။

၂၁၇။ ထိုဂေါတမမြတ်စွာဘုရားအား ဖူးမြင်ခြင်းကိုစွဲ၍ ကြောင့်ကြမရှိပဲ ရဟန်းပြုလတ္တံ့၊ မြတ်စွာဘုရားကို အားရနှစ်သက်စေ၍ သာသနာတော်၌ မွေ့လျော်ရလတ္တံ့။

၂၁၈။ ထိုဂေါတမမြတ်စွာဘုရား၏ တရားတော်ကို ကြားနာရ၍ ကိလေသာတို့ကို ပယ်သတ်လတ္တံ့၊ အာသဝတရားအားလုံးတို့ကို ပိုင်းခြားသိပြီးလျှင် အာသဝမရှိပဲ ပရိနိဗ္ဗာန် ပြုရလတ္တံ့ (ဟုဟောတော်မူ၏)

၂၁၉။ ဝန်ဆောင်နွားလားနှင့်တူသော ငါ၏ဝီရိယသည် ယောဂကုန်ရာ နိဗ္ဗာန်သို့ ပို့ဆောင်ပေ၏၊ ငါသည် မြတ်သောအကျိုးကို တောင့်တလျက် သာသနာတော်၌ နေရပေ၏။

၂၂၀။ ဤဘဝကား ငါ့အား နောက်ဆုံးပေတည်း၊ အဆုံးစွန်သော ဘဝဖြစ်ပေ၏၊ အာသဝတရား အားလုံးကုန်ပြီ၊ ယခု(ငါ့အား) တဖန်ဘဝသစ်သည် မရှိတော့ပြီ။

၂၂၁။ ငါသည် ကိလေသာတို့ကို ရှို့မြိုက်လောင်ကျွမ်းစေအပ်ပြီ။ပ။ အာသဝ မရှိပဲ နေရ၏။

၂၂၂။ ငါ၏လာခြင်းကား။ပ။လိုက်နာပြုကျင့်အပ်ပြီ။

၂၂၃။ လေးပါးသော ပဋိသမ္ဘိဒါတို့ကိုငှင်း။ပ။ကျင့်သုံးပြီးပါပြီ။

ဤသို့လျှင် အသျှင်ဟေမကမထေရ်သည် ဤဂါထာတို့ကို မိန့်ဆိုတော်မူ၏။

ခုနစ်ခုမြောက် ဟေမကတ္ထေရအပဒါန် ပြီး၏။

---

## ၈-တောဒေယျတ္ထေရအပဒါန်

၂၂၄။ ထိုအခါ ကေတုမတီပြည်မြတ်၌ ရဲရင့်သော လုံ့လနှင့်ပြည့်စုံသော အဇိတဉ္စယ မည်သော မင်းသည် တိုင်းပြည်ကို စိုးအုပ်၍ နေ၏။

၂၂၅။ မေ့လျော့သော ထိုမင်း၏ (နိုင်ငံ၌) တောတွင်း သူပုန်တို့သည် ထကြွသောင်းကျန်းကုန်၏၊ ထိုအခါ၌ ခိုးသား ဓားပြတို့သည်လည်း အခွင့်ရကြကုန်လျက် တိုင်းပြည်ကို ဖျက်ဆီးကြကုန်၏။

၂၂၆။ အစွန်အဖျားကျသော တိုင်းပြည်မြို့ရွာသည် ပျက်စီးလတ်သော် ရန်သူတို့ကို ဆုံးမတတ်သောမင်းသည် မင်းမှုထမ်းတို့ကိုငှင်း စစ်တပ်တို့ကိုငှင်း လျင်မြန်စွာ စုဝေးစေ၏၊ ထို(စုဝေးပြီးသော)အခါ၌ ရန်သူကို နှိမ်နင်းလေ၏။

၂၂၇။ ထိုအခါဆင်စီးသူရဲတို့သည်ငှင်း မြင်းစီးသူရဲတို့သည်ငှင်း လွှားကာစွဲ၍ ထိုးပစ်တတ်သော သူရဲတို့သည်ငှင်း လေးသမားတို့သည်ငှင်း ထင်ရှားသော မင်းသားတို့သည်ငှင်း ထိုသူအားလုံးတို့သည် စုဝေးကြကုန်၏။

http://www.dhammadownload.com



၂၂၈။ ထိုအခါစဖိုသည်တို့သည်ရင်း ဆေတ္တာသည်တို့သည်ရင်း ရေချိုးပေးသမားတို့သည်ရင်း ပန်းသည်တို့သည်ရင်း အောင်မြင်ပြီးသော စစ်ပွဲရှိသောသူတို့သည်ရင်း ထိုသူအားလုံးတို့သည် စုဝေးကြကုန်၏။

၂၂၉။ ထိုအခါချပ်မိန်ညိုဝတ်ဆင်သော သန်လျက်ကိုင် ယောကျ်ားဘို့သည်ရင်း ချပ်မိန်ညိုဝတ်ဆင်ပြီးသော လေးကိုင်ယောကျ်ားတို့သည်ရင်း ကြမ်းကြုတ် ကုန်သော အောင်မြင်ပြီးသော စစ်ပွဲရှိသူတို့သည်ရင်း ထိုသူအားလုံးတို့သည်လည်း စုဝေးလျက် ရှိကြကုန်၏။

၂၃၀။ ထိုအခါ အရပ်သုံးပါးမှ ယိုကျသော အမုန်ရှိကုန်သော အသက်ခြောက်ဆယ်အရွယ်တိုင်မှ ခွန်အားဆုတ်ယုတ်ကုန်သော ရွှေကြိုးတန်ဆာ ရှိကုန်သော မာတင်္ဂဆင်မျိုးအားလုံးတို့သည် စုဝေးကြကုန်၏။

၂၃၁။ ထိုအခါ အအေးကိုရင်း အပူကိုရင်း အဟုန်ဖြင့် တက်ရောက်ထိုးပစ်ခြင်းကိုရင်းသည်းခံနိုင်ကုန်သော လေ့ကျင့်အပ်ပြီးသော စစ်တိုက်မှုရှိကုန်သော စစ်သည်သူရဲအားလုံးတို့သည် စုဝေးကြကုန်၏။

၂၃၂။ ထိုအခါ ခရုသင်းသံရင်း စည်ကြီးသံရင်း ထို့ပြင် ဥတုကြောင့်ဖြစ်သောအသံရင်း ထိုအသံတို့ဖြင့် ရှင်လန်းစေတတ်ကုန်သော ထိုစစ်သည်အားလုံးတို့သည် စုဝေးကြကုန်၏။

၂၃၃။ ထိုအခါ တံကျင်သုံးခွရှိသော လှံနှင့် မန္တန်အဝတ်တို့ဖြင့်ရင်း ချပ်ဝတ်မှိန်းတို့ဖြင့်ရင်း ထိုးပစ်တတ်သော ရန်သူတို့ကို ကျစေ(တွန်းလှန်)နိုင်သော စစ်သည်အားလုံးတို့သည် စုဝေးကြကုန်၏။

၂၃၄။ ထိုအခါ ထိုအဇိတဥ္စယမင်းသည် ဤသူတို့ကို အဘယ်မှာ အရှင်ထားရအံ့နည်းဟု စုံစမ်းထောက်လှမ်း၍ ခြောက်သောင်းသောသူတို့ကို ဘံကျင်၌(လျှို၍) ထိတ်လန့်စေ၏။

၂၃၅။ အဇိတဥ္စယမင်းသည် ခြေ်တရားမဲ့လေစွ၊ ငရဲသို့ကျသည်ရှိသော် ဘယ်အခါ၌ လွတ်တော့အံ့နည်းဟု လူတို့သည် အသံပြုကြကုန်၏ (ဟစ်အော်ကြကုန်၏)။

၂၃၆။ ထိုအခါ ငါသည် အိပ်ရာ၌ အိပ်သည်ရှိသော် ငရဲကို မြင်ရ၏၊ နေ့ညဉ့်ပတ်လုံးအိပ်စက်၍ မရ၊ တံကျင်ဖြင့် ငါ့ကို ခြိမ်းခြောက်ကုန်၏။

၂၃၇။ မေ့လျော့သော မင်းပြုခြင်းဖြင့်ရင်း ဆင်ယာဉ်မြင်းယာဉ်ဖြင့်ရင်း စစ်သည်မိုလ်ပါဖြင့်ရင်း အဘယ်အကျိုးရှိအံ့နည်း၊ ထိုအားလုံးတို့သည် ငါ့ကို ထုတ်ဆောင်ကယ်တင်ခြင်းငှါ မစွမ်းနိုင်ကုန်၊ အခါခပ်သိမ်း ပူပန်စေကုန်၏။

၂၃၈။ ငါ့အား သားသမီးတို့ဖြင့်ရင်း မယားတို့ဖြင့်ရင်း အလုံးစုံသော တိုင်းပြည်ဖြင့်ရင်း အဘယ်အကျိုးရှိအံ့နည်း၊ ငါသည် ရဟန်းပြုရပါမူ ကောင်းလေစွ၊ သွားရာ 'ဂတိ' လမ်းကို သုတ်သင်ရတော့အံ့။

၂၃၉။ အလုံးစုံသောတန်ဆာဖြင့် တန်ဆာဆင်အပ်ကုန်သော ရွှေကြိုးရှိကုန်သော ရွှေကကြိုးတန်ဆာဖြင့် ဖုံးလွှမ်းအပ်ကုန်သော—

http://www.dhammadownload.com



၂၄၀။ မှိန်းချွန်းလက်စွဲကုန်သော သူရဲတို့သည် တက်စီးအပ်ကုန်သော မာတင်္ဂဆင်အပေါင်း ခြောက်သောင်းတို့ကို ငါသည် မငဲ့ကွက်ပဲ စစ်မြေပြင်၌ ပယ်စွန့်၍ မိမိအမှုဖြင့် ပြင်းစွာပူလောင်သည်ဖြစ်၍ ရဟန်းဘောင်သို့ ထွက်ခဲ့၏။

၂၄၁။ အလုံးစုံသော တန်ဆာဖြင့် တန်ဆာဆင်အပ်ကုန်သော အမျိုးအားဖြင့် အာဇာနည်မျိုး သိန္ဓောမျိုးဖြစ်ကုန်သော လျင်မြန်စွာ ဆောင်နိုင်ကုန်သော—

၂၄၂။ ချုပ်မိန်ညိုဝတ်လျက် လေးကိုစွဲကိုင်သော မြင်းစီးသူရဲတို့သည် တက်စီးအပ်ကုန်သော ထိုအလုံးစုံသောမြင်းပေါင်း ခြောက်သောင်းတို့ကို စွန့်၍ ရဟန်းဘောင်သို့ထွက်ခဲ့၏။

၂၄၃။ အလုံးစုံသော တန်ဆာဖြင့် တန်ဆာဆင်အပ်ကုန်သော ကျားသစ်ရေသို့မဟုတ် ကျားရေဖြင့် ကျက်အင်ကုန်သော မြဲမြံစွာဖွဲ့လျက် အလံစိုက်ထူထားကုန်သော ထိုအလုံးစုံသော ရထားပေါင်းခြောက်သောင်းတို့ကို ပယ်စွန့်၍ ရဟန်းဘောင်သို့ ဝင်ရောက်ခဲ့၏။

၂၄၄။ အလုံးစုံသော နို့ရေခဲ ရွှေခွက်နှင့်တကွဖြစ်ကုန်သော နွားမပေါင်း ခြောက်သောင်းတို့ကိုစွန့်၍ ရဟန်းဘောင်သို့ ဝင်ရောက်ခဲ့၏။

၂၄၅။ အလုံးစုံသောတန်ဆာဖြင့် တန်ဆာဆင်အပ်ကုန်သော ဆန်းကြယ်သော အဝတ်တန်ဆာကို ဝတ်ကုန်သော ပုလဲသွယ်ပတ္တမြားနားဒောင်းကို ဆင်ယင်ကုန်သော—

၂၄၆။ ကော့တက်သော မျက်တောင်ရှိ၍ ပြုံးရွှင်စွာပြောဆိုတတ်ကုန်သော အမှတ်သညာကောင်းလျက် သေးသွယ်သောခါးရှိကုန်သော ထိုမိန်းမပေါင်း ခြောက်သောင်းတို့ကိုစွန့်၍ ငိုကြွေးမြည်တန်းကုန်စဉ် ရဟန်းဘောင်သို့ ဝင်ရောက်ခဲ့၏။

၂၄၇။ ခပ်သိမ်းသောအခြင်းအရာဖြင့် ပြည့်စုံလုံလောက်ကုန်သော ရွာပေါင်းခြောက်သောင်းတို့ကိုဇင်း ထိုတိုင်းပြည်ကိုဇင်း စွန့်၍ ရဟန်းဘောင်သို့ ဝင်ရောက်ခဲ့၏။

၂၄၈။ ငါသည် မြို့မှထွက်၍ ဟိမဝန္တာသို့ ချဉ်းကပ်ခဲ့၏၊ ဘာဂီရထီမြစ်ကမ်း၌ သင်္ခမ်းကျောင်းကို ပြုလုပ်ဖန်ဆင်းခဲ့၏။

၂၄၉။ ငါသည် သစ်ရွက်မိုးကျောင်းကို ဆောက်လုပ်ပြီးလျှင် မီးတင်းကုပ်ကိုလည်း ပြုလုပ်၏၊ ငါသည် အားထုတ်အပ်သော လုံ့လရှိသည်ဖြစ်၍ နိဗ္ဗာန်သို့ စေလွှတ်အပ်သော စိတ်ရှိလျက် သင်္ခမ်းကျောင်း၌ နေ၏။

၂၅၀။ မဏ္ဍပ်၌ဇင်း သစ်ပင်ရင်း၌ဇင်း ဆိတ်ငြိမ်ရာကျောင်း၌ဇင်း ဈာန်ဝင်စားလေ့ရှိသော ငါ့အား ထိတ်လန့်မှုမရှိချေ၊ ကြောက်မက်ဖွယ် ဘေးဘျမ်းကို မမြင်ရချေ။

၂၅၁။ ထိုအခါ မဟာကရုဏာရှိတော်မူသော ရဟန်းမြတ်ဖြစ်တော်မူသော သုမေဓာမည်သော မြတ်စွာဘုရားသည် ဉာဏ်တော်ရောင်ဖြင့် ထွန်းတောက်ပတော်မူလျက် လောက၌ ပွင့်တော်မူ၏။

၂၅၂။ ငါ၏ သင်္ခမ်းကျောင်းအနီး၌ တန်ခိုးကြီးသောနတ်သည် ရှိသည်ဖြစ်၏၊ ထိုအခါ ဘုရားပွင့်တော်မူသည်ရှိသော် ထိုနတ်သည် ငါ့ကို ပြောကြားခဲ့၏။

http://www.dhammadownload.com



၂၅၃။ စက္ကူငါးမျိုးရှိတော်မူသော သုမေဓာမည်သော မြတ်စွာဘုရားသည် လောက၌ ပွင့်တော်မူလျက် ရှိ၏၊ အလုံးစုံသောလူအပေါင်းကို ကယ်တင်တော်မူ၏၊ ထိုမြတ်စွာဘုရားသည် သင့်ကိုလည်း ကယ်တင်တော်မူလတ္တံ့ဟု ပြောကြား၏။

၂၅၄။ နတ်၏စကားကိုကြားရ၍ ထိုခဏ၌ (ငါ့အား) ထိတ်လန့်ခြင်းသည် ဖြစ်၏၊ ငါသည် ဘုရားဘုရားဟု စဉ်းစားကြံဆလျက် သင်္ခမ်းကျောင်းကို သိမ်းဆည်းခဲ့၏။

၂၅၅။ ငါသည် မီးပူဇော်ရန် ထင်းကိုလည်း ပယ်စွန့်၍ အခင်းကို သိမ်းပြီးလျှင် သင်္ခမ်းကျောင်းကို ရှိခိုးလျက် တောမှ ထွက်ခဲ့၏။

၂၅၆။ ထိုတောမှ စန္ဒကူးကို ယူ၍ နတ်ထက်နတ်ဖြစ်တော်မူသော မြတ်စွာဘုရားကို ရှာမှီးလျက် တရွာမှတရွာသို့ရင်း တမြို့မှတမြို့သို့ရင်း မြတ်စွာဘုရားထံသို့ ချဉ်းကပ်ခဲ့၏။

၂၅၇။ ထိုအခါ၌ လောက၏ ရှေ့သွားဖြစ်တော်မူသော သုမေဓာ မြတ်စွာဘုရားသည် သစ္စာလေးပါးတရားကို ပြတော်မူလျက် များစွာသော လူအပေါင်းကို သိစေတော်မူ၏။

၂၅၈။ ငါသည် လက်အုပ်ချီလျက် စန္ဒကူးကို ဦးခေါင်း၌ တင်ထား၍ မြတ်စွာဘုရားကို ရှိခိုးပြီးလျှင် ဤဂါထာတို့ကို လျှောက်ဆိုခဲ့၏—

၂၅၉။ မုလေးပန်း (မိုးစွေပန်းသည်) ပွင့်သည်ရှိသော် (အပင်၏) အနီး၌သာ ကြိုင်လှိုင်လျက်ရှိပါ၏၊ ကြီးသောလုံ့လ ရှိတော်မူသော မြတ်စွာဘုရား အရှင်ဘုရားသည် ဂုဏ်တော်ရနံ့ဖြင့် အရပ်မျက်နှာအားလုံးတို့ကို ကြိုင်လှိုင်စေတော်မူပါပေ၏။

၂၆၀။ စကားပန်းသည်ရင်း ကံ့ကော်ပန်းသည်ရင်း စစ်ကြီးပန်း ဆပ်သွားပန်းသည်ရင်း အင်ကြင်းပန်းတို့သည်ရင်း ပွင့်ကုန်လတ်သော် လေအောက်သို့သာ ကြိုင်လှိုင်လျက် ရှိပါပေ၏။

၂၆၁။ အကျွန်ုပ်သည် အရှင်ဘုရား၏ (ဂုဏ်တော်)ရနံ့ကို ကြားရ၍ ဟိမဝန္တာမှ ဤအရပ်သို့ လာခဲ့ပါ၏၊ လုံ့လကြီးမားတော်မူသော လောက၏ အကြီးအမှူးဖြစ်တော်မူသော အမြဲအရုံများတော်မူသော မြတ်စွာဘုရား အရှင်ဘုရားကို ပူဇော်ပါ၏။

၂၆၂။ ငါသည် မြတ်သောစန္ဒကူးဖြင့် လောက၏ရှေ့သွားဖြစ်တော်မူသော သုမေဓာ မြတ်စွာဘုရားကို လိမ်းကျံပူဇော်ခဲ့၏၊မိမိစိတ်ကို ကြည်ညိုစေ၍ ထိုခဏ၌ ဆိတ်ဆိတ်သာလျှင် ရပ်တည်၏။

၂၆၃။ လောက၏အကြီးအမှူးဖြစ်၍ လူတို့ထက်မြတ်တော်မူသော သုမေဓာမည်သော မြတ်စွာဘုရားသည် ရဟန်းသံဃာ(အလယ်)၌ ထိုင်တော်မူ၍ ဤဂါထာတို့ကို ဟောတော်မူ၏ —

၂၆၄။ အကြင်သူသည် ငါ၏ဂုဏ်တော်တို့ကို ချီးကျူး၏၊ စန္ဒကူးကိုလည်း ပူဇော်၏၊ ငါသည် ထိုသူ့ကို ဗျာဒိတ်စကား မိန့်ကြားတော်မူအံ့၊မိန့်ကြားမည့် ငါ၏စကားကို နာယူကြကုန်လော့—

http://www.dhammadownload.com



၂၆၅။ ဤသူသည် နှစ်ဆယ့်ငါးကမ္ဘာတို့ပတ်လုံး နာယူအပ်သော စကား ရှိသော ဖြောင့်မတ် တည်ကြည်သော တန်ခိုးကြီးသော ပြုံးပြုံးပြက်ပြက်အရောင်ရှိသော ဗြဟ္မာ ဖြစ်လတ္တံ့။

၂၆၆။ ကမ္ဘာနှစ်ထောင့် ခြောက်ရာတို့ ပတ်လုံး နတ်ပြည်၌ မွေ့လျော်ရလတ္တံ့၊ စကြဝတေးမင်းလည်း အကြိမ်တထောင် ဖြစ်လတ္တံ့။

၂၆၇။ သုံးဆယ့်သုံးကြိမ်တိုင်တိုင် နတ်တို့ကို အစိုးရသူဖြစ်၍ နတ်မင်းအဖြစ်ကို ပြုရလတ္တံ့၊ ပြန့်ပြောသော ပဒေသရာဇ်မင်း အဖြစ်သည်ကား ဂဏန်းအားဖြင့် မရေ တွက်နိုင်။

၂၆၈။ ဤသူသည် ထိုနတ်ပြည်မှ စုတေလတ်သော် လူ့ဘဝသို့ ရောက်လတ္တံ့၊ (ထိုအခါ) ကောင်းမှုကံနှင့်ယှဉ်သည်ဖြစ်၍ ဗြဟ္မာမင်း၏ အဆွေဖြစ်သော ဗြာဟ္မဏအမျိုး ဖြစ်လတ္တံ့။

၂၆၉။ ဗေဒင်ကို သရဇ္ဈာယ်တတ်သော ဗေဒင်ကို ဆောင်သော ဗေဒင်သုံးပုံတို့၌ တဖက်ကမ်းရောက် တတ်မြောက်သော လက္ခဏာ သုံးပါး[၁]နှင့်ပြည့်စုံသော ဗာဝရီမည်သော ဗြာဟ္မဏသည် ရှိ၏။

၂၇၀။ ဤသူသည် ထိုဗြာဟ္မဏ၏ တပည့်ဖြစ်၍ ဗေဒင်သုံးပုံတို့ကို တဖက်ကမ်းရောက် တတ်မြောက်သူဖြစ်လတ္တံ့၊ သာကီဝင်မင်းသားတို့၏ ရှေ့သွား ခေါင်းဆောင် ဖြစ်သော ဂေါတမမြတ်စွာဘုရားထံသို့ ချဉ်းကပ်၍—

၂၇၁။ သိမ်မွေ့သော ပြဿနာတို့ကို မေးလျှောက်ပြီးလျှင် ကောင်းမှုအစုကို ပွါးများစေလျက် အာသဝတရား အားလုံးတို့ကို ပိုင်းခြားသိကာ အာသဝမရှိပဲ နေရ လတ္တံ့ (ဟု ဟောတော်မူ၏)။

၂၇၂။ ငါ့အား မီးသုံးပါးတို့ ငြိမ်းကုန်ပြီ၊ ဘဝအားလုံးတို့ကို ပယ်နုတ်အပ်ကုန်ပြီ၊ အာသဝအားလုံးတို့ကို ပိုင်းခြားသိ၍ အာသဝမရှိပဲ နေရ၏။

၂၇၃။ ငါသည် ကိလေသာတို့ကို ရှို့မြှိုက်လောင်ကျွမ်းစေအပ်ကုန်ပြီ။ပ။ အာသဝ မရှိပဲ နေရ၏။

၂၇၄။ ငါ၏လာခြင်းကား။ပ။လိုက်နာပြုကျင့်အပ်ပါပြီ။

၂၇၅။ လေးပါးသော ပဋိသမ္ဘိဒါတို့ကိုရင်း။ပ။လိုက်နာကျင့်သုံးပြီးပါပြီ။

ဤသို့လျှင် အသျှင် တောဒေယျမထေရ်သည် ဤဂါထာတို့ကို မိန့်ဆိုတော်မူ၏။

ရှစ်ခုမြောက် တောဒေယျတ္ထေရအပဒါန် ပြီး၏။

---

## ၉-ဇတုကဏ္ဏိတ္ထေရအပဒါန်

၂၇၆။ ငါသည် ဟံသာဝတီမြို့၌ သူဌေးသားဖြစ်ခဲ့၏၊ထိုအခါ၌ ငါသည် ကာမဂုဏ်တို့ကို အပြည့်အစုံ ခံစားရပေ၏။

---

၁။ လက္ခဏာသုံးပါးကား။ ၁။ ကောသောဟိတ၊ ၂။ ပဟူတဇိဝှ၊ ၃။ ဥဏ္ဏာလောမ။

http://www.dhammadownload.com



၂၇၇။ ထိုအခါ ငါသည် ပြာသာဒ်သို့တက်၍ စည်းစိမ်တို့ကို ခံစားသုံးဆောင်၏၊ ထိုပြာသာဒ်ထက်၌ ကခြင်း သီခြင်းတို့ဖြင့် ခံစားရပေ၏။

၂၇၈။ ငါ့အလိုငှါ မောင်းကြေးနင်းနှင့် တကွသော တူရိယာတို့ကို တီးမှုတ်ကြကုန်သည်ဖြစ်၍ အလုံးစုံသော မိန်းမတို့သည် ကခုန်ကြကုန်လျက် ငါ၏စိတ်ကို ဆွဲဆောင်ကြကုန်သည်သာတည်း။

၂၇၉။ စေလာပိကာ မည်သောသူတို့သည်၎င်း လာမဏိကာမည်သောသူတို့သည်၎င်း ကုဉ္စဝါသိမည်သော သူတို့နှင့်တကွ မဇ္ဈိကာမည်သော သူတို့သည်၎င်း လင်္ဃိကာမည်သောသူတို့သည်၎င်း သောဂ္ဂကဇ္ဈာပေါ်မည်သောသူတို့သည်၎င်း အခါခပ်သိမ်း ငါ့ကို ခြံရံကုန်၏။

၂၈၀။ များစွာသော မောင်းကြေးနင်းတီးသူတို့သည်၎င်း အိုးစည်တီးသူတို့သည်၎င်း ကချေသည်တို့သည်၎င်း သီချင်းဆို၍ ကသူတို့သည်၎င်း ကချေသည်မတို့သည်၎င်း ဇာတ်ဆရာတို့သည်၎င်း အခါခပ်သိမ်း ငါ့ကို ခြံရံကုန်၏။

၂၈၁။ ကောင်းစွာ ဆည်းကပ် တတ်ကုန်သော ဆေတ္တာတို့သည်၎င်း ရေချိုးပေးသမားတို့သည်၎င်း စဖိုသည်တို့သည်၎င်း ပန်းသည်တို့သည်၎င်း အညစ်အကြေး ပယ်တတ်သော သူ(ချေးတွန်းသမား)တို့သည်၎င်း လက်ပန်းသည်(လက်ဝှေ့သမား)တို့သည်၎င်း ထိုအလုံးစုံသော သူတို့သည် ငါ့ကို အခါခပ်သိမ်း ခြံရံကုန်၏။

၂၈၂။ အတတ်ပညာသင်ပြီး၍ ဆည်းကပ်မှုကို ပြုကုန်သော သူတို့သည် မြူးထူးပျော်ပါးကစားကြကုန်သည်ရှိသော် ငါသည် တာဝတိံသာနတ်ပြည်၌ သိကြားမင်းကဲ့သို့ နေ့နှင့်ညဉ့်ကို မသိတော့ချေ။

၂၈၃။ အလုံးစုံသော ခရီးရှည်သွားသောသူတို့သည်၎င်း ခရီးတိုသွားသော သူတို့သည်၎င်း သူတောင်းစားတို့သည်၎င်း အထီးကျန်သူတို့သည်၎င်း များစွာသော သူတို့သည် တောင်းရမ်းကြကုန်သည်ဖြစ်၍ ငါ၏အိမ်သို့ အမြဲချဉ်းကပ်လာကြကုန်၏။

၂၈၄။ ကောင်းမှုမျိုးစေ့၏ စိုက်ပျိုးရာ လယ်ယာ မြေကောင်းသဖွယ် ဖြစ်ကုန်သော အမြတ်ဆုံးဖြစ်သော သမဏဗြာဟ္မဏတို့သည် ငါ၏ ကောင်းမှုကို ပွါးကြစေကုန်လျက် ငါ့အိမ်သို့ ကြွလာကုန်၏။

၂၈၅။ အလုံးစုံကုန်သော ပဋဂလူမျိုးတို့သည်၎င်း လဋုကလူမျိုးတို့သည်၎င်း နိဂဏ္ဌလူမျိုး တို့သည်၎င်း ပုပ္ဖသာဋကလူမျိုးတို့သည်၎င်း တေဒဏ္ဍိကလူမျိုးတို့သည်၎င်း ကောဒ်ခါလူမျိုးတို့သည်၎င်း ငါ့အိမ်သို့ လာရောက်ကြကုန်၏။

၂၈၆။ တဏ္ဍုတွန်းတို့သည်၎င်း လုသက်တတ်သူတို့သည်၎င်း နွားကျောင့် နွားကြံရှိသူတို့သည်၎င်း နတ်ပြည်ရောက်ရန် ဖဒဝမ်ေ့ရှိသူတို့သည်၎င်း မြူ အညစ် အကြေးကို ဆောင်တတ်သူတို့သည်၎င်း ထိုသူတို့သည် ငါ့အိမ်သို့ လာရောက်ကြကုန်၏။

၂၈၇။ အရံအတားကို ပြုတတ်ကုန်သော (ပရိတ်ချွတ်) သူတို့သည်၎င်း ငြိမ်သက်ခြင်းသို့ ရောက်ကုန်သောသူတို့သည်၎င်း ကောဓပုဂ္ဂနိက မည်သော လူမျိုး များစွာတို့

http://www.dhammadownload.com



သည်၎င်း ခြိုးခြံစွာကျင့်သောသူတို့သည်၎င်း တော၌လှည့်လည်ကျက်စားသော (ရသေ့) တို့သည်၎င်း ငါ့အိမ်သို့ လာရောက်ကြကုန်၏။

၂၈၈။ ဩဒ္ဒကလူမျိုးတို့သည်၎င်း ဒမိဠ လူမျိုးတို့သည်၎င်း သာကုဠ လူမျိုးတို့သည်၎င်း မလဝါဠကလူမျိုးတို့သည်၎င်း သဝရ လူမျိုး တို့သည်၎င်း ယောနကလူမျိုးတို့သည်၎င်း ငါ့အိမ်သို့ လာရောက်ကြကုန်၏။

၂၈၉။ အန္ဓက တိုင်းသား တို့သည်၎င်း ဦးပြည်း အားလုံးတို့သည်၎င်း ကောဋက လူမျိုးတို့သည်၎င်း ဟနုဝိန္ဓက လူမျိုးတို့သည်၎င်း အာရာဝစိနရဋ္ဌလူမျိုးတို့သည်၎င်း ငါ့အိမ်သို့ လာရောက်ကြကုန်၏။

၂၉၀။ အလသန္တကလူမျိုးတို့သည်၎င်း ပလ္လဝက လူမျိုးတို့သည်၎င်း ဓမ္မရလူမျိုးတို့သည်၎င်း နိဂ္ဂလူမျိုးတို့သည်၎င်း ဂေဟိကလူမျိုးတို့သည်၎င်း စေတတိုင်းသားတို့သည်၎င်း ခပ်သိမ်းသော သူတို့သည် ငါ့အိမ်သို့ လာရောက်ကြကုန်၏။

၂၉၁။ မဓုရဇ်တိုင်းသားတို့သည်၎င်း ကောသလတိုင်းသားတို့သည်၎င်း ကလိင်္ဂ တိုင်းသားတို့သည်၎င်း ဟတ္ထိပုရ တိုင်းသား တို့သည်၎င်း ဣသိန္ဒတိုင်းသား မက္ကလတိုင်းသားတို့သည်၎င်း ငါ့အိမ်သို့ လာရောက်ကြကုန်၏။

၂၉၂။ များစွာသော စေလာဝကလူမျိုးတို့သည်၎င်း အာရဗ္ဘလူမျိုးတို့သည်၎င်း ဩဃုဋ္ဌလူမျိုးတို့သည်၎င်း မေဃလလူမျိုးတို့သည်၎င်း ခုဒ္ဒကလူမျိုးတို့သည်၎င်း သုဒ္ဒက လူမျိုးတို့သည်၎င်း ငါ့အိမ်သို့ လာရောက်ကြကုန်၏။

၂၉၃။ ရောဟဏလူမျိုးတို့သည်၎င်း သိန္ဓဝလူမျိုးတို့သည်၎င်း စိတကလူမျိုးတို့သည်၎င်း ဧကကဏ္ဏိကလူမျိုးတို့သည်၎င်း သုရဋ္ဌလူမျိုးတို့သည်၎င်း အပရန္တတိုင်းသားတို့သည်၎င်း ငါ့အိမ်သို့ လာရောက်ကြကုန်၏။

၂၉၄။ သုပ္ပါရကတိုင်းသားတို့သည်၎င်း ကုမာရတိုင်းသားတို့သည်၎င်း မလ္လတိုင်းသားတို့သည်၎င်း သုဝဏ္ဏဘူမိတိုင်းသားတို့သည်၎င်း ဝဇ္ဇီတိုင်းသား အင်္ဂတိုင်းသားတို့သည်၎င်း ထိုအလုံးစုံသောသူတို့သည် ငါ့အိမ်သို့ လာရောက်ကြကုန်၏။

၂၉၅။ ကျူထရံသည်တို့သည်၎င်း ရက်ကန်းသည်တို့သည်၎င်း သားရေနယ်သမားတို့သည်၎င်း သစ်ရွေ(သစ်ခုတ်)သမားတို့သည်၎င်း အလုပ်သမားတို့သည်၎င်း အိုးထိန်းသည်တို့သည်၎င်း ငါ့အိမ်သို့ လာရောက်ကြကုန်၏။

၂၉၆။ ရွှဲ(ကျောက်သွေး)သမားတို့သည်၎င်း ပန်းဘဲ ပန်းတင်းသမားတို့သည်၎င်း ပန်းထိမ်သမားတို့သည်၎င်း အထည်သည်တို့သည်၎င်း သလွဲ (သံဖြူ)သမားတို့သည်၎င်း ထိုသူအားလုံးတို့သည် ငါ့အိမ်သို့ လာရောက်ကြကုန်၏။

၂၉၇။ လေး(မြား)သမားတို့သည်၎င်း ပန်းပွတ်သမားတို့သည်၎င်း ရက်ကန်းသမားတို့သည်၎င်း နံ့သာသည်တို့သည်၎င်း ကဝိသည်တို့သည်၎င်း အပ်ချုပ်သမားတို့သည်၎င်း ငါ့အိမ်သို့ လာရောက်ကြကုန်၏။

http://www.dhammadownload.com



၂၉၈။ ဆီသည်တို့သည်ရင်း ထင်းသည်တို့သည်ရင်း ရေထမ်းသမားတို့သည်ရင်း အစေခံတို့သည်ရင်း ဟင်းချက်သမားတို့သည်ရင်း သူပရက္ခ(ဟင်းချက်စောင့်)မည်သော သူတို့သည်ရင်း ငါ့အိမ်သို့ လာရောက်ကြကုန်၏။

၂၉၉။ တံခါးမှူးတို့သည်ရင်း မြင်းစီးသူရဲတို့သည်ရင်း အကျဉ်းသားတို့သည်ရင်း ပန်းမိုက်သူန် (မိလ္လာသမား)တို့သည်ရင်း ဆင်စီးသူရဲတို့သည်ရင်း ဆင်ထိန်းတို့သည်ရင်း ငါ့အိမ်သို့ လာရောက်ကြကုန်၏။

၃၀၀။ ငါသည် အာနန္ဒာမင်းကြီးအား ငါ၏ဥစ္စာကို ပေးလှူ၏၊ ငါသည် အဆင်း ခုနစ်ပါးရှိသော ရတနာဖြင့် ယုတ်လျော့သောဥစ္စာကို ပြည့်စေ၏။

၃၀၁။ အမျိုးမျိုးသော အဆင်းအရောင်ရှိကုန်သော အလုံးစုံသော အကြွင် မျှားစွာ သောလူတို့ကို ငါသည် ပြောကြားအပ်ကုန်၏၊ ငါသည် ထိုသူတို့၏စိတ်ကိုသိ၍ ရတနာ ဖြင့် ရောင့်ရဲစေခဲ့၏။

၃၀၂။ သာယာသော စကားတို့ကို ပြောဆိုကုန်သည်ရှိသော် စည်တို့ကို တီးအပ်ကုန် သည်ရှိသော် ခရုသင်းတို့ကို မှုတ်အပ်ကုန်သည်ရှိသော် ငါသည် မိမိအိမ်၌ မွေ့လျော်၏။

၃၀၃-၃၀၄။ ထိုအချိန်၌ စက္ခုငါးမျိုးရှိတော်မူသော ဘုန်းတော်ကြီးတော်မူသော ထိုပဒုမုတ္တရမြတ်စွာဘုရားသည် ကုန်ပြီးသော အာသဝရှိသော တပည့်ရဟန်းတသိန်းတို့ နှင့်တကွ လမ်းခရီး၌ ကြွသွားတော်မူ၏၊ (ထိုအခါ) အရပ်မျက်နှာအားလုံးတို့ကို ဆီမီး တိုင်ကဲ့သို့ ထွန်းလင်းစေလျက် တောက်ပတော်မူ၏။

၃၀၅။ မြတ်စွာဘုရား ကြွသွားတော်မူသည်ရှိသော် စည်အားလုံးတို့သည် မြည်ဟီး လျက် ရှိကြကုန်၏၊ တက်လာသော နေမင်းကဲ့သို့ ထိုမြတ်စွာဘုရား၏အရောင်သည် ထွက် ပေါ်လျက် ရှိပေ၏။

၃၀၆။ ထိုခဏဝယ် တံခါးချက်ကြားမှလည်း ဝင်သောရောင်ခြည်တော်ကြောင့် အိမ်အတွင်း၌ ပြန့်ပြောသော အလင်းရောင်သည် ဖြစ်ပေါ်လေ၏။

၃၀၇။ ငါသည် မြတ်စွာဘုရား၏ အရောင်တော်ကို ဖူးမြင်ရ၍ အခြွေအရံတို့ကို ပြောဆို၏၊ ဘုရားမြတ်သည် ဤလမ်းခရီးသို့ ဧကန်မုချ ကြွလာတော်မူ၏။

၃၀၈။ ငါသည် ပြာသာဒ်မှ လျင်မြန်စွာသက်ဆင်း၍ ဈေးအတွင်းသို့ သွားရောက် ခဲ့၏၊ မြတ်စွာဘုရားကို ရှိခိုး၍ ဤစကားကို လျှောက်ထား၏—

၃၀၉။ ပဒုမုတ္တရအမည်ရှိသော မြတ်စွာဘုရားသည် အကျွန်ုပ်အား အစဉ်သနား တော်မူစေသတည်း၊ ထိုမြတ်စွာဘုရားသည် ရဟန်းတသိန်းတို့နှင့်တကွ လျှောက်ထား ချက်ကို လက်ခံတော်မူ၏။

၃၁၀။ ငါသည် မြတ်စွာဘုရားကို ပင့်ဖိတ်၍ မိမိအိမ်သို့ ပင့်ဆောင်ခဲ့၏၊ ထိုအိမ်၌ ထမင်းအဖျော်ဖြင့် မြတ်စွာဘုရားကို ရောင့်ရဲစေခဲ့၏။

၃၁၁။ ငါသည် တာဒိဂုဏ်နှင့်ပြည့်စုံတော်မူသော ဘုရားမြတ်၏ ဆွမ်းစားပြီးသော အခါကိုသိ၍ အင်္ဂါတရာရှိသော တူရိယာဖြင့် ဘုရားမြတ်ကို လုပ်ကျွေးပူဇော်ခဲ့၏။

၁ မြန် ၃-၂၈—

http://www.dhammadownload.com



၁၁၂။ လောကသုံးပါးကို သိတော်မူ၍ ပေးလှူဖွယ်ပစ္စည်းဝတ္ထုတို့ကို ခံယူတော်မူ ထိုက်သော ပဒုမုတ္တရမြတ်စွာဘုရားသည် အိမ်တွင်း၌ ထိုင်နေတော်မူလျက် ဤဂါထာ တို့ကို ဟောတော်မူ၏—

၁၁၃။ အကြင်သူသည် ငါဘုရားကို တရိယာတို့ဖြင့် လုပ်ကျွေးပူဇော်၏၊ ထမင်း အဖျော်ကိုလည်း ငါ့အား ပေးလှူ၏၊ထိုသူ့ကို ငါသည် ဗျာဒိတ်စကား မိန့်ကြားတော် မူအံ့၊ မိန့်ကြားမည့်စကားကို နာယူကြကုန်လော့—

၁၁၄။ ဤသူသည် ရွှေငွေအသုံးအဆောင်နှင့်တကွ အစားအစာပေါများသူဖြစ်၍ လေးကျွန်းလုံး၌ တမင်းတည်းသော စကြဝတေးမင်းအဖြစ်ကို ပြုရလတ္တံ့။

၁၁၅။ ငါးပါးသီလတို့ကိုဆောက်တည်၍ ကုသိုလ်ကမ္မပထတရားဆယ်ပါး၌ မွေ့လျော် လျက် ပရိသတ်ကို ဆောက်တည်ပြီးဖြစ်စေလျက် ကျင့်စေလတ္တံ့။

၁၁၆။ ကောင်းစွာ တန်ဆာဆင်အပ်ကုန်သော စည်တူရိယာ တသိန်းတို့သည် ဤသူ့ကို အမြဲတီးမှုတ်ဖျော်ဖြေကုန်လတ္တံ့၊ ဤသို့ဖြစ်ရခြင်းသည် လုပ်ကျွေးပူဇော်ရ ခြင်း၏ အကျိုးပေတည်း။

၁၁၇။ ကမ္ဘာသုံးသောင်းတို့ပတ်လုံး နတ်ပြည်၌ မွေ့လျော်ရလတ္တံ့၊ ခြောက်ဆယ့် လေးကြိမ်တိုင်တိုင် နတ်တို့ကို အစိုးရလျက် နတ်မင်းအဖြစ်ကို ပြုရလတ္တံ့။

၁၁၈။ ခြောက်ဆယ့်လေးကြိမ်တိုင်တိုင် စကြဝတေးမင်းဖြစ်လတ္တံ့၊ ပြန့်ပြောသော ပဒေသရာဇ်မင်းအဖြစ်သည်ကား ဂဏန်းအားဖြင့် မရေတွက်နိုင်။

၁၁၉။ ကမ္ဘာတသိန်းထက်၌ ဩက္ကာကမင်းမျိုး၌ဖြစ်သော အနွယ်အားဖြင့် ဂေါတမ အမည်ရှိသော မြတ်စွာဘုရားသည် လောက၌ ပွင့်တော်မူလတ္တံ့။

၁၂၀။ ကပ်ရောက်ရတိုင်းသော လူအဖြစ် နတ်အဖြစ်ဟူသမျှတို့၌ မယုတ်လျော့သော စည်းစိမ်ရှိသည်ဖြစ်၍ လူ့ဘဝသို့ ရောက်ရလတ္တံ့။

၁၂၁။ ဗေဒင်ကို သရဇ္ဈာယ်တတ်သည်ဖြစ်၍ ဗေဒင်သုံးပုံတို့၌ တဖက်ကမ်းရောက် တတ်မြောက်သော ပုဂ္ဂိုလ်ဖြစ်ပြီးလျှင် မြတ်သောအကျိုးကို ရှာမှီးလျက် ဤမြေပြင်၌ လှည့်လည်ရလတ္တံ့။

၁၂၂။ ထိုသူသည် နောင်အခါ၌ ရဟန်းပြုပြီးလျှင် ဖြူစင်သော ကုသိုလ်အကြောင်း ရင်းသည် တိုက်တွန်းအပ်သည်ဖြစ်၍ ဂေါတမမြတ်စွာဘုရား၏ သာသနာတော်၌ မွေ့လျော် ရလတ္တံ့။

၁၂၃။ ဤသူသည် သာကီဝင်မင်းတို့၏ရွှေသွား ခေါင်းဆောင်ဖြစ်သော ဂေါတမ မြတ်စွာဘုရားကို အားရနှစ်သက်စေ၍ ကိလေသာတို့ကို ရှို့မြိုက်လောင်ကျွမ်းစေပြီးလျှင် ရဟန္တာဖြစ်လတ္တံ့။

၁၂၄။ တောအုပ်၌ ကျားမင်းကဲ့သို့ရင်း သားတို့သနင်း ခြင်္သေ့မင်းကဲ့သို့ရင်း ငါသည် ကြောက်ရွံ့ခြင်းမရှိပဲ မြတ်စွာဘုရား သာသနာတော်၌ ယခုနေရ၏။

http://www.dhammadownload.com



၃၂၅။ နက်ပြည်တွင်ဖြစ်စေ လူ့ပြည်တွင်ဖြစ်စေ ဆင်းရဲသော အမျိုး၌ရင်း အပါယ် ဒုဂ္ဂတိဘုံ၌ရင်း ငါ၏ဖြစ်ရခြင်းကို မတွေ့မြင်ရချေ၊ ဤသို့ဖြစ်ရခြင်းသည် စားလုပ်ကျွေးရခြင်း၏ အကျိုးပေတည်း။

၃၂၆။ ငါသည် ဆိတ်ငြိမ်ရာနှင့်ယှဉ်သောသူဖြစ်၍ ကိလေသာမီးငြိမ်းလျက် ဥပဓိမရှိသူ ဖြစ်ပေ၏၊ ဆင်ပြောင်ကြီးသည် အနှောင်အဖွဲ့ကို ဖြတ်၍ နေသကဲ့သို့ ငါသည် အာသဝ မရှိပဲ နေရ၏။

၃၂၇။ ငါသည် ကိလေသာတို့ကို ရှို့မြှိုက်လောင်ကျွမ်းစေအပ်ကုန်ပြီ။ပ။အာသဝမရှိပဲ နေရ၏။

၃၂၈။ ငါ၏ လာခြင်းကား။ပ။လိုက်နာပြုကျင့်အပ်ပါပြီ။

၃၂၉။ လေးပါးသော ပဋိသမ္ဘိဒါတို့ကိုရင်း။ပ။လိုက်နာကျင့်သုံးပြီးပါပြီ။

ဤသို့လျှင် အသျှင်ဇတုကဏ္ဏိမထေရ်သည် ဤဂါထာတို့ကို မိန့်ဆိုတော်မူ၏။

ကိုးခုမြောက် ဇတုကဏ္ဏိတ္ထေရအပဒါန် ပြီး၏။

---

## ၁၀-ဉဒေနတ္ထေရအပဒါန်

၃၃၀။ ဟိမဝန္တာ၏အနီး၌ ပဒုမမည်သော တောင်သည် ရှိ၏၊ ထိုတောင်၌ ငါသည် သခ်မ်းကျောင်းကို ကောင်းစွာ ဆောက်ယုပ်အပ်၏၊ သစ်ရွက်မိုးကျောင်းကို ကောင်းစွာ ပြုလုပ်ဖန်ဆင်းအပ်၏။

၃၃၁။ ထိုတောင်၌ စိတ်နှလုံးမွေ့လျော်စေနိုင်သည် ဖြစ်၍ ကောင်းသော ဆိပ်ကမ်းရှိသော မြစ်တို့သည် စီးဆင်းလျက် ရှိကုန်၏၊ ကြည်လင်အေးမြသော ရေရှိသောမြစ်တို့သည် အခါခပ်သိမ်း စီးဆင်းလျက် ရှိကုန်၏။

၃၃၂။ ဖေယ်တို့သည်ရင်း တေန်တို့သည်ရင်း ပေတ်တို့သည်ရင်း ရေ့ ငကြင်းတို့သည်ရင်း ဤငါးတို့သည် မြစ်တို့ကို တင့်တယ်စေကုန်လျက် အခါခပ်သိမ်း မြစ်၌ နေကြကုန်၏။

၃၃၃။ ရေခတက်ပင် ပြည့်စင်ပင်တို့သည်ရင်း ထို့ပြင် ဒုစပ်ပင် ဘာခွတ်ပင်တို့သည်ရင်း သရက်သပြေတို့ဖြင့် ဖုံးလွှမ်းအပ်ကုန်လျက် ငါ၏သခ်မ်းကျောင်းကို တင့်တယ်စေကုန်၏။

၃၃၄။ မုန်ကူပင် တို့သည်ရင်း မျက်နှာပန်းပင်တို့သည်ရင်း မာယာကာရိမည်သော သစ်ပင်တို့သည်ရင်း ပွင့်ကြကုန်သည်ရှိသော် နတ်ရနံ့ဖြင့် ကြိုင်လှိုင်ကုန်လျက် ငါ၏ သခ်မ်းကျောင်းကို တင့်တယ်စေကုန်၏။

၃၃၅။ စစ်ကြီးပင် မိုးစွေပင်တို့သည်ရင်း ကံ့ကော်ပင် အင်ကြင်းပင်တို့သည်ရင်း ပွင့်ကြကုန်သည်ရှိသော် နတ်ရနံ့တို့ကို ကြိုင်လှိုင်စေကုန်လျက် ငါ၏ သခ်မ်းကျောင်းကို တင့်တယ်စေကုန်၏။

၃၃၆။ ကြို့ပင် ထင်းရှူးပင်တို့သည်ရင်း တမာပင်တို့သည်ရင်း အင္ဂဏ်မည်သော သစ်ပင်တို့သည်ရင်း ပွင့်ကြကုန်သည်ရှိသော် နတ်ရနံ့တို့ကို ကြိုင်လှိုင်စေကုန်လျက် ငါ၏ သခ်မ်းကျောင်းကို တင့်တယ်စေကုန်၏။

http://www.dhammadownload.com



၃၃၇။ သဖန်းခါးသီး သျှိသျှားသီးတို့သည်၎င်း သရက်သီး သပြေသီး သစ်ဆိမ့်သီး တို့သည်၎င်း ဆီးသီးတို့သည်၎င်း ချေးသီးတို့သည်၎င်း ဥသျှစ်သီးတို့သည်၎င်း ငါ၏သခ်မ်း ကျောင်း၌ များစွာရှိကုန်၏။

၃၃၈။ ကန်စွန်းပင် (ဟင်းနုနွယ်ပင်) ကနွလီပင်တို့သည် ထိုငါ၏ သခ်မ်းကျောင်း၌ ပွင့်လျက်ရှိကုန်၏၊ နတ်ရနံ့တို့ကို ကြိုင်လှိုင်စေကုန်လျက် ငါ၏သခ်မ်းကျောင်းကို တင့်တယ် စေကုန်၏။

၃၃၉။ သော်ကပင်တို့သည်၎င်း တမာပင်တို့သည်၎င်း ပွင့်ကြကုန်သည်ရှိသော် နတ် ရနံ့တို့ကို ကြိုင်လှိုင်စေကုန်လျက် ငါ၏ သခ်မ်းကျောင်းကို တင့်တယ်စေကုန်၏။

၃၄၀။ ထိုသခ်မ်းကျောင်း၌ ပုန်းညက်ပင် တောင်ပုန်းညက်ပင်တို့သည်၎င်း ကျည်းပင် တို့သည်၎င်း ပွင့်ကြကုန်သည်ရှိသော် နတ်ရနံ့တို့ကို ကြိုင်လှိုင်စေကုန်လျက် ငါ၏သခ်မ်း ကျောင်းကို တင့်တယ်စေကုန်၏။

၃၄၁။ ဤကျောင်း၌ ကြောင်ပန်းပင်တို့သည်၎င်း သိနိန္ဒုဝါရပင်တို့သည်၎င်း စကား ပန်းပင်တို့သည်၎င်း ပွင့်ကုန်သည်ရှိသော် နတ်ရနံ့တို့ကို ကြိုင်လှိုင်စေကုန်လျက် ငါ၏သခ်မ်း ကျောင်းကို တင့်တယ်စေကုန်၏။

၃၄၂။ ထိုသခ်မ်းကျောင်း၏ အနီး၌ လေးထောင့်ကန်သည် စက္ကဝါက်ငှက်တို့၏ တွန် မြူးရာဖြစ်၍ မျောက်လှေကူးတို့ဖြင့်၎င်း ပဒုမာကြာ ဥပ္ပလကြာတို့ဖြင့်၎င်း ဖုံးလွှမ်း လျက် ရှိ၏။

၃၄၃။ ထိုကန်သည် ကြည်လင်အေးမြသော ရေရှိ၏၊ ကောင်းမွန်သော ဆိပ်ကမ်း ရှိသည်ဖြစ်၍ နှလုံးမွေ့လျော်စေနိုင်ပေ၏၊ ဖလ်အဆင်းနှင့်တူသော ကြည်လင်သော ရေတို့သည် ငါ၏သခ်မ်းကျောင်းကို တင့်တယ်စေကုန်၏။

၃၄၄။ ထိုရေကန်၌ ပဒုမာကြာ ပုဏ္ဍရိက်ကြာတို့သည်၎င်း ဥပ္ပလကြာတို့သည်၎င်း ပွင့်လျက် ရှိကုန်၏၊ မျောက်လှေကူးတို့ဖြင့် ဖုံးလွှမ်းကုန်လျက် ငါ၏သခ်မ်းကျောင်းကို တင့်တယ်စေကုန်၏။

၃၄၅။ ဖေယ်တို့သည်၎င်း ငကန်တို့သည်၎င်း ငပတ်တို့သည်၎င်း ငရံ့ ကြောင်းတို့ သည်၎င်း ထိုငါးတို့သည် ထိုရေအိုင်၌ ကျက်စားကုန်လျက် ငါ၏သခ်မ်းကျောင်းကို တင့် တယ်စေကုန်၏။

၃၄၆။ ဖမ်းယူတတ်သော မိကျောင်းတို့သည်၎င်း ကြမ်းတမ်းသော ငါးတို့သည်၎င်း လိပ်တို့သည်၎င်း ဖမ်းယူတတ်ကုန်သော စပါးကြီးမြွေတို့သည်လည်း များစွာ ရှိကုန်၏၊ (ထိုသတ္တဝါတို့သည်) ငါ၏သခ်မ်းကျောင်းကို တင့်တယ်စေကုန်၏။

၃၄၇။ ဤရေကန်၌ ခိုတို့သည်၎င်း ဝမ်းဘဲ ယသာတို့သည်၎င်း စက္ကဝါက်ငှက်တို့သည် ၎င်း ဒင်ကျီးငှက်တို့သည်၎င်း ယစ်တို့သည်၎င်း ဆက်ရက် (သာလိကာ) တို့သည်၎င်း ငါ၏ သခ်မ်းကျောင်းကို တင့်တယ်စေကုန်၏။

http://www.dhammadownload.com



၃၄၈။ ထိုရေကန်၌ နယ်တပင်တို့သည်၎င်း သရက်အနံ့ရှိသော ပန်းပင်တို့သည်၎င်း ဆပ်သွားပင်တို့သည်၎င်း ပွင့်ကြကုန်သည်ရှိသော် နတ်ရနံ့တို့ကို ကြိုင်လှိုင်စေကုန်လျက် ငါ၏ သင်္ခမ်းကျောင်းကို တင့်တယ်စေကုန်၏။

၃၄၉။ ခြင်္သေ့ ကျား ကျားသစ်တို့သည်၎င်း ဝံ ဝံပုလွေ အောင်းတို့သည်၎င်း တော၌ လှည့်လည်ကုန်လျက် ငါ၏သင်္ခမ်းကျောင်းကို တင့်တယ်စေကုန်၏။

၃၅၀။ ရသေ့ပရိက္ခရာဝန်ဖြင့် ပြည့်ကုန်သော သစ်နက်ရေအပေါ်ရုံကို ဝတ်သော ရသေ့တို့သည် တော၌ အစဉ်တစိုက်လှည့်လည်ကြကုန်လျက် ငါ၏သင်္ခမ်းကျောင်းကို တင့်တယ်စေကုန်၏။

၃၅၁။ ထိုရသေ့တို့သည် သစ်နက်ရေတို့ကို ဆောင်ကုန်လျက် ရင့်ကျက်သောပညာ ရှိကုန်သည်ဖြစ်၍ ငြိမ်သက်သောဖြစ်ခြင်းရှိကုန်၏၊ ထိုရသေ့အားလုံးတို့သည် အာဟာရ နည်းပါးကုန်လျက်ပင် ငါ၏သင်္ခမ်းကျောင်းကို တင့်တယ်စေကုန်၏။

၃၅၂။ ထိုအခါ၌ ရသေ့တို့၏ ပရိက္ခရာကိုယူ၍ တောသို့ သက်ဝင်ပြီးလျှင် သစ်မြစ် သစ်သီးတို့ကို စားကုန်လျက် ထိုအခါ သင်္ခမ်းကျောင်း၌ နေကြကုန်၏။

၃၅၃။ ထိုရသေ့တို့သည် ထင်းကိုမခွေကြကုန်၊ သောက်ရေနှင့် ခြေဆေးရေတို့ကို မခပ် ကြကုန်၊ ရသေ့အားလုံးတို့၏ အာနုဘော်ကြောင့် အလိုလိုသာလျှင် ဆောင်အပ်ပြီး ဖြစ်ပေ၏။

၃၅၄။ ဤကျောင်း၌ ရသေ့ရှစ်သောင်းလေးထောင်တို့ စည်းဝေးကြကုန်၏၊ ထိုရသေ့ အားလုံးတို့သည် ဈာန်ရ ရသေ့ဖြစ်၍ မြတ်သောအကျိုးကို ရှာမှီးလျက် ရှိကုန်၏။

၃၅၅။ ခြိုးခြံသော အကျင့်ရှိကုန်သော မြတ်သော အကျင့်ရှိကုန်သော အပ္ပနာဈာန် အကျင့်၌ တိုက်တွန်းတတ်ကုန်သော ကောင်းကင်၌ သွားလာကုန်သော ရသေ့အားလုံး တို့သည် ထိုအခါ သင်္ခမ်းကျောင်း၌ နေကုန်၏။

၃၅၆။ တည်ကြည်၍ ငြိမ်သက်ခြင်းရှိသော ရသေ့တို့သည် ငါးရက်တကြိမ် စည်းဝေး ကုန်၏၊ အချင်းချင်းရှိခိုး၍ အရပ်မျက်နှာသို့ ရှေးရှုဖဲသွားကုန်၏။

၃၅၇။ မာရ်ငါးပါးကို အောင်တော်မူပြီးသော တရားခပ်သိမ်းတို့၏ ကမ်းတဖက် ရောက် သိမြင်တော်မူသော ပဒုမုတ္တရမြတ်စွာဘုရားသည် မောဟတည်းဟူသော အမိုက် တိုက်ကို ပယ်ဖျောက်လျက် ထိုအခိုက်၌ ပွင့်တော်မူပြီး ဖြစ်ပေ၏။

၃၅၈။ ငါ၏သင်္ခမ်းကျောင်းအနီး၌ တန်ခိုးကြီးသော နတ်သည် ရှိ၏၊ ထိုနတ်သည် သစ္စာလေးပါးကို သိမြင်တော်မူသော ပဒုမုတ္တရမြတ်စွာဘုရား (ပွင့်တော်မူကြောင်း) ကို ငါ့အား ပြောကြားလေ၏။

၃၅၉။ ရဟန်းမြတ်ဖြစ်တော်မူသော ဤပဒုမုတ္တရမြတ်စွာဘုရားသည် ပွင့်တော်မူ၏၊ အချင်းရသေ့ လျင်မြန်စွာသွား၍ မြတ်စွာဘုရားကို ဆည်းကပ်ချေလော့ဟု (ပြော ကြား၏)။

http://www.dhammadownload.com



၃၆၀။ ထိုအခါ ငါသည် နတ်၏စကားကို ကြားရ၍ အလွန်ကြည်လင်သောစိတ်ဖြင့် သခ်မ်းကျောင်းကို သိုမှီး၍ တောမှထွက်ခဲ့၏။

၃၆၁။ ပုဆိုး၌ မီးလောင်သောသူကဲ့သို့ တည်ငြိမ်မှုနေ၍ သခ်မ်းကျောင်းမှ ထွက်ပြီးလျှင် မြတ်စွာဘုရားထံသို့ ချဉ်းကပ်၏။

၃၆၂။ ပေးလှူဖွယ်ပစ္စည်းဝတ္ထုတို့ကို အလှူခံတော်မူထိုက်သော ပဒုမုတ္တရမြတ်စွာဘုရားသည် သစ္စာလေးပါးတရားကို ပြတော်မူလျက် အမြိုက်နိဗ္ဗာန်ကို ဟောကြားတော်မူ၏—

၃၆၃။ ကောင်းစွာပွင့်သော ပဒုမာကြာပန်းကိုယူ၍ မြတ်စွာဘုရား၏ အနီးသို့ချဉ်းကပ်ပြီးလျှင် ကြည်လင်ဝမ်းမြောက်သော စိတ်ရှိလျက် မြတ်စွာဘုရားအား တင်လှူပူဇော်ခဲ့၏။

၃၆၄။ ငါသည် သစ္စာလေးပါးတရားကို သိတော်မူသော ပဒုမုတ္တရအမည်ရှိသော မြတ်စွာဘုရားကို ပူဇော်ပြီးလျှင် သစ်နက်ရေကို လက်ဝဲပခုံးထက်၌တင်၍ မြတ်စွာဘုရားကို ချီးကျူးခဲ့၏—

၃၆၅။ မြတ်စွာဘုရားသည် အကြင်ဉာဏ်တော်ကြောင့် ဤလောက၌ အာသဝမရှိပဲ နေတော်မူ၏၊ ထိုဉာဏ်တော်ကို ချီးကျူးပေအံ့၊ ချီးကျူးပြောဆိုသော ငါ၏စကားကို နာယူကြကုန်လော့—

၃၆၆။ မြတ်စွာဘုရား အရှင်ဘုရားသည် သံသရာရေယဉ်ကိုဖြတ်၍ သတ္တဝါအားလုံးကို ကယ်တင်တော်မူပါပေ၏၊ အရှင်ဘုရား၏ တရားတော်ကို ကြားနာရ၍ ထိုသူတို့သည် တဏှာရေယဉ်ကို ကူးမြောက်ကြပါကုန်၏။

၃၆၇။ အခြေနှစ်ချောင်းရှိသူ နတ်လူတို့ထက် မြတ်တော်မူသော မြတ်စွာဘုရား အရှင်ဘုရားသည် သတ္တဝါတို့၏ ဆရာလည်း ဖြစ်တော်မူပါပေ၏၊ မှန်ကင်းသဖွယ်လည်း ဖြစ်တော်မူပါပေ၏၊ တံခွန်သဖွယ်လည်း ဖြစ်တော်မူပါပေ၏၊ ယဇ်တိုင်သဖွယ်လည်း ဖြစ်တော်မူပါပေ၏၊ လည်းလျောင်းရာလည်း ဖြစ်တော်မူပါပေ၏၊ ဆောက်တည်ရာလည်း ဖြစ်တော်မူပါပေ၏၊ မီးခိုရာကျွန်းသဖွယ်လည်း ဖြစ်တော်မူပါပေ၏။

၃၆၈။ လောက၌ အကြင်မျှလောက် ဂိုဏ်းဆရာတို့ကို လှည်းမှူးသဖွယ်ဖြစ်၏ ဟူ၍ ဆိုအပ်ပါကုန်၏၊ မြတ်စွာဘုရား အရှင်ဘုရားသည် (ဂိုဏ်းဆရာတို့တွင်) အမြတ်ဆုံးဖြစ်တော်မူပါပေ၏၊ ထိုဂိုဏ်းဆရာတို့သည်ကား အရှင်ဘုရား၏ ဉာဏ်တော်အတွင်း၌ ဝင်ကြရပါကုန်၏။

၃၆၉။ သဗ္ဗညုမြတ်စွာဘုရား အရှင်ဘုရား၏ဉာဏ်တော်ဖြင့် များစွာသောလူအပေါင်းကို ကယ်တင်တော်မူပါပေ၏၊ (သတ္တဝါအားလုံးတို့သည်) အရှင်ဘုရားအား ဖူးမြင်ရခြင်းကို အကြောင်းပြု၍ ဒုက္ခ၏အဆုံးကို ပြုကြရပါကုန်လတ္တံ့။

၃၇၀။ စကျွငါးမျိုးရှိတော်မူသော မြတ်စွာဘုရား လောက၌ ဤနံ့သာမျိုးအားလုံးတို့သည် ကြိုင်လှိုင်လျက် ရှိပါကုန်၏၊ ကောင်းမှု စိုက်ပျိုးရာ လယ်ယာမြေကောင်းသဖွယ် ဖြစ်သော မြတ်စွာဘုရား အရှင်ဘုရား၏ အနံ့နှင့်တူသော ရနံ့သည် မရှိပါ။

http://www.dhammadownload.com



၃၇၁။ စက္ကူငါးမျိုးရှိတော်မူသော မြတ်စွာဘုရား အရှင်ဘုရားသည် တိရစ္ဆာန်ဘဝကိုရင်း ငရဲကိုရင်း လွတ်ခစေဘော်မူပါလော့၊ မြတ်စွာဘုရား အရှင်ဘုရားသည် ငြိမ်သက်သော အကြောင်းတရားတို့ပြုပြင်ခြင်းကင်းသော နိဗ္ဗာန်ကို ဟောကြားတော်မူပါ (ဟု လျှောက်၏)။

၃၇၂။ ပေးလှူဖွယ်ပစ္စည်းတို့ကို ခံထိုက်တော်မူသော ပဒုမုတ္တရမြတ်စွာဘုရားသည် ရဟန်းသံဃာ (အလယ်)၌ ထိုင်နေတော်မူ၍ ဤဂါထာတို့ကို ဟောတော်မူ၏—

၃၇၃။ အကြင်သူသည် ငါဘုရား၏ဉာဏ်တော်ကို ကြည်ညိုသည်ဖြစ်၍ မိမိလက်တို့ဖြင့် ပူဇော်၏၊ ထိုသူ့ကို ငါသည် ဗျာဒိတ်စကား မိန့်ကြားတော်မူအံ့၊ မိန့်ကြားမည့် ငါ၏စကားကို နာယူကြကုန်လော့—

၃၇၄။ ဤသူသည် ကမ္ဘာသုံးသောင်းတို့ပတ်လုံး နတ်ပြည်၌ မွေ့လျော်ရလတ္တံ့၊ အကြိမ်တထောင်တိုင်တိုင် စကြဝတေးမင်းလည်း ဖြစ်လတ္တံ့ (ဟု ဟောတော်မူ၏)။

၃၇၅။ ငါသည် လာဘ်ကောင်း လာဘ်မြတ်ကို ရသူဖြစ်ပေ၏၊ ကောင်းသောအကျင့်ရှိသော မြတ်စွာဘုရားကို အားရနှစ်သက်စေ၍ အာသဝတရားအားလုံးတို့ကို ပိုင်းခြားသိလျက် အာသဝမရှိပဲ နေရပေ၏။

၃၇၆။ ငါသည် ကိလေသာတို့ကို ရှို့မြိုက်လောင်ကျွမ်းစေအပ်ကုန်ပြီ။ပ။ အာသဝမရှိပဲ နေရ၏။

၃၇၇။ ငါ၏လာခြင်းကား။ပ။ လိုက်နာပြုကျင့်အပ်ပါပြီ။

၃၇၈။ လေးပါးသော ပဋိသမ္ဘိဒါတို့ကိုရင်း။ပ။ လိုက်နာကျင့်သုံးပြီးပါပြီ။

ဤသို့လျှင် အသျှင်ဥဒေနမထေရ်သည် ဤဂါထာတို့ကို မိန့်ဆိုဘော်မူ၏။

ဆယ်ခုမြောက် ဥဒေနတ္ထေရအပဒါန် ပြီး၏။

**လေးဆယ့်တခုမြောက် မေတ္တေယျဝဂ် ပြီး၏။**

http://www.dhammadownload.com

# ၄၂—ဘဒ္ဒါလိဝင်

## ၁-ဘဒ္ဒါလိတ္ထေရအပဒါန်

၁။ မြင့်မြတ်တော်မူသည်ဖြစ်၍ မဟာကရုဏာရှိတော်မူသော လောကတွင် အမြတ်ဆုံးဖြစ်၍ရဟန်းမြတ်ဖြစ်တော်မူသော သုမေဓာမည်သော မြတ်စွာဘုရားသည် ဆိတ်ငြိမ်ရာကို အလိုရှိတော်မူသည်ဖြစ်၍ ဟိမဝန္တာသို့ ကြွတော်မူ၏။

၂။ ယောကျ်ားမြတ် ဖြစ်တော်မူသော လောက၏ရှေ့သွား သုမေဓာမြတ်စွာဘုရားသည် ဟိမဝန္တာသို့ ဝင်ရောက်တော်မူပြီးလျှင် တင်ပလ္လင်ဖွဲ့ခွေ နေထိုင်တော်မူ၏။

၃။ ယောကျ်ားမြတ်ဖြစ်တော်မူသော လောက၏ရှေ့သွား ထိုသုမေဓာမြတ်စွာဘုရားသည် သမာပတ်ဝင်စားလျက် ခုနစ်နေ့ ခုနစ်ည္ဥတို့ပတ်လုံး ထိုင်နေတော်မူ၏။

၄။ ငါသည် ရသေ့ပရိက္ခရာဝန်ကို ယူ၍ တောသို့ ဝင်ရောက်ခဲ့၏၊ ထိုလောက၌ ဩဃကို လွန်မြောက်တော်မူသော အာသဝေါကင်းတော်မူသော မြတ်စွာဘုရားကို ဖူးမြင်ရပေ၏။

၅။ ထိုအခါ တံမြက်စည်းကိုယူ၍ သင်္ခမ်းကျောင်းကို တံမြက်လှည်းပြီးလျှင် တိုင်လေးတိုင်ကို စိုက်ထူ၍ မဏ္ဍပ်ကို ဆောက်လုပ်ခဲ့၏။

၆။ ငါသည် အင်ကြင်းပန်းကို ယူဆောင်၍ မဏ္ဍပ်ကို မိုးခဲ့၏၊ ကြည်လင်ဝမ်းမြောက်သော စိတ်ရှိသည်ဖြစ်၍ မြတ်စွာဘုရားကို ရှိခိုး၏။

၇။ ကောင်းသော ပညာရှိတော်မူသော မြေကြီးအထုနှင့် တူသော ပညာရှိတော်မူသော အကြင်မြတ်စွာဘုရားကို သုမေဓာဟူ၍ ဆိုကြကုန်၏၊ (ထိုမြတ်စွာဘုရားသည်) ရဟန်းသံဃာ(အလယ်)၌ ထိုင်နေတော်မူပြီးလျှင် ဤ ဂါထာတို့ကို ဟောတော်မူ၏—

၈။ စက္ခုငါးမျိုးရှိတော်မူသော မြတ်စွာဘုရားသည် ကေန်မုချ တရားဟောတော်မူ၏ဟု မြတ်စွာဘုရား၏ စကား (အသံ) တော်ကို သိသဖြင့် နတ်အားလုံးတို့ စုဝေးကြကုန်၏။

၉။ ပေးလှူဖွယ်ပစ္စည်းဝတ္ထုတို့ကို ခံတော်မူထိုက်သော သုမေဓာမြတ်စွာဘုရားသည် နတ်အပေါင်း(အလယ်)၌ ထိုင်နေတော်မူ၍ ဤ ဂါထာတို့ကို ဟောတော်မူ၏—

၁၀။ အကြင်သူသည် အင်ကြင်းပန်းဖြင့် မိုးအပ်သော မဏ္ဍပ်ကို ငါ့အား ခုနစ်ရက်ပတ်လုံး ဆောင်းမိုးပေ၏၊ ထိုသူကို ငါသည် ဗျာဒိတ်စကား မိန့်ကြားတော်မူအံ့၊ မိန့်ကြားမည့် ငါ၏စကားကို နာယူကြကုန်လော့—

၁၁။ (ဤသူသည်) နတ်ဖြစ်သော်ငြားလည်း လူဖြစ်သော်ငြားလည်း ရွှေအဆင်းရှိသူ ဖြစ်လတ္တံ့၊ စည်းစိမ်ဥစ္စာများသူဖြစ်၍ ကာမဂုဏ်ကို ခံစားရသူ ဖြစ်လတ္တံ့။

၁၂-၁၃။ အလုံးစုံတန်ဆာတို့ဖြင့် တန်ဆာဆင်အပ်ကုန်သော ခါးကြိုးရှိကုန်သော ရွှေတန်ဆာတို့ဖြင့် ဖုံးလွှမ်းအပ်ကုန်သော မှိန်းနှင့်ချွန်းကို လက်စွဲသော ဆင်စီးသူရဲတို့

http://www.dhammadownload.com



တက်စီးအပ်ကုန်သော မာတင်္ဂဆင်ပေါင်း ခြောက်သောင်းတို့သည် ညဉ့်ရောနေ့ပါ ခစားခြင်းငှါ ဤသူ့ထံသို့ လာရောက်ကုန်လတ္တံ့၊ ဤသူသည် ထိုဆင်တို့ဖြင့် ခြံရံလျက် မွေ့လျော်ရလတ္တံ့။

၁၄-၁၅။ အလုံးစုံ တန်ဆာတို့ဖြင့် တန်ဆာဆင်အပ်ကုန်သော အမျိုးအားဖြင့် အာဇာနည်မျိုးဖြစ်ကုန်သော လျင်မြန်စွာ ဝန်ကိုဆောင်တတ်ကုန်သော သက်တင်ရေးနှင့် တူသော လေးကို ဆောင်ကုန်သော မြင်းစီးသူရဲတို့သည် တက်စီးအပ်ကုန်သော သိန္ဓောမြင်းပေါင်း ခြောက်သောင်းတို့သည် ဤသူကို အမြဲခြံရံကုန်လတ္တံ့၊ ဤသို့ဖြစ်ရခြင်းသည် ဘုရားကို ပူဇော်ရခြင်း၏ အကျိုးပေတည်း။

၁၆-၁၇။ အလုံးစုံသော တန်ဆာတို့ဖြင့် တန်ဆာဆင်အပ်ကုန်သော ကျားသစ်ရေ ကျားရေတို့ဖြင့် ကျက်အပ်ကုန်သော မြဲမြံစွာ ဖွဲ့ချည်အပ်ကုန်သော စိုက်ထူထားသော အလံရှိကုန်သော လေးကို လက်စွဲကုန်သော ချပ်မိန်ညိုဝတ်ဆင်သည့် ရထားစီးသူရဲတို့သည် တက်စီးအပ်ကုန်သော ရထားခြောက်သောင်းတို့သည် ဤသူ့ကို အမြဲခြံရံကုန်လတ္တံ့၊ ဤသို့ဖြစ်ရခြင်းသည် ဘုရားကို ပူဇော်ရခြင်း၏ အကျိုးပေတည်း။

၁၈။ အကြွင်းမဲ့ပြည့်စုံကုန်သော ခြောက်သောင်းသော ရွာတို့သည်ရှင်း များသော ဥစ္စာစပါးရှိကုန်သော အလုံးစုံ အလွန်ကြွယ်ဝကုန်သော ရွာပေါင်းခြောက်သောင်းတို့သည် ရှင်း အခါခပ်သိမ်း ထင်ရှားဖြင့်ပေါ်ကုန်လတ္တံ့၊ ဤသို့ဖြစ်ရခြင်းသည် ဘုရားအား ပူဇော်ရခြင်း၏ အကျိုးပေတည်း။

၁၉။ ဆင်တပ် မြင်းတပ် ရထားတပ် ခြေလျင်တပ်ဟူသော အင်္ဂါလေးပါးရှိသော စစ်တပ်တို့သည် ဤသူကို အမြဲခြံရံကုန်လတ္တံ့၊ ဤသို့ဖြစ်ရခြင်းသည် ဘုရားအား ပူဇော်ရခြင်း၏ အကျိုးပေတည်း။

၂၀။ ကမ္ဘာတထောင့်ရှစ်ရာတို့ပတ်လုံး နတ်ပြည်၌ မွေ့လျော်ရလတ္တံ့၊ စကြဝတေးမင်းလည်း အကြိမ်ဘထောင်တိုင်တိုင် ဖြစ်လတ္တံ့။

၂၁။ အကြိမ်သုံးရာတို့တိုင်တိုင် နတ်မင်းအဖြစ်ကို ပြုရလတ္တံ့၊ ပြန့်ပြောသောပဒေသရာဇ်မင်း အဖြစ်သည်ကား ဂဏန်းအားဖြင့် မရေတွက်နိုင်။

၂၂။ ကမ္ဘာသုံးသောင်းထက်၌ ဩက္ကာကမင်းမျိုး၌ဖြစ်သော အနွယ်အားဖြင့်ဂေါတမမည်သော မြတ်စွာဘုရားသည် လောက၌ ပွင့်တော်မူလတ္တံ့။

၂၃။ ထိုဂေါတမမြတ်စွာဘုရား၏ တရားတို့၌ တရားဖြင့် ဖန်ဆင်းအပ်သော အမွေခံ သားတော်ဖြစ်၍ အာသဝတရားအားလုံးတို့ကို ပိုင်းခြားသိပြီးလျှင် အာသဝမရှိပဲ နေရလတ္တံ့(ဟုဟောတော်မူ၏)။

၂၄။ ငါသည် ကမ္ဘာသုံးသောင်းထက်၌ မြတ်စွာဘုရားကို ဖူးမြင်ခဲ့ရ၏၊ ဤအခါမှစ၍ အမြိုက်နိဗ္ဗာန်ကို ရှာမှီးခဲ့၏။

၂၅။ ငါသည် သာသနာကို အကြင့်ကြောင့် သိ၏၊ ထိုသို့သိရခြင်းသည် ငါ့အား အရတော်ပေစွ၊ ငါသည် ကောင်းစွာရအပ်ပေ၏၊ ဝိဇ္ဇာသုံးပါးတို့ကို ရအပ်ပါကုန်ပြီ၊ မြတ်စွာဘုရား၏ အဆုံးအမတော်ကို လိုက်နာပြုကျင့်အပ်ပါပြီ။

http://www.dhammadownload.com



၂၆။ ယောကျ်ားအာဇာနည်ဖြစ်တော်မူသော မြတ်စွာဘုရား အရှင်ဘုရားအား ရှိခိုးပါ၏၊ ယောကျ်ားမြတ်ဖြစ်တော်မူသော မြတ်စွာဘုရား အရှင်ဘုရားအား ရှိခိုးပါ၏၊အရှင်ဘုရား၏ ဉာဏ်တော်ကို ချီးကျူးခဲ့ခြင်းကြောင့် တုန်လှုပ်ခြင်းမရှိသော နိဗ္ဗာန်သို့ ရောက်ရပါ၏။

၂၇။ ကပ်ရောက်ရတိုင်းသော လူအဖြစ် နတ်အဖြစ်ဟူသမျှအားလုံးတို့၌ ချမ်းသာသူ ဖြစ်ရပေ၏၊ (ဤအကျိုးသည်) ဉာဏ်တော်ကို ချီးကျူးခြင်းကြောင့်ဖြစ်သော ငါ၏ အကျိုးပေတည်း။

၂၈။ ဤဘဝသည် နောက်ဆုံးပေတည်း၊ ငါ့အား နောက်ဆုံးဘဝသည် ဖြစ်ပေ၏၊ ဆင်ပြောင်ကြီးသည် အနှောင်အဖွဲ့ကို ဖြတ်၍ နေသကဲ့သို့ ငါသည် အာသဝမရှိပဲ နေရပေ၏။

၂၉။ ငါသည် ကိလေသာတို့ကို ရှို့မြှိုက်လောင်ကျွမ်းစေအပ်ကုန်ပြီ၊ဘဝအားလုံးတို့ကို ပယ်နုတ်အပ်ကုန်ပြီ၊ ဆင်ပြောင်ကြီးသည် အနှောင်အဖွဲ့ကို ဖြတ်၍ နေသကဲ့သို့ ငါသည် အာသဝမရှိပဲ နေရပေ၏။

၃၀။ ငါ၏လာခြင်းကား ကောင်းသောလာခြင်း စင်စစ်ဖြစ်ပေ၏၊ မြတ်စွာဘုရား၏ အထံတော်၌ ဝိဇ္ဇာသုံးပါးတို့ကို ရအပ်ပါကုန်ပြီ၊ မြတ်စွာဘုရား၏ အဆုံးအမတော်ကို လိုက်နာပြုကျင့်အပ်ပါပြီ။

၃၁။ လေးပါးသော ပဋိသမ္ဘိဒါတို့ကိုငင်း ရှစ်ပါးသော ဤဝိမောက္ခတို့ကိုငင်း ခြောက်ပါးသော အဘိညာဉ်တို့ကိုငင်း မျက်မှောက်ပြုအပ်ပါကုန်ပြီ၊ မြတ်စွာဘုရား၏ အဆုံးအမတော်ကို လိုက်နာကျင့်သုံးပြီးပါပြီ။

ဤသို့လျှင် အသျှင်ဘဒ္ဒါလိမထေရ်သည် ဤဂါထာတို့ကို မိန့်ဆိုတော်မူ၏။

ရှေးဦးစွာသော ဘဒ္ဒါလိတ္ထေရအပဒါန် ပြီး၏။

---

## ၂-ကေဆတ္ထိယတ္ထေရအပဒါန်

၃၂။ စန္ဒဘာဂါမြစ်ကမ်း၌ ငါသည် သခ်မ်းကျောင်းကို ကောင်းစွာဆောက်လုပ်၏၊ (ထိုကျောင်း၌) အလှန်စင်ကြယ်သောသဲဖြင့် ဖြန့်၏၊သစ်ရွက်မိုးကျောင်းကို ကောင်းစွာ ပြုလုပ်ဖန်ဆင်းအပ်၏။

၃၃။ မြစ်ငယ်သည် တိမ်သောကမ်းရှိ၏၊ကောင်းသောဆိပ်ကမ်းရှိသည်ဖြစ်၍ စိတ်နှလုံးကို မွေ့လျော်စေနိုင်ပေ၏၊ ငါးလိပ်တို့နှင့်ပြည့်စုံ၏၊ မိကျောင်းတို့ မှီဝဲနေထိုင်ရာဖြစ်ပေ၏။

၃၄။ ဝံ ကျား သစ် ဥဒေါင်း ကရဝိက် သာလိကာတို့သည် ငါ၏ သခ်မ်းကျောင်းကို တင့်တယ်စေကုန်လျက် အခါခပ်သိမ်း တွန်မြူးကြကုန်၏။

၃၅။ သာယာစွာ တွန်မြည်လေ့ရှိသော ဥသြတို့သည်ငင်း ချိုမြိန်သော အသံရှိကုန်သော ဟင်္သာတို့သည်ငင်း ထိုသတ္တဝါတို့သည် ငါ၏ သခ်မ်းကျောင်းကို တင့်တယ်စေကုန်လျက် ထိုအရပ်၌ အလွန်တွန်မြူးကြကုန်၏။

http://www.dhammadownload.com



၃၆။ ခြသေ့် ကျား ဝက် ဝက်ဝံ ဝံပုလွေ အောင်းတို့သည် ငါ၏ သခ်မ်းကျောင်းကို တင့်တယ်စေကုန်လျက် တောင်ချောက်၌ မြည်ကြကုန်၏။

၃၇။ ဇောမည်သော သားကောင်တို့သည်ရင်း သမင်ဆီးဆောက်တို့သည်ရင်း မြေခွေး တို့သည်ရင်း ဝက်တို့သည်ရင်း များပြားသောသတ္တဝါတို့သည် ငါ၏သခ်မ်းကျောင်းကို တင့်တယ်စေကုန်လျက် တောင်ချောက်၌ မြည်ကြကုန်၏။

၃၈။ ငုစပ်ပင် စကားပင် သခွတ်ပင် ရေညှိပင် စစ်ကြီးပင် သော်ကပင်တို့သည် ငါ၏သခ်မ်းကျောင်းကို တင့်တယ်စေကုန်၏။

၃၉။ မုန်ကူပင် စပယ်ကြီးပင် မိုးစွေပင် လိပ်ဆူးရွှေပင် မဟာလေ့ကားပင်တို့သည် လည်း ငါ၏သခ်မ်းကျောင်းကို တင့်တယ်စေလျက် ပွင့်ကြကုန်၏။

၄၀။ ဤအရပ်၌ ကံ့ကော်ပင် အင်ကြင်းပင် ထင်းရှူးပင် ကြာပုတ္တရိက်ပင်တို့သည် ပွင့်ကုန်သည်ရှိသော် နတ်ရနံ့တို့ကို ကြိုင်လှိုင်စေကုန်လျက် ငါ၏သခ်မ်းကျောင်းကို တင့် တယ်စေကုန်၏။

၄၁။ ဤအရပ်၌ ဖောက်ကြံ့ပင် ပိတောက်ပင် ရှားစောင်းပင်တို့သည်ရင်း သာလ ပင် ဥပါသကာပင်တို့သည်ရင်း ပွင့်ကုန်သည်ရှိသော် ငါ၏ သခ်မ်းကျောင်းကို တင့်တယ် စေကုန်၏။

၄၂။ သရက်ပင် သပြေပင်တို့သည်ရင်း ပြည့်စင်ပင် တမာပင်တို့သည်ရင်း ကြောင် လျှာပင်တို့သည်ရင်း နတ်ရနံ့ကို ကြိုင်လှိုင်စေကုန်လျက် ငါ၏သခ်မ်းကျောင်းကို တင့်တယ် စေကုန်၏။

၄၃။ ဤအရပ်၌ သော်ကပင် သီးပင်တို့သည်ရင်း တောင်၌ပေါက်သော ပန်းပင်တို့ သည်ရင်း ပွင့်ကုန်သည်ရှိသော် နတ်ရနံ့ကို ကြိုင်လှိုင်စေကုန်လျက် ငါ၏သခ်မ်းကျောင်းကို တင့်တယ်စေကုန်၏။

၄၄။ ထိန်ပင် ငှက်ပျောပင်တို့သည်ရင်း စိုက်ပျိုးအပ်ကုန်သော ရသေ့စားပဲပင်တို့ သည်ရင်း ငါ၏သခ်မ်းကျောင်းကို တင့်တယ်စေကုန်လျက် အမြဲမပြတ် အသီး သီးလျက် ရှိကုန်၏။

၄၅။ သဖန်းခါးပင် သျှိသျှားပင်တို့သည်ရင်း သရက်ပင် သပြေပင် သစ်ဆိမ့်ပင် တို့သည်ရင်း ဆီးပင်တို့သည်ရင်း ချေးပင်တို့သည်ရင်း ဥသျှစ်ပင်တို့သည်ရင်း ငါ၏သခ်မ်း ကျောင်းအနီး၌ အသီး သီးလျက် ရှိကုန်၏။

၄၆။ ထိုသခ်မ်းကျောင်း၏အနီး၌ လေးထောင့်ကန်သည် ကောင်းသောရေဆိပ်ရှိသည် ဖြစ်၍ စိတ်နှလုံးကို မွေ့လျော်စေနိုင်၏၊ ချောက်လေ့ကြူးတို့ဖြင့်ရင်း ဖရုမာကြာ ဥပ္ပလကြာ တို့ဖြင့်ရင်း ဖုံးလွှမ်းလျက်ရှိ၏။

၄၇။ ငါ၏သခ်မ်းကျောင်းအနီး၌ အချို့သော ပဒုမာကြာတို့သည် ဖူးငုံလျက် ရှိကုန်၏၊ အချို့သောကြာတို့သည် ဝတ်ဆံစွင့်စွင့် ပွင့်လျက် ရှိကုန်၏၊ အချို့သောကြာတို့သည် အရွက် ကြွေကျ ကြာစွက်မျှရှိကုန်လျက် ပွင့်ကြကုန်၏။

http://www.dhammadownload.com



၄၈။ ဖေယ်တို့သည်၎င်း တေန် ပေတ်တို့သည်၎င်း ငေါ့် ကြေင်းတို့သည်၎င်း ကြည်လင်သောရေ၌ လှည့်လည်ကုန်လျက် ငါ၏သင်္ခမ်းကျောင်းကို တင့်တယ်စေကုန်၏။

၄၉။ နယိတပင် သရက်နံ့ရှိသော ပန်းပင်တို့သည်၎င်း ကမ်းနား၌ ပေါက်ရောက်ကုန်သော ဆပ်သွားပင်တို့သည်၎င်း နတ်ရနံ့ကို ကြိုင်လှိုင်စေလျက် ငါ၏သင်္ခမ်းကျောင်းကို တင့်တယ်စေကုန်၏။

၅၀။ ပျားရည်သည် ကြာငုံမှ ယိုစီးလျက်ရှိ၏၊ ကြာရင်းတို့မှ နို့ထောပတ်နှင့်တူသော အရည်သည် ယိုစီးလျက်ရှိ၏၊ နတ်ရနံ့ကို ကြိုင်လှိုင်စေလျက် ငါ၏သင်္ခမ်းကျောင်းကို တင့်တယ်စေကုန်၏။

၅၁။ ထိုသင်္ခမ်းကျောင်း(အနီး)၌ တင့်တယ်လှပသော သဲတို့သည် ရောပြွမ်းလျက်ရှိကုန်၏၊ရေကိုမှီသော ပန်းပင်ယေ်တို့သည် ပွင့်ကုန်သည်ရှိသော် ငါ၏သင်္ခမ်းကျောင်းကို တင့်တယ်စေလျက် ဖြစ်ထွန်းကုန်၏။

၅၂။ ရသေ့ပရိက္ခရာခန်တို့ဖြင့်ပြည့်ကုန်သော သစ်နက်ရေအပေါ်ရုံကို ဝတ်ကုန်သော လျှော်တေသကန်းကိုဆောင်ကုန်သော ရသေ့အားလုံးတို့သည် ငါ၏သင်္ခမ်းကျောင်းကို တင့်တယ်စေကုန်၏။

၅၃။ ထမ်းပိုးတပြန်မျှသာ ကြည့်ရှုကုန်သော ရင့်ကျက်သော ပညာရှိကုန်သော ငြိမ်သက်သော ဖြစ်ခြင်းရှိကုန်သော ရသေ့တို့သည် ကာမစည်းစိမ်ကို ငဲ့ကွက်ခြင်းမရှိပဲ ငါ၏သင်္ခမ်းကျောင်း၌ နေကြကုန်၏။

၅၄။ ပေါက်ရောက်သောလက်ကတီးမွေး (ချိုင်းမွေး) ရှိကုန်သော ရှည်သော လက်သည်း ခြေသည်း မုတ်ဆိတ် ကြင်စွယ်မွေးရှိကုန်သော သွားချေးကပ်သောသွား ရှိကုန်သော ဦးခေါင်း၌ မြူရှိကုန်သော အညစ်အကြေးကိုဆောင်ကုန်သော ရသေ့အားလုံးတို့သည် ငါ၏သင်္ခမ်းကျောင်း၌ နေကြကုန်၏။

၅၅။ ထိုရသေ့တို့သည် အဘိညာဉ်၌ အထွတ်အထိပ်သို့ ရောက်ကုန်၏၊ ကောင်းကင်၌ လှည့်လည်သွားလာကုန်၏၊ထိုရသေ့တို့သည် ကောင်းကင်သို့ ပျံတက်ကုန်လျက် ငါ၏သင်္ခမ်းကျောင်းကို တင့်တယ်စေကုန်၏။

၅၆။ ထိုအခါ၌ (ငါသည်)ထိုတပည့်တို့ဖြင့် ခြံရံအပ်သည်ဖြစ်၍ တော၌ နေ၏၊ အခါခပ်သိမ်း ဈာန်ဝင်စားခြင်းနှင့် ပြည့်စုံသည်ဖြစ်၍ နေ့ညဉ့်ကို မသိချေ။

၅၇။ ထိုအခါ၌ ဘုန်းတော်ခြောက်ပါးနှင့် ပြည့်စုံတော်မူသော လောက၏ရှေ့သွား အတ္ထဒဿီမြတ်စွာဘုရားသည် မောဟတည်းဟူသော အမိုက်တိုက်ကို ဖျက်ဆီးလျက် ပွင့်တော်မူ၏။

၅၈။ ထိုအခါ၌ တပည့်တဦးသည် ဗေဒင်သုံးပုံတွင် ဆင်ငှါမည်သော လက္ခဏာကျမ်းကို သင်လိုသည်ဖြစ်၍သာလျှင် ငါ၏ အထံသို့ ရောက်လာ၏။

၅၉။ သစ္စာလေးပါးကို သိတော်မူသော အတ္ထဒဿီ မြတ်စွာဘုရားသည် လောက၌ ပွင့်တော်မူလျက်ရှိ၏၊ သစ္စာလေးပါးကို ပြတော်မူလျက် အမြိုက်နိဗ္ဗာန်ကို ဟောကြားတော်မူပေ၏(ဟု ငါ့အား ပြောဆို၏)။

http://www.dhammadownload.com



၆၀။ ငါသည် နှစ်သက်ရွှင်လန်း ဝမ်းမြောက်သည်ဖြစ်၍ ထူးခြားသော တရားအပေါင်းကို အလိုရှိသည်ဖြစ်၍ သင်္ခမ်းကျောင်းမှ ထွက်ပြီးလျှင် ဤစကားကို ပြောဆို၏။

၆၁။ လောက၌ သုံးဆယ့်နှစ်ပါးသော ယောကျ်ားမြတ်တို့၏ လက္ခဏာနှင့်ပြည့်စုံတော်မူသော မြတ်စွာဘုရားသည် ပွင့်တော်မူ၏၊ လာကြကုန်လော့၊ ငါတို့အားလုံးတို့သည် မြတ်စွာဘုရားအထံတော်သို့ သွားကြကုန်အံ့။

၆၂။ ဆုံးမခြင်းကို လိုက်နာကုန်သော သူတော်ကောင်းတရား၌ အထွတ်အထိပ်သို့ ရောက်ကုန်သော မြတ်သောအကျိုးကို ရှာမှီးကုန်သော ထိုတပည့်တို့သည် ကောင်းပါပြီဟု ဝန်ခံကြကုန်၏။

၆၃။ ထိုအခါ ရသေ့ပရိက္ခရာဝန်ဖြင့် ပြည့်ကုန်သော သစ်နက်ရေအပေါ်ရုံကို ဝတ်ကုန်သော ထိုတပည့် (ရသေ့)တို့သည် မြတ်သောအကျိုးကို ရှာမှီးလိုကုန်သည် ဖြစ်၍ တောမှထွက်ကြကုန်၏။

၆၄။ ထိုအခါ၌ အခြံအရံ များပြားတော်မူသော အတ္ထဒဿီမြတ်စွာဘုရားသည် သစ္စာလေးပါးကို ပြတော်မူလျက် အမြိုက်နိဗ္ဗာန်ကို ဟောကြားတော်မူ၏။

၆၅။ ငါသည် ထီးဖြူကို ယူ၍ ဘုရားမြတ်အား ဆောင်းမိုး၏၊ ငါသည် တရက်မျှ ဆောင်းမိုးပြီးလျှင် ဘုရားမြတ်အား ရှိခိုးခဲ့၏။

၆၆။ လောက၏ အကြီးအမှူးဖြစ်၍ လူတို့ထက်မြတ်တော်မူသော အတ္ထဒဿီမြတ်စွာဘုရားသည် ရဟန်းသံဃာ (အလယ်)၌ ထိုင်နေတော်မူ၍ ဤဂါထာတို့ကို ဟောတော်မူ၏—

၆၇။ အကြင်သူသည် ငါဘုရားအား ကြည်ညိုသည်ဖြစ်၍ မိမိလက်တို့ဖြင့် ထီးကို ဆောင်းမိုးပေး၏၊ ထိုသူကို ငါသည် ဗျာဒိတ်စကား မိန့်ကြားတော်မူအံ့၊ မိန့်ကြားမည့် ငါ၏စကားကို နာကြကုန်လော့—

၆၈။ နတ်ပြည်၌ငှင်း ထိုပြင် လူ့ပြည်၌ငှင်း ဖြစ်သော ဤသူအား ထီးသည် အခါခပ်သိမ်း ဆောင်းမိုးလတ္တံ့၊ ဤသို့ဖြစ်ရခြင်းသည် ထီးလှူရခြင်း၏ အကျိုးပေတည်း။

၆၉။ ဤသူသည် ခုနစ်ဆယ့်ခုနစ်ကမ္ဘာတို့ပတ်လုံး နတ်ပြည်၌ မွေ့လျော်ရလတ္တံ့၊ အကြိမ်တထောင်တိုင်တိုင် စကြဝတေးမင်းလည်း ဖြစ်လတ္တံ့။

၇၀။ ခုနစ်ဆယ့်ခုနင်ကြိမ်တိုင်တိုင် နတ်မင်းအဖြစ်ကိုလည်း ပြုရလတ္တံ့၊ ပြန့်ပြောသော ပဒေသရာဇ်မင်း အဖြစ်ကိုကား ဂဏန်းအားဖြင့် မရေတွက်နိုင်။

၇၁။ ကမ္ဘာတထောင့်ရှစ်ရာထက်၌ ဩက္ကာကမင်းတို့၏ ရွှေသွားခေါင်းဆောင်ဖြစ်၍ ဧကန္တငါးမျိုးရှိတော်မူသော ဂေါတမမြတ်စွာဘုရားသည် မောဟဘည်းဟူသော အမိုက်တိုက်ကို ဖျက်ဆီးလျက် ပွင့်တော်မူလတ္တံ့။

၇၂။ ထိုဂေါတမမြတ်စွာဘုရား၏ တရားတို့၌ တရားဖြင့် ဖန်ဆင်းအပ်သော အမွေခံသားတော်ဖြစ်၍ အာသဝအားလုံးတို့ကို ပိုင်းခြားသိ၍ အာသဝမရှိပဲ နေရလတ္တံ့ (ဟု ဟောတော်မူ၏)။

http://www.dhammadownload.com



၇၃။ ငါသည် အကြင်အခါမှ (စ၍) မြတ်စွာဘုရားအား ထီးကို ဆောင်းမိုးမှုကို ပြုခဲ့၏၊ ဤအတွင်း၌ ထီးပြုမဆောင်းဘူးသည်ကို မသိရပေ။

၇၄။ ငါ၏ ဤဘဝသည်ကား အဆုံးစွန်သောဘဝတည်း၊ ငါ့အား နောက်ဆုံးဘဝ ဖြစ်ပေ၏၊ ယခုအခါလည်း ထီးဆောင်းခံရခြင်းသည် အခါခပ်သိမ်းဖြစ်၏။

၇၅။ အတ္ထဒဿီမြတ်စွာဘုရားအား ကောင်းစွာပြုလုပ်ခဲ့သော ငါ၏ကံသည် အံ့ဖွယ်ရှိပေစွ၊ အာသဝတရားအားလုံးကုန်ပြီ၊ ယခု ဘဝသစ်၌ တဖန်ဖြစ်ခြင်းသည် မရှိတော့ပြီ။

၇၆။ ငါသည် ကိလေသာတို့ကို ရှို့မြှိုက်လောင်ကျွမ်းစေအပ်ကုန်ပြီ ။ပ။ အာသဝ မရှိပဲ နေရပေ၏။

၇၇။ စင်စစ် ငါ၏လာခြင်းကား ။ပ။ လိုက်နာပြုကျင့်အပ်ပါပြီ။

၇၈။ လေးပါးသော ပဋိသမ္ဘိဒါတို့ကိုရင်း ။ပ။ လိုက်နာကျင့်သုံးပြီးပါပြီ။

ဤသို့လျှင် အသျှင်ဧကဆတ္တိယမထေရ်သည် ဤဂါထာတို့ကို မိန့်ဆိုတော်မူ၏။

နှစ်ခုမြောက် ဧကဆတ္တိယတ္ထေရအပဒါန် ပြီး၏။

---

## ၃-တိဏသူလကဆာဒနိယတ္ထေရအပဒါန်

၇၉။ ထိုအခါ ငါသည် ပဋိသန္ဓေနေခြင်း အိုခြင်း သေခြင်းကို စဉ်းစားဆင်ခြင်ခဲ့၏၊ တယောက်တည်း တောထွက်၍ ရဟန်းဘောင်သို့ ဝင်ရောက်၏။

၈၀။ ငါသည် အစဉ်အတိုင်း လှည့်လည်သည်ရှိသော် ဂင်္ဂါမြစ်ကမ်းသို့ ရောက်၏၊ ထိုဂင်္ဂါမြစ်ကမ်း၌ မြင့်မောက်လျက်ရှိသော မြေကြီးကို တွေ့မြင်ရပေ၏။

၈၁။ ထိုနေရာ၌ သစ်မ်းကျောင်းကို ဖန်ဆင်း၍ ငါသည် ထိုသခ်မ်းကျောင်း၌ပင် နေ၏၊ ကောင်းစွာပြုလုပ်အပ်သော ငါ၏စင်္ကြံသည် အမျိုးမျိုးသော ငှက်အပေါင်းတို့နှင့် စပ်ယှဉ်လျက် ရှိ၏။

၈၂။ (ငှက်တို့သည်) ကြောက်ရွံ့ခြင်းမရှိပဲ ငါ့ထံသို့လည်း ချဉ်းကပ်ကုန်၏၊ စိတ်ကို ဆွဲဆောင်နိုင်သော အသံကိုလည်း တွန်ကျူးကြကုန်၏၊ ငါသည် သခ်မ်းကျောင်း၌ ထို ငှက်တို့နှင့် အတူတကွ မွေ့လျော် ပျော်ရွှင်စွာနေ၏။

၈၃။ ငါ၏ သခ်မ်းကျောင်းအနီး၌ အခြေလေးချောင်းဖြင့် သွားတတ်သော ခြင်္သေ့သည်ရှိ၏၊ ထိုခြင်္သေ့သည် နေရာမှထွက်၍ မိုးကြိုးသံကဲ့သို့ ဟိန်းဟောက်လေ၏။

၈၄။ ခြင်္သေ့ ဟိန်းဟောက်သည်ရှိသော် ငါ့အား ရွှင်လန်းခြင်းသည် ဖြစ်ပေါ်လာလေ၏၊ ငါသည် ခြင်္သေ့ကို ရှာဖွေသည်ရှိသော် မြတ်စွာဘုရားကို ဖူးမြင်ရပေ၏။

၈၅။ နတ်ထက်နတ်ဖြစ်တော်မူ၍ လောက၏အမြတ်ဆုံး ရွှေသွား ဖြစ်တော်မူသော တိဿမြတ်စွာဘုရားကို ဖူးမြင်ရ၍ ရွှင်လန်းသောငါသည် ရွှင်ပျသော စိတ်ဖြင့် ကံ့ကော် ဝတ်ဆံကို ပူဇော်ခဲ့၏။

http://www.dhammadownload.com



၇၆။ တက်လာသော နေမင်းကဲ့သို့ရင်း ပွင့်သောအင်ကြင်းပင်မင်းကဲ့သို့ရင်း ထွန်းတောက် တင့်တယ် သောက်ရှူးကြယ်ကဲ့သို့ရင်း မြတ်စွာဘုရားကို ချီးကျူးခဲ့၏။

၇၇။ သဗ္ဗညုမြတ်စွာဘုရား အရှင်ဘုရားသည် အရှင်ဘုရား၏ဉာဏ်တော်ဖြင့် နတ်နှင့်တကွသော ဤလောကကို လွတ်မြောက်စေတော်မူပါပေ၏၊ (ထိုသူတို့သည်)အရှင်ဘုရားအား နှစ်သက်စေကုန်၍ ပဋိသန္ဓေနေခြင်းမှ လွတ်မြောက်ကြပါကုန်၏။

၇၈။ သဗ္ဗညုမြတ်စွာဘုရား (ထိုသူတို့သည်) တရားအားလုံးကို သိမြင်လေ့ရှိသော ဘုရားရှင်တို့ကို မဖူးမြင်ရခြင်းကြောင့် ရာဂ ဒေါသတို့ တွေ့ထိနှိပ်စက်အပ်ကုန်သည်ဖြစ်၍ အဝီစိငရဲသို့ ကျရောက်ပါကုန်၏။

၇၉။ လောက၏ ရှေ့သွားဖြစ်တော်မူတတ်သော မြတ်စွာဘုရား (ထိုသူတို့သည်) အရှင်ဘုရားအား ဖူးမြင်ရခြင်းကို အကြောင်းပြု၍ ဘဝအားလုံးမှ လွတ်မြောက်ကြပါကုန်၏၊ နိဗ္ဗာန်သို့ ရောက်ရပါကုန်၏။

၈၀။ အကြင်အခါ၌ စက္ခုငါးမျိုးရှိတော်မူကုန်သော အလင်းရောင်ကို ပြုတော်မူကုန်သော ဘုရားရှင်တို့သည် ပွင့်တော်မူကုန်၏၊ ထိုဘုရားရှင်တို့သည် ကိလေသာတို့ကို ရှို့မြှိုက်လောင်ကျွမ်းစေကုန်၍ အလင်းရောင်ကို ပြတော်မူကြပါကုန်၏။

၈၁။ လောက၏အမြတ်ဆုံး ရှေ့သွားဖြစ်တော်မူသော တိဿမြတ်စွာဘုရားကို ချီးကျူး(လျှောက်ထား)ပြီးလျှင် နှစ်သက်ရွှင်ပျသောစိတ်ဖြင့် ကြက်ရိုးပန်းကို ပူဇော်ခဲ့၏။

၈၂။ တိဿမြတ်စွာဘုရားသည် ငါ၏စိတ်အကြံကို သိ၍ မိမိနေရာ၌ ထိုင်နေလျက် ဤဆိုမည့် ဂါထာတို့ကို ဟောတော်မူ၏—

၈၃။ အကြင်သူသည် ငါ့အား ကြည်ညိုသည်ဖြစ်၍ မိမိလက်တို့ဖြင့် ပန်းတို့ကို ဖုံးလွှမ်းပူဇော်၏၊ ထိုသူ့ကို ငါသည် ဗျာဒိတ်စကား မိန့်ကြားပေအံ့၊ မိန့်ကြားမည့် ငါ၏စကားကို နာယူကြကုန်လော့—

၈၄။ ထိုသူသည် နှစ်ဆယ့်ငါးကြိမ်တိုင်တိုင် နတ်မင်းအဖြစ်ကို ပြုရလတ္တံ့၊ ခုနစ်ဆယ့်ငါးကြိမ်တိုင်တိုင် စကြဝတေးမင်းလည်း ဖြစ်လတ္တံ့။

၈၅။ ပြန့်ပြောသော ပဒေသရာဇ်မင်းအဖြစ်သည်ကား ဂဏန်းအားဖြင့် မရေတွက်နိုင်၊ ဆိုက်၏အကျိုးဆက်ကြောင့်ရင်း ပန်းပူဇော်မှုကြောင့်ရင်း-

၈၆။ ဤသူသည် ဦးခေါင်းလျှော် ရေချိုးပြီး၍လည်း ပန်းပန်ခြင်းကို အလိုရှိလတ်သော် ကောင်းမှုကံနှင့်ယှဉ်သော ပန်းသည် ရှေ့၌ ထင်ရှား ဖြစ်ပေါ်လတ္တံ့။

၈၇။ ကာမဂုဏ်တို့ဖြင့် အကြင်ဒ ကြင်ဝတ္ထုကို အလိုရှိအံ့၊ထိုထိုဝတ္ထုသည်(သူ့အား) ထင်ရှားဖြစ်ပေါ်လတ္တံ့၊ (ထိုသူသည်)စိတ်အကြံကို ပြည့်စုံစေ၍ အာသဝမရှိပဲ ပရိနိဗ္ဗာန်ပြုရလတ္တံ့(ဟု ဟောတော်မူ၏)။

တဆယ့်ရှစ်ခုမြောက် ဘာဏဝါရ ပြီး၏။

http://www.dhammadownload.com



၉၈။ ငါသည် ဆင်ခြင်မှု 'ပညာ' အောက်မေ့မှု 'သတိ'နှင့် ပြည့်စုံလျက် တခုတည်းသောနေရာ၌ ထိုင်၍ ကိလေသာတို့ကို ရှို့မြှိုက်လောင်ကျွမ်းစေပြီးလျှင် အရဟတ္တဖိုလ်သို့ ရောက်ခဲ့၏။

၉၉။ ငါသည် စင်္ကြံ သွားသော်ရင်း လျောင်းသော်ရင်း ထိုင်သော်ရင်း ထို့ပြင် ရပ်သော်ရင်း ဘုရားမြတ်ကို အခါခပ်သိမ်း အောက်မေ့၍ နေထိုင်၏။

၁၀၀။ သင်္ကန်း၌ရင်း ဆွမ်း၌ရင်း ဆေးပစ္စည်း၌ရင်း ကျောင်းအိပ်ရာ နေရာ၌ရင်း ထိုပစ္စည်းလေးပါး၌ ငါ့အား ယုတ်လျော့ခြင်း မရှိချေ၊ ဤသို့ ဖြစ်ရခြင်းသည် မြတ်စွာဘုရားအား ပူဇော်ရခြင်း၏ အကျိုးပေတည်း။

၁၀၁။ ယခုအခါ ထိုငါသည် သေခြင်းမရှိ၍ ငြိမ်သက်သော အမြတ်ဆုံး အမြိုက်နိဗ္ဗာန်သို့ ရောက်ပေပြီ၊ အာသဝတရားအားလုံးတို့ကို ပိုင်းခြားသိ၍ အာသဝမရှိပဲ နေရပေ၏။

၁၀၂။ ဤဘဒ္ဒကမ္ဘာမှ ကိုးဆယ့်နှစ်ကမ္ဘာထက်၌ ပန်းကို ပူဇော်ခဲ့ရသော အခါမှစ၍ အပါယ်လေးပါး လားရသည်ကို မသိစဘူးပေ၊ ဤသို့ဖြစ်ရခြင်းသည် မြတ်စွာဘုရားအား ပူဇော်ရခြင်း၏ အကျိုးပေတည်း။

၁၀၃။ ငါသည် ကိလေသာတို့ကို ရှို့မြှိုက်လောင်ကျွမ်းစေအပ်ကုန်ပြီ။ပ။အာသဝမရှိပဲ နေရပေ၏။

၁၀၄။ ငါ၏ လာခြင်းကား။ပ။လိုက်နာ ပြုကျင့်အပ်ပါပြီ။

၁၀၅။ လေးပါးသော ပဋိသမ္ဘိဒါတို့ကိုရင်း။ပ။လိုက်နာကျင့်သုံးပြီးပါပြီ။

ဤသို့လျှင် အသျှင်တိဿာသူလကဆာဒနိယမထေရ်သည် ဤဂါထာတို့ကို မိန့်ဆိုတော်မူ၏။

သုံးခုမြောက် တိဿာသူလကဆာဒနိယထေရအပဒါန် ပြီး၏။

---

## ၄-မဓုမံသဒါယကတ္ထေရအပဒါန်

၁၀၆။ ငါသည် ဗန္ဓုမတီမြို့၌ ဝက်သားသည် ဝက်သတ်သမား ဖြစ်ခဲ့၏၊ အဖျဉ်းအဆုပ် အသားကို ချက်၍ ကောင်းမြတ်သော အသား၌ သွန်းလောင်း၏။

၁၀၇။ ငါသည် (သံဃာ့)အစည်းအဝေးသို့ သွား၍ သပိတ်တလုံးကို ယူခဲ့၏၊ ငါသည် ထိုသပိတ်ကို ပြည့်စေ၍ ရဟန်းသံဃာအား ပေးလှူခဲ့၏။

၁၀၈။ ထိုအခါ ဤအစည်းအဝေး၌ မထေရ်ကြီးဖြစ်သော ရဟန်းသည် ဤကောင်းမြတ်သော အသားဖြင့် ပြည့်သော သပိတ်ကို လှူရခြင်းကြောင့် ပြန့်ပြောသော ချမ်းသာကို ရစေသောဟု ငါ့ကို ဆုပေးလေ၏။

၁၀၉။ စည်းစိမ်နှစ်မျိုးတို့ကို သုံးဆောင်ခံစားပြီးလျှင် ဖြူစင်သော အကြောင်းရင်းသည် တိုက်တွန်းအပ်သည်ဖြစ်၍ အဆုံးစွန်သော ဘဝဖြစ်လတ်သော် ကိလေသာတို့ကို ရှို့မြှိုက်လောင်ကျွမ်းစေနိုင်လတ္တံ့။

http://www.dhammadownload.com



၁၁ဝ။ ငါသည် အလှူ၌ စိတ်ကို ကြည်လင်စေ၍ တာဝတိံသာနတ်ပြည်သို့ ရောက်ရ၏၊ ထိုတာဝတိံသာနတ်ပြည်၌ (အလိုရှိတိုင်း) စား၍ရင်း သောက်၍ရင်း ပြန့်ပြောသော ချမ်းသာကို ရရှိပေ၏။

၁၁၁။ မဏ္ဍပ်၌ဖြစ်စေ သစ်ပင်ရင်း၌ဖြစ်စေ ရှေးကံကို အမှတ်ရပေ၏၊ ထိုခဏ၌ ငါ့အတွက် ထမင်းအဖျော်မိုးသည် ရွာသွန်းလေ၏။

၁၁၂။ ဤဘဝသည် ငါ၏ နောက်ဆုံး ဘဝတည်း၊ အဆုံးစွန်သော ဘဝဖြစ်ပေ၏၊ ဤနောက်ဆုံးဘဝ၌လည်း ထမင်းအဖျော်သည် ငါ့အတွက် အခါခပ်သိမ်း ရွာသွန်းလျက်ရှိပေ၏။

၁၁၃။ ငါသည် ထိုကောင်းမြတ်သော အသားအလှူကြောင့်ပင်လျှင် ဘဝအမျိုးမျိုး၌ ကျင်လည်ပြီး၍ အာသဝတရားအားလုံးတို့ကို ပိုင်းခြားသိ၍ အာသဝမရှိပဲ နေရပေ၏။

၁၁၄။ ဤဘဒ္ဒကမ္ဘာမှ ကိုးဆယ့်တကမ္ဘာထက်၌ အလှူကို ပေးလှူခဲ့ရသော အခါမှစ၍ အပါယ်လေးပါး လားရသည်ကို မသိစဘူးပေ၊ ဤသို့ဖြစ်ရခြင်းသည် ကောင်းမြတ်သောအသားကို လှူရခြင်း၏ အကျိုးပေတည်း။

၁၁၅။ ငါသည် ကိလေသာတို့ကို ရှို့မြိုက် လောင်ကျွမ်းစေအပ်ကုန်ပြီ။ပ။အာသဝမရှိပဲ နေရပေ၏။

၁၁၆။ ငါ၏လာခြင်းကား။ပ။လိုက်နာပြုကျင့်အပ်ပါပြီ။

၁၁၇။ လေးပါးသော ပဋိသမ္ဘိဒါတို့ကိုရင်း။ပ။လိုက်နာကျင့်သုံးပြီးပါပြီ။

ဤသို့လျှင် အသျှင်မဓုမံသဒါယကမထေရ်သည် ဤဂါထာတို့ကို မိန့်ဆိုတော်မူ၏။

လေးခုမြောက် မဓုမံသဒါယကတ္ထေရအပဒါန် ပြီး၏။

---

## ၄-နာဂပလ္လဝတ္ထေရအပဒါန်

၁၁၈။ ငါသည် ဗန္ဓုမတီမြို့ မင်းဥယျာဉ်၌ နေခဲ့၏၊ ထိုအခါ ငါ၏သင်္ခမ်းကျောင်းအနီး၌ မြတ်စွာဘုရားသည် ထိုင်နေတော်မူ၏။

၁၁၉။ ငါသည် ကံ့ကော်ညွန့်ကို ယူ၍ မြတ်စွာဘုရားအား တင်လှူ ပူဇော်ခဲ့၏၊ ကြည်လင် ဝမ်းမြောက်သော စိတ်ရှိသည်ဖြစ်၍ မြတ်စွာဘုရားကို ရှိခိုးခဲ့၏။

၁၂ဝ။ ဤဘဒ္ဒကမ္ဘာမှ ကိုးဆယ့်တကမ္ဘာထက်၌ ကံ့ကော်ညွန့်ကို ပူဇော်ခဲ့ရသော အခါမှစ၍ အပါယ်လေးပါး လားရသည့်ကို မသိစဘူးပေ၊ ဤသို့ဖြစ်ရခြင်းသည် မြတ်စွာဘုရားအား ပူဇော်ရခြင်း၏ အကျိုးပေတည်း။

၁၂၁။ ငါသည် ကိလေသာတို့ကို ရှို့မြိုက်လောင်ကျွမ်းစေအပ်ကုန်ပြီ။ပ။ အာသဝမရှိပဲ နေရပေ၏။

http://www.dhammadownload.com



၁၂၂။ ငါ၏လာခြင်းကား။ပ။လိုက်နာပြုကျင့်အပ်ပါပြီ။

၁၂၃။ လေးပါးသော ပဋိသမ္ဘိဒါတို့ကိုရင်း ။ပ။ လိုက်နာကျင့်သုံးပြီးပါပြီ။

ဤသို့လျှင် အသျှင်နာဂပလ္လဝမထေရ်သည် ဤဂါထာတို့ကို မိန့်ဆိုတော်မူ၏။

ငါးဒုမြောက် နာဂပလ္လဝတ္ထေရအပဒါန် ပြီး၏။

---

## ၆-ဧကဒီပိယတ္ထေရအပဒါန်

၁၂၄။ လောက၏ရှေ့သွား သိဒ္ဓတ္ထမြတ်စွာဘုရားသည် ပရိနိဗ္ဗာန် စံတော်မူသည်ရှိသော် နတ်နှင့်တကွသော လူအားလုံးတို့သည် မြတ်စွာဘုရားကို ပူဇော်ကြကုန်၏။

၁၂၅။ လောကရှေ့သွား သိဒ္ဓတ္ထမြတ်စွာဘုရား(အလောင်းတော်)ကို နံ့သာ ထင်းပုံ ထက်သို့ တင်အပ်ပြီးသည်ရှိသော် မိမိတို့ အားစွမ်းအလျောက် မြတ်စွာဘုရား၏ နံ့သာ ထင်းပုံကို ပူဇော်ကြကုန်၏။

၁၂၆။ ငါသည် နံ့သာထင်းပုံ၏ အနီး၌ ဆီမီးကို ညှိထွန်းပူဇော်ခဲ့၏၊ နေထွက်သည် တိုင်အောင်ပင် ငါ၏ ဆီမီးသည် တောက်ပလျက်ရှိလေ၏။

၁၂၇။ ကောင်းစွာပြုလုပ်ခဲ့သော ထိုကံကြောင့်ရင်း စေတနာ တောင့်တမှုတို့ကြောင့် ရင်း ငါသည် လူ့ခန္ဓာကိုယ်ကို စွန့်သည်ရှိသော် တာဝတိံသာနတ်ပြည်သို့ ရောက်ရပေ၏။

၁၂၈။ ထိုတာဝတိံသာနတ်ပြည်၌ ကောင်းစွာပြုအပ်သော ဗိမာန်သည် ဧကဒီပိ ဗိမာန်ဟု ထင်ရှား၏၊ ငါ၏ဗိမာန်၌ ဆီမီးတသိန်းတို့သည် တောက်ပကုန်၏။

၁၂၉။ ငါ၏ကိုယ်သည် အခါခပ်သိမ်း တက်လာသော နေမင်းကဲ့သို့ ထွန်းတောက်ပ၏၊ ကိုယ်၏ အရောင်တို့ဖြင့် ငါ့အား အလင်းရောင်သည် အခါခပ်သိမ်း ဖြစ်၏။

၁၃၀။ နံရံတဖက်ကိုရင်း ကျောက်တောင်တဖက်ကိုရင်း တောင်ကိုရင်း ကျော် လွန်၍ ငါသည် ထက်ဝန်းကျင်မှ ယူဇနာတရာတိုင်အောင် မျက်စိဖြင့် မြင်ရ၏။

၁၃၁။ ငါသည် ခုနစ်ဆယ့်ခုနစ်ကြိမ် တိုင်တိုင်လည်း နတ်ပြည်၌ မွေ့လျော်ခဲ့၏၊ သုံးဆယ့်တကြိမ်တိုင်အောင်လည်း နတ်မင်းအဖြစ်ကို ပြုခဲ့ရပေ၏။

၁၃၂။ ငါသည် နှစ်ဆယ့်ရှစ်ကြိမ်တိုင် တိုင် စကြဝတေးမင်းလည်း ဖြစ်ခဲ့၏၊ ပြန့်ပြော သော ပဒေသရာဇ်မင်းအဖြစ်သည်ကား ဂဏန်းအားဖြင့် မရေတွက်နိုင်။

၁၃၃။ နတ်ပြည်မှ စုတေ၍ အမိဝမ်း၌ ဖြစ်လေ၏၊ အမိဝမ်း၌ ဖြစ်ရသော်လည်း ငါ၏ မျက်စိသည် မှိတ်ခြင်းမရှိခဲ့ချေ။

၁၃၄။ ငါသည် မွေးဖွား၍ လေးနှစ်မျှရှိလတ်သော် ရဟန်းဘောင်၌ ရဟန်းပြုခဲ့၏၊ လခွဲသို့မရောက်မီ အရဟတ္တဖိုလ်သို့ ရောက်ခဲ့ပေ၏။

၁၃၅။ ငါသည် ဒိဗ္ဗစက္ခုဉာဏ်ကို စင်ကြယ်စေခဲ့၏၊ ဘဝအားလုံးကို ပယ်နုတ်အပ်ကုန်ပြီ၊ ကိလေသာအားလုံးတို့ကို ဖြတ်တောက်အပ်ကုန်ပြီ၊ ဤသို့ ဖြစ်ရခြင်းသည် ဆီမီးတတိုင်ကို လှူရခြင်း၏ အကျိုးပေတည်း။

http://www.dhammadownload.com



၁၃၆။ နံရံတဖက်ကိုင်း ကျောက်တောင် တဖက်ကိုင်း တောင်သက်သက်ကိုင်း ကျော်လွန်၍ မြင်ရ၏၊ ဤသို့ဖြစ်ရခြင်းသည် ဆီမီးတတိုင်လှူရခြင်း၏ အကျိုးပေတည်း။

၁၃၇။ ငါ့အား မညီညွတ်သောအရာတို့သည် ညီညွတ်လျက် ရှိကုန်၏၊ အမိုက်ဘိုက်သည် ငါ့အား မရှိချေ၊ ငါသည် အမိုက်မှောင်ကို မမြင်ချေ၊ ဤသို့ဖြစ်ရခြင်းသည် ဆီမီးတတိုင် လှူရခြင်း၏ အကျိုးပေတည်း။

၁၃၈။ ဤဘဒ္ဒကမ္ဘာမှ ကိုးဆယ့်လေးကမ္ဘာထက်၌ ဆီမီးကိုလှူခဲ့ရသော အခါမှစ၍ အပါယ်လေးပါး လားရသည်ကို မသိစဘူးပေ၊ ဤသို့ဖြစ်ရခြင်းသည် ဆီမီးတတိုင်လှူရ ခြင်း၏ အကျိုးပေတည်း။

၁၃၉။ ငါသည် ကိလေသာတို့ကို ရှို့မြှိုက်လောင်ကျွမ်းစေအပ်ကုန်ပြီ ။ပ။ အာသဝ မရှိပဲ နေရပေ၏။

၁၄၀။ ငါ၏လာခြင်းကား။ပ။ လိုက်နာပြုကျင့်အပ်ပါပြီ။

၁၄၁။ လေးပါးသော ပဋိသမ္ဘိဒါတို့ကိုရင်း။ပ။ လိုက်နာကျင့်သုံးပြီးပါပြီ။

ဤသို့လျှင် အသျှင်ကောဒိပိယမထေရ်သည် ဤဂါထာတို့ကို မိန့်ဆိုတော်မူ၏။

ခြောက်ခုမြောက် ကောဒိပိယတ္ထေရအပဒါန် ပြီး၏။

---

## ၇-ဥစ္စင်္ဂပုပ္ဖိယတ္ထေရအပဒါန်

၁၄၂။ အကြင်အခါ၌ (ငါသည်)ဗန္ဓုမဘီမြို့၌ ပန်းသည် ဖြစ်ခဲ့၏၊ (ထိုအခါ) ခါးပိုက် ကို ပြည့်စေလျက် ဈေးအတွင်းသို့ သွားခဲ့၏။

၁၄၃။ ထိုအခါ၌ လောက၏ ရှေ့သွား ဖြစ်တော်မူသော မြတ်စွာဘုရားသည် ရဟန်းအပေါင်း ခြံရံလျက် ကြီးစွာသော အာနုဘော်ဖြင့် ထွက်တော်မူ၏။

၁၄၄။ လောက၏ မီးရှူးတန်ဆောင်ဖြစ်သော လောကကို ကယ်တင်တော်မူသော ဝိပဿီမြတ်စွာဘုရားကို ဖူးမြင်ရ၍ ခါးပိုက်မှ ပန်းကို ယူပြီးလျှင် ဘုရားမြတ်ကို ပူဇော်ခဲ့၏။

၁၄၅။ ဤဘဒ္ဒကမ္ဘာမှ ကိုးဆယ့်တကမ္ဘာထက်၌ ပန်းကို ပူဇော်ခဲ့ရသော အခါမှစ၍ အပါယ်လေးပါး လားရသည်ကို မသိစဘူးပေ၊ ဤသို့ဖြစ်ရခြင်းသည် မြတ်စွာဘုရားအား ပန်းပူဇော်ရခြင်း၏ အကျိုးပေတည်း။

၁၄၆။ ငါသည် ကိလေသာတို့ကို ရှို့မြှိုက်လောင်ကျွမ်းစေအပ်ကုန်ပြီ။ပ။ အာသဝ မရှိပဲ နေရပေ၏။

၁၄၇။ ငါ၏လာခြင်းကား ။ပ။ လိုက်နာပြုကျင့်အပ်ပါပြီ။

၁၄၈။ လေးပါးသော ပဋိသမ္ဘိဒါတို့ကိုရင်း။ပ။ လိုက်နာကျင့်သုံးပြီးပါပြီ။

ဤသို့လျှင် အသျှင်ဥစ္စင်္ဂပုပ္ဖိယမထေရ်သည် ဤဂါထာတို့ကို မိန့်ဆိုတော်မူ၏။

ခုနစ်ခုမြောက် ဥစ္စင်္ဂပုပ္ဖိယတ္ထေရအပဒါန် ပြီး၏။

http://www.dhammadownload.com



## ဂ-ယာဂုဒါယကတ္ထေရအပဒါန်

၁၄၉။ ထိုအခါ၌ ငါသည် ခရီးလမ်း စားနပ်ရိက္ခာကို ယူ၍ရွာငယ်သို့ သွား၏၊ရေပြည့်သော မြစ်ငယ်ကို တွေ့မြင်၍ သံဃာအရပ်သို့ ချဉ်းကပ်ခဲ့၏။

၁၅၀။ ဆိတ်ငြိမ်ရာ၌ မွေ့လျော်ကုန်သည်ဖြစ်၍ ခေါင်းပါးသော သက်နှီးရှိကုန်သော တောကျောင်းနေ ဓုတင်ဆောင် ဈာန်ရဖြစ်သော ထိုပညာရှိ ရဟန်းတို့သည် သံဃာအရပ်၌ နေကုန်၏။

၁၅၁။ ကိလေသာမှ ကောင်းစွာလွတ်ကုန်သော တာဒိဂုဏ်နှင့် ပြည့်စုံတော်မူကုန်သော ထိုရဟန်းတို့၏ ဆွမ်းခံရာလမ်းခရီးသည် ပြတ်တောက်လျက် ရှိ၏၊ထိုရဟန်းတို့သည် မြစ်၏ ပိတ်ဆို့လျက်ရှိခြင်းကြောင့်သာလျှင် ဆွမ်းခံမသွားကြကုန်။

၁၅၂။ ငါသည် ကြည်လင်ဝမ်းမြောက်သော စိတ်ရှိလျက် နှစ်သက်ခြင်းရှိသည်ဖြစ်၍ လက်အုပ်ချီပြီးလျှင် ငါ၏ဆန်ကိုယူ၍ ယာဂုအလှူကို လှူဒါန်း၏။

၁၅၃။ ငါသည် ကြည်ညိုသည်ဖြစ်၍ မိမိလက်ဖြင့် ရဟန်းငါးပါးတို့အား ယာဂုကို ပေးလှူခဲ့ခြင်းကြောင့် မိမိကောင်းမှုကံကို အားရနှစ်သက်လျက် တာဝတိံသာနတ်ပြည်သို့ ရောက်ရပေ၏။

၁၅၄။ တာဝတိံသာနတ်အပေါင်း၌ ငါ့အား ပတ္တမြားဖြင့်ပြီးသော ဗိမာန်သည် ဖြစ်လေ၏၊ ငါသည် နတ်သမီးအပေါင်းတို့နှင့် တကွဖြစ်၍ ဗိမာန်မြတ်၌ ဝမ်းမြောက်ဝမ်းသာ မွေ့လျော်ရပေ၏။

၁၅၅။ သုံးဆယ့်သုံးကြိမ်တိုင်တိုင် နတ်တို့ကို အစိုးရသည်ဖြစ်၍ သိကြားနတ်မင်းအဖြစ်ကို ပြုခဲ့ရ၏၊ အကြိမ်သုံးဆယ်တိုင်တိုင် စကြဝတေးမင်းအဖြစ်ကို ပြုခဲ့ရပေ၏။

၁၅၆။ ပြန့်ပြောသော ပဒေသရာဇ်မင်းအဖြစ်သည်ကား ဂဏန်းအားဖြင့် မရေတွက်နိုင်၊ ငါသည် လူ့ပြည် နတ်ပြည်၌ ကိုယ်တိုင် ခံစားပြီး၍—

၁၅၇။ အဆုံးစွန်သောဘဝသို့ ရောက်သည်ရှိသော် ရဟန်းဘောင်၌ ရဟန်းပြု၏၊ ဆံချသည်နှင့် တပြိုင်နက် ငါသည် အလုံးစုံသော တရားကို ထိုးထွင်း၍ သိ၏။

၁၅၈။ ခန္ဓာကိုယ်ကို ကုန်ခြင်းအားဖြင့်ရင်း ပျက်ခြင်းအားဖြင့်ရင်း သုံးသပ်သည်ရှိသော် သိက္ခာပုဒ်မယူမီပင် အရဟတ္တဖိုလ်သို့ ရောက်ရပေ၏။

၁၅၉။ ငါသည် အလှူမြတ်ကို ကောင်းစွာ လှူအပ်ပြီ၊ ကုန်သွယ်မှုကို ကောင်းစွာ ယှဉ်စေအပ်ပြီ၊ ငါသည် ထိုယာဂုအလှူကြောင့်သာလျှင် တုန်လှုပ်ခြင်းမရှိသော နိဗ္ဗာန်သို့ ရောက်ရပေ၏။

၁၆၀။ စိုးရိမ်ခြင်း ငိုကြွေးခြင်း ဖျားနာခြင်း ကိုယ်ပူပန်ခြင်း စိတ်ပူပန်ခြင်း ဖြစ်ဘူးသည်ကို မသိစဘူးပေ၊ ဤသို့ဖြစ်ရခြင်းသည် ယာဂုလှူရခြင်း၏ အကျိုးပေတည်း။

၁၆၁။ ကောင်းမှု၏ စိုက်ပျိုးရာ လယ်ယာမြေကောင်းသဖွယ်ဖြစ်သော အမြတ်ဆုံး ရတနာသုံးပါး၌ သံဃာတော်အား ယာဂုကို ပေးလှူရခြင်းကြောင့် အကျိုးထူးငါးပါးတို့ကို ခံစားရပေ၏၊ ပူဇော်ရခြင်းသည် အံ့ဩဖွယ် ရှိပါပေစွ။

http://www.dhammadownload.com



၁၆၂။ ငါ့အား အနာရောဂါကင်းခြင်းသည်၎င်း အဆင်းလှခြင်းသည်၎င်း လျင်မြန်စွာ တရားကို ဆင်ခြင်နိုင်ခြင်းသည်၎င်း ထမင်းအဖျော်ကို ရလွယ်ခြင်းသည်၎င်း ငါးခုမြောက်သော အသက်ရှည်ခြင်းသည်၎င်း ဖြစ်လေ၏။

၁၆၃။ တစုံတယောက်သောသူသည် နှစ်သက်ခြင်းကို ဖြစ်စေလျက် သံဃာအား ယာဂုကို ပေးလှူငြားအံ့၊ ထိုပညာရှိသည် ဤငါးပါးသော အရာတို့ကို ခံယူရာ၏။

၁၆၄။ ပြုဖွယ်အလုံးစုံကို ပြုအပ်ပြီ၊ ငါသည် ဘဝတို့ကို ပယ်ခွါအပ်ကုန်ပြီ၊ (ငါ့အား) အာသဝတရားအားလုံးကုန်ပြီ၊ ယခုအခါ တဖန် ဘဝသစ်၌ ဖြစ်ခြင်း မရှိတော့ပြီ။

၁၆၅။ ထိုငါသည် မြတ်စွာဘုရားကိုလည်း ရှိခိုးလျက် တရားတော်အားလည်း ကောင်းသော တရားတော်အဖြစ်ကို ချီးကျူးလျက် တရွာမှ တရွာသို့ တမြို့မှ တမြို့သို့ လှည့်လည်ရတော့အံ့။

၁၆၆။ ကမ္ဘာသုံးသောင်းထက်၌ ယာဂုအလှူကို ပေးလှူခဲ့ရသော အခါမှစ၍ အပါယ်လေးပါး လားရသည်ကို မသိစဘူးပေ၊ ဤသို့ဖြစ်ရခြင်းသည် ယာဂုလှူရခြင်း၏ အကျိုးပေတည်း။

၁၆၇။ ငါသည် ကိလေသာတို့ကို ရှို့မြိုက် လောင်ကျွမ်းစေအပ်ကုန်ပြီ။ပ။အာသဝ မရှိပဲ နေရပေ၏။

၁၆၈။ ငါ၏လာခြင်းကား။ပ။လိုက်နာပြုကျင့်အပ်ပါပြီ။

၁၆၉။ လေးပါးသော ပဋိသမ္ဘိဒါတို့ကို၎င်း။ပ။ လိုက်နာကျင့်သုံးပြီးပါပြီ။

ဤသို့လျှင် အသျှင်ယာဂုဒါယကမထေရ်သည် ဤဂါထာတို့ကို မိန့်ဆိုတော်မူ၏။

ရှစ်ခုမြောက် ယာဂုဒါယကတ္ထေရအပဒါန် ပြီး၏။

---

## ၉-ပတ္ထောဒနဒါယကတ္ထေရအပဒါန်

၁၇၀။ ရှေးအခါက တော၌ လှည့်လည်လေ့ရှိသည်ဖြစ်၍ အမြဲမပြတ် တောအမှုပြုလုပ်သူ ဖြစ်ခဲ့၏၊ ငါသည် တကွမ်းစား (တစလယ်) ချက် ထမင်းကို ယူပြီးလျှင် အလုပ်ဌာနသို့ သွားခဲ့၏။

၁၇၁။ ထိုတော၌ အလိုလိုဖြစ်တော်မူသော ရန်သူတို့သည် မအောင်အပ်သော ပစ္စေကဗုဒ္ဓါကို ဆွမ်းအလို့ငှါ တောမှ ထွက်ကြွတော်မူစဉ် ဖူးမြင်ရ၏၊ ဖူးမြင်ရသည်ရှိသော် စိတ်ကို ကြည်လင်စေခဲ့၏။

၁၇၂။ ငါသည် သူတပါးအလုပ်ကို ပြုလုပ်ရသူဖြစ်၍ ငါ့အား ကောင်းမှုသည်လည်း မရှိချေ၊ တကွမ်းစားချက် ထမင်းသည် (ငါ့အား)ရှိ၏၊ ငါသည် ပစ္စေကဗုဒ္ဓါကို ဆွမ်းကပ်ရတော့အံ့။

http://www.dhammadownload.com



၁၇၃။ ငါသည် တကွမ်းစားချက် ထမင်းကို ယူ၍ (ပစ္စေကဗုဒ္ဓါ) ဘုရားရှင်အား ပေးလှူ၏၊ ထိုအခါ ပစ္စေကဗုဒ္ဓါသည် ငါဖူးမျှော်နေစဉ်ပင်လျှင် ဘုဉ်းပေးသုံးဆောင်တော်မူ၏။

၁၇၄။ ကောင်းစွာပြုလုပ်ခဲ့သော ထိုကုသိုလ်ကံကြောင့်ရင်း စေတနာတောင့်တမှုတို့ကြောင့်ရင်း ငါသည် လူ့ခန္ဓာကိုယ်ကို စွန့်ရသည်ရှိသော် တာဝတိံသာနတ်ပြည်သို့ ရောက်ရပေ၏။

၁၇၅။ ငါသည် သုံးဆယ့်ခြောက်ကြိမ်တိုင်တိုင် နတ်တို့ကို အစိုးရလျက် သိကြားနတ်မင်းအဖြစ်ကို ပြုခဲ့ရပေ၏၊ သုံးဆယ့်သုံးကြိမ်တိုင်တိုင် စကြဝတေးမင်းလည်း ဖြစ်ခဲ့ရပေ၏။

၁၇၆။ ပြန့်ပြောသော ပဒေသရာဇ်မင်း အဖြစ်သည်ကား ဂဏန်းအားဖြင့် မရေတွက်နိုင်၊ ချမ်းသာလျက် အခြံအရံများသူ ဖြစ်ရ၏၊ ဤသို့ ဖြစ်ရခြင်းသည် တကွမ်းစားချက် ဆွမ်းကို လှူရခြင်း၏ အကျိုးပေတည်း။

၁၇၇။ ငါသည် ဘဝကြီးငယ်၌ ကျင်လည်ရသည်ရှိသော် မရေတွက်နိုင်သော ပစ္စည်းဉစ္စာကို ရခဲ့ပေ၏၊ ငါ့အား စည်းစိမ်ဉစ္စာ၌ ယုတ်လျော့ခြင်း မရှိပေ၊ ဤသို့ဖြစ်ရခြင်းသည် တကွမ်းစားချက် ဆွမ်းကို လှူရခြင်း၏ အကျိုးပေတည်း။

၁၇၈။ စည်းစိမ်ဉစ္စာတို့သည် မြစ်ရေအယဉ်နှင့်တူစွာ ငါ့အား ဖြစ်ထွန်းလျက် ရှိကုန်၏၊ နှိုင်းရှည့်ရေတွက်ခြင်းငှါ မတတ်နိုင်ပေ၊ ဤသို့ဖြစ်ရခြင်းသည် တကွမ်းစားချက် ဆွမ်းကို လှူရခြင်း၏ အကျိုးပေတည်း။

၁၇၉။ ထိုကောင်းမှုကံကြောင့်ပင်လျှင် ဤခဲဖွယ်ကို ခဲပါ၊ ဤစားဖွယ်ကို စားပါ၊ ဤနေရာ၌ အိပ်ပါဟု သူတပါးတို့က ဖိတ်ခေါ် ယုယအပ်သည်ဖြစ်၍ ငါသည် ချမ်းသာသူ ဖြစ်ရပေ၏၊ ဤသို့ဖြစ်ရခြင်းသည် တကွမ်းစားချက်ဆွမ်းကို လှူရခြင်း၏ အကျိုးပေတည်း။

၁၈၀။ ဤဘဒ္ဒကမ္ဘာမှ ကိုးဆယ့်လေးကမ္ဘာထက်၌ ငါသည်(တကွမ်းစားချက်ဆွမ်း) အလှူကို လှူခဲ့ရသော အခါမှစ၍ အပါယ်လေးပါး လားရသည်ကို မသိစဘူးပေ၊ ဤသို့ ဖြစ်ရခြင်းသည်ကား တကွမ်းစားချက် ဆွမ်းကို လှူရခြင်း၏ အကျိုးပေတည်း။

၁၈၁။ ငါသည် ကိလေသာတို့ကို ရှို့မြိုက် လောင်ကျွမ်းစေအပ်ကုန်ပြီ။ပ။အာသဝ မရှိပဲ နေရပေ၏။

၁၈၂။ ငါ၏လာခြင်းကား။ပ။ လိုက်နာပြုကျင့်အပ်ပါပြီ။

၁၈၃။ လေးပါးသော ပဋိသမ္ဘိဒါတို့ကိုရင်း။ပ။ လိုက်နာကျင့်သုံးပြီးပါပြီ။

ဤသို့လျှင် အသျှင်ပစ္စောဒနဒါယကမထေရ်သည် ဤဂါထာတို့ကို မိန့်ဆိုတော်မူ၏။

ကိုးခုမြောက် ပစ္စောဒနဒါယကထေရအပဒါန် ပြီး၏။

http://www.dhammadownload.com



## ၁၀-မဥ္စဒါယကတ္ထေရအပဒါန်

၁၇၄။ မဟာကရုဏာရှိတော်မူသော လောက၏ရှေ့သွား သိဒ္ဓတ္ထမြတ်စွာဘုရားသည် ပရိနိဗ္ဗာန်စံတော်မူသည်ရှိသော် နတ်လူတို့သည် ပူဇော်အပ်သော သာသနာတော်သည် ကျယ်ပြန့်ထွန်းကားလျက်ရှိစဉ်—

၁၇၅။ ထိုအခါ ငါသည် ညောင်စောင်းအင်းပျဉ်ပြုလုပ်သော ဒွန်းစဏ္ဍားဖြစ်ခဲ့ပေ၏၊ ထိုအလုပ်ဖြင့် အသက်မွေးရပေ၏၊ ထိုအလုပ်ဖြင့် သားမယားတို့ကို မွေးမြူရပေ၏။

၁၇၆။ ငါသည် ညောင်စောင်းကို ကောင်းစွာပြုလုပ်၍ ကိုယ်တိုင်သွားရောက်ပြီးလျှင် ကြည်ညိုသည်ဖြစ်၍ မိမိလက်တို့ဖြင့် ရဟန်းသံဃာအား ပေးလှူ၏။

၁၇၇။ ကောင်းစွာပြုလုပ်ခဲ့သော ထိုကံကြောင့်ရင်း စေတနာတောင့်တမှုတို့ကြောင့်ရင်း ငါသည် လူ့ခန္ဓာကိုယ်ကို စွန့်ရသည်ရှိသော် တာဝတိံသာနတ်ပြည်သို့ ရောက်ရပေ၏။

၁၇၈။ ငါသည် နတ်ပြည်သို့ ရောက်သည်ရှိသော် တာဝတိံသာနတ်အပေါင်း၌ ဝမ်းမြောက်ရပေ၏၊ အဖိုးများစွာထိုက်တန်သော အိပ်ရာ နေရာတို့သည် အလိုရှိတိုင်း ဖြစ်ကုန်၏။

၁၇၉။ ငါသည် အကြိမ်ငါးဆယ်တိုင်တိုင် နတ်တို့ကို အစိုးရလျက် သိကြားနတ်မင်းအဖြစ်ကို ပြုခဲ့ရပေ၏၊ အကြိမ်ရှစ်ဆယ်တိုင်တိုင် စကြဝတေးမင်းလည်း ဖြစ်ခဲ့ရပေ၏။

၁၈၀။ ပြန့်ပြောသော ပဒေသရာဇ်မင်းအဖြစ်သည်ကား ဂဏန်းအားဖြင့် မရေတွက်နိုင်၊ ငါသည် ချမ်းသာလျက် အခြံအရံများသူဖြစ်ပေ၏၊ ဤသို့ ဖြစ်ရခြင်းသည် ညောင်စောင်း လှူရခြင်း၏ အကျိုးပေတည်း။

၁၈၁။ ငါသည် နတ်ပြည်မှ စုတေ၍ လူ့ဘဝကို ရောက်ခဲ့၏၊ထိုအခါ မြတ်သောသူတို့အားသာ ထိုက်တန်သော အိပ်ရာနေရာတို့သည် အလိုလိုသာလျှင် ငါ့အား ဖြစ်ပေါ်ကုန်၏။

၁၈၂။ ဤဘဝသည်ကား ငါ့အား နောက်ဆုံးဘဝတည်း၊ အဆုံးစွန်သောဘဝ ဖြစ်ပေ၏၊ ယခုဘဝ၌လည်း အိပ်သောအခါ အိပ်ရာနေရာသည် ရှေးရှုတည်လာရပေ၏။

၁၈၃။ ဤဘဒ္ဒကမ္ဘာမှ ကိုးဆယ့်လေးကမ္ဘာထက်၌ ညောင်စောင်းအလှူကို ပေးလှူခဲ့ရသောအခါမှစ၍ အပါယ်လေးပါး လားရသည်ကို မသိစဖူးပေ၊ ဤသို့ဖြစ်ရခြင်းသည် ညောင်စောင်းလှူရခြင်း၏ အကျိုးပေတည်း။

၁၈၄။ ငါသည် ကိလေသာတို့ကို ရှို့မြှိုက်လောင်ကျွမ်းစေအပ်ကုန်ပြီ၊ ဘဝအားလုံးကို ပယ်နုတ်အပ်ကုန်ပြီ၊ဆင်ပြောင်ကြီးသည် အနှောင်အဖွဲ့ကို ဖြတ်၍နေသကဲ့သို့ ထို့အတူ ငါသည် အာသဝမရှိပဲ နေရပေ၏။

၁၈၅။ ငါ၏လာခြင်းကား ကောင်းသော လာခြင်းစင်စစ်ဖြစ်ပေ၏၊ငါသည် မြတ်စွာဘုရား၏ အထံတော်၌ ဝိဇ္ဇာသုံးပါးတို့ကို ရအပ်ပါကုန်ပြီ၊ မြတ်စွာဘုရား၏ အဆုံးအမတော်ကို လိုက်နာကျင့်သုံးပြီးပါပြီ။

http://www.dhammadownload.com



၁၉၆။ လေးပါးသော ပဋိသမ္ဘိဒါတို့ကိုလည်း ရှစ်ပါးသော ဝိမောက္ခတို့ကိုလည်း ခြောက်ပါးသော အဘိညာဉ်တို့ကိုလည်း မျက်မှောက်ပြုအပ်ပါကုန်ပြီ၊ မြတ်စွာဘုရား၏ အဆုံးအမတော်ကို လိုက်နာကျင့်သုံးပြီးပါပြီ။

ဤသို့လျှင် အသျှင်မဥ္စဒါယကမထေရ်သည် ဤဂါထာတို့ကို မိန့်ဆိုတော်မူ၏။

ဆယ်ခုမြောက် မဥ္စဒါယကတ္ထေရအပဒါန် ပြီး၏။

လေးဆယ့်နှစ်ခုမြောက် ဘဒ္ဒါလိဝဂ် ပြီး၏။

## ပဉ္စမအခုပ် ပြီး၏။

http://www.dhammadownload.com

## ထေရာပဒါန်ပါဠိတော် မြန်မာပြန်

# ထေရာပဒါန်ဆိုင်ရာစာရင်းချုပ်

| ဦးရေ | ဘွဲ့တော် | သာဝက ၃-မျိုး | ပါရမီဖြည့်ရကာလ | စျေဆုတောင်းရာဘုရား | တေဒဂ် |
|---|---|---|---|---|---|
| ၁ | ဂေါတမမြတ်စွာဘုရား | | လေးသင်္ချေနှင့် ကမ္ဘာတသိန်း | ဒီပင်္ကရာ | |
| ၂ | ပစ္စေကဗုဒ္ဓါ | | နှစ်သင်္ချေနှင့် ကမ္ဘာတသိန်း | ပစ္စေကဗုဒ္ဓသန္တိကာ | |
| ၁ | သာရိပုတ္တ | အဂ္ဂသာဝက | တသင်္ချေနှင့် ကမ္ဘာတသိန်း | အနောမဒဿီ | ပညာ၊ |
| ၂ | မဟာမောဂ္ဂလ္လာန် | အဂ္ဂသာဝက | ။ | အနောမဒဿီ | တန်ခိုး၊ |
| ၃ | မဟာကဿပ | မဟာသာဝက | ကမ္ဘာတသိန်း | ပဒုမုတ္တရ | ဓုတင်၊ |
| ၄ | အနုရုဒ္ဓါ | ။ | ။ | ။ | ဒိဗ္ဗစက္ခု၊ |
| ၅ | ပုဏ္ဏမန္တာဏိပုတ္တ | ။ | ။ | ။ | ဓမ္မကထိက၊ |
| ၆ | ဥပါလိ | ။ | ။ | ။ | ဝိနယဓရ၊ |
| ၇ | အညာသိကောဏ္ဍည | ။ | ။ | ။ | ရတ္တညူ၊ |
| ၈ | ပိဏ္ဍောလဘာရဒွါဇ | ။ | ။ | ။ | သီဟနာဒ၊ |
| ၉ | ခဒိရဝနိယရေဝတ | ။ | ။ | ။ | တောကျောင်းနေ၊ |
| ၁၀ | အာနန္ဒာ | ။ | ။ | ။ | ၅-ဆု |

(၁) အကြားအမြင်။
(၂) သတိရှိသူ။
(၃) ပညာရှိသူ။
(၄) ပါဠိကိုသင်ဆောင်မှု။
(၅) အလုပ်အကျွေး။

---

| | | | | | |
|---|---|---|---|---|---|
| ၁ | သီဟာသနဒါယက | ပကတိ | ၉၄-ကမ္ဘာ | သိဒ္ဓတ္ထ | မပါ |
| ၂ | ဧကထမ္ဘိယ | ။ | ။ | ။ | ။ |
| ၃ | နန္ဒ | မဟာသာဝက | ကမ္ဘာတသိန်း | ပဒုမုတ္တရ | ဣန္ဒြိယ၊ သံဝရ၊ |
| ၄ | စူဠပန္ထက | ။ | ။ | ။ | ဉာဏ်ဖြင့်နိမ္မိတ၊ |
| ၅ | ပိလိန္ဒဝစ္ဆ | ။ | ကမ္ဘာတသိန်း | ။ | နတ်တို့ချစ်မြတ်နိုးခြင်း၊ |
| ၆ | ရာဟုလာ | ။ | ကမ္ဘာတသိန်း | ပဒုမုတ္တရ | |
| ၇ | ဥပသေနဝင်္ဂန္တပုတ္တ | ။ | ။ | ။ | ကြည်ညိုဖွယ်၊ |
| ၈ | ရဋ္ဌပါလ | ။ | ။ | ။ | သဒ္ဓါ၍ရဟန်းပြုခြင်း၊ |

၃ မြန် ၉-၃၀·

http://www.dhammadownload.com



| ဦးရေ | ဘွဲ့တော် | သာဝက ၃-မျိုး | ပါရမီဖြည့်ရာကာလ | စဉ်ဆုတောင်းရာဘုရား | ဧတဒဂ် |
|---|---|---|---|---|---|
| ၉ | သောပါက | ပကတိ | ၉၄-ကမ္ဘာ | သိဒ္ဓတ္ထ | မပါ |
| ၁၀ | သုမင်္ဂလ | ။ | ၁၈၀၀-သောဝရကပ် | ပိယဒဿီ | ။ |
| ၁ | သုဘူတိ | မဟာသာဝက | ကမ္ဘာတသိန်း | ပဒုမုတ္တရ | ဒက္ခိဏေယျ၊ အရဏဝိဟာရ၊ |
| ၂ | ဥပဝါန | ။ | ။ | ။ | မပါ |
| ၃ | တိသရဏဂမနိယ | ပကတိ | ၉၁-ကမ္ဘာ | ဝိပဿီ | မပါ |
| ၄ | ပဉ္စသီလသမာဒါနိယ | ။ | တသင်္ချေနှင့်ကမ္ဘာတသိန်း | အနောမဒဿီ | ။ |
| ၅ | အန္နသံသာဝက | ။ | ၉၄-ကမ္ဘာ | သိဒ္ဓတ္ထ | ။ |
| ၆ | ဓူပဒါယက | ။ | ။ | ။ | ။ |
| ၇ | ပုလိနပူဇက | ။ | ၉၁-ကမ္ဘာ | ဝိပဿီ | ။ |
| ၈ | ဥတ္တိယ | ။ | ၉၄-ကမ္ဘာ | သိဒ္ဓတ္ထ | ။ |
| ၉ | ကေဋ္ဌလိက | ။ | ၉၁-ကမ္ဘာ | ဝိပဿီ | ။ |
| ၁၀ | ခေါမဒါယက | ။ | ။ | ။ | ။ |
| ၁ | ကုဏ္ဍဓာန | မဟာသာဝက | ကမ္ဘာတသိန်း | ပဒုမုတ္တရ | စာရေးတံမဲပဌမယူခြင်း၊ |
| ၂ | သာဂတ | ။ | ။ | ။ | တေဇောဓာတ်သမာပတ်၌ဝင်စားခြင်း၊ |
| ၃ | မဟာကစ္စာန | ။ | ။ | ။ | အကျဉ်းကိုအကျယ်ဟောခြင်း၊ |
| ၄ | ကာဠုဒါယီ | ။ | ကမ္ဘာတသိန်း | ပဒုမုတ္တရ | ကုလပ္ပသာဒက၊ |
| ၅ | မောဃရာဇ | ။ | ၁၈၀၀-ကမ္ဘာ | အတ္ထဒဿီ | လူခဓိဝရရေ၊ |
| ၆ | အဓိမုတ္တ | ပကတိ | ။ | ။ | မပါ |
| ၇ | လသုဏဒါယက | ။ | ၉၁-ကမ္ဘာ | ဝိပဿီ | ။ |
| ၈ | အာယာဂဒါယက | ။ | ၃၁-ကမ္ဘာ | သိခီ | ။ |
| ၉ | ဓမ္မစက္ကိက | ။ | ၉၄-ကမ္ဘာ | သိဒ္ဓတ္ထ | ။ |
| ၁၀ | ကပ္ပရုက္ခိယ | ။ | ။ | ။ | ။ |
| ၁ | ဘာဂိနေယျုပါလိ | မဟာသာဝက | ကမ္ဘာတသိန်း | ပဒုမုတ္တရ | ဝိနယဓရ၊ |
| ၂ | သောဏကောဠိဝိသ | ။ | တသင်္ချေနှင့်ကမ္ဘာတသိန်း | အနောမဒဿီ | အာရဒ္ဓဝီရိယ၊ |
| ၃ | ကာဠိဂေါဓာပုတ္တဘဒ္ဒိယ | ။ | ကမ္ဘာတသိန်း | ပဒုမုတ္တရ | ဥစ္စာကုလိက၊ |
| ၄ | သန္နိဋ္ဌာပက | ပကတိ | ။ | ။ | မပါ |

http://www.dhammadownload.com



| ဦးရေ | ဘွဲ့တော် | သာဝက ၃-မျိုး | ပါရမီဖြည့်ရာကာလ | စ၍ဆုတောင်းရာဘုရား | ဧတဒဂ် |
|---|---|---|---|---|---|
| ၅ | ပဋ္ဋဟတ္ထိယ | ပကတိ | ကမ္ဘာသုံးသောင်း | သုမေဓာ | မပါ |
| ၆ | ပဒုမစ္ဆဒနိယ | ။ | ၉၁-ကမ္ဘာ | ဝိပဿီ | ။ |
| ၇ | သယနဒါယက | ။ | ၉၄-ကမ္ဘာ | သိဒ္ဓတ္ထ | ။ |
| ၈ | စင်္ကမနဒါယက | ။ | ကမ္ဘာ ၁၈၀၀ | အတ္ထဒဿီ | ။ |
| ၉ | သုဘဒ္ဒ | ။ | ကမ္ဘာတသိန်း | ပဒုမုတ္တရ | ။ |
| ၁၀ | စုန္ဒ | ။ | ၉၄-ကမ္ဘာ | သိဒ္ဓတ္ထ | ။ |

---

| ဦးရေ | ဘွဲ့တော် | သာဝက ၃-မျိုး | ပါရမီဖြည့်ရာကာလ | စ၍ဆုတောင်းရာဘုရား | ဧတဒဂ် |
|---|---|---|---|---|---|
| ၁ | ဝိဓူပနဒါယက | ပကတိ | ကမ္ဘာတသိန်း | ပဒုမုတ္တရ | ။ |
| ၂ | သတရံသိ | ။ | ။ | ။ | ။ |
| ၃ | သယနဒါယက | ။ | ။ | ။ | ။ |
| ၄ | ဂန္ဓောဒကိယ | ။ | ။ | ။ | ။ |
| ၅ | ဩပဝယှ | ။ | ။ | ။ | ။ |
| ၆ | သပရိဝါရာသန | ။ | ။ | ။ | ။ |
| ၇ | ပဉ္စဒီပက | ။ | ။ | ။ | ။ |
| ၈ | ဓဇဒါယက | ။ | ။ | ။ | ။ |
| ၉ | ပဒုမ | ။ | ။ | ။ | ။ |
| ၁၀ | အသနဗောဓိယ | ။ | ၉၂-နှစ်ကမ္ဘာ | တိဿ | ။ |

---

| ဦးရေ | ဘွဲ့တော် | သာဝက ၃-မျိုး | ပါရမီဖြည့်ရာကာလ | စ၍ဆုတောင်းရာဘုရား | ဧတဒဂ် |
|---|---|---|---|---|---|
| ၁ | သကစိန္တနိယ | ပကတိ | ၉၁-ကမ္ဘာ | ဝိပဿီ | ။ |
| ၂ | အဝေါပုပ္ဖိယ | ။ | ၃၁-ကမ္ဘာ | သိခီ | ။ |
| ၃ | ပစ္စာဂမနိယ | ။ | ၉၁-ကမ္ဘာ | ဝိပဿီ | ။ |
| ၄ | ပရပ္ပသာဒက | ။ | ၉၄-ကမ္ဘာ | သိဒ္ဓတ္ထ | ။ |
| ၅ | ဘိသဒါယက | ။ | ၃၁-ကမ္ဘာ | ဝေဿဘူ | ။ |
| ၆ | သုစိန္တိတတ္ထေရ | ။ | ၁၆၀၀-ကမ္ဘာ | အတ္ထဒဿီ | |
| ၇ | ဝတ္ထဒါယက | ။ | ။ | ။ | ။ |
| ၈ | အမ္ဗဒါယက | ။ | တသင်္ချေနှင့်ကမ္ဘာတသိန်း | အနောမဒဿီ | ။ |
| ၉ | သုမန | ။ | ၃၁-ကမ္ဘာ | သိခီ | ။ |
| ၁၀ | ပုပ္ဖစင်္ကောဋိယ | ။ | ။ | ။ | ။ |

---

| ဦးရေ | ဘွဲ့တော် | သာဝက ၃-မျိုး | ပါရမီဖြည့်ရာကာလ | စ၍ဆုတောင်းရာဘုရား | ဧတဒဂ် |
|---|---|---|---|---|---|
| ၁ | နာဂသမာလ | ပကတိ | ။ | သိခီ | ။ |
| ၂ | ပဒသညက | ။ | ၉၂-ကမ္ဘာ | တိဿ | ။ |

http://www.dhammadownload.com



| ဦးရေ | ဘွဲ့တော် | သာဝက ၃-မျိုး | ပါရမီဖြည့်ရကာလ | စခွဲဆုတောင်းရာဘုရား | ထေဇာ် |
|---|---|---|---|---|---|
| ၃ | ဗုဒ္ဓသညက | ပကတိ | ၉၂-ကမ္ဘာ | တိဿ | မပါ |
| ၄ | ဘိသာလုဝဒါယက | ။ | ၉၁-ကမ္ဘာ | ဝိပဿီ | ။ |
| ၅ | ကေသညက | ။ | ၉၁-ကမ္ဘာ | ။ | ။ |
| ၆ | တိဏသန္ထရဒါယက | ။ | ၉၂-ကမ္ဘာ | တိဿ | ။ |
| ၇ | သူစိဒါယက | ။ | ကမ္ဘာသုံးသောင်း | သုမေဓာ | ။ |
| ၈ | ပါဋလိပုပ္ဖိယ | ။ | ၉၂-ကမ္ဘာ | တိဿ | ။ |
| ၉ | ဌိတဉ္ဇလိယ | ။ | ။ | ။ | ။ |
| ၁၀ | တိပဒုမိယ | ။ | ကမ္ဘာတသိန်း | ပဒုမုတ္တရ | ။ |

---

| | | | | | |
|---|---|---|---|---|---|
| ၁ | တိမိရပုပ္ဖိယ | ပကတိ | ၉၄-ကမ္ဘာ | သိဒ္ဓတ္ထ | ။ |
| ၂ | ဂတသညက | ။ | ၉၂-ကမ္ဘာ | တိဿ | ။ |
| ၃ | နိပန္နဉ္ဇလိက | ။ | ။ | ။ | ။ |
| ၄ | အဓောပုပ္ဖိယ | ။ | ၃၁-ကမ္ဘာ | သိခီ | ။ |
| ၅ | ရံသိသညက | ။ | ၉၁-ကမ္ဘာ | ဝိပဿီ | ။ |
| ၆ | ဒုတိယရံသိသညက | ။ | ၉၂-ကမ္ဘာ | တိဿ | ။ |
| ၇ | ဖလဒါယက | ။ | ။ | ဖုဿ | ။ |
| ၈ | သဒ္ဒသညက | ။ | ။ | ။ | ။ |
| ၉ | ဗောဓိသိဉ္စက | ။ | ၉၁ ကမ္ဘာ | ဝိပဿီ | ။ |
| ၁၀ | ပဒုမပုပ္ဖိယ | ။ | ၉၂-ကမ္ဘာ | ဖုဿ | ။ |

---

| | | | | | |
|---|---|---|---|---|---|
| ၁ | သုဓာပိဏ္ဍိယ | ပကတိ | ၉၄-ကမ္ဘာ | သိဒ္ဓတ္ထ | ။ |
| ၂ | သုစိန္တိတ | ။ | ၉၂-ကမ္ဘာ | တိဿ | ။ |
| ၃ | အဍ္ဎစေဠက | ။ | ။ | ။ | ။ |
| ၄ | သူစိဒါယက | ။ | ၉၁-ကမ္ဘာ | ဝိပဿီ | ။ |
| ၅ | ဂန္ဓမာလိယ | ။ | ၉၄-ကမ္ဘာ | သိဒ္ဓတ္ထ | ။ |
| ၆ | တိပုပ္ဖိယ | ။ | ၉၁-ကမ္ဘာ | ဝိပဿီ | ။ |
| ၇ | မဓုပိဏ္ဍိက | ။ | ၉၄-ကမ္ဘာ | သိဒ္ဓတ္ထ | ။ |
| ၈ | သေနာသနဒါယက | ။ | ။ | ။ | ။ |
| ၉ | ဝေယျာဝစ္စက | ။ | ၉၁-ကမ္ဘာ | ဝိပဿီ | ။ |
| ၁၀ | ဗုဒ္ဓုပဋ္ဌာက | ။ | ။ | ။ | ။ |

http://www.dhammadownload.com



| ဦးရေ ဘွဲ့တော် | သာဝက ၁-မျိုး | ပါရမီဖြည့်ရာကာလ | စ၍ဆုတောင်းရာဘုရား | တေဒဂ် |
|---|---|---|---|---|
| ၁ ဘိက္ခဒါယက | ပကတိ | ၉၄-ကမ္ဘာ | သိဒ္ဓတ္ထ | မပါ |
| ၂ ဉာဏသညိက | ။ | ။ | ။ | ။ |
| ၃ ဥပ္ပလဟတ္ထိယ | ။ | ။ | ။ | ။ |
| ၄ ပဒပူဇက | ။ | ။ | ။ | ။ |
| ၅ မုဋ္ဌိပုပ္ဖိယ | ။ | ကမ္ဘာတသိန်း | ပဒုမုတ္တရ | ။ |
| ၆ ဥဒကပူဇက | ။ | ။ | ။ | ။ |
| ၇ နဠမာလိယ | | ကမ္ဘာတသိန်း | ပဒုမုတ္တရ | ။ |
| ၈ အာသနုပဋ္ဌာဟက | ။ | ကမ္ဘာ ၁၈၀၀ | အတ္ထဒဿီ | ။ |
| ၉ ဗိဠာလိဒါယက | ။ | ကမ္ဘာတသိန်း | ပဒုမုတ္တရ | ။ |
| ၁၀ ရေဏုပူဇက | ။ | ၉၁-ကမ္ဘာ | ဝိပဿီ | ။ |

---

| | | | | |
|---|---|---|---|---|
| ၁ မဟာပရိဝါရက | ပကတိ | ၉၁-ကမ္ဘာ | ဝိပဿီ | ။ |
| ၂ သုမင်္ဂလ | ။ | ၁၈၀၀-ကမ္ဘာ | အတ္ထဒဿီ | ။ |
| ၃ သရဏဂမနိယ | ။ | ကမ္ဘာတသိန်း | ပဒုမုတ္တရ | ။ |
| ၄ ဧကာသနိယ | ။ | ၁၈၀၀-ကမ္ဘာ | အတ္ထဒဿီ | ။ |
| ၅ သုဝဏ္ဏပုပ္ဖိယ | ။ | ၉၁-ကမ္ဘာ | ဝိပဿီ | ။ |
| ၆ စိတကပူဇက | ။ | ၃၁-ကမ္ဘာ | သိခီ | ။ |
| ၇ ဗုဒ္ဓသညက | ။ | ၉၁-ကမ္ဘာ | ဝိပဿီ | ။ |
| ၈ မဂ္ဂသညက | ။ | ကမ္ဘာတသိန်း | ပဒုမုတ္တရ | ။ |
| ၉ ပစ္စုပဋ္ဌာနသညက | ။ | ၁၈၀၀-ကမ္ဘာ | အတ္ထဒဿီ | ။ |
| ၁၀ ဇာတိပူဇက | ။ | ၉၁-ကမ္ဘာ | ဝိပဿီ | ။ |

---

| | | | | |
|---|---|---|---|---|
| ၁ သေရေယျက | ပကတိ | ကမ္ဘာတသိန်း | ပဒုမုတ္တရ | ။ |
| ၂ ပုပ္ဖထူပိယ | ။ | ။ | ။ | ။ |
| ၃ ပါယသဒါယက | ။ | ၉၁-ကမ္ဘာ | ဝိပဿီ | ။ |
| ၄ ဂန္ဓောဒကိယ | ။ | ။ | ။ | ။ |
| ၅ သမ္မုခါထဝိက | ။ | ။ | ။ | ။ |
| ၆ ကုသုမာသနိယ | ။ | ။ | ။ | ။ |
| ၇ ဖလဒါယက | ။ | ကမ္ဘာတသိန်း | ပဒုမုတ္တရ | ။ |
| ၈ ဉာဏသညိက | ။ | ၉၁-ကမ္ဘာ | ဝိပဿီ | ။ |
| ၉ ဂဏ္ဌိပုပ္ဖိယ | ။ | ၉၁-ကမ္ဘာ | ဝိပဿီ | ။ |
| ၁၀ ပဒုမပူဇက | ။ | ။ | ။ | ။ |

http://www.dhammadownload.com



| ဦးရေ ဘွဲ့တော် | သာဝက ၃-မျိုး | ပါရမီဖြည့်ရကာလ | စဉ်ဆိုတောင်းရာဘုရား | တေဒင် |
|---|---|---|---|---|
| ၁ သောဘိတ | မဟာသာဝက | ကမ္ဘာတသိန်း | ပဒုမုတ္တရ | ပုဗ္ဗေနိဝါသအဘိညာဏ် |
| ၂ သုဒဿန | ပကတိ | ၃၁-ကမ္ဘာ | သိခီ | မပါ |
| ၃ စန္ဒနပူဇနက | ။ | ၁၈၀၀-ကမ္ဘာ | အတ္ထဒဿီ | ။ |
| ၄ ပုပ္ဖစ္ဆဒနိယ | ။ | ကမ္ဘာတသိန်း | ပဒုမုတ္တရ | ။ |
| ၅ ရဟောသညက | ။ | ၃၁-ကမ္ဘာ | သိခီ | ။ |
| ၆ စမ္ပကပုပ္ဖိယ | ။ | ။ | ဝေဿဘူ | ။ |
| ၇ အတ္ထသန္ဒဿက | ။ | ကမ္ဘာတသိန်း | ပဒုမုတ္တရ | ။ |
| ၈ ဧကပသာဒနိယ | ။ | ၁၈၀၀-ကမ္ဘာ | အတ္ထဒဿီ | ။ |
| ၉ သာလပုပ္ဖဒါယက | ။ | ၉၁-ကမ္ဘာ | ဝိပဿီ | ။ |
| ၁၀ ပိယာလဖလဒါယက | ။ | ၃၁-ကမ္ဘာ | သိခီ | ။ |

| | | | | |
|---|---|---|---|---|
| ၁ အတိဆတ္တိယ | ပကတိ | ၁၈၀၀-ကမ္ဘာ | အတ္ထဒဿီ | ။ |
| ၂ ထမ္ဘာရောပက | ။ | ။ | ဓမ္မဒဿီ | ။ |
| ၃ ဝေဒိကာရက | ။ | ။ | ပိယဒဿီ | ။ |
| ၄ သပရိဝါရိယ | ။ | ကမ္ဘာတသိန်း | ပဒုမုတ္တရ | ။ |
| ၅ ဥမာပုပ္ဖိယ | ။ | ၉၄-ကမ္ဘာ | သိဒ္ဓတ္ထ | ။ |
| ၆ အနုလေပဒါယက | ။ | တသင်္ချေနှင့်ကမ္ဘာတသိန်း | အနောမဒဿီ | ။ |
| ၇ မဂ္ဂဒါယက | ။ | ၉၄-ကမ္ဘာ | သိဒ္ဓတ္ထ | ။ |
| ၈ ဖလဒါယက | ။ | ၉၁-ကမ္ဘာ | ဝိပဿီ | ။ |
| ၉ ဝဋံသကိယ | ။ | ကမ္ဘာသုံးသောင်း | သုမေဓာ | ။ |
| ၁၀ ပလ္လင်္ကဒါယက | ။ | ကမ္ဘာသုံးသောင်း | ။ | ။ |

| | | | | |
|---|---|---|---|---|
| ၁ ဗန္ဓုဇီဝက | ပကတိ | ၃၁-ကမ္ဘာ | သိခီ | ။ |
| ၂ တမ္ဗပုပ္ဖိယ | ။ | ၉၁-ကမ္ဘာ | ဝိပဿီ | ။ |
| ၃ ဝီထိသမ္မဇ္ဇက | ။ | ။ | သိခီ | ။ |
| ၄ ကက္ကာရုပုပ္ဖပူဇက | ။ | ၃၁-ကမ္ဘာ | ။ | ။ |
| ၅ မန္ဒာရဝပုပ္ဖပူဇက | ။ | ။ | ။ | ။ |
| ၆ ကဒမ္ဗပုပ္ဖိယ | ။ | ၉၄-ကမ္ဘာ | ပစ္စေကဗုဒ္ဓါ* | ။ |
| ၇ တိဏသူလက | ။ | ၃၁-ကမ္ဘာ | သိခီ | ။ |
| ၈ နာဂပုပ္ဖိယ | ။ | ကမ္ဘာတသိန်း | ပဒုမုတ္တရ | ။ |
| ၉ ပုန္နာဂပုပ္ဖိယ | ။ | ၉၂-ကမ္ဘာ | * | ။ |
| ၁၀ ကုမုဒဒါယက | ။ | ကမ္ဘာတသိန်း | ပဒုမုတ္တရ | ။ |

http://www.dhammadownload.com



| ဦးရေ ဘွဲ့တော် | သာဝက ၃-မျိုး | ပါရမီဖြည့်ရာကာလ | စ၍ဆုတောင်းရာဘုရား | ဧတဒဂ် |
|---|---|---|---|---|
| ၁ သုပါရိစရိယ | ပကတိ | ကမ္ဘာတသိန်း | ပဒုမုတ္တရ | မပါ |
| ၂ ကဏဝေရပုပ္ဖိယ | ။ | ၉၄-ကမ္ဘာ | သိဒ္ဓတ္ထ | ။ |
| ၃ ခဇ္ဇကဒါယက | ။ | ၉၂-ကမ္ဘာ | တိဿ | ။ |
| ၄ ဒေသပူဇက | ။ | ၁၈၀၀-ကမ္ဘာ | အတ္ထဒဿီ | ။ |
| ၅ ကဏိကာရဆတ္တိယ | ။ | ၃၁-ကမ္ဘာ | ဝေဿဘူ | ။ |
| ၆ သပ္ပိဒါယက | ။ | ၉၂-ကမ္ဘာ | ဖုဿ | ။ |
| ၇ ယူထိကပုပ္ဖိယ | ။ | ၉၄-ကမ္ဘာ | သိဒ္ဓတ္ထ | ။ |
| ၈ ဒုဿဒါယက | ။ | ။ | သိဒ္ဓတ္ထ | ။ |
| ၉ သမာဒပက | ။ | ၉၁-ကမ္ဘာ | ဝိပဿီ | ။ |
| ၁၀ ပဉ္စင်္ဂုလိယ | ။ | ၉၂-ကမ္ဘာ | တိဿ | ။ |

---

| ဦးရေ ဘွဲ့တော် | သာဝက ၃-မျိုး | ပါရမီဖြည့်ရာကာလ | စ၍ဆုတောင်းရာဘုရား | ဧတဒဂ် |
|---|---|---|---|---|
| ၁ ကုမုဒမာလိယ | ပကတိ | ၁၈၀၀-ကမ္ဘာ | အတ္ထဒဿီ | ။ |
| ၂ နိသ္သေဏိဒါယက | ။ | * | ကောဏ္ဍည | ။ |
| ၃ ရတ္တိပုပ္ဖိယ | ။ | ၉၁-ကမ္ဘာ | ဝိပဿီ | ။ |
| ၄ ဥဒပါနဒါယက | ။ | ။ | ။ | ။ |
| ၅ သီဟာသနဒါယက | ။ | ကမ္ဘာတသိန်း | ပဒုမုတ္တရ | ။ |
| ၆ မဂ္ဂဒတ္တိက | ။ | တသင်္ချေနှင့်ကမ္ဘာတသိန်း | အနောမဒဿီ | ။ |
| ၇ ဧကဒီပိယ | ။ | ကမ္ဘာတသိန်း | ပဒုမုတ္တရ | ။ |
| ၈ မဏိပူဇက | ။ | ။ | ။ | ။ |
| ၉ တိကိစ္ဆက | ။ | ၉၁-ကမ္ဘာ | ဝိပဿီ | ။ |
| ၁၀ သံဃုပဋ္ဌာက | ။ | ၃၁-ကမ္ဘာ | ဝေဿဘူ | ။ |

---

| ဦးရေ ဘွဲ့တော် | သာဝက ၃-မျိုး | ပါရမီဖြည့်ရာကာလ | စ၍ဆုတောင်းရာဘုရား | ဧတဒဂ် |
|---|---|---|---|---|
| ၁ ကုဋဇပုပ္ဖိယ | ပကတိ | ၉၂-ကမ္ဘာ | ဖုဿ | ။ |
| ၂ ဗန္ဓုဇီဝက | ။ | ၉၄-ကမ္ဘာ | သိဒ္ဓတ္ထ | ။ |
| ၃ ကောဋုမ္ဗရိယ | ။ | ၃၁-ကမ္ဘာ | သိခီ | ။ |
| ၄ ပဉ္စဟတ္ထိယ | ။ | ၉၂-ကမ္ဘာ | တိဿ | ။ |
| ၅ ဣသိမုဂ္ဂဒါယက | ။ | ကမ္ဘာတသိန်း | ပဒုမုတ္တရ | ။ |
| ၆ ဗောဓိဥပဋ္ဌာက | ။ | ၁၈၀၀-ကမ္ဘာ | * | ။ |
| ၇ ဧကစိန္တိက | ။ | ကမ္ဘာတသိန်း | ပဒုမုတ္တရ | ။ |
| ၈ တိကဏ္ဍိပုပ္ဖိယ | ။ | ၉၁-ကမ္ဘာ | ဝိပဿီ | ။ |
| ၉ ဧကစာရိယ | ။ | * | * | ။ |
| ၁၀ တိဝဏ္ဋိပုပ္ဖိယ | ။ | ၁၈၀၀-ကမ္ဘာ | ဓမ္မဒဿီ | ။ |

* ဤကဲ့သို့ ခရေးပွင့်လက္ခဏာ ပြရာတို့၌ ကမ္ဘာအရေ အတွက်နှင့်, ဘုရားဘွဲ့တော် မှုရင်း ပါဠိတော်တွင် တိုက်ရိုက်မပါရှိကြောင်းသိမှတ်ရန်။

http://www.dhammadownload.com



| ဦးရေ ဘွဲ့တော် | သာဝက ၃-မျိုး | ပါရမီဖြည့်ရာကာလ | စ၍ဆုတောင်းရာဘုရား | တေဒဂ် |
|---|---|---|---|---|
| ၁ တမာလပုပ္ဖိယ | ပကတိ | ၃၁-ကမ္ဘာ | သိခီ | မပါ |
| ၂ တိဏသန္ထာရက | ။ | ၉၄-ကမ္ဘာ | သိဒ္ဓတ္ထ | ။ |
| ၃ ခဏ္ဍဖုလ္လိယ | ။ | ၉၂-ကမ္ဘာ | ဖုဿ | ။ |
| ၄ အသောကပူဇက | ။ | ကမ္ဘာတသိန်း | ပဒုမုတ္တရ | ။ |
| ၅ အင်္ကောလက | ။ | ၉၄-ကမ္ဘာ | သိဒ္ဓတ္ထ | ။ |
| ၆ ကိသလယပူဇက | ။ | ။ | ။ | ။ |
| ၇ တိန္ဒုကဒါယက | ။ | ။ | ။ | ။ |
| ၈ မုဋ္ဌိပူဇက | ။ | ✲ | သုမေဓ | ။ |
| ၉ ကိံကဏိကပုပ္ဖိယ | ။ | ၉၄-ကမ္ဘာ | ✲ | ။ |
| ၁၀ ယူထိကပုပ္ဖိယ | ။ | ကမ္ဘာတသိန်း | ပဒုမုတ္တရ | ။ |

---

| | | | | |
|---|---|---|---|---|
| ၁ ကဏိကာရပုပ္ဖိယ | ပကတိ | ၉၂-ကမ္ဘာ | တိဿ | ။ |
| ၂ မိနေလပုပ္ဖိယ | ။ | ၃၁-ကမ္ဘာ | သိခီ | ။ |
| ၃ ကိံကဏိပုပ္ဖိယ | ။ | ၉၁-ကမ္ဘာ | ဝိပဿီ | ။ |
| ၄ တရဏိယ | ။ | ၁၈၀၀-ကမ္ဘာ | အတ္ထဒဿီ | ။ |
| ၅ နိဂ္ဂုဏ္ဍိပုပ္ဖိယ | ။ | ၉၁-ကမ္ဘာ | ဝိပဿီ | ။ |
| ၆ ဥဒကဒါယက | ။ | ၉၄-ကမ္ဘာ | သိဒ္ဓတ္ထ | ။ |
| ၇ သလလမာလိယ | ။ | ။ | ။ | ။ |
| ၈ ကောရဏ္ဍပုပ္ဖိယ | ။ | ၉၁-ကမ္ဘာ | ဝိပဿီ | ။ |
| ၉ အာဓာရဒါယက | ။ | ၃၁-ကမ္ဘာ | သိခီ | ။ |
| ၁၀ ပါပနိဝါရိယ | ။ | ၉၂-ကမ္ဘာ | တိဿ | ။ |

---

| | | | | |
|---|---|---|---|---|
| ၁ ဟတ္ထိဒါယက | ပကတိ | ၉၄-ကမ္ဘာ | သိဒ္ဓတ္ထ | ။ |
| ၂ ပါနဓိဒါယက | ။ | ၉၄-ကမ္ဘာ | ။ | ။ |
| ၃ သစ္စသညက | ။ | ၃၁-ကမ္ဘာ | ဝေဿဘူ | ။ |
| ၄ ဧကသညက | ။ | ။ | ။ | ။ |
| ၅ ရံသိသညက | ။ | ကမ္ဘာသုံးသောင်း | သုဇာတ | ။ |
| ၆ သန္ဓိတ | ။ | ၃၁-ကမ္ဘာ | သိခီ | ။ |
| ၇ တာလဝဏ္ဋဒါယက | ။ | ၉၂-ကမ္ဘာ | တိဿ | ။ |
| ၈ အက္ကန္တသညက | ။ | ၉၄-ကမ္ဘာ | တိဿ | ။ |
| ၉ သပ္ပိဒါယက | ။ | ။ | သိဒ္ဓတ္ထ | ။ |
| ၁၀ ပါပနိဝါရိယ | ။ | ၁၈၀၀-ကမ္ဘာ | ပိယဒဿီ | ။ |

http://www.dhammadownload.com



| ဦးရေ | ဘွဲ့တော် | သာဝက ၃-မျိုး | ပါရမီဖြည့်ရာကာလ | စ၍ဆုတောင်းရာဘုရား | တေဒဂ် |
|---|---|---|---|---|---|
| ၁ | အာလမ္ဗဏဒါယက | ပကတိ | ၁၈၀၀-ကမ္ဘာ | အတ္ထဒဿီ | မပါ |
| ၂ | အဇိနဒါယက | ״ | ၃၁-ကမ္ဘာ | သိခီ | ״ |
| ၃ | ဒွေရတနိယ | ״ | ၉၁-ကမ္ဘာ | ဝိပဿီ | ״ |
| ၄ | အာရက္ခဒါယက | ״ | ၉၄-ကမ္ဘာ | သိဒ္ဓတ္ထ | ״ |
| ၅ | အဗျာဓိက | ״ | ၉၁-ကမ္ဘာ | ဝိပဿီ | ״ |
| ၆ | အင်္ကောလပုပ္ဖိယ | ״ | ״ | ״ | ״ |
| ၇ | သောဝဏ္ဏဝဋံသကိယ | ״ | ၃၁-ကမ္ဘာ | သိခီ | ״ |
| ၈ | မိဉ္ဇဝဋံသကိယ | ״ | ״ | ״ | ״ |
| ၉ | သုကတာဝေဠိယ | ״ | ״ | ״ | ״ |
| ၁၀ | ဧကဝန္ဒနိယ | ״ | ״ | ဝေဿဘူ | ״ |

| | | | | | |
|---|---|---|---|---|---|
| ၁ | ဥဒကာသနဒါယက | ပကတိ | ၃၁-ကမ္ဘာ | ❁ | ״ |
| ၂ | ဘာဇနပါလက | ״ | ၉၁-ကမ္ဘာ | ❁ | ״ |
| ၃ | သာလပုပ္ဖိယ | ״ | ၃၁-ကမ္ဘာ | သိခီ | ״ |
| ၄ | ကိလဉ္ဇဒါယက | ״ | ၉၄-ကမ္ဘာ | သိဒ္ဓတ္ထ | ״ |
| ၅ | ဝေဒိကာရက | ״ | ၉၁-ကမ္ဘာ | ဝိပဿီ | ״ |
| ၆ | ဝဏ္ဏကာရ | ״ | ၃၁-ကမ္ဘာ | သိခီ | ״ |
| ၇ | ပိယာလပုပ္ဖိယ | ״ | ၉၁-ကမ္ဘာ | ဝိပဿီ | ״ |
| ၈ | အမ္ဗယာဂဒါယက | ״ | ၉၁-ကမ္ဘာ | ״ | ״ |
| ၉ | ဇဂတိကာရက | ״ | ၁၈၀၀-ကမ္ဘာ | အတ္ထဒဿီ | ״ |
| ၁၀ | ဝါသိဒါယက | ״ | ၉၄-ကမ္ဘာ | ❁ | ״ |

| | | | | | |
|---|---|---|---|---|---|
| ၁ | တုဝရဒါယက | ပကတိ | ၉၁-ကမ္ဘာ | ❁ | ״ |
| ၂ | နာဂကေသရိယ | ״ | ၉၂-ကမ္ဘာ | တိဿ | ״ |
| ၃ | နဠိနကေသရိယ | ״ | ״ | ״ | ״ |
| ၄ | ဝိရဝပုပ္ဖိယ | ״ | ၉၁-ကမ္ဘာ | | ״ |
| ၅ | ကုဋိဓူပက | ״ | ၉၄-ကမ္ဘာ | သိဒ္ဓတ္ထ | ״ |
| ၆ | ပတ္တဒါယက | ״ | ״ | ״ | ״ |
| ၇ | ဓာတုပူဇက | | ״ | ״ | ״ |
| ၈ | သတ္တလိပုပ္ဖပူဇက | ״ | ၃၁-ကမ္ဘာ | ဝေဿဘူ | ״ |
| ၉ | ဗိမ္ဗိဇာလိယ | ״ | ကမ္ဘာတသိန်း | ပဒုမုတ္တရ | ״ |
| ၁၀ | ဥဒ္ဒါလကဒါယက | ״ | ၃၁-ကမ္ဘာ | ပစ္စေကဗုဒ္ဓါ | ״ |

http://www.dhammadownload.com



| ဦးရေ | ဘွဲ့တော် | သာဝက ၃-မျိုး | ပါရမီဖြည့်ရာကာလ | စ၍ဆုတောင်းရာဘုရား | တေဒဂ် |
|---|---|---|---|---|---|
| ၁ | ထောမက | ပကတိ | ၉၁-ကမ္ဘာ | ဝိပဿီ | မပါ |
| ၂ | ကောသနဒါယက | ။ | ကမ္ဘာတသိန်း | ပဒုမုတ္တရ | ။ |
| ၃ | စိတကပူဇက | ။ | ၉၁-ကမ္ဘာ | ပစ္စေကဗုဒ္ဓါ | ။ |
| ၄ | တိစမ္ပကပုပ္ဖိယ | ။ | ။ | ရဟန်း | ။ |
| ၅ | သတ္တပါဋလိယ | ။ | ၉၄-ကမ္ဘာ | သိဒ္ဓတ္ထ | ။ |
| ၆ | ဥပါဟနဒါယက | ။ | ၉၁-ကမ္ဘာ | ပစ္စေကဗုဒ္ဓါ | ။ |
| ၇ | မဉ္ဇရိပူဇက | ။ | ၉၂-ကမ္ဘာ | ဖုဿ | ။ |
| ၈ | ပဏ္ဏဒါယက | ။ | ၉၄-ကမ္ဘာ | သိဒ္ဓတ္ထ | ။ |
| ၉ | ကုဋိဒါယက | ။ | ၉၁-ကမ္ဘာ | ဝိပဿီ | ။ |
| ၁၀ | အဂ္ဂပုပ္ဖိယ | ။ | ၃၁-ကမ္ဘာ | သိခီ | ။ |

---

| | | | | | |
|---|---|---|---|---|---|
| ၁ | အာကာသုက္ခိပိယ | ပကတိ | ၉၄-ကမ္ဘာ | သိဒ္ဓတ္ထ | ။ |
| ၂ | တေလမက္ခိယ | ။ | ။ | ။ | ။ |
| ၃ | အဍ္ဎစန္ဒိယ | ။ | ၉၂-ကမ္ဘာ | တိဿ | ။ |
| ၄ | ပဒီပဒါယက | ။ | ၉၄-ကမ္ဘာ | သိဒ္ဓတ္ထ | ။ |
| ၅ | ဗိဠာလိဒါယက | ။ | ။ | ။ | ။ |
| ၆ | မစ္ဆဒါယက | ။ | ၉၄-ကမ္ဘာ | ။ | ။ |
| ၇ | ဇဝဟံသက | ။ | ။ | ။ | ။ |
| ၈ | သဠလပုပ္ဖိယ | ။ | ၉၁-ကမ္ဘာ | ဝိပဿီ | ။ |
| ၉ | ဥပါဂတာသယ | ။ | ။ | ။ | ။ |
| ၁၀ | တရဏိယ | ။ | ။ | ။ | ။ |

---

| | | | | | |
|---|---|---|---|---|---|
| ၁ | သုဝဏ္ဏဗိမ္ဗောဟနိယ | ပကတိ | ၉၁-ကမ္ဘာ | ဝိပဿီ | ။ |
| ၂ | တိလမုဋ္ဌိဒါယက | ။ | ။ | ။ | ။ |
| ၃ | စင်္ကောဋကိယ | ။ | ၉၄-ကမ္ဘာ | သိဒ္ဓတ္ထ | ။ |
| ၄ | အဗ္ဘဉ္ဇနဒါယက | | ကမ္ဘာအရေအတွက်မပါ | ကောဏ္ဍည | ။ |
| ၅ | ကေဉ္ဇလိက | ။ | ၉၂-ကမ္ဘာ | တိဿ | ။ |
| ၆ | ပေါတ္ထကဒါယက | ။ | ၉၁-ကမ္ဘာ | ဝိပဿီ | ။ |
| ၇ | စိတကပူဇက | ။ | ၉၄-ကမ္ဘာ | သိဒ္ဓတ္ထ | ။ |
| ၈ | အာလုဝဒါယက | ။ | ၃၁-ကမ္ဘာ | ရဟန္တာ | ။ |
| ၉ | ဧကပုဏ္ဍရိက | ။ | ၉၄-ကမ္ဘာ | ပစ္စေကဗုဒ္ဓါ | ။ |
| ၁၀ | တရဏိယ | ။ | ၉၁-ကမ္ဘာ | ဝိပဿီ | ။ |

http://www.dhammadownload.com



| ဦးရေ | ဘွဲ့တော် | သာဝက ၃-မျိုး | ပါရမီဖြည့်ရာကာလ | စ၍ဆုတောင်းရာဘုရား | တေဇက် |
|---|---|---|---|---|---|
| ၁ | ပဏ္ဏဒါယက | ပကတိ | ၉၄-ကမ္ဘာ | သိဒ္ဓတ္ထ | မပါ |
| ၂ | ဖလဒါယက | ။ | ။ | ။ | ။ |
| ၃ | ပစ္စုဂ္ဂမနိယ | ။ | ။ | ။ | ။ |
| ၄ | ဧကပုပ္ဖိယ | ။ | ၉၁-ကမ္ဘာ | ဝိပဿီ | ။ |
| ၄ | မဃဝပုပ္ဖိယ | ။ | ။ | ။ | ။ |
| ၆ | ဥပဋ္ဌာကဒါယက | ။ | ၉၄-ကမ္ဘာ | သိဒ္ဓတ္ထ | ။ |
| ၇ | အပဒါနိယ | ။ | ၉၂-ကမ္ဘာ | 〃 | ။ |
| ၈ | သတ္တာဟပဗ္ဗဇိတ | ။ | ၉၁-ကမ္ဘာ | ဝိပဿီ | ။ |
| ၉ | ဗုဒ္ဓုပဋ္ဌာယိက | ။ | ၃၁-ကမ္ဘာ | သိခီ | ။ |
| ၁၀ | ပုဗ္ဗင်္ဂမိယ | ။ | ၉၄-ကမ္ဘာ | ရဟန္တာ | ။ |

---

| ဦးရေ | ဘွဲ့တော် | သာဝက ၃-မျိုး | ပါရမီဖြည့်ရာကာလ | စ၍ဆုတောင်းရာဘုရား | တေဇက် |
|---|---|---|---|---|---|
| ၁ | စိတကပူဇက | ပကတိ | ၃၁-ကမ္ဘာ | သိခီ | ။ |
| ၂ | ပုပ္ဖဓာရက | ။ | ၉၁-ကမ္ဘာ | ဝိပဿီ | ။ |
| ၃ | ဆတ္တဒါယက | ။ | ၉၄-ကမ္ဘာ | ရဟန္တာ | ။ |
| ၄ | သဒ္ဒသညက | ။ | ။ | သိဒ္ဓတ္ထ | ။ |
| ၅ | ဂေါသီသနိက္ခေပက | ။ | ။ | 〃 | ။ |
| ၆ | ပါဒပူဇက | ။ | ၉၁-ကမ္ဘာ | ဝိပဿီ | ။ |
| ၇ | ဒေသကိတ္တက | ။ | ၉၂-ကမ္ဘာ | 〃 | ။ |
| ၈ | သရဏဂမနိယ | ။ | ၉၁-ကမ္ဘာ | ဝိပဿီ | ။ |
| ၉ | အမ္ဗပိဏ္ဍိယ | ။ | ။ | ။ | ။ |
| ၁၀ | အနုသံသာဝက | ။ | ။ | ။ | ။ |

---

| ဦးရေ | ဘွဲ့တော် | သာဝက ၃-မျိုး | ပါရမီဖြည့်ရာကာလ | စ၍ဆုတောင်းရာဘုရား | တေဇက် |
|---|---|---|---|---|---|
| ၁ | ပဒုမကေသရိယ | ပကတိ | ၉၁-ကမ္ဘာ | ပစ္စေကဗုဒ္ဓါ | ။ |
| ၂ | သဗ္ဗဂန္ဓိယ | ။ | ။ | ဝိပဿီ | ။ |
| ၃ | ပရမန္နဒါယက | ။ | ၉၁-ကမ္ဘာ | ဝိပဿီ | ။ |
| ၄ | ဓမ္မသညက | ။ | ။ | ။ | ။ |
| ၅ | ဖလဒါယက | ။ | ။ | ။ | ။ |
| ၆ | သမ္ပသာဒက | ။ | ၉၄-ကမ္ဘာ | သိဒ္ဓတ္ထ | ။ |
| ၇ | အာရာမဒါယက | ။ | ။ | ။ | ။ |
| ၈ | အနုလေပဒါယက | ။ | ၁၈၀၀-ကမ္ဘာ | အတ္ထဒဿီ | ။ |
| ၉ | ဗုဒ္ဓသညက | ။ | ၉၄-ကမ္ဘာ | သိဒ္ဓတ္ထ | ။ |
| ၁၀ | ပဗ္ဗာရဒါယက | ။ | 〃 | ပိယဒဿီ | ။ |

http://www.dhammadownload.com



| ဦးရေ | ဘွဲ့တော် | သာဝက ၃-မျိုး | ပါရမီဖြည့်ရာကာလ | စ၍ဆုတောင်းရာဘုရား | တေဒဂ် |
|---|---|---|---|---|---|
| ၁ | အာရက္ခဒါယက | ပကတိ | ၁၈၀၀-ကမ္ဘာ | ဓမ္မဒဿီ | မပါ |
| ၂ | ဘောဇနဒါယက | ။ | ၃၁-ကမ္ဘာ | ဝေဿဘူ | ။ |
| ၃ | ဂတသညက | ။ | ၉၄-ကမ္ဘာ | သိဒ္ဓတ္ထ | ။ |
| ၄ | သတ္တပဒုမိယ | ။ | ။ | ။ | ။ |
| ၅ | ပုပ္ဖါသနဒါယက | ။ | ။ | ။ | ။ |
| ၆ | အာသနသန္ထဝိက | ။ | ၃၁-ကမ္ဘာ | သိခီ | ။ |
| ၇ | သဒ္ဒသညက | ။ | ၉၄-ကမ္ဘာ | သိဒ္ဓတ္ထ | ။ |
| ၈ | တိရံသိယ | ။ | ။ | ။ | ။ |
| ၉ | ကန္ဒလိပုပ္ဖိယ | ။ | ။ | ။ | ။ |
| ၁၀ | ကုမုဒမာလိယ | ။ | ၉၁-ကမ္ဘာ | ဝိပဿီ | ။ |

| | | | | | |
|---|---|---|---|---|---|
| ၁ | ဥမာပုပ္ဖိယ | ပကတိ | ၉၄-ကမ္ဘာ | သိဒ္ဓတ္ထ | ။ |
| ၂ | ပုလိနပူဇက | ။ | ၉၁-ကမ္ဘာ | ဝိပဿီ | ။ |
| ၃ | ဟာသဇနက | ။ | ။ | ။ | ။ |
| ၄ | ယညသာမိက | ။ | ၉၄-ကမ္ဘာ | သိဒ္ဓတ္ထ | ။ |
| ၅ | နိမိတ္တသညက | ။ | ။ | ။ | ။ |
| ၆ | အန္နသံသာဝက | ။ | ။ | ။ | ။ |
| ၇ | နိဂ္ဂုဏ္ဍိပုပ္ဖိယ | ။ | ကမ္ဘာတသိန်း | ပဒုမုတ္တရ | ။ |
| ၈ | သုမနာဝေဋ္ဌိယ | ။ | ၃၁-ကမ္ဘာ | ဝေဿဘူ | ။ |
| ၉ | ပုပ္ဖစ္ဆတ္တိယ | ။ | ၉၄-ကမ္ဘာ | သိဒ္ဓတ္ထ | ။ |
| ၁၀ | သပရိဝါရဆတ္တဒါယက | | ကမ္ဘာတသိန်း | ပဒုမုတ္တရ | ။ |

| | | | | | |
|---|---|---|---|---|---|
| ၁ | ဂန္ဓဓူပိယ | ပကတိ | ၉၄-ကမ္ဘာ | သိဒ္ဓတ္ထ | ။ |
| ၂ | ဥဒကပူဇက | ။ | ကမ္ဘာတသိန်း | ပဒုမုတ္တရ | ။ |
| ၃ | ပုန္နာဂပုပ္ဖိယ | ။ | ၉၂-ကမ္ဘာ | * | ။ |
| ၄ | ဧကဒုဿဒါယက | ။ | ကမ္ဘာတသိန်း | ပဒုမုတ္တရ | ။ |
| ၅ | ဖုသိတကမ္ပိယ | ။ | ။ | ။ | ။ |
| ၆ | ပဘင်္ကရ | ။ | ။ | ။ | ။ |
| ၇ | တိဏကုဋိဒါယက | ။ | ၉၁-ကမ္ဘာ | ဝိပဿီ | ။ |
| ၈ | ဥတ္တရေယျဒါယက | ။ | ကမ္ဘာတသိန်း | ပဒုမုတ္တရ | ။ |
| ၉ | ဓမ္မသဝနိယ | ။ | ။ | ။ | ။ |
| ၁၀ | ဥက္ခိတ္တပဒုမိယတ္ထေရ | ။ | ကမ္ဘာတသိန်း | ပဒုမုတ္တရ | ။ |

http://www.dhammadownload.com



| ဦးရေ | ဘွဲ့တော် | သာဝက ၃-မျိုး | ပါရမီဖြည့်ရကာလ | စၡ်ဆုတောင်းရာဘုရား | တေဒဂ် |
|---|---|---|---|---|---|
| ၁ | ကောပဒုမိယ | ပကတိ | ကမ္ဘာတသိန်း | ပဒုမုတ္တရ | မပါ |
| ၂ | တိဏုပ္ပလမာလိယ | ။ | ၉၁-ကမ္ဘာ | ဝိပဿီ | ။ |
| ၃ | ဓေဒါယက | ။ | ၉၂-ကမ္ဘာ | တိဿ | ။ |
| ၄ | တိကိင်္ကဏိပူဇက | ။ | ၃၁-ကမ္ဘာ | သိခီ | ။ |
| ၅ | နဠာဂါရိက | ။ | * | နာရဒ | ။ |
| ၆ | စမ္ပကပုပ္ဖိယ | ။ | ၃၁-ကမ္ဘာ | သုဒဿနပစ္စေကဗုဒ္ဓါ | ။ |
| ၇ | ပဒုမပူဇက | ။ | ၉၁-ကမ္ဘာ | သမ္ဘဝပစ္စေကဗုဒ္ဓါ | ။ |
| ၈ | တိဏမုဋ္ဌိဒါယက | ။ | ၉၄ ကမ္ဘာ | ဥပတိဿပစ္စေကဗုဒ္ဓါ | ။ |
| ၉ | တိန္ဒုကဖလဒါယက | ။ | ၉၁-ကမ္ဘာ | ဝိပဿီ | ။ |
| ၁၀ | ကေဠလိယ | ။ | ၉၄-ကမ္ဘာ | ရောမသပစ္စေကဗုဒ္ဓါ | ။ |

| | | | | | |
|---|---|---|---|---|---|
| ၁ | သဒ္ဒသညက | ပကတိ | ၃၁-ကမ္ဘာ | သိခီ | ။ |
| ၂ | ယဝကလာပိယ | ။ | ။ | သိခီ | ။ |
| ၃ | ကိံသုကပူဇက | ။ | ၉၄-ကမ္ဘာ | သိဒ္ဓတ္ထ | ။ |
| ၄ | သကောသကကောရဏ္ဍ | ။ | ၃၁-ကမ္ဘာ | သိခီ | ။ |
| ၅ | ဒဏ္ဍဒါယက | ။ | ၉၄-ကမ္ဘာ | သိဒ္ဓတ္ထ | ။ |
| ၆ | အမ္ဗယာဂုဒါယက | ။ | ။ | သတရံသိပစ္စေကဗုဒ္ဓါ | ။ |
| ၇ | သုပုဋကပူဇက | ။ | ၉၁-ကမ္ဘာ | ဝိပဿီ | ။ |
| ၈ | မဉ္စဒါယက | ။ | ။ | ဝိပဿီ | ။ |
| ၉ | သရဏာဂမနိယ | ။ | ၃၁-ကမ္ဘာ | သိခီ | ။ |
| ၁၀ | ပိဏ္ဍပါတိက | ။ | ၉၂-ကမ္ဘာ | တိဿ | ။ |

| | | | | | |
|---|---|---|---|---|---|
| ၁ | မန္ဒာရဝပုပ္ဖိယ | ပကတိ | ၉၁-ကမ္ဘာ | ဝိပဿီ | ။ |
| ၂ | ကက္ကာရုပုပ္ဖိယ | ။ | ၉၂-ကမ္ဘာ | တိဿ | ။ |
| ၃ | ဘိသမုဠာလဒါယက | ။ | ။ | ဖုဿ | ။ |
| ၄ | ကေသရပုပ္ဖိယ | ။ | ၃၁-ကမ္ဘာ | ဝေဿဘူ | ။ |
| ၅ | အင်္ကောလပုပ္ဖိယ | ။ | ။ | ပဒုမ | ။ |
| ၆ | ကဒမ္ဗပုပ္ဖိယ | ။ | ၉၁-ကမ္ဘာ | ဝိပဿီ | ။ |
| ၇ | ဥဒ္ဒါလကပုပ္ဖိယ | ။ | ၃၁-ကမ္ဘာ | အနောမပစ္စေကဗုဒ္ဓါ | ။ |
| ၈ | ဧကစမ္ပကပုပ္ဖိယ | ။ | ။ | ပစ္စေကဗုဒ္ဓါ | ။ |
| ၉ | တိမိရပုပ္ဖိယ | ။ | ။ | ပစ္စေကဗုဒ္ဓါ | ။ |
| ၁၀ | သဠလပုပ္ဖိယ | ။ | ။ | ဝိပဿီ | ။ |

http://www.dhammadownload.com



| ဦးရေ | ဘွဲ့တော် | သာဝက ၃-မျိုး | ပါရမီဖြည့်ရကာလ | စ၍ဆုတောင်းရာဘုရား | ထေအက် |
|---|---|---|---|---|---|
| ၁ | ဗောဓိဝန္ဒက | ပကတိ | ၉၁-ကမ္ဘာ | ဝိပဿီ | မပါ |
| ၂ | ပါဋလိပုပ္ဖိယ | ။ | ။ | ဝိပဿီ | ။ |
| ၃ | တိဏုပ္ပလမာလိယ | | ၉၂-ကမ္ဘာ | ဖုဿ | ။ |
| ၄ | ပန္နိပုပ္ဖိယ | ။ | ကမ္ဘာ၁ ၁သိန်း | ပဒုမုတ္တရ | ။ |
| ၅ | သတ္တပဏ္ဏိယ | ။ | | သုမန | ။ |
| ၆ | ဂန္ဓမုဋ္ဌိယ | ။ | ကမ္ဘာတသိန်း | ပဒုမုတ္တရ | ။ |
| ၇ | စိတကပူဇက | ။ | ။ | ။ | ။ |
| ၈ | သုမနတာလဝဏ္ဋိယ | ။ | ၉၄-ကမ္ဘာ | သိဒ္ဓတ္ထ | ။ |
| ၉ | သုမနဒါမိယ | ။ | ။ | ။ | ။ |
| ၁၀ | ကာသုမာရိဖလဒါယက | ။ | ၃၁-ကမ္ဘာ | သိခီ | ။ |

| | | | | | |
|---|---|---|---|---|---|
| ၁ | အဝဋ္ဋဖလဒါယက | ပကတိ | ၉၄-ကမ္ဘာ | သတရံသိပစ္စေကဗုဒ္ဓါ | မပါ |
| ၂ | လဗုဇဒါယက | ။ | ၉၁-ကမ္ဘာ | ဝိပဿီ | ။ |
| ၃ | ဥဒုမ္ဗရဖလဒါယက | ။ | ။ | ။ | ။ |
| ၄ | ပိလက္ခဖလဒါယက | ။ | ၁၈၀၀-ကမ္ဘာ | အတ္ထဒဿီ | ။ |
| ၅ | ဖာရုသဖလဒါယက | ။ | ၉၁-ကမ္ဘာ | ဝိပဿီ | ။ |
| ၆ | ဝလ္လိဖလဒါယက | ။ | ၃၁-ကမ္ဘာ | သိခီ | ။ |
| ၇ | ကဒလိဖလဒါယက | ။ | ။ | ။ | ။ |
| ၈ | ပနသဖလဒါယက | ။ | ၉၁-ကမ္ဘာ | အဇ္ဇုနပစ္စေကဗုဒ္ဓါ | ။ |
| ၉ | သောဏကောဠိဝီသ | မဟာသာဝက | ၉၁-ကမ္ဘာ | ဝိပဿီ | လုံ့လအကြီး |
| ၁၀ | ပုဗ္ဗကမ္မပိလောတိက ဗုဒ္ဓအပဒါန် | | | (ဝဋ်တော် ၁၂-ပါး) | ။ |

| | | | | | |
|---|---|---|---|---|---|
| ၁ | ပိလိန္ဒဝစ္ဆ | မဟာသာဝက | ကမ္ဘာတသိန်း | ပဒုမုတ္တရ | နတ်တို့ချစ်မြတ်နိုးခြင်း |
| ၂ | သေလ | ။ | ။ | ။ | ။ |
| ၃ | သဗ္ဗကိတ္တိက | ပကတိ | ကမ္ဘာတသိန်း | ပဒုမုတ္တရ | ။ |
| ၄ | မဓုဒါယက | ။ | ကမ္ဘာသုံးသောင်း | သုမေဓာ | ။ |
| ၅ | ပဒုမကူဋာဂါရိယ | ။ | ၁၈၀၀-ကမ္ဘာ | ပိယဒဿီ | ။ |
| ၆ | ဗာကုလ | မဟာသာဝက | တသင်္ချေနှင့် ကမ္ဘာတသိန်း | အနောမဒဿီ | ကျန်းမာရေး အကောင်းဆုံး |
| ၇ | ဂိရိမာနန္ဒ | ပကတိသာဝက | ကမ္ဘာသုံးသောင်း | သုမေဓာ | ။ |
| ၈ | သဠလမဏ္ဍပိယ | ။ | ဘဒ္ဒကမ္ဘာအတွင်း | ကကုသန် | ။ |
| ၉ | သဗ္ဗဒါယက | ။ | ကမ္ဘာသုံးသောင်း | သုမေဓာ | ။ |
| ၁၀ | အဇိတ | မဟာသာဝက | ကမ္ဘာတသိန်း | ပဒုမုတ္တရ | ။ |

http://www.dhammadownload.com



| ဦးရေ ဘွဲ့တော် | သာဝက ၃-မျိုး | ပါရမီဖြည့်ရာကာလ | စ၍ဆုတောင်းရာဘုရား | တေဇဂ် |
|---|---|---|---|---|
| ၁ တိဿမေတ္တေယျ | မဟာသာဝက | ကမ္ဘာတသိန်း | ပဒုမုတ္တရ | မပါ |
| ၂ ပုဏ္ဏက | ။ | ၉၁-ကမ္ဘာ | ပစ္စေကဗုဒ္ဓါ | ။ |
| ၃ မေတ္တဂူ | ။ | ကမ္ဘာသုံးသောင်း | သုမေဓာ | ။ |
| ၄ ဓောတက | ။ | ကမ္ဘာတသိန်း | ပဒုမုတ္တရ | ။ |
| ၅ ဥပသီဝ | ။ | ။ | ပဒုမုတ္တရ | ။ |
| ၆ နန္ဒက | ။ | ဓ | အနုရုဒ္ဓပစ္စေကဗုဒ္ဓါ | ။ |
| ၇ ဟေမက | ။ | ၁၈၀၀-ကမ္ဘာ | ပိယဒဿီ | ။ |
| ၈ တောဒေယျ | ။ | ဓ | သုမေဓာ | ။ |
| ၉ ဇတုကဏ္ဏိ | ။ | ကမ္ဘာတသိန်း | ပဒုမုတ္တရ | ။ |
| ၁၀ ဥဒေန | ပကတိ | ။ | ။ | ။ |

---

| | | | | |
|---|---|---|---|---|
| ၁ ဘဒ္ဒါလိ | ပကတိ | ကမ္ဘာသုံးသောင်း | သုမေဓာ | ။ |
| ၂ ကေဆတ္တိယ | ။ | ၁၈၀၀-ကမ္ဘာ | အတ္ထဒဿီ | ။ |
| ၃ တိဏသူလကဆာဒနိယ | ။ | ၉၂-ကမ္ဘာ | တိဿ | ။ |
| ၄ မဓုမံသဒါယက | ၊ | ၉၁-ကမ္ဘာ | ဝိပဿီ | ။ |
| ၅ နာဂပလ္လဝ | ။ | ။ | ။ | ။ |
| ၆ ဧကဒီပိယ | ။ | ၉၄-ကမ္ဘာ | သိဒ္ဓတ္ထ | ။ |
| ၇ ဥစ္ဆင်္ဂပုပ္ဖိယ | ။ | ၉၁-ကမ္ဘာ | ဝိပဿီ | ။ |
| ၈ ယာဂုဒါယက | ။ | ကမ္ဘာသုံးသောင်း | ဓ | ။ |
| ၉ ပတ္ထောဒနဒါယက | ။ | ၉၄-ကမ္ဘာ | ပစ္စေကဗုဒ္ဓါ | ။ |
| ၁၀ မဉ္စဒါယက | ။ | ။ | သိဒ္ဓတ္ထ | ။ |

မှတ်ချက်။ သောဏကောဠိဝိသထေရ်မှာ အသီတိမဟာသာဝကတွင် အကျုံးဝင်သဖြင့် ကမ္ဘာတသိန်း ပါရမီဖြည့်ရသည်ဟုနံသော်လည်း ၉၁-ကမ္ဘာထက်၌ ပွင့်တော်မူခဲ့သော ဝိပဿီဘုရားလက်ထက်တော်က ဖြည့်ဆည်းပူးသည့် အပိုင်းကို ထေရာပဒါန်ပြထားသည့်အတိုင်း (၉၁-ကမ္ဘာ ဝိပဿီဘုရား) ဟု ဤဇယားတွင် ဖော်ပြရခြင်း ဖြစ်ပါသည်။

အချို့မထေရ်များပြသောနေရာ၌ ပါရမီဖြည့်ရာကာလကို အဆိုမလာချေ၊ သို့သော် ပဒုမုတ္တရဘုရားရှင် လက်ထက်၌ ဆုတောင်းသမျှ ပုဂ္ဂိုလ်များသည် အများအားဖြင့် ကမ္ဘာတသိန်း ပါရမီဖြည့်ရသည်ချည်းများရကား ကမ္ဘာတသိန်းဟုပင် ဤ၌ မှတ်သင့်ပါသည်။ အပဒါန်ပါဠိတော်လာအတိုင်း ဖော်ပြခြင်းဖြစ်ပါသည်။

http://www.dhammadownload.com

http://www.dhammadownload.com

## ထေရာပဒါန်ပါဠိတော် မြန်မာပြန်

# မှတ်သားဖွယ် အက္ခရာစဉ်


| အက္ခရာစဉ် | စာမျက်နှာ |
| --- | --- |
| **[ အ ]** | |
| အက္ကန္တသညကမထေရ် | ၂၄၁ |
| အကော်ာလကမထေရ် | ၂၂၆ |
| အကော်ာလပုပ္ဖိယမထေရ် | ၂၄၆-၃၃၈ |
| အပ်ကျည်လှူဒါန်းခြင်း၏အကျိုး | ၃၇၀ |
| အပ်လှူဒါန်းရခြင်း၏အကျိုး | ၁၅၂ |
| အကျော်နှံ့သာကိုလည်း လိမ်းကျံ လှူဒါန်းပုံ | ၄၂၀ |
| အကျည်(ပန်းတင်ခုံ)မြှင့်ခြင်းကို ပြုလုပ်ရသောအကျိုး | ၂၅၂ |
| အင်ကြင်းပန်းဖြင့် ပူဇော်ရခြင်း၏အကျိုး | ၃၄၅ |
| အင်ကြင်းပန်းကို ပေးလှူရကျိုး | ၂၅၀ |
| အင်ကြင်းပန်းတို့ဖြင့် ဖြန့်ကြဲပူဇော်ရသောအကျိုး | ၄၂၀ |
| အင်ကြင်းပန်းကို ချီ၍ တင်လှူပူဇော်ရကျိုး | ၁၂၈ |
| အကြောင်း ရှစ်ပါးတို့ကို ရရှိခြင်း | ၃၈၆ |
| အကြိမ်တထောင် သိကြားမင်း ဖြစ်ရပုံ | ၄၄ |
| အခိုးတံ လှူဒါန်းရသော အကျိုး | ၃၇၄ |
| အဂ္ဂပုပ္ဖိယမထေရ် | ၂၆၃ |
| အဂ္ဂဇမည်သော ပန်းကို တင်လှူပူဇော် ရကျိုး | ၂၆၃ |
| အင်္ဂတေစိုင် လှူဒါန်းရခြင်း၏ အကျိုး | ၁၅၀-၁၉၅-၂၂၅-၂၉၂ |
| အင်္ဂါတရာရှိသော တူရိယာဖြင့် ပူဇော်ခဲ့ပုံ | ၄၃၃ |
| အင်္ဂါငါးပါးရှိသော တူရိယာဖြင့် ပူဇော်ခဲ့ပုံ | ၁၆၅ |
| အစောင့်အရှောက်ကို ပေးလှူရသော အကျိုး | ၂၄၅-၂၉၄ |
| အခိုးအထုံ လှူခြင်း၏အကျိုး | ၈၉ |

| အက္ခရာစဉ် | စာမျက်နှာ |
| --- | --- |
| **[ အ ]** | |
| အခိုးတံလှူဒါန်းခြင်း၏အကျိုး | ၃၇၄ |
| အဆိပ်ကိုစားသောယောကျ်ား | ၄၅ |
| အဇိတမထေရ် | ၄၀၇ |
| အဇိတဉ္စယမည်သောမင်း | ၄၂၆ |
| အဇိနဒါယကမထေရ် | ၂၄၄ |
| အညာသိကောဏ္ဍညမထေရ် | ၅၆ |
| အံသကိုဋ္ဌိလှူဒါန်းခြင်း၏အကျိုး | ၃၇၀ |
| အဋ္ဌင်္ဂမည်သောသစ်ပင် | ၄၃၅ |
| အဓုစန္ဒိယမထေရ် | ၂၆၅ |
| အစုစေဠကမထေရ် | ၁၅၁ |
| အတိဆတ္တိယမထေရ် | ၁၉၂ |
| အတောင်တရာရှိသောစကြံ | ၁၁၃ |
| အတ္ထဒဿီမြတ်စွာဘုရား | ၉၈-၁၃၁ |
| အတ္တသန္ဒဿကမထေရ် | ၁၈၉ |
| အဓိမုတ္တမထေရ် | ၁၀၀ |
| အမြောပုပ္ဖိယမထေရ် | ၁၄၆ |
| အနိမိတ္တဝိဟာရ | ၄၉ |
| အနုရုဒ္ဓမည်သောပစ္စေကဗုဒ္ဓါ | ၄၂၁ |
| အနုလေပဒါယကမထေရ် | ၁၉၅-၂၉၂ |
| အနုသံသာဝကမထေရ် | ၂၈၇ |
| အနောမဒဿီ မြတ်စွာဘုရား | ၂၁-၁၃၂-၁၉၄-၃၉၆ |
| အနှစ်တသိန်းကာလပတ်လုံး (သရဏဂုံကို စောင့်ရှောက်သဖြင့် )ရသောကောင်းမှု | ၈၄ |
| အန္တသံသာဝကမထေရ် | ၈၈-၃၀၄ |
| အပဒါနိယမထေရ် | ၂၇၉ |
| အပ္ပဏိဟိတဝိဟာရ | ၄၉ |
| အပေါ်ရုံအဝတ်ကို ပေးလှူခြင်းအကျိုး | ၃၁၉ |
| အင်းပျဉ်ကို ပေးလှူခြင်းအကျိုး | ၁၅၀ |

http://www.dhammadownload.com




| အက္ခရာစဉ် | စာမျက်နှာ |
|---|---|
| **[ အ ]** | |
| အင်းပျဉ်လှူဒါန်းခြင်း၏အကျိုး | ၃၇၆ |
| အပ်ကျည်လှူဒါန်းရခြင်း၏အကျိုး | ၃၇၀ |
| အဖျဉ်းအဆုပ် အသားကိုချက်၍ လှူဒါန်းရခြင်း၏အကျိုး | ၄၄၈ |
| အမ္ဗယာဂဒါယကမထေရ် | ၂၅၂ |
| အမ္ဗယာဂုဒါယကမထေရ် | ၃၃၄ |
| အမ္ဗဒါယကမထေရ် | ၁၃၃ |
| အမ္ဗပိဏ္ဍိယမထေရ် | ၂၀၆ |
| အဗျာဓိကမထေရ် | ၂၄၆ |
| အဗ္ဘဉ္ဇနဒါယကမထေရ် | ၂၇၂ |
| အဘိဘူမည်သောရဟန်း | ၁၄၅ |
| အဘိသမ္မတမည်သောနတ်စစ်သူကြီး | ၈၂ |
| အဘိသမ္မတမည်သော နန်းတွင်းစောင့် | ၂၀၄ |
| အမှုကြီးငယ်ကို ဆောင်ရွက်ရခြင်း၏အကျိုး | ၁၅၅ |
| အမွေးတိုင်လှူဒါန်းရခြင်း၏အကျိုး | ၃၇၉ |
| အောက်မဲ့ညို(နှမ်းကြပ်)ပန်းကို တင်လှူပူဇော်ရခြင်း၏အကျိုး | ၁၉၄-၃၀၁ |
| အမျိုးမျိုးသော ပန်းတို့ကို ကြဲဖြန့်ပူဇော်ရခြင်း၏အကျိုး | ၁၂၇ |
| အရံလှူရခြင်း၏အကျိုး | ၂၉၂ |
| အရသာလှူဒါန်းရခြင်း၏အကျိုး | ၃၇၉ |
| အရပ်ကို ချီးကျူးခြင်း၏အကျိုး | ၂၈၅ |
| အရပ်ကို ပူဇော်ရခြင်း၏အကျိုး | ၂၀၆ |
| အရိန္ဒမမည်သော စကြဝတေးမင်း | ၁၁၀ |
| အလှူအားလုံးနှင့် ဆက်ဆံသောအကျိုး | ၃၇၉ |
| အပ်လှူဒါန်းရခြင်း၏အကျိုး | ၃၆၈ |
| အလုပ်အကျွေးကို ပေးလှူရခြင်း၏အကျိုး | ၂၇၉ |
| အလုံးစုံသောအလှူ၏အကျိုး | ၄၀၄ |
| အလောင်းတော်အား ပူဇော်ရခြင်း၏အကျိုး | ၂၆၀-၂၈၂-၃၄၃ |
| အိမ်နှင့်တကွ တောထွက်ခဲ့သောရဟန်း | ၃၉၅ |
| စရည်းခန့်ရှိသော ဇမ္ဗူသပြေသီးကို အိုးလှူဒါန်းခဲ့ပုံ | ၄၂၄ |
| **[ အ ]** | |
| အိုးလှူဒါန်းခြင်း၏အကျိုး | ၃၇၁ |
| အဝဋ္ဋ(ထန်းသီး)အသီးကို ပေးလှူခြင်း၏အကျိုး | ၃၄၈ |
| အဝဋ္ဋဖလဒါယမထေရ် | ၃၄၈ |
| အဝေါပုပ္ဖိယမထေရ် | ၁၂၈ |
| အဝတ်အလှူ၏အကျိုး | ၁၃၂ |
| အဝတ်ပုဆိုးလှူဒါန်းရခြင်း၏အကျိုး | ၃၆၇ |
| အသံတော်၌ စိတ်ကို ကြည်လင်ခဲ့ရခြင်း၏အကျိုး | ၁၄၇ |
| အသနဗောဓိယမထေရ် | ၁၂၆ |
| အသားတို့ကိုပေးလှူရခြင်း၏အကျိုး | ၁၃၁-၄၄၉ |
| အသားတစ်ကို ပေးလှူရသောအကျိုး | ၂၄၄ |
| အသီးအလုံးသုံးကို ပေးလှူခဲ့ရခြင်း | ၂၇၆ |
| အသောကပူဇကမထေရ် | ၂၂၆ |
| အသင်းဖွဲ့ကာ ကုသိုလ်ကောင်းမှုကို ပြုလုပ်ခဲ့ခြင်း | ၃၈၀ |
| အသုံးအဆောင်ကို လှူဒါန်းခဲ့ရသောအကျိုး | ၃၈၇ |
| အဿဇိမထေရ်နှင့် တွေ့ဆုံခြင်း | ၂၇ |
| အဿဇိနေရာအရပ်ကို ဦးခေါင်းရင်းပြု၍ အိပ်ပုံ | ၃၅ |
| **[ အာ ]** | |
| အာကာသုက္ခိပိယမထေရ် | ၂၆၄ |
| အာဇာနည်မြင်းကို ပေးလှူခြင်း၏အကျိုး | ၁၂၁ |
| အာဓာရဒါယကမထေရ် | ၂၃၅ |
| အာနန္ဒာ | ၁ |
| အာယာဂဒါယကမထေရ် | ၁၀၂ |
| အာယောဂပတ် လှူဒါန်းခြင်း၏အကျိုး | ၃၇၄ |
| အာရက္ခဒါယက မထေရ် | ၂၄၅-၂၉၄ |
| အာရာမဒါယကမထေရ် | ၂၉၂ |
| အာလမ္ဗဏဒါယက မထေရ် | ၂၄၃ |
| အာလုဝဒါယကမထေရ် | ၂၇၄ |
| အာသနသန္ထဝိကမထေရ် | ၂၉၇ |

http://www.dhammadownload.com



| အက္ခရာစဉ် | စာမျက်နှာ |
| --- | --- |
| **[ အာ ]** | |
| အာသနုပဋ္ဌာဟကမထေရ် | ၁၆၂ |
| အာသာဝတီမည်သောနွယ် | ၄၆ |
| အာသာဝတီ နွယ်နီသီး | ၄၇ |
| **[အိ-ဣ]** | |
| အိပ်မက်ထဲ၌ဘုရားဖူးမြင်ရသောအကျိုး | ၂၈၃ |
| အိပ်ရာနေရာကို လှူဒါန်းခြင်း၏အကျိုး | ၁၁၂ |
| ဣန္ဒမည်သောစကြာမင်း | ၆၁ |
| ဣသိမုဂ္ဂဒါယကမထေရ် | ၂၂၀ |
| **[ ဥ ]** | |
| ဥက္ခိတ္တပဒုမိယမထေရ် | ၃၂၃ |
| ဥစ္ဆင်္ဂပုပ္ဖိယမထေရ် | ၄၅၁ |
| ဥတ္တရေယျဒါယကမထေရ် | ၃၂၀ |
| ဥတ္တိယမထေရ် | ၈၁ |
| ဥဒကဒါယကမထေရ် | ၂၃၄ |
| ဥဒကပူဇကမထေရ် | ၃၁၂ |
| ဥဒကာသနဒါယကမထေရ် | ၂၄၉ |
| ဥဒပါနဒါယကမထေရ် | ၂၁၃ |
| ဥဒါယီဟုထင်ရှားသောတပည့်သာဝက | ၈၇ |
| ဥဒ္ဒါလကပုပ္ဖိယမထေရ် | ၃၃၉ |
| ဥဒ္ဒါလဒါယကမထေရ် | ၂၅၇ |
| ဥဒုမ္ဗရပုပ္ဖိယမထေရ် | ၃၅၀ |
| ဥဒေနမထေရ် | ၄၃၉ |
| ဥဒေါင်းမြီးယပ် သားမြီးယပ် လှူဒါန်းခြင်း၏အကျိုး | ၃၆၉ |
| ဥပတိဿနှင့် တူသောပညာရှိ | ၃၃ |
| ဥပဋ္ဌာက ဒါယကမထေရ် | ၂၇၇ |
| ဥပ္ပလဟတ္ထိယမထေရ် | ၁၅၇ |
| ဥပဝါနမထေရ် | ၇၄ |
| ဥပသီဝမထေရ် | ၄၂၀ |
| ဥပသေနမထေရ် | ၇၀ |
| ဥပါဂတာသယမထေရ် | ၂၆၇ |
| ဥပါလိမထေရ် | ၁၀၆ |
| ဥပါလိဟူသော အမည် | ၄၅ |
| **[ ဥ ]** | |
| ဥပါဟနဒါယကမထေရ် | ၂၆၁ |
| ဥပ္ပါတကျမ်း နိမိတ်ကျမ်း | ၄၇ |
| ဥဗ္ဗိဒ္ဓမည်သော စကြာမင်း | ၃၉ |
| ဥမာပုပ္ဖိယမထေရ် | ၁၉၄-၃၀၁ |
| **[ ဦး ]** | |
| ဦးခေါင်းကွဲလျက် သေလွန်ရသောဘဝ | ၃၇ |
| ဦးခေါင်းတော်ထက်၌ ကြာနီပန်းများ ဆောင်းမိုးပုံ | ၁၄၁ |
| ဦးစွန်းတခုသာရှိသော တက္ကတွန်း | ၄၂ |
| ဦးဆောက်ပန်းကုံးကိုတင်လှူ ပူဇော်ရသောအကျိုး | ၁၉၆ |
| အိုးလှူဒါန်းခြင်း၏ အကျိုး | ၃၇၁ |
| **[ ဧ ]** | |
| ဧကစာရိယမထေရ် | ၂၂၂ |
| ဧကစိန္တိကမထေရ် | ၂၂၁ |
| ဧကဆတ္တိယမထေရ် | ၄၄၆ |
| ဧကဉ္ဇလိကမထေရ် | ၈၁-၂၇၂ |
| ဧကဉ္ဇလိယမထေရ် | ၃၃၀ |
| ဧကတ္ထမ္ဘိကမထေရ် | ၆၃ |
| ဧကဒီပိယမထေရ် | ၄၅၁ |
| ဧကဒုဿဒါယကမထေရ် | ၃၁၄ |
| ဧကပုဏ္ဍရိကမထေရ် | ၂၇၄ |
| ဧကပုပ္ဖိယမထေရ် | ၂၇၇ |
| ဧကပဒုမိယ မထေရ် | ၃၂၄ |
| ဧကပသာဒနိယမထေရ် | ၁၈၀ |
| ဧကဝန္ဒနိယမထေရ် | ၂၄၇ |
| ဧကသညကမထေရ် | ၁၃၇-၂၃၉ |
| ဧကာသနဒါယကမထေရ် | ၂၅၉ |
| ဧကာသနိယမထေရ် | ၁၆၇ |
| **[ ဩ ]** | |
| ဩပဝယှမထေရ် | ၁၂၂ |
| ဩဋ္ဌကလူမျိုး ဒမိဠလူမျိုး | ၄၃၂ |

http://www.dhammadownload.com



| အက္ခရာစဉ် | စာမျက်နှာ |
|---|---|


[ က ]

ကက္ကာရုနတ်ပန်းကို တင်လှူပူဇော်ခဲ့ရသောအကျိုး ၂၀၀-၃၃၆
ကက္ကာရုပုပ္ဖပူဇကမထေရ် ၂၀၀
ကက္ကာရုပုပ္ဖိယမထေရ် ၃၃၆
ကကုဓ မည်သော ပစ္စေကဗုဒ္ဓါ ၂၅၈
ကကုသန် မြတ်စွာဘုရား ၄၀၁
ကစ္စာနဟူသောအမည် ၉၆
ကဏာဝေရပုပ္ဖိယမထေရ် ၂၀၅
ကဏိကာရဆတ္တိယမထေရ် ၂၀၆
ကတုံးကနက်စေ့ကို လှော်ပြီးလျှင် သံဃာအား ပေးလှူခဲ့ရသောအကျိုး ၂၅၄
ကထာဝတ္ထုကျမ်း၌ လိမ္မာခြင်း ၄၁
ကဒမ္ဗပုပ္ဖိယမထေရ် ၂၀၁-၃၃၈
ကန္ဒလိပန်း (သစ်စပန်း)ခုနစ်ပွင့်တို့ကို တင်လှူပူဇော်ခဲ့ရသောအကျိုး ၂၉၉
ကန္ဒလိပုပ္ဖိယမထေရ် ၂၉၉
ကဒလိဖလဒါယကမထေရ် ၃၅၂
ကပ္ပရုက္ခိယမထေရ် ၁၀၃
ကမ္ဘာလောကနှင့် ပတ်သက်သော အတတ်ပညာ ၁၈
ကမ္ပိလောတိကမည်သော (ကံဟောင်း) ၃၅၈
ကရဝိက်ငှက်၏ အသံနှင့်တူသော တရားစကား ၃၃၁
ကာသုမာရိဖလဒါယကမထေရ် ၃၄၇
ကိံသုကပူဇကမထေရ် ၃၃၂
ကိံကဏိကပုပ္ဖိယမထေရ် ၂၂၉
ကိင်္ကဏိပုပ္ဖိယမထေရ် ၂၃၂
ကိန္နရာအဖြစ်ဖြင့် ဆုပန်ပုံ ၁၈၅
ကိလဉ္ဇဒါယကမထေရ် ၂၅၀
ကိသလယပူဇကမထေရ် ၂၂၇
ကုကုတ္ထကအမည်ရှိသောငှက် ၂၀၃
ကုက္ကုရမည်သော တောင် ၁၇၄
ကုဋိဒါယကမထေရ် ၂၆၃

| အက္ခရာစဉ် | စာမျက်နှာ |
|---|---|

[ က ]

ကုဋိဒူပကမထေရ် ၂၅၆
ကုဏ္ဍဓာနဟူသော အမည် ၉၃
ကုမုဒဒါယကမထေရ် ၂၀၃
ကုမုဒမာလိယမထေရ် ၂၁၁-၃၀၀
ကုမုဒြာကြာကို တင်လှူပူဇော်ရသောအကျိုး ၂၀၃
ကုလလေးတာ နှစ်ရာ့ငါးဆယ် တကောသဝက် ၁၂၄
ကုလားဇလပ်ပန်းကို ပူဇော်ရသောအကျိုး ၂၀၄
ကုသုမာသနိယမထေရ် ၁၈၀
ကုသိုလ်ကံကြောင့် ဖြစ်သောသူ ၁၀၆
ကူးတို့ပို့ရခြင်း၏အကျိုး ၂၃၃
ကူးတို့သူကြီးဖြစ်၍ ကူးတို့ပို့ခဲ့သူ ၅၇
ကောဏ္ဍယရသေ့ ၃၈၅
ကောသရပုပ္ဖိယမထေရ် ၃၃၇
ကောဋုမ္ဗိသ အမျိုး၌ ဖြစ်သော သောဏထေရ် ၃၅၄
ကောဠုမ္ဗရပန်းဖြင့် ရောပြွမ်းသော ပန်းခုနစ်ပွင့် ၂၁၈
ကောဠုမ္ဗရိယမထေရ် ၂၁၈
ကောဏ္ဍညဟူသော အမည် ၅၅
ကောရဏ္ဍ ပုပ္ဖိယမထေရ် ၃၂၅
ကောလိတ ၂၈
ကောသိယရသေ့ ၇၅
ကံ့ကော်ညွန့်ကို တင်လှူပူဇော်ရခြင်း၏အကျိုး ၄၄၉
ကံ့ကော်ပန်းကို ကြဲဖြန့် ပူဇော်ရသောအကျိုး ၂၀၂
ကံ့ကော်ဝတ်ဆံကို တင်လှူပူဇော်ခဲ့ရခြင်း၏အကျိုး ၂၅၄
ကံ့ကော်ဝတ်မှုံကို ပူဇော်ရခြင်း၏အကျိုး ၁၆၃
ကောင်းကင်၌ သွားနိုင်သောဆင်ယာဉ် ၄၁၅
ကောင်းမှုကံနှင့်ယှဉ်သောပန်း ၄၄၇

http://www.dhammadownload.com




| အက္ခရာစဉ် | စာမျက်နှာ |
|---|---|
| **[ က ]** | |
| ကျည်းပန်းကို ယူ၍ ဖြန့်ကြဲ လှူဒါန်းရခြင်း၏အကျိုး | ၁၄၃ |
| ကျည်းပန်းကို ပူဇော်ခဲ့ရခြင်း၏အကျိုး | ၃၄၀ |
| ကျူထရံသည် ဘဝဖြင့် ဆုပန်ပုံ | ၂၅၀ |
| ကျူဖြင့် ပြီးသောကျောင်းကို လှူဒါန်းရသောအကျိုး | ၃၂၇ |
| ကျူပန်းကို ယပ်ဝန်းဖွဲ့ပြီးလျှင် လှူဒါန်းရသောအကျိုး | ၁၆၀ |
| ကြာငါးလက်တို့ကို လှူဒါန်းရခြင်း၏အကျိုး | ၂၁၉ |
| ကြာစွယ်ကြာရင်းကို လှူဒါန်းရခြင်း၏အကျိုး | ၁၃၀-၃၃၇ |
| ကြာစွယ်ပိန်းဥနှင့် လက်ဆေးရေကို ပေးလှူရခြင်း၏အကျိုး | ၁၃၆ |
| ကြာနီပန်းတို့ကို ပစ်မြှောက်ပူဇော်ရသောအကျိုး | ၁၄၁ |
| ကြာပန်းစည်းတို့ကို ပေးလှူရခြင်း၏အကျိုး | ၁၅၁ |
| ကြာပန်းပူဇော်ရခြင်း၏အကျိုး | ၃၂၄ |
| ကြာပန်းသုံးပွင့်ကို တင်လှူပူဇော်ရသောအကျိုး | ၃၂၅ |
| ကြီးမားသောငါးကိုပေးလှူရသောအကျိုး | ၂၆၆ |
| ကြေးမုံကို ခင်းလှူပူဇော်ရခြင်း၏အကျိုး | ၆၇ |
| ကြံစည်စဉ်းစားပုံ | ၃၅၉ |
| ကြက်ရှီးပန်းကို ပူဇော်ရခြင်း၏အကျိုး | ၄၄၇ |
| ကြက်သွန်ဖြူကိုပေးလှူရခြင်း၏အကျိုး | ၁၀၁ |
| ကြောင်ပန်းပွင့်ကိုပူဇော်ခဲ့ရခြင်း၏အကျိုး | ၃၀၆ |
| **[ ခ ]** | |
| ခဏ္ဍဖုလ္လိယမထေရ် | ၂၂၅ |
| ခရီးဦးကြိုဆိုရခြင်း၏အကျိုး | ၂၇၇ |
| ခရီးညွှန်ကြားခဲ့ရခြင်း၏အကျိုး | ၁၇၀ |
| ခဇ္ဇကဒါယကမထေရ် | ၂၀၅ |
| ခရသင်းမှုတ်သူ ဘဝဖြင့် ဆုပန်ခြင်း | ၁၅၆ |
| ခုနစ်နှစ်အရွယ်၌ ရဟန္တာဖြစ်ခြင်း | ၇၂-၈၅-၁၂၅ |
| ခုနစ်ရက်မျှ ရဟန်းခံခဲ့ရသော အကျိုးကျေးဇူး | ၂၀၀ |
| ခေါမတိုင်းဖြစ် အဝတ်အထည်ကို လှူဒါန်းခဲ့ရသောအကျိုး | ၆၁ |
| ခေါမတိုင်းဖြစ် အဝတ်အထည် | ၉၂ |
| ခေါမဒါယကမထေရ် | ၉၂ |
| ခါးပန်းကြိုး လှူဒါန်းခြင်း၏အကျိုး | ၃၇၀ |
| ခါးပိုက်မှ ပန်းကို ပူဇော်ခဲ့ရခြင်း | ၄၅၁ |
| ခေါင်ရမ်းပန်းတို့ကို တင်လှူပူဇော်ရခြင်း၏အကျိုး | ၁၉၈ |
| ခေါင်းအုံးကို ပေးလှူရခြင်း၏ အကျိုး | ၂၇၀-၃၇၇ |
| ချီးကျူးရခြင်း၏အကျိုး | ၂၅၉-၂၉၇ |
| ခြသေ့ ခံသောနေရာပလ္လင် | ၆၁ |
| ခြသေ့သည် အသံတို့ကြောင့် မထိတ်လန့်ပုံ | ၁၄ |
| ခြသေ့ ရုပ် တပ်ဆင်သော တရားစကြာ | ၁၀၂ |
| ခြေဆေးအင်းပျဉ် လှူဒါန်းခြင်း၏အကျိုး | ၃၇၇ |
| ခြေ တော်ရာ၌ စိတ်ကို ကြည်လင်ရခြင်း၏အကျိုး | ၁၃၅ |
| ခြေတော်ပူဇော်ရခြင်း၏အကျိုး | ၂၈၅ |
| ခြေတော်ရာကို ပူဇော်ရခြင်း၏အကျိုး | ၃၃၂ |
| ခြေနင်း လှူဒါန်းခြင်း၏အကျိုး | ၃၇၂ |
| ခြေနယ်ဆီကို ပေးလှူရခြင်း၏အကျိုး | ၂၇၁ |
| ခြေနယ်ဆီ လှူဒါန်းခြင်း၏ အကျိုး | ၃၇၀ |
| ခွက်လှူဒါန်းခြင်း၏အကျိုး | ၃၇၁ |
| **[ ဂ ]** | |
| ဂဏ္ဌိပုပ္ဖိယမထေရ် | ၁၀၂ |
| ဂတသညကမထေရ် | ၁၄၄-၂၉၅ |
| ဂန္ဓကုဋိတိုက်စောင့်ဖြစ်ခဲ့ရသူ | ၂၅၆ |

http://www.dhammadownload.com




အက္ခရာစဉ် စာမျက်နှာ

[ ဂ ]

ဂန္ဓဓူပိယမထေရ် ၃၁၁
ဂန္ဓမာလိယမထေရ် ၁၅၃
ဂန္ဓမုဋ္ဌိယမထေရ် ၃၄၄
ဂန္ဓောဒကိယမထေရ် ၁၂၁-၁၇၇
ဂဠုန်မင်းဖြစ်ခဲ့သူ ၁၃၁
ဂါထာတပုဒ်ကို ကြားရုံမျှနှင့်
ရဟန္တာ ဖြစ်ခြင်း ၃၂၁
ဂိရိနေလ မည်သော ပန်းဆုပ်ကို
တင်လှူပူဇော်ရခြင်း၏အကျိုး ၂၂၀
ဂိရိမာနန္ဒမထေရ် ၄၀၁
ဂေါတမမည်သောတောင် ၁၈၃
ဂေါသီသနိက္ခေပကမထေရ် ၂၀၄

[ င ]

ငှက်ပျောပန်းကို ပေးလှူရသောအကျိုး ၂၅၈-၃၃၉
ငါးချောင်းသောအပ်တို့ကို
ပေးလှူရခြင်း၏အကျိုး ၁၃၈
ငါးနှစ်မျှသာရှိသေးလျက်
အရဟတ္တဖိုလ်သို့ရောက်ရသောသူ ၁၂၅
ငါးပါးသီလ ၆၇-၈၇
ငါးပါးသောသိက္ခာပုဒ်ကိုခံယူ
ဆောက်တည်ရခြင်း၏အကျိုး ၈၆
ငါးသောင်းလေးထောင်ကုန်သော
ပြာသာဒ် ၇၀
ငှက်ပျောသီးကို လှူဒါန်းခဲ့ရသော
အကျိုး ၃၅၂

[ စ ]

စကားဝါပန်းသုံးပွင့်ကို ကြဲမြှောက်
ပူဇော်ရခြင်း၏ အကျိုး ၂၆၀
စကားပန်းခုနစ်ပွင့်တို့ကို တင်လှူ
ပူဇော်ခဲ့ရသော အကျိုး ၃၂၇
စိတကပူဇကမထေရ် ၂၈၂-၃၄၅
စီးတော်ဆင်မြတ်ကို ပေးလှူခဲ့ရခြင်း ၂၃၇
စေတီကိုသုတ်သင်ရခြင်း၏အကျိုး ၃၁၆
စေတီတည်၍ ပူဇော်ခြင်း ၁၇၁

[ စ ]

စေတီတော်ကို ငါးနှစ်ပတ်လုံး
လုပ်ကျွေး ပူဇော်ရသော
အကျိုး ၁၇၁-၁၉၃-၂၉၇
စက္ကဝါက်ငှက် ဖြစ်ခဲ့ရသောဘဝ ၁၂၈
စက်ကတိုးပန်းဖြင့် ပူဇော်ခဲ့ရခြင်း
အကျိုး ၂၄၆
စင်္ကမနဒါယကမထေရ် ၁၁၃
စင်္ကောဋ္ဌကိယမထေရ် ၂၇၁
စင်္ကြံတော်ကို သုတ်သင်ရှင်းလင်းရခြင်း၏
အကျိုး ၂၄၂
စင်္ကြံကို ဖြန့်ခင်းလှူဒါန်းခဲ့ခြင်း၏
အကျိုး ၁၀၆
စင်္ကြံလှူရခြင်း၏ အကျိုး ၁၁၃
စကြဝဠာကုဋေတသိန်းဟူသော
ဗုဒ္ဓခေတ် ၂၉
စကြဝဠာတထောင်တိုင်အောင်
ကြားသွားဆုံးမတော်မူခြင်း ၄၂၃
စင်ကြယ်သော သဲသစ်ကို ဖြန့်ခင်း
ရခြင်း၏အကျိုး ၈၉
စည်တူရိယာတသိန်း ၄၃၄
စန္ဒကူးဇလပ် ကြက်ရုံးပန်းတို့ဖြင့် လှူဒါန်းရ
ခြင်း၏အကျိုး ၁၁၄
စန္ဒကူးပျဉ်ချပ်၏အကျိုး ၁၉၆
စန္ဒကူးပွတ်တိုင်ကို ပြုလုပ်လှူဒါန်းခဲ့ပုံ ၁၉၃
စန္ဒကူးဖြင့် ပူဇော်ခြင်း ၁၈၆
စန္ဒနပူဇနကမထေရ် ၁၈၆
စန္ဒဝတီမည်သောမြို့ ၈၄
စန္ဒဘာဂါမြစ်ကမ်း၌ မိကျောင်းဖြစ်ခဲ့သူ ၉၀
စန္ဒနမည်သောမင်း ၅၀
စမ္ပကပုပ္ဖိယမထေရ် ၁၈၈-၃၂၈
စုန္ဒမထေရ် ၁၁၇
စုပေါင်းသီကုံးအပ်သော မန္ဒာရဝပန်းဖြင့်
ပူဇော်ရခြင်း၏အကျိုး ၂၂၂

http://www.dhammadownload.com



အက္ခရာစဉ် — စာမျက်နှာ


[ စ ]

စူဠစုန္ဒ ၁၁၆
စူဠပန်မထေရ် ၆၆

[ ဆ ]

ဆတ္တဒါယကမထေရ် ၂၀၃
ဆိမ်းအလှူကို ပေးလှူခဲ့ရခြင်း၏အကျိုး ၁၂၃
ဆိမ်းတထောင်ကို လှူဒါန်းရခြင်း၏
  အကျိုး ၄၀
ဆိမ်းငါးတိုင်ကို ပေးလှူရခြင်း၏ အကျိုး ၂၆၅
ဆိမ်းတိုင် လှူဒါန်းရခြင်း၏
  အကျိုး ၃၇၄
ဆိမ်းကို ပေးလှူခဲ့ခြင်း၏ အကျိုး ၄၀၅
ဆိမ်းတတိုင် လှူရသောအကျိုး ၄၅၁
ဆိမ်းတောက်ပန်းကို လှူဒါန်းရသော
  အကျိုး ၁၄၄
ဆီကျည် လှူဒါန်းရခြင်း၏အကျိုး ၃၇၀
ဆီလိမ်းကျံပေးရခြင်း၏အကျိုး ၂၆၄
သေတ္တာသည် ဖြစ်ခဲ့ဘူးသူ ၅၀
ဆေးလှူဒါန်းရခြင်း၏
  အကျိုး ၂၁၅-၃၇၂-၃၉၆
ဆေးရောင်ကို လှူရခြင်း၏ အကျိုး ၂၅၁
ဆားထုပ်လှူရခြင်း၏ အကျိုး ၃၃၄
ဆင်လှူရခြင်း၏ အကျိုး ၂၃၇
ဆည်းလည်းပန်းဖြင့် ပူဇော်ခဲ့ခြင်း ၂၂၁-၂၂၉
ဆပ်သွားပန်းဖြင့် ပူဇော်ခဲ့ခြင်း ၁၀၅-၃၃၇
ဆယ်ခုသော လောကဓာတ် ၂၄
ဆွမ်းဦးကို ကပ်လှူရခြင်း၏ အကျိုး ၅၅
ဆွမ်းစားကျောင်း လှူရခြင်း၏အကျိုး ၁၀၁
ဆွမ်းဘောဇဉ်ကိုလည်း လှူဒါန်းရသော
  အကျိုး ၆၆-၁၇၀-၃၀၄-၃၃၅
ဆံချပြီးသည်နှင့် တပြိုင်နက်
  ရဟန္တာဖြစ်ခြင်း ၄၅၂

[ ဇ ]

ဇဂတိဒါယကမထေရ် ၂၅၃
ဇဂဟံသကမထေရ် ၂၆၇

[ ဇ ]

ဇတုကဏ္ဏိကမထေရ် ၄၃၅
ဇာတိပုဇကမထေရ် ၁၇၃
ဇွန်ပန်းဖြင့်ပူဇော်ခြင်း ၂၀၇-၂၂၉

[ ည ]

ဉာဏသညိကမထေရ် ၁၅၈-၁၈၂
ဉာဏ်တော်ကို ချီးမွမ်းရခြင်း၏အကျိုး ၃၄-၁၈၄
ဉာဏ်တော်၌ ရည်မှန်းပူဇော်ရခြင်း ၁၈၈
ဉာဏ်တော်နှင့် တူသောတရားမရှိပုံ ၁၈၁
ဉာဏ်တော်၌အမှတ်သညာရခြင်း၏အကျိုး ၁၈၂
ဉာဏ်လေးသောသူကို ပြောင်လှောင်
  နှုတ်ချခဲ့ဘူးသော မကောင်းမှု ၆၅
ညက်ညောသော စန္ဒကူးကို ယူ၍
  ပူဇော်ခြင်း ၁၈၆
ညောင်ကြွတ်သီးကို
  ပေးလှူရခြင်း၏အကျိုး ၃၅၀
ညောင်စောင်းကို
  ပေးလှူရခြင်း၏အကျိုး ၁၁၉-၃၃၄-၄၅၅
ညောင်ဗုဒ္ဓဟေမဗောဓိ၌ ထင်သောသတိ ၂၃၉
ညောင်ရေသွန်းရခြင်း၏အကျိုး ၁၄၈
ညဉ့်ခမွေးပန်းကို
  ကြဲဖြန့်ပူဇော်ရခြင်း၏အကျိုး ၁၈၂

[ ဌ-ထ ]

ဌိတဥ္စလိယမထေရ် ၁၄၀
တံခွန်တိုင် စိုက်ထူပူဇော်ရခြင်း၏
  အကျိုး ၁၂၃-၁၉၂-၁၉၉-၃၂၅
တံခွန်နှင့် တကွသော ပဒုမာကြာကို
  လှူဒါန်းရခြင်း၏အကျိုး ၁၂၄
တံတားကို ပြုလုပ်
  လှူဒါန်းရသောအကျိုး ၂၇၄
တံကဲပျဉ်ကို ပေးလှူခဲ့ရခြင်း၏အကျိုး ၂၄၃
တမ္ဗပုပ္ဖိယမထေရ် ၁၉၉
တကွမ်းစားချက်ထမင်းကို
  ပေးလှူရခြင်း၏အကျိုး ၄၅၄

http://www.dhammadownload.com




| အက္ခရာစဉ် | စာမျက်နှာ |
| --- | --- |
| [ တ ] | |
| တထပ်စာဆွမ်းကို လှူခဲ့ရခြင်း၏အကျိုး | ၁၃၇ |
| တထည်သော အဝတ်ကို လှူဒါန်းခဲ့ရခြင်း၏အကျိုး | ၁၃၂-၃၁၃ |
| တထောင့်ရှစ်ရာသော ဝရကပ် | ၇၄ |
| တမာလပုပ္ဖိယမထေရ် | ၂၂၄ |
| တယောက်မ (တဇွန်း)မျှသောဆွမ်းကို ပေးလှူခဲ့ရသောအကျိုး | ၁၅၇ |
| တရဏိယမထေရ် | ၂၃၃-၂၆၉-၂၇၅ |
| တရားနာရခြင်း၏အကျိုး | ၂၀၉ |
| တရားတည်းဟူသော အဆိပ်ဖျောက်ဆေး | ၄၅ |
| တရားစကြာ လှူရခြင်း၏ အကျိုး | ၁၀၂ |
| တသိန်းပေး၍ တံတားကိုဆောက်လုပ်စေခဲ့သူ | ၄၁၄ |
| တာရကမည်သောစကြဝတေးမင်း | ၅၈ |
| တာလဝဏ္ဍဒါယကမထေရ် | ၂၄၀ |
| တိကဏ္ဍိပုပ္ဖိယမထေရ် | ၂၂၂ |
| တိကိစ္ဆကမထေရ် | ၂၁၅ |
| တိကိင်္ကဏိပူဇကမထေရ် | ၃၂၆ |
| တိစမ္ပကပုပ္ဖိယမထေရ် | ၂၆၀ |
| တိဏသန္ထာရကမထေရ် | ၂၂၅ |
| တိဏသူလကဆာဒနိယမထေရ် | ၄၄၈ |
| တိဏသန္ထရဒါယကမထေရ် | ၁၃၈ |
| တိဏသူလကမထေရ် | ၂၀၂ |
| တိဏမုဋ္ဌိဒါယကမထေရ် | ၃၂၉ |
| တိဏကုဋိဒါယကမထေရ် | ၃၁၈ |
| တိဏုပ္ပလမာလိယမထေရ် | ၃၄၃ |
| တိန္ဒုကဒါယကမထေရ် | ၂၂၈ |
| တိန္ဒုကဖလဒါယကမထေရ် | ၃၃၀ |
| တိပဒုမိယ မထေရ် | ၁၄၂ |
| တိပုပ္ဖိယမထေရ် | ၁၅၃ |
| တိမိရပုပ္ဖိယမထေရ် | ၁၄၃-၃၄၀ |
| တိရံသိသညကမထေရ် | ၂၉၉ |
| တိလမုဋ္ဌိဒါယကမထေရ် | ၂၇၁ |
| တိဝဏ္ဋိပုပ္ဖိယမထေရ် | ၂၂၃ |
| [ တ ] | |
| တိဝရာပြည် | ၂၀၈ |
| တိသရဏဂမနိယမထေရ် | ၈၆ |
| တိဿမည်သော အဂ္ဂသာဝက | ၁၁၅ |
| တိဿမြတ်စွာဘုရား | ၁၃၅ |
| တိဿမေတ္တေယျမထေရ် | ၄၁၀ |
| တုဝရဒါယကမထေရ် | ၂၅၄ |
| တူရိယာခြောက်သောင်း | ၂၄ |
| တေလမက္ခိယမထေရ် | ၂၆၅ |
| တောကိုပေးလှူရခြင်း၏အကျိုး | ၂၉၁ |
| တောဒေယျမထေရ် | ၄၃၀ |
| တောနေရဟန်းတို့ထက်အမြတ်ဆုံးပုဂ္ဂိုလ် | ၅၈ |
| တိုးတိုးပြောသော အသံ စောင့်စည်းသော ဗုဒ္ဓ | ၂၁ |
| တိုင်တလုံးလှူခြင်း | ၆၂ |
| တိုင်ငါးလုံးတို့ကိုပေးလှူခြင်း | ၃၈၇ |
| တည်သီးကိုအလှူခံတော်မူပုံ | ၂၂၈ |
| တည်သီး လှူဒါန်းရခြင်း၏အကျိုး | ၇၃၀ |
| တန်ခိုးကြီးမားသော ရဟန္တာတသိန်း | ၁၈၉ |
| တန်ဆာဆင်အပ်သော ထီးကို မြှောက်တင် ပူဇော်ရခြင်း၏အကျိုး | ၃၀၉ |
| တန်ဆောင်းဝန်း လှူရခြင်း၏အကျိုး | ၂၀၉ |
| တောင်ပိန္နဲသီးကို လှူဒါန်းခဲ့ခြင်း၏အကျိုး | ၃၄၈ |
| တောင်ဝှေး လှူဒါန်းခြင်း၏ အကျိုး | ၃၃၃-၃၇၃ |
| တောင်သဇင်ပန်းဖြင့် ပူဇော်ရသောကောင်းမှု | ၃၉၉ |
| [ ထ ] | |
| ထမင်းအဖျော် လှူဒါန်းခြင်း၏အကျိုး | ၃၇၉ |
| ထမ္ဘာရောပကမထေရ် | ၁၉၂ |
| ထောပတ်ကိုပေးလှူခဲ့ရခြင်း၏အကျိုး | ၄၁၂ |
| ထောပတ်ဆီကို လှူဒါန်းခြင်း၏အကျိုး | ၂၀၇-၂၄၁-၃၇၈ |
| ထောမကမထေရ် | ၂၅၉ |

http://www.dhammadownload.com




| အကွဲရာစဉ် | စာမျက်နှာ |
|---|---|
| **[ ထ ]** | |
| ထိန်ပန်းတို့ကို ကြဲဖြန့် ပူဇော်ရသောကောင်းမှု | ၂၀၁ |
| ထီးကို (စေတီ၌)တင်လှူရကျိုး | ၁၉၂ |
| ထီးလှူဒါန်းရခြင်း၏အကျိုး | ၉၆-၂၃၆-၃၆၆ |
| ထီးဖြူကို ဘုရားမြတ်အား ဆောင်းလှူပူဇော်ရခြင်း၏အကျိုး | ၅၉ |
| ထီးဖြူဖြင့် ပူဇော်ခြင်း၏ အကျိုး | ၂၇၃-၄၄၅ |
| ထက်ဝက်သော သဲကို သွန်းလောင်းခဲ့ရကျိုး | ၃၀၁ |
| ထင်းရှူးပန်း လှူရသောအကျိုး | ၂၆၇-၃၄၀-၄၀၁ |
| ထင်းရှူးဗောဓိပင် | ၁၂၃ |
| ထင်းပုံ၌ တူရိယာ တီးမှုတ်ပူဇော်ရသော ကောင်းမှု | ၁၆၉ |
| ထင်းပုံတခုတည်း၌ မီးသင်္ဂြိုဟ်ခံကြရသူများ | ၃၉၇ |
| ထန်းရွက်ယပ်ဝန်းကို ပေးလှူခဲ့ရခြင်း၏ အကျိုး | ၂၄၀ |
| **[ ဒ ]** | |
| ဒဏ္ဍဒါယကမထေရ် | ၃၃၃ |
| ဒါန၏ အကျိုးဆက်ကိုဖော်ပြခြင်း | ၃၆၆ |
| ဒိဗ္ဗစက္ခုတော်ဒင်ရာထူး | ၄၀ |
| ဒီဃာယုမည်သော စကြဝတေးမင်း | ၁၃၁ |
| ဒုဿဒါယကမထေရ် | ၂၀၇ |
| ဒေဝလဟု ထင်ရှားသောအဂ္ဂသာဝက | ၁၂၁ |
| ဒေဝလအမည်ဖြင့် ထင်ရှားသော သာဝက | ၂၅၉ |
| ဒေဝလမည်သော ပစ္စေကဗုဒ္ဓါ | ၅၁ |
| ဒေသပူဇကမထေရ် | ၂၀၆ |
| ဒေသကိတ္တကမထေရ် | ၂၇၅ |
| ဒွေရတနိယမထေရ် | ၂၄၄ |
| ဒွန်းစဏ္ဍားမျိုးသို့ရောက်ခဲ့ရသူ | ၇၂ |
| **[ ဓ ]** | |
| ဓဇဒါယကမထေရ် | ၁၂၄-၃၂၆ |
| ဓမ္မစက္ကိကမထေရ် | ၁၀၃ |
| **[ ဓ ]** | |
| ဓမ္မဒဿီ မြတ်စွာဘုရား၏ သုနန္ဒမည်သောတပည့်သာဝက | ၂၂၃ |
| ဓမ္မသညကမထေရ် | ၂၉၀ |
| ဓမ္မသဝနိယမထေရ် | ၃၂၂ |
| ဓာတုပူဇကမထေရ် | ၂၅၇ |
| ဓူပဒါယကမထေရ် | ၇၉ |
| ဓောတကမထေရ် | ၄၁၆ |
| ဓားငယ် လှူဒါန်းရခြင်း၏အကျိုး | ၃၆၇ |
| ဓာတ်တော်ကို လူပ်ကျွေးပူဇော်ရခြင်း၏ အကျိုး | ၂၅၇ |
| **[ န ]** | |
| နန္ဒမထေရ် | ၆၄ |
| နန္ဒကမထေရ် | ၄၂၃ |
| နဠမာလိယမထေရ် | ၁၆၁ |
| နဠာဂါရိကမထေရ် | ၃၂၇ |
| နဠိနကေသရိယမထေရ် | ၂၅၅ |
| နာဂပုပ္ဖိယမထေရ် | ၂၀၂ |
| နာဂသမာလမထေရ် | ၁၃၅ |
| နာဂပလ္လဝမထေရ် | ၄၅၀ |
| နာဂကေသရိယမထေရ် | ၂၅၄ |
| နိဂ္ဂုဏ္ဍိပုပ္ဖိယမထေရ် | ၃၀၅ |
| နိပန္နဥ္စလိကမထေရ် | ၁၄၄ |
| နိမိတ္တသညကမထေရ် | ၃၀၄ |
| နိသဘမည်သောရဟန်း | ၇၄ |
| နိသေဏိဒါယကမထေရ် | ၂၁၂ |
| နီသောပန်းဖြင့် ပူဇော်ခြင်း၏အကျိုး | ၁၉၇ |
| နံ့သာအခိုးအထုံကို ပေးလှူခဲ့ရသောကောင်းမှု | ၃၁၁ |
| နံ့သာအခိုးလွှတ်၍ ပူဇော်ခဲ့ပုံ | ၂၅၆ |
| နံ့သာဆုပ်ကို ပူဇော်ခဲ့ရခြင်းအကျိုး | ၃၄၄ |
| နံ့သာပုထိုးတော်ကို ပြုလုပ်ခဲ့ပုံ | ၁၅၂ |
| နံ့သာထင်းပုံကို ပူဇော်ခဲ့ခြင်း၏အကျိုး | ၄၅၀ |
| နံ့သာရေပက်ဖျန်းပူဇော်ရခြင်း၏အကျိုး | ၁၇၇ |

http://www.dhammadownload.com




| အက္ခရာစဉ် | စာမျက်နှာ |
|---|---|
| **[ နှ ]** | |
| နံ့သာရေကို သွန်းလောင်းလှူဒါန်းခဲ့ပုံ | ၁၂၈ |
| နွားသွယ်ပန်းဖြင့် ပူဇော်ရခြင်း၏အကျိုး | ၂၄၈ |
| နို့ဃနာဆွမ်းကို လှူဒါန်းရခြင်း၏အကျိုး | ၁၇၆ |
| နို့ဓမ်းလှူဒါန်းရခြင်း၏အကျိုး | ၃၇၈ |
| နတ်မြင်းတထောင်ကသော ရထား | ၈၇ |
| နတ်တို့၏ သုံးမျိုးသော အသံ | ၂၂၀ |
| နှာနှပ်တံ လှူဒါန်းခြင်း၏အကျိုး | ၃၇၅ |
| နှစ်သောင်းလေးထောင်သောတဖည့် | ၁၈ |
| နှစ်ပါးသောလက္ခဏာတို့ကို ယုံမှားခြင်း | ၃၈၆ |
| နှမ်းဆုပ်ကို ပေးလှူခဲ့ရသောကောင်းမှု | ၂၇၀ |
| နှုတ်သီးဖြင့် ကြာပန်းပူဇော်ခဲ့ပုံ | ၂၅၅ |
| နွားဦးခေါင်းရိုး ခင်းရခြင်း၏အကျိုး | ၂၈၄ |
| နွယ်သီးကို ပေးလှူခဲ့ရသော ကောင်းမှုကံ | ၃၅၁ |
| **[ ပ ]** | |
| ပညာ၏အစွမ်း | ၁ |
| ပညာရှိပစ္စေကဗုဒ္ဓါအလောင်း | ၉ |
| ပစ္စုဂ္ဂမနီယမထေရ် | ၂၇၇ |
| ပစ္စုပဋ္ဌာနသညကမထေရ် | ၁၇၂ |
| ပစ္စေကဗုဒ္ဓါကို ဆင်ဖြင့် တိုက်ခွေခဲ့သူ | ၅၁ |
| ပစ္စေကဗုဒ္ဓါခုနစ်ပါး | ၂၀၁ |
| ပဉ္စသီလသမာဒါနိယမထေရ် | ၈၈ |
| ပဉ္စဒီပကမထေရ် | ၁၂၃ |
| ပဉ္စဟတ္ထိယမထေရ် | ၁၁၁-၂၁၉ |
| ပဉ္စင်္ဂုလိယမထေရ် | ၂၁၀ |
| ပဋ္ဌလူမျိုး လဋ္ဌကလူမျိုး | ၄၃၁ |
| ပဒပူဇကမထေရ် | ၁၅၉ |
| ပဒသညကမထေရ် | ၁၃၆ |
| ပဒီပဒါယကမထေရ် | ၂၆၆ |
| ပဒုမကေသရိယမထေရ် | ၂၈၈ |
| ပဒုမပူဇကမထေရ် | ၁၈၃-၃၂၈ |
| ပဒုမကူဋာဂါရိယမထေရ် | ၃၉၅ |
| ပဒုမမည်သော မြတ်စွာဘုရား | ၃၃၈ |
| ပဒုမစ္ဆဒနိယာမထေရ် | ၁၁၂ |
| **[ ပ ]** | |
| ပဒုမမည်သော ကျောင်းတော် | ၉၅ |
| ပဒုမပုပ္ဖိယမထေရ် | ၁၄၉ |
| ပဒုမာကြာဝတ်ဆံဖြင့် ပူဇော်ခဲ့ပုံ | ၂၈၈-၃၂၂ |
| ပဒုမာကြာဖြင့်ကျောင်းကိုမိုးခဲ့ပုံ | ၃၉၃ |
| ပဒုမာကြာဖြင့်လှူဒါန်းရခြင်း၏ အကျိုး | ၅၇-၁၁၁-၁၄၂-၁၄၈ |
| ပဒုမုတ္တရမြတ်စွာဘုရား | ၄၁ |
| ပဒုမုတ္တရမြတ်စွာဘုရားလက်ထက် | ၃၈ |
| ပရမန္နဒါယကမထေရ် | ၂၀၉ |
| ပဒေသာပင်၌ ပုဆိုးဆွဲချိပ်လှူဒါန်းပုံ | ၁၀၃ |
| ပနသဖလဒါယကမထေရ် | ၃၅၃ |
| ပဏ္ဏဒါယကမထေရ် | ၂၆၂-၂၇၆ |
| ပန္ထကအမည်ရှိသော ညီနောင်နှစ်ဦး | ၆၅ |
| ပတ္တဒါယကမထေရ် | ၂၅၆ |
| ပတ္တမြားတို့ဖြင့် မွမ်းမံလှူဒါန်းခဲ့သော ကောင်းမှု | ၁၉၃ |
| ပလ္လင်လှူဒါန်းရခြင်း၏ အကျိုး | ၁၉၇ |
| ပလ္လင်္ကဒါယကမထေရ် | ၁၉၇ |
| ပတ္တောဒနဒါယကမထေရ် | ၄၅၄ |
| ပဏ္ဏုကဏ္ဏ မည်သောသစ်ပင် | ၄၁၇ |
| ပဘင်္ကရမထေရ် | ၃၁၇ |
| ပဗ္ဘာရဒါယကမထေရ် | ၂၉၃ |
| ပါဋလိပုပ္ဖိယမထေရ် | ၁၃၉-၃၄၂ |
| ပါဒပူဇကမထေရ် | ၂၀၅ |
| ပါနဓိဒါယကမထေရ် | ၂၃၈ |
| ပါပနိဝါရိယ မထေရ် | ၂၃၆-၂၄၂ |
| ပါယာသဒါယကမထေရ် | ၁၇၇ |
| ပိဏ္ဍကကို ရှုတ်ဘတ်စွမ်းနိုင်သူ | ၅၉ |
| ပိဏ္ဍောလဘာရဒွါဇမထေရ် | ၅၇ |
| ပိဏ္ဍပါတိကမထေရ် | ၃၃၅ |
| ပိန္နသီးကို ပေးလှူခဲ့ရခြင်း၏ အကျိုး | ၃၅၃ |
| ပိလိန္ဒဝစ္ဆမထေရ် | ၆၇-၃၈၀ |
| ပိလက္ခဖလဒါယကမထေရ် | ၃၅၀ |
| ပိယဒဿီမြတ်စွာဘုရား | ၁၉၃ |

http://www.dhammadownload.com




| အက္ခရာစဉ် | စာမျက်နှာ |
|---|---|
| [ ပ ] | |
| ပိယာလပုပ္ဖိယမထေရ် | ၂၅၂ |
| ပိယာလဖလဒါယကမထေရ် | ၁၉၁ |
| ပိယဒဿီမြတ်စွာဘုရား | ၇၃ |
| ပိန်းဥလှူရခြင်း၏အကျိုး | ၂၆၆ |
| ပိန်းဥကို လှူဒါန်းခဲ့ရခြင်း၏အကျိုး | ၁၆၂ |
| ပိတောက် ဗောဓိပင်ကို စိုက်ပျိုးလှူဒါန်းခဲ့ရသောကောင်းမှု | ၁၂၅ |
| ပုဆိုးကို ပေးလှူခဲ့ရခြင်း၏ အကျိုး | ၂၀၀ |
| ပုဆိုးနွမ်း လှူဒါန်းရခြင်း၏ အကျိုး | ၂၄၁ |
| ပုဆိုးအစုံတို့ကို ပေးလှူရခြင်း၏အကျိုး | ၄၀၃ |
| ပုဏ္ဏကမထေရ် | ၄၁-၄၁၁ |
| ပုန္နာဂပုပ္ဖိယမထေရ် | ၂၀၃-၃၁၂ |
| ပုထိုးစေတီကို ရှိခိုးရသောကုသိုလ် | ၁၀၁-၂၁၃-၂၂၅ |
| ပုလိနပူဇကမထေရ် | ၉၀-၃၀၂ |
| ပုလဲသွယ်ကို ပြုလုပ်လှူဒါန်းခဲ့ပုံ | ၁၉၃ |
| ပုပ္ဖစင်္ကောဋ္ဌိယမထေရ် | ၁၃၄ |
| ပုပ္ဖဓာရကမထေရ် | ၂၀၃ |
| ပုပ္ဖထူပိယမထေရ် | ၁၇၆ |
| ပုပ္ဖစ္ဆတ္တိယမထေရ် | ၃၀၀ |
| ပုပ္ဖါသနဒါယကမထေရ် | ၂၉၆ |
| ပုပ္ဖစ္ဆဒနိယမထေရ် | ၁၀၇ |
| ပုဗ္ဗင်္ဂမိယမထေရ် | ၂၀၁ |
| ပုန်းညက်ပန်းဖြင့် ပူဇော်ရခြင်း၏အကျိုး | ၂၀၂-၃၁၂ |
| ပဲခွပ်လှူဒါန်းရခြင်း၏ အကျိုး | ၃၆၀ |
| ပံသုကူ သင်္ကန်းကို ရှိခိုးပူဇော်ခဲ့ရခြင်း၏အကျိုး | ၁၃၆-၂၃၀-၃၂၆ |
| ပေါတ္ထကဒါယကမထေရ် | ၂၇၃ |
| ပွင့်နေသော လက်ထုပ်ကြီးပန်းကိုတင်လှူခဲ့၏ | ၂၁၇ |
| ပွတ်တိုင်ကို လှူဒါန်းခြင်း၏ အကျိုး | ၂၅၁ |
| ပိုးချည်ကို ပေးလှူခဲ့ရခြင်း၏ အကျိုး | ၂၀၀ |
| ပန်းကလာပ်ကို ပေးလှူရခြင်း၏ အကျိုး | ၂၇၁ |
| ပန်းခိုင်ကို တင်လှူပူဇော်ခဲ့ရခြင်း၏အကျိုး | ၂၆၂ |
| ပန်းစေတီ ပြုလုပ်လှူဒါန်းခဲ့ပုံ | ၁၁၆ |
| ပန်းစည်းကို ပေးလှူရခြင်း၏ အကျိုး | ၁၀၀ |
| ပန်းညိုပန်းဖြင့် ပူဇော်ခဲ့ရသော အကျိုး | ၂၂၄ |
| ပန်းနေရာခင်း၍ လှူဒါန်းခြင်း | ၇၇ |
| ပန်းတပွင့်ကို ပေးလှူရခြင်း၏ အကျိုး | ၂၇၇ |
| ပန်းတို့ဖြင့် ပုထိုးစေတီပြုလုပ်လှူဒါန်းခဲ့ပုံ | ၁၇၅ |
| ပန်းတို့ကို လခြမ်းသဏ္ဌာန် ပြုလုပ်ပေးလှူရသော ကောင်းမှု | ၂၆၅ |
| ပန်းထီးကို ပေးလှူရခြင်း အကျိုး | ၆၄ |
| ပန်းနံ့သာရေသွန်းဖျန်းပူဇော်ပုံ | ၃၁၅ |
| ပန်းမဏ္ဍပ် လှူဒါန်းရသော ကောင်းမှု | ၄၁ |
| ပန်းဖြင့် ထီးပြု၍ တင်လှူပူဇော်ခဲ့ပုံ | ၂၀၂-၃၀၀ |
| ပန်းမွှေးရာ လှူဒါန်းခြင်း၏ အကျိုး | ၂၉၆ |
| ပန်းလှူဒါန်းရခြင်း၏ အကျိုး | ၁၅၃-၁၅၀ |
| ပေါက်ပန်းဖြင့် ပူဇော်ခဲ့ရသော အကျိုး | ၃၃၂ |
| ပျားရည် လှူဒါန်းရခြင်း၏အကျိုး | ၁၅၄-၃၇၉-၃၉၂ |
| ပျားငယ်ရည် ထည့်၍ လှူဒါန်းပုံ | ၂၁၉ |
| ပျားငယ်ရည်ကို မြတ်စွာဘုရားအားကပ်လှူ ပူဇော်ခြင်း | ၉၉ |
| ပျဉ်ချပ်ကိုခင်း၍သောက်ရေတည်ထားရခြင်း၏အကျိုး | ၂၄၉ |
| ပျဉ်ချပ်လှူဒါန်းခြင်း၏ အကျိုး | ၃၇၇ |
| [ ဖ ] | |
| ဖလဒါယကမထေရ် | ၁၀၁ |
| ဖာရုသဖလဒါယကမထေရ် | ၃၅၁ |
| ဖုဿမြတ်စွာဘုရား | ၁၄၇-၂၁၇ |
| ဖုသိတကမ္မိယမထေရ် | ၃၁၅ |
| ဖွားမြင်စဘုရားအလောင်းအားပူဇော်ခြင်း | ၁၇၂ |

| အကြောင်းအရာ | စာမျက်နှာ |
|---|---|
| **[ ဖ ]** | |
| ဖက်ထုပ်ပန်း(မဃာဝပန်း)ဖြင့်ပူဇော်ခဲ့ရခြင်း၏အကျိုး | ၇၂၈ |
| ဖက်သက်သီးကို ပေးလှူခဲ့ပုံ | ၃၅၀ |
| ဖျာကို လှူဒါန်းရခြင်း၏ အကျိုး | ၂၅၀ |
| **[ ဗ ]** | |
| ဗန္ဓုဇီဝကမထေရ် | ၁၉၈-၂၁၀ |
| ဗန္ဓုမာမည်သောပြည် | ၁၅၂ |
| ဗာကုလမထေရ် | ၃၉၈ |
| ဗာဝရီရသေ့ | ၄၀၆ |
| ဗိဠာလိဒါယကမထေရ် | ၁၆၃-၂၆၆ |
| ဗိမ္ဗောဟနိယမထေရ် | ၂၇၀ |
| ဗီဇမာနအမည်သောစကြာဝတေးမင်း | ၁၁၈ |
| ဗုဒ္ဓအပဒါန် မည်သောတရား | ၉ |
| ဗုဒ္ဓခေတ် | ၇ |
| ဗုဒ္ဓသညကမထေရ် | ၁၃၆-၁၇၀-၂၉၃ |
| ဗုဒ္ဓုပဋ္ဌာယိကမထေရ် | ၂၈၁ |
| ဗုဒ္ဓါနုဿတိဘာဝနာ | ၇၇ |
| ဗုဒ္ဓုပဋ္ဌာကမထေရ် | ၁၅၆ |
| ဗူးနှင့်ကြုတ် လှူဒါန်းခြင်း၏အကျိုး | ၃၇၅ |
| ဗျိုင်းအောက်မျိုး၌ အဖိုမရှိ | ၄၇ |
| **[ ဘ ]** | |
| ဘဒ္ဒါလိမထေရ် | ၄၄၂ |
| ဘဒ္ဒိယမထေရ် | ၁၁၀ |
| ဘာဂီရထီ မည်သောမြစ် | ၂၅ |
| ဘာဇနဒါယကမထေရ် | ၂၄၉ |
| ဘိနပ်လှူဒါန်းခြင်း၏အကျိုး | ၂၃၇-၂၆၁-၃၇၂ |
| ဘိသဒါယကမထေရ် | ၁၃၀ |
| ဘိသမုဠာလဒါယကမထေရ် | ၃၃၇ |
| ဘိသာလုဝဒါယကမထေရ် | ၁၃၇ |
| ဘုရားဖြစ်ရန်အကြောင်းအရာ | ၂ |
| ဘုရားရှင်ကို ချီးမွမ်းခဲ့ပုံ | ၁၁၈ |
| ဘုရားကို ရှိခိုးရခြင်း၏အကျိုး | ၁၄၅-၂၄၀ |
| **[ ဘ ]** | |
| ဘုရားကို ပန်းပူဇော်ရခြင်း၏အကျိုး | ၁၈၃ |
| ဘုရားအလောင်းအား ပူဇော်ခြင်း | ၁၇၂ |
| ဘုရားဟု မှတ်သားရခြင်း၏အကျိုး | ၁၇၀ |
| ဘုရားဟူသောသညာကိုရခဲ့သူ | ၂၄၀ |
| ဘုရားဟူသောအသံကို ကြားရပုံ | ၂၈၄ |
| ဘုရားအား ပူဇော်ရခြင်း၏အကျိုး | ၄၂၂ |
| ဘုတ်ဘီလူး ဖမ်းစားသောသူ | ၄၆ |
| ဘုံဆင့်တရာရှိသောဗိမာန် | ၁၂၀ |
| ဘုံလျှိုလှူဒါန်းခြင်း၏အကျိုး | ၃၆၇ |
| ဘောဇဉ်ကို ပေးလှူခဲ့၏ | ၂၉၄ |
| ဘောဇနဒါယကမထေရ် | ၂၉၅ |
| **[ မ ]** | |
| မင်္ဂလမည်သောလုလင် | ၃၃၆ |
| မကောင်းမှုကံကြောင့် ယုတ်ညံ့သော ဆေတ္တာသည်မျိုးသို့ရောက်ရပုံ | ၅၂ |
| မဂ္ဂသညကမထေရ် | ၁၇၀ |
| မဂ္ဂဒါယကမထေရ် | ၁၉၅ |
| မဃာဝပုပ္ဖိယမထေရ် | ၂၇၈ |
| မစ္ဆဒါယကမထေရ် | ၂၆၇ |
| မညှဉ်းဆဲတတ်သော ခိုင့်ကြက်ဖြစ်ခဲ့သူ | ၁၉၀ |
| မဉ္စဒါယကမထေရ် | ၃၃၅-၄၅၆ |
| မဉ္စရိယပူဇကမထေရ် | ၂၆၂ |
| မဏ္ဍပ်ကိုဆောက်လုပ်ခဲ့ရသောကောင်းမှု | ၄၄၀ |
| မန္ဒာရဝနတ်ပန်း(ထင်ရှားပန်း) | ၃၃၆ |
| မန္ဒာရဝပုပ္ဖိယမထေရ် | ၃၃၆ |
| မန္ဒာရဝနတ်ပန်းဖြင့် တင်လှူပူဇော်ခဲ့ပုံ | ၂၀၀ |
| မန္ဒာရဝပုပ္ဖပူဇကမထေရ် | ၂၀၁ |
| မဓုဒါယကမထေရ် | ၃၉၃ |
| မဓုမံသဒါယကမထေရ် | ၄၄၉ |
| မဓုပိဏ္ဍိကမထေရ် | ၁၅၄ |
| မဟာကဿပမထေရ် | ၄၉ |
| မဟာလေ့ကာပန်းဖြင့် ပူဇော်ခဲ့ရသောကောင်းမှု | ၃၁၂ |
| မဟာဗောဓိပင်အား ပူဇော်ခြင်း | ၂၄၇ |

http://www.dhammadownload.com




အက္ခရာစဉ် — စာမျက်နှာ

[ မ ]

မဟာလှေကားပန်းကို
ထီးပြုလုပ်ပူဇော်ခဲ့ပုံ ၂၀၆
မဟာဝိတ္ထာရိကမည်သောဗိမာန် ၁၄၁
မဟာပရိဝါရကမထေရ် ၁၆၄
မဟာကစ္စာနမထေရ် ၉၇
မဟာလှေကားပန်းကို
လှူဒါန်းခဲ့ရသောအကျိုး ၆၉
မာတင်္ဂါရသစ်ပင် ၄၁၆
မာယာအာရိမည်သော သစ်ပင် ၄၃၅
မာလောပန်း ခုနစ်ပွင့်တို့ကို
တင်လှူပူဇော်ရကျိုး ၂၇၃
မိဥ္စဝဋ္ဋိံသကိယမထေရ် ၂၄၇
မိနေလပန်းကို
တင်လှူပူဇော်ခဲ့ရခြင်း၏ အကျိုး ၂၁၁
မိနေလပုပ္ဖိယမထေရ် ၂၃၂
မီးတင်းကုတ်ကို
ပေးလှူရခြင်း၏အကျိုး ၂၄၅
မီးသဂြိုဟ်ရာ ထင်းပုံကို
ပြုလုပ်ပူဇော်ရကျိုး ၄၁၀
မုဋ္ဌိပုပ္ဖိယမထေရ် ၁၆၀
မုဋ္ဌိပူဇကမထေရ် ၂၂၈
မုလေးပန်းကို
လှူဒါန်းရခြင်း၏အကျိုး ၁၃၃
မုလေးပန်းဆိုင်းကို
ဆောင်းမိုးရသော ကောင်းမှုအကျိုး ၃၄၆
မုယောစည်းကို
ခင်းထားလှူဒါန်းရကျိုး ၃၃၁
မေတ္တဂူမထေရ် ၄၁၃
မောဃရာဇမထေရ် ၁၀၀
မှန်ကူပန်းဖြင့်
ကြဲဖြန့်ပူဇော်ခဲ့ပုံ ၂၂၆
မွေးညှပ်လှူဒါန်းခြင်း၏အကျိုး ၃၇၅
မှန်မြတ်သောဆွမ်းကို
ပေးလှူခဲ့ပုံ ၉၇-၁၀၉-၂၀၉

[ မ ]

မျက်စဉ်းဆေးလှူဒါန်းရခြင်း၏အကျိုး ၃၇၃
မျောက်ဥ(ပိန်းဥ)ကို
ပေးလှူရခြင်း၏အကျိုး ၂၇၃
မြဲမြံခိုင်ခံ့သောတံတိုင်း ၄၃
မြက်အခင်းကိုဖြန့်ခင်း၍ ပေးလှူခဲ့ပုံ ၁၁၀-၁၃၈
မြက်ကို လှူရခြင်း၏အကျိုး ၂၂၄
မြက်ခင်းပေါ် ၌ အခိုးပြုလျက် ပေးလှူခဲ့ပုံ ၂၂၄
မြက်ဆုပ်ကို ပေးလှူ၍ ဆုတောင်းခဲ့ပုံ ၃၂၉
မြက်မိုးကျောင်းကို
ဆောက်လုပ်ရခြင်း၏အကျိုး ၃၁၈
မြင့်မြတ်သော ဆုံးမခြင်း ၃၈၈
မြတ်စွာဘုရားအား
ဆည်းကပ်ခြင်းအကျိုး ၂၀၄
မြတ်စွာဘုရား၏ ဂုဏ်တော်ကို
ချီးမွမ်းရခြင်း၏အကျိုး ၁၂၉-၁၇၈-၁၉၄
မြတ်စွာဘုရားကို ဆွမ်းလှူခဲ့ခြင်း ၈၈
မြတ်သောနေရာကို ပေးလှူရသော
အကျိုး ၁၆၂
မြတ်သောပန်းကို ပေးလှူရကျိုး ၁၉၀
မြတ်သောနေရာလှူဒါန်းရခြင်းအကျိုး ၁၆၂
မြတ်သောရမ္မဏာမြို့တော် ၃၉
မြတ်လေးပန်းဖြင့် ဦးဆောက်ပန်းပြုပြီးလျှင်
ပူဇော်ခဲ့ရသောအကျိုး ၃၀၇
မြတ်လေးပန်းကို ပေးလှူရသောအကျိုး ၁၅၉

[ ယ ]

ယညသာမိကမထေရ် ၃၀၃
ယဝကလာပိယမထေရ် ၃၃၂
ယသောရေစကြာမင်း ၆၃
ယာဂုအလှူကို လှူဒါန်းရခြင်း၏
အကျိုး ၄၅၂
ယာဂုဒါယကမထေရ် ၄၅၃
ယူထိကပုပ္ဖိယမထေရ် ၂၀၈-၂၁၀
ယဇ်စာဘောဇဉ် ၇၂
ယပ်လှူဒါန်းရခြင်း၏အကျိုး ၃၆၉

http://www.dhammadownload.com



အက္ခရာစဉ် စာမျက်နှာ

[ ရ ]


ရဋ္ဌပါလမထေရ် ၇၁
ရတနာဖြင့် ပြီးသော ယပ်ကို လှူဒါန်းရကျိုး ၁၁၈
ရတနာခုနစ်ပါးဖြင့် ပြီးသောထီး ၅
ရတနာစေတီအိမ်ကို ပြုလုပ်၍ စေတီကို ပူဇော်ခဲ့ရသောအကျိုး ၃၈
ရတနာအလုံးစုံဖြင့် ပြီးသောအင်းပျဉ် ၄၂၄
ရသေ့စားပဲနောက် ၂၁၉
ရသေ့ရှစ်သောင်းလေးထောင် ၄၃၇
ရဟောသညကမထေရ် ၁၈၈
ရဟန်းသံဃာ၏ သပိတ်ကို စောင့်ရှောက်ခဲ့ရသောကုသိုလ်ကောင်းမှု ၂၄၉
ရဟန်းပြုခဲ့ရခြင်း၏အကျိုး ၂၀၀
ရတ္တိပုပ္ဖိယမထေရ် ၂၁၂
ရာမမည်သောစကြဝတေးမင်း ၁၁၉
ရာဟုလာမထေရ် ၆၉
ရေအိုးကိုလည်း တည်ထားခဲ့ရကျိုး ၂၉၃
ရေကို ယူပြီးလျှင် ပူဇော်ခဲ့ခြင်း ၃၁၁
ရေကို အိုးဖြင့် ယူပြီးလျှင် ပေးလှူခဲ့ပုံ ၂၃၃
ရေစောင့်ဘီလူးဖြစ်ခဲ့ရသောဘဝ ၂၁၁
ရေစစ်ဓမကရိုဏ် လှူဒါန်းခြင်း၏ အကျိုး ၃၆၉
ရေဏုပူဇကမထေရ် ၁၆၃
ရေဏုဝတီပြည်ကြီး ၆၈
ရေတွင်းတူးဖော် ပြုလုပ်ခဲ့ရခြင်း၏ အကျိုး ၂၁၂
ရေသဖန်းသီးကို လှူဒါန်းခဲ့ရခြင်း၏ အကျိုး ၃၄၉
ရေသုတ်ပုဆိုး လှူဒါန်းခြင်း၏ အကျိုး ၃၇၃
ရောမသပစ္စေကဗုဒ္ဓါ ၂၇၄
ရုံသိသညကမထေရ် ၁၄၆-၂၁၉
ရောင်ခြည်တော်၌ စိတ်ကိုကြည်ညိုခဲ့ခြင်း ၂၁၉
ရောင်ခြည်တော်ဟု အမှတ်သညာဖြစ်ရခြင်း အကျိုး ၁၄၆


အက္ခရာစဉ် စာမျက်နှာ

[ ရ ]


ရွှားတောနေ အသျှင်ရေဝတ မထေရ် ၅၈
ရွှေပန်းလေးပွင့်တို့ကို တင်လှူပူဇော်ရသော အကျိုး ၁၆၈
ရွှေဖြင့်ပြီးသော ပုထိုးတော် ၈၁
ရွှေဖြင့်ပြီးသော ဦးဆောက်ပန်းကို ပူဇော်ခဲ့ရခြင်း၏ အကျိုး ၂၄၆


[ လ ]


လဗုဇဒါယကမထေရ် ၃၄၉
လသုဏဒါယကမထေရ် ၁၀၁
လိပ်ဆူးရွှေပန်းကို လှူဒါန်း ပူဇော်ခဲ့ရခြင်း၏အကျိုး ၁၃၄-၁၇၄-၂၃၅
လေးယူဇနာ ရှည်လျားသော စေတီ ၈၁
လေ့ကားလှူဒါန်းခဲ့ရခြင်း၏အကျိုး ၂၁၁
လှူဒါန်းခြင်းနှင့် သက်ဆိုင်သော စကား ၃၆၄
လှူဖွယ်ဝတ္ထုစီရခြင်း ၃၆၃
လှူဒါန်းခွင့်တောင်းခြင်း ၃၆၁
လျှော်တေအဝတ်ကို ပေးလှူခဲ့ရခြင်း၏ အကျိုး ၂၇၂
လျှော်တေသင်္ကန်းကို ဖြန့်ခင်းခဲ့ရကျိုး ၃၈၉
လက်အုပ်တကြိမ်ချီခြင်း၏အကျိုး ၃၃၀
လက်အုပ်ချီမြှောက်၍ ပန်းအခင်းကို ခင်းလှူခဲ့ရ ခြင်း၏ အကျိုး ၂၇၂
လက်သုတ်ပုဝါကို လှူဒါန်းခြင်း၏အကျိုး ၃၇၅
လက်ငါးချောင်းဖြင့် နံ့သာလိမ်းကျံခြင်း အလှူ ၂၀၉
လက်ထုပ်ကြီးပန်းကို ဆက်ကပ်လှူဒါန်းခဲ့ခြင်း ၂၁၂
လက်အုပ်ချီခြင်း၏ အကျိုး ၁၄၀
လက်အုပ်ချီမိုး ရှိခိုးရခြင်း၏အကျိုး ၉၁
လက်ခုပ်ဖြင့် ရေကိုယူ၍ ပူဇော်ခဲ့ရသော အကျိုး ၁၆၀
လက်သည်းလှီးဓားလှူဒါန်းခြင်း၏ အကျိုး ၃၆၉
လိုဏ်ဂူကို သုတ်သင်ခဲ့ရသောကောင်းမှု ၂၉၃

http://www.dhammadownload.com




| အက္ခရာစဉ် | စာမျက်နှာ |
|---|---|
| **[ လ ]** | |
| လိုဏ်ဂူ၌ ပန်းကိုကြဲဖြန့်ပူဇော်ခဲ့ရသော အကျိုး | ၂၂၆ |
| လိုဏ်ဂူတခုကို ပြုလုပ်လှူဒါန်းရကျိုး | ၃၅၃ |
| လမ်းခရီးကို ပြုပြင်လှူဒါန်းရခြင်း၏ အကျိုး | ၁၉၅ |
| လယ်ခေါင်ရမ်းပန်း | ၂၁၇ |
| လွှန်ပင်ကိုမြင်၍ ဆွတ်ခူးပြီးလျှင် ပစ်ချ ပူဇော်ခဲ့ရသောအကျိုး | ၂၅၂ |
| လွှန်သီးကိုယူပြီးလျှင် မြတ်စွာဘုရားထံသို့ သွားရောက်လှူဒါန်းပုံ | ၁၉၁ |
| **[ ဝ ]** | |
| ဝရကစကြဝတေမင်း | ၁၁၂ |
| ဝသဘမည်သောတောင် | ၁၀၇ |
| ဝရုဏမည်သောရဟန်း | ၂၄ |
| ဝရုဏမည်သောနဂါးမင်း | ၃၆ |
| ဝဏ္ဏကာရကမထေရ် | ၂၅၁ |
| ဝလ္လိဖလဒါယကမထေရ် | ၃၅၂ |
| ဝသင်္ဂါးပါးကို လေ့လာပြီးသောရဟန္တာ | ၅၇ |
| ဝင်္ဂသကိယမထေရ် | ၁၉၇ |
| ဝတ္တဒါယကမထေရ် | ၁၃၂ |
| ဝါဇပေယျယဇ် | ၁၀၆ |
| ဝါသေဋ္ဌမည်သော ဗြာဟ္မဏမျိုး | ၃၀၂ |
| ဝါသိဒါယကမထေရ် | ၂၅၃ |
| ဝိဓူပနဒါယကမထေရ် | ၁၁၀ |
| ဝိနည်းအရာ၌ အမြတ်ဆုံးထားအပ်သူ | ၄၃ |
| ဝိပဿီမြတ်စွာဘုရား | ၁၃၆ |
| ဝိမလမည်သောစကြဝတေမင်း | ၆၀ |
| ဝိရဝပုပ္ဖိယမထေရ် | ၂၅၅ |
| ဝိရဝမည်သောပန်း | ၂၅၅ |
| ဝိဓိသမ္မဇ္ဇကမထေရ် | ၂၀၀ |
| ဝေဒိကာရကမထေရ် | ၁၉၃-၂၅၁ |
| ဝေယျာဝစ္စကမထေရ် | ၁၅၅ |
| ဝေဿဘူမြတ်စွာဘုရား | ၁၃၀-၂၀၆ |
| **[ သ ]** | |
| သကစိန္တနိယမထေရ် | ၁၂၇ |
| သကောသကကောရဏ္ဍဒါယကမထေရ် | ၃၃၃ |
| သခွတ်ပန်းဖြင့် တင်လှူပူဇော်ခဲ့ရကျိုး | ၁၃၅-၁၃၉-၂၆၁ |
| သခွတ်ဗောဓိပင် | ၇၉-၁၅၃-၁၉၈-၃၄၁ |
| သစ္စသညကမထေရ် | ၂၃၀ |
| သစ္စာဟူသောအမှတ်သညာကို မှတ်ရခြင်း၏အကျိုး | ၂၃၀ |
| သညာရှိသော သတ္တဝါ | ၆ |
| သတရံသိမထေရ် | ၁၁၉ |
| သတ္တပဏ္ဏိယမထေရ် | ၃၄၄ |
| သတ္တပဒုမိယမထေရ် | ၂၉၆ |
| သတ္တပါဋလိယမထေရ် | ၂၆၁ |
| သတ္တလိပုပ္ဖပူဇကမထေရ် | ၂၅၇ |
| သတ္တဝါတို့အား တူမျှသောစိတ်ထား ရှိတော်မူပုံ | ၅၃ |
| သတ္တာဟပဗ္ဗဇိတမထေရ် | ၂၈၀ |
| သဒ္ဒသညကမထေရ် | ၁၄၇-၂၈၄-၂၉၈-၃၃၁ |
| သန္တတမထေရ် | ၂၄၀ |
| သန္ဓိဋ္ဌာပကမထေရ် | ၁၁၁ |
| သပရိဝါရိယမထေရ် | ၁၉၄ |
| သပရိဝါရဆတ္တဒါယကမထေရ် | ၃၁၀ |
| သပရိဝါရာသနမထေရ် | ၁၂၂ |
| သမ္မုသာဒကမထေရ် | ၂၉၁ |
| သပ္ပိဒါယကမထေရ် | ၂၀၇-၂၄၂ |
| သပိတ်လှူခြင်း၏အကျိုး | ၂၃၅-၂၅၆-၃၆၇ |
| သဗ္ဗကိတ္တိကမထေရ် | ၃၉၁ |
| သဗ္ဗဂန္ဓိယမထေရ် | ၂၈၈ |
| သဗ္ဗဒါယကမထေရ် | ၄၀၄ |
| သဗ္ဗညုတဉာဏ်တော်ကို နှိုင်းယှဉ်ခြင်းငှါ မတတ်ကောင်းပုံ | ၂၃ |
| သဗ္ဗညုတဉာဏ်တော်၏ အရာဖြစ်သော ပုစ္ဆာပြဿနာ | ၄ |
| သမန္တစ္ဆန္ဒမည်ကုန်သော စကြာမင်း | ၁၅၁ |

http://www.dhammadownload.com




အက္ခရာစဉ် — စာမျက်နှာ

[ သ ]

သမာဒပကမထေရ် ၂၀၉
သမ္ဗုခါထဝိကမထေရ် ၁၇၉
သယနဒါယကမထေရ် ၁၁၂-၁၂၀
သရဏာဂမနီယမထေရ် ၁၆၇-၂၈၆-၃၃၅
သရဏဂုံ တည်ဆောက်ရခြင်း၏
　အကျိုး ၈၅-၂၈၆
သရဏဂုံ ကြားနာရုံမျှဖြင့် ရဟန္တာဖြစ်ခြင်း ၈၅
သရက်သီးယာဂုကို လှူဒါန်းခဲ့ရခြင်း၏
　အကျိုး ၃၃၃
သရက်ဖြူသီးကို
　လှူဒါန်းခဲ့ရခြင်း၏အကျိုး ၂၇၄-၃၄၆
သရက်သီးမှည့်ကို ပျားနှင့်တကွ
　ပေးလှူခဲ့ရခြင်းအကျိုး ၁၃၂
သရက်သီးအလှူကို
　လှူခဲ့ရသည့်အကျိုး ၂၅၂
သရက်သီးခိုင်တို့ကို ပေးလှူခဲ့ပုံ ၂၈၆
သလလမာလိယမထေရ် ၂၃၄
သလလပုပ္ဖိယမထေရ် ၂၆၈-၃၄၀
သလလမဏ္ဍပိယမထေရ် ၄၀၂
သာလပုပ္ဖိယမထေရ် ၂၅၀
သာလပုပ္ဖဒါယကမထေရ် ၁၉၀
သာဂတမထေရ် ၉၅
သာမညဖိုလ်ဟူသောအာနေဥ္စဝိဟာရ ၄၉
သာရိပုတြာဟူသောအမည် ၂၅
သိကြားမင်းကဲ့သို့ နေနှင့်ညဥ့်ကိုမသိ ၄၃၁
သိခီမြတ်စွာဘုရား ၁၀၁-၁၃၃
သိဥ္စည်းမည်သော ပုဏ္ဏားပရိဗိုဇ် ၂၆
သိန္ဓဝသန္ဓနမည်သောစကြာမင်း ၉၂
သိဒ္ဓတ္ထမြတ်စွာဘုရား ၆၁-၇၁-၁၅၀-၁၅၈-၂၅၇
သိဒ္ဓတ္ထမြတ်စွာဘုရား၏စေတီတော် ၁၅၀
သီဟာသနဒါယကမထေရ် ၂၀၃
သုကတာဝေဠိယမထေရ် ၂၄၈
သုစိန္တိကမထေရ် ၁၅၁
သုစိန္တိတမထေရ် ၁၃၁

အက္ခရာစဉ် — စာမျက်နှာ

[ သု ]

သုဇာတမည်သောပုဏ္ဏား ၄၁
သုညတဝိဟာရ ၄၉
သုဒဿနမထေရ် ၁၈၅
သုခာပိတ္ထိယမထေရ် ၁၅၀
သုနန္ဒာမည်သောရသေ့ ၄၂
သုနန္ဒာရသေ့ ၄၁
သုနန္ဒာဟုထင်ရှားသောပုဏ္ဏား ၁၈၆
သုပါရိစရိယမထေရ် ၂၀၄
သုပုဋကပူဇကမထေရ် ၃၃၄
သုဘဒ္ဒမထေရ် ၁၁၅
သုဘူတိမထေရ် ၇၉
သုမနာဝေဠိယမထေရ် ၃၀၇
သုမနမထေရ် ၃၃၄
သုမနဒါမိယမထေရ် ၃၄၆
သုမနတာလဝဏ္ဋိယမထေရ် ၃၄၆
သုမနမည်သောမြတ်စွာဘုရား ၃၄၃
သုမင်္ဂလမထေရ် ၇၄-၁၆၅
သုမေဓာမြတ်စွာဘုရား ၃၉-၆၆
သုရုစိရသေ့ဖြစ်စဉ်အခါ ၁၈
သုဝစ္ဆဟု ထင်ရှားသော ပုဏ္ဏား ၂၀၂
သုဝဏ္ဏပုပ္ဖိယမထေရ် ၁၆၈
သူစိဒါယကမထေရ် ၁၃၉-၁၅၂
သူတော်ကောင်းတရား၌
　အသက်ထက်ဆုံး မရွေ့ရှားနိုင် ၂၂၀
သေနာသနဒါယကမထေရ် ၁၅၅
သေရေယျကမထေရ် ၁၇၄
သေလမထေရ် ၃၈၈
သဲကိုမြင်၍ မြတ်စွာဘုရား၏ဂုဏ်တော်ကို
　အောက်မေ့ခြင်း ၁၈၁
သဲသစ်ကို ဖြန့်ခင်းရခြင်း၏အကျိုး ၈၉-၃၀၁
သဲပုံစေတီ ၁၂၇-၂၀၂-၂၇၃-၃၁၂
သောဏကောဠိဝိသမထေရ် ၁၀၈
သောပါကမထေရ် ၇၂
သောဘဏမည်သောအရံ ၄၃

http://www.dhammadownload.com




| အက္ခရာစဉ် | စာမျက်နှာ |
|---|---|
| [ သ ] | |
| သောဘိတအမည်ရှိသောပုဏ္ဏား | ၉၄ |
| သောဘိတမထေရ် | ၁၇၄ |
| သောဝဏ္ဏဝဋ္ဋံသကိယမထေရ် | ၂၄၇ |
| သော်ကပန်းပွင့်ကို တင်လှူပူဇော်ခဲ့ရခြင်း၏အကျိုး | ၂၂၆ |
| သော်ကညွန့်ကို တင်မြှောက်ပူဇော်ခဲ့ရသောကောင်းမှု | ၂၂၇ |
| သံကောက်လှူဒါန်းရခြင်း၏အကျိုး | ၃၇၃ |
| သံကောက်အိမ်လှူဒါန်းခြင်း၏အကျိုး | ၃၇၄ |
| သံဃာ၌ကြည်ညိုခြင်း၏အကျိုး | ၂၉၁ |
| သံဃာတော်မြဲကို ဆွမ်းကျွေးရခြင်း၏ အကျိုး | ၁၀၀ |
| သံဃာတော်ကို ဆည်းကပ်လုပ်ကျွေးခဲ့ပုံ | ၂၁၆ |
| သံဃုပဋ္ဌာကမထေရ် | ၂၁၆ |
| သားအပေါင်းကိုသတ်၍ အသက်မွေးခဲ့သူ | ၁၃၁ |
| သားရေပိုင်းကို ပေးလှူခဲ့ရသည့်အကျိုး | ၂၄၃ |
| သက်န်းကို ရှိခိုးခြင်းအကျိုး | ၃၀၂ |
| သစ်နက်ရေကို ပေးလှူရခြင်း၏အကျိုး | ၂၄၃ |
| သစ်သီးအားလုံးကို ပေးလှူရခြင်း၏အကျိုး | ၂၉၀ |
| သစ်သီးအလှူ၏အကျိုး | ၁၄၇-၂၀၅ |
| သစ်ရွက်အခင်းကို ပေးလှူခဲ့ရခြင်း၏ အကျိုး | ၁၅၄ |
| သစ်ရွက်စားဖွယ်ကို ပေးလှူရခြင်း၏အကျိုး | ၂၆၂ |
| သစ်ရွက်မိုးကျောင်းကို လှူဒါန်းရခြင်း၏အကျိုး | ၂၆၃ |
| သစ်ရွက်(ဟင်းရွက်ပြုတ်)ကို ပေးလှူရခြင်း၏အကျိုး | ၂၇၆ |
| သစ်ရွက်ဆုပ်ကို ပေးလှူရခြင်း၏အကျိုး | ၃၉၉ |
| သစ်သီးကို ပျားရည်နှင့် ရောစပ်၍ ပေးလှူခဲ့ပုံ | ၄၀၉ |
| သင်တိုင်းစွပ်စေတီ | ၈၀ |
| သင်ခုန်းလှူဒါန်းခြင်း၏အကျိုး | ၃၇၅ |
| သွားတိုက်ဆေး လှူဒါန်းခြင်း၏အကျိုး | ၃၇၀ |
| သွားခြင်း၄ါ ရှမ်းနိုင်သောခြသေ့်မင်း | ၅၆ |
| [ ဟ ] | |
| ဟတ္ထိဒါယကမထေရ် | ၂၃၁ |
| ဟာသဇနကမထေရ် | ၃၀၂ |
| ဟေမကမထေရ် | ၄၂၆ |
| ဟံသာဝတီမြို့ | ၄၇ |

http://www.dhammadownload.com

http://www.dhammadownload.com

# ပန်းတိုင်

ပဋိဝေဓ (ထိုးထွင်းသိ) ပန်းတိုင်သို့

မျက်မှောက်ပြုနိုင်ရန်

ပရိယတ္တိ (စာသိ) နှင့် ပဋိပတ္တိ (ကျင့်သိ)

ဟူသော အကျင့်နှစ်ဖြာစလုံး ကို

ယှဉ်တွဲကျင့်သုံး

သာသနာပြုကြပါစို့ ...

http://www.dhammadownload.com

# မြင့်မြတ် ပုဂ္ဂိုလ်

## (NOBLE PERSON)

လောကီ နှင့် လောကုတ္တရာ အတွက်

မိမိ အကျိုး နှင့် အများ အကျိုးရှိအောင်

ဆောင်ရွက်သူသည်သာလျှင်

အနှစ်ပြည့်ဝဆုံးသော

အအောင်မြင်ဆုံးသော

အမြင့်မြတ်ဆုံးသော... ပုဂ္ဂိုလ်